www.burmeseclassic.com

မဂ္ဂဇင်း

အမှတ်-၂၂၉ ၂၀၁၅-ခုနှစ်၊ မတ်လ





BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible]

[illegible]

[illegible]

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

[illegible]

## စီးပွားရေးဦးတည်ချက် (၄) ရပ်

[illegible]

## လူမှုရေးဦးတည်ချက် (၄) ရပ်

[illegible]

BURMESE CLASSIC

**[illegible]**

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

[illegible]

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း

အမှတ် (၂၂၉)၊ ၂၀၁၅ ခုနှစ်၊ မတ်လ

www.burmeseclassic.com

www.burmeseclassic.com







# မာတိကာ


စဉ် — အကြောင်းအရာ — စာမျက်နှာ

၁။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ
ပျူမြို့တော်ဟောင်း .......................... မင်းဂုဏ် ၅

၂။ ဗုဒ္ဓဂယာဆရာတော်ကြီး၏ သက်တော်
(၈၀)ပြည့် ဝိဇာတမဟာမင်္ဂလာပွဲ ....... ကောင်းမြတ်(ခရာတော) ၁၇

၃။ အံ့ဖွယ်ကျက်သရေအဆူဆူ မွေတော်ကက္ကူ . တက္ကသိုလ်တင်ဟန်ကျော် ၂၄

၄။ မိုးကုတ်ဆရာတော်ဘုရားကြီး၏
အဓိပတိထား၍ အားထုတ်ရမည့်တရားတော် ........ ဓမ္မဒိန် ၃၄

၅။ နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ .... ဆင်ဖြူကျွန်းအောင်သိန်း ၄၀

၆။ ရေအဓိဋ္ဌာန်အောင် ပါရမီရှင်ဆရာတော် ...... ကိုသက်(ဗီးကုန်း) ၄၄

၇။ ကမ်းနီမြသီတင်ဘုရားကုန်းတော်ပေါ်မှ ကြက်သောင်းတောင်
မောင်နှမ နန်းရင်းစေတီတော်များ ............ ကေတု နဝင်း ၄၇

၈။ အနော်ရထာမင်း နန်းတက်စ
ပုဂံသားများ အယူဝါဒ ............ ကောင်းစံဟိန်း(ဖန်နေဝန်း) ၅၆

၉။ ရပ်တည်မှုဖြစ်စဉ်၏ အစသည်ကား ........... ခရာ(ကေတ) ၆၂

၁၀။ ဗုဒ္ဓရုပ်ပွားတော်နှင့် စံကားသား ............... နိုင်မင်းညို ၆၅

၁၁။ ငြိမ်းချမ်းပျော်ရွှင် လူနတ်ချစ်ခင် မေတ္တာစွမ်းအင် ... မျိုးဇော်သိန်း ၆၉

၁၂။ နှစ်ပေါင်းရာကျော်သော ရန်ကုန်မြို့ရှိ
အဆောက်အအုံများနှင့် ကိုးနဝင်းစေတီ ....... ဝဏ္ဏလင်းထက် ၇၄

၁၃။ ဘုရားပန်းစွည်း ငရဲမီး သံဃာ့ပစ္စည်း အဆိပ်သီး ....... ဝေယံဦး ၇၇

၁၄။ အရဟံဂုဏ်တော် .............. အရှင်ကေသရ(မြသပိတ်တောင်) ၇၉

၁၅။ ကိုယ်တွေ့သရဏဂုံတည်ခြင်းအကျိုး .... မောင်မောင်ဝင်းမြင့်(မှူခင်း) ၈၂

၁၆။ ကိုဦးမသေ သေသော်ငရဲမသွား ........ တတ်ပုံမောင်မောင်အေး ၈၅

၁၇။ သုမေဓာရှင်ရဲ့ နံဘေးနားကသူ ............ လင်းယဉ်ဉာဏ် ၉၀

၁၈။ မကာအို ကာစီနိုကစားဝိုင်းများသို့ .......... ဉာဏ်ပွင့်(စက်မှု) ၉၅

၁၉။ အိပ်မက်ထဲက ဒဏ္ဍာရီ ............... ဝင်းခင်လွှမ်း(မုန့်မြေ) ၁၀၃

၂၀။ အမေအို နေညိုတော့ လွမ်းရပြီ .............. ဆုယန်အိမ် ၁၁၀

၂၁။ မိုးကုတ်စက်ဝန်း ..................... သန့်လှိုင်မိုးညို ၁၁၄

၂၂။ လင်ငယ် မနေချင်ပါ .................. ကိုချမ်း(ဆေး-၂) ၁၂၀

၂၃။ မြိုင်သာယာမှ ဆိုင်းပြိုင်ပွဲ ............... ဘိုဘို(ရွှေကျော်) ၁၂၉


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စဉ် | အကြောင်းအရာ | စာမျက်နှာ

၂၅။ မိဘလုပ်ကျွေး ဘေးရန်ဝေး ................ တွန်းအားရှင် ၁၄၀

၂၆။ ဘကယ့်လက်တွေ့သမား ရလဒ် ................ ရွှေခင် ၁၄၄

၂၇။ ခြောက် အမေ အမေ အမေ ................ ရန်ကုန်မြင့်ဆွေ ၁၄၆

၂၈။ အခန်းထောင့်မှ ငိုသံ ............ မိန္တန်းကို(ကွန်ပျူတာတက္ကသိုလ်) ၁၅၁

၂၉။ ပုစဉ်းတစ်ကောင်၏ အလဲအကွဲပြဇာတ် ................ ဖူ့ရှ ၁၅၆

၃၀။ ကိုငွေ ဆံပင်ညှပ်သည် ........... တေးသံရှင် ဂီတာမင်းမင်းဦး ၁၆၀

၃၁။ ကျောက်ဆောင်ကျွန်းပေါ်က ဥသြဆွဲသံ ....... နိုင်ဇော်(ဒသနန) ၁၆၄

၃၂။ ယက္ခညီနောင်နှင့် မြသေလာတောင် ....... ခင်မမလင်း(ကလော) ၁၇၀

၃၃။ စံစုကျွန်းမှ ဝိညာဉ်ကွန်ရက် ............... မင်းဟန်(သန်လျင်) ၁၇၉

၃၄။ သူတော်ငတေနှင့် ပန်းပဲဆရာ .............. ဝေယံလင်းခေါင် ၁၈၀

၃၅။ အမျက် ......................... သစ္စာဦး(ဧယျာမြေ) ၁၉၁

၃၆။ မာယာပုံပြင် .................. မောင်ညိုအေး(ပန်းတော) ၁၉၈

၃၇။ ကြေကွဲနှလုံးသားရဲ့ ဝေဒနာသံစဉ်များ .... တွင်းကြီးသားတင်ဝင်းဦး ၂၀၃

၃၈။ နောက်မှ ပြန်လာမယ် .............. ရွှေတောင်မောင်ကျော် ၂၀၉

၃၉။ ဝိညာဉ်ကိုယ်ပွား ဝိညာဉ်ကိုယ်စား ........... ကိုမောင်သန်းဝင်း ၂၁၅

၄၀။ အစားထိုးဖွယ်ရာမရှိသော ကွက်လပ်ကလေး ......... ရှာန် ၂၂၀

၄၁။ မြေဝယ်လျှိုး မိုးထက်ယံ

တက်ပျံပုန်းရှောင်လေသလား ........ မောင်မောင်ကြီး(လှိုင်နယ်မြေ) ၂၂၃

၄၂။ မီးပင်လယ်ကိုဖြတ်၍ သို့မဟုတ်

မီးတုတ်သခင်သိန်းမောင်ကြီး ................ ထွန်းလင်းသူ ၂၃၀

၄၃။ မြေထဲပင်လယ်ခေါ်ကမ်းပါးထိပ်က တော်ဝင်မဟာ

အလှပိုင်ရှင် ဂရေ့စ်ကယ်လီရဲ့ မော်နာကို ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) ၂၄၀

၄၄။ အိမ်ရှင်မတို့ အလုပ်မပျက်ဆေးနည်း .......... စိုးယဉ်ထွန်း ၂၅၃

၄၅။ အပူဇော်ခံ တိုင်းရင်းဆေးဆရာကြီးများ၏


အစွမ်းထက်သော ဆေးနည်းများ ..... ဖိုးသက်ရှည်(တောင်ဥက္ကလာ) ၂၅၅


၄၆။ ကလေးငယ်များနှင့် အရိုးပျော့ရောဂါ ............. ရိုရိုမွေး ၂၅၇

၄၇။ အဆိပ်ပြေသည့် ကြက်သွန်နီ ......... ကန့်ဘလူကံတင်အောင် ၂၆၀

၄၈။ ကျန်းမာနုပျို အဆီကျရောဂါကင်း

အသက်ရှည်စေသော ခါတ်စာ စားနည်း ....... နေဂျူလိုင်ဝမ်း ၂၆၁





www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈။ | နန္ဒင်းနှင့် နန္ဒင်းခါး အသုံးတည့်ပုံများ ........ ကိုကိုသက်(ရေနံ) | ၂၆၃ |
| ၄၉။ | လေဖြတ်ရောဂါ ကာကွယ်စောင့်ရှောက်နည်း အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၆၄ |
| ၅၀။ | ဆေးဆရာများမှတ်စရာ.............. သုနန္ဒာစိုး(ရွှေရင်အေး) | ၂၆၉ |
| ၅၁။ | ကမ္ဘာ့အကြီးဆုံး အသားစား ဒိုင်နိုဆော ..... တော်မြင့်(ငှက်ဖျား) | ၂၇၂ |
| ၅၂။ | သုတစုံဖြာ ဤကမ္ဘာ ................ ဦးတိုး(တက္ကသိုလ) | ၂၈၂ |
| ၅၃။ | ပြုံးရယ်ရယ်ဟား ဟာသများ.......... ကိုကြီးစော(သာပေါင်း)၊ အေးနီလွင်(တမူဝတီ)၊ ညွန့်လွင် | ၂၉၀ |
| ၅၄။ | ကာတွန်းကဏ္ဍ ............... ကျော်ဖြိုးလွင်၊ လင်းထူးဇော်၊ သူလင်းအောင်၊ မှုံ(အိန်ဂျယ်) | ၂၉၄ |
| ၅၅။ | ဗိုလ်ဆလံနှင့် ခါချဉ်ကိုက်ပွဲ............ နေဝန်းနီ | ၂၉၈ |
| ၅၆။ | ကျွန်တော်နှင့် အပေါင်ဆိုင် ........ တေးသံရှင် ဂီတာမင်းမင်းဦး | ၃၀၂ |
| ၅၇။ | ချိန်းတဲ့ည ........................... ကိုစနေ | ၃၀၄ |
| ၅၈။ | ဂုဏ်တော်ပြန့်ဂါထာနှင့် ရတနာ့ဒီပ .. အောင်ကြည်သန်း(ဇောင်တော်သီ) | ၃၀၈ |
| ၅၉။ | ပဋ္ဌမ်ဆရာလှိုင်၏ ငါစိမ်းနီ ကမ္ဘာကြီး .... ကျော်ဇေယျဟိန်း(နံ့သာ) | ၃၁၂ |
| ၆၀။ | ရွာကိုစောင့်ရှောက်သော ဆင်နတ်မင်း ..... ဆရာကြီးဦးအောင်မြိုင် | ၃၁၈ |
| ၆၁။ | ပုရပိုက်ဖြူပြောသော ဗေဒင်ဟောကိန်း ... ညွန့်လွင်(စက်မှုတက္ကသိုလ်) | ၃၂၀ |
| ၆၂။ | အန္တရာယ်ကင်း ဂါထာတော် ......... အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၂၃ |
| ၆၃။ | လက်တွေ့အကျိုးပြီး မင်္ဂလာအိမ်ဆောက်နည်း . ဆရာအောင်ကျော်ခိုင် | ၃၂၄ |
| ၆၄။ | အင်္ဂဝိဇ္ဇာ သောကြာအခါတွင်းမှ မှားလိုက်ပုံများ ..... ကြည်မင်းစံ | ၃၂၇ |
| ၆၅။ | ဗွယ်စုံလက္ခဏာ အဘိဓာန်ကျမ်း .......... ဆရာဦးခန့်ကျော် | ၃၃၁ |
| ၆၆။ | ၂၀၁၅ ခုနှစ် မတ်လ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ.......... ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၉ |
| ၆၇။ | ၂၀၁၅ ခုနှစ် ရာသီခွင်နှင့် မတ်လ ဟောကိန်းများ ................ ဆရာဦးခန့်ကျော် | ၃၄၂ |





**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးဝိုင်
ဒေါ်ခင်ငြိမ်း

**အယ်ဒီတာချုပ်**
ညာဏ်မွှန် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
ဖမောင်သာသာ

**အယ်ဒီတာအဖွဲ့**
တက္ကသိုလ်တင်ဟန်ကျော်၊ ခင်သက်နိုင်

**စရိုးသွားအယ်ဒီတာ**
တောင်းကောင်းမြတ်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ခန်းစီပညာရှင်များ**
ဆန်းထွန်း၊ အောင်နိုင်လတ်၊ လှသစ်အောင်
ကောင်ငှစိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

**အတွင်းဖလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယု (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၂၃၇၄၇၀၅

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အထွေထွေ**
အောင်ဝင်းသန့်


**မန္တလေး**
ထွန်းဦးစာပေ

**စောင်းဈေး**
၂၃၀ ကျပ်

**အုပ်ရေ**
၁၀၀၀


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ရေစီးဖြင့် မျောပါလာသည့်ဖောင်ကြီးသည် စစ်ပင်ကြီး ကိုင်းနေသည့် စစ်ကိုင်းအရပ်တွင် စစ်ပင်ကိုင်းကြီးနှင့်တိုက်မိကာ ရပ်တန့်နေရာ ထိုနေရာတွင် ကျင်လည်ကျက်စားနေသည့် စန္ဒမုခိဘီလူးမသည် တောင်ပေါ်သို့တက်လာခဲ့ပြီး ညီနောင်နှစ်ပါးတို့ စားမြိန်စာထုပ်ကို ဖြေစားလေတိုင်း အကြိမ်ကြိမ် ဝင်ကာ ခိုးစားလေသည်။

ကြာလာသောအခါ ညီနောင်နှစ်ပါး ရိပ်မိလာကာ တစ်ကြိမ်တွင် လက်ကို ဖမ်းဆွဲမိသဖြင့် သန်လျက်နှင့်ခုတ်သတ်မည်ပြုရာ ဘီလူးမက မသတ်ရန် တောင်းပန်ပြီး မျက်စိမြင်အောင် လုပ်ပေးနိုင်ကြောင်း လျှောက်တင်လေသည်။

ဤသို့ဖြင့် စန္ဒမုခိ ကုသပေးမှုကြောင့် မင်းသားနှစ်ပါးတို့ မျက်စိအလင်း ရခဲ့ကြပြီး ဧရာဝတီမြစ်အတိုင်း ဆက်လက်စုန်ဆင်းလာခဲ့ကြရာ ကြိုးကြာငှက်တို့ ပျံကူးရာ ကုက္ကုပြင်အရပ်တွင် ဖောင်ဆိုက်လေသည်။ ညီနောင်နှစ်ပါးသည် ထိုနေရာတွင်ပင် ဖောင်ကိုထားရစ်ခဲ့ကြပြီး လက်နက်ငါးပါးတို့ကိုယူကာ ကမ်းပေါ်သို့ တက်ခဲ့ကြလေသည်။

ကမ်းပေါ်တွင် ခြေရာများတွေ့သဖြင့် မင်းသားနှစ်ပါးတို့ ခြေရာခံကာ လိုက်သွားကြရာ ကမ်းစပ်ရှိ ရေခပ်နေသော မိန်းကလေးတစ်ယောက်ကို တွေ့ကြလေသည်။

ထိုမိန်းကလေး ရေခပ်နေပုံမှာ ဘူးသီးကို နားမထွင်းဘဲ ဘူးခြောက်ကြီးကို ရေတွင်နစ်စေပြီး ကျည်တောက်ဖြင့်ခံကာ ပြည့်စေရသည်။ ဤသို့ဖြင့် ကမ်းစပ်တွင် တစ်နေကုန်လေသည်။

မင်းသားတို့လည်း မိန်းကလေးအား "မိုက်မဲလှချေတကား" ဟု ဆိုကာ ဘူးမျက်နှာကို သန်လျက်ဖြင့် လှီး၍ အစေ့ကိုသွန်ပြီးမှ ရေကို ခပ်စေကာ ကျည်တောက်တွင် ပြည့်စေသည်။ ထိုအခါ ကျည်တောက်လည်း ချက်ချင်းပင် ရေပြည့်တော့သည်။

ထိုမိန်းကလေးသည်ကား ဝက်ကြီးကို နှိမ်နင်းခဲ့သည့် တကောင်းပြည်အိမ်ရှေ့စံ ခေပဒူတရှင်ရသေ့၏ သမီး ဘေဒါရီပင် ဖြစ်လေသည်။

၎င်းရသေ့သည် ကျောက်ခွက်တွင် ရေဟောင်း (ကျင်ငယ်)မပြတ်စွန့်ခဲ့သည်။ ရှင်ရသေ့စွန့်ခဲ့သည့် သုက်နှင့်တကွသော ထိုရေဟောင်းကိုအမြဲမပြတ်လာ၍လျှက်သော သမင်မတွင်ပဋိသန္ဓေတည်ခဲ့သည်။

နေ့စေ့သော် သမီးမိန်းကလေးမွေးဖွားခဲ့သည်။ မိခင်သမင်မမှာ လူကလေးငယ်၏ ငိုသံကြားသဖြင့် လန့်ပြေးခဲ့ပြီး ရှင်ရသေ့လည်း ကလေးငိုသံကြားသဖြင့် ရှာဖွေကြည့်ရာ မွေးကင်းစသမီးငယ်လေးကို တွေ့လေသည်။

ထိုအခါ ရှင်ရသေ့သည်. . .


"ငါ၏ ပဋိသန္ဓေမှန်လျှင် ငါ့လက်ညှိုးနှင့် လက်ခလယ်တို့မှ နို့ရည်ထွက်စေသတည်း"ဟု သစ္စာဓိဋ္ဌာန်ပြုရာ နို့ရည်ထွက်လာသဖြင့် မိန်းကလေးကို မွေးမြူခဲ့ခြင်း ဖြစ်သည်။

ဘေဒါရီဟု အမည်ပေးခဲ့သည့် ထိုမိန်းကလေး အသက်(၁၇)နှစ်ပြည့်သည်တွင် "ရသေ့နှင့် မိန်းကလေး အတူနေကာ လူသူမြင်သော် မသင့်အပ်" ဟုဆိုပြီး ကမ်းစပ်တွင် တစ်နေကုန် ကြာသည်အထိ ရေခပ်စေခဲ့ခြင်း ဖြစ်သည်။

မင်းသားညီနောင်တို့၏ အကူအညီဖြင့် မြန်ဆန်စွာ ရေခပ်ပြီးသည်တွင် ဘေဒါရီလည်း မင်းသားညီနောင်တို့ကို ရှင်ရသေ့ထံ ခေါ်ဆောင်သွားခဲ့သည်။ ရှင်ရသေ့ထံ ရောက်သည်တွင် ဖြစ်ကြောင်းကုန်စင်ကို စုံလင်စွာမေးမြန်းပြောဆိုခဲ့ကြရာ မင်းသားညီနောင်တို့မှာ ရှင်ရသေ့၏ တူတော်အရင်းများ ဖြစ်ကြသည်ကို သိခဲ့ကြလေသည်။

ထိုအချိန်တွင် သကျအင်းအရပ်၌ ပျူမင်းမိဖုရား နန်းခမ်းသည် ရှာပြု၍ နောက်လိုက်လူသူ အလုံးအရင်းနှင့် နေထိုင်လျက်ရှိသည်။ နန်းခမ်းသည်ကား တစ်ချိန်က တမ္ဘုလ အမည်ရှိသော ပျူမင်း၏ မိဖုရားဖြစ်ခဲ့ဖူးသည်၊

ဤကဲ့သို့ ပျူမင်းမိဖုရား နေထိုင်သည်ကို ကမ်းယံတို့က လုယက်နေထိုင်လိုကြသည်။ သို့ဖြစ်၍ ပျူနှင့်ကမ်းယံတို့ စစ်ဖြစ်ကြရာ ပျူတို့နိုင်၍ ကမ်းယံတို့ပြေးကြရသည်။ အနိုင်ရသော ပျူတို့ထဲတွင် မိဖုရားနန်းခမ်း၏ မောင်က နန်းလုရန် ကြိုးစားပြန်သည်။ ထိုအခါတွင်လည်း နှမက နိုင်သဖြင့် ရှုံးသော မောင်ဖြစ်သူလည်း နောက်လိုက်အလုံးအရင်း



တူးဖော်ပြီးစမြင်ကွင်း (ပြတိုက်ဓာတ်ပုံ)

www.burmeseclassic.com

နှင့်တကွ ဖိုးဦးအရပ်သို့ တိမ်းရှောင်သွားလေသည်။

ထိုသကျအင်းအရပ်ရှိ ပျူမိဖုရားနှင့် နောက်လိုက်လူသူအားလုံးက ဘေဒါရီ၏ ခမည်းတော် ခေပဒူတရှင်ရသေ့ကို ရိုသေစွာ ကိုးကွယ်ကြပြီး မှီခိုရာပြုကြသည်။ ရှင်ရသေ့သည် ဈာန်အဘိညာဉ် ရထားပြီး ဘုန်းတန်ခိုးကြီးမားကာ အဌာရသကျွမ်းကျင်သည်။ ရာဇမာယာလည်း လွန်စွာကြွယ်ဝသည်။

တစ်နေ့သောအခါ ရှင်ရသေ့က ပျူမိဖုရား နန်းခမ်းကို . . .

"ငါ၏တူတော် မဟာသမ္ဘဝ မင်းသားသည် မင်းတို့ကျင့်ဝတ်နှင့် ပြည့်စုံသည်၊ တရားအရာ၌လဲ လွန်စွာလိမ္မာသည်၊ ရန်သူကို ရင်ဆိုင်စစ်ထိုးရမည် ဆိုလျှင်လဲ သူရသတ္တိရှိလှသည်၊ သင်တို့အရပ်တွင် မင်းပြုစေပြီး သင်တို့ကို အုပ်ချုပ်စီမံ ကွပ်ကဲပါစေ"ဟု အကြံပြုလေသည်။

မိန်းမသားဖြစ်သဖြင့် အားငယ်သျက်ရှိသော ပျူမိဖုရား နန်းခမ်းလည်း ရှင်ရသေ့ကို ယုံကြည်သဖြင့် မဟာသမ္ဘဝကို မင်းအဖြစ်တင်မြှောက်ခဲ့သည်။

သို့ဖြစ်၍ သာသနာသက္ကရာဇ် ၆၀ (ဘီစီ ၄၈၄) ခုနှစ်တွင် အသက် (၂၀) ရှိပြီဖြစ်သော မဟာသမ္ဘဝမင်းအဖြစ် ရရှိခဲ့သည်။ ရှင်ရသေ့၏သမီး ဘေဒါရီနှင့် ပျူမိဖုရားတို့ကို မိဖုရားအဖြစ် တင်မြှောက်ခဲ့ရာ ပျူမိဖုရားတွင် သမီးတော်တစ်ပါး ထွန်းကားခဲ့သည်။ သို့နောက် မကြာမီပင် ပျူမိဖုရား အနိစ္စရောက်ခဲ့သည်။

မဟာသမ္ဘဝမင်းသည်လည်း နန်းသက်ရှည်ကြာစွာ မခံစားနိုင်ခဲ့ပေ။ မင်းသည်းစိမ် ခြောက်နှစ်၊ သက်တော် (၂၆) နှစ်တွင် ကံတော်ကုန်ခဲ့သည်။ ကံတော်ကုန်ချိန်တွင် ဘေဒါရီမိဖုရား၌ဒွတ္တပေါင် မင်းသား ပဋိသန္ဓေ သုံးလနှင့် ကျန်ခဲ့သည်။

မဟာသမ္ဘဝမင်း နတ်ရွာစံသည်တွင် စူဠသမ္ဘဝ မင်းအဖြစ်ခံယူခဲ့သည်။

မရီးတော် ဘေဒါရီကိုပင် မိဖုရားအဖြစ် တင်မြှောက်ခဲ့သည်။ စူဠသမ္ဘဝမင်း နန်းတက်ချိန်တွင် အသက် (၂၆)နှစ် ရှိခဲ့ပြီ။ မင်းအဖြစ် (၃၅)နှစ် စိုးစံခဲ့သည်။ သက်တော် (၆၁)နှစ်တွင် နတ်ရွာစံ ကံတော်ကုန်ခဲ့သည်။


ထို့နောက်ပိုင်းတွင် ပျူမင်းများအနက် လွန်စွာပင် ဘုန်းတန်ခိုးကြီးမားသည့် ဒွတ္တပေါင်မင်း ပေါ်ထွန်းလာခဲ့လေသည်။

သာသနာတော်နှစ် ၁၀၁ နှစ် (ဘီစီ ၄၄၃)သို့ ရောက်သောအခါ ဂဝံပတေ့ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီပရမေသွာရ သူမြတ်ခုနစ်ဖော်တို့ရောက်ရှိလာကာ မြတ်စွာဘုရား ဗျာဒိတ်တော်ထားခဲ့သည်။ မြို့ကိုတည်ရန် စုရုံးတိုင်ပင်ခဲ့ကြသည်ဟု ဆိုသည်။

ထို့နောက် ညီညွတ်ပြန့်ပြူးလှသည့် မြေပြင်ဝယ် သိကြားမင်းက အလယ်ဗဟို စက်တိုင်၌ ရပ်နေပြီး နဂါးကို စက်ကြိုးပြု၍ လှည့်ကြသည်။ စက်ဝိုင်းပုံမြို့တွင် တံခါးကြီး ၁၂ ပေါက်၊ တံခါးငယ် ၃၂ ပေါက်၊ ကျုံးမြောင်း၊ ပစ္စင်၊ ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုး၊ စသော မြို့အင်္ဂါ ခုနစ်ပါး စုံလင်သည့် ထူးဆန်းတင့်တယ်လှစွာသော သရေခေတ္တရာမြို့ကြီးကို တည်ထောင်ခဲ့ကြသည်။

ဒွတ္တပေါင်မင်းကြီး စံမြန်းနိုင်ရန်လည်း ရွှေနန်းဆောင်ကို ဘုံခုနစ်ဆင့်ပြာသာဒ်၊ မိုးနန်းဆောင်ကို ဘုံကိုးဆင့်ပြာသာဒ်၊ ဆောင်းနန်းဆောင်ကို ဘုံ ၁၁ ဆင့်ပြာသာဒ်အပြင် ပြာသာဒ်နန်းမသုံးဆောင်တို့အား မြို့နှင့်အတူ ခုနစ်ရက်အတွင်း အပြီးဆောက်လုပ်ခဲ့ကြသည်ဟု ဆိုသည်။ ထိုသို့ မြို့၏ အဆင်အယင်အားလုံး ပြည့်ပြီးမြောက်သောအခါ ဒွတ္တပေါင်မင်းကြီး ရာဇဘိသေကခံယူတော်မူခဲ့သည်။

ဒွတ္တပေါင်မင်းကြီးတွင် မိဖုရားနှစ်ပါးရှိသည်။ တစ်ပါးမှာ ခမည်းတော် မဟာသမ္ဘဝမင်းကြီးနှင့် ပျူမိဖုရားတို့မှ မွေးဖွားသည့် အဖေတူ အမေကွဲ နှမတော် စန္ဒာဒေဝီဖြစ်ပြီး ကျန်တစ်ပါးမှာ နဂါးမင်း၏ သမီးတော် ဘေစန္ဒီတို့ဖြစ်သည်။



ကျောက်အရိုးအိုး ကျောက်ခွေများ အဆင့်ဆင့် စွပ်ထားပုံ (ပြတိုက်ဓာတ်ပုံ)



www.burmeseclassic.com

www.burmeseclassic.com



ဗိဿနိုးမိဖုရားနှင့်ဆွေတော်မျိုးတော်များသင်္ချိုင်း



သင်္ချိုင်းအတွင်းမြင်ကွင်း



သရေခေတ္တရာပြတိုက်အတွင်းမြင်ကွင်း

သိကြားမင်းက ဒွတ္တပေါင်မင်းကြီးအား သီလဝံသဓား အစရှိသော မင်းမြောက်တန်ဆာ ငါးပါး၊ ဧကရာဇ်မင်းတို့နှင့် ထိုက်တန်သော မင်းတို့၏ အဆောင်အယောင် မင်းခမ်းမင်းနားများ၊ ရန်သူအပေါင်းကို နှိမ်နင်းရန်အတွက် အရိန္ဒမာလှံ၊ ခေါင်းလောင်းနှင့် စည်ကြီးတို့ကို ပေးအပ်သည်ဟုဆိုသည်။

မင်းကြီးစီးရန် အရပ် ၁၅တောင်၊ အလျား အတောင် ၂၀ ရှိသော နာဠာဂီရိဆင်နှင့် ဝဠာဟကမြင်းတို့ကိုလည်း ပေးသည်။

မင်းကို မပြတ်ကာကွယ် စောင့်ရှောက်ရန် နတ်သူရဲကောင်း ၁၇ ယောက်၊ သံတမန်အဖြစ် စေခိုင်းရန် တတ်သိလိမ္မာ ဘုန်းပညာပြည့်ဝသော အမတ် ငါးပါး၊ ငရဲကျား၊ ပဒ္ဒင်းဖြူ၊ ပဒ္ဒင်းညို တို့ကိုလည်း ပေးသည်။

အတွင်း ပင်လယ်၊ အပြင် ပင်လယ် တို့ကိုလည်း ပေးသေးသည်ဟု ဆိုသည်။

ဒွတ္တပေါင်မင်းသည် စစ်အင်အား တောင့်တင်းသောမင်း ဖြစ်ရကား ဆင်ဖြူ သုံးရာ့ခြောက်ဆယ်၊ ဆင်မည်း သုံးကုဋေခြောက်သန်း၊ စစ်သည် တစ်ခေါဘိဏီ ရှိသည်ဟု ဆိုသည်။ ဇမ္ဗူဒိပါ ကျွန်းမှစ၍ အသူရာပြည်၊ နဂါးပြည်တိုင်အောင် ဒွတ္တပေါင်မင်းကြီး၏ လက်အောက်ခံနိုင်ငံများအဖြစ် အခွန်တောင်းခံရသည်။

ဒွတ္တပေါင်မင်းကြီး အခွန်တောင်းခံရာတွင် သက်ဆိုင်ရာ အမှာစာတို့ကို ရေးစေပြီးနောက် လှံပုံ့တွင်ဆွဲပြီး လှံထိုးတောင်သို့တက်ကာ မင်းကြီးလက်ဖြင့် လှံကို စေလွှတ်လိုက်သည်။ ထိုအခါ လှံပျံသည် သက်ဆိုင်ရာ မင်းတို့၏ ဦးခေါင်း၌ ထိုးစိုက်မည့်အလ... သွား၍ တည်နေသည်။

ထိုသို့သောမင်းတို့လည်း ခွေ... သော စကားဖြင့် ခယရှိသေစွာ ... ပန်ပြီး အထူးထူးသော ပုဆော် သက္ကာရ တို့ကိုပြုမှ လှံပျံက ထွက်ခွာသွားသည်။

www.burmeseclassic.com

ခေါင်းလောင်းကြီး၊ စည်ကြီးတို့ဖြင့် အခွန်တောင်းခံရာတွင် တစ်ချက်တီးလိုက်တိုင်း ထိုထိုသော လူမင်း၊ နဂါးမင်းတို့၏ နားရင်း၌ တီးခတ်လိုက်သကဲ့သို့ ခံစားလိုက်ကြရသည်။


ထိုသို့သော မင်းတို့ ရှိသေခယသော စကားဖြင့် တောင်းပန်ကာ ပုဇော်သက္ကာရပြုမှ အသံရပ်စဲသည်ဟု ဆိုလေသည်။

ထိုသို့ အခွန်ခံသောအခါ ဇမ္ဗူဒိပ်မြေအပြင်ရှိ တစ်ရာသော မင်းတို့သည် သမီးကညာ၊ ဆင်ရတနာ၊ မြင်းရတနာများ၊ အဖိုးတန်ရွှေငွေရတနာကျောက်သံပတ္တမြား၊ သားမွေးပုဆိုး၊ ပိုးချည်ပုဆိုး၊ ကြာချည်ပုဆိုး၊ ဝါချည်ပုဆိုး တို့ကို နှစ်စဉ်နှစ်တိုင်း မပြတ်ဆက်သရသည်ဟု ဆိုသည်။

ဒွတ္တပေါင်မင်းကြီးသည် အများပြည်သူ ကိုးကွယ်နိုင်စေရန် ဘုရားရှင်၏ ခါတ်တော်မွေတော်တို့ကို ဌာပနာကာ စေတီပုထိုးများ တည်ထားပေးခဲ့သည်။ သောကြမ္မာ၊ ညည်းညည်း၊ စည်းစည်း၊ ပေါပေါ၊ လျော့လျော့၊ မြသိတင်၊ ဘုရားတောင်၊ ဆုတောင်းပြည့် နှစ်ဆူ၊ မြင်ဗာဟု၊ ပုထိုးကြီး စုစုပေါင်း တစ်ဆယ့်တစ်ဆူကို တည်ထားခဲ့ကြောင်း သိရသည်။

ဒွတ္တပေါင်မင်းကြီး လက်ထက်တွင် သာသနာတော် လွန်စွာထွန်းကားခဲ့သည်။ မင်းကြီးသည် နောင်လာလတ္တံ့သော မင်းတို့ မှတ်သားနိုင်ရန် လူခပ်သိမ်းတို့ အကျိုးစီးပွားအလို့ငှာ ရည်ရွယ်ပြီး ရဟန္တာအရှင်မြတ် ၃၀၀၀ တို့နှင့် တိုင်ပင်ကာ 'အပါယဂတိမုပါယံ'ဂါထာ ဦးတင်သော ဓမ္မသတ်ကျမ်းကို ပြုစုခဲ့သည်ဟုဆိုသည်။

သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းကြီးသည် စစ်သည်ဗိုလ်ပါခြောက်သောင်းဖြင့် ပန်ထွာဘုရင်မ အုပ်စိုးလျက်ရှိသော တောင်တွင်းကြီး ဗိသနိုးမြို့သို့ ကုန်းကြောင်းခရီး စစ်ချီတော်မူကာ တိုက်ခိုက်ခဲ့သည်။



သရေခေတ္တရာ ခင်ဘကုန်းမှ တူးဖော်ရရှိသော ပိဋကတ်တော်ကောက်နုတ်ချက်ပါ ရွှေပေချပ်များ



တူးဖော်ရရှိသည့် ပစ္စည်းများနှင့် ပတ်သက်၍ ပြတိုက်မှူးက ရှင်းပြနေစဉ်



ပြတိုက်အတွင်း၌ တွေ့ရသည့် ကျောက်ပလ္လင်၊ ပျူခေတ် (အေဒီ လေးရာစုမှ ကိုးရာစု) လက်ရာ





www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်အတွင်းရှိ ဓာတ်ပုံကားချပ်

ပန်ထွာဘုရင်မ ခုခံပါသော်လည်း အင်အားချင်းမမျှသဖြင့် ရှုံးနိမ့်ရာ ဒွတ္တပေါင်မင်းကြီး၏ စစ်သည်များက မြို့ရိုး ခံတပ်တို့ကို ဖြိုဖျက် သိမ်းယူကြောင်း တောင်တွင်းကြီး ရာဇဝင်သစ်အရ သိရသည်။ ဒွတ္တပေါင်မင်းကြီး စစ်မက်ပြုသောကြောင့် ဗိဿနိုးမြို့သည် ခရစ်နှစ် ၄ ရာစုနှင့် ၅ ရာစုကြားတွင် ပျက်စီးခဲ့သည်ဟုဆိုသည်။

တစ်ကြိမ်တွင် မုန့်သည်မတစ်ယောက်က ဆရာရဟန်းထံ လှူဒါန်းထားသော ကျောင်းဝတ်မြေ၊ လယ်ငါးပယ်မျှကို ဒွတ္တပေါင်မင်းကြီး သိမ်းယူမိခဲ့သည်။

ထိုအချိန်မှစကာ သိကြားပေးသော လှံပုံ့သည် စေတိုင်းမသွား၊ ခေါင်းလောင်းကြီးနှင့် စည်ကြီးတို့သည်လည်း တီးတိုင်းမမြည်ကြတော့ချေ။ သို့ဖြစ်၍ ထိုထိုသောမင်းတို့ ဆက်မြဲဖြစ်သော အခွန်တို့လည်း ရောက်မလာကြတော့ချေ။

ထိုအခါ ဒေါသအမျက် ကြီးစွာထွက်လျက်ရှိသော ဒွတ္တပေါင်မင်းကြီးသည် သံတမန်များဖြစ်ကြသော ပဉ္စင်းဖြူ၊ ပဉ္စင်းညိုတို့ကိုခေါ်ကာ ထိုထိုသောမင်းတို့ထံ စေလွှတ်၍ အခွန်ဘဏ္ဍာတောင်းခံစေလေသည်။

ပဉ္စင်းဖြူ၊ ပဉ္စင်းညိုတို့ကိုလည်း ထိုထိုသောမင်းတို့ထံ အလုံးအရင်းနှင့် သွားရောက်ကြကာ ခုနစ်နှစ်တိုင်တိုင် အခွန်ဘဏ္ဍာကောက်ခံ၍ မင်းကြီးထံ ဆက်သခဲ့ကြသည်။ ဤသို့ဖြင့် ကာလကြာရှည်လာသောအခါ မင်းကြီးက ပဉ္စင်းဖြူ၊ ပဉ္စင်းညိုတို့ကိုပင် မယုံကြည်တော့ဘဲ ဉာဏ်ပရိယာယ်ဆင်ကာ ကွပ်မျက်သတ်ဖြတ်ပစ်လေသည်။

ပဉ္စင်းဖြူ၊ ပဉ္စင်းညိုတို့ကို ကွပ်မျက်လိုက်ပြီးနောက်တွင် အခွန်ဘဏ္ဍာတောင်းခံပေးမည့်သူ မရှိတော့ပြီဖြစ်၍ မင်းကြီးကိုယ်တိုင်ပင် နဂါး ဆက်သထားသော နဂါးကြေးလှေကိုစီးကာ တောင်ဘက်အရပ် ဇမ္ဗူဒီပါကျွန်းအားလုံးကို အခွန်ကောက်ခံရန် ထွက်တော်မူရသည်ဟု ဆိုသည်။

ထိုကဲ့သို့ အခွန်ကောက်ရန် သွားလာရင်း ပန်ထွာမိဖုရားထံ ရောက်သည်တွင် ပန်ထွာမိဖုရားက မင်းကြီးအား လက်စားချေလိုသဖြင့် မသန့်ရှင်းသော အဝတ်ပုဆိုးကိုယူစေ၍ အထူးထူးသော စီရင်ခြင်းဖြင့် သိမ်မွေ့စွာ လက်သုတ်ပဝါကို စီရင်သည်။ ထို့နောက် မင်းကြီးထံ ဆက်သလေသည်။

မင်းကြီးလည်း ပန်ထွာမိဖုရားကို ယုံကြည်သဖြင့် စူးစမ်း ဆင်ခြင်ခြင်း မပြုဘဲ ထိုပဝါဖြင့် မျက်နှာကို သုံးသပ်မိရာ မင်းကြီး၏ နဖူးတော်ရှိ မဲ့ရှင် ပျောက်ကွယ်သွားလေသည်။

နဖူးတော်ရှိ မဲ့ရှင် ပျောက်ကွယ်သည်နှင့် နဂါးမင်းသမီးတော် ဘေစန္ဒီမိဖုရားလည်း မင်းကြီးကို စွန့်ခွာသွားခဲ့ရာ မင်းကြီးလည်း စိတ်နှလုံး မသာစွာနှင့်ပင် နေပြည်တော်သို့ ပြန်လာခဲ့သည်။ ဤသို့ဖြင့် မင်းကြီးသည် ထွေးခံ၌ ထွေးမြဲ တံတွေးကို မထွေးတော့ဘဲ မဟာ



ပြတိုက်အတွင်းရှိ ဓာတ်ပုံကားချပ်



www.burmeseclassic.com

www.burmeseclassic.com

သမုဒ္ဒရာ၌တွေ့မိခဲ့ပြန်ရာ နဂါးတို့လည်း ဒေါသအမျက် ခြောင်းခြောင်းထွက်ခဲ့ကြသည်။


ထိုအချိန် မင်းကြီး ပြုဖူးခဲ့သမျှသော ကုသိုလ်ကံအရှိန်အဝါများအားလုံး ကုန်ဆုံးခဲ့ပြီဖြစ်ရကား မင်းကြီးကို နဂါးတို့က နဂါးကြေးလှေနှင့်တကွ နဂါးပြည်သို့ ဆောင်ယူသွားကြသည်ဟု ဆိုသည်။

ဒွတ္တပေါင်မင်းကြီးသည် မင်းသားအဖြစ် အိမ်နိမ့်(၃၅) နှစ်၊ မင်းစည်းစိမ် နှစ် (၇၀) စံစားခဲ့ကာ အသက် (၁၀၅)နှစ် သာသနာနှစ် ၁၇၁ (ဘီစီ ၃၇၃)ခုနှစ်တွင် နဂါးတို့ ဆောင်ယူရာ ပါခဲ့ရသည်ဟု ဆိုသည်။

ဒွတ္တပေါင်မင်းကြီး၏ မိဖုရား နှစ်ပါးအနက် နဂါးမင်းသမီး ဘေစန္ဒီမိဖုရားတွင် သားသမီး မထွန်းကားပေ။ ပျူမိဖုရား၏ သမီးတော် စန္ဒာဒေဝီတွင်သာ ဒွတ္တရန်မင်းသား ထွန်းကားခဲ့သည်။

ဒွတ္တပေါင်မင်းကြီး ကံတော်ကုန်ပြီးနောက် သရေခေတ္တရာတွင် သားတော် ဒွတ္တရန်မင်း (ဘီစီ ၃၇၃-၃၅၁) စိုးစံခဲ့သည်။

ထို့နောက် ရန်ပေါင်မင်း (ဘီစီ ၃၅၁-၃၀၁)သည် မဇ္ဈိမဒေသ ပါဋလိပုတ်ပြည့်ရှင် တတိယသင်္ဂါယနာတင်



သရေခေတ္တရာ ခင်ဘကုန်းမှ တူးဖော်ရရှိသည့် ပစ္စည်းများ (ပြတိုက်ဓာတ်ပုံ)

သီရိဓမ္မာသောကမင်းကြီးနှင့် ခေတ်ပြိုင်စိုးစံခဲ့သည်။

ထို့နောက် ရန်မန်မင်း (ဘီစီ ၃၀၁-၂၅၁)၊ ရက္ခန်မင်း (ဘီစီ ၂၅၁-၂၂၀)၊ ခန်းလောင်းမင်း (ဘီစီ ၂၂၀-၁၈၂)၊ လက်ခိုင်မင်း (ဘီစီ ၁၈၂-၁၄၈)၊ သီရိခန်မင်း (ဘီစီ ၁၄၈-၁၂၀)၊ သီရိရာဇ်မင်း (ဘီစီ ၁၁၁) ဟူ၍ မင်းရှစ်ဆက် အစဉ်အတိုင်း စိုးစံခဲ့ကြ သည်။


သီရိရာဇ်မင်းကြီးတွင် သားတော် မထွန်းကားခဲ့ပေ။ တစ်ချိန်တွင် ဆရာတော်တစ်ပါး၏ တပည့်ကိုရင်ငယ်တစ်ပါးသည် "ငါ့ဦးခေါင်းစား ငတေပါးမင်း ဖြစ်လတ္တံ့" ဟု တွန်သောကြက်မ၏ ဦးခေါင်းကို စားခဲ့သည်။

ဆရာတော်သည် ကိုရင်ငယ်အား ပိဋကတ်၊ ဗေဒင်များ၊ အထူးထူးသော ဓမ္မသတ်၊ လောကဝတ်၊ ရာဇဝတ်တို့ကို တတ်အောင်သွန်သင်ပြီးမှ လူဝတ်လဲပေးကာ အမတ်စစ်သူကြီးထံ သားအဖြစ် မွေးစားရန် အပ်နှံခဲ့သည်။

ထိုသူငယ်ကား ဘုန်းပညာနှင့်တကွ ရုပ်ဆင်းအင်္ဂါလက္ခဏာ ပြည့်စုံသူဖြစ်ရာ အမတ်စစ်သူကြီးက ထိုက်တန်သော ဝတ်စားတန်ဆာတို့ကို ဆင်ပေးပြီး သူသွားလေရာ ခေါ်သွားတတ်သည်။

တစ်ချိန်တွင် အမတ်စစ်သူကြီးသည် ထိုသူငယ်အား နန်းတော်တွင်းသို့ ခေါ်သွားမိစဉ် သီရိရာဇ်မင်းကြီး မြင်တွေ့သွားရာမှ လွန်စွာနှစ်သက်သဘောကျသဖြင့် အမတ်စစ်သူကြီးထံမှတောင်းယူပြီး သားတော်အဖြစ် မွေးစားခဲ့သည်။

ထိုသူငယ်သည် မင်းကျင့်တရားများနှင့်တကွ ပြည်ထဲရေးရာ စီရင်ကွပ်ကဲမှုတို့တွင် လွန်စွာ ကျွမ်းကျင်တတ်သိလိမ္မာသည့်ပြင် မင်းကြီးအားလည်း ကောင်းစွာလုပ်ကျွေးပြုစုသဖြင့် မှူးမတ်ဗိုလ်ပါ ရဟန်းရှင်လူ ပြည်သူများကပါ




သရေခေတ္တရာပြတိုက်အတွင်းမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးစေတီတော်အား ဖူးတွေ့ရပုံ

ထိုသူငယ်ကို ချစ်ခင်လေးစားကြသည်။ သို့ဖြစ်၍ မင်းကြီးသည် ထိုသူငယ်အား သမီးတော်နှင့် စုံဖက်စေပြီး အိမ်ရှေ့အရာ ပေးခဲ့သည်။

ထိုသူငယ် အသက် (၁၅)နှစ်အရွယ်တွင် မင်းကြီး ကံတော်ကုန်သဖြင့် ဒွတ္တပေါင်မင်းဟူသော အမည်ကို ခံယူကာ ထီးနန်းဆက်ခံခဲ့သည်။ ဒွတ္တပေါင်မင်းမျိုး မဟုတ်သည့် အခြားတစ်ပါးသော မင်းဖြစ်သဖြင့် တေပါးဟုတွင်သော ထိုမင်းသည် ဘီစီ ၁၁၁ မှ ဘီစီ ၆၀ ခုနှစ်အထိ စိုးစံခဲ့သည်။




မြေမီးဖုတ် အုတ်ခွက်ဆင်းတုတော်များ ပျူခေတ်လက်ရာ ( အေဒီ လေးရာစုမှ ကိုးရာစု )


တေပါးမင်း ကံတော်ကုန်သောအခါ သားတော် ငါပိရန်မင်း (ဘီစီ ၆၀- အေဒီ ၆)၊ ရန်မုက္ခမင်း (အေဒီ ၆ - ၂၁)၊ ရန်သိခ်မင်း (အေဒီ ၂၁- ၂၄)၊ ရန်မုဋ္ဌလိန္ဒမင်း (အေဒီ ၂၄-၃၉)၊ ဘေရိန္ဒမင်း (အေဒီ ၃၉-၅၁)၊ မုဋ္ဌလမင်း (အေဒီ ၅၁-၅၆)၊ ပုဏ္ဏမင်း (အေဒီ ၅၆-၅၉)၊ သာခမင်း (အေဒီ ၅၉-၆၂)၊ ဘိဋ္ဌမင်း (အေဒီ ၆၉-၇၃)၊ သုမုန္ဒရိမင်း (အေဒီ ၇၃-၈၀)၊ အတိတျာမင်း (အေဒီ ၈၀-၈၃)၊ သုပညာနဂရဆိန္ဒမင်း (အေဒီ ၈၃-၉၄) တို့ အစဉ်အဆက် အုပ်စိုးခဲ့ကြသည်။

သုပညာနဂရဆိန္ဒမင်း လက်ထက်တွင် ကမ်းယံတို့ ထိပါးလာသဖြင့် ချီတက်တိုက်ခိုက် နှိမ်နင်းခဲ့ပြီး အောင်နိုင်သောအခါ ထိုပြည်တွင် ၈ ဆူတောင် အရွယ်ရှိ ရွှေဆင်းတုဘုရား ရုပ်ပွားတော်

www.burmeseclassic.com



ဘုရားကြီးစေတီကမ္ပည်းကျောက်စာ



ပျူစာပေပျူအက္ခရာနှင့် ဂဏန်းသင်္ကေတပါသော မြေမီးဖုတ်အုတ်ချပ်များ
( အေဒီ လေးရာစုမှ ကိုးရာစု )

ကြီး တစ်ဆူကို မင်းကြီး ဖူးတွေ့လိုက်ရသည်။

မင်းကြီးသည် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဖူးတွေ့လိုက်ရသကဲ့သို့ သဒ္ဓါထက်သန်တော်မူလှသဖြင့် နေ့ညမပြတ် ဝတ်ပြုတော်မူသည်မှာ သုံးနှစ်တိုင်ပင် ကြာခဲ့ပြီ။

သို့ဖြစ်၍ မှူးမတ်တို့က နေပြည်တော်သို့ ပြန်သင့်ပြီဖြစ်ကြောင်းလျှောက်တင်ကြရာ ဤရုပ်ပွားတော်ကြီးကို စွန့်ခွာ၍မသွားနိုင်သဖြင့် ရတနာဖောင်ကြီးစီရင်ကာ ဖောင်ထက်တင်ပြီး နဂါးရစ်တောင်ကိုပတ်၍ မဟာသမုဒ္ဒရာကိုဖြတ်ကာ သရေခေတ္တရာသို့ သယ်ယူမည်ဟု ဆိုလေသည်။

သမုဒ္ဒရာဖြတ်ကာ သယ်ယူရန်မှာ လွန်စွာခက်ခဲသည်ဖြစ်ရာ မှူးမတ်တို့တိုင်ပင်ကြပြီး ရုပ်ပွားတော်ကြီးအောက်၌ ဥမင်တူးလိုက်သဖြင့် ရုပ်ပွားတော်ကြီး လဲတော်မူလေသည်။

ထိုအခါ မှူးမတ်တို့က အရှင်မင်းကြီး ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီဟု လျှောက်တင်ကြပြီး ရုပ်ပွားတော်အားထင်း၊ မီးသွေး တို့ဖြင့် မီးတိုက်ကြလေသည်။

ထိုအခါ မင်းကြီးက အဘယ်ကြောင့် ဤသို့လုပ်ဆောင်ကြသနည်းဟု မေးမြန်းရာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသဖြင့် နတ်တို့က သင်္ဂြိုဟ်ကြခြင်း ဖြစ်ပါသည်ဟု လျှောက်ထားကြသည်။ မင်းကြီးလည်း စိတ်နှလုံးမချမ်းမြေ့သဖြင့် ဆိတ်ဆိတ်သာ နေလေတော့သည်။

အမတ်တို့လည်း မင်းကြီး စိတ်ပြေစေရန် အရည်ပျော်ကျထားသည့် ရွှေများဖြင့် ညက်တော် တစ်တောင်အပြည့်ရှိသော အဋ္ဌဝီသ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များတို့ကို ရွှေစင်အတိသွန်းပြီး မင်းကြီးထံ ဆက်သကြလေသည်။ ရွှေတုံးရွှေခဲများလည်း သွန်းလုပ်၍ဆက်သကြသည်။ မှူးမတ်ဗိုလ်ပါတို့လည်း များစွာ ယူလေကုန်သည်။ ဤသို့ဖြင့် မင်းကြီးလည်း သရေခေတ္တရာ နေပြည်တော်သို့ ပြန်ခဲ့တော့သည်။

ထိုသို့ မလုပ်သင့် မလုပ်အပ်စွာ ရယူလာသည့် ဥစ္စာတို့ကို သရေခေတ္တရာ ပြည်သူတို့ သုံးစွဲကြသောအခါ သူတော်ခုနစ်ပါး တည်ထားခဲ့သော ပြည်မြတ်သည် မငြိမ်မသက် ခိုးဝှက်လုယက်စားသောက်ကြသည့် ခိုးသားဓားပြများထူပြောလာကာ ထိန်းမနိုင် သိမ်းမရဖြစ်လာခဲ့သည်။

တစ်နေ့တွင် လေပွေကြီးကျလာသဖြင့် စကောလွင့်သည်ကို စကောရှင်မိန်းမက စကောနောက်မှလိုက်ကာ "ငါ့စကော၊ ငါ့စကော" ဟု အော်လေသည်။ တွေ့မြင်သူများက ငစကောတပ်များ ဝင်တိုက်လေ၍ ပြေးသည်ဟုထင်ပြီး အထိတ်တလန့်ဖြစ်ကြကာ ထွက်ပြေးကြရာ သရေခေတ္တရာပြည်ကြီး၌ နေထိုင်သူတို့ သုံးစုကွဲသွားကြတော့သည်ဟု ဆိုသည်။

စာရေးသူတို့သည် လေးမျက်နှာဘုရားမှ ထွက်ခွာခဲ့ကြရာ အရှေ့ဘက်ကိုက် ၃၀၀ ခန့်တွင် ဗိဿနိုးမိဖုရားသချိုင်းကို တွေ့ရသည်။

ထိုသချိုင်းမှာ သရေခေတ္တရာမြို့ဟောင်း၏အပြင်ဘက် တောင်ဘက်ခြမ်းတွင် တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




ဘုရားကြီးစေတီ ပတ်ဝန်းကျင်မြင်ကွင်း

၁၉၆၇-၆၈ ခုနှစ်တွင် တူးဖော်ခဲ့ရာမှ ကြီးမားသော ကျောက်အရိုးအိုး ခြောက်လုံးကို တစ်တန်းလျှင် သုံးလုံးစီဖြင့် အရှေ့အနောက် တန်းလျက်ရှိသည်ကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ကျောက်အရိုးအိုးမှာ ပျမ်းမျှအားဖြင့် ပတ်လည် ၂ . ၄ မီတာနှင့် အမြင့် ဝ. ၈၄ မီတာရှိသည်။ ယင်း ကျောက်အရိုးအိုးများမှာ လှာထိုးအံကျပါသော ကျောက်ခွေများဖြင့် ဆက်စပ်ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ ဒေသအစဉ်အလာအရ ဗိဿနိုးမြို့ဟောင်းသို့မဟုတ် မြို့လေး တောအနီးတွင် တည်ရှိသောကြောင့် ဗိဿနိုးမိဖုရားနှင့် ဆွေတော်မျိုးတော်တို့၏ သင်္ချိုင်းတစ်ခုဖြစ်မည်ဟု ဆိုကြသည်။

ထိုသင်္ချိုင်းတွင် စာရေးသူတို့ လှေ့လာကြည့်ရှုနေကြစဉ် မိုးဖွဲလေးများ ရွာကျလာသည်။ ထို့နောက် ထိုနေရာမှ ပြန်လည်ထွက်ခွာခဲ့ကြရာ လမ်းတစ်လျှောက်တွင် ကိုရွှေမိုးက အငြိုးကြီးစွာ ရွာလေတော့သည်။

ဤသို့ဖြင့် မှော်ဇာ သရေခေတ္တရာ ပြတိုက်ရှေ့သို့ ရောက်ရှိခဲ့သည့်တိုင် မိုးက သဲသဲမဲမဲ ရွာနေဆဲပင်။ သို့ဖြစ်၍ ကားရပ်လိုက်သည်နှင့် ကားပေါ်မှဆင်းကာ ပြတိုက်အတွင်းသို့ ဆောလျှင်စွာပင် ဝင်လိုက်မိသည်။

နီညိုရောင်ကြွေပြား ခင်းထားပြီး သန့်ရှင်းသပ်ရပ်လျက်ရှိသောပြတိုက်



ဘုရားကြီးစေတီ ဝင်ပေါက်ဝရှိ အလှူခံဌာန

www.burmeseclassic.com

အတွင်းဝယ် လူရှင်းနေသည်။ ပြတိုက် ခင်းကျင်း ပြသထားပုံမှာ စနစ်ကျကာ မြောက်တိုင်းတွင် ကမ္ပည်းစာတန်းများ ရေးထိုးပေးထားသဖြင့် လေ့လာသူများ အတွက် အဆင်ပြေသည်။

ထို့ပြင် ပြတိုက်တွင် တာဝန်ထမ်း ဆောင်နေသည့် လက်ထောက် ညွှန် ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းကလည်း စာရေးသူတို့အား လိုက်လံ ရှင်းလင်း ပြောပြပေးသဖြင့် သရေခေတ္တရာ ပျူ ခေတ် ဘိုးဘေးတို့၏ ဂုဏ်ယူဝင့်ကြွား ခဲ့ရာ သမိုင်းအချက်အလက်များနှင့် ဗိသုကာလက်ရာများကို လေ့လာသိရှိ နိုင် ခဲ့ကြသည်။

မိုးက ရွာကောင်းတုန်းပင်ဖြစ် သော်လည်း ရှေ့ဆက်ရမည့်ခရီးက ရှိ သေးသဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နေပြည်ဖြစ်သော ဗမ္မာရုံရှေ့သို့ ပြန်လည် ရောက်ရှိခဲ့ကြသည်။



စေတီပုံပါ ဌာပနာတိုက်အဖုံးကျောက်ပြား(သဲကျောက်) - ပျူခေတ် (အေဒီ လေးရာစုမှ ကိုးရာစု) လက်ရာ ၁၉၂၆-၂၇ ခုနှစ်တွင် ခင်ဘကုန်းမှ တူးဖော်ရရှိသည်၊

ထိုဗမ္မာရုံတွင် ခေတ္တခဏ မိုးခို နားနေခဲ့ကြပြီးနောက် မိုးစဲသည်နှင့် ဘုရားကြီးသို့ ထွက်ခွာခဲ့ကြရာ ၁၅ မိနစ်ခန့် ကြာသည်တွင် ဘုရားကြီး စေတီသို့ ရောက်ရှိခဲ့ကြသည်။ ဘုရားကြီး စေတီမှာ ဘောဘောကြီးစေတီ တည်ပြီး နောက် အေဒီ ၆၇ ရာစုတွင်မှ တည် ထားသော စေတီဖြစ်သည်ဟု ဆိုသည်။



ဘုရားကြီးစေတီ၏ ပရိဝုဏ်အတွင်းရှိ ခေါင်းလောင်း

www.burmeseclassic.com



ပြတိုက်အတွင်း၌တွေ့ရသည့် သူရိယဝိတြမမင်း၏ ကျောက်အရိုးအိုး
(ပျူခေတ် အေဒီ လေးရာစုမှ ကိုးရာစု)



ပြတိုက်တွင်ပြသထားသည့် သံယာတော်များ၏ ကြေးအရိုးအိုး
ပျူခေတ်လက်ရာ ( အေဒီ လေးရာစုမှ ကိုးရာစု )

ဘောဘောကြီး စေတီကဲ့သို့ ဆလင်ဒါပုံဆန်ဆန် မဟုတ်ဘဲ အထက်သို့ချွန်သွားသည့် ငှက်ပျောဖူးပုံဖြစ်ရာ မျက်မှောက်ခေတ် မြန်မာစေတီတော်များ၏ ရှေ့ပြေးပုံစံဖြစ်သည်ဟုပင် ဆိုရပေမည်။ ဘုရားကြီးစေတီသည် ဉာဏ်တော် ၁၃၉ ပေမြင့်ကြောင်း သိရသည်။

အစဉ်အလာ ဆိုရိုးစကားများနှင့် မြန်မာရာဇဝင်ကျမ်း အချို့တို့၏ အဆိုအရ ဒွတ္တပေါင်မင်းကြီး တည်ထားခဲ့သည့် စေတီ ကိုးဆူအနက် တစ်ဆူအပါအဝင် ဖြစ်သည်ဟု သိရသည်။

ဘုရားရှင်၏ ဓာတ်တော်စစ်တစ်ဆူ၊ လက်ယာခြေမတော်မှဖြစ်သော ခြေသည်းတော်တို့ကို ထည့်သွင်း၌ာပနာကာ မဟာစေတီဟု သမုတ်၍ တည်ထားကြောင်း၊

စေတီတည်စဉ်က ဖြည်းဖြည်းဆေးဆေး တည်သဖြင့် ဆေးဆေးစေတီဟု လည်းကောင်း၊ ကြီးမားလွန်းသဖြင့် မဟာစေတီဟုလည်းကောင်း ခေါ်တွင်ကြောင်း၊

နောင်အခါမှ ဘုရားကြီးဟု ပြောင်းလဲ ခေါ်တွင်ခဲ့ကြောင်း၊

ခေတ်အဆက်ဆက် မင်းနှင့်ပြည်သူတို့က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ယခုအခါ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဂေါပကအဖွဲ့တို့ကလည်း အနီးကပ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း၊

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မြန်မာ့ရှေးဟောင်းအမွေအနှစ် စေတီကြီးဖြစ်ကြောင်း သိရသည်။

ဘုရားကြီးစေတီတော်ကို ဖူးမြော်ပြီးချိန်တွင် ရာသီဥတုမှာ သာယာ့လျက်ရှိသည်။ ဘုရားမာစေတီသို့ ဆက်လက်သွားရောက်လိုသော်လည်း အချိန်မရတော့သဖြင့် မသွားဖြစ်ခဲ့တော့ပေ။

သို့ဖြစ်၍ ယခု တစ်ခေါက်သရေခေတ္တရာ ပျူမြို့တော်ကြီးကို လေ့လာကြည့်ရှုခဲ့ရာတွင် နှံ့စပ်ပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း ရသမျှအချိန်အတွင်း ကြည့်ရှုလေ့လာခွင့်ရခဲ့သည်များနှင့်ပင် ကျေနပ်နှစ်သက်ဝမ်းမြောက် ဂုဏ်ယူမိခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မင်းဂုဏ်**

**ကျမ်းကိုး**

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ သုံးတွဲပေါင်း၊ ပထမအကြိမ်၊ ၂၀၀၀ခုနှစ် ဇန်နဝါရီလ။

၂။ ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ၊ နိုင်ဇော်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။

၃။ ပထမမြန်မာနိုင်ငံတော် သရေခေတ္တရာ ပျူမြို့တော်ကြီး၊ (ခရစ်နှစ် ၃ ရာစုမှ ခရစ်နှစ် ၁၁ ရာစု)၊ ချစ်စံဝင်း၊ ၂၀၁၃ ခုနှစ် မတ်လ။

❑



www.burmeseclassic.com

www.burmeseclassic.com





# ဗုဒ္ဓဂယာဆရာတော်ကြီးေါ

## သက်တော်(၈၀)ပြည့် ဝိဇာတမဟာမင်္ဂလာပွဲ

ကောင်းမြတ်-ခရာတော

တစ်ခါ တစ်ခါ စာရေးသူတို့ ခနောင်တိုက ရုပ်ရှင်မင်းသားကြီး အကယ်ဒမီဦးမြတ်လေးရဲ့ ရုပ်ရှင်ကား ပြန်ကြည့်နေရသလို ခံစားနေမိသည်။ 'ရွှေနှင့် သွေးနှင့် ရင်းသည့်မြေ' ဇာတ်ကားထဲမှာ ဦးမြတ်လေး ပြောသလို ရန်ကုန်ဆိုတာ သွားသုတ်သုတ်၊ စားသုတ်သုတ်၊ နေသုတ်သုတ် (သုတ်သုံးကျွမ်း) ကျေမှ အဆင်ပြေတာ (တချို့ စကားလုံးများ လွဲမှားနိုင်ပါသည်။)ဆိုတဲ့စကားကို ပြေးပြီး မြင်ယောင်မိပါသည်။

ယခုလည်း အချိန်ကိုလုရ၍ ခရီးစဉ်တစ်ခုကို ခပ်သုတ်သုတ် ပြေးရပြန်သည်။


စာရေးသူသည် ခနောင်တိုသား ဆိုတော့လည်း တစ်နည်းအားဖြင့် ပြောရရင် အကယ်ဒမီ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ညွှန်းရေးဆရာ၊ ကဗျာဆရာ၊ စာရေးဆရာ ဦးမြတ်လေးရဲ့ မျိုးဆက်သစ် (ခနောင်တိုသားလေသံနှင့် ပြောခြင်းပါ) တစ်ဦးအဖြစ် ခံယူထားသူမို့ ဦးမြတ်လေးရဲ့ လေသံကို အားကျ၍ ပြောရခြင်းပါ။

အမှန်တော့ ဦးမြတ်လေးရဲ့ တာဝန်ကျေမှုနှင့် နိုင်းစာလျှင် ခေါင်းခြေရာ စာတုလှမ်းသည့် အဆင့်လောက်တောင် မရှိကြောင်း ကိုယ်ကိုယ်တိုင် သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိလိုဏ်ဂူအတွင်းမှ နှစ်ကိုပ်ရှစ်သူမြတ်စွာဘုရားများ အပူဇော်ခံနေစဉ်

သို့သော် 'ဆင်လည်း သူ့အထွာနှင့် စာကလေးလည်း ကိုယ့်အထွာနှင့်' ဆိုစကားကို အားကိုးပြီး ဤစာမူကို ရေးရခြင်းပါ။ တကယ်ပြောချင်တာက ရုပ်ရှင်မင်းသားကြီး အကယ်ဒမီ ဦးမြတ်လေးအကြောင်း မဟုတ်။ စာရေးသူ ဖြတ်သန်းနေရသည့်ဘဝကို စာဖတ်သူများ နားလည်ပေးနိုင်ဖို့ တင်ပြနေခြင်းသာ ဖြစ်ပါသည်။ စာရေးသူသည် ဘဝပေး အခြေအနေကြောင့် စာရေးခြင်း အလုပ်၊ တစ်ခါတစ်ရံ ငှားရမ်းဖိတ်ခေါ်မည့်သူရှိလျှင် စောင်းတီးခြင်းအတတ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရသူ ဖြစ်ပါသည်။

ထို့ကြောင့်လည်း မဂ္ဂဇင်းစာမျက်နှာများသည် စာရေးသူ၏ အိမ်ငှားလစာ၊ ကျာနယ်များ၊ တချို့သော သတင်းစာများသည် စာရေးသူ၏ မနက်စာ၊ ညစာအဖြစ် မှီခိုရပ်တည်နေရသူ ဖြစ်ပါသည်။ ထို့ကြောင့်လည်း မဂ္ဂဇင်းတိုက်တစ်ခုမှ လစဉ်ရေးပေးဖို့ အယ်ဒီတာချုပ်က ပြောလာလျှင်၊ စာမူခများများပေးသော နေ့စဉ်ထုတ်သတင်းစာများမှ အယ်ဒီတာများက စာမူတောင်းလာလျှင် ထီပေါက်သလို ခံစားရပါသည်။

(၆-၁၂-၂၀၁၄) နေ့က ဖြစ်ပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း အယ်ဒီတာချုပ်မှ စာရေးသူအား တာဝန်ဆိုသည်ထက် သူ့ လပြည့်ဝန်းမဂ္ဂဇင်းအတွက် တစ်လတစ်ကြိမ် ဆရာတော်ကြီးတစ်ပါး၏ ထေရုပ္ပတ္တိ ကျင့်ကြံအားထုတ်မှု၊ အဆုံးအမစကား၊ အဆိုအမိန့်နှင့် သာသနာရေးဆောင်ရွက်ချက်များ ရေးပေးစေလိုကြောင်း ပြောကြားလာသဖြင့် စာရေးသူတစ်ဦးအနေဖြင့် မြန်မာနိုင်ငံတော်မှ တရားဝင်ပြုလုပ်နေသော သိန်း ၁၅၀၀ ဆုကြီးပေါက်သလို ခံစားခဲ့ရပါသည်။

ထီဆိုသည်မှာ ထိုးမှပေါက်သည့် ကိစ္စဖြစ်ကြောင်း၊ ထီမထိုးဘဲနှင့်တော့ ဆုကြီးကို မျှော်လင့်၍ မရကြောင်း ဆရာကြီးဦးသုခ အဆုံးအမကိုလည်း ပြေး၍ သတိရမိလိုက်ပါသည်။ လပြည့်ဝန်းအယ်ဒီတာချုပ်သည် သူ့အသက်အရွယ်အရ ငယ်သော်လည်း ဘာသာရေးကို အလွန်ကိုင်းရှိုင်းလိုက်နာကျင့်ကြံ အားထုတ်နေသူဖြစ်ကြောင်း အနီးကပ်လေ့လာမှ သိရှိခဲ့ပါသည်။

ထို့ကြောင့်လည်း ဘာသာရေး ကိုင်းရှိုင်းရိုသေကျင့်ကြံအားထုတ်နေသော မဂ္ဂဇင်းတစ်ခုအတွက် ကိုယ်တတ်နိုင်သမျှအထောက်အပံ့ ပါရမီ ဖြည့်ဆည်းပေးရခြင်းသည် လူ့ဘဝအတွက် အကောင်းဆုံး လုပ်ဆောင်မှုဟု ဘဝင်ကျစွာ လက်ခံသူပီပီ ဆရာဖြစ်စေချင်သော ဆန္ဒတစ်ခုကို ဖြည့်ဆည်းပေးဖို့ မနက် ၆ နာရီ တောင်ဒဂုံမှထ၍ (၃၄)အထူးကားကို စီးခဲ့ပါသည်။

ဗုဒ္ဓအလိုတော်ကျ ကုသိုလ်အလုပ် ပြုလုပ်သူအတွက် ကုသိုလ်တရားက အထောက်အပံ့ဖြစ်သည် ဆိုသည့်စကားသည် အမှန်တကယ်ပင် မှန်ကန်ကြောင်း သိရှိခဲ့ရသည်။ စာရေးသူ တောင်ဒဂုံမှစီးလာသော (၃၄)လိုင်းကားသည် မြေနီကုန်း မှတ်တိုင်တွင် ရပ်သည်။

သို့သော် စာရေးသူ သွားရောက်ဖူးမြော် ကြည်ညို ရမည့် ဆရာတော်ကြီးကျောင်းဟု မသိသေး။ မြေနီကုန်းမှတ်တိုင်တွင် ကားရပ်သော်လည်း ဆင်းရမည့်မှတ်တိုင်ကို မသိ။ စာရေးဆရာ ဝိညာဉ် ပူးကပ်နေသည်လား မသိ။ အမှုမဲ့အမှတ်မဲ့ မနေတတ်သည်က စာရေးဆရာတွေရဲ့ ညဉ်။ ထို့ကြောင့်ပင် မြေနီကုန်းမှတ်တိုင် အရပ်မှာ အမှတ်မထင်လှမ်း၍ ကြည့်လိုက်မိသည်။

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗုဒ္ဓဂယာ ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒ အနှစ်(၈၀)မြောက် ဝိဇာနမွေးနေ့ မဟာမင်္ဂလာပွဲဟူသော မုခ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ထို့ကြောင့် စာရေးသူလည်း မြေနီကုန်းမှတ်တိုင်တွင် ကပျာကသီ ဆင်းလိုက်ရသည်။

နောက် သာသနာ့အလံများ ဝဲ,ယာတစ်ဖက်တစ်ချက်တွင် စိုက်ထားသော လမ်းအတိုင်း ဝင်လာခဲ့သည်။ ခဏအကြာတွင် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းဝသို့ ရောက်ခဲ့ပါသည်။ ကျောင်းဝင်းအတွင်းသို့ ရောက်သွားသည့်အခါ ဝိဇာတမင်္ဂလာပွဲ ဆင်နွှဲမည့် ခံ့ညားသော မင်္ဂလာမဏ္ဍပ်ကြီးကို မလှမ်းမကမ်းမှ လှမ်းမြင်ရသည်။ အဝင်တွင် အလှူခံမဏ္ဍပ်ကို တွေ့ရပြီး ဦးဇင်းလေးတစ်ပါးကို အပြေးအလွှားသွား၍ လျှောက်ထားလိုက်ရပါသည်။

ဦးဇင်းလေးရဲ့ လမ်းညွှန်မှုအရ ဆရာတော်ကြီး သီတင်းသုံးသည့် ကျောင်းအပေါ်ဆောင်သို့သွား၍ ဖူးမြော်ရန် ကျောင်းအတွင်း ရုံးခန်းသို့ သွားရောက်သတင်းပို့၍ လပြည့်ဝန်းမဂ္ဂဇင်းတွင် ဆရာတော်ကြီးအကြောင်း ဆောင်းပါးရေးဖို့ လာရောက်ကြောင်း ပြောပြရာ တာဝန်ရှိသူတစ်ဦးမှ မွေးနေ့ပွဲကျင်းပမည့် အစီအစဉ် ပန်းဖလက် လက်ဆောင်ပေးပြီး ဆရာတော်ကြီးအား အနီးကပ် ဖူးမြော်ခဲ့ရပြီး ဆရာတော်ထံ ခွင့်တောင်း၍ ဓာတ်ပုံရိုက် မှတ်တမ်းတင်နိုင်ခဲ့ပြီး

"တပည့်တော်တို့ လပြည့်ဝန်း မဂ္ဂဇင်းအယ်ဒီတာချုပ် မိသားစု ဗုဒ္ဓဂယာသို့ ဘုရားဖူးလာစဉ်က ဆရာတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာ တည်းခိုခွင့်ရခဲ့ပါတယ်ဘုရား၊ ဒါကြောင့် ဆရာတော်ကြီးမွေးနေ့ (၈၀)နှစ်မြောက်ပွဲ တက်ရောက်ပူဇော်ရင်း ဆောင်းပါးရေးခွင့်ပြုပါ ဘုရား"


ဟု ခွင့်တောင်းရင်း ဆရာတော်ကြီးအား အနီးကပ်ဖူးမြော်ခဲ့ရပါသည်။

နောက် ဆရာတော်များ ကြွရောက်လာပြီး ဖူးမြော်ကြသဖြင့် စာရေးသူလည်း အလိုက်သိစွာ ဆရာတော်ထံမှ ထွက်ခွာခဲ့ပြီး ဆရာတော်ကြီး မွေးနေ့ပွဲနှင့်ပတ်သက်သော နေရာများသို့ ဓာတ်ပုံမှတ်တမ်းများ လိုက်ရိုက်ပါသည်။ ဆရာတော်ကြီး တည်ထားကိုးကွယ် ပူဇော်ထားသော မဟာဗောဓိစေတီတော်ကို ကြည်ညိုရင်း ရှုထောင့်အမျိုးမျိုးမှနေ၍ မှတ်တမ်းဓာတ်ပုံရိုက်ရင်း ပူဇော်ခဲ့ပါသည်။

ထို့နောက် ဆရာတော်ကြီး၏ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်းရှိ သာသနိက အဆောက်အအုံများ၊ ရုပ်ပွားတော်များ၊ မဟာဗောဓိပင်နှင့် ခေါင်းလောင်းတော်ကြီးများကို လည်းကောင်း၊ မဟာဗောဓိစေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓမြတ်စွာပုံတော်နှင့် ရပ်ကွက်အတွင်း လှည့်လည်အပူဇော်ခံမည့် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားပုံတော်များကို ပူဇော်ရင်း မှတ်တမ်းတင်ခွင့် ရရှိခဲ့ပါသည်။

ဆရာတော်ကြီး၏ ဝိဇာတ မွေးနေ့မင်္ဂလာနေ့တွင် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအတွင်း တည်ထားပူဇော်ပြီးသော မဟာဗောဓိစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ကျင်းပပူဇော်မှာဖြစ်ပြီး (၁-၁၂-၂၀၁၄) ရက်မှစ၍ (၅-၁၂-၂၀၁၄) ရက်အထိ ညစဉ် တရားပွဲများ ကျင်းပပြီး အများပြည်သူများအား နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို နိုင်ငံကျော် ဓမ္မကထိကများ ဖြစ်တော်မူကြသော လယ်တီကြယ်တစ်ပွင့်ဆရာတော် ဒေါက်တာ အရှင်တိက္ခ (သာသနဓဇ ဓမ္မာစရိယ-ဟသ်ာတ)၊ ဇေတဝန်ဓမ္မာရုံကျောင်းဆရာတော် ဒေါက်တာ သောပါက (သာသနဓဇ ဓမ္မာစရိယ MA (Ph.D))၊ မေတ္တာအေးဆရာတော် အရှင်သုဇာတ (သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)၊ တွံတေးအရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ သီရိမင်္ဂလာ မဟာစည်ရိပ်သာ အရှင်ဝါယမ (ရွှေတွံတေးဆရာတော် ပိဋကတ်ကျမ်းပေါက် ဓမ္မာစရိယ) တို့မှ ညစဉ် တရားဟောကြား၍ ဆရာတော်ကြီးအား ပူဇော်ခဲ့ပါသည်။

နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားတို့သည်လည်း (၄)ကြိမ်မြောက် ရပ်ကွက်များသို့ လှည့်လည် အပူဇော်ခံပွဲ ကျင်းပခဲ့သည်ကို သိရှိခဲ့ရပါသည်။ ထိုသို့ အပူဇော်ခံရာတွင် (၃၀-၁၁-၂၀၁၄)ရက် မှစ၍ နဂါးရုံဘုရား မြေနီကုန်း၊ ဆွမ်းလောင်းအသင်း ရှမ်းကုန်းလမ်း မြေနီကုန်း၊ မြေနီကုန်းပလာဇာ ဈေး၊ မြေနီကုန်းဓမ္မာရုံ(တောင်)နှင့် ရပ်ကွက်အတွင်းသို့ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ လှည့်လည်ကြွရောက် အပူ



ဗောဓိပင်၌ သီတင်းသုံးနေသော မြတ်စွာဘုရား

ဇော်ခံခဲ့ပါသည်။ ထို့နောက် နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားတို့သည် (၆-၁၂-၂၀၁၄)ရက်နေ့တွင် ဗုဒ္ဓဂယာကျောင်းအတွင်း ပြန်လည် ပူဇော်ခံပါသည်။

နံနက် ၉ နာရီတွင် မဟာဗောဓိစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲမင်္ဂလာကို စတင် ကျင်းပပါသည်။ နေ့လယ် ၁ နာရီတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်များ၏ ပဓာန နာယက ဆရာတော်၊ အိန္ဒိယနိုင်ငံ ပရဒေသီသံဃ နာယကအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၊ ပြင်ဦးလွင်မြို့ ဗုဒ္ဓဂယာကျောင်း၊ ရွှေတောင်တရုတ်မှော်ရွာ ဗုဒ္ဓဂယာကျောင်းနှင့် မဟာဗောဓိစေတီတော်ကျောင်းများ၏ နာယက၊ ဩဝါဒါစရိယဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗုဒ္ဓဂယာဆရာတော်ကြီး၏ သက်တော် ၈၀ ပြည့် ဝိဇာတ မဟာမင်္ဂလာပွဲကို နေ့လယ် ၁ နာရီတွင် စတင်ကျင်းပပြီး ဆရာတော်ကြီးကိုယ်တိုင် ဒကာ၊ဒကာမအပေါင်းတို့အား ရေစက်ချတရား ဟောကြား ချီးမြှင့်ပေးခဲ့ပြီး ပရိသတ်အပေါင်းမှ သာဓု အနုမောဒနာ ခေါ်ဆို၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

အလားတူပင် ဆရာတော်ကြီး၏ သက်တော် ၇၅ နှစ်မြောက် စိန်ရတုသဘင်ပွဲ ကျင်းပစဉ်ကလည်း အလွန်စည်ကားစွာ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

ဝိဇာတမွေးနေ့ ဖြစ်သည်နှင့်အညီ ကျောင်းဝင်းတစ်ခုလုံး ကြက်ပျံမကျ စည်ကားသည်ကတစ်ကြောင်း၊ ဝိဇာတမင်္ဂလာ ပူဇော်ပွဲဖြစ်သည်ကတစ်ကြောင်းကြောင့် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် ဆရာတော်ကြီး၏ သာသနာရေးကြိုးပမ်းဆောင်ရွက်မှုများကို အသေးစိတ်လေ့လာနာကြားခွင့် မရခဲ့ပါ။

သို့သော် ကျောင်းထိုင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) သဒ္ဓမ္မ ဇောတိကဓဇ (BA(Pali), MA (History), Ph.D(A Historical Study) နာယက အကျိုးတော်ဆောင်ချုပ် ဆရာတော်မှ နောက်တစ်ရက်တွင် ကျောင်းသို့ သီးခြားလာဖို့ မိန့်ကြားသဖြင့် နောက်တစ်ရက်အကြာတွင်

www.burmeseclassic.com



ဆရာတော်ကြီးနှင့် တိဗက်ဘုန်းတော်ကြီးများ

ဆရာတော်ကြီးကျောင်းသို့ သွားရောက်ခဲ့ပါသည်။ (၆-၁၂-၂၀၁၄)ရက် သက်တော် ၈၀ မြောက် ဝိဇာတ မဟာမွေးနေ့ မင်္ဂလာပွဲအပြီး (၁၀-၁၂-၂၀၁၄)နေ့တွင် ဆရာတော်ကြီးသည် အိန္ဒိယသို့ ပြန်လည်ကြွသွားပါသည်။

စာရေးသူ ကျောင်းသို့ရောက်သောအခါ နာယက အကျိုးတော်ဆောင်ချုပ်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)မှ စာရေးသူ သိလိုသမျှ စိတ်ရှည်လက်ရှည် ရှင်းပြပေးပါသည်။ ထို့နောက် စာရေးသူအား ဝိဇာတမင်္ဂလာဖိတ်စာ တစ်စောင်၊ ဆရာတော်ကြီး၏အဆုံးအမများ ပန်းဖလက်တစ်စောင်၊ ပြက္ခဒိန်တစ်ခုနှင့် သက်တော်(၈၀) ဝိဇာတ မဟာမင်္ဂလာပွဲ CD ခွေတစ်ချပ် လက်ဆောင်ပေးပါသည်။

စာရေးသူလည်း ကျေးဇူးတင်စကားပြန်လည်လျှောက်ထားပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းမျှ ချီးမြှင့်ပေးသနားပါရန် လျှောက်ထားသောအခါ ဆရာတော်မှ . .

"ဒကာကြီး၊ ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိအပြင် ဆရာတော်ကြီးရဲ့ သာသနာရေး ကြိုးပမ်းဆောင်ရွက်မှု အပြည့်အစုံသိရအောင် (၇၅)နှစ်မြောက် စိန်ရတုသဘင်ပွဲစာအုပ် ပေးလိုက်မယ်၊ အဲဒီအထဲမှာ ဒကာကြီး သိချင်တာတွေ အပြည့်အစုံပါတယ်"ဟုပြောနေစဉ် နိုင်ငံခြားသူတစ်ဦး ရောက်လာပြီး ဆရာတော်အား ဝတ္ထုငွေလှူနေသဖြင့် ခေတ္တစောင့်ဆိုင်းနေရပါသည်။ ဆရာတော်သည် နိုင်ငံခြားသူတစ်ယောက်နှင့် အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောနေသည်ကိုကြည့်ကာ ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာကို ပြန့်ပွားဖို့အရေးတွင် အင်္ဂလိပ်စာ၏ အရေးပါပုံကို သတိပြုလိုက်မိသည်။ နောက် စာရေးသူလည်း နံရံတွင် ပူဇော်ထားသော ဆရာတော်ကြီး၏ ခြေဖဝါးအစုံပုံတော်ကို မျက်စိရောက်သွားသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ပုံတော်ကို ပူဇော်ခွင့် (ဓာတ်ပုံရိုက်ခွင့်) တောင်းရာ ဆရာတော်က နံရံအထက်တွင် ပူဇော်ထားသော ခြေဖဝါးအစုံအား အောက်သို့ချ၍ ဓာတ်ပုံရိုက်ခွင့်ပြုပါသည်။

ဆရာတော်ကြီး၏ သက်တော်(၈၀)မြောက် မွေးနေ့ အထိမ်းအမှတ် သိက္ခာထပ် မင်္ဂလာပွဲအတွက် အလှူ့ဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသော ဦးသိန်းထွန်း + ဇနီး ဒေါ်ခင်မြမျိုးနွယ်နှင့် သားများဖြစ်ကြသော ကိုသိန်းမျိုးထွန်း၊ ကိုအောင်မျိုးထွန်း၊ ကိုမြတ်မျိုးထွန်း၊ ကိုစိုးမျိုးထွန်း (ခ) ကိုသာထက် မိသားစု၏ စေတနာသဒ္ဓါတရားများကိုလည်း လေးစားစွာ သာဓုခေါ်မိသည်။ သိမ်ဆင်းသံဃာ ၄၅ ပါးကို လောင်းလှူမှု ကြွရောက်လာသော ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးမှုသည် ဟိုခေတ်တစ်ခါ စေတုတ္တရာတိုင်းမှ ဘုရားအလောင်းတော် ဝေဿန္တရာမင်း၏ အလှူကို ပြေး၍မြင်မိသည်။

ဆရာတော်ကြီးအပေါ် ဒကာ၊ဒကာမများ ဘာကြောင့် ဤမျှလောက် ဤမျှ ကြည်ညိုနေကြပါလိမ့်။ အိန္ဒိယလို နိုင်ငံမှာ သွားပြီး သာသနာပြုရုံမျှတော့ မဖြစ်နိုင်ဟု စာရေးသူ ဉာဏ်မီသမျှဖြင့်တွေးရင်း သိချင်သော ဆန္ဒတို့က ပြင်းပြလာသဖြင့် ဆရာတော် ဒေါက်တာသုန္ဒရ ပေးသောစာအုပ်ကို ဘတ်စ်ကားပေါ်တွင် စတင်၍ ဖတ်ရှုလိုက်မိသည်။ ထိုသောအခါ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတို့ သာမကဇွဲ၊ လုံ့လ၊ ဝီရိယ တို့ကိုပါ ကြည်ညိုစွာ လေ့လာသိရှိခွင့် ရလိုက်ပါသည်။

ဆရာတော်ကြီးအား ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ နံ့ဂါတ်ကြီးကျေးရွာမှ ခမည်းတော်ဦးဘိုကြီး၊ မယ်တော်ဒေါ်ပုတို့မှ သက္ကရာဇ် ၁၂၉၇ ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်၊ အင်္ဂါနေ့တွင် မီးဖွားသန့်စင်ပါသည်။ မွေးချင်းလေးဦးအနက် တတိယမြောက် သားရတနာဖြစ်ပါသည်။ လူလားမမြောက်ခင် မိဘနှစ်ပါးစလုံး ဆုံးပါးသွားသဖြင့် ဆွေမျိုးများ ကျွေးမွေးစောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရသူဖြစ်သည်။ ၁၃၀၇ ခုနှစ်တွင် ရွှေတောင်မြို့မရပ် ရွှေမော်ဓောကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြု၍ ရွှေတောင်မြို့၊ သဲတန်းရပ် ဦးထွန်းရွှေ + ဒေါ်အေးညွန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။

၁၃၁၇ ခုနှစ်တွင် ရွှေတောင်မြို့၊ မြို့မရပ် ဆရာတော်ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြု၍ မြို့မရွာ၊ ဆင်ရှင်ရပ် ဦးမောင်ဟန် + ဒေါ်စိန်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်သည် ရွှေတောင်မြို့၊ မြို့မရပ်၊ ရွှေမော်ဓောကျောင်းတိုက် ဆရာတော်ထံတွင် လည်းကောင်း၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ထံတွင် လည်းကောင်း ပရိယတ္တိစာပေများ သင်ယူခဲ့ပါသည်။ ရန်ကုန်မြို့၊ မြေနီကုန်းရပ်၊ သီရိဇေယျာကျောင်းတိုက်တွင် လောကီပညာ ၁၀ တန်းအောင်မြင်သည်အထိ သင်ယူခဲ့ပါသည်။

၁၉၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်တွင် ပါဠိဓမ္မာစရိယတန်းနှင့် ပါဠိဘီအေတန်း၊ ဓမ္မာစရိယ (ဘီအေ) နာလန္ဒာ အောင်မြင်သည်အထိ ကြိုးပမ်းသင်ယူခဲ့ပါသည်။ ဆရာတော်ကြီးသည် ဆရာကောင်းများထံတွင် သင်ယူခဲ့ရသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်မြို့ ဇောတိ

www.burmeseclassic.com

ကာရုံဆရာတော် ဦးတေဇနိယထံတွင် အထက်တန်းပညာကို လေးနှစ်ကြာ သင်ကြားနာယူ လေ့လာဆည်းပူးခွင့်ရသော ကြောင့် ဖြစ်သည်။

ဦးတေဇနိယမှာ တစ်ချိန်က မန္တလေးတွင် 'တောင်ပြင်မှာကျား၊ မြောက်ပြင်မှာနဂါး' ဟု စာချ အကျော်အမော်နှစ်ပါး ရှိခဲ့ရာ တောင်ပြင်မှာကျား ဆိုသည်မှာ တောင်သမန်တိုက်မှ ဦးကလျာဏဖြစ်ပြီး မြောက်ပြင်မှာနဂါး ဆိုသည်မှာ အာသောကကျောင်းတိုက်မှ ဦးတေဇနိယတို့ဖြစ်သည်။ ဦးတေဇနိယသည် ဝိနိစ္ဆယ အဆုံးအဖြတ်ပေးရာတွင် အလွန်တိကျသေချာသော ဆရာတော်တစ်ပါးဖြစ်သည်။ ထို့ကြောင့် ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒသည် ဆရာကောင်းတပည့်ဘဝကို ပိုင်ဆိုင်ခွင့်ရရှိခဲ့သော ဆရာတော်ကြီးဖြစ်လေသည်။

၁၉၆၃ ခုနှစ်၊ ဇူလိုင်လ၊ ၇ ရက်နေ့တွင် အိန္ဒိယနိုင်ငံတွင် သာသနာပြုနိုင်ရန်အတွက် ကာလကတ္တားမြို့သို့ ထွက်ခွာခဲ့ပြီး မြန်မာဘုန်းတော်ကြီးကျောင်းတွင် တည်းခိုပြီး ဒီဇင်ဘာလတွင် အာသံပြည်နယ်သို့ ဆက်လက် ကြွရောက်တော်မူကာ ပန်းခံကျေးရွာတွင် နေထိုင်သီတင်းသုံးကာ သာသနာပြုလုပ်ငန်းကို စတင်လေသည်။ ဟင်ဒီဘာသာစကားကို စတင်လေ့လာခဲ့ရာ ကောင်းစွာတတ်ကျွမ်းခဲ့သဖြင့် အိန္ဒိယနိုင်ငံတွင် သာသနာပြုရာတွင် များစွာ အောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။

၁၉၆၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်တိုင် အာသံပြည်နယ်တွင် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်စဉ် ဗုဒ္ဓဂယာကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးရန် အကြောင်းက ဖြစ်ပေါ်လာသည်။ ဗုဒ္ဓဂယာကျောင်းတော်ကြီးကို ပထမဦးစွာ စတင် ထူထောင်သော ဆရာတော်နှစ်ပါးမှာ ဆရာတော်ဦးနန္ဒမာလာနှင့် ဆရာတော်ဦးမဟိဿရတို့ဖြစ်ပြီး ကျောင်းဆောက်ရန် ကြိုးစားရှာဖွေရာ ကောဇာသက္ကရာဇ် ၁၂၉၆ ခုနှစ်တွင် ကျောင်းမြေကို ဝယ်ယူနိုင်ခဲ့သည်။

ခရစ်နှစ် ၁၉၃၄ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီး ဘကြီးဘကေနှင့် ဇနီး ဒေါ်ဖွားမျှင်တို့က ရူပီး ငွေ ၃၆၀၀ ဖြင့် ဝယ်ယူ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာသို့ ဘုရားဖူးလာသော ဧည့်သည်များ ဗုဒ္ဓပွင့်ရာ မြေမြတ်မဟာသို့ လာရောက်သောအခါ ချမ်းသာစွာ နေနိုင်ရေးအတွက် ကျောင်းဆောက်ရန် ကြိုးပမ်းကြစဉ်မှာပင် ဆရာတော်ဦးနန္ဒမာလာ ပျံလွန်တော်မူခဲ့သည်။ ဒုတိယကျောင်းထိုင်ဖြစ်သော ဆရာတော်မှ ဆက်လက်တာဝန်ယူဆောင်ရွက်သော်လည်း ခေတ်ကာလမကောင်းသဖြင့် ကျောင်းတစ်ဆောင်ဖြစ်ရန် အင်မတန်ခက်ခဲသော အခြေသို့ရောက်နေသည်။

ထို့ကြောင့် ဆောက်လုပ်ဆဲကျောင်း မပြီးဆုံးခင်မှာပင် ၁၉၆၆ ခုနှစ်တွင် ဒုတိယဆရာတော်သည် ပျံလွန်တော်မူပြန်သည်။



မဟာဗောဓိစေတီတော်

တတိယကျောင်းတိုင်အဖြစ် ဦးတိလောကဆရာတော် ကြွရောက် သီတင်းသုံးတော်မူသည်။ ဆရာတော် သီတင်းသုံးစဉ်ကာလတွင်လည်း ကျောင်းဆောက်လုပ်ရန် အသာထား၍ ဘုဉ်းပေးဖို့ပင် အခက်အခဲဖြစ်နေသည့်အတွက် ကျောင်းကိစ္စကို ဥပေက္ခာပြုထားရသည်။ ၎င်းအပြင် ဆရာတော်သည် ကျန်းမာရေးချို့တဲ့လာသဖြင့် မြန်မာပြည်သို့ ပြန်ကြွရန် ဆုံးဖြတ်ပြီး စတုတ္ထကျောင်းထိုင်ဆရာတော် ဖြစ်လာမည့် ဆရာတော်ဦးဉာဏိန္ဒအား အာသံတောင်တန်းရွာသို့ လှမ်း၍ ပင့်လျှောက်ကာ ကျောင်းတော်ကို လွှဲအပ်ခဲ့ရသော ၁၉၇၆ ခုနှစ်မှစ၍ ဗုဒ္ဓဂယာကျောင်းတော်ကြီးအား ထိုအချိန်မှစ၍ တာဝန်ယူစောင့်ရှောက်ခဲ့ရသည်။

၁၉၈၁ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဘုရားဖူးများ အိန္ဒိယနိုင်ငံသို့ လာရောက်ခွင့်ရသည့်တိုင်အောင် ကျောင်းတော်ကြီး၏ တိုးတက်မှုသည် သိသာသည်ဟု မဆိုသာသေးပေ။ ၁၉၈၆ ခုနှစ်လောက်အထိလည်း မဖွံ့ဖြိုးသေးပေ။ သို့သော် ဆရာတော်ကြီး၏ ကြိုးပမ်းမှု၊ ဘုန်းကံကြီးမားမှု၊ ဝီရိယစွမ်းအားဖြင့် မနားမနေ လုံ့လပြုမှုတို့ကြောင့် ဘုရားဖူးအရေအတွက် တစ်နှစ်ထက်တစ်နှစ် များပြားလာပြီး ၁၉၉၀ ပြည့်နှစ်တွင် မုတ္တာသုခ နှစ်ထပ်ဆောင်၊ စိတ္တသုခ သုံးထပ်ဆောင်များနှင့် ကျောင်းအဝင်မုခ်ဦးတံခါးမကို မြန်မြန်ဆန်ဆန် စနစ်တကျ ပြုပြင်မွမ်းမံဆောင်ရွက်နိုင်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈ နောက်ပိုင်း ဘုရားဖူးခွင့် ရရှိလာသောအခါ ဥပရိပါသာဒ မဟာသိမ်တော်ကြီးကို မြန်မာဗိသုကာပုံစံဖြင့် ရေးဆွဲတည်ဆောက်ခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် ရေစက်ချလှူဒါန်းပြီးမြောက်ခဲ့သည်အထိ တိုးတက်လာခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဝေနေယျသုခ လေးထပ်ကျောင်းဆောင်ကြီးကို အပြီးထပ်မံ တည်ဆောက်နိုင်ခဲ့ပြန်သည်။

နောက် ၂၀၀၄ ခုနှစ်တွင် ကျောင်းမြေနှင့် တစ်ဆက်တည်း မြေ ၂ ဧကကို ထပ်မံဝယ်ယူပြီး လေးဖက် ပတ်လည်အုတ်တံတိုင်းများ ကာရံထားနိုင်ခဲ့ပြီး ဖြစ်ပေသည်။ ဆရာတော်ကြီး၏ သာသနာကြိုးပမ်းချက် အောင်မြင်မှုများသည် အံ့ဖွယ်ဘနန်း ဖြစ်လေသည်။ ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ယနေ့တိုင် အိန္ဒိယနိုင်ငံ ဗိဟာပြည်နယ်ရှိ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီးအဖြစ် လည်းကောင်း သာသနာပြုနေဆဲဖြစ်သည့်အပြင် ဗုဒ္ဓဂယာဝန်းကျင်ရှိ အပြည်ပြည်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းသစ်ကြီးများဖြစ်သော ဗီယက်နမ်ကျောင်း၊ ကမ္ဘောဒီယားကျောင်း၊ ကိုရီးယားကျောင်း၊ သုဇာတာရွာထိုင်းကျောင်းသစ်များကို ဦးဆောင်ကာ ဆောက်လုပ်ထူထောင်ပေးခြင်း၊ ဆရာတော်ပိုင် နဝကမ္မဝတ္ထုငွေများဖြင့် ဗုဒ္ဓဂယာအနီး၌ ပရဟိတအလယ်တန်းကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ ယခုသီတင်းသုံးရာ မူလ မြန်မာကျောင်းအတွင်း (၃)ထပ်တိုက် (၅)ဆောင် သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်းတို့ကို နှစ်ပေါင်း ၄၀ ကျော်မျှ ကြံ့ကြံ့ခိုင်မာသောဇွဲဖြင့် ကြိုးပမ်းဆောင်ရွက် အောင်မြင်ခဲ့လေသည်။

မြန်မာနိုင်ငံတွင်လည်း ရွှေတောင်မြို့နယ်၊ မြို့မရွာ အလယ်တန်းကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ မြို့မ ကျိုးသဲလမ်း ဖောက်လုပ်လှူဒါန်းခြင်း၊ ဇာတိချက်ကြွေမွေးရပ်မြေတွင်လည်း မိဘနှစ်ပါးအားရည်စူး၍ အနန္တဂုဏ်ရည် ရန်ပြေမာန်ပြေ မဟာဗောဓိစေတီတော်မြတ် တည်ထားကိုးကွယ်ခြင်း၊ ရန်ကုန်မြို့ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်အတွင်း ဝိသာခါကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း၊ ထိုကျောင်းတွင် လူမျိုးဘာသာမရွေး တစ်လ နှစ်ကြိမ် အခမဲ့ ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်၍ ဆေးကုသပေးခြင်း၊ ယခုအခါ ဆုတောင်းပြည့် ဗုဒ္ဓဂယာ မဟာဗောဓိသိမ်တော်မြတ် စေတီတော်ကြီးကို အောင်မြင်စွာ တည်ထားပူဇော်၍ အနေကဇာတင်ပွဲ အောင်မြင်စွာ ပူဇော်နိုင်ခြင်း စသည်တို့ကြောင့် အများပြည်သူတို့၏ လေးစားကြည်ညိုမှုခံရခြင်း ဖြစ်ပေလိမ့်မည်။

ဆရာတော်ကြီးအား ၁၃၅၅ ခုနှစ်ကပင် မဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်ကို နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဆရာတော်ကြီးသည် ဒေါက်တာအရှင်သုန္ဒရအား ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်ရှိ



၁၉၆၇ ခုနှစ် နာလန္ဒာတက္ကသိုလ်တွင် MA တန်း တက်ရောက်စဉ်က ဆရာတော်ကြီး၏ ပုံတော်


မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းကိုလည်းကောင်း၊ ဒေါက်တာအရှင်တေဇိန္ဒအား အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်းကိုလည်းကောင်း၊ အရှင်သူရိန္ဒ(နောင်တရား)၊ အရှင်ဇနက (ထီးချိုင့်)၊ အရှင်နရိန္ဒ(နောင်တရား)တို့အား ပြင်ဦးလွင်မြို့ ဗုဒ္ဓဂယာကျောင်းနှင့် နိုင်ငံတကာ စာကြည့်တိုက်ကိုလည်းကောင်း ကျောင်းတိုက်အုပ်ချုပ်မှု အဆင့်ဆင့်တာဝန်များပေးကာ သာသနာလက်ဆင့်ကမ်း ကြိုးပမ်းနိုင်ရန် ဆောင်ရွက်ပေးထားပါသည်။

မြန်မာနိုင်ငံတွင် သာသနာပြုနိုင်သော သံဃာတော်အရှင်သူမြတ်များ လုံလောက်စွာရှိနေသည်ကို သတိပြုမိသော ဆရာတော်ကြီးသည် မြန်မာနိုင်ငံအတွက် နောက်ဆံတင်းစရာ မလိုတော့သဖြင့် ဗုဒ္ဓဘာသာ သာသနာကို ဗုဒ္ဓပွင့်တော်မူရာအရပ်၌ အပင်ပန်းခံ၍ နှစ်ပေါင်း ၃၈ နှစ်ကျော်မျှ ဆောင်ရွက်တော်မူခဲ့သဖြင့် ယခုအခါ မြန်မာနိုင်ငံမှ ဘုရားဖူးသွားရောက်ကြသော ဗုဒ္ဓဘာသာဝင်များအတွက် အခက်အခဲမရှိ အားလုံး အဆင်ပြေခြင်းမှာ ဆရာတော်ကြီး၏ ကြီးမားသော စေတနာပင် ဖြစ်လေသည်။

ဆရာတော်ကြီး၏ သာသနာရေးကြိုးပမ်းမှုများကို ရေးဖွဲ့ရမည်ဆိုလျှင် စာတစ်အုပ်နှင့်လည်း မလုံလောက်၊ စာအုပ်ပေါင်းများစွာ ရေးဖွဲ့မှ ပြည့်စုံမည်။ ယခု တင်ပြချက်များသည် ဆရာတော်ကြီး၏ ဆောင်ရွက်မှုများထဲမှ အစိတ်အပိုင်းတချို့

လပြည့်ဝန်းမဂ္ဂဇင်း (မတ်လ၊ ၂၀၁၅)

www.burmeseclassic.com



ကိုသာ ရေးသားနိုင်ပါကြောင်း ရိုးသားစွာ ဝန်ခံပါသည်။ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့်ပတ်သက်၍ ဆရာတော်အရှင်သုန္ဒရ အဆုံးအမနှင့်ပင် နိဂုံးကမ္ပတ် အဆုံးသတ်ပါမည်။

'အာဝုသော၊ ကရဏာ ဏာရဏံ ဇာနာတီတိ အာဇာနိယော' ဟူသော စကားနှင့်အညီ သာသနာပြုသည့်နေရာဒေသအားလုံးတို့၌ ရည်ရွယ်ချက်ပြင်းပြန်းထန်ထန် အကြောင်းအကျိုး ဟုတ်မှန်သည် မဟုတ်သည် ခွဲခြားသိမြင်၍ ဆင်ခြင်သုံးသပ်နိုင်ပြီး သုခ၊ ဒုက္ခ၊ လောကဓံတရား ရှစ်ပါးကို ကြံ့ကြံ့ခံနိုင်မှ အာဇာနည်ဟုခေါ်ပါသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တည်းဟူသော ယောက်ျားမြတ်အာဇာနည် ပါရမီရှင်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာသည့်အတွက် ဘုရားပွင့်သည့် အရပ်ဒေသ၊ ဆွေတော်မျိုးတော်များ၊ ဝေနေယျသုခိတ ဒုက္ခိတ သတ္တဝါများ လောကီ၊ လောကုတ္တရာ ချမ်းသာအမျိုးမျိုးကို ရရှိသွားခဲ့ကြသည်။

လူယောက်ျားအာဇာနည်ကို မည်သည့်ဒေသ၊ ဌာန၊ မြို့ရွာ၊ မျိုးနွယ်၊ မည်သည့်ကာလမှာ ပေါ်ထွန်းလာပြီဆိုလျှင် ထိုအရပ် ထိုဒေသ ထိုကျောင်းတိုက်သည် ကြီးပွားတိုးတက်ချမ်းသာခြင်းကို ရရှိနိုင်သည်ဟု ဘုရားရှင် ဟောကြားတော်မူပါသည်။ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးကြောင့် ဆွေတော်မျိုးတော်များနှင့်တကွ ဝေနေယျများစွာတို့ ချမ်းသာအမျိုးမျိုးကို ရရှိခံစားရသကဲ့သို့ ဗုဒ္ဓဂယာ ဆရာတော်ကြီးတည်းဟူသော သာသနာ့အာဇာနည်တစ်ပါး ဖြစ်ထွန်းတော်မူခြင်းကြောင့် ခုနစ်ရက်သားသမီးများ အားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာစွာနဲ့ သာသနာပြုခွင့် ရရှိကြပါသည်။

မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုး၊ မိမိတို့မြို့ရွာ၊ အရပ်ဒေသ ကြီးပွားတိုးတက် ချမ်းသာအောင် ဗုဒ္ဓဂယာဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒကဲ့သို့ သာသနာ့အာဇာနည် ဆရာတော်ကြီးတစ်ပါး ရရှိထားခြင်းမှာ မြန်မာနိုင်ငံအတွက်သာမက အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာခရိုင်၊ ဂယာမြို့နှင့် ဗုဒ္ဓဂယာ မြန်မာကျောင်းဝန်းကျင် တစ်ခုလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ရရှိပိုင်ဆိုင်ထားသည်ဟု ကြည်ညိုမြတ်နိုးစွာ ခံယူမိပါကြောင်း လေးစားစွာ ရေးသားလိုက်ရပါသည်။ ဆရာတော်သည် အပြောနှင့်အလုပ် ညီညွတ်သည့် အရိယာပုဂ္ဂိုလ်ဖြစ်ကြောင်း ဆရာတော်ကြီး၏ အဆုံးအမများကို ဓမ္မလက်ဆောင်အဖြစ် မျှဝေလိုက်ပါသည်။

**"မိမိတို့၏အဆင့်အတန်း နိမ့်ကျနေတာ၊ မိမိတို့၏ အကျင့်စာရိတ္တ နိမ့်ကျနေလို့ပဲ။ ဗုဒ္ဓဘာသာဖြစ်တာနဲ့ အလိုလို လူတော်လူကောင်းတွေ ဖြစ်လာကြတာ မဟုတ်ဘူး၊ အကျင့်ကောင်းမှ ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်တာ၊ အကျင့်ယုတ်နေလျှင် ဗုဒ္ဓဘာသာဝင် လူယုတ်မာတွေ ဖြစ်နေမှာပဲ။ အဓိကက ငါးပါးသီလ အကျင့်ကောင်းကို လူတိုင်း အပြောမဟုတ် အလုပ်နှင့် သက်သေပြကြပါ"**

**ဗုဒ္ဓဂယာဆရာတော်**

ဤဆောင်းပါးဖြင့် ဗုဒ္ဓဂယာဆရာတော်ကြီး၏ သက်တော်(၈၀) ဝိဇာတမဟာမင်္ဂလာပူဇော်ပွဲကို ရေးသားပူဇော်ရပါသည်။


**ကောင်းမြတ်(ခရာတော)**

❑



www.burmeseclassic.com

www.burmeseclassic.com



# အုံ့မခန်းကျက်သရေအဆူဆူ မွေ့တော်ကက္ကူ။

တက္ကသိုလ်တင်ဟန်ကျော်




www.burmeseclassic.com


www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com



မွေ့တော်ကဏ္ဍ၊ မှဉ်ဦးတော်

တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာ စေတီတော်ကနေ ပြန်လာကြတော့ နံနက် ၁၀ နာရီ သာသာလေးပဲ ရှိပါသေးတယ်။ ဒါကြောင့် ဓမ္မမိတ်ဆွေ ခရီးသည်တွေကို တည်းခိုရာ 'ချမ်းမြေ့အောင်' ဟိုတယ် ပြန်ပို့ပေးပါတယ်။ ခဏတစ်ဖြုတ် ကိုယ်လက်သန့်စင်ပြီးတဲ့အခါ နံနက်စာ ကျွေးမွေးပါတယ်။ လူတွေက မောလည်းမော၊ ဆာလည်းဆာနေကြလို့ ထင်ပါရဲ့၊ စားလို့တော်တော်ကောင်းပါတယ်။ တချို့ဆို နှစ်ခါ၊ သုံးခါ ထမင်းထပ်ယူကြတယ်။

ဒီနေရာမှာ မြန်မာလူမျိုးတွေရဲ့ စေတနာကိုအကဲခတ်ရင်း သတိထားမိပါတယ်။ အခု ကျွေးမွေးတဲ့ နံနက်စာဟာ 'ရွှေလမ်းခရီး' ဘုရားဖူးပို့ဆောင်ရေး လုပ်ငန်းက တာဝန်ယူကျွေးမွေးတာ ဖြစ်ပါတယ်။ အဲဒီလို ကျွေးမွေးတဲ့အခါ ထမင်း၊ ဟင်း စတာတွေကို သင့်တင့်မျှတအောင် ထည့်ပေးပါတယ်။ ချက်ထား ပြုတ်ထားတာလေးတွေက သန့်သန့်ရှင်းရှင်းနဲ့ အရသာလည်း ရှိပါတယ်။ တချို့ ခံတွင်းတွေ့ပြီး ထမင်းထပ်တောင်းတာမျိုး၊ ဟင်းထပ်တောင်းတာမျိုး ရှိခဲ့ရင်လည်း သင့်တင့်မျှတအောင် ထပ်မံဖြည့်စွက်ပေးပါတယ်။

ကားနှစ်စီးစာ ပရိသတ်ကို တည်ခင်းကျွေးမွေးရတာဆိုတော့ လူ (၁၀၀)ကျော်ပါတယ်။ ပြောရရင် အလှူလေးတစ်လှူစာပါပဲ။ ဒီလိုအနေအထားမျိုးမှာ အားလုံးကျေနပ်နှစ်သက်အောင် စီစဉ်ကျွေးမွေးနိုင်တဲ့ 'ရွှေလမ်းခရီး' အဖွဲ့သားတွေကို ချီးကျူးရမှာပါ။

ပြောရမယ်ဆိုရင် ဓမ္မမိတ်ဆွေ ဘုရားဖူး ခရီးသည်တွေဟာ အလွှာအသီးသီး ပါဝင်နေတာ ဖြစ်ပေမယ့် မြန်မာတွေပီပီ လက်ရည်တစ်ပြင်တည်း ပျော်ပျော်ပြုံးပြုံး စားသုံးနေကြတာကလည်း ချစ်စရာကောင်းတဲ့ မြန်မာ့ဓလေ့ မြန်မာ့စရိုက်လို့ပဲ ဆိုရပါမယ်။

ဒီနေရာမှာ စကားစပ်လာလို့ ပြောပါရစေ။ စာရေးဆရာကြီး 'သာထက်အောင်' ဆိုတာ ကြားဖူးကြမယ် ထင်ပါတယ်။ ဆရာ'သာထက်အောင်'ဟာ မြန်မာ့နိုင်ငံရေး အရွေ့နဲ့အတူ တစ်ပြည် တစ်ရွာသို့ သွေခွာလို့ သွားရတဲ့အခါ 'အော်ဇီ' ဆိုတဲ့ လောကနိဗ္ဗာန်ကြီးကို ရောက်သွားပါတယ်။ အဲဒီမှာ နေသားထိုင်သားကျလို့ အိမ်တစ်ဆောင် မီးတပြောင်ဖြစ်ပြီးနောက် ရှန်ဟိုင်းတို့၊ ဘီဂျင်းတို့၊ အမေရိကားတို့ကို အပန်းဖြေရင်း၊ ဒေသန္တရဗဟုသုတ ရှာဖွေရင်း ရောက်သွားပါတယ်။ ဆရာသာထက်အောင်က အဲဒီခရီးသွား အတွေ့အကြုံတွေကို ဆောင်းပါး(အခန်းဆက်) ရေးသားပြီး မြန်မာပြည်က မဂ္ဂဇင်းတွေဆီ ပို့ပါတယ်။

အဓိက ပြောချင်တာက အဲဒီက ခရီးသွားပို့ဆောင်ရေးလုပ်ငန်းရှင်တွေဟာ ဆရာသာထက်အောင်ရဲ့ အသုံးအနှုန်းအတိုင်း ပြောရရင် အင်မတန် နှပ်ချွေးကျပါတယ်။ တည်းရတာက ဈေးခပ်ပေါပေါ ဟိုတယ်၊ စီးရတာက ဝန်ဆောင်မှုအသားကုန် လျှော့ချထားတဲ့ စီးတော်ယာဉ်တွေ၊ စားရတာက ခပ်ချာချာ အစားအသောက်၊ ခရီးလမ်းညွှန် ထည့်ပေးတော့လည်း ခပ်ချာချာ ခပ်ပျင်းပျင်း။ မြန်မာဆန်ဆန် ပြောရရင်တော့ 'စေတနာ' ဆိုတဲ့ အနှစ်သာရကို မျက်လုံးဖြံရှာရမယ့်ကိန်းပါပဲ။ အဲဒီ'ကိန်း'ကို သိသာရုံ လက်ဆင့်ကမ်းလိုက်ပါ့မယ်။ ဆရာ သာထက်အောင်က 'ကောင်းကင်မပြာ၊ နေရောင်မလင်း ရှန်ဟိုင်း၊ ဘီဂျင်း' အပိုင်း(၄) ဆောင်းပါးတစ်နေရာမှာ အခုလို ရေးထားပါတယ်။

'ဩော်- ကမ္ဘာကျော် ပိုးလမ်းမကြီးအစ ရှီယန်းမြို့ကလေးဟာ သမိုင်းကြောင်းရှည်ကြာလှပါပကော။

ရှီယန်းမြို့ထဲ လှည့်ပတ်ကြည့်ရှုပြီးချိန်မှာတော့ အချိန်က ညစာစားဖို့ အချိန်။ ဧည့်လမ်းညွှန်မလေး ဦးဆောင်ရာ ဟိုတယ်တစ်ခုမှာ စားကြပါတယ်။ ကျွန်တော်တို့တစ်ဝိုင်းက သတ်သတ်၊ ဧည့်ကြိုမလေးနဲ့ ဒရိုင်ဘာက တစ်ဝိုင်းသတ်သတ်။ ဒါက စည်းကမ်းပါ။ မြန်မာလို တွေးရင်တော့ ခွဲခြားခွဲခြား လုပ်တယ်လို့ ထင်ချင်စရာပေါ့။ မဟုတ်ပါဘူး။ ဒါ ကျွန်တော်တို့ (ဧည့်သည်)ရဲ့ Privacy ပါ။

ထမင်းစားခါနီး တစ်ခွက် တစ်ဖလား ချတတ်တဲ့ ကျွန်တော်တို့ နှစ်ယောက် ဟင်းတွေလည်း လာချရော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းပြိုင်ဇူချဖြစ်သွားပါတယ်။ လာပြန်ပြီ၊ ဒီအမဲသားနဲ့ ကြက်သွန်၊ ကြက်ဥနဲ့ ခရမ်းချဉ်သီး ဟင်းချို။ ကြော်ထားသလား၊ ချက်ထားသလား မသိတတ်နိုင်တဲ့ ခရမ်းသီးဟင်းတစ်ခွက်။

ဆစ်ဒနီက တရုတ်အေးဂျင့်နဲ့ သဘောတူပြီး ငွေပေးချေကြတော့ ဒီဟင်းတွေ ဒီဟင်းတွေ ပါမယ်လို့ ကြိုသိခဲ့ရင် ဒီခရီးစဉ်ကို ဖျက်ပါတယ်။ ဘယ့်နှယ်ဗျာ၊ သူတို့ရဲ့ ဘတ်ဂျက်ကိုက်အောင်၊ အမြတ်များများ တွက်ခြေကိုက်အောင် ပေါပေါလောလော ဟင်းတွေချည်း ချပေးနေတော့တာကိုး။

မဖြစ်ချေဘူး။ ဧည့်လမ်းညွှန်မလေးကို ခေါ်လိုက်တယ်။ တို့ ဒီဟင်းချည်း စားနေရတယ်။ Menu ပြောင်းပေးနိုင်မလားဆိုတော့ 'ဆောရီး'တဲ့။ သူလည်း မတတ်နိုင်ဘူးလို့

www.burmeseclassic.com

ပြောတယ်။ ကဲ- ဒါဖြင့် Menu: စာအုပ်ပေး၊ တို့ပိုက်ဆံနဲ့ တို့ စားမယ်ဆိုပြီး တခြားဟင်းမှာမှ ကျွန်တော်တို့လည်း ညစာကို မျိုကျပါတော့တယ်။ ပိုက်ဆံရှင်းလို့ ဘီလ်ကိုကြည့်လိုက်တော့ ရေတစ်ပုလင်း ယွမ် (၂၀) တဲ့။ ကိုသန့်ဇင်၊ ကျွန်တော်တို့ကိုယ်ကများ သံပရာသီးနဲ့ ထွက်နေသလား မသိဘူးဆိုတော့ ကိုသန့်ဇင် သိပ်သဘောမပေါက်ဘူး။ မယုံ'တို့' ကြည့်၊ 'ချဥ်' နေစေရမယ်ဆိုမှ တဟားဟားရယ်နေပါတော့တယ်' တဲ့။

အဲဒါပါပဲ။ ကမ္ဘာ့ဖွံ့ဖြိုးပြီး စူပါနိုင်ငံကြီးတွေ ဖြစ်ပေမယ့် စေတနာ 'မွဲ'ကြတဲ့အခါ ခုနစ်ရက်သားသမီးတွေခမျာ အဲဒီလို စိတ်ဆင်းရဲကြပါတယ်။

ကမ္ဘာမှာ စီးပွားရေး၊ ကြီးပွားရေး 'အနုတ်ဇီးရိုး'ဖြစ်နေပေမယ့် စေတနာ 'ငွေ' တဲ့ ရွှေပြည်ကြီး (မြန်မာနိုင်ငံကို အင်စားပြီး ပြောတာပါ) မှာတော့ ခုနစ်ရက်သားသမီးတွေ (မှတ်စိမှိတ်ပြီး ပြောလိုက်ပါ့မယ်) စိတ်ချမ်းသာကြပါတယ်။

ဟုတ်ပါတယ်။ အခု 'ရွှေလမ်းခရီး' အတွက် ခရီးစရိတ် ပေးဆောင်ရတဲ့ မြန်မာကျပ်ငွေဟာ သူတို့ဆီက ငွေကြေး ပမာဏနဲ့ တွက်ချက်ကြည့်လိုက်ရင် ခရီးသွားရင်း ရေဝယ်သောက်ရသလောက်ပဲ ရှိပါတယ်။ (အကြမ်းအားဖြင့် သူတို့ငွေ တစ်ရာဟာ မြန်မာကျပ်ငွေ တစ်ထောင်)။

အဲဒီ ဆရာသာထက်အောင်ဆီက တစ်ဆင့် ခံစားထားရတဲ့ ခံစားချက်ကလေးက ရှိနေတော့ အခုလို ဖောဖောသီသီ ပျော်ပျော်ပါးပါး ခရီးသွား ဖော်သဟာတွေကို ကြည့်ပြီး 'ဒါ မြန်မာကွ' လို့ နှစ်သိမ့်ကျေနပ်မိရတာ အမှန်ပါ။

အဲဒီလို အပန်းဖြေ စားသောက်ပြီးကြတဲ့အခါ 'ရွှေလမ်းခရီး'ရဲ့ ဘုရားဖူးခရီးစဥ်ကြီး ဆက်လက်ထွက်ခွာလာကြပါတယ်။

အခု ဆက်လက်ထွက်ခွာကြတဲ့ ခရီးစဥ်က ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ကက္ကူကျေးရွာအုပ်စု မွေတော်ကျေးရွာအနီးမှာ တည်ထားပူဇော်တဲ့၊ မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပါ ထင်ရှားကျော်စောတော်မူတဲ့ 'မွေတော်ကက္ကူစေတီတော်မြတ်' ဖြစ်ပါတယ်။

မွေတော်ကက္ကူ စေတီတော်မြတ်လို့ ပြောလိုက်ရပေမယ့် တစ်ဆူတည်း မဟုတ်ဘူးနော်။ မွေတော်ကက္ကူစေတီတော်မြတ်တွေဟာ စေတီတော်အဆူရေပေါင်း (၇၆၂၃) ရှိတယ်လို့ ရှေးစာဟောင်းတွေအရ သိရပါတယ်။ အဲဒါကို မှတ်မိလွယ်အောင် 'တောင်သူကွမ်းညှပ် တဖြတ်ဖြတ်' လို့ လင်္ကာစီပြီး မှတ်သားထားကြပါတယ်။

'တောင်သူကွမ်းညှပ်' ကို နံသင့်ဂဏန်း ဖော်လိုက်ရင် တောင် = ၇၊ သူ = ၆၊ ကွမ်း = ၂၊ ညှပ် = ၃ ဖြစ်ပါတယ်။ ဒါကြောင့် 'တောင်သူကွမ်းညှပ်' ဆိုတာ (၇၊ ၆၊ ၂၊ ၃) ကို ပြောတာပါ။ 'တဖြတ်ဖြတ်' ကတော့ ညှပ်ကိုကာရန်ယူပြီး



မွေတော်ကက္ကူမှ ဟောင်တော်ဆိုက်စေတီတော်

သီဆိုရလွယ်ကူအောင် ထည့်သွင်းရေးဖွဲ့ထားတဲ့ သဘောပါပဲ။

မြန်မာတွေဟာ ဒီလို ကိန်းဂဏန်းတွေကို မှတ်ရသားရလွယ်ကူအောင် လင်္ကာလေးတွေ ရေးသီတတ်တဲ့ ဓလေ့ဟာ ချစ်စရာကောင်းသလို မြတ်နိုးစရာလည်း ကောင်းပါတယ်။ ပုဂံဘုရားတွေရဲ့ အရေအတွက်ကို 'လှည်းဝင်ရိုးသံ တည်ညည်ပုဂံဘုရားပေါင်း'၊ မင်းကွန်းခေါင်းလောင်းကြီးရဲ့ အလေးချိန်ကို 'မမင်းဖြူ မှန်မှန်ပြော'၊ ရတနာပုံ မန္တလေးရွှေမြို့တော်ကြီး တည်ထောင်တဲ့နှစ်ကို 'အုတ်ကျစ်ကျော်အေး မန္တလေး' စသည်ဖြင့် ရေးဖွဲ့ထားတတ်ကြတယ် မဟုတ်လား။

မွေတော်ကက္ကူ စေတီတော်မြတ် အဆူရေပေါင်း (၇၆၂၃)ဆူ ရှိတယ်လို့ ရှေးဟောင်းလင်္ကာအရ သိမှတ်ရတဲ့ အပြင် နောင်ခဲဘုန်းတော်ကြီး ဦးသောဘနရဲ့ ၁၂၈၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၁၈) မှတ်တမ်းအရကတော့ မွေတော်ကက္ကူ စေတီတော် အရေအတွက်ဟာ (၂၄၀၂) ဆူရှိတယ်လို့ မှတ်သားရပြန်ပါတယ်။ ဒါကလည်း သင်္ချာရသဘောအရ စေတီတော် အရေအတွက် လျော့နည်းသွားတာမျိုး ဖြစ်မှာပေါ့။ ဒါပေမယ့် ဦးသောဘန မှတ်တမ်းတင်ပြီးနောက် ဆယ်နှစ်ကြာတဲ့အခါ မြန်မာနှစ် ၁၂၉၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၂၈) မှာ ရေတွက်ပြီး မှတ်တမ်းတင်တဲ့အခါ (၂၅၄၈)ဆူ ဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီတော့ မွေတော်ကက္ကူ စေတီတွေ ပြိုပျက်သွားတဲ့အခါ နောက်လူတွေဟာ ဒီအတိုင်း ပစ်မထားဘဲ ထပ်မံပြုပြင် တည်ထားတာတွေ ရှိလိမ့်မယ်လို့ တွက်ဆနိုင်ပါတယ်။

မွေတော်ကက္ကူ ဆိုတဲ့ ဘွဲ့အမည်တော်ဟာ စေတီတော်များ တည်ထားရာ ကျေးရွာအုပ်စုရဲ့ ကျေးရွာအမည်ကို အစွဲပြုပြီး မှည့်ခေါ် ပူဇော်ထားတာလို့ လေ့လာသိရှိရပါတယ်။ မွေတော်ကျေးရွာအုပ်စုထဲမှာ ကက္ကူကျေးရွာ ပါဝင်ပါတယ်။ စေတီတော်တွေ တည်ထားရာ နေရာကတော့ မျက်မှောက်ခေတ် ကက္ကူကျေးရွာ ဖြစ်ပါတယ်။ ဒါကြောင့် 'မွေတော်ကက္ကူ'လို့ ခေါ်တွင်ကြတာ ဖြစ်ပါတယ်။ နောက်တစ်မျိုး 'ကက္ကူမွေတော် ဓာတ်မြတ်ကျော်' လို့လည်း ခေါ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ မွေတော်ကက္ကူစေတီတော်မြတ်ရဲ့ ဘွဲ့အမည်တော်ဟာ (၆)မျိုး ရှိပါတယ်။

(၁) ကက္ကူမွေတော်ဘုရား
(၂) ရွှေဝက်ကူးဘုရား
(၃) ရွှေဝက်ဂူဘုရား
(၄) သက်တူဘုရား
(၅) ရွှေဂူ၊ ရွှေဂူကြီးဘုရား
(၆) မွေတော်ကက္ကူ

ယခုခေတ် ဘုရားဂေါပကအဖွဲ့က ထုတ်ဝေတဲ့ ဘုရားသမိုင်းစာအုပ်မှာတော့ 'မွေတော်ကက္ကူ' လို့ ဖော်ပြထားပါတယ်။ ဆက်စပ်လာလို့ 'ကက္ကူ' ဆိုတဲ့ ဝေါဟာရစကားလုံးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို လေ့လာကြည့်တဲ့အခါ အင်မတန်စိတ်ဝင်စားဖို့ကောင်းတာ တွေ့ရပါတယ်။

ကက္ကူ ဆိုတာ ပအိုဝ့်တိုင်းရင်းသား ဘာသာစကားဖြစ်ပါတယ်။ ကက္ကူ ဆိုတာ စကားတစ်လုံးတည်း ထင်ရပေမယ့် အမှန်က စကားနှစ်လုံး ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။ 'ကက်(ကဲက်)' နဲ့ 'ကူ'ကို ပေါင်းစပ်ထားတာပါ။ 'ကက်(ကဲက်)' ဆိုတာ 'ကင်းစခန်း' လို့အဓိပ္ပာယ်ရပြီး 'ကူ'ဆိုတာကတော့ 'နယ်ခြား' လို့ မြန်မာလို အဓိပ္ပာယ် သက်ရောက်ပါတယ်။ တစ်ဆက်တည်း အဓိပ္ပာယ် ဖော်လိုက်ရင် 'ကက္ကူ' ဆိုတာ 'နယ်ခြားကင်းစခန်း' ဖြစ်ပါတယ်။

ဘယ်လို နယ်ခြားကင်းစခန်းမျိုးလဲဆိုတော့ ဆီဆိုင်စော်ဘွားနဲ့ ညောင်ရွှေစော်ဘွားတို့ရဲ့ ပိုင်နက်နယ်မြေ နယ်နိမိတ်မှာရှိတဲ့ နယ်ခြားကင်းစခန်း ဖြစ်ပါတယ်။ စော်ဘွားနှစ်ဦးရဲ့ နယ်ခြားစောင့်တပ်တွေ တပ်စွဲထားတဲ့ နေရာလို့ဆိုပါတော့။ အဲဒါနဲ့ တစ်ဆက်တည်း မြန်မာလို အဓိပ္ပာယ်ပြောရရင် မွေတော်ကက္ကူဘုရား ဆိုတာ 'နယ်ခြားကင်းစခန်းဘုရား' လို့ ဖြစ်ပါတယ်။

'ကက္ကူ' ဝေါဟာရနဲ့ ပတ်သက်ပြီး နောက်ထပ်ဖွင့်ဆိုချက် တစ်ရပ်ကတော့ သိမ်မွေ့လေးနက်ပြီး တော်တော်လည်း စိတ်ဝင်စားဖို့ ကောင်းတယ်။

ဘဒ္ဒကမ္ဘာမှာ ကကုသန္ဓဘုရားရှင်၊ ကောဏာဂမနဘုရားရှင်၊ ကဿပဘုရားရှင်၊ ဂေါတမဘုရားရှင်၊ အရိမေတ္တေယျ ဘုရားရှင် ဆိုပြီး ဘုရားငါးဆူ ပွင့်တော်မူမှာ ဖြစ်ပါတယ်။


အဲဒီ ဘုရားငါးဆူရဲ့ ဘွဲ့အမည်တော်ကို ကကုသန္ဓ၊ ကောဏာဂမန စသည် ခေါ်ဝေါ်ကြတာက ပါဠိပီပီ ခေါ်ဝေါ်ကြတာ ဖြစ်ပါတယ်။ အဲဒါကို မြန်မာမှုပြုပြီး (တချို့က ပါဠိပျက်၊ ပါဠိသက်လို့ ပြောပါတယ်) ခေါ်ဝေါ်ကြတာက ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ စသည် ခေါ်ဝေါ်ကြတယ်။ ဒါကိုပဲ တချို့က 'သံ၊ ဂုံ၊ ပ၊ မ၊ ယျ'လို့ အတိုချုံး ခေါ်ဝေါ် သုံးနှုန်းကြတယ်။ အခုလို ခေါ်ဝေါ် သုံးနှုန်းကြတဲ့ နေရာမှာ 'ကကုသန္ဓ' ဘုရားရှင်ရဲ့ ဘွဲ့အမည်တော်ကို 'ကကုသန်' ဘုရားလို့ ခေါ်ဝေါ်ရာကနေ 'သံ' လို့ အတိုချုံး ခေါ်ဝေါ်ကြသလို 'ကကု' လို့လည်း ခေါ်ဝေါ်ပြန်ပါတယ်။

အဲဒီလို ခေါ်ဝေါ်ကြတဲ့အခါ သဒ္ဒဗေဒ (phonetics) စည်းမျဉ်းအရ အသံနှစ်သံဟာ သံတိုနဲ့သံပေါ့ ဖြစ်နေရင် နှုတ်ကနေ ဖွင့်ဟမြွက်ဆိုတဲ့အခါ သံလေးနဲ့ သံရှည်ကို ပြောင်းသွားပါတယ်။ ဒါကြောင့် သံတိုနဲ့သံပေါ့ အသံနှစ်သံ ပေါင်းစပ်ထားတဲ့ 'ကကု'ဟာ နှုတ်ကနေ ပြောကြားတဲ့အခါ သံလေးနဲ့ သံရှည် 'ကက္ကူ' ဖြစ်သွားပါတယ်။ အသံထွက်ရင်တော့ 'ကတ်ကူ' လို့ 'က' မှာ 'တ်' သတ်ပြီး ထွက်ရတယ်နော်။ 'က'မှာ 'က' သတ်နဲ့ 'ကက်ကူ' လို့ထွက်ရင် စကားမပီဘူးဆိုတာ သတိပြုဖို့ လိုပါတယ်။

အဲဒီလို ခြေခြေမြစ်မြစ် စိစစ်လိုက်တဲ့အခါ 'ကက္ကူ' ဟာ 'ကကုသန်' ဖြစ်ပါတယ်။ ကက္ကူစေတီတော်တွေမှာ ဂေါတမ မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော် မွေတော်တွေ ဌာပနာတည်ထားပေမယ့် ဘဒ္ဒကမ္ဘာမှာ ပထမဦးစွာ ပွင့်ထွန်းတော်မူတဲ့ ကကုသန္ဓ(ကကုသန်)ဘုရားရှင်ကို အလေးအမြတ်ပြု ပူဇော်တဲ့ အနေနဲ့ 'ကက္ကူ' လို့ ဘွဲ့အမည်တော် မှည့်ခေါ်ပူဇော်ထားကြောင်း ပညာရှင်များ မိန့်ဆိုတော်မူပါတယ်။

ဒီမိန့်ဆိုချက်အရ 'ကက္ကူ' ဘုရားကို အမှီပြုပြီး 'ကက္ကူ' ရွာ ပေါ်ပေါက်လာတယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ဒါဆိုရင် ရှေ့နားမှာ ပြောခဲ့တဲ့ 'မွေတော်ကက္ကူဆိုတဲ့ ဘွဲ့အမည်တော်ဟာ စေတီတော်များ တည်ထားရာ ကျေးရွာအုပ်စုနဲ့ ကျေးရွာအမည်ကို အစွဲပြုပြီး မှည့်ခေါ်ပူဇော်ထားတာလို့ လေ့လာသိရှိရပါတယ်' ဆိုတဲ့အချက်ဟာ လေ့လာသုံးသပ်ရမယ့် အချက် ဖြစ်သွားပါပြီ။ ဒီနေရာမှာတော့ ကြားသိရသမျှကို တင်ပြရတာ ဖြစ်တဲ့အတွက် မှားသည်၊ မှန်သည် ထိုနှစ်လီကို စိစစ်ဝေဖန် ဆုံးဖြတ်ပိုင်ခွင့် မရှိနိုင်ပါဘူး။ ဒါက သမိုင်းသုတေသီ ပညာရှင်များ စိစစ်ဝေဖန် ဆုံးဖြတ်ပေးရမယ့် အရာကိစ္စ ဖြစ်တယ်လို့ ထင်ပါတယ်။

မွေတော်ကက္ကူ စေတီတော်တွေရဲ့ မူလဒါယကာကတော့ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း




လှမ်းမောဖွယ် ရှုခင်းအလှနှင့် ဖောင်တော်ဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေဟောင်း မွေတော်ကက္ကူ ပုဒ္ဓရုပ်ပွား ကိန်းဝပ်တော်မူရာ

ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီး ဖြစ်ပါတယ်။ ရဟန္တာအရှင်မြတ် အရှင်သောဏနဲ့ အရှင်ဥတ္တရ မထေရ်မြတ်နှစ်ပါးရဲ့ ဩဝါဒကို ခံယူပြီး တည်ဆောက်လှူဒါန်းခဲ့တဲ့ ရှေးဟောင်းအမွေအနှစ် အစစ်အမှန် စေတီတော်တွေ ဖြစ်ပါတယ်။

သီရိဓမ္မာ သောကမင်းကြီးရဲ့ သာသနာ့ပြု လုပ်ငန်းတွေမှာ လုပ်ငန်းစဉ် (၆)ရပ် ချမှတ်ထားပါတယ်။

(၁) သရီရ ဓာတ်တော် မွေတော်များကို ဌာပနာသွင်းပြီး တည်ထားကိုးကွယ်တဲ့ စေတီဘုရား (ဓာတုစေတီ) ရှိရမယ်။

(၂) ဥဒေ ယျငါးဖြာ လေးသစ္စာကို ထိုးထွင်းသိမြင်ပြီး မာရ်ငါးပါး အောင်မြင်ရာ အပရာဇိတပလ္လင် ပေါက်ရောက်ရာ မဟာဗောဓိပင် (ပရိဘောဂစေတီ) စိုက်ပျိုးထားရှိရမယ်။

(၃) အရှင်သောဏနဲ့ အရှင်ဥတ္တရ ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး ဦးဆောင်သမုတ်ထားတဲ့ ရဟန္တာသိမ်တော် တည်ရှိရမယ်။

(၄) သံဃာတော် အရှင်မြတ်များ သီတင်းသုံးရာ ကျောင်းအဆောက်အအုံ ရှိရမယ်။

(၅) ရေတွင်းရှိရမယ်။

(၆) ရေကန်ရှိရမယ်။

အဲဒီအချက်(၆)ချက်စလုံး 'မွေတော်ကက္ကူ'စေတီတော်မှာ ပြည့်ပြည့်စုံစုံ ရှိပါတယ်။ အဲဒီ ရှေးဟောင်းအဆောက်အထားတွေအပြင် လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၁၀)လောက် မြန်မာနှစ် ၁၁၅၅ ခုနှစ် (ခရစ်နှစ် ၁၇၉၃) မှာ ညောင်ရွှေစော်ဘွားကြီး ကြီးမှူးသွန်းလောင်း လှူဒါန်းခဲ့တဲ့ ခေါင်းလောင်းတော်ကြီးရဲ့ ခေါင်းလောင်းစာမှာလည်း ကမ္ပည်းတင် ရေးထိုးထားတဲ့ အထောက်အထားတွေကို အခုလို တွေ့ရှိရပါတယ်။

'ရမ္မာသခင် အရှင်စံရာ ဝတီသာသို့ ညောင်
ရွှေမြို့၏ ခွန်ပို့သွင်းဆက် ကျေးလက်ဂါမာ ဒက္ခိ
ဏာဝယ် သညာတွင်မူ ကက္ကူရွာကြီး ပတ်စီး
တောင်စဉ် ရေယဉ်နုကြည် ဦးချီတက်ရာ တောင်
ကုန်းသာထက် ဓမ္မာသောက မင်းလှအလောင်း
ရှစ်သောင်းလေးထောင် တည်ဆောက်ကိုယ်စား
မြတ်ဘုရား၏ ဆက်ပွားစေတီ မြတ်သရီကို. . .'

အဲဒီ သာသနာ့လုပ်ငန်းစဉ် အထောက်အထား၊ ခေါင်းလောင်း ကမ္ပည်းစာ အထောက်အထားတွေအရ မွေတော်ကက္ကူ စေတီတော်မြတ်ရဲ့ မူလ သာသနာ့ဒါယကာဟာ သီရိဓမ္မာသောကမင်းကြီး ဖြစ်တယ်လို့ ခိုင်ခိုင်မာမာ ဆိုနိုင်ရတာ ဖြစ်ပါတယ်။

မွေတော်ကက္ကူ သာသနာ့နယ်မြေအတွင်းမှာ ဗောဓိညောင်ပင်တော်တစ်ပင် ရှိပါတယ်။ မြတ်စွာဘုရားရှင် မာရ်ငါးပါး အောင်မြင်တော်မူပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ရတော်မူရာ မဟာဗောဓိရဲ့ အဆက်အနွယ်တော် ဖြစ်ပါတယ်။ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ မူလပဌမ စေတီတော်ကို စတင်တည်ထားစဉ်ကတည်းက တစ်ပြိုင်နက်စိုက်ပျိုးပူဇော်ခဲ့တဲ့ မဟာဗောဓိ ရွှေညောင်တော် ဖြစ်ပါတယ်။

မဟာဗောဓိ ရွှေညောင်တော်ဟာ ကက္ကူဒေသမှာ ပေါက်ရောက်ကြတဲ့ အခြားညောင်ပင်တွေနဲ့ မတူပါဘူး။ အသွေးအရောင် အရွက်အလက် အကိုင်းအခက်တွေကအစ မတူကွဲပြား ခြားနားပါတယ်။ မဟာဗောဓိ ရွှေညောင်တော်ရဲ့ ညှာတံရွက်ဝန်းတွေဟာ ရှည်သွယ်ပျော့ပျောင်းနေပါတယ်။ သဓိရဓမ္မ သဘာဝတရားအရ ရင့်ရော်ကြွေကျသွားတဲ့အခါမှာလည်း မဟာဗောဓိ ရွှေညောင်တော်ရဲ့ ရွက်ဟောင်းညှာကြွေတွေဟာ ညိုမည်းခြောက်သွေ့သွားတာမျိုး မဟုတ်ပါဘဲ ရွှေဝါရောင်သန်းပြီး လန်းဆန်းစိုပြည်နေတတ်ပါတယ်။

မွေတော်ကက္ကူ စေတီတော်စုရဲ့ မြောက်ဘက်အရပ် မလှမ်းမကမ်းမှာ ရဟန္တာသိမ်တော် ရှိပါတယ်။ ကုန်းမို့မို့ ဆင်ခြေလျှောမှာ တည်ဆောက်ထားတာမို့ ရှင်းသန့်ပြန့်ပြူးပြီး ကြည်နူးစရာ ကောင်းပါတယ်။ ဒီသိမ်တော်ကို ရဟန္တာသိမ်တော် ခေါ်ရတာကတော့ ရဟန္တာအရှင်မြတ်ကြီး အရှင်သောဏမထေရ်နဲ့ အရှင်ဥတ္တရမထေရ်တို့ ကိုယ်တော်တိုင် ဦးစီးသမုတ်ခဲ့လို့ ဖြစ်ပါတယ်။

နရပတိစည်သူ သမိုင်းရဲ့ ဖော်ပြချက်အရ မွေတော်ကက္ကူ စေတီတော်စုရဲ့ အနောက်ဘက် ခပ်လှမ်းလှမ်းနေရာမှာ တောဝက်တွေ ကျက်စားနေထိုင်တဲ့ တောအုပ်ကြီးတစ်ခု ရှိပါတယ်။ တောဝက်တွေရဲ့ အကြီးအကဲ ဝက်မင်းကြီးရဲ့ အမွေးအမှင် အသားအရေဟာ ရွှေရောင်တောက်နေပါသတဲ့။

အဲဒီ ဝက်မင်းကြီးဟာ ညဘက်ရောက်ပြီဆိုမှဖြင့် မွေတော်ကက္ကူ စေတီတော် ကုန်းမြေရှိရာဆီ ရောက်လာပြီး ခြတောင်ပို့ကြီးတစ်ခုကို သူ့ရဲ့အစွယ်၊ ခြေ၊ လက်တွေနဲ့ တူးယက်ပါရောတဲ့။ တူးရင်း ယက်ရင်း တစ်နေ့သောအခါမှာ



www.burmeseclassic.com

www.burmeseclassic.com

တော့ ရှေးဟောင်း ရွှေစေတီတစ်ဆူဟာ ဘွားဘွားကြီး ပေါ်တော်မူလာပါရောတဲ့။

ရွှေဝက်မင်းကြီး နေ့စဉ်ရက်ဆက် လာရောက်တူးဖော်ပူဇော်ထားတဲ့ စေတီတော်ဖြစ်တာမို့ ဒီစေတီတော်ကို 'ရွှေဝက်ကူးစေတီဘုရား'လို့ ခေါ်တွင်ခဲ့ကြသတဲ့။

ရွှေဝက်မင်းကြီး ခေါင်းဆောင်တဲ့ ရွှေဝက်အပေါင်းတို့ မြူးထူးကျက်စား နေထိုင်ကြရာ တောအုပ်ကြီးဟာ ယနေ့ မျက်မှောက်အချိန်မှာတော့ ကျေးရွာလေးတစ်ရွာ ဖြစ်နေပါပြီ။ အဲဒီကျေးရွာလေးရဲ့ အမည်က 'တန္တိုင်ထော့' တဲ့။

ရွှေဝက်မင်းနဲ့ ပတ်သက်တဲ့ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို တွေ့ရှိရတဲ့ ရှေးဟောင်းစကားတစ်ရပ်ကို အခုလို သိမှတ်ရပြန်ပါသေးတယ်။

ဟိုး. . . ရှေးရှေးတုန်းက မွေတော်ကက္ကူ စေတီတော်တည်ရှိရာ နေရာမှာ ရွှေဝက်တွေ မှီတင်းနေထိုင်တဲ့ ဂူကြီးတစ်ဂူ ရှိပါသတဲ့။ တစ်ခု ထူးခြားတာက ဂူကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ ရွှေဝက်တွေဟာ သာမန် အဟိတ်တိရစ္ဆာန်တွေ ကျင့်သုံးနေလေ့ရှိတဲ့ အိပ်၊ စား၊ ကာမ ဤသုံးဝနဲ့ အိပ်ကာ၊ စားကာ၊ ကာမဂုဏ်မှီဝဲကာ နေထိုင်ရုံမျှသာ မဟုတ်ပါဘူးတဲ့။ ဂူကြီးအနီးမှာရှိတဲ့ ရွှေစေတီတော်ကို ကာကွယ်စောင့်ရှောက်တတ်တဲ့ စေတနာ၊ သဒ္ဓါတရားတွေနဲ့လည်း ပြည့်စုံကြပါသတဲ့။ အင်မတန်ထူးခြားပြီး အံ့ဩဖို့ကောင်းတဲ့ ရွှေဝက်ကြီးတွေပေ့ါ။

အဲဒီလို ရွှေဝက်လိမ္မာကြီးတွေက ရွှေစေတီတော်ကို ကာကွယ် စောင့်ရှောက်နေတာမို့ ရွှေစေတီနဲ့ ပတ်သက်ပြီး မှတော်လောဘတက်နေကြတဲ့ မသမာသူတွေဟာ ရွှေစေတီတော်ကို ဖျက်ဆီးဖို့ နေနေသာသာ အနားကိုတောင် မသီရဲကြပါဘူးတဲ့။ ဒီကြားထဲက အရဲကိုးပြီး အတင်းတိုးဝင်လာရင်တော့ ရွှေဝက်တွေရဲ့ အစွယ်များမှာ ကားခနဲနေသွားမှာ သေချာတာပေ့ါ။

ဒါကြောင့် ရှေးဟောင်း ပအိုဝ့်ပုရပိုက်စာတွေထဲမှာ ဒီစေတီတော်ကို 'ရွှေဝက်ဂူဘုရား' လို့ ရေးသားမှတ်တမ်းတင်ထားကြပါတယ်။ ရွှေဝက်တွေ မှီတင်းနေထိုင်ရာ ဂူအနီးမှာ ရှိတဲ့ ဘုရားလို့ သမုတ်ခေါ်ဆိုတဲ့ သဘောပေ့ါလေ။

အဲဒီလို မွေတော်ကက္ကူ ရွှေစေတီတော်မြတ်ကို တိရစ္ဆာန်ဘဝနဲ့ မမှုအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေတဲ့ ရွှေဝက်တွေအပေါ်မှာ ပတ်ဝန်းကျင်ရှိ လူတွေက ချစ်ခင် မေတ္တာထားကြတယ်။ ကျေးဇူးလည်း တင်ကြတယ်။ ဒါကြောင့် ရွှေဝက်မင်းနေဖို့ စံအိမ်ကို စေတီတော်နဲ့ မနီးမဝေးမှာ ဆောက်လုပ်ပေးကြတယ်။ အစားအစာတွေကိုလည်း ကျွေးမွေးကြတယ်။ စေတီတော်ကို ဆွမ်းတော်တင်ပြီးနောက် အချိန်တန်လို့ ဆွမ်းတော်စွန့်တဲ့အခါ စွန့်လိုက်တဲ့ ဆွမ်းတော်စာတွေဟာ ရွှေဝက်မင်းနဲ့တကွ ရွှေဝက်တွေအတွက် မှုတပြည့်စုံတဲ့ အာဟာရ ဖြစ်ခဲ့ရပါတယ်။



မွေတော်ကက္ကူမှ ရှေးဟောင်းလက်ရာများ

ကာလ အတိုင်းအတာ တစ်ခုကို ရောက်လာတဲ့အခါ မည်သည့်သတ္တဝါမှ မလွန်ဆန်နိုင်တဲ့ သဉ္ဇါရ သဘောအရ ရွှေဝက်မင်းဟာ မရဏနိုင်ငံသို့ လိုက်ပါသွားရပါတယ်။ လူတွေက ရွှေဝက်မင်းကို ချစ်ခင်ကြင်နာပြီး အမှတ်ရရ ရှိလှတာမို့ ရွှေဝက်မင်းရုပ်တု ပြုလုပ်ပြီး စံအိမ်နဲ့တကွ ထားကြပါတယ်။ စေတီတော်မှာ ဆွမ်းတော်ကပ်ပြီးနောက် စွန့်လိုက်တဲ့ ဆွမ်းတော်စာတွေကိုလည်း ရွှေဝက်မင်းကို ကျွေးမွေးမြဲအတိုင်း ကျွေးမွေးကြပါတယ်။

ဒီအခါမှာ တစ်ခုထူးဆန်းတာက ခေါင်းဆောင် ရွှေဝက်မင်းကြီး မရှိတော့တဲ့အခါ အခြံအရံ အပေါင်းအဖော် ရွှေဝက်တွေဟာလည်း တစ်ကောင်မှ မရှိကြတော့ဘူးတဲ့။ အခြား တစ်နေရာကို စားကျက်ပြောင်းသွားကြတာ ဖြစ်မှာပေ့ါလေ။ သူတို့ ခေါင်းဆောင်ကြီး ရွှေဝက်မင်းမရှိတော့တဲ့ နေရာမှာ ရွှေဝက်တွေ မရှိတော့တာမို့ သူတို့အတွက် ကျွေးမွေးထားတဲ့ ဆွမ်းတော်စာတွေဟာ စုပုံပုပ်သိုးလာကြပါတယ်။ ဒီတော့ စေတီတော်ဝန်းကျင်မှာ အနံ့အသက်တွေ၊ အပုပ်အသိုးတွေနဲ့ မသင့်မလျော် ဖြစ်လာပါတယ်။

ဒါကြောင့် လူတွေဟာ ရွှေဝက်မင်းရုပ်တုနဲ့ စံအိမ်ကို ဖျက်ဆီးဖယ်ရှားလိုက်ကြတယ်။ ဒီလို ရွှေဝက်မင်းရုပ်တုကို စံအိမ်နဲ့ ထားရှိတာဟာ အဓိပ္ပာယ်မရှိဘူးလို့ ယူဆတာလည်း ပါချင်ပါမှာပေ့ါလေ။

ဒီလို ရွှေဝက်မင်းရုပ်တုနဲ့ စံအိမ်ကို ဖျက်ဆီးလိုက်ပြီးတဲ့နောက် စတင်ထူးခြားလာတာလို့ ပြောရမလား၊ စတင်





www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြလာတာလို့ ပြောရမလား၊ ဘုရားပွဲတော် ကျင်းပတိုင်း အေးချမ်းတည်ငြိမ်မှုမရှိဘဲ ထိတ်လန့်စိုးရိမ်မှုတွေ၊ အနှောင့်အယှက်တွေ၊ ရန်ဖြစ်ကြတာတွေ စတဲ့ ဘေးဥပဒ်အန္တရာယ် ကျရောက်လာတယ်။ ဘုရားပွဲတော်ကလည်း ထူးထူးခြားခြား တစ်နှစ်မှာ နှစ်ကြိမ် ကျင်းပတာဆိုတော့ ဒေသခံတိုင်းရင်းသားတွေအတွက် ရတက်မအေးဖွယ်ရာ ပြဿနာကြီးတစ်ခု ဖြစ်လာရတာပေါ့။

ဒီလိုဖြစ်တာက တစ်နှစ်လည်းမဟုတ်၊ နှစ်နှစ်လည်းမဟုတ် ဆက်တိုက်ဆိုသလို ဖြစ်လာနေတော့ ရပ်ရွာလူကြီးသူမတွေ ခေါင်းချင်းဆိုင် ဆွေးနွေးတိုင်ပင်ကြရတော့တယ်။ ဒီလို ဆွေးနွေးတိုင်ပင်ကြတော့ ရွှေဝက်မင်းရုပ်တုနဲ့ စံအိမ်ကို ပြန်လည်ပြုလုပ် ထားရှိကြဖို့ အဖြေထွက်လာတယ်။ ကျွေးမွေးမြဲအတိုင်း ကျွေးမွေးဖို့လည်း သဘောတူကြတယ်။ ဘုရားဝန်းကျင် သန့်ရှင်းရေးအတွက် တာဝန်ယူ ဆောင်ရွက်ကြဖို့လည်း ဆုံးဖြတ်ကြတယ်။ အဲဒီလို ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ပြီး ရွှေဝက်မင်း ရုပ်တုနဲ့စံအိမ်ကို ပြန်လည်ဆောက်လုပ်ပြီး ကျွေးမွေးမြဲအတိုင်း ကျွေးမွေးတော့မှ ပြောခဲ့တဲ့ ထိတ်လန့်ချောက်ချားမှုတွေ ငြိမ်သက်အေးချမ်းသွားပါတယ်။

မွေတော်ကက္ကူ စေတီတော်တွေဟာ အဲဒီလို စိတ်ဝင်စားဖွယ်ရာ နောက်ခံသမိုင်းကြောင်း၊ ဂမ္ဘီရဖြစ်ရပ်တွေနဲ့ ပြည့်လျှမ်းနေပါတယ်။

နောက်တစ်ချက်က မွေတော်ကက္ကူစေတီတော်တည်ထားရာ နေရာဟာ ဝန်းကျင်ဒေသရဲ့ အမြင့်ဆုံးနေရာ ဖြစ်



မွေတော်ကက္ကူမှ တဝဂ္ဂုဗုဒ္ဓရုပ်ပွားတော်တစ်ဆူ

လိမ့်မယ်လို့ ခန့်မှန်းမိပါတယ်။ ရှမ်းစော်ဘွားတွေ လက်ထက်တုန်းက နယ်ခြားကင်းစခန်း တည်ရှိခဲ့တာမို့ အပေါ်စီးအနေအထား ရယူနိုင်တဲ့ ဒီနေရာဟာ အမြင့်ဆုံးနေရာ ဖြစ်နိုင်တယ်လို့ ယူဆမိပါတယ်။

ဒါကြောင့်မို့ပဲ ထင်ပါရဲ့၊ စေတီတော် ပရဝဏ်ဟာ အရပ်မျက်နှာ အသီးသီးကနေ တိုက်ခတ်လာတဲ့ တသုန်သုန် လေပြည်လေအေးတွေကြောင့် လေကောင်းလေသန့် ရရှိပြီး ရှင်းသန့်ကြည်လင်နေပါတယ်။ တောအရိပ် တောင်အရိပ်တွေ ဝန်းပတ်ကာရံထားသလို ရှိတာကြောင့်လည်း မျှော်လေတိုင်း မှိုင်းရီနေပြီးတော့ စိတ်သန္တာန်မှာလည်း ကြည်လင်အေးမြတဲ့ သန္တရသကို ခံစားနေရသလို ရှိပါတယ်။

ဒီ့ထက် နက်နက်ရှိုင်းရှိုင်း ပြောရရင် မွေတော်ကက္ကူ သာသနာ့နယ်မြေ အဝန်းအဝိုင်းဟာ 'ဝိဝေက' ဓာတ်တွေ ကိန်းဝပ်နေတဲ့ နေရာထူး နေရာမြတ် ဖြစ်တယ်လို့ ပြောရမယ်။

'ဝိဝေက' ဆိုတာ 'ဆိတ်ငြိမ်' တာကို ပြောတာပါ။ ဒီလိုပြောလိုက်လို့ ဘာလှုပ်ရှားမှု မရှိဘဲ 'ငြိမ်' နေတာလို့ မထင်လိုက်ပါနဲ့။ ဝိဝေကသဘော ဆိတ်ငြိမ်တာမျိုး ဆိုတာက နီဝရဏတရားတွေ ကင်းရှင်းပြီး အေးချမ်းဆိတ်ငြိမ်နေတာမျိုး ဖြစ်ပါတယ်။ ပျင်းပျင်းရိရိ ခြောက်ခြောက်သွေ့သွေ့ ငြီးငွေ့စရာ ငြိမ်နေတာမျိုး မဟုတ်ပါဘူး။

ဒါကြောင့်ပဲ ထင်ပါရဲ့၊ မွေတော်ကက္ကူ သာသနာ့နယ်မြေထူးမှာ ဓမ္မဂမ္ဘီရ ပုဂ္ဂိုလ်ထူးကြီးများ၊ လောကီထွက်ရပ်ပေါက် စူဠဂန္ဓာရီ မဟာဂန္ဓာရီ ပုဂ္ဂိုလ်ထူးကြီးများ၊ သူ ဘော်စင်ယောဂီပုဂ္ဂိုလ်ထူးကြီးများ လာရောက်ပြီး တရားဘာဝနာတွေ ပွားများအားထုတ်ကြပါတယ်။ ပြောရမယ်ဆိုရင် မွေတော်ကက္ကူ သာသနာ့နယ်မြေထူးဟာ အဲဒီပုဂ္ဂိုလ်ထူးကြီးတွေ စုစည်းကိန်းအောင်းမွေ့လျော်ရာ အောင်မြေထူး ဖြစ်ပါတယ်။

ဆိုပါတော့၊ မွေတော်ကက္ကူ စေတီတော်ထူးတွေ ကိန်းဝပ်စံပယ်တော်မူရာ သာသနာ့နယ်မြေဟာ မြန်မာမှာရော ကမ္ဘာမှာပါ အံ့ဖွယ်တစ်ပါး ဖြစ်ရုံသာမကပါဘဲ မြတ်စွာဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ အရိပ်တော်မြတ်တွေ၊ သူတော်စင် သူတော်ကောင်း ပုဂ္ဂိုလ်ထူးကြီးတွေရဲ့ ခန္တီ၊ မေတ္တာ၊ သစ္စာ၊ ပညာ အရိပ်အာဝါသကြီးတွေ ဖြန့်ကြက်လွှမ်းမိုးထားရာ သာသနာ့နယ်မြေမဟာကြီးလည်း ဖြစ်ပါတယ်။

ဒီလို ထူးခြားနက်ရှိုင်းတဲ့ နယ်မြေဒေသကြီး ဖြစ်တာကြောင့်လည်း ၁၉၉၆ ခုနှစ်ထုတ် ထိုင်းနိုင်ငံ 'ဆာဝါဒီ' မဂ္ဂဇင်းထဲမှာ ဆောင်းပါးရှင် 'ရော်ဘင်ဒန်းဟွန်း' က ယခုလို ရေးသားဖော်ပြခဲ့ပါတယ်။


မွေတော်ကက္ကူ စေတီတော်စုတွေဟာ . . .

* အနောက်တိုင်းက သမိုင်းပညာရှင်တွေ မကြားဖူးသေးတဲ့၊ ခရီးသွားမှတ်တမ်းတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မွေတော်ကက္ကူ ကန်သာရေရိပ်ထယ်

မပါဝင်သေးတဲ့ ရှေးဟောင်းသမိုင်းဝင်စေတီတော် ဖြစ်ပါတယ်။

* မြန်မာနိုင်ငံတော် ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ အကြီးမား အခမ်းနား အသိုက်မြိုက်ဆုံး စေတီတော် ဖြစ်ပါတယ်။

* ကမ္ဘာပေါ်မှာ ရှေးအကျဆုံး စေတီတော်တွေရဲ့ ဘူမိနက်သန် နေရာမှန်ကို သိရှိမှတ်တမ်းတင်နိုင်ဖို့ နိုင်ငံခြားသား သုတေသီတွေ၊ ခရီးသည်တွေ လာရောက်ဖူးမြော်သင့်တဲ့ စေတီတော် ဖြစ်ပါတယ်။

* ရိုးရာယဉ်ကျေးမှုတွေနဲ့ ဗိသုကာ အနုပညာ လက်ရာတွေအတွက် ထင်ရှားကျော်ကြားတဲ့ သာဓကပြဖွယ် စေတီတော် ဖြစ်ပါတယ်။

* မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ညီအစ်ကို မောင်နှမ တိုင်းရင်းသားတွေထဲက ပအိုဝ့် တိုင်းရင်းသားတွေရဲ့ ဘာသာရေး ယုံကြည်ကိုးစားမှု အထွတ်အမြတ်ထားရာ သာသနိက အဆောက်အအုံမြတ် စေတီတော်အစုအဝေးကြီး ဖြစ်ပါတယ်။

* ရိုးရှင်းလှပတာနဲ့အမျှ ဆန်းကြယ်နက်ရှိုင်းမှုတွေ ပေါင်းစပ်ထားတဲ့ စေတီတော် အစုအဝေးကြီး ဖြစ်ပါတယ်။

* ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ကြည်ညိုဖွယ်ရာ ကျက်သရေဆောင် စေတီတော်ကြီးအဖြစ် မူလဘုရားဒါယကာတွေက ရည်မှန်းတည်ထားရာ စေတီတော် ဖြစ်ပါတယ်။

* ရိုးရာယဉ်ကျေးမှု ကနုတ်ပန်းတွေ၊ အဆင့်အတန်း အလွန်မြင့်မားတဲ့ အနုပညာလက်ရာတွေ၊ စိတ်နှလုံးကို သိမ်းကျုံးဆုပ်ကိုင်နိုင်စွမ်းရှိတဲ့ ရုပ်လုံးရုပ်ကြွတွေ၊ တောက်တောက်ပပ ကြွကြွရွရွ ခြယ်သထားတဲ့ ဆေးရောင်စုံတွေနဲ့

အကောင်းမွန်ဆုံး တည်ဆောက်ထားတဲ့ စေတီတော် ဖြစ်ပါတယ်။

စသည်ဖြင့် တင်ပြရေးသားထားပါတယ်။

မွေတော်ကက္ကူ စေတီတော်မြတ်ကြီးမှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့် လကွယ် ဥပုသ်နေ့တွေမှာ ပန်း၊ ရေချမ်း၊ ဆွမ်းတော်၊ ဆီမီးတော် စတဲ့လှူဖွယ်ဝတ္ထုတွေနဲ့ ကပ်လှူပူဇော်ကြပါတယ်။ သီတင်းသီလ ဆောက်တည်ပြီး ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ကြပါတယ်။

မွေတော်ကက္ကူစေတီတော်မြတ်ကြီးရဲ့ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နဲ့ တပေါင်းလပြည့်နေ့တွေမှာ အစဉ်အလာမပျက် ကျင်းပပူဇော်ကြပါတယ်။ တစ်နှစ်မှာ နှစ်ကြိမ် ဘုရားပွဲတော်ကျင်းပတာက တစ်မူထူးခြားသလို တပေါင်းလပြည့် ဘုရားပွဲတော်ဟာ အထူးစည်ကား သိုက်မြိုက်တယ်လို့ သိရပါတယ်။ တောင်သူလယ်သမား ဦးကြီးတွေ လယ်ယာလုပ်ငန်းခွင် သိမ်းပြီးချိန်နဲ့ ပအိုဝ့်တိုင်းရင်းသား နေ့ထူးနေ့မြတ်ကြီး တိုက်ဆိုင်နေတာမို့ တပေါင်းလပြည့်ဘုရားပွဲတော်ဟာ အထူးစည်ကားတာပဲ ဖြစ်ပါတယ်။

အဲဒီလို ကြည်ညိုဖွယ်ရာ အဖြာဖြာတွေနဲ့ ပြည့်စုံတော်မူတဲ့ မွေတော်ကက္ကူ စေတီတော်မြတ်ရဲ့ ခြေတော်ရင်းကို အခုဆိုရင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ရပါပြီ။

သက်တမ်းရင့် ညောင်ပင်ကြီးတွေ စီတန်းပေါက်ရောက်နေတဲ့ ညောင်ညိုပင်ရိပ်မှာ တည်ခင်းထားတဲ့ ဘုရားဈေးတန်းကြီးက စည်ကားသိုက်မြိုက်နေပါတယ်။ ဈေးသည်အများစုဟာ ရိုးရာဝတ်စုံတွေ ဝတ်ဆင်ပြီး ဈေးရောင်းနေကြတာမို့ အမြင်တစ်မျိုး ဆန်းနေပါတယ်။ ဒေသထွက် ကြက်သွန်ဖြူ လက်ဖက်ခြောက်၊ ပဲအမျိုးမျိုးနဲ့ ဆေးဖက်ဝင်ပစ္စည်းတွေ ရောင်းချနေကြပါတယ်။ ပျားရည်နဲ့ သစ်ခွပန်းတွေကိုလည်း ရောင်းနေကြတယ်။

ဒီဘက်နားမှာကတော့ ဘုရားမှာ လှူဒါန်းပူဇော်ဖို့ ဆွမ်းတော်ဗန်းတွေ၊ ပန်းတော် ရေတော် စတဲ့ လှူဒန်းဖွယ်ရာတွေ ရောင်းချပေးနေတဲ့ ဈေးတန်းကြီးကို ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် တွေ့မြင်ရတာ အားရစရာကြီးပါပဲ။ ဘုရားဖူးပရိသတ်တွေရဲ့ သဒ္ဓါတရားကို နှိုးဆွပေးနေသလို ရှိပြီးတော့ လှူဒါန်းချင်တဲ့စိတ်တွေ တဖွားဖွားနဲ့ ယိုဖိတ်စေပါတယ်။ စားသောက်ဆိုင်တန်းကြီးကလည်း ဘုရားဖူးပရိသတ်တွေရဲ့ ဆာလောင်နေတဲ့ ဝမ်းကို ဖြည့်တင်းပေးဖို့ အဆင်သင့် ကြိုဆိုနေပါတယ်။ ကြိုက်သလောက်စား၊ စားသလောက်ရှင်း။

မွေတော်ကက္ကူ စေတီတော်တွေကို ဆိုက်ဆိုက်မြိုက်မြိုက် ဖူးတွေ့လိုက်ရတဲ့အခါမှာတော့ ပထမဆုံး ခံစားလိုက်ရတဲ့ ခံစားချက်က လူတစ်ကိုယ်လုံး မြောက်တက်သွားပြီး ပေါ့ပါးလွတ်လပ်သွားတဲ့ ခံစားမှုပါပဲ။ ဒီခံစားမှုကို ဒိုက်ရှင်း



www.burmeseclassic.com

www.burmeseclassic.com

အောင် ဘယ်လိုပြောရမလဲဆိုတာ ရုတ်တရက် မစဉ်းစားတတ်ပါဘူး။ စိတ်ထဲမှာ ဆန်းဆန်းကြယ်ကြယ် ခံစားလိုက်ရတဲ့ ခံစားမှုလို့ပဲ ဆိုပါတော့။ ဒါမျိုးက ကိုယ်တိုင်ခံစားကြည့်မှပဲ အဓိပ္ပာယ်ပေါက်မယ့် ခံစားမှုမျိုးလို့ ထင်ပါတယ်။

မွေတော်ကက္ကူ စေတီတော်မြတ်တွေကို ရုတ်တရက်ဘွားခနဲ ဖူးတွေ့လိုက်ရတဲ့ မြင်ကွင်းကတော့ တကယ့်ကိုအံ့မခန်းပါ။ ရွှေထီးတော်တဝင်းဝင်းနဲ့ ထောင်ချီပြီးရှိမယ့် ပုံသဏ္ဍာန်ထူးခြားတဲ့ စေတီတော်တွေကို စုစုဝေးဝေး အုံနဲ့ကျင်းနဲ့ ဖူးတွေ့လိုက်ရတဲ့ စက္ခုပသာဒ အမြင်အရသာဟာ ဘဝတစ်သက်တာမှာ မေ့ရက်နိုင်စရာ မရှိတဲ့ အရသာပါပဲ။

တစ်ခုတော့ ရှိပါတယ်။ ရှေးဟောင်းစေတီတော်မြတ်တွေကို တအံ့တသြ ဖူးမြော်ရင်း ရှေးဟောင်းမွေတော်ကက္ကူဗုဒ္ဓရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်ရှေ့ကိုရောက်တော့ သံတံခါးတစ်ထပ်၊ မှန်တံခါးတစ်ထပ်ပိတ်ထားတာမို့ ဗုဒ္ဓဘုရားရှင်ရဲ့ ရွှေမျက်နှာတော်ကို အားရပါးရ ကြည်ကြည်လင်လင် ဖူးမြော်ခွင့် မရခဲ့တာကိုတော့ တကယ်ပဲ အားမလိုအားမရ ဖြစ်ခဲ့မိတာ အမှန်ပါပဲ။ ဒါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ အကြောင်းရှိလို့နေမှာပေါ့လေလို့ စိတ်လျှော့လိုက်ရပါတယ်။

သီရိမွာသောကမင်းကြီးရဲ့ ဆုတောင်းပြည့်စေတီတော်ကို ဖူးမြော်ရတဲ့အခါမှာ 'ဘဝအဆက်ဆက် ဖြစ်လေရာမှာ အတားအဆီး အပိတ်အပင် ဟူသမျှ လွယ်ကူစွာ ဖွင့်လှစ်နိုင်သောကိုယ် ဖြစ်ရပါလို၏' လို့ ဆုတောင်းမိပါတယ်။

မွေတော်ကက္ကူရဲ့ တစ်ဆူအပါအဝင်ဖြစ်တဲ့ 'ဖောင်တော်ဆိုက်' စေတီတော်ကတော့ ဖြူဖြူဖွေးဖွေး ထုံးသင်္ကန်းတော်နဲ့ ဖူးမြော်ရတာ ရင်ထဲမှာ အရသာတစ်မျိုးထူးပြီးကြည်လင်အေးမြစေပါတယ်။

မွေတော်ကက္ကူရဲ့ ရှေးဟောင်းလက်ရာ မြင်းရုပ်ကြီးတွေက လက်ရာထူးခြားပါတယ်။ မြင်းရုပ်ကြီးကို သေသေချာချာ လေ့လာကြည့်တော့ ရိုးရိုးမြင်းမဟုတ်ဘဲ အတောင်ပံပါတဲ့ 'မြင်းပျံ' ဖြစ်နေတာ တွေ့ရတယ်။ နတ်မြင်းပျံလို့ပြောရင် ရမယ်ထင်ပါတယ်။

ရွှေဝက်မင်း ရုပ်တုကြီးကတော့ ရွှေရောင်တွေ ဝင်းအိနေပြီး ရွှေဝက်မင်းကို လှူဒါန်းထားတဲ့ စားသောက်ဖွယ်ရာတွေနဲ့ ငွေစက္ကူတွေကလည်း ရွှေဝက်မင်းစံအိမ်ထဲမှာ အလျှံပယ်ပါပဲ။ အမယ်. . . တချို့က ရွှေဝက်မင်းအတွက် ငှက်ပျောသီးကို အဖီးလိုက် လှူထားကြတယ်။

မွေတော်ကက္ကူ စေတီတော်မုခ်ဦးကနေ ဝင်လိုက်ရင် လက်ယာဘက်၊ အထွက်ဆိုရင် လက်ဝဲဘက်မှာ အုတ်ရေကန်ကြီးတစ်ကန် ရှိပါတယ်။ အဲဒီအုတ်ရေကန်ကြီးထဲ ကြည့်လိုက်ရင် ကြည်လင်တဲ့ ရေမျက်နှာပြင်မှာ မွေတော်ကက္ကူ စေတီတော်အဆူဆူရဲ့ အပေါ်ပိုင်း အရိပ်တွေ တရိပ်ရိပ် ထင်ဟပ်



မွေတော်ကက္ကူ ညောင်ညိုရိပ်မှ ဘုရားဖူးတန်းတစ်နေရာ

နေပါတယ်။ ရေပြင်အေးအေးမှာ ဘလှုန့်လှုန့် တရိပ်ရိပ်မြူးကွန့်စံပယ်နေတော်မူတဲ့ ထီးတော်အဆူဆူ အရိပ်ကိုကြည်နူးစိတ်နဲ့ ဖူးမြော်ရတာ ထူးခြားတဲ့ ခံစားချက်တစ်မျိုးကို ရရှိစေပါတယ်။

ဘုရားပရဝဏ်ရဲ့ အပြင်ဘက်နားကို ထွက်သွားလိုက်ရင်တော့ အလောင်းစည်သူမင်းကြီး ဖောင်တော်ဆိုက်ရာ ဆိပ်ကမ်းသာလေးကို ကြည်နူးဖွယ်ရာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ရေခန်းချိန်မို့ ထင်ပါရဲ့။ ဖောင်တော်ဆိပ်မှာတော့ ရေတသွင်သွင် စီးဆင်းမနေပါဘူး။ အဲဒီမှာ တိုင်းရင်းသားရိုးရာဝတ်စုံ လှလှလေး ဆင်မြန်းထားတဲ့ ညှော့လမ်းညွန်အမျိုးသမီး ငယ်ငယ်လှလှလေးက နိုင်ငံခြားသား ခရီးသည်အုပ်စုကို ဘိုလိုမှုတ်ပြီး ရှင်းလင်းပြောပြနေတာကတော့ အမြင်တစ်မျိုး ဆန်းပြီး ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းလုံခြုံမှုတွေအတွက် သက်သေပြနေသလို ရှိပါတယ်။

အဲဒီဖောင်တော်ဆိပ်ကနေ လှမ်းမျှော်လိုက်ရင် ရှုမောဖွယ် သာယာလှတဲ့ တောတောင်သဘာဝ ရှုခင်းတွေကို ရှုမဆုံးအောင် လှမ်းမြင်နိုင်တယ်။ ဖော်မစုံကျွမ်းသူတွေအတွက် မောင့်မျက်ရည်ဝိုင်းရတဲ့ ရှုခင်းပန်းချီတွေကို ငေးမျှော်ရင်း မွေတော်ကက္ကူ ဖောင်တော်ဆိပ်မှာ သီချင်းသံလေး တစ်ပိုင်းတစ်စ ကြားလိုက်ရတယ်။

'အပန်းတော် ဖြေစရာ မောမြေ
မှန်းမျှော်လေပါသော အခြေ
မှိုင်းညိုတောင်တန်း ရှုခင်းများက
လွမ်းဖွယ်ဖန်သလေ
လွမ်းဖွယ်ရှုခင်းတွေ ပေါပါသလေ
မော. . . မောဌာနေ'

မေတ္တာရည်လျက်. . .


**တက္ကသိုလ်တင်ဟန်ကျော်**

❑



www.burmeseclassic.com

www.burmeseclassic.com



**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား**

[illegible]
[illegible]

# အမိပုတ်ကိုထား၍ အားထုတ်ရမည့်တရားတော်

(ယခင်လမှအဆက်)

ရှေ့က ဉာဏ်က ဘာတဲ့ (ဝိပဿနာဉာဏ်ပါ ဘုရား)။

"ဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာဉာဏံ" အဋ္ဌကထာဆရာက ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဝိပဿနာဉာဏ်ပဲကွ ဆိုတော့ ရှေ့ပိုင်းက ဖြစ်ပျက်မြင်တဲ့ဉာဏ် (မှန်ပါ့ ဘုရား)။ နောက်ပိုင်းက မဂ်ဉာဏ်ပဲကွ၊ ဒီနှစ်ဉာဏ်နဲ့ ဒီကိုယ်တော်တွေ ရဟန္တာဖြစ်လာတာလို့ ဘုရားက ထပ်မဖြည့်လိုက်ဘူးလား (ဖြည့်ပါတယ် ဘုရား)။ ရှင်းကြရဲ့လား (ရှင်းပါတယ် ဘုရား)။

ဟိုကိုယ်တော်တွေ ပြောတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီ မသက်ာလို့သွားပြီး မေးမြန်းတာနဲ့ ဒကာ၊ ဒကာမတို့ မြင်တဲ့အတိုင်းပဲတဲ့။ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲလို့ ဘုရားကလည်း နောက်ထပ် မပြောဘူးလား (ပြောပါတယ် ဘုရား)။

အဲ. . . ပုဗ္ဗေခေါ် သုသိမ၊ သုသိမ၊ ပုဗ္ဗေ - ရှေးကာလ၌၊ ဓမ္မဋ္ဌိတိဉာဏံ - ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်သည်၊ ဟောတိ - ဖြစ်၏ (မှန်လှပါ ဘုရား)။ ဒါပဲ ဟောလိုက်တယ်။ ပစ္ဆာ - နောက်ကာလ၌၊ နိဗ္ဗာနေဉာဏံ - နိဗ္ဗာန်ကိုမြင်တဲ့ မဂ်ဉာဏ်သည်၊ ဟောတိ - ဖြစ်၏ဆိုတော့ ဖြစ်ပျက်အဆုံးကို မြင်တဲ့ဉာဏ်ပဲ (မှန်လှပါ ဘုရား)။

ဘယ်နှဉာဏ်ပါလိမ့် (နှစ်ဉာဏ်ပါ ဘုရား)။

ဩော်. . . ဒါဖြင့် ဟို. . . ကိုယ်တော်တွေ ပြောတာနဲ့ ဘုရားထံ မသက်ာလို့ သူလျှောက်ထားပြီး မေးတော့လည်း ဘုရားက ဟိုကိုယ်တော်တွေ ပြောတာကို ဒကာ၊ ဒကာမတို့ ကျော်လွှန်ဖြေသလား၊ ဒီအတိုင်းပဲလား (ဒီအတိုင်းပါ ဘုရား)။

ဒါဖြင့် ဦးခင်မောင်၊ ဘုရားက ထောက်ခံချက်ပေးတာ (မှန်ပါ့ ဘုရား)။

ဟိုကိုယ်တော်တွေ ဟောတာကို ဘုရားက ဘယ့်နှယ်ပါလိမ့် (ထောက်ခံချက် ပေးပါတယ် ဘုရား)။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒီနှစ်ဉာဏ်ကိုလုပ်ရုံပဲ (မှန်လှပါ ဘုရား)။ ဘယ်လို စဉ်းစားကြမယ် (ဒီနှစ်ဉာဏ် လုပ်ရုံပါ ဘုရား)။ ဒီနေရာ ကြားစကားလေးတော့ သွင်းချင်တယ်တဲ့၊ ခင်ဗျားတို့ ဒီနှစ်ဉာဏ်မှ မလုပ်လို့ရှိရင်ဖြင့် အပါယ်လေးပါးခန္ဓာနဲ့ ဆင်းကြပေတော့ (မှန်ပါ့ ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက် ချကြမလဲ (အပါယ်လေးပါးခန္ဓာနဲ့ ဆင်းကြပေတော့)။ အပါယ်လေးပါးခန္ဓာနဲ့ဆိုတာ ဒကာ၊ ဒကာမတို့ အပြောလွယ်သလောက် မလွယ်ဘူးနော် (မှန်ပါ့ ဘုရား)။ လွယ်ပါ့မလား (မလွယ်ပါ ဘုရား)။

www.burmeseclassic.com

ငရဲမီးကလေး ပိုးစုန်းကြူးလောက်ဟာတောင်မှ လှည်းခြောက်စီးတိုက်၊ ခုနစ်စီးတိုက်ရှိတဲ့ ထင်းအစိုတွေ ဝုန်းခနဲ ချတာနဲ့ ပြောင်တာနဲ့ တစ်ချက်တည်း (မှန်လှပါ ဘုရား)။

ငရဲမီးပုံကြီးထဲ ကျုပ်တို့ရောက်ရမယ်ဆိုတော့ ဦးခင်အောင် ခံနိုင်ရည်ရှိပါ့မလား (မရှိပါ ဘုရား)။ ဦးဇံရင်တို့ ခံနိုင်ရည် ရှိပါ့မလား (မရှိပါ ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ ဒီငရဲမီးငြိမ်းနိုင်တာ ဒီနှစ်ဉာဏ်ပဲရှိတယ် (မှန်ပါ့ ဘုရား)။ ဘယ်လို ဆိုကြမယ် (ငရဲမီးငြိမ်းတာ ဒီနှစ်ဉာဏ်ပဲ ရှိပါတယ် ဘုရား)။

တိရစ္ဆာန်အတွက် သိမ်းနိုင်တာကော (ဒီနှစ်ဉာဏ်ပဲ ရှိပါတယ် ဘုရား)။ အပါယ်လေးပါး သိမ်းနိုင်တာကော (ဒီနှစ်ဉာဏ်ပဲ ရှိပါတယ် ဘုရား)။ အနူ၊ အရူး၊ အဝဲ ဘဝတွေ သိမ်းနိုင်တာကော (ဒီနှစ်ဉာဏ်ပဲ ရှိပါတယ် ဘုရား)။ အဆွံ့၊ အအတွေအဖြစ်မှ သိမ်းနိုင်တာကော (ဒီနှစ်ဉာဏ်ပဲ ရှိပါတယ် ဘုရား)။

အပါယ်သွားမည့် မိစ္ဆာဒိဋ္ဌိလူမျိုးထဲမှာ ပဋိသန္ဓေမနေရအောင် သိမ်းနိုင်တာကော (ဒီနှစ်ဉာဏ်ပဲ ရှိပါတယ် ဘုရား)။

ဒီနှစ်ဉာဏ်ပဲ ရှိတော့တယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက ဩော်. . . ဒီလိုသိဖို့ဘဝကလည်း အတော်ခဲယဉ်းပါကလား (ခဲယဉ်းပါတယ် ဘုရား)။ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ် ဘုရား)။

ဒီလိုသိဖို့ဘဝ အလွန်ခဲယဉ်းတဲ့အထဲမှာ ဒီလိုသိပြီး သကာလ နေလျက်နဲ့ ဒီလိုသိရှိသလောက် အလုပ်မလုပ်တော့ပါဘူးဆိုရင်ဖြင့် ခန္ဓာနဲ့အပါယ်လေးပါး ဆင်ကြဖပေတော့ (မှန်ပါ့ ဘုရား)။

ဘယ်လိုဆပ်ဝံ့ကြပါ့မလဲ (မဆပ်ဝံ့ပါ ဘုရား)။ ဘယ်သူမှ မဆပ်ဝံ့ဘူးဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။ အဲဒါကြောင့် ခန္ဓာနဲ့ မဆပ်နဲ့၊ ဉာဏ်နဲ့ ဆပ်ပစ်လိုက် (မှန်ပါ့ ဘုရား)။ ဘယ်လိုမှာပါလိမ့် (ခန္ဓာနဲ့မဆပ်ပါနဲ့၊ ဉာဏ်နဲ့ဆပ်ပါ ဘုရား)။

ဉာဏ်နဲ့ဆပ်နော်၊ ရှေးဦးစွာ ဝိပဿနာဉာဏ်၊ နောက်မဂ်ဉာဏ်နဲ့ ဆပ်လိုက်လို့ရှိရင် ဒကာ၊ ဒကာမတို့ အကုန်ဇာတ်သိမ်းပါတယ် (မှန်ပါ့ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။ အားငယ်စရာများ ပါသေးသလား (မပါပါ ဘုရား)။

အဲ. . . ကိုယ့်ဟာကိုယ်ပျင်းတယ်၊ ကိုယ့်ဟာကိုယ် ပျင်းတယ် ဆိုလို့ရှိရင် မင်းခန္ဓာနဲ့ အပါယ်ဆပ်မလားလို့ ကိုယ့်ဟာကိုယ်သာ မေးကြည့် (မှန်ပါ့ ဘုရား)။ သူ ဘယ်လိုအဖြေထုတ်လာမယ် ထင်သတုံး (မဆပ်ဝံ့ပါ ဘုရား)။

မဆပ်ဝံ့ပါဘူး၊ မဆပ်ဝံ့ရင် မင်း ဒီနှစ်ဉာဏ်ရအောင် လုပ် (မှန်ပါ့)။ ကိုယ့်ကိုယ်ကိုယ် တိုက်တွန်းပါ (မှန်ပါ့ ဘုရား)။ ဘုရားက ကောင်းစွာဟောထားတဲ့တရား၊ ကောင်းစွာမြင်ရမယ်လို့ ဟောထားတဲ့တရား၊ မင်းသည်ကားလို့ဆိုရင် အဓိပတိ မထားလို့ မင်းမမြင်တာလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမပါလို့ သတိပေးလိုက်တယ် (မှန်ပါ့ ဘုရား)။

အဆုံးအမ အခက်ဆုံးမှာလည်း ကိုယ့်ကိုယ်ကိုယ် အဆုံးအမ အခက်ဆုံးဆိုတာကော သေချာပလား (သေချာပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီထက်ကံကောင်းတာမရှိဘူး၊ ခင်ဗျားတို့ (မှန်ပါ့ ဘုရား)။ အဲဒီတော့ ဘုန်းကြီးကတော့ဖြင့် ဘုန်းကြီးနဲ့လည်း တွေ့ကြပြီ၊ ဘုရား တရားတော်နဲ့လည်း တွေ့ရတော့ ခင်ဗျားတို့ဟာ ကံကောင်းတယ် (မှန်ပါ့)။ ခင်ဗျားတို့ ဝမ်းထဲက ဖြစ်ပျက်မြင်တဲ့ဉာဏ် ကောင်းဖို့လိုတယ် (မှန်ပါ့)။ ဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ် ကောင်းဖို့ (လိုပါတယ် ဘုရား)။ ကဲ. . . ကံကောင်းရုံနဲ့ ကိစ္စပြီးပါ့မလား (မပြီးပါ ဘုရား)။ ဉာဏ်ကောင်းမှ ကိစ္စပြီးမယ် (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ ခင်ဗျားတို့က အဖေက ချမ်းသာတယ်၊ ကံကောင်းတယ်၊ သူ့ဟာသူ ချမ်းသာလို့ ကံကောင်းငြားသော်လည်း အပါယ်လေးပါးက ဉာဏ်ကောင်းမှ ပိတ်မှာ (မှန်ပါ့ ဘုရား)။

အပါယ်လေးပါးကတော့ (ဉာဏ်ကောင်းမှ ပိတ်မှာပါ ဘုရား)။ ဉာဏ်ကောင်းမှ ပိတ်မှာဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကံသာကောင်းချင်တာပဲ၊ ဉာဏ်ကောင်းချင်တာ ညည်းသံကို တစ်ခါမှ မကြားဘူး (မှန်လှပါ ဘုရား)။ ပျင်းလိုက်တဲ့ ဒကာ၊ ဒကာမတွေ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကံများ ညံ့လိုက်တာ ဒါပဲညည်းနေတာပဲ။ ဘယ်တော့များ တိုက်ကြီးတာကြီး ကားကြီးတွေနဲ့ နေရပါ့၊ ကံများ ခေလိုက်တာ လာတယ်၊ ဉာဏ်များ ခေလိုက်တာလို့ လာရဲ့လား (မလာပါ ဘုရား)။ အံမာလေး တကယ့်ကိုးစားရာကျတော့ သတိမထားမိဘူး (မှန်ပါ့)။

ခုနက အရိပ်ပြကလေး ခဏလေး ကံကောင်းတာကျတော့ ဒီဘဝ မိဖုရားကြီး ဟုတ်လား၊ နောက်ဘဝ အပါယ်လေးပါးကျတော့ ခင်ဗျားတို့က လွှမ်းလိုက်တာ (မှန်ပါ့ဘုရား)။ ဥပရိမိဖုရားကြီးတို့ ဒီဘဝ မိဖုရားကြီး၊ နောက်ဘဝ နောက်ချေးပိုးမကလေး ဆိုတော့ ကောင်းသေးရဲ့လား (မကောင်းပါ ဘုရား)။

အဲဒါ ကံစီမံသလို မခံရဘူးလား (ခံရပါတယ်)။ မိဖုရားကြီး ဖြစ်တာလဲ ဘယ်သူ့ကြောင့် (ကံကြောင့်ပါ)။ နောက်ချေးပိုးမကလေး ဖြစ်တာကော (ကံကြောင့်ပါ)။ ဩော်. . ခင်ဗျားတို့က ကံများ တယ်ခေသကိုးဆိုတော့ ကံပဲ ခင်ဗျားတို့ဖက်ပြီး သကာလ ထားကြတယ်။ ဒီဥစ္စာက ပညာဝိမုတ္တာ ဒေါမယ်သုသိမ၊ ပညာနဲ့ အပါယ်လေးပါး တံခါးပိတ်သွားတယ်ကွ





www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ကံမျှော်သင့်သလား၊ ဉာဏ်မျှော်သင့်သလား (ဉာဏ်မျှော်သင့်ပါတယ် ဘုရား)။

ဦးခင်မောင် ဘာမျှော်မလဲ (ဉာဏ်မျှော်ပါမယ်ဘုရား)။ အို. . . ခင်ဗျားတို့ ဘုန်းကြီးရှေ့မှာ ပြောနေတာပါ၊ မြို့ရွာထဲကျတော့ ကံသမားချည်း ဖြစ်နေတာပဲ။ ဒါကြောင့် ထိထိုးနေကြတာပေါ့ဗျ။ သဘောကျပလား (ကျပါပြီ)။ ထိထိုးတာဟာ ကံနဲ့ထိုးတာလား၊ ဉာဏ်နဲ့ထိုးတာလား (ကံနဲ့ ထိုးတာပါ)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ ဉာဏ်နဲ့ထိုးလို့ရှိရင်ဖြင့် နေရာကျမှာပဲ။ ကံနဲ့သာထိုးနေကြမယ် ဆိုလို့ရှိရင်ဖြင့် နှစ်ကျပ် နှစ်ကျပ်နဲ့ မွဲလုရော့မယ်၊ ခင်ဗျားတို့ကလဲ (မှန်ပါ့ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ အပါယ်လေးပါး တံခါးပိတ်တာ ကံလမ်းလား၊ ဉာဏ်လမ်းလား (ဉာဏ်လမ်းပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အပါယ်လေးပါးနဲ့ တံခါးပိတ်တာ (ဉာဏ်လမ်းပါ ဘုရား)။ နိဗ္ဗာန်မြင်တာ ကံနဲ့မြင်တာလား၊ ဉာဏ်နဲ့မြင်တာလား (ဉာဏ်နဲ့ မြင်တာပါ ဘုရား)။ သေချာပလား (သေချာပါပြီ ဘုရား)။

နိဗ္ဗာန်မြင်မှလည်း အပါယ်လေးပါး တံခါးပိတ်တယ် မဟုတ်လား (မှန်ပါ့ ဘုရား)။ ကဲ. . . အားလုံး ဒကာ၊ ဒကာမတွေကော ကျေနပ်ကြပလား (ကျေနပ်ပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ခင်ဗျားတို့ ကံလမ်းသည်ကားလို့ ဆိုလို့ရှိရင် ခင်ဗျားတို့ကို ဘယ်လိုလုပ်တတ်ပါသတုံးလို့ မေးဖို့အရေးကြီးတယ် (မှန်ပါ့ ဘုရား)။

ကံကတော့ တစ်ခါတလေ နတ်ပြည်များ မြောက်တင်လိုက်တယ် (မှန်ပါ့)။ တစ်ခါတလေ နတ်ပြည်ကနေ ဒယ်အိုးထဲ တွန်းချလိုက်သေးတယ် (မှန်ပါ့)။ ကံ. . . ကံ (မှန်ပါ့ ဘုရား)။ ကံက ခင်ဗျားတို့ကို လူ့ဘောလုံးဖြစ်အောင် လုပ်ပါတယ် (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကံက ခင်ဗျားတို့ကို ဘယ့်နှယ်လုပ်တယ် (လူ့ဘောလုံးဖြစ်အောင် လုပ်ပါတယ်)။ လူ့ဘောလုံးဖြစ်အောင် လုပ်ပါတယ် (မှန်ပါ့)။ အထက်မြောက်ကန်လိုက်ပြန်တာလဲ ကံပဲ၊ အထက်ကနေပြီး အောက်ချလိုက်တာကော (ကံပါပဲဘုရား)။

အဲ. . . ကံကတော့ ဒီအတိုင်းပဲ သွားမှာပဲ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကံကြောင့် လူကောင်း၊ နတ်ကောင်း မဖြစ်ဘူးဆိုလို့ကော ရရဲ့လား (မရပါ ဘုရား)။ အင်း ဟင်. . . လူကောင်း နတ်ကောင်းတွေပဲ အပါယ်လေးပါး မသွားဘူးလို့ကော ဆိုလို့ ရရဲ့လား (မရပါ ဘုရား)။ ဘယ်သူ့သတ္တိပါလိမ့် (ကံသတ္တိပါ ဘုရား)။

ဉာဏ်သတ္တိကတော့ ဒကာ၊ ဒကာမတို့ အထက်ကိုသာ သွားရတော့တယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဉာဏ်သတ္တိကတော့ (အထက်ကိုသာသွားရပါတယ်)။ အထက်ကိုသာ သွားရတော့ဘယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည်ကားလို့ဆိုရင် ဒီရဟန္တာကြီးတွေ ဖြေတာက ဦးခင်မောင် ပညာဝိမုတ္တာ ခေါ်မယ် သုသိမ၊ သုသိမ မယ်၊ ငါတို့သည် ပညာဝိမုတ္တာ- ပညာဉာဏ်နဲ့ ကိလေသာမှ လွတ်တဲ့နိဗ္ဗာန် ရောက်ခဲ့တာပဲ (မှန်ပါ့ ဘုရား)။ ဖော်ကိုဖြေတာ (မှန်ပါ့ ဘုရား)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

ဘာတုံး၊ ကံလမ်း ဖြေတာလား၊ ဉာဏ်လမ်း ဖြေတာလား (ဉာဏ်လမ်း ဖြေပါတယ် ဘုရား)။ သေချာပြီနော် (သေချာပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း ပုဇ္ဇခေါ် သုသိမ ဓမ္မဋ္ဌိတိဉာဏ်၊ ဟော လာပြန်ပြီ ဘုရားကလည်း နိဗ္ဗာနေဉာဏ်တဲ့၊ မလာဘူးလား (လာပါတယ် ဘုရား)။

ရှေ့ပိုင်းက ဓမ္မဋ္ဌိတိဉာဏ်တဲ့၊ နောက်ပိုင်းက (နိဗ္ဗာန်သိတဲ့ဉာဏ်ပါ ဘုရား)။ နိဗ္ဗာန်သိတဲ့ မဂ်ဉာဏ် (မှန်လှပါ ဘုရား)။ ဒါဖြင့် တိုတိုပြောကြစို့ ဒကာ၊ ဒကာမတို့ရဲ့ နားလည်မှု၊ ဒါက စာသံပါနေတယ်။

ဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာဉာဏံ နိဗ္ဗာနေ ဉာဏန္တိ မဂ္ဂဉာဏ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။ အဲဒီတော့ ရှေ့ပိုင်းက ဘာဉာဏ် (ဝိပဿနာဉာဏ်ပါ ဘုရား)။ နောက်ပိုင်းက (မဂ်ဉာဏ်ပါ ဘုရား)။

အဲဒါနဲ့ အပါယ်တံခါးပိတ်ပြီး ထွက်ခဲ့တယ်ဆိုတာ ဘုရားကလည်း နောက်ထပ်မဆင့်ဘူးလား (ဆင့်ပါတယ် ဘုရား)။

အဲဒီလို ဘုရားက ပြောလိုက်ပြန်တော့လည်း အားလုံး ဒကာ၊ ဒကာမတွေ စဉ်းစားပါ၊ သုသိမ ဘာမှ အခံမပါတဲ့ ပုဂ္ဂိုလ် ဖြစ်နေသောကြောင့် ကျေနပ်ပါရဲ့လား (မကျေနပ်ပါ ဘုရား)။

မကျေနပ်တော့ ဘုရားကလည်း ဦးဝတို့ ဒကာသစ်တို့ ကိုမြရွှေတို့ကို သုသိမ မင်း နားလည်ချင်လည်း မလည်ချင်လည်း နေတော့ ပြောပြန်ပြီ (မှန်ပါ့)။

မင်း နားလည်ချင်လည်း လည်တော့၊ မလည်ချင်လည်း နေတော့ကွာတဲ့။ ငါဘုရား၏ သာသနာတော်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာဟူသရွေ့ဟာ သမထ၏အကျိုး၊ သမထ၏အာနိသင်၊ သမထကြောင့်လို့ မင်း ဘယ်တော့မှ မမှတ်နဲ့တဲ့ ပြောလိုက်တယ် (မှန်ပါ့ ဘုရား)။ သဘောပါပလား (ပါပါပြီ ဘုရား)။

ငါဘုရားသာသနာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကျေတဲ့ ပုဂ္ဂိုလ်ဟူသရွေ့မှာ သမထအကျိုး၊ သမထအာနိသင်၊ သမထ



www.burmeseclassic.com

www.burmeseclassic.com

တပြီးစေတယ်လို့ ဘယ်တော့မှ မင်းမမှတ်နဲ့တဲ့ (မှန်ပါ့ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကိုင်း. . . အဋ္ဌကထာဆရာကကော၊ ဘုရားကကော အကုန်ဖြေချလိုက်တယ် (မှန်ပါ့)။ နိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ်ဟူသရွေ့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ ပုဂ္ဂိုလ်ဟူသရွေ့မှာဖြင့် သုသိမတဲ့၊ ဝိပဿနာဉာဏ်၏တန်ခိုး၊ ဝိပဿနာဉာဏ်၏အကျိုး၊ ဝိပဿနာဉာဏ်ကြောင့် ပြီးတယ်လို့ မင်းသေသေချာချာမှတ်တဲ့ (မှန်ပါ့ဘုရား)။

ဘယ်သူက ဖြေသတုံး (ဘုရားက ဖြေတာပါ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ)။ ပြန်ပြောပါဦးမယ် ဒကာ၊ ဒကာမတို့ ပြန်ပြောပါဦးမယ်။ ခင်ဗျားတို့ အင်မတန်အရေးကြီးနေလို့၊ သိလည်းသိပါစေတော့လို့၊ နှစ်ဉာဏ်နဲ့ ကိစ္စပြီးကြောင်းကိုလည်း ထင်ရှားပါစေတော့လို့ သေသေချာချာ ပြောနေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်လှပါ ဘုရား)။

ဟော့- သုသိမတဲ့၊ မင်း နားလည်ချင်လည်းလည်၊ မလည်ချင်လည်း နေတော့ ဘုရားက (မှန်ပါ့)။ ငါဘုရားသာသနာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာဟူသရွေ့ သမထကြောင့် သမထအာနိသင် သမထက ပြီးနေတယ်လို့ မင်းဘယ်တော့မှ မမှတ်နဲ့တဲ့ (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ ဝိပဿနာဉာဏ်၏အကျိုး၊ ဝိပဿနာဉာဏ်ကြောင့် ရတယ်၊ ဝိပဿနာဉာဏ်ကြောင့် အကျိုးပြီးတယ်ဆိုတာဟာ မင်း သေသေချာချာမှတ် (မှန်ပါ့ ဘုရား)။

ဘယ်သူက ပြောနေတာလဲ (ဘုရားက ပြောတာပါ)။ ဒီနှစ်ဉာဏ်ပြောဘယ်ဆိုတာ သေချာပလား (သေချာပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ နိဗ္ဗာန်လိုချင်လို့ ဒုက္ခခပ်သိမ်းငြိမ်းချမ်းပါတယ်ဘုရားလို့ ဆိုလို့ရှိရင်ဖြင့် ရှေ့ပိုင်းက ဝိပဿနာဉာဏ်ထားပါ (မှန်ပါ့)။ ရင့်လာလို့ရှိရင် ဘယ်ဉာဏ်ပေါ်မလဲ (မဂ်ဉာဏ်ပေါ်ပါမယ် ဘုရား)။

မဂ်ဉာဏ်ပေါ်ခတော့ သူပျောက်ပါတယ် (မှန်ပါ့)။ သူ့ဟာသူ ပျောက်သွားတယ် (မှန်ပါ့)။ မပျောက်သေးဘူးလား (ပျောက်ပါတယ် ဘုရား)။ ဒီငါးပါး ပျောက်ပြီးသကာလ ရှစ်ပါး ပေါ်မလာသေးဘူးလား (ပေါ်လာပါတယ် ဘုရား)။

အဲ. . . ငါးပါးက အနိစ္စရောက်ပြီး ရှစ်ပါးက မဂ်အဖြစ်နဲ့ ပေါ်လာပါတယ် (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် ဘုရားက ပဋ္ဌာန်းပါဠိတော်များ ကျလာတော့ ဒကာ၊ ဒကာမတွေ သေချာလိုက်တာ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ သူ့ကို အနိစ္စ ဒုက္ခ အနတ္တမြင်တာ ဝိပဿနာဉာဏ်ကွ (မှန်ပါ့)။ သူက သင်္ခါရတရားကိုး (မှန်ပါ့)။

သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဒီသင်္ခါရ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ မြင်တာ ဝိပဿတိတဲ့၊ ဝိပဿနာဉာဏ် (မှန်ပါ့ ဘုရား)။ ဒါ ပဋ္ဌာန်းပါဠိတော် သင်္ခါရတရားကို အနိစ္စလို့ မြင်တာက (ဝိပဿနာဉာဏ်ပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဝိပဿနာဉာဏ်အတွက်တော့ ဘုရားက ပဋ္ဌာန်းပါဠိတော်မှာ ဒီလိုဟောတယ်ဆိုတော့ မသေချာသေးဘူးလား ဦးခင်မောင် (သေချာပါတယ် ဘုရား)။

သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ဒါက အနိစ္စ ဒုက္ခ အနတ္တပါကွာတဲ့။ ဒါက ဝိပဿနာဉာဏ်ပါ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။ သင်္ခါရတရားကို အနိစ္စ ဒုက္ခ အနတ္တလို့ မြင်တာက ဘာဉာဏ်ပါလိမ့် (ဝိပဿနာဉာဏ်ပါ ဘုရား)။

အဲ. . . ဝိပဿနာဉာဏ်လည်း ဆုံးပါရော ဒကာ၊ ဒကာမတို့ နိဗ္ဗာနံမဂ္ဂဿ ဆိုတော့ ဒီနိဗ္ဗာနံမဂ္ဂဿကျတော့ ဝိပဿနာပါသေးရဲ့လား (မပါပါ ဘုရား)။ ဝိပဿနာ မပါဘူးတဲ့။

"နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေနပစ္စယော" လို့ ဟောလိုက်ပြန်တော့ ဒကာ၊ ဒကာမတို့ သိတဲ့အတိုင်းတဲ့၊ စကားလည်း အင်မတန်ကြီးပါတယ်။ မှန်တာကလည်း ပဋ္ဌာန်းပါဠိတော်ဖြစ်နေလို့ အင်မတန်မှ သံယုတ်ပါဠိတော်နဲ့ ပဋ္ဌာန်းနဲ့ တစ်ထပ်တည်း သွားနေတယ် (မှန်ပါ့ ဘုရား)။

အဲဒီတော့ နိဗ္ဗာနံမဂ္ဂဿဆိုသဖြင့် သင်္ခါရေမဂ္ဂဿလို့ လာခဲ့လား (မလာပါ ဘုရား)။ ဒါဖြင့် ဒုက္ခအဆုံး နိဗ္ဗာန်မြင်တာက ဘာဉာဏ်ဆိုကြမယ် (မဂ်ဉာဏ်ပါ ဘုရား)။ သင်္ခါရ ဒုက္ခ မြင်တာ ဘာဆိုကြမယ် (ဝိပဿနာဉာဏ်ပါ ဘုရား)။

အဲ. . . သင်္ခါရဒုက္ခ မြင်တာက ဝိပဿနာဉာဏ်၊ ဒုက္ခအဆုံး နိဗ္ဗာန်မြင်တာက (မဂ်ဉာဏ်ပါ ဘုရား)။ မဂ်ဉာဏ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်နှဉာဏ်နဲ့ ကိစ္စပြီးပါလိမ့်မတုံး (နှစ်ဉာဏ်နဲ့ ကိစ္စပြီးပါတယ် ဘုရား)။ နှစ်ဉာဏ်နဲ့ ကိစ္စပြီးတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘယ်လိုများ အားထုတ်ရပါလိမ့်မတုံး ဆိုတာကော သံသယရှိသေးရဲ့လား (မရှိပါ ဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး စမ်းသပ်ကြည့်နေ၊ အသက်ကလေး မှန်မှန်ရှူ ရှူပြီးသကာလ စိုက်ကြည့်တော့ ဟိုကယား၊ ဒီကနာ၊ ဟိုစိတ်ကလေး ပေါ်လာ၊ ဒီစိတ်ကလေးတွေပေါ်လာ၊ ပေါ်တာကလေးတွေက ခုနကလည်းမရှိဘူး၊ အခုလည်း ရှာမတွေ့ပြန်ဘူး၊ ခုနက မရှိဘူး၊ အခု ပေါ်လာပြီ၊ ပေါ်လာပြီ။ သူရှာမတွေ့ဘူး ဆိုတဲ့ဥစ္စာသည် ဒကာ၊ ဒကာမတို့ အဲဒါ ခန္ဓာထဲက အနိစ္စတွေ ပြနေတာ (မှန်ပါ့ ဘုရား)။

ယားရင် ယားတဲ့နေရာ အနိစ္စရှု စိတ်ကလေးပေါ်လာ ပေါ်လာတဲ့နေရာ (အနိစ္စရှုရပါမယ်)။ မျက်လုံးထဲ မြင်စိတ်ကလေးပေါ်လာရင် မြင်စိတ်ကို အနိစ္စရှုရပါမယ်။ ကြားစိတ်ကလေးပေါ်လာရင် (အနိစ္စရှုရပါမယ်)။ ကြားစိတ်ကလေးရှု



www.burmeseclassic.com

www.burmeseclassic.com

သူဟာသည် "အဒဿနတော အာယန္တိ ဘဂ္ဂါ ဂစ္ဆန္တိ အဒဿနံ" မမြင်ရာအရပ်က ပေါ်လာတယ်။ ချုပ်တော့လည်း မမြင်ရာအရပ်ပဲ သွားတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ မမြင်ရာအရပ်က ပေါ်လာတယ်၊ ချုပ်သွားတော့လည်း (မမြင်ရာအရပ် သွားပါတယ် ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာက ဥပမာနဲ့တကွ ပြလိုက်တယ်။ ကောင်းကင်မှာ လျှပ်စစ်ကလေးတွေ ဒကာ၊ ဒကာမတွေက မော့ကြည့်နေတာပေါ့၊ တိမ်ကြားထဲက ဖျတ်ခနဲ ထွက်မလာပေဘူးလား (ထွက်လာပါတယ် ဘုရား)။ သူပြန်ဝင်တော့ကော (ဖျတ်ခနဲပါ ဘုရား)။ ဩော်. . . အဲဒီအတိုင်းသာ မှတ်ပါ (မှန်ပါ့ ဘုရား)။

ဒီမျက်လုံးထဲ ပေါ်လာတဲ့စိတ်ကလေးဟာ ဖျတ်ခနဲ ပေါ်လာပြီး ဖျတ်ခနဲ ချုပ်သွားတာပဲ (မှန်ပါ့ ဘုရား)။ ဟိုလျှပ်စစ်ကမှ မြင်ရသေးတယ်နော် (မှန်ပါ့ ဘုရား)။ ဒီဟာကတော့ ဩော်. . . ပေါ်လည်းပေါ်တယ်၊ ရှိလည်းမရှိဘူးလို့ မဂ္ဂင်ငါးပါးနဲ့ ရှုရှုပေး (မှန်ပါ့)။ နားထဲကြားတဲ့ စိတ်ကလေးရှု၊ နှာခေါင်းထဲနံတဲ့ စိတ်ကလေး (ရှုရပါမယ်)။ ကိုယ်ပေါ်မှာ ယားတဲ့ ယံတဲ့စိတ်ကလေး (ရှုရပါမယ်)။ ကိုယ်ပေါ်မှာ ကောင်းတဲ့စိတ်ကလေး (ရှုရပါမယ်)။ ဝမ်းထဲမှာ ဝမ်းသာတဲ့ စိတ်ကလေး (ရှုရပါမယ်)။ ဝမ်းနည်းတဲ့ စိတ်ကလေး (ရှုရပါမယ်)။ ဒေါသထားတဲ့ စိတ်ကလေး (ရှုရပါမယ်)။ သောကဖြစ်တဲ့ စိတ်ကလေး (ရှုရပါမယ်)။ သံသယဖြစ်တဲ့ စိတ်ကလေး (ရှုရပါမယ်)။ ကုက္ကုစ္စဖြစ်တဲ့ စိတ်ကလေး (ရှုရပါမယ်)။ အကုန်ရှုရမယ်ဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။

အဲဒါ သင်္ခါရတရားတွေမို့ သင်္ခါရတရား ပျက်တတ်သည်လို့မှတ်လိုက်ပါ (မှန်ပါ့ ဘုရား)။ သင်္ခါရ တရား (ပျက်တတ်ပါတယ် ဘုရား)။ ပေါ်လာတာ သင်္ခါရ ပျက်သွားတာက အနိစ္စ (မှန်ပါ့ ဘုရား)။ ပေါ်လာတာ (သင်္ခါရပါ)။ ပျက်သွားတာ (အနိစ္စပါ ဘုရား)။ အဲဒါကြောင့် သဗ္ဗေသင်္ခါရာ အနိစ္စာ (မှန်ပါ့)။

ပေါ်လာတာ (သင်္ခါရပါ)။ ပျက်သွားတာက (အနိစ္စပါ ဘုရား)။ အဲဒါ ပါဠိထဲသွင်းလိုက် သဗ္ဗေသင်္ခါရာ (အနိစ္စာပါ ဘုရား)။ အဲ. . . သင်္ခါရဟာပျက်တယ်ကွတဲ့ (မှန်ပါ့)။သဘောပါပလား (ပါပါပြီ)။

အဲဒါကလေးတွေ ဒကာ၊ ဒကာမတွေက ရှုလိုက်တဲ့အခါကျတော့ အပျက်မြင်တာသည် ဝိပဿနာမဂ် (မှန်ပါ့)။ အပျက်အဆုံးမြင်တာသည် လောကုတ္တရာမဂ် (မှန်ပါ့)။ အပျက်မြင်တာသည် (ဝိပဿနာမဂ်)။ အပျက်အဆုံး မြင်တာသည် (လောကုတ္တရာမဂ်ပါ ဘုရား)။ လောကုတ္တရာမဂ်ဆိုတာ သေချာပလား (သေချာပါပြီ)။ အဲဒီတော့ သုသိမကိုလည်း ဘုရားက ဘယ်နှဉာဏ်ဟောပါလိမ့် (နှစ်ဉာဏ်ပါ ဘုရား)။ ရဟန္တာကြီးတွေကလည်း (နှစ်ဉာဏ်ပါ ဘုရား)။ နှစ်ဉာဏ်ပဲ ဟောတယ်။

အဲဒီတော့ သုသိမက ဘုရားဟောတာလည်း မကျေနပ်သေးဘူး (မှန်ပါ့ ဘုရား)။ မကျေနပ်တော့ နက်ဖြန်ကျတော့မှ သုသိမကို ရဟန္တာဖြစ်အောင် ဟောတဲ့တရား လာလိမ့်ဦးမယ် (မှန်ပါ့)။ သုသိမ ရဟန္တာဖြစ်ဦးမယ် (မှန်ပါ့ဘုရား)။

အဲဒီရဟန္တာ ဖြစ်ပြီးတော့မှ မင်း ကောင်းကင်ပျံနိုင်သလား၊ မြေလျှိုးနိုင်သလား ဆိုတာ ဖွတ်မြီးနဲ့ ဖွတ်ချည်ပါလိမ့်ဦးမယ် (မှန်ပါ့ ဘုရား)။

အဲဒါ နက်ဖြန်မှ နားထောင်ကြ၊ ယနေ့ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

## တရားနာနည်း

## နိဿရဏ်း တရားတော်

နားက ဘုန်းကြီးပြောတာကို နာပါလို့ သတိပေးလိုက်တယ်နော်၊ ဉာဉ်က ခန္ဓာကိုယ်လှည့်ကြပါလို့ ထပ်ပြီး သတိပေးလိုက်ရပြန်တယ်နော် (မှန်ပါ့)။

တရားကတော့ ဒကာ၊ ဒကာမတွေ နားကထောင်ရမှာပဲ ဉာဏ်ကတော့ဖြင့် (ခန္ဓာလှည့်ရပါမယ်)။ ဉာဏ်ကတော့ဖြင့် ခန္ဓာလှည့်ရလိမ့်မယ်။ ဘာကြောင့်တုံးလို့ ဆိုလို့ရှိရင် နားကတော့ဖြင့် ထောင်တတ်ရုံပဲ ရှိပါတယ်။ နားက ကြားတတ်တဲ့ သတ္တိ၊ မှတ်တတ်တဲ့ သတ္တိ ဒါလောက်ပဲ ရှိပါတယ်တဲ့။ ခန္ဓာထဲ ဘာဖြစ်နေတယ်ဆိုတဲ့ မြင်တတ်တဲ့ သတ္တိကတော့ ဉာဏ်ကမှ မြင်တတ်တဲ့သတ္တိရှိတယ်လို့ မှတ်ထားပါနော် (မှန်ပါ့ ဘုရား)။

အဲဒီတော့ 'ဒေသနာ ဉာဏာနုသာရေန ဉာဏံပေမသန္တာသံ ဉာဏုတ္တရဿဟောတိ' ဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားဟောတဲ့အခါကျတော့ တရားပွဲအဆုံးမှာ ဦးခင်မောင်တို့ ကျွတ်တမ်းဝင်ကြတယ်လို့ မပါပါလားဗျာ (ပါပါတယ် ဘုရား)။

အဲဒါ ဘယ်လိုများနာလို့ ပါသွားပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက မေးလို့ရှိရင်ဖြင့် ဦးဝ ဒီဟာ နားထောင်ကြည့်ပါနော် (မှန်ပါ့)။

ဒေသနာဉာဏာနုသာရေန၊ ဘုရားဟောတော်မူတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့် ဉာဏံပေသေန္တဿ၊ နားကတော့ တရားနာတာပါပဲ၊ ဉာဏ်ကတော့ ခန္ဓာကိုယ်ထဲ လွှတ်ပေးရမယ် (မှန်ပါ့)။

ဉာဏ်က ဘယ်လွှတ်ပေးရမယ် (ခန္ဓာကိုယ်ထဲ လွှတ်ပေးရပါမယ်)။ ဉာဏ်က ခန္ဓာကိုယ်ထဲ လွှတ်ပေးကြပါလို့၊



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ လွှတ်ပေးကြပါလို့ ခင်ဗျားတို့ကို အသိပေးလိုက်တယ် (မှန်လှပါ ဘုရား)။

အဲဒီလို၊ ဖြစ်လာတဲ့အခါကျတော့မှ နားက နာပြီးသကာလ ဘုန်းကြီးဟောတဲ့တရား၊ ဘုရားဟောတော်မူတဲ့ တရားတွေ နားက နာပြီးသကာလ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လွှတ်ပေးပါ (မှန်ပါ့ ဘုရား)။ ဒါကြောင့် ဒေသနာဉာဏာနု သာရေန၊ ဟောတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့်၊ ဉာဏ်း ဉာဏ်ကို၊ ပေသေန္တဿ၊ ခန္ဓာကိုယ်ထဲမှာ လွှတ်သော ပုဂ္ဂိုလ်အား၊ ခန္ဓာကိုယ်ထဲ ဉာဏ်ကလေး လှည့်ပါနော် (မှန်ပါ့ ဘုရား)။

ဘာဖြစ်သွားမတုံး ဆိုတော့ ဉာဏုတ္တရဿဟောတိ၊ အမြင့်ဆုံးမဂ်ဉာဏ် ဖြစ်သွားလိမ့်မကွာ (မှန်ပါ့)။ အမြတ်ဆုံး မဂ်ဉာဏ် ဖြစ်သွားတဲ့အခါကျတော့ တရားနာရင်း ကိုယ့်ဟာ ကိုယ် သောတာပန် ဖြစ်သွားမယ် (မှန်ပါ့ ဘုရား)။

ဦးခင်မောင်ရေ တယ်အဖိုးတန်ပါကလား (အဖိုးတန် ပါတယ် ဘုရား)။ အားလုံး ဒကာ၊ ဒကာမတွေ ဘုရားလက် ထက်က တရားနာနည်းနော် (မှန်ပါ့)။ ဘုရားလက်ထက်က တရားနာနည်း ဦးဝတို့ ဂရုစိုက်ပါ။

ဒေသနာဉာဏာနုသာရေန၊ မြတ်စွာဘုရား ဟော တော်မူတဲ့ ဒေသနာဉာဏ်တွေကို နားက ထောင်ပြီးသကာလ ကြော်. . . ဒီလိုဟောနေပါကလား၊ ခန္ဓာကိုယ်ကြီးအကြောင်း ဒီလိုဟောနေပါကလားလို့ နားက ထောင်မယ်နော် (မှန်ပါ့ ဘုရား)။

နားက ထောင်ပြီးသကာလ ဉာဏံပေသေန္တဿ၊ ဉာဏ်၊ မိမိသန္တာန်ပါတဲ့ ဉာဏ်ကလေးကို၊ ပေသေန္တဿ၊ ခန္ဓာ ကိုယ်ထဲမှာ လွှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

ဒါဖြင့် နားက တရားကိုနာ၊ ဉာဏ်က ခန္ဓာကိုယ်လှည့် (မှန်ပါ့)။ နားက ဘာတဲ့ (တရားနာရပါမယ်)။ ဉာဏ်က ဘာ တဲ့ (ခန္ဓာကိုယ် လှည့်ရပါမယ်)။ ခန္ဓာကိုယ်လှည့် (မှန်ပါ့ ဘုရား)။

ဒကာ၊-ဒကာမတွေ ဒါ ဘယ့်နှယ်ကြောင့် ဒီလောက် အရေးတကြီး ပြောနေပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဒီအချိန်မှာ သမာဓိ၊ ပညာတွေကလည်း ကောင်းတဲ့အချိန်ဖြစ် နေတော့ တရားနာရင်းနဲ့လည်း ဘုရားလက်ထက်က ဘယ်သူ သောတာပန်တည်တယ်၊ ဘယ်သူ သကဒါဂါမ်၊ ဘယ်သူ အနာဂါမ်၊ နန္ဒတို့များ ဟောလိုက်ရတာ၊ ရဟန္တာကျအောင် တည်တာတွေရှိပြီသကာလ နေတာ ဘယ့်နှယ်ကြောင့်ပါလိမ့် တုံး မေးမှာစိုးတဲ့အတွက် ကြော်. . . သူတို့တရားနာတာက နာတာ တရားကို နာပါတယ်။ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လွှတ် လိုက်သောကြောင့် (မှန်ပါ့ဘုရား)။ ဉာဏ်က ခန္ဓာကိုယ်ထဲ မှာ အရှုခိုင်းလိုက်သောကြောင့် ဉာဏ်ထက်ပြီးသကာလ ထက်တဲ့မဂ်ဉာဏ် ပေါ်လာတယ်လို့ပြောတာပါ(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီတရားနာနည်းအတိုင်း ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေလည်း ဒီအတိုင်း နာကြရလိမ့် မယ်နော် (မှန်ပါတယ် ဘုရား)။ ဘယ်ဆရာတော်ဟောလို့ ဘယ်လိုပဲနာနာ၊ ဘယ်မှာပဲနာနာ၊ ကြော်. . . နားက တရား နာရမယ်၊ ဉာဏ်က ခန္ဓာကိုယ်ထဲ စေလွှတ်ရမယ် (မှန်ပါ့)။ ဦးခင်မောင် ဉာဏ်က ဘာတဲ့ (ခန္ဓာကိုယ်ထဲ စေလွှတ်ရပါ မယ် ဘုရား)။

စေလွှတ်ဖန်များလာတော့ ဉာဏ်ထက်လာလိမ့်မယ် (မှန်ပါ့)။ အဲဒီ ဉာဏ်ထက်လာလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေ အဲဒီ ထက်တဲ့ဉာဏ်က ပယ်လိုက်တဲ့ သောတာပတ္တိ မဂ်ဉာဏ် က ပယ်လိုက်တဲ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ ဆိုတဲ့ တရားတွေဟာ ပယ်ပြီးသား ဖြစ်သွားတယ် (မှန်ပါ့)။

ကြော်. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တရားနာနည်း နိဿယရည်းကို အခု ဆရာဘုန်းကြီးက ပေး လိုက်ပြန်တော့ တရားနာရင်းကို ကိစ္စပြီးနိုင်တဲ့ သဘောတွေ လည်း အဋ္ဌကထာဆရာက ရေးထားတဲ့အတွက် ဦးခင်မောင် ရေ ဒီနာနည်းကို လက်မလွှတ်ပါနဲ့ (မှန်ပါ့)။ ဒကာသစ် ဘာ တဲ့တုံး (ဒီနာနည်း လက်မလွှတ်ပါနဲ့)။ ဦးကံရင်တို့ နာနည်းပေ မယ့် အရေးကြီးတယ်နော် (ကြီးပါတယ် ဘုရား)။

နာနည်းပေမယ့် ဒကာ၊ ဒကာမတို့ အရေးကြီးတယ် ဆိုတာ သေသေချာချာ မှတ်ကြပါ (မှန်ပါ့)။ တရားနာတာ ဘုန်းကြီးက ပြောတယ်။ ကုသိုလ်ဖြစ်ရုံကလေး မနာလိုက်ပါ နဲ့ (မှန်ပါ့)။ ပဋိစ္စသမုပ္ပာဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါ (မှန်ပါ့)။ ဦးခင်မောင် ဘယ်လိုနာသတုံး (ပဋိစ္စသမုပ္ပာဒ် ပြတ် သည့်တိုင်အောင် နာလိုက်ပါ ဘုရား)။

ပဋိစ္စသမုပ္ပာဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါဆို တော့ နောက်အလုပ်နဲ့လည်း ပြပါလိမ့်မယ် ဒကာ၊ ဒကာမတို့ ပဋိစ္စသမုပ္ပာဒ် ပြတ်ဆိုတဲ့ဥစ္စာက ပဋိစ္စသမုပ္ပာဒ်က "ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုတာ ဦးခင်မောင် မပြတ်တာ (မှန်ပါ့ မပြတ်တာပါ)။ မပြတ် တဲ့ ပါဠိတော်နော် (မှန်ပါ့)။

"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဆိုတာက ပြတ်လို့ နိဗ္ဗာန်ရောက်တာ ပြောတာ (မှန်ပါ့)။ အဲဒါကြောင့် ဒကာ၊ ဒကာမတွေ နားက ဘာလုပ် ကြမယ် (နာရပါမယ် ဘုရား)။ နားကဖြင့် တရားပဲ၊ ဘုန်းကြီး ဟောတဲ့ ဝိပဿနာတရားပဲ နာရမှာပဲ (မှန်ပါ့)။

(ဆက်ရန်)

မှူးဒါန


❑





www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့

## ဆင်ဖြူကျွန်းအောင်သိန်း

ထိုကဲ့သို့ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် အကြီးချုပ် မဟာနာယကအဖြစ် ပါဝင်ဖွဲ့စည်းထားသော အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ ဦးကျော်ရန်မှာ သူ့ခေတ် သူ့အခါက အလွန်ထင်ရှားသော မြို့မျက်နှာဖုံး မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ အမှုထမ်းကောင်းရွှေတံဆိပ်ရမင်းလည်း ဖြစ်သည်။ သူ၏ ရွှေလက်ဝါးဆေးတိုက်မှာလည်း တစ်နိုင်ငံလုံး ပျံ့နှံ့ကျော်ကြားသည်။

လပြည့်ဝန်းမဂ္ဂဇင်း (မတ်လ၊ ၂၀၁၅)



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယဥက္ကဋ္ဌ ဦးဘတုတ်မှာ ည်း ဗဟိုဘဏ်လီမိတက်၏ ဥက္ကဋ္ဌ ဖြစ်ပေသည်။ နောက်ထပ် ဒုတိယဥက္ကဋ္ဌ မှာ သားသည်။ ဦးဒွေး ဖြစ်သည်။ အငြိမ်း း စစ်ကဲကြီး ဖြစ်သည်။

နောက်ထပ် ဒုတိယဥက္ကဋ္ဌ တစ် ယောက်မှာ ပွဲစားကြီး ကျောင်းဒါယကာ ကြီး ဦးမူ ဖြစ်သည်။

ထိုနိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းတော်ကြီးမှ တိုင်းသူပြည်သား လူအများသို့ တိုက်တွန်းနှိုးဆော်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

"ဆရာတော် တိုက်တွန်းနှိုးဆော် အပ်သည်။ အထက်အောက် မြန်မာ နိုင်ငံတော်အတွင်းမှာ ရှိနေကြကုန်သော မြို့-နယ်အရာရှိအပေါင်းတို့နှင့် ထိုထိုမြို့ ရွာနေ ဘောဂ၊ သဒ္ဓါ၊ ပညာ၊ ဗလ ပြည့်စုံကြသူ ဗုဒ္ဓဘာသာဝင် ရှင်လူ အပေါင်း သူတော်ကောင်းတို့. . .

အကြောင်းကို ဖော်ပြရန်မှာ လောကဌ်ရှိကြသော သက်ရှိ သက်မဲ့ အလုံးစုံတို့မှာပင် အမြင့်အမြတ် အကောင်း အညွှန့်မည်သည် အလွန် ရှားပါး၏။ လောကဌ် ပေါ်ပေါက်ခဲ၏။ ပေါ်ပေါက် လာပါသော်လည်း အလိမ် မပြောင် မြောက်တတ်၍ ချီးမြှောက်စောင့်ရှောက်မည့် သူရှိပါမှ လောကဌ် တည်နေနိုင်၏။ အနှံ့အပြား ပြန့်ပွားအောင် ပြုစုသူရှိပါမှ လောကဌ် ပြန့်ပွားနိုင်၏။ အယုတ်အညံ့ အဆိုးအရှားမည်သည် လောကဌ် အညွှန့်ပေါ်များ၏။ အလွန်ပေါ်ပေါက် လွယ်၏၊ စောင့်ရှောက် ပြုစုမည့်သူ မရှိဘဲနှင့်ပင် အတည်ဖြစ်နိုင်၏။ ပြန့်ပွား နိုင်၏၊ စောင့်ရှောက်ပြုပြင်မည့်သူ ရှိခဲ့ ပါလျှင် ဆိုဖွယ်ရာမရှိပြီ။

ငါတို့ ဗုဒ္ဓဘာသာ သာသနာ တော်မြတ်ကြီးသည် အမြင့်တကာတို့ ထက် အမြင့်ဆုံး၊ အမြတ်တကာတို့ထက် အမြတ်ဆုံး၊ အကောင်းမွန်တကာတို့ ထက် အကောင်းအမွန်ဆုံးဖြစ်၏။ ကမ္ဘာ ဆောက်ကြသော်လည်း တစ်ခါတစ်ရံ ပေါ်ပေါက်ခဲ၏။

"ပေါ်ပေါက်လာပါသော်လည်း အသိအလိမ္မာ ဉာဏ်ပညာကြီးကြီးနှင့် ချီးမြှောက်စောင့်ရှောက်သူ ရှိပါမှ လောကဌ် တည်နိုင်၏။ အရပ်တစ်ပါး ပြန့်ပွား နိုင်ရန် ကြံဖန်ပြုလုပ်သူရှိပါမှ ပြန့်ပွား နိုင်၏။ ချီးမြှောက်ကြံဖန် ပြုလုပ်သူမည် သည် . . .

(၁) ဗုဒ္ဓဘာသာ သာသနာပြုမင်း ရှိခဲ့ပါလျှင် သာသနာပြုမင်း၏တာဝန် ဖြစ်သည်။

(၂) သာသနာပြုမင်း မရှိခဲ့လျှင် ဗုဒ္ဓ ဘာသာဝင် ရှင်ရှင်လူလူ တိုင်းသူပြည် သား လူအများတို့၏ တာဝန်ဖြစ်သည်။

ထိုနှစ်ပါးတို့တွင် ငါတို့နိုင်ငံမှာ ယခုအခါသည် သာသနာပြုမင်း ဆိတ် ကင်းခိုက် ကြုံချေသည်ဖြစ်၍ ဗုဒ္ဓဘာ သာ သာသနာတော်မြတ်ကြီးသည် တိုင်းသူပြည်သား လူအများတို့၏လက် မှာတည်၍လေရကား ရှေ့သို့ ကာလ မြင့်ရှည်တည်တွန်းအောင် အားထုတ်မှု၊ တိုင်းတစ်ပါး နိုင်ငံတစ်ပါးသို့ ပြန့်ပွား အောင် အားထုတ်မှုများသည် ငါတို့ မြန်မာလူမျိုးတိုင်းသူပြည်သားလူအများ တို့၏ တာဝန်ဖြစ်၏။

ယခုအခါ အမေရိကန်၊အင်္ဂလန်၊ ဂျာမနီ၊ ဩစတြေးလျ၊ ပရံသစ်၊ အီတလီ အစရှိသော အနောက်နိုင်ငံများတွင် ပညာရှိကြီးတို့သည် မိမိတို့ တတ်သိ လိမ္မာကြသော လောကဓာတ်သဘာဝ တွေ့မြင်မှုဒိဋ္ဌတို့နှင့် အစစညီညာသည့် ဘာသာမှန်နည်းလမ်းကို စုံစမ်းရှာကြံ လျက် ရှိနေကုန်သည်ဖြစ်၍ တစ်မူးတန်၊ သုံးပဲတန် တရားမှန်စာအုပ်နှင့်ပင် လူ ဟုတ်လူဟတ် တစ်ယောက်ပါက တစ် ရာမက တစ်ထောင်မက ပါရာကျမည့် အခါသမယ ဖြစ်ချေသည်။

လောကဌ် မာတာပိတုဂုဏော အနန္တော၊ မိဘတို့၏ ကျေးဇူးသည် မြင်း မိုရ်တောင်မျှမက ကြီးမားလှပေသည်ဟု ပါးစပ်က ပြောတတ်ကြ၏။ စိတ်ထဲက မူကား သိးစေ့ခန့်မျှ အလေးဂရုမပြုကြ။ ထို့အတူ ဗုဒ္ဓဂုဏော အနန္တော မြတ်စွာ ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်သည် ငါတို့အပေါ်မှာ မြေထု ရေထု လေထုမျှ မက ကြီးမားလှပေသည်ဟု ပါးစပ်က ပြောဆိုတတ်ကြ၏။ စိတ်ထဲကမူကား အနန္တ ကျေးဇူးတော်မြတ်ကို တုံ့ဆပ် ပူဇော်ကြရန် အကြံအစည်ပင် မရှိကြ။ ကျေးဇူးတော်မြတ်ကို တုံ့ဆပ်ပူဇော်မှု မည်သည်ကား . . .

(၁) အဘိဓမ္မာ စာသင်ကျောင်း တည်ဆောက်မှု

(၂) အဘိဓမ္မာ စာပြန်ပွဲပြုလုပ်မှု

(၃) ဗုဒ္ဓဘာသာတရားကို တိုင်းတစ် ပါး နိုင်ငံတစ်ပါးတို့၌ ပြန့်ပွားအောင် ပြုလုပ်မှု

ဤကဲ့သို့ သာသနာတော်ကို စည်ပင်ပြန့်ပွားအောင် အားထုတ်ရွက် ဆောင်မှုပေတည်း။

ရွှေစေတီကြီး၊ ရွှေကျောင်းကြီး၊ ရွှေတန်ဆောင်းကြီးများကို မိုးပါးနီးမျှ ဆောက်လုပ်လှူဒါန်းကြသော်လည်း ကျေးဇူးတော်ကို ပူဇော်မှုမျိုးပင်မဟုတ်။ ရွှေလသာခိုက်မှာ ဗိုင်းငင်ကြသည်ဟူ သကဲ့သို့ သာသနာတော်တည်ရှိခိုက်မှာ နောင်မိမိတို့ ခံစားစံစားကြရန် ကုသိုလ် မျိုးကို စိုက်ပျိုးကြမှုသာဖြစ်ချေသည်။

ထို့အတူ နေ့စဉ်ညစဉ် ဆွမ်း တော်၊ ရေချမ်းတော်၊ ပန်းတော် ကင်လှူ ပူဇော်မှုများသည်လည်း ကျေးဇူးတော် ကို တုံ့ဆပ်ပူဇော်မှုမျိုးပင် မဟုတ်ချေ။ ပထမ သင်္ဂါယနာတင် အရှင်မဟာ ကဿပဝတ္ထုကို ထောက်မျှော်၍ ကျေး ဇူးတော် ပူဇော်မှုမည်သည် အထက်က ပြဆိုခဲ့ပြီးသောအတိုင်း သာသနာတော် ကို စည်ပင်ပြန့်ပွားအောင် အားထုတ် ရွက်ဆောင်မှုသည်သာလျှင် ကျေးဇူး တော်မြတ်ကို တုံ့ဆပ်ပူဇော်မှု အမှန်ဖြစ် ချေသည်ဟု ယုံကြည်ထိုက်လှ၏။

ထို့ကြောင့် ဗုဒ္ဓဂုဏောအနန္တော ပါးစပ်ပြောနှင့် မနောစိတ်ဝမ်း ဖြောင့် တန်းမျှတ ညီညွတ်ကြရန် ဉာဏ်ရှိသမျှ ဧွေးဆာမြောက်မြား သဒ္ဓါပွားကြ၍ မြတ်စွာဘုရားသည် ငါ၏အတွက်နှင့်





www.burmeseclassic.com

www.burmeseclassic.com

အသက်ခန္ဓာ ပြည်ရွာတိုင်းကား သားမယားများကိုပင် ဆံဖျားခန့်မတွန့်ဘဲ စွန့်တော်မူခဲ့မှုသည်ကား အသချေ်ယျအနန္တများပြားလှလေပြီ။

ငါသည်မူကား မြတ်စွာဘုရား၏ကျေးဇူးတော်ကို ပူဇော်ခြင်းငှာ သာသနာပြုမှုအတွက်နှင့် ငါ့အသက်ခန္ဓာကိုပင် စွန့်ပစ်ခြင်းငှာ ထိုက်လှပေ၏။ ဓနဥစ္စာ ရတနာရွှေငွေများကို ဆိုဖွယ်ရာပင် မရှိပေဟု အသိဉာဏ်ရွှေသွား သဒ္ဓါစိတ်ပွားကြလျက် ဆရာတော်ကို ဦးစီးနာယကထားပြီးလျှင် နိုင်ငံခြား သာသနာပြုအသင်း ဖွဲ့စည်း တည်ထောင်ကြရန်အကြံပြုလျက် အားထုတ်စီမံရာ ပါဝင်ကြစေလိုကြောင်း နှိုးဆော်တိုက်တွန်းပြည့္ထန်းထုတ်ဖော် ကြော်ငြာမိန့်ကြားလိုက်သည်"

နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းကြီးသည် ထိုအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ရခြင်း၏ မျှော်ကိုးရည်ရွယ်ချက်မှာ နိုင်ငံခြားမှ ပါဠိပညာရှင်ပုဂ္ဂိုလ်ကြီးများ လောကဓာတ်ပညာရှင်ကြီးများတို့သည် အဘိဓမ္မာ ဒေသနာနှင့်စပ်သော ခဲရာခဲဆစ် ပုစ္ဆာများကိုမကြာခဏ မေးမြန်းလျှောက်ထားကြရာဤအသင်းကြီးက ငွေကုန်ကြေးကျကျခံ၍ အဖြေလွှာကျမ်းစာအုပ်များကိုပေးပို့ဖြန့်ဝေခြင်းပင် ဖြစ်၏။

ရှင်တော်မြတ်ဘုရားသည် ဤသို့ မြွက်ဖော်မိန့်တော်မူခဲ့၏။

"ယခုအခါ ငါသည် တစ်ပါးတည်းသာ ပရိနိဗ္ဗာန်ပြုလေအံ့၊ ငါတစ်ပါးသာလျှင် သင်တို့ကို ဆုံးမ၏၊ ကါဘ်ပရိနိဗ္ဗာန်ပြုသည်ရှိသော် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဟု ဆိုအပ်သောဘုရားအဆူပေါင်း ရှစ်သောင်းလေးထောင်တို့သည် သင်တို့ကို ဆုံးမရစ်လတ္တံ့"

ထိုသို့ နောက်ဆုံး မြွက်ဖော်အမိန့်တော်မြတ်နှင့်အညီဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ဟု ဆိုအပ်သောဘုရားကိုယ်တော်မြတ် ရှစ်သောင်းလေးထောင်တို့သည် ဤမြန်မာပြည်နှင့်တကွအာရှတိုက်အဝင်အပါ ရှေးအထက်ကပစ္စန္တရစ် ဖြစ်ကြကုန်သော တိုင်းပြည်နိုင်ငံများစွာတို့သို့ ကြွရောက်ဆုံးမတော်မူသည့်အတိုင်း ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ သမ္မာအယူ၌ တည်ရှိကြသဖြင့်အပါယ်ဘေး၊ သံသရာဘေး ကင်းဝေးလွှင့်ပျောက်ချမ်းသာခြင်းသို့ ရောက်ဖို့ရန် ရည်သန်ခြင်း၊ ဗုဒ္ဓဩဝါဒကထာ သာသနာတော် မတည်သေးသောတိုင်းပြည်ခရိုင် နိုင်ငံရှိ လူအပေါင်းတို့အပေါ်၌ သာသနာတော် သက်ရောက်ရန်ကိုလည်း ကြံစည်အားထုတ်၍ဖွဲ့စည်းကြခြင်းများ ဖြစ်ပေ၏။

ယင်းသည့်အပြင် အောက်ပါရည်ရွယ်ချက်များလည်း အကျိုးပြုသက်ရောက်ရာ၌ ပါဝင်၏။

(၁) အင်္ဂလန်ပြည် ပါဠိတက်စ်ဆိုဆိုက်တီး မည်သော အသင်းကြီးမှ အင်္ဂလိပ် အက္ခရာဖြင့်ရေး၍ သင်္ဂါယနာတင်ပိဋကကျမ်းစာများကို အင်္ဂလိပ်ဘာသာပြန်ဆိုရာ၌ စရိတ်ငွေ ထောက်ပံ့ကူညီရန်။

(၂) လန်ဒန်မြို့တွင်ရှိသော "ဂရိဘရိတန်၊ အိုင်ယာလန် ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီး"နှင့် အခြားနိုင်ငံများရှိ ဗုဒ္ဓဘာသာ သာသနာပြုအသင်းများကြီးပွားတိုးတက်စေရန်အတွက်ထောက်ပံ့ကူညီရန်။

(၃) ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားစီရင်တော်မူသော "လယ်တီဒီပနီ" ကျမ်းစာအမျိုးမျိုးတို့အနက် နိုင်ငံခြား၌ ကျေးဇူးများမည့် ကျမ်းစာများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပုံနှိပ်ရာဖွင် ကုန်ကျစရိတ်ငွေများ ထောက်ပံ့ကူညီရန်။

(၄) နိုင်ငံခြားတွင် ဗုဒ္ဓသာသနာတော်မြတ် တည်ထွန်းတိုးပွားရန် အင်အားအလျောက် ချီးမြှောက်ထောက်ပံ့ကူညီရန်။

ထိုသို့ နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီးတည်ထောင်လိုက်ပြီးနောက်နိုင်ငံခြားမှ ပညာရှိကြီးများ မေးမြန်းကြသော အမေးပုစ္ဆာပြဿနာများကိုလည်းဖြေဆိုတော်မူ၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရိုက်နှိပ်ဝေငှ ဖြန့်ချိနေလေ၏။

ရိုက်စ်ဒေးဗစ် (လန်ဒန်ပါဠိဒေဝီ)၏ အမေးကိုလည်းကောင်း၊ ခရစ်ယာန်အသင်းအဖွဲ့များ၏ အမေးတို့ကိုလည်းကောင်း ဖြေရှင်းတော်မူခဲ့ပေ၏။ အသင်းကြီးသည်လည်း ဆတက်ထမ်းပိုး တိုး၍အောင်မြင်လာခဲ့သဖြင့် မူလရည်မှန်းချက်ထက်ပင် အကျိုးပြီးမြောက်လျက်နေလေ၏။

ဤအသင်းကြီး ပေါ်ပေါက်လာပြီးနောက် ဗိလတ်မြို့ ပါဠိအသင်းဝင်တို့တောင်းပန်ချက်အရ နိယာမဒီပနီနှင့်ၡင်းအဖွင့်ဋီကာ ယမိုက်အဖြေကျမ်းများ၊ မူလပရိယာယသုတ် အဖွင့်ကျမ်းများကိုလည်း ပါဠိဘာသာဖြင့် တခမ်းတနားရေးသားတော်မူ၍ အဆိုပါ ပါဠိအသင်းကြီးသို့ ပေးပို့လိုက်ရာ များစွာကျေနပ်အားရကြလေသည်။

ယမိုက် အဖြေကျမ်းကိုလည်းအင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီးကျန်ကျမ်းများကို ဆက်လက်ပြန်ဆိုကြလေ၏။ ဆရာတော်ဘုရားကြီး ဖြေဆိုရေးသားပေးပို့သော ဗုဒ္ဓဘာသာတရားအခက်အဆစ်များသည် အနောက်နိုင်ငံပညာရှိတို့ လွန်မင်းစွာ ကြိုက်နှစ်သက်ကြလေရကား လောကတွင် အမြင့်ဆုံးသော အတန်းကထား၍ ဆရာတော်ကြီးကို ကျေးဇူးတင်ကြ၏။

ထိုသို့ ကျေးဇူးတင်ကြောင်းကိုဆက်ကပ်စာများလည်း မကြာခဏ ရရှိသည်ကိုထောက်လျှင် နိုင်ငံခြား သာသနာပြုအသင်းကြီး တည်ထောင်ရခြင်း၏အကျိုးကျေးဇူးများပုံကို ထင်ရှားသိသာလှပေ၏။ ထို့ပြင် အနောက်နိုင်ငံသားတို့နှင့် အထူးသင့်လျော်မည့် သာသနာသမ္မတ္တိဒီပနီကိုလည်း ပါဠိဘာသာဖြင့်ရေးသားစီရင်တော်မူပြီးလျှင် အနောက်နိုင်ငံများသို့ ဖြန့်ချိဝေငှပေး၏။

www.burmeseclassic.com

ဤနိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီး အောင်မြင်ထမြောက်ခြင်းနှင့်စပ်လျဉ်းသည့် ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်ကိုလည်း ရှေးကရှိပြီးစုဆောင်းမှတ်သားထားပြီးအတိုင်း အစအဆုံး မူရင်းစာမူကို ထည့်သွင်းဖော်ပြလိုက်ရပါသည်။

ယခု နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးဖွဲ့စည်းတည်ထောင်ရခြင်း၏ အကြောင်းရင်းမှာ ဆရာတော်သည် ဤမြန်မာနိုင်ငံသူ နိုင်ငံသားတို့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သည်မှာ ဆယ်နှစ် ကျော်ခဲ့ပေပြီ။ ယခုလည်း သယ်ပိုးဆောင်ရွက်ဆဲပင် ဖြစ်သည်။

ရှေ့သို့လည်း ကာယဗလ ခိုင်ခံ့သမျှ ကာလပတ်လုံး သယ်ပိုးဆောင်ရွက်လတ္တံ့ပင် ဖြစ်သည်။ ဆရာတော်သယ်ပိုးဆောင်ရွက်သည့်အတွက် ယခုအထက်အောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပေါ်လွင်ထင်ရှားလျက်ရှိနေသည့် အကျိုးစီးပွားများမှာလည်း ရှင်ရှင်ထူလူ ပြည်သူအများတို့ ကြည့်ရှုမှတ်သား သင်ကြားလေ့ကျက်ကြစေရန်ဖြစ်သည်။

လူအများတို့ သင်ကြား လေ့ကျက်ကြစေရန် အချို့ ပါဠိဘာသာ၊ အချို့ မြန်မာဘာသာဖြင့် ကောင်းစွာစီရင်သည့် ဒီပနီကျမ်းပေါင်း၊ ဝိနိစ္ဆယကျမ်းပေါင်း ခြောက်ဆယ်ကျော် ခုနစ်ဆယ်ခန့်တို့သည် ယခုအခါ မြန်မာလူမျိုးတို့၏ အလင်းကြီးတွေ ဖြစ်၍နေသည်မှာ မြန်မာနိုင်ငံတစ်လွှား သိမြင်ထင်ရှားလျက်ရှိပေပြီ။

သုတ္တန်၊ အဘိဓမ္မာ နက်နဲစွာသော ဘာသာတရားကြီးတို့ကို အသီးသီး ထုတ်ဖော်ခင်းကျင်း ထင်းလင်းစွာ ပြောဟောမှုနှင့် အမြို့မြို့ အရွာရွာတို့မှာ "ဤမြန်မာနိုင်ငံတွင် တစ်ခါတစ်ရံမျှ မကြုံစဖူး မကြားစဖူး" အထူးတလည် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ တရားပွဲကြီးတွေ ပြုလုပ်ခဲ့သည်မှာလည်း အများသိရှိကြလေပြီ။

အဘိဓမ္မာ သာသနာ နေမင်းထွန်းလင်းစေရန် စာပြန်ပွဲကြီးငယ်ဖွယ်ရာသမူ ပြုလုပ်ကျင်းပခဲ့သည်မှာလည်း အခါပေါင်း များလှလေပြီ။ အမြို့မြို့ အရွာရွာတို့၌ မသိမလိမ္မာသူ လူငယ်အများ ကာလသားတို့ကို အသောက်အစား အကစားတို့မှ များစွာချွတ်ခဲ့လှလေပြီ။ ငါတို့ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ဘိုးဘွားစဉ်ဆက် အသက်သခင် စည်းစိမ်သခင် အစဉ်ထာဝရ ဖြစ်ကြပေကုန်သော ကျွဲနွားသတ္တဝါအပေါင်းတို့ကို အသောင်းများစွာ အသက်ဘေးမှ ချမ်းသာရအောင် ဆောင်ရွက်ခဲ့လှလေပြီ။

ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ကပ်ဥပဒ်အန္တရာယ် အမြောက်အမြား ဖြစ်ပွားရှိနေရာ ထိုထိုမြို့ရွာများသို့ ကိုယ်တော်တိုင် ကြွသွား၍ အလျင်အမြန် ပျောက်ငြိမ်းစေတည့်ရန် စီမံအားထုတ်ပါသဖြင့် သုံးလေးရက်အတွင်း အလျဉ်းပျောက်ငြိမ်း ချမ်းသာကြသည်မှာလည်း နိုင်ငံပေါ်တွင် ထင်ရှားလျက်ရှိလေပြီ။

ဤမျှလောက် မိမိနိုင်ငံ၏အကျိုးကို သည်ပိုးဆောင်ရွက်နေစဉ်အခါမှာ နိုင်ငံတခြား တိုင်းတစ်ပါးတို့၌ ဗုဒ္ဓဘာသာ သာသနာတော် အခွင့်အရေးများကို နားတစွင့်စွင့်နှင့်ပင် လင့်စားတော့တလျက် အချက်ကောင်း မည်ကဲ့သို့ ပေါ်လာလိမ့်မည်ဟု တစ်မျှော်တည်း မျှော်ခေါ်လျက် ရှိနေပေ၏။

မျှော်ခေါ်ခြင်း၏ အကြောင်းမူကား သီပေါမင်းလက်ထက် ဆီကပင် အင်္ဂလန်နိုင်ငံသို့ ပိဋကတ်သုံးပုံ ပါဠိတော် ကျမ်းအစုံဆောင်ယူ၍ ရောက်သွားသည်ကို ကြားရဖူးပေသည်။ ငါတို့ ဗုဒ္ဓဘာသာမှာ ထိုထိုအရပ်သို့ ပိဋကတ်တော်ကြီး ပေါက်ရောက်၍သွားမှ သာသနာတော်ကြီး ထွန်းကားနိုင်သည်။ ပိဋကတ်သုံးပုံကြီး ရောက်လာလျှင် မြတ်စွာဘုရားကိုယ်တော်တိုင် ရောက်လာသည်နှင့် အလားတူပေသည်။

**ဆင်ဖြူကျွန်းအောင်သိန်း**

□

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှံဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

---

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

---

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၂၃၇၄၇၀၅



www.burmeseclassic.com

www.burmeseclassic.com



# ရေအာဝိဇ္ဇာနံအောင် ပါရမီရှင် ဆရာတော်

## ကိုသက်(ဦးကုန်း)

'ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်'ဟု ဆိုရိုးစကားရှိသည်။ ရေအကျိုးကား (၁၀)ပါး ရှိ၏။ ရေကို လျှုဒါန်းလျှင် မတောင်းဘဲနှင့် လိုသောဆု ပြည့်ဝစေနိုင်၏။ လူသားတိုင်း ရေနှင့်မကင်းနိုင်ကြချေ။ ရေရှိသောနေရာ၊ ရေရနိုင်သော ဒေသများကို ရွေးချယ်နေထိုင်ကြ၏။ အညာဒေသတွင် ဆောင်ပုဒ်ရှိကြ၏။ "ရွှေကိုမလို၊ ရေကိုသာလို၏"။

မြတ်စွာဘုရား လက်ထက်တော်က ရောဟဏီမြစ်မရေကို သူပိုင်သည် ငါပိုင်သည်ဟူ၍ အငြင်းပွားခဲ့ကြသော ရေပြဿနာကို ဘုရားရှင်ကိုယ်တော်တိုင် ဖြေရှင်းပေးမှသာ ရေကြောင့် နှစ်ဖက်သော အုပ်စုနှစ်စု သွေးချောင်းစီးခါနီးတွင် ပြေငြိမ်းသွားခဲ့ရသည်။

ရေ၏တန်ဖိုး၊ ရေ၏အကျိုးကား ခေတ်အဆက်ဆက် အရေးပါနေမည်သာ ဖြစ်၏။ ယခုခေတ်တွင် လူအများ သောက်သုံးရေကန်၊ ရေတွင်း၊ မြစ်ချောင်းများသည် ရေသိုလှောင်ရာအဖြစ် ရေရရှိနိုင်ကြသော်လည်း ရေကို ထုတ်ယူသုံးစွဲမှုပုံစံမှာ ပြောင်းလဲလာခဲ့ပြီဖြစ်ပါသည်။

တိုးတက်ပြောင်းလဲလာနေသော ခေတ်ကြီးတွင် မြေအောက်မှရေကို လူတို့ အဝီစိတွင်းများတူး၍ ထုတ်ယူကာ သုံးစွဲလာကြခြင်း ဖြစ်လေသည်။ စက်ရေတွင်း၊ လက်နှိပ်တွင်းစသည်ဖြင့် တွင်းအမျိုးမျိုးရှိ၏။ လူသားတို့နေထိုင်ရာ မြေ၏အောက်ဖက်တွင် ပထဝီမြေလွှာ ဖွဲ့စည်းပုံကိုလိုက်၍ ရေချို၊ ရေငန်၊ သဲလွှာ၊ ကျောက်လွှာ၊ သတ္တုလွှာ စသည်ဖြင့် တည်ရှိနေ၏။ ရေကို တူးဖော်မည့်သူသည် မြေအောက်တွင်ရှိသော ရေချို၊ ရေငန်၊ အနက်ပေ မည်မျှ တူးဖော်ရမည်ကို တိုင်းထွာစစ်ဆေး လေ့လာရသည်။

ဤနေရာတွင် စက်ရေတွင်းကို အခစား တူးဖော်သူများ၏ အတွေ့အကြုံ ဗဟုသုတ၊ မြေပိုင်ရှင်၏ မြေအနေအထား၊ ကုသိုလ်ကံအပေါ် မူတည်၍ အဝီစိရေ အောင်မြင်စွာ

www.burmeseclassic.com



...ရှိမှုကို သိရှိရသည်။ မြေရှင် ကုသိုလ်ကံ မကောင်းပါက ...စိတွင်း မည်မျှတူးစေကာမူ ရေမတွေ့ရဘဲ စရိတ်လည်း ... မြေများပျက်စီးပြီး အချည်းနှီး ဖြစ်ကြရသည်။

ထိုအခါ စက်တွင်းတူးဆရာမှာလည်း မည်သို့မျှ မတတ် ...တော့ချေ။ သို့သော်လည်း စက်တွင်းတူးသူမှာ ငွေမကုန်ဘဲ ...ရုံးသူ မြေရှင်ကသာ ငွေကုန်ခံရသောကြောင့် ရေမရဘဲ ...သိန်းချီ ဆုံးရှုံးသွားကြသောသူ အတော်များများကို တွေ့ခဲ့ ...ပါသည်။

မြေအောက်တွင်ရှိသော ရေကို ထုတ်ယူသုံးစွဲရန် ...ဋ္ဌာန်ပါရမီရှင်မှ အမှန်တကယ် ရေရနိုင်မည့်နေရာ၊ တူး ...ရမည့် အနက်ပေ စသည်တို့ကို တိကျမှန်ကန်စွာဖြင့် ဂမ္ဘီရ ...ည်းဖြင့် ဖော်ထုတ် ဆောင်ရွက်နိုင်ခဲ့သည်ကို စာရေးသူ ...ယ်တိုင် လက်တွေ့ လေ့လာခွင့်ရခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ဘုရားငါးဆူ ...ရွာ၊ ကံဦးကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်သော ...နာယကဆရာတော် ဦးကုဏ္ဍကသည် ရှေးဘဝပါရမီကံ ...ခြားသည့်အလျောက် ရေအာဓိဋ္ဌာန်ဖြင့် လူသားတို့ကောင်း ...ကို သယ်ပိုးခဲ့သည်မှာ (၂၅)နှစ် ငွေရတုတိုင်ခဲ့ပြီ ဖြစ်ပါ ...သည်။

ဆရာတော်သည် "ရေဆရာတော်"ဟူ၍ သတင်းမကြီး ...သေးမီ ကာလက ထူးဆန်းမှုများစွာကို ကြုံတွေ့ခဲ့ရပါသည်။ ...ဆရာတော်သည် ပရိယတ္တိ၊ ပဋိပတ္တိ အခြေခံဖြင့် သာသနာ ...တော်တွင် ရိုးရိုးမှန်မှန်သာ ဘဝလမ်းခရီးကို လျှောက်လှမ်း လာခဲ့သည်။ ရေတူးဖော်မှု၊ ရေရရှိမှုအကြောင်း တရားများနှင့်ကား လုံးဝ ဆက်စပ် ပတ်သက်မှုမရှိခဲ့။ သို့ရာတွင် ကံအကြောင်းတရားများက ထူးခြားဆန်းကြယ်စွာ ဖြစ်ပေါ်လာခဲ့ရသည်။

(ယခုတင်ပြမည့် အချက်အလက်များမှာ ဆရာတော်မှ ဝါကြွားလိုသော၊ သတင်းကြီးလိုသော ဆန္ဒမျိုးမဟုတ်ဘဲ စာရေးသူ မေးမြန်းမှု အပေါ်တွင်သာ ဆရာတော်မှ ချင့်ချိန်ပြီး အမိန့်ရှိသော ဩဝါဒများသာ ဖြစ်ပါသည်။)

ဆရာတော်သည် ညတစ်ညတွင် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်တော်မူသည်။

ဆရာတော်သည် ဇမ္ဗူသပြေပင်ကြီး တစ်ပင်အနီးတွင် ရောက်နေသည်။ ထိုအပင်ကြီးကို အပ်ချည်များနှင့် ရစ်ပတ်နေသည်မှာ အတော်ကြာသွားပြီး လက်ဖြင့် ဆွဲနုတ်လိုက် အမြစ်မှ ကျွတ်ပါလာသည်။ ထိုအပင်ကြီးနှင့် ရေနဂါးကြီး တစ်ကောင် ကပ်ပါလာသည်ကို တွေ့လိုက်ရတော့သည်။

"ဟာ . . . ဟင် . . . အလို ရေနဂါးကြီးပါလား"

ဆရာတော်အား စေ့စေ့ကြည့်ပြီးနောက် . . .

"မောင်ပဉ္စင်း . . . ဘာမှ မကြောက်ပါနှင့်၊ သင်သည် ငါတို့ရဲ့ ပဋ္ဌာန်းဆက် အနွယ်တော်ထဲက ဖြစ်တယ်၊ လောကကောင်းကျိုးကို ရှေးရှုပြီး သတ္တဝါတွေရဲ့ အသက်ပေါင်းများစွာ ရှင်သန်နိုင်ဖို့အတွက် ရေနဲ့ အခက်အခဲ ကြုံနေသူတွေကို စောင့်ရှောက်ပေးရမယ်၊ လက်ညှိုးညွှန်လိုက်ရင် ရေဖြစ်စေရမယ်၊ ရေကို အကြောင်းပြုပြီး သာသနာပြုပေးရမယ်" ဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုနေဆဲမှာပင် ရေနဂါးကြီးမှာ မြင်ကွင်းထဲမှ တစ်စ တစ်စ ပျောက်ကွယ်သွားတော့သည်။

မကြာမီ ဆရာတော်လည်း အိပ်မက်မှ လန့်နိုးသွားသည်။ ထိုအိပ်မက်မက်ပြီး နောက်မှစ၍ ဆရာတော်၏ဘဝသည်လည်း စာချ၊ စာပြ၊ တရားပြ ဆရာတော်ဘဝမှ ရေဆရာတော်အဖြစ် တစ်စတစ်စ သတင်းကြီးလာခဲ့ပါတော့သည်။

မျိုးမကြာမီ ဆရာတော်၏ကျောင်းသို့ ယောဂီဝတ်သူတော်စင်တစ်ဦး ရောက်လာခဲ့လေသည်။ တစ်ကြိမ်တစ်ခါမှ သိကျွမ်းခဲ့ခြင်း မရှိသော ယောဂီသူတော်စင် ပုဂ္ဂိုလ်မှ ဆရာတော်ထံ ရောက်ရှိလာကာ လုပ်ငန်းတွင် အသုံးပြုရန်ဟု ပြောဆိုလျှောက်ထားပြီး လက်ဖွဲ့အဆောင်တစ်ခုကို ပေးအပ်သွားခဲ့သည်။ ထိုအဆောင်လက်ဖွဲ့မှာ ယနေ့ထက်တိုင် ဆရာတော်၏ ရေအဓိဋ္ဌာန်ပြုရာ နေရာတိုင်းတွင် အသုံးဝင်လျက်ရှိလေသည်။

ထူးဆန်းသော အိပ်မက်ကို မြင်မက်ပြီးနောက် ဆရာတော်ဦးဣန္ဒကသည် အဓိဋ္ဌာန်ကျင့်စဉ် စခန်းများကို ပိုမိုကြိုးစား အားထုတ်ခဲ့ပါတော့သည်။ မကြာမီ အဝီစိတွင်းတူးသူများနှင့် ဆက်သွယ်မိပြီးနောက် သူတို့ လျှောက်ထားတောင်းပန်မှုဖြင့် လုပ်ငန်းခွင်များ၌ ရေအခက်အခဲ ကြုံတွေ့ရသော နေရာများသို့ သွားရောက်ကာ မေတ္တာရှေ့ထား၍ ကူညီဆောင်ရွက်ပေးခဲ့လေသည်။

ရေတူးမရသော ဒေသများသို့ ဆရာတော် ကြွရောက်လာပြီဆိုလျှင် ရေကြည်ရေသန့်ကို အလွယ်တကူ တူးဖော်ရရှိကြသည်။ တွင်းတူးဆရာများ ထင်မထားသော နေရာများကို ဆရာတော်က မြေနေရာ သတ်မှတ်ပေးပါက အံ့သြစွာပင် ရေကို အလွယ်တကူ ရရှိကြလေသည်။

ထိုအခါ တွင်းတူးဆရာနှင့် မြေပိုင်ရှင်တို့က ဆရာတော်ကို ကျေးဇူးတင် မဆုံးတော့ချေ။

ဆရာတော်က ရေရဖို့ ခက်ခဲနေတဲ့သူတွေ ရေအလွယ်တကူရဖို့ပင် အာရုံထားသည်။ ကျန်တဲ့အပိုင်းကို အာရုံမထားသဖြင့် တစ်စတစ်စ ကြည်ညို လေးစားသူများ တိုးပွားလာရာ ယခုအခါ အဝီစိတွင်းပေါင်း (၈၀၀ပ) ခန့်ကို





ဒေသအနှံ့အပြားတွင် အဓိဋ္ဌာန်ဖြင့် ကူညီဆောင်ရွက် ပါရမီဖြည့်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ အရပ်ရပ်ရှိ ရေရှားပါးသော အရပ်ဒေသများမှ ဆရာတော်ထံသို့ လျှောက်ထားပါကလည်း ထိုဒေသများသို့ ကြွရောက်ကူညီ ဆောင်ရွက်ပေးတော်မူသည်။ ဆရာတော်သည် မိမိသီတင်းသုံးရာ ဘုရားငါးဆူ ကံဦးကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများကို နှစ်စဉ်ကိုယ်တိုင်ဟောကြား ပြသပေးခဲ့သည်မှာ (၁၅)ကြိမ်မြောက်ရှိပြီဖြစ်ရာ ရေအဓိဋ္ဌာန် အကူအညီတောင်းခံသူများ အနေဖြင့် ဆရာတော် အားသည့်အချိန်ကို ကြိုတင် လျှောက်ထားကြရသည်။

ဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်းမှာ ပေါင်းတည်မြို့နယ်၊ မြောက်ကုန်းကြီးကျေးရွာအုပ်စု၊ မြောက်ကုန်းကြီးကျေးရွာတွင် (၁၃၁၆)ခု၊ သီတင်းကျွတ်လဆုတ် (၅)ရက်၊ ခမည်းတော်ဦးညဏ်စ၊ မယ်တော်ဒေါ်လှတင် တို့မှ မွေးဖွားသန့်စင်သော စတုတ္ထမြောက် သားရတနာဖြစ်သည်။ (၁၇)နှစ်သားအရွယ်တွင် နိုင်ငံတော် သံဃာ့မဟာနာယက ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ကြီးထံ တပည့်ခံပြီး စာပေပရိယတ်များ သင်ယူလေ့လာ ဆည်းပူးခဲ့သည်။ (၁၃၅၉)ခုနှစ်တွင် ကံဦးကျောင်းတိုက်၌ ပဓာနနာယက ဖြစ်လာခဲ့သည်။ ဆရာတော်အား လေးစားကြည်ညိုကြသော အနယ်နယ် အရပ်ရပ်မှ သိက္ခာထပ် ကုသိုလ်ယူထားကြသော အလှူရှင်များမှာ (၂၃)ဦးထိ ရှိခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော်ကျောင်းသို့ သွားရောက်လိုပါက ပေါင်းတည်မြို့ အရှေ့ဘက်မှတ်တိုင် လမ်းမကြီးအတိုင်း ဘုရားငါးဆူကျေးရွာသို့ (၂)မိုင်ခန့်သွားရောက်ပြီး ရွာထိပ် ခရေပင်လမ်းခွဲတွင် ၎ာက်ဘဲဘက်သို့ကွေ့၍ အနည်းငယ် ဆက်သွားပါက ကဦးကျောင်းတိုက်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်းနှင့် ဖုန်းဖြင့် ဆက်သွယ်လျှောက်ထားလိုပါက ၀၉- ၄၉၅၁၄၀၅၀၊ ၀၉-၄၉၅၀၀၅၉၀ များသို့ ဆက်သွယ်နိုင်ကြောင်း လမ်းညွှန်ရေးသားအပ်ပါသည်။

ကိုသက်(ဇီးကုန်း)


❑





www.burmeseclassic.com

www.burmeseclassic.com



# သမိုင်းဝင် ကမ်းနီမြသီတင် ဘုရားကုန်းတော်ပေါ်မှ ကြက်သောင်းတောင်မောင်နှမ နန်းရင်းစေတီတော်များ

**ကေတု နုဝင်း**

**အတိတ်မှ အရိပ်**

နန်းမြို့နေပြည်၊ ကေတုမတီမှ မြောက်ဆီမျှော်ထောက်၊ ငါးမိုင်ရောက်က၊ ရွှေမြောက်ယုံကန်နွယ်၊ ကမ်းနီနယ်ဟု၊ တင့်တယ်ပေါ်လွင်၊ ခြောက်ရွာစဉ်လျက်၊ နယ်ခွင်လယ်တော၊ တောင်ယာပေါ်၍ သာမောဖွယ်မှန်၊ ဆည်တမံက၊ နွေခါစိုက်ပျိုး၊ အောင်ရေဖြိုးလို့၊ ထွက်တိုးသေချာ၊ ရွှေရောင်ဖြာဆင်း၊ ဝါဝါဝင်းမှဲ့၊ ယိမ်းနွဲ့နွဲ့နှင့်၊ စိမ်းလဲ့ကောက်ပင်၊ မြရောင်ဆင်လျက်၊ အမြင်တစ်မျိုး၊ တောင်ပေါ်ရိုးက၊ ပုထိုးစေတီ၊ မဝေစိန်၍၊ ကမ်းနီပေါင်းလောင်း၊ ကန်မြစ်ချောင်းတို့၊ ပတ်လည်တည်မှီ၊ ဖွံ့ဖြိုးစည်သည်၊ ကမ်းနီဒေသ ထူးထွေကြောင်း. . .

သာသနာပြု ဦးဇော်မင်း၏ ဖိတ်ကြားချက်အရ လည်းကောင်း၊ ကဗျာဆရာ ကမ်းနီတင်ကြိုင် (ကမ်းနီအုပ်ချုပ်ရေးမှူး)၏ ဖိတ်ခေါ်ချက်ကြောင့် (၂၈-၁-၂၀၁၃)နေ့က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ တောင်ငူမြို့နယ်အပိုင်၊ ကမ်းနီကျေးရွာရှိ သမိုင်းဝင် ကမ်းနီမြသီတင်ဘုရားသို့ (၅)မိုင်ခန့်ရှိသောမနီးကိုကုန်းတစ်တန်ရေတစ်တန်ဖြင့် ရောက်ရှိခဲ့သည်။

သရဏည်ချောင်းကို အစွဲပြုကာ သရထည်ဘုရား (မြတ်စောညီနောင်ဘုရား) ဟူ၍လည်းကောင်း၊ ယခုလည်း မြသီတင် (ခေါ်) ကမ်းနီချောင်းအား အစွဲပြုကာ မြသီတင်ဘုရား ဟူ၍လည်းကောင်း ဘွဲ့တော်သခဲ့သော ဘုရားစေတီပင် ဖြစ်ပေသည်။

ထူးခြားချက်တစ်ရပ်မှာ သာသနာပြု ဦးဇော်မင်း၏ သာသနာ့ခရီးစဉ်ပင်ဖြစ်သည်။ ခပေါင်းနှင့် စစ်တောင်းဆုံရာ မြစ်ဆုံရှိ လောကမာရဇိန်ဘုရား သာသနာပြုပြီး (နှစ်ပေါင်း ၇၃၀ ကျော်မှ ဒွါရာဝတီမြို့တော်ဟောင်းရှိ လောကမာရစိန် စေတီတော် ၂၀၁၂ ဒီဇင်ဘာထုတ် လပြည့်ဝန်းမဂ္ဂဇင်း) ယခု ကမ်းနီချောင်းနှင့် စစ်တောင်းဆုံရာမြစ်ဆုံရှိ မြသီတင်ဘုရား ကုန်းမြေပေါ်မှ ကြက်သောင်းတောင်မောင်နှမ နန်းရင်းစေတီတော်များ သာသနာပြုမှုပင် ဖြစ်သည်။

တစ်နှစ်တစ်ခေါက်ရောက်ရန် ခဲယဉ်းသော ဘုရားစေတီမှို့ မြသီတင်စေတီတော်မြတ်အား ဖူးမဝလှပေ။ ဆက်လက်၍ ဘုရားကုန်းတော်ပေါ်မှ လှမ်း၍ မြင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားနှစ်ဦး ရွှေသမင်ဘဝက ကျင်လည်ကျက်စားခဲ့သောကုန်းမြေမှ ဦးနောက်တော်ဌာပနာ၍ တည်ထားခဲ့သော ရွှေလက်လှစေတီတော်


စောလဖိုး တောင်တန်းမှ စီးဆင်းလာသော ကမ်းနီချောင်းခေါ် ပုန်းချောင်း၏ စစ်တောင်းမြစ်အတွင်း ရေကြည်ရေနောက် ခွဲခြားကာ စီးဆင်းနေပုံကိုလည်းကောင်း၊ တိမ်ပန်းခိုင်ဖောက်ကာ ကောင်းကင်ပြာကြီးအောက်တွင် စိမ်းလန်းစိုပြည်သော သစ်ပင်တောတောင်နှင့် ရွှေဝါရောင်လယ်ကွင်းပြင်များ အနားသတ်တွင် ကမ်းပါးနီမြင့်မြင့်နှင့် စစ်တောင်းမြစ် (ပေါင်းလောင်းမြစ်) ရေအလျဉ်တို့စီးဆင်းနေပုံတို့မှာ သဘာဝ ပန်းချီကားချပ်ကြီးတစ်ချပ်ကို ကြည့်ရှုခံစားနေရသလိုပင်။

တစ်ချိန်က ပုဂံပြည်ကြီးကောင်းစားစဉ် နန်းတွင်းအရေးအခင်းများကြားမှ ဤအရပ်ဒေသတွင် နရပတိစည်သူမင်းကြီး ဘုရားတည်နေပုံ၊ ဘုရားကုန်းတော်မှ တာ(၁၅၀)ကွာဝေးသည့် အုတ်ဖုတ်ကျင်းမှ အုတ်များကို လုပ်အားကုသိုလ်ယူနေကြသော လူအများကြား သင်တိုင်းအဖြူကိုယ်စီ ဝတ်ဆင်ထားသော အသက်(၁၈)နှစ်အရွယ် ကရင်မောင်နှမနှစ်ဦး ကုသိုလ်ရေးဖြင့် ပျော်မြူးနေကြပုံ၊

ယင်းမောင်နှမနှစ်ဦး အပူရှပ်ကာ သနားစဖွယ် သေဆုံးသွားခဲ့ရပြီး ဘုရင်နရပတိစည်သူ၏ ခွင့်ပြုမိန့်ကြားချီးမြှောက်ချက်အရ မြန်မာတစ်ပြည်လုံး ကြက်သောင်းဝါးပေါက်ရာ အရပ်ဒေသတိုင်း အပိုင်စားရသော ကြက်သောင်းတောင် နတ်မောင်နှမ ဖြစ်လာပုံ၊ (အမှန်မှာ ကြက်သောင်းတောင်မောင်နှမသည် ပုဂံ၏သွေးအနွယ်တော်များ ဖြစ်ကြသည်။ မိဘများသည် ရာဇဝတ်ဘေးကြောင့် အောက်အရပ်ရှောင်ပုန်းလာရင်း စောလဖိုးတောင်(ခေါ်) ကရင်တောင်တန်းယာခင်းတစ်ခုမှ ကရင်ဘထံတွင် လူမမည် အရွယ်ဖြင့် မင်းဘေးလွတ်ရန် ထားခဲ့ခြင်းဖြစ်သည်။ ဝိပါက် ကြမ္မာအရ မင်းဘေးဖြင့်ပင် သနားစဖွယ် သေဆုံးရကြောင်း သိရှိရသည်။)

တစ်ဖန် ဘုရင် တော်ကောက်မည်ကို ကြောက်ရွံ့၍ ပုန်းခိုခဲ့ရသော ပုန်းချောင်း ခေါ် ကမ်းနီချောင်း၏ တစ်နေရာမှ မင်းမှုထမ်းတို့လိုက်၍ ပုဂံ၏အနွယ်တော် အမျိုးသမီးငယ်များ ပြေးခဲ့ရသော ရှုန်းရင်းဆန်ခတ် အဓမ္မမြင်ကွင်းများ၊ မြသိတင်ဘုရားခြေတော်ရင်းရှိ ဖောင်တော်ဆိုက်စေတီတော်ဝန်းကျင် ပွဲခင်းများ၊ နတ်ကနားပွဲများစသည့် ကြည်နူးဆွတ်ပျံ့ဖွယ်၊ ပျော်ရွှင်ဖွယ်၊ ရင်နင့်လွမ်းမောဖွယ်၊ အတိတ်မှ အရိပ်သို့ မြသိမ်ဆောင်ဘုရားကြီး၏ ပတ်ဝန်းကျင် လေထဲတွင် တစ်စစီ ပျံ့လွင့်နေသော သမိုင်းအပိုင်းအစတို့ကို စုစည်းကာ စာရေးသူ၏ စိတ်အစဉ်တွင် ခံစားမြင်ယောင်နေမိတော့သည်။

ဩော်. . . ယင်းဖြစ်ရပ်တို့သည် ၎င်းမြသိတင်ဘုရားကြီး၏ သက်တော်သည် ၎င်းနှစ်ပေါင်း(၈၂၀)တိုင်ခဲ့ပြီ ဖြစ်သည်။




ဦးရွှေမှင်ဘုရားစေတီနှင့် ကုသိုလ်ရှင် ဦးသန်းထွန်း+ဒေါ်တာခင်သိန်းမိုး

www.burmeseclassic.com

သမိုင်းကြောင်း သက်သေကည်

မြန်းသို့လေချီ ပုဂံပြည်ကား၊ တိုင်းခန်းလေးရပ်၊ လှည့်လည်ပတ်သည့်၊ နရပတိစည်သူ၊ များဗိုလ်လူညောင်း၊ မြစ်ပေါင်းလောင်းမှ၊ လှေလောင်းတော်စီး၊ အပြန်ခရီး၊ မနီးတစ်ထောက်၊ ကမ်းနီရောက်သော်၊ ရွှေနောက်ဝဲယာ၊ ရှုခင်းသာစွ၊ သေလာလှိုမြောင်း၊ ပတ်ကာလောင်းသည့် ပေါင်းလောင်းကမ်းနီ၊ မြေမဟီရဲ့၊ လွှင့်ချီမြင့်တက်၊ စောင်တော်ထက်က၊ ဘုမိနက်သန်၊ အောင်မြေမှန်ကို၊ တည်ရန်ဘုရား၊ မိန့်တော်ထားလျက်၊ အများပြည်သူ၊ များဗိုလ်လူတို့၊ ကြည်ဖြူလက်တွဲ၊ သဒ္ဒါလွဲဖြင့်၊ အောင်ပွဲဆင်ရာ၊ ခုကောဇာက၊ သေချာမှတ်ရေး၊ ငါးရာ့ငါးဆယ့်လေးတွင်၊ မနေးအောင်မြင်၊ မြသီတင်ဟု ဘွဲ့တွင်သမုတ်၊ ကမ္ဘည်းထုတ်ခါ၊ နောင်အခါတွင်၊ စဉ်လာဆက်ဆက်၊ မပျက်ကျင်းပ၊ ပွဲတော်လကို၊ နွေလနှစ်ကူး၊ အတာကျူးသည့်၊ တန်ခူးပြည့်ဝယ်၊ ရပ်ရှစ်နယ်ခွင်၊ သူတော်စင်များ၊ တွဲယှဉ်စုပေါင်း၊ ဆွမ်းကြီးလောင်းနှင့် ပျော်ကြောင်းစုံလင်၊ ပွဲသဘင်တို့၊ ပေါင်းယှဉ်ဖွဲ့တည်၊ ပွဲကြီးစည်သည်၊ မှန်းရည်လေစ၊ ဖူးစေကြောင်း. . .

သမိုင်းဝင် ကမ်းနီမြသီတင်ဘုရားကြီး၏ မူလဘုရားဒါယကာမှာ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် ဘုရားဒါယကာ သီရိဓမ္မာ



ကမ်းနီမြသီတင် ကုန်းတော်ပေါ်မှ တွေ့မြင်ရသောမြင်ကွင်းနှင့် သာသနာပြုဦးဇော်မင်း၊ မြသီတင်ဂေါပကဥက္ကဋ္ဌ ဦးမြင့်စိုး



အောင်တံခွန်တိုင်၊ အန်းကုံးဘိုးတော် ဒါယကာ ဦးသန်းထွန်း+ဒေါက်တာခင်သီတာမိုးနှင့် သာသနာပြုဦးဇော်မင်း



ရုပ်ပွားတော်မြတ်အား ရောင်တော်ဖွင့်နေပုံ

အသောကမင်းကြီးသာ ဖြစ်သည်။ သက္ကရာဇ် ၅၅၄ ခုနှစ်၊ ပုဂံခေတ် နရပတိစည်သူမင်းကြီးမှ အသစ်တစ်ဖန် ပြုပြင်တည်ထားခြင်းဖြစ်သည်။

ကေတုမတီ တောင်ငူခေတ်တွင် မင်းကိုးကွယ်သည့် ဘုရားတစ်ဆူအဖြစ် ထင်ရှားကာ မင်းဘုရားအစဉ်လိုက်၊ လအလိုက် မင်းဘုရား[illegible]ရသော ဘုရားများတွင် တစ်ဆူပါဝင်သည်။

ကမ်းနီဘုရားကြီးမှ တာ(၃၀၀)အကွာရှိ ရွှေလက်လှဘုရားလည်းပါဝင်ကြောင်း ငါးဖယ်အင်းပေမူ မြို့ပြစစ်တမ်းတွင် တွေ့ရှိမှတ်သားရသည်။ ကမ်းနီတောင်ခြေတွင် ဖောင်တော်ဆိုက်စေတီတော် တည်ရှိပြီး တောင်ပေါ်မြသီတင်ညီနောင်စေတီတော်နှစ်ဆူ၏ မြောက်ဘက်တန်းတစ်လျှောက် စေတီပေါင်းခြောက်ဆူ တည်ရှိသည်။ အနောက်ဘက်တွင် ကြက်သောင်းတောင်နန်းရင်းနှင့် စေတီတော်လေးဆူ ဝန်းရံထားသည်။

သိုက်နန်းကို တနင်္ဂနွေထောင့်တွင် သာသနာပြုတောင်ငူပင်းခေါင်အဖွဲ့မှ လှူဒါန်းတည်ဆောက်ထားကြောင်း သိရှိရပါသည်။ သိုက်နန်းတွင် ဗိုလ်တထောင်သိုက်ချုပ်မယ်တော်ကြီး အစ်မတော်မြနန်းနွယ်ပုံတော်၊ ပြည်သိုက်ချုပ်မယ်တော်ကြီး အစ်မတော်မမြစိမ်းပုံတော်နှင့် မြသီတင်သိုက်ချုပ်မယ်တော်ကြီး အစ်မတော်မမြသိမ်းတို့၏ ပုံတော်များ ထုဆစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးသိုင်း+မစန်းသိုင်း မိသားစု(လက်ပံတန်း) ကုသိုလ်တော် နဂါးရုံ

ထားသည်။ မြသိတင်ဘုရားစေတီ နှစ်ဆူ၏ မြောက်ဘက်နှင့် တောင်ဘက်တွင် ရွှေကျင်သိုက်ချုပ် ရွှေကျင်ကိုကိုကြီးနှင့် ရွှေကျင်မမကြီးတို့၏ ပုံတော်တည်ထားကာ ဘုရားကြီးသာသနာအား ထိန်းသိမ်းစောင့်ရှောက်ရသည်။ ၎င်းအပြင် တော်ကောက်မှာကြောက်၍ ပုန်းရှောင်မိသော အစ်မတော် စောနန်းနွယ်မှာ ရေကြည်ရေနောက်စီးဆင်းရာ ကမ်းနီရေနန်းကို ထိန်းသိမ်းစောင့်ရှောက်ရသည်။

နောင်တွင် အစ်မတော်စောနန်းနွယ်၏ ရွှေစင်ရုပ်တု ပေါ်လာပေလိမ့်ဦးမည်။

ဘုရားဖူးများ နားခိုရာအဖြစ် မကြာမီအချိန်က ကမ်းနီအရပ်သားမှ လှိုင်ကော်ရောက် မိသားစုများဖြစ်ကြသော ကယားပြည်နယ်၊ နောင်ယား (က)ရပ်ကွက် ဦးမောင်အေး၊ ဒေါ်တင်ရွှေမိသားစုမှ ပြိုပျက်နေသော တန်ဆောင်းကြီးနေရာတွင် ခိုင်မာသော အုတ်တန်ဆောင်းကြီးနှင့်အတူ သံယာရိပ်သာဆောင် ငါးခန်းတွဲကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။ ယင်းတန်ဆောင်း၏ အနောက်ဘက် လှေကားအတက် တန်ဆောင်းအိုကြီးသာ ပြုပြင်သူမဲ့လျက်ရှိသည်။ ယင်းအပြင် လှေကားငါးစင်းရှိသည့်အနက် နှစ်စင်းသာ အုတ်လှေကားဖြစ်ပြီး သုံးစင်းမှာ မြေသားအတိုင်းရှိနေသေးရာ မြသိတင်ဘုရားသာသနာကြီး ပိုမိုပွင့်လင်းစေရန်အတွက် ဇရပ်၊ တန်ဆောင်း၊ လှေကား လှူဒါန်းလိုသော စေတနာရှင် ကုသိုလ်ရှင်များသည် မြသိတင်ဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဖုန်း- ၀၉ ၄၂၈၁၆၉၉၂၀ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

သမိုင်းဝင် ကမ်းနီမြသိတင်ဘုရားကြီးသမိုင်းကို ဆရာတင်ကြိုင် ကမ်းနီနှင့်အဖွဲ့မှ လေ့လာသုတေသနပြုကာ အထောက်အထား ခိုင်လုံစွာဖြင့် ရေးသား ဖော်ထုတ်လျက် မကြာမီ စာအုပ်ဖြစ်လာတော့မည်ဖြစ်ရာ ဘုရားကြီးသမိုင်းအကျယ်ကို ဆက်လက် ဖတ်ရှုသွားပါရန် ပန်ကြားအပ်ပါသည်။

ယခု ဆက်လက်တင်ပြသွားမည်မှာ ကြက်သောင်းတောင်မောင်နှမဘုရား၌ ဘက်စုံပြုပြင် မွမ်းမံလှူဒါန်းမှုသာ ဖြစ်ပါကြောင်း။

လူအမည် - ဇော်သိတင်၊ နတ်အမည် - ဦးရွှေမှင်နှင့် လူအမည် - နော်အေးမြ၊ နတ်အမည် - ဒေါ်ငွေခင်တို့ ဘုရားအုတ်မြစ်တော်ကို ၁၃၅၀ ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်၊ ည ၈ နာရီအချိန် ဆရာရသေ့အား ဦးအောင်ဇေယျ ခေါ် ဦးသန်းထွန်း ဦးဆောင်လျက် (ကိုကြည်)၊ (ကိုဖိုးပြူး)၊ (ဒေါ်ကုလားမ)၊ ဒေါ်ခင်တုတ်၊ ကရင်အပ်ဖော်၊ (မနုရင်)တို့ဖြင့် အောင်ပန္နက်ရိုက်ခဲ့သည်။

ပန္နက်ရိုက်ပြီး ထူးဆန်းသောဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။

တစ်နေ့ ညနေစောင်း ရသေ့လေးဦးသန်းထွန်းသည်-

"အကြောင်းရှိတယ်၊ ခံစရာရှိ ဆရာခံမယ်၊ စံစရာရှိ တပည့်များစံ"ဟုပြောကြားကာ တောင်အောက်သို့ဆင်းသွားခဲ့သည်။

မကြာမီ မြွေကိုက်ကြောင်း သိရသည်။ သို့သော် ရသေ့လေး၏ သီလ၊ သမာဓိကြောင့် လည်းကောင်း၊ ရွှေလင်းယုန်ဆရာတော်ဘုရားကြီး ကြွလာကာ ဆရာတော်ကြီး၏ မေတ္တာရေကြောင့် လည်းကောင်း၊ မကြာမီရက်ပိုင်းအတွင်း မြွေဆိပ်ပြေကာ အကောင်းပကတိ ပြန်ဖြစ်ခဲ့သည်ဟု ကြက်သောင်းတောင် နန်းထိန်း ဒေါ်ခင်တုတ်ပြောကြားချက်အား ကြားသိခဲ့ရပါသည်။ အတိုက်အခိုက် အလွန်များကြောင်းလည်း ပြောပြခဲ့သည်။



အမေတော် မယ်မှိုင်း၊ မယ်မြသိန်း၊ မယ်မြနန်းနွယ်နှင့် သိုက်နန်းအုပ်





www.burmeseclassic.com

www.burmeseclassic.com

နောက်(၂)နှစ်အကြာ ဘုရားစေတီနှစ်ဆူလုံး ပြီးစီးကာ ၁၃၅၂ ခုနှစ်၊ နတ်တော်လပြည့်နေ့ နံနက် ၉ နာရီ မင်္ဂလာအချိန်တွင် ရွှေထီးတော်အထွတ် တင်လှူနိုင်ခဲ့သည်။

နောက်(၁၂)နှစ်အကြာ ရွှေဂျိုးကူဒို့ညီနောင် တောင်ရိုးဘုရား (ခေါ်) တောင်ပိုင် အဖိုးဘုရားစေတီ တည်ထားနိုင်ခဲ့သည်။

ယခုအခါ နှစ်ပေါင်း(၂၂)နှစ်ရှိပြီဖြစ်သော အစ်ကိုကြီးဘုရားထီးတော်ကိုလည်းကောင်း၊ အစ်မတော်ဘုရားထီးတော်ကိုလည်းကောင်း၊ (၁၀)နှစ်သက်တမ်းရှိပြီဖြစ်သော တောင်ရိုးဘုရားခေါ် အဖိုးတောင်ပိုင်ကြီးဘုရား ထီးတော်ကိုလည်းကောင်း၊ ယခုတည်ထားသော ကိုပုဘုရား (၉)တောင်ပြည့်ထီးတော်ကိုလည်းကောင်း အသစ်တစ်ဖန် ထီးတော်အထွတ်တင်လှူသွားပြီး ဘက်စုံပြုပြင်မှုအနေဖြင့် မဟာရံတံတိုင်းကာရံခြင်း အောင်တံခွန်တိုင်နှစ်လုံး တည်ထားခြင်း၊ အန်းကုန်းဘိုးတော်ပုံ၊ နဂါးရုံရုပ်ပွားတော်လေးဆူနှင့် ရုပ်ပွားတော်လေးဆူတည်ထားခြင်း၊ ရောင်တော်ဖွင့်ခြင်း စသည့် ကုသိုလ်ကောင်းမှု ပေါင်းစုံ၍ ပြုသွားမည်ဖြစ်ကြောင်း သာသနာပြုဦးဇော်မင်းထံမှ ကြားသိခဲ့ရသည်။

တောင်ထိပ်ကြာပေါက်သည့်ပမာ မြသိတင်သာသနာ ထွန်းလင်းမှုကို "သာဓု" ခေါ်ဆိုမိပေသည်။

ယင်းနန်းရင်းစေတီသာသနာတစ်လျှောက် ပျောက်သောသူနှင့် ပေါ်သောသူ နှစ်ဦးရှိခဲ့သည်။ ဘုရားစေတီတည်စမှာပင် ယိုးဒယားပြည် ဂန္ဓာရီစခန်း ထွက်နေသော သာသနာပြုဦးဇော်မင်းမှ ပေါ်လာသူဖြစ်ပြီး ဘုရားစေတီ နှစ်ဆူလုံး ပြီးစီးချိန်မှစ၍ ဦးအောင်ဇေယျ တစ်ယောက် အလိုလို ပျောက်သွားခဲ့သည်မှာ ယခုအချိန်ထိဖြစ်ကြောင်း သိရှိရသည်။

ယခု တောင်ရိုးဘုရား (၁၀)နှစ်ပြည့်ချိန် သာသနာပြုဦးဇော်မင်း ကောင်းမှုပြုချိန်တွင် မူလဲဓာတ်ဟောင်း မပယ်ကောင်း ဆိုစကားအရ ပုဂံရေချိုး၊ ပဲခူးမှာ ပေါ်သကဲ့သို့ ရှေးသူလေး ဦးသန်းထွန်း (ခေါ်) ဦးအောင်ဇေယျ အမှန်ပေါ်



တောင်ပိုင်အဘိုး ကြက်သောင်းတောင်ပေါ်ကြီး အပေါ်နှင့် ကိုပုတို့ ကိုပုဘုရားအတွက် သစ္စာပြုနေစဉ်



ကြက်သောင်းတောင်နန်းရင်းမှ ဒေါ်ငွေခင်၊ တောင်ပိုင်အဘိုး၊ ဦးရွှေမှင်

စေသော်ဟု ဆုမွန်ကောင်းတောင်းဆိုမိပေသည်။ ထို့အတူ အစ်ကိုကြီး၊ အစ်မကြီးတို့ရဲ့ ပဋ္ဌာန်းဆက်များ ပေါ်ပါစေဟုလည်း ဆုခြွေမိသည်။

ရှေးကပြုဖူး ကုသိုလ်ထူးကြောင့်

ကမ်းနီမြသိတင်ဘုရား ကုန်းမြေအတွင်း ကြက်သောင်းတောင်နန်းရင်းအနီး လွန်ခဲ့သော နှစ်(၂၀)ကျော်က တည်ထားပူဇော်ခဲ့သော အစ်ကိုကြီးဦးရွှေမှင်ဘုရား၊ အစ်မတော် ဒေါ်ငွေခင်ဘုရား၊ တောင်ရိုးအဖိုးတော်ဘုရားနှင့် အစ်မတော်၏လက်သုံးတော်၊ ကိုပု၏ဝင့်ကြွေးတော်မြေ(ကိုးတောင်ပြည့်)ဘုရားကို အသစ်တစ်ဖန်တည်ထားကာ ဘက်စုံမွမ်းမံပြုပြင်လျက်ရှိရာ ရှေးကပြုဖူး၍ ယခုပြုကြရသော ကုသိုလ်ရှင် ဘုရားဒါယကာများ၏ သဒ္ဓါတရားကို အောက်ပါအတိုင်း မှတ်တမ်းတင်အပ်ပါသည်။

(၁) (ဦးကျော်ကြီး-ဒေါ်စော) ဇီးဖြူသောင်အားရည်စူး၍ သားသမီးမြေးမြစ်တစ်စု တောင်ငူမှ "ဦးရွှေမှင်စေတီ အရံရုပ်ပွားတော်"။

(၂) ဦးမြ-ဒေါ်စန်း သမီးမစန်းစန်းဝင်း၊ ၁၉/၉၅၈ မြို့ကြီးမှ "ကိုပုဝင့်ကြွေးတော်မြေဘုရားစေတီတော်"။

(၃) ဦးသန်းထွန်း+ဒေါက်တာခင်သီတာမိုး သမီးခင့်စန္ဒီထွန်း၊ သားဇွဲတေဇထွန်း ရန်ကုန်မှ "အောင်မြေ အောင်တံခွန်တိုင်နှင့် အန်းကုန်းဘိုးတော်ကြီးပုံတော်"။

(၄) ဒေါ်ခင်အုန်းမြင့်တူ ကိုဇော်ကြီး+မခင်မြတ်မင်းဦး၊ ဆွာမှ "ဦးရွှေမှင်ဘုရားစေတီရဲ့ ရုပ်ပွားတော်"။

(၅) ကိုချမ်းမြင့်+မလှမြင့် သားသမီးမြေးတစ်စု ဆွာမှ "ဦးရွှေမှင်ဘုရားစေတီရဲ့ ရုပ်ပွားတော်"။

(၆) ဦးဝင်းတင်+ဒေါ်တင်အေး သားသမီးမြေးတစ်စု ကျိုက်ထိုမှ "ဦးရွှေမှင်ဘုရားစေတီရဲ့ ရုပ်ပွားတော[illegible] မဟာရံတံတိုင်း"။

(၇) ကိုစိုးခိုင်+မစန်းခိုင် သားဖိုးသား၊ ထက်အောင်ဟိန်း၊ သမီး ဇူဇူ လက်ပံတံခါးမှ "ဒေါ်ငွေခင်ဘု[illegible]တီရဲ့ နဂါးရုံဘုရား"။





www.burmeseclassic.com

www.burmeseclassic.com



ကြက်သောင်းတောင်ယောင်နမ ကိုယ့်ဘုရားအတွက် ရေစက်သွန်းချ အမျှဝေနေစဉ်

(၈) ကိုအောင်သူရ+မငုဝါ သားရွှေအုပ် ဘုရားလမ်း (၆) ရပ်ကွက် မှ "ဒေါ်ငွေခင်ဘုရားစေတီရဲ့ နဂါးရုံဘုရား"။

(၉) ကိုခလေး+မကြည်လွင် သမီးယုန်ဖြူလေး ဇွဲမာန် မုန့်မျိုးစုံ၊ ခင်လည်(၁၁)ရပ်ကွက်မှ "ဒေါ်ငွေခင်ဘုရားစေတီရဲ့ နဂါးရုံဘုရား"။

(၁၀) ဦးဆန်နီစိုး+ဒေါ်ချိုချိုလွင် သမီးစုလှိုင်ဖြိုး၊ ခင်လည် (၁၁) ရပ်ကွက်မှ "ဒေါ်ငွေခင်ဘုရားစေတီနဂါးရုံဘုရား"။

(၁၁) ဦးရွှေမှင်ဘုရား မူလ၊ ထီးဒါယကာ ဦးခလေးပု+ ဒေါ်တင်မယ်မိသားစု ညောင်ပင်သာမှ ရွှေထီးတော်အသစ် ထပ်မံလှူဒါန်း၍ ၎င်းကျွန်တောင်ရိုးဘုရား (ခေါ်) အဘိုးဘုရားထီးနှင့် ဒေါ်ငွေခင်ဘုရားထီးကို သာသနာပြု ဦးဇော်မင်းနှင့် သာဝက (၇)ရက်သားသမီးများ ပေါင်းစု၍ တောင်းမှုပြုသွားမှာဖြစ်ကြောင်း သိရှိရသည်။

ကိုပုဏ် ဝင့်ကြွေးတော်ပြေ ဘုရားစေတီကို (၁၃၇၄) ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃)ရက်၊ သောကြာနေ့ နံနက် ၆ နာရီအချိန် ကမ်းနီကျောင်းဆရာတော်ဦးဝိမလ၊ ဘုရားကျောင်း ဆရာတော်ဦးဝိလာသတို့ဦးဆောင်သော ပင့်သံဃာ ခြောက်ပါးအား ဆွမ်းစသော ဒါတဗ္ဗဝတ္ထုအစုစု လှူဒါန်းပြီး ရေစက်ချ တရားနာယူကာ နံနက် ၇ နာရီအချိန် မနက်တင်မင်္ဂလာ၊ အုတ်မြစ်တော်စီမင်္ဂလာ ရွှေလင်းယုန်ဆရာတော်ဘုရားကြီး ချီးမြှင့်သော ဓာတ်တော်နှင့် ကျောက်မျက်များ ဌာပနာတော်သွင်း မင်္ဂလာတို့ကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ခဲ့ရာ ည ၆ နာရီအချိန်တွင် စေတီရုပ်လုံးပေါ်လွင်လာခဲ့သည်။ ထို့ကြောင့် နေ့ချင်းပြီး ဘုရားစေတီဟု၍လည်း ခေါ်ဆိုနိုင်ပါသည်။

ယင်းအပြင် စေတီတော်လေးဆူလုံးအား ရွှေသင်္ကန်းကပ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း စသည်တို့ပြုခဲ့ရာ လှူဒါန်းသူ ခုနစ်ရက်သားသမီးများကလည်း ပေါများ၊ လုပ်အားကုသိုလ်ယူသူကလည်း များပြားလှသဖြင့် ခဏချင်းပင် ပဒေသာပင်မြေမှာပေါက်သကဲ့သို့ သာသနာ့အသီးအပွင့်များ ဝေစည်လှပသည်။

နန်းရင်းစေတီတော်များ ဘက်စုံပြုပြင် မွမ်းမံနေချိန် (၁၈)ရက်အကြာ အိပ်မက်အရ ခပေါင်းလမ်းမတော် နတ်စင်ကုန်းမှ ထိပ်တန်းစတိုးပိုင်ရှင် ဒေါ်သူသူဝင်း၊ သား မောင်မျိုးမြတ်ဇော်၊ သမီး မတင့်တင့်ဌေး မိသားစုမှ ကွယ်လွန်သူ ခင်ပွန်းသည် (ဦးကျော်ကျော်)အားရည်စူး၍ တစ်ကြိမ်မှုမရောက်ဖူးသော ကမ်းနီမြသီတင်ဘုရားကြီးတွင် ဖောင်တော်ဆိုက်စေတီ၊ သိုက်ဘုရားစေတီ၊ မြသီတင်စေတီညီနောင် နှင့် မြောက်ဘက်တန်းစေတီ ခြောက်ဆူအား ရောင်တော်ဖွင့်ခြင်း၊ ဘုရားဝင်းအတွင်း အဝီစိတွင်းတူးကာ ရှင်ဥပဂုတ္တမထေရ်ကန်တော်ပြုပြင်၍ ရေလှူခြင်း။ ဘုရားပန်းလဲနိုင်ရန်လည်းကောင်း၊ ရေချမ်းကပ်လှူနိုင်ရန်လည်းကောင်း၊ ဘုရားဖူးများ ရေအခက်အခဲမရှိ သောက်သုံးနိုင်ရန်လည်းကောင်း ရေစင်များလှူဒါန်းထားကြောင်း သိရှိရသည်။ ၎င်းကိစ္စအဝဝကို စေတနာထားပြီး ကြီးကြပ်ဆောင်ရွက်ပေးသူမှာ ဆည်မြောင်းမှ ဦးရှိန်ဖြစ်ကြောင်း သိရှိရသည်။ ဘုရားကြီးတစ်ကုန်းလုံး ရောင်စဉ်များ ဖြာသန်းလျက်ရှိရာ မွန်မြတ်သော ကုသိုလ်တော်မင်္ဂလာပင်ဖြစ်ပေသည်။

## ကေတုမတီ တောင်ငူနဝင်းမြေမှ ထူးခြားချက်များ

ကေတုမတီတောင်ငူတွင် အောင်မြေကိုးဌာန၊ ဝိဇ္ဇာဓာတ်ပန္နက်နှစ်နေရာ၊ ဓာတ်ဘုရားနှစ်ဆူ၊ စည်းခုံလေးခုံနှင့် နန်းရင်းစေတီ သုံးဆူရှိခြင်းပင်ဖြစ်သည်။

အောင်မြေကိုးဌာနမှာ စာရေးသူ လေ့လာရှာဖွေဆဲပင်ဖြစ်သည်။ ဝိဇ္ဇာဓာတ်ပန္နက်နှစ်နေရာမှာ တောင်ငူမြို့ (၆) ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းကြားရှိ အသောကာရုံ စာသင်တိုက်အတွင်းရှိ ဘဘအောင်မင်းခေါင်ကြီး၏ ကမ္ဘာငြိမ်းချမ်းရေးစေတီနှင့် ကျွန်းကုန်း(၃၁)ဘုံဘုရားအနီး ဘဘ၏ ဘုရားစေတီနှစ်နေရာတို့ဖြစ်သည်။ ဓာတ်ဘုရားနှစ်ဆူ (ခေါ်) ကတ်ကင်းဘုရားနှစ်ဆူမှာ တောင်ငူမြို့ အမှတ်(၁)ရဲစခန်းမြို့လေး ဝင်းအတွင်းရှိ သာရမဥ္စူစေတီတော်နှင့် ရွှေလင်းယုန်ဆရာတော်ဘုရားကြီး ကျောင်းဝင်းအတွင်းရှိ မဥ္စူသာရ-လိုတရ (ခေါ်) နဝင်းစကြာ အောင်ဒီပါစေတီတော်ပင်ဖြစ်သည်။ (ယင်းဓာတ်ဘုရားနှစ်ဆူအား မွန်းမတည့်မီ နေ့ချင်းပြီး လိုရာဆုတစ်ဆုကိုတောင်းပါက ပြည့်ဝစေကြောင်း သူတော်ကောင်းကြီးများ မိန့်စကား နားကြားရဖူးပါသည်)။

စည်းခုံလေးဆူမှာ တောင်ငူအနောက်၊ စည်းခုံကြီး (အသစ်ပြုပြင်တည်ထားပြီး) တောင်ငူဘူတာအနီးမှ မြစည်းခုံ၊ ကျွန်းကုန်းအနောက် မြစည်းခုံနှင့် တောင်ငူအရှေ့ကျေးအင်း[illegible]ဘုံမှ ဆယ်ခုံကြီးရုပ်ပွားတော်မြတ်တို့ပင်ဖြစ်သည်။

နန်းရင်းစေတီသုံးဆူမှာ တောင်ငူအနောက် ပန်းပဲချောင်း (ပုတ်ပဲချောင်းလည်းခေါ်သည်) အနောက်ဘက်ကမ်းမှ မြို့တော်ရှင် လက်ခြောက်ဘက်စေတီ၊ ပြစောင်နန်းရင်း



www.burmeseclassic.com

www.burmeseclassic.com

တီမှာ အလယ်ကျွန်းမြစ်ကမ်းဘေးတွင်ရှိပြီး ကြက်သောင်းတောင်မောင်နှမ နန်းရင်းစေတီမှာ သမိုင်းဝင် ကမ်းနီမြသီတင်ဘုရားညီနောင်ကုန်းမြေတွင် တည်ရှိကြောင်း သိရှိရပေသည်။ ပြင် ဓာတ်ရင်း၊ နန်းရင်း စေတီနေရာဌာနများတွင် အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုတောင်းခြင်းပြုပါက လျင်မြန်စွာ ပြည့်ဝစေကြောင်း လက်တွေ့သိရှိခဲ့ရပေသည်။

**မြသီတင်ဘုရားကုန်းမြေ ထူးခြားရာ နေရာဒေသများ**

မြသီတင်ဘုရားညီနောင်၏ စနေ၊ ကြာသပတေး၊ သောကြာအရပ်တွင် အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုတောင်းခြင်းဖြင့် နှင်းမိစေခြင်း၊ သောကဖြေပျောက်စေခြင်းတို့ တွေ့ကြုံရပြီး ကမ်းနီတောင်ခြေတော်ရင်းမှ ဖောင်တော်ဆိုက်ဘုရားတွင် အဓိဋ္ဌာန်ဝင်ခြင်းဖြင့် တိုးတက်ရာလမ်းကြောင်း ဖြစ်ပေါ်စေခြင်း ဘုရားညီနောင်မြောက်ဘက် ခြောက်ဆူတန်းစေတီ အနောက်ဘက်အစွန်ဆုံး (မကြာခဏ ဓာတ်တော်၊ ရောင်ခြည်တော်တွန့်မြူးခြင်း) ဘုရားတွင် အဓိဋ္ဌာန်ဝင်ခြင်း၊ တောင်ရိုးဘုရား ဦးရွှေမှင်ဘုရား အောင်တံခွန်တိုင်နေရာ (အောင်မြေ) တို့တွင် အဓိဋ္ဌာန်ဝင်ခြင်းဖြင့် စီးပွားလာဘ်လာဘ တိုးတက်စေကြောင်း အောင်မြေလေးဌာနကို ကြားသိခဲ့ပါသည်။

အောင်မြေလေးဌာနကို ရေးသားရင်း စာရေးသူ ဘုရားသို့ရောက်ခါစ သာသနာ့ပြုဦးဇော်မင်းမှ "ကမ်းနီ၊ နဂါး၊ ဘုရား ပလ္လင်" နဝင်းလေးချက်မိကြောင်း ပြောခဲ့သည်ကို အမှတ်ရမိသည်။

**နတ်ကြီးများကုသိုလ်တော်**

"မောင်နှမဖော်ဝေ × × ကြက်သောင်းဌာနေ × × ခေါင်းပေါင်းရှုံနီ × × ပန်းဇောက်ထိုး × × ကမ်းနီတောင်ရိုးဌာလ × × အမြဲစောင့်ကာရှောက်ကာ × × လာသမျှတွေ × × သဟာရဆွေ × × နော်ဝေဝေ × × အမိုးရေ"

သမိုင်းဝင် ကမ်းနီမြသီတင်ဘုရားပွဲကို တန်ခူးလဆန်း (၁၄)ရက်နေ့မှ စတင်ကာ နတ်ကြီးကြိုပြီး လပြည့်နေ့တွင် ချွန်ကြီးလောင်းကာ (၁)ရက်နေ့မှ (၃)ရက်နေ့ထိ ကန္နားပွဲ၊ ဓာတ်၊ အငြိမ့်ပွဲတို့ ကပြကြသည်။ အထက်ပွဲ၊ အောက်ပွဲဟူ၍ရှိသည်။ အထက်ပွဲကြီး နန်းရင်းတွင်ကျင်းပ၍ အောက်ပွဲကို ဆောင်ပြင်မှ ဇာတ်ခုံတွင် ကျင်းပသည်။ စာရေးသူငယ်စဉ်က အတွေ့အကြုံတစ်ခုကို တင်ပြလိုပေသည်။ အောက်ပွဲတွင် နတ်ဝင်သယ်သည် ဇာတ်ခုံပေါ် လွှားခနဲခုန်တက်ခါ ကိုယ့်ပွဲ ကိုယ်ဆွဲရသည်။ ပွဲမှားဆွဲပါက ကြိမ်နှင့် အသုတ်ခံရခြင်းပင်ဖြစ်သည်။ ယခုအခါ ယခင်လောက် မတင်းကျပ်တော့ဘဲ နတ်အပျော်ပွဲပမာသာ ရှိတော့သည်။

အထက်ပွဲတွင်လည်း မြန်မာတစ်ပြည်လုံးမှ ကြက်သောင်းတောင်မောင်နှမ ပဌာန်းဆက်၊ နတ်ဆက်များလှသဖြင့် တိုကင်ယူ၍ နာရီဖြင့်သာ နတ်ချော့ရကြောင်း သိရှိရသည်။ မြသီတင်ဘုရားကြီးအား ကြက်သောင်းတောင်မောင်နှမ နတ်ကြီးများ၏ ကုသိုလ်တော်မှာ တစ်နှစ်တာနှင့် ပွဲတော်ချိန်ရရှိသည့်ငွေ နှစ်ရက်ပေါင်း ခြောက်သိန်းကျပ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ယင်းကို ဦးစီးဦးဆောင်ပြုသူမှာ မြသီတင်ဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန် ထာဝရကုသိုလ်ရှင် ဦးမောင်လှ-ဒေါ်ဝင်း နန်းတော်ဟောင်းလမ်း (၂)ရပ်ကွက်မှဖြစ်သည်။

စာရေးသူ အတွေ့အကြုံတစ်ခု တင်ပြလိုပေသေးသည်။ ကမ်းနီတောင်ဝန်းကျင် ရွာများဖြစ်ကြသော ကမ်းနီရွာကွက်သစ်၊ ညောင်စခန်းနောင်ပြင် (ခေါ်) ကရင်နီကုန်း၊ လက်ပံတံခါး၊ ကျွန်းကြီးရွှေလေးအင်းရွာများမှ ရွာသူရွာသားများသည် အတိုက်အခိုက်အန္တရာယ်ဘေးအပေါင်းမှလည်းကောင်း၊ ခြေကျိုး၊ လက်ကျိုး၊ ဖျားနာခြင်းနှင့် ဆိုင်ကယ်နတ်ပြခြင်းတို့ကို ကြက်သောင်းတောင်နတ်ကြီးများကို လာရောက်ပသကြသည်။ ပွဲထိုးသည်။ ပိသာပြည့်ဆက်ကြသည်။ ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို နေ့စဉ် နံနက်တိုင်း မိကြီးဖကြီးသဖွယ် ကပ်လှူကာ အားကိုးကြသည်၊ ကိုးစားကြသည်။

သို့သော် နတ်ကြီးကြေး အလှူခံပုံးထဲသို့ (၅၀-၁၀၀)သာ ထည့်သွားကြသည်။ အဆိုးဆုံးမှာ ဆိုင်ကယ် သုံးသိန်းခွဲလေးသိန်းတန်ဝယ်ပြီး နတ်ပြရာတွင် (၅၀-၁၀၀)ထည့်သွားသည်ကတော့ မသင့်လှပေ။

တစ်ဖန် နန်းထိန်းဒေါ်ခင်တုတ်နှင့် ဒေါ်စန်းမြင့်မှာ လစာရသူများမဟုတ်ဘဲ ဝါသနာအရ နတ်ဆက်အရ တာဝန်ထမ်းဆောင်နေရသူများဖြစ်ရာ ပြော၍၊ ဟော၍၊ ဆုပေး၍ ထိုက်သင့်အားလျော်စွာ ချီးမြှင့်သင့်သည်။ မြန်မာပြည်အရပ်ရပ်မှ နိုင်ငံခြားသို့ ထွက်ခွာအလုပ်လုပ်သူများပင် နတ်ကြီးများအား ယုံကြည်ချက်အရ ထိုက်တန်စွာ ပူဇော်ကြောင်း တွေ့ရှိရသည်။ ဆုတောင်းပြည့်ဝသူချင်းအတူတူ စေတနာကွာဟ၍ အချို့ ထိုက်တန်စွာ မရရှိကြပေ။

စေတနာကောင်းလျှင် ကံကောင်းစေမည် ဆိုစကားအတိုင်း အကယ်၍ ယုံကြည်ကိုးစားမှုနှင့်အတူ စေတနာအပြည့်အဝထားပါက မိမိလည်းအဆင်ပြေ၊ နတ်ကြီးများမှလည်း တစ်နှစ်လျှင် (၁၀)သိန်း၊ (၁၅)သိန်း ဘုရားကြီးသို့ လှူဒါန်းသွားနိုင်ပေမည်။ ယင်းသို့ လှူဒါန်းခြင်းဖြင့်လည်း ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံမှုများ ပြုလုပ်သွားနိုင်မှာဖြစ်ကြောင်း ကောင်းစွာအကြံပြု တိုက်တွန်းအပ်ပါသည်။

ကြောက်ရွံ့၍ မိရိုးဖလာ ကိုးကွယ်သည်ကိုတော့ မဆိုလိုပေ။ တကယ်တော့ မြတ်စွာဘုရားရှင်သည် နံပါတ်တစ်၊ မြတ်စွာဘုရားရှင်၏ တရားတော်သည် နံပါတ်နှစ်၊ မြတ်စွာဘုရားရှင်၏ တပည့်သာဝကသည် နံပါတ်သုံးဆိုသည်ကိုတော့ မမေ့အပ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

**မမျှော်လင့်တဲ့ ဘုရားတစ်ဆူ ဖူးတွေ့ရခြင်း**

(၁၀-၂-၂၀၁၃) တနင်္လာနေ့ ၂ နာရီအချိန် ကမ်းနီကျောင်းဆရာတော်ဘုရားကြီးနှင့် မြသိတင်ဘုရားသမိုင်းဆွေးနွေးနေရာမှ မြသိတင်ဘုရားကြီး၏ အရှေ့တောင်ထောင့် တာ(၃၀၀)အကွာတွင် အလောင်းတော်ရွှေသမင်ဘဝက ကျင်လည်ကျက်စားခဲ့သော ကုန်းမြေတွင် ရွှေလက်လှဘုရားအား တည်ထားခဲ့ဖူးကြောင်း (၈၈)အရေးအခင်းကာလ တောင်ငူအောင်သိဒ္ဓိဘုရားအား ရှင်းလင်းသုတ်သင်ပြီး ဆင်းလာသောသနာသနာပြု ဦးဝင်းမောင် (ကမ်းနီ) မှ တောင်ဖီလာဆရာတော်၏ တပည့်များနှင့်အတူ ရွှေလက်လှဘုရားအား တည်ခဲ့ကြောင်း မိန့်ကြားရာ၊ စာရေးသူသိထားသည့် ငါးဖယ်အင်းပေမူမှ အလောင်းတော်ရွှေသမင်ဘဝက ကျင်လည်ကျက်စားခဲ့သော ကုန်းမြေတွင် မြတ်စွာဘုရားရှင်၏ ဦးနှောက်တော်ဓာတ်တော်အား ဌာပနာ၍ ရွှေလက်လှစေတီ တည်ခဲ့ကြောင်းပင်ဖြစ်သည်။ (ကေတုမတီ နှစ်(၅၀၀)ပြည့်မဂ္ဂဇင်းတွင် ငါးဖယ်အင်း ပေမူမှ သမိုင်းတစ်ကွက်ဟူ၍ ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

ယင်းအကြောင်းအရာကို သာသနာပြုဦးဇော်မင်းအား ပြောပြရာ ညနေ ၄း၃၀ နာရီတွင် မြသိတင်ဘုရားဂေါပကဥက္ကဋ္ဌဦးမြင့်စိုး ဦးဆောင်လမ်းပြ၍ ဆိုင်ကယ်သုံးစီးဖြင့် ငါးဖာလုံခန့်ဝေးသော ဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ရသည်။ စာရေးသူ နှစ်နှင့်ချီ၍ ရှာဖွေနေသော ဘုရားတစ်ဆူဖြစ်၍ ဝမ်းမြောက်ကြည်နူးစွာဖြင့် ဆီမီး၊ အမွှေးနံ့သာပူဇော်၊ ငါးပါးသီလခံကာ သဗ္ဗဇယျမင်္ဂလာဂါထာ၊ မေတ္တာသုတ်နှင့် ပဋ္ဌာန်းအကျဉ်းတို့ဖြင့် ရွတ်ဖတ်ပူဇော် ကန်တော့ခဲ့ရသည်။

တစ်ဆက်တည်းပင် အနှစ်(၄၀)ကျော်ကြာ ကွဲကွာနေသော စာရေးသူ၏ ဆရာရင်း သတင်းစာဆရာ၊ စာရေးဆရာ၊ သာသနာပြု ဦးမုနိန္ဒ (ခေါ်) စီးပွားရေးမြင့်ဦး (ကွယ်လွန်)၏ သတင်းအစကို ရရှိခဲ့ပြန်သည်။ ပဲခူးရွာတွင် ဆရာ၏ဇနီးရှိကြောင်း သိရှိရခြင်းပင်ဖြစ်သည်။ နေ့ခင်းက စာရေးဆရာ စံကေတု (ရဲမှူးစံလှ-ငြိမ်း) ထံမှ စာရေးဆရာ စီးပွားရေးမြင့်ဦးကို စုံစမ်းပေးရန် ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားလာရာ တိုက်ဆိုင်လှပေစွ။

တစ်နေ့တည်း ဆန္ဒနှစ်ခု ပြည့်ဝရသည့်အကြောင်းသည် မြသိတင်စေတီညီနောင်အား ဆီမီးနှင့်ရေလှူရသော အကျိုးကြောင့်ဟု ယူဆမိပေသည်။

**ဘုရားကျောင်း (ဝါ) မဟာစည်ရိပ်သာကျောင်း**

"မှန်းလို့မျှော်ရည်၊ နိဗ္ဗာန်ပြည်သို့ မှန်းရည်တောင်းဆု၊ အကြောင်းပြုလျက်၊ ကောင်းမှုပြုရာ၊ ကမ်းနီဌာန၊ ကမ္မဌာန၊ ဝိဟာရဝယ်၊ တရားချစ်ခင်၊ သူတော်စင်တို့၊ မဂ္ဂင်ရှစ်တန်၊ အကျင့်မှန်ကို၊ ကျင့်ကြံပွားများ၊ ချမ်းသာစွာဖြင့်၊ သပ္ပာယ်မျှ ပြည့်စုံရအောင်၊ ကမ္မဋ္ဌာန်းကျောင်း၊ ရေကန်ပေါင်းလျက်၊ မြတ်ကြောင်းညီတူ၊ ကောင်းမှုပြုရာ၊ မင်္ဂလာကို၊ ဂိမ္ဘာန်ခါပြောင်း၊ လတပေါင်းပြည့်၊ ချိန်ကောင်းပြုရာ၊ ပွဲမဟာသို့၊ နေရာမလပ်၊ ဖိတ်ကြားအပ်သည့် ဓမ္မမိတ်ဆွေ၊ များဝေနေနှင့်၊ နတ်တွေ ပြဟ္မာ၊ ဆွေသဟာများ၊ ကြွလာနာကြား၊ အမြတ်ထားလျက်၊ ဖိတ်ကြားစုံညီ၊ ကောင်းမှုမည်သည့်၊ လှမ်းချီလေပ၊ ဦးစေကြောင်း . . ."

ကမ်းနီမြသိတင်ဘုရားကုန်းမြေတွင် ဘုရားကျောင်းဟူ၍ရှိသည်။ ကျောင်း၏သက်တမ်းမှာ နှစ်ပေါင်း(၅၀)ကျော်ပြီဖြစ်သည်။ မူလဆရာတော်ကြီးလက်ထက် တစ်ပါးကျောင်းဖြင့် မဟာစည်ရိပ်သာကို ဖွင့်လှစ်လာခဲ့သည်မှာ (၅၁)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ပဓာနနာယကဆရာတော်ကြီးမှာ ကျေးတောသောင်ကုန်းကျောင်း ဆရာတော်ကြီး ဦးဇောတိက (လယ်တီဆရာတော်ဘုရားကြီးထံဝယ် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ တရားရှာမှီးဖက်)နှင့် တပည့်ဖြစ်သူ ဇီးဖြူပင်ကျောင်းဆရာတော်ကြီး ဦးသူရိယတို့ဖြစ်သည်။ (သောင်ကုန်းကျောင်းဆရာတော်ကြီး ဦးဇောတိကမှာ စက္ခုနှစ်ကွင်းအလင်းမရဘဲ တရားဟော၊ တရားပြနေသော ဆရာတော်ကြီးတစ်ပါးဖြစ်ပြီး ပျံလွန်တော်မူချိန် မီးသင်္ဂြိုဟ်ရာ ဓာတ်တော်ကျမှ ရဟန္တာဖြစ်မှန်း သိကြရသည်။ ယင်းဆရာတော်ကြီးထံတွင် စာရေးသူ (၇)ရက်စခန်း ဝင်ခဲ့ဖူးပါသည်။)

ဇီးဖြူပင် သက်တော်ရှည် ဆရာတော်ဦးသူရိယမှာ (၂၇-၁၂-၂၀၁၂) ကြာသပတေးနေ့တွင် ခန္ဓာဝန်ချပြီး (ရုပ်ကလာပ်တော် တည်ရှိနေဆဲ) ဖြစ်သည်။ နာယကဆရာတော်ကြီးများ ပျံလွန်တော်မူသော်လည်း သောင်ကုန်းကျောင်း မဟာစည်တိုက်ခွဲ ဆရာတော်မှ တရားဟော၊ တရားပြ ဆက်လက်ဆောင်ရွက်ကြောင်း သိရှိရပါသည်။

ယခု ဘုရားကျောင်း ကျောင်းထိုင်ဆရာတော် ဦးဝိလာသမှ ဦးဆောင်လျက် သံဃာငါးပါးနှင့်အတူ ရိပ်သာကျောင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ တောကျောင်းဖြစ်၍ထင့်၊ ဆွမ်း၊ ကွမ်းရွာပါးကာ တစ်နပ်ဆွမ်းဖြင့် သာသနာ့တာဝန်ကို ရဲရဲဝံ့ဝံ့ ထမ်းဆောင်နေသော သံဃာတော်ခြောက်ပါးပင် ဖြစ်ပေသည်။ တရားစခန်းဖွင့်စဉ် သံဃာတော်များအတွက် သီးသန့်တိုက်ခန်း ငါးဆောင်တွဲ အဆောက်အအုံရှိပြီး ယောဂီအမျိုးသား၊ အမျိုးသမီးများတွက် တသီးတခြား အဆောင်ရှိသော်လည်း ကျောင်းအိုကိုဖြိုဖျက်ကာ အသစ်ဆောက်လုပ်နေသော နှစ်ထပ်ကျောင်းဆောင်သစ်မှာ တိုင်နှင့်ရက်မသာ ကျောက်စည်းမျဉ်းလောင်းနိုင်ပြီး အထပ်၊ အမိုး၊ အကာ၊ အခင်းမရှိပေ။

သို့ပါ၍ မြန်မာပြည်တစ်လွှားမှ စေတနာရှင် ကုသိုလ်ရှင်များ တောကျောင်း မဟာစည်ရိပ်သာ သာသနာ့အထောက်အပံ့ဖြင့် ဆွမ်း၊ ကွမ်းအတွက်လည်းကောင်း၊ သာသနာ့ဝါလ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသစ်ကြီးအတွက် လည်းကောင်း စေတနာထား လှူဒါန်းလိုပါက ကမ်းနီမြသီတင်ဘုရားကျောင်းဆရာတော် ဦးဝိလာသ၊ ဖုန်း- ၀၉ ၄၂၈၁၆၉၉၁၄ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးလို၍ နှိုးဆော် တိုက်တွန်းအပ်ပါကြောင်း. . . ။

ထူးခြားချက်တစ်ရပ်မှာ တောင်ထိပ်တွင် ကြာပေါက်သကဲ့သို့ ကမ်းနီတောင်ထိပ်တွင် အဝီစိတွင်းတူးဖော်၍ ရခြင်းပင်ဖြစ်သည်။ ယခင်က တောင်အောက်ကမ်းနီချောင်းအတွင်းမှရေကို တောင်ပေါ်ကိုရောက်ရန် လူအား၊ ငွေအား၊ စက်အားဖြင့် ခက်ခဲပင်ပန်းကြီးစွာ တင်ခဲ့ရရာ ယခုအခါ လွယ်ကူချောမွေ့လှသည်။ သို့သော် ဒီဇယ် အခက်အခဲကြောင့် ပွဲတော်ချိန်နှင့် တရားစခန်းဖွင့်ပွဲ အချိန်မှလွဲ၍ ရေကို သံဃာတော်များ ချွေတာသုံးစွဲခဲ့ရသည်။

တောကြီး၊ တောင်ကြီးထဲက မြသီတင်ညီနောင်စေတီတော်တွင် ရောင်စုံမီးကုံးများ သွယ်တန်းထားသော်လည်း ညချမ်းအခါ ဆီမီးလှူဒါန်းမည့်သူမရှိရာ မှောင်နှင့်မည်းမည်းသာ ကြုံကြိုက်တုန်း စာရေးသူ၏ ခွေးနဲ့စာဖြင့် လေးညစာဆီမီးအတွက် ဒီဇယ်နှစ်ဂါလံဖိုးငွေ (၈၀၀၀) ကျပ် လှူဒါန်းခဲ့ပါသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ရေကုသိုလ်ပါ ရရှိခဲ့ပါသည်။ တစ်ဆက်တည်းပင် တစ်နပ်ဆွမ်းကိစ္စ သိရှိသွားသော သာသနာ့ပြုဦးဇော်မင်းနှင့် သာဝကအဖွဲ့မှလည်း ကြက်သောင်းတောင် မောင်နှမဘုရား ဘက်စုံမွမ်းမံနေမှုအတွင်း နေ့စဉ် အရှက်ဆွမ်း ဆက်ကပ်သွားကြောင်း သိရှိရ၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိခဲ့ပါသည်။

ယခု စာရေးနေစဉ် ဆရာတော်ကျောင်းတွင် တရားစခန်းဖွင့်ရန် အစည်းအဝေး ခေါ်ယူနေကြောင်း သိရှိရသည်။ တပေါင်းလဆန်း (၈)ရက်နေ့ တရားစခန်းဖွင့်နိုင်ရန် ယခုလမှစ၍ အလှူခံထွက်ရန် ဖြစ်သည်။

**တစ်ခါတစ်ခေါက်လှမ်းခဲ့ပ ကမ်းနီမြေဆီ**

သမိုင်းဝင် ကမ်းနီ မြသီတင် စေတီတော်မြတ်နှင့် တောင်ရိုးဘုရား၊ အစ်ကိုကြီးဘုရား၊ အစ်မတော်ဘုရား၊ ကိုပုဘုရားတို့ တည်ရှိရာ မင်းဝံတောင်တန်း၊ တောင်စွယ်၏ သဘာဝအဝေးအနီး ပသာဒ မြစ်ဆုံအလှ၊ ပေါင်းလောင်းခေါ် စစ်တောင်းမြစ်အတွင်းသို့ ရေကြည်ရေနောက် စီးဆင်းရာ ပုန်းချောင်းခေါ် ကမ်းနီချောင်းရေအောက်တွင် မြင်နေရသော ငါး၊ ပုစွန်တို့ပျော်မြူးရာ စမ်းချောင်းအလှ (ရန်ကုန်သား၊ နိုင်ငံခြား သဘော်ကပ္ပတိန် ကိုသန်းထွန်းနှင့် ဇနီးဖြစ်သူ ဒေါက်တာခင်သီတာမိုးတို့ ကမ်းနီချောင်း ရေအလျဉ်တွင် ဆင်းကာ ချောင်းသာကမ်းခြေအလှနှင့် တူညီကြောင်း ချီးကျူးသည်။) ဒီအလှတရားတို့ ပေါင်းစုကာ သာသနာ့ပွင့်လန်း ခည်ပင်နေသော ကမ်းနီမြေသို့ ဖိတ်ခေါ်ပါသည်။

ယင်းအပြင် ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက်၊ (၂၄-၄-၂၀၁၃) ဗုဒ္ဓဟူးနေ့ မင်္ဂလာ အချိန် ရွှေလင်းယုန်ဆရာတော် ဦးအရိယဝံသာဘိဝံသ၊ ရွာတန်းရှည် အနောက်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက ဦးဥက္ကံသ၊ ကမ်းနီကျောင်းဆရာတော် ဦးဝိမလတို့ ဦးဆောင်ကာ တောင်ပိုင်အဖိုးဘုရား၊ အစ်ကိုကြီးဘုရား၊ အစ်မတော်ဘုရားနှင့် ကိုပုဘုရားတို့၏ ရွှေထီးတော်အထွတ်ကို တင်လှူသွားမည်ဖြစ်ရာ မြန်မာပြည်တစ်လွှားနှင့် ကြက်သောင်းဝါးပေါက်ရာ ကြက်သောင်းတောင် မောင်နှမ၏ သွေးဆက်၊ သားဆက်၊ ပဋ္ဌာန်းဆက်များ မကြားမသိ မရှိကြစေရန်လည်းကောင်း၊ အထူးအားဖြင့် မူလဓာတ်ပေါင်း မပယ်ကောင်း၍ မူလဘုရားဒါယကာ ရသေ့လေး ဦးအောင်ဇေယျ (ယခုသက်န်းဝတ်)အားလည်းကောင်း ကြွရောက်၍ ကုသိုလ်ယူနိုင်ပါရန် သာသနာ့အကျိုး မျှော်၍ ဤဆောင်းပါးဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း. . .

ဤဆောင်းပါးဖြင့် ရွှေလင်းယုန်ဆရာတော်၊ ရှင်ပင်ကြက်သောက်ဆရာတော်၊ ရွာတန်းရှည်ကျောင်းဆရာတော်ကြီးဘဒ္ဒန္တဇောတိက ဦးဥက္ကံသနှင့် ကမ်းနီကျောင်းဆရာတော်ကြီးများအား ဦးတင်သပါ၏။

ယင်းအပြင် ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော သာသနာ့ပြု ဦးဇော်မင်း(ဘိုးတော်တက်)၊ ကမ်းနီအုပ်ချုပ်ရေးမှူးဦးတင်ကြိုင်နှင့် မြသီတင်ဘုရား ဂေါပကဥက္ကဋ္ဌ ဦးမြင့်စိုး၊ အစ်မတော် မြနန်းနွယ်၊ မမြသိမ်း၊ မမြစိမ်း၊ စောနန်းနွယ်၊ ရွှေကျင်ကိုကိုကြီး၊ ရွှေကျင်မမကြီးနှင့် နန်းထိန်းမမြင့်ရီ၊ ကြက်သောင်းတောင် မောင်နှမနှင့် အပု(ခေါ်)ကိုဝင်းခိုင်၊ နန်းထိန်း ဒေါ်ခင်တုတ်၊ ဒေါ်စမ်းမြင့်၊ ရိက္ခာထောက် ဒေါ်အာဝါး (ကင်းဆိပ်)၊ ဒေါ်တင်တင်၊ ဒေါ်တင်လှ (ရပ်ကွက်-၂)၊ ဒေါ်ကြည်လွင်(ဖွဲ့မာန်)၊ ဒေါ်ချိုချိုလွင် (၁၁)ရပ်ကွက်၊ မစန်းခိုင် (လက်ပံတံခါး)၊ ရသေ့လေး(ကျွန်းကြီး)၊ ဒေါ်တင်အေး(ကျိုက်ထို)တို့အား ဤဆောင်းပါးဖြင့် ကျေးဇူးမှတ်တမ်းတင်အပ်ပါကြောင်း။

"နဝင်းစကြာ၊ အောင်နန်းမြေမှာ၊ ရောင်ရွှေတက်ထွန်း၊ ရွှေလခန်းသို့၊ မြဝန်းဖလ်ညီ၊ မြသီတင်ကို၊ ခုသော်တဖန်၊ ထပ်ဆင့်ပြန်သည်၊ ပဋ္ဌ၊ သဋ္ဌ၊ တြိ၊ ဧကတည်း၊ လတန်ခူးဆုံ၊ အကုန်ပြီးမြောက်၊ ထွန်းတောက်တေဇာ၊ ဘိုးတော်တက် သာသနာဟု၊ ငါ၊ ဘိက္ခုပြုသည် များထုဝေနေ၊ ကိုးကွယ်စေဖို့၊ စေတီပေါင်းနွှမ်း သင်တိုင်းလွှမ်းသည်၊ မှိုင်းမြမ်းတမ်းတ မြင့်မြတည်း"။

ကမ်းနီမြသီတင်သာသနာ၊ နေလို လလို ထွန်းတောက်ပါစေ။

**ကေတုနဝင်း**

□

www.burmeseclassic.com

# အနော်ရထာမင်းနန်းတက်စ

# ပုဂံသားများ အယူဝါဒ

## အေဒီ ၁၀၄၄ – ၁၀၇၇



ကျောင်းစံဟိန်း (ပန်နှေဝန်း)



www.burmeseclassic.com

www.burmeseclassic.com

အနိရုဒ္ဓခေါ် အနော်ရထာသည် ပုဂံတွင် အေဒီ ၉၆၄-၉၈၆ ထိ ၂၂ နှစ်ကြာ နန်းစံခဲ့သော ကွန်းဆော်ကြောင်ဖြူမင်း၏ သားတော်ဖြစ်သည်။ နောင်တော် စုက္ကတေးမင်းကို သုတ်သင်ပြီး ကောဇာသက္ကရာဇ် ၃၇၉ တွင် ပုဂံထီးနန်းကို ရယူစိုးစံခဲ့သည်။

ထိုကာလက ပုဂံသား၊ ပုဂံသူများ၏ ကိုးကွယ်မှုတွင် ဟိန္ဒူဗြာဟ္မဏ အယူဝါဒနှင့် မဟာယာနတို့ ရောနှောပေါင်းစပ်သော တန္တရ မန္တရ နတ်နဂါး ကိုးကွယ်မှုတို့ အယူဝါဒပေါင်းစုံလျက် ရှိနေသည်။ အဆိုးဆုံးမှာ ပန်းဦးလွှတ်ခြင်း (ပန်းဦးလွှတ်ဒါန)ပင် ဖြစ်သည်။ ထိုပန်းဦးလွှတ်ခြင်းကိုလည်း အယူမှားဘုရင်များကို ကြောက်ရွံ့၍ လက်ခံလာခဲ့ခြင်း ဖြစ်သည်။

အနော်ရထာ နန်းတက်ခါစ ပုဂံပြည်၏ အကျယ်အဝန်းမှာ အလျားမိုင် ၂၀၀ ခန့်နှင့် အနံမိုင် ၈၀ ဝန်းကျင်သာ ရှိသည်။အရှေ့ဘက်တစ်လွှားနှင့်မြောက်ဘက်ခြမ်းမှာ နန်းစောတို့ နေထိုင်ရာဒေသဖြစ်ပြီး တောင်ဘက် အောက်ပိုင်းမှာ မွန်လူမျိုးတို့ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသော သုဝဏ္ဏဘူမိ ရှိနေသည်။ အနောက်ဘက်ခြမ်း ရခိုင်တို့ကလည်း ကိုယ့်ထီးကိုယ့်နန်းနှင့် ဗုဒ္ဓဘာသာ စည်ပင်ထွန်းကားလျက် ရှိနေပေသည်။

ပတ်ဝန်းကျင် မြို့ပြနိုင်ငံဖြစ်သော မွန်၊ ရခိုင်တို့နှင့် ယှဉ်ကြည့်လျှင် ပုဂံမြို့ မင်းနေပြည်တွင် ရှိနေသော ဘာသာအယူဝါဒဆိုးများ လွှမ်းမိုးကြီးစိုးနေခြင်းမှာ လုံးဝမဖြစ်သင့်၊ မွန်မြတ်သော ဘာသာအယူဝါဒတစ်ခု အမြန်လိုအပ်ကြောင်း အနော်ရထာမင်းမြတ် တွေးဆမိ၏။ သို့သော် ပုဂံတွင် ကြီးစိုးနေသော အယူဝါဒ၏ အင်အားမှာ ဂိုဏ်းခေါင်းဆောင် သုံးဆယ်နှင့် တပည့် ခြောက်သောင်း ရှိနေသည်။ ထိုအင်အားကို ကြည့်လျှင် တိုင်းပြည်၏ အန္တရာယ်မှာလည်း စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ကြိုတင်တွေးထားမိသည်။

အနော်ရထာမင်းမြတ်သည် ပုဂံနိုင်ငံတော် ထူထောင်ရေးမှာ အရေးတကြီး လိုအပ်နေသော စစ်အင်အားစုဆောင်းရေးတွင် ရှေးမကြာသေးသောကာလ နန်းစောတို့နေထိုင်ရာ နယ်စပ်ဘက်မှ ဝင်ရောက် ခိုလှုံလာသော ကျောက်ဆည်ခရိုင်အတွင်းက ချီအန်လူမျိုးများကို အဓိကထား စုဆောင်းပြီး ပျူ ကမ်းယံ၊ သက် တိုင်းရင်းသားများကိုလည်း ပါဝင်စေခဲ့သည်။ ချီအန်လူမျိုးများမှာ နန်းစောတို့နှင့်လည်းကောင်း၊ တရုတ်တို့နှင့်လည်းကောင်း၊ တိဗက်တို့နှင့်လည်းကောင်း နှစ်ပေါင်းများစွာ တိုက်ပွဲဝင်လာခဲ့သော စစ်ရေးအတွေ့အကြုံရှိသူများ ဖြစ်သဖြင့် အနော်ရထာမင်းမြတ်၏ တပ်မတော်တွင် အများအပြား ပါဝင်အမှုထမ်းလာကြသည်။

ထိုသို့ စစ်အင်အားဖြည့်တင်းနေချိန် တစ်နေ့တွင် မြင်ရရုံနှင့်ပင် အလွန်ကြည်ညိုချင်စရာ ကောင်းလှသော မမွေ့ဒဿီဘွဲ့ခံ ရှင်အရဟံဆိုသော ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးနှင့် ဆုံတွေ့ခွင့်ရရှိခဲ့သည်။ အရှင်မြတ်၏ တရားတော်ကိုလည်း အနော်ရထာမင်းမြတ် ကိုယ်တိုင် ကြားနာခဲ့ရပြီး တိုင်းသူပြည်သားများ သက်ဝင်လာအောင် တရားဓမ္မများ ဟောကြားပေးပါရန် လျှောက်ထားတော်မူခဲ့သည်။ အရှင်မြတ်ကလည်း တစ်တိုင်းပြည်လုံးအနှံ့ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရား ဒေသနာတော်များကို ဟောကြားပြသတော်မူခဲ့သဖြင့် ပုဂံပြည်သူအများအပြား ဗုဒ္ဓဘာသာကို လက်ခံလာကြသည်။



## ပုဂံသာသနာအား စင်ကြယ်စေသူ

အနော်ရထာ မင်းမြတ်သည် အရှင်အရဟံမထေရ်မြတ်၏ အဆုံးအမကို နာယူတော်မူပြီး ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားအဓွန့်ရှည်ရေး ရှေ့တစ်ဆင့်တိုးတက် ဆောင်ရွက်တော်မူရာတွင် အရည်းကြီးတို့ အယူဝါဒ ပုဂံပြည်မှ အလျှင်အမြန်ပျောက်ကွယ်သွားရေးပင် ဖြစ်သည်။ ထိုအရည်းကြီးတို့အား မိမိဖွဲ့စည်းထားသော တပ်မတော်ဖြင့် အလွယ်တကူ နှိမ်နင်းနိုင်သော်လည်း တိုင်းသူပြည်သားများ အထိတ်တလန့်မဖြစ်စေရန်အရေးကြီးကြောင်းတွေးမိပြီး


www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်ပညာ အမြော်အမြင်ကြီးစွာ နည်းပရိယာယ်ဖြင့်ဆောင်ရွက်တော်မူခဲ့သည်။

အရည်းကြီးတို့၏ အကြီးအကဲ သုံးဆယ်ကို နိုင်ငံတော်၏ အနာဂတ် ဘာသာရေး ဆွေးနွေးရန် နန်းတော်သို့ ခေါ်ယူပြီး အရည်းကြီးတို့၏ အယူဝါဒ အမှားများကို ဗုဒ္ဓဘာသာ အယူဝါဒနှင့် နှိုင်းယှဉ်ကာ တစ်ခုချင်း ထောက်ပြဆွေးနွေးတော်မူသည်။ အရည်းကြီးတို့က လည်း မငြင်းသာတော့ဘဲ အမှားကို ဝန်ခံခဲ့ကြသည်။ အရည်းကြီးများ အမှားကို ဝန်ခံပြီးနောက်တွင် အနော်ရထာ မင်းမြတ်က နိုင်ငံတော် ထူထောင်ရာမှာ တပ်မတော်၏ လိုအပ်နေသော အမှုထမ်းအဖြစ် ပါဝင်ထမ်းဆောင်ကြရန် အမိန့်တော် ထုတ်ပြန်ပေးခဲ့သည်။

ထို့ကြောင့်လည်း အရည်းကြီးတို့ အယူဝါဒ လွှမ်းမိုးကြီးစိုးနေခဲ့သော ပုဂံနေပြည်တော်ကြီးမှာ ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေး ဗရပျစ်၊ မည်းညစ်သော စီဝရံနှင့် တာတေလန်အကျင့်ဆိုးသည့် ရှင်ဆိုးတကာ့ ထိပ်ခေါင် အရည်းကြီးရှင်ယောင်တို့ နေ့ချင်းညချင်း ပျောက်ကွယ်သွားခဲ့ရသလို အရည်းကြီးတို့ အယူဝါဒ လွှမ်းမိုးနေစဉ်ကာလ ပျောက်ကွယ်လုဆဲ ဖြစ်နေခဲ့ရသော ထေရဝါဒ ဗုဒ္ဓသာသနာတော်မှာလည်း အနော်ရထာမင်းမြတ် လက်ထက်က စပြီး ပြန်လည်ထွန်းကား စည်ပင်လာခဲ့ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓသာသနာအစွန့်ရှည်ရေးကြိုးပမ်း

အနော်ရထာ မင်းမြတ်သည် ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ ရှင်အရဟံ၏ အဆုံးအမတွင် ပါရှိသော "ဗုဒ္ဓသာသနာတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အလိုအပ်ဆုံးမှာ ပိဋကတ်တော် ရရှိရေးပင် ဖြစ်ကြောင်း၊ သို့မှသာ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဆိုသည့် သာသနာ သုံးရပ် အမြစ်တွယ်ခိုင်မြဲမှသာ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ခိုင်မြဲလာမှာ ဖြစ်ကြောင်း" အရှင်မြတ်၏ မိန့်မှာချက်ကို နာယူမှတ်သားထားပြီး ဖြစ်သည်။

သုဝဏ္ဏဘူမိ သထုံပြည်တွင် ပိဋကတ်တော်များနှင့် ပိဋကတ်ကျမ်းဂန်တတ် ရဟန်းတော် အများအပြားရှိနေကြောင်း ကြားသိတော်မူထားပြီး ဖြစ်သဖြင့် ပုဂံနေပြည်တော်အား ဗုဒ္ဓသာသနာ ထွန်းကားလာရန်မှာ ပိဋကတ်တော်နှင့် ကျမ်းဂန်စာပေ တတ်သိသော ရဟန်းတော်များ ရရှိရေးမှာ အရေးတကြီး လိုအပ်လျက်ရှိပေသည်။

ထို့ကြောင့် သုဝဏ္ဏဘူမိ ခေါ် သထုံဘုရင် မနူဟာမင်းထံသို့ သံဝဏ်လွှာ ရေးသားပြီး ပုဂံပြည်သူများ ဗုဒ္ဓဘာသာဝင် ဖြစ်လာစေရေးနှင့် ဗုဒ္ဓသာသနာထွန်းကားရေးတို့အတွက် ပိဋကတ်တော် တစ်စုံအား ကူညီပို့ဆောင်ပေးပါရန် သံတမန်စေလွှတ် တောင်းခံခဲ့သည်။ သို့သော်လည်း အကြောင်းမညီညွတ်သဖြင့် အခွင့်မသာဘဲ ပြန်လာခဲ့ရသည်။

ခရစ်သက္ကရာဇ် ၁၀၅၇ ခုနှစ်တွင် ပိဋကတ်တော် ရရှိရေးအတွက် တပ်မတော်ကြီးကို အသင့်ပြင်စေပြီး အနော်ရထာမင်းမြတ်ကိုယ်တိုင်ဦးဆောင်လျက် သုဝဏ္ဏဘူမိ ခေါ် သထုံပြည်အား ချီတက်တိုက်ခိုက်ခဲ့သည်။ သထုံမြို့ကို အလွယ်တကူပင် သိမ်းပိုက်နိုင်ခဲ့ပြီး ပိဋကတ်တော်များ၊ ကျမ်းဂန်တတ် ဆရာတော်ကြီးများ၊ သထုံဘုရင် မနူဟာမင်းနှင့် သားတော် သမီးတော်များ၊ အခြားနှုတ်ရေး လက်မှု အတတ်ပညာရှင်များ အားလုံး ပုဂံသို့ ခေါ်ဆောင်ကာ မြင်းကပါအရပ်တွင် တစုတဝေးတည်း နေရာချထားတော်မူခဲ့သည်။

အနော်ရထာမင်းလက်ထက် ဗုဒ္ဓသာသနာတော်မှာ ပုဂံနေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ခုလုံးသို့ စည်ပင်ထွန်းကား ပြန့်ပွားလာခဲ့သည်။ အနော်ရထာမင်း ဆက်လက် ကြိုးပမ်းမှုကြောင့် ပြည်ပနိုင်ငံဖြစ်သော သီဟိုဠ်ကျွန်းသို့ ဆက်သွယ်ကာ ပိဋကတ်တော်များ ပင့်ဆောင်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နှင့် တရုတ်ပြည်များသို့ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး အကြောင်းပြုပြီး တပ်မတော်ကြီး၏ အင်အားပြသရန် ချီတက်ခဲ့ကြောင်း မြန်မာရာဇဝင်ကြီးများမှာ တခမ်းတနား ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ဗုဒ္ဓသာသနာအစွန့်ရှည်ရေး
တောင်းမှုတော်များ

အနော်ရထာ မင်းမြတ်သည် သထုံနှင့်သီဟိုဠ်ကျွန်းမှ ရရှိသော ပိဋကတ်တော်များကို ရှင်အရဟံ ဦးဆောင်ပြီး ပါဠိဘာသာသို့ ပြန်ဆိုစေခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် စာသင်တိုက်ကြီးများ ထူထောင်ကာ ရဟန်း သံဃာတော်များအတွက်၊ မင်းညီမင်းသား မှူးမတ်ပြည်သူများအတွက် ပိဋကတ်စာပေများ သင်ကြား ပို့ချစေခဲ့သည်။

ထို့ပြင် ဗုဒ္ဓသာသနာ အစွန့်ရှည်ခိုင်မြဲရေးအတွက် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းများကို နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ နိုင်ငံတော်အတွင်း တိုင်းခန်းလှည့်လည်ရာတွင်လည်း ရောက်ရှိရာအရပ်ဒေသတို့၌ အများပြည်သူ ကုသိုလ်ယူပွားများနိုင်ရန် စေတီပုထိုးများစွာ တည်ထားခဲ့သည်။ တည်ထားသော စေတီပုထိုးများ ဌာပနာရာတွင်လည်း ဘုရင်ကိုယ်တိုင်ပြုလုပ်သော မြေပုံဘုရား (အုတ်ခွက်)များကို နိဗ္ဗာန်ရည်စူးလျက် ဌာပနာထည့်သွင်း ပူဇော်တော်မူခဲ့ကြောင်း တွေ့ရှိရပေသည်။

အနော်ရထာမင်းမြတ်၏ ကောင်းမှုတော် စေတီပုထိုးများ မြန်မာနိုင်ငံအနှံ့အပြား ဖူးတွေ့ရသည့်အနက် ထင်ရှားသော ကောင်းမှုတော်များမှာ ရွှေစည်းခုံဘုရား၊ တန့်ကြည့်တောင်ဘုရား၊ လောကနန္ဒာဘုရားနှင့် တုရင်တောင်ဘုရားတို့မှာ စွယ်တော်လေးဆူ ဟူသောအွဲ့တော်နှင့် အလွန်ထင်ရှားသော သာသနိက အဆောက်အအုံကြီးများ

www.burmeseclassic.com

ခဲ့သည်။ မင်းကြီးသည် မိမိကိုယ်တိုင် ဘုရားတည် ကျောင်းဆောက် ကုသိုလ်ပြုခြင်းဖြင့် အားမရနိုင်ဘဲ မင်းညီမင်းသား မိဖုရား၊ မှူးမတ်၊ ပြည်သူအများတို့လည်း တတ်စွမ်းသလောက် ဘုရားတည် ကျောင်းဆောက် ကုသိုလ်ယူကြရန် တိုက်တွန်းတော်မူခဲ့သည်။

အနော်ရထာ မင်းမြတ်သည် မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာ နိုင်ငံတော်အဖြစ် ထူထောင်ရင်း လက်နက်နိုင်ငံတော် ဖြစ်လာအောင် တပ်မတော်ကိုလည်း တောင့်တင်းခိုင်မာသော တပ်မတော်ကြီးဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ ပြည်သူများအတွက် ဝမ်းစာဖူလုံရေး ဆည်မြောင်း ကန်ချောင်းများစွာ ဆည်ဖို့ဆောင်ရွက်တော်မူခဲ့သည်။ ထိုသို့ ဆည်မြောင်းကန်ချောင်းများ ဆည်ဖို့ရာတွင် ကိုယ်တိုင်ကြီးကြပ်ရင်း ပခုက္ကူနယ်မြေ အောင်သာမြစ်ခြေမှာ သောင်းကျန်းနေသော ကျွဲရိုင်းအား နှိမ်နင်းရာမှာ အနော်ရထာမင်းမြတ် နတ်ရွာစံခဲ့ရခြင်း ဖြစ်သည်။ သာသနာ့ဒါယကာ ဘုရင်မင်းမြတ်နတ်ရွာစံခဲ့ရသော အခြေအနေမှာ တိုင်းသူပြည်သားအားလုံးအတွက် စိတ်မကောင်းစရာ အဖြစ်ဆိုးတစ်ခုပါ။ သက်တော် (၆၃)နှစ်၊ နန်းစံ (၃၃)နှစ်၊ ၁၁. ၄. ၁၀၇၇ နေ့တွင် နတ်ရွာစံတော်မူခဲ့ခြင်း ဖြစ်ပါသည်။

### အနော်ရထာမင်းမြတ်၏ ကျေးဇူးတရားများ

၁။ မြန်မာနိုင်ငံ၏ အကွဲကွဲ အပြားပြား ဖြစ်နေသော မြို့ပြနိုင်ငံငယ်များကို တစ်စုတစ်စည်းတည်း နိုင်ငံတော် ဖြစ်အောင် ထူထောင်ပေးခဲ့ခြင်း။

၂။ ဗုဒ္ဓစာပေ၊ ဗုဒ္ဓယဉ်ကျေးမှုများ မြန်မာတစ်နိုင်ငံလုံးသို့ ပြန့်ပွားထွန်းကားစေခဲ့ခြင်း။

၃။ အနော်ရထာမင်းမြတ် တည်ဆောက်ခဲ့သောဆည်မြောင်းကန်ချောင်းများစွာတို့ကို ပြည်သူ့ဝမ်းစာအတွက် ယခုတိုင် မှီခိုအားထားနေရခြင်း။

၄။ ဗုဒ္ဓဘာသာ နိုင်ငံတော်အဖြစ် ကမ္ဘာက အသိအမှတ်ပြု ခံရခြင်းနှင့် ယဉ်ကျေးမှု အမွေအနှစ် အနုပညာလက်ရာများဖြစ်သော စေတီပုထိုး ဂူကျောင်း မြောက်မြားစွာ အံ့ချီးဖွယ်ရာတို့ဖြင့် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာ ရပ်တည်နိုင်ခြင်း။

စသည့် မြန်မာနိုင်ငံအတွက် အမျိုးဘာသာ သာသနာနှင့်ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များစွာ တင်ကျန်နေခဲ့ခြင်းမှာ အနိရုဒ္ဓ ခေါ် အနော်ရထာမင်းမြတ်၏ ထူးချွန်ပြောင်မြောက်သော လုပ်ဆောင်ချက်များဖြစ်ကြောင်း တွေ့ရှိရပေသည်။

### မြန်မာနိုင်ငံ ပုဂံခေတ် ဗုဒ္ဓသာသနာတော်

မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ခရီးသည် ပုဂံခေတ်တွင် သုဝဏ္ဏဘူမိ သထုံမှ အစပျိုးစည်ပင်လာခဲ့သည်ဟု ပြောဆိုလျက် ရှိကြသည်။ သာသနာဝင်မှတ်တမ်းများနှင့် ပိဋကတ်တော်လာ ကျမ်းဂန်များတွင် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ကြွရောက်ခဲ့ကြောင်း ရှေ့ပိုင်းဆောင်းပါးတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ သုဝဏ္ဏဘူမိ ခေါ် သထုံသို့ ရောက်ရှိခဲ့သော သာသနာမှာ ကိုးတိုင်း ကိုးဌာန သာသနာပြုကြွရောက်ခဲ့သော အရှင်သောနနှင့် အရှင်ဥတ္တရတို့ ဦးဆောင်သော သာသနာပြုခရီးသည် မြန်မာနိုင်ငံအတွင်း လေးကြိမ်မြောက် ဖြစ်ပါသည်။

ပုဂံခေတ် ဗုဒ္ဓသာသနာတော်သည် တကောင်း၊ မိုင်းမော၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့မှရွေ့လျော၊ ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် ဗုဒ္ဓသာသနာတော် ထွန်းကားစည်ပင်ဆုံးဖြစ်ခဲ့သော သရေခေတ္တရာပြည်ကြီး ပျက်စီးသွားသောအခါ ဗုဒ္ဓသာသနာမှာလည်း လုံးဝ ပျောက်ကွယ်လုမတတ် ဖြစ်သွားခဲ့ရသည်။ ပုဂံခေတ်ဦး သမုဒ္ဒရာဇ်မင်း လက်ထက်မှစပြီး ပုဂံ၏ ၄၁ ဆက်မြောက် စုက္ကတေးမင်း လက်ထက်အထိ ဗုဒ္ဓသာသနာတော်မှာ ငုပ်ချည်တစ်ခါပေါ် ချည်တစ်လှည့် စည်ပင်ထွန်းကားမှုမရှိ ချီးမြှောက်ထောက်ပံ့သူနှင့် ဝေးနေခဲ့ရသည်။

ပုဂံ၏ ၄၂ ဆက်မြောက် ဖြစ်သော အနိရုဒ္ဓ ခေါ် အနော်ရထာမင်းမြတ်လက်ထက် အေဒီ ၁၀၄၄ မှ ၁၀၇၇ ထိ ကာလတစ်လျှောက်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် အစစ်အမှန် ထွန်းလင်းစည်ပင်လာခဲ့ပြီး ဗုဒ္ဓစာပေနှင့် ဗုဒ္ဓယဉ်ကျေးမှုဖြစ်သော စေတီပုထိုး ဘုရားကျောင်းကန်များ၊ ၁န်းရန်၊ ပန်းတမော့ ဗိသုကာပညာရပ်များ ထွန်းကားလာခဲ့ခြင်းဖြစ်သည်။ ယခင်က သမားရိုးကျ စိုက်ပျိုးသော သယ်ယာမြေအဆင့်မှ ဆည်မြောင်းတ၁တမံ တည်ဆောက်ပြီး ရေသွင်းစိုက်ပျိုးနည်းများဖြင့် တိုးတက်ပြောင်းလဲကာ ပုဂံနှင့်တကွ မြန်မာနိုင်ငံ အရပ်ရပ် ပြည်သူအများ စီးပွားရေး တိုးတက်လာခဲ့ကြသည်။

ဗုဒ္ဓစာပေများကို ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပေးခြင်း၊ စာပေအက္ခရာအဖြစ် တီထွင်ထွန်းကားစေခြင်း စသည်တို့ကြောင့် ပုဂံခေတ်တွင် လူတိုင်းစေ့ စာပေ တတ်မြောက်ခဲ့ကြသည်။ အမျိုးသမီးများပင် ပိဋကတ်စာပေများ တတ်မြောက်ခဲ့ကြောင်း အဆိုရှိသည်။

ထို့ပြင် ဘာသာရေးအကြောင်းပြုပြီး တရုတ်ပြည်နှင့် ဆက်သွယ်ခြင်း၊ သီဟိုဠ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ခဲ့သဖြင့် ဗုဒ္ဓ၏စွယ်တော်မြတ်ကို ပင့်ဆောင်ပူဇော်နိုင်ခဲ့ခြင်း၊ ထိုင်းနိုင်ငံ၊ လင်းဇင်းနိုင်ငံ (လာအို)၊ ကမ္ဘောဒီးယားနိုင်ငံများသို့ ဗုဒ္ဓသာသနာတော် ပျံ့နှံ့သက်ဝင်စေရေး ဆောင်ရွက်ပေးနိုင်ခဲ့[illegible]စသည်တို့ကြောင့် ပတ်ဝန်းက[illegible]ငံများက လေးစားခဲ့ကြရသည်။

ပုဂံခေတ်အတွင်း အနော်ရထာမင်းမြတ် နောက်ပိ[illegible]စံခဲ့သော ကျန်



www.burmeseclassic.com

www.burmeseclassic.com

စစ်သား၊ အလောင်းစည်သူ၊ နရပတိစည်သူမင်းတို့မှာ အနော်ရထာမင်းမြတ် အုတ်မြစ်ချခဲ့သော ထေရဝါဒ ဗုဒ္ဓသာသနာကို စည်ပင်ထွန်းကား ဖွံ့ဖြိုးရုံတင်မကဘဲ ခိုင်ခံ့စွာ အမြစ်တွယ်ရှည်ရေးတို့ကိုပါ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ပြည်သူတို့၏ စီးပွားရေး တိုးတက်အောင်မြင်စေရန် စီမံဆောင်ရွက်ပေးခြင်းနှင့် တိုင်းနိုင်ငံ၏ အုပ်ချုပ်ရေးကိုလည်း စနစ်တကျဖြင့် ပုဂံနိုင်ငံတော်အဖြစ် တိုးတက်ဖွံ့ဖြိုးလာအောင် စီမံဆောင်ရွက်နိုင်ခဲ့ကြသည်။

နောက်ပိုင်း ဇေယျသိင်္ခ၊ ကျစွာ၊ ဥဇနာ၊ နရသီဟပတေ့တို့မှာ ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ဖွံ့ဖြိုးအောင် ချီးမြှောက်ထောက်ပံ့ခဲ့သော်လည်း တိုင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်ရေးတို့ကိုထိရောက်စွာမဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံအနှံ့ မတည်ငြိမ်ဖြစ်ကာ စည်းလုံးမှု ပြိုကွဲခဲ့ရသည်။ နရသီဟပတေ့မင်း လက်ထက် တရုတ်သံတမန်များနှင့် ပြဿနာတက်ခဲ့ရပြီး တရုတ်စစ်တပ်များ ပုဂံအထိ ကျူးကျော်ဝင်ရောက်ကာ အခြေအနေ ဆိုးဝါးပြီး ပုဂံနိုင်ငံတော်ကြီး ဆုံးရှုံးပျက်စီးခဲ့ရလေသည်။

### ပုဂံခေတ်သာသနာ<br>ပထမဆုံးဂိုဏ်းကွဲများပေါ်ထွက်

ပုဂံနိုင်ငံတော်ကြီး၏ ဗုဒ္ဓသာသနာတော် ခရီးသည် အနော်ရထာမင်းမြတ် လက်ထက်မှစ၍ တစုတစည်း တည်ရှိနေခဲ့သော သံဃာတော်များသည် ပုဂံနိုင်ငံတော်၏ ၄၈ ဆက်မြောက် နရပတိစည်သူမင်း လက်ထက် (အေဒီ ၁၁၇၄-၁၂၁၁) တွင် သီဟိုဠ်နိုင်ငံမှ ပြန်ကြွလာသော ဆပဒမထေရ်နှင့်အတူ သီဝလိထေရ်၊ တာမလိန္ဒထေရ်၊ အာနန္ဒာထေရ်၊ ရာဟုလာထေရ်တို့ ပါရှိလာရာ ထိုမထေရ်များအား နရပတိစည်သူမင်းကြီးက အလွန် ကြည်ညိုတော်မူသဖြင့် ဘုရင်ကိုယ်တိုင် ဆည်းကပ်ကိုးကွယ်တော်မူခဲ့သည်။

ထိုမင်းလက်ထက် ပုဂံတွင်ယခင်ကပင် ရှိနေသော အရှင်အရဟံ (သထုံနွယ်)သံဃာတော်များနှင့် တပည့်များကို ပူရိမသံဃာဟု ခေါ်တွင်ပြီး သီဟိုဠ်မှ ကြွရောက်လာသော သံဃာများနှင့် တပည့်များကို ပစ္ဆိမသံဃာ ဟူ၍ သံဃာ့ဂိုဏ်းနှစ်ဂိုဏ်း စတင်ကွဲပြားလာခဲ့သည်။ ဆပဒမထေရ် ပျံလွန်တော်မူပြီးနောက် သီဟိုဠ်ဂိုဏ်းမှ ရာဟုလာမထေရ် မလေးရှား (မာလာယုကျွန်း)သို့ကြွကာ လူထွက်သွားသဖြင့်ကျန်ရှိနေသော သီဟိုဠ်သံဃာသုံးပါးကို အစွဲပြုပြီး သီဟိုဠ်နွယ်သုံးဂိုဏ်း ထပ်မံကွဲသွားခဲ့ပြန်သည်။

ထို့ပြင် ဂိုဏ်းကွဲများအနက် မည်သည့်ဂိုဏ်းသို့မျှ မပါဝင်သော ဗုဒ္ဓဘာသာဝင် ရဟန်းအချို့က တောကျောင်းဂိုဏ်းဟူ၍သီးခြားဂိုဏ်းတစ်ခုထူထောင်ကာ အိန္ဒိယမှ ပျံ့နှံ့ရောက်ရှိခဲ့သော တန္တရ မန္တရ အယူဝါဒများ လက်ခံပြီး နတ်ကိုးကွယ်ခြင်း၊ နတ်ဘုရားအမကို ကိုးကွယ်ခြင်းနှင့် အင်းအိုင်လက်ဖွဲ့မန္တန်အစီအရင်များ လက်ခံလာခဲ့ကြသည်။

အနော်ရထာမင်းမြတ် နှိပ်ကွပ်မောင်းထုတ်ခဲ့သော အရည်းကြီးဂိုဏ်း ပြန်လည်ဦးမော့လာသည်။ ထိုဂိုဏ်းမှာ နောက်ပိုင်း အင်းဝခေတ်၊ ကုန်းဘောင်ခေတ်အထိ ပွဲကျောင်းဂိုဏ်းဟူ၍ ထင်ရှားနေခဲ့သည်။ ထိုသို့ ဂိုဏ်းကွဲများဖြစ်ပေါ်နေခဲ့သော်လည်း ဘုရင်မင်းအဆက်ဆက် တားမြစ်ခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

### ပုဂံခေတ် ထင်ရှားသော<br>သာသနာရေးကျမ်းများ

မြန်မာရာဇဝင်ကြီးတွင် သရေခေတ္တရာကို သာသနာနှစ် ၁၀၁ ခုနှစ်၊ ခရစ်ဘီစီ ၄၄၃ တွင် စတင်တည်ထောင်ခဲ့သည်ဟု ဖော်ပြထားသည်။

ထို့ပြင် ဒွတ္တပေါင်မင်းကြီး လက်ထက် ရဟန္တာသုံးထောင်အား လျှောက်ထားပြီး ဓမ္မသတ်ကျမ်း ပြုစုခဲ့ကြောင်း ဖော်ပြထားသည်။

ခေတ်သစ် သုတေသီများ တူးဖော်တွေ့ရှိမှုကို ခန့်မှန်းရာတွင် ဘီစီ ၂ ရာစုခန့်တွင် မြို့ပြတည်ထောင်နိုင်ပြီဟု မှတ်တမ်းပြုခဲ့ကြသည်။ ပျူလူမျိုးများသည် တကောင်း၊ မိုင်းမော၊ ဗိဿနိုး၊ ဟန်လင်း အဆက်ဆက် ဗုဒ္ဓဘာသာကို လက်ခံယုံကြည်လာခဲ့ပြီး သရေခေတ္တရာခေတ်တွင် ဗုဒ္ဓစာပေများ ကောင်းစွာ ထွန်းကားနေပြီ ဖြစ်သည်ဟု သုတေသီများ လက်ခံကြသည်။

သရေခေတ္တရာတွင် ဦးဆုံးတွေ့ရသော ဗုဒ္ဓဘာသာ ရဟန်းတော်၏ ဘွဲ့တော်မှာ "ဂူဟာဒီပ" ဖြစ်သည်ဟု လေ့လာတွေ့ရှိရသည်။ ထို့ပြင် သရေခေတ္တရာခေတ် ၂၅ ဆက်မြောက် သုပညာနဂရဆိန္နမင်းလက်ထက် သရဘူ ကို[...] ကျမ်းနှင့် ကပ္ပာလင်္ကာရကျမ်းပြုဆရာ[...] တော်အရှင်ဥတ္တမအား သီရိဘွဲ့တပ်ကာ[...] "အရှင်ဥတ္တမသီရိ" ဟူသော ဘွဲ့တံဆိ[...] တော်ဆက်ကပ်ခဲ့ကြောင်း ဖတ်ဖူးသည်[...] သို့ကြောင့် သရေခေတ္တရာခေတ်တွ[...] လည်း စာပေကျမ်းဂန်အမြောက်အမြ[...] ရေးသားပြုစုခဲ့ကြသည်ဟု ခန့်မှန်းနိုင်[...] သည်။

ပုဂံခေတ် အနော်ရထာမ[...] လက်ထက်နှင့် နောက်ပိုင်း မင်းဆ[...] များသည် နန်းတော်အတွင်း ပါဠိ၊ သ[...] တဘာသာ ကျွမ်းကျင်သောဆရာ[...] ကြီးများပင့်ဆောင်ကာ ဘုရင့်သား[...] သမီးတော်များ၊ မှူးကြီးမတ်ရာမျာ[...] သားသမီးများ၊ ပြည်သူများနှင့် သ[...] သမီးများအား ပိဋကတ်ဆိုင်ရာ [...] ကုတ္တရာ စာပေများအပြင် လောကီ[...] ရာ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခ[...] ဗေဒင်ကျမ်းများကိုလည်း သင်ြ[...] တတ်မြောက်စေခဲ့သည်။

ဆရာတော်ကြီးများကလ[...] ဗုဒ္ဓမြတ်စွာ၏ သာသနာတော် [...] ရှည်စိမ့်သောငှာ ပိဋကတ်တော်နှင့်[...] သက်သော ပါဠိ၊ သဒ္ဒါ၊ နီတိအ[...] များစွာ ရေးသားခဲ့ကြသည်၊ ပုဂံ[...] ရေးသားထားခဲ့သော ကျမ်းမျာ[...]





www.burmeseclassic.com

www.burmeseclassic.com

...ဝင် အဆင့်အတန်း မြင့်မားပြီး ...ထိုင် မှီငြမ်းပြုရကြောင်းနှင့် ဆရာ ...် အဂ္ဂဝံသရေးသားသော သဒ္ဒါနီတိ ...တို သီဟိုဠ်ပါဠိသတ္တတ ပါရဂူများ ...ကျူးရကြောင်း ဖတ်ဖူးပါသည်။ ပုဂံခေတ် ဘုရင်များ အဆက် ...် သာသနာတော် အဓွန့်ရှည်ရေး ...တ်တော်လာ ကျမ်းပေါင်းများစွာ ...ခဲ့ကြမည်မှာ အမှန်ပါ။ သို့သော် ...်လှမ်းမီရာ ရှာဖွေတွေ့ရှိရသော ...ာန်များ စာရင်းကိုသာ သာသနာ ...အဖြစ် ဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။

**ကျန်စစ်သားမင်းလက်ထက်**
**(အေဒီ ၁၀၀၄-၁၁၁၃)**

- အရှင် ဓမ္မသေနာပတိ
  ကာရိကာသဒ္ဒါကျမ်း၊ ကာရိကာ ဋီကာကျမ်း၊ ကေကွရကောသ ကျမ်း၊ မုက္ခမတ္တသာရကျမ်း။

**အလောင်းစည်သူမင်းလက်ထက်**
**(အေဒီ ၁၁၁၃-၁၁၆၇)**

- အရှင်ဝိမလဗုဒ္ဓိ (ကြီး)
  ဉာတ်ကျမ်း
- အရှင် စူဠဝိမလဗုဒ္ဓိ (ငယ်)
  ဝုတ္တောဒယဆန်းဋီကာဟောင်း
- အရှင်သဒ္ဓမ္မဉာဏ
  ဆန္ဒောသာရတ္ထဝိလာသနီ (ဆန်းဋီကာလတ်)
- အရှင်ဝေပုလ္လ
  ဝဇနတ္ထဇောတိ (ဆန်းဋီကာငယ်)

**နရပတိစည်သူမင်းလက်ထက်**
**(အေဒီ ၁၁၇၄-၁၂၁၁)**

- အရှင်သဒ္ဓမ္မဇောတိ (ဆပဒထေရ်)
  နာမစာရဒီပက လက်သန်းအဌကထာ၊ ဝိနယဂူဠတ္ထဒီပနီ လက်သန်းအဌကထာ၊ သီရိမာလက်ာရ လက်သန်းဋီကာပါဌ်၊ ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်ပါဌ်၊ သင်္ခေပဝဏ္ဏနာဋီကာပါဌ်၊ ဝိနယဇတတ္ထကီ၊ သုတ္တနိဒ္ဒေသပါဌ်
- * ပေါင်းလောင်းရှင်ကဿပ
  ပရမတ္ထဗိန္ဒု၊ မဟာဗောဓိဝင်ဋီကာ၊
  ခုဒ္ဒသိက္ခာအဌကထာနိဿယဟောင်း
- * အရှင်သဒ္ဓမ္မသီရိ (တုရင်တောင်)
  သဒ္ဒတ္ထဘေဒစိန္တာ၊ ဖြို့ဟစ်နိဿယ
- * အရှင်အဂ္ဂဝံသ
  သဒ္ဒနီတိပဒမာလာ၊ သဒ္ဒနီတိသုတ္တမာလာ၊ သဒ္ဒနီတိဓာတုမာလာ
- * အရှင်သဒ္ဓမ္မဂုရု
  သဒ္ဒဝုတ္တိ
- * အရှင်သာရိပုတ္တရာ
  သဒ္ဒဝုတ္တိဋီကာဟောင်း
- * အရှင်ဝါယမိဿရ
  သမ္ဗန္ဓစိန္တာဋီကာ
- * အရှင်ဥတ္တမ
  ဗာလဝရတာဋီကာ
- * အရှင်အဂ္ဂပဏ္ဍိတ
  လောကုပတ္တိပကာသနီဟောင်း
- * အရှင်ယသ
  ကိန္ဒာယနသာရ
- * အရှင်သီရိသဒ္ဓမ္မဝိလာသ
  ကိန္ဒာယနသာရဋီကာဟောင်း

**ကျစွာမင်းလက်ထက်**
**(အေဒီ ၁၂၃၄-၁၂၅၀)**

- * ကျစွာမင်းကြီး
  သဒ္ဒဗိန္ဒု၊ ပရမတ္ထနိဒ္ဒ
- * သံဗျင်အမတ်
  ဉာတ်ဋီကာ (သံဗျင်ဋီကာ)
- * အရှင်သဒ္ဓမ္မကိတ္တိ
  ဧဒဝိန္တာ
- * အရှင်ဂုဏသာရ
  မုခမတ္တသာရ ဒီပနီဋီကာ
- * အရှင်မဟာကဿပ
  ပမတ္တဗိန္ဒုဋီကာ
- * အရှင်နဝဝိမလဗုဒ္ဓိ
  ဝုတောဒယဋီကာဟောင်း
- * အရှင်သဒ္ဓမ္မဉာဏ
  ဆန္ဒောသာရတ္ထဝိကာသနီ
- * အရှင်ဥတ္တမ
  ဗလာဝတာဋီကာပါဌ်
- * အရှင်ဉာဏဂမ္ဘီ (ချောင်းကောက်)
  ဂန္ထာဘာရဏဋီကာပါဌ်
- * အရှင်သဒ္ဓမ္မပါလ
  သဒ္ဒဝုတ္တိဋီကာပါဌ်
- * အရှင်အဘယ
  သမ္ဗန္ဓစိန္တာဋီကာသစ်
- * အရှင်ဒီပင်္ကရာ
  ကာရိကစာကိုယ်နှင့်ဋီကာပါဌ်

**နရသီဟပတေ့မင်းလက်ထက်**
**(အေဒီ ၁၂၅၆-၁၂၈၇)**

- * အရှင်သဒ္ဓမ္မကိတ္တိ
  ကေကွရကောသပါဌ်
- * အရှင်ဒီပင်္ကရာ
  ဉာတ်ဋီကာသစ်
- * အရှင်သာဂရ
  မုခမတ္တသာရ
- * အရှင်အရှင်ဇေါတိပါလ
  (ငှက်ပစ်ဘောင်)
  ပုဂံမဟာရာဇဝံသပါဌ်

**စောမွန်နှစ်မင်းလက်ထက်**
**(အေဒီ ၁၃၂၅-၁၃၆၀)**

- * အရှင်ဂုဏဝဏ္ဏသက
  သုတ်သီလက္ခန်ပါဠိတော်နိဿယ၊ ယင်းအဌကထာနိဿယဟောင်း၊ သုတ်မဟာဝါပါဠိတော်နိဿယ၊ ယင်းအဌကထာနိဿယ၊ သုတ်ပါထေယျပါဠိတော်နိဿယ၊ ယင်းအဌကထာနိဿယ၊ ကဝိသာရဋီကာသစ်နိဿယ၊ မုခမတ္တဒီပနီနိဿယဟောင်း

အထက်ဖော်ပြပါ ကျမ်းပြုဆရာတော်ကြီးများနှင့် ပြုစုခဲ့ကြသော ပါဠိ၊ အဌကထာ၊ ဋီကာ၊ နိဿယ စသည့်အဖွင့်ကျမ်း များစွာတို့မှာ ပုဂံခေတ် နန်းစံဘုရင်များ၏ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ရေး မျှော်တွေးပြီး ဆရာတော်ကြီးများထံ လျှောက်ထားခဲ့သဖြင့် သာသနာ့သမိုင်းနှင့် မြန်မာ့သမိုင်းတွင် ထင်ကျန်နေခဲ့ခြင်း ဖြစ်သည်။ အခြား ပုဂံမင်းများ လက်ထက်တွင်လည်း ပြုစုခဲ့သော ကျမ်းဂန်များစွာ ရှိနိုင်ပါသည်။ သို့သော်လည်း လက်လှမ်းမီရာ တွေ့ရှိရသော ပုဂံမင်းများလက်ထက် ပြုစုခဲ့သော ကျမ်းများအဖြစ် ဖော်ပြရခြင်း ဖြစ်ပါသည်။

**ကောင်းစံဟိန်း(ဗန်နေဝန်း)**

❑



www.burmeseclassic.com

www.burmeseclassic.com



လှသစ်ဆောင်၊ အောင်းလျှား

ခရာ(ကေတ)

# ရပ်တည်မှုဖြစ်စဉ်၏ အစသည်ကား

"အူဝဲ..အူဝဲ..အူဝဲ"

"ဟာ"

"ဟာ ဘယ်လိုဖြစ်တာပါလိမ့်၊ မားတွေ လှံတွေက အရောင်တလက်လက် ထွက်နေပါလားဟေ့"

ပုရောဟိတ်ကြီးသုဂရ၏ အိမ်အတွင်းမှ အသံများ ထွက်နေခြင်းဖြစ်သည်။ အကြောင်းမှာ ပုရောဟိတ်ပုဏ္ဏားကြီး၏မယား မီးဖွားရာ ကလေးငယ်၏ လူ့လောကကြီးအား နှုတ်ခွန်းဆက်သံနှင့်တကွ သူငယ်ဖွားမြင်ချိန်၌ ပုရောဟိတ်ကြီး၏ အိမ်အတွင်းရှိ ဓားပေ့လက်နက်များအရောင်တလက်လက် တောက်ပစွာ ထွက်ပေါ်လာသဖြင့် အိမ်ရှိလူများ တအံ့တသြ ပြောဆိုနေကြခြင်းဖြစ်ပေသည်။

ထိုအချိန်တွင် ပုရောဟိတ်ကြီးလည်း ပြဟ္မဒတ်မင်းကြီးထံ ခစားရာမှ ပြန်ရောက်လာရာ အိမ်သားများက ပုဏ္ဏေးမ မီးဖွားကြောင်း အသိပေးလိုက်သည်။

"ဟေ့ ဟေ ဘာလေးဖွားလဲ"

"ယောကျ်ားလေးပါ"

"ဟေ့ ယောကျ်ားလေး ဟုတ်လား ကောင်းတယ် ကောင်းတယ်"

အိမ်သားများက သူငယ်မွေးဖွားစဉ်က အဖြစ်အပျက်များကို ပုရောဟိတ်အား ပြောပြလိုက်သည်။

"ဟေ့ ဒီလိုလား၊ ဟုတ်ပြီကွ ဒါမှ ငါ့သား၊ ဟဲ ဟဲ ငါ့သားဟာ ဘုန်းရှင်သမ္ဘာရှင်ပဲ၊ အကြီးအကဲဖြစ်မယ့် နိမိတ်နဲ့လာတာပဲ၊ ဒါနဲ့နေပါဦး၊ ကလေးက ချောချောလှလှလေးလား၊ ကိုယ်လက်အင်္ဂါများ စုံရဲ့လား"

ပုရောဟိတ်ကြီးက ခုမှ သူ့ကလေးအကြောင်းကို အသေအချာ မေးလေတော့သည်။

စောစောကတော့ ဝမ်းသာနေသည်မို့လား မပြောတတ်။

"ချောပါတယ် သခင်ကြီး၊သူငယ်က သခင်ကြီးနဲ့ တူပါတယ်၊ ပြီးတော့ ကိုယ်လက်အင်္ဂါလဲ စုံပါတယ်"

ဘဏ္ဍာစိုးကြီးက ဝင်ပြောတော့ ပုရောဟိတ်ကြီး သဘောကျနေသည်။

"သခင်ကြီး၊ သူငယ်ရဲ့အမည်ကို ဘယ်လိုမှည့်ခေါ်ရမလဲ"

ဘဏ္ဍာစိုးကြီးက မေးလိုက်သောအခါ ပုရောဟိတ်ကြီးသည် လက်ကာပြလိုက်ပြီး . . .

"နေပါဦး၊ 'ဒီကိစ္စက အလွန်အရေးကြီးတယ်၊ အလောသုံးဆယ် လုပ်လို့ မကောင်းဘူး၊ ပြီးတော့ ကလေးက ထူးခြားတဲ့ကလေး ဖြစ်နေတော့ သေသေချာချာ တွက်ရဦးမယ်"

ပုရောဟိတ်ကြီးက သူ့သားအား အမည်ပေးရန်ကိစ္စကို အလောတကြီး မလုပ်လိုသေး။ တွက်ချက်ပြီးမှသာ လုပ်မည်ဖြစ်ကြောင်းပြောပြလိုက်ရာ ဘဏ္ဍာစိုးကြီးလည်း ဘာမျှမပြောတော့ဘဲ အိမ်အတွင်းသို့ ဝင်သွားလေသည်။

ပုရောဟိတ်ကြီးသည် သူ့သား ရှေ့ရေးအတွက် တွေးဆရင်း ဆောင်ရွက်ရမည့် အစီအစဉ်များကို စိတ်ကူ ဖြင့် ချမှတ်နေလေသည်။

သို့ဖြင့် သူ့သားမွေးဖွားပြီး ရ ပေါင်းတစ်ရာ ကြာသောအခါ နာ ကရဏပွဲ ကျင်းပလေသည်။

သူ့သား၏ နာမကရဏပွဲမှ စည်ကား သိုက်မြိုက်လှပြီး သူ့သားအ ဇောတိပါလ ဟူ၍ မှည့်ခေါ်လေသည

ဇောတိပါလလေးမှာ ဖြူဖြူသ သန့်လေးနှင့် ချစ်စရာကောင်းသည ကျန်းမာသန်စွမ်းကာ ချစ်ခင်သူ ပေါ လေသည်။ဖခင်ပုရောဟိတ်ကြီးကလ သားအား လိုလေသေးမရှိ ပြုစုစေ ရှောက်သည်မှာ ကလေးနှင့် မလို အောင်ပင် ဖြစ်သည်။

သုံးလီသောဥတုတို့၏ ပြော လဲမှုမှာ တစ်ဆယ်ကျော်၍ ရှစ်ခုမြော သို့ ရောက်လာချိန်ဝယ် ဇောတိ သည် နုဖျိုသစ်လွင်သည့် လူငယ်တ ဖြစ်ခဲ့ပြီ။

ပုရောဟိတ်ကြီးသည် ပါလ၏ ကံဇာတာကို ဖတ်





www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်သူအား တက္ကသိုလ်ပြည်သို့ ပို့၍ ပညာသင်ကြားစေသည်။

ဇောတိပါလမှာလည်း တောက်မည့်မီးခဲ တရဲရဲ ဆိုသကဲ့သို့ပင် ပညာသင် ကျောင်းသားများအနက် လေးတတ်ပညာတွင် ပြိုင်ဘက်မရှိအောင် ထူးချွန်ထက်မြက်လေသည်။

ဇောတိပါလ၏လေးမြားအတတ် ထူးချွန်မှုမှာလည်း အံ့ဩဘနန်းပင်။ ကောင်းကင်ထက်သို့ မြားများကို လွှတ်တင်၍ ပြာသာဒ်တည်ဆောက်နိုင်သလို ထိုပြာသာဒ်ကိုလည်း မြားတစ်စင်းဖြင့်ပင် ပစ်လွှတ် ဖျက်ချနိုင်သည်။

ထို့ကြောင့်ပင်လျှင် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးက တက္ကသိုလ်မှ ပညာစုံ၍ ပြန်လာသည့် ဇောတိပါလအား လခရိက္ခာတစ်ထောင်ပေး၍ အမှုထမ်းစေခဲ့သည်။

သားတော်မောင် ဇောတိပါလ၏ ဂုဏ်သတင်းကြောင့် ဖခင်ဖြစ်သူ ပုရောဟိတ်ပုဏ္ဏားကြီးမှာလည်း ဂုဏ်ယူမဆုံး တပြုံးပြုံး။ ဗာရာဏသီပြည်တစ်ခွင်ဝယ် မျက်နှာပွင့်လင်းလှပေသည်။

xxx

ဇောတိပါလ စဉ်းစားနေသည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်သော်လည်း တိတိကျကျ မဆုံးဖြတ်နိုင်သေး။ ယခုလည်း ထိုအကြောင်းကိုပင် စဉ်းစားနေပြန်သည်။ သူ စဉ်းစားနေသည့် အကြောင်းကား သူ တက္ကသိုလ်မှ သင်ယူ တတ်မြောက်လာသည့် လေးပစ်အတတ်အကြောင်းပင် ဖြစ်သည်။

သူ၏ လေးပစ်အတတ်ကြောင့် ဤဗာရာဏသီပြည်တွင် သူသည် ပျို တိုင်းကြိုက်သည့် နှင်းဆီခိုင်ပင်။ သူ့အား အထင်ကြီး၍ ခင်မင် လေးစားသည့် ယောက်ျား၊ မိန်းမ ပျိုပျိုအိုအိုတို့မှာ ဝိုင်းဝိုင်းလည်နေသည်။ သာမန်အားဖြင့် နှစ်သက်သာယာစရာဖြစ်ပါ၏။ သူ့အဖို့ကတော့ စဉ်းစားစရာအချက် ရှိနေခဲ့ရသည်။

သူ စဉ်းစားနေမိသည်။ သူတတ်မြောက်ထားသည့် လေးအတတ်ပညာသည် သူ့ဘဝအား မည်မျှအကျိုးပြုစေမည်နည်း။

မျက်မြင်အားဖြင့်တော့ ထိုပညာဖြင့် ရရှိသည့်လစာရိက္ခာနှင့် လူတကာ၏ အထင်ကြီးလေးစားမှု။ သူ့အသက်အရွယ်အနေဖြင့် ဆိုရလျှင်မူ လွန်စွာမှပင် မြင့်မားလှပေသည်။ သို့သော် ထိုပညာကြောင့် လူများစွာ သေကျေခဲ့ရသည်ကိုတော့ သူကလွဲ၍ မည်သူမျှ တွေးမိမည် မဟုတ်ပေ။

"အင်း ငါတတ်ထားတဲ့ပညာဟာ လူသတ်ပညာကြီး ဖြစ်နေပါလား"

ဇောတိပါလ သံဝေဂတရားတို့ဖြင့် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်သည်။

နောက်တစ်နေ့တွင်တော့ ဗာရာဏသီရွှေမြို့တော်အတွင်း၌ ဇောတိပါလကို မြင်တွေ့ရခြင်း မရှိတော့ပေ။

xxx

ဇောတိပါလ ရွှေမြို့တော်မှထွက်လာခဲ့သည်။ သုံးရက်မြောက်သည့်နေ့၌ ဂေါဓာဝရီမြစ်အနီး တောသို့ ရောက်လာခဲ့သည်။ အေးမြသော သစ်ရိပ်နှင့် အတူ ကြည်လင်သောမြစ်ရေတို့ကြောင့် ထိုနေရာလေးမှာ နေချင့်စဖွယ်လေး ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာ၌ နေစရာ ကျောင်းသခ်မ်း တစ်ခု ရှိနေသောကြောင့်ပင် ဖြစ်သည်။

ဇောတိပါလသည် ပါလာသော ရသေ့တို့၏ အသုံးအဆောင်ပစ္စည်းများကိုကျောင်းပေါ်တွင်ထားလိုက်ပြီးနောက် သူဝတ်လာသည့် အဝတ်အစားများကို သက်န်းတို့ဖြင့် လဲလှယ်လျက် ရသေ့အသွင် ယူလိုက်လေသည်။

ထို့နောက်တွင်တော့ ဇောတိပါလခေါ် ရသေ့လေး သရဘင်္ဂသည် တရားကို မနားမနေရှုမှတ်ပွားများ အားထုတ်လေရာ ခုနစ်ရက်မြောက်နေ့၌ ဈာန်သမာပတ်နှင့်တကွ အဘိညာဉ်တို့ကို ရရှိခဲ့လေတော့သည်။

ဇောတိပါလ ရသေ့ပြုသွားကြောင်း အစက မသိခဲ့ကြ။ တစ်နေ့၌ မုဆိုးတစ်ယောက် မျက်စိလည်ကာ ရသေ့လေး၏ကျောင်းကို ရောက်လာခဲ့ပြီး ထိုမုဆိုး ဗာရာဏသီသို့ ပြန်ရောက်သွားသောအခါမှ တစ်တိုင်းတစ်ပြည်လုံး သိရှိသွားကြလေသည်။

ထိုသို့ သိရှိသွားသည်နှင့် မင်းနှင့်တကွ ပြည်သူများသာမက အခြားသော တိုင်းပြည်များမှ မင်းပရိသတ်တို့ပါ သရဘင်္ဂရသေ့ထံ လိုက်လာပြီး ရသေ့ပြုကြလေတော့သည်။ သီးတောတစ်ခုလုံး ရသေ့တို့ဖြင့် ပြည့်နေလေတော့သည်။

သရဘင်္ဂရသေ့တွင် သာလိဿရ၊ မဏ္ဍိဿရ၊ ပဗ္ဗတ၊ ကာလဒေဝိလ၊ ကိသဝစ္ဆ၊ အနုပိယ၊ နာရဒဟူ၍ တပည့် ခုနစ်ဦးရှိသည်။ ထိုခုနစ်ဦးတို့ကပင် သီးတောအတွင်း၌ ရှိကြသော ရသေ့များအား အုပ်ချုပ်ကြရလေသည်။

တစ်နေ့တွင် ပြဿနာတစ်ရပ် ပေါ်လာခဲ့လေသည်။ ထိုပြဿနာမှာ လူကြားလို့မှ အလွန် မကောင်းသည့် အကြောင်းဖြစ်ပေသည်။

အကြောင်းကတော့ မကောင်းလှ။ ရှင်နာရဒရသေ့သည် ဗာရာဏသီမြို့အတွင်းသို့ အလှူခံထွက်ရာမှ ဗာရာဏသီပြည့်တန်ဆာ သုနန္ဒာကို တွေ့မြင်ပြီးနောက် ရာဂမီး လောင်ကျွမ်းကာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် ဖြစ်ခဲ့ရသည်။ နောင်တော်ဖြစ်သူ ကာလဒေဝိလရသေ့က ထိုအကြောင်းကို သိ၍ ဆုံးမ ပြောဆိုသည်။ ပြော၍မရခဲ့။

သီတင်းသုံးဖော် သာလိဿရ၊ မဏ္ဍိဿရနှင့် ပဗ္ဗတရသေ့ တို့အား ပင့်ဖိတ်၍ အကျိုးအကြောင်းပြောကာ ဆုံးမ ဖျောင်းဖျစေသည်။ မရခဲ့ချေ။ မည်သို့လုပ်ရမှန်း မသိတော့။ ကြာလျှင် ညီတော်နာရဒ၏ အသက်ဘေးမှာ စိုးရိမ်ဖွယ်ရာ ဖြစ်လာတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

"အရာသခင်ကိုပင့်ပြီး အကျိုးအကြောင်းပြောပြလိုက်ပါလား ကာလဒေဝိလ" ဟု သာလိသာရက အကြံပြုလိုက်သည်။

"အင်းလေ ဒီလိုပဲလုပ်ရတော့မှာပေါ့၊ ကျွန်ုပ်တို့နဲ့မှ မရတော့တာ"

ကာလဒေဝိလက လေးတွဲ့စွာပြောလိုက်ပြီးနောက် သရဘင်္ဂရသေ့ရှိရာသို့ ထွက်ခွာသွားသဖြင့် သာလိသာရတို့လည်း ကိုယ့်နေရာကိုယ် ပြန်သွားကြလေသည်။

ကာလဒေဝိလသည် သရဘင်္ဂရသေ့ထံသို့ ရောက်သောအခါ နာရဒ၏အဖြစ်အပျက် အခြေအနေကို လျှောက်ထားလိုက်သည်။

"အခု နာရဒ ဘယ်မှာလဲ"

သရဘင်္ဂရသေ့က မေးလိုက်သည်။

"သူ့ကျောင်းထဲမှာ ရှိပါတယ်"

"ကောင်းပြီလေ၊ ကျွန်ုပ် သွားလိုက်ပါ့မယ်"

သရဘင်္ဂရသေ့၏ စကားကြောင့် ကာလဒေဝိလရသေ့သည် မိမိကျောင်းသခ်မ်းသို့ ပြန်လာခဲ့လေသည်။

သရဘင်္ဂရသေ့ကလည်း အချိန်မဆိုင်းဘဲ နာရဒရသေ့ရှိရာသို့ ထွက်လာခဲ့လေသည်။ နာရဒ ရသေ့ငယ်၏ကျောင်းသို့ရောက်လျှင် သရဘင်္ဂရသေ့သည် ညောင်စောင်းထက်လဲလျောင်းနေသည့် နာရဒရသေ့ထံသို့ လျှောက်သွားပြီး ညောင်စောင်းထက်၌ ထိုင်လိုက်ကာ . . .

"ဘယ်လိုလဲ နာရဒ၊ အသင်ဘာတွေဖြစ်နေသလဲဆိုတာ ကျွန်ုပ် သိချင်လှတယ်"

သရဘင်္ဂရသေ့၏ စကားကြောင့် နာရဒသည် ပိတ်ထားသော မျက်စိအစုံအား ဖွင့်လိုက်ပြီး . . .

"သူ သူကလေးကို လွမ်းဆွတ်သတိရ ဖြစ်နေပါတယ် ဆရာသခင်"

နာရဒ၏ အသံက တိုးညင်းလွန်းလှသည်မို့ သရဘင်္ဂရသေ့ အတော်ဂရုစိုက်၍ နားထောင်ရသည်။

"အို ဘယ်သူလဲ နာရဒရဲ့"

"သုနန္ဒာပါ အရှင်"

"ဘယ်က သုနန္ဒာလဲ"

"ဗာရာဏသီ ရွှေမြို့တော်က ပြည့်တန်ဆာမလေးပါ၊ သူလေးက သိပ်ချော သိပ်လှတာပါဘုရား၊ တပည့်တော်ရဲ့ မျက်လုံးထဲမှာရော၊ နှလုံးသားထဲမှာပါ အချိန်ပြည့် သူကလေးရှိနေပါတယ်၊ သူကလေးနှင့်သာ ပေါင်းဖော်ရမယ်ဆိုရင် တပည့်တော် ဘာပဲလုပ်ရ လုပ်ရ"

"တော်စမ်း နာရဒ၊ သင့်စကားတွေကို အခု ရပ်လိုက်"

သရဘင်္ဂ၏ အသံက အတန်ငယ်မာသွားပြီး ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ ဆရာသခင်၏ တားမြစ်ချက်ကြောင့် နာရဒမှာ စကားမဆက်သာဘဲ ရပ်သွားခဲ့ရသည်။

"နာရဒ သင် ရသေ့ဝတ်တာဟာ ဘာကြောင့်လဲ"

ဆရာသခင်၏ အမေးစကားက နာရဒအား ထိတ်လန့်သွားစေသည်။

"ဖြေလေ နာရဒ"

သရဘင်္ဂရသေ့က ထပ်ပြောလိုက်သည်။

"ကာမဂုဏ် လောကမှ လွတ်ကင်းချင်လို့ပါ ဘုရား"

"ဒါဆို သင် အခုလုပ်နေတာက ထွေးပြီးသား တံတွေးကို ပြန်မျိုသလိုဖြစ်မနေဘူးလား နာရဒရဲ့"

ဆရာသခင်၏ စကားမှာ မှန်နေသောကြောင့် နာရဒ ခွန်းတုံ့မပြန်နိုင်။

"လောကီ ကာမဂုဏ်အာရုံကို စွန့်ခွာပြီးကာ ပြန်လည် တပ်မက်တဲ့ အသင်ဟာ အသင့်ရဲ့အကျိုးကို ဖျက်ဆီးသလို ငါ့ရဲ့အကျိုးကိုလည်း ဖျက်ဆီးနေတယ် မဟုတ်လား နာရဒ"

သရဘင်္ဂရသေ့၏ စကားများက နာရဒ၏ နှလုံးသားအတွင်းသို့ စူးစူးရှရှ ထိရောက်နေသည်မို့ ငြိမ်သက်စွာ ထိုင်နေရင်း ဆရာသခင်၏ စကားများကို စဉ်းစားကြည့်မိသည်။

ဆရာ့စကား[illegible]ားက အမှန်ပင်။ မိမိအနေဖြင့် လောကီကာမဂုဏ်အာရုံများကို ငြီးငွေ့သဖြင့် ဆရာသခင်ထံ ရသေ့ဝတ်၍ ဆရာသခင်၏ သွန်သင်မှုဖြင့် ကျင့်ကြံအားထုတ်ခဲ့ရာမှာ ဈာန်အဘိညာဉ်များပင် ရခဲ့ပေသည်။ ထိုမျှမက ဆရာသခင်၏ တပည့်ကြီးခုနစ်ယောက်စာရင်းပင် ဝင်ခဲ့ရသည်။

ယခုတော့ ဘာမှမဟုတ်သည့် ပြည့်တန်ဆာမတစ်ဦးကို စွဲလမ်းတပ်မက်မိရာမှ မစားနိုင် မသောက်နိုင်၊ မအိပ်နိုင်ရုံမျှမက ရရှိထားသည့် ဈာန်အဘိညာဉ်တို့ပါ ကွယ်ပျောက်ခဲ့ရသည်။

"သြော် . . . ကြောက်စရာကောင်းသည့် မီးပါလား၊ အဲဒီမီးကို ငါအချိန်မီ ငြိမ်းသတ်မှ ဖြစ်တော့မယ်"

နာရဒသည် အမှန်တရားကို သိမြင်ခဲ့ပြီမို့ . . .

"မှန်လှပါဆရာသခင်၊ ကျွန်ုပ်မှားခဲ့ပါတယ်၊ အဲဒီ အမှားတွေကိုလဲ ယခုအချိန်ကစပြီး ပြုပြင်ပါတော့မယ်" ဟု လျှောက်ထားလိုက်လေသည်။

"သာဓု . . သာဓု . . သာဓု"

သရဘင်္ဂရသေ့သည် နာရဒ၏ ကျောင်းမှ ပြန်ထွက်သွားလေသည်။ နာရဒရသေ့လည်း ထိုအချိန်မှစ၍ မူလတရားများကို ကျင့်ကြံ အားထုတ်ရာ မကြာမီမှာပင် ဈာန်အဘိညာဉ်တို့ကို ပြန်လည်ရရှိခဲ့လေတော့သည်။


ကိလေသာ အညစ်အကြေး ဟူသည် ထိတွေ့ခံစားရမှုသာ မဟုတ်။ အမြင်မျှဖြင့်ပင် ဆုံးရှုံးထိခိုက်မှုများကို ဖြစ်ပေါ်စေသည် မဟုတ်ပါလား။

ထိုကိလေသာကို မပယ်နိုင်သမျှ ကာလပတ်လုံး ဘဝဟူသည် လည်ကြရပေဦးတော့မည် ဖြစ်ပေသည်။

**ခရာ(ကောတ)**

❑

www.burmeseclassic.com



# ဗုဒ္ဓရုပ်ပွားတော်နှင့်စံကားသား

## နိုင်မင်းညို

(၁)

စာရေးသူ ဧပြီလ ပထမပတ်ထဲ၌ အလုပ်ကိစ္စတစ်ခုဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်သို့ သွားရောက်ခဲ့ရပါသည်။

ရောက်တုန်းရောက်ခိုက် နာမည်ကြီး ရှေးဟောင်းသမိုင်းဝင် ဘုရားကြီးဖြစ်သော ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီးကိုလည်း ဖူးမြော် ကြည်ညိုခဲ့ရပါသည်။

စေတီတော်ကြီးအတွင်း ဉာဏ်တော်မှာ (၅၁)ပေရှိပြီး အာရုံခံ တန်ဆောင်း အောက်ခြေမှ အုတ်ပြာသာဒ်စိန်ဖူးတော်အထိ အမြင့်မှာ စုစုပေါင်း ပေ (၁၀၀)တိတိ ရှိပါသည်။

ဘုရားကြီးသို့ရောက်စဉ် သဒ္ဓါတတ်အားသ၍ ထည့်ဝင်လှူဒါန်းခဲ့ပြီးနောက် ဘုရားကြီး ပရဝဏ်အတွင်း လက်ယာရစ်ပတ် ဖူးမြော်ကန်တော့နေစဉ် အနောက်ဘက်မုခ် ရတနာချာန် အောင်ဘုရား၏ အာရုံခံ တန်ဆောင်း အဆင်း လက်ဝဲဘက်နံဘေးတွင် ကြီးထွားမြင့်မားစွာ ပေါက်ရောက်နေသော စံကားပင်ကြီးကို မြင်တွေ့လိုက်ရပါသည်။

မုဋ္ဌောစေတီတော်ကြီး ဘုရားကြီး၏ တည်ထား ကိုးကွယ်ခဲ့သော သက်တမ်းမှာ ယခု ကောဇာသက္ကရာဇ် (၁၃၇၅-၇၆)ခုနှစ်နှင့် တွက်လျှင် နှစ်ပေါင်း (၈၆)နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။

ယခုမြင်တွေ့နေရသည့် စံကားပင်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်း (၂၀၀)ကျော်ခန့်ရှိပြီဟု ခန့်မှန်းကြပါသည်။

ကောဇာသက္ကရာဇ် (၁၂၉၀-၁၃၀၀) နှစ်အတွင်း မန္တလေးတောင်မှ ရသေ့ကြီးဦးခန္တီ ကြီးကြပ်မှုဖြင့် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး စတင်တည်ထား ကိုးကွယ်စဉ် ကာလ၌ပင် ထိုစံကားပင်ကြီးမှာ ယခုလက်ရှိ အမြင့်ပေ (၁၀၀)ခန့် ဖြစ်ပါသည်။

ထူးခြားချက်မှာ ထိုစံကားပင်ကြီး၏ အမြင့်သည် နှစ်ပေါင်းမည်မျှကြာစေ မုဋ္ဌောစေတီတော်ကြီး၏ ဉာဏ်တော်ထက် ပို၍ မြင့်တက်မသွားခြင်းပင် ဖြစ်ပါသည်။

စံကားပင်၌ ကပ်ထားသော သမိုင်းအကျဉ်းကို ဖတ်မိပြီးသည့်နောက် ရှေးမင်းများ အစဉ်အဆက် တန်ခိုးကြီး ဘုရားများရှိ ဗုဒ္ဓရုပ်ပွားတော်များ၏ ပုံတော်ကို ထုလုပ်တိုင်း ရှားပါး၊ ကြီးမြင့်၊

www.burmeseclassic.com

မွန်မြတ်လှသော စံကားပင်၏ အသားနှင့်သာ ထုလုပ်ပူဇော်ကြသည်ကို မှတ်သားခဲ့ရပါသဖြင့် အခြားသော သမိုင်းဝင် အချက်အလက်များကို လက်လှမ်းမီသမျှ ထပ်မံရှာဖွေ၍ လပြည့်ဝန်း စာချစ်သူများအား ရေးသား တင်ပြလိုက်ရပါသည်။

(၂)

ရှေးလူကြီးသူမများ၏ အစဉ်အဆက်ပြောကြားလာသော စံကားများအရ နံ့သာနီ၊ နံ့သာဖြူ၊ ကရမက်၊ အကျော် (သစ်မွှေး)၊ အကျော်စမွှာနီ (စံကား)စသည့်အပင်များမှာ ရှေးဘုရင်မင်းများ လက်ထက်တော်ကတည်းမှ ယနေ့ထက်တိုင် စဉ်ဆက်မပြတ် သုံးစွဲလာကြသည်ဟု ဆိုပါသည်။

ထို့အပြင် တန်ဖိုးမှာလည်း အဖိုးအနဂ္ဃထိုက်တန်လှပေသည်။ နတ်သတ်မှ သေသည့်အပင်များ ဟု ယူဆကြသည့်အပြင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များမှ စောင့်ရှောက်သော အပင်များအဖြစ် သတ်မှတ်ယူဆထားကြပါသည်။

အအေးပိုကဲ ဆောင်းလချမ်းတွေထဲမှ အအေးဆုံးလဖြစ်သော ပြာသိုလရောက်တိုင်း ဗုဒ္ဓမြတ်စွာ ဘုရားရှင်တော်မြတ်ကြီးအား အကျော်၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ သနပ်ခါး၊ သစ်မွှေးများဖြင့် မီးပုံပူဇော်ပွဲများ ကျင်းပလေ့ရှိသော ဓလေ့ တစ်ခုမှာလည်း စာရေးသူတို့ မြန်မာပြည်တွင် တန်ဖိုးထားသည့် ဘာသာရေး ယဉ်ကျေးမှုဖြစ်နေသည်ကို ဂုဏ်ယူဝင့်ကြွားစွာ မြင်တွေ့နိုင်ပါသည်။

ထို့ပြင် ရှေးမြန်မာတိုင်းရင်းဆေးများတွင်သာမက ယခုနိုင်ငံတကာ စျေးကွက်အထိ ထိုးဖောက်အောင်မြင်နေသော မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများတွင်လည်း မပါမပြီးသည့် ရတနာတန်းဝင် သစ်အမျိုးအစားများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

ရှေးမြန်မာမင်းများ လက်ထက်တော်ကတည်းမှ ထီးသုံး နန်းသုံး တော်ဝင်သုံးဖြစ်၍ အဖိုးအနဂ္ဃထိုက်တန်သည့် အသားအဖြစ် တန်ဖိုးထားခဲ့ကြခြင်း ဖြစ်ပေသည်။

တိုင်းရင်းသားများတွင်လည်း ကချင်ပြည်နယ်ရှိ ကချင်၊ လီဆူး၊ ရဝမ် တိုင်းရင်းသားတို့မှာ အကျော်(သစ်မွှေး) ဆိုလျှင် တန်ခိုးရှိသည့်အပင်များဟု ခံယူထားကြသလို ရှမ်းတိုင်းရင်းသားများတွင်လည်း စံကားနှင့် ပတ်သက်၍ လေးစားတန်ဖိုးထားသည့် သာဓကများ ရှိပါသည်။

ဥပမာ ကျေးသီးနှမ်းဆံနယ်ကို (စံကားနယ်)၊ ဖင်းနယ်များရှိ ကျေးရွာများမှ စံဖိတ်ရွာကို (စံကားဖြူ)၊ စံလှိုင်ရွာကို (စံကားနီ)၊ စံခမ်းရွာကို (ရွှေစံကား)၊ မန်ဆန်ရွာကို(စံကားရွာ)စသည်ဖြင့် မိမိတို့ပိုင်ဆိုင်သော နယ်မြေအများကို စံကား စာလုံးဖြင့် အလေးထား သုံးစွဲကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် သာသနာပြုမင်းကြီးတစ်ပါးဖြစ်တော်မူသော နရပတိစည်သူ မင်းကြီးမှ စံကားသားများကို ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ပြီး ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။




နှစ်ပေါင်းသုံးရာကျော် သက်တမ်းရှိမည်ဟု ခန့်မှန်းထားသော စကားပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘော်ကြိုမုဋ္ဌောစေတီတော်ကြီး၏ စကားသားဖြင့် ထွင်းထုပူဇော်ထားသော မုခ်လေးမုခ်ရှိ ရုပ်ပွားတော်လေးဆူ

(၃)

**စံကားသားအစ စမ္ပာနဂိုရ်က**

စံကားသားကို ဗုဒ္ဓဘာသာဝင်ဆွေမျိုးများ အဘယ်ကြောင့် အလေးအနက် ထားကြသည်ကို စာရေးသူ လေ့လာကြည့်မိပါသည်။ ဗုဒ္ဓရုပ်ပွားတော်များ၊ ကျောင်းများ ဆောက်လုပ်ခြင်းတွင် တန်ဖိုးထား သုံးစွဲကြသည့် အကြောင်းရင်းမှာ စံကားသားကို မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်ကြီး စတင်ဝင်ရောက်ချိန် စမ္ပာနဂိုရ်ခေါ် စမ္ပာနဂရ အရပ်မှ မျိုးပင် (မျိုးပင်)သည် ဗုဒ္ဓဘာသာကြီးနှင့်အတူ တစ်ပါတည်း ဆောင်ယူတော်မူခဲ့ကြောင်း လေ့လာသိရှိရပါသည်။

စမ္ပာနဂိုရ်မှ ပါလာသည့်အတွက် စမ္ပာပင်၊ နောက်ပိုင်းကာလတွင်အလယ်မှ စာလုံး(မ္ပ)ချေပြီး ရှေ့ဆုံးစာလုံး(စ)နှင့် နောက်ဆုံးစာလုံး (က)တွဲ၍ (စက) စံကားဖြစ်လာကြောင်းကို ကျမ်းဂန်များ၌ ပြဆိုထားသည်ကို တွေ့ရပါသည်။

**စံကားဒါယကာ၊ ဒါယိကာမ**

ပုဂံရာဇဝင်တွင် နရပတိစည်သူမင်းကြီး (ခရစ်သက္ကရာဇ် ၁၁၇၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၅၃၆) မင်းစည်သူ စံကားကိုးပိုင်း ဆင်းတုလှူကို စံကားသားဖြင့် ကျောင်း(၉)ကျောင်း၊ စံကားသား(၉)ပိုင်းဖြင့် ဗုဒ္ဓရုပ်ပွားတော် ထုလုပ်လှူဒါန်းခဲ့သည့်အတွက် စံကား ကိုးပိုင်းဒါယိကာနှင့် စံကားကိုးကျောင်း ဒါယိကာဟု ဂုဏ်ပြု မှည့်ခေါ်ကြကြောင်း သိရှိရပေသည်။

ထို့ပြင် မင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်တော်မူသော ဝေဠုဝတီမင်းသမီးကလည်း စံကားသားဖြင့် ကျောင်း(၅)ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် စံကားငါးကျောင်း ဒါယိကာမကြီးဟု ဝိသေသပြု ခေါ်ဆိုခဲ့ကြပါသည်။

ထိုစံကားသား(၉)ပိုင်း ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းသော နရပတိစည်သူမင်းသည် စံကားသား ဗုဒ္ဓရုပ်ပွားတော်များ အားလုံးကို ရှမ်းပြည်နယ်သို့ စေတီယလက်ဆောင်အဖြစ် ပေးပို့ လှူဒါန်းခဲ့ပါသည်။

ထိုသို့ပေးလှူခြင်းမှာ အဘိုးဖြစ်သူ အလောင်းစည်သူမင်းလက်ထက် ဖောင်စကြာဖြင့် လှည့်လည်ပြီး (ဥပမာ- အင်းလေးဒေသရှိ ဖောင်တော်ဦး ရုပ်ပွားတော်များကို စေတီယ လက်ဆောင်တော်အဖြစ် ကုသိုလ်တော်ယူသကဲ့သို့) ဗုဒ္ဓဘာသာဝင် အများစု နေထိုင်ရာဒေသဖြစ်ပြီး ထို ရှမ်းကိုးပြည်ထောင်သို့ ချစ်ကြည်ရေး လက်ဆောင်အဖြစ် ပေးရာတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ ဆင်းတုတော်များ၊ ဘုရားစေတီ ပုထိုးများ တည်ထားကိုးကွယ်ခြင်း စသည့် စေတီယလက်ဆောင်များသည် အခြားလက်ဆောင်များထက် ပိုမိုမွန်မြတ်ခြင်း၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှုမှာလည်း ကြာရှည်ခိုင်မြဲ အစွန့်ရှည်စေခြင်းတို့အတွက် ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

(၄)

အထက်ပါ နရပတိစည်သူမင်းကြီးမှ ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီးတွင် ပူဇော်ထားရှိသော ရုပ်ပွားတော် (၄)ဆူမှာ စံကားသား (၉)ပိုင်း၏ အရင်းပိုင်း (၁)ပိုင်းမှ ထုလုပ်ထားသော ရုပ်ပွားတော်(၄)ဆူဖြစ်ပါသည်။ ယခုသီပေါ၊ ယခင် အုန်းဘောင်၊ ဘော်ကြိုအရပ်ရှိ 'မုဋ္ဌောစေတီတော်ကြီး၏ မုခ်လေးမုခ် အတွင်းမှ ဘုရား(၄)ဆူမှာ စံကား(၉)ပိုင်း ရုပ်တုများဖြစ်ပြီး စတင်



www.burmeseclassic.com

www.burmeseclassic.com

ကိန်းဝပ်သောနှစ်မှာ မြန်မာသက္ကရာဇ် (၅၃၆)နရပတိစည်သူမင်းကြီး နန်းတက်သောနှစ်မှာပင် ဖြစ်ကြောင်းကို ရုပ်ပွားတော်များ၏ အောက်ခြေတွင် ကမ္ပည်းရေးထိုး ဖော်ပြထားကြောင်း ကျမ်းဂန်မှာ ဆိုထားပါသည်။

ထိုစံကားသားဖြင့် ထုလုပ်လှူဒါန်းခဲ့သော ဘုရား(၄)ဆူမှာ . . .

(၁) အရှေ့ဘက်မုခ်တွင် ရတနာမာန်အောင်ရုပ်ပွားတော် ဉာဏ်တော်အမြင့် ၄ပေခွဲ၊ ပလ္လင်တော် ၁ပေ၊ ရှစ်လက်မ။

(၂) ရတနာဉာဏ်အောင်ရုပ်ပွားတော် ဉာဏ်တော်အမြင့် ၃ပေခွဲ၊ ပလ္လင်တော် ၁ပေ၊ ၀. ၇၅ လက်မ။

(၃) ရတနာရန်အောင် ရုပ်ပွားတော် ဉာဏ်တော်အမြင့် ၄ပေ၊ ၃. ၂၅ လက်မ၊ ပလ္လင်တော် ၁ပေ ၃လက်မခွဲ။

(၄) ရတနာဈာန်အောင် ရုပ်ပွားတော် ဉာဏ်တော်အမြင့် ၁ပေ၊ ၂. ၂၅ လက်မ၊ ပလ္လင်တော် ၁ပေ၊ ၉လက်မ။

အသီးသီးရှိပါသည်။ ထို့ပြင် နရပတိစည်သူမင်းကြီး စံကားသား (၉)ပိုင်း ရုပ်ပွားတော် (၁၂) ဆူကို ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ်၊ ကျေးရွာများတွင် ထပ်မံ လှူဒါန်းခဲ့ကြောင်းကိုလည်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။ ၎င်းရုပ်တုတော်များမှာ . . .



လွန်ခဲ့သော နှစ်ပေါင်းရှစ်ဆယ်ကျော် ရသေ့ကြီးဦးခန့် ဦးဆောင်တည်ထားခဲ့သော ဘော်ကြိုမုဋ္ဌောစေတီဘုရားကြီး နံဘေးရှိ စကားပင်ကြီး

ရှမ်းပြည်တောင်ပိုင်းတွင် . . .

(၁) ကျေးသိမန်ဆန်မြို့နယ်၊ ကျိုင်းလင်းကျေးရွာတွင် (၁)ဆူ။

(၂) မိုင်းကိုင်မြို့နယ် မိုင်းကိုင်တွင် (၁)ဆူ။

ရှမ်းပြည်မြောက်ပိုင်းတွင် . . .

(၁) နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာတွင် (၁)ဆူ။

(၂) သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာတွင် (၄)ဆူ။

(၃) ကျောက်မဲမြို့နယ်၊ မင်းတုန်းကျေးရွာတွင် (၁)ဆူ။

(၄) နမ့်ဆန်မြို့နယ်၊ လွယ်ဆိုင်တောင်တွင် (၁)ဆူ။


(၅) မိုးမိတ်မြို့နယ်၊ မိုးမိတ်တွင် (၁)ဆူ။

(၆) လားရှိုးမြို့နယ်၊ မိန်းပိုင်ကျေးရွာတွင် (၁)ဆူ။

(၇) သိန္နီမြို့နယ်၊ ဟိုမိန်းကျေးရွာတွင် (၁)ဆူ။

စုစုပေါင်း စံကား (၉)ပိုင်း၊ ရုပ်ပွားတော် (၁၂)ဆူ ဖြစ်ပါသည်။

အထက်ပါ ကိုးမြို့၌ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကြီးများကို နှစ်စဉ်ပုံမှန် ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်လျက် ရှိပါကြောင်း၊ ဗုဒ္ဓရုပ်ပွားနှင့် စံကားသား၏ ဆက်စပ်ပတ်သက်သမှုကို လပြည့်ဝန်းစာချစ်သူများအတွက် ဆင့်ပွား မျှဝေပေးနိုင်ရန်နှင့် ကြုံကြိုက်၍ ရောက်ရှိခဲ့ပါက မြန်မာဗုဒ္ဓဘာသာဝင်များအတွက် တန်ဖိုးကြီးရှားပါးလှသော ပေ (၁၀၀)ခန့်ရှိ ဘော်ကြိုမုဋ္ဌောစေတီတော်ဘုရားကြီး၏ အနောက်ဘက်တန်ဆောင်းအနီး နှစ်ပေါင်း (၂၀၀)ကျော်သက်တမ်းရှိ စံကားပင်ကြီးကိုပါ သွားရောက် ကြည့်ရှု လေ့လာကြစေလိုကြောင်း ရေးသား တင်ပြလိုက်ရပါသည်။



**နိုင်မင်းညို**

ကျမ်းကိုး

ဘော်ကြိုမုဋ္ဌော စေတီတော်ဘုရား သမိုင်းအကျဉ်း

□



www.burmeseclassic.com

www.burmeseclassic.com



# မျိုးဇော်ဒါန်း
## ငြိမ်းချမ်းပျော်ရွှင်မှုနှင့်ချစ်ခင်
## မေတ္တာစွမ်းအင်

တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသော စကားကို လူတိုင်းကြားဖူးကြမည်ဖြစ်၏။ တစ်ဦးက တစ်ဦးအပေါ် ဘေးခပ်သိမ်း ရန်ခပ်သိမ်း တင်းငြိမ်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေလိုသော သဘောဆန္ဒကို မေတ္တာဟု ခေါ်ဆိုနိုင်၏။

တစ်နည်းဆိုရလျှင် မေတ္တာဟူသည် အအေးဓာတ်ဖြစ်၏။ အေးငြိမ်းသော သဘောကိုဆောင်၏။ တုံ့ပြန်တတ်သော သဘောကိုလည်း ဆောင်၏။ ကောင်းကျိုးကို ဖြစ်ထွန်းစေသော စွမ်းအား တစ်မျိုးလည်း ဖြစ်၏။

မေတ္တာ၏ တရားကိုယ်မှာ ဒေါသ အပူဓာတ်၏ ဆန့်ကျင်ဘက် အဒေါသ စေတသိက်ဖြစ်၏။

မေတ္တာပွားခြင်း ဆိုသည်မှာ မိမိနေထိုင်ရာ အရပ်နှင့် အထက်အောက် ဝန်းကျင်အားလုံးရှိ သတ္တဝါများထံသို့ ထိုအအေးဓာတ်ကို ဖြန့်၍ပို့လွှတ်ခြင်းဖြစ်၏။ ဓာတ်တို့၏ သဘောကား အလွန်ဆန်းကြယ်၏။ ကြေးမုံပြင်ကဲ့သို့ တစ်ဦးအပေါ် တစ်ဦးတုံ့ပြန်သောသဘော ရှိသည်။ အလျား အနံ မရှိပေမယ့် အသွားအပြန် ရှိ၏ဟု ဆိုသည်။

အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ် စသည်များကို မေတ္တာပို့လွှတ်မှုကြောင့် နတ်တို့၏ ကူညီစောင့်ရှောက်မှုကို တုံ့ပြန်ရရှိနိုင်၏။ အုပ်ချုပ်သူများကို မေတ္တာပို့မှုကြောင့် အုပ်ချုပ်သူတို့က တရားသဖြင့် စောင့်ရှောက်မှုပေးခြင်းကို ရရှိ၏။

သတ္တဝါများအပေါ် မေတ္တာပွားမှုကြောင့် အရပ်မျက်နှာ အားလုံး၌ အပိတ်အပင် အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာသွားလာနိုင်၏။ မေတ္တာပွားမည့် ယောဂီပုဂ္ဂိုလ်သည် မေတ္တာ၏ သဘော သဘာဝကို တိကျစွာ သိရှိထားမှသာ မိမိသန္တာန်မှာ မေတ္တာစိတ်ဓာတ်ကို မှန်မှန်ကန်ကန် မွေးမြူနိုင်မည်ဖြစ်၏။ ထိုသို့ မွေးမြူနိုင်မှ မိမိ၏မေတ္တာကို သတ္တဝါအများသို့ ပို့လွှတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မေတ္တာ၏ သဘော အဓိပ္ပာယ်ကို သိရှိနားလည်ထားရမည်ဖြစ်သည်။

မေတ္တာသည် ပါဠိဝေါဟာရဖြစ်၍ မြန်မာလို 'ချစ်ခြင်း' ဟု အဓိပ္ပာယ်ရသည်။ ထိုမေတ္တာ၏ ချစ်ခြင်းသဘောကား လိင်မတူကြသည့် လူပျို၊ အပျိုတို့ အချင်းချင်း ချစ်ကြသည့် ချစ်ခြင်းသဘောမျိုး မဟုတ်ဘဲ ယောကျ်ားမိတ်ဆွေအချင်းချင်း သို့မဟုတ် မိန်းမမိတ်ဆွေအချင်းချင်း ချစ်ခြင်း၊ ခင်ပင်ခြင်းသဘောမျိုးဖြစ်၏။

တစ်နည်းအားဖြင့် မိတ်ဆွေ၌ ဖြစ်သောကြောင့် မေတ္တာမည်၏။ (ဝါ) ဤချမ်းသာစေလိုခြင်း သဘောသည် မိတ်ဆွေ၏ သန္တာန်၌ ဖြစ်ခြင်း သဘောတည်းဟူ၍ အဋ္ဌကထာကျမ်းများ၏ မိန့်ဆိုချက်အရ သိရသည်။ မိတ်ဆွေအချင်းချင်း ချစ်ခြင်းကား တစ်ဦး၏ အကျိုးစီးပွားကို တစ်ဦးက လိုလားသော စိတ်ဓာတ်မျိုးဖြစ်၏။ ထို့ကြောင့် သတ္တဝါအချင်းချင်းတို့၌ အကျိုးစီးပွားကို လိုလားသည့် သဘောရှိသော အဒေါသတရားသည်သာ မေတ္တာမည်ပေ၏။

သို့ဆိုရလျှင် သတ္တဝါအပေါင်းတို့အား ဘေးရန်ခပ်သိမ်းကင်းငြိမ်းမှုကို

www.burmeseclassic.com

လိုလားသော သဘော၊ စိတ်ဆင်းရဲ ခပ်သိမ်း ကင်းငြိမ်းမှုကို လိုလားသည့် သဘော၊ ကိုယ်ဆင်းရဲခပ်သိမ်း ကင်းငြိမ်းလိုသည့် သဘော၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိခန္ဓာဝန်ကို စွမ်းဆောင်နိုင်မှုကို လိုလားသည့် သဘော၊ လိုလားသည့် စိတ်ဓာတ်သည် မေတ္တာမည်၏ဟု ဆို၏။ မေတ္တာတရားကို ထပ်မံခွဲခြား လေ့လာကြည့်လျှင် -

- ကာယကံ မေတ္တာ
- ဝစီကံ မေတ္တာ
- မနောကံ မေတ္တာ

ဟူ၍ သုံးမျိုးရှိကြောင်း သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ တွေ့ရှိနိုင်ပါသည်။

မေတ္တာစိတ်ဖြင့် ပြုလုပ်မှုမှန်သမျှ ကိုယ်အမူအရာအားလုံးကို ကာယကံမေတ္တာဟုခေါ်၏။ သူတစ်ပါး၏ အကျိုးကို ကိုယ်ထိလက်ရောက် ကူညီဆောင်ရွက်ပေးခြင်းမျိုး ဖြစ်သည်။ မိခင်သည် သားငယ်ကို အပူအချမ်း မနှိပ်စက်ရအောင် မှက်၊ ခြင်၊ ယင်၊ မြွေ၊ ကင်း မကိုက်မခဲရအောင် စောင့်ရှောက်ခြင်းသည် နို့တိုက်ခြင်း၊ ထမင်းကျွေးခြင်း စသည်ဖြင့် သားငယ်အား ဆင်းရဲဒုက္ခ မရောက်စေဘဲ ကြီးပြင်းလာအောင် ကိုယ်ဖြင့် ပြုစုစောင့်ရှောက်ခြင်းသည် ကာယကံမေတ္တာပင် ဖြစ်သည်။

မေတ္တာစိတ်ဖြင့် ပြောဆိုသမျှ နှုတ်အမူအရာအားလုံးကို ဝစီကံမေတ္တာဟုခေါ်၏။ သူတစ်ပါး အကျိုးစီးပွားကို နှုတ်အားဖြင့် ကူညီဆောင်ရွက်ပေးခြင်းမျိုးကို ခေါ်ဆိုခြင်း ဖြစ်သည်။

ရဟန်းတော်များအဖို့ မေတ္တာစိတ်ဖြင့် သိက္ခာပုဒ်များကို သင်ကြားပေးခြင်း၊ ကမ္မဋ္ဌာန်းတရား ဟောကြားပေးခြင်းတို့သည်လည်းကောင်း၊ လူတို့အဖို့ ဘုရားဖူးသွားကြစို့၊ တရားနာသွားကြစို့၊ ဆီမီးပူဇော်ကြစို့၊ ဝါဆိုသင်္ကန်းကပ်ကြစို့ စသည့် မေတ္တာထား ပြောကြားခြင်းတို့သည်လည်းကောင်း ဝစီကံမေတ္တာမည်ပေ၏။

မနောကံ မေတ္တာကား ကိုယ်ဖြင့် ပြုမူခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း လုံးဝကင်းလျက် ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ သတ္တဝါများ တရားစောင့်ကြပါစေ စသည်ဖြင့် စိတ်သက်သက်ဖြင့် နှလုံးသွင်း မေတ္တာပို့ခြင်း ဖြစ်သည်။

ထိုမေတ္တာသုံးမျိုးတွင် မနောကံမေတ္တာသည် မေတ္တာဘာဝနာ အရာ၌ အလွန်အရေးပါလှ၏။ မေတ္တာ ဘာဝနာသည် သမထ ဘာဝနာကုသိုလ်မျိုး ဖြစ်၍ သီလကဲ့သို့ ကာယကံမှု၊ ဝစီကံမှုတို့ကို စောင့်ထိန်းရသည့် ကုသိုလ်မျိုး မဟုတ်။ အရင်းမူလဖြစ်သည့် စိတ်မှု မနောကံကို စောင့်ထိန်းရသောကုသိုလ်မျိုး ဖြစ်သည်။

ထို့ကြောင့် စိတ်အစဉ်တွင် လောဘ၊ ဒေါသ စသော အကုသိုလ်တရားဆိုးများ မဝင်နိုင်အောင် မေတ္တာစိတ်ကို အကြိမ်ကြိမ် ဖြစ်ပွားအောင် နှလုံးသွင်းနေမှုကို မေတ္တာဘာဝနာဟု ခေါ်သည်။

လောကတွင် မျက်စိအကြည်ဓာတ်(စက္ခုဓာတ်)၊ နား အကြားဓာတ် (သောတဓာတ်) စသည်ဖြင့် ဓာတ် (၁၈)ပါးရှိ၏။ ထိုဓာတ် (၁၈)ပါးကို အကျဉ်းချုပ်လျှင် ရုပ်ဓာတ်နှင့် နာမ်ဓာတ် နှစ်မျိုးရ၏။ ထိုရုပ်ဓာတ်နှင့် နာမ်ဓာတ်များကား အသိရခက်၏။

ထိုတရားများ၏ သဘောကား ဟလွန်ဆန်းကြယ်၏။ နာမ်ဓာတ်ကား ရုပ်ဓာတ်ထက် ပိုမို၍ ဆန်းကြယ်၏။ နာမ်ဓာတ်တစ်မျိုး ဖြစ်သည့် မေတ္တာဓာတ်မှာလည်း မေတ္တာဓာတ်ကို ဖြန့်ဝေသူ၊ ပို့လွှတ်သူနှင့် မေတ္တာအဖြန့်ခံရသူ၊ ပို့လွှတ်ခံရသူတို့မှာ တစ်ဦးနှင့် တစ်ဦး ဆက်သွယ်ခြင်း မရှိသော်ငြားလည်း မေတ္တာ အပို့ခံရသူများမှာ ပို့သသူ၏ မေတ္တာစွမ်းအား ကြီးလျှင် ကြီးသည့် အလျောက် ချမ်းသာသုခ ရရှိကြသည်။

ဤ၌တွင် လိပ်၊ ဥဒေါင်းတို့၏ သဘာဝဖြစ်စဉ်ကို ကြည့်ကြပါစို့။ လိပ်၊ ဥဒေါင်းစသော သတ္တဝါတို့သည် မိမိတို့၏ ဥများကို သင့်လျော်ရာ အရပ်၌ ဥထားခဲ့ကြပြီးနောက် အဝေးကပင် အာရုံပြုကာ မေတ္တာဓာတ်များ ပို့သပေးနေကြလေ၏။

မိခင် လိပ်မ၊ ဥဒေါင်းမတို့ ဘေးအန္တရာယ်ကင်းကွာ၍ အသက်ရှင်နေသမျှ ကာလပတ်လုံး ဥထားခဲ့သော လိပ်ဥ၊ ဥဒေါင်းဥတို့သည် ပုပ်သိုးခြင်း မရှိကြဘဲ အချိန်တန်သောအခါ၌ လိပ်ကလေးများ၊ ဥဒေါင်းကလေးများပေါက်ဖွားလာကြကုန်၏။

အကယ်၍ မိခင်လိပ်မ၊ ဥဒေါင်းမတို့ တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကြောင့် သေကျေပျက်စီးခဲ့သော် ထိုလိပ်ဥ၊ ဥဒေါင်းဥတို့သည် ပုပ်သိုးပျက်စီးသွားကြရကုန်သည်။ ဤဖြစ်ရပ်ကို သုံးသပ်ကြည့်လျှင် လိပ်မ၊ ဥဒေါင်းမတို့က ပို့လွှတ်သော မေတ္တာဓာတ်ကို အဝေး၌ ရှိသော လိပ်ဥ၊ ဥဒေါင်းဥတို့က ရရှိခံစားကြရသောကြောင့် လိပ်ကလေးများ၊ ဥဒေါင်းကလေးများပေါက်ဖွားလာခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မေတ္တာဓာတ်သည် စွမ်းအားကြီးလျှင် ကြီးသည့်အလျောက် အပို့ခံရသူတို့မှာ ကြီးမားသော အကျိုးသက်ရောက်မှု ဖြစ်စေပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ မေတ္တာတော်ကိုလည်း ကြည်ညိုကြပါဦးစို့။ ဘုရားရှင်၏ မေတ္တာဓာတ်ကား အလွန်ကြီးမားတော်မူပါသည်။ အနန္တစကြဝဠာ လောကဓာတ်ရှိ သတ္တဝါအပေါင်းတို့ အပေါ်၌ ဖြန့်ဝေထားတော်မူသော မေတ္တာဓာတ်ကြီး ဖြစ်သည်။

ရှင်ဒေဝဒတ်သည် ဘုရားရှင်အား ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်တုံးကြီးကိုလှိမ့်ချ၍ လုပ်ကြံခဲ့ရာ မအောင်မြင်သဖြင့် နာဠာဂီရိ ဆင်မိုက်ကြီးကို အရက်တိုက်မောင်းတိုက်၍ နင်းသတ်စေရန် ဒုတိယအကြိမ် ကြံစည်ပြန်၏။





www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်သည် ရဟန်းတော်အပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလာတော်မူစဉ် နာဠာဂီရိ ဆင်မိုက်ကြီးအား အရက်အလွန်အကျွံ တိုက်ကျွေးပြီးသကာလ ဘုရားရှင်ထံသို့ စေလွှတ်လိုက်ရာ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အသံကြီးကိုပြုလျက် ဘုရားရှင်ဆီသို့ အပြေးဝင်လာ၏။ မြို့သူမြို့သားထုကတော့ စိတ်မကောင်းခြင်းကြီးစွာဖြင့် လမ်းပေါ်ထွက်၍ စောင့်ကြည့်နေကြသည်။

ထိုစဉ်အခါ မြတ်စွာဘုရားရှင်သည် နာဠာဂီရိ ဆင်ကြီးတစ်ကောင်တည်းကိုသာ ဩဓိသ မေတ္တာတော်စာတ်ဖြင့် ပို့လွှတ်တော်မူကာ ချိုသာသော အသံတော်ဖြင့်. . .

"အို. . . နာဠာဂီရိ ငါဘုရားကို သတ်ဖို့ပြုရာတွင် ခရီးသွားလာသူတွေကို ထိတ်လန့်ပင်ပန်းအောင် မလုပ်ပါနဲ့၊ ငါဘုရားထံသို့သာ လာခဲ့ပါ"

ဟု ဖိတ်ခေါ်တော်မူလိုက်၏။

နာဠာဂီရိ ဆင်မိုက်ကြီးသည် ဘုရားရှင် မိန့်ကြားတော်မူသည့်အသံတော်ကို ကြားလိုက်ရလျှင် မျက်စိဖွင့်ကြည့်၍ မြတ်ဗုဒ္ဓ ရူပကာယ အသရေတော်ကို ဖူးမြင်ရသောအခါ ထိတ်လန့်၍ အမူးပြေသွားလေ၏။ သည့်နောက် နှာမောင်းကြီးကို အောက်သို့ချကာ ဘုရားရှင်ထံမှောက်လာရောက်၍ ခြေတော်ရင်း၌ ဝပ်စင်းဒူးတုပ်နေလေ၏။

"အို နာဠာဂီရိဆင် ငါဘုရားအား သတ်လိုသည့်စိတ်ဖြင့် ကပ်မလာလေနှင့်၊ သတ်လိုသောစိတ်ဖြင့် ချဉ်းကပ်လာခြင်းသည် သင့်အဖို့ ဆင်းရဲကြောင်း မကောင်းမှုကိုသာ ဖြစ်စေ၏၊ ငါဘုရားကို ထိပါးပုတ်ခတ်လိုစိတ် ရှိသူများမှာ သေဆုံးသောအခါ သုဂတိဘဝသို့ မရောက်နိုင်ပါ၊ ကုသိုလ်တရားဆယ်ပါးကို သင့်မမေ့ပါလေနှင့်၊ကုသိုလ်ပြုမှသာ သုဂတိဘဝသို့ ရောက်နိုင်ပါမည်" ဟု ဆုံးမတရားဟောကြားတော်မူသည်။

ထိုနာဠာဂီရိဆင်ကို ဆုံးမသောတရားပွဲ၌ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့ တရားထူးကို ရရှိခဲ့ကြလေ၏။

ထိုအချိန်မှစ၍ ယဉ်ကျေးလိမ္မာသော ဆင်သူတော်ကောင်းကြီး ဖြစ်လာခဲ့ပြီး တစ်သက်လုံး မည်သူ့ကိုမှ ညှဉ်းဆဲခြင်း မပြုတော့ဘဲ ကောင်းမွန်စွာ နေထိုင်ခဲ့လေ၏။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကြီးမားသော မေတ္တာဓာတ်၏ တန်ခိုးတေဇော်အာနုဘော်ကား တုနှိုင်းဖွယ်မရှိ။ အစွမ်းထက်လှပါ၏။

လူ့ဘဝ လူ့အဖြစ်ကို ရခဲ၏။ ဘုရားသာသနာတော်နှင့်လည်း ကြုံရခဲ၏။ သူတော်ကောင်းတရားကို နာရခဲ၏။ ကျွန်ုပ်တို့ ကံကောင်းစွာပင် လူ့ဘဝကို ရရှိနေ၏။ လူဖြစ်နေရခြင်း၊ လူ့ဘဝကို ရရှိနေရခြင်းတို့မှာ ကုသိုလ်ကောင်းမှုတွေ များနိုင်သမျှ များများရရှိအောင် ပြုလုပ်နေဖို့အတွက် ဖြစ်သည်။

ထိုသို့ကုသိုလ်အမှုတွေ ပြုနိုင်ဖို့အတွက် ဆက်ဆံဆောင်ရွက်ရာတွင် လူတစ်ဦးနှင့် တစ်ဦး အချင်းချင်း အပြန်အလှန် မေတ္တာပို့လွှတ်ခြင်း၊ မေတ္တာပွားများခြင်းတို့ကို ပြုလုပ်သင့်ကြပေ၏။ မေတ္တာကို အခြေခံပြီး ဆက်ဆံမှ တစ်သက်ပန် အောင်မြင်နိုင်ခဲ့ကြမည် ဖြစ်သည်။

တစ်ဦးအပေါ်တစ်ဦးက မေတ္တာထားပြီး ဆောင်ရွက်မှသာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းမှုကုသိုလ်အလုပ်များ၊ အကျိုးစီးပွားများ အဆင်ပြေ အောင်မြင်လာမည်ဖြစ်၏။ မေတ္တာပွားခြင်းသည် ကိုယ်စိတ် ပင်ပန်းဆင်းရဲခြင်း၊ အခကြေးငွေ ကုန်ကျခြင်းတို့ မရှိ။ အချိန်အနည်းငယ်သာ ပေးရန်လိုပါသည်။ မိနစ်ပိုင်းဖြစ်စေ၊ မနောကံစိတ်အာရုံဖြင့် မေတ္တာ ဘာဝနာ ပွားများခြင်းကို ပြုလုပ်နိုင်ပါသည်။

ထိုသို့ အချိန်အနည်းငယ်အတွင်း မေတ္တာပွားခြင်းသည် လွန်စွာ အကျိုးကြီးမားလှ၏။

ထိုအကြောင်းနှင့် စပ်လျဉ်း၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဩက္ခာသုတ်၌ . . .

"တစ်ယောက်သောသူက နံနက် တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေ တစ်ကြိမ်၊ တစ်နေ့သုံးကြိမ်မွန်မြတ်သော ဘောဇဉ်တို့ဖြင့်ပြည့်သော ဆွမ်းအိုးကြီး အလုံးတစ်ရာကိုချက်၍ အလှူဒါနပြု၏၊ တစ်ယောက်သောသူက နွားနို့ တစ်ညှစ်ခန့်၊ နံ့သာ တစ်ရှူခန့်မျှ မေတ္တာစိတ်ကို နံနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ပွားများ၏။

ဤသို့ နွားနို့ တစ်ညှစ်ခန့်၊ နံ့သာ တစ်ရှူခန့်မျှ တစ်နေ့ သုံးကြိမ် ပွားများသော မေတ္တာကုသိုလ်သည် တစ်နေ့ သုံးကြိမ် ဆွမ်းအိုးကြီး အလုံးတစ်ရာ အလှူထက်များမြတ်သော အကျိုးရှိ၏"

ဟု ဘုရားရှင်က ဟောကြားတော်မူခဲ့သည်။

ဘုရားဟော ဒေသနာတော်လာ မေတ္တာ၏အကျိုးတရားကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက နှောင်းလူတို့အတွက် လင်္ကာ သီကုံးပေးထားခဲ့သည်။

"တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာ ထမင်း၊ လှူဒါန်းခြင်းထက် မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါဖြင့်၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း"

ဟု ဖွဲ့ဆိုခဲ့သည်။

မေတ္တာဘာဝနာ ပွားများရာတွင် သာသနာတော်၌ စံတော်ဝင် မထေရ်တစ်ပါးဖြစ်သော ဝိသာခ မထေရ်၏ ကြည်ညိုဖွယ်ရာ ဖြစ်စဉ်များ တင်ပြပါဦးမည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်ပိုင်း ကာလ ပါဋလိပုတ်ပြည်၌ ဝိသာခ ဟူသော သူကြွယ်တစ်ဦး ရှိ၏။

ထိုသူကြွယ်သည် သာသနာတော် ထွန်းသစ်စဖြစ်သော သီဟိုဠ်နိုင်ငံ၏ သာသနာရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ စေတီပုထိုးများ သပ္ပာယ်နေပုံ





www.burmeseclassic.com

www.burmeseclassic.com

များ၊ ရာသီဥတုကောင်းမွန်မှုတပုံများ၊ ရဟန်းသံဃာတော်များ ပျော်မွေ့စွာ တရားအလုပ် အားထုတ်နေပုံများ စသည့် ကောင်းသတင်း စကားများကို ကြားသိနေရ၏။

ထို့ကြောင့် ဝိသာခ သူကြွယ်သည် သီဟိုဠ်ကျွန်းသို့သွားရောက်ကာ ရဟန်းပြုရန် ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် သူပိုင်ပစ္စည်းဥစ္စာများကို သားမယားအား လွှဲအပ်ပေးပြီးနောက် လမ်းစရိတ်အဖြစ် အသပြာတစ်ကျပ်ကိုသာ ယူဆောင်၍ သင်္ဘောဆိပ်သို့ ထွက်လာခဲ့သည်။

သီဟိုဠ်ကျွန်းသို့ ကူးရန် သင်္ဘောကြုံမရှိသေးသဖြင့် ပင်လယ်ဆိပ်ကမ်း၌ တစ်လခန့်ကြာမျှ သင်္ဘောကို စောင့်ဆိုင်းနေရလေသည်။ ယင်းသို့ သင်္ဘောစောင့်နေစဉ် အတောအတွင်း အသပြာတစ်ကျပ်ကို အရင်းပြု၍ တစ်နေရာက ပစ္စည်းကို တစ်နေရာသို့ သယ်ဆောင်ပြီး တရားသဖြင့် ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရာ အသပြာတစ်ထောင် စုဆောင်းမိလေ၏။

ထို့နောက် ဝိသာခ သူကြွယ်သည် သင်္ဘောကြုံဖြင့် သီဟိုဠ်ကျွန်းသို့ ကူးသွားခဲ့လေ၏။ မဟာဝိဟာရကျောင်းတိုက်မှ မထေရ်ကြီးများထံ အကျိုးအကြောင်း ပြောပြ လျှောက်ထားရာ မထေရ်ကြီးများက ရဟန်းဝတ်ခွင့်ပြုပေးလေ၏။ ဝိသာခ ရဟန်းလောင်းအား သိမ်သို့ ခေါ်ဆောင်သွားစဉ် ခါးပိုက်ဆော်င်အတွင်းမှ အသပြာထောင်ထုပ်မှာ ရုတ်တရက် မြေပေါ်သို့ ပြုတ်ကျသွားလေရာ မထေရ်ကြီးများက. . .

"ဝိသာခ အဲဒါဘာလဲ" ဟုမေးရာ

"မှန်လှပါ၊ အသပြာ ငွေတစ်ထောင်ပါဘုရား" ဟု ဖြေ၏။

"ဝိသာခ၊ ရဟန်းဆိုတာ ရဟန်းပြုချိန်မှစပြီး အသပြာငွေများကို ကိုင်တွယ်ခွင့် မရှိဘူး၊ အခုကတည်းက အဲဒီအသပြာကို သင့်သလို စီမံလိုက်ဦး" ဟု မိန့်တော်မူ၏။

ထိုအခါ ဝိသာခက "ငါ့ ရဟန်းခံပွဲလာတဲ့လူများ အားလုံး လက်ချည်းမပြန်စေရဘူး"

ဟုဆုံးဖြတ်၍ အသပြာ တစ်ထောင်ကို အာလယပြတ်စွာဖြင့် လာသမျှ ပရိသတ်အား အိမ်ရှေ့တွင် ဖြန့်ကြဲပေးလှူလိုက်လေ၏။

ဝိသာခသူကြွယ် ရဟန်းဘဝသို့ ရောက်ရှိသွားပြီးသောအခါ ဘွဲ့တော်ကိုလည်း ဝိသာခထေရ်ဟု ခေါ်တွင်လေ၏။

ထိုဝိသာခထေရ်သည် ရဟန်းဝါ ငါးဝါရသည်အထိ ပရိယတ္တိစာပေကျမ်းဂန်များကို မဟာဝိဟာရ မထေရ်ကြီးများထံမှ သင့်လျော်သော ကမ္မဋ္ဌာန်းကို တောင်းခံ၍ ရဟန်းတရားအားထုတ်ရန် မဟာဝိဟာရကျောင်းကြီးမှ ထွက်ခွာလာခဲ့သည်။

ဝိသာခထေရ်သည် သီဟိုဠ်တစ်ကျွန်းလုံးရှိ သင့်လျော်သော နေရာများတွင် တစ်နေရာ၌လေးလစီ သီတင်းသုံးပြီးလျှင် အထူးအားဖြင့် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို ဦးစားပေး၍ အားထုတ်တော်မူခဲ့သည်။ လေးလပြည့်လျှင် နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူမြဲ ဖြစ်သည်။

တစ်နေ့မှာတော့ ဝိသာခထေရ်သည် နာမည်ကျော် စိတ္တလတောင်သို့ ကြွချီတော်မူရာ တောအဆင့်ဆင့်တောင်အသွယ်သွယ်ကို ကျော်ဖြတ်ခရီးနှင်ခဲ့ရသည်။ လမ်းခရီးတွင် တောစောင့်နတ် တောင်စောင့်နတ်များ ကျေးရွာရှင်ဆရာသမားများမှအစ သတ္တဝါအားလုံးတို့အပေါ် ချမ်းသာကြပါစေဟု လမ်းသွားရင်းကလည်း မေတ္တာများ ပို့လွှတ်လျက်ရှိနေ၏။

သို့ကလို မေတ္တာတရားပွားများလျက် ကြွချီလာခဲ့ရာ စိတ္တလတောင်ကြီးအနီးသို့ ရောက်ရှိလာသောအခါ လမ်းနှစ်ခွ ဖြစ်နေလေ၏။

"ဒီဘက်လမ်းလား ဟိုဘက်လမ်းလား" ဟု မတ်တတ် စဉ်းစားနေစဉ်-

"ဒီဘက်ကလမ်းပါ အရှင်ဘုရား"

ဟု တောင်စောင့်နတ်မင်းကြီးက လက်ညှိုးထိုးညွှန်ပြလိုက်၏။ ဝိသာခမထေရ်မြတ်လည်း စိတ္တလတောင်ပေါ်ကျောင်းသို့ ကောင်းမွန်စွာ ရောက်ရှိခဲ့လေ၏။

ဝိသာခမထေရ်သည် စိတ္တလတောင်ကျောင်း၌လည်း လေးလမျှသာ သီတင်းသုံးမည်ဟု ဆုံးဖြတ်ထားသော်လည်း "ငါ ဒီမှာ အာဂန္တုပဲ" ဟု မည်သည့်အခါမှ သဘောမထားခဲ့။

မိခင်ကျောင်းတော်ကြီးဟု ခံယူလျက် ကျောင်းကန်ဘုရား၊ ဆရာသမားသီတင်းသုံးဖော်တို့၏ ဝတ်ကြီးဝတ်ငယ်များကိုလည်း မလစ်ဟင်းစေခဲ့ပါ။ ပန်း၊ ရေချမ်း၊ တံမြက်၊ သောက်ရေသုံးရေမှအစ လိုလေသေးမရှိ စရဏဝတ်ကို ဖြည့်ဆည်းပေးမြဲပေး၏။

သို့ဖြစ်၍ သီတင်းသုံးဖော်တိုင်းက ဝိသာခမထေရ်အား လေးစားခင်မင်ကြသဖြင့် ပြန်ကြွသွားမည်ကို စိုးရိမ်နေကြလေသည်။ စိတ္တလတောင်ကျောင်း၌ သီတင်းသုံး၍ လေးလပြည့်ပြီးနောက် တစ်ရက် နံနက်အရုဏ်တက်လျှင် ပြန်တော့မည်ဟု ဝိသာခမထေရ်ထိုင်လျက် စဉ်းစားနေစဉ် ကမ္မဋ္ဌာန်းကျောင်းလေး၏ စင်္ကြံလှေကားဆီမှ ငိုသံ တစ်သံကြားလိုက်ရသဖြင့် ထသွား၍ ကြည့်ရှုလိုက်ရာ လှေကားထစ် ဖျဉ်ချပ်ပေါ်၌ နတ်မင်းကြီးတစ်ပါးထိုင်၍ ငိုယိုနေသည်ကိုတွေ့ရသည်။ မထေရ်က အခြေအနေကို မေးမြန်းကြည့်ရာ . . .

"ငိုနေတာ ဘယ်သူလဲ"

"တပည့်တော် အရှင်မြတ်ရဲ့ စင်္ကြံကျောင်းခေါင်းရင်း သပြေပင်က ရုက္ခစိုးနတ်မဏိလိယပါ ဘုရား"

"သင်ဘာကြောင့် ငိုနေရတာလဲ"

"အရှင်မြတ် ပြန်ကြွတော့မှာမို့ ငိုနေရပါတယ် ဘုရား"

"ငါကြွသွားမှာ သင်တို့နဲ့ ဘာဆိုင်လို့လဲ၊ ငါ ဒီမှာနေလို့ သင်တို့မှာ ဘာကျေးဇူးရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှိပါပြီလား ဘုရား၊ အရှင်မြတ်ဒီမှာ သီတင်းသုံးတော်မူကတည်းက တပည့်တော်တို့ နတ်တွေမှာ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ညီညွတ်မှုတွေ ရနေကြပါတယ်၊ ယခု အရှင်မြတ်ပြန်ကြွသွားလျှင် တပည့်တော်ကအစ နတ်တွေ အချင်းချင်း စကားများ ငြင်းခုံခိုက်ရန်ဖြစ်ကုန်ကြတော့မှာပါ ဘုရား။ ကြမ်းတမ်းစွာဆဲရေးကုန်ကြတော့မှာပါ ဘုရား"

ရုက္ခစိုးနတ်မင်းကြီးသည် ဤသို့လျှောက်ထားရင်းလည်း ငိုကြွေးနေလေသည်။ သူ၏စကားကြောင့် ဝိသာခမထေရ်လည်း ခေတ္တမျှ စဉ်းစားကာ. .

"ငါ ဒီမှာနေတဲ့အတွက် သင်တို့တစ်တွေပါ ချမ်းသာညီညွတ်မှု ရရှိကြတယ်ဆိုရင်လဲ ကောင်းပြီလေ၊ ငါမသွားသေးပါဘူး"

ဟု မိန့်တော်မူရာ နတ်များအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရကုန်လေ၏။

ထို့ကြောင့် မထေရ်မြတ်သည် စိတ္တလတောင်ကျောင်း၌ပင် နောက်ထပ် လေးလ သီတင်းသုံးရပြန်လေ၏။ လေးလစေ့၍ ပြန်ကြွမည်ပြုရာ သပြေပင်စောင့်နတ်သည် ရှေးနည်းအတူလာ၍ ငိုယိုပြန်၏။

သို့နှင့် နောက်ထပ်လေးလ ရွှေ့ဆိုင်းရပြန်၏။ မေတ္တာ ဘာဝနာကိုအခြေခံ၍ အရဟတ္တဖိုလ်ကို ရတော်မူသော ဝိသာခမထေရ်သည် လေးလစေ့တိုင်း ပြန်မည်အပြု ဤနည်းနှင်နှင်ချည်း ဖြစ်နေသဖြင့် မည်သည့်နေရာသို့မျှ မပြောင်းရွှေ့ဖြစ်တော့ချေ။

သတ္တဝါအများကို သနားတော်မူသဖြင့် ဆက်လက်၍ သီတင်းသုံးခဲ့လေရာ ဤစိတ္တလတောင်ကျောင်း၌ပင် ခန္ဓာဝန်ချ၍ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရလေသည်။

ဤဇာတကကို သုံးသပ်ကြည့်ပါက မေတ္တာဘာဝနာ ပွားများနေသည့်ပုဂ္ဂိုလ်အား နတ်များက လေးစားချစ်ခင် ကြည်ညိုကြကြောင်းနှင့် မထေရ်မြတ်ပို့လွှတ်သည့် မေတ္တာဓာတ်ကို နတ်များ လက်ခံရရှိကြောင်း၊ ပို့သသည့်မေတ္တာတကယ်ရောက်ရှိကြောင်းသိသာထင်ရှားစေပါသည်။

ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန် မေတ္တာထား၊ မေတ္တာပွားကြလျက် မေတ္တာပို့လွှတ် ဖြန့်ဝေနိုင်ကြမည်ဆိုလျှင် အမှန်တကယ်အေးချမ်းသာယာသော ကမ္ဘာကြီးဖြစ်လာမည်ဟု ယုံကြည်မိပါသည်။

မေတ္တာအစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

ကျမ်းကိုး

* သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ၊ ဓမ္မာစရိယ ဦးဌေးလှိုင်။

**မျိုးဇော်သိန်း**

□


**မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။**

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ်ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

**အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ**

**သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ**

**စာအုပ်ထွက်ပြီ**

**ညွန့်ခိုင်မာ (ကျောက်ဆည်)**

**ညွန့်လွင် (စက်မှုတက္ကသိုလ်)**


ဖုန်း ၀၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွန့်လွင် အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

**ယခင် စာအုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်။**




www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏလင်းထက်

# သူတော်မောင်မောင်ပြောပြသည့် နှစ်ပေါင်းရာကျော်သော ရန်ကုန်မြို့ရှိအဆောက်အအုံများနှင့် ကိုးနဝင်းစေတီ

ယခုနှစ် တပို့တွဲလပြည့်ကျော် (၃) ရက် သောကြာနေ့ ဖြစ်လေ၏။ အချိန်မှာကား နေထန်းတစ်ဖျား ရောက်ချိန်ဖြစ်သတည်း။

ဆူးလေစေတီတော် ရင်ပြင်ထက် အာရုံခံတန်ဆောင်းများတွင် တရားရှုမှတ်နေသူ၊ ပုတီးစိပ်သူ၊ ပရိတ်တော်နှင့် ပဋ္ဌာန်းတရားတော်ရွတ်ဖတ်သူတို့သည်လည်းကောင်း၊ မိမိတို့ မွေးနေ့အလိုက် ဆိုင်ရာဂြိုဟ်တိုင် ဘုရားတို့တွင် တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ယပ်၊ ကြက်လျှာမှအစပြုကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူသူနှင့် ရေသပ္ပာယ်သူတို့သည် လည်းကောင်း စိတ်အေးချမ်းသာစွာဖြင့် အာရုံပြု အားထုတ်လျက် ရှိကြကုန်၏။

ထိုစေတီတော်၏ တောင်ဘက်စောင်းတန်း လှေကားမှ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အတွင်းရှိမည် မှန်းဆရသော အမျိုးသားကြီး တစ်ယောက်သည် တည်တည်ငြိမ်ငြိမ်ဖြင့် တစ်လှမ်းချင်း တစ်ထစ်ချင်း ရင်ပြင်ထက်ဆီသို့ တက်လာနေ၏။ ကတုံးဆံပင်ပေါက်တွင် အဖြူ အနက်ကြားစွက်သော လက်တစ်ဆစ်ခန့် အရှည်ရှိ ဆံပင်၊ နက်မှောင်ထူထပ်သော မျက်ခုံး။ ရီဝေသော်လည်း စူးရှသောမျက်လုံးများ၊ လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းထူထူနှင့် ပြုံးယောင်သန်းသော မျက်နှာပိုင်ရှင် ဖြစ်လေ၏။ ဖားပါးစပ်ပုံ ပင်နီရောင်လက်စက ရှပ်အင်္ကျီနှင့် အညိုရောင်ပိုးကြိုးဖြင့် သိုင်းဆွဲထားသော စာကြည့်မျက်မှန်၊ ခါးတွင်မူ ဂန့်ဂေါ် စပယ်ရှယ် အမည်းရောင် လုံချည်တို့ကို ဝတ်ဆင်ထား၏။ ညာပခုံးထက်တွင် ယောဂီရောင် ချည်လွယ်အိတ်ကို လွယ်တင်ထား၏။

သူသည်ကား အခြားမဟုတ်ပေ။ အပတ်စဉ် အင်္ဂါနှင့် သောကြာနေ့တိုင်း ဤအချိန်တွင် ဤစေတီတော်၏တောင်ဘက်အာရုံခံတန်ဆောင်းတွင် တရားရှုမှတ်ခြင်း၊ မေတ္တာဘာဝနာပွားခြင်းတို့ ဆောင်ရွက်လေ့ရှိသည့် သူတော်မောင်မောင်ဆိုသူပင် ဖြစ်လေ၏။

ထိုသူကြီးသည် မောင်သာအေးဆိုသူ လူငယ်လေးနှင့် သူငယ်ချင်း နှစ်ယောက်တို့ကို ဓမ္မမိတ်ဆွေဖြစ်ခဲ့သည်မှာ နှစ်များပင် ကြာလှချေပြီ။

ထိုလူငယ်တို့ကလည်း ဤနေ့မျိုးတွင် ဤစေတီကို ဘုရားဖူးလာလေ့ရှိကာ သူတော်မောင်မောင်ထံမှ ဗဟုသုတ ဖြစ်စရာများ မေးမြန်းလေ့ ရှိကြကုန်၏။

သူတော်မောင်မောင်ကလည်း တူသားပမာ သူလေ့လာသိရှိထားသမျှ ရှင်းပြ ပြောဆိုခဲ့သည်ပင်။

လွန်ခဲ့သော တစ်လခန့်ကလည်း ထိုလူငယ်တို့ သိလိုသည့် ရန်ကုန်မြို့ တည်စကာလအကြောင်း၊ လမ်းမကြီးများနှင့် လမ်းသွယ်၊ လမ်းလတ် အသီးသီးတို့၏ အကျယ်အရှည်နှင့် ယခင်စောစောပိုင်းက သတ်မှတ် ခေါ်ဝေါ်ခဲ့ကြသည့် လမ်းအမည်များနှင့် ယခုလက်ရှိ ခေါ်ဝေါ်ရသည့် လမ်းအမည်များအား သူသိရှိထားသမျှ ရှင်းလင်းပြောပြခဲ့ပြီးလည်း ဖြစ်လေ၏။

www.burmeseclassic.com

ထိုလူကြီးသည် တောင်ဘက်အာရုံခံတန်ဆောင်းတွင်း ဝင်ရောက်ကာ သူ၏ ပြုမြဲဝတ်ကိုပြုလေ၏။

မိနစ် သုံးဆယ်မျှ ကြာသော် တရားအားထုတ်ခြင်းကိစ္စ ပြီးလေ၏။ သူက သူ၏မိတ်ဆွေဖြစ်သည့် လပြည့်ဝန်း မဂ္ဂဇင်းတာဝန်ခံ စာတည်းဆရာမောင်သာယာနှင့်တွေ့ရန် ဟန်ပြင်လေ၏။ ထိုအချိန်တွင် မောင်သာအေးနှင့် သူငယ်ချင်းနှစ်ယောက်တို့ ရောက်လာကြလေ၏။

"အဘ သူတော်ကို တွေ့မှတွေ့ရပါ့မလားလို့ စိတ်ပူနေကြရတာ၊ ခုမှ အမောပြေတော့တယ်" ဟု ဆိုကြကာ သူတော်မောင်မောင်ကိုလည်း အကဲခတ်ရင်း မောင်သာအေးက. . .

"အဘသူတော် သွားတော့မလို့ ပြင်နေတာလား၊ အချိန်တော့နည်းနည်းပေးပါဦး အဘရဲ့၊ ဟိုတစ်ပတ်က ပြောပြခဲ့တဲ့ ရန်ကုန်မြို့ကြီး တည်စကာလရဲ့ လမ်းတွေ၊ ရပ်ကွက်ပိုင်းခြားပုံတွေသိရလို့ ကျွန်တော်တို့ ဝမ်းသာနေကြတယ်။

ခုမေးချင်တာလေးက ထင်ရှားတဲ့ အဆောက်အအုံတွေပါ။ ဆိုလိုတာက ရန်ကုန်မြို့ တည်စအချိန်က ခုထိ ထင်ထင်ရှားရှား ရှိနေတဲ့ အဆောက်အအုံတွေကို ပြောတာပါ၊ အဘ သိသလောက်ပေါ့နော်"

ဟု တောင်းဆိုလေရာ ကျန်လူငယ်တို့ကပါ သူတော်မောင်မောင်ထံမှ တုံ့ပြန်မည့် စကားကို နားစွင့်လျက်ရှိကြကုန်၏။

သူတော်မောင်မောင်က အာရုံခံတန်ဆောင်းနံရံထက်မှ နာရီကို လှမ်း၍ကြည့်လိုက်၏။ ထို့နောက် . . .

"မိနစ်(၂၀)လောက်တော့ အချိန်ပေးနိုင်တယ်ကွယ့်၊ ဒီတော့ လွတ်လွတ်လပ်လပ်လဲ မေးကြ၊ ရှင်းပြ ရအောင်ဟို ဗန္ဓုလပန်းခြံထဲကို သွားကြစို့ရဲ့"

ဟုဆိုကာ ယင်းတို့ လေးဦးသားတို့သည် တောင်ဘက်ခုံးကျော်တံတားမှ ဖြတ်ဆင်းကာ မဟာဗန္ဓုလပန်းခြံသို့ ဝင်လေ၏။ ယင်းတို့ ထိုင်နေကျ အရိပ်ကောင်းသော သစ်ပင်ကြီး၏ အောက်ခုံတန်းရှည်တွင် သူတော်မောင်မောင်က ထိုင်၏။ လူငယ်သုံးယောက်က မြက်ခင်းထက်၌ ထိုင်ကြလေ၏။ ပတ်ဝန်းကျင်တွင် လူသူကင်းရှင်းလျက်ရှိ၏။

လွတ်လပ်ရေးကျောက်တိုင်ကြီးအနီးတွင် ကလေးသူငယ် ၄, ၅ယောက်ခန့် ပြေးလွှား,ဆော့ကစားလျက်ရှိလေ၏။ ခပ်လှမ်းလှမ်း သစ်ရိပ်တို့တွင် အစုလိုက် အတွဲလိုက် လူငယ် မိန်းမငယ်တို့ကို တွေ့မြင်ရလေ၏။

သူတော် မောင်မောင်တို့သည် နေသားတကျ အခြေကျလေသော် မောင်သာမောင်ဆိုသူ လူငယ်က . . .

"အဘသူတော် ခင်ဗျား၊ ဟောဟိုမှာ လှမ်းပြီး မြင်နေရတဲ့ သန်းခေါင်စာရင်းရုံးကြီးက ပြန်ပြုပြင်နေတယ် ထင်တယ်နော်၊ ဝါးလုံးတွေနဲ့ ငြမ်းဆင်ထားတာ တွေ့နေရတယ်"

ဟု ဆိုရာ ကျန်လူငယ် နှစ်ယောက်နှင့်အတူ သူတော်မောင်မောင်က မောင်သာအေး ညွှန်ပြရာသို့ ပြိုင်တူကြည့်လိုက်ကြလေ၏။ သူတော်မောင်မောင်က ပြုံးပြုံးကြီးဖြင့်. . .

"ဟုတ်ပါရဲ့ မောင်ရာ၊ အဲဒီ အဆောက်အအုံက ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံကြီးဖြစ်တယ်၊ နှစ်ပေါင်း (၁၀၀)ကျော်ခဲ့ပြီကွယ်၊ အဲဒီ အဆောက်အအုံကို ၁၈၈၃ ခုနှစ် ကတည်းက ဆောက်ခဲ့တာ၊ ဦးလေးဆီမှာ အဲဒီကာလတုန်းက ဆွဲထားတဲ့ ပန်းချီပုံရှိတယ်၊ မင်းတို့နဲ့တွေ့ရင် ပြောပြဖို့လဲ လေ့လာထားခဲ့သေးတယ်"

ဟုဆိုကာ ၁၈၈၃ ခုနှစ်၊, ရိုးကုမ္ပဏီဖွင့်ခဲ့စဉ်က မှတ်တမ်းပုံအားပြသလေရာ လူငယ်တို့က စိတ်ဝင်တစားကြည့်ခဲ့ကြလေ၏။

သူတော်မောင်မောင်က . . .

"မင်းတို့ စာနဲ့ ပေနဲ့ ရေးမှတ်ယူလို့ လွယ်အောင် လမ်းမကြီးတွေအလိုက် ထင်ရှားတဲ့ အဆောက်အအုံတွေကို မှတ်မိသလောက် ပြောမယ်၊

ဒီမဟာဗန္ဓုလလမ်းမကြီးပဲ စကြတာပေ့ါ၊ ဒီလမ်းပေါ်မှာရှိတဲ့ ရှေးဟောင်းလက်ရာ အဆောက်အအုံတွေကတော့ ယခုချိန်ထိ နှစ်ပေါင်းရာကျော်နေပြီ၊ လသာမြို့နယ်မှာရှိတဲ့ ကွမ်တုံ ကွမ်ရင် (တရုတ်ဗုဒ္ဓဘာသာကျောင်း)ဟာ သက်တမ်း နှစ် ၁၈၀ ကျော်ပြီ။

သိမ်ကြီးဈေး (စူရတီဘရားဘဇေး)ဟာ သက်တမ်း နှစ် ၁၆၀ နီးပါးရှိပြီ၊ သက်တမ်း ၁၅၀ကျော် ၁၆၀ နီးပါးရှိတဲ့ Immanuel Bartist Church သက်တမ်းနှစ် ၁၃၀ ကျော်ရှိတဲ့ စည်ပင်လေမှုတ်စက်ရုံ (Air Compress Station) သက်တမ်းနှစ် ၁၃၀ကျော်တဲ့ T.E Jumal ပိုးထည်တိုက်ကြီးကတော့ ယခု အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန Kyaw Home Mart ပေါ့ကွယ်။

သက်တမ်းနှစ် ၁၃၀ကျော်ရှိတဲ့ ဟောဟိုက မောင်သာမောင်မေးတဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးကြီးကတော့ Rowe & Co ဖြစ်ခဲ့ဖူးတယ်၊ ဒါကို ဦးလေး ခုနင်က ပြောခဲ့ပြီးပြီနော်"

ဟုဆိုကာ ခေတ္တ နားလေ၏။ မောင်သာအေးက ရေခဲ ရေသန့် ပုလင်းနှင့် ဖန်ခွက်ကို ကမ်း၍ပေးရာ သူတော်မောင်မောင်က အားပါးတရ သောက်လေ၏။ ဤတွင် မောင်သာမောင်က-

"အဘသူတော်၊ ရေတွေချည်းသိပ်မသောက်ပါနဲ့၊ ကျွန်တော်တို့ နှစ်ယောက်ဆီမှာ လက်ဖက်ရည်ဓာတ်ဘူးနဲ့ ရွှေပုစွန်ကိတ်မုန့်တွေ ပါသေးတယ် အဘရဲ့၊ စကားဝိုင်းပြီးရင် စားဖို့ ကြိုတင်ဝယ်ယူလာတာ"

ဟုပြောလေရာ သူတော်မောင်မောင်က ပြုံး၏။ ခေါင်းညိတ်၏။

ထို့နောက် . . .

"နောက်တစ်ခုက ရိုးကုမ္ပဏီကြီးရဲ့ဘေးမှာရှိတဲ့ ဟိုအဆောက်အအုံကြီးကော မလှဘူးလားကွ၊ အဲဒီအဆောက်





www.burmeseclassic.com

www.burmeseclassic.com

အအုံကြီး သက်တမ်းကလဲ မနည်းဘူးပ၊ ၁၉၂၅ ခုနှစ်မှာ အုတ်မြစ်ချခဲ့တာကွယ့်၊ မြန်မာ့အင်ဂျင်နီယာ ဗိသုကာ စည်သူဦးတင်ဆိုတဲ့ ပုဂ္ဂိုလ်က တည်ဆောက်ခဲ့တာကွယ့်၊ မြန်မာ့လက်ရာ အမွှမ်းတွေ၊ အပြောက်တွေနဲ့ တကယ်ခန့် တကယ်ဝင့်ကြွားလှတဲ့ မြို့တော်ခန်းမကြီးပေ့ါ။

ကဲ ဒီလမ်းမကြီးပေါ်က ထင်ရှားသက်တမ်းရှည်ကြာတဲ့ အဆောက်အအုံတွေတော့ ဒါလောက်သိထားရင် မဆိုးပါဘူးနော်၊ နောက်ကျန်တာတွေကို နောင်များဆုံတဲ့အခါမှ ဆွေးနွေးကြတာပေ့ါကွယ်" ဟုဆိုကာ နားရပြန်လေ၏။

လူငယ်သုံးယောက်တို့ကမူ ယင်းတို့ မှတ်ထားမိသမျှ အချင်းချင်း ပြန်လှန် ဆွေးနွေးကြ၏။ မရှင်းသည်တို့ကို မေးပြန်၏။

သူတော်မောင်မောင်က ရှင်းရပြန်လေ၏။

လူငယ်တို့က အသင့်ယူဆောင်လာခဲ့သော လက်ဖက်ရည်သောက်ခွက်တွင် လက်ဖက်ရည်ထည့်ကာ သူတော်မောင်မောင်အား ဦးစွာ တိုက်ကျွေးကြလေ၏။

ရွှေပုစွန်ကိတ်မုန့်နှင့် လက်ဖက်ရည်တို့ကို စားသောက်ကြပြီးသည်နှင့် သူတော်မောင်မောင်က . . .

"မင်းတို့ကို ဦးလေးရှင်းပြပြီးခဲ့တဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ် လေ့လာလို့ ရလေအောင် အဲဒီခေတ် အဲဒီအခါတုန်းက မှတ်တမ်းပုံတွေပါ ယူလာတယ်၊ ယူသွားကြပေတော့၊ မသိတဲ့သူတွေလဲ ဆက်ပြီး ရှင်းပြကြပေ့ါကွယ်"

ဟုဆိုကာ အလောင်းဘုရားလက်ထက် ရန်ကုန်မြို့ကွက်ပုံစံ၊ ၁၈၈၃ ခုနှစ် ရိုးကုမ္ပဏီပုံ၊ ဂျူဗလီဟောပုံ၊ ရွှေတိဂုံဘုရားပုံတို့အား ပေးအပ်လိုက်လေ၏။

လူငယ်တို့ သုံးယောက်က ခေါင်းချင်းဆိုင်ကာ စိတ်ဝင်တစား ကြည့်ကြလေ၏။ ပြီးလျှင် စကားအနည်းဆုံး လူငယ် မောင်လှမင်းဆိုသူက. . .

"ဦးလေးသူတော်ခင်ဗျား၊ ကိုးနဝင်း ဘုရားစေတီတော်ဆိုတာ ဘယ်လိုအစွဲပြုပြီး တည်ထားကိုးကွယ်ကြတာလဲ၊ ဘယ်ခေတ် ဘယ်ကာလက စတင်ပေါ်ပေါက်ခဲ့တာလဲ စိတ်ဝင်စားလို့ သိချင်ပါသေးတယ်၊ ဦးလေးရဲ့ မိတ်ဆွေတွေဆီ မသွားခင် အချိန်နည်းနည်းတော့ ဖဲ့ပြီး အသိပညာမျှဝေခဲ့ပါဦး"

ဟုဆိုရာ မောင်သာအေးတို့ နှစ်ယောက်ကလည်း . . .

"ဟုတ်တယ် အဘ သူတော်ရဲ့၊ ကျွန်တော်တို့ အရပ်ထဲမှာ ကိုးနဝင်းစေတီတော်တစ်ဆူ ရှိတယ်၊ ကျွန်တော်တို့လဲ သိချင်လေတော့ ပြောပြပါဦး"

"အေးကွယ် မင်းတို့ အားလုံးက တောင်းဆိုနေမှတော့ မင်းတို့ကို အဘက ငဲ့ရမှာပေ့ါလေ"

ဟုဆိုကာ ခဏမျှ နားလျက် ပြောရမယ့် အကြောင်းကိစ္စကို ပြန်လည်စဉ်းစား နှလုံးသွင်းရလေ၏။

ရေတစ်ခွက် ငှဲ့၍ သောက်ရပြန်လေ၏။



"ကိုးနဝင်းစေတီနဲ့ ပတ်သက်လို့ ဦးလေးရဲ့ မိတ်ဆွေ ဗေဒင်လက္ခဏာ ဘဲရေ့ဆရာ အဂ္ဂမျိုးက ပြောပြဖူးတယ်၊ ဦးမှတ်မှတ်သားသား ရှိနေတယ်၊ တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ဆည်းကပ်ကိုးကွယ်တဲ့ စေတီတစ်မျိုးပဲကွယ့်။

အဲဒီ စေတီရဲ့ အမြင့်၊ ညာဏ်တော်က ကိုးတောင်ရှိတယ်၊ စေတီတော်နဲ့ စပ်တဲ့ အဆောင်အယောင်တွေကလဲ အများအားဖြင့်နဝင်းကျေအောင် ကိုးခု ကိုးမျိုးကိုသာ အထားများတယ်။

လောကီပညာ လိုက်စားတဲ့ ဆရာတွေရဲ့ စီမံဆောင်ရွက်တဲ့ စေတီတစ်မျိုးပေ့ါကွယ်၊ မြန်မာသက္ကရာဇ် ၁၂၈၃ ခုနှစ်လောက်ကစပြီး တို့မြန်မာပြည် အနှံ့အပြားမှာ ခေတ်စားလာခဲ့တာတဲ့ကွယ်။

တစ်ခါ တပယင်းမြို့ သမိုင်းလက်ာအရ ကိုးနဝင်းခေတ်စားမယ့် ပုံကလဲ ရှိသေးတယ်၊ အဲဒီ လက်ာလေး ရွတ်ပြပြီး တို့ရဲ့စကားဝိုင်း သိမ်းကြစို့ကွယ်" ဟုဆိုကာ လည်ချောင်းရှင်းရန် ရေအနည်းငယ်သောက်ပြီးလျှင် ရွတ်ဆို၏။

"သောင်းတိုက် ဇမ္ဗူ ကျွန်းလုံးမူလှန်၊ စည်သူမင်းဖျား၊ တည်ခဲ့ထားသည်၊ ဘုရားကိုးဆူ၊ ဂူလည်း ကိုးရပ်၊ နတ်လဲ ကိုးပါး၊ ဘုံကားကိုးတန်၊ ကိုးရွာရံ၍၊ ကန်လဲ ကိုးဆယ်၊ ကိုးသန်းပယ်နှင့်၊ ကိုးဆယ့်ကိုးရွာ၊ စပ်ကာမရွေး၊ ကြေးကိုးကြေးနှင့်၊ နီးဝေးပျံ့လျှိုင်၊ စည်ကိုးဆိုင်က၊ ကိုးဌာနကို၊ ဒုက္ခကင်းစင်၊ ချမ်းသာမြင်၍၊ အောင်မင်္ဂလာ၊ ဖြစ်စေဌာဟု တဲ့"

ထို့နောက် အပြန်အလှန် နှုတ်ဆက်ကာ သူတော်မောင်မောင်က ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်သို့ လည်းကောင်း၊ လူငယ်တို့က ဆူးလေစေတီတော်သို့လည်းကောင်း အသီးသီး ထွက်ခွာခဲ့ကြပါတော့သည်။


ဝဏ္ဏလင်းခက်

□



www.burmeseclassic.com

www.burmeseclassic.com



# ဘုရားပစ္စည်း ငရဲမီး
# သံဃာ့ပစ္စည်း အဆိပ်သီး

● ဝေယံဦး

ဘုရားပစ္စည်း ငရဲမီး၊ သံဃာ့ပစ္စည်း အဆိပ်သီးဆိုတာ လူတိုင်းကြားဖူးချင်မှ ကြားဖူးကြပါမယ်။ အချို့က ဆရာတော်ကိုလည်း မလျှောက်၊ သံဃာတော်တွေကိုလည်း အသိမပေးဘဲ ဘုန်းကြီးကျောင်းက သရက်သီး၊ မရန်းသီး၊ ပိန္နဲသီး၊ သင်္ဘောသီး၊ သံပရာသီးတွေကို ခူးဆွတ်ယူသွားကြပါတယ်။

နောက်ပြီး ဘုန်းကြီးကျောင်းဝင်းထဲ ဝင်လာရင် ဖိနပ်မချွတ်ဘဲ စီးလာကြတယ်၊ စာရေးသူ အတွေ့အကြုံအရဆိုရင် ဘုန်းကြီးကျောင်းဝင်းထဲက ဓမ္မာရုံထဲမှာတောင် ဖိနပ်စီးခဲ့တာ အံ့ဩစရာပဲ။

ဓမ္မာရုံအဝင်ဝမှာ ဖိနပ်မစီးရဆိုတဲ့ စာကပ်ထားပါတယ်။ အဲဒီဓမ္မာရုံထဲမှာ ဦးဇင်းကြီးတစ်ပါး၊ ဦးဇင်းငယ်သုံးပါး၊ ကိုရင် ခြောက်ပါး သီတင်းသုံးပါတယ်။ ဦးဇင်းငယ် နှစ်ပါးနဲ့ ကိုရင်တွေက အဲဒီဓမ္မာရုံထဲမှာ ဖိနပ်စီးကြတယ်။

ဓမ္မာရုံအခင်းကလည်း သမံတလင်း ကြမ်းချောလေး၊ ဓမ္မာရုံထဲမှာ ဘုရားဆင်းတုတော်နဲ့ ဘုရားခန်း ရှိပါတယ်။ ဒီကျောင်းတိုက်ကိုလာတဲ့ လူပုဂ္ဂိုလ်မှန်သမျှ ဒီဓမ္မာရုံထဲ ဝင်လာရင် ဖိနပ်စီးကြတယ်။ စာရေးသူက သတိပေးပြောရင် မေ့သွားလို့ပါတဲ့။

စဉ်းစားလေ။ ဒါမျိုးက မေ့စရာလား၊ ဒါက အိမ်မဟုတ်ဘူး။ အိမ်တောင် အဝင်ဝ ဖိနပ်ချွတ်နေရာမှာ ဖိနပ်ချွတ်ပြီး အိမ်ထဲဝင်ရတာလေ၊ ဓမ္မာရုံထဲကဘုရားကို ရှိခိုးကန်တော့တာ ယနေ့အထိ တစ်ယောက်မှ မတွေ့သေးပါဘူး။

ကျေးလက်တောရွာက ဘုန်းကြီးကျောင်းနဲ့ မြို့က ဘုန်းကြီးကျောင်း မတူတာက တောရွာက ဘုန်းကြီးကျောင်းတွေမှာ ဖိနပ်ချွတ်ပြီး ကျောင်းဝင်းထဲဝင်တာ များပါတယ်။

၂၀၀၉ ခုနှစ် စက်တင်ဘာလထုတ် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှာ စာရေးဆရာ မောင်မိုးဦးက ဘုရားကျောင်းဝင်းထဲ ဖိနပ်စီးသင့် မစီးသင့် ဆောင်းပါးမှာ လယ်တီဆရာတော်ဘုရားကြီးက သာသနဝိသောဓနီ ဒုတိယတွဲ စေတိယင်္ဂဏ ဝိနိစ္ဆယမှာ မစီးကောင်းဟုဆိုထားသလို ပတ္တမြား ဆရာတော်ဘုရားကြီးကလည်း ကျောင်းဝင်းအတွင်း ဖိနပ်မပါ ထီးမဆောင်း ယာဉ်မစီးဘဲ ဝင်လေ့ရှိသူ (၁၀)ဦးကို ဖော်ပြထားပါတယ်။

ဘယ်သူတွေလဲဆိုတော့ . . .

(၁) ပသေနဒီကောသလမင်းကြီး
(၂) အဇာတသတ်မင်း
(၃) လိစ္ဆဝီမင်း
(၄) ဗြဟ္မဒတ်မင်းကြီး
(၅) ပေါက္ခရသာတိပုဏ္ဏား
(၆) ဖုဿတိမိဖုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

(၇) အမ္ဗပါလီပြည့်တန်ဆာမ
(၈) ဘူရိဒတ်နဂါးမင်း
(၉) သိကြားမင်း
(၁၀) အမ္ဗဋ္ဌလုလင် တို့ဖြစ်ပါတယ်။

မစိုးရိမ် ဆရာတော်ဘုရားကြီးကတော့ ထေရုပ္ပတ္တိ စာအုပ်ထဲမှာ ကျောင်းဝင်းထဲ ဖိနပ်စီးတာနဲ့ ပတ်သက်လို့ "ငါတော့ ခွင့်မပေးရဲဘူး၊ မင်းဟာမင်း အပြစ်ကို မကြောက်ရင် စီးပေါ့၊ ကျောင်းဝင်းထဲ ဖိနပ်စီးတာ အပြစ်ရှိတယ်လို့ ယူဆတဲ့လူ ရှိသလို အပြစ်မရှိပါဘူးလို့ ယူဆတဲ့သူတွေ ရှိတယ်၊ အပြစ်မရှိပါဘူးလို့ဆိုရင်တော့ ဖိနပ်စီးတဲ့လူတွေ တော်သေးတာပေါ့၊ အပြစ်ရှိတယ်ဆိုတဲ့ အယူအဆမှန်ရင် ဖိနပ်စီးတဲ့သူတွေ မသက်သာဘူးလို့သာမှတ်၊ အပြစ်ဆိုတာ တမလွန်မှာ ခံရမယ့်ဟာကို ပြောတာပဲ၊ တို့ကတော့ အပြစ်ရှိတယ် မရှိဘူးလို့ အဆုံးအဖြတ် မပေးရဲဘူး၊ တို့ မစိုးရိမ်ကျောင်း ဒကာ ဒကာမတွေဆိုရင် ကျောင်းဝင်းထဲ ဖိနပ်စီးဖို့ဝေးသေး ကားတောင်မစီးဘူး" တဲ့။

ဆရာတော်ကြီးက ကျောင်းဝင်းထဲ ဖိနပ်မစီးရဘူးလို့ ဘယ်သူက အမိန့်ထုတ်တာလဲ ဆိုရင် ကုသိုလ်စိတ်က အမိန့်ထုတ်တာပါတဲ့။ ဒီစကားကို စာရေးသူ နှစ်သက်သဘောကျမိပါတယ်။

ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးကို ကြည်ညိုတဲ့စိတ်ဟာ ကုသိုလ်စိတ်ပါပဲ။ ဘုရားကျောင်းဝင်းဆိုတာ သာသနာ့နယ်မြေ ဘာသာရေးနယ်မြေပဲ၊ ကြည်ညိုတဲ့စိတ်၊ ဂါရဝထားတဲ့စိတ် ရှိမယ်ဆိုရင် ဖိနပ်မစီးတာ အကောင်းဆုံးပါပဲ။

ဘုန်းကြီးကျောင်းကို သွားတဲ့အခါ စာရေးသူက ဖိနပ်ချွတ်ရင် အချို့ပဍ္ဍင်းငယ်တွေက "ဖိနပ်စီးလို့ ရပါတယ်" လို့ ပြောကြပါတယ်။ စာရေးသူကတော့ ဖိနပ်မစီးရဲပါဘူး၊ ဗိမ္ဗိသာရမင်းကြီးလို အဖြစ်မျိုးကြုံမှာ ကြောက်တယ်လေ။

ဘုန်းကြီးကျောင်းမှာ စာရေးသူ ရှိစဉ်အခါက ပတ်သက်ရာ ပတ်သက်ကြောင်း အမျိုးသမီးတစ်စုဟာ ဆွမ်းစားကျောင်းမှာ ရှိနေပါတယ်။ တစ်နေ့မှာ အဲဒီဘုန်းကြီးကျောင်းရဲ့ အနီးရပ်ကွက်ထဲက အလှူရှင် အမျိုးသမီးတစ်ဦးက သံဃာတော်နဲ့ သံဃာတော်များကို နေ့ဆွမ်းကပ်ပါတယ်။

အဲဒီနောက် ကျန်ရှိနေသေးတဲ့ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ပုစွန်ဟင်းများကို နောက်တစ်နေ့ အရုဏ်ဆွမ်းကပ်တဲ့အခါ ထည့်ကပ်ဖို့ ဆွမ်းစားကျောင်းက အမျိုးသမီးတစ်စုကို အပ်ပြီး ပြန်သွားပါတယ်။

နောက်တစ်နေ့ အရုဏ်တက်ပြီးအချိန်မှာ အဲဒီအလှူရှင်အမျိုးသမီးက အချိုပွဲကပ်ဖို့ မုန့်ဗန်းကြီး ရွက်ပြီး ရောက်လာပြန်ရော၊ ဆွမ်းစားကျောင်းမှာ သံဃာတော်(၃)ပါးက အရုဏ်ဆွမ်းဘုဉ်းပေးနေစဉ် အလှူရှင်အမျိုးသမီးက သံဃာတော်တွေ ဆွမ်းဘုဉ်းပေးတဲ့အနားသွားကြည့်ရာမှာ ဝက်သားဟင်းဖတ်သုံးဘုံးနဲ့ အဆီမပါ အနှစ်မပါဘဲငါးပိရည်နဲ့ ဆွမ်းဘုဉ်းပေးတာ တွေ့တော့ ဒေါသဖြစ်ပြီး ပွက်လောရိုက်တော့တာပဲ။

ဆွမ်းစားကျောင်း မီးဖိုခန်းဘက်သွားပြီးရှာတော့၊ ဟင်းအိုးတွေကို ကြောင်အိမ်အောက် အတွင်းမှာ ဝှက်ထားတာတို့၊ အိပ်တဲ့နေရာမှာ စောင်တွေနဲ့ ဖုံးအုပ်ဝှက်ထားတာတို့ တွေ့ပါတော့တယ်။ ပြဿနာက အကြီးအကျယ်ပဲ၊ ဆရာတော်ကတော့ ဒါတွေ မသိပါဘူး။ အဲဒါပါပဲ သံဃာ့ပစ္စည်း အဆိပ်သီးဆိုတာ ဂရုစိုက်ရမှာလေ။

ရန်ကုန်က အလှူရှင်ဧည့်သည်တွေလာတဲ့အခါ ဆရာတော်က ဆွမ်းစားကျောင်းမှာ ထမင်းကျွေးမယ်ပြောရင် . . .

"တပည့်တော်တို့က ကျောင်းမှာ ဘာမှ ဝေယျာဝစ္စလုပ်ထားတာ မရှိလို့ မစားတော့ပါဘူး ဘုရား" ဆိုပြီး လှူဒါန်းရှိတာ လှူရင်းက ဆရာတော်ကို ကန်တော့ပြီး ပြန်သွားကြပါတယ်။

ဘုန်းကြီးကျောင်းမှာ မှီခိုနေတဲ့ လူအချို့ကတော့ ကျောင်းတိုက်ကို သန့်ရှင်းအောင် တံမြက်စည်းမလှည်း၊ သောက်ရေမဖြည့်၊ သံဃာတော်များ ဆွမ်းဘုဉ်းအပြီး အနားမှာစောင့်နေတာပဲရှိတယ်။ ပြီးရင် သူတို့ စားရတော့မယ်လေ။

သောက်ရေအိုးမှာ ရေမရှိရင် သံဃာတော်တွေ၊ ကိုရင်တွေက ရေဖြည့်၊ လူဝတ်ကြောင်တွေက အဆင်သင့်သောက်ကြ ကောင်းရော၊ ဒါက စာရေးသူ ရဟန်းဝတ်စဉ် ကိုယ်တွေ့ ပြောရရင် အများကြီးပါပဲ။

ယခု ဒီစာစုကို ရေးတာဟာ အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာဝင်များအနေနဲ့ မမှားသင့်တာတွေ မမှားရအောင်၊ အပြစ်မဖြစ်အောင် စာရေးသူက စေတနာ အရင်းခံပြီး ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဒီစာစုကို ရေးမလို့ဆိုတာ ကြာပါပြီ။ ရေးသင့် မရေးသင့် စဉ်းစားပြီး ရေးလိုက်တာ အကောင်းဆုံးပါပဲလို့ ယူဆပြီး ရေးသားလိုက်ရပါတယ်။

အပြစ်ဆိုတာ သံသရာမှာ ခံရဦးမှာ ဖြစ်ပါတယ်။ ယခု ပစ္စုပ္ပန်ဘဝမှာ ဘယ်ကိစ္စမဆို အပြစ်ကင်းနိုင်လေ အကောင်းဆုံးပါပဲ။

ဘုရားရိပ်၊ ကျောင်းရိပ်မှာ သွားလာရာမှာ အပြစ်မဖြစ်အောင် နေရမှာ ဖြစ်ပါတယ်။ ဘုရားဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စများ ဆောင်ရွက်ရင်း ကုသိုလ်ပွားများနိုင်ကြပါစေ။

**ဝေယံဦး**

❑


www.burmeseclassic.com

www.burmeseclassic.com



# အရဟံဂုဏ်တော်

အရှင်ကေသရ(မြသပိတ်တောင်)

မြန်မာပြည်သူ ပြည်သားများဖြစ်ကြသော ဗုဒ္ဓဘာသာဝင်တို့သည် ဂုဏ်တော်ကိုးပါး ပါဠိကို ရရှိသူများဖြစ်ကြသည်။ အနက်အဓိပ္ပာယ်အပြည့်အစုံ မသိကြသော်လည်း ပါဠိတော်(ဂုဏ်တော်ကိုးပါးပါဠိ)လောက်ကိုတော့ ကျက်မှတ်ထားနိုင်ကြသည်။

ကလေးသူငယ်တွေကအစ အရအမိကျက်မှတ်လေ့ရှိကြသည်။ အရံများသည်မှာ ဂုဏ်တော်ကိုးပါး ပါဠိသည် အကြောက်အရွံ့၊ အထိတ်အလန့်၊ ပြေပျောက်စေသည့် မကောင်းဆိုးဝါးများ (တစ္ဆေသူရဲ စသည်တို့) မခြောက်လှန့်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဟု ယုံကြည်ကြသောကြောင့် ဖြစ်၏။ ဘေးအန္တရာယ် ရောဂါဝေဒနာ အမျိုးမျိုးတို့မှလည်း လွတ်မြောက်စေနိုင်သည်ဟုလည်း ယုံကြည်ထားကြသောကြောင့် ဖြစ်၏။

ဂုဏ်တော်ကိုးပါး ပါဠိဖြင့် ပရိတ်ရေး ပရိတ်ချည် စသည် ပြုလုပ်ကြ၏။ ရေမန်း၊ ဆီမန်း ဂါထာအဖြစ်လည်း အသုံးပြုကြ၏။ ပရိတ်ကြီးပါဠိတော်၌ ဓဇဂ္ဂသုတ်အမည်ဖြင့် တောနေရဟန်းတို့အတွက် အကာအကွယ်ပြုရန် (နတ်၊ ရုက္ခစိုး၊ စသည်တို့ မခြောက်လှန့်စေရန်) ရွတ်ဆိုဖို့ ပရိတ်အရံအတားအနေဖြင့် ဗုဒ္ဓဂုဏ်တော်တိုင်း ဟောကြားထား၏။

ဗုဒ္ဓဂုဏ်တော်ကို အာရုံပြု၍ ရှိခိုးပူဇော်ကြရာ၌လည်း ဂုဏ်တော်ကိုးပါးပါဠိသည် ဘုရားရှိခိုးများစွာတို့အနက် အတွင်ကျယ်ဆုံး လူအသုံးအများဆုံး၊ အရအမိ အရှိဆုံးလည်း ဖြစ်၏။ ပြောမည်ဆိုက ဘုရားရှင်၏ ဂုဏ်တော်အားလုံးကို ခြုံငုံမိသော ဂုဏ်တော်များစွာ ပါဝင်သော ကျယ်ပြန့်သော အပြည့်အစုံဆုံးသော ဘုရားရှိခိုးလည်း ဖြစ်၏။

ထို ဂုဏ်တော်ကိုးပါး အစုံတို့အနက် ယခုအခါ အရဟံ ဂုဏ်တော်မှစ၍ ဘုရားရှင်၏ ကျေးဇူးများကို ဖော်ပြလို၏။

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ ဟူသည် ဂုဏ်ကိုးပါး၏ ပါဠိပင်တည်း။

ဤတွင် အရဟံ ဟူသည် လူနတ်ပြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရ၏။

မည်သို့ ခံယူတော် မူထိုက်သနည်း။

ကိလေသာ တဏှာ အဝိဇ္ဇာတို့မှ ကင်းဝေးတော်မူသောကြောင့် ဖြစ်၏။

ဤ၌ ကိလေသာ ဟူသည် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ ရာဂ စသည်တို့ပင် ဖြစ်၏။ ကိလေသာ မကင်းသူတို့၏ စိတ်၌ မည်မျှကြွယ်ဝကြွေစေကာမူ (ဥစ္စာဓနပေါများစေကာမူ) စိတ်၏ ငြိမ်းအေးမှုကို အစဉ် ထာဝရ မရနိုင်ပေ။ မည်မျှပညာတွေ တတ်ပါစေ၊ အမြင့်ဆုံး ဘွဲ့တံဆိပ်တွေကို ရရှိသူ ဖြစ်ပါစေ စိတ်၏ချမ်းသာမှုကို အစဉ်အမြဲ မရရှိနိုင်ပေ။

မည်မျှ ရာထူးဂုဏ်ထူး မြင့်မားပါစေ၊ မည်မျှ ထင်ပေါ်ကျော်ကြားမှု ရှိပါစေ စိတ်၏ ထိတ်လန့်တုန်လှုပ်မှုဟု ဆိုအပ်သော သောကအပူတို့မှ ငြိမ်းအေးမှုကို အခါခပ်သိမ်းမရရှိနိုင်သေးပါ။

အကြောင်းမှာ အတ္တကို မပယ်နိုင်သေးသောကြောင့် ဖြစ်၏။ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟူသော ရုပ်နာမ်ခန္ဓာအပေါ်၌ တွယ်တာမှုကို မဖြတ်တောက်နိုင်သေးသောကြောင့် ဖြစ်၏။ တပ်မက်မှု၊ နှစ်သက်မှုတို့ကို မစွန့်မလွှတ်နိုင်သေးသောကြောင့်ဖြစ်၏။ ဘဝခန္ဓာအပေါ်၌ ချစ်ခင်နှစ်သက်မှု၊ မြတ်နိုးတွယ်တာမှု ရှိနေသမျှ စိုးရိမ်ပူပန်မှုတို့ကို ဖြတ်တောက်နိုင်မှု မရှိကြသေးပေ။

ငါ့ကိုယ်ခန္ဓာ ငါ့ဥစ္စာ (ငါ့အတ္တ) ဟု အထင်ရှိနေသမျှ ထိုခန္ဓာ ရုပ်နာမ်တို့ ဖောက်ပြန်လာခဲ့လျှင် ထိတ်လန့်တုန်လှုပ်မှု မရှိဘဲ မနေနိုင်ကြပေ။

ငယ်ရွယ်နုပျိုစဉ်မှာ ပျော်မွေ့နေနိုင်သမျှ အသက်ခန္ဓာကြီးရင့်သောအခါ (အိုမင်းလာခဲ့လျှင်) အမှုနီပင် ဆင်းရဲကြရ၏။ အိုမင်းခြင်း ဟူသည် ရုပ်ခန္ဓာကလည်း မလှ၊ အားအင်ကလည်း မရှိ၊ ရောဂါတွေကလည်းများ ဖြစ်ကြရ၏။ ထိုသို့ဖြစ်လျှင် အဘယ်သူ မဆင်းရဲဘဲ ရှိပါအံ့နည်း။

ဗုဒ္ဓကော မအိုဘူးလား၊ ဗုဒ္ဓလည်း အိုပါ၏။

သို့ရာတွင် ဗုဒ္ဓသည် ရုပ်သာနာ၍ စိတ်မနာပေ။ ရုပ်ခန္ဓာတွေ တစ်စစီ ဖောက်ပြန် ပျက်စီးသွားကြပါစေ၊ ဗုဒ္ဓသည် စိုးရိမ်ပူပန်မှု မရှိပေ။ ထိတ်လန့်တုန်လှုပ်မှု မဖြစ်ပေ။

ပုထုဇဉ်တို့သည်သာ "ငါတော့ သေရတော့မှာပဲ" ဆိုပြီး ထိတ်လန့်တုန်လှုပ်ကြ၏၊ ငါ့ ရုပ်ခန္ဓာတွေ ပျက်စီးကုန်ပြီ ဆိုပြီး စိုးရိမ်ပူပန်မှု ဖြစ်ကြ၏။

ဗုဒ္ဓ၏ ရုပ်ခန္ဓာကို မည်သူတွေက ဖျက်ဆီးကြပါစေ ဒေါသမဖြစ်ပေ။ ဒေဝဒတ်၏ တိုက်ခိုက်မှုကို ခံရသော်လည်း ဗုဒ္ဓသည် ဒေဝဒတ်အပေါ်၌ အမုန်းတရား (မုန်းတီးစိတ်) မဖြစ်ပေါ်ပေ။ ပြုမှ ပြုရက်လေခြင်း ဆိုပြီး ရင်တွင်းမှာ မခံစားရပေ။

စိဉ္စမာန၏ စွပ်စွဲချက်ကို ခံရ၍လည်း ဗုဒ္ဓမှာ "ငါတော့ လူ နတ်ပြဟ္မာတွေ အထင်လွဲတော့မှာပဲ၊ အကြည်ညိုမဲ့တော့မှာပဲ" ဆိုပြီး တွေးတောကာ ပူပန်မှု မဖြစ်ပေ။

မာဂဏ္ဍီ၏ ခိုင်းစေချက်ဖြင့် အရက်သမားတို့၏ ဆဲဆိုမှု (စွပ်စွဲမှု) အမျိုးစုံကို ခံရသော်လည်း ရင်ထဲမှာ နှလုံးမသာမယာခြင်း မဖြစ်ပေ။ မာဂဏ္ဍီအပေါ်မှာလည်း အာဃာတစိတ်ဖြင့် တုံ့ပြန်လိုစိတ်မရှိပေ။

ဆန့်ကျင်ဘက် ဝါဒရှိသူ တိတ္ထိများစွာတို့၏ ရန်ပြုခြင်း၊ မုန်းတီးခြင်း၊ မကျေနပ်ခြင်းကို ခံရသော်လည်း ဗုဒ္ဓ၏ စိတ်တော်၌ ငြိုငြင်ပင်ပန်းမှု မဖြစ်ပေ။

"ငါ့မှာ ရန်သူတွေ (မလိုလားသူတွေ) များလှပါဘိ" ဆိုပြီး စိတ်ထဲမှာ အခံရခက်သော စိတ်နှလုံးညှိုးချုံးသော (စိတ်မသက်သာသော) ခံစားမှုမျိုး မဖြစ်ပေ။

ဗောဓိပင်နှင့် ရွှေပလ္လင်မှာ မာရ်နတ်၏ လက်နက်မျိုးစုံဖြင့် တိုက်ခိုက်မှုကို ခံရသောအခါ၌ လည်းကောင်း၊ အာဠဝက၏ ကြိမ်းမောင်းမှုမျိုးစုံနှင့် ကြုံတွေ့ရသောအခါ၌ လည်းကောင်း၊ အင်္ဂုလိမာလ၏ ဓားနှင့် လိုက်မှုကို ဆုံရသောအခါ၌ လည်းကောင်း ဗုဒ္ဓ၏ စိတ်တော်၌ ထိတ်လန့် တုန်လှုပ်ခြင်း မဖြစ်ပေ။ ကြောက်ရွံ့ ပူပန်မှု မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ဖို့ ဆိုတာ အဘယ်မှာ ရှိပါအံ့နည်း။

ဤလောက၌ ရန်သူနှင့် တွေ့သောအခါ ထိတ်လန့်တုန်လှုပ်သူတို့သည် ဤရုပ်နာမ်သဘာဝကို ငါ့ကိုယ်ခန္ဓာ ငါ့ဥစ္စာ (ငါ့အတ္တ) ဟု အထင်ရှိသူတို့၏ (စွဲလမ်းခြင်း ဖြစ်သူတို့၏) အခြေအနေသာ ဖြစ်၏။

ကိုယ်ခန္ဓာကို ရုပ်နာမ်သဘာဝ အဖြစ်သာမက ထိုရုပ်နာမ်သဘာဝကို စွဲလမ်း တပ်မက်တတ်သော တဏှာရာဂကို အမြစ်အရင်းမှစ၍ ပယ်ထားပြီးသော ဗုဒ္ဓအဖို့ အဘယ်မှာ ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်စရာ ဖြစ်ဖို့ ရှိပါတော့အံ့နည်း။

တစ်နည်းအားဖြင့် ဒေါသရှိသူတို့သာလျှင် ထိတ်လန့် တုန်လှုပ်မှု ဖြစ်ကြ၏။ ဤဘဝ ဤခန္ဓာကို ငါစွန့်လွှတ်ရတော့မှာပဲ ဆိုပြီး ဝမ်းနည်းပူဆွေးမှု ဖြစ်ကြ၏။ ဤသည်မှာ တဏှာ၊ ဥပါဒါန်ကြောင့် ဖြစ်၏၊ တဏှာ၊ ဥပါဒါန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် နောင်တစ်ဖန် မဖြစ်ရအောင် ပယ်သတ်ပြီးသော ဗုဒ္ဓမှာ အဘယ်သို့လျှင် စိုးရိမ်ပူပင်ဖို့၊ ဝမ်းနည်းပူဆွေးဖို့ ရှိပါအံ့နည်း။

တစ်နည်းအားဖြင့်သော်လည်း ဤဘဝ ဤခန္ဓာကိုယ် ငါ့ရုပ် ငါ့နာမ်၊ ငါ့အတ္တ ဟု အထင်ရှိသူတို့သာ သေရမည့်အချိန်အခါမှာ ဝမ်းနည်းပူဆွေးမှု ဖြစ်ကြ၏။ ဘဝခန္ဓာကို အလိုမရှိသော ဤရုပ်နာမ်အပေါ်မှာ တွယ်တာမှုကို ဖြတ်တောက်ပြီးသော ဗုဒ္ဓအနေဖြင့် အဘယ်သို့လျှင် စိုးရိမ်ပူပန်ခြင်း ဖြစ်ဖို့ ရှိပါအံ့နည်း။

ပုထုဇဉ်တို့သည် ရာထူးကျသည့်အခါ၊ ဥစ္စာခနေ ဆုတ်ယုတ်သည့်အခါ ထင်ပေါ်ကျော်ကြားမှု ဂုဏ်သိက္ခာတွေ ကျဆင်းသွားသည့်အခါ၊ ပျော်ရွှင်မှုတွေ နှစ်သက်သာယာမှုတွေ ပျောက်ကင်းပြီး ငါတို့တော့ လူဖြစ်ရှုံးပြီ ဆိုပြီး ရပ်တည်ရာမရ ဖြစ်တတ်ကြ၏။

ဤသည်မှာ စိတ်တွေ ရုပ်တွေ အပေါ်မှာ အနိုင်အမာ စွဲလမ်းချက်ဖြင့် ငါပြုထားကြသောကြောင့် ဖြစ်၏။ ဗုဒ္ဓသည် စိတ်နှင့် ရုပ်တို့၏ ကိုယ်မပိုင်သည့် အဖြစ်ကို အနတ္တအချက်ဖြင့် သိခဲ့ပြီး ဖြစ်၏။

ထို့ကြောင့် ဖြစ်ချင်သည့် လောကဓံတွေ ဖြစ်လာပါစေ၊ ဗုဒ္ဓမှာ ထူးခြားပြီး စိတ်ခံစားမှုမဖြစ်ပါ။ လူသားတွေလို အပြောင်းအလဲ မဖြစ်နိုင်ပါ။

မှန်၏။ ဗုဒ္ဓမှာ တစ်လောကလုံး၏ ခီးကျူးဂုဏ်ပြုမှုကို ခံရသည် ဖြစ်စေ၊ တစ်လောကလုံး၏ ရှုတ်ချကဲ့ရဲ့မှု ကို ခံရသည်ဖြစ်စေ၊ ဝမ်းသာ ဝမ်းနည်း မဖြစ်ပါ။

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ဟူသည် စိတ်ကို ငါပြုထားမှုသာလျှင်၊ ငါ့စိတ်ဟု အတ္တအနေဖြင့် သိမ်းပိုက်ထားမှုသာလျှင် ဤသို့ ခံစားရခြင်း ဖြစ်၏။

ဤလောကရှိ လူသားတို့သည် အတတ်ပညာကြောင့် ဖြစ်စေ၊ ဥစ္စာ ဓန ကြွယ်ဝမှုကြောင့် ဖြစ်စေ၊ ထင်ပေါ်ကျော်ကြားမှု ဂုဏ်သိက္ခာတို့ကြောင့် ဖြစ်စေ၊ ရာထူးအဆင့်မြင့်မားမှုကြောင့် ဖြစ်စေ တက်ကြွမှုတွေ ဖြစ်ကြ၏။ မာန်မာနတွေပေါ်ကြ၏။ ဝမ်းသာ ရွှင်လန်းမှုတွေ ခံစားကြရ၏။

ဤသည်မှာ စိတ်ကို ငါ့စိတ်ဟူ၍ (ငါတတ်သည် ငါတော်သည်၊ ငါချမ်းသာသည်၊ ငါကြွယ်ဝသည်၊ ငါအဆင့်မြင့်သည်၊ ငါ လူရာဝင်သည်၊ ငါအောက်တန်းနောက်တန်းမကျ ငါ့ဘဝ ငါ့အဆင့်က လူကြီးလူကောင်းဖြစ်သည်၊ လူတော် လူမြတ်ဖြစ်သည်ဟု) အယူရှိသောကြောင့် ဖြစ်၏။

တစ်နည်းဆိုက ငါ့ဘဝ ငါ့ခန္ဓာ ငါ့အတ္တ ဟု အထင်ရှိသောကြောင့် ဖြစ်၏။ သို့မှသာလျှင် ထိုအတ္တဖြင့် ထင်ပေါ်မှုတွေ၊ ကျော်ကြားမှုတွေ၊ ပေါ်များမှုတွေ တတ်ကျွမ်းမှုတွေ ဂုဏ်ရှိမှုတွေ အပေါ်မှာ ခံစား၍ရမည် မဟုတ်ပါလား။

အကြင်လူသားသည် ဤလောကရှိ ချမ်းသာသုခတို့ကို (ဘဝ၏နှစ်သက်သာယာဖွယ်တို့ကို) အတ္တဖြင့် ခံစား၏။ ငါ၏ချမ်းသာ၊ ငါ၏သာယာ ပျော်ရွှင်မှုဟု အောက်မေ့၏။

ထိုသူသည် ဒုက္ခမျိုးစုံ ဆုံတွေ့လာသောအခါ၌ (ဘဝ၏နိဂုံး မရဏနှင့် ကြုံတွေ့ရသောအခါ) အဘယ်စိတ်ဖြင့် ခံစားရမည်ကို တွေးတောကြည့်ပါလေ။

ကိလေသာ၊ တဏှာကို မပယ်နိုင်သေးဘဲနှင့် ငါ့စိတ်မဟုတ်၊ ငါ့ရုပ်မဟုတ်ဟု ဟောကြ ပြောကြ၏။ ထိုဟောပြောသူတို့သည် တကယ်တမ်း ရုပ်ဖောက်ပြန်လာသောအခါ၊ တကယ်တမ်း စိတ်ဖောက်ပြန်လာသောအခါ ငါ့စိတ်မဟုတ် ငါ့ရုပ်မဟုတ်ဟု မသိမ်းဆည်းနိုင်ဘဲ ပုထုဇဉ်၏ သဘာဝအတိုင်း ခံစားကြရ၏။

ဤအထဲမှာ ဗုဒ္ဓမပါပါ။ ဗုဒ္ဓသည် အမှန်တကယ် ကိလေသာကို ပယ်သတ်ခဲ့၏။ ထို့ကြောင့်သာလျှင် ငြိမ်းအေးမှုရှိ၏။ ထို့ကြောင့်သာလျှင် အရဟံ ဂုဏ်ရှင် ဖြစ်ရပါသတည်း။

**အရှင်ကေသရ (မြသပိတ်တောင်)**

❑





www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဝင်းမြင့် (မှူခင်း)

# ကိုယ်တွေ့ သရဏဂုံတည်ခြင်းအကျိုး

တစ်ခါတစ်ရံ၌ အမှန်ဖြစ်ပျက်လေ့ရှိသည့် အဖြစ်အပျက်များသည် အံ့ဩလောက်အောင်ပင် ရုပ်ရှင်ကြည့်ရခြင်း၊ ဝတ္ထုဖတ်ရခြင်းကဲ့သို့ စိတ်ကူးယဉ်ဇာတ်လမ်းများထက် ဆန်းကြယ်တတ်ပေသည်။

မှတ်မိပါသေးသည်။ ကြာတော့ ကြာခဲ့ပြီပေါ့။

၁၉၉၀ ပြည့်နှစ်၊ မတ်လဆန်း (၁၂-၃-၉၀) ရက်နေ့က စာရေးသူ၏ အမှန်တကယ် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ ဗုဒ္ဓ၏ဂုဏ်တော်၊ နှုတ်ကပါဌ်တော်များသည် ယုံကြည် လေးနက်စွာ မိမိရသည့် ဂါထာ၊ ဂုဏ်တော်၊ ပရိတ်တော်၊ နမောတဿမှစ၍ ရွတ်ဖတ်ပွားများပါက အန္တရာယ်ဆိုးကျိုး၊ ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရလေသော ဖြစ်ရပ်များ ဘုရားသခင် လက်ထက်တော်မှစ၍ ယနေ့အထိ သာဓကများစွာ ရှိနေပါသည်။

စာရေးသူ တင်ပြလိုသည်မှာ ထိုဂုဏ်တော်၊ ဂါထာတော်များအနက်မှ သရဏဂုံတည်ခြင်း အကျိုးပင်ဖြစ်သည်။ သရဏဂုံတည်ခြင်း အကျိုးကို တင်ပြရလျှင် စာရေးသူ၏ မိသားစုအပေါ် အစစအရာရာ အကူအညီပေး၊ သွန်သင်ဆုံးမ လမ်းညွှန်မှုပေးသည့် ဆရာဦးစန်းယု (ရဲတပ်ကြပ်ကြီး ထွက်းရှိန်၊ မှုခင်းတပ်ဖွဲ့ အငြိမ်းစား)၏ အကြောင်းကိုလည်း အနည်းငယ် ဖော်ပြလိုပါသည်။ ဆရာဦးစန်းယုသည် သရဏဂုံတည်ရာတွင် သူမတူတေအောင် စွမ်းရည်ပြည့်သူဖြစ်သည်။ နံနက် အိပ်ရာထ၊ မျက်နှာသစ်သည်မှစ၍ ညအိပ်ရာဝင်သည့်တိုင် ထမင်းစား၊ ရေသောက်၊ ရေချိုး၊ လက်ဖက်ရည်သောက် စသည့် လုပ်ငန်းကိစ္စ လှုပ်ရှားမှု တစ်ခုခုမပြုမီ အစစပြုမူသည့်အရာတိုင်း သရဏဂုံတည်ပြီးမှ ဆောင်ရွက်တတ်သူဖြစ်ကြောင်း တွေ့နေရသည်။ ဆရာဦးစန်းယု၏ ထူးခြားဖြစ်စဉ် တိုးတက်ပြောင်းလဲမှုများကို အလျဉ်းသင့်လျှင် သီးခြားရေးသား ဖော်ပြပါဦးမည်။

စာရေးသူ၏ ကိုယ်တွေ့ အသက်အန္တရာယ်ဘေးမှ လွတ်မြောက်ခဲ့ရသည့် သရဏဂုံမှာ ဆရာဦးစန်းယု၏ ဓမ္မဒါနပြုသော သရဏဂုံ ဆောက်တည်နည်းပင် ဖြစ်ပါသည်။ စာရေးသူမှာ ပြည်သူ့ရဲတပ်ဖွဲ့ (မြန်မာနိုင်ငံရဲတပ်ဖွဲ့) ဝင် တစ်ဦးဖြစ်ပြီး မိတ်ဆွေပေါ်များ၍ တစ်ခါတစ်ရံ အပေါင်းအသင်းများနှင့် အရက်သေစာ သောက်စားတတ်လေ့ရှိကြောင်း ဆရာအား ပြောပြဖူးပါသည်။

“ဒါကတော့ ဒါပေါ့ဗျာ၊ ဘာပဲလုပ်လုပ် သရဏဂုံတည်ပြီးမှ ပြုလုပ်ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ရထားတော့၊ ဥပမာဗျာ အရက်မသောက်မီ သရဏဂုံတည်ပြီးမှ

www.burmeseclassic.com

သောက်တယ်ပဲ ထားပါဦး၊ စားသောက်ဖွယ်ရာပဲ ဖြစ်ဖြစ်ပေါ့၊ အဆိပ်ပါရင်တောင် ပယ်နိုင်တာပေါ့၊ ပညာသည်နဲ့တွေ့ရင်တောင် ကိုယ့်ကို အန္တရာယ် မပြုနိုင်ဘူးပေါ့"ဟု ဆရာက စာရေးသူ့အား သူ့ရဲ့ပင်ကိုအသံ ပြာပြာလေးနဲ့ လမ်းညွှန်ပြောပြဖူးပါသည်။

စာရေးသူလည်း ဆရာဦးစန်းယုထံမှ သရဏဂုံတည်ခြင်း၏ အကျိုးနှင့် သရဏဂုံကိုလည်းရရော ဆရာ့နီးပါး မဆောင်ရွက်နိုင်သည့်တိုင် သတိရ သတိထားမိသည့် အချိန်တိုင်း (ယနေ့အချိန်အထိ) ရွတ်ဖတ်ခဲ့ပါသည်။

ထမင်းမစားမိ၊ ဘုရားမရှိခိုးမိ၊ ရေမချိုးမိ၊ အိမ်မှ စတင်မထွက်ခွာမီ၊ အိပ်ရာမဝင်မီ စသည်ဖြင့် တစ်ခုခု လုပ်ငန်းကိစ္စ ဆောင်ရွက်မှု မစတင်မီ ရွတ်ဆိုဖြစ်ခဲ့ပါသည်။

၁၂-၃-၉၀ ရက်နေ့ ညပိုင်း ၉ နာရီကျော် အချိန်ခန့်ဖြစ်သည်။ ထို့နေ့ ထိုအချိန်ကို အမြဲသတိရနေမိသည်။ ပြန်လည်သတိရ တွေးမိသည့်အခါတိုင်း ကြက်သီးပင် တဖြန်းဖြန်း ထမိပါသည်။

ထိုနေ့ ညနေပိုင်းက စခဲ့ခြင်းဖြစ်သည်။ အပေါင်းအသင်းများ စုမိသဖြင့် ဝိုင်းဖွဲ့မိကြပါသည်။ ဆရာမှာကြားသည့် ထုံးစံအတိုင်း မသောက်စားမီ စာရေးသူမှာ ဆရာ့ကိုလည်း သတိရ သရဏဂုံကိုလည်း အမှတ်ရသဖြင့် သရဏဂုံ တိုတည်ပြီးမှ အရက်သောက်ဖြစ်ပါသည်။ ညပိုင်း ၈ နာရီခန့် လူစုခွဲပြီး ပြန်ရန်စီစဉ်ကြရာ စာရေးသူမှာ စက်ဘီးဖြင့် ပြန်ရသည်ဖြစ်၏။ ထိုနေ့နံနက်ပိုင်းက တပ်ဖွဲ့မှ ထုတ်ပေးထားသည့် မိမိအတွက် ကိုယ်တာ ဆန် ၁၂ ပြည်ပါ ဆန်အိတ်ပိုင်းကို စက်ဘီး နောက်ထိုင်ခုံပေါ်တင်ပြီး ကြိုးဖြင့်ချည်နှောင်ပါသည်။

နှုတ်ဆက်ပြီး မထွက်ခွာမီ သရဏဂုံတည်ခြင်းကို ဆောင်ရွက်ကာ စက်ဘီးစီး၍ မှုခင်းတပ်ဖွဲ့ပင် မဝင်ဘဲ ရွာမရှိထိုးချဲ့စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့) ဝင်း မိမိလိုင်းခန်းရှိရာသို့ ပြန်ခဲ့ပါသည်။ ရွာမဘူတာအရောက် ည ၉ နာရီ ၂၀ မိနစ်ခန့်တွင် ဗျွန်တော်၏စက်ဘီးနှင့် တညင်းကုန်းဘက်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တစ်စီးတို့ မျက်နှာချင်းဆိုင် တိုက်မိပါသည်။

စာရေးသူ၏ စက်ဘီးမှာ ရှေ့ဖောက် လုံးဝပြတ်သွားသည့်အပြင် ကြိုးချည်ထားသည့် ဆန်အိတ်ပိုင်းပါ လွင့်ထွက်သွားကာ စက်ဘီးတစ်စီးလုံး ရစရာမရှိ ဖြစ်သွားပါသည်။ မော်တော်ဆိုင်ကယ်မှာလည်း စာရေးသူ ခန္ဓာကိုယ်နှင့်တိုက်မိပြီး ၅ ပေခန့် ကတ္တရာလမ်းအတိုင်းရှေ့ကာ ရပ်သွားခဲ့ကြောင်း နောက်မှ သိရပါသည်။

စာရေးသူလည်း ကတ္တရာလမ်းပေါ်မှ လူးလဲထစဉ်တွင် ဘေးမှတစ်ယောက်တစ်ပေါက်ပြောသံများ ကြားရသည်မှာ ၁၅ မိနစ်ခန့် သတိလစ်သွားကြောင်း၊ ကြီးမားသည့် ဒဏ်ရာ တစ်စုံတစ်ရာ မရရှိသဖြင့် ဝမ်းသာအံ့သြနေကြကြောင်း၊ တချို့က ငြိမ်ကျသွားသည်ကို မြင်ရသဖြင့် သေပြီဟု ထင်ကြရကြောင်း၊ အဖြစ်အပျက်မှာ ပွဲချင်းပြီး သေနိုင်လောက်သည့် ယာဉ်တိုက်မှုတစ်ခုဖြစ်ကြောင်း၊ စာရေးသူ၏နေအိမ် (လိုင်းခန်း)သို့လည်း သေသလား၊ ရှင်သလားမသိ ဖြစ်နေသည်ကို သွားရောက် အကြောင်းကြားထားပြီးဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုနေကြသည်ကို ကြားသိနေရပါသည်။

စာရေးသူမှ ဆိုင်ကယ်ပိုင်ရှင်အား အမှုမဖွင့်လိုကြောင်း ရွာမဘူတာသည် ပြည်သူ့ရဲတပ်ဖွဲ့ဝင်း (ယခု မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ရုံး၊ ရဲစခန်း)၊ စီအိုင်ဒီရွာမ တိုးချဲ့ဝင်းတို့နှင့် နီးနေသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များရော၊ စခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များပါ ရောက်ရှိနေသဖြင့် ပျက်စီးသွားသည့် စက်ဘီးကိုသာ ပြန်လည်ပြုပြင်ပြီးပေးရန် ပြောကြားကာ စာရေးသူမှာ ပည်သို့မျှ မဖြစ်သကဲ့သို့ နေအိမ်လိုင်းခန်းသို့ ပြန်ခဲ့ပါသည်။

အမှန်တကယ်တွင်လည်း မော်တော်ဆိုင်ကယ်မှာ စာရေးသူ၏ ခန္ဓာကိုယ်အား တိုက်မိပြီး ကျော်တက်မသွားနိုင်ဘဲ စက်ရှိန်သေသွားသဖြင့် အိပ်ဇောပိုက်နှင့် ညှပ်မိသည့် ညာဘက်လက်မောင်းတွင် ရရှိသော အပူဖု (မီးလောင်ဖု)မှလွဲ၍ မည်သည့်ဒဏ်ရာမျှ ကြီးကြီးကျယ်ကျယ် ထိခိုက်မှုမရှိသည်ကို အံ့သြစွာ တွေ့ရပါသည်။

တစ်နေ့ စာရေးသူ မှတ်မိပါသေးသည်။ ဆရာဦးစန်းယု အပါအဝင် ဒုရဲမှူးစိန်ဝင်း (ယခု ရဲမှူးစိန်ဝင်း-ကွယ်လွန်) နှင့် အတူ ရုံးတွင် နေ့လယ်ပိုင်း လက်ဖက်သုပ် စားကြပါသည်။ လက်ဖက်သုပ် ကုန်ခါနီး လက်ဖက်စားဇွန်းအသေးနှင့် တစ်ဇွန်းစာခန့် အကျန်တွင် စာရေးသူမှ နောက်ဆုံးစားရာ ါးမရ၍ ထုတ်ကြည့်ရာ အားလုံး အံ့သြနေကြပါသည်။ မည်သို့ကြောင့်ဆိုလျှင် တစ်ဇွန်းစာခန့်အကျန် လက်ဖက်သုပ်ကို အားလုံးမြင်ပါသည်။ မည်သို့မျှ စာအုပ်ချုပ်စက် (s:apler) အပ်တစ်ကပ်လုံး ပါမသွားနိုင်ပါ။ ပါးစပ်အတွင်းမှ ဝါးပြီးသား စာအုပ်ချုပ်စက် အပ်တစ်ကပ်လုံး လည်ချောင်းအတွင်း ကျသွားမည်ဆိုပါက မစဉ်းစားဝံ့စရာပင် ဖြစ်သည်။

သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိ၊ ထိုင်သတိ၊ အိပ်သတိဆိုသည့် အဆိုအမိန့်အတိုင်း မစားသောက်မီ ဆရာဦးစန်းယုနှင့်အတူ စာရေးသူလည်း သရဏဂုံတည်ပြီးမှ စားသောက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ မတွေးဝံ့စရာ အန္တရာယ်ဆိုးမှ လွတ်မြောက်ခဲ့ရခြင်းဖြစ်ကြောင်း ယုံကြည်ပါသည်။

အထူး သတိပေး မှာတမ်းဖွင့်လိုသည်မှာ ဤသရဏဂုံကြီး ဆောက်တည်နည်းသည် မြတ်ဗုဒ္ဓဘုရား၏ ဝါတော်စဉ် (၄၅)ဝါကို ရည်ညွှန်း၍ ရွတ်ဖတ်ဆောက်တည်သော နိစ္စဘတ်စရဏကျင့်စဉ်မြတ် ဖြစ်ပါသည်။

ဆောက်တည်နည်းအတိုင်း နံနက် အိပ်ရာထ၊ ည အိပ်ရာဝင်တိုင်း မပြတ်ဆောက်တည်ရင်း ညတစ်ရေးနိုးသည့်





www.burmeseclassic.com

www.burmeseclassic.com

အခါများတွင်လည်း သတိရတိုင်း အိပ်ရာထက်၌ ဆောက်တည်ခြင်း၊ မည်သူမဆို သက်သတ်လွတ် ထမင်းကို (တစ်ခါပြင်) ဟင်းနှင့် ရောနယ်ပြီး ပထမ စပြီးမစားမီ ဖော်ပြပါ သရဏဂုံကြီးကို ဆောက်တည်ရွတ်ဖတ်၍ ပြီးလျှင် မည်သူနှင့်မျှ စကားတစ်ခွန်းမပြောဘဲ ထမင်းတစ်လုတ်စားလျှင် အစဉ် ၁ မှ ၄၅ အထိ ထမင်းလုတ် ၄၅ လုပ် စားရပါမည်။

ပိုသော ထမင်းဟင်းလျာတို့ကို ဆက်၍ မစားတော့ဘဲ အနီးပတ်ဝန်းကျင်ရှိ ပိုးမွှားတိရစ္ဆာန်များကို ရင်ဝယ်သားပမာ မေတ္တာထား၍ စွန့်ကြဲကျွေးမွေးပါလျှင် ထူးကဲကြီးမားသော အကျိုးပေးခြင်းတို့ကို ဒိဋ္ဌကိုယ်တိုင် ခံစားကြရပါလိမ့်မည်။ စမ်းကြည့်ပါဟု ဆရာဦးစန်းယုက မကြာခဏ ပြောဆိုခဲ့သည်ကို မှတ်သားရပါသည်။

စာရေးသူ၏ ဆရာသမားထံမှ ရရှိထားသည့် သရဏဂုံကြီး ဆောက်တည်နည်းအား အောက်ပါအတိုင်း ဓမ္မဒါနပြုရေးသားဖော်ပြအပ်ပါသည်။

### သရဏဂုံကြီးဆောက်တည်နည်း

၁- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
၅- ဓမ္မော မေ သရဏံ အညံ နတ္ထိ။
၆- သံဃော မေ သရဏံ အညံ နတ္ထိ ပါဘုရား။
၇- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၈- ဓမ္မံ သရဏံ ဂစ္ဆာမိ။
၉- သံဃံ သရဏံ ဂစ္ဆာမိ ပါဘုရား။
၁၀- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၁၁- ဓမ္မော မေ သရဏံ အညံ နတ္ထိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၁၂- သံဃော မေ သရဏံ အညံ နတ္ထိ၊ သံဃံ သရဏံ ဂစ္ဆာမိပါဘုရား။
၁၃- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၁၄- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၁၅- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၁၆- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
၁၇- ဓမ္မော မေ သရဏံ အညံ နတ္ထိ။
၁၈- သံဃော မေ သရဏံ အညံ နတ္ထိ ပါဘုရား။
၁၉- ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂၀- ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၂၁- ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ပါဘုရား။
၂၂- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂၃- ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၂၄- သံဃော မေ သရဏံ အညံ နတ္ထိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိပါဘုရား။
၂၅- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂၆- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂၇- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂၈- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
၂၉- ဓမ္မော မေ သရဏံ အညံ နတ္ထိ။
၃၀- သံဃော မေ သရဏံ အညံ နတ္ထိ ပါဘုရား။
၃၁- တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၃၂- တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃၃- တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ပါဘုရား။
၃၄- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၃၅- ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃၆- သံဃော မေ သရဏံ အညံ နတ္ထိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ပါဘုရား။
၃၇- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၃၈- ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃၉- သံဃံ သရဏံ ဂစ္ဆာမိ ပါဘုရား။
၄၀- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
၄၁- ဓမ္မော မေ သရဏံ အညံ နတ္ထိ။
၄၂- သံဃော မေ သရဏံ အညံ နတ္ထိ ပါဘုရား။
၄၃- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄၄- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄၅- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပါဘုရား။

ဟု ရွတ်ဆိုပွားများကြရမည် ဖြစ်ပါသည်။

**မောင်မောင်ဝင်းမြင့် (မှ**

❑



www.burmeseclassic.com

www.burmeseclassic.com



မာတ်ပုံမောင်မောင်အေး

# ကိုဦးမယ သယော် ရှဲမသွား

'ပျော်ရာမှာမနေ၊ တော်ရာနေရ သည်'ဆိုသော ရှေးစကားပုံအရ မဟုတ် သည့်တိုင် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်တော်သည် အလွန်တရာမှပင် နေ ရေးထိုင်ရေး အဆင်ပြေလှသလို ရာသီဥတု တောတောင်ရေမြေကလည်း သာ ယာထင်မော အပျိုချောတွေပေါလှသည့် သိန္ဓောရတနာမြေကို မခွဲခွာချင်သေး သော်လည်း တစ်ပတ်အတွင်း ပြောင်း ရွှေ့ရန် (ဘ. ခ. ရ)ရုံးချုပ်မှ အမိန့်ကြေး နန်းစာ ရောက်ရှိလာသောကြောင့် ချစ် သော သိန္ဓောရွာကလေးအား 'တာ့တာ' နှုတ်ဆက် မျက်ရည်စက်နှင့် ခွဲထွက်ခဲ့ ရပါသည်။

သိန္ဓောသည် မြန်မာ့တိုင်းရင်း ဆေးတို့၌ အသုံးများသော ဆေးဖက် တစ်မျိုးဖြစ်သည်။ သိန္ဓောဆားကိုသာ ကြားဖူးခဲ့သဖြင့် ယခုနေခဲ့သည့် သိန္ဓော ရွာကလေးသို့ မရောက်မီက သိန္ဓော ဆားသည် ဤရွာကလေးမှ ထွက်သော ဆား ဖြစ်ပေလိမ့်မည်ဟု ထင်မိခဲ့၏။ သိန္ဓောရွာကလေးသို့ ရောက်သည့်အခါ ကျွန်တော်၏ အတွေးအခေါ် ညံ့ဖျင်းမှု လွဲမှားခဲ့ခြင်းဖြစ်ကြောင်း သိရပါတော့ သည်။ သိန္ဓောဆား မထွက်သလို ပဲခူး ဆား၊ လပွတ္တာဆား၊ ပငဆား၊ ဘာဆား မျှ မထွက်သော ရွာကလေးဖြစ်၏။

သိန္ဓောရွာကလေးတွင် ဆား မထွက်ပါသော်လည်း အဖိုးအနဂ္ဃ ထိုက် တန်သော Diamond ဆိုသည့် စိန်ထွက် ရာ ရတနာမြေ ဖြစ်ပါသည်။ မြန်မာနိုင်ငံ တွင် ထူးခြားစွာ အဖိုးအနဂ္ဃထိုက်သော စိန်ထွက်သည့် ဤရွာကလေးသည် တနင်္သာရီတိုင်းဒေသကြီးရှိ တနင်္သာရီ မြစ်ငယ် မြစ်မ နှစ်ခွဆုံရာတွင် တည် ထားသော တနင်္သာရီမြို့၏မြောက်ဘက် မိုင်(၂၀)ခန့်အကွာတွင် ရှိပါသည်။

တောင်မှ မြောက်သို့ စီးဆင်း သော တနင်္သာရီမြစ်မ၏ အရှေ့ဘက် ကမ်းပေါ်တွင် ရှိသလို သိန္ဓောတောင်၏ အနောက်ဘက် မိုင်ဝက်ခန့်တွင် မြစ် ကမ်းအတိုင်း တောင်မြောက်တန်းနေ သည့် ရွာကလေးဖြစ်သည်။

သိန္ဓောရတနာ နယ်မြေတွင် စိန် သယံဇာတများ လေ့လာရှာဖွေရေး ဆောင်ရွက်နေသော ဘူမိဗေဒ လေ့လာ ရှာဖွေရေး ပညာရှင်များနှင့် တွဲဖက်ကာ နိမ့်မြင့်ပြ ကွန်တိုမြေပုံ တိုင်းတာရေးဆွဲ





www.burmeseclassic.com

www.burmeseclassic.com

ရသောလုပ်ငန်းကို ကျွန်တော်က ဆောင်ရွက်ရပါသည်။ ယခု ပြောင်းရွှေ့ရမည့်ဒေသတွင်လည်း အဖိုးထိုက်ရတနာ နီလာနှင့်ပတ္တမြားကျောက်မျက် လေ့လာရှာဖွေနေသည့်ဒေသပင်ဖြစ်၏။ ဆောင်ရွက်ရမည့် တာဝန်လည်း အတူတူပင်။ နိုင်ငံ့ဝန်ထမ်း ရောက်ရာ ဒေသမှာ ပျော်ရမည်မို့ အမိန့်စာ ကြေးနန်းရပြီး တစ်ပတ်အတွင်းမှာပင် သိန္ဓောစိန်တွင်းမှ ထွက်ခွာခဲ့ပါသည်။

စတူရီယိုတေးသံရှင် သီဆိုသော "မူဆယ်နမ့်ခမ်းလမ်း"တေးသံကို ၁၉၉၇-၈၀ နှစ်များက ကြားဖူးခဲ့၏။ တေးသွားလေးကို သဘောကျ နှစ်သက်သောကြောင့် အလွတ်နီးပါးပင် မှတ်မိနေ၏။ ယနေ့တွင်မူ သိန္ဓောစိန်တွင်းမှ ထွက်ခွာလာခဲ့သော ကျွန်တော်သည် စတူရီယိုတေးသံရှင် စိုင်းဆိုင်မောဝ်၏ တေးသွားထဲကအတိုင်း လမ်းတွေကဆိုးဆိုး ချိုင့်တွေကပေါပေါ မူဆယ်နမ့်ခမ်းလမ်းကို တစ်နေကုန် ဖြတ်သန်းကာ ညနေ ၆နာရီတွင် နမ့်ခမ်းတွင် မိုးဝီးလမ်းရှိ ဘ. ခ. ရ ရုံးခန်းသို့ ရောက်ရှိခဲ့ပါသည်။ သီချင်းထဲကအတိုင်း ရေပူမှာ တစ်ည မအိပ်ခဲ့ရသဖြင့် တော်ပါသေးသည်။

ကျွန်တော် တာဝန်ထမ်းဆောင်ရမည့် ပတ္တမြား၊ နီလာ ထွက်သော ရတနာမြေသည် ဉာဏ်နမ့်ခမ်းမြို့လေးမှ မိုင်(၃၀)ကွာဝေးသည့် တောတွင်း တစ်နေရာဖြစ်သလို မိုင်(၂၀) တောင်တက်၊ တောင်ဆင်းလမ်းအား ခြေကျင်လျှောက်ရဦးမည်ဟု ရုံးခန်းတာဝန်ခံ ဘူမိဗေဒ အရာရှိမှ ဝမ်းသာစရာသတင်း ပေးပါသည်။ ကျွန်တော်တို့ သယံဇာတ လေ့လာရှာဖွေရသည်မှာ တောတောင်ဒေသများသာ ဖြစ်လေရာ ခြေကျင်လျှောက်ရသည်မှာ အဆန်းတကြယ် မဟုတ်တော့ချေ။ တက္ကသိုလ်တွင် ဘူမိဗေဒ အဓိကဘာသာရပ် ယူမည်ဆိုကတည်းက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့မှ ထောက်ကြန့်အထိ မိုင်(၂၀) လမ်းလျှောက်ပွဲ အောင်မြင်မှ ဘူမိဗေဒဘာသာရပ် ယူခွင့်ရသူများ ဖြစ်ခဲ့၏။ လုပ်ငန်းခွင်ဝင်ရာ တောတောင်ဒေသတို့တွင် နိစ္စဓူဝတောင်တက်၊ တောင်ဆင်း လုပ်ရသည်မှာ ရန်ကုန်-ထောက်ကြန့်လမ်းလို ကတ္တရာလမ်း မဟုတ်။

သိန္ဓောစိန်တွင်း၌ နေစဉ်ကရာသီဥတု သာယာမှုတသည့်အတွက် ဆောင်းရာသီ၌ပင် အေးလွန်းသည်ဟု မရှိခဲ့ချေ။ ယခု ကျွန်တော်တို့ ဆာဗေယာအဖွဲ့ ရောက်ရှိ တာဝန်ထမ်းဆောင်နေရသော နမ့်ဆာပတ္တမြားမြေ၌မူ အေးလွန်းလှ၏။ A Bove Sea Level ခေါ် ပင်လယ်ပြင်အထက် အမြင့်ပေသည် (၄၅၀၀ မှ ၆၀၀၀) အတွင်းရှိသောကြောင့် အအေးပိုခြင်းလည်းဖြစ်၏။

ဆောင်းရာသီတွင် စခန်းတွင်း သုံးရန်ခပ်ထားသော ပုံးထဲ၊ ခွက်ထဲ၊ အိုးထဲမှရေတို့မျက်နှာပြင်ထု တစ်လက်မခန့် အထိ ခဲ၏။ သက်ငယ်ခေါင်မိုး၊ ဝါးကပ်ခေါင်မိုးများပေါ်နှင့် သစ်ရွက်ခြောက်၊ မြက်ခြောက်များပေါ်တွင် ပါးလွှာသော နှင်းပွင့်လေးများ ဖြူဖွေးအောင် ခဲ၏။

ဘူမိဗေဒပညာရှင် Geologist များက ကျောက်မျက်ရတနာဖြစ်သည့် ပတ္တမြား Ruby၊ နီလာ Sapphire ထွက်မည့် နေရာများအား ဘူမိဗေဒဆိုင်ရာ နည်းပညာများဖြင့် အစမ်းကျင်း Test Pit တူးဖော်၍လည်းကောင်း၊ မြောင်းရှည် Trench ဖောက်လုပ်၍ လည်းကောင်း၊ ဥမင်လိုဏ် Tunnel ဖောက်လုပ်၍ လည်းကောင်း နည်းအမျိုးမျိုးဖြင့် လေ့လာရှာဖွေရေး လုပ်ကြရ၏။ ထိုသို့ လေ့လာရှာဖွေရေး လုပ်ရသည့် နေရာများကို တိုင်းတာမြေပုံ Map ဖြင့် မှတ်တမ်းတင် ဖော်ပြရ၏။

ထိုမြေပုံသည် သာမန်မျှသာ ဖော်ပြသည့် မြေပုံမဟုတ်ဘဲ မြေမျက်နှာပြင်အနိမ့်အမြင့်၊ တောင်ထိပ်၊ ချိုင့်ဝှမ်း၊ တောင်စွယ်၊ ချောင်းမြောင်းပါမကျန် အတိအကျ အကွာအဝေးပါ ပါရှိသော မြေပုံ လိုအပ်ပါသည်။ ထိုမျှတိကျသော နိမ့်မြင့်ပြ ကွန်တိုမြေပုံအား ကျွန်တော်တို့ ဆာဗေး Survey အဖွဲ့မှ တိုင်းတာရေးဆွဲရပါသည်။ မြေပြင် နိမ့်မြင့်အနေအထားနှင့် ချောင်းမြောင်း၊ လျှိုမြောင်များ တစ်ခုမကျန်အောင် အတိအကျ တိုင်းတာ ပုံထုတ်နိုင်သည့် ကွန်ပျူတာတပ်ဆင်ထားသော ခေတ်မီဒစ်ဂျစ်တယ် သီအိုဒိုလိုက် Digital Theodolite ကို အသုံးပြု၍ ဆာဗေး လုပ်ရပါသည်။

ထိုသို့ တိုင်းတာ ဆာဗေးလုပ်ရာတွင် အဆိုပါ စက်ပစ္စည်းများ သယ်ယူရန်နှင့် ခုတ်ထွင်ရှင်းလင်းသင့်သော သစ်ပင်၊ဝါးပင်များ ခုတ်ထွင်ရှင်းလင်းဖို့ အလုပ်သမားများ အသုံးပြုရပါသည်။ ဘူမိဗေဒပညာရှင်တို့ကလည်း သူတို့ လုပ်ငန်းအလိုက် အလုပ်သမား အသုံးပြုရပါသည်။

အလုပ်သမား သုံးရတာများ အဆန်းလုပ်လို့ဟု ဆိုပါလျှင် "ဟုတ်ကဲ့"၊ အခြားဒေသတွေမှာ မဆန်းသော်လည်း ဒီနမ့်ဆာပတ္တမြားမြေမှာတော့ နည်းနည်းထူးခြားပါသည်။ နေရာဒေသကလည်း တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် နှစ်မိုင်၊ သုံးမိုင်ခန့်သာ ကွာဝေးပါသည်။ လုပ်ငန်းခွင် အနီးတွင် လူနေသော ရွာဟူ၍မရှိပါ။ လူနေရွာသာ မရှိသော်လည်း အဖြူရောင်၊ ခရမ်းရောင်ဖြင့် ဆောင်းရာသီ ပွင့်သော ပန်းခင်းကြီးများကို တောင်စောင်းများတွင် မြင်ရသဖြင့် ဘာပန်းခင်းလဲဟု မေးရာ "မူးပန်းခင်းကြီး" တဲ့။ ကျွန်တော်လည်း ဒီရောက်မှမြင်ဖူးတော့ ဘယ်သိမှာလဲ။

လူသူနေတဲ့ရွာလည်း မရှိတော့ အလုပ်သမားရှာဖို့လည်း ခက်တာပေါ့။ ရတဲ့အလုပ်သမားတွေ သုံးရတော့ အားလုံး မူးယစ်ဆေးသမားတွေချည်းပဲ။

ကျွန်တော့်ရဲ့ ဆာဗေးအဖွဲ့မှာ သုံးတဲ့ အလုပ်သမားတွေဆိုရင် ဘယ်လောက်အထိ မူးယစ်ဆေး သုံး၊ မသုံး ခန့်မှန်းနိုင်အောင် ဖော်ပြပါမယ်။ ဖျာ ဆိုတဲ့ အလုပ်သမားရဲ့ လက်မောင်း နှစ်ဖက်စလုံးပဲ သွေးသံရဲရဲနဲ့ ဒဏ်ရာ ဒဏ်ချက်တွေလား၊ အနာတွေလား





www.burmeseclassic.com

www.burmeseclassic.com

မေးကြည့်တော့ ဆေးထိုးအပ်နဲ့ မူးယစ်ဆေးသွင်းတဲ့ ဒဏ်ရာတွေတဲ့။

ကျွန်တော့်မျက်စိရှေ့မှာပါ ဆေးသွင်းတာ မြင်ရတော့ "ဘုရား" တ,မိပါတယ်။ ဆေးထိုးပြွန်တံ Syringe နဲ့ ထိုးသွင်းတာ မဟုတ်ပါဘူး။ ဆေးထိုးအပ်ကို အရင်းပိုင်းမှာ ပလတ်စတစ်ပိုက်ပျော့ တပ်ဆင်ပြီး ဖိုးအဖြူမှုန့်ကို ရေနဲ့ဖျော်၊ ဇွိတ်ထဲလောင်းထည့်၊ လက်မောင်းမှာ အပ်ထိုးပြီးရင် ပိုက်တစ်ဖက်ထိပ်က ပါးစပ်နဲ့ငုံပြီး ဆေးရည်ကို မှုတ်သွင်းတာပါ။ သွင်းပါများတော့ အပ်ဒဏ်ရာတွေက အနာဖြစ်ပြီး သွေးသံတရဲရဲနဲ့၊ နောက်ထပ်တစ်ဖက်ပြောင်း အဲဒီလက်လည်း ထိုနည်းလည်းကောင်း. . .။

ကျွန်တော် ဆာဗေးအဖွဲ့က အလုပ်သမားငါးယောက်မှာသုံးယောက်က ဂျပုလိုလူတွေချည်းပဲ။ ဂျပုဆိုတာက သူ့အမည်ရင်း မဟုတ်ပါဘူး။ သူ့အရပ်က ပုတိုတိုမို့ ဂျပုလို့ အနွတ္ထသညာ ခေါ်တာပါ။ အခြားနှစ်ယောက်တော့ အမည် မမှတ်မိတော့ပါဘူး။ သူတို့က ဆေးမသွင်းရင် အလုပ် လုံးဝ ခိုင်းလို့မရတာကြောင့် ဆေးသွင်းပြီးသည်အထိ စောင့်နေရပါတယ်။ ဆေးမသွင်းရရင် ငြိမ်နေ့ရိုက်ခိုင်းလည်း မရပါဘူး။ အသေသာ ခံမှာပါ။

ကျွန်တော်က Chief Surveyor ဖြစ်လေတော့ ပိုပြီး စိတ်မချမ်းသာဖြစ်မိတယ်။ သူတို့အတွက် မဟုတ်ဘူး။ ကိုယ့်အတွက်ပါ။ Chief Surveyor ဆိုတော့ Data တွေကို Theodolite နဲ့တိုင်းတာရာမှာ ကျွန်တော်လုပ်ရပါတယ်။ Theodolite တပ်ဆင်တဲ့ Tripod သုံးချောင်းထောက်တွေ၊ Theodolite သေတ္တာတွေကို ဒီအလုပ်သမားတွေကပဲ ထမ်းပိုးသယ်ယူရတော့ လက်က ဆေးထိုးအပ်ဒဏ်ရာတွေမှ သွေးသံရဲရဲတွေ ပစ္စည်းပေါ် ပေကျံကုန်ရော. . .။ အဲဒီပစ္စည်းတွေ ကျွန်တော်က ယူပြီး တပ်ဆင် Operate ရတာ နိစ္စဓူဝဖြစ်လေတော့ သူတို့ သွေးသံတွေမှာ ပါလာမယ့် ပါလာနိုင်တဲ့ AIDS ပိုးတွေ ကျွန်တော့်ကို ကူးစက်နိုင်တော့ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါ့မလဲ။

လုပ်ငန်းခွင် သုံးလကျော်မှာ ဂျပုတစ်ယောက် ကျွန်တော့်ရှေ့မှာပဲ ဆေးမှုတ်သွင်းရင်း အသက်ထွက်သွားပါတယ်။ ကျန်တဲ့နှစ်ယောက်လည်း မကြာခင် ဂျပုနောက်လိုက်မည့်ပုံပါပဲ။ သူတို့ အသက်ရှင်နေတာ မူးယစ်ဆေးဝါးဆိုတဲ့ အဖြူမှုန့်ကြောင့်ပါ။ ထမင်းကို ဟုတ်တိပတ်တိ မစားပါဘူး။ ရေနွေးကြမ်းသောက်တဲ့ လက်ဖက်ရည်ပန်းကန် တစ်လုံးစာလောက်ပဲ စားတယ်။ ထမင်းမစားလည်း နေလို့ရတယ်။ ဆေးမသွင်းရင် နေလို့မရဘူး။ အဲဒါ ကျွန်တော့်အဖွဲ့က အလုပ်သမားတွေရဲ့ လက်တွေ့ဘဝပဲ။

ကျန်နှစ်ယောက်က ဂျပုတို့လောက် မရင့်သေးဘူး။ မရင့်သေးဘူးဆိုတာ အပ်မကိုင်ရသေးတာကို ပြောတာပါ။ အပ်မကိုင်ရသေးတာကလွဲရင် သူတို့နှစ်ယောက်လည်း အဖြူမှုန့် မရှုရရင် အလုပ်မလုပ်နိုင်ပါဘူး။ သူတို့ ရှုပြီးသည်အထိ သည်းခံစောင့်ရပါတယ်။ အဖြူမှုန့်ကို စီးကရက်ဘူးခွံထဲက ခဲစက္ကူပေါ် ထည့်ပြီး ဖယောင်းတိုင်မီးပေါ် တင်ရတယ်။ မီးအပူရှိန်ကြောင့် ခဲစက္ကူပေါ်က အဖြူမှုန့်တွေ အခိုးအငွေ့ဖြစ်ပြီး ပျံတက်လာရင် အပေါ်ကနေပြီး အငွေ့ပျောက်သည်အထိ နှာခေါင်းထဲ ရှူသွင်းတော့တာပါပဲ။

အဖြူမှုန့် အခိုးအငွေ့တွေရှုပြီးတာနဲ့ မျက်စိမှိတ်ပြီး ပက်လက်လှန်ချလိုက်ပါတယ်။ မိနစ်သုံးဆယ် မှေးနေရင်း ပါးစပ်က တီးတိုး ရေရွတ်နေပါတယ်။ ဘာလဲဆိုတာတော့ မသဲကွဲဘူး။ နောက်မှ မေးကြည့်လို့ သိရတာက ဖြစ်ချင်တာ၊ လုပ်ချင်တာမှန်သမျှ အားလုံးရသည်ဟု ဆိုပါသည်။ သူတို့နှစ်ယောက်က 'ကိုဦးနှင့် စောညွန့်' ဆိုသော လူလတ်ပိုင်း နှစ်ယောက် ဖြစ်ပါသည်။

စောညွန့်က နမ့်ခမ်းမြို့မှ ဒေသခံတိုင်းရင်းသားဖြစ်၍ ကိုဦးက လားရှိုးတွင် အိမ်ထောင်ကျသော ရွှေဘိုသားဟု ဆိုပါသည်။ လားရှိုးနှင့် မူဆယ်၊ နမ့်ခမ်း အရောင်းအဝယ် ကူးသန်းသွားလာလုပ်ရင်း လောင်းကစားလုပ်ရာမှ ရှုံးပြီး စိတ်ညစ်ညစ်နှင့် အဖြူမှုန့်ကို လက်တည့်စမ်းကြည့်ရာ လားရှိုးပင် မပြန်နိုင်တော့ဘဲ မူးယစ်သားကောင်ဘဝ ကြုံရာကျပန်း လုပ်ရာမှ နမ့်ဆာပတ္တမြားမြေ ရောက်လာသည်ဟု ဆိုပါသည်။

အဖြူမှုန့် ဆိုသည်ကလည်း နေရာတိုင်း ရနိုင်လေရာ ကျွန်တော်တို့ နမ့်ဆာစခန်းအနီးမှ အပ်ချောင်း၏ မုန့်ပဲသရေစာရောင်းသည့် ဆိုင်လေးဌပင် ပင်နီစလင်ထိုးဆေး ပုလင်းဖုံးအခွံဖြင့် ချက်ရောင်းသော တစ်ခါရှုကို (၁၅) ကျပ်ဖြင့် ရနိုင်၏။

ကျွန်တော်၏ ဆာဗေးအဖွဲ့မှ အလုပ်သမား ငါးယောက်တွင် လေးယောက်က ဒေသခံတိုင်းရင်းသားများ ဖြစ်ပြီး မြန်မာစကားပင် လည်ဝယ်စွာ မပြောနိုင်ကြ၍ သူတို့ ဘာကြောင့် မူးယစ်ဆေး၏ သားကောင်ဘဝ ကျရောက်ရကြောင်း မသိရသော်လည်း ရွှေဘိုသား ကိုဦးတစ်ယောက်၏ ဖြစ်ရပ်သည် ကြားရသူ ကျွန်တော်ပင် ရင်မောပါသည်။

"ဆရာ မောင်မောင်အေးရယ်၊ ကျွန်တော့်ရဲ့ မိုက်မှားမှုဟာ ကျွန်တော်တစ်ယောက်တည်း ခံရတာဆိုရင် ဖြေသာပါတယ်၊ ခုတော့ လားရှိုးမှာကျန်ခဲ့တဲ့ မိန်းမနဲ့သမီးလေးတို့ဘဝ ဘယ်လိုနေကြမလဲဆိုတာ မတွေးရဲဘူး၊ သမီးကလဲ အပျိုပေါက်အရွယ် ရောက်နေပြီ၊ မိန်းမက ဘာမှ လုပ်ကိုင်မစားတတ်ဘူး၊ ကျွန်တော့်ကို အားကိုးနေရတာ၊ အိုးပိုင်အိမ်ပိုင်လဲ မရှိဘူး၊ လားရှိုးမပြန်နိုင်တာ တစ်နှစ်ပြည့်တော့မယ်" ဆိုရင်း ရှိုက်ကြီးတငင်ငိုရင်း သူ့အမှားတွေ နောင်တရသော်လည်း ငါးမျှားချိတ် မျိုမိသောငါးလို ရုန်းမထွက်နိုင်တော့သည့်ဘဝ။

ကိုဦးမိသားစု ဘဝအကြောင်း ကြားသိရသောအခါ စိတ်မကောင်းစွာ





www.burmeseclassic.com

www.burmeseclassic.com

လွဲ၍ ကျွန်တော် ဘာတတ်နိုင်ပါမည်နည်း။ သို့သော် ကိုဦး၏အဆင့်က ဂျပုတို့လို ဆေးထိုးအပ်ကို ပိုက်တပ်၍ ဒဏ်ရာဝရုပ္ပဖြင့် ထိုးသွင်းရသော အဆင့်သို့ မရောက်သေးချေ။ ထို့ကြောင့် မူးယစ်သားကောင် လုံးလုံးလျားလျား မဖြစ်စေရေးအတွက် ငါ တတ်စွမ်းသမျှ ကူညီမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုနေ့မှစ၍ ကွင်းဆင်းတိုင်းတာရေးလုပ်ငန်းသို့ ကိုဦးကိုမခေါ်တော့ဘဲ ကျွန်တော်တို့ ဆာဗေးအဖွဲ့၏ ထမင်းချက်နေရာတွင် ထားလိုက်ပါသည်။ ညအိပ်သော အချိန်တွင်လည်း သူတို့အလုပ်သမားများ စုထားသောတဲတွင် မအိပ်စေဘဲ ကျွန်တော့်တို့တဲတွင် အိပ်နိုင်းလိုက်သည်။

ညအိပ်ရာဝင် ထွေရာလေးပါး ပြောဆိုကြရင်း ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဇာတကများမှ မကောင်းမှုပြုသူတို့၏ တမလွန်ဘဝ လားရောက်ရသည့် ငရဲခန်းများနှင့် မကုန်သေးသော မကောင်းမှုကံကြောင့် ဖြစ်ရာဘဝများတွင် ဆင်းရဲဒုက္ခအဖုံဖုံ ကြုံရပုံများ၊ သမ္မာနုစဉ် အလောင်းတော်ဘဝက မူးယစ်ဆေး (အရက်) အလွန်အကျွံသောက်သုံးသော ဘုရင်ကြီးသည် မိမိ၏ ရင်သွေးကလေးငယ်၏ လည်ပင်းလိမ်ချိုးကာ ဟင်းလျာအဖြစ် ချက်ခိုင်းသည်အထိ လုပ်မိခြင်းသည် အဓိကတရားခံမှာ မူးယစ်ဆေးပင်ဖြစ်ကြောင်းတို့ကို မိမိတို့ ဆာဗေးသုံးဦး ပြောဆိုဝေဖန်ကြသလိုလိုဖြင့် ကိုဦးကို ရည်ရွယ်၍ ကြားသိစေပါသည်။ တစ်ပတ်ခန့်ကြာသောအခါ ကိုဦး၏ သဘောကို သွေးတိုးစမ်းလိုသောကြောင့် . . .

"ကိုဦး၊ မင်းမိန်းမနဲ့သမီးလေးကို သတိမရဘူးလား" ဆိုတော့ . . .

"မေးမှမေးရက်တယ် ဆရာရယ်၊ သတိရလွန်းလို့ ဒီဘဝက မြန်မြန်လွတ်အောင် ဂျပုတို့လို ဆေးသွင်းရင်း သေသွားချင်ပြီ"ဟု ငိုသံပါကြီးဖြင့် ပြန်ဖြေပါသည်။

"အေး . . . သေသွားရုံလောက်နဲ့တော့ မင်းမိန်းမနဲ့သမီးလေးကို ချစ်ရာမရောက်ဘူး၊ မင်း တကယ်ချစ်တယ်ဆိုရင် အဖြူကို ရအောင်ဖြတ်ရမယ်"

"ဆရာရယ်၊ ဖြတ်လို့မှ မရတော့တာကို" ဆိုသော ရေစုန်မျှောတော့မည်ဆိုသည့် အရှုံးပေးသံ ထွက်လာသဖြင့် . . .

"ဒီမှာ ကိုဦး၊ မင်း ယောက်ျားမဟုတ်လား၊ ယောက်ျားဆိုတာ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်၊ မင်း တကယ် သမီးလေးနဲ့မိန်းမ ဟို-ဟိုဘဝ (-----) မရောက်စေချင်ရင် အဖြူကို ရအောင်ဖြတ်နည်း ငါပေးမယ်၊ မင်း သမီးလေးနဲ့မိန်းမ (-----) ဖြစ်စေချင်ရင် အဖြူကိုဆက်လုပ်၊ ဖြတ်မယ်ဆိုရင် ငါ့ကို ကတိပေးရမယ်" ဟု အားမနာတမ်း ပြောလိုက်၏။ ကိုဦးသည် ခေတ္တမျှ ငြိမ်သက်စဉ်းစားပြီး . . .

"ဖြတ်မယ် ဆရာ၊ ဖြတ်မယ်၊ နည်းသာပေးပါတော့၊ ဒီညက စမယ်"ဟု အားတက်သရော ကတိပြုပါသည်။

ကျွန်တော်ကိုယ်တိုင် ၁၉၈၀-၈၁ ခုနှစ်များက မူးယစ်ဆေးတစ်မျိုးဖြစ်သော အရက်ကို နေ့ညမရွေး စွဲဖူး၏။ ဒေသမှာ ရှမ်းပြည်မြောက်ပိုင်း၊ မဘိမ်းမြို့နယ် ရွှေလုပ်ကွက်တစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်ကဖြစ်၏။ မည်မျှအထိ အရက်သားကောင် ဖြစ်သနည်းဆိုပါလျှင် ညစာထမင်း မစားရလျှင် ရ၏။ အရက်မသောက်ရလျှင် မနေနိုင်သည်အထိ။ အလုပ်ပေါ့လျော့မှုကြောင့် ရွှေလေ့လာရှာဖွေရေး ဘူမိဗေဒအရာရှိချုပ်၏ သတိပေးခြင်း မကြာခဏ ခံရ၏။ နေရာဒေသမအေးချမ်းမှုအရ ဘ. ခ. ရ လေ့လာရှာဖွေရေး အဖွဲ့သားများနှင့် လုံခြုံရေးတပ်ခွဲတို့နေသော စခန်းအား ခြံစည်းရိုးသုံးထပ်ကာရံ၍ အလယ်စည်းတို့တွင် မိုင်းထောင်ထားရ၏။ စခန်း၏ Town Plan Map ကို တိုင်းတာရေးဆွဲသူဖြစ်၍ မိုင်းများ ဘယ်နေရာတွင် မြှုပ်ထားကြောင်း တပ်ခွဲမှူးကလွဲလျှင် ကျွန်တော်သာသိ၏။ တာဝန်ခံ ဘူမိဗေဒအရာရှိချုပ်ပင် မသိချေ။

ညနေ ၆ နာရီထိုးလျှင် စခန်းအပြင်သို့ မည်သူမျှ ထွက်ခွင့်မရှိသလို ဝင်ခွင့်လည်း မရှိ။ ကျွန်တော်သည် အရက်ဆိုင်မှ ဂိတ်မပိတ်မီ အရောက်ပြန်ခဲ့၏။ မူးမူးဖြင့် စားသောက်ပြီး အိပ်၏။ ဘုရားမသိ၊ တရားမရှိဘဝ။ ည ၈ နာရီထိုးလျှင် လူစုံတက်စုံရှိမရှိ တာဝန်ကျသူက အိပ်ဆောင်များ လိုက်စစ်၏။ အိုကော၊ အရက်၏ မူးယစ်သားကောင် မောင်မောင်အေး ဟောက်သံပေး၍ အိပ်မောကျနေပြီကို တွေ့ရ၏။

ကောင်းကင်မှ မိုးသားတိမ်လိပ်တို့ကြောင့် ညသည် မှောင်နှင့်မည်းမည်း တိတ်ဆိတ်ကာ ကြောက်အားငယ်သူများအတွက် ထိတ်လန့်ဖွယ်ဖြစ်၏။ တစ်ခါတစ်ရံ ရွှေလေ့လာရှာဖွေရေးလုပ်ကွက် တောင်ကြားဆီမှ ချေဟောက်သံက ညအမှောင်ကို အန်တုနေသယောင် ကြီးကြားထွက်ပေါ်လာသလို ဘ. ခ. ရ အဖွဲ့ မြောက်ချောင်းရိုးလေးအတွင်းမှ အစာရှာဖွေနေသည့် ဒီးဒုတ်ငှက်မောင်နှံ၏ အတိုင်အဖောက်ညီစွာ "ဒိစီ-ဒီးဒုတ်" မြည်သံကလည်း ငှက်မှန်း မသိသူများအတွက် ကျောချမ်းစရာဖြစ်၏။

ခွဲရုံး ဗဟိုကင်းမှ ည ၁၀ နာရီ သံချောင်းခေါက်အပြီးတွင် ဘ. ခ. ရ ဝန်ထမ်းများ အိပ်ဆောင်အတွင်းမှ ထွက်လာသော မည်းမည်းပုံရိပ်ကြီးသည် နှင်းမိုင်းများထောင်ထားသော စည်းရိုးသုံးထပ်ရှိရာသို့ တရွေ့ရွေ့ဖြင့် ချဉ်းကပ်ရင်း စည်းသုံးထပ်အပြင်သို့ ရောက်သွား၏။ မည်သို့မည်ပုံ စည်းရိုးအပြင် ရောက်သွားသည် မသိရမီမှာပင် ရွာလေးဘက်ဆီ ရွေ့လျား ပျောက်ကွယ်သွားလေတော့၏။

ဤရွာလေးမှ အရက်ဆိုင်သည်လည်း ထူးခြားသောဆိုင်လေးဟု ဆိုရမည်ပင်။ ဆိုင်ပိုင်ရှင်သည် ဖိုသတ္တဝါများကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိသော ရုပ်ကင်းနှင့် ပြည့်စုံသည့် လုံးကြီးပေါက်လှ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလပ် မုဆိုးမလေးဖြစ်၏။ ပထမ လင်နှင့်ကွဲ၍ ဒုတိယလင်သေသွားသော ကြောင့် တစ်ခုလပ်၊ မုဆိုးမလေးဟု ဆိုခြင်းဖြစ်၏။

မည်းမည်းပုံရိပ်ကြီး ရွေ့လျား ပျောက်ကွယ်သွားပြီး မကြာမီမှာပင် ရွာလေးဆီမှ ခွေးဟောင်သံများ ကြားရသလို အရက်ဆိုင်၏ နောက်ဖေးဘက် အိပ်ခန်းတံခါးသာသာလေး တွန်းဖွင့်သံနှင့်အတူ "အချစ်ကလေးရေ အိပ်ပျော်နေပြီလား" ဆိုရင်း ချွတ်နင်း ဝင်ရောက်လာသူကား မည်းမည်းပုံရိပ်ကြီးရှင် ဆာဗေယာမောင်မောင်အေးပေတည်း။

"ဟော့ . . . ကိုဦးရဲ့ ငါက မင်းထက်ကဲခဲ့တဲ့ကောင်ပါ၊ မင်းက အဖြူတစ်ခုတည်းရယ်၊ ငါက မူးယစ်(အရက်)ရော၊ ဟိုဒင်း (-----) ရော ပါတဲ့ကောင်ကွ၊ ငါကိုယ်တိုင် မူးယစ်ဆေး(အရက်) ဖြတ်ခဲ့တဲ့အတိုင်း မင်းလိုက်နာရင် မင်းချစ်တဲ့သမီးလေးနဲ့ မိန်းမ (-----) ဘဝ မရောက်စေရဘူး"ဟု ဟောပြော တရားချရပါသည်။

ကျွန်တော် အရက်ဖြတ်ခဲ့သော နည်းမှာ သရဏဂုံသုံးပါး အဓိဋ္ဌာန်ပုတီးစိပ်နှင့် သမထ(အာနာပါန) ရှုမှတ်မှုပင် ဖြစ်၏။ ယခုလည်း ကိုဦးအား လုပ်ထုံးလုပ်နည်းအရ ငါးပါးသီလ ခံယူဆောက်တည်စေပြီး ကျွန်တော် တိုင်ပေးသည့် အတိုင်း လိုက်ဆိုစေ၏။

"တပည့်တော်သည် ယနေ့ ယခု အချိန်မှစတင်၍ သရဏဂုံသုံးပါးအား တစ်နေ့လျှင် ပုတီး(-----)ပတ် စိပ်ပါမည်၊ သမထ(အာနာပါန) ရှုမှတ်ခြင်းကိုလည်း ညစဉ် မပျက်မကွက် ဆောင်ရွက်ပါမည်၊ တပည့်တော်၏ အသက်နှင့် ခန္ဓာအားလည်း ဘုရားရှင်အား လှူဒါန်းအပ်နှံပါ၏၊ တပည့်တော်အား ထိုက်သင့်သော ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူပါဘုရား၊ ဤသို့ဆောင်ရွက်ရသော ကုသိုလ်ကြောင့် မူးယစ်ဆေးစွဲဝေဒနာများမှ အမြန်ဆုံး ကင်းလွတ်ရပါလို၏ဘုရား၊ အသက်သေသေ အရေခန်းခန်း မပျက်မကွက် ဆောင်ရွက်ပါမည်ဘုရား၊ ကတိပျက်၍ မူးယစ်ဆေး ပြန်သုံးမိပါလျှင် မဟာအဝီစိငရဲ၌ ကမ္ဘာတည်သရွေ့ ခံရပါစေဘုရား"

ကတိသစ္စာပြု တရားတောင်းပြီးသည်မှစ၍ ပုတီးစိပ်နည်း၊ သမထ(အာနာပါန) ရှုမှတ်နည်း အသေးစိတ်ကို သင်ကြားပြသကာ ယနေ့ညမှစ၍ ထွက်လေ၊ ဝင်လေကို နာရီဝက်ရှုမှတ်ခိုင်း၏။ ပထမတစ်ပတ် ခုနစ်ရက်အထိ ပရိကမ္မနိမိတ်အဆင့်က မတက်နိုင်သေးဘဲ မူးယစ်ဆေး အနိဋ္ဌာရုံများတွင် တဝဲဝဲလည်နေရှာ၏။ အလုပ်အားချိန်တွင် သရဏဂုံ ပုတီးစိပ်ခိုင်း၏။ ပုတီးစိပ်ပါများသောကြောင့် စိတ်အနည်းငယ် တည်ငြိမ်လာ၏။ တည်ငြိမ်စပြုနေသော စိတ်ကို ထိန်းချုပ်နိုင်ရန် အာနာပါန ရှုမှတ်သောအခါ ဂဏနာနည်းဖြင့် ရှုမှတ်ခိုင်း၏။

ညစဉ် ထွက်လေဝင်လေ ရှုမှတ်ခြင်းကို ဂဏနာနည်းဖြင့် ရှုမှတ်သောကြောင့် (၁၅)ရက်တွင် ဥဂ္ဂဟနိမိတ်အထိ ရရှိလာ၏။ အနှောင့်အယှက် အခက်အခဲများကြောင့် လက်မြှောက်အရှုံးပေးလိုလာသဖြင့် . . .

"ဒီမှာ. . . ကိုဦး၊ မင်းဆေးစွဲတဲ့စိတ်နဲ့သေရင် ငရဲကိုမလွဲတန်းရောက်မယ်၊ သမထဘာဝနာ တကယ်ပွားများနိုင်ရင် ကိုဦး မသေစေရဘူး၊ အကြောင်းမသင့်လို့ သေခဲ့သော် ငရဲမလားဘဲ ကောင်းတဲ့ဘုံဘဝ ရောက်မယ်" ဟု ခြောက်လိုက် ချော့လိုက် လုပ်ရပါသည်။

ကျွန်တော်သည် သမထ ဘာဝနာ(အာနာပါန)ကျင့်စဉ်၌ ပဋိဘာဂနိမိတ်အဆင့်တွင် အောင်မြင်တည်ငြိမ်စွာ လုံးဝ မလှုပ်ရှားဘဲ သုံးနာရီတိတိ‚စံချိန်တင် ရှုမှတ်နိုင်သူဖြစ်၏။ ဝိပဿနာ ရှုမှတ်မှုတွင်လည်း ဒုက္ခသစ္စာကို အမိဝမ်းတွင်း ပဋိသန္ဓေမှသည် မွေးဖွားစကလေးဘဝ၊ နို့စို့ဘဝ၊ လေးဖက်သွားဘဝ စသည်ဖြင့် ဘဝအဆင့်ဆင့် ဖြတ်သန်းရင်း ဘဝတစ်ခု၏ နိဂုံးအထိ ဖြတ်သန်းရာတွင် ဒုက္ခဆိုသော အရာချည်းသာ အများဆုံး တွေ့မြင်ရမှု ဝိပဿနာ အမြင်ကို အမှန်မြင်၊ အမှန်သိ ရရှိကာ သံသရာရှည်သမျှ ဒုက္ခအတုံးအခဲကြီးပါတကားဟု နားလည်ထားသောကြောင့် ကိုဦးအား လေ့ကျင့်အားထုတ်စေရာ၌ များစွာ အကူအညီပေးနိုင်ပါသည်။

အဖြူ မရှူရသောကြောင့် သေမလောက် ယင်းထပြီး လက်မြှောက်အရှုံးပေးတော့မည် ဆိုသဖြင့် သမထ တန်ခိုးသည် သေမည့် အသက်ကိုပင် ရှည်အောင် ဆန့်ထားနိုင်ကြောင်း၊ ထို့ကြောင့် အာနာပါနကိုသာ သတိကပ် ရှုမှတ်ရမည်ဖြစ်ကြောင်း တရားလည်း ဟော၊ နည်းပေးလမ်းပြဖြင့် ကြပ်မတ်ခဲ့ရာ နှစ်လအကြာတွင် ပဋိဘာဂနိမိတ်ကို အောင်မြင်စွာ ရှုမှတ်နိုင်ခဲ့ပါသည်။ ပဋိဘာဂနိမိတ်အဆင့် အောင်မြင်စွာ ရှုမှတ်နိုင်မှုနှင့်အတူ အဖြူဆိုသော မူးယစ်ဆေး၏ သားကောင်ဘဝမှ နှောင်ကြိုးကင်းစွာ ရုန်းထွက်နိုင်သော စိတ်သစ်လူသစ်ကိုဦး မူးယစ်ဆေးနှင့် အပြီးအပိုင် ကွာရှင်းပြတ်စဲလိုက်ပါသတည်း။

ချစ်ဇနီးနှင့် သမီးလေးရှိရာ လားရှိုးသို့ ပြန်တော့မည့် ကိုဦးအား ကျွန်တော်တို့ ဆာဘေယာ သုံးဦးသာမက ဘူမိဗေဒပညာရှင် တစ်စုတို့ကပါ သဒ္ဓါပေါက်၍ စုပေါင်းလှူဒါန်းလိုက်သော ငွေကျပ်ငါးသောင်းကျော်အပြင် အဆင့်မြင့် သံသရာခရီးလမ်းအတွက် ကျွန်တော်ပေးလိုက်သော သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာထုပ်ကို နှလုံးသားမှာပိုက်၍ နမ့်ဆာပတ္တမြားမြေမှ ထွက်ခွာသွားသော ကိုဦးကိုကြည့်ရင်း-

"ကိုဦး မသေ၊ သေသော် ငရဲမသွားဘဲ အဆင့်မြင့်ဘုံဘဝသို့ တက်လှမ်းနိုင်တော့မှာပါတကား" ဟု။

**ဓာတ်ပုံမောင်မောင်အေး**

❑



www.burmeseclassic.com

www.burmeseclassic.com



# သုမေဓာရှင်ရဲ့ နံဘေးနားက သူ

လင်းယဉ်ညာဏ်

အဋ္ဌကနိပါတ် အာစိတ္တဇာတ်တွင် သိဝိတိုင်း ရောရုဝမြို့၌ အုပ်စိုးသော မင်းကျင့်တရားနှင့်ညီပြီး အလှူရက်ရောသည့် ဘုရားလောင်း ရောရုဝမင်း၏ ပညာရှိသော မိဖုရားကြီး သမုဒ္ဒဝိဇရာအဖြစ် ယသောဓရာလောင်းလျာကို တွေ့မြင်ရမည်ဖြစ်သည်။

ဘုရားလောင်းမင်းသည် နေ့စဉ်ပေးလှူနေသောအခါ လာရောက်ကြသည့် အလှူခံတို့သည် သီလရှိသူတို့ကို မတွေ့ရသဖြင့် စိတ်ပျက်နေသည်။ ယသော်ဓရာလောင်း မိဖုရားက နှစ်သိမ့်ပြီး မိမိတို့၏ အလှူအာနုဘော်၊ သီလအာနုဘော်၊ သစ္စာအာနုဘော်တို့ဖြင့် ပန်းများကိုစေ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ပင့်ဆောင်မည်ဟု ပြောခဲ့သည်။ ထို့ကြောင့် နှစ်ဦးစလုံး သီလဆောက်တည်ကာ သစ္စာပြု၍ မုလေးပန်းတို့ကို ရွှေအုပ်တွင်ထည့်ပြီး အရပ်လေးမျက်နှာ တစ်ခုစီသို့ မျက်နှာမူလျက် အရှင်မြတ်တို့အား ပင့်ကြသည်။

လေးရက်မြောက်သောနေ့တွင်မှ မြောက်အရပ်သို့ မျက်နှာမူ၍ ပင့်ကြသော် နန္ဒမူလိုဏ်ဂူမှ ပစ္စေကဗုဒ္ဓါ ခုနစ်ဆူတို့ ကြွလာခဲ့သည်။ ခုနစ်ရက်ပတ်လုံး အရှင်မြတ်တို့အား အလှူကြီး ပေးခဲ့ကြသည်။ အရှင်မြတ်တို့က အသီးအသီး အနုမောဒနာတရား ချီးမြှင့်ကြကာ မင်းမိဖုရားတို့ ပီတိဖြစ်ခဲ့ကြသည်။ အသက်ထက်ဆုံး ကောင်းမှုပြုကာ သေသော်နတ်ရွာသို့ လားခဲ့ကြရသည်။

ကေဒသကနိပါတ် ဒသရဋ္ဌဇာတ်တွင် ဗာရာဏသီမင်း ဒသရဋ္ဌ၏ ဘုရားလောင်း သားကြီး ရာမမင်းသား အရှင်သာရိပုတ္တရာလောင်း သားငယ် လက္ခဏာမင်းသားတို့၏နှမတော် သီတာ

www.burmeseclassic.com

ဒေဝီအဖြစ် ယသောဓရာလောင်းလျာကို တွေ့ရသည်။ သူတို့၏ မယ်တော်မိဖုရားကြီး စုတေသော် မင်းကြီးက နောက်ထပ် မိဖုရားတစ်ဦးကို နန်းတင်ရာ သားတော်လေး ဖွားမြင်ခဲ့သည်။ မင်းကြီးက ဆုပေးမည်ဟု ကတိပြုထားရာ မိဖုရားက အိမ်ရှေ့စံအဖြစ် တောင်းခဲ့သည်။

စိတ်မသက်မသာဖြစ်ရပြီး နောင်အရှည်တွင် သားကြီး သမီးကြီးတို့အား အန္တရာယ် ရှိလိမ့်မည်ဟု ပူပန်သဖြင့် အခြားသို့ (၁၂)နှစ် ရှောင်နေစေပြီး မိမိလွန်မှ ပြန်လာရန်ပြောခဲ့သည်။ ရာမမင်းသားသည် ညီတော် လက္ခဏ၊ နှမတော် သီတာဒေဝီတို့နှင့်အတူ နောက်ပါ အခြွေအရံတို့နှင့် ဟိမဝန္တာသို့ ထွက်သွားကြပြီး ရသေ့ရဟန်း ပြုနေခဲ့ကြလေသည်။

အစ်ကိုဖြစ်သူ ရာမမင်းသားနှင့် ညီနှင့် နှမတို့ကို သစ်သီး သစ်ဥ သစ်ဖုတို့ ရှာဖွေပြီး ကျွေးမွေးခဲ့သည်။ ကိုးနှစ်လွန်သော် ဖခင်မင်းကြီး ကွယ်လွန်သွားရာ ညီအငယ်ဆုံးနှင့် မှူးမတ်တို့ လာရောက်ကြကာ နန်းအပ်ကြသည်။ ရာမမင်းက ဖခင်၏အလိုဆန္ဒအတိုင်း (၁၂)နှစ်ပြည့်မှ ပြန်လာမည်။ ယခုမူ ကိုယ်စား ခြေနင်းတော်တစ်စုံကို ယူသွားစေပြီး ပလ္လင်ပေါ်တွင် တင်ထားကာ အဆုံးအဖြတ် ပြုစေခဲ့သည်။

သုံးနှစ်လွန်သော် တိုင်းပြည်သို့ ပြန်ကာ နှမတော် သီတာဒေဝီကို မိဖုရားကြီးမြှောက်၍ နန်းတက်သည်။ ဤသို့ ဘုရားလောင်းနှင့်အတူ ချမ်းသာအတူစံ ဆင်းရဲအတူခံရင်း ပါရမီဖြည့်ခဲ့သည်။

ပါရမီဖြည့်ကျင့်နေစဉ် ကာလအတွင်း ဘုရားလောင်းသည် နဂါးမျိုး၌ ဖြစ်ရစဉ် အသက်အန္တရာယ် ရှိနိုင်သည့်တိုင် လူ့ပြည်သို့လာကာ ဥပုသ်သီလ ဆောက်တည်ခဲ့ရာ မြွေအလမ္ပာယ် ဆရာ၏ ဖမ်းဆီးနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ သီလကို အပျက်မခံဘဲ သည်းခံနေသော ဒုက္ခရောက်နေသည့် လင်ဖြစ်သူ နဂါးမင်းအား ကယ်တင်ပေးခဲ့သော သုမနာ နဂါးမိဖုရားအဖြစ် ယသောဓရာလောင်းလျာကို ဝိသတိနိပါတ် စမ္ပေယျဇာတ်တွင် တွေ့မြင်ရမည်။

အလားတူ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ လူ့ပြည်၌ ဥပုသ်ဆောက်တည်ရင်း ဖမ်းဆီးနှိပ်စက်ခံရသည့် မဟာနိပါတ်လာ ဘူရိဒတ္တဇာတ်တွင်မူ ဘုရားလောင်း ဘူရိဒတ်နဂါးမင်း၏ နဂါးမိဖုရားအဖြစ် ယသောဓရာလောင်းလျာကို မတွေ့ခဲ့ရဘဲ နှမတော်ဖြစ်သူ ဥပ္ပလဝဏ်ထေရီလောင်းလျာ နဂါးမင်းသမီးနှင့် အရှင်သာရိပုတ္တရာလောင်းလျာ အစ်ကို နဂါးမင်းသားတို့က လာရောက်ကယ်ဆယ်ခဲ့ကြောင်း တွေ့ရသည်။

အသိပညာလည်း ပြည့်စုံပြီး ဉာဏ်ပညာလည်း ထက်မြက်သော လင်ဖြစ်သူ ဘုရားလောင်းအပေါ် မြတ်နိုးချစ်ခင် သစ္စာတည်လျက် လင်ဖြစ်သူ အကျပ်အတည်းကျ ဒုက္ခတွေ့နေချိန်တွင် လင်နှင့်မခွဲမခွာနေပြီး တွေ့ကြုံရသော ဒုက္ခတို့မှ လွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သောမယားကောင်းမိန်းမမြတ်အဖြစ် ဂေါတမဘုရားနှင့် သာသနာတော်ဝယ် တော်လေးဝဝင် အမျိုးသမီးများဟု သတ်မှတ်ခံထားရသူ အမရာဒေဝီနှင့် မဒ္ဒီဒေဝမီ မိဖုရားတို့အဖြစ် မဟာနိပါတ်တော်လာ မဟောသဓာဇာတ်နှင့် ဝေဿန္တရာဇာတ်တော်တို့တွင် ယသောဓရာလောင်းလျာကို တွေ့မြင်ရပါသည်။

မထင်မရှား ဆင်းရဲသားအသွင်နှင့် တွေ့လိုက်ရသော ဘဝအဖော်ဖြစ်လာမည့်သူ မဟောသဓာကို မြင်လိုက်သည်။ အပေါ်ယံကိုသာ မကြည့်ဘဲ အမူအရာ ရုပ်ပိုင်းကိုကြည့်ကာ အကျိုးဆောင်နိုင်မည့်သူ၊ ကျော်စောထင်ရှားမည့်သူ၊ ဘုန်းတန်ခိုးနှင့် ပြည့်စုံမည့်သူဟု ခန့်မှန်းဆန်းစစ်နိုင်သည့် ဆင်ခြင်နိုင်စွမ်းရှိသော ဉာဏ်ပညာနှင့် ပြည့်စုံသည့် အမရာဒေဝီအဖြစ်ယသောဓရာလောင်းလျာကို တွေ့ရမည်ဖြစ်သည်။

အိမ်မှုကိစ္စ လုပ်ငန်းများကို ကောင်းစွာ ကျွမ်းကျွမ်းကျင်ကျင် စီမံအုပ်ချုပ်နိုင်သည့် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်ကြောင်းကိုလည်း ပြသနိုင်ခဲ့သူ ဖြစ်သည်။ မိဘများ၏ သဘောတူညီမှုဖြင့် အပ်ချုပ်သည်၏ မယားအဖြစ် မြို့သို့ ခေါ်ဆောင်သွားခံခဲ့ရစဉ် မြောက်မြို့ တံခါးမှူးအိမ်တွင် ခေတ္တအပ်ထားခံရပြီး မဟောသဓာသည် နန်းတော်သို့ ပြန်သွားခဲ့သည်။ ထို့နောက် မင်းချင်းတို့ကို အသပြာတစ်ထောင်နှင့် မင်းကြီးသားတော့်က မြှောက်စားလိုကြောင်း ကမ်းလှမ်းစေသည်။

ထိုအခါ ယသောဓရာလောင်း အမရာဒေဝီသည် မိမိမှာ လွတ်လပ်သူမဟုတ်၊ လင်ရှိသူဖြစ်ကြောင်း၊ ယူလာသည့် အသပြာသည် မိမိလင်၏ ခြေဖဝါးတွင် ကပ်နေသော မြူမှုန်လောက်ပင် အဖိုးမထိုက်၊ မြှောက်စားသည်ကို လက်မခံနိုင်ကြောင်း ရဲဝံ့ပြတ်သားစွာ ငြင်းဆိုခဲ့သည်။ သုံးကြိမ်တိုင် ထိုသို့ပြုလုပ်သော်လည်း သုံးကြိမ်လုံး ငြင်းပယ်ခဲ့သည်။

နောက်ဆုံး အတင်းဒရကျပ် ဆွဲခေါ်ခြင်း ခံခဲ့ရသဖြင့် မဟောသဓာရှေ့မှောက် ရောက်ခဲ့ရသည်။ တွေ့ကြုံဖြစ်ပျက်ခဲ့သမျှ မိမိရှေ့ရှိ မင်းကြီးသားတော်သည် မိမိ၏လင်ဖြစ်သူ မဟောသဓာဖြစ်လိမ့်မည်ဟု မဆက်စပ်မိနိုင်ဘဲ မမှတ်မိဘဲ ဖြစ်နေခဲ့သည်။

မင်းသား အဆောင်အယောင်နှင့် မဟောသဓာအားကြည့်ကာ ရယ်ခြင်း၊ ငိုခြင်းကို ပြုခဲ့သည်။

မဟောသဓာက ရယ်ရခြင်း၊ ငိုရခြင်း အကြောင်းရင်းကို မေးရာ ရယ်ရခြင်းမှာ မိမိသည် ဤသို့ကြီးကျယ်သော စည်းစိမ်ကို မမြင်စဖူး၊ ဘုန်းကံနည်းသူတို့ မထိုက်၊ မည်မျှ လုံ့လပြုသည်ဖြစ်စေ မရနိုင်သောအခြေအနေသို့ ရောက်ရှိပိုင်ဆိုင်ရမည် ဖြစ်သဖြင့် ဝမ်းသာ၍ ရယ်ခြင်းဖြစ်ကြောင်း ဖြေခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ငိုရခြင်းမှာ ဤသို့သောရခဲ့သည့် စည်းစိမ်ရှင် ဖြစ်ပါလျက် ပစ္စုပ္ပန်သံသရာ အကျိုးမဲ့ဖြစ်အောင် စိတ်အလိုလိုက်ကာ အခွင့်အာဏာသုံး၍ အနိုင်အထက်ပြုကာ လင်ရှိမိန်းမကို သိမ်းယူရန် ကြံခြင်းသည် တမလွန်၌ ဆင်းရဲဒုက္ခဖြစ်ကာ ငရဲကျမည် ဧကန်ဖြစ်တော့မည်ဟု ကရုဏာ ဖြစ်မိသဖြင့် ငိုရကြောင်း ဖြေခဲ့သည်။

သို့နှင့် မဟောသဓာက ပြန်ပို့ပေးခဲ့သည်။ ဤသို့ ငွေနှင့်လည်းဆွယ်ယူ၊ အာဏာဖြင့်လည်း အနိုင်အထက်ပြုလည်း ဦးမညွတ်၊ လင်ဖြစ်သူအပေါ် သစ္စာမြဲကာ မဖောက်မပြန် တည်ကြည်ရဲရင့်စွာ ရင်ဆိုင်ခဲ့သည့် မယားကောင်း တစ်ဦးအဖြစ် တွေ့ရပါမည်။

သေနက အစရှိသော အမတ်လေးဦး၏ ကုန်းတိုက်မှုကြောင့် မင်းမျက်သဖြင့် အဝေးသို့ ခေတ္တရှောင်ပြေးကာ အိုးထိန်းသည်ထံတွင် အမှုလုပ်ရင်း ဒုက္ခဆင်းရဲရောက်ပြီး ပင်ပန်းနေရသူ မိမိ၏ လင်ဖြစ်သူ မဟောသဓာသည် အပြစ်ကင်းသူဖြစ်ကြောင်းကို လိမ္မာပါးနပ်စွာ ဖော်ထုတ်လျက် အပြစ်ရှိသူ အမတ်လေးဦးကိုလည်း မင်းရှေ့သို့သွင်းကာ ရှင်းလင်းတင်ပြလျက် လင်၏ဒုက္ခကို ငြိမ်းစေနိုင်ခဲ့သည်။ ဤသို့ ဉာဏ်လည်းရှိ သစ္စာလည်းတည်၊ ကျင့်ဝတ်နှင့်လည်း ပြည့်စုံသဖြင့် တော်လေးဝင် မိန်းမမြတ် စာရင်း၌ ကမ္ပည်းတင်ခံခဲ့ရခြင်း ဖြစ်သည်။

မဟာနိပါတ် ဝေဿန္တရာဇာတ်တွင် လေးစားထိုက် ချီးကျူးထိုက်သော မယားကောင်း မယားမြတ်ဟူသည် ဤသို့ဖြစ်ပေသည်ဟု ထင်ရှားစွာ ပြသနိုင်ခဲ့သော မဒ္ဒီဒေဝီအဖြစ် ယသောဓရာ လောင်းလျာကို တွေ့ရမည်ဖြစ်သည်။ ဆင်ဖြူတော်ကို လှူသဖြင့် ပြည်သူတို့ နှင်ထုတ်ခဲ့သော လင်ဖြစ်သူ ဝေဿန္တရာမင်းကြီးက မိမိအား မိဘအရိပ်ခိုရင်း သားသမီးတို့ကို စောင့်ရှောက်လျက် မျိုးနွယ်တူထဲမှ စုံမက်လာသူရှိ၍ ကမ်းလှမ်းလာလျှင် လက်ဆက်၍ နေခဲ့ရန် ပြောခဲ့သည်။

ထိုအခါ လင်ဖြစ်သူအပေါ် သစ္စာတည်၍ကျင့်ဝတ်စောင့်ထိန်းသော မယားကောင်းတို့၏ အင်္ဂါရပ်၊ အပြုအမူတို့ကို လင်ဖြစ်သူအား ရှင်းလင်းတင်ပြရင်း အတူလိုက်မည်ဖြစ်ကြောင်း ပြောခဲ့သော မဒ္ဒီဒေဝီ၏ ပြောကြားချက်တို့သည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ နယ်ပယ်တွင် အစဉ်အဆက် စံအဖြစ် သတ်မှတ်လက်ခံ၍ ပြောစမှတ် တွင်ခဲ့ရလေသည်။

လင်ဖြစ်သူနှင့် အတူနေရ၍ ချက်ချင်းသေရမည်ဆိုလည်း ကျေနပ်သည်။ လင်နှင့်ကင်းကွာပြီး စည်းစိမ်ချမ်းသာနှင့် မနေလိုပါ၊ ရှင်လျှင်လည်း လင်ဖြစ်သူ၏ လက်တွင်၊ သေလျှင်လည်း လင်ဖြစ်သူ၏ လက်တွင်သာ ဖြစ်လိုကြောင်း၊ လင်ဖြစ်သူနှင့် ကွေကွင်း၍ အသက်ရှင်နေရခြင်းထက် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးတွင်းထဲဆင်း၍ သေရခြင်းက ပိုကောင်းကြောင်း၊ တိရစ္ဆာန်သော်မှ လင်သွားရာ နောက်လိုက်ကာ ချမ်းသာအတူ ဆင်းရဲအတူ နေသေးကြောင်း၊ ဆင်ခြင်နိုင်စွမ်းရှိသည့် မိမိကဲ့သို့သော လူသားတစ်ဦး အနေဖြင့် အဘယ်ကြောင့် လင်နောက်သို့ မလိုက်ဘဲနေမည် ဖြစ်သနည်း။

ဆင်ပြောင်ကြီးသွားရာ ဆင်မသည် ဖဝါးခြေထပ် လိုက်သကဲ့သို့ လင်ဖြစ်သူနောက်လိုက်ကာ သားနှင့်သမီးတို့နှင့်အတူ လင်ဖြစ်သူကို ပြုစုကျွေးမွေး စောင့်ရှောက်မည်ဖြစ်ကြောင်း မဒ္ဒီဒေဝီက ပြောခဲ့သည်။ ပြောသည့်အတိုင်းလည်း လုပ်ခဲ့သည်။

ဟိမဝန္တာသို့ မရောက်ဖူးသော်လည်း လင်ဖြစ်သူ ခံစားနေရသည့် စိတ်ဒုက္ခဆင်းရဲခြင်း ပြေလျော့စေရန် ဟိမဝန္တာတောသည် မည်သို့မည်ပုံ သာယာကြည်နူးဖွယ်ရှိကြောင်း၊ ဤသို့သော တောဝယ် သားသမီးတို့နှင့်အတူ လင်ကို ပြုစုလုပ်ကျွေးရင်း တွေ့ကြုံရသည်များကို မည်သို့မည်ပုံ ဖြေရှင်းကျော်လွှားမည်ဖြစ်ကြောင်း အမျိုးမျိုး ဖွဲ့နွဲ့ကာ ပြောကြားလျှောက်တင် နှစ်သိမ့်ခဲ့ပါသည်။

လင်ဖြစ်သူ ဝေဿန္တရာမင်း၊ သားသမီးတို့နှင့်တကွ သွားခါနီးဆဲဆဲတွင် ဟိမဝန္တာ၌တွေ့နိုင်မည့် ကြမ်းတမ်းခက်ခဲမှု၊ တွေ့ကြုံရနိုင်သည့် ဘေးအန္တရာယ်တို့ကို ပြောပြကာ လိုက်မသွားရန် ပြောပြကာ တားခဲ့သော ယောက္ခမဖြစ်သူ သိဝိဥ္စည်းမင်းကြီးအားလည်း ရှင်းပြလျှောက်တင်ခဲ့ပါသည်။ ထိုစကားများသည် သက်သေတင်ထိုက်သော မိန်းမမြတ် တစ်ဦး၏စကား ပီသပါပေသည်ဟု သိမှတ်လက်ခံထားကြပါသည်။

လင်ဖြစ်သူနှင့် ကင်း၍လည်း စိတ်ချမ်းသာ၍ မနေရစ်လိုကြောင်း၊ သစ်နက်ရေ သမန်းကျစ် သက်န်းဝတ်ကာ မြူအလိမ်းလိမ်းကပ်လျက် တောသစ်သီး သစ်ဖုတို့ကို စားကာ လင်ဖြစ်သူ၊ သားသမီးဖြစ်သူတို့နှင့် သစ်ရိပ် ဝါးရိပ်တွင် အတူနေရခြင်းက အလွန်ချမ်းမြေ့မည်ဖြစ်ကြောင်း၊ ချမ်းသာအတူခံပြီး ဆင်းရဲအတူခံကာ လင်ဖြစ်သူ၏ ရှေ့မှနေ၍ လမ်းထွင်ပြီး လိုက်ပါကျွေးမွေး ပြုစုမည်ဖြစ်ကြောင်း၊ မုဆိုးမဖြစ်ရသော ဆင်းရဲခြင်းသည် မိန်းမတို့အတွက် အလွန်ဆိုးရွားလှကြောင်း၊ သက်ရှိထင်ရှား လင်ရှိနေပါသေးလျက် သူ့နောက် မလိုက်ဘဲ စည်းစိမ်ပုံတွင် နေရစ်ပြီး အများတကာ၏ မလေးမစား မထီမဲ့မြင် ပြုလုပ်ခံရမည့် မုဆိုးမအဖြစ် မနေလိုကြောင်း။

လင်နှင့်အတူလိုက်ကာ ဖန်ရည်စွန်းသောသက်န်းဝတ်ပြီး ဆင်းရဲအတူ၊ အပူမရွေး၊ ချမ်းအေးမရှောင် တောတောင်ခေါက်ကြား အတူနေရင်း သားရဲတိရစ္ဆာန်တို့နှင့် တွေ့ခဲ့သော် လင်ဖြစ်သူရှေ့မှနေ၍ အသေခံမည်ဖြစ်ကြောင်း၊ လင်ဆင်းရဲသော် အဖော်မလုပ်လိုသော မိန်းမသည် ဘီလူးမကဲ့သို့ ယုတ်မာသူသာဖြစ်ကြောင်း၊ လင် ဆင်းရဲသော်

www.burmeseclassic.com

အတူဆင်းရဲခံပြီး လင်ကောင်းစားသော် အတူကောင်းစားမည်၊ သဘောဖြောင့်မှန်သော မိန်းမတို့အတွက် နတ်သိကြားမြဟ္မာတို့ အလွန်မြတ်နိုး၍ သာဓုခေါ်ကြကြောင်း ယောက္ခမဖြစ်သူ ထပ်၍တေားသာတော့သည်အထိ ပြန်၍လျှောက်တင်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွင် စံအဖြစ် မှတ်ယူလက်ခံ ပြောဆိုသုံးစွဲခဲ့သော မဒ္ဒီဒေဝီ၏ စကားရပ်အချို့တို့ ဖော်ပြလိုပါသည်။

"ဆိပ်ကမ်း ကျွန်း သောင် ရှိလင့်ကစား ရေမရှိသော မြစ်သည် အချည်းနှီးတည်း။

မြို့ပြ၊ ကျုံး၊ ပစ္စင်၊ ရင်တား၊ တံခါး၊ မုခ်၊ ဆိုင်တန်း၊ အိမ်ခန်း ရှိလင့်ကစား မင်းမရှိသောပြည်သည် အချည်းနှီးတည်း။

အဖိုးတစ်သိန်း ထိုက်သော အဝတ်တန်ဆာကို ဝတ်ဆင်ထားလင့်ကစား အကျင့်သီလ မရှိသူသည် အချည်းနှီးတည်း။

မောင်တစ်ကျိပ်ပင် ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းနှီးတည်း"

"ရထား၏ တန်ခိုးကား အောင်လံတံခွန်တည်း၊ မီး၏ တန်ခိုးကား အခိုးတည်း၊ ပြည်တိုင်းကား၏ တန်ခိုးကား မင်းတည်း၊ ယောကျ်ားတို့၏ တန်ခိုးကား အတတ်ပညာတည်း၊ မိန်းမတို့၏ တန်ခိုးကား လင်သာတည်း"

မြန်မာ့မှုနယ်ပယ်တွင် နှောင်းလူတို့ အလျဉ်းသင့်သလို ကိုးကားထုတ်နုတ် ထည့်သွင်းပြောဆိုကြသော မဒ္ဒီဒေဝီ နှုတ်ထွက်စကားများပင် ဖြစ်သည်။

ဟိမဝန္တာတောကြီးအတွင်း ဝင်္ကပါတောင်၌ သိကြားပေးသော ကျောင်းသခ်မ်းတွင် မင်းလေးပါး ရသေ့ရဟန်းအသွင်ယူကာ မြတ်သောအကျင့် ကျင့်ကာ နေခဲ့ကြစဉ် လင်ဖြစ်သူနှင့် သားသမီးတို့ကို နေ့စဉ် တောသို့သွားပြီး သစ်သီးကြီးငယ် စားဖွယ်တို့ကို ရှာဖွေကျွေးမွေး ပြုစုလုပ်ကျွေးခဲ့သည်မှာ ခုနစ်လတိုင်သည်အထိ ဖြစ်ခဲ့သည်။

ဝေဿန္တရာမင်းသည် သားသမီးတို့ကို ဇူဇကာပုဏ္ဏားအား လှူပြီးနောက် ဇူဇကာပုဏ္ဏားသည် သားသမီးတို့ကို မိမိရှေ့တွင်ပင် ညှဉ်းပန်းနှိပ်စက်နေသည်ကို မြင်ရသော် သည်းမခံနိုင်တော့ဘဲ ပုဏ္ဏားကို သတ်၍ သားသမီးတို့ကို ပြန်ယူရန် ကြံမိသည်အထိ ဖြစ်ခဲ့ရ၏။

မယားဖြစ်သူ မဒ္ဒီဒေဝီ ပြန်ရောက်ရောက်ချင်း သားသမီးတို့ကို လှူလိုက်ကြောင်း ပြောလိုက်လျှင် မိခင်မိန်းမသားဖြစ်သူ မဒ္ဒီဒေဝီသည် ခံနိုင်စွမ်းရှိမည်မဟုတ်ဘဲ ရင်ကွဲလိမ့်မည်စိုး၍ မဒ္ဒီဒေဝီမှ သားသမီးတို့ကို မတွေ့၍ မေးသည်ကို မဖြေဘဲ နောက်ကျနေမှုကို အပြစ်တင်ခဲ့သည်။

မဒ္ဒီဒေဝီမှ နောက်ကျရခြင်းကို ရှင်းပြပြီး သားသမီးဖောကပ်ကာ တစ်တောလုံးအနှံ့ စိုးရိမ်ပူပန်ခြင်းကြီးစွာဖြင့် အန္တရာယ်ကို မမှုဘဲ ရှာဖွေခဲ့သည်။ သုံးကြိမ်တိုင် တစ်တောလုံးအနှံ့ ရှာခဲ့သော် ခရီးသည် တစ်ဆယ့်ငါး ယူဇနာခန့်ပင် ရှိခဲ့သည်။

နောက်ဆုံး မတွေ့သဖြင့် ပြန်လာကာ သားသမီးတို့အတွက် စိုးရိမ်ပူပန်မှုကြောင့် လင်ဖြစ်သူရှေ့တွင် မူးလဲသွားခဲ့ရသည်။

သတိပြန်ရသော် လင်ဖြစ်သူ ဝေဿန္တရာမင်းက အကျိုးအကြောင်း ပြောပြသော် စောစောကပင် ထုတ်ပြောခဲ့ပါက မိမိ၏မျှ မပင်ပန်းနိုင်ကြောင်း၊ ဤသို့ လှူရခြင်းသည် သားသမီးတို့ကို မချစ်၍မဟုတ်ဘဲ မနိုင်းယှဉ်လောက်အောင် တန်ဖိုးထားရသည့် သဗ္ဗညုတ ဉာဏ်တော်ကို ရစေခြင်းအကျိုးငှာ ပြုလုပ်သည်ကို သိကြောင်း၊ လင်ဖြစ်သူ၏ အလှူပေါ်တွင် တွန့်ဆုတ်ပြုမူ မလိုလားခြင်း မဖြစ်ပါကြောင်း လျှောက်တင်ခဲ့သည်။

မင်းလေးပါး ပြည်တော်ပြန်ခွင့်ရ၍ ပြန်ဆုံကြစဉ် သားသမီးတို့နှင့် ပြန်တွေ့ဆုံရာ၌ အားလုံး မိန်းမောမူးလဲသွားကြရာ မူးမေ့ရင်းကပင် မိမိ၏သားမြတ်မှ နို့ရည်များ စီးထွက်ကာ မူးမေ့နေသူ သားနှင့်သမီးတို့၏ ခံတွင်းထဲသို့ ရောက်စေကာ သားသမီးတို့ကို အသက်ရှင်စေခဲ့သည်အထိ မိခင်မေတ္တာ ချစ်ခြင်းကြီးမားခဲ့သူ မဒ္ဒီဒေဝီသည် လင်ဖြစ်သူ သဗ္ဗညုတဉာဏ်ရစေရန် အသက်ထက် ချစ်မြတ်နိုးရသော သားသမီးတို့ကို လင်ဖြစ်သူက လှူခဲ့ခြင်းအတွက် နားလည်လက်ခံကာ ကြည်ဖြူစွာဖြင့် ပါရမီဖြည့်ခဲ့ပေသည်။ သာဓု အနုမောဒနာ ပြုခဲ့ရှာသူ ဖြစ်သည်။

ဝေဿန္တရာမင်း၏ အလှူ၌ ရက်ရောမှုကို သိသော သိကြားမင်းသည် မယားဖြစ်သူကို လှူဦးမည်ဖြစ်ရာ မိန်းမမြတ် မဒ္ဒီဒေဝီလည်း မတော်သူထံ မရောက်စေဘဲ ဝေဿန္တရာမင်း၏ သဗ္ဗညုတ ဉာဏ်တော် ရရာရောက်ကြောင်း အထောက်အပံ့ဖြစ်ကာ ပါရမီဖြည့်ပြီးဖြစ်အောင် ပုဏ္ဏားအသွင်ဖြင့် မဒ္ဒီဒေဝီကို အလှူခံခဲ့လေသည်။

လင်ဖြစ်သူက မိမိကို ရေစက်ချ၍ လှူနေစဉ် မဒ္ဒီဒေဝီသည် နှလုံးမသာမယာမဖြစ်၊ မျက်ရည်မထွက်၊ မျက်မှောင်မကြုတ်၊ မျက်နှာမညိုးဘဲ လင်ဖြစ်သူသည် မိမိကို မုန်း၍ မဟုတ်၊ မချစ်၍ မဟုတ်၊ အလွန်မြတ်နိုး တန်ဖိုးရှိလှသော ဘုရားဆုကို ရလိုသောကြောင့် ဤသို့ စွန့်ခြင်းငါးပါး အပါအဝင် မိမိကဲ့သို့သော မယားကို လှူကို လှူရမှသာ ပါရမီပြည့်မည်ဖြစ်၍ လှူရကြောင်း စိတ်တွင် ဆင်ခြင်နှလုံးသွင်းကာ မိမိအား ကြည့်နေသူ လင်ဖြစ်သူ ဝေဿန္တရာမင်းအား ရှုံ့ရှာတွန့်တိုခြင်းကင်းစွာ ပါရမီဖြည့်ဖက် စစ်စစ်ဖြစ်ကြောင်း မိမိ၏သဘောကို ထုတ်ပြောခဲ့သည်။

မိမိတို့နှစ်ဦးသည် ငယ်စဉ်ကပင် ထိမ်းမြား လက်ထပ်ခဲ့သည်ဖြစ်ရာ လင်ဖြစ်သူ ဝေဿန္တရာမင်းသည် မိမိကိုပိုင်ကြောင်း၊ ထို့ကြောင့် တစ်ယောက်သောသူအား ပေးလိုက ပေးနိုင်ကြောင်း၊ ဥစ္စာ





www.burmeseclassic.com

www.burmeseclassic.com

အလို့ငှာ ရောင်းလိုကရောင်းနိုင်ကြောင်း၊ အသွေးအသား ခြေလက် မျက်စိအလို ရှိရာကိုလည်း ထုတ်သည့်လိုက ဆုတ်ယူနိုင်ကြောင်း၊ သတ်လိုကလည်း သတ်နိုင်ကြောင်း၊ ထိုသို့သုပ်သည့်အတွက် လင်ဖြစ်သူ မင်းကြီးကို အမျက် စိုးစဉ်းမျှ ထွက်မည်မဟုတ်ကြောင်း ပြောသင့်ပါသည်။

လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်က ကြည်နူးစွာ ဆုပန်ခံယူခဲ့သော ပါရမီဖြည့်ဖက်စင်စစ်ဖြစ်ကြောင်း၊ မရေမတွက်နိုင်လောက်အောင် များပြားခဲ့သော ဘဝတို့တုန်းက နည်းတူ နောက်ဆုံးပါရမီဖြည့်ရသည့် ဘဝဟု ဆိုရမည်။

ဝေဿန္တရာဇာတ်တွင် မဒ္ဒီဒေဝီအဖြစ် အစွမ်းကုန် စွမ်းနိုင်သမျှ ပါရမီဖြည့်ဆည်းပေးခဲ့သည်ဖြစ်ရာ မြန်မာတို့၏ ဗုဒ္ဓသာသနာသမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှု လူမှုရေး နယ်ပယ်တွင် တော်လေးဝဝင် မိန်းမမြတ်ဟု မှတ်တမ်းတင် အတုယူခဲ့ကြရပေသည်။

နောက်ဆုံး ဘဝ၌ ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်းမှ ဆုပန်ခဲ့သော သုမေဓာ ရှင်ရသေ့နှင့်အတူ သူမလေး သုမိတ္တာသည် ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ကြင်ရာတော် သမေသာဒေဝီအဖြစ် ရောက်ရှိဖြစ်တည်လာခဲ့ရာ မိမိဆုပန်ခဲ့သည့်အတိုင်း ဘုရားလောင်း၏ ရည်မှန်းချက်ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကို ရရှိစေရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ပေးအပ်နိုင်ခဲ့ပြီဖြစ်သည်။

မိမိကိုယ်တိုင်လည်း သုဒ္ဓေါဒန မင်းကြီး ထီးဖြူရိပ်၌ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် မိထွေးတော် ဂေါတမီမိဖုရားကြီးနှင့် နန်းတွင်းသူ ငါးရာတို့ ဘုရားရှင်ထံမှ ဘိက္ခုနီပြုခွင့် ရကြသော် မိမိလည်း ဘိက္ခုနီမပြုလျက် ဘာဝနာပွားများ ကျင့်ကြံအားထုတ်ကာ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ရရုံမျှမက အဘိညာဉ်အရာတွင် ဧတဒဂ်ဘွဲ့ထူး ရခဲ့ပေပြီ။ အတ္တပရ နှစ်ဝအကျိုး ဖြစ်ထွန်းပြည့်ဝခဲ့ရပြီဖြစ်သည်။



လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း ကုဋေအထောင်မကသော ဘဝတို့၌ လင်ဖြစ်သူ ဘုရားလောင်းက မိမိကို အခြားသူ၏ မယားအဖြစ်ပြုရန် ပေးလှူခြင်းကို ကြည်ဖြူစွာ လက်ခံခဲ့ပေသည်။ ဘုရားလောင်း ဘုရားဖြစ်ရန် အကျိုးအတွက်တည်းဟု ခံယူရင်း စိတ်ဖောက်ပြန်ခြင်း၊ အပြစ်တင်ခြင်း၊ ငြူစူခြင်းမရှိခဲ့ဘဲ ဒပေးဆပ်ခဲ့ပေသည်။

ကုဋေအထောင်မကသော ဘဝတို့တွင် လင်ဖြစ်သူက အစားအစာအလို့ငှာ ပေးလှူခဲ့သည်ကိုလည်း လက်ခံကြည်ဖြူ ဖြည့်ဆည်းပေးခဲ့သည်ပင်။ လင်ဖြစ်သူ ဘုရားလောင်း ဘေးဒုက္ခရန်မှလွတ်ရန် အသက်ကိုပင် စွန့်လွှတ်ပေးအပ်ခဲ့ပါသည်။

လင်ဖြစ်သူ သဗ္ဗညုတဉာဏ်တော်ရရန် မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ၊ အဝတ်တန်ဆာ၊ ဥစ္စာစည်းစိမ်၊ လယ်ယာခြံမြေတို့ကိုသာမက ရင်မှဖြစ်သော သားသမီးတို့ကိုပင် ကြည်ဖြူစွာ စွန့်လွှတ်ပေးအပ်ခဲ့သည်သာ။

တစ်ဘဝ နှစ်ဘဝ မဟုတ်၊ ကဋေအထောင်မကသော ဘဝတို့တွင်ဖြစ်သည်။ ဘဝများစွာ ဖြတ်သန်းခဲ့ရစဉ် လင်ဖြစ်သူနှင့်အတူ ဒုက္ခဆင်းရဲကြီးစွာ ခံခဲ့ရသကဲ့သို့ စည်းစိမ်ချမ်းသာကိုလည်း ခံစားခဲ့ရသည်ပင်။ အလှူပစ္စည်းအဖြစ် ပေးခြင်းခံရသော အခါ၌လည်း စိတ်မကွက် အမျက်မထွက်ဘဲ စိတ်ဖြူကြည်ဖြူခဲ့ပါသည်။

ဒီပင်္ကရာဘုရား ခြေတော်ရင်းမှ သုမိတ္တာ ပုဏ္ဏေးမလေးဘဝဟု စခဲ့ရပြီး နောက်ဆုံးဘဝ ရဟန္တာထေရီမကြီး ယသောဓရာထေရီအဖြစ် သက်တော် (၇၈)နှစ်တွင် မိမိ၏ အာယုသက်တမ်းကုန်ပြီကို သိသဖြင့် ဘုရားရှင်ထံ သွားရောက်၍ နောက်ဆုံးဖူးမြော်ခြင်းကိုပြုကာ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါသည်။

မည်သို့ ကုသိုလ်ကောင်းမှု ပြုခဲ့သည်ဖြစ်စေ၊ မည်မျှ ကြီးမြတ်သည်အထိ ရောက်ရှိလာသည်ဖြစ်စေ နောက်ဆုံးတွင်ကား ဖြစ်ခြင်းတို့သည် ချုပ်ငြိမ်းကြကုန်သည်သာ ဖြစ်လေတော့သည်။ သင်္ခါရ သင်္ခါရာ အနိစ္စာပါ တကား၊ ဒုက္ခာပါ တကား၊ အနတ္တာပါ တကား။

ကျမ်းကိုး

၁။ မဟာဗုဒ္ဓဝင်ကျမ်း (၆)တွဲ၊ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး။
၂။ ငါးရာ့ငါးဆယ် ဇာတ်တော်ကြီး (၅)တွဲညောင်ကန်ဆရာတော်ဘုရားကြီး။
၃။ ထေရာထေရီအပဒါန် ပါဠိတော် မြန်မာပြန်၊ သာသနာရေးဦးစီးဌာန။
၄။ မဟာနိပါတ်လာ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ အရှင်ဩဘာသ၊ အရှင်ပညာကိတ္တိ၊ အရှင်နန္ဒမေဓာ။

လင်းယဉ်ဥာဏ်

□



www.burmeseclassic.com

www.burmeseclassic.com



# MACAU CASINO
# မကာအို ကာစီနိုကစားဝိုင်း ဟိုတယ်များသို့

ဉာဏ်ပွင့်(စက်မှု)

(ယခင်လမှအဆက်)

"မင်္ဂလာပါ ညီလေး"

"မင်္ဂလာပါ"

"ပြီးခဲ့တဲ့ အခေါက်က မကာအိုအကြောင်း အစ်ကို တော်တော်စိတ်ဝင်စားတယ်၊ ဆက်ပါဦး"

"မကာအိုမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ နေရာလေးတွေ ရှိတယ်၊ ပထမဆုံး ကျွန်တော်တို့ရောက်တဲ့နေရာက Lotus Flower ရှိတဲ့ နေရာပဲ၊ အဲဒီကြာပွင့်ကြီးကို မြို့ရဲ့အချက်အချာ ကျတဲ့နေရာမှာ ထားထားတယ်"

"မြို့လယ်ကောင်မှာပေါ့"

"ဟုတ်တယ်၊ ရွှေရောင်ကြာပွင့်ကြီးပဲ၊ ကြေးနဲ့လုပ်ထားပြီး ရွှေရောင်မှုတ်ထားတာ၊ ခြောက်တန်ခွဲလောက် လေးတယ်၊ ခြောက်မီတာ မြင့်တယ်၊ ပွင့်ဖတ်ရဲ့ အကျယ်က ၃ ဒသမ ၆ မီတာ အပြန့်ကျယ်တယ်၊ ၁၉၉၉ မှာ တရုတ်က လက်ဆောင် ပေးထားတာ၊ မကာအိုကို ပေါ်တူဂီလက်အောက်ကနေ တရုတ်တို့ ပြန်ရတဲ့အထိမ်းအမှတ် အနေနဲ့ပေါ့"

"မကာအိုဟာ ပေါ်တူဂီလက်အောက် ရောက်ဖူးတယ် ဆိုတာကို အစ်ကိုလည်း ကြားဖူးပါတယ်"

"ဒုတိယ စိတ်ဝင်စားဖို့ကောင်းတဲ့ နေရာကတော့ Macau Fisherman's Wharf နေရာပဲ၊ အကျယ်ကြီးပဲ၊ ရောက် သွားတာနဲ့ တကယ့် သီးခြားဒေသလေး ရောက်သွားသလိုပဲ၊ ဝင်လိုက်တာနဲ့ ရှေးဟောင်းရောမပြည်ထဲ ရောက်သွားသလို





www.burmeseclassic.com

www.burmeseclassic.com







Macau Fisherman's Wharf ရှိ အဆောက်အအုံများ

မျိုးဖြစ်အောင် လုပ်ထားတယ်၊ ရောမလူသတ်ကွင်းကြီးကို ဒီဘေးမှာ ဆောက်ထားတယ်"

"ရောမ မရောက်ဖူးတဲ့လူတွေအတွက်တော့ ကွက်တိပဲပေါ့"

"ကျွန်တော်လည်း ပါတာပါပဲ၊ ကျွန်တော်လည်း ရောမကို သွားလည်ချင်နေတာ၊ ခုဟာကတော့ အတုပေါ့ဗျာ၊ အဲဒီ အီတလီနိုင်ငံ ရောမမြို့က ကိုလိုစီယမ်ကစားကွင်းကြီးကို ကမ္ဘာ့ ဆောက်လုပ်ရေးပညာရှင်တွေကတောင် စိတ်ဝင်စားကြတာ၊ နှစ်ပေါင်း ၂၀၀၀ ကျော်နေပြီ၊ ဘာကြောင့် အက်ကြောင်းမထလဲဆိုတာကိုပဲ"

"ဟ. . . ပြောပါဦး၊ ဗဟုသုတလေး"

"အဖြေက ရောမခေတ် ကွန်ကရစ်ဖွဲ့စည်းပုံပဲ၊ ရောမခေတ် ဘိလပ်မြေတွေထဲက မီးတောင်ပြာမှုန့်တွေကြောင့် အက်ကြောင်းမထတာ၊ ကွန်ကရစ်နဲ့ ကျောက်ခဲတွေက တစ်သားတည်း ဖြစ်သွားတယ်၊ မီးတောင်ပြာမှုန့် ထည့်တဲ့အတွက် ကွန်ကရစ်ရဲ့ ဖွဲ့စပ်စည်းနှောင်အားကို တိုးစေတယ်"

"တော်လိုက်တာ၊ ခုခေတ် ပညာရှင်တွေ ရှေးပညာရှင်တွေဆီက သင်ယူစရာတွေ အများကြီး ကျန်နေသေးတာကိုး"

"ကျွန်တော်တို့လည်း အဲဒီနေရာမှာ ဓာတ်ပုံတွေရိုက်ပြီး အထဲဆက်ဝင်ခဲ့တယ်၊ အထဲမှာလည်း ကမ္ဘာ့စိတ်ဝင်စားဖွယ်ကောင်းတဲ့ နေရာတွေရဲ့ ပုံစံတူတွေ အများကြီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com

Cape Town, Amsterdam, Venice, Six Rides, A Slots Hall, 72 Room Hotel, Miami, New Orients နေရာမျိုးတွေ ရောက်သွားသလို ခံစားရအောင် စီစဉ်ထားတယ်၊ ရသမျိုးစုံကို တစ်ခုပြီးတစ်ခု မရိုးအီသွားအောင် တွေ့ရတယ်၊ အခုပဲ ရှေးဟောင်းမြို့တော်၊ ခဏနေကျတော့ မြို့ကြီးပြကြီး၊ နောက်တော့ ကမ်းခြေ ဆက်တိုက်ပဲ"

"သွားချင်တဲ့ နေရာတစ်ခုတော့ တိုးလာပြန်ပြီ"

"ဒါကြောင့် ပိုက်ဆံတွေ လှိမ့်ရှာနေတာပေါ့လေ၊ တစ်နေရာ တစ်နေရာကို အကျယ်ကြီးနဲ့ အကောင်းစား လုပ်ထားတာ၊ ဒါမှ အဲဒီနေရာ ရောက်သွားသလို ခံစားရမှာလေ၊ တကယ့် တကယ်တော့ အဲဒီ အဆောက်အအုံတွေထဲမှာ ကာစီနိုကစားဝိုင်းတွေချည်းပဲ၊ အရောင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ရှိုးပွဲတွေလည်း ရှိတယ်၊ ကျွန်တော်တို့အဖွဲ့ ဓာတ်ပုံရိုက်ရင်းနဲ့ လှူစုကွဲသွားတာ တစ်ဖက်စွန်း ကမ်းခြေရောက်မှပဲ ပြန်ဆုံကြတယ်"

"ကမ်းခြေနားမှာ ဆောက်ထားတာကိုး၊ မြို့နဲ့ တော်တော်လှမ်းလား"

"သိပ်မလှမ်းဘူး၊ ရုပ်ပြေးယာဉ်စခန်းရဲ့ မလှမ်းမကမ်းမှာပဲ၊ အဲဒီအဆောက်အအုံတွေကို ငါးနှစ်လောက် အချိန်ယူပြီး ဆောက်ခဲ့ရတာ၊ ဆောက်တုန်းကတော့ ကမ္ဘာ့နေရာအသီးသီးတွေ ရောက်သွားသလို ခံစားစေပြီး ကစားကွင်းတွေလုပ်မလို့ပဲ၊ နောက်တော့ ကာစီနိုကစားဝိုင်းတွေ ဖွင့်တာကမှ ပိုကိုက်တော့ ကာစီနိုဟိုတယ်တွေ ဖြစ်ကုန်တာပေါ့၊ ၂၀၀၅ မှ စဖွင့်တာ၊ 111,500 Meter Square ကျယ်တယ်၊ ခွေကိုကပွဲတွေလည်း ရှိတယ်၊ Water World ပြပွဲဆိုရင် နာမည်ကြီးပဲ၊ ကျွန်တော်တို့ကတော့ မကြည့်လိုက်ရဘူး။


ဓာတ်ပုံတွေ ရိုက်ရတာလည်း မောပြီဆိုတော့ ကမ်းနားမှာပဲ လေညင်းခံ အပန်းဖြေကြတာပေါ့၊ အခုံးအခွက်တွေနဲ့ သက်စွမ်းပြ ဆောက်ထားတဲ့ မကာအိုတံတားကြီး နောက်ခံနဲ့ပေါ့ သူတို့နိုင်ငံရဲ့ လုပ်နိုင်စွမ်းအားကို ကြွားထားတဲ့သဘောပဲ"

"ကြွားလည်း ကြွားနိုင်လောက်တာကိုး၊ မကာအိုအကြောင်းလည်း သိသလောက် ပြောပေးပါဦး"

"မကာအိုကလည်း ဟောင်ကောင်လိုပဲ တရုတ်ပြည်ရဲ့ အထူးဒေသပဲ၊ လူဦးရေ ၆ သိန်းခွဲလောက် ရှိတယ်၊ သူ့နေရာကျဉ်းကျဉ်းလေးနဲ့စာရင်တော့ ကမ္ဘာပေါ်မှာ လူဦးရေအသိပ်သည်းဆုံး နေရာလို့ ပြောကြတယ်"

"အထူးဒေသဆိုတော့ ဘယ်လိုဖြစ်ရတာလဲ"

"ပေါ်တူဂီတွေက ၁၆ ရာစုအလယ်လောက်မှာ မကာအိုကို သိမ်းခဲ့တာ၊ ၁၉၉၉ ကျမှ တရုတ်ကို ပြန်ပေးခဲ့တယ်၊ ပေါ်တူဂီတွေက ၁၅၅၀ ပြည့်နှစ်ကတည်းက မကာအိုမှာ ခြေချခဲ့တာ၊ ၁၅၅၇ မှာ စီးပွားရေးလုပ်ဖို့အတွက် ဆိပ်ကမ်းငှားခဲ့တာကနေ စခဲ့တာ၊ ၁၈၈၇ အထိ တရုတ်အာဏာပိုင်



Macau Fisherman's Wharf ရှိ မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com



Bubble Show ပြပွဲ၏ ပြကွက်များ

တွေကနေတစ်ဆင့် အုပ်ချုပ်ခဲ့တယ်၊ နောက်တော့ တဖြည်းဖြည်း သိမ်းလိုက်ရော။

အာရှမှာတော့ နောက်အကျဆုံး ကိုလိုနီလက်အောက်ကနေ လွတ်တဲ့ နိုင်ငံပဲ၊ တရုတ်ပြည်ကလည်း တစ်နိုင်ငံ စနစ်နှစ်မျိုးထားပြီး တရုတ်ပြည်မကြီးလိုမျိုး မတင်းကျပ်ပါဘူးဆိုပြီး သဘောတူညီချက်နဲ့ပြန်လက်ခံခဲ့တယ်၊ ဒါကြောင့် မကာအိုရဲ့ ရဲစနစ်၊ အကောက်ခွန်စနစ်၊ လူဝင်မှုကြီးကြပ်ရေးစနစ်နဲ့ ပြည်တွင်းရေးတွေကို အရင်ပုံစံအတိုင်း ဆောင်ရွက်စေတယ်၊ မကာအိုကလည်း ကမ္ဘာ့အချမ်းသာဆုံး မြို့တွေထဲက တစ်မြို့ဆိုတော့ ဒါတွေ တောင်းဆိုတာပေါ့"

"အစ်ကိုလည်း ကြားဖူးတယ်၊ GDP Per Capital တွေထဲမှာ အမြင့်ဆုံးပဲ၊ ကမ္ဘာ့ဘဏ်တွေ စာရင်းအရ ရောင်းဝယ်ဖောက်ကားမှု အကောင်းဆုံး မြို့တွေစာရင်းထဲ ပါတယ်၊ အဓိက ဝင်ငွေကတော့ လောင်းကစား စီးပွားရေးပဲ။

ကမ္ဘာမှာတော့ အကျယ်ဆုံး လောင်းကစားနယ်မြေပဲ၊ လောင်းကစားလုပ်ဖို့ တစ်ကမ္ဘာလုံးက လောင်းကစားသမားတွေလာတော့ ခရီးသွားလုပ်ငန်းက ကောင်းတယ်၊ ရောင်းဝယ်ဖောက်ကားမှုတွေလည်း ကောင်းလာတာပေါ့၊ လေယာဉ်နဲ့ နေ့ချင်းပြန်လာပြီး လောင်းကစားတဲ့ သူဌေးတွေတောင် ရှိတယ်။

လောင်းကစား စီးပွားရေးက ပထမဆိုပေမယ့် ပြည်သူတွေအတွက်လည်း အလုပ်ရအောင် စက်ရုံ အလုပ်ရုံတွေ



လည်း အများကြီးရှိတယ်၊ ပြည်သူတွေ ပိုက်ဆံထောအောင် အစိုးရက လုပ်ပေးထားတဲ့ သဘောပါပဲ"

"အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ သဘောပေါ့"

"တစ်[illegible]တော့လည်း မှန်ပါတယ်၊ ဥပမာအနေနဲ့ ပြောရရင် ဂျပန်၊ မကာအိုတို့မှာ နေတဲ့ လူတွေရဲ့ လူ့သက်တမ်းက ပိုရှည်တယ်၊ ကျွန်တော့်အယူအဆ တစ်ခုကို ပြောပြမယ်၊ သီလကောင်းရင် အသက်ရှည်မယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ သူတို့က ငါးပါးသီလတို့ ရှစ်ပါးသီလတို့ဆိုတာ သိတောင်မသိဘူး။

ဒါပေမယ့် အစိုးရက ပြည်သူတွေ အကုသိုလ်နည်းပါးအောင် စီးပွားရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဖန်တီးပေးထားတယ်၊ လာဘ်မစားအောင် အလုံအလောက် လစာပေးထားတယ်၊ လူတစ်ဦးစီရဲ့ အခွင့်အရေး ဘယ်လောက် အတိုင်းအတာရှိလဲဆိုတာ နားလည်အောင် ပြောပြထားတယ်၊ ဒီတော့ အချောင်စားချင်တဲ့ စိတ်တွေ၊ ခွင်ရှာချင်တဲ့စိတ်တွေ နည်းသွားတယ်၊ သူများ အဆင်မပြေမှ ငါ ပိုက်ဆံရမယ်ဆိုတဲ့ စိတ်တွေလည်း လျော့သွားတယ်၊ ဒါကလည်း သီလတစ်မျိုးလို့ ထင်တယ်"

"စားဝတ်နေရေး အဆင်ပြေနေမှတော့ စိတ်ဖိစီးမှုတွေလည်း နည်းသွားတာပေါ့၊ ဒါတွေကလည်း သူတို့နိုင်ငံက လူတွေ လူ့သက်တမ်းရှည်စေဖို့ အထောက်အပံ့တွေ ဖြစ်မယ်ထင်တယ်၊ မကာအို အကြောင်း ဆက်ပြောပေးပါဦး"

"ကျွန်တော်တို့လည်း Bubble Show ကြည့်ဖို့ City of Dream ကို သွားကြတယ်၊ City of Dream ဆိုတာ တာဝါလေးခုတွဲ နေရာကြီးပဲ၊ Hard Rock Hotel Tower, Crown Tower နဲ့ Grand Hyatt Macau Tower နှစ်ခုတွဲကြီးနဲ့ ဆိုတော့ လေးခုပေါ့၊ ၂၀၀၉ မှာ စဖွင့်တာ၊ 420,000 sq ft ကျယ်တယ်၊ ကာစီနိုပုံစံမျိုးစုံ ကစားလို့ရတယ်၊ လူနဲ့ ဆော့မလား၊ စက်နဲ့ ဆော့မလား၊ လူနဲ့ ဆော့ဖို့ဆိုရင် ကစားဝိုင်း ၅၀၀ လောက်ရှိတယ်၊ စက်နဲ့ ဆော့မယ်ဆိုရင် စက်ပေါင်း ၁၀၀၀ ကျော်ရှိတယ်၊ စားသောက်ဆိုင် ၂၀ ရှိတယ်၊ မကာအိုမှာ အကြီးဆုံးပဲ၊ အဲဒီနေရာမှာ Bubble Show သွားကြည့်ကြတာ"

"Bubble Show ဆိုတာ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လှပရှုချင်ဖွယ် မကာအို

"ကျွန်တော်လည်း ခုမှ ကြည့်ဖူးတာ၊ အမိုးခုံးကြီးထဲ ဝင်သွားပြီး ကြည့်ရတာ၊ လူ ၂၀၀ လောက် တစ်ပြိုင်တည်း ကြည့်လို့ရတယ်၊ အဲဒီ အမိုးခုံးကြီး တစ်ခုလုံးဟာ LED ပိတ်ကားကြီးပဲ၊ ရုပ်ရှင်က နဂါးမင်းကြီးနဲ့ နဂါးတိုင်းပြည်အကြောင်း ပြတာ၊ နဂါးတွေက ကျွန်တော်တို့ ရှေ့က ထွက်လာလိုက် နောက်ဘက်ကို ဝင်သွားလိုက်၊ ရေနတ်သမီးတွေက ဘယ်ဘက်က ထွက်လာလိုက် ညာဘက်ကို ရောက်သွားလိုက်နဲ့၊ ရေတာဝဲကြီးဆိုရင် လူအယောက် ၂၀၀ လုံးကို အုပ်ထားသလို မိုး အပေါ်ကနေ မိုးထားတာ၊ ကိုယ်ပါ ရေအောက်ရောက်နေသလိုပဲ၊ ပြချိန်ကတော့ နာရီဝက်လောက်ပါပဲ၊ တစ်နိုင်ငံဆက် တစ်နိုင်ငံ သာအောင် လုပ်နေတယ်ဆိုတော့ တကယ့်ရှုပ်ပဲပြွဲပါ။

အဲဒါပြီးတော့ A- Ma ဘုရားကျောင်းကို သွားကြတယ်"

"ငါ့ညီတို့ တော်တော်လေး Run တာပဲနော်"

"ဟုတ်တယ်၊ ရှေးဟောင်း တရုတ်ဘုရားကျောင်းကြီးပဲ၊ တောင်ခြေမှာရော တောင်ပေါ်မှာပါ တည်ထားတာ၊ တချို့အဖွဲ့တွေကတော့ တောင်ခြေမှာပဲ ဆုတောင်းကြတယ်၊ ဖယောင်းတိုင် အမွှေးတိုင်တွေကြားမှာ ဂန္ဓမာပန်း အဝါရောင်တွေနဲ့ တော်တော်လေး ပန်းတင့်တယ်၊ တောင်ခြေမှာက သစ်ရိပ်ဝါးရိပ်လည်း ကောင်းတယ်၊ ဆုတောင်းဖို့ တရုတ်စာချဖို့ နေရာလေးတွေ စီစဉ်ပေးထားတယ်၊ အန္တရာယ်ကင်းပစ္စည်းတွေ၊ လက်ဖွဲ့တွေ ရောင်းတဲ့ အရောင်းဆိုင်တွေလည်းရှိတယ်၊ နေရာထိုင်ခင်းတွေလည်း စီစဉ်ပေးထားတယ်၊ သပြေပန်းနဲ့တွေကလည်း မွှေးနေတာပဲ"

"တောင်တစ်တောင်လုံးကို ဘုရားကျောင်း ဆောက်ထားတာ ထင်တယ်"

"တချို့က တောင်ခြေမှာပဲ နေခဲ့တယ်၊ ကျွန်တော်တို့ကတော့ တောင်ပေါ်တက်ခဲ့တယ်၊ ကျောက်တုံး အကြီးကြီးတွေကြားမှာ အဆောင်လေးတွေ ဆောက်ထားတယ်၊ တောင်





www.burmeseclassic.com

www.burmeseclassic.com





ပေါ် ဆိုပေမယ့် သိပ်မမြင့်ပါဘူး၊ ဆယ်ထပ်တိုက် အမြင့်လောက်ပဲရှိတယ်၊ တောင်အောက်က မော့ကြည့်ရင် ခမောက်ပုံစံ အဝိုင်းလေးတွေ အများကြီးတွေ့ရတယ်။

တောင်ပေါ်ရောက်မှ ခြင်ဆေးခွေလို ခွေထားတဲ့ အမွှေးတိုင်တွေ၊ အခွေက ခမောက်အရွယ်လောက် ကြီးတယ်၊ အလယ်ကနေ ချိတ်နဲ့ ဆွဲလိုက်တော့ ခမောက်ပုံအဝိုင်းချွန်လေး ဖြစ်သွားရော၊ ခြင်ဆေးခွေလိုမျိုး တဖြည်းဖြည်း မီးကျွမ်းသွားတာ၊ ခြင်ဆေးခွေအကြီးစား အမွှေးတိုင်ပေါ့။

အပေါ်တက်ရင်းနဲ့ ကျောက်တုံး ကျောက်စွန်နား အန္တရာယ် မကြောက်ဘဲနဲ့ ဓာတ်ပုံရိုက်နေတဲ့သူတွေလည်း ရှိတယ်၊ ပြုတ်ကျလို့ကတော့ အရိုးတခြား အသားတခြားပဲ၊ တောင်ပေါ်မှာ ဝါးပင်တွေ အများကြီးပဲ၊ တောင်ပေါ် ဘုရားရှိခိုးတဲ့နေရာက ပိုပြီးကျယ်တယ်၊ ကျွန်တော်တို့ ခဏနားပြီး ပြန်ဆင်းခဲ့တယ်၊ အဲဒီဘုရားကျောင်းကလည်း မကာအိုရဲ့ အရေးကြီးသမိုင်းဝင် ဘုရားကျောင်းပဲ၊ မကာအိုကျွန်းဆွယ်ရဲ့ တောင်ဘက်စွန်းမှာရှိတယ်၊ မကာအိုမှာ ရှေးအကျဆုံး ဘုရားကျောင်းပဲ၊ ၁၄၈၈ မှာ ဆောက်ခဲ့တာ"


"ဒါကြောင့် ညီလေးတို့ကို လေ့လာရေးအနေနဲ့ ပို့ပေးတာကိုး"

"မကာအိုဆိုတဲ့ နာမည်ကလည်း အဲဒီဘုရားကျောင်းက စတာ၊ ပေါ်တူဂီ ပင်လယ်ကူးသင်္ဘောသားတွေ ရောက်တုန်းက အဲဒီနေရာကို ဘယ်လိုခေါ်လဲလို့ ဇာတိချက်မြှုပ်တွေကို မေးတော့ A- Ma- Gau လို့ ဖြေကြတာ၊ အဓိပ္ပာယ်ကတော့ A- Ma ဘုရားကျောင်းရှိတဲ့ ကျွန်းလေးလို့ ပြောတာ၊ အေမဂူလို့ အသံထွက်ကနေ ပေါ်တူဂီတွေက မကာအူကနေ မကာအို ဖြစ်သွားတာ။

မကာအို သမိုင်းဖြစ်စဉ်တွေကိုလည်း ပန်းချီကားတွေနဲ့ ပြထားတယ်၊ ၂၀၀၅ မှာ အဲဒီ ဘုရားကျောင်းနေရာကို UNESCO က ကမ္ဘာ့အမွေအနှစ် နေရာအဖြစ် အသိအမှတ်ပြုခဲ့တယ်"

"ဩော်. . . တကယ် ရှေးဟောင်းကျပြီး သွားသင့်တဲ့နေရာပဲပေါ့၊ ဘုရားကျောင်းပြီးတော့ ဘယ်သွားကြသေးလဲ"







မကာအိုရှိ ရှေးဟောင်း A-Ma ဘုရားကျောင်း



www.burmeseclassic.com

www.burmeseclassic.com









နေမဝင်သည့် Venetian Casino တွင် ဈေးဝယ်ကြသူများ

"Venetian Casino ကို သွားကြတယ်၊ အဲဒီနေရာက သူဌေးတွေမှ ဆော့နိုင်တဲ့နေရာပဲ၊ ကမ္ဘာပေါ်မှာ အကြီးဆုံး ကာစီနိုနေရာတွေထဲ ပါတယ်၊ ဟိုတယ်ကတော့ ကမ္ဘာ့အကြီးဆုံး အဆင့် ၇ ပဲ၊ စက်နဲ့ ကစားဖို့ စက်ပေါင်း ၃၄၀၀၊ လူနဲ့ ဆော့ဖို့ စားပွဲပေါင်း ၁၀၀၀ ဝန်းကျင်ရှိတယ်၊ တခြားနည်းတွေ လည်း ၁၅၀၀၀ ခွဲလောက်ရှိတယ်၊ ကျွန်တော်တို့က အဲဒီ ဟိုတယ်ထဲက Brand ပစ္စည်းတွေ ရောင်းတဲ့နေရာကို သွားကြ တာ၊ ကောင်းကင်အတုကြီးနဲ့ မြို့ကြီးလို လုပ်ထားတာ၊ ဈေး ဝယ်လို့ ဘယ်တော့မှ မိုးမချုပ်တော့ဘူး၊ ကျွန်တော်ကတော့ အဲဒီနေရာကို ကြိုက်တယ်၊ ပစ္စည်းလည်း ကောင်းတယ်၊ ဈေး လည်း သင့်တယ်၊ ကျွန်တော် အဲဒီနေရာမှာ အဝယ်ဖြစ်ဆုံးပဲ၊ ဈေးဝယ်ဖို့ကောင်းတဲ့ မြို့လေးပေါ့။

ပြင်သစ် Vinice မြို့လို မြို့လယ်ကောင်မှာ လှေစီးပြီး လျှောက်လည်လို့လည်းရတယ်၊ ပိုက်ဆံ မပေးရဘူး၊ Harbour City လောက် မကြီးဘူး၊ အဆောက်အအုံတွေက ရှေးဟောင်း အဆောက်အအုံ ပုံစံလေးတွေ၊ ရှေးဟောင်းမြို့လေးမှာ ဈေး လိုက်ဝယ်နေရသလိုပဲ၊ လမ်းပေါ်မှာ ဖျော်ဖြေပွဲတွေလည်း ရှိတယ်၊ ဈေးဝယ်ကြိုက်တဲ့လူဆိုရင် ပြန်ထွက်ချင်မှာတောင် မောတ်ဘူး၊ ကျွန်တော်တို့အဖွဲ့ တော်တော် ဝယ်ဖြစ်တယ်၊ နာရီ အကျီ၊ ဘောင်းဘီ၊ ရေမွှေး၊ ပိုက်ဆံအိတ်တွေ ဝယ်ဖြစ် ကြတယ်၊ ကျွန်တော်တို့အဖွဲ့ လမ်းညွှန်ဆိုရင် ညစာစားဖို့ မနည်းလူပြန်စုရတယ်၊ ဈေးဝယ်နေကြတာ။

နောက် ညစာသွားစားကြတယ်၊ နောက်နေ့ ဟောင် ကောင် ပြန်မှာဆိုတော့ မကာအိုညဘက် လမ်းထွက်လျှောက် ကြသေးတယ်"

"မကာအိုကနေ တန်းပြန်လို့ မရဘူးလား"

"ဟောင်ကောင်မှာ ကမ္ဘာ့အကြီးဆုံး ကြေးသွန်းဘုရား ကြီး ဖူးဖို့ ကျန်သေးတယ်၊ ဟောင်ကောင်ကနေ ပြန်ရတာ လည်း ပိုပြီးအဆင်ပြေတယ်။

မကာအိုညဘက်ကတော့ ဟောင်ကောင်နဲ့တခြားစီပဲ၊ ဟောင်ကောင်မှာ ညဘက် လမ်းပေါ် လူပြည့်နေတာပဲ၊ မကာအိုကတော့ ကျိုးတိုးကျဲတဲပဲ၊ လောင်းကစားနဲ့ ကာစီနို ကစားဝိုင်းတွေပဲ သွားနေကြလား မသိဘူး၊ ကျွန်တော်တို့အဖွဲ့ လည်း မြို့ထဲကို ခြေဦးတည့်ရာ လျှောက်ကြည့်ကြတယ်၊ အေးအေးလူလူ လျှောက်ရတာလည်း အရသာပါပဲ၊ ဟိုတယ် တိုင်းလိုလို ကာစီနိုရှိတယ်၊ ခြေတပ်ပုံရိုက်လိုက် လမ်းလျှောက် လိုက်ပေါ့၊ ကာစီနို သေးသေးလေးတွေလည်း ရှိတယ်။

လျှပ်စစ်မီးကတော့ ဖုံးပေါလအောပဲ၊ မကာအိုရဲ့ အထင်ရှားဆုံး နာမည်ကြီး Grand Lisboa ဟိုတယ်ကို သွား ကြတယ်၊ မကာအိုမှာ အလှဆုံးပဲ၊ မကာအိုရဲ့ Trade Mark လိုတောင် ဖြစ်နေပြီ၊ ကမ္ဘာလုံးကြီးကနေ ပန်းခိုင်ကြီးပေါက် လာတဲ့ ပုံစံမျိုး ဆောက်ထားတာ။

ကာစီနို ကစားမယ်ဆိုရင် ကြေးကြီးတယ်၊ ဒေါ်လာ သုံးရာ အနည်းဆုံး လောင်းရတယ်၊ ကျွန်တော်တို့အဖွဲ့ကတော့ လေ့လာရေးပေါ့"

"ငါ့ညီတို့ အဖွဲ့က ညီသားပဲ"

"ညီသလားပဲ၊ သွားကြမလားဆိုတာနဲ့ သွားမယ်ဆို တာချည်းပဲ၊ ဟိုတယ်ကြီးထဲ ဝင်လိုက်တာနဲ့ အလယ်မှာ မြကျောက်တုံးကြီးကို ပြထားတယ်၊ စကျင်ကျောက်တုံးကြီး ကိုလည်း မဟာတံတိုင်းပုံစံ အသေးစိတ် ထွင်းထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com







မကာအိုရဲ့ အထင်ရှားဆုံး Grand Lisboa ဟိုတယ်အား မြင်ရစဉ်







ဆင်စွယ်တွေကိုလည်း ကနုတ်ပန်းပုံစံတွေ ဖော်ထားတယ် အန်းကုံးဘိုးတော်ပုံစံ ကျောက်စိမ်းတုံးကြီးကလည်း ဟီးနေ တာပဲ၊ ရွှေရောင်ဒေါင်းကြီး နှစ်ကောင်ကလည်း ခန်းမကြီးကို အသက်ဝင်စေတယ်၊ ဒါတွေက သူတို့ဟိုတယ်ကြီးရဲ့ အဆင့် အတန်းကို ပြတဲ့သဘောပဲ။

ကျွန်တော်တို့ အဖွဲ့ကတော့ စိတ်ကြိုက်သောင်းကျန်း ကြတာ၊ ဘာမှကို မပြောဘူး၊ ကျေနပ်ပြီဆိုမှပဲ ပြန်ခဲ့ကြတယ် အဖွဲ့လိုက် ခုန်ပျံနေတဲ့ပုံစံကို ဓာတ်ပုံရိုက်ကြတ [illegible] မကာအို မှာ စိတ်တိုင်းကျနေပြီးတော့ နှုတ်ဆက်ပြီ၊ မနက်ဖြန် ဟောင် ကောင်ခရီး ဆက်ကြမယ်"

(ဆက်ရန်)


ဉာဏ်ပွင့်(စက်မှု)

❐



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နံနက်ဝေလီဝေလင်း ၅ နာရီဝန်းကျင်တွင် နေ့စဉ်လိုလို မိုးချယ်ရီ ဈေးသွားနေကျဖြစ်သည်။ ဈေးဝယ်ဆွဲခြင်းဆွဲပြီး တိုက်ခန်းတွင်းမှ အိမ်သားများ အိပ်ရာမှမနိုးထကြသေး၍ အဝင်တံခါးကြီးကို ပြန်ပိတ်ထားခဲ့၏။

ရွှေရည်မျိုး အလှပြုပြင်ဆိုင်ဆိုင်းဘုတ်လေးမှာ လျှပ်စစ်မီးသီးရောင်စုံဆိုင်းလေးများ ရဲကာဖွင့်ထားဆဲ။

မိုးချယ်ရီတို့ အလှပြုပြင်ရေးဆိုင်ဝန်ထမ်းများ တစ်နေ့တာ ဟင်းရဲ စားသောက်ဖို့ မိုးချယ်ရီ ဈေးဝယ်တာဝန်ကို မာမီက ပေးထား၏။

သီချင်းလေးဆိုညည်းရင်း ဈေးဝယ်ခြင်းလေး ဆော့ယမ်းလျက်က ခပ်သွက်သွက်လေး လှေကားမှ ဆင်းချလာ၏။ လှေကား တစ်ဆစ်ချိုးမှာ မီးအလင်းရောင် ပျောက်သွားသည်။

"အောင်မယ်လေး လေး. . ."

ဟု လန့်ထိတ်သံနှင့် ဟပ်ထိုးလဲမလို ဖြစ်သွား၏။

"ဟင် ဘယ်သူလဲ၊ ဟော့ ဘာလဲကွ၊ ဒါအိပ်စရာနေရာလား၊ ဖယ်နော်ငါတက်နင်းသွားရမလား၊ အောင်မယ် ဂရုမစိုက်သလို ကန့်လန့်ဖြတ် အိပ်နေလိုက်တာ တောက်"

တောက်ခေါက်လိုက်ပြီး အိပ်နေသူအား အကဲခတ်ကြည့်ပြန်ကာ ဒီကောင် ဟူ၍ ရေရွတ် မျက်နှာလွှဲပြီး အပေါ်လှေကားသို့ ပြန်တက်သွား၏။

မိုးချယ်ရီ ပထမထပ်သူတို့အခန်း ရှေ့ရောက်ရောက်ချင်း . . .

"ဒုန်း ဒုန်း ဒုန်း၊ မာမီ မိမာရေ"

ဟူ၍ မိမာ ခေါ်လိုက် မာမီ,တလိုက် တံခါးထုပြီး လူခေါ်ဘဲလ်ကိုပါ တီးနှိပ်နေတော့လျှင် တိုက်ခန်းတွင်းမှ တံခါးရွက်ကြီး ပွင့်လာပြီး. . .

"ဟဲ့ ဟဲ့ ဘာများ ဖြစ်လာတုံး ချယ်ရီ ဖြည်းဖြည်းလုပ်ကြပါ စောစောစီးစီး"

"ဟိုမှာလေ၊ လှေကားပေါ် လူတစ်ယောက် အိပ်နေလိုက်တာ ကန့်လန့်ဖြတ်ကြီး၊ မိမာ လာ နင်လာကြည့်"

မိုးချယ်ရီ စကားအဆုံးမသတ်မီပင် ကိုယ်လုံး ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် မိမာက ခပ်သွက်သွက်ဆင်းကြည့်ရန်သွားလျှင် မိုးချယ်ရီ နောက်က တစ်ပါတည်း လိုက်ပါသွား၏။

အလှပြင်ဆိုင်ပိုင်ရှင် ဖြစ်ဟန်တူသော မာမီ ဟူ၍ အခေါ်ခံရသူလည်း တိုက်ခန်းအတွင်းမှ တစ်ဦးကို လက်နှိပ်ဓာတ်မီး အမြန်လှမ်းတောင်းကာ ဖိနပ်ကောက်စီးပြီး လှေကားမှ လိုက်ဆင်းလာရင်းက . . .

"အဲဒါကြောင့် ပြောတာပေါ့၊ လှေကားအဝင်သော့တံခါးခတ်ဖို့ အတန်တန်ပြောတာ၊ ခက်တာပဲ"

ဟု ညည်းပြောရင်း ဓာတ်မီးနှင့် ထိုးကြည့်နေသည်။

မာမီမှာ ညအိပ်ဂါဝန်ရှည်ကို အပေါ်လိပ် ဆွဲကိုင်ထား၏။ အသက်လေးဆယ်ဝန်းကျင် မိန်းမလျာအမျိုးသမီးထုတို့ အားကိုးရသည့် နာမည်ကြီး မိတ်ကပ်ဆံပင်အလှပြင် ပညာရှင်တစ်ဦးဖြစ်သလို သူ့လက်အောက် အလှပြင်ဆိုင် ဝန်ထမ်းများမှာ ဈေးဝယ်ထွက်သူ မိုးချယ်ရီမှ လွဲလျှင် မိန်းမလျှာလေးများ ဖြစ်ကြပါ၏။

မိုးချယ်ရီမှာ ယောကျာ်းလျာလေးတစ်ဦး ဖြစ်သော်ငြား မူလ မိန်းမလှလေးတစ်ဦး၏ အသွင်အပြင် အဆစ်အချိုးတို့ ညှိုးမှိန်မသွား၊ စကားသံလေးပင် မာချင်လျက်က ကြည်လင်နွဲ့ကာ သိသာစွာ ကျန်ရှိသည်။

လှေကားတွင် အိပ်နေသူကို မိုးချယ်ရီတို့နှင့် ဝိုင်းကြည့်နေကြသည့် ရှေ့မျက်နှာစာတိုက်ခန်းမှ အမျိုးသားကြီး တစ်ဦးက . . .

"သူပဲ ဖြစ်မှာပါ၊ တမြန်နေ့က လာဝင်အိပ်သေးလို့ မောင်းထုတ်ရသေးတယ်၊ ခေါင်းမှာ ဒဏ်ရာနဲ့ ပတ်တီးစည်းလို့" ဟု ဝင်ပြောပြ၏။

"အေး ဟယ်. . . ကျွတ် ကျွတ် ကျွတ်၊ ပလတ်စတာလေး ခေါင်းမှာလား သနားကမားနဲ့ ဒီကောင်လေး ဘယ်ကများ ဘယ်လို"

မာမီကြီးမှ ဓာတ်မီးထိုးဖွင့်ထားရင်း ကရုဏာသံပါပါ ပြောနေလျှင် မိုးချယ်ရီမှ ကျော်ခွဖြတ်သွားကာ ဈေးနောက်မကျဖို့ လှေကားမှ ခပ်သွက်သွက် ဆင်းသွားသည်။ အိပ်နေသူမှာ မျက်လုံးမှိတ်ထားဆဲ။ လှေကား ဘေးဘက်ဆီ လှိမ့်သွားပြီး ငြိမ်သက်နေ၏။

အိပ်နေသူလား၊ နိုးနေသူလား သိရန် ခက်လှသည်။

◆

ရွှေရည်မျိုး အလှပြင်ဆိုင်တည်ရာ တိုက်ခန်းလှေကားမှာ သူ လာ လာ အိပ်နေသည်မှာ သုံးလေးရက်ခန့်ရှိပြီ။

ရုပ်ရည်သန့်၍ တစ်ကြောင်း၊ မကောင်းမှုမပြုတန်ရာဟု ကရုဏာဖြင့် လက်ခံထားကြရသည်။

မိုးချယ်ရီ ဈေးမှ ပြန်ရောက်ရောက်ချင်း ဈေးဆွဲခြင်းကို မီးဖိုချောင်ထဲ ချက်ပြုတ်ကြမည့်သူများသို့ အပ်ခဲ့ကာ တိုက်ခန်းအရှေ့ အလှပြင်ဆိုင်ခန်းတွင် မိုးချယ်ရီ တံမြက်လှည်း သန့်ရှင်းရေး လုပ်နေဆဲ သောက်ရေအေးစက်မှ ရေ ဖွင့်သောက်နေသံ ကြားမိ၏။

မိုးချယ်ရီ ကြည့်နေသည်ကို ဂရုမထား မသိသလို ရေကို နှစ်ခွက်သုံးခွက်တိုင်မျှ ဆက်သောက်ပြီး ရေခွက်ကို နေရာတကျ ဖြည်းဖြည်းပြန်ထား၏။ မိုးချယ်ရီကို မမြင်သလို အခန်းဝတွင် ကျောခိုင်းရပ်နေလျက် လက်နှစ်ဖက်ဖြင့် သူ့ဝမ်းဗိုက်ကို ပွတ်သပ်နေပြန်သည်။

အိမ်ရှေ့ထွက်လာသည့် မိမာကို ခဏထားခဲ့ကာ အနောက်ဘက်အခန်းသို့ မိုးချယ်ရီပြန်ဝင်ပြီး မကြာမီ ပြန်ထွက်လာကာ သူ့အရှေ့သွားရပ်လျှင် . . .

www.burmeseclassic.com

"ရော့ ယူသွား၊ စား"

ဟု မီးဖိုချောင်မှ ဖော့ဘူးလေး ထည့်ယူလာသော စားစရာကို သူ ထဲ ကမ်းပေးလိုက်လျှင် ကျေးဇူး အကြည့်လေး မှုန်မှိုင်းစွာကြည့်ကာ လေးကို လက်နှစ်ဖက်ဖြင့်ပိုက်ကိုင်ပြီး တားမှ ခပ်လေးလေး ဆင်းသွားခဲ့

အရင် နေ့များက အိပ်ရာမှ သွားခဲ့ပြီး နေ့ဘက်တွင် သူ ပြန်မပေါ် ညဆို ဘယ်အချိန် လာဝင်အိပ် မသိရ။ ဖြစ်နိုင်သည်မှာ ညပိုင်း လုပ်မှ အိမ်ပြန်လာသည့် ဝန်ထမ်းများ တို သနားပြီး မျက်မှန်းတန်းမိနေ၍ တားထဲ အဝင်ခံကြခြင်း ဖြစ်မည်။

ယနေ့မှာတော့ ထူးထူးခြားခြား တိုက်ဆိုင်ဆိုင်ပင် လှေကားမှာ သော တံမြက်စည်းတစ်ချောင်းနှင့် တားအတက်အဆင်း၌ သူ သန့်ရှင်း လုပ်နေခိုက် အပြင်မှ ပြန်လာသော မီတို့နှင့် ဆုံကြ၏။

မာမီတို့ လှေကားမှ တက်လာ လျှင် သူ တံမြက်စည်းလှည်းရပ်ကာ ယ်ကိုင်းကာ ယို့ယို့လေး လမ်းဖယ် သည်။

"ဩော်. . . မင်းလေးကိုး"

မာမီ သူ့ကို နှုတ်ဆက်ရင်းခေတ္တ ကြည့် အကဲခတ်ပြီး ဆိုင်ခန်းတည် အိမ်ထဲဝင်သွား၏။

ရုပ်ရည်အသွင်အပြင်နှင့် ယဉ် သိမ်မွေ့၍ သူ၏ သိတတ်မှုများ ကြောင့် ရွှေရည်မျိုး အလှပြုပြင်ရေး ဆိုင်တွင် ဆိုင်ပိုင်ရှင် မာမီတို့အဖွဲ့နှင့် ထပ်တည်း ဝိုင်းလုပ်ဝိုင်းစား မိန်းမ လေး အမယာ ပြောစကားတို့ဖြင့် ကားထစ်မှ တစ်ဆင့် အိမ်ခန်းနှင့် ရကာ သူသည် ဖြူလေး ဆိုသော မီပေးသော အမည်နာမလေးဖြင့် စာရင်းထဲ ဝင်လာခဲ့၏။

မာမီတို့အလှပြင်ဆိုင်တွင် အလှ ပြင်ရန် လာရောက်ကြသည့် အမျိုး မိတ်များ များလှ၍ ဆက်ဆံရေး ပြေပြစ် အဆင်ပြေစေဖို့ မိန်းမလျှာ အသွင်သို့ ပြောင်းသည်ကိုပင် သူ့အနေ နှင့် ကျေနပ်နေမိသည်။

"ဖြူလေးရေ၊ ဒီစားပွဲရှည်ဘက် လာခဲ့ဦးဟဲ့"

မှန်ကြေးမုံကြီးများကို လိုက်၍ သန့်စင်သုတ်နေသော သူ့ကို မိမာ ဆိုင် ဝန်ထမ်းမှ လှမ်းခေါ်လျှင် . . .

မိမာရှေ့သို့ အပြေးတစ်ပိုင်းဖြင့် ဖြူလေး ရောက်သွားသည်။

"ဟယ်ကြည့်ပါဦးဟယ် လှမ်းလာ လိုက်တာ ကျားကျားလျားလျားကြီး၊ မာမီတွေ့ရင် ဆူတော့မှာပဲ၊ လက်က တံတောင်ဆစ် ခါးဆီကပ်၊ တင်ပါးကို နောက်ဘက်ပစ်ထား၊ နွဲ့နွဲ့လေးလျှောက် ပါဟယ်၊ အလှလာပြင်တဲ့ ကောင်မတွေ ဖြူလေးကို ကြည့်ပြီး နောက်တွန့်ကုန် ပါ့မယ်"

တစ်ဆက်တည်း မိမာမှ စားပွဲ ရှည်ပေါ်ရှိ အလှပြုပြင်သည့် ပစ္စည်းများ ရှေ့လက်တစ်ဖက် ထောက်လျက်မှ တစ်ဖက်က လက်ညှိုးညွှန်၍. . .

"ဒီမှာကြည့်ထားဦး၊ ဒီလို ဖန် ပုလင်းတွေဆို တစ်ပုလင်းချင်း သေသေ ချာချာကိုင်နော်၊ ဒီပုလင်းက အသား အရေအားဖြည့် တော်နစ်၊ သူ့အနောက် က မျက်နှာသန့် နို့ရည်၊ ပုလင်းဝိုင်းကြီး က မျက်နှာကြေးချွတ် ပေါင်းတင်ဆေး၊ ပလတ်စတစ်ကော်ဘူးနဲ့ မိတ်ကပ်ဘူး တွေ ဗန်းနဲ့ ထည့်ထားပြီး ကိုင်လို့ရပါ တယ်၊ နေဦး နေဦး"

အစွန်ထိုင်ခုံ၌ မျက်နှာအလှ လိမ်းသခြယ်မှု လာရောက်ခံယူနေသူထံ ဖြူလေးကို မိမာ ခေါ်သွားကာ မျက်နှာ မိတ်ကပ်တင်အပြီး ဆိုင်ဝန်ထမ်းတစ်ဦး မှ နှုတ်ခမ်းနီဆိုးဆေး ဆိုးပေးနေသည်ကို ပညာယူစေရန် သင်ပြနေ၏။

"ဖြူလေး တွေ့လား၊ နှုတ်ခမ်းနီ မဆိုးခင် နှုတ်ခမ်းသားပေါ် လွင်အောင် နှုတ်ခမ်းစွထားရတယ်၊ ခြောက်သွေ့နေ တဲ့ နှုတ်ခမ်းသားကို ရေဆွတ်ထားတဲ့ သွားပွတ်တံနဲ့ အရင်ပွတ်တိုက်ပေးပြီး တာနဲ့ အစိုဓာတ်ခံခရင်မ်လိမ်း၊ အပျော့ စားခရင်မ် သုံးရမယ်၊ လစ်ဘာန်းမ် လိမ်း မိရင် နှုတ်ခမ်း ထူလပျစ်ကြီးဖြစ်ပြီး ကော်ဖီ၊ လက်ဖက်ရည်တို့ သောက်ရင် စွန်းထင်းပေပြီး နှုတ်ခမ်းနီလည်း ပျက် လွယ်တယ်၊ နှုတ်ခမ်းဆိုးဆေးကို လက် သူကြွယ်လေးနဲ့ ဖြစ်ဖြစ်၊ ဘရပ်ရှ်နဲ့ဖြစ် စေ သုတ်ယူပြီး နှုတ်ခမ်းအလယ်တည့် တည့်က ဘေးတစ်ဖက်စီ သုတ်လိမ်း ဆိုးပေး၊ ဆေးမပေတဲ့လက်နဲ့ ပြန်ညှိယူ အစွန်းလေးတွေ လိုင်နာလေးနဲ့ ပြင်ပေး၊ နောက် တစ်သျှူးနုနုလေးနဲ့ အသာ ယာတို့ပေးရတယ် သိလား၊ နှုတ်ခမ်းနီ တောင့်နဲ့ ဆိုးတာထက်လည်း ပိုဆွဲ ဆောင်မှုရှိတယ် မှတ်ထားဦး၊ မိတ်ကပ် လိမ်းတာက အရင်နေ့က ပြထားတယ် နော်"

မိမာမှ ဖြူလေးသို့ လက်တွေ့ သင်ပြနေဆဲ အိမ်ရှေ့ဆိုင်ခန်းအိမ်ထဲဝင် တံခါးမကြီးအဝင်ပေါက်မှ ယောကျ်ား တစ်ဦး ကိုယ်ကိုင်းလျက် ဆိုင်တွင်းကြည့် လိုက်ကာ ဖြူလေးတို့အနီး ထိုင်ခုံပေါ် တွင် အလှပြုပြင်မှု ခံယူနေသော လူ လတ်ပိုင်းအရွယ် အမျိုးသမီးရှေ့ သွား ရပ်၏။

"ဩော် . . . မောင်"

ဟုသာ အမျိုးသမီးမှ ပြုံးပြရင်း ဆိုသည်။

လာကြိုသူ ဖြစ်ဟန်တူသည့် အမျိုးသားက "ကြာဦးမှာလား" ဟု ပြန်မေးလိုက်လျှင် အမျိုးသမီးမှ လိမ်း ခြယ်ပေးနေသူ ဆိုင်မှ မိန်းမလျှာလေး သို့ မျက်လွှာပင့်ကြည့်ပြီး မေးဟန် အမူ အရာပြသည်။

"မမလေး ပြီးနေပါပြီ၊ ပပက အချောလိုက်ပေးနေတာပါ" ဟု ပပ ဆိုသူမှ ဖြေပြောသည်။

လာကြိုသော အမျိုးသားက ဖြူလေးသို့ စိုက်ကြည့်နေမိကာ. . .

"ဒီဆိုင်မှာ လုပ်တာလား"

မေးလိုက်ရင်း စူးစမ်းသလိုကြည့် နေ၍ ဖြူလေးမှ တင်လေး ဘောက်



www.burmeseclassic.com

www.burmeseclassic.com

ဆတ်ခါ၊ ခါးနွဲ့ပြီး မိမာ သင်ပြထားသလို မျက်လုံးလေးထောင့်ကပ်လျက် ကြာကြည့်လေး ငုံ့စောင်း လည်ပြန်ပင်ကြည့်လျှင် မိန်းမသားအစစ်ဖြစ်သည့် အလှပြင်ခံနေသူများပင် ကျိတ်၍ ပြုံးကြရ၏။

အလှပြင်ဆိုင်လာကြိုသူ အမျိုးသားမှ ကိုယ်ပိုင်ကားလေး စက်နှိုးရင်းက . . .

"ရွှေရည်မျိုးဆိုင်က မိန်းမလျာလေး ငါ မြင်ဖူးတာနဲ့ တော်တော့်ကိုတူတာ"ဟု သူ့အမျိုးသမီးသို့ မကြည့်ဘဲ ကားလမ်းမပေါ် တက်ရန် လမ်းကြောရှင်း၊ မရှင်း ကြည့်ရင်း ပြောလိုက်၏။

"မောင်ပြောတာ ဖြူလေးဆိုတဲ့ ချောချောလေးကို ထင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အိမ်ကျမှ ပြောပြမယ်"

◆

နံနက် လင်းအားကြီးအချိန်မို့ ဆူးလေစေတီတော်မြတ်နှင့် ဆူးလေလမ်းမကြီးတို့ ဝန်းကျင်မှာ ဘုရားဝတ်ပြုသူများ၊ ကားကြီး၊ ကားငယ်တို့၏ စက်သံများဖြင့် ဝိုင်းပတ် စည်ကားစပြုပြီ။ လျှပ်စစ်မီးတိုင်များမှ လင်းနေဆဲပါ။ ကျွီခနဲ ကားဘရိတ်အုပ်လိုက်သံ ခုပ်ပြင်းပြင်းကြောင့် . . .

"ဟာ လူတိုက်မိတာပဲ" ဆိုကြလျက် ထိုနေရာသို့ လူအချို့ ပြေးသွားပြီး ဝိုင်းကြည့်နေကြသည်။

ပျိုရွယ်သူလေး နှစ်ဦး။

"အဲဒီ ကောင်လေးက မိန်းကလေးအသက်ကို ကယ်လိုက်တာ၊ ကောင်မလေးက ကားကို ရှောင်မလိုရပ်နေသလို ဖြစ်နေတာ၊ လိုင်းကားကလဲ မှတ်တိုင်မှာ ဝင်ရပ်မလို့နဲ့ အရှိန်တင်ပြီး ပြန်ထွက်တာ၊ ကားနောက်ကြည့်မှန်နဲ့ ကောင်မလေးခေါင်းကို ပွတ်တိုက်မိပြီး ကောင်မလေး လမ်းမပေါ် ယိုင်ကျတာ၊ နောက်ကားကအလာ ဒီကောင်လေးက လက်မြန်ပေလို့၊ သူက ကောင်မလေးကို ပလက်ဖောင်းဘက် ဖမ်းဆွဲလိုက်ရတယ်၊ ကံသီလို့ ပေါ့ဗျာ"

အနီးရှိ မုန့်တိုက်ကြီးထဲမှ အသေအချာ မြင်လိုက်ရသူ အမျိုးသားကြီး တစ်ဦးက ထွက်လာပြီး ပြောပြနေစဉ် လမ်းဟိုဘက်ခြမ်းမှ မီးသတ်ရဲဘော်လေးများနှင့် မိသားစုများ၊ ပြည်သူ့ရဲများ ထွက်လာကြပြီး ဒဏ်ရာရသူလေးကို ဆေးရုံအမြန်ပို့ရန်နှင့် တိုက်သည့် ကားမှ ဒရိုင်ဘာအား အရေးယူဖို့ ကူညီဆောင်ရွက်နေကြသည်။

"ဟဲ့ ထက်ထက်အောင်လေးပါလား"

အမျိုးသမီးကြီးမှ အနီးရှိ မီးသတ်ရဲဘော်လေးအား . . .

"တို့နဲ့ တစ်တိုက်ခြား သုံးထပ်မှာနေတာ၊ ဆေးကျောင်းသူလေးပါ"

ဆိုပြောရင်း သူ့အိမ်သို့ အမြန်သွား အကြောင်းကြားပေးရန် တွန်းလွှတ်နေပါသည်။

မိန်းကလေး နားသယ်ဆံစမှာ သွေးစီးကြောင်းလေး မြင်ရ၏။

"သနားပါတယ် ချစ်စရာလေး"

ပလက်ဖောင်း ကွမ်းယာသည် အမျိုးသမီးက ထင်မြင်ချက် ပေးနေသည်။

◆

ရွှေရည်မျိုး အလှပြုပြင်ရေးဆိုင်မှ အိမ်ပြန်ရောက်ကြပြီး အမျိုးသားမှ သူ့မိန်းမဖြစ်သူကို ဆိုင်မှာ တွေ့ခဲ့သော ဖြူလေးနှင့်တူသူ အကြောင်းကို သူ့မိန်းမအား ပြောပြနေ၏။



ဇနီးဖြစ်သူက "ဆေးရုံရောက်ပြီး ကောင်မလေး ဒဏ်ရာ သက်သာသွားမှာပေါ့နော်"

သူ့ယောကျ်ားကို ပြန်မေးနေသည်။

"အင်း . . . ဒါပေမယ့် မ, ရယ်၊ ကောင်မလေး နဂိုပုံမှန် လူကောင်းစိတ်အခြေအနေ ပြန်မရရှာဘူး၊ စိတ်ဝေဒနာသည်လေး ဖြစ်နေတယ်"

"သူ့ကို ကယ်ခဲ့တဲ့ ကောင်လေးနဲ့ အပြင်မှာ သူတို့ အတွဲကို မကြာမကြာတွေ့ပါတယ်၊ ကောင်မလေးမိဘတွေက ဆောက်လုပ်ရေးကုမ္ပဏီကြီးတွေ ပိုင်ရှင်တဲ့၊ ကောင်လေးကို သူတို့ဆီမှာ အလုပ်ပေးထားပါတယ်"

"ရှေးရှေးဘဝက အကြောင်းတရားကြောင့် ခုဘဝမှာ အကျိုးခံစားကြရတာပဲ၊ ကျန်တဲ့ အပိုင်းကတော့ လူမသိ နတ်သိပေါ့ မ, ရယ်"

ယောကျ်ားလုပ်သူက စကားဖြတ်လိုက်သည်။

◆

အဆင်မြင့်ရုပ်ရှင်ရုံကြီး ဝန်းကျင်၌ နေ့ခင်းပွဲမို့ ဝရိသတ်စည်ကားနေ၏။

ထိုစဉ် အထူးတန်းရုံဝင်ပေါက်ဝအနီး၌ စိတ်ကောက်နေဟန်တူသော မိန်းမလှလေးတစ်ဦးကို အတူလာသည့် ကောင်လေးမှ ချော့ခေါ်နေသည်တို့ မြင်ကြရ၏။

"ထက်ထက်ရယ် လာပါနော်၊ ရုပ်ရှင်ပြတော့မယ် ရုံထဲဝင်ရအောင်၊ လက်မှတ်လဲ ဖြတ်ပေးလိုက်ပြီ"

ဆိုပြောရင်း ကောင်လေးမှ ချော့မော့ခေါ်နေသော်လည်း မိန်းမလှလေးက မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ရင်း ပြန်ပြောပြန်၏။

"လက်မှတ်ရော အဲဒီရုံပေါက်ဝက ကောင်မလေးကိုပါ ဖြတ်ခဲ့"

ကောင်လေးမှ . . .





www.burmeseclassic.com

www.burmeseclassic.com

“ဟဲ့ ဟဲ့ တိုးတိုးလုပ်ပါ၊ ဘယ်လို ပြောလိုက်တာလဲ”

ဟု၍ ဆက်မပြောရန် တားနေရ သည်။

“ထက် အားလုံး မြင်လိုက်ပါ စေနော်၊ လက်မှတ်ဆုတ်တဲ့ကောင် လေးက ဖြတ်ပိုင်းကို ပြန်လဲ မပေးသေး ဘဲ ကိုကိုနဲ့ အကြာကြီး စိုက်ကြည့်ပြီး တိုးတိုးနဲ့”

“ဟာ မဟုတ်ဘူး၊ အဲဒီနေရာ နဲ့ထပ်နေလို့ ဆိုလား၊ ပြင်ရေးထားတဲ့ အတွရာ မပီသလို့ ပြောပြနေတာ၊ လာ ပါနော်၊ ကိုကို့ အသက်က လိမ္မာသားနဲ့”

“ကိုကိုနော် ကလေးမဟုတ်ဘူး၊ ဆီမှာတယ်လို့ မပြောပါနဲ့”

လှိုင်ဝင်းမျိုးမှ . . .

“ကိုကို့အချစ်လေးက သိပ်မိုက် တာပဲကွာ” ဟု ဆိုလိုက်လျှင် ထဘီ လေးပြင်ဝတ်ပြီး သနပ်ခါး ပါးကွက်ကြီး တွင် ဆံပင်နောက်တွဲလေး စည်းနှောင် ထားကာ သူကိုကိုနှင့် လက်ချင်းချိတ်ကာ နွဲ့ထဲဝင်ခဲ့၏။

လူကြိုက်များလှသော လူငယ် ဇာတ်ကားတွဲ ကားလေးဖြစ်၏။

မင်းသား၊ မင်းသမီးတို့ အလွမ်း ရှင်းရင့် ဇာတ်ရှိန်မြင့်ချိန် . . .

အဟင့်ဟင့်နှင့် ထက်ထက်လေး မှာ တဟင့်တည်း ဟင့်ကာ ငိုနေ၍ . . .

“အသက်ကလဲကွာ ရှက်စရာ ကြီး ငိုနေပြန်ပြီ”

လှိုင်ဝင်းမျိုးမှ သတိပေးနေရ သည်။

“မဟုတ်ဘူး ကိုကို၊ ကိန္နရီကိန္နရာ ဝန်းချီကားရှေ့မှာလေ တွေ့လားနောက် ဆုံး နှုတ်ဆက်အနမ်းတဲ့ ဖြတ် လိုက်တာ၊ အဲဒါ နမ်းတာ ကိုကိုနော်”

“ရှူးတိုးတိုး ဘေးမှာ လူတွေနဲ့”

“ဟိုနေ့က သူပဲ ပြောပြီးတော့ ထက် ဆေးမှန်မှန်သောက်ရင် အာဘွား ပေးမယ်ဆိုတာလေ”

ထက်ထက်မှ ဆက်ပြောနေပြန် သည်။

“ခုလိုမျိုး ကိုကိုနဲ့ နေရတာ၊ သိပ် စိတ်ကြည်နူးပြီး ဝမ်းသာလို့ ကျလာတဲ့ မျက်ရည်တွေပါ ကိုကိုရယ်၊ ဒီမျက်ရည် မျိုးတော့ တစ်သက်လုံးပဲ ကျကျ”

ရုပ်ရှင်ပြီးချိန်တွင် ရုံအပြင်တွင် မိုးရွာပုံ မှိုင်းမှိုင်း ဖွဲဖွဲလေး။

လှိုင်ဝင်းမျိုး၏ ကိုယ်ကျင့်တရား ကို ထက်ထက်အောင် မိဘများက ယုံ ကြည်သိရှိပြီးမို့ ထက်ထက်အောင် စိတ် ဝေဒနာ သက်သာစေရန် ရံဖန်ရံခါ လှိုင် ဝင်းမျိုးနှင့် အပြင်ထွက်ခွင့်ရလျှင် စိတ် ကြည်လင်လာပုံရ၍ ခွင့်ပြုရ၏။

ကားမှတ်တိုင်သို့ မိုးဖွဲဖွဲကျနေ ဆဲတွင် နှစ်ဦးသား လျှောက်လိုက် ပြေး လိုက်ရှိသည်။ အနောက်ဘက်ဆီမှ အိမ် မှ အကြိုလွှတ်လိုက်သည့်ကား မြင်သွား ပြီး လိုက်ခေါ်၍ ကားပေါ်တက်လိုက် ကြ၏။

ကားလေးအတွင်းတွင် မိုးရေ စက်များ ဆံပင်တွင် သုတ်ခါရင်း သူမမှ ပါးကလေးနှစ်ဖက် ပွတ်မိသွား၍ . . .

“ဟင်- သနပ်ခါးတွေ မိုးရေနဲ့ ပျက်ရပြီ ကိုကိုရဲ့၊ ကိုကို နမ်းမယ်ဆိုလို့ လိမ်းခဲ့ပါတယ်၊ ကိုကို နမ်းမယ်ဆိုလို့”

အမြန်ပင် လှိုင်ဝင်းမျိုးမှ သူမ နှုတ်ခမ်းကို လက်ဝါးနှင့် လှမ်းပိတ်ရ သည်။ ကားစက်သံ ညင်းညင်းအသံဖြင့် ဒရိုင်ဘာ အသွင်မထူး။

အိမ်ပြန်ရောက်ကြလျှင် ညွှဲ သည်နှင့်အတူထိုင်နေကြသော ထက် ထက် မိဘများမှ လှမ်းခေါ်သဖြင့် ထက် ထက် ညွှဲခန်းဝင်ထိုင်လျက် လှိုင်ဝင်း မျိုးပါ မလှမ်းမကမ်း၌ လိုအပ်ပါက လူကြီးများ ခိုင်းနိုင်ဖို့ ဝင်ထိုင်သည်။

ညွှဲသည်မှာ ထက်ထက်အောင် ၏ စိတ်ဝေဒနာ ကုသပေးနေသော ပါမောက္ခ ဆရာဝန်ကြီး ဖြစ်ပါ၏။ ထက်ထက်လေးအား ဆရာဝန်ကြီးက မြတ်ဗုဒ္ဓ၏ အာနာပါန တရားထိုင်ခြင်း ဖြင့် စိတ်အင်အား ကောင်းကြောင်း၊ ကျောင်းစာဖြစ်ဖြစ်၊ အလုပ်တာဝန်ဖြစ် ဖြစ် မိုးအလင်းစာကျက်ခြင်း၊ မနားဘဲ တောင်လျှောက်ချည်း အလုပ် မလုပ် သင့်ကြောင်း နားချိန်ဖြင့် ပိုင်းခြားအနား ယူသင့်၍မိန်းကလေးဖျားမှာ ယောက်ျား လေးများထက် ဦးနှောက်ဖွဲ့စည်းပုံ ပို့ကောင်းကြောင်း ပြောပြနေသည်။

ထက်ထက်အောင်၏ ဖခင်က သူမ ဦးခေါင်းမှ ဒဏ်ရာ ပင်ကိုပြန်ဖြစ် ပြီး ပုံမှန်စိတ်ပြန်ရဖို့ လျှင်မြန်စွာ သက် သာပျောက်ကင်းရန် နိုင်ငံကြီး တစ်နိုင် ငံသို့ သွားရောက်ကုသနိုင်ဖို့ စိတ်ထက် သန်နေ၍ ဆရာဝန်ကြီးထံမှ အကြံ ဉာဏ်များ တောင်းခံနေပါ၏။

◆

ထက်ထက်အောင်မှာ ကားနှင့် ထိခိုက်ဒဏ်ရာရမှု မဖြစ်မီကပင် ဆေး တက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ) ပြီးစီးအောင်မြင်ခဲ့ပြီး ဖြစ်ပါ၏။

နိုင်ငံခြားတွင် စိတ်ဝေဒနာ သွား ရောက်ကုသခဲ့ရာ ပျောက်ကင်းသက် သာ၍ မိခင်တိုင်းပြည် ပြန်ရောက်ပြီး အလုပ်သင်ဆရာဝန် ဟောက်ဆာဂျင် လက်တွေ့သင်တန်း ပြီးဆုံးခဲ့သဖြင့် ဆေးရုံကြီးများ၌ လက်ထောက်ဆရာဝန် တာဝန်ကို ထမ်းဆောင်နေခဲ့သည်။

သို့သော်ငြားလည်း စိတ်ဝေဒနာ သည်ဘဝက ဖြစ်စဉ်ကို မှတ်မိနေခဲ့ပါ ၏။ ငေးမှိုင်တွေးနေမိသည်ရှိ၏။ သူမ၏ ကိုကို ဘယ်မှာလဲ။

သူမ၏ အဖြစ်ကို မကြည့်ရက် သော မိဘများပိုင် ဆောက်လုပ်ရေး ကုမ္ပဏီမှ အမျိုးသမီးဝန်ထမ်းက နှစ် အတန်ကြာ သိမ်းထားခဲ့သည့် သတင်း စာ ဖြတ်ပိုင်းတစ်ခု ထုတ်ပြတော့၏။

ဓာတ်ပုံရှင်အမည် လှိုင်ဝင်းမျိုး၊ စိတ်ဝေဒနာရှင်၊ တွေ့ရှိပါက အကြောင်း ကြားပေးဖို့ ဖြစ်သည်။

အချိန်ရသ၍ ထိုအမျိုးသမီး ဝန်ထမ်းအဖော်နှင့် ပျောက်သောသူကို ရှာပုံတော်ဖွင့်တော့သည်။ ထက်ထက် အောင်၏ မိဘများက လှိုင်ဝင်းမျိုးအား အဆောက်အအုံ ဆောက်သည့်နေရာ တွင် ဆိုက်မန်နေဂျာထူး ပေးထား

www.burmeseclassic.com

သဖြင့် အချင်း ဖြစ်ပွားသည့်နေ့က ပန်းရန် အလုပ်သမားတစ်ဦး ခေါင်းမွှေးသည် ဆို၍ လှိုင်ဝင်းမျိုးကိုယ်တိုင် အခြား အလုပ်သမားဝန်ထမ်းတစ်ဦးတို့ ထူပြီး ခေါင်းမူးနေသူအား ဒုတိယထပ်မှ တွဲခေါ် ဆင်းလာကြရာ ပထမထပ် အရောက်တွင် အစွန်ဘက်မှ တွဲပေးသူ လှိုင်ဝင်းမျိုး ခြေချော်ပြီး ပြင်းစင်မှ တစ်ဆင့် ပြုတ်ကျလာရာ မြေပြင်မှ အုတ်ပုံနှင့် ဦးခေါင်း ခိုက်မိသွားသည်။ ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးသို့ ချက်ချင်းပို့ဆောင်ကုသပေးခဲ့ပါသည်။

ဦးခေါင်းအပြင်ပိုင်း ဒဏ်ရာ အနာသက်သာခဲ့သော်လည်း မိမိ၏ ပစ္စက္ခဘဝကို ပြန်စဉ်းစား၍ မရတော့ဘဲ စိတ်ဝေဒနာသည်တစ်ဦး အဖြစ် ဘဝသစ်သို့ ရောက်ခဲ့ရ၏။

ဆေးရုံမှ ပြန်ဆင်းလာပြီး အိမ်သို့ ပြန်ရောက်ပြီးခါမှ လှိုင်ဝင်းမျိုး ပျောက်သွားခဲ့ခြင်း ဖြစ်သည်။

ရှာပုံတော်ဖွင့်နေသော ထက်ထက်အောင်တို့ လှိုင်ဝင်းမျိုးတို့အိမ်သို့ ရောက်ခဲ့ကြပါ၏။ မအေတစ်ခု သားတစ်ခုမို့ မိခင်ကြီးမှာလည်း တတ်နိုင်သ၍ စုံစမ်းခဲ့ပြီး တစ်နေ့ပြန်လာနိုးနှင့် မျှော်တလင့်လင့်ရှိရှာသည်။

"ကျွတ် ကျွတ် ကျွတ် အတော်ကြာခဲ့ပြီပဲ ဆရာမလေး၊ သတင်းစာထဲက သူနဲ့တော့ တူတာပဲ"

"သူနော် ချွန်တော့်ဆိုင်ထဲဝင်လာပြီး တားရာတန်ငှက်ပျောသီးတစ်လုံး စားတယ်နော်၊ တစ်ပိုင်းပဲစားပြီး ငှက်ပျောသီးတစ်ပိုင်းနဲ့ ငါးဆယ်တန်နွမ်းလေးတစ်ရွက် ချပွားခဲ့တယ်၊ ချွန်နော့်လဲ သနားလို့ မပြောပါဘူး၊ အရူးလေးပဲ ဆရာမရယ်"

ကုလားလေး ကွမ်းယာဆိုင်မှ သည်မျှသာ သတင်းရခဲ့ပြီး ၎င်းအနီးဝန်းကျင်က တချို့ မြင်တွေ့ခဲ့ကြသူများမှ ဓာတ်ပုံရှင်သည် အထပ်မြင့်တိုက်လှေကားများအတွင်း၌ ညဘက်များတွင် ဝင်အိပ်တတ်ကြောင်း၊ သို့သော်လည်း သူ့အား မတွေ့ရသည်မှာ ကြာပြီဟု ပြောကြပါသည်။

ဤသို့ရှိစဉ် ထက်ထက်အောင်၏ မိဘများက သူမ၏ အိမ်ထောင်ရေးကိစ္စကို ဆောင်ရွက်လာသည်။

◆

ရန်ကုန်မြို့၏ နာမည်ကြီး ဟိုတယ်ကြီးအတွင်းရှိ မင်္ဂလာခန်းမကြီးထဲ၌ မင်္ဂလာပွဲလာ ပရိသတ်များအကြား ကင်မရာ ဆလိုက်မီးရောင် တဖျပ်ဖျပ်ဝတ်ကောင်းစားလှကိုယ်စီဖြင့် ပဋိသန္ဓာရ နှုတ်ဆက်သံ တရစပ်တွင် စိန်ရောင်၊ ရွှေရောင် တခတ်ခတ်နှင့် ခန်းမကြီးမှာ မင်္ဂလာတေးသီကျူး ဖျော်ဖြေသံတို့ဖြင့် စည်ဝေပြည့်လျှံလျက်ရှိ၏။

သတို့သမီး နားနေခန်းအတွင်းတွင် သတို့သမီးလေးမှာ အပျိုရံများ အလယ်၌ လူငယ်မိတ်ကပ်အလှပညာရှင် မိန်းမလျာလေးတစ်ဦးက အနုစိတ်ဆံပင်၊ မျက်နှာ၊ အဝတ်အစား အဆင်တန်ဆာတို့အား အနုစိတ် ပြင်ဆင်ပေးနေသည်ကို ခံယူနေ၏။

"ဒေါက်တာ ဆရာမလေး. . . မင်္ဂလာစင်မြင့်ဆီသွားတဲ့ ခြေလှမ်းလေးတွေ ဂရုတစိုက် လှမ်းနော်၊ ရှေ့ခြေလှမ်းကို လုံချည်စ မနင်းမိဖို့ သတိထား၊ အခါတော်ပေး မင်္ဂလာတေးသံနဲ့ အနေးလျှောက်၊ ဆရာမလေးရဲ့ မောင်တော်ကို လက်ချင်း မြဲမြဲချိတ်ထား၊ ရင်ခါးလေးတော့ ချီမတ်ထား၊ ရွှေကြာခြေနဲ့ ပန်းတွေကြဲထားတဲ့ လမ်းပေါ်မှာ ကော်ဇောနုနုပေါ် သူခေါ်ရာ လိုက်သွားပေတော့ ဒေါက်တာမလေးရယ်"

ရွှေရည်မျိုး အလှပြင်ဆိုင်မှ ဖြူလေးမှာ လုပ်သက်ကြာလာသလို အလှပြုပြင်ရေးဆိုင်ရာ ပညာမှာ ဆိုင်မှာ နာမည်အရဆုံး လူကြိုက်များလာသည်။ သို့ကြောင့်လည်း ခမ်းနားလှသည့် ပွဲများသို့ ဆိုင်ပိုင်ရှင်မာမီက ဖြူလေးကိုသာ အောက်ဒိုးစိတ်ချရသည် ထင်၏။

သတို့သမီးဖြစ်သူ ထက်ထက်အောင်မှာ သူ့အား အလှပြင်ပေးမည့် မိတ်ကပ်ပညာရှင် မိန်းမလျာလေးကို စမြင်မိကတည်းကပင် သူချစ်ရသော သူ့ကိုကို လှိုင်ဝင်းမျိုးနှင့် တထေရာတည်း တူလှသည်မို့ အတိတ်က အရိပ်တို့မှာ မင်္ဂလာခန်းမထဲ တိုးဝင်ထင်မြင်နေ၏။ ဤသို့ ရွှေရင်တော်သို့ သတိလွတ်မတတ်ဖြစ်ရသည်ကို ဖြူလေးက-

"ဟိတ် . . . သတို့သမီးလေး၊ ငေးမနေရဘူးလေ၊ ရှက်ပြုံးဟန်လေး ရအောင်ယူ၊ ဟင်း အဟိ အပျိုစင်ဘဝလေး စွန့်လွှတ်ရမှာကို ဆွေးနေပြီ ထင်တယ်၊ မကြာမီ ယူ့ မောင်တော်က တအားကြီးကို ချစ်တော့မှာ အဟင်းဟင်း. . ."

ဖြူလေးမှ ပြောရင်း ဆိုနေရင်း ထက်ထက်ကို ငေးကြည့်ရင်းက မည်သို့ခံစားရသည်မသိ ပျော်စံမမှ ရယ်သံမဲ့ဖြစ်လာရ၏။

"ဆရာဝန် လက်ရေးမပီမသနဲ့ ဘဝချင်းညီမျှလို့ တွေ့ကြပြီပဲလေ၊ ကဲ ရွှေလက်တွဲဖို့ ထွက်တော်မူ"

ဟု ဖြူလေး ပြောသမျှကို . . .

"တော်ပါတော့ရှင်ရယ်"

ထက်ထက်အောင် ဒါပဲ ပြန်ပြောနိုင်ကာ ပန်းကြဲစုရာ ကော်ဇောနုပေါ်မှ လှမ်းလင့်သူကို လက်ကမ်းပေးခဲ့ရသည်။

◆

ဦးနှောက်နဲ့ အာရုံကြောဆေးရုံကြီး၏ လူနာဆောင် အခန်းထဲတွင် တာဝန်ကျ ဆရာဝန်မလေးမှာ ရောင်းလှည့်ပြီး လူနာတစ်ဦးချင်းစီအား လူနာခုတင်၌ချိတ်ထားသော လူနာ၏ ဆေးမှတ်တမ်းဖတ်ရင်း အခန်းထဲ လှည့်လည်ကုသပေးနေ၏။

ဦးခေါင်းမှာ ပတ်တီးစည်းထားလျက် ခုတင်ပေါ် လှဲနေသော လူနာဆီရောက်လျှင်. . .

ဆရာဝန်မလေးမှ . . .

"ဒီပေးရှင်းရဲ့ ကေ့စ်က"

ဟု မေးလျှင် သူနာပြုဆရာမမှ





www.burmeseclassic.com

www.burmeseclassic.com



…ထင်ခြေရင်းတွင် ချိတ်ထားသည့်လူနာ၏ ဆေးမှတ်တမ်း စာရွက်များ ယူပြ…တ ဆရာမမှ . . .

"တမြန်နေ့က မြို့လယ်တိုက်ခန်း…လောင်တဲ့ နေရာက လူနာပါ ဒေါက်…နာမည်ကြီး ရွှေရည်မျိုး အလှပြင်…တည်ရာ တိုက်ခန်းတွေမှာ မီးလောင်…တော့ ဒီလူနာက ဦးခေါင်းမှ ဒဏ်ရာရ…တယ်"

ဆရာဝန်မလေးက သူတာဝန်…ချိန်၌ ရောက်လာခဲ့သော လူနာ…တ်သဖြင့် လူနာကိုယ်ရေးဖြစ်စဉ်ကို …နာပြုဆရာမက ပြောပြနေခြင်း ဖြစ်…သည်။ သူနာပြု ဆရာမက . . .

"ဒီလူနာ 'ဆေးရုံရောက်စက …သတိလစ်နေပါတယ်၊ မိန်းကလေး …ဝတ်အစားနဲ့ နောက် သတိရလာ…တော့မှ ရှက်ပြီး ယောကျ်ားလေး အဝတ်…အစား အတင်းတောင်းနေလို့ အမြန်လဲ…ပေးလိုက်ကြရတယ်"

ဆရာဝန်မလေး ခုတင်ခေါင်းရင်း…ဘက် အနီးကပ် တိုးသွားကာ အသေ…အချာကြည့်၏။

"ဟင် ဒါကိုကို၊ ကိုကို လှိုင်ဝင်း…မှုးပါလား"

ရင်မှလာသော စကားကို ပွင့်ထွက်မလာအောင် တာဝန်ကတားထား၏။

"ဒါဆို မင်္ဂလာဆောင်မှာ မိတ်ကပ်အလှပြုပြင်ပေးသူ ဖြူလေး ဆိုတာ ကိုကိုနဲ့ တူလွန်းလို့ ဖြူလေးဟာ ကိုကို ဖြစ်နေပါကောလား"

ဆရာဝန်မလေးက လူနာအခန်းမှ ခေတ္တအပြင်ထွက်ကာ လှိုင်ဝင်းမျိုးတို့ အိမ်သို့ ဖုန်းဆက် အကြောင်းကြားပေးနေသည်။

နှစ်ကာလအတန်ကြာ ပျောက်ဆုံးနေခဲ့သူ လှိုင်ဝင်းမျိုး မိခင်ကြီးမှာ တယ်လီဖုန်း ပြောပြီးပြီးချင်း အိမ်မှ အပြေးအလွှားပင် အမျိုးတော်စပ်သူ မိန်းကလေးတစ်ဦးနှင့် ဆေးရုံရောက်လာခဲ့၏။

လူနာတွေ့ချိန်၌ ကုမ္ပဏီမှ ဝန်ထမ်းအသိမိတ်ဆွေများဖြင့် ကာလအတန်ကြာပျောက်နေခဲ့သော လူနာရှိရာ အခန်းမှာ အထူးအဆန်း သတင်းမေးရင်း လူနာ့ခုတင်ဘေး ဝန်းပတ်ကြည့်ရှုနေတော့သည်။ သူတို့သားအမိတွင် ဆွေမျိုးဟူ၍ မရှိလှ။

◆

လှိုင်ဝင်းမျိုး ယနေ့ ဆေးရုံမှ ဆင်းရပြီ။

ထက်ထက်အောင်၏ ဂျူတီပင် ဖြစ်ပါ၏။ လှိုင်ဝင်းမျိုးကို နားကြပ်လေးနှင့် နောက်ဆုံး စမ်းထောက်ကြည့်ရှုသည်။ နှစ်ယောက်ပေါင်းမှ နှလုံးသားတစ်ခုသာ ရှိသလို အတိတ်က ချစ်သူနှစ်ဦး။

"ထိုင်ပါ ကိုကို"

ဟိုတုန်းကလိုမျိုး ဆိုပြောသံ၊ လက်ကျန်လေးနှင့် လှိုင်ဝင်းမျိုး၏ဆေးရုံဆင်းလက်မှတ်ထိုးပေးဖို့ ဆေးမှတ်တမ်းများ ရေးဖြည့်ပေးနေသည်။

ဆရာဝန်လက်ရေး မပီမသကို ငေးကြည့်မိ၏။

မဝေးလှသော အချိန်က ဖြစ်ရပ်ကိုမှ မေ့မသွားပေ။

မိမိ၏ စိတ်ဝေဒနာ ယောက်ယက်ခတ်နေချိန်မှာ ချစ်သူလေးရောက်လာသော်လည်း တစ်ပါးသူခေါ်ရာသို့ ချစ်သူကို မင်္ဂလာပန်းကြဲစုရာ ကော်ဇောနုလမ်းပေါ် ဆီ အားပါးတရ လက်ခုပ်တီးကာ တင်ပေးခဲ့မိပြီ။ ပိုင်ဆိုင်မှု ဟူ၍ မိမိ၏ အသိစိတ်ပင် မရှိခဲ့ရပါ။

နှလုံးသား ဝေဒနာ နာကျင်စရာ ဘဝတစ်သက်တာ သက်လျှာဆီမှ မမျှော်လင့်ကောင်းသော လက်မှတ်လေးသည် မိမိဝေဒနာ စိတ်ရောဂါ သက်သာ၍ ဆေးရုံမှ ဆင်းရသည့် အမှတ်တရ လက်မှတ်လေး ဖြစ်နေတော့သည်။

ကောင်းကင်မှာ မုတ်သုံတိမ်ထုတို့ မှုန်မှောင်၍ စုစုလာသည်။ မိုးဖွဲဖွဲမှ သဲစပြု၏။

ဆေးရုံကြီးရှေ့ အငှားကားလေးပေါ်သို့ လှိုင်ဝင်းမျိုးနှင့် သူ့မိခင်ကြီးတို့ တက်ရောက်သွားကြသည်ကို ဆရာဝန်မလေး ထက်ထက်အောင်မှ ဆေးရုံရုံးခန်းအပေါ် ထပ် မှန်ပြတင်းပေါက်က ရပ်ကြည့်နေခဲ့သည်။

'ကိုကိုရယ်၊ ထက်နဲ့ ကိုကိုတို့ရဲ့ အချစ်ဟာ အိပ်မက်ထဲက ဒဏ္ဍာရီဆန်လို့ မိုးတိမ်နှယ် လွင့်ပျောက်ခဲ့ရဝေ့၊ လောကဓံခွဲဖျက်ခြင်းကို အိပ်မက်ပင် ဖြစ်ပါစေတော့လို့ ဆုတောင်းကြလဲ နှောင်းခဲ့ရပြီ ကိုကိုရယ်'

လို့ သူမရင်မှာ သို့၍ ဆိုနေဆဲကို အားကောင်းလာသော မိုးရေထုထည်အောက်တွင် လှိုင်ဝင်းမျိုးတို့ အငှားကားလေးမှာ ကွယ်ပျောက်၍ သွားခဲ့ပါပြီတည်း။

**ဝင်းခင်လွှမ်း(မှုံ့ငါးမြေ)**


□





www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါရောင် စပါးပင်ကလေးများသည် ဆောင်းရာသီ၏ မြောက်ပြန်လေနှင့်အတူ ဘယ်ယိမ်းညာနွဲ့ လှပစွာ ယိမ်းကစားနေကြသည်။ မြစိမ်းရောင် မြက်ခင်းပြင်ပေါ် သို့ ငွေရောင် နှင်းရည်စက်ကလေးများသည်လည်း တဖွဲဖွဲကျနေကြသည်။ ကောင်းကင်ထက်ဆီမှ ငွေလစန္ဒာသည်လည်း ဟိတ်ဆိတ်နေသောည၏ အမှောင်ထုကို သူ၏ ယိန်ဝါသော အလင်းရောင်ဖြင့် ဖြိုခွင်းပေးလိုက်သည်။

ထိုလစန္ဒာ၏ အလင်းရောင်အောက်တွင် ခနီမိုး ထရံကာ ယာတဲလေးတစ်လုံးတည်ရှိနေလေသည်။

ထိုတဲကလေးထဲတွင် အသက်(၇၀)ကျော် အဘွားအိုတစ်ယောက် အိပ်စက် လဲလျောင်းနေလေသည်။ အဘွားအို၏ မျက်လုံးအိမ်မှ မျက်ရည်ပေါက်များလည်း တွဲခို စီးကျနေသည်။

"ဩော် ကိုဘစီ၊ ကိုဘစီ၊ ရှင်ကတော့ လောကကြီးကိုကျောခိုင်းသွားခဲ့ပြီမို့ ရှင့်သားသမီးတွေရဲ့ ဒုက္ခပေးမှုကို ကြာရှည် မခံစားလိုက်ရဘူးနော်၊ ကျွန်မကတော့ သူတို့ပေးတဲ့ ဒုက္ခကို ခံစားရင်း အသက်ရှင်နေရတယ်၊ အခုတော့ ကျွန်မ ဘဝမှာ စားရမဲ့ သောက်ရမဲ့ဘဝ ဖြစ်နေပြီ ကိုဘစီရယ်"

ဒေါ်ဖွားမေသည် အိပ်ရာထဲမှာ လဲလျောင်းရင်း တစ်ဦးတည်း ရေရွတ်နေလေသည်။ ညသန်းခေါင်ယံ အချိန်သည်လည်း တဖြည်းဖြည်း ညဥ့်နက်၍ လာခဲ့လေသည်။

"ဒကာမကြီး၊ ဥပုသ်လာစောင့်တာလား"

ရွာဦးကျောင်းဆရာတော်က ဦးချကန်တော့နေသော ဒေါ်ဖွားမေကို ခြေစုံရပ်နေရာမှ မိန့်တော်မူလိုက်သည်။

"တင်ပါ့ဘုရား၊ တပည့်တော် ဥပုသ်လာစောင့်တာပါ ဘုရား"

"ဒကာမကြီး၊ ကျောင်းကို မရောက်တာတောင် ကြာပြီနော်၊ နေရေးကောင်းရဲ့လား၊ ဒကာမကြီး ကြည့်ရတာ အားအင်ချည့်နဲ့ နေသလိုပါလား"

ဆရာတော်ဦးဝိမလက က ကရုဏာသက်စွာ မိန့်လေသည်။

"တင်ပါ့ဘုရား၊ တပည့်တော် ကျန်းမာရေးကလဲ မကောင်းဆေး





www.burmeseclassic.com

www.burmeseclassic.com

ဓာတ်စာကလဲ လုံလောက်မှု မရှိပါဘူး ဘုရား၊ အလုပ်မလုပ်နိုင်တော့တဲ့အတွက် ငွေကြေးလဲ မရှိပါဘူး၊ ဘေးပတ်ဝန်းကျင်က လူတွေ ဝိုင်းဝန်းကြည့်ရှုကြလို့သာ ထမင်းနပ်မှန်အောင် စားနေရတာပါ ဘုရား၊ တပည့်တော် အမျိုးသားရှိစဉ်က လယ်တွေ၊ ယာတွေကလဲ သားသမီးတွေကို ခွဲဝေပေးလိုက်ပါတယ် ဘုရား၊ အခု သူတို့တွေက တပည့်တော်ကို ပြန်မကြည့်ကြတော့ပါဘူး ဘုရား"

မျက်ရည်များဝဲကာ တုန်တုန်ရီရီ လျှောက်တင်နေသော ဒေါ်ဖွားမေကို ကြည့်၍ ဆရာတော် စိတ်မကောင်းဖြစ်သွားသည်။

"ဖြစ်မှ ဖြစ်ရလေ ဒကာမကြီးရယ်၊ ဒီနေ့ကစပြီး ဒကာမကြီးအတွက် ထမင်းချိုင့်ကို ဦးပဥ္စင်း နေ့စဉ် ပို့ပေးပါ့မယ်၊ လိုအပ်တဲ့ ဆေးဝါးဓာတ်စာကိုလဲ ဦးပဥ္စင်း လှူပါ့မယ်၊ ဒကာမကြီးက ဘဝကူးကောင်းဖို့အရေး ဝိပဿနာ ဘာဝနာတရားကို ကြိုးစားအားထုတ်ပေတော့ ဒကာမကြီး"

"ကျေးဇူး ကြီးမားလှပါတယ် ဆရာတော်ဘုရား"

ဒေါ်ဖွားမေသည် ဆရာတော်ကို ဦးသုံးကြိမ်ချလိုက်သည်။ ဆရာတော် ထွက်ခွာသွားပြီးနောက် ဝမ်းနည်းပူဆွေးမှုကြောင့် ကျခဲ့ရသော မျက်ရည်စများကို ပခုံးထက်ရှိ ပဝါဖြင့် သုတ်လိုက်လေသည်။

xxx

ဒေါ်ဖွားမေသည် ဆရာတော်နှင့် အိမ်နီးနားချင်းများ၏ ထောင်းမှုကြောင့် ဝမ်းရေးအတွက် မပူပင်ရပါ။ သို့သော် ဇရာ၏ ပြောင်းလဲမှုကိုတော့ ကျော်လွှားနိုင်ခြင်းမရှိပါ။ ကျန်းမာရေးကလည်း တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့သည်။ သားသမီးများဆီ အကြောင်းကြားသော်လည်းတစ်ယောက်မျှရောက်မလာခဲ့ပေ။ နောက်ဆုံး၌ အိပ်ရာထဲသို့ ဗုန်းဗုန်းလဲတော့သည်။

သူ့အတွက် အားထားရာမှာ ဘုရားရှင်၏ ဂုဏ်တော်များသာ ဖြစ်သည်။ ဒေါ်ဖွားမေသည် အိပ်ရာထက်၌ ပုတီးစိပ်၊ ဂုဏ်တော်ရွတ်ကာ နောက်ဆုံး အချိန်ကို စောင့်မျှော်နေရသည်။ ဒေါ်ဖွားမေ၏ ကိစ္စကြီးငယ်များကိုတော့ အမြင်မတော်သူများက ကြုံသလို လုပ်ကိုင်ပေးကြသည်။

"အရီးလေး သက်သာရဲ့လား"

နားထဲသို့ အသံ ကြားလိုက်ရသဖြင့် မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။ သို့သော် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ မှုန်ဝါးဝါး ဖြစ်နေသည်။

"အရီးလေး ကျွန်တော်လေ၊ မောင်တင်ဝင်းပါ၊ အရီးလေးကို လာကြည့်တာပါ၊ အရီးလေး နေသာသလို နေပါ"

ဦးတင်ဝင်း၏ စကားသံကြောင့် ဒေါ်ဖွားမေ မှတ်မိသွားပြီး ခေါင်းကို အသာလေး ညိတ်ပြသည်။ ဦးတင်ဝင်းရင်ထဲမှာတော့ စိတ်မကောင်း ဖြစ်မိသွားသည်။ တာဝန်မကျေသော သားသမီးများကိုလည်း ဝေဖန် ပြစ်တင်လိုက်မိသည်။

xxx

ဒေါ်ဖွားမေ၏ အိမ်လေးပေါ်တွင် ရွာထဲမှ လူကြီးများ ရောက်ရှိနေကြသည်။ ကျန်းမာရေး မကောင်းသည့် ဒေါ်ဖွားမေအား အနီးကပ်စောင့်ရှောက်ကြရန် ဖြစ်သည်။ လိုအပ်သော ဆေးဝါးဓာတ်စာများကိုလည်း လာရောက်လှူဒါန်းကြသည်။

ရွာလူကြီးများက ဒေါ်ဖွားမေအား အားပေးစကား ပြောနေကြစဉ် အိမ်ရှေ့သို့ ဆိုင်ကယ်တစ်စီး မောင်းနှင်လာသည်။ ထိုသူမှာ အခြားသူမဟုတ်။ ဒေါ်ဖွားမေ၏ သားငယ် ထိုက်မောင်ပင် ဖြစ်သည်။

"အမေ . . . အမေ၊ ကျွန်တော် ရောက်လာပြီလေ အမေ"

ထိုက်မောင်က ကုလားထိုင်ပေါ်တွင် မှေးနေသော မိခင်အနားသို့ ကပ်ကာ ပြောလိုက်သည်။ ဒေါ်ဖွားမေ၏ မျက်လုံးများသည် ပွင့်၍ လာသည်။ သားဖြစ်သူကို မြင်လိုက်ရသဖြင့် အလွန်ဝမ်းသာသွားသည်။

"သား . . . အမေ့သားလေး၊ နေကောင်းတယ်နော်၊ နေနိုင်လိုက်တာ သားရယ်၊ အမေ သားတို့မောင်နှမတွေကို တအားလွမ်းနေတာ"

မိခင်ဖြစ်သူက သား၏ လက်ကလေးများကို ယုယစွာ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

"အခု အမေ မလွမ်းရတော့ပါဘူး၊ အမေ့ကို ကျွန်တော် လာခေါ်တာ"

"ဟေ မောင်ထိုက်မောင်၊ မင်း အမေ့ကို လာခေါ်တာ ဟုတ်လား"

"အေး . . . ကောင်းတယ်ကွ၊ မိဘဆိုတာ မသေခင်ကျွေးရတာ၊ သေမှ နောင်တရလို့ မဖြစ်ဘူး"

အိမ်ဦးခန်းတွင် ထိုင်နေသော အဘိုး ဦးသာလှက ကွမ်းသီးညှပ်ရင်း လှမ်းပြောသည်။

"ကျွန်တော် အစကတည်းက အမေ့ကို ခေါ်ထားတာပါ ဘကြီးရာ၊ အမေက ဟိုစပ်စပ် ဒီစပ်စပ်လုပ်ပြီး ချွေးမနဲ့ တည့်အောင်မနေဘဲ ဒီကို ပြန်လာတာဗျ"

ထိုက်မောင်၏ စကားကြောင့် ဒေါ်ဖွားမေ မျက်နှာပျက်သွားသည်။

"အမေက နေရာတကာ ဝင်ပါတာ မဟုတ်ပါဘူးသားရယ်၊ မင်းမိန်းမက အိမ်အလုပ်လဲ မလုပ်ဘူး၊ အိမ်အကူနဲ့ ဖြစ်သလို လွှတ်ထားတယ်၊ တီဗွီရှေ့မှာ အချိန်ပြည့်နေတယ်၊ တီဗွီကြည့်ပြီးပြန်တော့ ရပ်ကွက်ထဲက အိမ်တွေကို လျှောက်လည်တယ်၊

အမေက အမြင်မတော်လို့ကိုယ့်သမီးလေးလိုလဲ သဘောထားလို့ ဆုံးမခဲ့တာပါ သားရယ်၊ သူက မင်းကို ဘယ်လို ပြန်ပြောလဲ ဆိုတာတော့ အမေ မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖွားမေက သားဖြစ်သူကို မျက်နှာငယ်လေးဖြင့် ရှင်းပြနေရှာသည်။

"ဒါတွေ ထားလိုက်ပါတော့ အမေရယ်၊ အခု အမေ့မှာရှိနေတဲ့ ယာလေး တစ်ကေကို ရောင်းပြီး ကျွန်တော်နဲ့ လိုက်ခဲ့တော့။

ဒါပေမယ့် အမေ့ကို ပြောရဦးမယ်၊ အမေ ဒီတစ်ခါ ကျွန်တော့်မိန်းမနဲ့ ပြဿနာဖြစ်လို့တော့ မရဘူးနော်၊ အခုဒီမှာ ရွာလူကြီးတွေရှိနေတုန်း သူတို့ရှေ့မှာ အမေ လက်မှတ်ထိုးပါ။

ကျွန်တော့်မိန်းမ ဘာပဲလုပ်လုပ်၊ ဘယ်သွားသွား အမေ ဘာမှဝင်မပြောပါဘူးလို့ ကတိပေးပြီး လက်မှတ်ထိုးပါ"

ထိုက်မောင် ပြောလိုက်သော စကားကြောင့် ဒေါ်ဖွားမေနှင့် အတူ ရွာလူကြီးများ မျက်လုံးပြူးသွားသည်။ ထို့နောက် ဒေါ်ဖွားမေက သားဖြစ်သူကို စေ့စေ့ကြည့်ကာ. . .

"ဒီမှာ ထိုက်မောင်၊ ငါနင်တို့ကို မွေးခဲ့ ကျွေးခဲ့တုန်းက ဒီလိုနေ ဒီလိုထိုင် ငါ့သဘောအတိုင်း မနေနိုင်ရင် နင်တို့ကို အပြစ်ပေးမယ်လို့တောင် ပြောခဲ့ဖူးလို့လား၊ တော်ပြီ ထိုက်မောင်၊ ငါနင်နဲ့တော့ လိုက်မနေတော့ဘူး၊ ငါ ဒီအိမ်လေးမှာပဲ ခေါင်းချတော့မယ်၊ နင့်ကို သားလို့လဲ မသတ်မှတ်တော့ဘူး"

ဒေါ်ဖွားမေက သားဖြစ်သူကို ဒေါသသံနှင့် ပြောလိုက်သည်။

"ကောင်းပြီလေ အမေ၊ အမေက သားလို့ မသတ်မှတ်တော့လဲ ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ ဒါဆို အမေ သေရင်လဲ ကျွန်တော် မလာဘူး"

ထိုက်မောင်က ပြောပြောဆိုဆို အိမ်ထဲမှ ထွက်ကာ ဆိုင်ကယ်ကို အရှိန်ပြင်းစွာ မောင်းနှင်သွားလေသည်။

"သွား သွား၊ ကံကြီးထိုက်မယ့် အကောင်"

ဒေါ်ဖွားမေက ဒေါသတကြီး အော်ပြောလိုက်သည်။



ခေါင်းရင်းခန်းတွင် နားထောင်နေသော လူကြီးများက သူတို့ သားအမိကို ကြည့်ပြီး ခေါင်း တဆတ်ဆတ်ညိတ်နေသည်။

"အင်း လောကမှာ မကြားဖူးတာတွေလဲ ကြားနေရပါလား၊ မိန်းမနဲ့ ရန်မဖြစ်ဖို့ အမေ့ကို လက်မှတ်ထိုးခိုင်းတယ်"

"ဟုတ်ပါ့ဗျာ"

လူကြီးများက သံပြိုင်ထောက်ခံလိုက်ကြသည်။

xxx

မိုးသည် သည်းထန်စွာရွာသွန်းနေသည်။ တစ်ခါတရံ လေပြင်းမုန်တိုင်းများလည်း ပြင်းထန်စွာ တိုက်ခတ်လေသည်။ မှောင်မှောင်မည်းမည်း တဲအိမ်ထဲမှာတော့ ဒေါ်ဖွားမေ တစ်ယောက်တည်း ဝေဒနာကို ခံစားနေရသည်။ ထို့နောက် ဝေဒနာကို ပြင်းစွာ ခံစားရင်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လောကကြီးအား စွန့်ခွာသွားခဲ့လေသည်။

"အရီးလေး . . . အရီးလေး"

ဖိုးစည်တစ်ယောက် နွားကျောင်းရင်း ဒေါ်ဖွားမေ တဲအိမ်ရှေ့သို့ ရောက်လာသည်။ ညက မိုးသည်းထန်စွာ ရွာသွန်းထားသဖြင့် ချောင်းငယ် ရေမှာလျှံနေလေသည်။

ထို့ကြောင့်လည်း ဒေါ်ဖွားမေကို မတွေ့ရသဖြင့် စိုးရိမ်ကြီးစွာ အော်ခေါ်လိုက်သည်။ ထူးသံ မကြားသဖြင့် တဲအတွင်းသို့ဝင်ကာ ကြည့်မိလိုက်သည်။

"ဟာ အရီးလေး အသက်မရှိတော့ဘူး၊ ဖြစ်မှ ဖြစ်ရလေ အရီးလေးရယ်"

နွားကျောင်းသား ဖိုးစည်သည် ဒေါ်ဖွားမေကို အသာပြန်ချထားပြီး ရွာထဲရှိ လူကြီးများအား သွားရောက်အကြောင်းကြားခဲ့သည်။

"အင်း ဒေါ်ဖွားမေက သနားစရာပဲ၊ ညက မိုးကလဲ အရမ်းရွာနေတော့ သူတဲကို ဘယ်သူမှ မရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြဘူး၊ တစ်ယောက်တည်း ဘယ်လိုနေခဲ့ရှာလဲ မသိဘူး"

ရွာသားများက ဒေါ်ဖွားမေ၏ ရှစ်အလောင်းကို ကြည့်ကာ စိတ်မကောင်း ဖြစ်နေကြသည်။

"ကဲ ကျုပ်တို့ ဒီအတိုင်းနေလို့တော့ မဖြစ်သေးဘူး၊ အခု နာရေးကိစ္စအတွက် တတ်နိုင်သလောက် ကူညီကြတာပေါ့၊ သူ့ သားသမီးတွေဆီလဲ အကြောင်းကြားမှ ဖြစ်မယ်၊ ဖိုးစည်ရေ ခင်ကပဲ ရွာဦးကျောင်းဆရာတော်ဆီကို သွား အကြောင်းစုံ လျှောက်တင်ပြီး သတ်ပျောက် သပိတ်သွတ်ဖို့ အတွက် ဝင့်ခဲ့တော့ကွာ"

ဦးသာလှက ဖိုးစည်ကို ပြောရင်း တာဝန်ပေးလိုက်လေသည်။

xxx

"အမေ အမေ ဖြစ်ရလေ အမေ ရယ်၊ သမီးတို့ကို ထားခဲ့ပြီလား အီး ဟီး ဟီး"

အိမ်ရှေ့မှ အော်ဟစ်ငိုကြွေးလာသော ဒေါ်ဖွားမေ၏သမီး ခင်အေးကြူ တို့ကြည့်ကာ အရပ်သူများက နှာခေါင်းရှုံ့ကြသည်။ မသေခင်က လာမကြည့်ဘဲ သေမှ အော်ငိုနေခြင်းကြောင့် ဖြစ်သည်။ များမကြာမီတွင် ဒေါ်ဖွားမေ၏သားများ ရောက်လာကြသည်။

"မောင်ထိုက်မောင်နဲ့ မောင်ထိုက်အောင်တို့ရေ မင်းတို့ အမေကို သုံးရက်ထားပြီး သင်္ဂြိုဟ်ဖို့ ဦးကြီးတို့ စီစဉ်ထားတယ်၊ မင်းတို့ သဘောတူတယ် မဟုတ်လား"

ရွာလူကြီးတစ်ဦးက ပြောလိုက်သည်။

"ဟာ ဦးကြီး၊ ကျွန်တော်တို့ သဘောမတူဘူး၊ ကျွန်တော်တို့က ငါးရက်ထားမှာ"

ထိုက်မောင်တို့က ငြင်းဆန်လိုက်သည်။

"မောင်ထိုက်မောင်ရယ် သေသူက ပြန်ရှင်လာမှာ မဟုတ်ပါဘူး၊ ငါးရက်ဆိုတော့ စရိတ်ကြီးတာပေါ့ကွယ်"

"ဦးကြီးကလဲ စရိတ်မကြီးပါဘူး၊ ကျွန်တော်တို့ အမေ့အသုဘမှာ ဖဲဝိုင်းထောင်မလို့၊ ကျွန်တော့် လူတွေကို တောင် ခေါ်ထားသေးတယ်၊ အဲဒီက ရတဲ့ အကောက်ငွေနဲ့ အမေ့ကို သင်္ဂြိုဟ်လို့ရပါတယ်"

"မကောင်းပါဘူးကွာ မင်းတို့ အမေက အသက်အရွယ်ကြီးသူဆိုတော့ ဒီလို ဖဲဝိုင်းလုပ်ပြီး ဆူဆူညံညံဆိုရင် မသင့်လျော်ပါဘူး၊ ပြီးတော့ ဆရာတော်ကလဲ လက်ခံမှာ မဟုတ်ပါဘူး၊ မင်းတို့ အမေကို ဆရာတော်က ကြည့်ရှုစောင့်ရှောက်ထားတာကွ"

လူကြီးများ ဘယ်လိုပြောပြော ထိုက်မောင်တို့က ဇွတ်အတင်း စီစဉ်သည်။ နောက်ဆုံး၌ ကာယကံရှင်တို့၏ သဘောအတိုင်း ဖြစ်သွားခဲ့တော့သည်။

xxx

မိုးသည် သည်းထန်စွာရွာသွန်းနေလေသည်။ ချောင်းငယ်ရေမှာလည်း လျှံနေသည်။ သည်နေ့ ဒေါ်ဖွားမေ အသုဘချမည့်နေ့လည်း ဖြစ်သည်။ ဒေါ်ဖွားမေ၏ အိမ်သည် ချောင်းတစ်ဖက်ကမ်းတွင် ရှိသည်မို့ သုသာန်သို့ ရောက်ရန် ချောင်းငယ်ရေကို ဖြတ်ကူးရသည်။ အလောင်းစင်ထမ်း၍ ကူးရမည်မှာ မလွယ်ကူလှပေ။ ထမ်းမည့် လူအင်အားများမှ ဖြစ်မည်။

"၁၂နာရီတောင် ကျော်သွားပြီ၊ လူစုံပြီလားဟေ့"

ရွာလူကြီးမှ လှမ်း၍ မေးလိုက်သည်။

"ဦးလေး ဘေးလူတွေကတော့ စုံပြီ၊ ဒေါ်ဖွားမေရဲ့ သားတွေ၊ သမက်တွေတော့ မရှိဘူး၊ သူတို့ပါ ထမ်းပြီး ချောင်းရေကို ဖြတ်ကူးရရင် ပိုပြီးအဆင်ပြေမယ်"

လူငယ်တစ်ဦးမှ ပြန်လည် ဖြေကြားလိုက်သည်။

"ခင်အေးမူ နင့်ယောကျ်ား စိုးဦးကော၊ ပြီးတော့ နင့်မောင်တွေက ဘယ်သွားကြလဲ၊ သူတို့ကို ခေါ်လိုက်ဦး"

ရွာလူကြီးက ခင်အေးမူကို ပြောလိုက်သည်။

"ကျွန်မ ယောကျ်ားက မနက်ကတည်းက ရွာပြန်သွားပြီ၊ ဟိုနှစ်ကောင်ကတော့ ဘယ်ရောက်သွားလဲ မသိဘူး ဦးလေး"

ခင်အေးမူက မောင်ဖြစ်သူများကို အပြစ်တင်သော လေသံဖြင့် စကားဆိုလိုက်သည်။ ရွာသားများက လိုက်ရှာသောအခါ ထိုက်အောင်မှာ အရက်မူးလွန်ပြီး တဲနောက်ဖေးတွင် အိပ်ပျော်နေလေသည်။ ညီဖြစ်သူ ထိုက်မောင်မှာ မိုးရွာထဲတွင် ချောင်းရေကို ဖြတ်ပြီး ကူးရမည်စိုး၍ တစ်နေရာတွင် ပုန်းနေသည်။ နောက်ဆုံးတွင် . . .

"ကဲ သူတို့မရှိရင်လဲ ရှိတဲ့လူနဲ့ သင်္ဂြိုဟ်လိုက်ရအောင်၊ ကဲ လူငယ်တွေ အလောင်းစင် ထမ်းကွာ၊ လူကြီးတွေက ဖေးဖေးမမ နောက်ကလိုက်ထိန်းကြပါ"

ရွာလူကြီး၏ စကားကြောင့် ရွာသားများ အသုဘချရန် ပြင်ဆင်လိုက်ကြသည်။

xxx

မိုးကောင်းကင်တစ်ခုလုံး အုံ့မှိုင်းညိုမှိုင်းလျက်ရှိသည်။ ညိုမှိုင်းသော မိုးကောင်းကင်အောက်တွင် လတ်ဆတ်သော မြေပုံမို့မို့လေးတစ်ခုရှိနေသည်။ ထိုမြေပုံသည် အခြားသူ မဟုတ်။ ဘဝနေဝင်ချိန်တွင် အလွမ်းအမောတွေဖြင့် ဘဝမျောခဲ့ရသော အမေအိုတစ်ဦး၏ ထာဝရ လဲလျောင်းရာ နေရာတစ်ခုပင် ဖြစ်သည်။

စုန်ရေသာရှိပြီး ဆန်ရေမရှိသော လောကနိယာမ သဘောတရားကို ဤမြေပုံမို့မို့လေးက ညွှန်းဆိုနေပေလိမ့်မည်။ ဤနေရာသို့ ဖြတ်သန်း သွားလာကြသော ရွာသူရွာသား အပေါင်းကတော့ ဤမြေပုံကလေးကို ကြည့်ကာ သတိသံဝေဂများဖြင့် ထာဝရ လွမ်းဆွေးနေကြရသည်။

ဆုပန်အိမ်

□





www.burmeseclassic.com

www.burmeseclassic.com



၂၉-၁၂-၂၀၁၂ တနင်္ဂနွေနေ့။

မက်သဒစ်အထက်တန်းကျောင်း။ ယခု အထက(၂)သန်လျင်။

ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ နံနက် ၉း၃၀ နာရီ ရောက်ခဲ့သည်။

သန်လျင် ငရန်ချက် စက်ရုံမှ သက်ပြည့်အငြိမ်းစား ယူခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့လေပြီ။ ပညာသင်ကြားပေးခဲ့သော ဆရာ၊ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ ပြန်တွေ့ရသည်။ ဝမ်းလည်းသာမိသည်။ ပျော်လည်းပျော်မိသည်။ ကြည်နူးမဆုံး ပီတိဖြစ်ခဲ့ရသည်။

မိုးညို အသက် ၆၁ နှစ်မှ ၁၆ နှစ် ပြန်ငယ်သွားသည်ကို ခံစားမိသည်။

မက်သဒစ်ကျောင်း။

H ပုံသဏ္ဌာန်ရှိသည်။

နီညိုရောင် ဆေးသုတ် အုတ်ကွက် ဖော်ထားသည်။ အဝေးမှ လှမ်းမြင်နိုင်သည်။

ကျောင်းရှေ့ စိန်ပန်းပင် နီနီရဲရဲ ပွင့်ချပ်ပွင့်လွှာများနှင့် ဝေဆာသော ကျောင်းပနံရသလို ယှဉ်လျက် ပေါက်နေသော တမာပင်၏ အခက်၊ အရွက်၊ အလက်တို့မှာ စိမ်းစိမ်းစိုစို ရွှန်းရွှန်းညိုလဲ့ အသွေးအရောင်များ နေရောင်အောက်တွင် ပျံ့လွင့်ဝင်းပ ဖြာလဲ့နေသည်မှာ ဆေးရေးကျော် ပန်းချီကားချပ်ပမာ။

အဋ္ဌမတန်းကျောင်းသား မိုးညို။

ကျောင်းလွယ်အိတ်ကို လွယ်ကာ အပေါ်ထပ် လှေကားထစ်ဆီသို့ တစ်လှမ်းချင်းတက်နေသည့် 'စိမ်း' ၏ ဟန်ပန် သမင်မလေးသဏ္ဌာန် ကြွကြွရွရွ လှမ်းနေသည်ကို အမှတ်မထင် တွေ့ခဲ့ရသည်မှာ ယနေ့တိုင် မမေ့နိုင်။

"စိမ်း"

ရန်ကုန်မှ သန်လျင်သို့ ပြောင်းရွှေ့နေထိုင်သော စိုက်ပျိုးရေးဝန်ထောက် မိသားစုမှ ဒုတိယသမီး။

အသားအရေ ဖြူလည်း မဖြူ၊ ညိုလည်း မညို၊ ဆံပင်ရှည်ရှည်၊ သွယ်သွယ်လျလျ ကိုယ်အနေအထား ပိုင်ဆိုင်ထားသည်။ အို- ဘယ်လိုပဲ ကြည့်ကြည့် ယဉ်ပြီးလှတဲ့သူရယ်နှင့် အများမြင်သလို လှပနေဘိ၏။ မိုးညို မျက်ဝန်းထဲ ပိုလှနေသည်။

မိုးညို၊ စိမ်း တစ်တန်းတည်း၊ တစ်ခန်းတည်း။ မိုးညိုတို့အိမ် ကျောင်းနှင့် မနီးမဝေး။ အမေက ဈေး (ကုန်စုံဆိုင်) ရောင်းသည်။ ဆိုင်ဖွင့်၊သိမ်းပေးရသည်မို့ နံနက် ၈း၃၀ နာရီ ကျောင်းတက် အမြဲ နောက်ကျသည်။

စိမ်းကိုတွေ့မှ ကျောင်းတက်နောက်မကျအောင် အိမ်၊ ဈေးအလုပ်ပြီးအောင် လုပ်သော်လည်း ဆယ်မိနစ် ငါးမိနစ် အမြဲလိုလို နောက်ကျမှရောက်သည်။ စိမ်းကို အရင်ရှာတွေ့လျှင် ပျော်သည်။ မတွေ့လျှင် ရင်ထဲမှာ ဟာတာတာ။

စိမ်း မြင်းလှည်းနှင့် ကျောင်းတက်သည်။ အိမ်က ကျိုက်ခေါက်ဘုရားလမ်းမှာ။ ကျောင်းနှင့် အလှမ်းဝေးသည်။ မြင်းလှည်းစီးပြီး သွားပြန်သည်မို့ လိုက်ပြီး စကားပြောချိန် မရ။

<u>နဝမတန်း</u>

စိမ်းစာသင်ခုံနှင့် မြင်သာသောနေရာ၊ နေရာယူသည်။ စာသင်ချိန်၊ နားချိန်၊ တိတ်တခိုး ကြည့်နေသည်ကို စိမ်းသတိထားမိလာသည်။ တစ်ခါတစ်ရံ မျက်လုံးချင်းဆုံတော့ ရင်ခုန်သား. . .။

ကျောင်းစောစော တက်နိုင်ရန် ကြိုးစားသည်။ အိမ်၊ဈေးအလုပ် ၈ နာရီ အပြီးလုပ်သည်။ အိမ်နှင့်ကျောင်း ဆယ်မိနစ် လမ်းလျှောက်ရသည်၊ ရောက်သည်နှင့် ကျောင်းလမ်း၊ ကျောင်းအဝင် တံခါးပေါက်ဘေးရှိ သရက်ပင်အောက်မှ စိမ်းတို့ မြင်းလှည်းအလာ စောင့်ကြည့်သည်။

မြင်းလှည်းကလည်း ကျောင်းတက်ခေါင်းလောင်း မထိုးမီ ဆယ်မိနစ်ဆယ့်ငါးမိနစ်မှ ရောက်သည်။ စာသင်ခန်းထဲ မရောက်မီ လိုက်ပြီး စကားပြော



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း သူငယ်ချင်းများနှင့် စကား ပြောကြ ဆိုကြနှင့် အခွင့်မသာ။ တစ်နေ့ ညို ကျောင်းစောစော ရောက်သည်။ စာသင်ခန်းထဲ မည်သူမျှ မရောက်သေး။ မိန်း စားပွဲခုံထဲ ရည်းစားစာ တစ်စောင် ည့်ထားသည်။ ကျောင်းတက်ခေါင်း ထောင်း မထိုးမီ စိမ်း ရောက်လာသည်။ ယ်အိတ်ကို စားပွဲခုံထဲ ထည့်မည့်အပြု စာတစ်စောင် တွေ့သည်။ ထောင့်တစ် နေရာတွင် ရပ်ကြည့်နေသော မိုးညိုကို ည်း တွေ့သည်။ ဟန်မပျက်။ ညို ဝမ်းသာသွားသည်။

၁၅း၃၀ နာရီ ကျောင်းလွှတ် သည်။ ကျောင်းသား၊သူတွေ ကျောင်း ဆင်းကြပြီ။

'မင်းတို့ ပညာသင်ချိန်မှာ ဒါမျိုး တွေ မစဉ်းစားရဘူး၊ စိတ်မကူးရဘူး၊ ညာကို ဆုံးခန်းတိုင်အောင် သင်ကြား ရမယ်၊ ဆယ်တန်းအောင်၊ဘွဲ့ရမှ အချစ် ရေးတွေကို စဉ်းစားရမယ်'

ဆရာမက ညင်သာစွာ ဆုံးမ သည်။

မည်သည့်အချိန် ဆရာမကို ညို ရည်းစားစာ သွားတိုင်သည်မသိ။ တော်သေးလို့ စာသင်ချိန်မှာ သွားတိုင် ရှင် အရှက်တကွဲ အကျိုးနည်းမည်။ တို ကျိတ်၍ ကျေးဇူးတင်မိသည်။ စိတ်ထဲမှာတော့ ပိုပြီးချစ်မိသည်။

ကိုခင်ညွန့်။ ရန်ကုန် စိန့်ပေါ ကျောင်းမှ ပြောင်းလာသူ။ မိုးညိုတို့နှင့် တန်း အတူတူ။ စိန့်ပေါကျောင်းထွက် အင်္ဂလိပ်စာ တော်သည်။ မိုးညိုနဲ့ အစ်ကိုပမာ တတွဲတွဲ။ သူ့အိမ်က ည်း သားတစ်ယောက်တည်းမို့ ခင်မင် သည်၊ စားအိမ် သောက်အိမ်။

ကျောင်းသားပွဲတော်

ကျောင်းအပေါ်ထပ် ဟောခန်းမ ကျင်းပသည်။ ကဗျာ (နံရံကပ်စာ စောင်) ပြပွဲ၊ ကပွဲ၊ တေးသံစုံဖျော်ဖြေပွဲ၊ ရာမဒေါ်အုံး ဦးစီးသော 'မြန်မာပြည် တေးသရုပ်ဖော်'။ ခင်ညွန့်၊ အေးကို ဘာဂျာ၊ ဒရမ် မျိုးဆွေ၊ ရစ်သမ် မိုးညို၊ တေးဆို မိုးညိုတို့ ဖွဲ့စည်းထားသော "မိုး"တီးဝိုင်းကလည်း မြိုင်သည်။ နံရံကပ်စာစောင်မှာ မိုးညို၏ 'ကျောင်း ဖွင့်ချိန်'၊ 'ကျွန်းတညင်' ကဗျာ နာမည် ရသည်။

အရှေ့မြောက်ဘက်မှ ဝှေ့ဝိုက် စီးဆင်းလာသော ပဲခူးမြစ်သည် အမှတ် (၂)တံတား၊ အမှတ်(၁)တံတားကို ဖြတ် သန်းပြီး ရန်ကုန်မြစ်နှင့် ပေါင်းစုံကာ အနောက်ဘက် ပင်လယ်ဝ၊ ရေပတ် လည် ဝန်းရံထားသည့်ကျွန်း။ မွေးမှမွေး လွန်း ရှင်မွေ့နွံမ်းကို ဂုဏ်ပြုရေးစပ် သီကုံးဖွဲ့ဆိုထားသော

"ရေပင်လယ်ဝန်း
တညင်ကျွန်း
မွေ့နွံမ်းစံရာမြေ"

ကဗျာကို ဆရာ၊ ဆရာမများ ကျောင်းသူ၊ ကျောင်းသားများ သဘော ကျ နှစ်ခြိုက်ကြသည်။

ဆယ်တန်း

အတန်းကြီးလာသည်နှင့်အမျှ လွတ်လပ်မှု ရှိလာသည်။ အတန်းငယ် ကျောင်းသူ၊ကျောင်းသားများကလည်း လေးစားသည်။ ဆရာများကလည်း အရွယ်ရောက်ပြီဖြစ်သော ကျောင်းသူ၊ ကျောင်းသားများကို လူကြီးလေးများ သဖွယ် သဘောထား ဆက်ဆံသည်။ ဘဝတစ်ဆစ်ချိုးအတွက် အရေးကြီး သော အတန်းဖြစ်သည်။ ခုကတည်းက တာထွက်ကောင်းမှ ပန်းတိုင်ဝင်နိုင်မယ်။ တာထွက် မကောင်းလျှင် ပန်းမဝင်နိုင်။ ပန်းဝင်နိုင်သူအဖို့ ရှေ့တက်လမ်းတွေ အများကြီး လှမ်းနိုင်မယ်။ ပန်းမဝင်နိုင် သူအဖို့ ဆုံးရှုံးမှု များစွာနှင့် ဘဝကို ရင်ဆိုင်ရမယ်။ သည်တစ်ဆစ်ချိုး တစ် ကွေ့မှာ အရေးကြီးလှသည်။

မိုးညိုမောင်နှမ ခြောက်ယောက် ရှိသည်။ အစ်မနှစ်ယောက်၊ အစ်ကိုတစ် ယောက်၊ ညီ၊ ညီမ တစ်ယောက်စီ။ အစ်မ၊ အစ်ကိုတစ်ယောက်မှ ဆယ်တန်း မအောင်၊ ဘွဲ့မရ။ ဒါကို မခံချင်။ ငါ ဆယ်တန်းအောင်ကို အောင်ရမယ်။ ဘွဲ့ ရကို ရရမယ်။ သန္နိဋ္ဌာန်ချသည်။ စာ ပိုမို ကြိုးစားသည်။

စိမ်းနှင့်တွေ့သော် သံယောဇဉ် အမျှင်တန်းခဲ့ရပြန်သည်။

ကျောင်းသားပွဲတော်

မိုးညို၊ တင်နွယ်တို့ အဖွဲ့ကို မသန်းသန်းအေးက အကသင်ပေး သည်။ မင်းသားပြိုင် ခြောက်ယောက် ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးနရီ အညီအညာ ကကြသည်။ စိမ်း ကျော လွတ်အက လေ့ကျင့်သည်။ ကျောင်း အပေါ်ထပ် နဝမကန်းအခန်း အက တိုက်သူ၊ လေ့ကျင့်သူနှင့် ပျော်စရာ။ မိုးညို၊ စိမ်းနှင့်တွေ့ရတော့ ပျော်သည်။ စိမ်းရဲ့ မျက်နှာမှာလည်း ရွှင်လို့ လန်းလို့။

မင်းသားပြိုင်ကပြီး စိမ်း ကဗျာ လွတ် ကသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက် မေးဆတ်၊ မေးထိုး စည်းဝါးနရီအညီ အပီအပြင် ကသည်။ မျက်နှာကလည်း လှ၊ ကိုယ်လုံးကိုယ်ထည်ကလည်း ခါး သေးရင်ချီ ပဒုမ္မနီမို့ အတော့်ကို ကြည့် ကောင်းသည်။ တကယ် ရွှေမင်းသမီး လေး . . .။

ရွှေမင်းသမီး

ရွှေမင်းသမီးနှင့် ပတ်သက်၍ ၁၉၅၉ခုနှစ် မက်သဒစ်ကျောင်း ကျောင်း သားပွဲတော်ကို မြင်ယောင်မိသည်။

ဘကြီးအောင်ညာတယ်ပြဇာတ်။

ကျောင်းသားကြီး ကိုမင်းအောင် ပန်းပုဆရာကြီး ဘကြီးအောင် ထုလုပ် ထားသော ရွှေရုပ်ကလေး (ဆယ်တန်း ကျောင်းသူ မချိုကြည်သန့် ရွှေဝါရောင် ဝမ်းဆက်ဖြင့် မိန်းမထိုင် ထိုင်နေသူ) ရင်၊ ခါး၊ တင် သူ့နေရာသူ အချိုးကျကျ လှပ ပြီး ဝင့်ဝင့်ကြွားကြွား စွင့်စွင့်ငွားငွား ရှိ သည်ကို သဘောကျ၍ ဒီရွှေရုပ်ကလေး ကို မည်သူ့ကိုမျှ မရောင်းရန် အသပြာ ငွေစု၍ ဝယ်မည်ဟု ဘကြီး ာင်အား ပြောခဲ့သည်။ ငွေစုသ နေ့တိုင်း လည်း ရွှေရုပ်ကလေးကို ရှေ့ကကြည့်၊ ဘေးက ကြည့်၊ ထိုင်ကြည့်၊ ထကြည့်၊ လဲလျောင်းကြည့် ပီတိဖြစ်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

စုဆောင်းငွေပြည့်၍ ဘကြီးအောင်ထံ ရွှေမင်းသမီးရုပ်တုကလေး ဝယ်ရန် လာသော်လည်း အရေးပိုင်မင်းက ငွေပိုပေး၍ ရောင်းခဲ့သည်။ ကိုမင်းအောင် ရွှေရုပ်တုကလေးကို မြင်ယောင်ထင်ယောင်ဖြစ်ပြီး မှန်းမျှော်နေပုံ၊ သရုပ်ဆောင် ပီပြင်လှသည်ကို မိုးညို မြင်ယောင်မိပြန်သည်။

ဆယ်တန်းစာမေးပွဲ ဖြေပြီးပြီ။ ကျောင်းကြီးလည်း ပိတ်ခဲ့ပြီ။ စိန်ပန်း၊ တမာပင်တို့မှာလည်း တိတ်ဆိတ် ငြိမ်သက်နေပြီ။ ကျောင်းပတ်ဝန်းကျင် ခြောက်သွေ့နေပြီ။

စိမ်းတို့အိမ်ဘက် သိမ်ပျက်ဆီသို့ မိုးညို စက်ဘီးနှင့်ပတ်၍ ရောက်ခဲ့သည်။ လမ်းဘေး သိမ်ပျက်ဘေးတွင် စက်ဘီးထောင်သည်။ အသွားအလာ လူမြင်မှာစိုး၍ သိမ်ထဲဝင်ကာ အုတ်နံရံအပေါက်မှ စိမ်းတို့အိမ် လှမ်းမျှော်ကြည့်သည်။ အိမ်ခြံဝ မြင်ရသည်။ စိမ်းအမေသာ ထွက်ပြီး မြင်းလှည်းစီး မြို့ထဲသွားသည်ကိုသာ တွေ့ရသည်။ စိမ်းကို တစ်ခါမှ မတွေ့ရ။ ဇွဲနပဲကြီးစွာနှင့် စောင့်ကြည့်ခဲ့သော်လည်း အရိပ်အယောင် မတွေ့ရ။

အစ်ကို စစ်တပ်ထဲ ဝင်သွားသည်မို့ အိမ်၊ ဈေးအလုပ် မအားလပ်ရပေ။ တစ်နေ့ မမျှော်လင့်ဘဲ မိုးညိုနာမည်နှင့် စာပို့သမား စာလာပို့သည်။ အံ့ဩမိသည်။ ဘယ်က စာပါလိမ့်။ ကျောင်းသားဘဝ မည်သူကိုမျှ လိပ်စာမပေး။ စာ လာစရာလည်း အကြောင်းမရှိ။ နာမည်တပ်၍ စာလာသည်မို့ ပို၍ပို၍ အံ့ဩပျော်ဖြစ်ပါသည်။ စာအိတ်ဖွင့်ဖောက်ကြည့်သော် စိမ်းထံမှ စာဖြစ်မှန်း သိရသည်။ အလွန် ပျော်သွားသည်။ ဝမ်းလည်း သာသွားသည်။ ဘာရယ် ညာရယ် မသိ အကြောင်းမသိ ပျော်မိ၏။

စိမ်း နွေရာသီ ကျောင်းပိတ်၍ အဒေါ်များရှိရာ ရန်ကုန် ဦးဝိစာရလမ်း အိမ်အမှတ် (၂၄)တွင် ရောက်နေသည်။ မိုးညိုကို သတိရကြောင်း၊ ကျန်းမာရေးလည်း ဂရုစိုက်နေကြောင်း၊ နောက်ပြီး-

ကိုခင်ညွန့်ဆိုတဲ့ သူနဲ့ ကျောင်းမှာ တတွဲတွဲ သွားလာတာကိုလည်း မကြိုက်ဘူး။ သူက အင်္ဂလိပ်စာ တော်တယ်ဆိုပြီး ဘဝင်မြင့်နေတာ။ ဆက်ဆံရေးလည်း မာနကြီးတယ်။

ဒါနဲ့ ကျောင်းသားပွဲတော်မှာ ကိုမိုးညို စကားပြောတော့ ဆိုတာ ရုပ်ရှင်မင်းသား ညွန့်ဝင်း အတုခိုးတာလည်း မကြိုက်ဘူး။

ရန်ကုန်မှာ အေးအေးဆေးဆေး နေရတယ်။ အဒေါ်တို့အိမ်မှာ စန္ဒရားရှိတော့ အတီးသင်နေတယ်။ ကျောင်းပြန်ဖွင့်မှ တွေ့ကြမယ်။ အိမ်လိပ်စာ ထည့်ပေးလိုက်တယ်။ စာပြန်မရေးနဲ့နော်။ အဒေါ်တို့သိရင် ဆူမှာစိုးလို့. . .

သတိရလျက်

စိမ်း

စာကို အခေါက်ခေါက် အခါခါ ဖတ်လိုက်၊ ပီတိတွေဖြစ်လိုက်နဲ့ ပျော်လိုက်နဲ့ . . .

ဟုတ်ပါသည်။ ကိုခင်ညွန့် စိန့်ပေါကျောင်းထွက်မို့ အင်္ဂလိပ်စာ တော်သည်။ ပထမအစမ်း၊ ဒုတိယအစမ်း စာမေးပွဲတိုင်း အမှတ် ၈၀-၉၀ ရသည်။ မိုးညို၊ စိမ်းတို့က အသင့်အတင့်။

မိုးညိုကလည်း မိုးညို၊ ရုပ်ရှင်မင်းသား ညွန့်ဝင်းကို သဘောကျသည်။ ညွန့်ဝင်းပါသော ရုပ်ရှင် မလွတ်တမ်းကြည့်သည်။ အပေါင်းအသင်းတွေက မင်းသား ညွန့်ဝင်းနဲ့ တူသည်ဆိုလို့ အမေါ်အဆို၊ အမူအရာအတုယူသည်။

ဦးကျော်ပိုင်း ရုပ်ရှင်ဆင်တန်းမာဂဇင်း စာမျက်နှာ မင်းသားကြီး ဦးဝင်းမြင့် (ဒီလိုင်) ဘဲဖော်ပြ၍ မိုးညို အစည်းအရုံးလာတိုင်း ညွန့်ဝင်းလေး ညွန့်ဝင်းလေးလို့ ချစ်စနိုး ခေါ်ကြတယ်။

တစ်ခါက အဒေါ် ယောကျ်ား ဦးထွန်းသိန်း နာရေး ရန်ကုန်ဆေးရုံကြီးမှာ ကြံတောသုသာန်ပို့ မီးသင်္ဂြိုဟ်သည်။

မမြင်ဖူး၍ အနောက်မှ ကြည့်နေစဉ် သံဃာတော်နှစ်ပါး . . .

"ဒကာ ဒကာ၊ ဒကာက ရုပ်ရှင်မင်းသား ညွန့်ဝင်းလား"

"မဟုတ်ပါဘူး ဘုရား၊ တပည့်တော်က သန်လျင်မိုးညိုပါ"

"ဩ. . . ဩ. . . ဦးပဉ္စင်းတို့ ရုပ်ရှင်မင်းသား ညွန့်ဝင်းကို အပြင်မှာ တစ်ခါမှ မမြင်ဖူးလို့၊ ဒကာကလည်း မင်းသားညွန့်ဝင်းနဲ့တူလို့ မေးတာ စိတ်မရှိနဲ့"

"တင်ပါ့ဘုရား"

ကိုယ့်ကိုယ်ကိုယ် ပြုံးမိသည်။

ရာသီတွေလည်း ပြောင်းခဲ့ပြီ။ စိန်ပန်း၊ တမာပင်တို့ ရွက်ဟောင်းတွေကြွေ၊ ရွက်သစ်တွေဝေကာ အခိုင်ခိုင် အဆိုင်ဆိုင် အပြိုင်ပြိုင် ဖူးငုံဝေနေပြီ။

ခင်ညွန့်၊ အေးကို၊ မစီစီ၊ မနီလာ တို့ ဆယ်တန်းအောင်သည်။ မိုးညို၊ စိမ်းတို့ ကျသည်။

ယခင်က ကျောင်းအနောက်ဘက် ဝင်ပေါက် တစ်ပေါက်တည်း ပြည်သူ့ပိုင်သိမ်းပြီး ကျောင်းရှေ့ရော်ဘာပင်လမ်းမှ ကျောင်းဝင်ပေါက်တစ်ပေါက် ဖွင့်ပေးသည်။ ကျောင်းကြိုပို့ စိမ်း မြင်းလှည်း မစီးတော့။ သူ့မောင် ငြိမ်းသူနှင့် အတူလာ၊ အတူပြန်သည်။ ကျောင်းလမ်းမှမပြန်ဘဲ ရော်ဘာပင်လမ်းမှ ပြန်ကြသည်။ ဒါကို မိုးညို သတိထားသည်။

များသောအားဖြင့် သူ့မောင်နှင့်အတူ ပြန်တာများသည်။ သူ့မောင် ကျောင်းပြေးသောနေ့ တစ်ယောက်တည်းပြန်သည်။ မိုးညို ရော်ဘာပင်လမ်း အတိုင်း လိုက်လာသည်။ စိမ်းကလည်း သိသည်။ ဒီလမ်းက ကျောင်းပြန်သော ကျောင်းသား နည်းသည်။ လမ်းတစ်ဝက် စိမ်းကို မီလာသည်။ ညနေခင်းနေရောင် ပြောက်များ သစ်ပင်ကြားမှ ထိုးထွက်လာသည်မို့ ကျိုးတိုးကျဲတဲ လေပြည်လေညင်း ဝေ့ဝေ့ဆဲဆဲ။

"ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"





www.burmeseclassic.com

www.burmeseclassic.com

"ပြေပါတယ်"

"ကျောင်းနဲ့အိမ် ဝေးတော့ လမ်းလျှောက်ရတာ ညောင်းမှာပေါ့နော်"

"မညောင်းပါဘူး၊ တစ်နေ့လုံး ထိုင်ခုံမှာထိုင် စာသင်ရပြီး ခုလို လမ်းလျှောက်ပြန်တော့ အညောင်း ပြေတာပေါ့"

"စာတွေကော လိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ်"

"စိမ်း စာထည့်လိုက်တာရတယ်၊ မျှော်လင့်ဘဲ စာရတော့ သိပ် ပျော်မိတယ်၊ စာမပြန်နဲ့လို့ဆိုလို့သာ၊ စာပြန်ချင်တာ 'ရွှံ'လို့၊ စိမ်း အဒေါ် ဆူခံရမှာစိုးလို့ စာပြန်မရေးတာ၊ ဒါပေမယ့် ကျွန်တုန် ဦးဝိစာရလမ်းအိမ် လိုက်ရှာခဲ့တယ်၊ အမျိုးသား ရေကူးကန်ကနေ ဦးဝိစာရလမ်းတစ်လျှောက် အသွားအပြန် နှစ်ခေါက် ရှာလိုက်ရတာ မောပေမယ့် မတွေ့ဘူး၊ သန်လျင်ကို ရင်မောကြီးနဲ့ ပြန်ခဲ့ရတယ်"

အချိန်တွေ ဘယ်ရောက်ကုန်မှန်း မသိ၊ စိမ်းတို့အိမ်နား မလှမ်းမကမ်း ရောက်ခဲ့တယ်။

"အိမ်နားရောက်တော့မယ်၊ အိမ်က လူတွေ တွေ့သွားရင် တစ်မျိုးထင်နေဦးမယ်၊ ပြန်ပါတော့"

မိုးညို ပြန်လှည့်ခဲ့တယ်။

ပဲခူးစု စက်ကန်ပေါင်ရိုး မိုးညိုနဲ့ စိမ်း လက်ချင်းယှက်၍ နှစ်ဦးသား လမ်းလျှောက်နေသည်။ အမှန်တကယ် ပဲခူးစု စက်တန်မဟုတ်၊ ဗိုလ်ချုပ်ကျေး ရွာပိုင် ရေနံချက်စက်ရုံသို့ စက်ဖြင့် မောင်း၍ ပိုက်လိုင်းဖြင့် ရေပေးပို့ရသော ကန်။ ဘယ်အိုးပုံသဏ္ဌာန် ကန်နှစ်ကန်၊ လေးထောင့်ပုံ ကန်တစ်ကန်၊ ကန်အရှေ့ ငုဝါ၊ ဒန့်တောက်၊ စိန်ပန်း၊ သရက်၊ မလေးကာပီတောက်ပင် အစီစီ အရီရီ တောင်တန်းသဖွယ် စိမ်းမြ ညို့မှိုင်းနေသည်။ ကန်နောက်ဘက် ညောင်ပင်၊ မြယာ၊ ကြံတ်ဝါးပင် အလီလီ ဝေ့ကာ ဝိုက်ကာ ပိတ်ဆိုတ်နေသဖြင့် ကန်၏ပန်း တင့်တင့် တယ်တယ် ဝင့်ဝင့်ကြွားကြွား 35-Film ပါသော Yashika လေးထောင့်ကင်မရာ နှင့် စိမ်း အလှပဂေးအား ဓာတ်ပုံရိုက် ရင်း၊ လမ်းလျှောက်ရင်းနှင့် ငှက်မောင်နှံ အသွင်လား စွင့်စွင့်ငွားငွား။

ကန်ပေါ်သို့ အကိုင်းအခက်တွေ မိုးကျနေသော ညောင်ပင်ကြီးကိုနောက် ခံထားပြီး စိမ်းကို ထိုင်ချည်တစ်လှည့်၊ ထချည်တစ်ဖုံ ဓာတ်ပုံရိုက်ရင်း ကျော် ဆွေ၊ မြင့်မြင့်ခင် ပါဝင်သော ဒါရိုက်တာ ဦးချစ်ခင်၏ မွေးဇာတ်ကား ဇာတ်ဝင် ခန်း . . .

"ဒါ ဘယ်နေရာလဲဟင်"

ကျော်ဆွေက ပင်ကို နှာသံလေး ဖြင့် . . .

"ကိုယ်တို့ အင်းဈေးကန် တစ် နေရာပေါ့ မွေးရယ်"

ဆိုကာ ခဲလေးတစ်လုံး ကန် ရေပြင်ပေါ်သို့ ပစ်ချလိုက်တယ်။ လှိုင်း ဂယက်ကလေးများ ပုံ့လွင့်သွားသည်ကို ဒါရိုက်တာမှ Focust, Long Short ရိုက်တယ်။ ဒါကို မြင်ယောင်မိတယ်။ စိမ်းကိုလည်း ညောင်ပင်နောက်ခံထား တာ Focust ရိုက်တယ်။ Long Short ရိုက်ရန် ရေစပ်အဆင်း လျှောခနဲ ရေထဲ နစ်သွားတယ်။ လက်ကားရား ခြေကား ရားဖြင့် ဝူးဝူးဝါးဝါး အော်ရင်း အော်ရင်း အိပ်ရာမှ လန့်နိုးခဲ့တယ်။ ရင်မှာလည်း မောဟိုက်နေတယ်။ စိတ်လှုပ်ရှားနေ တယ်။ တကယ် မဟုတ်။ ဪ . . . အိပ်မက် မက်နေပါလားဟု စိမ်းကို စွဲလမ်းရင်း သက်ပြင်းအလီလီ ချခဲ့တယ်။

**တန်ဆောင်တိုင်ပွဲတော်**

ပဲခူးစုရပ်ကွက် မီးထွန်းပွဲတော် နှင့် ပဒေသာကပွဲ၊ ဖို့မြေလမ်း ညီမိုင်း (သန်လျင်-ညီမှိုင်း)တို့ ပြဇာတ်ကပွဲ၊ မြို့ ထဲ ဦးကြည်ဝင်ရှော့တီးဝိုင်း၊ ဗိုလ်ချုပ် ကျေးရွာမှ မော်တော်ကားကြီးပေါ် ဝန်း ရုပ်ပုံဖော်၍ ဖိုးနေးလေး အကအလှ တီး ဝိုင်း၊ မြို့လယ်ရှိ မင်းနန္ဒာ၊ မြန်နန္ဒာရုပ်ရှင် ရုံနှင့် နှစ်ကျိပ်ရှစ်ဆူ မွေ့ာရုံတစ်ဝိုက် စည်ကားနေသည်။ အကမင်းသမီး သန် လျင်နီနီကို ငှားပြီး မိုးညို ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ မင်းသားလုပ်၍ ပန်းကြာဝင့်၍ တင့်မည်ထင် ပြဇာတ် ကသည်။ ရပ်ကွက်အတွင်း ပန်းချီဆရာ ဦးကျော်သိန်း၏ ပိပြင်ပြောင်မြောက်လှ သော မုခ်ဝ၊ တိလောကဇမ္ဗူစေတီတော် ပတ်ဝန်းကျင် မီးပုံးလေးများနှင့် ဝေဆာ နေသည်။ ဈေးဆိုင်ခန်းများဖြင့် စည် ကားနေသည်။

ပြဇာတ် လူကြိုက်များခဲ့သည်။ ပရိသတ် တောင်းဆိုမှုကြောင့် နှစ်ည ကပြရသည်။ ကျိုက်ဖောဓိစေတီ ဘုရား ပွဲမှာလည်း 'မုန်တိုင်း' အငြိမ့်သဘင် ကသည်။ ကိုသက်ဝင်း (ပြည်သူ့ရဲ)၊ မမြ မြသန်းလင်မယား မိုးညိုအား သဘော ကျချစ်ခင်၍ ထမင်းစားဖိတ်ကျွေးသည်။ အငြိမ့်မှလည်း ပြဇာတ်မင်းသားလုပ်ရန် ကမ်းလှမ်းသည်။ အငြိမ့်ထဲ မလိုက်ဖြစ်၊ ကျောင်းပညာ ဆက်သင်သည်။

မြဟ်သာရုပ်ရှင်ရုံ၊ သန်လျင်မြို့ နယ် အလေးမ၊ ကာယဗလမောင်ပြိုင်ပွဲ နှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲ ကျင်းပ သည်။ မိုးညို သွားကြည့်တယ်။ အလေး မနှင့် မောင်ပြိုင်ပွဲပြီးသည်၊ လှယဉ်ကျေး မယ်များ မြန်မာဆန်ဆန် ကိုယ်ကာယ အလှပြသည်၊ အမှတ်မထင် စိမ်းကို တွေ့ရတော့ မှင်တက် အံ့ဩမိတယ်။ ရင်ထဲမှာ တစ်မျိုး ခံစားမိသည်။ အမှန် တကယ်တော့ စိမ်း အလှပဂေး ကို တစ် ယောက်တည်း တသိမ့်သိမ့် တစိမ့်စိမ့် ကြည့်လို မြင်လိုသည်။ ခုတော့ အများ ပြည်သူရှေ့မှောက် အလှပြတော့ မနှစ် မြို့ခဲ့။

ကျောင်းဖွင့်၍ ကျောင်းစာကို သာ မှန်မှန်ကျက်မှတ်သည်။ ဒုတိယနှစ် ဆယ်တန်းစာမေးပွဲဖြေပြီး ကျောင်းရှေ့ တမာပင်အောက်တွင် တွေ့ကြသည်။

**ဒီကျောင်း**

၁၉၅၆ ခုနှစ် ကတည်းက မွေး ဇာတိ ပဲခူးစုမြေ၊ ပဲခူးစု မူလတန်း ကျောင်းမှ တစ်တန်းအောင်၍ အစ်မ၊ အစ်ကိုများ ပညာသင်ရာ မက်သဒစ် ကျောင်းသို့ တစ်တန်းမှာပင် စတင်



www.burmeseclassic.com

www.burmeseclassic.com

ပညာသင်ရသည်။ သန်လျင်မြို့တွင် မက်သဒစ်၊ စိန့်ဂျော့ဂျစ်၊ ကွန်ဗင့် သာသနာပြုစာသင်ကျောင်း သုံးကျောင်းနှင့် အစိုးရအထက်တန်းကျောင်းတစ်ကျောင်း ရှိသည်။ သာသနာပြုစာသင်ကျောင်း သုံးကျောင်းနှင့် မိုးညိုတို့အိမ်မှာ သုံးချောင်းထောက် ဖိုခနောက်ဆိုင်တွင်ရှိသည်။ မဝေးလှ။ အစိုးရအထက်တန်းကျောင်းသာ ဝေးသည်။

မက်သဒစ် ကျောင်းဝတ်စုံ အောက် ဘောင်းဘီတိုရှည်၊ လုံချည် ထဘီ နီညိုရောင်၊ အပေါ်အင်္ကျီအဖြူ။ စိန့်ဂျော့ဂျစ်ကျောင်း အောက်အပြာရင့်၊ အပေါ်အဖြူ။ ကွန်ဗင့်ကျောင်း အောက် မီးခိုး အပေါ်အဖြူ။ အစိုးရအထက်တန်းကျောင်းက အောက်အစိမ်း အပေါ်အဖြူ။ ၁၉၆၂ ခုနှစ် ကျောင်းတွေပြည်သူပိုင်သိမ်းသည်။

ကျောင်းတွေအားလုံး အောက်အစိမ်း၊ အပေါ်အဖြူ။ ကျောင်းတက်ကျောင်းဆင်း တစ်မြို့လုံး စိမ်းနေသည်။

ဒီအတန်း၊ ဒီကျောင်း နောက်ဆုံး ခွဲခွာရတော့မည်။ ပန်းတိုင်ဝင်ချင်လည်း ဝင်ဦးမယ်။ လမ်းခုလတ်မှာ လဲချင်လဲလဲဦးမယ်။ ဘဝအတွက် အစစအရာရာ ပြောင်းလဲစေနိုင်သော တစ်ဆစ်ချိုးပင် ဖြစ်သည်။ ပန်းဝင်သူတို့အဖို့ မျှော်မှန်းစရာ မျှော်လင့်စရာတွေ ရှိနေဦးမည်။ ပန်းမဝင်သူတို့အဖို့ မျှော်လင့်ချက်တွေ ကုန်ဆုံးရတော့မည်။ ရိုသေလေးစားရသော ဆရာ၊ဆရာမကြီးများ၊ ကျောင်းသူ၊ကျောင်းသားများနှင့် ခွဲခွာရတော့မည်ဖြစ်၍ လွမ်းမောဖွယ် တဆွေ့ဆွေ့ တမြည့်မြည့်။

"စာမေးပွဲ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ်"

"ဖြေနိုင်မှာပါ၊ ကိုမိုးညိုကိုကြည့်လိုက်တိုင်း စာတွေ ကုန်းမှုးနေတာ၊ ဒီနှစ်တော့ အောင်မှာပါ"

"ကိုယ်လည်း စိမ်းကို တစ်ချက်တစ်ချက် လှမ်းကြည့်မိတယ်"

"စိမ်းလည်း အောင်မှာပါ"

နှစ်ဦးသား ပြုံးပျော် ရွှင်မြူးကြည်နူးစွာ စကားပြောနေကြတယ်။ စိမ်းနဲ့ နောက်ဆုံးတွေ့ရခြင်းလား မသိ။ ရင်ထဲမှာ တစ်မျိုးကြီး ခံစားမိတယ်။

"ညနေ ဒါနဲ့ မင်းနန္ဒာရုပ်ရှင်ရုံမှာ ဒီည ရုပ်ရှင်ကြည့်မယ်၊ လက်မှတ်ဝယ်ထားမယ်၊ ကိုမိုးညို လာခဲ့နော်"

မိုးညို ဝမ်းသာသွားသည်။

နောက်ဆုံးတွေ့ရခြင်းလား မသိ။ ရုပ်ရှင် အတူတူကြည့်ရမယ်ဆို၍ ပို၍ပျော်မိသည်။

မင်းနန္ဒာရုပ်ရှင်ရုံ (ယခုကမ္ဘောဇဘဏ်) က ရင်းနှီးပြီးသား။ အဒေါ်ပိုင် သောကြောင့် ၉ နှစ်၊ ၁၀ နှစ်သားအရွယ် အသံတိတ် ခေတ်ကတည်းက ကြည့်သည်။ နိုင်ငံတော်အလံ လွှင့်သည်နှင့် ဝင်၍ လွတ်သောခုံတွင် ထိုင်ကြည့်ရသည်။ အသံတိတ်ခေတ်က ရှေ့တန်း ပြား ၅၀ ပြား၊ နောက်ဟန်း ပြား ၄၀ ပြား၊ အပေါ်ထပ် ၂၅ ပြား၊ စာတန်းထိုး အမြန်ဖတ်ရသည်။ အရုပ်ကြည့်ရ၊ စာတန်းဖတ်ရနဲ့ တစ်ခါတစ်ခါ အရုပ်မမြင်လိုက်ရ။ တစ်ခါတစ်ခါ စာတန်းမဖတ်လိုက်ရ၊ နောင်ကျိန် ထိုးခန်း ကြိတ်ခန်းတွင် ရုပ်ရှင်ပိတ်ကား ဘေးတီးဝိုင်းမှ ဗိန်းဗောင်းတီးပေးရသလို အလွမ်းအဆွေးခန်းများတွင် ငိုချင်းရှည် တီးလုံးများကား မမေ့နိုင်စရာ။

ရုံဝင်ခတွေ တိုးမြှင့်လာသည်။ ရှေ့တန်း ၁ ကျပ်၊ နောက်တန်း ၂ ကျပ်၊ အပေါ်ထပ် ၃ ကျပ်၊ ရုပ်ရှင်ရုံရှေ့ ရောက်ခဲ့ပြီ။ ဆရာမဒေါ်အုံး၊ စိမ်းသူငယ်ချင်း ဓါဂါ ရောက်လာသည်။ ၃ ကျပ်တန်း ဆရာမဘယ်ညာ မိုးညိုနှင့် စိမ်း၊ စိမ်းမောင်းက ဓါဂါ ထိုင်သည်။ ဆရာမကိုကျော်ပြီး စိမ်းကို ခိုးခိုးကြည့်ရဟာ ရင်မောရ၊ အကြည့်ချင်းဆုံတော့ ရင်ခုန်ရ။ ပျော်လည်းပျော်သည်။ စိမ်းမျက်နှာမှာလည်း အပြုံးရိပ်တွေဖြာလို့၊ ရုပ်ရှင်သာ ကြည့်ရတာ စိမ်းထံ စိတ်တွေရောက် ရောက်နေတယ်။ ကလီယိုပါထရာ မင်းသမီးအစား စိမ်းကိုသာ မြင်ယောင်မိနေတယ်။ စိမ်းနဲ့ပတ်သက်၍ ကလီယိုပါထရာရုပ်ရှင်ကား ယနေ့တိုင် မမေ့နိုင်။

**အောင်စာရင်းတွေ ထွက်ပြီ**

မိုးညို အပြေးအလွှား ကျောင်းကြေညာဘုတ်တွင် ကပ်ထားသော အောင်စာရင်း ပြေးကြည့်သည်။ အားငယ်သွားသည်။ သံယောဇဉ် တွယ်တာန်းမိသော ကျောင်းကြီးကို စွန့်လွှတ်ခဲ့ရလေပြီ။ စိမ်းသည်လည်း ပန်းမဝင်ခဲ့။ ဒီကျောင်း သင်ကြားပို့ချခဲ့သော ဆရာ၊ဆရာမကြီးများ၊ ကျောင်းသူ၊ကျောင်းသားများကို အပြီးအပိုင် ခွဲခွာရတော့မည်။ စိမ်းနဲ့လည်း ဝေးခဲ့ရလေပြီ။ စိန်ပန်း၊ တမာပင်ကြီးတို့မှာလည်း နောင်ဖွင့်ပွင့်ဝေဆာလာမည့် ပန်းကလေးများကို ကြိုနှင့်လေ ပြီ။

ကိုခင်ညွန့် အစ်ကို ဦးဝေလီ ကျေးဇူးကြောင့် သန်လျင် ရေနံချက်စက်ရုံမှာ မိုးညို အလုပ်ရခဲ့ပြီ။ ပိတ်ရက်တိုင်း စိမ်းတို့အိမ်ဘက် စက်ဘီးနှင့်ပတ်ခဲ့ရသည်မှာ အမောသာ။ သိမ်ပျက်ထဲမှ စိမ်းကို မျှော်ရသည်မှာ အမောတကော။

အစိုးရ အထက်တန်းကျောင်း အမှတ်(၁)တွင် ဆယ်တန်း ညကျောင်း ဖွင့်၍ တက်သည်။ အလုပ်တစ်ဖက်၊ ညကျောင်းတစ်ဖက်၊ အိမ်အလုပ်၊ ဈေးအလုပ်နှင့် အချိန်ကုန်ခဲ့သည့်အပြင် စာဖြေဌာန ဝင်ဖြေသော်လည်း မအောင်။

**နှစ်တွေ ပြောင်းခဲ့လေပြီ**

စိမ်းတို့အိမ်ဘက်သို့ စက်ဘီးလျှောက်စီးရင်း အိမ်ရှေ့ခြံထဲ ဧည့်ခံပွဲတွေ့လိုက်ရတယ်။ ပတ်ဝန်းကျင် မေးကြည့်တော့ စိမ်း စိုက်ပျိုးရေး မန်နေဂျာတစ်ဦးနဲ့ မင်္ဂလာဧည့်ခံပွဲ။

မိုးညို ငိုင်သွားသည်။ စက်ဘီးလည်း ယိုင်သွားသည်။ သိမ်ပျက်နံဘေး စက်ဘီးထောင်ကာ ထိုင်ချလိုက်သည်။ အားအင်မရှိ နုံးခွေ ငေးငိုင်သွားသည်။ အချိန်တွေ ဘယ်လို ကုန်သွားမှန်းမသိ၊ မှောင်ရီပျိုးနေပြီ။





www.burmeseclassic.com

www.burmeseclassic.com

လေလွင့်စိတ်တွေ ပြန်လည် စုစည်းကာ ရန်ကုန်၊ ဗိုလ်တထောင် အမှတ်(၃) ညကျောင်းတက်သည်။

"ငါတို့ မောင်နှမတွေထဲမှာ တစ်ယောက်မှ ဆယ်တန်းမအောင် ဘွဲ့မရ၊ ငါ ဆယ်တန်း အောင်ကိုအောင်ရမယ်၊ ဘွဲ့ရကိုရရမယ်"ဆိုတဲ့ သံန္နိဋ္ဌာန် ချမှတ်ခဲ့သည်ကို သတိရမိသည်။

စာ ပိုကြိုးစားသည်။ ရန်ကုန်မှာ ကျောင်းတက်ရတော့ နယ်နှင့်မတူ၊ အသိပညာတိုးပွားသည်။အမြင်အကြား ဗဟုသုတ ကြွယ်ဝသည်။ ကျက်မှတ်ရတာ လွယ်ကူသည်။ ဒါပေမယ့် ရန်ကုန်-သန်လျင် ခရီးပင်ပန်းသည်။

စိန့်ပေါကျောင်း (ဗိုလ်တထောင် ၅) တက္ကသိုလ်ဝင်တန်း အပြင် စာဖြေဌာနဖြေသည်။ ကျပြန်သည်။ ဒီလောက် အပင်ပန်းခံ လေ့လာကျက်မှတ် သင်ယူဖြေသော်လည်း ဘာကြောင့် မအောင်ရကောင်းလားဟု သုံးသပ်မိလာသည်။ စိတ်ကြိုက်သင်ချာမှ စိတ်ကြိုက်မြန်မာစာ ပြောင်း၍ ဖြေရန် ဆုံးဖြတ်သည်။ မေးခွန်းဟောင်းများ လေ့လာသည်။ အထူးဆုတ်များ ဝယ်ဖတ်သည်။ ဆယ်တန်းသင်ရိုးညွှန်းတန်းက မပြောင်းလဲတော့ ဒုန်တဲ့ဘာသာရပ်တွေ အားလုံး ရင်းနှီးပြီးသား။

သန်လျင် အထက(၂) (မက်သဒစ်)အပြင် စာဖြေဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲဝင်ဖြေသည်။ ဩော် ဒီကျောင်းကြီးကို တစ်ဖန် ရောက်ခဲ့ရပြန်ပြီ။

စိန်ပန်း၊ တမာပင်တို့မှာလည်း အပွင့် အခက်အလက် စိမ်းဖြာဝေလျက်၊ စိမ်းကိုလည်း သတိရလျက် . . .

**<u>တက္ကသိုလ်ဝင်တန်းအောင်ပြီ</u>**

အတိုင်းမသိ ပျော်ခဲ့သည်။ ပန်းဝင်ခဲ့ပြီ။ ဘွဲ့ရအောင် ကြိုးစားမည်ဟု ဆုံးဖြတ်သည်။ အိမ်အပြန် အဖွားဆုံး၍ ဝမ်းမသာနိုင်၊ မပျော်ရွှင်နိုင်၊ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ရလေခြင်းဟု စိတ်မကောင်းဖြစ်ရသည်။ အိမ်နောက်ဖေး ကျောင်းအထက(၃)ဘေး ဝေဖြာတင့်ရွှန်း ရဲရဲနီတောက်ပနေသော စိန်ပန်းပင်အောက်မှာ ငေးငေင်ကာ မှိုင်ခဲ့ရသည်။

အလုပ်သမားဘဝမှ အောက်တန်းစာရေးဘဝ ရောက်ခဲ့ပြီ။ အဝေးသင်တက္ကသိုလ် (စာပေးစာယူသင်တန်း) တက်သည်။ အနီးကပ်သင်တန်း မှန်မှန်တက်၊ မှန်မှန်ကျက်သဖြင့် နှစ်ချင်းပေါက်အောင်၍ ဘွဲ့ရခဲ့လေပြီ။ စိမ်းနဲ့ဝေးကွာပြီးနောက် အချစ်ရေစီးကြောင်းထဲ မနစ်မျောဘဲ ရည်မှန်းချက်ပန်းတိုင်အရောက် လှမ်းနိုင်ခဲ့ပြီ။ အထက်တန်းစာရေး ဖြစ်ခဲ့ပြီ။ အဒေါ် ကျေးဇူးကြောင့် မြမြဝင်းနှင့် အကြောင်းပါခဲ့သည်။

အလှူအိမ်တစ်အိမ်တွင် စိမ်းကို မထင်မှတ်ဘဲ တွေ့ရသည်။ အံ့ဩဝမ်းသာမိသည်။ စိမ်း သမီးတစ်ယောက်ရခဲ့ပြီ။ ခင်ပွန်းသည် ဆုံးသွားသော်လည်း အရင်အတိုင်း လှဆဲ ပဆဲ။ မိုးညိုလည်း အဆင့်ဆင့် ရာထူးတိုးကာ အရာရှိတစ်ဦးဖြစ်ခဲ့ပြီ။ စိမ်းကိုလည်း ဒီနောက်ပိုင်း မတွေ့တော့။

မိုးညိုဘဝ ဒီလို အရာရှိကြီးဖြစ်လာလိမ့်မယ်လို့ မမျှော်မှန်းခဲ့၊ ရိုးသားကြိုးစားမှုကြောင့် ဖြစ်ခဲ့ရသည်ကို ဝမ်းသာမိသည်။ ဂုဏ်ယူမိသည်။ မိဘများ ရှိလျှင် သိလျှင် ဘယ်လောက် ဝမ်းသာကြမလဲ၊ ပျော်ကြမလဲ မသိ။ ယခုတော့ မိဘများ ကွယ်လွန်ခဲ့သည်မှာ ၁၀ နှစ်၊ ၁၅ နှစ် ကျော်ခဲ့လေပြီ။

ညနေခင်း ကားပတ်စီးရင်း စိမ်းတို့အိမ်ဘက် ရောက်ခဲ့သည်။ မိဘများဆုံး၍ အိမ်ခြံရောင်းကာ ဘယ်ပြောင်းသွားမှန်းမသိ။

မက်သဒစ်အထက်တန်းကျောင်း အထက(၂) သန်လျင် ကျောင်းသူ၊ ကျောင်းသားများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ တစ်နှစ်ထက်တစ်နှစ် ပိုစည်ကားသည်။ ဆရာ၊ဆရာမကြီးများကလည်း တပည့်ဟောင်း/သစ်များနှင့် တွေ့ရလို့ ပီတိရွှန်းဝေလို့၊ ဆရာ၊ဆရာမကြီးများအား ဂါရဝပြု နှုတ်ဆက်ပြီး ကျောင်းရှေ့တမာပင်ကြီးအောက်အမြစ်ပေါ် တွင်ထိုင်ရင်း ငယ်ဖြစ်ဟောင်းတွေ ပြန်လည် သတိရမိတယ်။ ရဲရဲနီပွင့်လျက်ရှိသော စိန်ပန်းပင်ကြီးကား ကွယ်ပျောက်ခဲ့လေပြီ။

အသက်အရွယ် ရလာသည်နှင့် အမျှ လောဘ၊ ဒေါသ၊ မောဟတွေ ကုန်ခန်းခဲ့လေပြီ။ သိမ်ကျောင်း မိုးကုတ်ရိပ်သာ ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း တရားစခန်းဝင်ကာ အလုပ်ပေးတရား၊ နာတရားများ အားထုတ်သည်။ နေ့ခင်းစာ သုံးဆောင်ပြီး ငကြိုး လျှောက်သည်။ ရတနာရာမ ဥုးထပ်ကျောင်းဆောင် အပေါ်ထပ်မှ သန်လျင် အမှတ် (၂) တံတားဘက်ႈ တသွင်သွင် စီးဆင်းနေသော ပဲခူးမြစ်ကြီးသည် အမှတ်(၁) တံတားကိုဖြတ်ကာ ရန်ကုန်မြစ်ဝဆီသို့ စီးဝင်နေသောမြင်ကွင်း၊ မြစ်ဆုံနောက်ခံ ရေနံချက်စက်ရုံရှုခင်း၊ သီလဝါဆိပ်ကမ်းရှုခင်း၊ အရှေ့ဘက်တွင် စိမ်းစိုနေသော လယ်ကွင်းများကား ဆေးရေးကျော်ပန်းချီကားချပ်ပမာ။

မိုးညို ရှုခင်းများကိုကြည့်ရင်း ပီတိဖြစ်နေသည်။ ရင်ထဲမှာ ၂ှင်လန်းအေးမြနေသည်။ အမှတ်မထင် မြေပြင်သို့ ငုံ့ကြည့်ရာ မဂ္ဂရတနာ၄ကျောင်းဆောင် "ဦးမိုးညို-ဒေါ်စိမ်း မိသားစု အမှတ်(၂၄) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့၊ ကောင်းမှု" ဟူသော တိုက်ဆောင် တွေ့လိုက်ရသည်။ မှင်တက် အံ့ဩမိသည်။ တိုက်ဆိုင်လွန်းပါတကား။ ဩော်- ကိုယ်မြတ်နိုးတွယ်တာ ချစ်ရသောသူနဲ့ လက်တွေ့ဘဝ မပေါင်းရသော်လည်း နာမည်ချင်း ပေါင်းသင်းနေရပါတကား။ နောင်ဘဝ ဘဝများရခဲ့လျှင် ပေါင်းသင်းရပါစေသားဟု ကိုးတောင်ပြည့် ရွှေစေတီတော်မှာ ဆုတောင်းမိသည်။

ဩော် . . . ပဋိစ္စသမုပ္ပါဒ်သံသရာ စက်ဝန်းမှ မလွတ်ကင်းသေးပါလားဟု။

**သန်လျင်မိုးညို**

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"လှတော့လှပါတယ်၊ ဒါပေမယ့် သူ့အမေက လင်ငယ်နောက်လိုက်သွားတယ်၊ မျိုးရိုးကတော့ မကောင်းလှဘူး"ဟု သူမ နားနှင့်ဆတ်ဆတ်ကြားမိခဲ့သည်။ ထိုနေ့က သူမ ချုံးပွဲချ ငိုခဲ့သည်။

"အဲဒါ အမေ့ကြောင့်၊ အမေ့ကြောင့်"

လာချော့သောအမေ့ကို ပြန်၍ပင် မဖြေနိုင်တော့ဘဲ သည်စကားသုံးလုံးသာ သူမ ရေရွတ်နေမိသည်။

"လူတွေဟာ ဒီလိုပါပဲအေ"ဟု အမေက ပြောရင်း အနားမှထ ထွက်သွား၏။ အမေ့ကို အားနာရမှာထက် တိုယ့်ကိုယ်ကိုယ်သာ သနားနေမိကာ ငိုလို့သာ နေလိုက်တော့သည်။ ငိုလို့အားရတော့မှ ပထွေးနှင့်နေခဲ့ရသော အာလများကို သူမ ပြန်တွေးမိသည်။

အမေ လင်ငယ်နောက်လိုက်တော့ သူမတို့ မောင်နှမ သုံးယောက်လုံး ပါသွားကြတာကို သတိရလာ၏။ ခုနေပြန်စဉ်းစားမှ အတော်လေး ထူးဆန်းသောကိစ္စ။ ချပ်ချယ်လွန်းပြီး အမြဲရန်လိုနေတတ်သော အဖေ့ထံမှ အမေက ထလေးတွေခေါ်ပြီး ထွက်လာခဲ့၏။ အဖေ့မိတ်ဆွေ ကိုကံမြင့်က အမေ့ကို စောင့်ရှောက်ပေးသည်။ နောက်ပိုင်း အဖေက တိုင်တောတာလုပ်မှ ကိုကံမြင့်က အမေ့ကို တကယ်ယူလိုက်၏။

တစ်ခုလပ် ကိုကံမြင့်က အမေ အမေနှင့် ပေါင်းနေစဉ်ကပင် အိမ်မှာ ဝင်ထွက်နေသူမို့ သူမတို့နှင့်လည်း သိပ်စိမ်းလှ။ အမေ့လင် ဖြစ်လာတော့ အမင်းချက်၊ ဟင်းချက်ကောင်းလှကာ ပျော်ပျော်နေတတ်လို့ သူ ချက်ကျွေးသည့် ရှင်ကမ်းသီး ငပိချက်ကို သူမ ခုတိုင် မကြာခဏ သတိရနေမိသည်။ ညေးကမ်းကြီးကြီး မျက်နှာထားတင်းတင်း အဖေ့ထက်ပင် ကိုကံမြင့်က သူမတို့ မောင်နှမတွေနှင့် လက်ပွန်းတတီးနေခဲ့သေး၏။ (မှတ်ချက်။ ရင်ကမ်းသီး=အစိမ်းရောင်အခွံတွင်ဆူးဖုတ်များရှိသော အသီး၊ အလွန်အချဉ်စူးသော အရသာရှိသည်။)

စီးပွားရေးလုပ်ငန်းတွေကို လည်လည်ဝယ်ဝယ်ရှိသော အမေက ထွက်လုပ်ပြီး သူမတို့က ပထွေးနှင့် အိမ်မှာနေခဲ့ရပေမင့် ဘာမှ ပြဿနာမရှိ။

ထိုစဉ်က ရှိခဲ့သည့် တစ်ခုတည်းသော ပြဿနာမှာ မိရင်းဖရင်း စုံစုံလင်လင်ဖြင့် မနေရခြင်းသာ။ ယင်းနှင့်အတူ 'သူ့အမေက နောက်လင်နဲ့လေ'ဆိုသော စကားတင်းကလည်း အဆစ်ပါမြဲ။

အငယ်ဆုံးမောင်လေးမှာ တော်တော်ကြီးလာသည်ထိ ကိုကံမြင့်ကိုသာ သူ့အဖေ ထင်နေခဲ့၏။ ကိုကံမြင့် ဆုံးတော့ အငိုဆုံးမှာ သူပဲ ဖြစ်သည်။ ကိုကံမြင့်ကို အဖေခေါ်ခဲ့သူမှာလည်း သူတစ်ယောက်သာ ဖြစ်၏။ သူမတို့က ဦးလေးကံမြင့်ဟုပင် ခေါ်ကြသည်။

ဘာပဲဖြစ်ဖြစ် ပထွေးအနှိပ်စက်မခံရပေမယ့် သူမဘဝမှာ ဆေးမည်းတစ်ကွက်တော့ အသုတ်ခံခဲ့ရသည်။ စွန်းထင်းခဲ့သော ထိုအမည်းကွက်ကြောင့် သူမ တစ်သက်စာ အနာတရ ဖြစ်ခဲ့ရသည်လေ။

ပထမဆုံး အမာရွတ် သူမ၏ စိတ်၌ စတင်ရရှိခဲ့သည်က ကိုးတန်းကျောင်းသူဘဝမှာ ဖြစ်သည်။ သူမတို့ကျောင်း ထုံးတမ်းစဉ်လာအရ နှစ်စဉ်နွေကျောင်းပိတ်ရက်တိုင်းမှာ ကျင်းပသော ကျောင်းပြဇာတ်တွင် အဓိက မင်းသမီးအဖြစ် ထူးထူးခြားခြား လှပသော သူမ အရွေးခံခဲ့ရ၏။ ပြဇာတ်မှာ ရာမဇာတ်ကို အခြေခံသော ဇာတ်လမ်းတွဲဖြစ်ပြီး သူမက သီတာဒေဝီပေါ့။

မီးပုံထဲခုန်ဆင်းကာ သစ္စာတိုင်ရသော ပြကွက်ကို ဇာကဲ့တိုက်နေရစဉ် မီးလျှံမှ ဖြစ်သွားရသော ကြာပန်းပွင့်ကြီးကို သူမ စိတ်ဝင်စားနေမိ၏။ ဝါးကိုင်းတွေနှင့် အထူးပြုလုပ်ထားသော ပန်းနုရောင်ပွင့်ချပ်များမှာ ဖွင့်ပိတ်၍လည်း ရသည်။ သည်ကြာပွင့်ကြီးထဲက သူမ ထွက်လာရမည့်အခန်းကို အထူးအဆန်းလုပ်ရမည်မို့ ပျော်နေသည့်တိုင် ရင်ခုန်နေမိပြန်၏။ ဇာတ်ဝင်စကားလုံးများကိုတော့ ဆရာတွေ ထပ်တလဲလဲ ချပေးထားသဖြင့် ဉာဏ်မကောင်းလှသော သူမ အလွတ်ပင်ရနေပါပြီ။

ထိုစဉ်ခိုက်မှာ "ကြာများတဲ့ ကောင်မက ကြာပွင့်ထဲကနေ ကြာပစ်ပြီးထွက်လာမပေါ့"ဟု ကြားလိုက်သည်။ သူငယ်ချင်း တစ်ယောက်ယောက်များ နောက်လိုက်သည်ပဲဟု ရယ်မောမည် စိတ်ကူးစဉ် ထပ်မံပစ်လွှတ်သော မြားချက်က . . .

"လင်ငယ်နေတဲ့ မိန်းမရဲ့ သမီးကများ သစ္စာဆိုပြီး မီးပုံထဲ ခုန်ဆင်းဦးမတဲ့၊ သူခုန်ဆင်းရင် မီးငြိမ်း မငြိမ်း မသိပေမယ့် သူ့အမေ ခုန်ချရင်တော့ မီးလောင်ခံရမှာ သေချာတယ်" တဲ့။

သူမကို လက်ဝတ်လက်စားဆင်ပေးဖို့ မလှမ်းမကမ်းမှာရှိနေသော အမေ့ကို ကြည့်လိုက်တော့ မကြားမိဟန်လား၊ မကြားချင်ဟန် ဆောင်သလား သူမ မသိ။ ပြောလိုက်သည့် မိန်းမကြီးမှာ မင်းသမီးဖြစ်ချင်ပါလျက် အရွေးမခံရသည့် ဟန်ကျော့ရီ၏ အမေ။

"ဟုတ်ပ"ဟု ထောက်ခံလိုက်သူမှာ ဂမ္ဘီလုပ်ရသည့် ခင်ဝင်းဆွေ အမေ။

သူငယ်ချင်းတွေ မကြားမိပါစေနှင့်ဟုသာ သူမ ဆုတောင်းရင်း ငြိမ်ခံနေလိုက်၏။ ဘယ်တတ်နိုင်မလဲလေ။ တုံ့ပြန်ရင်လည်း ကိုယ်ပဲ ထပ်ရှုံးရဦးမှာ။

အိမ်ပြန်လမ်းမှာတော့ သူမ ငြိမ်သက်စွာ ရှိနေခဲ့သည်။ ဇာတ်တိုက်အပြန်ကို လက်နှိပ်ဓာတ်မီးတစ်လက်နှင့်လာကြိုသော ဦးကံမြင့်လည်း ပါနေသည်မို့ သူမမှာ ကျိတ်ခံစားရုံမှအပ ဘာမှမဆိုနိုင်။

ထိုစဉ် ခပ်ငိုင်ငိုင်ရှိနေသော အမေ့ဓာ သူမလက်မောင်းကို တင်းတင်းဆုပ်ကိုင်ရင်း . . .

"လူတွေဟာ ဒီလိုပါပဲ သမီးရယ်" ဟု နှစ်သိမ့်လိုက်မှ အမေလည်း ကြားခဲ့ကြောင်း သူမ သိသွား၏။





www.burmeseclassic.com

www.burmeseclassic.com

ဦးကံမြင့်ကတော့ အဆက်အစပ် မရှိလှသော အမေ့စကားကို ဘာမှ သိမည်မဟုတ်။

သို့သော် ကျောင်းကပွဲ၏ရလဒ်အဖြစ် သူမမှာ ချစ်သူဝိုင်းဝိုင်းလည်ခဲ့သည်။ ထိုအထဲမှာ မောင်လည်း အပါအဝင်ဖြစ်၏။ စာတော်သောကျောင်းသူတစ်ဦး မဟုတ်ပေမယ့် ခပ်ညံ့ညံ့လည်း သူမ မဟုတ်ခဲ့ပါ။ ထို့ပြင် သူမမှာက အချစ်နှင့်ပတ်သက်၍ ဒဏ်ရာဒဏ်ချက်တွေ ကြိုတင်ရထားပြီးသား၊ အမေ့ကိစ္စ ရိုက်ခတ်မှုတွေက သူမကို နာကျင်စေခဲ့ပြီးသား။ သို့ဖြင့် သူမ မောင့်ကို ပြန်မချစ်မိပါ။ ဒါပေသည့် မောင့်ကို သူမ ချစ်သည်။

မောင်က သူမတို့ကျောင်း၏ စံပြကျောင်းသား ထင်ရှားသူတစ်ဦး၊ စာမှာ သာမက အားကစားမှာပါ မောင်က ထူးချွန်၏။ ပြီးတော့ ရိုးသားတည်ငြိမ်သည်။ မောင့်ရုပ်ရည်ကလည်း သူမ စွဲလမ်းမိသော မင်းသားနှင့်က အတော်ဆင်၏။ သူမထက် တစ်တန်းကြီးသော မောင့်ကို အစ်ကိုလိုလည်း အားကိုး ချစ်ခင်မိသေးသည်။ အတန်းကြီးပေမယ့် မောင်နှင့် သူမ အသက်မကွာလှ။ သူမကသာ အမေ့ကြောင့် ကျောင်းတစ်နှစ်ထွက်ခဲ့ရလို့ အတန်းငယ်နေခြင်းပါ။ ကျောင်းဆင်း ကျောင်းပြန် မလှမ်းမကမ်းက မောင် လိုက်ပါလာလျှင် သူမ အားတက်လှ၏။

တစ်နေ့မှာတော့ မောင် တစ်ယောက် စိတ်ကစားနေသဖြင့် "ဆယ်တန်းစာမေးပွဲမှာ အမှတ်တွေ မကောင်းရင် ဒုက္ခ" ဟု ဆရာမတွေပြောသံ သူမ ကြားရသည်။

မောင့်ကို ကျောင်း၏ ဂုဏ်ထူးဆောင်အဖြစ် သူမကလည်း မြင်ချင်မိသည်လေ။ သို့ဖြင့် ကျောင်းအဆင်းတွင် သူမ ခြေလှမ်းတွေကို ရုတ်တရက် ရပ်ကာ နောက်ဘက်နားဆီမှ လိုက်ပါလာသော မောင့်ရှေ့တည့်တည့်တွင် ရပ်လိုက်၏။

"စာမေးပွဲမှာ ဂုဏ်ထူးတွေ အများကြီးနဲ့ အောင်နိုင်ဖို့ကြိုးစားပါ"ဟု သူမ ပြောဖြစ်လိုက်မိ၏။ မိမိကို ပိုးပန်းနေသည့် ယောက်ျားလေးရှေ့မှာ ရဲဝံ့စွာ ရပ်ပြီး စကားပြောရဲသည့် အင်အားများကို ဘယ်အရာက သူမဆီ ပို့ပေးခဲ့လဲ၊ သူမ မသိခဲ့ပါ။ သူမ သိသည်မှာတော့ ထိုသူ၏ အနာဂတ် လှပဖို့သာဖြစ်၏။ စေတနာသက်သက်သာဟု သူမတွေးပြီး လုပ်ချလိုက်ခြင်းပါ။

ထိုစေတနာသည် ချစ်ခြင်း၌ အရင်းခံခဲ့သည်ကို နောက်များမှ သူမ သိခဲ့သည်။ ဒါကို သူမထက် အရင်သိခဲ့သူက မောင်ပါ။ စာတော်သော မောင်က ဖြတ်ထိုးဉာဏ်လည်း ကောင်းလှ၏။

"စာမေးပွဲမှာ အမှတ်ကောင်းခဲ့ရင်ကော မင်းလေးက ဘာဆုချမှာလဲ"

"ဆု၊ သူများက ဘာဆုချရမှာလဲ၊ ဆုကို ကျောင်းက ချမှာပေါ့"

"မဟုတ်ဘူးလေ၊ မင်း ချလို့ရတဲ့ ဆုလည်း ရှိတာပေါ့"

"ဘာဆုလဲဟင်"

"ချစ်ဆု"

"အို . . ."

ရုတ်တရက် အငိုက်မိသွားပြီး ကြောင်အမ်းအမ်းဖြင့် မြေကြီးကိုသာ သူမ စိုက်ကြည့်နေရဲ့။

"အင်းပါလေ၊ မင်းဆီက ဆုကို ခုချက်ချင်းလဲ မတောင်းပါဘူး၊ ကိုယ်က အရင်ဆုံးကြိုးစားပြမယ်၊ မင်းဖြစ်စေချင်သလို ကောင်းကောင်းအောင်ခဲ့မှ အဲဒီဆုကိုပေး၊ ဟုတ်ပြီလား၊ ဘယ့်နှယ်လဲ"

မောင် အဖြေတောင်းနေပုံမှာ ညက်ညောလွန်းလို့ သူမ မျက်စိလည်ကာ ခေါင်းညိတ်လိုက်မိ၏။ ကျောင်းရှေ့လမ်းလယ်မှာ ရပ်နေကြသည်မို့ ပြီးတော့ ကျောင်း၏ ထင်ရှားသူချင်းမို့ အခြားသူတွေက ကွက်ကြည့်ကွက်ကြည့် လုပ်နေကြပြီ။

မောင်က အလိုက်တသိပင်. .

"ဟုတ်ပြီနော်၊ အောင်စာရင်းထွက်ပြီးမှ မင်းနဲ့ ထပ်ဆုံမယ်၊ ကတိနော်"ဟု ပြောရင်း သူမကို ကျော်တက်သွားခဲ့သည်။

မောင်က ရည်မှန်းချက်ကြီးမားသူမို့ သူ့လမ်းကို သူ တည့်မတ်စွာ လျှောက်နိုင်ခဲ့သည်။ သူမ ဆယ်တန်းစတက်ချိန်တွင် မောင်တို့ ဆယ်တန်းအောင်စာရင်းတွေထွက်ရာ ဂုဏ်ထူးလေးခုနှင့် မောင် ဆယ်တန်းအောင်သွားသည်။ မောင်တောင်းသည့်ဆုကို သူမ လိုလိုချင်ချင်ပင် ပေးမိသည်။

သူမ၏ မောင့်အတွက် တုံ့ပြန်ချစ်စကားမှာလည်း အတော်လေး ထူးခြား ရဲဝံ့လှသည်။

"ကျွန်မ မောင့်ကို ချစ်တယ်၊ မောင် ဖွင့်မပြောခင်ကတည်းက မောင့်ကို ချစ်ခဲ့ပါတယ်၊ ကျွန်မ မောင့်ကို စောင့်နေမယ်နော်၊ ပြီးတော့ ကျွန်မ မောင့်ကိုပဲ ယူမယ်၊ ကျွန်မတို့ တစ်သက်လုံး အတူတူနေကြမယ်၊ ကျွန်မကပဲ ဖြစ်ဖြစ်၊ မောင်ကပဲဖြစ်ဖြစ် ခွဲမသွားကြေးနော်၊ ကျွန်မချစ်သူနဲ့ ကျွန်မယောက်ျားဟာ တစ်ဦးတည်းပဲ ဖြစ်ရမယ်၊ ကျွန်မယောက်ျားဟာလဲ တစ်ယောက်ပဲ ဖြစ်ရမယ်"

မောင် နားလည်ရဲ့လား မသိပေမယ့် သူမအတွက်တော့ အဓိပ္ပာယ်ရှိလှသော စကားများ၊ သူမ ဘဝထဲက စစ်ထုတ်လိုက်သော ဒဿနများပါ။

ဆရာဝန်လိုင်း လိုက်သွားသော မောင်က သူမကို ပုံမှန်ဆက်သွယ်သည်။ ငယ်နုသောသူမ၏ စိတ်ထဲတွင် မောင့်ကို အခါမလပ်သတိရလျက် ရှိသော်လည်း ဂျူတီကုတ်နှင့်၊ နားကြပ်နှင့် ဆရာဝန် တစ်ဦးကို မြင်ယောင်နေခြင်းတော့ မဟုတ်ပါ။ သို့ပေမယ့် သူမ အထိုးနှက်ခံရပြန်သည်။

"ဆရာဝန်ဖြစ်မယ့်သူ ဆိုတော့လဲ လှမ်းဆွဲထားလိုက်တာပေါ့လေ"

ဟန်ကျော့ရိုက ကျောင်းမှာ သူမကို ကလိပြန်၏။ မောင့်အစ်မတွေက လင်ငယ်နောက် လိုက်ပြေးသည့်မိန်းမ သမီးနှင့် သူတို့ မောင်ကို သဘောမတူ





www.burmeseclassic.com

www.burmeseclassic.com

နိုင်ဟု လေသံတွေ ပစ်လာသည်။ သူမ အတော့ မောင့်ကိုချစ်တာသက်သက်နှင့် မောင့်ကို စောင့်နေရမည်ဆိုတာတစ်ခုပဲ သိသည်။ သူမ လှလာသည့်အဖြစ်နှင့် ထိုအလှကို ရစ်ဝဲလာသော များပိတုန်းတို့ကိုလည်း သူမ သတိထားမိပါ။ သူမ နေတတ်သလိုနေထိုင်ခဲ့သည်မှလွဲ၍ သူမအလှကို ပေါ်လွင်လာအောင်လည်း မလုပ်ခဲ့မိပေ။

ဆရာမတွေက သူမ၏ဖြူစင်မှုတို သိသလို သူမအလှကိုလည်း သတိထားမိနေကြသည်။ ဒါပေမယ့် ကျောင်းသားတစ်စု သူမအလှကြောင့် ရိုက်ပွဲဆင်နွှဲကြ၏။ ဟိုဘက်ကျောင်းနှင့်ဒီဘက်ကျောင်း နယ်မြေကျူးကျော် ပိုးပန်းရင်းဖြစ်ကြသည်မှာ သူမ ပယောဂမပါ။ ဘယ်ကျောင်းသားကိုမှလည်း သူမ အရေးတဝင် လုပ်မထား။ သို့သော် ပြဿနာအရင်းအမြစ်မှာ သူမပဲဖြစ်ခဲ့ရာ ငုံကြီးခဲ့လိုသူတို့ အကြိုက်ဖြစ်သွားပေါ့။

မောင့်ထံကို စေတနာ့ဝန်ထမ်းသတင်းတွေ ပို့ကြ၏။ သူမကြောင့် ရန်ပွဲတွေခင်းကြသည်ဟု။ ဆေးကျောင်းစာတွေ တစ်လှေကြီး ပိနေသော မောင်သူမတို့မြို့လေးသို့ ပြန်လာတော့ မောင့်အစ်မများက သဘောမကျလှ။

"ကျွန်မ ဘာမှမသိပါဘူး၊ ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူး"

ထိုစကားလုံးများကိုသာ သူမ ထပ်တလဲလဲ ရွတ်ဆိုနေမိသည်။ သူမ မျက်လုံးအိမ်တဲမှ အမှန်တရားကိုသာ မောင်ဖတ်ရှုနားသည်ပါတော့။ မျက်လုံးဝိုင်းကြီးတွေနှင့် ဟွင်တွင်သာပြင်းဆိုနေသော သူမကိုကြည့်ပြီး မောင် စိတ်ချသွားခဲ့သည်။ သူမယုံ၌ ရိုးသားခြင်းကို သူ တွေ့ရှိသွားပေပြီ။ ဆရာမတွေကလည်း အဖြစ်မှန်ကို မောင် သဘောပေါက်ဖို့ ပြောပြကြ၏။ သို့ပေမယ့် မောင့်အစ်မများက ... "ဒီအပင်က ဒီအသီးပဲ သီးမှာပေါ့"တဲ့။

"အမေ့သမီးဟာ အမေလိုပဲ လာမှာပေါ့၊ လူမှာအမျိုး ကြက်မှာအရိုးတဲ့၊ မျက်နှာများတတ်တဲ့ ဗီဇက ပါလာပြီးသား" ဟု ပြောကြသည်။

မောင့်ကို သဘောဆိုပ် လိုက်ပို့ပြီး ပြန်အလာမှာ သူမ ရှိုက်ကြီးတငင်ငိုမိသည်။

မောင် ပြန်သွားပြီး မကြာခင်မှာ မြမွန် ကျောင်းထွက်လိုက်ရသည်။ တစ်ကြောင်းက သူမ ပတွေး ရုတ်တရက် မိုက်အောင့်ပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကာ၊ တစ်ကြောင်းက သူမကို ကျောင်းမှာထားဖို့ အမေက စိတ်မချတော့၍ဘဲဖြစ်၏။ ထို့ထက် ပိုပြီး နိုင်ငံယုံသော အကြောင်းမှာ သူမက သမီးကြီးမို့ အမေ စီးပွားရှာခိုက် အိမ်အလုပ်များ လုပ်ဖို့ ဖြစ်သည်။

"မြမြ ညည်းကျောင်းသိပ်တက်ချင်ရင် ညည်းအဖေနဲ့ ပြန်နေလေ"ဟု တော့ ခပ်ငေါ်ငေါ်ပြောသည်။

အဖေ့မှာလည်း နောက်အိမ်ထောင်နှင့် သားသမီးများပင် ထွန်းကားနေပြီမို့ သူမ မပြန်ချင်တော့ပါ။ လင်ငယ်နောက်လိုက်တာတောင် ကလေးတွေခေါ်ပြီး လိုက်ခဲ့သည့်အမေကို သူ့လင်မရှိမှတော့ ထားမပစ်ခဲ့ချင်ပေ။ သို့ဖြင့် အမေနှင့်အတူ အရောင်းအဝယ်လောကထဲ ရောက်သွားတော့၏။

သူမ ရည်မှန်းထားသည့် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဆရာမလေးဘဝကို မေ့ပစ်လိုက်ရပြီ။ ဈေးဝယ်လာသူ ဆရာမလေးများကို မြင်လျှင် သူမ ငေးငိုင်သွားတတ်သည်။ သူမ၏အိပ်မက်များ ပျက်ပြယ်သွားခဲ့ပြီ။ အတန်းဖော်တွေ တက္ကသိုလ်တက်ကြတော့ မျက်ရည်များပင် လည်ရသည်။

"လူ့ဘဝမှာ ထမင်းတစ်နပ် စားရဖို့ လုပ်နေကြသူတွေချည်းပါပဲအေ၊ မကြောင့်မကြနေရပြီး အူစိုဖို့ပဲ လိုတာပါ၊ ကို့ဈေးသည်ဘဝက ပိုတောင်လွတ်လပ်ပါသေးရဲ့"

အမေ့အားပေးပုံက သည်နှယ်ဖြစ်သည်။ မောင်က မောင့်အတွက်တော့ အမွန်ဟာ အမွန်ပါပဲတဲ့။ မောင့်ကို စောင့်နေရင်ပဲ လုံလောက်ပါပြီတဲ့။ ဒါပေမယ့် မောင့်ကို သူမ မစောင့်နိုင်ခဲ့ပါ။

(၂)

သူမ၏ ချစ်သူနှင့်လင်ယောကျ်ား တစ်ဦးတည်း ဖြစ်စေချင်ခဲ့သော၊ ထိုလင်ယောကျ်ားနှင့်သာ တစ်သက်လုံး ရိုးမြေကျ နေသွားချင်ခဲ့သော ဆန္ဒများပါ နိဂုံးချုပ်ရတော့မည်။

မှတ်မှတ်ရရ မောင် နောက်ဆုံးနှစ် အပိုင်း(က) စာမေးပွဲဖြေနေချိန်။ အမေ မှောင်ခိုပစ္စည်းများသယ်ယူမှုဖြင့် အဖမ်းခံရသည်။ သူမအောက် ညီမလေးက တက္ကသိုလ် စတက်နေချိန်မို့ အဆောင်မှာ ရောက်နေ၏။ မောင်အငယ်ဆုံးလေးက သိပ်ကျပ်ပြည့်လှသူမဟုတ်။ အမေ့ကိစ္စပြေးလုပ်လိုက်၊ ဆိုင်ထွက်လိုက်၊ မောင်အတွက် စိတ်ပူလိုက်ဖြင့် သူမဘဝမှာ ဖယောက်ယက်အခတ်ဆုံး အချိန်များပါ။ ထိုအချိန်မှာ သူမတို့အတွက် ကယ်တင်ရှင် ပေါ်လာသည်။

ကိုလေးခိုင်က အမေတို့ ကုန်သွင်းသည့်ဒိုင်က သူဌေးလေး ဖြစ်ပြီး သူမကို မြင်ကတည်းက သဘောကျနေသူ။ အမေ့ကိစ္စကို လိုက်လုပ်ပေးရင်း၊ ဆိုင်မှာကူညီပေးရင်းဖြင့် သူမဘဝထဲသို့ မသိမသာ တိုးဝင်လာခဲ့သည်။ အို သိသိသာသာတိုးဝင်ခဲ့တာပါ။

နောက်ဆုံး အမေ လွတ်ပြီး မကြာခင် သူမကို အမေ့ထံမှာ လက်ထပ်ခွင့် တောင်းသည်။ သူမက လက်မခံနိုင်ပါဆိုတော့ အမေက ...

"ညည်းကောင်လေးကို မျှော်မနေပါနဲ့အေ၊ သူ ဆရာဝန်ဖြစ်တော့ကော ညည်းကို ယူမှာတဲ့လား၊ သူယူတော့လည်း သူ့မိဘတွေက ညည်းကို ငါ့သမီးမို့ သဘောကျမှာမဟုတ်၊ သူတို့က မတတ်သာလို့ ကျေနပ်လက်ခံလိုက်ရတော့လဲ ညည်းတို့ဘဝ သာယာမှာမဟုတ်ပါဘူးအေ၊ သူကဆရာဝန်၊ ညည်းက ဘာဘွဲ့မှ မရတဲ့ ကောင်မ၊ ညည်းအဖေနဲ့ငါ့ကိုပဲကြည့်၊ အသွင်မတူ





www.burmeseclassic.com

www.burmeseclassic.com

အိမ်သူမဖြစ် ဆိုတာ၊ ငါ့မှာသာ လင်နှစ်ယောက် အဖတ်တင်တယ်"

ကိုလေးခိုင် တောင်းရမ်းလို့ မောင့်ကို ကိုယ့်ချစ်သူကို သူများနှင့် သဘောတူ၊ မတူ မေးဖို့မလိုပေမယ့် . .

"ညည်းကောင်လေးကိုလည်း မေးပါအေ၊ သူက ညည်းကိုယူမယ်ဆိုလဲ အမေကျေနပ်ပါတယ်၊ အမေ ညည်းတို့ တာဝန်တွေ မယူနိုင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် သူ့သဘောထားကိုတော့ သိသင့်တယ်လို့ အမေထင်တယ်၊ ညည်းတို့က ငယ်ချစ်တွေ မဟုတ်လား၊ မေးကြည့်လိုက်ပါဦးလေ" ဟု အမေက ဆို သည်။

ကိုလေးခိုင်က သူ့ကိုယ်တိုင် အကြောင်း ကြားပေးမည်ဟု သဘောထားကြီးစွာ တာဝန်ယူခဲ့သည်။

မောင့်ဆီက စာလေးတစ်စောင်တော့ ပြန်ရောက်လာသည်။ "သူ့မှာ ပညာရေးထက် ဘယ်ဟာကမှ အရေးမကြီးပါတဲ့။ မောင်ကိုယ်တိုင်တော့ ပေါ်မလာခဲ့ပါ။ မောင့်အတွက် အရေးပါဆုံးသော နောက်ဆုံးနှစ် စာမေးပွဲကာလကြီး ဖြစ်နေသည်လေ။

"ငါ့မှာ မောင်လေးခိုင်ရဲ့ကြွေးတွေက လည်ပင်းခိုက်နေပြီ"ဟု အမေကလည်း သက်ပြင်းတချချဖြင့် မကြာခဏ ရွတ်ဆိုနေသေး၏။ ခေါင်းညိတ်မိသည် မဟုတ်သော်လည်း အမေ့အစီအမံ၊ ကိုလေးခိုင် အကြံဉာဏ်များကြားတွင် သစ်တုံးတစ်တုံးလို ငြိမ်သက်နေလိုက်သည်။ သို့ဖြင့် ချစ်သူတစ်ဦး ထားခဲ့မိပြီး (ထိုချစ်သူမဟုတ်သော) လင်တစ်ယောက်ကို သူမ ရရှိသွားခဲ့တော့သည်။

(၃)

ချစ်၍ ယူသည် မဟုတ်သော်လည်း ကိုလေးခိုင်က လင်ကောင်း တစ်ယောက်တော့ ဖြစ်သည်။ စီးပွားရေးသမားပီပီ လိုချင်တာကို ရအောင်ယူတတ်ကာ ရလာသော အရာကိုတော့ တန်ဖိုးထားခဲ့၏။ မြမွန်ကလည်း သူ့ကို လင်သားလိုတော့ တာဝန်ကျေစွာပြုမူဆက်ဆံသည်။ စိတ်ကို လျှော့ချကာ လိုက်လျောပြေပြစ်အောင် နေပေးခဲ့၏။ တစ်ခုပါပဲ၊ အိမ်ထောင်ကျစက . . .

"အမွန်လေး၊ အမွန်" ဟုခေါ်တော့ မြမြလို့ပဲခေါ်ပါဟု သူမ ပြင်ပေးခဲ့သည်။ မြဆိုတာ အများပိုင်တဲ့နာမ်။ မွန်ကတော့ မောင်နဲ့ပဲ ဆိုင်ရဲ့။

ကိုလေးခိုင်က သူမကို ရွှေတွဲလဲ ငွေတွဲလဲ ဆင်ပေးပြီး အိမ်ကောင်းနှင့် နေစေသည်။ လှသော မိန်းမကို သူပိုင်ပြယုဂ်ကောင်းတစ်ခုအဖြစ် တယုတယ ထားခဲ့သည်။ သို့ဖြင့် သားသုံးယောက်ရလာခဲ့၏။ အမေ့ကို အိမ်ဦးမှာ တင်ထားနိုင်ခဲ့ခြင်း၊ ညီမလေး လှလှမွန်ကို ဘွဲ့ရစေပြီး ကိုလေးခိုင်တို့ ကုန်သည်လောကမှလုပ်ငန်းရှင်ပေါက်စတစ်ဦးနှင့် ဟိုတယ်ကြီးမှာ မင်္ဂလာဆောင်ပေးနိုင်ခဲ့ခြင်း၊ ဉာဏ်ရည်နိမ့်သော မောင်ငယ်ကို လင့်အလုပ်မှာ သွင်းပေးထားနိုင်ခဲ့ခြင်းများကြောင့် မြမွန် ဘဝကို ကျေနပ်စွာ နေတတ်လာသည်။

မိမိအချစ်နှင့်စတေးပြီး မိသားစုကို ထူမတ်ခဲ့သူအဖြစ်ပင် စိတ်ထဲကျေနပ်နေမိသည်။ ပေါ်သမ္ဘဝတ်ရ၊ ကြော့ကြော့လှလှလေးနေရသဖြင့် မြမွန်သည် သားသုံးယောက်အမေနှင့် မတူအောင်ပင် နုနယ်လှပနေလေ၏။ အသက်ဆယ်နှစ်ခန့်ကြီး၊ အလုပ်ဖိစီးမှုလည်းရှိသော ဦးလေးခိုင်နှင့်တော့ အဖေနှင့်သမီးလို ကွာလာသည်။ ဒါပေမယ့် ဦးလေးခိုင်က (သူ့ကို ရင့်ရော်သည်ဟု မပြောသမျှ)သူ့မယား နုတယ်ပြောလျှင် သဘောကျနေတတ်မြဲ။ ပစ္စည်းကောင်းတစ်ခု ပိုင်ဆိုင်ထားရ၍ ကျေနပ်သော လူချမ်းသာ တစ်ဦး၏ စိတ်မျိုးသာဟု ထင်ရသည့်တိုင် တကယ်လည်း မယားကို ချစ်ရှာပါသည်။

အချစ်ကို မရရှိခဲ့သော်လည်း ရရှိသည့်ဘဝမှာ မြမွန် နေတတ်အောင် နေပါသည်။ ပြီးတော့ မြမွန်တို့ညီမနှစ်ဦးလုံးတွင် တိုင်ပင်မထားရဘဲ တူညီနေသော အချက်တစ်ချက်ရှိ၏။ အဖေ၊ အမေတို့ အိမ်ထောင်ရေးမျိုး သူတို့ဘဝတွင် မရှိလာစေရန်ပင်။ အမေ့ကြောင့် အပျိုဘဝ တစ်လျှောက်လုံး မျက်နှာငယ်ခဲ့၊ ခေါင်းမဖော်ရဲခဲ့သောအဖြစ်ကို သူမတို့ မမေ့ကြပါ။ အရက်သမား အဖေဆိုးကြောင့် အရက်ကို ကြောက်သွားသော သားများနှယ်တည်း။ သူမတို့ လှလှပပဝတ်စားကြသော်လည်း နာမည်ပျက်မရှိအောင် နေသည်။ ကိုယ့်လင်သားမှလွဲပြီး တစိမ်းတရံ ယောကျ်ားများနှင့် အရောတဝင် မနေ။

အတန်အသင့် တင့်တယ်တည်ငြိမ်သောဘဝမှာ နေလာရသောအခါ နယ်မြို့လေးလို အမေ့ဂယက်က သိပ်မထတော့ပေ။ ကျယ်ပြန့်သော ရန်ကုန်မြို့ကြီးတွင် ကိုယ့်အသိုင်းအဝိုင်းမှာ အမေ့နောက်ကြောင်းကို သိသူတွေပင်မရှိတော့။ မွေးထားသည်ကလည်း သားများသာမို့ သူမတို့တုန်းကလို အပြောခံစရာလည်း သိပ်မလို။

အဖေနှင့် သူ့သားသမီးများလာလည်လျှင်ပင် ကိုယ့်ပတ်ဝန်းကျင်က ဘယ်လိုမှသံသယမဖြစ်။ အမေနှင့် အဖေပင် ဝမ်းကွဲမောင်နှမတွေလိုလို မျက်နှာချင်းဆိုင်ထိုင်ပြီး မြို့အကြောင်း၊ ရွာအကြောင်း မေးနိုင် ပြောနိုင်နေကြပြီ။

သားတို့၏ ပညာရေးမှာ သိပ်မဟုတ်လှ။ အောင့်ရုံအဆင့်မှာသာရှိကြသဖြင့် 'မောင့်သားလေးတွေ ဆိုရင်တော့. . .' ဟု မြမွန် တစ်ခါ တစ်ခါ ယောင်မှားကာ တွေးမိသည်။

ထိုအခါ ကိုယ့်ဘာသာကျိတ်ပြုံးရုံမှလွဲပြီး ဘယ်သူ့ကိုမှလည်း ပြောပြစရာမရှိ။ သူ့အဖေ ဦးလေးခိုင်ကတော့ စီးပွားရေးလောကမှာ အောင်မြင်အောင်သာ နေသူဖြစ်၍ ပညာရေးအတွက် ဘာမှဝင်မပြော။ သားလတ် အမှတ်တွေနိမ့်လို့ ကျောင်းမှ ခေါ်တွေ့စာလာသောအခါ မြမွန် သားကို ဆူပူမိသည်။ ဦးလေးခိုင်က . . .

"စာမတော်လို့ ဆရာဝန်မဖြစ်လဲ ငါ့သားတွေက ဆေးခန်းထောင်ပြီး ဆရာဝန်တွေကို ခိုင်းစားမယ်၊ ပြီးတော့

www.burmeseclassic.com

ဆရာဝန်မ တစ်ယောက်ယောက်နဲ့လဲ ဆေးစားမယ်"

"အစ်ကို ဘယ်လိုပြောလိုက်တာလဲ"

"ဟဲ ဟဲ. . သားစိတ်ညစ်အောင် ဆူပါနဲ့ မြရယ်၊ အစ်ကိုတို့ ပျော်ပျော်နေသွားကြတာပေါ့၊ အသင့်အတင့် စားသောက်ရင် အလုပ်လုပ်စားလို့ရပါတယ်ကွ၊ မြရော၊ ကလေးတွေရော မကြောင့်မကြ နေနိုင်ဖို့ ကိုယ်တို့မှာ စီးပွားရေးလုပ်ငန်းတွေရှိသားပဲဥစ္စာ'

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့်"

မြမွန် ဘာဆက်ပြောရမှန်း မသိတော့ပါ။ အမေက မလှမ်းမကမ်းမှ အသာကြည့်နေသော်လည်း မြေးတွေကို အမီးဆူတာ မကြိုက်သလို၊ သမက်ပြောက်ပေးတာလည်း မကြိုက်လှပါ။ စိတ်ပျက်ပျက်နှင့်ငြိမ်သွားသော မြမွန်က အိပ်ခန်းထဲ ဝင်လှဲနေလိုက်သည်။

အမေက မကြင်နာစဖူး မြမွန်နဖူးကို လာစမ်းကာ . . .

"မြမြ နေမကောင်းဘူးလား"ဟု မေး၏။ သူမ ဘာမှပြန်မပြောဘဲ တစ်ချက် အသာလှည့်လိုက်တော့ . . .

"ဟဲ့ ဟိုကောင်လေးဟာ ဘယ်သူ ခုဆို ဆရာဝန်ကြီးဖြစ်နေရောပေါ့" ဟု မဆီမဆိုင် ကောက်ကာငင်ကာပြောသည်။

သူမ ဆတ်ခနဲ အမေ့ဘက် ပြန်လှည့်ကာ အမေ့ကိုငေးကြည့်နေမိသည်။ အိမ်ဝင် မေ့မေ့ပျောက်ပျောက်ရှိနေသော အရာကို အမေ ဘာလို့ မေးပါလိမ့်။

(၄)

ဦးလေးခိုင်သည် မယားကို အလှူပွဲထုတ်ကာ သားတွေနှင့် ပျော်ပျော်ပါး လျှောက်လည်ရသည့်အလုပ်ကို အတော်ဝါသနာပါသည်။ ပြီးတော့ သူလည်း အနားယူသည်ပေါ့။ ဒီနှစ်တော့ မန္တလေးသင်္ကြန်လည်ပြီး မြို့တက်သည်။ သားတွေ ကန်တော်ကြီးမှာ ပြေးဆော့နေကြစဉ် ပြုံးပြုံးကြီးကြည့်နေ၏။ မြမွန်မာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်လျှင် ပီတိတွေ ဆာနေတတ်သည်။

"အမယ်လေး . . . ဖေဖေရေ လုပ်ပါဦး"

ဘယ်အချိန်က တက်လိုက်မှန်းမသိသော အပင်ပေါ်မှ သားကြီး ပြုတ်ကျသွား၏။ ဆေးခန်းကို ပြေးတော့ ကျောက်ပတ်တီးကိုင်ရသည်။ မန္တလေးမှာ ဆက်ပြဖို့ဆရာဝန်က မှာသည်။ ညွှန်လိုက်သည့်ဆေးခန်းမှာ ပြအပြီး ပြန်ထွက်လာပြီး ကောင်တာမှာ ငွေရှင်း၊ ဆေးယူ လုပ်ကြသည်။

ထိုစဉ် တစ်စုံတစ်ယောက်က မိမိကိုကြည့်နေသည်ဟူသော မလုံမလဲအသိဖြင့် မြမွန် ဘေးဘေးဘီဘီ ကြည့်လိုက်မိတော့ . . . မောင်။

အနည်းငယ် ပြည့်ဝရင့်ကျက်လာသည်မှလွဲ၍ မောင်သည်နောက်ဆုံးမြင်ခဲ့ဖူးသည်နှင့် ဘာမှမခြား။ မိမိအားရပ်ကြည့်နေသည့် မောင့်ကို မြမွန် ဘယ်လိုတုံ့ပြန်ရမည်ပင် မသိတတ်။ ရယ်ပြရမှာလား၊ နှုတ်ဆက်ရမှာလား၊ မသိဟန်ဆောင်လိုက်ရမလား။ မောင့်မျက်နှာမှာလည်း ကိုယ့်နှယ်ပင် ဇဝေဇဝါ။ ဦးလေးခိုင်က သားကိုပွေ့ထားလျက်က မြမွန်ကြည့်ရာ လိုက်ကြည့်သည်။

မြမွန် ဘာမှမဖြစ်သလို ဣန္ဒြေပြန်ဆည်နိုင်ချိန်မှာတော့ ကားဆီသို့ ပြန်ထွက်လာကြသည်။ တရစ်ဝဲဝဲ ပေါ်နေသော မောင့်ရုပ်သွင်ကို မြမွန် သားစိတ်နှင့် ဖျောက်လိုက်ရ၏။ ကားပေါ်မှာ သား ဆေးတစ်ကြိမ်သောက်ဖို့ ပြင်ဆင်ပေးခိုက် "ဟိုတစ်ယောက်လား" ဟု ဦးလေးခိုင်က အဆက်အစပ်မဲ့မေးသည်။ မြမွန် ခေါင်းကို အသာယမ်းရုံမှတစ်ပါး ဘာမှပြန်မဖြေ။

ရင်ထဲမှာတော့ . . .

'မောင်လေး၊ အမွန့်ရဲ့ မောင်ဟာ ဟိုတစ်ယောက် မဟုတ်ပါဘူး၊ နက်နက်ရှိုင်းရှိုင်း ရင်နဲ့မဆုံအောင် ချစ်ခဲ့ရသူပါဟု။

မှတ်မှတ်ရရ ဒီနေ့အထိ ဦးလေးခိုင်နှင့် "ချစ်တယ်" ဟူသော စကားမသုံးနှုန်းခဲ့ဖူးပေ။ အိမ်ထောင်ကျစကဦးလေးခိုင် မကြာခဏ ဝါးလုံးဝါးထွေးရေရွတ်ဖူးခဲ့သော်လည်း ချစ်လားမေးတိုင်း တစ်ခါမျှပြန်မဖြေခဲ့သဖြင့် နောက်ပိုင်းကာလများမှာ သူကလည်း မမေးတော့ပေ။ ဆန့်ကျင်ဘက်လိင် နောက်တစ်ဦးအပေါ်မှာ နောက်တစ်ကြိမ် ပြန်သုံးရမည့် ဝေါဟာရမဟုတ်ဟု မြမွန်တစ်ခါတည်း သတ်မှတ်ကာ သိမ်းဆည်းထားလိုက်ပေါ့။

အမေ့ကိုလည်း မောင်နှင့်တွေ့ခဲ့တယ်ဟု ပြန်မပြောဖြစ်၊ အပြားပြောရမည့်သူလည်း မရှိ။

ဟိုစဉ်က ငယ်သေးသဖြင့် သူတို့ဇာတ်လမ်းကိုမသိသော လှမွန်နှင့်လည်း ပြောလို့မရ။ ပြောကော ပြောသင့်ရဲ့လား။ ပြောစရာကော ဘာများရှိနေသေးလို့လဲ။ ပြောမိပြန်တော့လည်း ပွဲပြီးမီးသေဖြစ်မလာရင် အခက်။ မြမွန်သည် 'ဒုတိယ အမေ' မဖြစ်စေရ။

ခက်သည်က မောင့်ကို ခဏခဏ မြင်မြင်နေမိတတ်ခြင်းပင်။ ဆုံသည့်ခဏအတွင်းမှာ မောင့်မျက်နှာကို မဖတ်ရှုနိုင်ခဲ့ပါ။ မောင် ကျွန်မကိုတွေ့လို့ အံ့ဩသွားတာလား၊ ဝမ်းသာသွားတာလား၊ သစ္စာဖျက်သူရယ်လို့ စွဲချက်တင်ချင်တာလား၊ မောင့်ကို ဘာလို့မစောင့်ခဲ့တာလည်းဟု စစ်ကြောချင်နေတာလား၊ မောင့်ကို မေ့နေပြီလားလို့ သိချင်နေတာလား၊ မောင့်ကိုချစ်သေးရဲ့လားလို့ မေးချင်တာလား။

ကျွန်မ စိတ်ကိုကော မောင်သိသွားသလား။ မောင့်ကို ကျွန်မ ဘာလို့ လိပ်ပြာသန့်သန့် နှုတ်မဆက်နိုင်ခဲ့ရတာလဲ၊ ကျွန်မစိတ်ထဲမှာ မောင့်ကို တွေ့ဆုံ စကားဆိုရမှာကို မှားယွင်းမှုတစ်ခုလို့ ယူဆနေလို့လား။ ခုလိုတွေးနေမိတာ အားလုံးဟာကော လွဲမှားမှုတစ်ခု၊ သစ္စာဖျက်ယွင်းမှုတစ်ခုပေလား။ အတွေးတွေကိုတော့ ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com

ချုပ်တည်းနိုင်မှာလဲနော်။ မနောကံဆိုတာ စိတ်အာရုံထဲမှာ ဖြစ်ပျက်နေတာမို့ သူများမသိပေမယ့် မြမွန် ကိုယ်တိုင်တော့ သိနေရဲ့။

ထိုအသိကြောင့်ပင် စိတ်၏လုံခြုံမှုကို သူမ မရ။ မတွေးပါဘူးဆိုပေသိ မောင့်အပေါ် နှုတ်ခမ်းထောင့်စွန်းက မဲ့နီသေးသေးလေးကအစ ပြန်လို့အမှတ်ရလာ၏။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဆိုသည့် စကားလုံးမျိုးကြားလျှင်လည်း သူမ တွေခနဲ ဖြစ်သွားတတ်၏။ ခွင့်လွှတ်ပါ အစ်ကို၊ လွင့်ပါးမိသော စိတ်များအတွက် မြမွန်ကို ခွင့်လွှတ်ပေးပါ။

ဆယ်စုနှစ်တစ်စုနီးပါး အချိန်တွေ ကြာညောင်းခဲ့ပေမယ့် အဖြစ်အပျက်အားလုံးသည် လတ်ဆတ်လျက်ပင် ရှိသေးသည်။ မောင့်ရှေ့မှာ ခုန်ခဲ့ရသည့်ရင်၊ မောင့်နောက်မှာ လွမ်းခဲ့ရသည့်အလွမ်း၊ မောင်ရယ် နေလက်စနှင့်နေရစ်ခဲ့ပါတော့။ အမွှန်မှာလည်း လင်နှင့် သားနှင့်။ မောင့်မှာကော၊ မောင့်မိဘတွေ၊ မောင့်အစ်မတွေရဲ့ စိတ်ကြိုက်ကော ဖြစ်ပါရဲ့လား။ မောင့်ဇနီးကို မောင် ချစ်နိုင်ရဲ့လား။

မောင့်ဘဝမှာ မောင်ကျေနပ်ပျော်ရွှင်ပါစေ။

ကံကြမ္မာများသည် လွဲချော်ဖို့ဖြစ်တုန်းကလည်း စနစ်တကျခွဲခွာပေးတတ်သလို ဆုံစည်းချိန်တန်လာတော့လည်း အကွက်ကျကျပင် ကြုံတွေ့စေခဲ့၏။

အသက် (၈၀) ကျော်နေသော ဦးလေးခိုင်အမေသည် လှေကားပေါ်မှ ခြေချော်ကျကာ ဆေးရုံကို လနှင့်ချီပြီး တင်ခဲ့ရသည်။ အမေ့ကိုကြည့်ပေးသော ဆရာဝန်ကြီးက မောင်။ မောင် ဗန္ဓုလေး မပြောင်းခင်ကတည်းက အမေပြနေကျ ဆရာဝန်။ ခု မောင်ရာထူးတိုးပြီး ပြန်ရောက်လာတော့လည်း အမေ့လက်စွဲ။

သည်တစ်ခါတော့ မြမွန်မျက်နှာ မလွှဲနိုင်တော့။ မောင်ကလည်း အတွေ့အကြုံရင့်ကျက်နေသောသမားတော်မို့ ဟန်မပျက်ပင် ဆက်ဆံပေးသည်။

ယောက္ခမ လုပ်သူတလည်း မြမွန်တို့ ငယ်သူငယ်ချင်းတွေဆိုသဖြင့် ဝမ်းသာအားရဖြစ်နေ၏။ ဒါပေမယ့် မောင့်ကို မြမွန် ဘာမှ နောက်ကြောင်းလှန်ပြီး မမေးဖြစ်။

တစ်ခါတစ်ခါတော့ မြမွန်သည် မောင့်မှာကော တွယ်တာစရာ သားလေးတွေ၊ သမီးလေးတွေ ရှိနေပြီလား။ ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို သံသရာတစ်ပတ်လည်ပြီး မောင့်သမီးလေးနှင့် အမွှန့်သားတွေများ ဇာတ်လမ်း ပြန်ဆက်လေမလားဟုလည်း ရုပ်ရှင်၊ ဗွီဒီယိုဆန်ဆန် စိတ်ကူးကြည့်မိရဲ့။ ထိုအတွေးများ၏ အဆုံးမှာတော့၊ မြမွန်သည် မိမိ၏မနောကံမြောက် ကျူးလွန်မှုကို အားတုံ့အားနာဖြစ်ရင်း ခုတင်၏ တစ်ဖက်စွန်းမှ လင်ယောက်ျားကို ငေးကြည့်နေမိပြန်သည်။ ဦးလေးခိုင်ကတော့ မူးမူးနှင့် အိပ်ပျော်နေပေါ့။

(၅)

ဦးလေးခိုင်နှုတ်မှ ပွင့်ထွက်လာသောစကားလုံးများကြောင့် မြမွန် အံ့ဩသွားမိ၏။ ခရီးထွက်ရာမှ ပြန်လာပြီးကတည်းက မသောက်စဖူး သောက်သောက်လာသော ဦးလေးခိုင်ကို မြမွန် ဘာမျှမပြောမိ။ သည်အသက်အရွယ်ရှိ စီးပွားရေးသမားတစ်ဦး သောက်စားလာတာ ထူးဆန်းသည့် ကိစ္စလည်း မဟုတ်။ သည့်ထက်ပိုကာ အိမ်မှာပင် မူးလင်းဆောင်လာတော့လည်း အမြည်းပင် လုပ်ပေးလိုက်မိသေးသည်။

အမေက . . .

"ကိုယ့်မှာလည်း သားလေးတွေမွေးထားတာ အတုယူများပါ့မယ်မအေး၊ ညည်းလင်ကို ကြည့်လဲ ပြောထားဦး" ဆိုလာသည့်တိုင် ပြောဖို့စိတ်မပါမိ။

"အလုပ်မှာ ပင်ပန်းလို့ နေမှာပေါ့ အမေရယ်"ဟုပင် ကိုယ်စားလျှောက်လဲပေးလိုက်သေး၏။

တစ်နေ့ည သန်းခေါင်မတိုင်မီလေးမှာတော့ ထမင်းစားခန်းထဲ ထိုင်သောက်နေသော ဦးလေးခိုင်အတွက် ကြက်အူချောင်းကြော် ချပေးပြီး ပြန်အထွက် ဦးလေးခိုင်က မြမွန်လက်ကို လှမ်းဆွဲလိုက်ပြီး . . .

"မင်း ငါ့ကို ပစ်ပယ်လွန်းရာ မကျဘူးလား"

ထိုစကားကို မြမွန်နားမလည်။

ဘာအဓိပ္ပာယ်ပါလိမ့်ဟု တွေးနေမိဆဲ . . .

"ငါ့ကို တစ်သက်လုံးလည်း တစ်ခါမှ ချစ်ဟန်မပြခဲ့ဘူး၊ ခုတော့ ပိုဆိုးလာတယ်၊ မင်း မင်း . . . မင်း ငယ်ရည်းစားနဲ့လွဲခဲ့ရတာကို ဝမ်းနည်းနေသလား၊ ခု သူနဲ့ပြန်ဆက်နေကြပြီလား၊ ဟိုလူကလဲ ခုထိ မင်းကို စောင့်နေသေးတယ်ဆိုတော့"

ပြောရင်း ဇတ်ကျိုးကျသွားသော ဦးလေးခိုင်ကို ပြေးထူလိုက်ရင်း မြမွန် အံ့ဩသွားမိသည်။

သူက စားပွဲပေါ် မျက်နှာအပ်ရင်း ဗလုံးဗထွေး ဆက်လက်ပြောနေတော့ ပြန်လက်လွှတ်ကာ သူ့ကိုငေးကြောင်ကြည့်နေမိ၏။ အခန်းဝမှာတော့ သူ့တို့ကို မျက်လုံးပြူးပြီး ငေးနေသော အမေ။

"ခုမှတော့ သူ့ဆီ မင်းကို ပြန်ပို့လို့လဲ မဖြစ်နိုင်တော့ဘူး ဟူး ဟူး"

မြမွန်ကို မောင့်ထံ ပြန်ပို့မတဲ့လား။ မောင်က ခုထိ အိမ်ထောင်မပြုသေးဘူးလား။ တကယ်ပဲ ကျွန်မကို စောင့်နေသလား မောင်။

အမေက သည်တော့မှပင်ဇာတ်ရည်လည်အောင် ရှင်းပြသည်။

"မောင်လေးခိုင်က သမီးတို့ အလွန်သဘောကျတာမို့ အမေနဲ့သူ သမီးကောင်လေးကို သွားတွေ့ခဲ့တယ်၊ သူက အမေ့ကိုစွန့်ပတ်သက်ပြီး သမီးတို့ချင်း ငြိစွန်းခဲ့ကြပြီလို့ ပြောခဲ့တာ၊ အဲဒါနဲ့ ခုတော့ သူကလက်ထပ်ယူမယ်ပေါ့၊ အဲဒါနဲ့ ဟိုက မထူးတော့ပြီ





www.burmeseclassic.com

www.burmeseclassic.com

တိုလဲ စိတ်စနောင့်စနင်း မဖြစ် င် ပညာရေးပဲ အာရုံစိုက်ပါတော့ ဆို့ စာပြန်ခဲ့တယ်ဆိုပါတော့အေး၊ ပဲဖြစ်ဖြစ် မောင်လေးခိုင်ကလဲ ည်းကိုချစ်ရှာတာ ညည်း အသိပဲမို့ အမေကတော့ အမေလဲ ညည်း နဲ့တုန်းက ကိုယ်ချင်းချစ်လို့ ယူခဲ့ ယ့် ချစ်တိုင်းကော အဆင်ပြေ ချို့လားအေ၊ အဲဒါနဲ့ အဲဒီတုန်းက တ်အခဲတွေကြောင့် ညည်းကို သူ အပ်ခဲ့တာ၊ ခုမှတော့ ကိုယ့်လင် နဲ့ပဲ အဆင်ပြေသလို နေပါတော့ ရယ်"

အမေက "ငါ့လို မဖြစ်ပါစေနဲ့ "တု ပါးစပ်က ထုတ်မပြောသော် ည်း မြမွန် နားလည်လိုက်ပါသည်။

သို့သော် အကြောင်းစုံ သိပြီး တ်မှာ မြမွန် မောင့်ကို အားနာသွား ည်။ သနားလည်း သနားသွား၏။ သူချင်းမို့ သိနားလည်တတ်သည့် ိုင်း မှန်တမ်း ဆက်ဆံနေသော င့်မျက်နှာတွင် အချစ်ရိပ်များကို န် တွေနေရသည်။

ဩော် . . မောင်ကကော အမွန့် ဆံယောဇဉ် ရှိမှရှိပါသေးရဲ့လား။

"မောင့်ကို စောင့်နေမယ်၊ မောင့် သူမယ်၊ တစ်သက်မှာ တစ်ယောက် ည်းပဲ ချစ်မယ်၊ ချစ်သူနဲ့လက်ထပ်သူ ယောက်တည်းပဲ ဖြစ်ရမယ်" လို့ ပြာခဲ့သူက အရင် အိမ်ထောင်ပြုခဲ့လို့ အမွန့်ကိုမုန်းနေသလား။ စကားကို ပေါ့တန်တန် ပြောသူရယ်လို့များ ထင်သေးနေမလား။

မောင့်အစ်မတွေက "ကဲ တို့ ပြောလား၊ မင်းကောင်မလေး မင်းကို သွားပြီမဟုတ်လား၊ မျက်နှာများတဲ့ တွေဟာ ဒီလိုပါပဲ" လို့ မောင့်ကို ပြောရင် မောင် ငံ့ခံနေရတော့မှာပေါ့။ းလုံးဟာ ကံတရားရဲ့ လှည့်ကွက် တွေချည်းပါပဲ မောင်။

အမွန် မောင့်ကို သစ္စာမဲ့ခဲ့တာ တ်ပါဘူးဆိုတာ တစ်ခုပဲ မောင်ယုံပေးပါ။ ဒါကို မောင် မသိလိုက်ရဘူး ဆိုရင် မြမွန်ဘဝမှာ လိပ်ပြာသန့်တော့ မည်မဟုတ်။

သို့ဖြင့် ဟိုတုန်းက အမွန့်ကြွေး ကြော်သံဟာ "ချစ်သူနဲ့လင်တစ်ယောက် တည်းဖြစ်ရမယ်၊ လင်ဟာလဲ တစ်ဦး တည်းပဲ ရှိရမယ်" ဆိုပေမယ့် ခုတော့-

"မောင့်ကို သစ္စာဖောက်ခဲ့သူ မဟုတ်ဘူး၊ ကျွန်မ မျက်နှာများသူ မဟုတ်ဘူးဆိုတာ မောင်သိစေဖို့ပဲ ဖြစ် တယ်" လို့ ဖြစ်လာပေါ့။ သည်တော့ မောင်နှင့် စကားဆိုရဖို့ပင် မြမွန် စတင် ကြိုးပမ်းလာမိသည်။

ဦးလေးခိုင်၏ သံသယများက လည်း ပိုပိုနက်ရှိုင်းလာကာ ပေါက်ကွဲ မှုများ ပြင်းထန်နေ၏။

ခါတိုင်းလို မြမွန်ဈေးဝယ်ထွက် လျှင်ပင် ငယ်ချစ်နှင့် သွားချိန်းတွေသလို စွပ်စွဲတော့သည်။ တီဗွီအစီအစဉ်နှင့် ဗွီဒီယိုများတွင် ချစ်သူဟောင်းအတွက် တမ်းတမ်းတတ တမြည့်မြည့်လွမ်းနေရ လျှင်တော့ သက်မဲ့ တီဗွီကိုပင် လက်ထဲ တွေ့ရာနှင့် ကောက်ပေါက်တတ်လာ၏။ အဆိုးဆုံးကတော့ သူနေမကောင်းလျှင် ပင် 'ဆရာဝန် မပြနဲ့'ဟု ဆိုလာခြင်းပင်။

သက်သက်မဲ့ မောင့်ကိုရမ်းတာ တော့ မြမွန် လက်မခံနိုင်။ မြမွန်တို့ ဇာတ်လမ်းမှာ မောင်ဟာ သနားစရာ အကောင်းဆုံးဇာတ်ကောင်ဟု ထင်လာ မိသည်။ မောင်သည် ခုတိုင် ကြေကွဲ သောရင်နှင့် နေနေရသူ။ ဒါကြောင့် လည်း ထင်ပါရဲ့၊ နာမည်ရ ပါရဂူတစ်ဦး ဖြစ်နေပေမယ့် မောင့်မျက်လုံးတွေဟာ ဆွေးမြည့်နေသလိုပဲ။

မြမွန် မောင့်အတွက် မချိတင်ကဲ ဖြစ်မိ၏။ ပစ်ခွာသွားသူကို မေ့ပစ်လိုက် ပြီး သင့်တော်သူ တစ်ဦးဦးနှင့် ဘဝကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ပါလား မောင် ရယ်။ ဒါဆို မြမွန် ဖြေသာပါရဲ့။

မောင်၏ ချစ်ခြင်း၊ မောင်၏ ဆုံးရှုံးနစ်နာရခြင်းများအတွက် ဘာမှ ပြန်လည်မပေးဆပ်နိုင်သည့်တိုင် 'မောင်ဟာ ချစ်သူသစ္စာဖောက်သွားတာခံရတဲ့ အရှုံးသမားတစ်ဦး မဟုတ်ဘူးဆိုတာ တော့ ပြောပြချင်ပါတယ်၊ မောင့်ဘဝကို တန်ဖိုးရှိစွာ ဖြတ်သန်းနေရတာ ကျေနပ် ဖို့ကောင်းလို့ လောကကြီးမှာ စိတ်ရဲရဲ နေပါမောင်"ဟုလည်း ဖွင့်ဖွင့်ပြောနေမိရဲ့။

သို့ဖြင့် မောင်နှင့် အေးဆေးစွာ စကားပြောနိုင်သော နေရာတစ်ခုတွင် ဆုံတွေ့ဖို့ မြမွန်တို့ချင်း အချိတ်အဆက် ရခဲ့သည်။ ထိုနေ့တွင် မောင်နှစ်သက်ခဲ့ သော စံပယ်ဖူးလေးတွေပန်သွားဖို့ပင် မြမွန် စဉ်းစားထားပြီးပြီ။

မောင် ကျောင်းပိတ်လို့ အပြန် မှာ ဝယ်လာပေးခဲ့သော အသည်းပုံနှစ်ခု ထပ်နေသည့် ချစ်လက်ဆောင် ရင်ထိုး လေးကို မြမွန်ရင်မှာ တွေ့လျှင်တော့ မောင့်အပေါ် မေ့ပစ်ထားခဲ့တာ မဟုတ် ဘူးဆိုတာ မောင်နားလည်သွားမှာပါ။

(၆)

မောင်နှင့် ချိန်းဆိုထားသည့်နေ့ မတိုင်ခင် တစ်နေ့မှာတော့ ဦးလေးခိုင် တို့အမေအိမ်တွင်လုပ်သော အလှူတစ်ခု တွင် မောင်နှင့်အတူ မောင့်အစ်မကြီး တစ်ဦး ပါလာသည်။ သူပင် ဒ်တော် အိုစာသွားပေါ့ဟု မြမွန်တွေးနေခိုက် အမေက . . .

"အန်တီ့ ချွေးမလေ၊ သားက တော့ ခရီးထွက်နေတယ်၊ သမီးလိုပါပဲ၊ သိပ်အားကိုးရတာ"ဟု မိတ်ဆက်ပေး၏။

မြမွန် စိုးရိမ်သလို အစ်မကြီးက မမှတ်မိတော့ဘဲ . . ..

"အတော်ပဲ အန်တီ၊ အန်တီ ပြောပြောနေကတည်းက မြင်ဖူးချင်နေ တာ၊ သားသုံးယောက် အမေသာဆို တယ် မိန်းမချောလေးပဲ၊ အန်တီ့ဆရာ ကိုလဲ ဒီလိုအလိမ္မာ အိမ်ပါ အမေတည်း အဲလေ အစ်မတွေနဲ့တည့်တဲ့ ယောက်မ လေးတစ်ယောက် မြန်မြန်ခေါ်လာပေးဖို့ တိုက်တွန်းပါဦးနော်"ဟုပင် ပြောလိုက် သေးသည်။ မောင့်က အလိုက်သင့် ရယ်နေ၏။

www.burmeseclassic.com

ပြူသူအသစ် ဖြစ်သူအဟောင်းမို့ မြမွန်ရင်တွင် စူးနေသော ဆူးများက တစစ်စစ်ကိုက်ခဲနေကြဆဲ။ ထိုမိန်းမများကပင် အမေ့သမီးမို့ အမေ့လိုပင် လင်ငယ်ယူမည်ဟု ထိုးနှက်ခဲ့ကြဖူး၏။ လပေပ် ဖမ်းသလို ကိုယ့်ဒေသတစ်နယ် တစ်ရပ်လုံးမှာ ဖုံးအုပ်ခံခဲ့ရသည့် ထို အရိပ်ကြီးကို မြမွန်ကြောက်လှပေ၏။

ခုတော့ အချိန်ကာလနှင့် အရပ်ဒေသခြားခဲ့ပြီမို့လား၊ အမေ့အရိပ်မည်းက မြမွန်တို့ လွတ်ခဲ့ပြီလားမသိ။

အမေဟာ ဆတ်ဆတ်ဆော့ ဆော့ မိန်းမ မဟုတ်တာကို မြမွန်တို့ အမြင်ပါပဲ။ သို့သော် အမေ့ဘဝတွင် အလှည့်အပြောင်းတစ်ခု တကယ်ပင် ဖြစ်ပျက်ခဲ့၏။

အမေသည် လင်ငယ်နောက် လိုက်သွားသည်မဟုတ်ပါဘဲ အဖေ့ဒဏ် မခံနိုင်လို့ ကလေးတွေခေါ်ကာ အိမ်မှ ဆင်းလာခဲ့၏။ သို့သော် နောက်တော့လည်း အဖေစွပ်စွဲသလိုပင် အမေနှင့် ဒိုးတူပေါင်ဖက်နေခဲ့သော ကိုကံမြင့်နှင့် ယူလိုက်ကြသည်။ သည်တွင် အများ တံတွေးခွက်မှာ ပက်လက်လား၊ မှောက်လျက်လားမသိနိုင်ဘဲ မျောတော့ မျောခဲ့ရလေ၏။ အမေသာမက မြမွန်တို့ပါ ယက်ကန်ယက်ကန် ပါသွားခဲ့ရသည်ပဲ။

"သူငယ်ချင်းတွေ ကြုံတုန်း စကားပြောနှင့်ကြဦး၊ ဆရာ့အစ်မကြီးကိုတော့ အနက်တီဘုရားခန်း လိုက်ပြလိုက်ဦးမယ်"

မြမွန်တို့ကို ငယ်သူငယ်ချင်းတွေဟု သိထားသော ယောက္ခမကြီးက ရယ်ရယ်မောမော ကားရစ်ခဲ့သည်။ နှစ်ယောက်တည်း ကျန်ခဲ့တော့ မြမွန် မောင့်ကို ခပ်ရဲရဲပဲ ကြည့်လိုက်မိ၏။ အခြားဝိုင်းတွေမှာ ညှိသည်အချို့ ကျန်နေသေးသော်လည်း မြမွန် ညှာခံစရာမလိုသည့် ရင်းနှီးပြီးသူဆွေမျိုးများပင်။ မောင်က မြမွန်ကို ပြုံးပြ၏။ ဒီနေ့တော့ မောင့်အပြုံးတွေက ကြည်စင်နေသလိုပါပဲ။

"အစ်မကြီး ပြောသလို လုပ်လိုက်ပါလားဟင်၊ သင့်တော်တဲ့ မိန်းကလေးတွေရင်လေ"

ဘာနာမ်စားသုံးရမည် မဝေခွဲတတ်လို့ အခေါ်အဝေါ် တစ်စုံတစ်ရာ မပါသောဝါကျနှင့် မြမွန် စတင်ပြောလိုက်၏။ ရင်ထဲမှာ ဖွဖွရွတ်ဆိုသလို မောင် ဟုတော့ မသုံးသင့်ဘူးလေ။ မောင်က တစ်ချက်ရယ်ရင်း . . .

"ဖူးစာပေါ့လေ၊ ကံဆုံရင်တော့ ညားရမှာပေါ့၊ ဆန်မကုန်ခင်စား ကံဆုံရင်ညားလို့ ရှိတယ်မို့လား"ဟု ပြန်ပြောတော့ မောင်လည်း ရင့်ကျက်နေပေပြီဟု တွေးမိသည်။ ဩော် သူလည်း လူနာများကို နေ့စဉ်ကုစားနေရသူပေပဲ။

စကားပြောနေရင်းမှာပင် မြမွန် တစ်စုံတစ်ရာကို သဘောပေါက်သလိုလို ရှိလာ၏။ သီးနှံပန်းကန်ကို မောင့်ဘက် တွန်းပို့လိုက်ရင်း . . .

"အစ်မကြီးက မမှတ်မိဘူးထင်တယ်နော်"ဟု ခေါင်းငုံ့ထားကာ ပြောလိုက်မိသည်။ မောင်က ချက်ချင်းပင်-

"တကယ်တော့ အစ်မကြီးတွေက သူတို့မောင်ကိုအချစ်လွန်တာက လွဲလို့ တကယ်ကောင်းတဲ့ အစ်မတွေပါ"ဟု ပြန်ပြော၏။

မြမွန် မောင့်ကို ဆတ်ခနဲ မော့အကြည့် . . .

"ခုလို သားတွေနဲ့ ကောင်းကောင်းမွန်မွန်၊ ကျန်းကျန်းမာမာ၊ အဆင်ပြေနေတာ မြင်ရလို့ ဝမ်းသာတယ်၊ မိသားစုနဲ့အပြင် ယောက္ခမနဲ့ပါ ချစ်ချစ်ခင်ခင်တွေရလို့ အစ်မကြီးကလဲ အံ့ဩနေတာ၊ ဒီနေ့ အလုပ်တွေ အများကြီးရှိပေမယ့် အစ်မကြီးကို ပြချင်လို့ အနက်တီဖိတ်တာ တမင်လာခဲ့တာလေ"

တုန်လှုပ်သွားသော မြမွန်က "အစ်မကြီးက ကြိုသိနေတယ်လား"ဟု အံ့ဩစွာမေးလိုက်သည်။

မောင်က ကျေနပ်စွာပြုံးရင်း-

"ပြောပြလိုက်တယ်လေ၊ ဆေးရုံမှာ မြင်ကတည်းက သူတို့ကိုပြောပြချင်နေတာ၊ ခုတော့ လူတွေပါပြလိုက်ရပြီ ကြက်မှာအရိုးရှိတာ သေချာပေမယ့် လူမှာ မျိုးရိုးမလိုက်ပါဘူးလို့၊ စရိုက်ကောင်းရော၊ စရိုက်ဆိုးပါ လူတွေ စဉ်းစားဆင်ခြင်ပြီး လုပ်သွားကြရင် ရ တယ်လေ၊ အဲဒါကို အစ်မကြီးကို ပြချင် ခဲ့တာ၊ သူလဲ ခုတော့သိနေပါပြီ"

မြမွန် ဘာပြောရမည် မသိ မောင်က. . .

"ဩော် . . . ဒါနဲ့ အရေး ကိစ္စ တစ်ခုရှိလာလို့ နက်ဖြန် မတွေ့ဖြစ်တော့ဘူးနော်၊ နောက်များ ဆုံကြသေးတာပေါ့၊ အဆင်ပြေပါ နော်" ဟု အေးအေးဆေးဆေးပင် တောင်းသည်။

ပြေပါတယ် မောင်၊ သိ အဆင်ပြေပါတယ်။ တင်နေသည့် တစ်ခု ဆပ်လိုက်ရသလိုလည်း ခေါင်း ရှင်းသွားရဲ့။

ထိုစဉ်မှာပဲ သားတွေ ကျ ပြန်ရောက်လာကြ၏။ သူ့အဖေ ဦး ခိုင်ကတော့ နယ်ကပြန်မလာသေးသ ဒရိုင်ဘာနှင့်ပင် လာကြသည်။

သူတို့အဖေပါလာမှာ၊ မောင် စကား ပြောနေသည်ကို မြင်သွား လည်း မြမွန် မကြောက်ပါ။ မြမွန် အမေ့အရိပ်ဆိုးကြီး မထိုးတော့ဘူးလေ အင်း . . . ပိုအရေးကြီးတာက သား တွေအပေါ်မှာ မြမွန်ရဲ့အရိပ်ဆိုး ထ မထိုးဖို့ပါဘဲ။ ကျေးဇူးပါပဲ မောင်။

(အဲ. . . မောင်လို့တော့ ဆ ခေါ်ရမှာပဲနော်၊ အမွှန့် ရင်ထဲမှာ တံ ကပ်ထားသလို စွဲခိုင်နေပြီမို့ပါ။ ရင် မှာသာပါပဲ။ နှုတ်ဖျားလည်း ဘယ်သော ခါမှ ရောက်လာမှာ မဟုတ်တော့ပါဘူ

ကိုချမ်း(ဆေး-၂


❐





www.burmeseclassic.com

www.burmeseclassic.com



သပြည့်ဝန်းမဂ္ဂဇင်း (မတ်လ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့မှ ဂန္ထဝင် ဆိုင်းလောကသားတို့၏ ဖခင်ကြီး 'နေမျိုးဗလကျော်သူ' ဘွဲ့ရ ရှာစားကြီး စိန်ဗေဒါ၏သား ရှာစားကြီး စိန်တင်ဟန်၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းဝတ္ထုကို စာရေးဆရာကြီးချစ်ဦးညိုနှင့် ဆရာလယ်တွင်းသားစောချစ်တို့ ဇာတ်ညွှန်းရေးသားရိုက်ကူးထားသော မန္တလေးမြို့မှ ဘိသိက်ဆရာ ဆရာလှိုင်နှင့် စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက်ဆားတောင်ရွာမှ 'ဆားတောင်သောင်း' အမည်ရှိတော ဘိသိက်ဆရာတို့၏ စစ်ကိုင်းမြို့မြောက်ဘက် ဆားတောင်ရွာမှ သောတာပန်ရွာအလှူပွဲတစ်ခုတွင် ဖြစ်ပေါ်ခဲ့သော ဘိသိက်ပြိုင်ပွဲကို ဗွီဒီယိုဇာတ်ကား အသွင်ဖြင့် တင်ဆက်ခဲ့ရာ အထူးပင် အောင်မြင်ကျော်ကြားခဲ့ပါသည်။

အထက်ပါ ဗွီဒီယိုဇာတ်ကားကို ကြည့်ရသောအခါ ကျွန်တော်ငယ်စဉ်က ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဆိုင်းပြိုင်ပွဲကို ပြန်လည် အမှတ်ရ၍ လာပါသဖြင့် ဤဇာတ်လမ်းကို ရေးသား တင်ဆက်ရခြင်း ဖြစ်ပါသည်။

❁ ❁ ❁

ကျွန်တော်တို့ မြိုင်သာယာသည် ငါန်းရင်မြို့နယ်၏ တောင်ဘက်အစွန်ဆုံးတွင် ရှိပါသည်။ လယ်မြေ မရှိပါ။ အညာဒေသ ကျောက်ကုန်းများပေါ်များ လှ၍ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသော ယာယီသီးနှံများ စိုက်ပျိုးခြင်း၊ ထန်းတက်ခြင်း၊ နွားနှင့်သိုး၊ ဆိတ်၊ ကြက်၊ ဝက် တစ်နိုင်မွေးမြူရေး လုပ်ကိုင်ကြခြင်း၊ ဗိုင်းချည် ရက်ကန်းလုပ်ငန်း လုပ်ကိုင်ကြခြင်း၊ ကြုံကျစ်သောလုပ်ငန်း လုပ်ကိုင်ကြခြင်းတို့သာရှိ၍ အများစုမှာ ဆင်းရဲကြပါသည်။

ကျွန်တော်တို့ရွာတွင် နှစ်စဉ်တပေါင်းလပြည့်နေ့တွင် ဆုတောင်းပြည့်ဘုရားပွဲတော်ရှိပြီး ဇာတ် သို့မဟုတ် အငြိမ့်၊ ကြည့်ချင်ပွဲ ၂ ည ပါရှိ၍ နွေရာသီကျောင်းပိတ်ရက်အတွင်းလည်းဖြစ်ရာ ကျွန်တော်တို့ အပျော်ရွှင်ဆုံးနှင့် အားအထားရဆုံး ပွဲတော်ကြီး ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ရွာတွင် နှစ်စဉ် အလှူကြီးများ မရှိတတ်ပါ။ ထိုသို့ အလှူများရှိလျှင်လည်း အလှူမတိုင်မီ တစ်လ၊ နှစ်လ လောက်ကတည်းက အလှူရက်ကို ရေတွက်စောင့်စားရင်း ကျွန်တော်တို့ ပျော်နေကြပြီဖြစ်ပါသည်။

ကျွန်တော်တို့ ကျောင်းသည် ဆရာသိန်း၏ ကိုယ်ပိုင်ကျောင်းဖြစ်၍ ရွာတွင် အလှူနှင့်တကွ ပွဲလမ်းသဘင် ရှိလျှင်လည်း ကျောင်းပိတ်ပေး၍ ကျွန်တော်တို့ ပျော်ကြခြင်းဖြစ်ပါသည်။

ဈေးအနီးရှိ ကားပိုင် ဦးလောရှော + ဒေါ်ခင်သန်းတို့ အလှူပေးမည်ဟု ကျွန်တော်တို့ အစောကြီးကတည်းက ကြိုတင်သိရှိထားကြ၍ ကျွန်တော်တို့ လက်ချိုးရေတွက် စောင့်စားနေကြရခြင်း ဖြစ်ပါသည်။

ထိုသို့ဖြင့် ကျွန်တော်တို့တစ်တွေသည် အလှူမတိုင်မီရက်များကတည်းက အလှူနှင့်ပတ်သက်ပြီး မမောနိုင် မပန်းနိုင် ကြိုတင်ပြောဆိုကြလျက် ပျော်ရွှင်၍ နေခဲ့ကြပါသည်။

ဤသို့ဖြင့် အလှူဝင်နေ့သို့ ရောက်ရှိလာခဲ့ပါသည်။ ကျွန်တော်တို့ရွာ၏ ထုံးစံမှာ အလှူဝင်နေ့ ညနေ ၃ နာရီခန့်တွင် အလှူပွဲလှည့်လေ့ရှိရာ ပွဲလှည့်တန်းတွင် ကိုင်ဆောင်ကြရမည့် ကွမ်းတောင်၊ ပန်းတောင်၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာတို့ကို နေ့လယ် ၁၁ နာရီခန့်တွင် အလှူမဏ္ဍပ်အတွင်းသို့ သွားရောက်ယူဆောင်ကြရပါသည်။

ကျွန်တော်တို့ရွာတွင် ကြက်လျှာတိုင် ပြုလုပ်သည့် အနား၌ မပြီးခင်ကတည်းက ကလေးများ ဝိုင်း၍နေလေ့ရှိပါသည်။

ကြက်လျှာတိုင်များကို ဘကြီးစံအေး၊ ဘကြီးကြံနှင့် ဘကြီးစိန်တို့မှ ပြုလုပ်ဝေငှလေ့ ရှိပါသည်။ ယခုလည်း ကြက်လျှာနှင့် တံခွန်များ ဝေတော့မည်ဖြစ်၍ ကျွန်တော်နှင့် စိုးတင့်၊ မြင့်ဆွေ၊ ဝင်းဦး၊ ကိုထွန်းတို့ ရှေ့ဆုံးမှရောက်နေကြပါသည်။

"ဟေ့ ကလေးတွေ ရှေ့သိပ်ပြီး မတိုးကြနဲ့ တန်းစီကြ၊ ရှေ့ကို ကျော်မတက်ကြနဲ့ အစဉ်အတိုင်းနေကြ"

"မလုကြနဲ့ အားလုံးဝေပေးမှာ"

ဘကြီးစံအေးမှ ထိုသို့ပြောဆို၍ လက်ထဲမှကြက်လျှာတိုင်များကို ကလေးများ မမီအောင် မြှောက်ထားသော်လည်း . . .

"ဘကြီး ကျွန်တော့်ပေး"

"ဘကြီး ကျွန်တော်တို့အိမ်က နှစ်ယောက်တွက်"

"ဘကြီး ဒီဘက်အရင်"

တစ်ယောက်ကို ဝေလိုက်သည်နှင့် တန်းစီခြင်းပျက်သွားပြီး ဝိုင်း၍ တောင်းကြပါတော့သည်။

"ဟ ကလေးတွေ အတင်းမလုကြနဲ့၊ ငါ့ကို တိုးနေကြတာ လဲတော့မှာပဲ"

မည်သို့ပင် ဟန့်တားပါစေ၊ နောက်ဆုံးတွင်တော့ လုကြသည်သာ ဖြစ်ပါသည်။

"ကဲ မြန်မြန်ကုန်သွား နားအေးတာပဲ၊ အကုန်သာ ပေးလိုက်ပါတော့"

ဘကြီးစိန်မှ စိတ်မရှည်ဘဲ ထိုသို့ ပြောလိုက်ပါသည်။

"အေး ငါတို့ တံခွန်ရတယ်ကွ"

"ငါတို့ကြက်လျှာ (ကြက်လျှာသဏ္ဍာန်အလံ) ရပြီကွ"

ရရှိသွားသော ကလေးများသည် ပျော်ရွှင်စွာဖြင့် အော်ဟစ်ခုန်ပေါက်၍ မဏ္ဍပ်အတွင်းမှ ပျော်ရွှင်စွာပြေးထွက်သွားကြပါသည်။

ထုံးစံအတိုင်း ကလေးတစ်ဝက်ခန့်မှာ ဘာမှမရရှိဘဲ လက်ဗလာဖြင့် မျက်နှာငယ်ကလေးများဖြင့် ကျန်ရစ်ကြပါသည်။ ကျွန်တော်နှင့်အတူ သူငယ်ချင်းများအားလုံး တစ်မျိုးမဟုတ် တစ်မျိုး ရရှိကြ၍ ကျွန်တော်တို့လည်း မဏ္ဍပ်အတွင်းမှ ပျော်ရွှင်စွာ ပြေးထွက်လာခဲ့ကြရာ မဏ္ဍပ်ရှေ့တွင် ဆိုင်းတားကြီး

www.burmeseclassic.com

ဆိုက်ရောက်နေပြီး ဆိုင်းသေတ္တာကြီးများချနေသည်ကို တွေ့ရ၍ ကျွန်တော်တို့လည်း ရပ်ကြည့်နေကြပါသည်။

ဆိုင်းသေတ္တာများနှင့် ဘင်ကြီး၏မျက်နှာပြင်တွင် မန်ကျည်းတော စိန်ဒွေးမောင် မဂ်လာဆိုင်းအဖွဲ့ဟု တွေ့ရပါသည်။

"မန္တလေးက နာမည်ကြီးဆိုင်းဆရာ စိန်မောင်ချို့ရဲ့ တပည့်တဲ့ကွ၊ တံတားဦးနားက မန်ကျည်းတောရွာက ထွက်တဲ့ ဆိုင်းပေါ့ကွာ"

"တံတားဦးတစ်နယ်လုံး ဒီဆိုင်းချည်း မနားတမ်း လိုက်နေရတယ်တဲ့"

"လက်သံ အတော်ကောင်းဆိုပဲ"

"ညကျတော့ လက်တွေ့သိရမှာပေါ့ကွာ"

ပရိသတ်အတွင်းရှိ ရွာသားများမှ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပါသည်။

ထိုစဉ် ကားခေါင်းခန်းအတွင်းမှ ဦးထုပ်ကေ အမောက်နှင့် ဆွယ်တာနီရဲ အင်္ကျီ၊ ပုဆိုးယောဆင်ဖြင့် သဘက်စစ်ထည်လည်ပင်းသိုင်းလျက် ရုပ်ရှင်မင်းသားကျော်ဆွေနှင့် ခပ်ဆင်ဆင်၊ အသက် ၂၅ နှစ်ခန့် အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တောင့်နှင့် လူတစ်ဦးဆင်းလာပါသည်။

"စိန်ဒွေးမောင်ဆိုတာ အဲဒါပဲကွ"

စိန်ဒွေးမောင်သည် မည်သူ့ကိုမှ မသိရှိသော်လည်း ဝိုင်းဝန်းကြည့်ရှုနေသော ရွာသူ ရွာသားများကို ပြုံးပြပါသည်။

ညှိကြိုရွာသားများ ရောက်ရှိလာပြီး စိန်ဒွေးမောင်ကို ခေါ်ကြရာ-

"ဟုတ်ကဲ့၊ ခဏလေးပါ၊ ကျွန်တော် လာခဲ့ပါ့မယ်၊ ဆိုင်းပစ္စည်းတွေ နေရာချထားဖို့ ပြပေးလိုက်ပါဦးမယ်"

ကျွန်တော်တို့သည်း စတိုင်ကျလှသော စိန်ဒွေးမောင်အား ကြည့်ကောင်းကောင်းနှင့် အိမ်မပြန်ကြသေးဘဲ ကြက်ခြေတိုင်များကိုင်ပြီး ရပ်ကြည့်နေကြပါသည်။

ဦးဘဂျမ်း၏ဓာတ်စက်မှ ထွေးညို သီချင်းဖွင့်လျက်ရှိပြီး အိမ်တိုင်းအိမ်တိုင်း တောင်သူယာလုပ်များ နားကြသည်ဖြစ်၍ စိုပြည်လျက်ရှိသည့်အပြင် တခြားရွာများမှ လာရောက်ကြသော ဧည့်သည်တို့သည် ရွာလမ်းများတွင် နွားလှည်းများ၊ ခြေကျင်များ သွားလာလျက်ရှိကြပါသည်။

အိမ်သို့ ပြန်ရောက်သောအခါ ခဏတစ်ဖြုတ် နား၍ပါသည်။ အိမ်တွင် အနောက်မြိုင်သာယာမှ မမဝင်းမေနှင့် ကလေးများ၊ ဝွန်းကန်ရွာမှ မမသန်းကြည်၊ မမသန်းမို ညီအစ်မနှင့် ရွာသာရွာမှ မနီပုတို့ ရောက်နေကြပါသည်။

ကျွန်တော်တို့ မဏ္ဍပ်သို့ရောက်သောအခါ ပွဲလှူရန် ပရိသတ်တို့ စုံညီသလောက် ရှိနေပေပြီ။

ကာလသားခေါင်း ကိုရင်စက်ရှိန်မှ ပွဲလှူရန် အချိန်နီးကပ်နေပြီဖြစ်၍ ကိုယ်စီကိုယ်စီ ကျရာများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြဖို့ အလှူတော်မင်္ဂလာမဏ္ဍပ်သို့ အမြန်ဆုံး လာရောက်ကြရန် လော်စပီကာဖြင့် နှိုးဆော်လျက်ရှိပါသည်။

ဦးလောရှော့တို့၏ မဏ္ဍပ်ရှေ့လမ်းမကြီးမှာ ကျယ်ဝန်းလှပါသည်။

အလှူပွဲလှူတွင် လိုက်ပါမည့် ရွာခံနှင့် အခြားရွာများမှ ရောက်ရှိနေကြပြီဖြစ်သောကြောင့် မြင်းနှင့် နွားလှည်းယာဉ်ကလေးများသည် ပွဲလှူမစတင်မီ လမ်းမကြီးတွင် ဟန်ရေးပြ မောင်းနှင်နေကြရာ မြင်းခွာသံများ တဖြောင်းဖြောင်း၊ ချူသံတလွင်လွင်နှင့် ဖုန်တစ်ထောင်းထောင်းထနေ၍ ဘကြီးဖြိုးမှ မဏ္ဍပ်နားအထိ မလာရောက်ရန် ဟန့်တားလျက်ရှိပါသည်။

ကျွန်တော်တို့လည်း ခဏရပ်ကြည့်ပြီး မဏ္ဍပ်အတွင်းသို့ ဝင်သွားကြပါသည်။ မှန်စီရွှေချ ဆိုင်းဝိုင်းကြီးကို အဝေးမှပင် တလက်လက်နှင့်မြင်တွေ့နေရပါသည်။ ပြင်တုန်းဆင်တုန်းသာ ရှိပါသေးသည်။ လုံးဝ မပြီးစီးသေးပါ။

"လာကွာ၊ တို့ ဆိုင်းဝိုင်းနားသွားရအောင်"

ထိုသို့ပြောပြီး ကိုထွန်းမှ ရှေ့ကထွက်သွား၍ကျွန်တော်တို့လည်းနောက်မှလိုက်သွားကြပါသည်။ မဏ္ဍပ်ထဲတွင် ပွဲလှူလိုက်မည့်အပျိုများ၊ ကျွန်တော်တို့ကဲ့သို့ ကလေးများ၊ အပျိုထိန်း မိန်းမကြီးများတို့သည် ထိုင်သူထိုင် ရပ်သူရပ်၊ သွားသူသွားဖြင့် ရှုန်းစုရှုန်းစုနှင့် ပြည့်နှက်လျက် ရှိပါသည်။

ပဉ္စရူပ မှန်စီရွှေချအရုပ်ကြီးမှာ လှပလွန်းပြီး ပါးစပ်၏အောက်နားတွင် ရွဲလုံးကြီး ချိတ်ဆွဲထား၍ ခါးလယ်တွင် ပတ်မကြီးကို ချိတ်ဆွဲထားပါသည်။

စိန်ဒွေးမောင်သည် အလှူ့ဒါယကာ ဦးလောရှော့နှင့် ထိုင်၍စကားပြောနေသည်ကိုတွေ့ရပါသည်။

မကြာမီ ပွဲလှူထွက်တော့မည်ဖြစ်ပါ၍ ကျွန်တော်တို့လည်း နေရာယူတန်းစီလိုက်ကြပါသည်။

ပွဲလှူတန်းကြီးကာ စည်ကားလှပါသည်။ ပွဲလှူတန်းသည် အရှေ့မြိုင်သာယာနှင့် အနောက်မြိုင်သာယာ ရွာလယ်လမ်းမများကို ဖြတ်၍ လှည့်လည်ရခြင်းဖြစ်၍ နေဝင်ချိန်မှ အလှူ့အိမ်သို့ ပြန်လည် ရောက်ရှိကြပါသည်။

ထို့နောက် ကျွန်တော်တို့ အိမ်သို့ ခေတ္တပြန်ကြပြီး အကျီအဝတ်အစားများလဲလှယ်ကာ အနွေးထည်များယူဆောင်ကာ မဏ္ဍပ်သို့ ပြန်ခဲ့ကြပါသည်။

ဆိုင်းဝိုင်းတွင် စိန်ဒွေးမောင်၏ညီ လက်ထောက်ဆိုင်းဆရာ စိန်ဒွေးအောင် ဝင်ရောက် တီးခတ်နေပေပြီ။

"အချိန်ကျကာ ×× မှန်းဆပါလို့ သိဂ်ရသဆိုတာ ×× စိန်ဒွေးမောင်ရဲ့ ×× မင်္ဂလာဆိုင်းပါပဲခင်ဗျ သားလှူရတာနဲ့ ဘုရားအမွေဆက်ဖို့ ×× သမီးလှူရတာနားထွင်းမင်္ဂလာ ဆင်ယင်ပွဲမှာဖြင့် ××× ကျွန်တော်မောင်ဓာတ်ပွင့် ×× ပါဝင်ကာ နဲ့ ×× နဲ့ ×× နဲ့. ."

ဓာတ်ပွင့်ဆိုသော ဆိုင်းနောက်ထသမားမှာ အသားမည်းမည်း မျက်လုံး





www.burmeseclassic.com

www.burmeseclassic.com

မွေးမွေးဖြင့် ရင်ဖုံးအင်္ကျီအနီ၊ စောင်ကွက်ပုဆိုးတောင်ရှည်၊ ပန်းရောင်ခေါင်းပေါင်းစဖြင့် မျက်နှာတွင် ပေါင်ဒါများဖွေးနေအောင်ရိုက်ပြီး ခွန်းထောက်ဆို၍ မင်းသားဟန်ဖြင့်ထွက်လာရာ ပရိသတ်မှာ ပတ်တုတ်၍မရအောင် ရယ်မောကြပါသည်။

၉ နာရီခန့်တွင် စိန်ဗွေးအောင်သည် ညှို့ပရိသတ်ကို ရှိသေစွာ ကန်တော့၍ ရပ်နားပါသည်။

ထို့နောက် ဆိုင်းနောက်ထများက ပြက်လုံးများ ထုတ်ကြပြီး စိန်ဗွေးမောင် ဝိုင်းအတွင်းသို့ ဝင်ရောက်လာပြီး ဝါးပြေးစည်းချက်ဖြင့် မြန်ဆန်သွက်လက်လှသော တီးလုံးတစ်ပုဒ်ကို တီးချလိုက်ရာ ပရိသတ်မှာ မှင်တက်မိလျက် တီးလုံးပြီးဆုံးသွားပြီ အတန်ကြာမှ လက်ခုပ်များတီး၍ ဩဘာပေးကြပါသည်။

ထိုအချိန်တွင် စိန်ဗွေးမောင်သည် ဆိုင်းဝိုင်းအတွင်းမှထ၍ မတ်တတ်ရပ်ကာ ပရိသတ်ကြီးအား အရိုအသေပြုလျက် နှုတ်ခွန်းဆက် စကားပြောကြားရင်း ကျွန်တော့်ကို မြင်တွေ့သွားကာ ပြုံးပြပါသေးသည်။

ထို့နောက် ပြန်ထိုင်လိုက်ပြီး တီးလုံးတီးကွက် အဆိုအပြော စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေသွားရာ ကျွန်တော်တို့ကလေးများပင် ဆိုင်းသိမ်းသည်အထိ မအိပ်ချင်ကြဘဲ ရှိပါသည်။

နောက်တစ်နေ့ အလှူကြီးနေ့တွင်လည်း စိန်ဗွေးမောင်၏လက်သံ၊ နောက်ကမာတ်ပွင့်နှင့် ချစ်ကောင်းတို့၏ ဟာသသရုပ်ဖော် တင်ဆက်မှုတို့မှာ ပရိသတ်တို့ အထူးပင် နှစ်ခြိုက်လှပြီး မန္တလေးမြို့မှ ဘိသိက်ဆရာ ခေတ်သစ်ကျော်စိန်မှာလည်း အဆိုကောင်း၊ အဟဲကောင်း၊ အပြောကောင်းပြီး ရွှေမန်းတင်မောင်နှင့်မခြား တူညီလှပါသည်။

"(အရှေ့ကိုလျှောက်ပါလို့ ×× အနောက်ကိုတဲ့ ×× မျှော်လိုက်ရင်)၂ ×× တံခွန်တိုင် ရွှေကုက္ကား ဘုရား ×× ဘုရား ×× ဘုရားကိုမြင် ×× (စာပလွေ ရင်မှာပိုက်ပါလို့)၂ ×× (ကျောင်းတော်ကိုတဲ့ လိုက်မဲ့ပြင်)၂ ×× (ဘယ်စာကို ဘယ်နှဝါ မောင်သင်မတုံးရယ်လို့)၂ ×× မွေးမေလေးကို သံချိုနှော ×× ပြော × ပြော ×× ပြောခဲ့ပါဦး ×××"

ဤသီချင်း၏အချိုပိုဒ်ကို ဘိသိက်ဆရာမှ မေးရိုက်၍ ငိုသံစွက်ပြီး သီဆိုလိုက်ရာ မောင်ရှင်လောင်းဝယ်တို့ ငိုကြွေးကြပါ၏။ ကျွန်တော်လည်း ဝမ်းနည်း၍ ရင်ထဲတွင်ဆို့တက်လာပါသည်။

မိဘဘိုးဘွားများကို ကန်တော့သော အခန်းတွင်လည်း ကွယ်လွန်ပြီးသော မိဘ ဘိုးဘွားများကို ဘိသိက်ဆရာမှ ဝမ်းနည်းကြေကွဲဖွယ် ဖွဲ့နွဲ့ပြောဆို ဖိတ်ခေါ်ရာ ကလေးအမေများနှင့် အမျိုးသမီးအများစုတို့ ငိုကြပြန်ပါ၏။ အလှူ့ဒါယိကာမကြီး ဒေါ်ခင်သန်းသည်လည်း မျက်ရည်စမ်းစမ်းဖြစ်လာပြီး အလှူ့ဒါယကာကြီး ဦးလောရှော့သည်ပင် ငိုမဲ့မဲ့ဖြစ်၍လာပါ၏။ ကျွန်တော်သည်လည်း မျက်ရည်များ မထိန်းနိုင်တော့ဘဲ ငိုကြွေးမိပါတော့သည်။

ဘိသိက်ဆရာ ထိုသို့ပြောဆိုလျက်ရှိစဉ် စိန်ဗွေးမောင်သည် လက်သံအပြင်းမတီးဘဲ စောင်းသံကဲ့သို့ သာယာနာပျော်ဖွယ် နောက်ခံတီး၍ ပေးပါသည်။

"ကောင်းလိုက်တဲ့ ဆိုင်းကွာ၊ ကောင်းလိုက်တဲ့ ဘိသိက်ကွာ၊ အဆိုနဲ့အတီး၊ အပြောနဲ့အတီးတစ်ထပ်တည်းကျပြီး တစ်ယောက်နဲ့တစ်ယောက် ဖေးမတွဲယူပြီး လုပ်သွားလိုက်တာကွာ၊ အတွဲညီလိုက်တဲ့ ဆိုင်းနဲ့ ဘိသိက်ပါပဲ"

အနုပညာ နားလည်သူ ဆိုင်းဝါသနာရှင်များက မှတ်ချက်ပြုကြပါသည်။

စိန်ဗွေးမောင်သည် ဤအလှူတစ်ပွဲတည်းနှင့်ပင် မြိုင်သာယာ၌ နာမည်ကြီး၍ သွားပါသည်။ ထို့ကြောင့် ထိုနှစ်နောက်ပိုင်းမှစကာ မြိုင်သာယာ အရှေ့ရွာနှင့် အနောက်ရွာတို့သာမက မြိုင်သာယာတစ်နယ်လုံး အလှူရှိသရွေ့ စိန်ဗွေးမောင်မှ စိန်ဗွေးမောင် ဖြစ်၍ သွားပါတော့သည်။

ဤသို့နေထိုင်လာခဲ့ကြပြီး ၂ နှစ်ခန့်အကြာတွင် ကျွန်တော်တို့ မြိုင်သာယာ အရှေ့ရွာ၊ အနောက်ရွာ စုပေါင်း၍ ကားကထိန်ပြုလုပ်ပါသည်။ အနောက်ရွာတွင်လည်း ကား ၄ စီးရှိသောကြောင့် ကားကထိန်ကို နှစ်ရွာပေါင်းပြီး ပြုလုပ်ခြင်းဖြစ်ပါသည်။

အလှူမဟုတ်သော်လည်း ညှို့ခံဆိုင်း ပါဝင်မည်ဟုသိရပါသည်။ အလှူမဟုတ်၍ ညှို့ခံဆိုင်းသက်သက်မျှသာဖြစ်ရာ ဆိုင်းတီးချိန်များစွာရရှိပြီး ဆိုင်းပညာစွမ်း များစွာ ပြသခွင့်၊ တီးခတ်ခွင့်ရရှိမည် ဖြစ်ပါသည်။

ထုံးစံအတိုင်း မြိုင်သာယာရွာမှ ရွာသူ၊ရွာသားများ၏ တောင်းဆိုချက်အရ စိန်ဗွေးမောင်၏ ဆိုင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ရွာသူ၊ ရွာသားများသည် စိန်ဗွေးမောင်၏ ဆိုင်းလက်သံကို အားရပါးရ နားထောင်ကြရန် ကိုယ်စီတွေး၍နေကြပါသည်။

ကားကထိန်မလုပ်မီ တစ်လအလိုတွင် စည်းဝေးပွဲ ပြုလုပ်ပါသည်။

မြိုင်သာယာ အရှေ့ရွာသူကြီး ဘကြီးအောင်ကြီးမှ လှူရေး တန်းရေး ညှို့ခံကျွေးမွေးရေးတို့ ဆွေးနွေးပြီးသော အခါ . . .

"ကဲ . . . ညှို့ခံဖျော်ဖြေရေးကတော့ စိန်ဗွေးမောင် ဆိုင်းပေါ့များအားလုံး သဘောတူကျေနပ်ကြမှာပါ"

"တူပါတယ်ဗျို့"

အရှေ့ရွာသားများက ပြိုင်တူအော်ကြသော်လည်း မြိုင်သာယာ အနောက်ရွာသားများမှာ ငြိမ်သက်၍ နေကြသဖြင့် . . .

"ဘယ်လိုတုံး၊ ခင်ဗျားတို့သဘောက စိန်ဗွေးမောင်ဆိုင်း မငှားချင်ဘူးလား"

ဟု သူကြီးဘကြီးအောင်ကြီးမှ အနောက်မြိုင်သာယာရွာသားများဘက်



www.burmeseclassic.com

www.burmeseclassic.com

...နှိ လှည့်၍မေးလိုက်လျှင် အနောက်မြိုင်သာယာသူကြီး ဦးချစ်ဆွေ မတ်...တတ်ရပ်လိုက်ပြီး . . .

"ကျုပ်တို့ရွာက ဆီမီးခုံဆိုင်း...ကေမောင်ဆိုင်းကို ငှားချင်ပါတယ်၊ ...တမ်း စိန်ဌေးမောင်ချည်း ဖြစ်နေ...တော့ အပြောင်းအလဲဖြစ်အောင် လက်...အသစ်ကလေး နားထောင်ရအောင်...ပါ" ဟု ဆိုပါသည်။

ထိုအခါ အရှေ့ မြိုင်သာယာ...က . . .

"တို့ကတော့ စိန်ဌေးမောင်ပဲ...တော့ စိန်ဌေးမောင် မဟုတ်ရင် ပိုက်ဆံ...ထည့်နိုင်ဘူး၊ ပြန်ကြစို့ဟေ့"

ထိုသို့ တစ်ယောက်တစ်ပေါက်...ပြောဆိုကြသည့်နည်းတူ အနောက်မြိုင်...သာယာသားများကလည်း . . .

"တို့ကတော့ ဗိုလ်ကေမောင်မှ...ဆိုးရင် ပိုက်ဆံမထည့်နိုင်ဘူး"

ဟု ပြောကြပြန်၍ သူကြီးနှစ်...ယောက်မှာ ခေါင်းချင်းဆိုင်ပြီး အတန်...ကြာ ညှိနှိုင်းကြရပြန်ပါသည်။

ထို့နောက် သူကြီးနှစ်ဦး ပြိုင်တူ...ခုန်လိုက်ကြပြီး . . .

"ကဲ . . . ကဲ . . . အားလုံး...ကြပါ၊ ကျုပ်တို့ ဒီလိုဆုံးဖြတ်လိုက်...တယ်၊ နားထောင်ကြပါ"

ပရိသတ်များ ငြိမ်ကျသွားလျှင်-

"ကထိန်ဘုံအလှူငွေကို လုံးဝ...ဆုံးစွဲကြဘဲ ကိုယ့်ရွာကြိုက်တဲ့ဆိုင်းကို ...ကိုယ့်ဘာသာစုပြီး ငှားကြပါ့မယ်၊ အား...လုံး ကျေနပ်သဘောတူကြရဲ့လား" ဟု ...ပြိုင်တူမေးလိုက်ကြပါသည်။

ထိုအခါ နှစ်ရွာသားအားလုံးမှ -

"သဘောတူတယ်ဗျို့"

ဟု တညီတညာတည်း အော်...ကြသဖြင့် အဆင်ပြေပြီး ပြတ်သွားကာ...အစည်းအဝေးကို ရပ်နားလိုက်ပါသည်။

မြိုင်သာယာတွင် ပွဲတစ်ပွဲတည်း...နှစ်ဆိုင်းပြိုင် မရှိဖူးသဖြင့် နှစ်ရွာလုံးမှ ...ရွာသူရွာသားများ စိတ်ဝင်စား၍ နေကြ...ပါသည်။

ကထိန်ပွဲသည် တန်ဆောင်မုန်းလတွင် ကျရောက်သည်ဖြစ်ရာ တစ်နှစ်တာ၏ အလှူရာသီ မစတင်မီဖြစ်၍နေပါသည်။ ရွာသူရွာသား နယ်သူနယ်သားများအဖို့ ဤနှစ်အတွက် ဦးဆုံးသော ဆိုင်းပြိုင်ပွဲကို နားထောင်ကြရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ ကလေးများလည်း တန်ဆောင်တိုင် ကထိန်ရက်ကိုသာ စိတ်စော၍ စောင့်ကြိုနေခဲ့ကြပါသည်။

ဤသို့ဖြင့် မကြာမီမှာပင် ကားကထိန်နေ့ရက်သို့ ရောက်ရှိလာပါသည်။ ဈေးရှေ့လမ်းမကြီးကို ပိတ်၍ မဏ္ဍပ်အကျယ်ကြီး ထိုးပါသည်။ ထိုနေ့ ညနေပိုင်းတွင် မြိုင်သာယာအရှေ့ရွာမှ ဦးတင်လှိုင်၏ ဂျီအမ်စီ လော်ရီကားကြီးဖြင့် စိန်ဌေးမောင်၏ ဆိုင်းအဖွဲ့ ရောက်ရှိလာပြီး အနောက်မြိုင်သာယာမှ ဦးချစ်ဖေ၏ ချက်ပလက် သုံးတန်လော်ရီကားကြီးဖြင့် ဗိုလ်ကေမောင်၏ ဆိုင်းအဖွဲ့တို့ ရောက်ရှိလာပါသည်။

ဆိုင်းနှစ်ဖွဲ့စလုံး ပစ္စည်းများ ဆင်ပြီးသောအခါ ဗိုလ်ကေမောင်မှ ပစ္စည်းအင်အား သာလွန်ခမ်းနားကြောင်း တွေ့ရပါသည်။ အသံချဲ့စက်နှင့် မိုက်များ စမ်းသောအခါတွင်လည်း ဗိုလ်ကေမောင် အဖွဲ့မှ သာလွန်၍ နေပြန်ပါသည်။ လက်သံနှင့် ပညာတွင် မည်သူက သာလွန်ပါမည်နည်း။

လူအများ စိတ်ဝင်စားလျက်ရှိကြပါ၏။

ထို့ကြောင့် နေဝင်သည်နှင့် လူအများ မဏ္ဍပ်အတွင်း၌ ပြည့်နှက်၍နေပေပြီ။ ဤနေ့တွင် ဆိုင်းကားများ နောက်ကျနေ၍ တောက်လျှောက် ပြင်ဆင်ကြရသဖြင့် စိန်ဌေးမောင်သည်ပင် စကား မပြောအားပါ။

မကြာမီ နှစ်ဖွဲ့စလုံး ပတ်သံများ စမ်းကြပြီးသောအခါ ဘကြီးဖြိုးမှ မိုက်ဖြင့် ပရိသတ်ကို ဆိုင်းဆရာနှစ်ဦးနှင့် မိတ်ဆက်ပေးပြီး . . .

"ဆိုင်းပွဲလာရောက်နားထောင်ကြသော ပရိသတ်ကြီးတို့ခင်ဗျား၊ အခုအချိန်မှ စတင်ပြီး ဤဆိုင်းနှစ်ဖွဲ့မှ တစ်လှည့်စီ ဧည့်ခံ ဖျော်ဖြေကြပါလိမ့်မယ်၊ နားသောတပန်ဆင် အားပေးတော်မူကြပါခင်ဗျား" ဟု ကြေညာပါသည်။

ထိုအချိန်တွင် ဗိုလ်ကေမောင်က . . .

"လေးစားရပါသော သူကြီးမင်းနှစ်ဦးနှင့် ရပ်မိရပ်ဖများ၊ ကထိန်အလှူရှင်များနှင့် ပရိသတ်အပေါင်းတို့ခင်ဗျား ကျွန်တော်တစ်ခုတောင်းဆိုချင်ပါတယ် ကျွန်တော်တို့နှစ်ဖွဲ့ဟာ တစ်လှည့်စီ တီးနေလို့ကတော့ ဘာမှ ထူးမှာမဟုတ်ပါဘူး၊ ပျင်းစရာလည်းကောင်းပြီး ပရိသတ်ရဲ့စိတ်မှာ ကျွန်တော်တို့နှစ်ဖွဲ့ကို အတူတူပဲလို့ ထင်ကြပါလိမ့်မယ်၊

ဒါကြောင့် ကွဲပြားသွားအောင် အရှုံး၊ အနိုင် ပေါ်သည်အထိ ပြိုင်ပွဲ





www.burmeseclassic.com

www.burmeseclassic.com

အသွင် တီးချင်ပါတယ်၊ ဒါမှ ဘယ်သူက ရွှေ၊ ဘယ်သူက ကြေး၊ ဘယ်သူက ဒေါင်း၊ ဘယ်သူက ကျီး၊ ဘယ်သူက မိုး၊ ဘယ်သူက မြေလဲဆိုတာ ကွဲကွဲပြားပြား သိသွားကြမှာပါ" ဟု ပြောပါသည်။

ဘကြီးဖြိုးမှ . . .

"ကဲ ရွာစားကျော် စိန်ဗွေးမောင်ရဲ့ သဘောထားကိုလည်း ပြောပါဦး"

ဟူ၍ စကားထောက်ပေးလျှင် စိန်ဗွေးမောင်မှ . . .

"တကယ်တော့ ရွာစားကြီးဗိုလ်ကေမောင်ဟာ ကျွန်တော့်ဆရာအရွယ်၊ ကျွန်တော့်အဖေအရွယ်ရှိတဲ့ အသက်ဂုဏ်ဝါအရ ဂါရဝပြုရမယ့်အရွယ်ဖြစ်သလို ရွာစားကြီးရဲ့ ဆိုင်းတီးသက်က ကျွန်တော့်အသက်လောက် ရှိနေတာမို့ ပညာအရလဲ မနှိုင်းယှဉ်သာအောင် ကွာခြားလှပါတယ်ခင်ဗျား၊

သို့သော်လဲပဲ ယခုလို ရွာစားကြီး ဆန္ဒရှိနေမှတော့ ငြင်းပယ်လိုက်လျှင်လဲ ကျွန်တော်ရိုင်းရာကျပါလိမ့်မယ်ခင်ဗျား၊ ဒါကြောင့် ဒီပြိုင်ပွဲကြီးကို ကျေကျေနပ်နပ် လက်ခံပါတယ် ခင်ဗျား"

"ဖြောင်း ဖြောင်း ဖြောင်း"

ပရိသတ်မှ လက်ခုပ်သံများဆူညံစွာဖြင့် စိန်ဗွေးမောင်အား အားပေးလိုက်ကြပါသည်။

မမျှော်လင့်ဘဲ ဆိုင်းပွဲမှ ဆိုင်းပြိုင်ပွဲ ဖြစ်သွား၍ ပရိသတ်မှာ ပိုမိုစိတ်ဝင်စားကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါသည်။ ဗိုလ်ကေမောင်က မိမိထက် အင်အား ပညာ၊ ဝါနည်းပါးသူကို စိန်ခေါ် လိုက်ခြင်းဖြစ်သည်။ ပထမဆုံး တီးခတ်ရန်အလှည့်ကို ခေါင်းပန်းလှန်၍ ဆုံးဖြတ်ရာ စိန်ဗွေးမောင် ရရှိသွားပါသည်။

ထိုအခါ စိန်ဗွေးမောင်သည် ပထမဆုံး ပရိသတ်ကြီးကို လက်အုပ်ချီ၍ကန်တော့သည်။ ထို့နောက် ဗိုလ်ကေမောင်ဆိုင်းဝိုင်းရှိရာသို့ ကန်တော့သည်။ ထို့နောက် တီးလုံးတစ်ပိုဒ်ကို တီးလိုက်ပါသည်။ တီးလုံးဆုံးလျှင် နောက်ထမှတ်ပွင့်မှ . . .

"ဆရာကောင်း တပည့် ××× မိကောင်း ဖခင် ××× သားယဉ်ကျေးကလေး ကျောက်ကောင်းတစ်စေ့ရယ်မို့ ××× တကယ်အမှန်ပြည်တန်တဲ့ပတ္တမြား ××× တကယ်အမှန်ပြည်တန်တဲ့သား × သား ×× သား × စိန်ဗွေးမောင်" ×× ဂီတရသ အခြေခံ ××× နည်းမှန်လမ်းမှန် × ဆရာကောင်းတပည့်ပန်းကောင်းပန် ×××"

ခွန်းထောက်ဆုံးလျှင် စိန်ဗွေးမောင်မှ ပတ်ဝိုင်းတစ်မျိုးတည်းလက်စွမ်းတီးကာ ရပ်နားလိုက်ပါသည်။ ပရိသတ်တို့ လက်ခုပ်သြဘာပေးကြပါသည်။

ထို့နောက် ဗိုလ်ကေမောင်၏ အလှည့်သို့ ကျရောက်လာပြန်ပါသည်။

ထိုအခါ နောက်ထတစ်ဦးမှ . .

"ဖားတုလို့ ခရုခုန် ×× အိုင်ပျက်ရုံသာ ရှိတော့မှာပေါ့ ×× ဆင်နှင့်ဆိတ် ×× ယုန်နှင့်လိပ်လို ×× ကွာခြားလှတာကတော့ ×× လယ်ပြင်မှာ × ဆင်သွားတာထက် × ထင်ရှားလှပါရဲ့ ×× သို့ကမို့ကြောင့် အနိုင်ယူရမှာကိုပဲ ရှက်စရာ ×× ဖြစ်နေပါပေါ့ ×× ကြုံလာမှတော့ ဘယ်တတ်နိုင်မှာလဲ ×× အနိုင်ရအောင်သာနွှဲ ×× နွှဲ"

ထို့နောက် ဗိုလ်ကေမောင်မှ ခေတ်မီသံဆန်းများဖြင့် လှပစွာတီးခတ်လိုက်ရာ ပရိသတ်ကြီးမှာ တစ်ခဲနက် လက်ခုပ်သြဘာပေးကြပါသည်။

ထိုအချိန်တွင် စိန်ဗွေးမောင်တို့တစ်ဖွဲ့သားလုံးသည် မျက်နှာငယ်ကလေးများဖြင့် ဗိုလ်ကေမောင်တို့အဖွဲ့ကို ငေး၍နေကြပါသည်။

စိန်ဗွေးမောင်တို့အဖွဲ့ အခြေမလှတော့သောအခါ ကျွန်တော်တို့လည်း ဝမ်းနည်းနေကြပြီး စိန်ဗွေးမောင်တို့နှင့် ထပ်တူထပ်မျှ ခံစားနေကြရပြီး စိန်ဗွေးမောင်ကို သနားနေမိပါသည်။

ထိုစဉ်မှာပင် ဗိုလ်ကေမောင်၏ အလှည့်ပြီးဆုံးသွားပြီး စိန်ဗွေးမောင်၏ အလှည့်သို့ ကျရောက်လာပါသည်။ ထိုအခါ စိန်ဗွေးမောင်သည် ဆိုင်းဝိုင်းအတွင်းမှ မတ်တတ်ရပ်လိုက်ပြီး ညှိုးငယ်သော မျက်နှာဖြင့် ပရိသတ်ကြီးအား ဤသို့ ပြောကြားပါသည်။

"လေးစားရပါသော ပရိသတ်ကြီးခင်ဗျား၊ ကျွန်တော်ဟာ ဤသို့ဆိုင်းပြိုင်ပွဲ ပြုလုပ်မည်ဟု မသိရှိပါသော ကြောင့် ဤပွဲကို လက်သင့်ခံ၍ လိုက် ခဲ့ခြင်းဖြစ်ပါတယ်၊ ကျွန်တော်ဟာ ဘယ် သူ့ကိုမှ ပြိုင်လိုခြင်း၊ နိုင်လိုခြင်း မရှိပါ ခင်ဗျား၊ စောစောက တီးခဲ့တာလဲအပြိုင် တီးတဲ့သဘောမျိုး မဟုတ်ပါဘူး။

ကျွန်တော်တတ်စွမ်းတဲ့ ပညာ လေးနဲ့ ကျွန်တော်ချစ်တဲ့ ပရိသတ်ကြီး ကို ပေးဆပ် အသုံးတော်ခံခြင်းပဲ ဖြစ် တယ် ခင်ဗျား။

မြိုင်သာယာဟာ ကျွန်တော့် ထမင်းရှင်၊ ကျွန်တော်ရဲ့ရပ်ရွာ ဖြစ်နေ အခကြေးငွေကို အဓိက မထားပါဘူး ဒီရွာမှာ ဆိုင်းတီးရရင် ကျွန်တော်တို့ တစ်ဖွဲ့သားလုံး ပျော်နေကြတာပါ။

ပရိသတ်ကြီးအတွက် ကျွန် တော့်ထက် ကောင်းတဲ့ လက်သံတွေ နားဆင်စေလိုတာမို့ ကျွန်တော်ဆက် မတီးတော့ပါဘူး၊ ကောင်းမွန်တဲ့ လက် သံတွေနဲ့ ပရိသတ်ကြီးကို ဂါရဝမပြုနိုင် တဲ့အတွက် ကျွန်တော်ဝမ်းနည်းပါတယ်

ဆရာ ဗိုလ်ကေမောင်နဲ့တကွ ပရိသတ်ကြီးကို ရိုသေစွာ ကန်တော့ရင်း နှုတ်ဆက်ပါတယ် ခင်ဗျား"

ထို့နောက် ဆိုင်းဝိုင်းအတွင်း ဝင်ပေါက်မှ ငုံ့၍ထွက်သွားပါသည်။

ပရိသတ်အားလုံးတို့မှာ စိတ် မကောင်းစွာဖြင့် စိန်ဗွေးမောင်အား ငေး ကြည့်လျက် မည်သည့်စကားမှမဆိုနိုင် အောင်ဖြစ်နေကြစဉ် စိန်ဗွေးမောင်၏ တပည့်များမှ ဆိုင်းဝိုင်းတွင် အလှထွန်း ညှိထားသော လျှပ်စစ်မီးလုံးများကို ငြိမ်း သတ်လိုက်ကြပြီး ဆိုင်းဝိုင်းကြီးတစ်ခုလုံး ကို ပိတ်ဖြူစကြီးနှင့် အုပ်လိုက်ပါတော့ သည်။





www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကေမောင်၏ ဆိုင်းနောက် ...ဦး ထွက်ပေါ်လာ၍ . . .

"တဲ ရွာစားကြီးဗိုလ်ကေမောင် ... အနုပညာသမား ဆိုတော့လည်း ...တခံစားချက်ကို ပဓာနမထားဘဲ ...တ်ကို တန်ဖိုးထားရမှာဆိုတော့ ... ဆိုင်းတော်ဂုဏ်ရောင် ဗိုလ်ကေ...သီချင်းနဲ့ အောင်တြင်းဖွင့်လိုက်ကြ...” တု ဆိုလိုက်သည်နှင့် . . .

"တိုင်းပြည်ဘောင် ×× နယ်မြေ ...င် ×× နာမည်တော်ကြီးလှပါတယ် ...င် ×× ကြည့်စမ်းပါ့ ဗိုလ်ကေမောင် ...ရှုစမ်းပါ့ ဗိုလ်ကေမောင် ×× ပညာ ...တ်စွမ်းသာတဲ့မောင် ×× မောင်းတစ် ...တို တီးတဲ့မောင် ×× ဆိုင်းဆိုသမျှ ... မင်းကြီးထိပ်ခေါင် ×× ပေတိုးပေ ...ောင်"

ဗိုလ်ကေမောင်သည် ဘဝင် ...တ်၍ဝင့်ကြွားစွာဖြင့် ဆိုင်းဆရာကြီး ...စားကြီးစိန်ဗေဒါ တီးသွားသည့် တီး ...အတိုင်း တပည့်နှစ်ဦးကိုရှေ့မှ မောင်း ...ဆိုင်းကို တီးခိုင်းထားပြီး ဆိုင်းဝိုင်းနှင့် ...အောင်းဆိုင်း ရောစပ်၍ တီးလိုက်ရာ ...သတ်ကြီးမှာ အံ့ဩမဆုံးနိုင်အောင် ...တာ လက်ခုပ်ဩဘာများ အတော ...သောတ်အောင် ဖြစ်ရပါ၏။

ထိုအချိန်တွင် စိန်ဗွေးမောင်၏ ဆိုင်းအဖွဲ့သားများသည် ဆိုင်းပစ္စည်း ...များကို သိမ်း၍နေကြပေပြီ။ စိန်ဗွေး ...မောင်အား ရွာမှလူကြီးများက တားကြ ...သော်လည်း လက်မခံပါ။ ညတွင်းချင်း ...င် ဦးတင်လှိုင်၏ကားဖြင့် ပြန်ပို့လိုက်ရ ...ပါသည်။

နောက်တစ်နေ့တွင် ကထိန်ပွဲ ...ကြီး ပြီးဆုံးသွားပါသည်။

တန်ဆောင်မုန်းလ လွန်မြောက်သောအခါ ကျွန်တော်တို့ရွာ၏ ထုံးစံအတိုင်း အလှူရာသီ စတင်ပါတော့သည်။ အရှေ့မြိုင်သာယာမှ ဦးချစ်သောင်း + ဒေါ်မြရင်၊ ဦးသန်းထွန်း + ဒေါ်ခင်ကြည်တို့မှ အလှူပေးမည်ဟု သတင်းများ ထွက်ပေါ်လာရာ ယခုနှစ် အလှူ နှစ်လှူ ရှိမည်ဖြစ်၍ ကျွန်တော်တို့ ပျော်ရွှင်နေကြပါသည်။ ဤအလှူဒါယကာများသည်လည်း စိန်ဗွေးမောင်ကို ကြိုက်နှစ်သက်ကြသူများ ဖြစ်ရာ စိန်ဗွေးမောင်ကိုပင် ငှားရမ်းကြမည်မှာ သေချာလှပါသည်။

သို့သော် စိန်ဗွေးမောင်သည် မြိုင်သာယာရွာမှ အလှူပွဲများကို လက်မခံနိုင်ပါသေးကြောင်း ချိုသာယဉ်ကျေးစွာ ပြောပြပါသည်။

ထိုနှစ်မှစ၍ ကျွန်တော်တို့ မြိုင်သာယာတွင် အလှူရှိသည့်အခါတိုင်း ဗိုလ်ကေမောင်၏ဆိုင်းမှာ ပင်တိုင်ဖြစ်၍ လာခဲ့ပါသည်။ ဗိုလ်ကေမောင်သည်ကား မြိုင်သာယာတွင် ပြိုင်ဘက်ကင်းသွားပြီဖြစ်၍ မောက်မာစွာပင် ဆက်ဆံပါသည်။

ဤသို့ဖြင့် အချိန်တို့လည်းတရွေ့ရွေ့ ကုန်ဆုံးလာခဲ့ရာ ၃ နှစ်ဟူသော ရာသီသို့ ကုန်လွန်ကျော်ဖြတ်၍လာခဲ့ပါသည်။

သီတင်းကျွတ် မီးထွန်းပွဲနေ့မှာပင် ဈေးကုန်းထိပ်ရှိ ဇောင်ချမ်းပင်ကြီးတွင် ကြော်ငြာပိုစတာတစ်ခု ကပ်ထားသည်ကို တွေ့ရှိရ၍ ရွာသူရွာသားများ ဝိုင်းအုံကြည့်ရှု၍နေရာ ကျွန်တော်တို့ သူငယ်ချင်းတစ်စုလည်း အများနည်းတူ သွားရောက် ကြည့်ရှုကြပါသည်။

"စိန်ဗွေးမောင် မင်္ဂလာဆိုင်းတော် ယခုနှစ် အလှူရာသီ၊ ကထိန်ရာသီအတွက် ပွဲငှားများလက်ခံပြီး စိတ်တိုင်းကျ ဖျော်ဖြေညှိခံ၍ မိဘပြည်သူတို့၏ မေတ္တာကို ခံယူတုံ့ပြန်ပါမည်"

ဟူ၍ဖြစ်ရာ ကျွန်တော်တို့ ပျော်ရွှင်သွားမိပါသည်။

"စိန်ဗွေးမောင် ပွဲငှား လက်ခံပြီတဲ့ကွ" သူငယ်ချင်းစိုးတင့်မှ ပြောသည်။

"အေးကွ၊ ဒါဆို ဒီနှစ် တို့ရွာ ဦးချစ်မောင် + ဒေါ်ပိုက်တို့ အလှူရှိတယ်၊ စိန်ဗွေးမောင်ကိုငှားမှာ သေချာတယ်ကွ၊ ဒါပေမယ့် စိန်ဗွေးမောင်က ငါတို့ကို မှတ်မိပါဦးမလားကွာ"

ထိုသို့ ကျွန်တော်ပြောလိုက်ရာ-

"မပူပါနဲ့ကွ၊ ချက်ချင်း မမှတ်မိလည်း တဖြည်းဖြည်း မှတ်မိလာမှာပါ" ဟု စိုးတင့်မှ နှစ်သိမ့်ပါသည်။

ကျွန်တော်တို့ ထင်သည့်အတိုင်းပင် ဦးချစ်မောင် + ဒေါ်ပိုက်တို့မှ စိန်ဗွေးမောင်ကိုပင် ငှားရမ်းလိုက်ပါသည်။ ရွာသူရွာသားများသည် စိန်ဗွေးမောင်ကို မတွေ့ရ၊ စိန်ဗွေးမောင်၏ လက်သံကိုလည်း မကြားရသည်မှာ ကြာပြီဖြစ်၍ အလှူရက်ကိုသာ လက်ချိုးရေတွက်၍ နေကြပါသည်။

ထိုအချိန်တွင် ဗိုလ်ကေမောင်သည် ယခုနှစ်အလှူရာသီ ရောက်ရှိလုပြီဖြစ်သည့်တိုင် ဆိုင်းငှားများ မြိုင်သာယာမှ ရောက်မလာသဖြင့် တပည့်တစ်ဦးကို မြိုင်သာယာသို့ စနည်းနာလွှတ်လိုက်ရာ စိန်ဗွေးမောင်၏ဆိုင်းကို ငှားရမ်းထားပြီဟု သိလိုက်ရ၍ ဒေါသူပုန်ထသွားပါသည်။

ထို့နောက် မကြာမီ ဗိုလ်ကေမောင် မြိုင်သာယာသို့ရောက်ရှိလာကာ အလှူဒါယကာများနှင့် တွေ့ဆုံ၍ စိန်ဗွေးမောင်ကို စရန် အဆုံးခံလိုက်ပါ။ ထိုအတွက် မိမိမှကျခံပေးပါမည်။ မိမိဆိုင်းအဖွဲ့ကိုသာ ငှားရမ်းပါဟု ပြောပါသည်။ သို့သော် အလှူဒါယကာများက လက်မခံပါ။ စိန်ဗွေးမောင်ကို ငှားရမ်းထားပြီးဖြစ်၍ မပြောင်းလဲလိုတော့ပါဟု ပြောကြပါသည်။

နောက်ဆုံးတွင် ယခုနှစ်မြိုင်သာယာမှ အလှူများကို အကူသက်သက် လာရောက်တီးပေးပါမည်၊ အကြိုအပို့နှင့် အကျွေးအမွေးကိုသာ တာဝန်ယူပေးပါ။ အကျွေးအမွေးကိုလည်း အထူးတလည်မစီစဉ်ပါနှင့်၊ အလှူကျွေးသော ထမင်းဟင်းများကိုသာ စားသုံးပါမည်ဟု ဆိုလာပါသည်။

ထိုအခါ မြိုင်သာယာရွာမှ အလှူ့ဒကာ၊ အလှူ့အစ်မ တို့သည် ကျေးလက်နေပြည်သူတို့၏ ပင်ကိုစရိုက်အတိုင်း အားနာတတ်ကြသူများဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကေမောင်၏ တောင်းပန်ချက်ကို လိုက်လျော ခွင့်ပြုပေးလိုက်ကြပါတော့သည်။ ထိုသတင်းကို ကြားသောအခါ ရွာသူ ရွာသားများသည် မြို့င်သာယာတွင် ဆိုင်းပြိုင်ပွဲတစ်ခု ပေါ်ပေါက်လာပေဦးမည်ဟု ပြောဆို၍ နေကြပါတော့သည်။

ကျွန်တော်တို့ သူငယ်ချင်းများသည်လည်း . . .

"စိန်ဗွေးမောင်ကို မတွေ့ရတော့ဘူးလို့ထင်ထားတာ၊ အခုတော့ ဟန်ကျလိုက်တာကွာ၊ စိန်ဗွေးမောင်ရဲ့လက်သံမကြားရတာ ကြာပြီဆိုတော့"

အလှူရက်များ နီးလာလေလေ ကျွန်တော်တို့မှာ ဆိုင်းအကြောင်း စိန်ဗွေးမောင်အကြောင်း ပြောကြလေ ဖြစ်ပါသည်။

ထိုသို့ဖြင့် အလှူဝင်နေ့သို့ ရောက်ရှိ၍ လာခဲ့ပါသည်။ စိန်ဗွေးမောင် ဆိုင်းအဖွဲ့နှင့် ဗိုလ်ကေမောင် ဆိုင်းအဖွဲ့တို့ တစ်ပြိုင်နက် ရောက်ရှိ၍ လာခဲ့ပါသည်။ ဆိုင်းဝိုင်းနှစ်ဖွဲ့စလုံး ပြင်ဆင်ခင်းကျင်းပြီးသောအခါ ရွာသားများက ကြည့်ရှု ဝေဖန်ကြပါသည်။

"ဒီတစ်ခါတော့ စိန်ဗွေးမောင် ဆိုင်းက ပိုပြီးလှတယ်ကွ"

"ဗိုလ်ကေမောင်ရဲ့ ဆိုင်းထဲမှာ မြင်းခြံက နာမည်ကြီးပြဇာတ်မင်းသား သန်းလှိုင်ပါလာသတဲ့"

"သန်းလှိုင်ကို အပြင်မှာ မမြင်သေးဘူး သွားကြည့်ကြရအောင်"

ဟု သူငယ်ချင်းများက ပြောပြောဆိုဆို ယှက်ခွာသွားကြသော်လည်း ကျွန်တော်လိုက် [illegible]သွားပါ။ မဏ္ဍပ်ထဲမှာပင် စိန်ဗွေးမောင်ကို စောင့်နေမိပါသည်။ ခဏအကြာတွင် ရွာသားများ ဝန်းရံလျက် စိန်ဗွေးမောင် ရောက်ရှိလာပါသည်။

စိန်ဗွေးမောင်သည် မြို့င်သာယာနှင့် ၃၊ နှစ်တိတိ ကင်းကွာခဲ့၍ ရွာသူ ရွာသားများသည် ပြောစရာစကားများ မကုန်နိုင်အောင် ရှိနေပါသည်။

"ဟာ ညီလေး မှိုင်းလွင်ပါလား၊ မင်း အတော်ထွားလာပြီနော်၊ ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"ကျွန်တော် အစ်ကိုကိုစောင့်နေတာပါ၊ ဒီမှာ အစ်ကို့အတွက် ဆေးလိပ်ဘူး လက်ဆောင်ပေးတာပါ၊ ပိုက်ဆံ မပေးပါနဲ့"

ကျွန်တော် ဆေးလိပ်ဘူးကို ကမ်းပေးလိုက်ပါသည်။

"ဒါဆိုလည်း ညီလေးပေးတဲ့ လက်ဆောင်ကိုလည်း အစ်ကိုယူမယ်၊ အစ်ကိုပေးတဲ့ မုန့်ဖိုးကိုလည်း ညီလေး မငြင်းနဲ့"

ငွေငါးကျပ်တန်တစ်ရွက် ကျွန်တော့်အင်္ကျီအိတ်ကပ်အတွင်းသို့အတင်း ထည့်ပေးပါသည်။


စိန်ဗွေးမောင်သည် အနည်းငယ် ဝဖြိုးလာသည်မှအပ ပြောင်းလဲမှုမရှိကြောင်း သတိပြုမိပါသည်။ ထိုအချိန်မှာပင် ပြဇာတ်မင်းသား ကိုသန်းလှိုင်ကို သွားရောက်ကြည့်ရှုကြသော သူငယ်ချင်းများ ပြန်ရောက်လာကြပါသည်။ သန်းလှိုင်ကို မတွေ့မြင်ခဲ့ရဟု သိရပါသည်။

ကျွန်တော်တို့လည်း ပွဲလှည့်ချိန် နီးကပ်လာပြီဖြစ်၍ အိမ်သို့ ပြန်ခဲ့ကြပါသည်။

ထိုနေ့က ပွဲလှည့်မှာလည်း အလွန် စည်ကား သိုက်မြိုက်လှပါသည်။ ညတွင် စိန်ဗွေးမောင်နှင့် ဗိုလ်ကေမောင်တို့၏ ဒုတိယအကြိမ်မြောက် ဆိုင်းပြိုင်ပွဲ ပြုလုပ်မည်ကို တစ်နယ်လုံးမှ သိရှိထားကြ၍ မြို့င်သာယာအနီးတစ်ဝိုက် ကျေးရွာမှ ညနေကတည်းက လာရောက်လျက် ရှိကြ၍ ပိုမိုစည်ကားနေရခြင်း ဖြစ်ပါသည်။ ပွဲလှည့်မှ ပြန်ရောက်ကြသည်နှင့် အိမ်မပြန်တော့ဘဲ မဏ္ဍပ်အတွင်း နေရာယူကြပါသည်။ လူများပြည့်လျက် ရှိနေပေပြီ။

ညရောက်မှ ရွာတွင်းမှ လာကြသူများ အခြားရွာများမှ ရောက်ရှိလာကြသူများအတွက် ထိုင်စရာ မရှိပြီ။ ထို့ကြောင့် မဏ္ဍပ်မျက်နှာကြက်များကို ခေတ္တဖြုတ်ခွာပေးရပါသည်။ ကွင်းပြင်ကြီးသဖွယ် ဖြစ်နေပြီး မြို့င်သာယာတစ်ခွင်တွင် အစည်ကားဆုံးသော ဆိုင်းပွဲတစ်ခုအဖြစ် ပြောစမှတ်တွင်ရစ်ပါသည်။

မူလကြေညာထားရှိစဉ်က ဆိုင်းပြိုင်ပွဲကို ည ၈ နာရီမှ စတင်ရန်ဖြစ်သော်လည်း ပရိသတ်ကြီးမှာ စောစောစီးစီးရောက်ရှိနေပြီဖြစ်၍ ဘကြီးဖြိုးမှ ဆိုင်းပြိုင်ပွဲကို ည ၇ နာရီတွင် စတင်မည်ဖြစ်ပါ၍ ဆိုင်းဆရာများ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လက်ထောက်ဆိုင်း ...များ ဝိုင်းအတွင်းသို့ဝင်၍ ပတ်စာ ... ပုံကြိုးတင်းခြင်း၊ အသံစမ်းခြင်း ... ပြုလုပ်ပြီး တီးလုံးတစ်ပုဒ်စီခန့် တီး ... အဆင်သင့်ဖြစ်ပါပြီဟု ဒိုင်လူကြီး ... သတင်းပို့ပါသည်၊

"ဆိုင်းပြိုင်ပွဲသို့ ကြွရောက်လာ ...သော ဧည့်ပရိသတ်ကြီး ခင်ဗျား၊ ...ခင်အချိန်အတွင်းမှာ ဆိုင်းပြိုင်ပွဲ ... စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား၊ ...ကြောင့် စနစ်တကျနေရာယူကြပါရန် ... ပါရှိလာသော မိမိတို့၏ ကလေးများ ... ဆိုင်းပြိုင်ပွဲတွင် အနှောင့်အယှက် ...စေရန် ထိန်းသိမ်းပေးထားကြရန် ...တ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

ရွာစားကျော် ဗိုလ်ကေမောင်နှင့် ...ရွာစားကျော် စိန်ဒွေးမောင်တို့လည်း ...ပြိုင်ပွဲအချိန် နီးကပ်လာပြီဖြစ်ပါ၍ မိမိ ...တို့၏ ဆိုင်းဝိုင်းများသို့ ကြွလှမ်းတော်မူ ...ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါ ...တယ် ခင်ဗျား"

ကိုစက်ကွမ်း၏ ကြေညာသံ ထွက်ပေါ်လာသည်နှင့် ပရိသတ်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါသည်။

ထိုအချိန်တွင် ဒိုင်အဖွဲ့မှ ကြေညာသံ ထွက်ပေါ်လာပြန်ပါသည်။

"ပြိုင်ပွဲစတင်တော့မည် ဖြစ်ပါ၍ ပထမဆုံးဖျော်ဖြေခွင့်ကို ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်ပေးမှာဖြစ်ပါတယ်၊ ဆိုင်းနှစ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီ လာရောက် ကြည့်ရှုကြပါ"

နောက်ထ တစ်ဦးစီ ထွက်သွားကြပါသည်။ ဘကြီးဖြိုးသည် ဆိုင်းနောက်ထ နှစ်ဦးအား စည်းကမ်းချက်များ ရှင်းပြနေသည်ကို ခြေဟန်လက်ဟန်ဖြင့် မြင်တွေ့၍နေရပါသည်။ ဆိုင်းနောက်ထ (ဆိုင်းလူရွှင်တော်) များကလည်း ခေါင်းတညိတ်ညိတ်နှင့် ရှိနေပါသည်။ ထို့နောက် ခေါင်းပန်းမြှောက်ပါသည်။

"ပရိသတ်ကြီးတို့ခင်ဗျား၊ ပထမဦးဆုံးတီးခွင့်ရဖို့ ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်ရာမှာတော့ ဗိုလ်ကေမောင်ရဲ့အဖွဲ့က ရရှိသွားပါတယ် ခင်ဗျား"

ထိုကြေညာချက် ထွက်ပေါ်လာသည်နှင့် ဗိုလ်ကေမောင်၏ ဆိုင်းအဖွဲ့မှ မဆိုင်းမတွပင် . . .

"တိုင်းပြည်ဘောင် ×× နတ်ပြည်ဘောင် ×× နာမည်တော်ကြီးလှပါတဲ့ မောင်" ဟူသော ဂုဏ်ပြုဒ် ရင်းတို့၏ ပင်တိုင်တေးသွားကို ရွှင်လန်းတက်ကြွစွာ တီးလိုက်ကြပါသည်။

ထိုသီချင်း ပြီးဆုံးသွားသောအခါမှ ပရိသတ်ကြီးအား ဗိုလ်ကေမောင်မှ ဤသို့ပြောကြားပါသည်။

"ပရိသတ်ကြီးခင်ဗျား ကျွန်တော်နဲ့ ယှဉ်ပြိုင်ရမယ့် ဆိုင်းဆရာကလေးမှာ ကျွန်တော့်ထက် သမ္မာပညာ နိမ့်ကျလှတဲ့အပြင် လွန်ခဲ့တဲ့သုံးနှစ်က ကျွန်တော့်ကို ခွက်ခွက်လန်အောင် ရှုံးနိမ့်ထားပြီးသူ ဖြစ်ပါတယ်၊ ကျွန်တော်နဲ့ ပညာတူသူကိုသာ ယှဉ်ပြိုင်လိုပါတယ်၊ အခုပြိုင်ပွဲဟာ တစ်ဖက်စောင်းနင်းကြီး ဖြစ်ပေါ်နေမှာကတော့ သေချာပါတယ်၊ ဒါပေမယ့် ကေသရာဇာ ခြင်္သေ့မင်းတို့ ထုံး နှလုံးမူရမှာပဲ ဖြစ်ပါတယ်။

ကေသရာဇာ ခြင်္သေ့မင်းတို့ မည်သည် သားကောင် ကြီးငယ်မဟူ အစွမ်းကုန် အားကုန်ထုတ်ပြီး အုပ်လေ့ရှိပါတယ်၊ ဒါကြောင့် ကျွန်တော်ဟာလဲ ကျွန်တော်ရဲ့ လက်စွမ်းကုန် ပရိသတ်ကြီးကို ဖျော်ဖြေတင်ဆက်ပြီး ဒီပွဲကို အနိုင်ယူသွားမှာ ဖြစ်ပါတယ်ခင်ဗျား"

ဗိုလ်ကေမောင်၏ စကားဆုံးသွားသောအခါ လက်ခုပ်သံများ ထွက်ပေါ်လာပါသည်။

ထိုအချိန်မှာပင် ဒိုင်လူကြီးတစ်ဦးမှ ဖယောင်းတိုင်တစ်တိုင်ကို ဗိုလ်ကေမောင်၏ ဆိုင်းဝိုင်းရှေ့တွင် ထွန်းလိုက်ပါသည်။

"နေမင်းဆိုတာ ဒီကမ္ဘာမှာ စွမ်းအားအကြီးဆုံးပါပဲခင်ဗျာ၊ ဆိုင်းဆိုရင်တော့ မင်းကြီးထိပ်ခေါင်ဗိုလ်ကေမောင် ဆိုပါလား၊ ထိုစကား အမှတ်မမှားစေဖို့ ကိုင်း××× ရွာစားရေ ကြားပါရစေလား ခင်ဗျား"

ဟု ဆိုင်းနောက်ထမှ လေပြေထိုးပြီးသည်နှင့် ဗိုလ်ကေမောင်မှ ပြောင်းပြောင်းစပ်အောင် တီးပါတော့သည်။ ကိုယ်ပိုင် အဖွင့်တီးလုံး ဖြစ်ပါသည်။ ထို့နောက် ဖယောင်းတိုင်မကုန်မီ ရွာစားကြီးစိန်ပေဒါ၏ မန်ကျည်းခုနစ်စဉ် အပါအဝင် သီချင်းခုနစ်ပုဒ်တိတိ တီးခတ်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် တစ်ပုဒ်ပြီး တစ်ပုဒ် မနားတမ်း တီးပါတော့သည်။ ဗိုလ်ကေမောင်သည် ၅ ပုဒ်တိတိ အထိ လက်သံပြောင်ပြောင်နှင့် သွက်သွက်လက်လက် တီးခတ်နိုင်သော်လည်း ၆ ပုဒ်မြောက်မှစ၍ လက်ပန်းကျလာပြီး လက်သံမပြောင်တော့ပါ၊ လေးလာပါသည်။ နှဲနှင့် ကြေးနောင်တို့မှ ပတ်ဝိုင်းကိုတွဲ၍ ခေါ်နေရပါသည်။

ဗိုလ်ကေမောင်မှာ မောဟိုက်လျက် ချွေးများ ရွှဲနစ်လျက် ရှိပါသည်။ နောက်ဆုံး ဆိုတီးရသော မန်ကျည်းခုနစ်စဉ်သီချင်းကို ပြီးဆုံးအောင် မနည်းပင် သီဆို နေရပါသည်။ ထိုသီချင်းမပြီးဆုံးမီမှာပင် ဖယောင်းတိုင်ကုန်၍ မီးငြိမ်းသွားပါသည်။ အဖွဲ့သားအားလုံး စိတ်ဓာတ်များကျဆင်းကာ သီဆိုတီးမှုတ်ခြင်းကို ရပ်နားလိုက်ကြပါသည်။

"ဟာ"

"ပြိုင်ပွဲမပြီးခင် ဖယောင်းတိုင်ကုန်သွားပြီဟေ့"

ပရိသတ်အချို့မှ အသံများ ထွက်ပေါ်လာစဉ် ဒိုင်လူကြီးဘကြီးဖြိုးမှ ကြေညာသံထွက်ပေါ်လာ၍ အားလုံး ငြိမ်ကျသွားပါသည်။

"ယခု ပထမဦးဆုံး ယှဉ်ပြိုင်သွားတဲ့ ဗိုလ်ကေမောင်ဟာ သီချင်း ၆ ပုဒ်ခွဲ အထိ ရရှိသွားကြောင်း မှတ်တမ်းတင်အပ်ပါတယ် ခင်ဗျာ၊ ရွာစားကျော် စိန်ဒွေးမောင်၏ အလှည့်သို့ ရောက်ရှိလာပြီဖြစ်လို့ ဆက်လက်ရှုစား နားဆင်တော်မူကြပါခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် စိန်ငွေးမောင်သည် ၎င်း၏ ကိုယ်ပိုင်သီချင်း "ကိုယ့်ရဲ့အညာ" ကို တီးခတ်ပါသည်။

"တစ်ရံရောအခါက xx ရောက်ခဲ့သည့်အညာ xx ကိုယ့်ဘဝရဲ့ပုံပမာ xx ပညတ်သွားရာ ဓာတ်သက်ပါ xx မွေးဖွားတော့အညာ xx နေတော့အညာ xx ကိုယ့်ရင်ထဲက ထာဝရအညာ xx နွေးထွေးပျူငှာ အညာလေ့ xx မမေ့ဘယ်အခါ"

သီချင်းမှာ လွမ်းသံနှောလျက်ရှိသော်လည်း တီးလုံးတီးကွက်များမှာ ဝိုင်းစုံအပြိုင်တီးဖြစ်၍ နားထောင်ရသူတို့အဖို့ ရသနှစ်မျိုး တစ်ပြိုင်နက် ခံစားကြရပါသည်။

တေးသီချင်း ပြီးဆုံးသွားသည်နှင့် ကျွန်တော်တို့ကလေးများနှင့် ပရိသတ်ကြီးအားလုံးမှ လက်ခုပ်သံများ ထွက်ပေါ်လာပါသည်။

စိန်ငွေးမောင်သည် လက်ခုပ်သံများ ပြီးဆုံးသည်အထိ စောင့်ဆိုင်းနေပြီးမှ . . .

"ချစ်ခင်လေးစား တန်ဖိုးထားရပါသော ပရိသတ်ကြီးများအား ဦးစွာပထမ ဂါရဝပြုအပ်ပါတယ် ခင်ဗျား၊ အဖ စိန်ပေဒါအား အစထားပြီး လက်ဦးဆရာစိန်မောင်ချိုနှင့် မြင်ဆရာ၊ ကြားဆရာများဖြစ်တဲ့ စိန်ဘညို၊ ရွှေဒေါင်းမြိုင်၊ စိန်တင်ဟန်၊ စိန်မောင်ကို၊ စိန်လှမောင်၊ စိန်လှမြိုင်၊ စိန်မောင်ဆင့်၊ စိန်လှပိုတို့နှင့် ဗိုလ်ကေမောင်တို့အား ရိုသေလေးမြတ်စွာ ကန်တော့အပ်ပါတယ် ခင်ဗျာ။

ပြိုင်ပွဲလို့ စိတ်မှာ မအောက်မေ့ပါဘူး၊ ဗိုလ်ကေမောင်ဟာ ကျွန်တော့်ဘဝမှာတန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေကို ပြသခဲ့တာမို့လို့ ကျွန်တော်ရဲ့ ကျေးဇူးရှင်ပဲ ဖြစ်ပါတယ်ခင်ဗျာ။

ဒါကြောင့် ယှဉ်ပြိုင်ရန် မဝံ့ရဲသော်လည်း ဖြစ်ပေါ်လာတဲ့ အခြေအနေအရ မလွှဲသာလို့ တီးခတ်ရမှာဖြစ်ပါတယ်၊ ခွင့်လွှတ်ပေးပါခင်ဗျာ"

ဗိုလ်ကေမောင်သည် ၎င်း၏ ဆိုင်းဝိုင်းအတွင်းမှ စိန်ငွေးမောင်အား သုန်မှုန်သော မျက်နှာထားဖြင့် ငွငွေဝေါင်ဝေါင်ကြီး ကြည့်၍နေပါသည်။

ထိုအချိန်တွင် ဒိုင်လူကြီးမှ ပြိုင်ပွဲစတင်တီးခတ်ရန် အချက်ပေးမောင်းကို ထုလိုက်ပါသည်။

"ဒူ ဟူ ဟူ ဟူ. . ."

အခြား တစ်ဦးမှ ဖယောင်းတိုင်ကို မီးညှိလိုက်ပါသည်။

ဖယောင်းတိုင်မီး တောက်လာသဖြင့် ရွှေမန်းတင်မောင်၏ "အောင်ပါစေ" သီချင်းဆိုတီးဖြင့် ဖွင့်လိုက်ပါသည်။ ထိုသီချင်းပြီးဆုံးသည်နှင့် ပတ်ပျိုး၊ ယိုးဒယား၊ သံဆန်းတီးလုံးတို့ကို ဇယ်စက်သလို တရစပ် တီးခတ်ပါတော့သည်။

ထို့နောက် ဗိုလ်ကေမောင် တီးသွားသော သီချင်းတို့ကို အစဉ်အတိုင်း တစ်ပုဒ်ပြီးတစ်ပုဒ် ပီသကြည်မြစွာ မြည်ဟိန်းလှသော ပတ်လုံးသံများဖြင့် ခပ်စိပ်စိပ် တီးခတ်လျက်ရှိရာ ပရိသတ်ကြီးမှာ အပ်ကျသံကြားရမတတ် တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြပါသည်။

ဤသို့ဖြင့်သီချင်း ၆ ပုဒ် ပြီးဆုံး၍ သွားသော်လည်း ဖယောင်းတိုင်မှာ များစွာ ကျန်ရှိနေပါသေးသည်။

ပရိသတ်ကြီးမှာ အားရကျေနပ်လျက် ရှိပါ၏။

"အခု ကျွန်တော် နောက်ဆုံးဧည့်ခံဖျော်ဖြေမှာကတော့ မန်ကျည်းခုနစ်စဉ် သီချင်းပဲ ဖြစ်ပါတယ်ခင်ဗျား၊ အဖစိန်ပေဒါကြီးရဲ့ ခြေမှုန့်မျှပင် မရှိသော ကျွန်တော်ရဲ့ မလောက်လေး မလောက်စား ပညာလေးနဲ့ တီးခတ်ရမှာမို့ ခွင့်လွှတ်သည်းခံပြီး နားဆင်ပေးကြပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည် ခင်ဗျာ"

စိန်ငွေးမောင်သည် ထိုသို့စကားပလ္လင်ခံပြီးမှ စတင်သီဆို တီးခတ်ပါသည်။

"ရွှေမန်ကျည်းခုနစ်စဉ်" သီချင်းအပြည့်အစုံမှာ . . .

(ရွှေမန်ကျည်းရဲ့ခုနစ်စဉ် ယဉ်ပါလေစ ရပ်ကာယ်က)၂ xx ကိုကြီးနတ်ကဲ့ xx ဆီးကြိုလာ xx ကျားညီနောင်ကြောင်နှစ်ကွင်း xx မယ်မငြင်းသာ x (ကိုသာမြတ်ကယ်စီးစို့လာ xx ကျားညီနောင် xx ကြောင်နှစ်ကွင်း xx မယ်မငြင်းသာ)၂ (မယ်မငြင်းသာ xx လာပြန်တော့ကာ)၂ xx တစ်ကြိမ် x နှစ်ကြိမ် x ဦးနှိမ်ချလို့ xx ငါးကြိမ် xx ခြောက်ကြိမ် xx ဦးနှိမ်ချလို့ xx ခုနစ်ကြိမ် xx ရှစ်ကြိမ် xx ဦးနှိမ်ချလို့ xx ကိုးကြိမ် x ဆယ်ကြိမ်•xx ဦးနှိမ်ချလို့ xx ဆယ့်တစ်ကြိမ် xx ဆယ့်နှစ်ကြိမ် xx ဦးနှိမ်ချလို့ xx ဆယ့်သုံးကြိမ် xx ဆယ့်လေးကြိမ် xx ဦးနှိမ်ချလို့ xxx လိုက်ပါရစီ xxx လိုက်ပါရစီ xx (စိန်ပေဒါရေ xx လိုက်ပါရစီ)၂ xx အို xx စိန်ပေဒါရေ လိုက်ပါရစီ xx ကိုကြီးမြတ်ရေလိုအေး xx လိုက်ပါရစီလေး xxx"

ဆိုင်းချက်နှင့် အဆို၊ နှဲ၊ ကြေးနောင်၊ မောင်းဆိုင်း၊ စည်းဝါး၊ စခွန့်-ခြောက်လုံးပတ်တို့မှာ တစ်ထပ်တည်းအမှတ်၊ အသိမ်း၊ အဖြတ်အထောက်၊ အဝင်ထွက်ညီညွတ်လှ၍ နိုင်နင်းစွာဖြင့် မပင်မပန်း ခေါင်းခါခါ၊ လည်ခါခါဖြင့် ပျော်ရွှင်မြူးထူးစွာ တီးမှုတ် သီဆိုလျက်ရှိရာ ကျွန်တော်တို့အားလုံးပါ ပျော်ရွှင်တက်ကြွမှုများ ကူးစက်၍ လာကာ အားလုံး လိုက်၍ဆိုကြပါသည်။ ပျော်ရွှင်ဖွယ် ကောင်းလှပါ၏။

ဤသီချင်း ပြီးဆုံးသွားသောအချိန်အထိ ဖယောင်းတိုင် မကုန်သေးပါ။ အဆိုအတီးတွင်လည်း အသံလည်း မကျ၊ အတီးလည်း မလျော့ဘဲ ပို၍ပင် လက်သံပြောင်၍ လာပါသည်။

"ရွှေမန်ကျည်းခုနစ်စဉ်" သီချင်း ပြီးဆုံးသွားသော်လည်း ဖယောင်းတိုင်မှာ အနည်းငယ် ကျန်ရှိနေသေးသဖြင့်-

"ကျွန်တော် နောက်ဆုံး နှုတ်ဆက်တဲ့အနေဖြင့် အဖစိန်ပေဒါကြီးရဲ့ နှုတ်ဆက်တီးလုံးသီချင်းနှင့် ဖျော်ဖြေပေးပါမယ် ခင်ဗျာ"





www.burmeseclassic.com

www.burmeseclassic.com

ဟု ကြေညာ၍ တီးမှုတ် သီဆိုရာ ထိုသီချင်းပြီးဆုံးသည်နှင့် ဖယောင်းတိုင် မီးငြိမ်းချိန်တို့ တစ်ပြိုင်နက် ဖြစ်သွားပါသည်။

ပရိသတ်ကြီး၏ လက်ခေါက်မှုတ်သံနှင့် လက်ခုပ်သံတို့မှာ တော်တော်နှင့်ပင် မစဲနိုင်အောင် ရှိပါသည်။

"ယခုဆိုင်းပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားပါပြီခင်ဗျား၊ ဘယ်သူက အနိုင်ရတယ် ဆိုတာတော့ အထူးတလည် ကြေညာဖို့လိုမယ်မထင်ပါဘူးခင်ဗျာ၊ ပြိုင်ပွဲဝင်သွားကြတဲ့ ဆိုင်းဆရာရွှေစားကြီး ဗိုလ်ကေမောင်နဲ့ စိန်ဗွေးမောင်၊ ပြိုင်ပွဲတွင် ကြပ်မတ်ပေးသောဒိုင်လူကြီးများအား အလှူ့ဒါယကာကြီး ဦးချစ်မောင်နှင့် အလှူ့ဒါယိကာမကြီး ဒေါ်ပိုက်တို့မှ ဆုများချီးမြှင့်မှာဖြစ်သည့်အတွက် ကြွရောက်ကြပါရန် အလှူ့ဒါယကာရဲ့ တိုက်အသွင်းသို့ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

ပရိသတ်ကြီးများ ခင်ဗျား၊ ဧည့်ခံဖျော်ဖြေရေးအစီအစဉ် မပြီးဆုံးသေးပါဘူး ခင်ဗျား၊ ခေတ္တ စောင့်ဆိုင်းပေးကြပါ ခင်ဗျား"

ကိုစက်ကွမ်းမှ မိုက်နှင့် ကြေညာလိုက်သောအခါ ပရိသတ်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါသည်။

"ပရိသတ်ကြီးခင်ဗျား ရှုတ်ရှုတ်ခဲသဲ ဖြစ်မှာစိုးလို့ မိမိတို့နေရာမှာပဲ ဆက်လက် ထိုင်နေကြပါ ခင်ဗျား" ဟု ဆက်လက်ကြေညာပါသည်။

စိန်ဗွေးမောင်သည် ဆိုင်းဝိုင်းမှ အထွက်တွင် ကျွန်တော့်ကို လက်ယပ်ခေါ်သဖြင့် ကျွန်တော်တစ်ယောက်သာ အလှူ့ဒါယကာ၏ တိုက်ကြီးအဟွင်းသို့ လိုက်ပါသွားရပါသည်။

ဆုများလက်ခံပြီးသောအခါ စိန်ဗွေးမောင်က ၎င်းရရှိသော ဆုပစ္စည်းများနှင့် ဗိုလ်ကေမောင်အား ထိုင်ကန်တော့လိုက်ပါသည်။

"ကျွန်တော် အခုလို လက်ရည်ဆီးဘက်လာရတာဟာ ဆရာ့ရဲ့ ကျေးဇူးကြောင့်ပါ ဆရာ၊ တကယ်တော့ ကျွန်တော်ဟာ အခုချိန်ထိ ဆရာရဲ့လက်သံကို မမီသေးပါဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်က ဆရာနဲ့ မတွေ့ခင်မှာ ကျွန်တော်ဟာ ပရိသတ်လည်း ရှိနေပြီး အထိုက်အလျောက် အောင်မြင်မှုလေး ရနေတော့ ကိုယ့်ကိုယ်ကိုယ်တတ်ပြီလို့ ထင်ထားတာ၊ ဆရာနဲ့ တွေ့လိုက်ရတော့မှ ကျွန်တော်ဟာ လေ့လာသင်ယူစရာတွေ၊ လေ့ကျင့်ဖို့ရာတွေ အများကြီး လိုသေးတယ်ဆိုတာ သိလိုက်ရတာပါ။

ဒါကြောင့် ကျွန်တော် ၃ နှစ်လုံးလုံး ဆိုင်းပညာတွေ သင်ယူဆည်းပူးပြီး အပြင်းအထန် လေ့ကျင့်ခဲ့ပါတယ်၊ အခုလဲ ကျွန်တော့်ပညာဟာ ဘာမှမဟုတ်သေးပါဘူး၊ ကျွန်တော့်ကိုလည်း ဆရာ့ကို အပ်ပါတယ်၊ ကျွန်တော့်ကို သွန်သင်ဆုံးမပါ ဆရာ"

ထိုအခါ တင်းမာသုန်မှုန်နေသော ဗိုလ်ကေမောင်၏ မျက်နှာသည်လည်း ပြေလျော့၍ ပြုံးရောင် သမ်းလာပါသည်။

"ညီလေးရာ ပညာဆိုတာတော့ ကုန်တယ်လို့ မရှိဘူးပေါ့ကွာ၊ ညီလေးကလဲ အစ်ကို့ကို ပြန်ဆုံးမလိုက်ပါပြီ၊ ကျေးဇူးတင်ပါတယ် ညီလေးရာ၊ မာန်မာနဆိုတာ ကောင်းကျိုးမပေးဘူးဆိုတာ အစ်ကိုနားလည်ပါပြီ၊ ကဲ ကဲ ထတော့ ညီလေး ရပါပြီ"

ဗိုလ်ကေမောင်မှ စိန်ဗွေးမောင်ကို လက်တွဲ၍ထူလိုက်ပြီး အားရပါးရ လက်ဆွဲနှုတ်ဆက်ပါသည်။

ထို့နောက် ဆိုင်းနှစ်ဖွဲ့မှ တက်ညီလက်ညီ ဧည့်ပရိသတ်ကြီးအား ဖျော်ဖြေကြပါသည်။ ထိုညက နာရီပြန် တစ်ချက်အထိ ဖျော်ဖြေတီးမှုတ်သီဆိုသော်လည်း ကျွန်တော်တို့ ကလေးများပင် အိပ်ချင်စိတ်မဖြစ်ပေါ်ပါ။

နှစ်ဖွဲ့စလုံးမှ စိတ်ပါ လက်ပါ ပျော်ရွှင်စွာ တီးမှုတ်သီဆိုလျက်ရှိသောကြောင့် သီဆိုတီးမှုတ်သူများနှင့် ရှုစားနားထောင်သူတို့မှာ တစ်သားတည်းကျနေ၍ ကိုယ်ကိုယ်တိုင်ပါဝင် တီးမှုတ်သီဆိုနေသကဲ့သို့ ဖြစ်ပေါ်ခံစားနေရသောကြောင့် ပျော်ရွှင်တက်ကြွ၍နေကြခြင်း ဖြစ်ပါသည်။

ဆိုင်းပွဲသိမ်းသောအခါ အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများနှင့် ရွာသူ ရွာသားများအားလုံး ပျော်ရွှင်ဝမ်းမြောက်ကာ အားရကျေနပ်လျက်ရှိပြီး စိန်ဗွေးမောင်အား ယခင်ထက်ပင် ချစ်ခင်၍ သွားကြပါသတည်း။

ထိုနှစ်မှ စတင်၍ မြိုင်သာယာတွင် အလှူရှိလျှင် စိန်ဗွေးမောင်ဆိုင်းနှင့် ဗိုလ်ကေမောင်ဆိုင်းတို့ကို တစ်လှည့်စီ ငှားရမ်းခဲ့ကြသည်မှာ အစဉ်အလာ တစ်ခုပင် ဖြစ်လာခဲ့ပါသတည်း။

(၁၉၆၀ နှစ်ခန့်က မြိုင်သာယာတွင် ပေါ်ပေါက်ခဲ့သော ဆိုင်းပြိုင်ပွဲအား ပြန်လည် အောက်မေ့ တသစွာဖြင့် ထိုခေတ် ထိုအခါက ရွာသူရွာသားများကို လွမ်းဆွတ်စွာဖြင့် ခံစားရေးဖွဲ့အပ်ပါသည်။)

ဘိုဘို(ရွှေကံကူ)

❐





www.burmeseclassic.com

www.burmeseclassic.com



# မိဘလုပ်ကျွေး ဘေးရန်ဝေး

ပန်း၊ ချီဇဆွမြင့်

## တွန်းအားရှင်

မာတာပိတု ဥပဋ္ဌာနံ ဆိုသည့် ပုဒ်အရ အမိအဖတို့အား လုပ်ကျွေးခြင်းသည် မင်္ဂလာတစ်ပါးမည်၏ဟု သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ထဲမှာ ပါရှိသည်။

ထို့ပြင် သဗြဟ္မကသုတ် တရားတော်၌ မိဘတို့သည် သားသမီးတို့၏ အပေါ်၌ချစ်ကြည်အေးမြသောမေတ္တာ၊ သနားကြင်နာသောကရုဏာ၊ဝမ်းမြောက်ရွှင်လန်းသော မုဒိတာ၊ ညီမျှတည်ငြိမ်မှုလျစ်လျူရှုသော ဥပေက္ခာ ဟူသည့် ဗြဟ္မာကြီးတို့၏နေခြင်းမျိုး ဗြဟ္မဝိဟာရတရားလေးပါးတို့ဖြင့် လွှမ်းခြုံအေးမြစေခဲ့သောကြောင့် သားသမီးတို့၏ ဗြဟ္မဒေဝ မည်ကြသည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့၏။

မိဘသည် သားသမီးတို့ ကလလ ရည်ကြည် ပဋိသန္ဓေကည်နေစဉ် အခါမှစ၍ "ခြေလက်အင်္ဂါစုံလင်သော သားသမီးရတနာလေးဖြစ်ပါစေ၊ ကျန်းမာချမ်းသာ ချောမောစွာ ဖွားမြင်လာမည့် သားသမီးရတနာလေး ဖြစ်ပါစေ" ဟု ကျားလား မလား ခွဲခြား၍ မသိရသေးသော သားသန္ဓေအပေါ်၌ ချစ်ကြည်အေးမြသော မေတ္တာစာတ်ဖြင့်လွှမ်းပတ်ရစ်ခြုံ ပျံ့နှံ့သင်းထုံစေခဲ့ကြသည်။

မိခင်မှာ သားသန္ဓေ ချမ်းသာစေရေးအတွက် မသင့်မတင့်သော အစားအစာ၊ အနေအထိုင်တို့ကို ရှောင်ကြဉ်ကြ၍ သင့်တင့်သော အစားအစာများကိုသာ ရွေးချယ်စားသောက်ကာ အနေအထိုင်ကိုပါ ဆင်ခြင်နေထိုင်ကြရသည်။ ဘယ်သောအခါ ဘေးဥပဒ် ကင်းရှင်းစွာဖြင့် ချမ်းချမ်းသာသာ မွေးဖွားသည်ကို မြင်ရပါ့မလဲဟု ချစ်ခြင်း မေတ္တာစိတ်ဖြစ်ပေါ်လာခဲ့သည်။

မိဘတို့သည် မိမိတို့၏ ရင်သွေးကလေးတို့ကို မွေးဖွားပြီးခါစမှစ၍ ငိုကြွေးသည်ကို တွေ့ကြရသည့်အခါတိုင်းပင် "ဩော် ငါတို့ကလေး ဘာလို့ ငိုရှာဘာပါလိမ့်မလဲ၊ ခြင်ကိုက်လို့လား၊ ကြွ ပိုးကိုက်လို့လား၊ သန်းကိုက်လို့လား၊ ဖွ



www.burmeseclassic.com

www.burmeseclassic.com

နွဲန်းလို့လား၊ အေးလွန်းလို့လား၊ ခေါင်းကိုက်လို့လား၊ ဝမ်းနာလို့လား၊ နို့ဆာလို့လား" စသည်ဖြင့် ရင်တသိမ့်သိမ့် ခုန်ကာ မိမိရင်သွေးကလေးအပေါ်၌ ကြင်နာသနား ကရုဏာပွားကြ၏။

ပင်ပန်းကြီးစွာ ငိုယိုနေရှာသော မိမိရင်သွေးကလေး၏ ထိဆင်းရဲမှု လွတ်ရာလွတ်ကြောင်း ကောင်းနိုးရာရာတို့ကို လည်း စမ်းတဝါးဝါး ကုစားပြုစုကြရ၏။ မြစ်ရပ်မှန်ကို သေသေချာချာ သိသော အခါတွင်မူကား "မိမိရင်သွေးကလေး ထိုဆင်းရဲမှု လွတ်မြောက်ရေးအတွက် အသက်နှင့်ပင် လဲရစေတော့" ဟု နှလုံး ပိုက်ကာ အဘက်ဘက်မှ မဖြစ်ဖြစ် အောင် ကြံဆောင် ပြုလုပ်ကြရ၏။ မိဘနှစ်ပါးတို့၏ အလွန်ကြီးမားသော ကရုဏာပင် ဖြစ်ပေသည်။

မိဘတို့သည် သားသမီး စကားမပီတပီဖြင့် ပလီပလာ တီတီတာတာ ပြောတတ်စ အခါ၌လည်းကောင်း၊ ဝမ်းလျားမှောက်နိုင်၊ ထိုင်နိုင်၊ လေးဖက် တွားနိုင်၊ မတ်တတ်ရပ်နိုင်၊ ပြေးသွားနိုင်စ အခါတို့၌လည်းကောင်း "သားသား လေးက၊ သမီးလေးက စကားပြောတတ် လာပေပြီ၊ ဝမ်းလျားမှောက်နိုင်လာပေပြီ၊ ထိုင်နိုင်လာပေပြီ၊ လေးဖက်သွားနိုင်လာပေပြီ မတ်တတ်ရပ်နိုင်လာပေပြီ၊ မတ်တတ်သွားနိုင်လာပေပြီ၊ ပြေးလွှားနိုင်လာပေပြီ၊ ဒါမှ ငါ့သားကြီးကွ၊ ဒါမှ ငါ့ သမီးကြီးကွ" ဟု သားသမီးလေးတို့ အပေါ်၌ ဝမ်းမြောက်ဝမ်းသာ မုဒိတာမိုးရွာသွန်းဖြိုးကြ၏။

မိဘတို့သည် ကိုယ်စိတ်ညှိုးနွမ်း မောပန်းဆင်းရဲနေကြစဉ်မှာပင် သားသမီးလေးတို့၏ ပြုံးရွှင်သော မျက်နှာ၊ ချိုသာသော စကားတို့ကို မြင်လိုက်၊ ကြားလိုက်ကြရသည်ရှိသော် အမောအပန်း၊ အညှိုးအနွမ်းမှန်သမျှ ကွယ်ပျောက်ကြရလျက် ရွှင်လန်းဝမ်းမြောက်ကြသည်။ ထို့ကြောင့်ပင် စာဆိုပညာရှင် တစ်ဦးက "သားတို့ရုပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း၊ ငြိမ်းစတမ်း" ဟု အဆိုပြုခဲ့၏။

မိဘတို့သည် သားသမီးတို့အချိန်တန် အရွယ်ရောက် လူလားမြောက်၍ ကိုယ့်အိုး ကိုယ့်အိမ် ထူထောင်ကာ တင့်တောင်းတင့်တယ် နေနိုင်ကြသည်ကို တွေ့ကြရသောအခါ၌ . . .

"သြော် ငါတို့ရဲ့ သားသမီးလေးဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး၍ ကိုယ့်ခရီး ကိုယ်သွားနိုင်ကြပေပြီ" ဟု လျစ်လျူရှုသော ဥပေက္ခာပန်း ပွင့်လန်းကြ၏။ ထို့ကြောင့် မိဘတို့သည် သားသမီးတို့အပေါ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရတရားလေးပါးတို့ဖြင့် လွှမ်းခြုံအေးမြစေသောကြောင့် 'ဗြဟ္မာ့ဝိဟာရ မိနှင့်ဖ' မည်ပေသည်။

သည်မျှမကသေးပါ။ "မိဘတို့သည် သားသမီးတို့အား သင်ကြားသင့်သည်တို့ကိုလည်းကောင်း၊ ဆုံးမသင့်သည်တို့ကိုလည်းကောင်း ရှေးဦးစွာ သင်ကြားဆုံးမတတ်ကြသောကြောင့် သားသမီးတို့၏ လက်ဦးဆရာ ပုဗ္ဗာစရိယ ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြသည်" ဟုလည်း မိဘတို့၏ ကျေးဇူးတို့ကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သေးသည်။

မှန်ပါပေသည်။ မိဘတို့သည် သားသမီးတို့အား စာသင်ကျောင်းသို့ မပို့မီ ရှေးဦးမဆွအစကပင် "ဒါ ဖေဖေ ခေါ်တယ်၊ ဒါ မေမေ ခေါ်တယ်၊ ဒါဟာ ကုသိုလ်၊ ဒါကို ပြုရတယ်၊ ဒါဟာ အကုသိုလ်၊ ဒါကို မပြုရဘူး" စသည်ဖြင့် သင်ကြား ဆုံးမခဲ့ကြ၏။ ထို့ကြောင့်ပင် "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ" ဟု အဆိုပြုခဲ့ကြပေသည်။

မိဘတို့၏ ကျေးဇူးကား ဤမျှမကသေးပါ။ "မိဘတို့သည် ခရီးဝေးစွာ ဆောင်ယူရှာမှီး သားသမီးတို့၏ ပစ္စည်းအလှူကို ခံယူထိုက်ကြသောကြောင့် အာဟုနေယျ ပုဂ္ဂိုလ်မြတ်တို့ မည်ကြသည်" ဟုလည်း မြတ်စွာဘုရားက ဟောတော်မူခဲ့သေး၏။

ဤသည်မှာ မြတ်စွာဘုရားသည် မိဘတို့၏ ဂုဏ်ကျေးဇူးကို သံဃာတော်တို့၏ ဂုဏ်တော်နှင့်နှိုင်း၍ တစ်ဂိုဏ်းတည်းထားကာ ဟောကြားတော်မူခြင်း ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဤ အာဟုနေယျ ဂုဏ်တော်သည် မြတ်စွာဘုရားအမှူးရှိသော သံဃဂုဏ်တော်ကိုးပါးတို့တွင် တစ်ပါး အပါအဝင်ဖြစ်သည် မဟုတ်ပါလား။ ထို့ကြောင့်ပင် ရှေးပညာရှိများက ဗုဒ္ဓဘုရားနှင့် မာတာပိတာ တစ်ဂိုဏ်းတည်းပြတဲ့ အာစရိယဆရာ မာတာပိတုဂုဏော အနန္တော စသည်ဖြင့် မိဘတို့၏ ဂုဏ်ကျေးဇူးတို့ကို ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်တို့နှင့် နှိုင်း၍ ရဲရဲရင့်ရင့် အဆိုပြုခဲ့ကြဟန်ရှိ၏။

ထို့ကြောင့် မိဘတို့ကို အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဟူ၍ လည်းကောင်း၊ မြင့်မိုရ်တောင်ဦး မကကြီးသည့် ကျေးဇူးကြီးလှ မိနှင့်ဖ ဟူ၍ လည်းကောင်း ဆိုရိုးစကားပြုကြသည်။

သားသမီးတို့သည် မိဘတို့အား တာဝန်ကျေပွန်အောင် ကျေးဇူးဆပ်မည်ဟု အမိကို လက်ယာပခုံးမှာ တင်ထား၊ အဖကို လက်ဝဲပခုံးမှာ တင်ထားပြီး ထိုမိဘတို့၏ စွန့်ပစ်သော ကျင်ကြီးကျင်ငယ်စသည့် အညစ်အကြေးများကို သုတ်သင်ဆေးကြောပြီး အမွှေးနံ့သာတို့ဖြင့် လိမ်းကျံခြင်း စသည်တို့ကို အနှစ်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေးငြားသော်လည်း မိဘတို့၏ကျေးဇူးကို ကျေပွန်အောင် ဆပ်ပြီးသည်ဟု မဆိုနိုင်သေး။

ထိုမှတစ်ပါး အဖကိုစကြဝတေးမင်းအဖြစ်ထားပြီး အမိကို စကြဝတေးမင်း၏ မိဖုရားအဖြစ်ထားကာ ပြုစု လုပ်ကျွေးငြားသော်လည်း မိဘတို့၏ကျေးဇူးကို ကျေပွန်အောင် ဆပ်ပြီးသည်ဟု မဆိုရသေးဟု အင်္ဂုတ္တိုရ်နိကာယ် ဒုကနိပါတ် မာတာပိတုသုတ်မှာ မြတ်စွာဘုရား ဟောကြားထားပေသည်။

ဤသို့ဆိုလျှင် မိဘတို့၏ ကျေးဇူးကို ကျေပွန်အောင် မည်ကဲ့သို့ ဆပ်ရ



www.burmeseclassic.com

www.burmeseclassic.com

မည်နည်း၊ မည်သို့ ကျေးဇူးဆပ်မှ မိဘတို့၏ ကျေးဇူးဆပ်သည့် တာဝန်ကျေမည်နည်း ဆိုသည်ကို မာတာပိတုသုတ်မှာ မြတ်စွာဘုရားက . . .

"အကြင် သားသမီးသည် သဒ္ဓါတရားမရှိသေးသော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌ တည်စေမည်၊ သီလမရှိသေးသော မိဘတို့ကို သီလပြည့်စုံခြင်း၌ တည်စေမည်၊ ဝန်တိုမစ္ဆရိယရှိသော မိဘတို့ကို စွန့်ကြဲပေးကမ်းခြင်း၌ တည်စေမည်၊ ပညာမရှိသေးသော မိဘတို့ကို ပညာနှင့် ပြည့်စုံခြင်း၌ တည်စေမည် ဆိုလျှင် ကူညီအောင်ပြုလုပ်ပေးမည်ဆိုလျှင် ထိုသားသမီးများသည် မိဘတို့၏ကျေးဇူးကို ကျေပွန်အောင် ဆပ်ပြီးသည်မည်၏" ဟု ဆက်လက် ဟောကြားတော်မူခဲ့သည်။

ထိုသို့ ကျေးဇူးဆပ်၍ မကုန်နိုင်အောင်ရှိကြသော မိဘတို့အား ပြစ်မှားကျူးလွန်ကြသော သားသမီးတို့သည် ယခုပစ္စုပ္ပန်ဘဝ၌ လည်းကောင်း နောင်တမလွန်ဘဝ၌ လည်းကောင်း ဘေးဥပဒ်အန္တရာယ်များနှင့် တွေ့ကြုံရပြီး ဆင်းရဲဒုက္ခရောက်ကြရပေမည်။

မိဘတို့အား ပြစ်မှား ကျူးလွန်မိ၍ ဘေးဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရပုံဖြစ်ရပ်များထဲမှာ သာဓက တချို့ကို ကောက်နုတ်တင်ပြပါမည်။

ကဿပဘုရားရှင် လက်ထက်က ဗာရာဏသီပြည်မှာ အလွန်ချမ်းသာကြွယ်ဝသော သူဌေးသားတစ်ဦးရှိ၏။ သူ့အမည်မှာ မိတ္တဝိန္ဒက ဖြစ်၏။ သူ့မိဘများမှာ သောတာပန်များ ဖြစ်ကြသော်လည်း သူ့မှာ မိဘတို့၏ ဆုံးမစကားကို နားမထောင် ဟိုယောင်ယောင်ဒီယောင်ယောင်။ သူ၏ မိခင်က လိမ္မာရေးခြားရှိစေလိုသောကြောင့် သူ့သားမိတ္တဝိန္ဒကအား ဥပုသ်နေ့တွင် ကျောင်းသို့သွားပြီး ဥပုသ်စောင့်၊ တရားနာပြီး ဘုန်းကြီးကျောင်းမှပြန်လာခဲ့လျှင် ငွေတစ်ထောင်ဆုချမည်ဟုဆိုကာ ဥပုသ်စောင့် တရားနာရန် လွှတ်လိုက်၏။

မိတ္တဝိန္ဒကမှာ ငွေလိုချင်သဖြင့် ကျောင်းသို့သွားကာ ဥပုသ်စောင့်ပြီး တရားပလ္လင်အောက်မှာ နေလျက်တစ်ညလုံး အိပ်ပြီး ပြန်လာ၏။

သူ့မိခင်က စောစောကြီးပင် ယာဂုကျိုထားနှင့်၍ ယာဂုပူပူလေးကို သူ့အနားမှာ ချပေး၏။ သူသည် ငွေတစ်ထောင်ကိုယူပြီးမှ ယာဂုသောက်၏။ ယာဂု သောက်ပြီးသောအခါ သူ့မှာ အကြံအစည်တစ်ခု ဖြစ်ပေါ်လာ၏။ ထိုအကြံအစည်မှာ လှေသင်္ဘောဖြင့် သမုဒ္ဒရာကိုဖြတ်ကာ ကုန်ကူးလိုခြင်းဖြစ်၏။ ထိုကိစ္စကို မိခင်အား ဖွင့်ပြော၏။

မိခင်က မိတ္တဝိန္ဒကအား ဖခင်ကွယ်လွန်သွားပြီဖြစ်ရာ မိခင်နှင့်သားအမေတစ်ခု သားတစ်ခုဖြစ်၍ လည်းကောင်း၊ ဥစ္စာပစ္စည်း စားသုံးလို့ မကုန်နိုင်အောင်ထိ ရှိနေ၍ လည်းကောင်း ကမ်းမမြင် လမ်းမမြင် ပင်လယ်သမုဒ္ဒရာပြင်ကို ဖြတ်ကျော်ကာ ခရီးသွားလာခြင်းကိုမလုပ်ရန် အကြိမ်ကြိမ် တားမြစ်ခဲ့သည်။ သို့ရာတွင် မိခင်၏စကားကို လက်မခံချေ။

မိခင်က သားအား အတန်တန်တားပြီး မသွားရန် ရှေ့ကနေတား၏။ ထိုအခါသူသည် မိခင်ကို ဒေါသအမျက်ခြောင်းခြောင်းထွက်၍ "အိုဗျာ ဒီအမယ်အိုကြီးနှယ်၊ ငါ့ရှေ့ကနေ ကန့်လန့် ကန့်လန့် လာရှုပ်နေပြန်ပြီ"ဟု ခြေဖြင့် ကန်ကျောက်၍ လဲသွားသော မိခင်ကို သူ့ခြေနှစ်ချောင်းကြားက ကျော်လွှားပြီး ပင်လယ်ခရီး ထွက်သွားခဲ့သည်။

ပင်လယ်ထဲသို့ ရောက်ပြီး ခုနစ်ရက်မြောက်သောနေ့မှာ သူတို့ စီးလာသော လှေသည် ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာပြင်ကျယ်ဝယ် သောင်မတင် ကျောက်မချဘဲ ရုတ်တရက် ရပ်တန့်သွားလေသည်။

ထိုအခါ လှေသူကြီးလုပ်သူက 'ငါတို့လှေမှာ သူယုတ်မာပါတာ' ဖြစ်ရမယ်ဆိုပြီး စာရေးတံမဲ ချသည့်အခါ မိတ္တဝိန္ဒကသည် သုံးကြိမ်တိတိ မဲကျခဲ့သည်။

ထို့ကြောင့် လှေသင်္ဘောပေါ် ပါလာသူများက သူ့အား ဖောင်တစ်ခုနှင့် သမုဒ္ဒရာထဲသို့ မျှောချလိုက်၏။ ထိုအခါကျမှ လှေသည် ဘေးမသီ ရန်မခဘဲ သွားမြဲတိုင်း သွားနိုင်လေသည်။

မိတ္တဝိန္ဒကမှာ တစ်ခုသောကျွန်းငယ်ရှိ မြို့တစ်မြို့သို့ရောက်သွားခဲ့သည်။ ထိုမြို့ကား ဥဿဒရဲမြို့ပင် ဖြစ်သည်။

သူ့မှာ မိခင်အား ပြစ်မှားခဲ့သော အကုသိုလ်ကံကြောင့် ကြာမြင့်စွာသော ကာလပတ်လုံး ဆင်းရဲပင်ပန်းစွာ ငရဲဒုက္ခများကို ခံစားခဲ့ရသည်။

xxx

မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်အလောင်းသည်လည်း တစ်ခုသော ရှေးဘဝတုန်းက မယားမိုက်၏ စကားကို နားထောင်ယုံမှားမိပြီး မျက်မမြင် မိဘနှစ်ဦးကို တောအုပ်တစ်ခုသို့ လှည့်ပတ် ခေါ်ဆောင်ကာ ခိုးသူယောင်ဆောင်ပြီး ရိုက်နှက်ညှဉ်းဆဲကာ တောအုပ်အလယ်တွင် ပစ်ချခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ဘဝတစ်ရာပတ်လုံး ရိုက်နှက် ညှဉ်းဆဲခံရပြီး သေကျေပျက်စီးကာ အနှစ်ထောင်ပေါင်းများစွာ ငရဲ၌ ခံရ၏။ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် တန်ခိုးအရာတွင် ဧတဒဂ်ရသော လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်၏ အဖြစ်မှာပင် မိဘတို့ကို ပြစ်မှားမိဖူးသော အကုသိုလ်ကံကြွင်းကြောင့် ခိုးသားငါးရာတို့ ရိုက်နှက်၍ ပရိနိဗ္ဗာန် ပြုခဲ့ရလေသည်။

အကြင်ပုဂ္ဂိုလ်သည် မိဘတို့ကို တရားသဖြင့် လုပ်ကျွေးအံ့၊ ထိုပုဂ္ဂိုလ်ကို နတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်၏ဟူသော "ယောမာတရံ ပိတုရံ ဓမ္မေန၊ ပေါသေတိ တံဒေဝါရက္ခန္တိ" ဟု မြတ်စွာဘုရားက ဟောတော်မူခဲ့သည်။ ထို့ပြင် မြတ်စွာဘုရားက မိဘတို့ကို ပြုစုလုပ်ကျွေးသော ရဟန်းတော်များကိုပင် သာဓု သုံးကြိမ်ခေါ်တော်မူပြီး . . .

လပြည့်ဝန်းမဂ္ဂဇင်း (မတ်လ၊ ၂၀၁၅)



www.burmeseclassic.com

www.burmeseclassic.com

"ချစ်သား ရဟန်းတို့ မိဘတို့ကို လုပ်ကျွေးပြုစုခြင်းမည်သည် ပညာရှိသူတော်ကောင်းတို့တည်း" ဟူ၍လည်း ဆောင်းချီးပေးတော်မူခဲ့ပေသည်။

ထို့ကြောင့် မိဘတို့ကို လုပ်ကျွေးပြုစုသော သူကို ဘယ်လိုရန်သူမျိုးမှ နှိပ်စက်မညှဉ်းဆဲနိုင်ဘဲ သေဘေးမှ ဆောင် ကင်းဝေး လွတ်မြောက်စေပါသည်။ သာဓကအနေဖြင့် တင်ပြရလျှင် ဘုရားအလောင်းတော် သုဝဏ္ဏသာမ ဖြစ်စဉ်အခါက မျက်မမြင် ဒုကူတများ ဖြစ်သော ဒုကူလနှင့် ပါရိကာမိဘနှစ်ပါးတို့ကို လုပ်ကျွေးပြုစုစောင့်ရှောက် သည့်အတွက် ပီဠိယက္ခမင်း ပစ်အပ်သော အဆိပ်လူးမြား ထိမှန်စူးဝင်ငြား သော်လည်း နတ်ကောင်းနတ်မြတ်တွေ က ကူညီစောင့်ရှောက်ကြသဖြင့် သေကံ မရောက် သက်မပျောက်ဘဲ မရဏသေ ဘေးမှ လွတ်မြောက်ခဲ့ရသည်။

ထိုမှတစ်ပါး ဘုရားအလောင်း တော် သုမနမည်သော သူဆင်းရဲသည် မိဘတို့ကို ပြုစု လုပ်ကျွေးနေသည့် အတွက် ဘီလူးစားခံရန် ဘီလူးထံသို့ ရောက်ငြားသော်လည်း ဘီလူးစားမခံ ရဘဲ သေဘေးမှ လွတ်မြောက်ကာ စစ်သူကြီး သေနာပတိရာထူးကိုတောင် ရရှိခဲ့ဖူးသည်။

ထို့ပြင် ဘုရားအလောင်းတော် နန္ဒိယသမင်မင်း၊ လင်းတမင်း၊ ကေဒါရ ကျေးမင်းစသည်တို့သည် မိဘတို့ကို ပြုစုလုပ်ကျွေးခဲ့ကြသည့်အတွက် အသီးသီးကျော့ကွင်း၌ မိငြားသော်လည်း ကျော့ကွင်းမှ လွတ်ကင်းကာ သေဘေးမှ လွတ်ခဲ့ကြသည်။

နောက်ထပ် သာဓကတစ်ခုမှာ ဘုရားအလောင်းတော်သည် ရတနာ ပဇ္ဇောတမင်းသားဖြစ်သောအခါ မယ်တော်ကို လုပ်ကျွေး၍ ဟိမဝန္တာတော အရပ်၌နေ၏။ တစ်နေ့တွင် မယ်တော်သည် ဘီလူးစောင့်သော သစ်ပင် အောက်သို့ဝင်မိသောကြောင့် "ငါ့အစာ ဖြစ်ပြီ" ဟူ၍ ဘီလူးက ဖမ်းထား၏။

ဘုရား အလောင်းတော်သည် မယ်တော်ရောက်ချိန်ကို မရောက်လာသဖြင့် မယ်တော်အား သွားရှာရာ မယ်တော်သည် အဝေးကပင် "ချစ်သား၊ ဤနေရာကို မလာနှင့်၊ ငါ ဘီလူးအစာ ဖြစ်ချေပြီ၊ သားလာလျှင် သားကိုပါ စားလိမ့်မယ်" ဟု လှမ်းအော်၏။

ထိုအခါ ဘုရားအလောင်းတော် သည် သစ်ရိပ်လွတ်ရာကနေ၍ "အသင် ဘီလူး၊ ငါ၏ မယ်တော်ကို အပြစ်မရှိဘဲ အဘယ်ကြောင့် ဖမ်းထားသနည်း" ဟု မေး၏။

ဘီလူးက "နေမွန်းတည့်သော အခါ ကျရောက်သည့် သစ်ပင်အရိပ်သို့ ဝင်လာသူအား စားရန် သိကြားမင်းက ငါ့ကို အခွင့်အာဏာပေးထားသည်၊ သင့် မိခင်မှာ ငါ၏သစ်ပင်ရိပ်သို့ဝင်လာသော ကြောင့် ငါစားရန် ဖမ်းထားကြောင်း" ပြော၏။

ထိုအခါ ဘုရားအလောင်းတော် ရတနာပဇ္ဇောတမင်းသားက ငါ့မယ် တော်ကို လွှတ်ပေးလိုက်ပြီး ငါ့ကိုသာ စားပါဟု ပြောလိုက်၏။ ထိုစကားကို မယ်တော်ကြီး ကြားသောအခါ . . .

"ငါ့သားတော် မိခင်မှာကား သက်ကြီးရွယ်အိုဖြစ်နေပြီ၊ သေသင့်ပြီ၊ သားတော်မှာ အသက်ငယ်ငယ်လေး သာရှိသေးသည်၊ မသေသင့်သေးဘူးဟု တားမြစ်၏။

သို့ရာတွင် သားတော်မှာ မယ် တော်၏စကားကို လက်မခံချေ။ မယ် တော်ကို သစ်ပင်ရိပ်မှ ထွက်စေပြီး သူမှာ မယ်တော်ကိုယ်စား ဘီလူး အစားခံရန် သစ်ပင်ရိပ်သို့ ဝင်သွားလေသည်။

ထိုစဉ် ဘီလူးသည် မင်းသားထံ သို့ ချဉ်းကပ်လာ၏။

မင်းသားက ဘီလူးအား . . .

"သင်သည် ငါ့ကိုယ်ခန္ဓာမှ ဘယ် အသားအလွန်ကြိုက်သလဲ" ဟု မေးရာ နှလုံးသားကို ကြိုက်ကြောင်းပြော၏။

ထိုအခါ မင်းသားသည် မယ် တော်အား ကန်တော့ကာ . . .

"ငါ၏အသက်မထွက်မီ ရှေ့အဖို့ ၌ နှလုံးသားကိုထုတ်၍ ပေးရပါလို၏" ဟု အဓိဋ္ဌာန်သစ္စာပြုပြီးမှ နှလုံးသားကို ထုတ်ပေးပြီး မယ်တော်ထံသွားရောက် ရှိခိုးမည်ပြုသော်လည်း စကားမပြောနိုင်။ မိန်းမောလျက်ပင် ရှိနေသည်။

ထိုအဖြစ်အပျက်ကို မြင်တွေ့ရ သောအခါ မယ်တော်မှာ ဘီလူးအား-

"မိဘကို လုပ်ကျွေးသော ငါ့ သားကို စားရသလား။ အခုချက်ချင်း ငါ့ သားကို အသက်ရှင်အောင် လုပ်ပေး" ဟု ဆိုလိုက်၏။

ထိုအခါ ဘီလူးမှာ အလွန်မင် ကြောက်လန့်ပြီး မင်းသားရှိရာသို့ သွား၍ နှလုံးသားကို အန်ထုတ်ပြီးလျှင် နတ်ဆေးတို့ဖြင့် ဖျော်၍ မင်းသားဝမ်းထဲသို့ သွင်းလေသည်။ မင်းသားမှာ မိဘကို လုပ်ကျွေးသောအကျိုး၊ နတ်တို့၏ အာနုဘော်တန်ခိုးတို့ကြောင့် အသက်ပြန်ရှင် ခဲ့သည်။

ဘီလူးမှာ ထိုသားအမိနှစ်ဦးအား ဤအရပ်တွင်နေသမျှ ကာလပတ်လုံး ဘေးအန္တရာယ် မရှိအောင် ကာကွယ် စောင့်ရှောက်ပေးသွားမည်ဟု ဘတိပြု ကာ ကူညီခဲ့လေသည်။

ဤဖြစ်ရပ်တို့မှာ ကျေးဇူးတရား အလွန်ကြီးမားသော မိဘတို့ကိုလုပ် ကျွေးသော သားသမီးတို့မှာ မည်သည့် အခက်အခဲနှင့် ရင်ဆိုင်တွေ့ကြုံရစေကာမူ ဘေးအန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးကြသော ပြယုဂ်များပင်ဖြစ် သည်။

သို့ဖြစ်၍ အနန္တဂိုဏ်းဝင် အနိုင်းမဲ့ ကျေးဇူးရှင် မိခင်၊ ဖခင်တို့အား သားသမီးတိုင်းက လုပ်ကျွေးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**တွန်းအားရှင်**

□





www.burmeseclassic.com

www.burmeseclassic.com

# တကယ်ပဲလက်တွေ့သမားရှာလား



## ရွှေခင်

ပန်းချီအောင်ခိုင်လ

ကျွန်မ၏ ဖွားဖွားသည် ငယ်ရွယ်စဉ်ကပင်လျှင် မိဘ၏ ရိုက်နှက်ဆုံးမမှုကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး ကြားရသမျှကို လက်တွေ့စမ်းသပ်ကြည့်ရှုရန် ဝန်မလေးသူ ဖြစ်ပါသည်။ ထို့ကြောင့် အိမ်နီးချင်းများက မကြာခဏ ဝင်ရောက် ဖျန်ဖြေရလောက်အောင် တစ်ပတ် သုံးလေးကြိမ်လောက် အရိုက်ခံရသူ ဖြစ်ပါသည်။

စပ်စုလိုသော ဖွားဖွား စိတ်အဝင်စားဆုံးမှာ ခြံချင်းတပ်နေသော အပျိုကြီး ညီအစ်မနှစ်ယောက် ဖြစ်ပါသည်။ ထိုညီအစ်မ နှစ်ယောက်သည် မည်သူနှင့်မျှ ရောနှောလေ့ မရှိသည့်အပြင် အထူးသဖြင့် ကလေးများကို မျက်စိနောက်သည်ဟု အကြောင်းပြပြီး သူတို့ခြံဝင်းထဲသို့ အဝင်မခံပါ။

သီးပင်စုံလင်လှသော သူတို့ခြံဝင်းထဲ၌ ရာသီအလိုက် သီးနှံများ အမြဲမပြတ် ရှိနေတတ်ပြီး သူတို့ခြံထွက် အသီးအနှံများမှာ အလွန်ကောင်းမွန်၍ နာမည်ကြီးလှပါသည်။

ထို့ကြောင့် ကလေးများသည် လစ်ရင်လစ်သလို ခြံဝင်းထဲသို့ဝင်နိုင်ရန် အခွင့်အရေးကို စောင့်နေကြသလို ကျွန်မ၏ ဖွားဖွားကလည်း အလွန်ခိုင်ခံ့စွာ ပိတ်ထားသော ဝင်းတံခါးအနီး၌ ယောင်ပေပေ နေတတ်ပါသည်။

ကျွန်မ ဖွားဖွား၏မိခင်သည် ထိုအပြုအမူမျိုးကို လုံးဝ မနှစ်သက်၍ မကြာခဏ ဆုံးမလေ့ရှိပါသည်။ တိုးတိုးတိတ်တိတ် ဆုံးမနေရခြင်းမှာ အလွန်လက်သံပြောင်သော ဖွားဖွား၏ဖခင် ကြားမှာစိုး၍ ဖြစ်ပါသည်။ သို့သော် ဇွဲအလွန်ကြီးလှသော အဖွားသည် မကြာခဏ ထိုခြံဝတွင် ရစ်သီရစ်သီ လုပ်နေသဖြင့် ကြောက်ရွံ့သွားလျှင် ထိုအပြုအမူကို လက်လျှော့မည်ဟု အထင်ရှိပြီး ဖွားဖွား၏မိခင်သည် တိုးတိုးတိတ်တိတ်ဖြင့် ယခုလို ပြောပြမိပါသည်။

"သမီးရယ် ဟိုဘက်ခြံကို မသွားချင်ပါနဲ့ သူတို့ ညီအစ်မနှစ်ယောက်စလုံး ပညာတတ်ကြတယ်"

"ဒါကြောင့် သူတို့ကို ဘယ်သူမှ အပေါင်းအသင်း မလုပ်ရဲကြဘူး"

ထိုစကားများသည် အဖွား၏ စပ်စုလိုစိတ်ကို နှိုးဆွပေးသလို ဖြစ်ပြီး "ပညာတတ်"ဆိုသော စကားက အလွန်စိတ်ဝင်စားဖွယ် ကောင်းလှတော့သည်။

ထို့ကြောင့် အဖွားက "သူတို့က ဘာပညာတွေတတ်တာလဲ၊ ပညာတတ်ဆိုရင် ဂုဏ်တောင် ရှိသေးတယ်" ဟု အဖွားက ပြန်ပြောသောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့... ပညာတတ်ဆိုတာ ကြားကောင်းအောင် ပြောတာ၊ စုန်းညာကို ပြောတာ၊ သူတို့ မကြိုက်တာ ဆိုရင် ပြုစားတတ်တယ်" ဟု ဖွားဖွား၏ မေမေက ပြန်ပြောပြပါသည်။

ထိုအခါ ဖွားဖွားက "သူတို့ စုန်းညာတတ်တာကို ဘယ်သူက မျက်မြင်တွေ့လို့ ပြောနေကြသလဲ၊ စုန်းဆိုတာ ဘာတယ် ကြောက်စရာကောင်းလား သိချင်လိုက်တာ အမေရယ်" ဟု ပြန်ပြောသဖြင့် ဖွားဖွား၏မိခင်မှာ ပျာပျာသလဲဖြင့် ...

"ဟဲ့... သွားမစပ်စုနဲ့၊ သူတို့ ခေါင်းအလယ်မှာ ဘုလုံးကြီးနဲ့၊ မွန်းတည့်ချိန်မှာ သူတို့ မျက်စိသူငယ်အိမ်မှာ လူရုပ်က ဖောက်ထိုးကြီးပေါ်လာတာ" ဟု ပြောမိပြောရာဖြင့် ထိုဇာတ်လမ်းကို အဆုံးသတ်လိုက်ပါသည်။ ဖွားဖွား၏ မိခင်မှာ ထိုသို့ပြောလျှင် ကြောက်ရွံ့ပြီး ငြိမ်သွားမည်ဟု ထင်မိသောကြောင့် ဖြစ်ပါသည်။

လက်တွေ့ မြင်တွေ့လိုလှသော ဖွားဖွားသည် ခေါင်းပေါ်မှာ ဘုကြီးနှင့် သူငယ်အိမ်ထဲမှာ လူရုပ်ဖောက်ထိုးကို အလွန် ကြည့်ချင် မြင်ချင်လှသော စိတ်မှာ တားမရ ဆီးမနိုင် ဖြစ်လာပြီး ထိုအိမ်ကို ဝင်ရောက်နိုင်ခွင့်ကို ယခင်ကထက် ဝီရိယစိုက်ပြီး စောင့်စားနေမိပါတော့သည်။

ကံကောင်းထောက်မ၍ဟု ဆိုမလား သို့မဟုတ် ကံဆိုးမိုးမှောင် ကျလာ၍လား မသိပါ၊ ဖွားဖွား၏ လိုအင်ဆန္ဒသည် တစ်နေ့သောအခါ ဆိုင်းမဆင့် ဗုံမဆင့် ပြည့်ဝလာပါတော့သည်။

ခြံဝတွင် ရစ်သီရစ်သီ လုပ်နေသော ဖွားဖွားနှင့် အပြင်မှပြန်လာသော ညီအစ်မနှစ်ယောက်နှင့် ထိပ်တိုက်တိုးသောအခါ ထိုအခွင့်အရေးကြီးကို လက်လွှတ်မခံနိုင်သဖြင့် ဖွားဖွားသည် ထိုညီအစ်မအား ပြုံးရွှင်သော မျက်နှာဖြင့် "ဒွေးလေးတို့ ဘယ်က ပြန်လာကြတာလဲ၊ ဈေးဝယ်လာကြတာလား၊ ကျွန်မ သယ်ပေးပါရစေ" ဟု ပြောပြောဆိုဆိုဖြင့် ထိုညီအစ်မလက်ထဲမှ ခြင်းတောင်းကို အတင်းဆွဲယူပြီး ခြံထဲသို့ အတင်းဝင်လိုက်သွားပါ တော့သည်။

ညီအစ်မနှစ်ယောက်သည် သူတို့ခြံဝင်းထဲသို့ ယခုလို ဇွတ်ဝင်ရောက်လာခြင်းကို ချက်ချင်းအော်ဟစ်ပြီး မောင်းထုတ်ချင်သော်လည်း အဖွား၏မိဘများမှာ နှစ်ပေါင်းများစွာ အိမ်နီးချင်းဖြစ်ပြီး ရွာမိရွာဖများအဖြစ် အများက လေးစားကြသဖြင့် လက်ခံပြီး စကားမပြောလိုသော်လည်း မြန်မြန် ပြန်သွားစေချင်သဖြင့် "ညည်းတို့ ခြံထဲက ဘာအသီးကို ဝယ်ချင်သလဲ၊ တို့ အလကားပေးလိုက်မယ်၊ လိုချင်တာကို ပြော" ဟု အသံပြတ်ပြတ်ဖြင့် မေးမြန်းကြပါသည်။

အကြံသမား ဖွားဖွားသည် အလွန်ပြုံးရွှင်သော မျက်နှာနှင့် "ရောက်တုန်းရောက်ခိုက် ဒွေးလေးတို့ခေါင်းမှာ ဆံပင်ဖြူတွေ နုတ်ပေးပါရစေ" ဟု ချိုသာစွာ ပြောသောအခါ ...

"ဟေ့... တို့ တစ်ခေါင်းလုံး ဖွေးဖြူနေတာကို နုတ်လိုက်ရင် ဆံပင်တစ်ဇင်မှ ကျန်တော့မှာ မဟုတ်ဘူး" ဟု စိတ်တိုသံနှင့် ပြန်ပြောပါသည်။

ထိုအခါ ဇွဲမလျှော့သော အဖွားသည် အထူးအောက်ကျို့စွာဖြင့် "ကျွန်မ ကြားဖူးတာက အသစ်ပေါက်တဲ့ ဆံပင်ဖြူပေါက်စလေးတွေက သိပ်ယားတယ်တဲ့၊ ကျွန်မ ရှာပြီး နုတ်ပေးပါရစေ" ဟု အပျော့ဆွဲဆွဲပြီး ဖွားဖွားက ပြောသောအခါ မြန်မြန်ပြီးရင် မြန်မြန်ပြန်မည်၊ မြန်မြန်ပြန်လျှင် မြန်မြန်နားအေးမည်ဟု သဘောပေါက်ပြီး ညီအစ်မနှစ်ယောက်စလုံးမှာ အဖွား၏ အလိုဆန္ဒကို လိုက်လျောမိလိုက်ကြပါတော့သည်။

ကျွန်မ ဖွားဖွား၏ လက်သွက်မှုကြောင့် မိနစ်ပိုင်း အတွင်း၌ပင်လျှင် ညီအစ်မနှစ်ယောက်မှာ ဆံပင်ဖားလျားဖြင့် တစ်ခေါင်းလုံးရှုပ်ပွသွားကြတော့သည်။

ဖွားဖွားသည် အကြံသမားပီပီ ညီအစ်မ နှစ်ယောက်စလုံး၏ ဆံပင်ကို အလယ်၌ခွဲပြီး သဲကြီးမဲကြီး ဘုကို ရှာဖွေရာ မတွေ့သောကြောင့် စိတ်မရှည်တော့ဘဲ "ဟင်- အရီးတို့ ခေါင်းပေါ်မှာ ဘုလဲ မရှိပါလား" ဟု ပြောပြီး ညီအစ်မနှစ်ယောက်၏ မျက်စိကို ဖွင့်ဖြဲကြည့်ရင်း ...

"ဒွေးလေးတို့ မျက်စိသူငယ်အိမ်မှာ လူရုပ်ဖောက်ထိုးပုံ ရှိတယ်ဆို" ဟု မေးမြန်းလိုက်ရာ ညီအစ်မနှစ်ယောက်သည် ဤအဓိပ္ပာယ်ကိုနားလည်သွားသဖြင့် သူတို့ကို ဘယ်သူက စုန်းလို့ စွပ်စွဲနေသလဲဟု ဒေါသူပုန်ထ၍ မေးမြန်းကြပါတော့သည်။

ထိုအခါ အဖွားသည် ကလေးပီပီ အလွန်ဖြောင့်မတ်စွာဖြင့် မိမိ၏ မိခင်မှ ပြောကြောင်း တစ်လုံးမကျန် ဇာတ်စုံခင်းပြလိုက်ပါတော့သည်။

ဤကိစ္စမှာ ပဏာမတီးလုံးမျှသာဖြစ်၍ နောက်ဆက်တွဲ ပေါက်ကွဲမှုကိစ္စများမှာ ရပ်ကျော် ရွာကျော်ဖြစ်ပြီး ရပ်ကွက်လူကြီးအိမ်၌ ကန်တော့ပွဲဖြင့် ဝန်ချတောင်းပန်ကြရသလို မျက်နှာပြင်သည်ဟု ထိုဒေသထုံးစံအရ ငွေငါးရာကျပ် လူအများရှေ့၌ လျော်ကြေးပေးအပ်ကြရပါသည်။

တစ်သက်နှင့်တစ်ကိုယ် လူများကဲ့ရဲ့ဝေဖန်ခြင်းကို မခံခဲ့ရသော မိဘများမှာ အလွန်အရှက်ရပြီး သားသမီးကို ဆိုဆုံးမမှုချို့ယွင်းချက်ကြောင့် နောင်တရကြရပါသည်။

တကယ့်လက်တွေ့သမား ဖွားဖွား၏ရလဒ်သည် စာဖြင့်ရေးဖွဲ့၍ မပြနိုင်လောက်အောင် ဖခင်ဖြစ်သူ၏ ဝါးခြမ်းပြားစကြာအောက်၌ အလူးအလဲခံစားလိုက်ရသဖြင့် အိပ်ရာထဲ၌ ပရုတ်ဆီ၊ နနွင်းတို့နှင့် တစ်ပတ်တိတိ အံကြိတ်ပြီး ဝေဒနာကိုခံစားလိုက်ရရှာသတည်း။

လက်တွေ့ဆန်လွန်းလျှင် ယခုလို ပြဿနာနှင့် ရင်ဆိုင်မိတတ်ကြောင်းကို သတိပြုကြရန် စေတနာဖြင့်။

**ရွှေခင်**

www.burmeseclassic.com



www.burmeseclassic.com

ငါ့ရဲ့လက်နှစ်ဖက်ကို ကြည့်ပါဦး၊ ဆုတ်ခဲ့ပေါ်က အရေပြားတွေက တွန့်ကြေပြီးတွဲအိနေတယ်။ အကြောတွေကလည်း ဖောင်းပွတွန့်လိမ်နေတယ်။ တိုင်ကောင်တွေ တွယ်ကပ်နေသလိုပဲ။ နှုတ်ခမ်းတလည်း ပါးစပ်ထဲကို ချိုင့်ဝင်နေသေးတယ်။ ဝင်နေမှာပေါ့ နှုတ်ခမ်းကို ထောက်ထားတဲ့ သွားတွေမှ မရှိတော့တာ။ ဆံပင်တွေလည်း ဖြူကုန်ပြီ။ ဆံဖြူသွားကျိုးရုံတင် ဘယ်ကမှာလဲ၊ မျက်စိကလည်း မှုန်မှုန်မွှားမွှား၊ ခြေတွေလက်တွေကလည်း တုန်တုန်ယင်ယင်၊ စိတ်သွားတိုင်း ကိုယ်မပါဘူးဆိုတာ ဒါနဲ့ တူပါတယ်။

ရောဂါဆိုတာလည်း ခုတစ်မျိုး နောက်ကြာတစ်မျိုး။ ခြေတွေလက်တွေ ကိုက်ခဲနေရာက ဇက်ကြောတွေတက်၊ ခါးတွေနာပြန်ရော။ ခါးက နာပါများတော့လည်း ခါးတောင် ကုန်းနေပြီ။ ထိုင်းရင့်ရော်ခြင်းရဲ့ရလဒ်က ခန္ဓာကိုယ်ကြီး ပျက်စီးခြင်းပဲ။ အိုခြင်း၊ နာခြင်းတွေနဲ့ ရင်ဆိုင်မိမှပဲ ခန္ဓာကိုယ်ကြီးကို ငြိုးတီးစက်ဆုပ် ရွံ့ရှာတဲ့စိတ်တွေက တွန်းမိုးလာတာ။

အသက်က ရှစ်ဆယ်ကျော်ပြီလေ။ ဒီတော့လည်း အိုနာခြင်းရဲ့ ရုပ်သတ္တဏ်တွေ ပေါ်လာပြီပေါ့။

ခန္ဓာဆုတဲ့ ရုပ်ကောင်ကြီးကို အိုနာခြင်းက ညှဉ်းပန်းနှိပ်စက်တယ်။ အိုနာခြင်းရဲ့ နောက်ကွယ်မှာ သေဆုံးခြင်းဆိုတာ ရှိနေမှာပဲ။ အိုနာခြင်းနဲ့ ကြုံတွေ့နေရတဲ့ ငါဟာ သေခြင်းတရားကိုတော့ ရင်မဆိုင်ရဲသေးပါဘူး။

မက်မော တွယ်တာစရာဆိုလို့ ဘာတစ်ခုမှ မရှိဘဲ ပျက်စီးယိုယွင်းနေတဲ့ ငါ့ခန္ဓာကို ဘာဖြစ်လို့များ မစွန့်လွှတ်နိုင်ရသလဲ။ ငါ မသေချင်သေးပါဘူး။ ငါသေရမှာ ကြောက်နေလို့လား။ မဟုတ်သေးပါဘူးလေ။ ငါ့ရဲ့ ဒီခန္ဓာကိုယ်ကြီးကို ငါ တွယ်တာခြင်း၊ မက်မောခြင်း လုံးဝမရှိတော့ပါဘူး။

ဒါဖြင့် ငါ ဘာတွေကို တွယ်တာနေတာလဲ။ အင်း. . . ငါ့ရင်ထဲကဖြစ်တဲ့ ငါ့သမီးတွေကိုပေါ့။ ဟုတ်တယ်. . . ငါ့သမီးတွေကို ငါ စိတ်မချနိုင်သေးဘူး။

သူတို့လေးတွေမှာ လင်တွေ သားတွေ သမီးတွေနဲ့ လူ့လောကအလယ်မှာ ယောင်လည်လည် ယောင်ချာချာဖြစ်မှာ စိုးရိမ်နေမိတယ်။ သမီးတွေနဲ့ ငါ ခွဲခွာ မသွားနိုင်သေးဘူး။ သူတို့လေးတွေကို ငါ စောင့်ရှောက်ချင်သေးတယ်။ ငါ့ရဲ့ခွန်အားတွေ ဆုတ်ယုတ်နေပေမယ့် ငါ့သမီးတွေ အတွက်ဆို ငါ့မှာ ခွန်အားအပြည့်ရှိနေတယ်။

ပြောသာ ပြောတာပါလေ. . . တကယ်တော့လည်း သမီးတို့ရဲ့ လိုအပ်ချက်တွေကို ငါ ဘယ်လိုဖြည့်ဆည်းနိုင်မှာလဲ။ အရိုးပေါ် အရေတင်နေတဲ့ ဒီခန္ဓာကြီးကိုတောင် ငါ မသယ်ချင်တော့တာ၊ ကိုယ်ရောစိတ်ပါ လေးလံထိုင်းမှိုင်းနေတဲ့အရွယ် ရောက်နေပြီ။

ငါ ငယ်ငယ် ဆယ်ကျော်သက်အရွယ်ကများ ငါ့ခန္ဓာက ပေါ့ပါးဖျတ်လတ်လိုက်တာ။ အဲဒီတုန်းက အိုခြင်းနာခြင်းတွေကို မတွေးတော၊ မစဉ်းစားခဲ့မိဘူးလေ။

နုပျိုစဉ်အချိန်ကများ ငါ့လက်လေးတွေက တင်းရင်းပြီး ပြည့်ဖြိုးမို့မောက် သွယ်လျနေတာပဲ။ အဲဒီလက်လေးတွေကို တယုတယကိုင်ပြီး လှလွန်းလို့ဆိုပြီး ငါ့ရည်းစားက နမ်းခဲ့သေးတယ်။

အခု ဒီအရွယ်မှာတော့ သွေးကြောတွေ ဖောင်းပွပြီး အရေပြားတွေ တွန့်ကြေနေတဲ့ ငါ့ရဲ့လက်ကို နမ်းမယ့်သူဆိုလို့ ခြင်တွေနဲ့ ယင်တွေပဲ ရှိတော့တယ်။ သံဝေဂတရား ရစရာ ကောင်းလိုက်တာ။ ဟုတ်ပါတယ်လေ၊ ပျိုရွယ်ခြင်းရဲ့အဆုံးမှာ အိုမင်းခြင်းဆိုတာရှိနေတာကိုး။

အခုတော့လည်း ငါ့ကိုယ်ပေါ်မှာ အလှအပဆိုလို့ ငါ စောင့်ထိန်းထားတဲ့ သီလပဲ ရှိတော့တယ်။

အိုခြင်း နာခြင်းရဲ့ ပန်းတိုင်ဟာ သေဆုံးခြင်ပဲ။ သေဆုံးခြင်းဆိုလို့ လင်တော်မောင် ကိုသာမြင့်ကို သတိရမိသေးတယ်။ ငါ့အသက်နှစ်ဆယ်လောက်က ကိုသာမြင့်နဲ့ ခိုးရာလိုက်ပြေးခဲ့လို့ မိဘတွေက အမွေဖြတ်ခဲ့တယ်။

အဲဒီအချိန်တုန်းကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်ဘူး။ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ နေရ ထမင်းရည်အတူ သောက်ရ သောက်ရဆိုပြီး ချစ်တဲ့စိတ်တစ်ခုပဲ သိခဲ့တာလေ။

ကိုသာမြင့်နဲ့ အနှစ် ၂၀ ကျော်လောက် ပေါင်းသင်းပြီးမှ ငါနဲ့ သေကွဲကွဲခဲ့ရတာ။ ကိုသာမြင့်ဆုံးသွားတာ ခုဆိုအနှစ် ၃၀ ကျော်ပြီပေါ့။ သူကတော့ ဝဋ်ဒုက္ခတွေ ကျွတ်သွားတာပေါ့လေ။ ငါ့မှာသာ အိုမင်းခြင်းနဲ့ ပေါင်းသင်းပြီး နာခြင်းတရားတွေကို မိတ်ဖွဲ့နေရတယ်။ ဒါကြောင့်လည်း ဒီခန္ဓာကြီးကို စွန့်လွှတ်ချင်တဲ့စိတ်ကွေ ဝင်လာရတာပေါ့။

ဒါပေမယ့်လည်း သမီးတွေကို မြင်လိုက်ပြန်တော့ ငါ့သမီးတွေအတွက် ငါ အသက်ရှင်နေရဦးမယ်ဆိုတဲ့ အသိက ဝင်လာပြန်ရော။

ပြောမယ့်သာ ပြောရတာပါ။ ခုချိန်မှာ သမီးတွေအတွက် ငါ ဘာမှ လုပ်မပေးနိုင်တော့ပါဘူး။ ဒါပေမယ့်လည်း ငါ့ဝမ်းနဲ့လွယ် ငါ့အသက်နဲ့ရင်းပြီး မွေးထားရတဲ့ ငါ့သမီးတွေကို စွန့်ခွာမသွားချင်သေးဘူး။ သူတို့မှာ လင်တွေ သားတွေ ရနေပေမယ့်လည်း ငါ့သမီးတွေကို မျက်စိအောက်က အပျောက်မခံနိုင်သေးဘူး။ ငါ့ရင်တွင်းမှာပဲ ထွေးပိုက်ထားချင်သေးတယ်။

ဒါကလည်း ငါဖြစ်ချင်တဲ့ စိတ်ကူးအိပ်မက်ပါလေ။ သူတို့မိသားစုထဲမှာ ငါ့ကို ထည့်သွင်းဖို့ဆိုတာ အဝေးကြီးပါ။ ငါ့မိသားစုထဲမှာသာ သူတို့က ဝင်ရောက် နေရာယူကြတာ။

ဟုတ်တယ်လေ. . . အဲဒီတုန်းက ငါ့မိသားစုမှာ ကိုသာမြင့်ရယ် ငါရယ် ငါ့သမီး ခြောက်ယောက်ရယ် ဒါပဲရှိတယ်။ အင်း. . . ငါတို့မိသားစုလေး အကြောင်း ပြောမိတော့ ငါ့ရဲ့ အပျိုစင်ဘဝကို သတိရမိသေးတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကိုသာမြင့်နဲ့ ငါ သမီးရည်းစား ဖြစ်တုန်းကများ ကိုသာမြင့်က ငါ့ရဲ့အလှ အပတွေကို စာဖွဲ့ ကဗျာဖွဲ့ တင်စားပြီး ရေးပေးခဲ့တဲ့ စာတွေ၊ စကားတွေကို ဒီနေ့ထိ ငါ မမေ့သေးပါဘူး။

ကိုသာမြင့်က ပြောသေးတယ်။ ငါ့ကိုများ နတ်သမီးလေးလားလို့တောင် ထင်ရသတဲ့။ မြှောက်ပြောတာလား၊ တကယ်ပြောတာလားတော့ မသိဘူး ပေါ့လေ။ သူ့ရဲ့စကားတွေ ကြားလိုက်ရတဲ့ ငါ့မှာတော့ ပီတိတွေဖြစ်၊ ဘဝင်တွေမြင့်။ အင်း. . . ဟုတ်တော့လည်း ဟုတ်မှာပါ။ ကိုသာမြင့် ပြောသလို ငါကလည်း အဲဒီအချိန်က မိန်းမတို့မှာ ရှိအပ်တဲ့ အလှအပတွေအားလုံး ပြည့်ပြည့်ဖြိုးဖြိုး ရှိနေတာကိုး။

သူ တင်စားမယ်ဆိုလည်း တင်စားလောက်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီး အလှဂုဏ်တွေ မောက်ခဲ့ရ သေးတယ်။ ကိုသာမြင့်နဲ့ အိမ်ထောင်ပြုပြီး တစ်အိုးတစ်အိမ် ထူထောင်ခဲ့တယ်။ ကိုသာမြင့်က သဘော်ကျင်းမှာ အလုပ်လုပ်ပြီး ပြည့်ပြည့်စုံစုံနဲ့ ငါ့ကို ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်။

အိမ်ထောင်သက်နှစ်တွေ ကြာလာတော့လည်း သမီးတစ်ယောက်က နှစ်ယောက်၊ နှစ်ယောက်ကသုံးယောက်၊ သုံးယောက်က လေးယောက် ဖြစ်လာတာပေါ့။

အဲဒီတော့လည်း ကိုသာမြင့် ဝင်ငွေလစာနဲ့ မိသားစု စားဝတ်နေရေးက မလုံမလောက် ဖြစ်လာပြန်ရော။ ဒီတော့ မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုသလို ငါလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် ဈေးတောင်း ခေါင်းပေါ်တင်ရ တော့တာပေါ့။

လွယ်လွယ်ကူကူပဲ ကုန်စိမ်း ရောင်းလိုက်ပါတယ်။ ကုန်စိမ်းဆိုတာ ဟင်းသီးဟင်းရွက်မျိုးစုံကို ပြောတာလေ။ ကုန်စိမ်းတွေကို သစ်သားဗန်းကြီးထဲမှာ အစီအရီထည့်ပြီး ခေါင်းပေါ်တင်၊ တစ်လမ်းဝင် တစ်လမ်းထွက်။

"အဲဒီက ဟင်းရွက်စုံ" လို့ ပါးစပ်ကလည်း အော်ရသေးတယ်။

ဟင်းရွက်စုံ စရောင်းတဲ့နေ့က များ ရှက်လိုက်တာ။ ခြေလှမ်းတွေလည်း မမှန်၊ အသံကလည်း တုန်တုန်ယင်ယင်။ ဘာဖြစ်ဖြစ် ငါ့သမီးတွေကောင်းကောင်း စား၊ ကောင်းကောင်းဝတ်နိုင်ဖို့အတွက် ငါ လုပ်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အားတင်းပြီး ရောင်းခဲ့ရတာပဲ။

သမီးတွေအတွက်ဆိုတော့ ရှက်နေလို့ဖြစ်မှာ မဟုတ်ဘူးလေ။ ငါ့ခြေလှမ်းတွေ ငါ့အသံတွေကို မြင့်သထက် မြင့်အောင် မြှင့်တင်ရမယ်။

ဒီလိုနဲ့ ကုန်စိမ်းရောင်းတဲ့ ရက်တွေ ကြာလာတော့လည်း တစ်နေ့ တစ်နေ့ လျှောက်ရလွန်းလို့ ခြေသလုံးတွေ တောင့်တင်းနေတာပဲ။ ခြေဖဝါးတွေလည်း အသားမာတက်ကုန်ပါပြီ။ ဟင်းရွက်စုံက များလွန်းတော့ သစ်သားဗန်းကြီးကလည်း နင့်နေအောင်လေးလိုက်တာ။ နေ့စဉ်ရက်ဆက် ဈေးဗန်းကြီးကို ခေါင်းပေါ်တင်ရတာ ခေါင်းလည်း ကျိန်းနေပါပြီ။

ဒါပေမယ့် သမီးလေးတွေ မျက်နှာမငယ်ရအောင် သူများထက်မသာတောင် သူများနဲ့တန်းတူ နေနိုင် စားနိုင် ဝတ်နိုင်အောင် ကုန်စိမ်းဗန်းကို ငါ ရွက်ရဦးမယ်။ ခေါင်းကျိန်းရင် ခေါင်းခုခံရွက်မယ်ဆိုတဲ့ စိတ်နဲ့ အားတင်းပြီး ဟင်းရွက်စုံဗန်းကို ခေါင်းပေါ်က မချခဲ့ပါဘူး။

တစ်နေ့ တစ်နေ့ "အဲဒီက ဟင်းရွက်စုံ" လို့ အသံကုန် အော်ဟစ်ရလွန်းလို့လည်း လည်ချောင်းတောင် ပွနေပါပြီ။ အရပ်တကာ လမ်းတကာ လျှောက်ရလွန်းလို့လည်း ခြေထောက်မှာ နာကျင်ကိုက်ခဲပြီး ဒူးနာရောဂါ စွဲကပ်ခဲ့ရပါပြီ။

ဟင်းရွက်စုံဗန်းကို ရွက်ရလွန်းလို့လည်း ဆံပင်တွေကျွတ်ပြီး ငယ်ထိပ်ပြောင်နေပါပြီ။ ဒီဝေဒနာတွေကို ငါ ကြံ့ကြံ့ခံနိုင်ဖို့အတွက် ချစ်စရာကောင်းတဲ့ ငါ့သမီးလေးတွေရဲ့ မျက်နှာကိုကြည့်ရမယ်။

ဒီလိုနဲ့ပဲ နောက်ထပ် သမီးနှစ်ယောက် ထပ်မွေးပြန်တယ်။ သမီးခြောက်ယောက် ဖြစ်လာတော့ ငါတို့မိသားစုအတွက် ဟင်းရွက်စုံရောင်းတာနဲ့တင် စားဝတ်နေရေးက အဆင်မပြေပြန်ဘူး။ ဒီတော့ လမ်းထိပ်မှာ ညနေပိုင်း မုန့်ဟင်းခါးဆိုင်လေး ထွက်ပြီး ရောင်းရပြန်တယ်။

လင်တော်မောင် ကိုသာမြင့်ကလည်း သင်္ဘောကျင်းမှာပဲ ဆက်လုပ်နေလေရဲ့။ သူ့ဝင်ငွေလစာကိုသာ မျှော်ကိုးစားရရင် တစ်မိသားစုလုံး ထမင်းငတ်မှာ သေချာတယ်။ ဒါကြောင့်လည်း ငါ့မှာ မနက် ပိုင်း ဟင်းရွက်စုံရောင်း၊ ညနေပိုင်း မုန့်ဟင်းခါးရောင်း။ သမီး ခြောက်ယောက်နဲ့ ဗျာများခဲ့ရတာပေါ့။

သမီးတွေ ပညာရေးအတွက် ကျောင်းစရိတ်ကလည်း ရှိသေးတယ်။ မိန်းကလေးတွေဆိုတော့ လှချင် ပချင် ကြသေးတယ်။ အဝတ်အစားဆိုလည်း တစ်ယောက်ကိုဝယ်ပေးရင်တစ်ယောက်က လိုချင်ပြန်ရော။ ဒီတော့ ခြောက်ယောက်လုံးကို ဝယ်ပေးရတာပေါ့။ ငါ့မှာလည်း သမီးတွေအတွက်ပဲ ဦးစားပေးနေရလို့ ငါ့အတွက် ဝယ်ဝတ်ဖို့ဆိုတာ လုံးဝ မစဉ်းစားမိပါဘူး။

ကိုသာမြင့်ကလည်း သမီး ခြောက်ယောက်ရတော့မှပဲ နှလုံးရောဂါနဲ့ ကွယ်လွန်သွားရှာတယ်။ ဖခင်မရှိတော့တဲ့ သမီးတွေကို ငါပဲအမေ၊ ငါပဲ အဖေလုပ်ပြီး လုပ်ကျွေးပြုစုရတာပေါ့။

နဖူးကချွေး လမ်းပေါ်ပဲကျကျ ခေါင်းကဆံပင် ပြောင်ချင်ပြောင်ပါစေ နေပူမိုးရွာမရှောင် ကုန်စိမ်းဗန်း ခေါင်းပေါ်တင်ရတာ အားမရချင်သေးဘူး။ ရသမျှအလုပ်ကို ငါလုပ်မယ်ဟဲ့ဆိုတဲ့ စိတ်အကြံတွေ ပေါက်ခဲ့ရသေးတယ်။ လုပ်လည်း လုပ်ခဲ့ပါတယ်။ ရာသီကုန် လို့ခေါ်တဲ့ ပြောင်းဖူး၊ သရက်သီး၊ ဆီးသီးတွေကို နေ့လယ်ပိုင်းမှာ ရောင်းလိုက်သေးတယ်လေ။ ဒါကလည်း သမီးလေးတွေ သူများနဲ့တန်းတူ နေနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

…စ်ထည်က နှစ်ထည် ပိုဝတ်ရအောင်၊ …ဝတ်ရ မစားရရင် နေပါစေ. . . …မီးလေးတွေ ဝဝလင်လင် စားရရင် …နှပ်လှပါပြီ ဆိုတဲ့ မိခင်မေတ္တာ …ယ်ပါ။

ဒီလိုနဲ့ သမီးတွေလည်း ကြီးပြင်း …ကြတယ် ဆိုပါစို့။ သီးချိန်တန်သီး …ချိန်တန်ပွင့် ဆိုသလို သမီးအကြီးဆုံး …င်တင်ကို အစိုးရရုံးတစ်ရုံးက စာရေး …တစ်ယောက်နဲ့ ငါကိုယ်တိုင်ပဲ အိမ် …ာင်ချထား ပေးလိုက်တယ်လေ။

မကြာပါဘူး၊ ဒုတိယသမီး မြင့် …တလည်း လင်နောက် လိုက်ပြေး …ပြန်တယ်။ သမီး နှစ်ယောက်က …တ်လွတ်ပြီဆိုတော့ ကျန်တဲ့သမီး …ယောက်နဲ့ လုပ်ကိုင် စားသောက် …ာပေါ့။

သိပ်မကြာပါဘူး၊ ကျန်တဲ့ သမီး …ယောက်မှာ သုံးယောက်က ရှေ့ …င့်နောက်ဆင့် ဆိုသလိုပါပဲ ခိုးရာ …သူလိုက်၊ မိဘားဖသားပီပီ တောင်း …ပြီး အိမ်ထောင်ပြုသူပြု။ ခိုးရာလိုက် …တာကတော့ ပဥ္စမမြောက်သမီး …ခန်းပဲ။ သူကတော့ ကုသိုလ်ကံ …ည်း ကောင်းပါတယ်။ သူ့ယောကျာ်း …သူနဲ့ညားပြီးလို့ တစ်နှစ်ကျော်ကျော် …ပဲ တုမ္ဘဏီပိုင်ရှင်သူဌေး ဖြစ်သွား …ယ်လေ။ တိုက်နဲ့ ကားနဲ့ မပူမပင် နေရ …ယ်။ ဒီတော့ သူ့အတွက် ငါ့မှာ လုံးဝ …ရတော့ဘူးပေါ့။

တတိယမြောက်သမီး ခင်ခင်က …တော့ ပန်းချီဆရာတစ်ယောက်နဲ့ ချစ် …ကြပြီး မိဘား ဖသားပီပီ လာ …င်းလို့ ပေးစားလိုက်ရတယ်။ သူတို့ …တော့ စားနိုင်သောက်နိုင်ရှိပါပဲ။

စတုတ္ထမြောက်သမီး ဝင်းဝင်း …ည်း တက္ကစီအငှားကားမောင်းတဲ့ …တစ်ယောက်နဲ့ လိုက်ပြေးသွားပြန် …ယ်လေ။ သူတို့လည်း လူတန်းစေ့ …ာ့ နေနိုင်ပါတယ်။

သမီးငါးယောက် အိမ်ထောင် …သွားပြီဆိုတော့ အငယ်ဆုံးသမီး မအေးက ငါနဲ့အတူတူ ကျန်နေခဲ့တယ်။ သူကလည်း မစွမ်းမသန်လေးဆိုတော့ ယူမယ့်ယောကျာ်းကလည်း မရှိဘူးလေ။

ဘာပဲဖြစ်ဖြစ်လေ. . . ငါ့နားမှာ သမီးတစ်ယောက် ရှိနေသေးတယ် ဆိုတော့ ငါ့အတွက် တစ်အားပဲ။ အိမ်မှာ ငါတို့သားအမိနှစ်ယောက်ထဲ နေရတော့လည်း သျှောင်နောက်ဆံထုံးပါသွားတဲ့ သမီးတွေကို အောက်မေ့ သတိရသား။

အချိန်တွေ ကြာလာတော့လည်း ငါ့မှာ မြေးတွေတောင် ရလာပြီ။ သမီးတွေ သမက်တွေ မြေးတွေနဲ့ ဆိုတော့လည်း အတွေးပီတိတွေ၊ စိတ်ကူးအိပ်မက်တွေနဲ့ မျောနေရတာပေါ့။

ကုန်စိမ်းဗန်းကို ခေါင်းပေါ်မတင်နိုင်တဲ့ အချိန်ကျရင် ငါ့သမီးတွေ ငါ့သားမက်တွေ ငါ့မြေးတွေကို အားကိုးရတော့မှာပဲ။ ငါ့ကို ဟိုသမီးက ကျွေးလိုက်၊ ဒီသားမက်ကပေးလိုက်၊ မြေးတွေက ပြုစုလိုက်နဲ့ မပူမပင်ရဘဲ ငါ့ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြည့်ပြည့်စုံစုံ နေရတော့မှာပါလားဆိုတဲ့ စိတ်ကူးအိပ်မက်တွေနဲ့သာ ပျော်ခဲ့ရတာ။ သမီးတွေကို ပင်ပင်ပန်းပန်းနဲ့ လုပ်ကျွေးခဲ့ရတာ သူတို့လေးတွေလည်း အသိပဲလေ။ အမေ့ကျေးဇူးတော့ သိတတ်မယ့် သမီးတွေပါ။ ဒါမျိုးအိပ်မက်တွေလည်း မျှော်တွေးရင်း ပျော်ခဲ့ရသေးတယ်။ အခုတော့လည်း အဲဒီအတွေးအိပ်မက်တွေဟာ တိမ်လို လေလို လွင့်ပျောက်ကုန်ပါပြီ။

ဆရာကြီးဦးသုခရဲ့ ဘဝသံသရာ သီချင်းထဲကလိုပဲ. . . "ဖြစ်ချင်တာတွေလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာလည်း ဖြစ်ရမှာ" ဆိုသလိုပေါ့။

ငါ့မှာ အိုကြီးအိုမအရွယ် ရောက်နေတော့ ဈေးဗန်းခေါင်းပေါ် ဘယ်တင်နိုင်မှာလဲ။ ဒီတော့လဲ ဝမ်းရေးအတွက် အခက်တွေ့ရပြီပေါ့။ သမီးတွေဆီမှာ လက်ဖြန့်လည်း မတောင်းချင်ပါဘူး။ ဒီတော့ ငါ့အိမ်ကို အခန်းဖွဲ့ပြီး အိမ်ခန်းငှားစားရတယ်။ အိမ်ခန်းခရတဲ့ လစာလေးနဲ့ပဲ လောက်အောင်စားရတယ်။

သမီးတွေကိုလည်း အားကိုးလို့မရပါဘူး။ သူတို့မှာက လင်ယောကျာ်းလုပ်စာကို မြိုးမြိုးမြှေတာ သုံးနေရတာလေ။ ဒီတော့လည်း မအေကို ဘယ်ပေးနိုင် ကျွေးနိုင်မလဲ။ ငါ နားလည်ပေးရမှာပေါ့။

ပိုက်ဆံရှိပြီး ပြေလည်တဲ့သမီးကျတော့လည်း ယောကျာ်း လုပ်သူကို ကြောက်နေရလို့ မအေ့အိမ်ကိုတောင် ရောက်မလာပါဘူး။ အမေ့အိမ်သာ မလာတာပါ၊ ကားလေးနဲ့ စားသောက်ဆိုင်သွား စားလိုက်၊ ဈေးဝယ်ထွက်လိုက်နဲ့ သူ့မိသားစုနဲ့သူ ပျော်နေကြတာ။

ငါလည်း ငါ့ဘဝမှာ ပျော်အောင်နေရမယ်။ ငါ့ကိုယ်ငါ အားကိုးရမယ်။ ငါ့မှာ ခြေနှစ်ဖက်၊ လက်နှစ်ဖက် ရှိနေတာပဲ။

ငါလုပ်ပဲမှ ငါလုပ်စားရမှာဆိုပြီး အိမ်နီးဝန်းကျင်က မိန်းကလေးတွေကို လိုက်နှိပ်ပေးတယ်။ သူတို့က လက်ဖက်ရည်ဖိုးပေး၊ ထမင်းဖိုးပေးနဲ့ပဲ အနှိပ်သည်ဘဝကို အလိုလို ကူးပြောင်းသွားတယ် ဆိုပါတော့။

ငါ အနှိပ်သည် ဖြစ်တော့လည်း သမီးတွေက ဇက်ကြောတက်တယ်၊ ညောင်းညာကိုက်ခဲတယ်ဆိုရင် အမေဖြစ်တဲ့ ငါက ဘယ်ကြည့်နေနိုင်မှာလဲ။ သမီးတွေကို ဝေဒနာ မခံစားစေချင်ဘူး။ ဒီတော့ သမီးတွေကို နှိပ်ပေးရတာပေါ့။ နှိပ်နေရင်းနဲ့ပဲ ငါ့အတွေးထဲမှာ ဩော်-အိုမင်းရင့်ရော်နေတဲ့အထိ သမီးတွေကို ခြေဆုပ်လက်နယ် ပြုစုနေရတဲ့ ငါ့ဘဝပါလား။

အင်း. . . ဒီထက် ဆိုးတာကတော့ ချမ်းသာပါတယ်ဆိုတဲ့ သမီးပန်းပန်းလေ သူ့ယောကျာ်း ညောင်းညာကိုက်ခဲလို့ဆိုပြီး ငါ့ကို ခေါ်နှိပ်ခိုင်းသေးတယ်။ ငါ့မှာ ကိုယ့်သမီးနဲ့ပတ်သက်တော့ ကိုယ့်သားပဲလေဆိုပြီး စေတနာမေတ္တာတွေထားပြီး ချွေးတလုံးလုံးနဲ့ နှိပ်ပေးခဲ့ရတယ်။ နှိပ်ပြီးတော့ ငါ့ကို ငွေငါးရာပေးလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com

သမီးပေးလိုက်တဲ့ ငါးရာတန်လေးကို ကိုင်ထားရင်း ရင်ထဲမှာ ဆို့နင့်နေအောင် ခံစားလိုက်ရတဲ့ ဝေဒနာနဲ့အတူ ကျလာတဲ့မျက်ရည်တွေကို မကျအောင် ထိန်းထားလိုက်တယ်။ သမီးမြင်သွားမှာ စိုးလို့ပေါ့။

မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေကတော့ အပြည့်ပါ။ ပြည့်လျှံနေတဲ့ မျက်ရည်တွေကြားက မြင်တွေ့လိုက်ရတဲ့ ငါးရာတန်ငွေစက္ကူလေးဟာ ငါ့ခေါင်းပေါ်မှာ ရွက်ခဲ့ရတဲ့ ဟင်းရွက်စုံဗန်းကြီး ဖြစ်သွားသလိုပါပဲ။ လေးလိုက်တာ။

ဪ- ဒီအမေ ဒီအဖေကမွေးပြီး ညီမအရင်းဖြစ်သော်လည်း စိတ်ချင်း၊ အကျိုးပေးချင်းကျပြန်တော့ မတူကြပြန်ဘူး။ ချမ်းသာတဲ့သမီးရှိသလို ဆင်းရဲတဲ့သမီးလည်း ရှိတာပဲ။

သိတတ်တဲ့ သမီးကျတော့လည်း ငါ့ကိုပေးဖို့ ကျွေးဖို့ နေနေသာသာ လုပ်ငန်းကိုင်ငန်း မကောင်းလို့ ဆင်းရဲနေရှာတယ်။ သူတို့မိသားစု စားဝတ်နေရေးတောင် အနိုင်နိုင်မို့ ငါ့မှာ သူတို့အတွက်ပူရပြန်ရော။ ဒါကြောင့်လည်း ငါရှာဖွေလို့ရတဲ့ ပိုက်ဆံလေးနဲ့ တတ်နိုင်သလောက် ပံ့ပိုးကူညီခဲ့ရသေးတယ်။

အေးလေ . . . အမေဆိုတာ သားသမီးတွေရဲ့ အားကိုးအားထားရာပဲ။ စုန်ရေဆိုတာ တသွင်သွင်စီးဆင်းမြဲပါ။

သမီးငွေကိုလည်း အပြစ်ပြောနေတာ မဟုတ်ပါဘူး။ သူတို့မှာလည်း သားတွေ သမီးတွေနဲ့ဆိုတော့ သူတို့ရင်သွေးဖြစ်တဲ့ သားသမီးတွေရဲ ဝေယျာဝစ္စတွေနဲ့ ဗျာများနေကြတာ အားတယ်လို့ ရှိမှာ မဟုတ်ဘူး။

ဒီတော့လည်း ငါ့အတွက် သူတို့က ဘာများ လုပ်ပေးနိုင်ဦးမှာလဲ။ သမီးခြောက်ယောက်ကို ငါအမေ တစ်ယောက်တည်းက လုပ်ကျွေးနိုင်ခဲ့တယ်။ သမီး ခြောက်ယောက်က အမေဖြစ်တဲ့ ငါ့ကို ဘာဖြစ်လို့ မကျွေးနိုင်ရတာလဲ။ ငါ နားလည်ပါတယ်။

ဒီလိုပါပဲလေ၊ ငါ့တုန်းကလည်း ငါ့အမေကို ပြုစုလုပ်ကျွေးခြင်းမှ မရှိခဲ့တာ။ ငါတို့မှာ ညီအစ်ကိုမောင်နှမ(၁၀)ယောက်တောင်ရှိတာ။ အမေက အဲဒီ(၁၀)ယောက်ကို ကျွေးမွေးပြုစုနိုင်ခဲ့တယ်။ ငါတို့ သားသမီး(၁၀)ယောက်က အမေတစ်ယောက်တည်းကို ဘယ်သူကမှ မပြုစု မလုပ်ကျွေးခဲ့ဘူး။ ငါ့အမေကလည်း မာနနဲ့ပါ။ ဘယ်သားသမီးရဲ့ အထောက်အပံ့ကိုမှ မယူဘဲ ဒေါ်ဥ-မုန့်ဟင်းခါး ဆိုပြီး ဆိုင်ခန်းကြီးဖွင့်ပြီး ရောင်းခဲ့လို့ အောင်မြင်ခဲ့တယ်။ မစားနိုင် မသောက်နိုင်တဲ့ သားသမီးတွေကိုတောင် အမေက စွန့်ကြဲပေးကမ်းလိုက်သေးတယ်။ ငါ့အမေလည်း သူ့ကိုယ်သူအားကိုပြီး သူ့ဘဝ သူဖန်တီးခဲ့ရတာ။ ငါလည်း ငါ့အမေလို ကိုယ့်ဘဝကိုယ်ဖန်တီးရမယ်။

အင်း. . . အခုပဲကြည့်လေ။ အိုမင်းရင့်ရော်နေတဲ့ ငါ့ခန္ဓာကိုယ်ကို ငါပဲ စောင့်ရှောက်နေရတယ် မဟုတ်လား။ ဘယ်သားသမီးတွေကများ ငါ့ကိုလာပြီး ဖေးမကူညီ ပြုစုကြလို့လဲ။

အေးလေ. . . ငါ့သမီးတွေဟာ ငါ့အတွက် မဖြစ်သလို ငါဟာလည်း ငါ့အမေအတွက် ဖြစ်ခဲ့လို့လား။ သံသရာလည်တယ်ပဲ ပြောရမှာပေါ့။

ငါ့အမေကိစ္စတွေကို ဘေးဖယ်ထားပြီး ငါ့သမီးတွေရဲ့ ကိစ္စတွေနဲ့သာ အချိန်ကုန်ခဲ့ရတယ် မဟုတ်လား။ စုန်ရေဆိုတာ ဒါပါပဲ။ ဒီလို စာနာစိတ်နဲ့ပဲ ဖြေရတော့မှာပေါ့။ အမေ မရှိတော့မှ ငါ့အမေကို မပြုစု မလုပ်ကျွေး လိုက်ရလေခြင်းဆိုတဲ့ နောင်တ တရားတွေကို ရင်ဝယ်ပိုက်ခဲ့မိကာ ဝဋ်ဆိုတာ လည်တတ်တယ်၊ သိပ်မှန်တဲ့ စကား။

ခုပဲ ကြည့်လေ၊ ငါ့အမေတုန်းကလည်း ငါက မပြုစု မစောင့်ရှောက်ခဲ့ဘူး။ လျစ်လျူရှုခဲ့မိတယ်။ ငါ့ကျတော့ရော ငါ့သမီးတွေက ငါ့ကို ဒီအတိုင်းပဲနေမှာပေါ့။ ငါ့အမေက သူ့အားသူကိုးပြီး သူ့ထမင်းသူ ချက်စားခဲ့ရတာ။ ယောင်

လို့တောင် အမေ့အိမ်ကို ငါက ဟင်း တစ်ခွက် မပို့ခဲ့ဖူးဘူး။ ကိုယ့်သမီးတွေ စားဖို့သာ တစ်နေ့တစ်မျိုး ဟင်းမထပ်ရ အောင် ချက်ကျွေးနေရတယ်လေ။

အိပ်မက်ထဲမှာတောင် အမေ့ အိမ်ကို မရောက်ခဲ့ဘူး။ သမီးတွေကိုသာ အိုးမကွာ အိမ်မကွာ ပြုစုနေရတယ် လေ။ အမေ နေမကောင်းလို့လည်း ဆေးကုပေးရမှန်း မသိခဲ့ဘူး။ သမီးတွေ ကိုယ်ပူခေါင်းပူဖြစ်တာနဲ့ ဆေးခန်းပို့ခဲ့ တယ်လေ။

အမေ့ကို ထဘီတစ်ထည် မဝယ် ပေးခဲ့ရဘူး။ သမီးတွေကိုတော့ ဝယ် လိုက်ရတဲ့အဝတ်အစားတွေ ငါ့အတွက် တောင် ဝယ်မဝတ်ခဲ့ရဘူးလေ။ သ တွေ မဝတ်ချင်တဲ့ အဝတ်လေးတွေကို ငါဝတ်ခဲ့ရတာ။ ငါ ရှာဖွေလို့ရတာ ရှ သမျှ ငါ့သမီးတွေ အတွက်ပဲ။ ငါ့အ အတွက်တော့ မပါခဲ့ဘူးလေ။

အခုလည်း ငါ့သမီးတွေက သူ ရှာဖွေလို့ ရတာမှန်သမျှ သူတို့သားသ တွေ အတွက်ပဲ ဖြစ်မှာပေါ့။ ငါ့အတွ တော့ မဟုတ်နိုင်ပါဘူး။ ကိုယ်ချင်း နာရမယ်။

အမေဆိုတာ သားသမီးတွေ ခိုကိုးအားထားရာ ဖြစ်သလို သားသ တွေ ဆိုတာဟာလည်း အမေရဲ့ ခို အားထားစရာ ဖြစ်နိုင်ပါစေလို့ နောင် များစွာနဲ့ ဆုတောင်းနေမိတော့တယ်

ရန်ကုန်မြို့





www.burmeseclassic.com

www.burmeseclassic.com

# အခန်းထောင့်မှ ငိုသံ




**မိနွှန်းကို**

**ကွန်ပျူတာတက္ကသိုလ်**

ထောင့်တစ်နေရာဆီမှ ငိုသံတစ်သံကြားရသည်။ တိုးတိုးညင်းညင်းနှင့် တသိမ့်သိမ့်ရှိုက်ငိုနေသံ။

ကျွန်မခေါင်းထဲတွင် အတွေးပေါင်းစုံ ယှက်သန်းနေရာမှ ထိုသံကို ရုတ်တရက်ကြားလိုက်ရခြင်း ဖြစ်သည်။

ခေါင်းထဲမှ လုံးချင်းထုတ်ရန် တောင့်တသံ၊ ဝါသနာအတွက် လောသံ၊ အလိုမကျတဲ့ ဒေါသသံ၊ မကျေနပ်ချက်တွေအတွက် ခံပြင်းသံ၊ မနာလိုသူတွေအတွက် ဖြေရှင်းသံ၊ မတရားမှုတွေအတွက် တိုက်ခိုက်သံ စသည် စသည့် အသံအားလုံးကို ထိုထောင့်တစ်နေရာမှ ငိုညည်းသံသဲ့သဲ့က လွှမ်းခါ၊ လွှမ်းခါ ဖုံးလွှမ်းသွားသည်။

ဘယ်သူများ ငိုနေပါလိမ့်။

ကျွန်မ ထောင်နေသောနားကို ကြားသည်ထက် ကြားရစေရန် စွင့်လိုက်သော်လည်း အသံကကျယ်မလာ။ ပုံမှန်အတိုင်း တိုးတိုးညင်းညင်းသာ ထွက်ပေါ်နေသည်။

ကျွန်မ အသံလာရာကို သိရှိနိုင်စေရန် အခန်းထဲသို့ ဝေ့ဝဲကြည့်လိုက်မိတော့ ခပ်လှမ်းလှမ်းတွင် ပြုကျနေတဲ့ စာအုပ်ပုံ၊ မသိမ်းရသေးသော အိပ်ရာ၊ အဝတ်ကြိုးတန်းပေါ်တွင် ကပိုကရို လဲလျောင်းနေသော မျက်နှာသုတ်ပဝါ၊ ပျင်းပျင်းရိရိကြီး ကျွန်မကို စိုက်ကြည့်နေသော Desktop Computer၊ သူ့နံဘေးမှာတော့ ကျွန်မ အမြတ်တနိုးထားသည့် stick ရောင်စုံလေးများနှင့် stapler သေးသေးလေးများ၊ အံဆွဲထဲတွင် လိုအပ်လျှင် ထည့်သိမ်းနိုင်ရန် ဝယ်ထားသည့် DVDခွေအလွတ်တစ်သိုက်နှင့်အတူ A4 စာရွက်များ၊ အသံလာရာက ဘယ်ကများလဲ။

စာအုပ်ပုံထဲ ကလား။ အိပ်ရာထဲကလား။ မျက်နှာသုတ်ပဝါက ငိုတတ်





www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည် ဟု၍တော့ ကျွန်မ မထင်။ ကွန်ပျူတာကလည်း ကျွန်မ မဖွင့်ပါဘဲ ထိုအသံမထွက်တတ်။ ဒါဆို အံဆွဲထဲက များလား။

ဝေခွဲမရသံတွေ နားထဲမှာပဲ့တင်လာ၍ ကျွန်မ ငိုညည်းသံကို မျှင်မျှင်လေးမျှပဲ ကြားရတော့သည်။

ကျွန်မ အသံလာရာကို မသိလိုက်ဘဲ အသံပျောက်သွားမှာကို စိုးထိတ်နေမိသည်။ အိုး. . . မပျောက်သွားပါနဲ့ဦး။

ကျွန်မ သိလိုချင်စိတ်တွေနှင့် ခန္ဓာကိုယ်မှဇောချွေးတွေ စိမ့်ထွက်လာသည်ကိုပင် သတိမပြုမိတော့ဘဲ ကွန်ပျူတာရှေ့တွင်ထိုင်နေရာမှ ထရပ်လိုက်ကာ နံဘေးက အံဆွဲကို ဆွဲဖွင့်ကြည့်လိုက်သည်။ အသံက ဘယ်ကများပါလိမ့်။

အံဆွဲထဲတွင် ကျွန်မ ပစ်ထည့်ထားသော ပစ္စည်းပေါင်းစုံဖြင့် ရှုပ်ပွထွေးယှက်လျက်ရှိ၏။

ကျွန်မပစ္စည်းတွေကို တစ်ခုချင်းပြန်ထုတ်ယူပြီး အသံလာရာဆီကို ရှာဖွေမိ၏။ အံဆွဲထဲမှ ပစ္စည်းတိုလီမုတ်စတို့ကိုဆွဲယူထုတ်ရင်း တစ်ချိန်က ကျွန်မတန်ဖိုးထားမြတ်နိုးခဲ့ရသော ပစ္စည်းလေးတစ်ခုကို ကျွန်မ သွားတွေ့သည်။

ထိုပစ္စည်းလေးက အသည်းပုံသဏ္ဌာန် ကလစ်လှလှလေး။ ထိုကလစ်လေးမှာ ချောင်တစ်နေရာတွင် အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ရ၍ ဖုန်အလိမ်းလိမ်း ကပ်ငြိနေသည်။ ကျွန်မ ထိုကလစ်လေးကို သံယောဇဉ်နှောင်ဖွဲ့တဲ့ လက်တွေနဲ့ တယုတယ ကိုင်တွယ်ကြည့်မိသည်။ ကလစ်လေးကတော့ ဟောင်းနေပါပြီ။

ကလစ်လေးမှာ အသည်းပုံစံလေးဖြစ်သလို အရောင်ကလည်း သွေးကဲ့သို့ နီစွေးသောအရောင် ဖြစ်သည်။ ကလစ်လေး၏ အလယ်ဗဟိုတွင်တော့ စိန်ခြယ်ထားတဲ့ မြားဖြူလေးတစ်စင်းက ခပ်စောင်းစောင်းထိုးစိုက်နေသည်။

အချိန်တွေ ကြာမြင့်ပြီဖြစ်သော်လည်း ကလစ်လေးကအရောင်မပြောင်းသေး။ ကလစ်လေး အရောင်မပြောင်းသေးသလို ကျွန်မ အချစ်တွေကလည်း အရောင်မပြောင်းသေး။

ကျွန်မ ကလစ်လေးကို ဖုန်သုတ်သန့်စင်ပြီး ခေါင်းတွင် ပန်ဆင်ကြည့်မိသည်။ ကလစ်လေးက ယခင်ကအတိုင်း လှပဆဲ၊ ဝင့်ကြွားဆဲ။ ဩော်- ဒါပေမယ့် ကလစ်လေးက ဟောင်းနေပါပြီလေ။

ကလစ်လေးကို ပန်ဆင်လိုက်တော့ ကျွန်မ စိတ်တွေက တစ်ချိန်က အင်းယားကန်စောင်းကို ပြန်ရောက်ရှိသွားသလို ခံစားလိုက်မိသည်။

ဟုတ်ပါရဲ့။ လေညင်းလေးတွေက ကျွန်မပါးပြင်က မွေးညင်းနုလေးတွေပေါ် ဖြတ်သန်းကာ ဖြည်းဖြည်းညင်ညင် နမ်းရှိုက်သွားသည်။

လေပြည်၏ရနံ့ထဲတွင်အင်းယားကန်ရေ၏ အငွေ့အသက်တချို့ ရောယှက်ပါဝင်နေသလို ကျွန်မ ရှူရှိုက်မိသည်။

"ဆွေ. . . ရောက်နေတာကြာပြီလား၊ မောင် နည်းနည်းလေးနောက်ကျသွားတယ်နော်၊ ခွင့်လွှတ်. . ."

ကျွန်မနံဘေးသို့ မောင် ရောက်လာသည်။ မောင်က သူ့ဝသီအတိုင်း နောက်ကျမှုကို အပြုံးချိုချို အပြောလှလှနှင့် ဖာထေးလိုက်ပြီး ကျွန်မဘေးတွင် ဝင်ထိုင်လိုက်သည်။

မောင့်ကိုယ်မှ သင်းပျံ့မွှေးကြိုင်တဲ့ pound ကိုယ်လိမ်းပေါင်ဒါ ရနံ့က လေပြည်နှင့်အတူ ကျွန်မနှာခေါင်းထဲသို့ တိုးဝင်လာသည်။

ကြာရှည်စွာ စောင့်ခဲ့ရ၍ စိတ်တိုခဲ့တဲ့ ကျွန်မ ဒေါသတွေအားလုံး မောင့်ရှေ့မှာ လေပြင်းနှင့်မှုတ်ထုတ်လိုက်တဲ့ ဝါဂွမ်းစလေးလို လွင့်ပျောက်သွားရသည်။

"သိပ်မကြာသေးပါဘူး မောင်၊ ကဲ. . . ပြောပါဦး၊ ဆွေ့ကို ဘာလို့ချိန်းရတာလဲ"

ကျွန်မမေးတော့ မောင်က ချက်ချင်းမပြောသေးဘဲ ကျွန်မမျက်နှာကို စူးစူးစိုက်စိုက် ငေးကြည့်သည်။

မောင့်မျက်လုံးထဲတွင် ညို့ဓာတ်တွေ ပါဝင်နေ၍လား မပြောတတ်။ စပါးကြီးမြွေ၏ ညို့ချက်မှာ မိနေတဲ့ ယုန်သူငယ်လို ကျွန်မ လှုပ်လို့မရ။

အို. . . မောင်ကလည်း ဒီလိုကြီး မကြည့်ပါနဲ့ဟု၍လည်း ငြင်းဆန်ဖို့ မကြိုးစားမိ။ မောင့်အကြည့်တွေထဲမှာ သာယာနစ်မြောနေမိသည်။

"ဆွေ့ကို မြင်ချင်လို့၊ နောက်ပြီး . . . . . ."

မောင်က ကျွန်မ အကြိုက်ဆုံးစကားနှင့် နိဒါန်းချိလိုက်ပြီး စကားကို မဆက်သေးဘဲ ခဏရပ်ထားပြီး အိတ်ကပ်ထဲသို့ လက်နှိုက်လိုက်သည်။

ဘာလုပ်မလို့လဲ။

ဘာများ ပေးမလို့လဲ။

ကျွန်မ ရင်ခုန်လှုပ်ရှားသွားမိသည်။ ချစ်သူသက်တမ်း တစ်နှစ်နီးပါးရှိပြီဖြစ်သော်လည်း မောင်က ကျွန်မကို ဘာချစ်သက်လက်ဆောင်မှ မပေးဖူးသေး။

မောင် ဘာများ ပေးလိမ့်မလဲ ဆိုတာ သိချင်ဇောနှင့် အချိန်တွေရယ် အကုန်နှေးလိုက်တာ ရပ်များရပ်နေသလားဟူ၍ပင် ကျွန်မ တွေးမိသည်အထိ စိတ်လှုပ်ရှားနေမိသည်။

မောင်က သူ့အိတ်ကပ်ထဲမှ လက်ကိုထုတ်လိုက်ပြီ။ ဒါပေမယ့် ကျွန်မ မောင့်လက်ဆောင်ကို မမြင်ရသေး။ မောင်က ကျွန်မ အရမ်းသိချင်နေမှန်းသိတာကြောင့် လက်ဆောင်ပစ္စည်းကို လက်သီးဆုပ်ကာ ဖုက်ထားသည်။

"တော်သေးတာပေါ့၊ ဆွေလေး ဒီနေ့ မောင်မှာလိုက်တဲ့အတိုင်း ဆံပင်ဖားလျားလေးချထားတော့ ကွက်တိပဲ"

မောင်က ကျွန်မမျက်နှာကို ရွှန်းရွှန်းစားစားကြည့်ရင်း ဆိုလိုက်သည်။

ကျွန်မ မောင့်ဆိုလိုရင်းကို နားမလည်သဖြင့် မျက်လုံးဝိုင်းလေးနှင့်





www.burmeseclassic.com

www.burmeseclassic.com

ငေးကြည့်နေမိတော့၊ မောင်က ကျွန်မ ဆံနွယ်တွေကို ညင်ညင်သာသာ ပွတ်သပ်ကိုင်တွယ်လိုက်သည်။

မောင်ဟာ မော်ဆရာ တစ်ယောက်ဆိုရင်တော့ ကျွန်မဟာ မောင်ပြုစားသမျှကို ငြိမ်သက်စွာ ခံယူမယ့်သူ တစ်ယောက်။

မောင်က ကျွန်မဆံနွယ်တွေကို လက်ချောင်းလေးနဲ့ ပွတ်သပ် ကိုင်တွယ်ရင်း ကလစ်လှလှလေးတစ်ခုကို တပ်ဆင်လိုက်သည်။

"ကဲ . . . မောင့်လက်ဆောင် လှရဲ့လား"

မောင်က ထိုသို့ ပြောလိုက်မှ ကျွန်မ မမြင်ရသေးတဲ့ ကလစ်လေးကို ခေါင်းကဖြုတ်ယူကြည့်လိုက်မိတော့ နှင်းဆီသွေးရောင် ကလစ်လှလှလေး။

ကျွန်မ ပျော်လွန်း ကြည်နူးလွန်းလို့ ဘာစကားကိုမှ မဆိုနိုင်သေးဘဲ မောင့်မျက်နှာကိုသာ အပြုံးနှင့် ငေးကြည့်နေမိသည်။

"ချစ်လိုက်တာ ဆွေရယ်၊ ဆွေရော မောင့်ကိုချစ်ရဲ့လား"

မောင်က ပါးလှပ်လှပတဲ့ မောင့်နှုတ်ခမ်းလေးကို ဟ,သည်ဆိုရုံ ဟကာ အသံဖွဖွဖြင့် တိုးတိုးကလေး ဆိုလိုက်သည်။

မောင်ပြောသမျှထဲမှာ ဒီစကားတစ်ခွန်းကို ကျွန်မ အတပ်မက်ဆုံးနဲ့ အသာယာဆုံးပင်။

ကျွန်မတစ်သက်လုံး ကြားချင်နေသည့် စကား။

မောင်မေးဖို့တောင် မလိုပါဘူးလေ။ ကျွန်မ ရင်ထဲမှာ မောင့်အတွက် ဖွဲ့တင်ထပ်နေအောင် ပြောနေတတ်တဲ့ စကားတစ်ခွန်းကို မောင်ကြားအောင် တိုးတိုးလေး ကပ်ပြောလိုက်မိသည်။

"ဆွေလည်း မောင့်ကို အရမ်းချစ်တယ်"

ကန်ရေပြင်ကို မရှက်နိုင်ဘဲ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်မိရဲ့။

သန့်စင်မိုးဆိုတဲ့မောင်က ပထဝီမေဂျာရဲ့ ကင်းတစ်ယောက်။

ဆွေဆွေမြင့်ဆိုတဲ့ ကျွန်မကတော့ အဂ်ီကိုမေဂျာက မထင်မရှား မိန်းမသားတစ်ယောက်။

ဒီနှစ်ယောက်ကိုမှ ဖူးစာရေးနတ်က ထူးထူးခြားခြား ဆုံစည်းပေးခဲ့၍ ကျွန်မတို့နှစ်ယောက် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

အမှန်တော့ ယောကျ်ားလေးဖြစ်တဲ့ မောင့်ဘက်က မစရဘဲ မိန်းကလေးဖြစ်တဲ့ ကျွန်မဘက်က စမိခဲ့တဲ့ အချစ်ဇာတ်လမ်းလေးပေါ့။

ကျွန်မက ဟိုဟိုဒီဒီ ကန်တင်းကူး တခြား မေဂျာအဆောင်တွေဆီ လျှောက်လည်တတ်တဲ့သူ မဟုတ်ပါဘူး။ စာသင်ခန်းထဲမှာ ကျွန်မဘာသာ စာကိုပဲ သေချာသင်ပြီး အတန်းချိန်ပြီးတာနဲ့ အဆောင်တန်းပြန်တတ်တဲ့သူ။

ဒါပေမယ့် မောင်နဲ့ကျွန်မ ဖူးစာဆုံချင်တော့ တစ်နေ့ ကျွန်မ ပထဝီက သူငယ်ချင်းဆီ သွားလည်မိသည်။

အပေါင်းအသင်းတွေနဲ့ အုပ်စုဖွဲ့မနေတတ်သူမို့ တစ်ယောက်တည်း သွားရ လာရသည်မှာ ကျွန်မအတွက် မထူးဆန်းတော့။ နို့ပေမယ့် ထိုနေ့ကတော့ ကျွန်မအတွက် ထူးထူးဆန်းဆန်း အဖြစ်အပျက်တစ်ခု ကြုံဆုံခဲ့ရသည်။

"ဟိတ်ကောင်မလေး နင်ဘယ်သူလဲ"

"အသည်းနှလုံး . . . အသည်းနှလုံး . . . အသည်းနှလုံးလေး ပေးလိုက်ချင်"

"ချစ်တာတစ်ခုပဲ သိတယ်၊ ဖော့ . . . ဟော့ . . . ဟော့"

သူငယ်ချင်းဆီက အပြန်လမ်းမှာ ကျောင်းသားသုံးယောက်က ကျွန်မနောက် တကောက်ကောက် လိုက်လာပြီး လိုက်စကြသည်။ ကျွန်မမှာက တစ်ယောက်တည်း။ သူတို့က သုံးယောက်။ ကူမယ့် ကယ်မယ့် သူငယ်ချင်းကလည်း မရှိ။

ထိုစဉ် ခရေပင်အောက်တွင် တစ်ယောက်တည်းရပ်နေတဲ့ မောင့်ကို ကျွန်မ မြင်လိုက်မိသည်။

မောင့်ပုံစံက ပုဆိုးနီညိုအကွက်စိပ်၊ စပို့ရှပ်အကျီဖြူ လက်စကနှင့် တကယ့် လူယဉ်ကျေးပုံစံလေး။

နောက်က ကောင်လေးတွေက ကျွန်မကို ဘယ်အထိ လိုက်စကြမလဲ မသိ။ ရှေ့ဆက်သွားလျှင် အဆောင်အကူး လမ်းကျဉ်းလေးမို့ လူသူပြတ်လပ်ပါက အန္တရာယ်ရှိနိုင်သည်ဟု ကျွန်မ တွေးမိတာကြောင့် တစ်ခုခုကို ပြတ်ပြတ်သားသား ပြုလုပ်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်မိသည်။

"မောင် ဆွေက မောင့်ကို လိုက်ရှာနေတာ၊ မောင်က ဒီရောက်နေတယ်"

ကျွန်မက ကျွန်မချစ်သူ မဖြစ်သေးတဲ့မောင့်ကို ဘယ်သူရယ် ဘယ်ဝါရယ်မှန်းလည်း မသိပါဘဲ၊ ခပ်ကျယ်ကျယ် လှမ်းအော်ပြောလိုက်တော့ သူက အူတူတူနှင့် ကျွန်မကိုလှမ်းကြည့်သည်။

ကျွန်မပုံစံကို တစ်ချက်ကြည့်လိုက်သည်။ ကျွန်မပုံစံက မြန်မာဝတ်စုံ အစိမ်းနုဝမ်းဆက်ကို ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားသလို မျက်နှာတွင်လည်း ရောင်စုံကာလာ မတင်ထားသဖြင့် ဖြူဖြူစင်စင်နှင့် အချောကြီးမဟုတ်လှပေမယ့် ယဉ်စစ မြန်မာမိန်းကလေးတစ်ယောက်ဟန်။

သူက ကျွန်မကိုကြည့်ပြီး ကျွန်မအနောက်ကို တစ်ချက်လှမ်းကြည့်လိုက်ကာ သဘောပေါက်သွားပုံရသည်။

"ဩော် . . . ဆွေလာမယ်ထင်လို့ မောင်က ဒီမှာစောင့်နေတာ၊ လာလေ"

သူက ထိုသို့တုံ့ပြန်ပြောလိုက်တော့ နောက်က ကောင်လေးတစ်သိုက် ဟိုလိုယိုဒီလိုလိုနှင့် ပြန်လှည့်ထွက်သွားကြသည်။

ထိုအခါမှ ကျွန်မသက်ပြင်းလုံးလုံးချနိုင်ပြီး သူ့ကို ကျေးဇူးတင်စကား ဆိုရတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ညီမက ရှေ့မှာ လူပြတ်တော့ သူတို့လိုက်လာရင် ဒုက္ခပါပဲလို့တွေးပြီး ကြံမိကြံရာ ကြံလိုက်ရတာပါ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်"

"အာ. . . ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်ပြန်ကူညီတာပါ၊ ဟို. . . သွားချင်တဲ့နေရာကိုရောက်တဲ့အထိ ကျွန်တော်လိုက်ပို့ပေးဖို့ လိုသေးလား"

"အို. . . မလိုပါဘူး၊ ခုလိုကူညီရုံနဲ့တင် ကျေးဇူးတင်လှပါပြီ၊ ခွင့်ပြုပါဦး"

"ဟို ဘယ်လိုမှ သဘောမထားဘူးဆိုရင် နာမည်လေး မိတ်ဆက်ခဲ့ပါလား၊ နောင်ဆုံရင် နှုတ်ဆက်လို့ရအောင်ပေါ့၊ ကျွန်တော့်နာမည်က သန့်စင်မိုးပါ၊ ပထဝီ တတိယနှစ်ကပါ"

"ကျွန်မနာမည် ဆွေဆွေမြင့်ပါရှင့်၊ အီကို ဒုတိယနှစ်ပါ၊ သွားတော့မယ်နော်"

ကျွန်မ လှည့်ထွက်သွားတော့ ကျွန်မကျောပြင်ကို မောင်က ငေးကြည့်ရင်းနဲ့ ကျန်ရစ်ခဲ့သည်။

နောက်ပိုင်း ကျွန်မဆီကို မောင်မကြာခဏ လာလာလည်သည်။ ကျွန်မတို့ နှစ်ယောက် သူငယ်ချင်းအဖြစ်နဲ့ နှစ်ဝက်လောက် ကြာတော့ မောင်က ကျွန်မကို ချစ်မိနေကြောင်း ဖွင့်ပြောခဲ့သည်။

ကျွန်မ မရှက်နိုင်ပါ။ မောင့် ချစ်စကားကြားတော့ ဝမ်းသာလွန်းလို့ မျက်ရည်တွေပင် လည်ခဲ့ရသည်။

ကျွန်မကိုယ်တိုင်ကလည်း မောင့်ကိုချစ်မိနေတာ စတွေ့စဉ်ကတည်းက။

မောင့်အကြောင်းကို ကျွန်မ သိပ်မသိပါ။ မောင်က မောင့်မိဘတွေအကြောင်း၊ အိမ်အကြောင်း ဆိုလျှင် ပြောချင်လှသည် မဟုတ်၍ ကျွန်မ မမေးဖြစ်ခဲ့။

မောင့် အိမ်အခြေအနေနှင့် ပတ်သက်ပြီး မောင်ပြောဖူးတာ တစ်ခွန်းတော့ ရှိသည်။

"မောင်တို့အိမ်က ဆင်းရဲပါတယ်"ဟူ၍. . .။

သို့ကြောင့်လည်း ကျွန်မ မောင့်ဆီက ဘာကိုမျှ မမျှော်လင့်ခဲ့။ မတောင်းဆိုခဲ့။

သို့ကြောင့်လည်း ရည်စားသက် (၁)နှစ်ပြည့်ခါနီးအထိ ကျွန်မဆီမှာ မောင့်ဆီက အမှတ်တရ ပိုင်ဆိုင်ဖူးတာဆိုလို့ ကလစ်အနီရောင်လေးတစ်ခုသာ ရှိသည်။

"မောင်တို့ချစ်သူသက် တစ်နှစ်ပြည့်ပြီနော်၊ ဒီနေ့ မောင်တို့လမ်းခွဲကြစို့"

ပထမတစ်ခေါက် ချိန်းစဉ်က ကျွန်မ ပျော်ရွှင်ခဲ့ရသလောက်၊ ဒုတိယတစ်ခေါက် အချိန်းမှာတော့ ကျွန်မ မျက်ရည်ပင်လယ် ဝေခဲ့ရသည်။

ဘာ အလိုမကျလို့ပါလိမ့်။ မောင်က ကျွန်မထက် တစ်နှစ်ကြီးတာကြောင့် အလုပ်ခွင်ဝင်နေချိန်ဖြစ်သဖြင့် ကျွန်မနှင့် ခုလို လာချိန်းတွေ့ရတဲ့အတွက် အလုပ်ခွင်မှာ အနှောင့်အယှက် ဖြစ်လို့များလား။

ကျွန်မခေါင်းထဲမှာ အတွေးတွေရှုပ်ထွေးလျက်နှင့် မောင့်ကို နားမလည်နိုင်စွာ ငေးကြည့်နေမိသည်။ မောင်က ကျွန်မကိုမကြည့်ဘဲ ကန်ရေပြင်ကိုသာ စိုက်ကြည့်နေသည်။

"ဘာဖြစ်လို့လဲ မောင်၊ ဆွေ ဘာလုပ်မိလို့လဲ၊ ဆွေ့မှာ ဘာအပြစ်ရှိလို့လဲ"

"ဆွေက ဘာဖြစ်လို့အကြောင်းပြချက်ကို နားထောင်ချင်ရတာလဲ၊ အရာရာ မောင့်သဘောဆို"

မောင့်စကားတွေက သွေးအေးရက်စက်လွန်းလှသည်။ ကျွန်မမျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှံလာတာမြင်တော့ မောင် မျက်နှာလွှဲလိုက်သည်။

"ဟုတ်ပါတယ် မောင်ရယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ အထွန့်တက်ပါရစေ၊ ဘာဖြစ်လို့များ လမ်းခွဲချင်ရတာလဲ မောင်ရယ်"

ကျွန်မ တုန်ရီတဲ့ အသံတွေနဲ့ တောင်းဆိုမိတော့ မောင့်မျက်နှာ ဇဝေဇဝါ မရေရာတဲ့အရိပ်တွေ လွှမ်းခတ်သွားသည်။

အဝေးကိုငေးကြည့်နေတဲ့ မျက်လုံးတွေက အနီးက မြက်ခင်းပြင်ကို ပြောင်းလဲကြည့်ရင်း အကြောင်းပြချက် တစ်ခုခုကို အသည်းအသန် စဉ်းစားနေပုံပေါက်သည်။

ကျွန်မကတော့ 'မကြာသေးမီသေမိန့်ချခံရတော့မယ့် အကျဉ်းသားတစ်ယောက်လို မလှုပ်မရှားနှင့် ငြိမ်သက်လျက်။ ခဏကြာတော့ မောင့်ဆီမှ အသံထွက်လာသည်။

"တကယ်တော့ မောင်နဲ့မောင့်သူငယ်ချင်းတွေက ဆွေ့လို အေးဆေးတည်ငြိမ်တဲ့ မိန်းကလေးဟာ အချစ်ကို အရူးအမူးဖြစ် မဖြစ် သိချင်တာနဲ့ လောင်းကြေးထပ်ပြီး ဆွေနဲ့ချစ်သူတွေဖြစ်အောင် မောင်ကြိုးစားခဲ့တာ၊


ခု တစ်နှစ်ပြည့်ပြီဆိုတော့ မောင်နိုင်ပြီ၊ လောင်းကြေး သုံးသောင်းတိုမောင်ရပြီမို့ ဆွေနဲ့ လမ်းခွဲဖို့ လာခြောတာပါ၊ ဆွေ မကျေနပ်ရင် မောင့်ကိုပါးရိုက်ချင်လည်း ရိုက်နိုင်ပါတယ်၊ မောင် စိတ်မဆိုးပါဘူး"

မောင်က ကျွန်မ မျက်နှာကိုကြည့်ရင်း ပြောနေပေမယ့် မောင့်မျက်တောင်တွေက လိုတာထက်ပိုခတ်နေသည်။ မောင် ကျွန်မကိုလိမ်ညာနေတာပဲဖြစ်မည်။ ဒါမှမဟုတ် နောက်ပြောင်နေတာလည်းဖြစ်နိုင်သည်။

"မဖြစ်နိုင်တာမောင်ရယ်၊ ဆွေမယုံဘူး၊ မောင်ဆွေ့ကို နောက်နေတာမဟုတ်လား"

"မင်းတော်တော်ခက်တဲ့မိန်းကလေးပဲ ဆွေဆွေမြင့်၊ ငါလိုကောင်းတစ်ယောက်က မင်းလို မိန်းကလေးတို့အတည်တကျ ကြိုက်မယ်တဲ့လား၊ မင်းထက် ရုပ်ရည်ရော၊ ငွေကြေးရောသာတဲ့သူကိုပဲ ရွေးမှာပေါ့၊ ငါက ဆင်းရဲတယ်လို့ပြောသားပဲ၊ ခုဟာက သုံးသောင်း

www.burmeseclassic.com



အလကားရမယ့် ကိစ္စမို့ ငါလက်ခံပြီး ခင်းနဲ့လိုက်လျောညီထွေနေခဲ့တာ၊ မင်း ကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့"

မောင့် အကြည့်စူးစူးတွေက ကျွန်မကို စိုက်ကြည့်လို့။

မောင့် စကားလုံးတွေကလည်း ကျွန်မနှလုံးသားကို ဓားသွားလို ထိုး နှက်လို့။ ကျွန်မ ဆက်မကြားလိုတော့။ ဆက်မကြားဝံ့တော့။ မျက်ရည်တွေက တန်ပေါင်ကျိုးကျသလို တလိမ့်လိမ့် ပြိုကျလာသည်။

လက်နှစ်ဖက်ကလည်း နားတွေ ကို စုံပိတ်ရင်း. . .

"တော်ပါတော့ မောင်ရယ်၊ မောင့် စိတ်တိုင်းကျပါပဲ၊ ဆွေ သွားပါတော့ မယ်၊ ဆွေ မောင့်ကို စိတ်မနာပါဘူး၊ ဆွေနဲ့ပတ်သက်ပြီး မောင်ငွေသုံးသောင်း ရတယ်ကြားလို့ ဆွေဝမ်းသာပါတယ်".

ကျွန်မ ဘာတွေပြောခဲ့မိသလဲ မသိ။ ကျွန်မ မောင့်ရှေ့ကနေ ပြေးထွက် လာမိသည်။

ကန်ပေါင်ပေါ်မှာ ရပ်နေတဲ့ မောင်က ကျွန်မနှင့်တဖြည်းဖြည်း ဝေး လျက် ဝေးလျက် ကျန်ရစ်ခဲ့သည်။

မယုံပါ။ ကျွန်မကို မောင် ဘယ် လိုတွေပဲပြောပြော ကျွန်မ မယုံကြည်နိုင် ပါ။ မောင့်စကားတွေက မာကျောခက် ထန်လှပေမယ့် မောင့်အကြည့်တွေက ကျွန်မကို လိမ်လို့မရ။ မောင် ဘယ် လောက်ပဲ အမူအရာလုပ်လုပ် မီးဝင်းဝင်း တောက်နေတဲ့ မောင့်မျက်ဝန်းအောက် မှာ နူးညံ့သိမ်မွေ့သည့် အကြင်နာ အကြည့်တွေကို ကျွန်မခံစားလို့ရသည်။

ထိုနေ့က ကျွန်မ မောင့်အပြော တွေကို မခံစားနိုင်တော့၍ ထွက်ပြေး လာမိပေမယ့် သေသေချာချာ ပြန်တွေး ကြည့်လေ မောင် လိမ်နေသည်ဟုပင် ကျွန်မ ထင်လေ။

မောင် ဘာကြောင့်များ ကျွန်မ ကို လိမ်ညာပြီး လမ်းခွဲပါလိမ့်. . .။

နောက်တစ်လ အကြာမှာတော့ ကျွန်မထင်မြင်ယူဆချက်တွေဟာ အသုံး မဝင်တော့ပါ။ မောင်က ချမ်းသာတဲ့ အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ် သွားခဲ့ပါပြီ။

တစ်ချိန်က ချစ်စကားတွေ သီကျူးရင်း ကျွန်မအနားတွင် ဝဲပျံနေခဲ့ သော အချစ်ငှက်ကလေးမောင်က၊ အခု များတော့ ကျွန်မကိုထားရစ်ကာ အချစ် သစ်ကို ရှာဖွေသွားခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် မောင်ပျော်နေ မယ်ဆိုရင် ကျွန်မ ကျေနပ်ပါသည်။

ဩော်. . . ဘာလိုလို့နဲ့ ကျွန်မ ကို ထားရစ်ခဲ့တာ ခြောက်လပြည့်တော့ မည်။

ကလစ်လေးကို ပြန်လည်ပန် ဆင်ကြည့်ရင်း အတိတ်ကို ကျွန်မ ခဏ အလည်ရောက်သွားသည်။

အတိတ်သည် ကျွန်မအတွက် လှပမှုတွေ၊ ကြည်နူးမှုတွေ၊ သာယာချမ်း မြေ့မှုတွေ၊ လှိုက်ဖိုရင်ခုန်စရာတွေနှင့် ပြည့်နှက်နေသလို ဝမ်းနည်း ကြေကွဲ ဖွယ်လည်း ကောင်းလွန်းလှသည်။

ကျွန်မရဲ့ အတိတ်ကို ကျွန်မ ချစ်လည်း ချစ်သည်။ မုန်းလည်း မုန်း သည်။ ဖြစ်နိုင်လျှင် အတိတ်က မောင် နှင့်အတူရှိခဲ့တဲ့အပိုင်းကိုပဲ ထပ်တလဲလဲ တွေးတောရင်း မောင် မရှိတော့တဲ့ အပိုင်းကို ခေါင်းထဲက ဆွဲထုတ် ချေမွ ပစ်လိုက်ချင်သည်။ ကလစ်လေးကို ကျွန်မခေါင်းက ဖြုတ်လိုက်ပါပြီ။

အမှန်တော့ ငိုညည်းသံက အခန်းထောင့်မှ ထွက်ပေါ်နေခြင်းဖြစ် သည်။ ထိုအခန်းထောင့်သည် လူမရှိတာ ကြာမြင့်ပြီဖြစ်၍ ကလစ်လေးကဲ့သို့ပင် ဖုန်မှုန့်တွေကပ်ငြိကာ ဟောင်းနွမ်းနေ ပါပြီ။

ကျွန်မသိလိုက်သည့်အချိန်မှာပဲ ငိုသံက တဖြည်းဖြည်း ပို၍ ပို၍ ကျယ် လောင်လာသည်။ ရှိုက်သံလည်း နက် နက်ရှိုင်းရှိုင်း ထွက်ပေါ်လာသည်။

အမှန်တော့ ကျွန်မ မသိတဲ့ အခိုက်၌ ကျွန်မနှလုံးသားက မောင့် အတွက် ငိုကြွေးနေမိခြင်း ဖြစ်သည်။ ကျွန်မ အကြည့်တွေ ဝေဝါးသွားသည်။ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေဖြင့် ပြည့်လျှံလာသည်။ ပါးပြင်ပေါ် သို့ ပူနွေး သော မျက်ရည်စက်တွေ တလိမ့်လိမ့် စီးကျလာ၏။

မျက်ရည်စတွေနှင့်အတူ ကျွန်မ သတင်းစာကို နောက်တစ်ကြိမ် ဖတ် လိုက်မိသည်။

ကိုသန့်စင်မိုး(အသက် ၂၁နှစ်)

အဖဦးသန့်ငွေ၊ အမိဒေါ်ကျင်မိုး တို့၏သားကြီး၊ မဝေစင်မိုး၊ မပြည့်စုံမိုး၊ မောင်ကောင်းခန့်မိုး၊ မောင်ညာဏ်မိုးသူ တို့၏အစ်ကို၊ မချစ်စုလှိုင်၏ ခင်ပွန်း ကိုသန့်စင်မိုးသည် ၁၂/၁၁/၂၀၁၂ တနင်္လာနေ့နံနက် (၁၀)နာရီအချိန်တွင် ဆာကူရာဆေးရုံကြီး၌ သွေးကင်ဆာ ရောဂါဖြင့် ကွယ်လွန်သွားပါ၍. . .။ ။

**မိုးနှင်းကို(ကွန်ပျူတာတက္ကသိုလ်)**

□





www.burmeseclassic.com

www.burmeseclassic.com

ကိုဘုန်းက ကျွန်တော့်ကို တအံ့တသြကြည့်တယ်။ ပြီးတော့ ခေါင်းကို လေးပင်စွာ ခါယမ်းတယ်။

"ဝေလင်း ငါ အစကတည်းက ပြောခဲ့တယ်လေ၊ မင်း သူ့ကို ချစ်လို့မရဘူးလို့၊ မင်း သူ့ကို ချစ်လို့ မရဘူး ဝေလင်း"

"ကိုဘုန်းက ဘာကြောင့်ဆိုတဲ့ မေးခွန်းကို မဖြေခဲ့ဘူးလေ"

ကိုဘုန်းရဲ့ မျက်နှာက အနည်းငယ် ပျက်ယွင်းသွားတယ်လို့ ကျွန်တော် ထင်လိုက်မိတယ်။ အချိန်အနည်းငယ်ကြာမှ အသက်မပါလှတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပြီး ကိုဘုန်း ကျွန်တော့်ကို ပြောတယ်။

"အခုလဲ ငါ မဖြေနိုင်ပါဘူး ဝေလင်း၊ ငါ မပြောနိုင်ဘူး၊ ဘာကြောင့်ဆိုတာကို ငါ မပြောနိုင်ဘူး"

"ဒါဆို ကိုဘုန်း ပြောနိုင်တာ ဘာရှိလဲ"

ကိုဘုန်း ကျွန်တော့်ကို ဆတ်ခနဲ လှမ်းကြည့်တယ်။ ကိုဘုန်း မျက်နှာပေါ်က အရိပ်အကဲကို ကြည့်လိုက်ရင်း ကျွန်တော် မေးလိုက်မိတာ မှားသွားမှန်း သိလိုက်ရတယ်။ ကိုဘုန်းက မျက်နှာကို တစ်ဖက်လွှဲလိုက်ရင်း အသံတိုးတိုးနဲ့ ကျွန်တော့်အမေးကို ခြောက်ကပ်စွာ ဖြေတယ်။

"ငါ ပြောနိုင်တာ တစ်ခုတော့ ရှိပါတယ် ဝေလင်း၊ အဲဒါက မင်း သူ့ကို မေ့ပစ်လိုက်ပါ၊ မင်းနှလုံးသားက သူ့ကို ချစ်မိသွားပြီဆိုရင်တောင် ပြန်မေ့နိုင်အောင် ကြိုးစားလိုက်ပါ"

"မရတော့ဘူး ကိုဘုန်း၊ မဖြစ်နိုင်တော့ဘူး"

"မင်းခံစားရမှာကိုစိုးလို့ ငါ ပြောနေတာပါ၊ ပြီးတော့ . . ."

ကိုဘုန်းက စကားကို ရပ်ပြီး ကျွန်တော့်ကိုကြည့်တယ်။

ကျွန်တော် ကိုဘုန်းကို မေးလိုက်တယ်။

"ပြီးတော့ ဘာဖြစ်လဲ၊ ကိုဘုန်း"



"မင်း ငါ့ကို အဲဒီလို မကြည့်နဲ့ ဝေလင်း၊ အဲဒီလိုလည်း မမေးနဲ့၊ မင်း ငါ့ကို မရိုနဲ့ကွာ"

ကျွန်တော် ပြုံးလိုက်မိတယ်။

"ကျွန်တော် ကိုဘုန်းကို ရိုတာ မဟုတ်ပါဘူး"

ကိုဘုန်းက ကျွန်တော့်ကို ခပ်တွေတွေ စိုက်ကြည့်တယ်၊ ပြီးမှ ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး . . .

"ငါ သိပါတယ် ဝေလင်းရာ၊ မင်း စိတ်ထဲမှာ ငါ ဘယ်လိုရှိနေတယ်ဆိုတာ ငါ သိပါတယ်၊ မင်းမျက်လုံးတွေက ဟန်မဆောင်တတ်ပါဘူး"

"ဒါဆိုလဲ ပြောလေဗျာ၊ ကျွန်တော် သူ့ကို ဘာကြောင့် မချစ်ရမှာလဲ၊ ဘာကြောင့် မေ့ပစ်ရမှာလဲ"

ကိုဘုန်း သက်ပြင်းတစ်ချက်မှုတ်ထုတ်တယ်။ စက္ကန့် အနည်းငယ်ကြာတော့ သက်ပြင်းတစ်ချက် ထပ်ချတယ်။ ပြီးတော့ ကျွန်တော့်ကို မကြည့်ဘဲနဲ့ . .

"ငါ မပြောနိုင်ဘူးလို့ ပြောပြီးသွားပြီပဲ ဝေလင်းရာ၊ မင်းကိုယ်တိုင်ပဲ စုံစမ်းကြည့်လိုက်ပါ၊ မင်း သိရမှာပါ၊ မင်း သိလာမှာပါ ဝေလင်း"

◆

"မင်း မစုံစမ်းကြည့်ဘူးလား"

မင်းမင်းက လက်ဖက်ရည်ခွက်ကို ပြန်ချလိုက်ပြီး မေးတယ်။ စီးကရက်မီးခိုးတွေကို ခပ်ဖြည်းဖြည်းမှုတ်ထုတ်ရင်း၊ ကျွန်တော် မင်းမင်းကို ခေါင်းခါပြလိုက်တယ်။ မင်းမင်းက ဆက်ပြီး . .

"သူ့တစ်ခုခုကို သိထားပုံရတယ် ဒါပေမဲ့ ဘာကြောင့် မပြောတာလဲ ပြီးတော့ မင်း ခံစားရမှာစိုးလို့တဲ့




www.burmeseclassic.com

www.burmeseclassic.com

# ပွဲစဦးတစ်ယောက်ရဲ့အလဲအကွဲ

ပန်းချီမြအောင်နိုင်လတ်

## ပြရာဝင်



ကျွန်တော် ခေါင်းဆတ်ပြလိုက်တယ်။

"မင်းဘာသာမင်း စုံစမ်းကြည့်လို့ပြောတယ်"

"အေး"လို့ ကျွန်တော် ခပ်လေးလေး ပြောဖြစ်တယ်။

"မင်း စုံစမ်းကြည့်သင့်တယ်ဝေလင်း"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ စီးကရက်တိုကို ဆေးလိပ်ပြာခွက်ထဲ ထိုးချေလိုက်ရင်း . . .

"ဖေဖေ့ကိုမေးလိုက်ရင် တစ်ခုခုတော့ သိရမှာပဲ"

"ဒါဆိုလဲ မေးလေကွာ"

"ဖေဖေနဲ့ ငါနဲ့ မတွေ့တာတစ်ပတ်ကျော်ပြီကွ၊ သူ့ရုံးခန်းမှာပဲ ညအိပ်,အိပ်နေတယ်"

မင်းမင်းက တစ်ခွန်း ဆဲလိုက်ပြီး . . .

". . . . . အဲဒါဆိုလည်း မင်းအဖေရုံးခန်းကို မင်းလိုက်သွားပေါ့"

◆

"အန်ကယ့်လ်ဆီ လာတာလား"

ပျားရည်စွက်ထားတဲ့ အသံချိုချိုလေး။ သကာရောထားတဲ့ အပြုံးနုနုလေး။

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်လ်ဒီမနက်ပဲ မန္တလေး သွားတယ်"

ကျွန်တော် နည်းနည်းတော့ စိတ်ပျက်သွားမိတယ်။ မဆိုစလောက် လေးပါ။ သိချင်တာကိုမေးဖို့ ဖေဖေ မရှိ ပေမယ့် (ကိုဘုန်းဝှက်ထားတဲ့ ကျွန်တော့် ရဲ့ပဟေဠိလေး) သူမကို တွေ့ရတာပဲ။ ဖေဖေ ရှိမနေတာကဘဲ ပိုကောင်းနေ သလိုလို။

"ဖေဖေ ဘယ်တော့မှ ပြန်လာ မှာလဲ"

ဘာပြောရမယ်မှန်း မသိလို့သာ စိတ်ကူးတည့်ရာ ပြောလိုက်မိတာ။

ဒါပေမယ့် စကားက အလိုက် သင့်ဖြစ်သွားတယ်။

"ဟိုတယ်ဆောက်ဖို့အခြေအနေ တွေ သွားကြည့်တာ၊ အခြေအနေဆို တာကတော့ ကိုဝေလင်း နားလည်မှာ ပါနော်"

ကျွန်တော် ခေါင်းညိတ်လိုက် တယ်။

"ကိစ္စအရေးကြီးလို့လား"

ကျွန်တော် ခေါင်းကို ယမ်းခါ လိုက်ရင်း . . .

"ဟင့်အင်း အရေးမကြီးပါဘူး"

ပါးချိုင့်ခွက်လေး ပေါ်လာ အောင် သူမပြုံးတယ်။

ပြီးတော့ ချိုအီလွန်းတဲ့ အသံ လေးနဲ့ . . .

"ကျွန်မကို တစ်ခုတော့ မှာသွား တယ်၊ ကိုဝေလင်း ပိုက်ဆံလာယူရင် လိုသလောက် ပေးလိုက်ပါတဲ့"

"ကျွန်တော် ပိုက်ဆံလာယူတာ မဟုတ်ပါဘူး"

သူမပြုံးပြီး ခေါင်းညိတ်တယ်။

"မနီနီ အလုပ်ရှုပ်နေလား"

သူမက ခေါင်းတစ်ချက်ခါလိုက် ပြီး . . .

"ဟင့်အင်း မရှုပ်ပါဘူး"

"ဒါဆို ကော်ဖီလိုက်သောက်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါရစေ၊ လက်ခံမယ် မဟုတ်လား"

"ကိုဝေလင်းက ကော်ဖီသောက် ချင်လို့လား၊ ကျွန်မ ဖျော်ပေးမယ်လေ"

"ကျွန်တော် ဒီမှာ မသောက်ချင် ဘူး"

ရုံးခန်းထဲက အခြားဝန်ထမ်း တွေကို ကျွန်တော် ကြည့်လိုက်တယ်။ ရုံးခန်းတစ်ခုရဲ့ သမားရိုးကျ စီးမျောမှု တစ်ခုအတိုင်းပါပဲ။ ထူးခြားမှု မရှိပါဘူး။

သူမကို ပြန်ကြည့်လိုက်တယ်။ ခဏကြာတော့ သူမပြုံးပြီး ခေါင်းညိတ် ပြတယ်။

◆

သူမက ကျွန်တော့်မျက်လုံးထဲ မှာတော့ (လုံးဝ)အပြစ်ကင်းစင်ပါတယ်။ ယဉ်ကျေးတယ်၊ ဣန္ဒြေကြီးတယ်။ တစ်နည်းပြောရရင် တည်ငြိမ်တယ်၊ မကလက်ဘူးပေါ့။ (ကျွန်တော် အဲဒီလိုပဲ ယူဆမိခဲ့ပါတယ်။)

သူမကို မချစ်ဖို့ ကိုဘုန်း ဘာ ကြောင့် တားတယ်ဆိုတာ ကျွန်တော် တွေးကြည့်လို့မရပါဘူး။

သူမကိုယ်တိုင်မှာ အပြစ်အနာ အဆာ မရှိ(ခဲ့)ဘူးဆိုရင် သူမ အသိုင်း အဝိုင်းမှာလား။

သူမက စားသောက်ဆိုင်မှာ သီချင်းဆိုခဲ့ဖူးတယ်လို့တော့ သူမကိုယ် တိုင် ကျွန်တော့်ကို ပြောဖူးတယ်။ ဒါကိုပဲ ကိုဘုန်းက ဆိုလိုချင်တာလား။ ဒီကိစ္စ ကြောင့် ဖေဖေက ကျွန်တော်နဲ့ သူမကို သဘောမတူနိုင်ဘူး ထင်လို့ပဲ၊ ကိုဘုန်း တားမြစ်တာလား။ ဖေဖေ ကိုယ်တိုင် တောင် သူမကို(ဖေဖေ့ရဲ့)အတွင်းရေးမှူး ခန့်ထားသေးတာပဲ။ သဘောမတူနိုင် စရာတော့ မရှိလောက်ပါဘူး။

ဒါဆိုရင် ကိုဘုန်းက . . .

ဘာကြောင့်လဲ . . .

ဘာလို့လဲ . . .

◆

သူမက ကျွန်တော့်ကို ပုံပြင် လေးတစ်ပုဒ် ပြောပြတယ်။ သူမက ပုံပြင်လို့ နာမည်တပ်ခဲ့ပေမယ့်၊ အဲဒီ အကြောင်းအရာလေးက ရာဇဝင်ထဲမှာ တကယ်ရှိခဲ့ပါတယ်။ သတိုးမင်းဖျားရဲ့ မိဖုရားစောဥမ္မာကို တောင်းခဲ့တဲ့ သူခိုး ငတက်ပြားရဲ့ သတ္တိလေးအကြောင်းကို သူမ ပြောခဲ့တာပါ။ ပေါ့ပေါ့ပါးပါးလေးပဲ သူမ ပြောခဲ့တယ်။ ဒါပေမဲ့ . . .

သူမ အဲဒီအကြောင်းအရာလေး ကို ဘာလို့ ပြောတယ် ဆိုတာတော့ ကျွန်တော် မသိရပါဘူး။ ကျွန်တော့်မှာ တွေးတော ကောက်ချက်ချနိုင်တဲ့ ဉာဏ် ရည်မရှိတာလည်း ဖြစ်နိုင်ပါတယ်။

◆

မင်းမင်းက ကျွန်တော် သိပြီး သား (သူမနဲ့ပတ်သက်တဲ့) အကြောင်း အရာ တစ်ခုကို ပြောပြတယ်။ သူမ စားသောက်ဆိုင်မှာ သီချင်းဆိုခဲ့ဖူးတာ ကိုပါပဲ။ ကျွန်တော် သိပြီးသားဖြစ်တဲ့ အကြောင်း မင်းမင်းကို ပြန်ပြောလိုက် တယ်။

ကိုဘုန်းကတော့ စောဥမ္မာနဲ့ ပတ်သက်တဲ့ ရာဇဝင်တချို့ကို ပြော[illegible] တယ်။ ငတက်ပြားရဲ့ ကိုယ်ရေးရာဇဝင် ကို ပြောပြတယ်။ ပြီးတော့ ကြည်အေး[illegible] 'မီ'ဆိုတဲ့ ဝတ္ထုစာအုပ်ကို ပေးဖတ်တယ်။

"ဘာအတွက်လဲ"လို့ ကျွန်တော် မေးတော့ . . .

"မင်းဘာသာ စဉ်းစားကြည့် လေ"တဲ့။

စာအရမ်းဖတ်လွန်းတဲ့ ကိုဘုန်း က (ကာတွန်းကလွဲရင်) စာမဖတ်[illegible] ကျွန်တော့်ကို စာအုပ်ထဲက အကြောင်း အရာတွေနဲ့ ပဟေဠိဝှက်နေတာ။

သိပ်တော့ တရားမျှတမှု မရှိ[illegible] လို့ ကျွန်တော် ထင်မိတယ်။ ဒါပေမယ့် ကျွန်တော် ကိုဘုန်းကို ဘာမှပြန်မပြော[illegible] လိုက်ပါဘူး။

◆

သူမက သွားတက်ကလေးပေါ် အောင် ပြုံးတယ်။ ကျွန်တော်လည်း သူမကို ပြန်လည် ပြုံးပြလိုက်တယ်။

ဖေဖေ ဒီည ပြန်ရောက်မယ့် အကြောင်း သူမပြောတယ်။ ကျွန်တော် ခေါင်းညိတ်ပြရင်း ကော်ဖီဆိုင်သွားမ[illegible]





www.burmeseclassic.com

www.burmeseclassic.com

ပြောင်း သူမကို ပြောဖြစ်တယ်။ တော့ သူမ ငြိမ်သက်သွားတယ်။ ကျွန်တော် သူမဆီက ပြန်ကြားချက်ကို စောင့်စားရင်း သူမ မျက်နှာလေးကို ငေးတယ်။

သူမ ခေါင်းညိတ်တယ်။ ကော်ဖီဆိုင်ကို ကျွန်တော်တို့ ရောက်ကြတယ်။ ကော်ဖီသောက်ရင်း သူမရဲ့ မျက်နှာလေးကို ကျွန်တော်ခိုးခိုးပြီး ငေးတယ်။ ကော်ဖီဆိုင်က ဖွင့်ထားတဲ့ သီချင်းကို နားထောင်ရင်း၊ သမီးရည်းစားမဆန်တဲ့ စကားတွေကို ကျွန်တော်တို့ ပြောကြတယ်။ တစ်ခါ တစ်ခါ ငြိမ်ဆိတ် အေးစက်၊ တစ်ခါ တစ်ခါ မောပန်းမွန်းကျပ်၊ ညမ်းမီးတွေလင်းဖို့ နာရီပိုင်းအလိုမှာ ကျွန်တော်တို့ ကော်ဖီဆိုင်က ထွက်ခဲ့ကြတယ်။

သူမအိမ်ကို လိုက်ပို့ပါရစေဆိုတော့ အပြုံးရိုးရိုးလေးနဲ့ နူးညံ့စွာ ခေါင်းယမ်းပြတယ်။

ချိုအီဆွတ်ပျံ့ မူးရီမှုတွေက ကျွန်တော့်ရဲ့ကားလေးထဲမှာ ခိုဝဲကျန်ရစ်ခဲ့တယ်။ ကိုယ်သင်းနံ့လေးတွေ၊ သာယာတဲ့အသံလေးတွေ၊ ယုယတဲ့အပြုံးလေးတွေ၊ နူးညံ့တဲ့လှုပ်ရှားဟန်လေးတွေက ကျွန်တော့်ရဲ့ အာရုံထဲမှာ နစ်စွဲကျန်ရစ်ခဲ့တယ်။

♦

"အရမ်းစောလွန်းသေးတယ်"လို့ မင်းမင်းက ပြောတယ်။

"ဘာကြောင့်လဲ"လို့ ကျွန်တော် ပြန်မေးလိုက်တော့ . . .

"ဆယ်ကြိမ်လောက် တွေ့ဖူးပြီး၊ သုံးကြိမ်လောက် ကော်ဖီဆိုင် အတူထိုင်ဖူးရုံလေး နဲ့ မင်းက သူ့ကို ချစ်တယ်လို့ ပြောတော့၊ သူ့ဘက်က မင်းကို လွယ်လွန်းတယ်၊ အခွင့်အရေး ယူတယ်လို့ ထင်မသွားနိုင်ဘူးလား၊ အချိန်အားဖြင့်လည်း မင်းနဲ့ သူနဲ့ ရင်းနှီးသွားတာ တစ်လကျော်ပဲ ရှိသေးတယ်လေ"

ကျွန်တော် ခေါင်းကို ခပ်လေးလေးညိတ်မိတယ်။

အမြင်ချင်းမတူပေမယ့် မင်းမင်း ပြောတာကလည်း လိုက်လျောညီထွေဖြစ်နေတယ်လို့ ထင်မိတယ်။ လက်ခံသင့်၊ လက်မခံသင့်ကိုတော့ ကျွန်တော် သေသေချာချာ စဉ်းစားရပါဦးမယ်။

ငြိမ်သက်တိတ်ဆိတ်နေတဲ့ကိုဘုန်းကို ကျွန်တော် ကြည့်လိုက်တယ်။ ဆေးပေါ့လိပ်ကိုဖွာရင်း အပြင်ဘက်ကို ငေးနေတယ်။

"ကိုဘုန်းကကော . . ."

အပြင်ဘက်ကို ငေးနေရာကနေ ကိုဘုန်း ကျွန်တော့်ကိုလှည့်ကြည့်တယ်။ မဲ့ပြုံးတစ်ချက်ပြုံးပြီး ခေါင်းကို ခပ်လေးလေး ခါတယ်။

"ဝေလင်း မင်း ခံစားရမှာစိုးလို့ နီနီ့ကို မချစ်ဖို့ ငါပြောခဲ့တယ်၊ မင်း နားမထောင်ဘူး၊ အခု မင်း ငါ့ကိုမေးတယ်၊ ကိုဘုန်းကကောတဲ့၊ မင်း မမေးသင့်တဲ့ မေးခွန်းပဲ ဝေလင်းရာ၊ ငါ့သဘောထားက ပြောင်းလဲလာမှာမှ မဟုတ်တာ"

♦

ရုံးဆင်းပြီးချိန်ကိုမှ ကျွန်တော် တမင်ရွေးပြီး လာခဲ့လိုက်တယ်။ အဲဒါမှ ဖေဖေနဲ့ လွတ်လွတ်လပ်လပ် စကားပြောလို့ ရမှာလေ။ ပြီးတော့ သူမအကြောင်းကို သူမ မရှိတဲ့နေရာ၊ သူမ မရှိတဲ့အချိန်မှာပဲ မေးချင်တယ်။

နာရီကိုကြည့်ပြီး ဖေဖေ ရှိနိုင်မယ့်နေရာကို ခန့်မှန်းကြည့်လိုက်တယ်။ ကုမ္ပဏီ သို့မဟုတ် အလုပ်ရုံးခန်းရဲ့ အပေါ်ထပ်က သီးသန့်နားနေခန်း။

ခြေလှမ်းတွေကို ရွေ့လျားစေရင်း ဖေဖေ့ကို ပြောရမယ့် သို့မဟုတ် မေးရမယ့် မေးခွန်းတွေ စဉ်းစားမိတယ်။

ခြေလှမ်းတွေကို ရပ်တန့်ရမယ့် အချိန် မတိုင်သေးခင်းမှာ အသံလို့ နာမည်မှည့်ထားတဲ့အရာက နားထဲကို တိုးတိတ်စွာ ဝင်ရောက်လာတယ်။ အသံလို့ သိရပေမယ့် ဘာသံရယ်လို့တော့ သိပ်မကွဲပြားချင်ဘူး။

စကားသံ၊ လှုပ်ရှားမှုရဲ့ အသံလို့ ကျွန်တော် ကွဲပြားသွားချိန်မှာ၊ ကျွန်တော့်ခြေလှမ်းတွေ အလိုလို ရပ်သွားတယ်၊ ခြေလှမ်းတွေက အလိုလိုရပ်သွားရတယ်။

စကားသံတွေက ကျွန်တော် မှတ်မိနေတဲ့အသံတွေ၊ ကျွန်တော့်ရင်းနှီးနေတဲ့အသံတွေ၊ ကျွန်တော်သိပ်ချစ်တဲ့ လူနှစ်ယောက်ရဲ့ အသံတွေ။ ဖေဖေ ဟုတ်တယ်၊ ဖေဖေ့ရဲ့အသံ။ ပြီးတော့၊ ပြီးတော့ လှုပ်ရှားမှုရဲ့အသံ။

ဟင့်အင်း မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ အော်ဟစ်မိလိုက်ပေမယ့် အသံထွက်မလာခဲ့ဘူး။

လှေကားထစ်တွေပေါ်ကို ကျွန်တော် ဘယ်လို ပြန်ရောက်လာခဲ့မှန်း မမှတ်မိတော့ပါဘူး။ ကျွန်တော့် ခြေထောက်တွေက လှေကားထစ်တွေ တစ်လျှောက်မှာ ရွေ့လျားနေတယ်ဆိုတာကိုတော့ သိနေတယ်။

စူးအောင့်ခြင်း. . .
နာကျင်ခြင်း. . .
ဝမ်းနည်းယူကျုံးမရခြင်းတွေက
ရင်ထဲမှာအပြည့်. . .
ကျွန်တော့်ရင်ထဲမှာ
ဝေဒနာတွေအပြည့်. . .။

♦

ကိုဘုန်းက ဒါကို သိနေလို့ပဲ၊ သူမကိုမချစ်ဖို့ ကျွန်တော့်ကိုပြောခဲ့တာလား။ ကျွန်တော် ကိုဘုန်းကို သွားမေးလိုက်ရမလား။ မေးသင့်ပါရဲ့လား။

"မင်း သိရမှာပါ၊ မင်း သိလာမှာပါ၊ ဝေလင်း"

ဒါကိုပဲ ရည်ရွယ်ပြီး ကိုဘုန်း ပြောခဲ့တာလား။ ကျွန်တော် သိတော့ သိလိုက်ရပါပြီ ကိုဘုန်းရယ်။ သိတော့ သိလိုက်ရပါပြီ။ ဒါပေမယ့် . . .

ကျွန်တော့်ရင်ဘတ်ထဲမှာဝေဒနာတွေအပြည့် . . .

ဝေဒနာတွေ. . .

အဲဒီဝေဒနာတွေက ရင်ထဲမှာ ပြည့်သွားခဲ့ရတယ်လေ . . .။

ဖျူ

❐



www.burmeseclassic.com

www.burmeseclassic.com




စေတးသံရှင်ဂီတာမင်းမင်းဦး(ဂီတာနတ်သံ)

# ကိုဌေး ဆံပင်ညှပ်သည်

၁၉၇၇ ခုနှစ် ရန်ကင်း စရောက်သည်။ သည့်အရင် ကျွန်တော့်နှမနှင့် သူ့ခင်ပွန်း သမီးတစ်ယောက်နှင့် သားသုံးယောက်၊ ကျောင်းနေစအရွယ် လေးငါးခြောက်တန်းတွေရှိနှင့်နေကြသည်။

ရောက်စဆိုတော့ ကျွန်တော့် ဝါသနာ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်နှင့် ဆံပင်ညှပ်ဆိုင်ကောင်းကောင်း ဦးစွာ ပထမရှာ၍ မိတ်ဖွဲ့ထားရမည်။ မဟုတ်ပါက ဆံပင်ပုံမကျ ပန်းမကျ ဖြစ်ရသည့်အပြင် ခေါင်းရှိ ဆံပင်အားလုံး နီးပါး ပြောင်တက်သွားတာမျိုး နောက်ထပ်မခံစားလို၍ဖြစ်သည်။

နာရီနှင့် စက်ဘီးဆိုင်ကောင်းကောင်းလည်း လိုအပ်ပေလိမ့်ဦးမည်။ ဤသို့ဆိုလျှင် သာမန်လူတစ်ယောက် အဖို့ ကျေနပ်လောက်ပြီဟု ထင်မိသည်။

ဥပမာ ဆံပင်ညှပ်. . . "နောက်တော့ နည်းနည်းပါးပေးပါ၊ ရှေ့ကတော့ တော်လောက်ပါပြီ၊ ဘေးသိမ်းပေးပါ",

ကိုယ့်ပုံစံကိုယ့်အကြိုက်ဆို လျှင် သည်တစ်ခါညှပ်ပြီး နောက်တစ်ခါ ထပ်မပြောရတော့ပေ။ ထိုနည်းအတိုင်း "လက်ဖက်ရည်ပုံမှန်ထက် နည်းနည်းလေး ကျရည်ကဲပေးပါလို့သာ ပြောထားပေးပါ"

"ဟော့ကောင်လေး ဒါ ဟိုဆရာကြီး ချပေး"

ကိုယ်မမှာခင် ဖျော်ဆရာက ဖျော်ထားနှင့်ပေလိမ့်မည်။ ခပ်သွက်သွက် ပါးပါးနုပ်နုပ် စားပွဲထိုး ကောင်လေးများဆိုလျှင် ဆိုင်ထဲဝယ်မယ် ကြံခါရှိသေး ကိုယ်ထိုင်မည့် စားပွဲပေါ် ရောက်နှင့်နေပြီ။ သည်လို မဟုတ်ပါက ရေနွေးရောလိုက် အကျရည်ထည့်လိုက်နှင့် သွားပြီ။ ရှာလည်ပြီသာ မှတ်ပေရော့ပဲ။

နာရီဆို စိတ်ချလက်ချ အပ်လိုက်၊ လိုအပ်လျှင် ကြေးဆေးပေးလိမ့်မည်၊ မလိုအပ်လျှင် ဓာတ်ခဲလဲသည့်

www.burmeseclassic.com

ပေးပြီး ကျသင့်ငွေ အမှန်ဆိုလိမ့်မည်။ ဒါ ကျွန်တော်တို့ ယောက်ျားလေးတွေ အတွက် မရှိမဖြစ် မဟုတ်သည့်တိုင် ရှိအပ်သည်ဟု မှတ်ယူထားရန် လိုပေသည်။

ကျွန်တော် မိတ်ဆွေဖွဲ့ထားသော ဆံပင်ညှပ်ဆရာတစ်ဦးရှိသည်။ နာမည်က ကိုငွေဖြစ်သည်။

သူ့ဆိုင်တွင် ဆံပင်ညှပ်ရဖန် များလာ၍ သူ့အကြောင်း အနည်းအကျဉ်းတော့ သိထားသည်။

ဆံပင်ညှပ်ဆရာ ဆိုပေသည့် ကိုယ်ပိုင်အိမ်နှင့် မီးနှင့် ရေနှင့်၊ အိမ်ငှားတောင်တင်ထားလိုက်သေး။ သမီးကြီး တစ်ယောက် သားသုံးယောက်၊ သမီးအကြီးက အတန်းနည်းနည်းကြီးသည်။ ခင်ဆုံးမ သွန်သင်မှုကြောင့်ထင့်။ လိမ်မာရေးခြား အပြည့်ရှိသူဖြစ်သည်။ မိခင်အတွက်လည်း ကူဖော်လောင်ဖက်ရသည်။

ကိုငွေက ဆေးလိပ်မသောက်၊ အရက်မသောက်၊ ကွမ်းကိုတော့ ပါးစပ်ထဲမှာ အမြဲ ငုံထားတတ်သည်။ ဒါ့အပြင် သူ့မှာ ထူးခြားသည့် အချက်တစ်ချက်ရှိသေးသည်။

တခြားမဟုတ်၊ တစ်နှစ်မှာ ရက်ပေါင်း (၃၆၅)ရက် ရှိသည့်အတိုင်း သူ့ဆိုင်ကို (၃၆၅)ရက် အပြည့်ဖွင့်သည် ဆိုခြင်းပင်။

သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဆိုပေသည့် တစ်ခါမှ ဖျားနာ၍ ဆိုင်ပိတ်ထားရသည်ဟူ၍ မရှိ။ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ဆိုင်အသင့်ဖွင့်ပြီး ဖြစ်နေတတ်သည်။ ကျွန်တော်သိသလောက် လွန်ခဲ့သည့် အနှစ်(၃၀)ကျော်မှ ယနေ့တိုင် ဖြစ်သည်။

သူ့သမီးကြီး တက္ကသိုလ်စတက်သည့်နှစ်ဟု ထင်သည်။ တစ်နေ့ ဆံပင်ညှပ်ရန် ကျွန်တော်သူ့ဆိုင်ကို လာပါသည်။ ဆိုင်ပိတ်လျက်သား တွေ့ရသည်။ နေအတော် မြင့်သွားသည်။ မစောင့်နိုင်၍ ပြန်ခဲ့သည်။

ကျွန်တော်ကလည်း ကျွန်တော်ပင်။ ကိုယ်တိုင်ရှာ ဖွေမိတ်ဖွဲ့ထားရသော ဆံပင်ညှပ်ဆရာက မရှိ။ ကိုယ့်ခေါင်း သူ့ကိုင်မှ ဘဝင်ကျသည့် ကျွန်တော် အခက်တွေ့ရပါပြီ။

မတတ်သာသည့်အဆုံး စိတ်မပါ့တပါဖြင့် တခြားဆိုင်သွားညှပ်လိုက်ရသည်။ ထင်သည့်အတိုင်း အဆင်မပြေဖြစ်ခဲ့ရသည်။

သုံးလေးရက်ခန့်အကြာ ကျွန်တော် သူ့ဆိုင် ထပ်သွားသည်။ သည်အတိုင်း မဖွင့်။ တစ်ပတ်လောက်တွင် သွားကြည့်သည်။ ဆိုင်ဖွင့်တာ တွေ့ရသည်။ သူ့ဆိုင် လူကျနေသည့်အတွက် မဝင်တော့ဘဲ ကိုယ့်ကိစ္စကိုယ် ဆက်သွားခဲ့သည်။ နောက်လေးငါးဆယ် ရက်ခန့် ဆိုင်ပိတ်ပြန်ပါသည်။

ပတ်ဝန်းကျင်က မိတ်ဆွေတွေ မေးကြည့်တော့လည်း ဆိုင်ဖွင့်ပြီး ရုတ်တရက်ပိတ်ကာထွက်သွားတတ်ကြောင်း ဆိုသည်ကလွဲ၍ ကိုငွေ ဘာဖြစ်နေသည်ဟု မည်သူမျှ တိတိပပမသိ။

အရင့်အရင်က ဒီလို ဆိုင်ပိတ်တာမျိုး မရှိခဲ့ဖူးပါဘူး။ ခုဘယ်လိုဖြစ်ရတာလဲ။

ကိုငွေ ဘာတွေ ဖြစ်နေသနည်း။ မည်သို့သော အခက်အခဲတွေနဲ့များ ရင်ဆိုင်နေရသနည်း။ သူ့အိမ်ကလည်း သိသာသိပေမယ့် မသွားတတ်။

ကိုယ့်ကိစ္စနှင့် ကိုယ်ကလည်း ဖြစ်ပြန်ဆိုတော့ ဒီလိုပဲ ဘာသိဘာသာ နေလိုက် ရုံကလွဲပြီး ဒီထက်မပို၊ သူ့မိသားစုများ နေထိုင်မကောင်းကြရော့သလား။ ဘာမဆိုင် ညာမဆိုင် စိုးရိမ်ပူပန်မိလေသည်။

ဖောက်သည်တွေလည်း တခြားဆိုင်တွေ ပြေးညှပ်ကုန်ပြီ။ ကျွန်တော်လည်း ထိုနည်းနှင်နှင် ဖြစ်တော့သည်။

တစ်ခါသော် ကျွန်တော့်ဆံပင်ကလည်းရှည် ညှပ်ကလည်း ညှပ်ချင်ဖြစ်နေခိုက် ကိုငွေဆိုင်ဖွင့်တာနဲ့ ကြုံလို့ ဆံပင်ညှပ်ဖြစ်သွားသည်။

ဆံပင်ညှပ်နေရင်း ဆိုင်ထဲသို့ လူနှစ်ဦး ဝင်လာပါသည်။

"ကိုငွေ၊ ရွှေဘီးက ခွေးသွားစိပ်ကြွေသွားတယ်၊ အဲဒါ အော်ရီဂျင်နယ်ကတော့ နှစ်ထောင်တဲ့၊ ဘားမားကတော့ထောင့်နှစ်ရာတဲ့၊ ဝယ်ဒိန်ကြာကြာမခံဘူးတဲ့၊ ဘယ်လိုလုပ်မလဲ၊ အလုပ်ကလဲ တအားကျနေတယ်၊ ဒါနဲ့ ဆီဘိုးလဲ ပေးစရာကျန်သေးတယ်"

ဆိုတော့ . . .

"အေးဗျာ ခွေးသွားစိပ် ပြန်မဖို့ဘဲ (အော်ရီဂျင်နယ်) လဲပ့ါမယ်၊ မနက်ဖြန် ကျွန်တော်လာမယ်ဗျာ"

ဟုသာပြောပြီး ဆံပင်ဆက်ညှပ်နေသည်။ ဟိုလူနှစ်ဦးသားလည်း နှုတ်ဆက်ပြီး ပြန်သွားကြသည်။ ကျွန်တော်လည်း ဆံပင်ညှပ်ပြီး အပြင်သွားစရာကိစ္စလေး တစ်ခုရှိတာနဲ့ နှုတ်ဆက်ပြန်ခဲ့သည်။

သည်လိုနှင့် ဆိုင်သုံးလေးရက်ပိတ်ပြန်ပါသည်။ ပိတ်လိုက် ဖွင့်လိုက်နှင့် ဘယ်နှရက်ဖွင့်၍ ဘယ်နှရက်ပိတ်မှန်းတောင် မသိခဲ့ရာမှ တစ်နေ့ မျက်နှာမသာမယာနှင့် ကိုငွေကို သူ့ဆိုင်ဖွင့်လျက် တွေ့ရသည်။ ထိုအခါမှပင် ကိုငွေနှင့် အေးအေးလူလူ စကားပြောဖြစ်တော့သည်။

"ဖြစ်ပုံက ဒီလိုဆရာရေ တစ်နေ့ဆရာ့လိုပဲ ဖောက်သည်တစ်ဦးပါ"

"အင်း ဆိုပါဦး"

"ကျွန်တော့်အကြောင်း ဆရာသိသလို သူလဲ သိတယ်လေ၊ ကျွန်တော့်သမီး တက္ကသိုလ်စတက်တဲ့ နှစ်ပေါ့။

ကိုငွေ့အကြောင်း ကျုပ် အသိဆုံးပါ၊ ဟုတ်တာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် သမီးက တက္ကသိုလ်တက်နေပြီ၊ သူတို့ရွှေရေးက ရှိသေးတယ်လေ၊ တော်ကြာ ဘွဲ့ယူ ဘာယူက ရှိသေး၊ အခု ကျောင်းတက်နေတာတောင် ဟဲ့-ကလေးမ အဖေက ဘာအလုပ်လုပ်သတုံးလို့ မေးလာရင် ကလေးအတွက် အဖြေရ ကျပ်နေမှာစိုးလို့ ပြောနေတာ

www.burmeseclassic.com

ခင်ဗျား ဆံပင်ညှပ်လုပ်ငန်းနဲ့ ခင်ဗျား ဘယ်လိုနေတယ် ထိုင်တယ်ဆိုတာ ကျုပ် နားလည်ပါတယ်၊ ခုပြောတဲ့ လုပ်ငန်းက အရင်းလဲ သိပ်များတာ မဟုတ်ဘူး၊ ပြီးတော့ အလုပ်သမား ဆိုတာ စက်ကိုင်တဲ့လူနဲ့ ဆန်ကျအိတ် ခံတဲ့လူ ဒါပဲ၊ ဆီလဲ သိပ်မစားဘူး၊ ကိုယ့်အတွက် ကြိတ်ခအပြင် ဖွဲနုလည်းရ၊ တစ်နေ့ ဆယ်အိတ်လောက်ပဲ၊ အေးအေးဆေးဆေးကြိတ်ရဦး၊ ကိုယ့်အတွက် အောက်ထစ် သုံးလေးထောင် ကျန်တယ်၊ ကိုယ် မလုပ်ချင်လို့ ပြန်ရောင်းဦး၊ မရှုံးသေးဘူး၊ အသေးစား ဆန်စက်ကလေးပေါ့ဗျာ။

အသေးစား ဆန်စက်ပိုင်ရှင်လေးဖြစ်သွားတာပေါ့၊ စိတ်ကူးမလွဲနဲ့ ကိုငွေ၊ ခင်ဗျား ဆံပင်ညှပ်ဆရာဆိုတဲ့ နာမည်နဲ့စာရင် ဆန်စက်ပိုင်ရှင်ဆိုတဲ့ ဂုဏ်ကသာတယ်ဗျ၊ ဒါကြောင့် ခင်ဗျားကို တိုက်တွန်းရတာလို့ ဆိုလာတော့ ကျွန်တော်လဲ ကလေးတွေ ရှေ့ရေးကြည့်ပြီး သုံးသိန်း ဆိုတဲ့ အရင်းအနှီးနဲ့ မဆိုးဘူးဟဲ့လို့ စမ်းကြည့်လိုက်တာ ဆရာရေ။

ပထမ သုံးလေးလ ငါးလ ခြောက်လလောက်ကတော့ ပြောတဲ့အတိုင်း ဟုတ် ဟုတ် ဟုတ်ဟုတ်နဲ့ပေါ့၊ ဟုတ်သင့်သလောက် ဟုတ်လာတော့လဲ လူများ နည်းနည်းတောင် ဘဝင်မြင့်ချင်သလို ဖြစ်လာမိသေးတယ်ဗျ။

ငါ့ ဆံပင်ညှပ်တဲ့ အလုပ်က တော်တော်သိမ်ငယ်ပါကလားလို့တောင် မှောက်မှောက်မှားမှားတွေ ဖြစ်မိသေးတယ် ဆရာရယ်။

အဲ ရှစ်လလောက်လဲ ရောက်ရော စပါပြီဗျို့၊ အလုပ်သမားက ဒီလုပ်ခနဲ့ဆိုရင် မကိုက်ဘူးတို့ ဘာတို့၊ ဒီကြားထဲ ကိုယ်တိုင် မသွားနိုင်တဲ့ ရက်တွေကလဲ များတော့ ဆန်ဘယ်နှအိတ်ကြိတ်လို့ ကြိတ်မှန်းမသိ၊ ဆီက ဘယ်လောက်ကုန်လို့ ကုန်မှန်းလဲမသိ၊ စက်က လည်တစ်ချက်၊ မလည် တစ်ချက်၊ ပန်ကာကြိုးက ပြတ်၊ ပင်နီယံက ခဏခဏ ကြွေ၊ အော်ရီဂျင်နယ်က ဘယ်လောက် ဘားမားက ဘယ်ရွှေ့ အိုစုံလို့ပါပဲဗျာ"

ကျွန်တော်လည်း သူပြောသမျှ စိတ်ရှည်လက်ရှည် နားထောင်ပေးပါသည်။ ဆက်ပြောပါသည်။

"တစ်နေ့ သက်ဆိုင်ရာကလို့ ဆိုတာပဲ၊ ဟုတ် မဟုတ်တော့ မသိဘူး၊ သမဝါယမ ခွဲတမ်းနဲ့ တာဝန်ကျေ စပါးပဲ ကြိတ်ရမယ်၊ တစ်တင်းကို ကော်မရှင်ခ ဘယ်လောက်ဖြစ်ကရောဗျို့၊ ရတဲ့ ပိုက်ဆံကလဲ ခုနကပြောတဲ့ ပန်ကာကြိုးတို့၊ ပင်နီယံတို့၊ ဆီဖိုး၊ အလုပ်သမားဖိုးနှုတ်၊ ကိုယ်စားရတယ်ကို မရှိပါဘူးဗျာ။

ဆိုင်ကလဲ မဖွင့်တာကြာတော့ မိတ်ဆွေလဲ ပျက်ပေါ့၊ ပြီးတော့ ကိုယ်မကျွမ်းကျင်တဲ့ အလုပ်၊ ကိုယ့်နယ်ကိုယ့်မြေ မဟုတ်ဘဲ သွားလုပ်မိတာလဲ အမှားပေါ့ ဆရာရယ်၊ နောက်ဆုံးတော့ ဆန်ကြိတ်တဲ့ ကိစ္စ သမဝါယမကိုပဲ လုပ်ကိုင်ခွင့်ပေးတော့မယ်၊ ပုဂ္ဂလိက မပေးတော့ဘူး၊ လုပ်ကိုင်နေတာ တွေ့ရှိက တည်ဆဲဥပဒေအရ အရေးယူမယ်၊ စက်သိမ်းမယ်၊ လူ ထောင်ချမယ်၊ ဒဏ်ငွေလဲ ဆောင်ရမယ်ဆိုတဲ့ ရာဇသံတွေ လာပါလေရောဗျာ။

ဒုက္ခပဲ၊ မဆလခေတ်ကိုး ဆရာရဲ့၊ ကြံရာမရဖြစ် စက်သွားဖြုတ်သိမ်းရအောင်လဲ သယ်ရမယ့် ခရီးအကွာအဝေး စရိတ်စက အိုဗျာ အရှုံးမီးဝိုင်းဆိုတာ ဒါမျိုးလားပေါ့၊ ပြီးတော့ ဒီလိုဟာလာစက် ဆိုတာလဲ ရုတ်တရက် ရောင်းလို့ ထွက်တာမျိုး မဟုတ်ဘူးလေ၊ ဒီကြားထဲ အဲဒီအမိန့် ထွက်လာတော့ မီးနဲ့သာ ရှို့ပစ်ချင်တော့တာပါပဲ။

သိပ်မကြာပါဘူး၊ ခင်ဗျားစက်က ဘီးကြီး၊ ဘီးလတ်၊ ဘီးသေးတွေ တစ်ခုမှ မရှိတော့ဘူး၊ ဟာ တစ်ပူပေါ် နှစ်ပူဆင့်ပေါ့ဆရာ၊ နောက်ဆုံး ဇလားနဲ့ သံစကာပဲ ကျန်တယ်၊ ဒါလဲ သွားမယူတော့ပါဘူး၊ ဘာမှလဲ သုံးစားရတော့မှာ မဟုတ်တဲ့အတူ သွားမယူတော့ဘူးဗျာ၊ ဖြစ်ချင်ရာ ဖြစ်ပါစေတော့၊ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ကံစီမံရာပဲဆိုပြီး ကံပဲ ပုံချရတော့တာပေါ့၊ အမှန်က ကျွန်တော့် အမှားပါ။

ခုတော့ ဆံပင်ညှပ်ဆိုင် ပြန်ဖွင့်ရမှာတောင် ခပ်ရှက်ရှက်ပဲ၊ မိတ်ဆွေတွေကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ပါဘူးဗျာ"

"အေးဗျာ ကိုငွေ ပြောမှပဲ အကြောင်းစုံ သိရတော့တာ၊ စိတ်မကောင်းပါဘူး၊ ပြီးခဲ့တဲ့ ကိစ္စလဲ ပြီးခဲ့ပြီလေ၊ ဘာတတ်နိုင်မှာလဲ၊ ကျွန်တော်လဲ စိတ်မကောင်းပါဘူး၊ ကိုယ်ချင်းလဲ စာပါတယ်၊ ကိုယ်မှားမှန်းသိတာ နောက်မကျသေးပါဘူးဗျာ၊ အချိန်မီပါသေးတယ်၊ အမှားကြီး မဟုတ်သေးပါဘူး၊ အမှားသေးလေးပါ၊ ဖြေမယ်ဆို ဖြေနိုင်ပါတယ်။

ဖြေနိုင်အောင်လဲ ကြိုးစားပါလို့ တိုက်တွန်းချင်တယ်ဗျာ၊ နောက်ဒါမျိုး မဖြစ်အောင်သာ ကိုယ့်ဘက်က သတိနဲ့ ဆင်ခြင်ပြီး သင်ခန်းစာယူဖို့လိုပါတယ်။

မြိုက်(ဘိတ်)ဘက်မှာ စကားပုံတစ်ခုရှိတယ်၊ သူများ ငါးပိနဲ့ ချမ်းသာလို့ ကိုယ်ငါးပိနဲ့ ချမ်းသာမယ် မထင်နဲ့တဲ့၊ အဲဒီအကြောင်းတော့ နောက်မှပဲ အသေးစိတ် ပြောပြတော့မယ်ဗျာ"

"သူများပြောတာ အဟုတ်ထင်ပြီး ခင်ဗျားမှာ ရှိရင်းစွဲ စိတ်ဓာတ်တွေ၊ ကြိုးစားခဲ့ရတာတွေ၊ ဇွဲတွေ လုံ့လဝီရိယတွေတောင် ပျောက်ကုန်တယ် မဟုတ်လား၊ ပြောတဲ့လူကလဲ ယုံလောက်အောင် ကျလောက်အောင် ပြောတာကိုး၊ ယုံမိတဲ့သူလဲ အပြစ်မဆိုသာပါဘူးလေ၊ ပြောတာက သဘောရိုးဖြစ်နိုင်သလို သဘောမရိုးလဲ ဖြစ်နိုင်တာပဲလေ။

သို့သော်လဲ အမှားအကြီးကြီး မဟုတ်ဘဲ အမှားသေးသေးလေးနဲ့တင် ရပ်သွားလို့ တော်သေးတယ်လို့ ဆိုရပေမယ့် နို့မဟုတ်ရင် အိုးပျက် အိမ်ပျက်သားတကွဲ မယားတကွဲ အဖြစ်မျိုးတွေနဲ့ မကြုံတာဘဲ ကံကောင်းတယ်လို့ ဖြေလိုက်ပေတော့၊ ကိုယ့်စိတ်ကို တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင် ထားပြီး အရင်အတိုင်း နေမြဲ နိုင်းသာ နေလိုက်ပါဗျာ။

စိတ်မာတ်မကျပါနဲ့၊ တချို့ ဆိုတ်ကားနင်းပြီး ကိုယ့်သားသမီးကို ကျောင်းထားတဲ့သူတွေ၊ တချို့ ကုန်ထမ်း ဦးခေါင်စောင့်၊ ကျရာအလုပ်နဲ့ ဒီလိုပဲ ကျောင်းထားကြတဲ့သူတွေ အများကြီး ပါဗျာ။

ကိုငွေ အလုပ်က မသိမ်ငယ်ပါ ဘူး လောကမှာ ကိုယ်တတ်တဲ့ပညာနဲ့၊ ကိုယ်တတ်တဲ့ပညာ ဆိုတာ ဘွဲ့တွေ ဒီဂရီတွေကို ပြောတာ မဟုတ်ဘူး ကိုငွေ၊ ကိုယ် ကျွမ်းကျင်တဲ့ အသက်မွေးဝမ်း ကျောင်းမှု ပညာရပ်တစ်ခုကို ဆိုလိုတာ၊ ဝန်းရန်တို့၊ လက်သမားတို့၊ ထီးပြင်၊ သော့ပြင်၊ စက်ချုပ်၊ ပန်းချီဆိုင်းဘုတ် ရေးလုပ်ငန်း အသက်မွေးဝမ်းကျောင်းမှု အလုပ်တွေ အများကြီးပါဗျာ။

ဒါကြောင့်လောကမှာ မိမိတတ် ကျွမ်းတဲ့ အလုပ်၊ ဘာပဲလုပ်လုပ် မိမိ အလုပ်ကို မိမိ တန်ဖိုးထားရမယ်၊ အောက်ကျတယ်လို့ မမှတ်ယူအပ်ဘူး။

အရေးကြီးတာက မိမိကိုယ်ကျင့် တရားပဲ၊ မိမိအလုပ်ကို မိမိတန်ဖိုးထားမှ မိမိအလုပ်တိုးတက်မယ်၊ ခင်ဗျားအလုပ် ကို ခင်ဗျား အသိဆုံးပဲ၊ ချမ်းသာတာ မချမ်းသာတာက အတိတ်က မိမိပြုခဲ့တဲ့ အတိတ်ကံ ဒါနမျိုးစေ့ အနည်းအများ ပေါ်မှာ မူတည်ပါတယ်။

လူတိုင်းလူတိုင်းဟာလည်း ကိုယ် ပြုခဲ့တဲ့ အတိတ်အကြောင်းကံနဲ့ ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝမှာ ဖြစ်တည် ကြရတာ၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ အားထားရာဟာ ကံပဲ၊ ကံကံ၏အကျိုး ပဲ၊ အရေးကြီးတာက ကိုယ့်ကိုယ်ကိုယ် သိဖို့ ကိုယ့်ဘဝကို ကိုယ်သိဖို့ အဲဒါ အရေးအကြီးဆုံးပဲ။

ဝမရှိဘဲ ဝိမလုပ်မိဖို့ ဒါ အရေး ကြီးတယ်၊ ခင်ဗျားမှာ ကိုယ်ပိုင် အရည် အချင်းတွေရှိတယ်၊ ရိုးသားတယ်၊ ကြိုး စားတယ်၊ ဖြိုးဖြံ့ချွေတာ ရောင့်ရဲမှုရှိ တယ်၊ ဝီရိယရှိတယ်၊ ဇွဲရှိတယ်၊ ကဲ ဘာ လိုသေးလဲ၊ အတိတ်ကံ အကျိုးပေး ရင့် ကျက်လာရင် ကိုငွေ ခင်ဗျား ဒီအတိုင်း မနေသေးပါဘူးဗျာ။

ဘာမှ အားမငယ်ပါနဲ့ နေမြဲ တိုင်းနေ ဆိုင်ဖွင့်မြဲတိုင်းဖွင့်ပါ၊ ခင်ဗျားရဲ့ မိတ်ဟောင်းဆွေဟောင်းတွေ ကျွန်တော် အပါအဝင်ပေါ့ဗျာ၊ ကိုငွေ ဘယ်တော့ ဆိုင်ဖွင့်မလဲဆိုတာ ဝမ်းမြောက် ဝမ်း သာနဲ့ ကြိုလင့်နေကြမှာ မလွဲပါဘူးဗျာ။

ကဲ ဒီလိုဆိုရင် ကိုငွေ့ဆံပင်ညှပ် ဆိုင် ပြန်ဖွင့်ပြီဗျို့လို့ ကြေညာမောင်း ခတ်လိုက်တော့မယ်နော်”

**ဟေးသံရှင် ဂီတာမင်းမင်းဦး**
**(ဂီတနက်သန်)**

☐




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

**နက္ခတ္တဗေဒ ဗလီတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ**

**စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)**

**ကလောင်ခွဲ – ကာလီဒါရဲ့ (မြန်မာပြည်)**

➢ ယတြာခါတ်ရိုက်ဓါတ်ဆင် အတူးဆောင်ရွက်ပေးသည်။

➢ ဘဝရှေ့ရေးလမ်းညွှန်အတိုင်ပင်ခံသည်။

➢ နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ဆောင်ကျွန်းပေါ်က ဥဩဆွဲသံ

နိုင်ဇော်(ဒဿန)



ဝန်းချို ဆွေမြင့်

ကျယ်လောင်စူးရှသော ဥဩဆွဲသံကို တောင်နှင့်မြောက် ခုနစ်မိုင်ရှိပြီး၊ အကျယ်ဝန်းဆုံးနေရာတွင် သုံးမိုင်ခွဲရှိသည့် ကျောက်ဆောင်ကျွန်း၏ နေရာအနှံ့သို့ပင် ကြားနိုင်လောက်ပေသည်။ ရေကူးခြင်း၊ ရေလွှာလှိုင်းစီးခြင်းနှင့် ရွက်လှေအပျော်စီးကြသည့် နွေရာသီ အပန်းဖြေသူတွေအဖို့ ဥဩသံဆွဲခြင်းကား ကျောက်ဆောင်ကျွန်းပေါ်သို့ လုပ်အားပေး ကယ်ဆယ်ရေးတပ်ဖွဲ့သို့ ဆင့်ခေါ်ရန် အကူအညီ တောင်းခံခြင်း ဖြစ်ကြောင်း သဘောပေါက်ကြသည်။

ကုန်လွန်ခဲ့သော ဩဂုတ်လ ၄ ရက် နေ့လည်ပိုင်းသည် ရက်သတ္တတစ်ပတ်အတွင်း ပထမဆုံး နေသာခြင်းဖြစ်သည်။

မြူများ၊ မိုးနှင့် လေတို့ကြောင့် ရက်ပေါင်းများစွာ ရွှဲရွှဲစိုနေသော်လည်း လောင်းအိုင်လန်းကျွန်း၏ ရေလက်ကြားအရှေ့ဖျား ဝင်ပေါက်တွင်ရှိသော ရို့(တ်) (Rhode Island) ကျွန်းမှာမူ ကမ်းလွန်ပင်လယ်ပြင်တွင် ကျောက်စိမ်းများ စီခြယ်ထားသည့်အလား ရွှန်းလဲ့တောက်ပြောင်နေလေသည်။

ဝိတိုရိယပုံစံ ဟိုတယ်များ၊ တစ်ထပ်တိုက်ကလေးများနှင့် ငှားရမ်းထားသော အခန်းများမှ ရာချီနေသည့် ခရီးသွားဧည့်သည်များမှာ သဲသောင်နှင့် ပင်လယ်ပြင်အတွင်း ပျော်ပါး ဆော့ကစားရန် စိတ်စောကြနေသည်။

နယူးဂျာစီပြည်နယ်မှ ကရာမက်(စ်)မိသားစုမှာလည်း သူတို့ငှားရမ်းထားသည့် တစ်ထပ်တိုက်ကလေးဆီမှ ၂ နာရီ ၁၅ မိနစ်တွင် ထွက်ခွာခဲ့ကြသည်။

အသက် (၁၈) နှစ်ရှိ သမီးဒိုင်ယန်း (Diane) အား "နွားမလိုဏ်ဂူ" ရှိရာ မြောက်အက်စွန်းသို့သွားရန် တိုက်တွန်းကြသည်။ ထိုလိုဏ်ဂူသည် ကျွန်း၏မြောက်ဘက်စွန်းတွင်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ကမ်းပါး၌ ကျောက်သားတို့ပေါ်နေသော နေရာဖြစ်၍ ရေဝင်ပေါက်တစ်ခုသာပင်။ ပင်လယ်စင်ရော်ငှက်များနှင့် ရေနစ်သေဆုံးထားသော သဘော်သားတို့ဝိညာဉ်များ ပျော်စံရာ ညို့မှိုင်းမှိုင်း အလှရှိသော နေရာလည်း ဖြစ်သည်။

ကြောက်မတ်ဖွယ် ဤကမ်းခြေထက်တွင် ကွန်ကရစ်နှင့် ကျောက်တုံးများဖြင့် ဆောက်ထားသော မီးပြတိုက်ကြီးရှိသည်။

ဤကျွန်းမှာ မီးပြတိုက်၏ မြောက်ဘက်သို့ ကျဉ်းမြောင်းသွားပြီး ပေ (၅၀) ခန့် ကျယ်ဝန်းသော "သဲသောင်အငူ"၌ အဆုံးသတ်ကာ မြောက်ဘက်ကျောက်ဆောင်တန်းအဖြစ် ရေအောက်ဆီသို့ ဆင်းသက်သွားလေသည်။

ဒိုင်ယန်းမှာ ဤနေရာသို့သာ လာချင်သူလေး ဖြစ်၏။

ဩဂုတ်လ ၃ ရက်နေ့ရှိ သူမဒိုင်ယာရီတွင် မှတ်တမ်းတင်ထားပုံမှာ. . .

"ကျွန်မလေ မနက်ဖြန်ကျရင် သဲသောင်အငူကိုသွားပြီး တစ်နေ့လုံး အချိန်ဖြုန်းမယ်၊ အဲဒီက ရှုခင်းတွေကို ကျွန်မ သဘောကျနေပြီလေ၊ အဲဒီမှာ သဲအိမ်ကလေးတွေ ဆောက်ရဦးမယ်၊

www.burmeseclassic.com

ရေရည်ဆမ်းခရီးကုန်လွန်ဖို့ ပြည့်စုံတဲ့ နေရာမျိုးလေးပဲ မဟုတ်လား"

* * *

လူသူကင်းမဲ့သော သောင်ခြေ

မီးပြတိုက်အနီးတွင်မူ ကမ်းတက် ထိုတ်ခိုက်ရေးတပ်ဖွဲ့မှ အငြိမ်းစားပိုလ်မှူး စတန်လေကရာမက်(ခ်) (Stanley Kramek) သည် ရေလွှာလှိုင်းစီးရန် လောင်လှုပ်ရှားနေသည်။

သူ့ဇနီး ဂူဒရန် (Gudrum) မှာ ထုံးကြီးပေါက်လှအမျိုး သမီးတစ်ဦးဖြစ် ပြီး ကြောသေးမီက တင်ပါးခွဲစိတ်ကုသ မှုမှ သက်သာလာသူ ဖြစ်၏။ သူမက ခန်းချိကားချပ်တင်ဒေါက်ကို ထောင် ထိုတ်ပြီးနောက် ပုံကြမ်းစတင်ရေးဆွဲ ထိုတ်သည်။

သူတို့၏ အသက် (၁၃)နှစ် အရွယ်သားဖြစ်သူစတက်ဖင်(Stephen) နှင့် သူ့သူငယ်ချင်း အသက် (၁၂) နှစ်ရှိ ဇော်သရူးဟိုက်ကဲ(လ်) (Matthew Hikel) တို့မှာ အနောက်ဘက်သို့ သွား ရောက် စူးစမ်း လေ့လာနေကြသည်။

ဒိုင်ယန်းကလည်း မြောက်ဘက် သို့သာ လျှောက်လှမ်းသွားကာ မီး ပြတိုက်နှင့် အတန်နီးသည့် သဲသောင် ခုံထိပ်တွင် စိတ်ချလက်ချထိုင်လိုက်လေ သည်။ ထိုနေရာလေးတွင် သူမအနေ ဖြင့် နှပ်၍ သက်တံရောင်အိပ်မက်များ မက်ရန်သာ မဟုတ်ပါလား။ အချိန်ကား ၂ နာရီ မိနစ် ၃၀ ရှိလေပြီတည်း။

တစ်နာရီနှင့် ဆယ့်ငါးမိနစ် အကြာတွင် စတန်လေတစ်ယောက် ဦးဆုံးဖမ်းမိသော သဲသောင်ငါးမန်းတစ် ကောင်ကို ဆွဲယူလိုက်စဉ် သူ့ဇနီးက အထိတ်တလန့် အော်လိုက်သည်။

"ကျွန်မ စတက်ဖင် အော်သံ ကြားတယ်"

သူက နားစွင့်လိုက်ရာ ရေလှိုင်း သံကိုသာ ကြားရလေသည်။ သို့ပေမယ့် ဂူဒရန်ကတော့ တစ်စုံတရာကိုပို၍အာရုံ စိုက်မိဟန်ရှိလေသည်။

"အဲဒါ စတက်ဖင်ပဲ၊ ပြီးတော့ သူကြောက်မက်စရာ ပြဿနာကြုံနေပြီ" သူမက အော်ဟစ်လိုက်သည်။

ထို့နောက် သားဖြစ်သူကို စတန်လေ မြင်တွေ့လိုက်ရတော့သည်။ စတင်ဖင် လေးမှာ မီးပြတိုက်ဆီမှ သဲသောင်ခုံ လမ်းတစ်လျှောက် သဲများအကြား ပြေး လာနေသည်။ ကလေးသည် မောပန်းပြီး ကယောင်ချောက်ချား- ယိမ်းယိုင်နေ တော့သည်။

သူ့ခင်ပွန်း စတင်ဖင်ဆီရောက်ရှိ သွားကာ ဒူးထောက်ထိုင်ချပြီး၊ မျက်ရည် များစီးကျနေသည်ကိုပင် ဂူဒရန်တွေ့မြင် လိုက်ရသည်။ ထို့နောက် စတန်လေ သည် နောက်ဘက်သို့ ပြေးလွှားရောက် ရှိလာရာ သူ့မျက်နှာမှာ အသက်ကင်းမဲ့ သလို ဖွေးဖွေးဖြူဆွတ်နေမိသည်။ သူတို့ အနီးအနားတွင် ထိုးရပ်ထားသော ကား ပေါ်မှ အမျိုးသားနှင့် အမျိုးသမီးတို့မှာ ရှုမျှော်ခင်းဆီသို့သာ ငေးမောနစ်မျော နေကြသည်။ စတန်လေက ထိုစုံတွဲထံ လှမ်းအော်လိုက်သည်။

"ကလေးနှစ်ယောက် ပင်လယ် ထဲ မျောပါသွားလို့ ကယ်ဆယ်ရေးခေါ် ပေးစမ်းပါ"

ကားလေးသည် လျင်မြန်သော အဟုန်ဖြင့် ထွက်ခွာသွားတော့သည်။ စတန်လေကိုယ်တိုင်ပင် သဲသောင်အငူ သို့ ထွက်သွားသည်။ ယင်းသို့သွားရာ၌ ခြောက်သွေ့သော်လည်း သူ့ခြေထောက် တွေ နက်ရှိုင်းစွာ နစ်မြုပ်သွားသည်အထိ သဲသောင်တစ်လျှောက် လမ်းထွင်သွား နေရသောကြောင့် စတန်လေကရာ မက်(ခ်)တစ်ယောက် စမ်းတဝါးဝါးနှင့် ခဲခဲယဉ်းယဉ်း လျှောက်လှမ်းနေရသည်။

မီးပြတိုက်ကို ကျော်လွန်ဖြတ် သန်းလာပြီး နောက်ဆုံး၌ စိုစွတ်၍သိပ် သည်းထူးထဲလှသော သဲသောင်ခုံဆီသို့ ရောက်ရှိလာခဲ့သည်။

လေနှင့် ပင်လယ်ရေတို့ မြည် ဟိန်းသံမှာလည်း စတန်လေ ဦးခေါင်း ထက်တွင် လှည့်လည်ဝဲပျံနေကြသော စင်ရော်ငှက်တို့ စူးစူးရှရှအော်သံကိုပင် ထိုးဖောက်သွားကြသည်။

လှိုင်းလုံးတို့သည်လည်း သူ့ ဝဲယာဘက်ဆီသို့ ရိုက်ခတ်နေကြရာ သူ့ ရှေ့တည့်တည့်ဆီတွင် ကျောက်တန်းကြီး သာ ထီးထီးရှိနေပြီး အခြား ဘာမျှ မတွေ့ရပါချေ။

ဖြစ်ချင်တော့ ကေန်အမှန်ပင် ဟင်းလင်းပြင်ဖြစ်နေသော ဤနေရာက သူ့ကို တဒင်္ဂတာမျှ မျှော်လင့်ချက်ရရှိ စေခဲ့သည်။ ယင်းမှာ အခြားမဟုတ် ဒိုင်ယန်းနှင့် မက်သယူးတို့ ဤနေရာသို့ မည်သည့်နည်းနှင့်မှု ရောက်ရှိခဲ့ကြောင်း အထောက်အထား မတွေ့ရှိရခြင်းပင် တည်း။ သို့သော်လည်း ယင်းနောက် အပြာရောင်ချည်ထည်အဝတ်လေးတစ်ခု သူမြင်တွေ့လိုက်ရသည်။ ယင်းသည် ဒိုင် ယန်တစ်ယောက် ရေကူးဝတ်စုံပေါ်ထပ် ၍ ဝတ်ဆင်သော အင်္ကျီဖြစ်၏။ ၎င်း ရှပ်အင်္ကျီအနီးတွင် ဖိနပ်မပါ ခြေဗလာ ခြေရာများ ပင်လယ်ပြင်ဆီသို့ ဦးတည် သွားနေကြသည်။

* * *

ရေနစ်တာ သေချာပါတယ်

အရေးပေါ် ဥသြသံ ဆွဲလိုက် သည့်အခါ အဖွဲ့ဝင် (၂၀) ဦးပါ လုပ် အားပေးကယ်ဆယ်ရေးတပ်ဖွဲ့များသည် လုပ်ငန်းစတင်ဆောင်ရွက်ကြတော့သည်။ ၎င်းတို့ကား ကုန်သည်၊ လက်သမား၊ တံငါသည်၊ လျှပ်စစ်လိုင်းပြင်သမားများ နှင့် အဝေးပြေးကားပြင်ဆရာများဖြစ်ကြ ရာ သူတို့အားလုံးသည် လှိုင်းတိုရေဒီယို လွှင့်ထုတ်မှုကြောင့် မိမိတို့နေအိမ်နှင့် ကားများဆီမှ စုဝေး ရောက်ရှိလာကြ သည်။

ဥတုရာသီဒဏ်ခံနိုင်သူ အသက် (၅၅) နှစ်ရှိ ချား(လ်)'အတ်'ကွန်လေ (Charles 'Ed' Conley) သည် တပ်ဖွဲ့ ၏ ဦးစီးခေါင်းဆောင်ဖြစ်သည်။

"သဲသောင်ခုံမှာ ရေနစ်တာ သေချာပါတယ်"

ဟူသည့် အချိန်မှူး၏ အသံကို





www.burmeseclassic.com

www.burmeseclassic.com

သူ့ရေဒီယိုမှတစ်ဆင့် တဖြောက်ဖြောက် မြည်သံကြောင့် သူ့အိမ်မှ အချိန်မီ ရောက်ရှိလာသူဖြစ်သည်။ ကွန်လေဇနီး သည် အိမ်နောက်ဘက်သို့ ထွက်ရာ တံခါးသို့သွားသည့်လမ်းပေါ်တွင် ရပ်နေရာ၊ သူက ဇနီးသည်ကို အော်ပြော လိုက်သည်။

"ကမ်းခြေစောင့်တပ်ဖွဲ့ကို ခေါ် လိုက်"

ယင်းသည့်နောက် သူကား ထား ရာဆီသို့ လှည့်သွားပြီး ကားကို မြောက် ဘက်ဆီသို့ ဦးတည်မောင်းလိုက်သည်။

သတိပေးဥသြသံ ထွက်ပေါ် လာပြီး နောက်တစ်ဆယ့်နှစ်မိနစ်အကြာ တွင် ကွန်လေနှင့် အခြားသောကျွန်း သား အများအပြားတို့မှာ အထီးကျန် ပုံသဏ္ဌာန်ဖြစ်နေရှာသည့် စတန်လေ ကရာမက်(ခ်)ရှိရာ သဲသောင်ခုံဆီသို့ ပူးပေါင်းရောက်ရှိလာကြသည်။ သမန် ကာရှန်ကာ လေ့လာအကဲခတ်ကြည့်ရှု သူတစ်ယောက်အဖို့မှာမူ မြင်ကွင်းသည် မနှစ်သက်ဖွယ်ဖြစ်သော အရိပ်နိမိတ် ရှိပုံမရပါချေ။

ပင်လယ်ပြင်ကြီး အသွင်သဏ္ဌာန် သည်လည်း ငြိမ်သက်အေးချမ်းနေပြီး၊ မိုးသားကောင်းကင်ကား ပကတိ ကြည် လင်နေသည်။ သို့သော်လည်း ကွန်လေ အဖို့ရာမူ ဤနေရာအား အတွင်းကျကျ သိရှိထားရာ ထိုတဒင်္ဂ တစ်ခဏတာ ၌ပင် သူက ကြောက်လန့်နေတော့ သည်။

ပြင်းထန်လှသည့် ဒီရေလှိုင်း တစ်လုံးမှာ ကျယ်ပြန့်သော လောင်း အိုင်လန်းကျွန်းရေပြင်တို့ ပြင်းထန်စွာ တိုက်ချသွားရာ သဲသောင်ခုံအရှေ့ဘက် ဆီသို့ပင် ဖုံးလွှမ်းသွားပြီး အတ္တလန္တိတ် အတွင်းသို့ စီးဝင်သွားတော့သည်။ မည် သည့်ရေကူးသမားမျှ ရေအလျင်ကိုဆန် ၍ ရှေ့တိုးနိုင်မည် မဟုတ်ပါချေ။

ကွန်လေသည် အဝေးကြည့် မှန်ပြောင်းဖြင့် စတင် ရှာဖွေလိုက်ရာ သေချာသည့်အချက်တစ်ခုမှ ကလေး တွေကို အသက်ရှင်လျက်မင် သူတို့ ရှာဖွေတွေ့ရှိလိမ့်မည် သို့တည်းမဟုတ် စိုးရိမ်စရာမရှိကြောင်းသာတည်း။

ပင်လယ်ပြင်ကြီးကတော့ လူ့ ကိုယ်ခန္ဓာတွေကို အရှေ့ဘက်ဆီမှ မည် သည့်အခါမျှ ပြန်လည်ပို့ဆောင်လိမ့်မည် မဟုတ်ပေ။

* * *

ဒီရေတို့ လှည့်လာလေပြီ

နုနယ်ငယ်ရွယ်လှသော စတက် ဖင်ကရာမက်(ခ်)သည် သူတို့ဖြစ်ပျက် သမျှတွေကို မိခင်အား ဖြည်းဖြည်းလေး ဖြင့် အဆီအငေါ်မတည့်စွာ ပြောပြ လိုက်သည်။

"မက်(ခ်)နဲ့သားတို့က စူးစမ်း ရှာဖွေရေးတွေလုပ်နေတာ၊ နောက်ပြီး သဲသောင်ခုံပေါ်မှာထိုင်နေတဲ့ ဒိုင်ယန်း ကိုလည်း သားတို့မြင်နေတာမို့ ရေမျော ကမ်းတင်သစ်တွေ ကြည့်ချင်လားလို့ မေးလိုက်တော့၊ သူက အဆင်ပြေပါ တယ်တဲ့၊ သူက ပန်းပွင့်လေးတွေနဲ့ ရယ်စရာပုံပေါက်အောင် လုပ်ချင်နေ တာလေ"

နောက်ဆုံးတွင် သုံးယောက် သား သဲသောင်ခုံအစွန်းဆီသို့ ရောက် လာခဲ့ကြသည်။ ထိုနေရာ၌ သဲတို့ဖြင့် ပြည့်နှက် ထူထပ်နေရာမှ ရေစပ်သို့ ဦးတည်ဆင်းသွားသည့်အခါ သဲပြင်မှာ တဖြည်းဖြည်း နိမ့်ဆင်းသွားလေသည်။

"ဒူးခေါင်း ပေါင်လည် လောက် ရှိတဲ့ ရေပြင်မှာပဲ ကျွန်တော်တို့ ဆော့ ကစားဖို့ ဆုံးဖြတ်လိုက်တယ်"

စတက်ဖင်က ဆိုသည်။

"အဖေက သားတို့ကို ရေမကူး နဲ့လို့ မှာထားတာ၊ သားတို့လဲ ရေကူးဖို့ အစီအစဉ်ရှိပါဘူး၊ ဒူးခေါင်းပေါင်လယ် လောက်ရှိတဲ့နေရာမှာပဲ ဆော့ကစား နေကြတာ၊ အဲဒါက ရယ်စရာ ကောင်း တယ်၊ နေရာအနှံ့က ရေလှိုင်းတွေ တစု တစည်းတည်းရောက်လာတဲ့အခါ သူတို့ အပေါ်တက်စီးလိုက်ရင် ရေအောက် ကြမ်းပြင်နဲ့ လက်မအနည်းငယ်လောက် လွတ်မြောက်တက်သွားပြီး ပြန်ကျတဲ့ အခါကျတော့လဲ ညင်ညင်သာသာလေး ပဲ၊ အဲဒါ တကယ့်ကို အေးမြပြီး လ ပေါ်မှာ လမ်းလျှောက်နေသလိုမျိုးလေး နောက်တော့ရင်ခေါင်းလောက် ရောက် တဲ့နေရာအထိ နည်းနည်းစီ တိုးသွား တော့ သားတို့ တအားမြောက်တက် သွားပြီး ပြန်ကျတော့လဲ ရေနက်ထဲကို ရောက်သွားလို့ ဒိုင်ယန်းက ငါတို့ကမ်း စပ်ကိုပြန်သွားရအောင်လို့ ပြောတယ်"

နောက်ထပ် လှိုင်းတစ်လုံးက သူတို့ကို ဗိုဂျ်မြင့်တက်စေပြီး ပြန်ကျ သည့်အခါ သူတို့ခြေထောက်တွေ မြေ ကြီးနှင့် မထိတော့သဖြင့် သူတို့ခမြာ ကူး ခပ်ရလေတော့သည်။

မက်သယူးဟိုက်ကဲ(လ်)သည် သေးငယ်သဖြင့် ကရာမက်(ခ်)တို့ မောင် နှမအကြား သူ့ကိုဆွဲသွင်းကာ စတက် ဖင် ဦးဆောင်ပြီး တစ်ယောက်နောက် တစ်ယောက် စီတန်းကူးခပ်သွားကြ သည်။ အားတက်ဖွယ် ဟစ်အော်ခြင်း များနှင့်အတူ ဒိုင်ယန်းက ခေါင်းဆောင် လျက် ကောင်လေး နှစ်ယောက်အား တစ်ကိုက်၊ နှစ်ကိုက်၊ သုံးကိုက်အထိ စသည်ဖြင့် ရှေ့သို့ကူးခပ်စေခဲ့သည်။

ရုတ်တရက်ဆိုသလို စတက်ဖင် တစ်ယောက် သူ့ခြေထောက်နှင့် ရေ အောက်ကြမ်းပြင်က ကျောက်တုံးနှင့် တိုက်မိတော့သည်။

သူက ရှေ့သို့ကုတ်ကပ်ကူးခပ်ပြီး သူ့ဘာသာသူ သဲပြင်ပေါ် ရောက် အောင် ဆွဲတင်ရသည်။ တိုတောင်းလှ သည့် ထိုတဒင်္ဂအတွင်း ဒီရေလှိုင်းက ဒိုင်ယန်းနှင့် မက်သယူးတို့အား ပင်လယ် ပြင်ဘက်ဆီ ဆွဲယူ ခေါ်ငင်သွားတော့ သည်။ စတက်ဖင်က ကြောက်လန့် တကြား အော်ဟစ်ကာ. . .

"ဒိုင်ယန် မမက ကူးခပ်နိုင်ပါ တယ်၊ မက်(ခ်) ရေကူး ရေကူး"

သူကတော့ ရေထဲတွင် ပြန် လည် ဆော့ကစားနေပြန်သည်မို့ ဒိုင်ယန်း

www.burmeseclassic.com

တာ ကျယ်ကျယ်လောင်လောင် စူးစူးရှရှ ခင် ဟစ်အော်လိုက်ရသည်။

"မြန်တော့ အဖေ့ကိုပြန်ပြီးပြော လိုက်၊ မြန်မြန်လေး စတိ(ဗ်) အကူအညီ ရှာခဲ့"

စတက်ဖင် လှည့်ကာပြေးလေ တော့သည်။

* * *

ကြာရှည်စွာ စောင့်ကြည့်ခြင်း

လူဦးရေ ငါးဆယ်ခန့်ရှိ လူ အုပ်စုတစ်စုအဖြစ် စုဝေးရောက်ရှိလာ သည့် ကျွန်းသားများအဖို့ရာ ဥဩဆွဲ သည့် အမိပွာယ်ကို နောကျေနေကြသူ များသာ မဟုတ်ပါလား။

ကျွန်းကြီးပေါ်တွင် ဤကဲ့သို့ သော သဘာဝဘေးအန္တရာယ် မကြာ ခဏ ပေါ်ပေါက်သည့်အခါတိုင်း ကျွန်း သားတို့မှာ ခရစ်ယာန်ဘုရင်ကျိ ဘာသာ ရေးပွဲတော်ဆန်ဆန် ဝတ်စားဆင်ယင်မှု မရှိကြပါချေ။ ပကတိ ရိုးသားရှင်းလင်း သော မျက်နှာသွင်ပြင်ရှိသည့် ဤကဲ့သို့ အမျိုးသား၊ အမျိုးသမီးတို့မှာ သင်္ဘော သားများနှင့် တံငါသည်တို့မှ ဆင်းသက် ပေါက်ဖွားလာသူများပီပီ သူတို့ဘိုးဘေး များပမာ ဤနေရာရှေ့မှောက် ရောက် ရှိလာကြခြင်း ဖြစ်သည်။

ယင်းနောက် ကျောက်ဆောင် တန်းကမ်းလွန်းရှိ ဝဲလှည့်နေသော ရေ ပြင်အလွန်တွင် ကမ်းခြေစောင့် အသက် တယ်သင်္ဘော၏ ခပ်နိမ့်နိမ့်မီးခိုးရောင် ခုံရိပ်ကို လူအုပ်က မြင်တွေ့လိုက်ရာ ထိုနေရာဆီသို့ အကြည့်များ စုပုံရောက် ရှိသွားတော့သည်။

ထိုပုံရိပ်မှာ သဲသောင်ခုံအစွန်း အနောက်ဘက်မှစတင်၍ တဖြည်းဖြည်း ရွေးလျားလာပြီး မြင်ကွင်းမှ ပျောက် ကွယ်သွားတော့သည်။

ဆယ်မိနစ်ခန့် ကြာပြီးနောက် ၎င်းသင်္ဘော ထပ်မံ ပေါ်ပေါက်လာ သော်လည်း ရှာဖွေမှုမှာ သိသာစွာ အကျိုးဖြစ်ထွန်းမှု မရှိပါပေ။

အတ်(တ်)ကွန်လေက ထိုသင်္ဘော ကို အရှေ့ဘက်ဆီသို့ လက်ပြလိုက်သည့် အခါ ၎င်းက ကျောက်ဆောင်တန်း ဘက်မှ ဖြတ်ဝင်ကာ တစ်မိုင်မျှ ရှည် လျားသော "နွားမလိုက်ဂူ" ကမ်းရိုး တစ်လျှောက် ရှာဖွေလေသည်။

ကလေးတွေ ရေထဲရောက်ရှိ နေခြင်းကား တစ်နာရီခွဲခန့်ရှိသော်လည်း ကမ်းခြေစောင့်တပ်ဖွဲ့ကို မြင်တွေ့လိုက် ရပြီးနောက် ဂူဒရန်သည် မျှော်လင့်ချက် များ တရိပ်ရိပ်တက်လာသမို့ သူမ အာရုံ ဝေဝါးတွေပြားမှုကို ချုပ်တီးလိုက်မိ သည်။ သူမသည် သမီးနာမည်ကို စတင် ၍ တီးတိုးရေရွတ်နေရှာတော့သည်။

"ဗိုင်ယန်း ဗိုင်ယန်း အိုး ငါ့ အသည်းကျော်လေး"

ဂူဒရန်အဖို့ရာ သမီးဖြစ်သူ ဗိုင် ယန်းလေးအနေဖြင့် ရင်သပ်ရှုမောစရာ တွေ တစ်ပုံတစ်ပင် အစပြုနေခြင်းများ ဟဲ ဘဝတွင် ထိုက်တန်စွာ ရရှိခဲ့သော အခွင့်အလမ်းများပင် မဟုတ်ပါလား။ ထိုအခွင့်အရေးတို့ကို မတရားသဖြင့် ဆုံးရှုံးစေခြင်းကား ယုံရခက်သော တရားမမျှတမှုပင် ဖြစ်သည်။

စတန်လေကရာမက်(ခ်) သည် ပင် မျှော်လင့်ချက်ကင်းမဲ့ လက်မှိုင်ချစ ပြုလေပြီ။

ဗိုင်ယန်းမှာ ကြံ့ခိုင်သန်စွမ်း သော ရေကူးသမားဖြစ်ကာ သူ နား လည်သရွေ့ သူမမှာ မိမိကိုယ်မိမိ ဂရု တစိုက်ပြုမူမည်ဆိုပါလျှင် ဒီရေလှိုင်းတို့ ကို ကျော်လွှားနိုင်ပြီး နောက်ဆုံးကမ်း ပေါ်သို့ အသက်ရှင်လျက် ရောက်ရှိသွား မှာ မလွဲဧကန်ပင်။ သို့သော်လည်း သူ့ ကိုယ်သူ ဂရုစိုက်ရုံမျှမကဘဲ မက်သယူး ကိုပါ တစ်ပြိုင်တည်း မည်သို့ကယ်ဆယ် နိုင်ပါအံ့နည်း။ ဗိုင်ယန်း တစ်ယောက် ကောင်လေးကို စွန့်ခွာသွားမည် မဟုတ် မှန်း သူစောကြောနေမိသည်။

မြူမှုန်များ စတင်၍ စုပြုံကျ ဆင်းလာရာ၊ ကျွန်းအနောက်ဘက်သို့ ထုထည်ကြီးမားစွာကျရောက်ပြီး ကျ ဆင်းမှု မြန်ဆန်လွန်းသဖြင့် မြူမှုန်တို့ ဖုံးလွှမ်းကုန်တော့သည်။

နွားမလိုက်ဂူသည်လည်း ဖျော့ တော့တော့ အသွေးအရောင် ဆောင် နေပြီး ပုလဲနှစ်ရောင် ပိန်းပိတ်နေတော့ သည်။

ကွန်လေတစ်ယောက် ထူးခြား သော ရွတ်ချည်းပြောင်းလဲမှု အရိပ် အခြေကို အဖွဲ့သားတို့နှင့်အတူ လုပ် ဆောင်နေသည်။ အကယ်၍သာ ကမ်း ခြေစောင့်တပ်ဖွဲ့အနေဖြင့် နောက်ထပ် ဆယ်မိနစ်အတွင်း ကလေးတွေကို မတွေ့ရှိခဲ့ပါလျှင် သင်္ဘောမှာ ၎င်း၏ မူလအခြေစိုက်စခန်းကိုသာ ပြန်သွား ရပေလိမ့်မည်။

* * *

ဆားငန်ပင်လယ်၊

ငန်ကျိကျိမျက်ရည်များ

တောင်ဘက်ဆီသို့ အမြန်နှုန်း ထက်ဝက်ဖြင့် မောင်းနှင်လာနေသော သင်္ဘောကို ပဲ့နင်းကြီးရောဘတ်ဝိုင်ဒါ မင်း (Robert Widerman) ဦးစီးနေရာ၊ သင်္ဘောအသွားနှုန်း နှေးကွေးလာတော့ သည်။

ကမ်းခြေမှ ရှုမြင်ရာတွင် ၎င်း သင်္ဘော တစ်မိနစ်ရပ်တန့်သွားသည်ဟု ထင်မှတ်ရသည်။ သင်္ဘောသည် လှိုင်း လုံးများအကြား ရှေ့တိုးနောက်ငင် ဖြည်း ညှင်းစွာ လှုပ်ယမ်းနေပြီးနောက် ကိုက် (၆၀၀) ကမ်းလွန်ကျွန်း အစွန်းရှိရာ အနောက်မြောက်ဘက်ဆီသို့ ရွတ်ချည်း ဦးတည်လိုက်တော့သည်။

ယင်းနောက် ၎င်း၏စက်များကို သတ်ကာ လေငင်ဆီရာသို့ မျောလွင့် လိုက်သည်။

ရေထဲမှ တစ်စုံတစ်ရာ တွေ့ ရှိသည်က ကျိန်းသေသဖြင့် ကမ်းစပ်ရှိ လူအုပ်မှာ ကယ်ဆယ်ရေးတစ်ဖွဲ့ လူနာ တင်ကားမှ ရေဒီယို အသံလွှင့်ချက်ကို နားဆင်ရန် တိုးဝှေ့ ရောက်ရှိလာကြ သည်။





www.burmeseclassic.com

www.burmeseclassic.com

သတ္တုသံပါသော အသံမြည်ဟီး မှုကို ဖောက်ထွင်းကာ တည်ငြိမ်စွာ ဖောက်ထွင်းလာသော အသံမှာ . . .

"ကမ်းခြေစောင့်တပ်ဖွဲ့က လူပုဂ္ဂိုလ်ကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီ၊ ဆိပ်ကမ်းဟောင်းဘက်ဆီသို့ ဦးသွားနေပါပြီ"

အသံလွှင့်ချက် ပြီးဆုံးသွားသည်နှင့် သင်္ဘောလည်း တောင်ဘက်ဆီသို့ ဦးတည်၍ နှုန်းအပြည့်မောင်းနှင်သွားသည်ကို တွေ့နိုင်လေသည်။

လေးမိုင်မျှဝေးကွာရာ ဆိပ်ကမ်းဟောင်းဆီသို့ လူနာတင်ယာဉ် စတင်ထွက်ခွာသွားသည်။ ဂူဒရန်နှင့် ကရမက်(ခ်)တို့လည်း နောက်မှလိုက်ပါသွားကြပြီး စကားအနည်းငယ်မျှ ပြောဆိုလာခဲ့သည်။

အသံရှင်၏ စကားအသုံးအနှုန်းအပေါ် သူတို့ စေ့စေ့ ဖွေရှာမိကြရာ၌ "အသက်ရှင်နေသော လူပုဂ္ဂိုလ်အား ကယ်ဆယ်တာလား၊ ဒါမှမဟုတ် ပြန်လည်ဆယ်ယူ ရရှိတာလား" ဆိုသည်ကား အသက်ကင်းမဲ့သူ တစ်ယောက်ပေလား။

ပြီးတော့ အသံရှင်ကြေညာချက်က "လူပုဂ္ဂိုလ်" လေလား၊ ဒါမှမဟုတ် "လူပုဂ္ဂိုလ်တွေ" လား။

သူတို့ ဆိပ်ကမ်းသို့ရောက်သည့်အခါ မီးခိုးရောင် ပြောင်လက်နေသော ကမ်းခြေစောင့်တပ်ဖွဲ့ သင်္ဘောရောက်နှင့်နေခဲ့ပြီမဟုတ်ပါလား။

စတန်လေကရာမက်(ခ်)သည် ကုန်တင်ကုန်ချ ပြုလုပ်ရာ ဆိပ်ကမ်းသို့ ပြေးဆင်းသွားစဉ် လူအုပ်များကြားသို့ အသေအလဲ တိုးဝှေ့ ဖြတ်သန်းရတော့သည်။

"တဆိတ်လောက် ကျေးဇူးပြုပြီး ကျွန်တော့်ကို လမ်းဖယ်ပေးကြပါဗျာ"

သူက ပြောလိုက်သည်။

သင်္ဘောပဲ့ပိုင်းရှိ ကုန်းပတ်ပေါ်တွင် စောင်များ ခြုံလွှမ်းရစ်ပတ်ထားသော သေးငယ်သည့် သဏ္ဍာန်နှစ်ခုကို စတန်လေ တွေ့လိုက်ရသည်။

သူတို့လေးတွေမှာ ထိုင်လျက်သား တွေ့နေရပြီမို့ ကလေးနှစ်ယောက် အသက်ရှင်သန်ခဲ့ပြီ မဟုတ်ပါလား။

ကလေးတွေက သူ့ကို ပြုံးပြကြသည်။ ပြီးတော့ တပြိုင်တည်းမှာပင် ရယ်မောလိုက်ကြ၊ ငိုလိုက်ကြနှင့် သူလည်း ထို့အတူသာပင်။

ကယ်ဆယ်ရေးတပ်ဖွဲ့မှ သူနာပြုမှာ ကလေးများ၏ သွေးခုန်နှုန်းကို စစ်ဆေးကာ၊ အောက်ဆီဂျင် အနည်းငယ်ပေးပြီးနောက် သင်္ဘောပေါ်မှ သက်ဆင်းနိုင်စေရန် ကျန်းမာရေးကောင်းမွန်ကြောင်း အခိုင်အမာ ပြောဆိုလိုက်သည်။

မိသားစုများ ကမ်းခြေသို့ ခြေချမိစဉ်တွင် လူအုပ်ကြီးမှ လက်ခုပ်လက်ဝါးတီး အားပေးမှုများ ပေါက်ကွဲထွက်ပေါ်လာတော့သည်။

အတန်ပင် များလှသောလူတို့မှာ မိသားစုတွေ တိုးဝှေ့ဖြတ်သန်းလျှောက်လှမ်းစဉ် မျက်ရည်များဝေ့ကာ လက်များ ကမ်းလင့်လျက် . . .

"ကျုပ်တို့က ခင်ဗျားတို့မိသားစုအတွက် ဆုတောင်းနေကြတယ်" ဟု လူအချို့က ဆိုလေသည်။

၎င်းတို့၏ တစ်ထပ်တိုက်ကလေးသို့ အန္တရာယ်ကင်း ဘေးရှင်းစွာ ပြန်ရောက်သည့်အခါ ကရာမက်(ခ်)မိသားစုတို့ ရယ်မောကြ၊ စကားတွေပြောကြ၊ တစ်ယောက်နှင့်တစ်ယောက် ပွတ်သပ်ကိုင်တွယ်ကြနှင့် ကိုယ်တွေ့ အဖြစ်အပျက်များအပေါ် ယစ်မူးနေကြတော့သည်။

ဗိုင်ယန်းသည် မိခင်ဖြစ်သူ၏ ပွင့်လင်းသော မီးခိုးရောင်မျက်ဝန်းများနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသည့် ဖခင်ဖြစ်သူ၏ ဆုံးဖြတ်ချက်များတို့ အပြင် သူမ၏ ပင်ကိုချိုမြသိမ်မွေ့မှုတို့ဖြင့် တာဝန်တစ်ရပ်ကို ရင်ဆိုင်ခဲ့ရသောကြောင့် သူမ မိဘများကလည်း သစ်လွင်သော အကဲခတ်မှုဖြင့် သူမကို ကြည့်နေကြလေသည်။

"စတက်ဖင်တော့ အကူအညီ ရမှာပဲဆိုတာ သမီး သိနေတယ်"

ဗိုင်ယန်းက မိဘတွေကို ပြော လိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သဲသောင် ခုံအဖျားမှာ လူတွေအားလုံးကို သမီး တွေ့လိုက်ရလို့ပဲ၊ နောက်ပြီး သမီးတို့ ဆီကို သင်္ဘောရောက်လာတော့မှာသို့ မက်(ခ်)ကို ပြောလိုက်ရတယ်၊ သမီးလေ မက်(ခ်)ကို သမီးကျောပေါ် တင်ပြီး တစ်ချိန်လုံးလိုလို ဖားကူးကူးနေရတယ်၊ သမီးချမ်းအေးလာရင်တော့ သူ့ဘာသာ သူ ကူးခတ်ခိုင်းပြီး သူ့သွေးလည်ပတ်မှု ကို ရစေတာပေါ့နော်။

ဒီကလေးက သိပ်တော်တာ သမီးသူ့ကိုပြောသမျှ အတိအကျလိုက် နာပြီး ဘယ်တုန်းကမှ စောဒကတက် တာမျိုး မလုပ်ခဲ့ဘူး"

မက်သယူးကတော့ ဘေးရန် ကင်းရှင်းစွာ ပြီးဆုံးခဲ့သော စွန့်စား တစ်ရပ်အပေါ် ရှက်သွေးဖြန်းသော မျက်နှာပေးဖြင့် ပြောပြနေသည်။

"သားတို့ စကားတွေ ပြော တယ်၊ ဗိုင်ယန်းက သားကို ရယ်စရာ ပြောတယ်၊ ပြီးတော့ 'ထရှူဂရစ်'သီချင်း ကို သိလားလို့မေးတယ်၊

နောက် သား နာမည်ကိုခေါ် 'မက်(ခ်) မက်(ခ်)ရေ ကြွက်' လို့ ဆိုလိုက် တော့ သားက စိတ်ဆိုးဟန်ဆောင် တယ်လေ၊ တစ်ခါတလေတော့ သူက လှည့်လိုက်ပြီး နောက်ပြန်ကူးခပ်နေတုန်း သားက သူ့ဗိုက်ပေါ်မှာနားခိုပြီး သူ့ခါး ကို ကိုင်ထားရတယ်၊ ကျွန်တော်တို့ ရေပေါ်မှာ ပေါ်နေအောင် သား ခြေ ထောက်တွေနဲ့ အသဲအသန် ကူးရသေး တယ်"

"မြူနှင်းတွေကတော့ သမီးတို့ သောကပွားစေတော့တာပဲ"

ဗိုင်ယန်းက ဝန်ခံလိုက်ပြီ။

"မီးပြတိုက်ကို သမီးတို့ တွေ့ နိုင်အောင် လှိုင်းတွေက အချိန်နဲ့အမျှ သမီးတို့ကို သယ်မသွားပါစေနဲ့လို့





www.burmeseclassic.com

www.burmeseclassic.com

တောင်းနေရတာပဲ၊ အမြဲပဲ ဆုတောင်းမိတယ်၊ ဒါပေမယ့်လေ မီးပြတိုက်ကြီး ထိပ်ဖူးမှုန်သထက် မှုန်သွားတယ်၊ ကမ်းခြေစောင့်တပ်ဖွဲ့သင်္ဘောကိုမြင်တော့ သမီးရော၊ မက်(ခ်)ပါ လက်ဝှေ့ယမ်းပြီး အော်ဟစ်ကြပေမယ့် သမီးတို့ကို မတွေ့ဘဲ သူတို့လွန်သွားသေးတယ်၊ အဲဒီတဒင်္ဂ အချိန်လေးကတော့ အဆိုးဆုံးပဲ၊ ဒါပေမယ့် သူတို့ သမီးတို့ကို တွေ့သွားတယ်လေ"

* * *

### ဘွင်းဘွင်းရှင်းရှင်းရှိလှသော စကားလုံးအချို့

ထိုညနေ မှောင်စပျိုးချိန်တွင် ကရာမက်(ခ်)တစ်ယောက်လမ်းလျှောက်ထွက်မည်ဆိုကာ တစ်ထပ်တိုက်ကလေးဆီမှ ထွက်ခွာသွားလေသည်။

လေးပုံ တစ်ပုံမိုင်မျှ ဝေးကွာသော စည်းရိုးခတ်ထားသည့် မြို့တော်ခန်းမလေးရှိရာသို့ သူထွက်ခွာလာခြင်းသည်။ ၎င်းခန်းမလေးတွင် မြို့တော်တောင်စီ အစည်းအဝေးများ ပုံမှန်ချောင်းပလေ့ ရှိခဲ့သည်။

လူများထူထပ်နေသော ခန်းမအတွင်း ကရာမက်(ခ်) ဝင်ရောက်လာပြီးနောက် နောက်ဘက်၌နေရာယူလိုက်သည်၊ ကျူးကျော် ဝင်ရောက်လာသူတစ်ဦးပမာ သူခံစားရပေမယ့် သူ့အနေဖြင့် အတိုချုံးပြီး စကားပြောဆိုရန် လာရခြင်းဖေမို့ စည်းဝေးပွဲတွင် စကားပြောခွင့်ပြုရန် တောင်းခံလိုက်သည်။


ခွင့်ပြုချက်ရသည်နှင့် သူက သူ့အတွေးအမြင်တွေကို ဘွင်းဘွင်းရှင်းရှင်းအရှိဆုံး စကားလုံးများဖြင့် ဖော်ပြလိုက်တော့သည်။

"ကျွန်တော့်နာမည် စတန်လေ မက်(ခ်)ပါ၊ ကျွန်တော် ခင်ဗျားတို့ ကျွန်းပေါ်မှာ အပန်းဖြေအနားယူဖို့ မိသားစုကို ခေါ်ငင်ခဲ့တာ နှစ်နှစ်ရှိပါပြီ၊ ဒီညနေမှာပဲ ကျွန်တော့်သမီးလေးနဲ့ သားငယ်ရဲ့ သူငယ်ချင်းလေးတို့ဟာ ဒီရေလှိုင်းမိပြီး ပင်လယ်ထဲမျောပါသွားခဲ့တယ်၊

တကယ်လို့သာ ခင်ဗျားတို့ရဲ့ ကယ်ဆယ်ရေးတပ်ဖွဲ့နဲ့ ကမ်းခြေစောင့်တပ်ဖွဲ့တို့ကသာ ချက်ချင်းလက်ငင်း တာဝန်ယူမဆောင်ရွက်ခဲ့ရင် ကျွန်တော့်အနေနဲ့ သမီးလေးနဲ့သူငယ်လေးတို့ကို ဆုံးရှုံးရတော့မှာပါ၊ ကျွန်တော့်ရင်ထဲ အသည်းထဲက ဘာပြောချင်လဲဆိုတော့"

သူ့အသံမှာ ကြေကွဲဆို့နင့်နေပြီး သူ့မျက်နှာမှာလည်း သူဆက်လက်ပြောကြားမည့်စကား အကျိုးဆက်ကြောင့် နီရဲနေတော့သည်။

သူက လည်ချောင်းရှင်းလိုက်ပြီး ပြောဆိုရာတွင် . . .



"ခင်ဗျားတို့ကို ရင်ထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါရစေ"

ယင်းသည့်နောက် အဆောက်အအုံဆီမှ သူ လျင်မြန်စွာ လျှောက်လှမ်းထွက်ခွာသွားတော့သည်။

ကျွန်းသားကိုမှာ ဒိုင်ယန်းကရာမက်(ခ်)အကြောင်း မကြာခဏ ပြောဆိုတတ်ကြသည်။

ကမ်းခြေစောင့် တပ်ဖွဲ့ဝင် ရောဘတ်ဝိုင်း(လ်)ဒါမင်းက ဆိုရာ၌ . . .

"ကျွန်တော်တို့ သင်္ဘော သူ့ကလေးဆီရောက်သွားတော့ သူလေးက ကောင်လေးကို ကျောပေါ်တင်ပြီး ကူညီခဲ့တာ တစ်နာရီခွဲတောင် ကြာပေမယ့် တုန်လှုပ်ချောက်ချားမှု လုံးဝမရှိတာဘဲဗျ၊

ကျွန်တော်တို့အတွက်တော့ သူလေးရဲ့အပြုံးဟာ တကယ့် အားအင်ကြီးတစ်ရပ်ပါပဲ၊ ပင်လယ်ပြင်ထဲက လူတွေအများအပြား ကျွန်တော်ကယ်ဖူးပေမယ့် သူလို မိန်းကလေးမျိုးတော့ တစ်ခါမှ မကြုံဖူးသေးဘူး"

ကယ်ဆယ်ရေးတပ်ဖွဲ့မှ ခေါင်းဆောင်ကွန်းလေးက ဖြည့်စွက် ပြောဆိုရာတွင် . . .

"ကျွန်တော်တွေ့ဖူးခဲ့သမျှတော့ အားမာန်အရှိဆုံး မိန်းကလေး တစ်ယောက်ပါပဲ"

ကျောက်ဆောင်ကျွန်း သည် အချိန်အတန်ကြာထိတိုင် ဒိုင်ယန်းကရာမက်(ခ်)ကို မမေ့နိုင်ကြသလိုပင်၊ ကရာမက်(ခ်)မိသားစုများ အဖို့လည်း ကျောက်ဆောင်ကျွန်းပေါ်မှ ပြည်သူတွေကို အတန်ကြာသည့်တိုင် မေ့နိုင်ကြမည် မဟုတ်ပါချေ။

**Floyed Mller**၏ ဖြစ်ရပ်မှန်ဇာတ်လမ်း **"Emergency Whistle on Block Island"** ကို ပြန်ဆိုပါသည်။

**ခိုင်ဇော်(ဒဿန)**


❒





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဆည်ပေါက်ရွာကြီးက ရေဝတီမြစ်ကမ်းဘေးမှာ ရှိသည် ဆိုသော်လည်း နှစ်မိုင်ကျော်ဝေးတဲ့ အတွင်းပိုင်းမှာ 'စပါးပေါ လူချောထွက်' စကားကို ဆည်ပေါက်သားတို့ ပြောအား ရှိလောက်အောင် ဆည်ပေါက်ရွာမှာ လယ်ယာစပါး ပေါသည်၊ ဆည်ပေါက်သားတွေကလည်း ချောသည်။ သို့ပါရောက် ဆည်ပေါက်သူတွေ မှန်သမျှ အသားအရေ မလှ၊ ရုပ်မချော၊ ပြောရလျှင် ရွက်ကြမ်းရေကျို ညိုတိုတို ပိန်ထစ်ကပ်များသာ။

သူတို့အပြောက ကျိန်စာဝနေသည်ဆိုလား။ ဆည်ပေါက်ရွာ၏ အရှေ့ဘက်တွင်ရှိသော မြသေလာရွာက ဆည်ပေါက်သူတွေကို ကျိန်စာတိုက်ခဲ့သည့်စကား ရှိသည်တဲ့။

ရုပ်ရည်လည်း မလှကြပါစေနှင့်၊ ဆည်ပေါက်သူတွေလည်း ဘယ်ခါမှ ဆည်ပေါက်သားတွေနှင့် မရကြပါစေနှင့် ဟူ၍ ကျိန်ဆိုစကား ရှိခဲ့သည်ဟု ဆိုကြသည်။

သည်ကျိန်စာ ဘယ်က စခဲ့ပါလိမ့် . . .၊ ဘယ်သူတွေ ကျိန်ဆိုခဲ့ကြသလဲ မသိသော်လည်း ကြေကွဲစရာ၊ လွမ်းဆွတ်စရာ ဇာတ်လမ်းလေးတစ်ခုတော့ အထင်အရှား ရှိခဲ့တာပါ။ နှစ်တွေတော့ ရေတွက်ဖို့ မလွယ်တော့တာကြောင့် တိုးနှစ်ပေါင်းများစွာကလို့ ပြောရပါလိမ့်မည်။

သည်အချိန်က ဆည်ပေါက်နှင့် ကျောက်ဖျာရွာသည် ရင်းနှီးကျွမ်းဝင်မှု ရှိသလို အရေးအကြောင်းရှိလျှင် နေ့ညအချိန်မရွေး အပြေးကူညီကြတဲ့ ဓလေ့ထုံးစံ ရှိခဲ့ကြသည်။

ဆည်ပေါက်ရွာက ရေဝတီမြစ်နှင့် အလှမ်းမဝေး မြစ်ကမ်းနံဘေးမှာ ရှိခဲ့တာကြောင့် လယ်ယာလုပ်ငန်းသာ မဟုတ် ရေလုပ်ငန်းကိုပါ လုပ်ကိုင်ကြပြီး ငါးဖမ်းလှေတွေ ကမ်းဆိုက်လာတိုင်း နောက်တစ်နေ့ ကျောက်ဖျာရွာမှာ ငါး ပေါပေါစားရသည်။ ကျောက်ဖျာရွာမှာ အမဲလိုက်ရသမျှ ဆည်ပေါက်မှာ ချေ ဆတ်၊ ယုန်၊ တောကြောင်၊ တောကြက် များ ပေါပေါများများ စားရတော့သည်။

သာရေးနာရေးကိစ္စများ ရှိပါကလည်း လှည်းတစ်မျိုး၊ ခြေကျင်တစ်မျိုး အရောက်လာကြသည်။ ကျောက်ဖျာရွာတောင်ခြေက နဂါးသိုက်စေတီကို သီတင်းကျွတ်လပြည့်တိုင်း ပွဲတော်ကျင်းပကြသည်။

ပွဲတော်ကျင်းပလျှင် မြို့နှင့် အလှမ်းကွာဝေးသောရွာဖြစ်တာကြောင့် အငြိမ့်သေးသေးကိုပင် မနည်း တောင်းတောင်းပန်ပန် ငှားရသည်။ အများအားဖြင့် ငှားရတတ်တာက ဆိုင်းအငြိမ့်လိုမျိုးသာ ဖြစ်သည်။

သို့သော်လည်း ကျောက်ဖျာနှင့် ဆည်ပေါက်ရွာ သာမက ရေဝတီမြစ်ရိုးတစ်လျှောက် အစုန်အဆန် ကူးသန်းသွားလာနေကြသော ကုန်တင်လှေကြီးတွေပါ သီတင်းကျွတ်လပြည့်နေ့ ပွဲတော်ရက်တိုင်း ဆည်ပေါက်တွင် ညအိပ်ရပ်နားကာ ကျောက်ဖျာရွာဘုရားပွဲသို့ သွားကြသည်။

စားသောက်စရာတွက် မပူရ။ အကြော်သည်များ၊ ထမင်းဟင်းအစုံရောင်းသည့်ဆိုင်များ အစုံရှိသည်။ ဟင်းတွေကလည်း လတ်ဆတ်တဲ့ ချေ၊ ဆတ်၊ တောကြောင်၊ ယုန် သာမက လယ်ကြွက်ပါ အသားစုံသည်။ စားစရာ အစုံရပေမယ့် အရက်သေစာတော့ ရောင်းချခြင်း ခွင့်မပြုပါ။

နဂါးသိုက်ဘုရားရဲ့ ထူးခြားတာက ဘယ်ခါမှ ပန်းမညှိုးသော လျောင်းတော်မူ ဘုရားကြီးရှိသည်။ ရာသီလိုက်ပွင့်သော ပန်းတွေက မြေအိုးရှည်ကြီးမှာ အမြဲလန်းဆန်း လှပနေတတ်သည်။

နဂါးသိုက် ဘုရားပွဲတော်မှာ လပြည့်ည သန်းခေါင်ကျော်သည်အထိ စေတီရင်ပြင်မှာ ဘုရားဝတ်ပြုသူတွေ ရှိတတ်ပြီး တစ်ခါတစ်ရံ လူတွေကြားထဲတွင် မမြင်ဖူးသည့် လူစိမ်းတချို့ တွေ့သူတွေ ရှိတတ်သလို တစ်ခါတစ်ရံ စကားပင် ပြောဖူးသူ ရှိခဲ့ဖူးသည်။

ထို့ထက် ထူးခြားမှုက တစ်နှစ်သော ဘုရားပွဲတော်တွင် လျောင်းတော်မူဘုရားကြီး၏ ခေါင်းရင်းဘက်တွင် ရွှေချည်မျှင်များဖြင့် ရက်ထားသော တဘက်တစ်ထည်ကို ဘုရားလှူထားတာ တွေ့ရသည်။

ထိုတဘက်ကို ပျောက်သွားမှာ၊ ခိုးသွားမှာ စိုးရိမ်စရာ မလိုပါ။ မှန်သေတ္တာထဲ ထည့်၍ ပြထားရာ လူစောင့်စရာပင် မလိုဘဲ ခိုးယူမည့်သူမရှိ။ ညဘက်တွင်လည်းကောင်း (သို့မဟုတ်) မမှန်ကန်သောစိတ်ဖြင့် ကြည့်မိသောသူတို့သည်လည်းကောင်း တဘက်အား လုံးဝ မမြင်ရတော့။

**ထူးဆန်းသောဘုရား**

မြသေလာရွာက ကျိန်စာဆို၍ ဆည်ပေါက်သူတွေ ရုပ်ဆိုးကြသည်ဆိုသော ဇာတ်လမ်းလေးကို စိတ်ဝင်စားဖွယ်၊ ကြောက်လန့်ဖွယ်၊ ကြေကွဲဝမ်းနည်းဖွယ် စတင်ခဲ့ခြင်းက ဆည်ပေါက်ရွာသား မြတ်ဘုန်းမော်နှင့် မြတ်ဘုန်းကျော် ညီအစ်ကိုနှစ်ယောက်က စခဲ့ကြခြင်းပါ။

ဇာတ်လမ်းကို ဆည်ပေါက်ရွာ ဖြစ်တည်ပုံက စတင်ရမည် ဖြစ်ပါသည်။ အဲဒီတုန်းက ရေဝတီမြစ်သည် ကျယ်ပြန့်၍ ရေစီးသန်သည့် အချိန်အခါ ဖြစ်တော့သည်။

◆

ကျောက်ဆိုင် ကျောက်တုံးတွေ ပေါများသလို တွင်းပြင်ကျယ်ကြီးက ရေဝတီမြစ်ကမ်းဘေးမှာ နယ်မြေကောင်း ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆည်ပေါက် ဆိုသည့်အတိုင်း ရွာကြီး၏ထိပ်ပိုင်းမှာ ဆည်ဟောင်းကြီး ရှိခဲ့သည်။ သည်ဆည်ဟောင်းက မြစ်တိမ်ကောလာ၍ သောင် ခဏခဏထွန်းရာမှ ကာလကြာသောအခါ မြစ်ကြောင်းကျဉ်းမြောင်းသွားပြီး သောင်နှင့်ကမ်း တစ်ဆက်တည်း ဖြစ်သွားတော့သည်။ မြစ်ကမ်းနှင့်ရွာ ဝေးကွာသွားပြီး ဆည်ဟောင်းကို ပြုပြင်သုံးကြရသည်။

ဆည်ပေါက်ရွာသည် ရွာဆိုသော်လည်း စနစ်တကျ အခိုင်အမာ တည်ဆောက်ထားသော ရွာဖြစ်ပြီး ဘုရားတန်ဆောင်း၊ ကျောင်းကန်ဇရပ်နှင့် တချို့နေရာတွင် ကျွန်းလုံးများနှင့် တည်ဆောက်ထားသော ရွာတံခါးပင် ရှိခဲ့သည်။

ရွာကို စတင် တည်ခဲ့သူများ တစ်ချိန်က မင်းပြစ်မင်းဒဏ် ရှောင်ခဲ့ကြသော မင်းဆွေမင်းမျိုးများဖြစ်သလို ယောကျ်ားသားတို့သည် သန်မာထွားကျိုင်းကြ၍ မိန်းကလေးများက လုံးကြီးပေါက်လှများ။ လယ်ယာလုပ်ငန်း လုပ်ကိုင် စားသောက်ကြသည် မှန်သော်လည်း သူတို့အသုံးအဆောင်များနှင့် လက်ဝတ်တန်ဆာတို့သည် ရှားပါးပြီး အဖိုးထိုက်တန်သော ပစ္စည်းများ ဖြစ်ကြသည်။

လှေစုန် လှေဆန် ကုန်ကူးကြသော ကုန်သည်ပွဲစားတို့ကလည်း ဆည်ပေါက်သူ၊ ဆည်ပေါက်သားဆိုလျှင် လိုချင်မက်မောကြသည်။ တစ်ခါတစ်ရံ ကံကောင်း၍ သူတို့ဆွေမျိုးသားချင်းထဲက ဆည်ပေါက်သူ၊ ဆည်ပေါက်သားတို့နှင့် အိမ်ထောင်ကျခဲ့လျှင် မြို့ပေါ်က သူဌေးသား၊ သူဌေးသမီးနှင့်ရတာထက် ဝမ်းသာဂုဏ်ယူတတ်ကြသည်။

သည်လို မက်မောချစ်ခင်လိုကြသော ဆည်ပေါက်ရွာကြီးတွင် လယ်ယာမြေများ၊ ကျွဲနွားအုပ်လိုက် ပိုင်ဆိုင်ကြသော ဦးကြွယ်နှင့် ဒေါ်မြတ်နွယ်၏ သားချောတွေ ဖြစ်ကြသည့် မြတ်ဘုန်းမော်နှင့် မြတ်ဘုန်းကျော် ညီအစ်ကိုနှစ်ယောက်သည် ဆည်ပေါက်ရွာတွင် သာမက ပတ်ဝန်းကျင် အနီးအနားက မြို့တွေမှာပါ နာမည်ဂုဏ်သတင်းကြီး ကြသူတွေပါ။

မြတ်ဘုန်းမော်နှင့် မြတ်ဘုန်းကျော်သည် အသက်နှစ်နှစ် ကွာသော်လည်း အရွယ်ရောက်လာသောအခါ အမြွှာထင်ရလောက်အောင် ရုပ်ရည်အရပ်အမောင်းအသကအစ ခွဲမရအောင် တူနေတော့သည်။

မိခင် ဖြစ်သူကလည်း ရွာမှာ ဥစ္စာဓနကြွယ်ဝပြီး ဩဇာအာဏာပါရှိနေတော့ အလှူအတန်းနှင့် သာရေး၊ နာရေးမှန်သမျှ ဦးဆောင်ရသည်။ ရွာထဲက အပျိုမတွေက ဝင်လိုက်ထွက်လိုက်။ မြို့မှ ကုန်သည် ပွဲစားတွေကလည်း သူတို့သမီးများ၊ ညီမ၊ အစ်မများ ခေါ်လာတတ်သည်။

ထိုအချိန်က စက်တပ်မော်တော်သင်္ဘောများ သိပ်မများသေးတာမို့ လှေကြီးတွေသာ အသုံးများကြသည်။

ညအိပ်ချင်သည့် ရွာမှာနားပြီး ကုန်ပစ္စည်းတွေ ရောင်းကြ၊ ဝယ်ကြ။ ပြီးလျှင် ခရီးဆက်ကြ။ ကုန်သည်တွေနှင့် အရောင်းအဝယ် လိုက်လာကြသော မိန်းမပျို တချို့ကလည်း ဒေါ်မြတ်နွယ် အိမ်မှာသာ တည်းချင်ကြသည်။ တည်းခိုနိုင်ဖို့ ကြိုးစားကြသည်။

ရွှေစွန်ညိုက မဝဲတော့လည်း မထွေးက လိုက်ရှာရသည့် အဖြစ်မျိုး။

ဒီအထဲ အဆိုးဆုံးကတော့ တစ်ရွာတည်းနေသည့် ခွာညို ဆိုသည့် မိန်းကလေး။ သူ့မှာ ရုပ်ရည်ကလည်းရှိ၊ မိဘတွေကလည်း ချမ်းသာကြသည်။ သူတစ်ဖက်သတ် စိတ်ဝင်စားနေသော မြတ်ဘုန်းမော်အိမ်ကိုလည်း ဝင်ထွက်ခွင့် ရှိသည်။

သို့ပေမယ့် သူမကို ဖုတ်လေသည့်ငါးပိ ရှိလေသည် မထင်ခဲ့သော မြတ်ဘုန်းမော်ကို ဘာလုပ်သင့်သလဲ။ သူမက တိုးဖို့ ကြိုးစားတိုင်း မြတ်ဘုန်းမော်က ရှောင်သည်။

"ဘာများ ဘဝင်မြင့်နေတာလဲ ဟင် . . .၊ ခွာညိုရယ် . . . ဒီကောင်ထက်သာတာ မတွေ့နိုင်တော့ဘူးလား"

"မဟုတ်ဘူး၊ တွေ့လည်း ငါ မစဉ်းစားတော့ဘူး၊ ဘဝင်မြင့်တဲ့ ဘုန်းမော်ကို မရရအောင် ယူချင်တယ်"

ခွာညိုဘေးတွင် အဖော်အဖြစ် ရှိနေသည့် သူငယ်ချင်းဖြစ်သူ လှမယ်တ ပင် အားမလို အားမရ ပြောမိသည်။

သို့ပေမယ့် လှမယ်ကိုယ်တိုင်ပင် ဘဝင်မြင့်သလိုလို၊ နားမကြားသလို နေတတ်သည့် ညီဖြစ်သူ မြတ်ဘုန်း ကျော်ကို စိတ်ဝင်စားသည်။ ရုပ်ရည်ချော ပစ္စည်းပါ ပြည့်စုံသည့် ခွာညိုကိုပင် ဒီညီအစ်ကိုနှစ်ယောက်က လှည့်မကြည့် တာ၊ သူ့လို ရုပ်ရည်မလှ၊ ပစ္စည်းဥစ္စာ မပြည့်စုံသူကို စိတ်ကူးကြည့်ဖို့တောင် တကယ် မလွယ်တဲ့ အဖြစ်မျိုးပါ။

◆

ဒီနှစ် သီတင်းကျွတ်လပြည့်ည ဘုရားပွဲတော်က အခါတိုင်းနှစ်ထက် စည်ကားသည်။ အကြောင်းက မြို့မှ ရုပ်သေးပွဲက ထပ်ရောက်လာသောကြောင့် ပင်။

ဘုန်းမော်တို့ ညီအစ်ကို နှစ်ယောက် ခါတိုင်းလိုပင် ကျောက်ဖျာရွာ ဘက် ပွဲတော်ရှိရာသို့ ထွက်ခဲ့ကြသည်။ စောစောသွားလျှင် လမ်းတစ်လျှောက် ပွဲသွားပွဲလာ လူတွေ ရှုပ်တာကြောင့် ညီအစ်ကိုနှစ်ယောက် နောက်ကျမှ ထွက်ခဲ့သည်။

လရောင်က သစ်ပင်ကြို သစ်ပင်ကြားမှ ထိုးထွက်ရင်း သဲလမ်းလေး တစ်လျှောက် အလင်းရောင် ဖြာနေ တော့သည်။ လေးမိုင်ခန့်ခရီးကို ခြေ လှမ်းမှန်မှန် လျှောက်ခဲ့သည်။

လူရှင်းအောင်စောင့်ပြီး ထွက် လာခါမှ ရှေ့တွင် နွားလှည်းတစ်စီး တအိအိမောင်းကာ သွားလမ်း ပိတ် သလိုမို့ စိတ်မရှည်တော့။

"ရှေ့က လှည်းဆရာ . . . ဘေးကို ခဏကပ်ပေးပါ၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com

ည်း စောင့်လျှောက်ရရင် ပွဲကချိန် ောင် မီမယ်မထင်တော့ဘူး"

"ခဏလေးသည်းခံပါရှင်၊ ကျွန်မ ို့အားတွေ လမ်းသွားရင်း ဘယ်လိုဖြစ် ုန်း မသိပါဘူး၊ ဟိုချောင်းစပ်ဘေး ောက်ရင် ကပ်ပေးပါ့မယ်"

လှည်းပေါ် ပါလာသူ မိန်းက ေးဘက်က တောင်းပန်စကား ဆို ော့လည်း ဘုန်းမော်တို့ ငွတ်မပြော ား လှည်းကလည်း စောစောကထက် ိုနှေးလာသည်။ လမ်းကလည်း လှည်း းနှင့်အကိုက်။ လမ်းဘေးနှစ်ဖက်မှာ ည်း ဆူးချုံသေးသေးလေးတွေက နေ ာလပ်။

"ဦးလေးကြီးရယ် . . . လှည်း မြန် မောင်းပေးပါရှင်၊ ဒီပုံအတိုင်း ိုရင် ပွဲခင်းကို ဝင်တိုးလို့တောင် ရမယ် ောင်တော့ဘူး"

"နွားက ခြေထောက်နာနေတာ၊ ှာ်ကောင်လုံး ဖြစ်နေတယ် လုံမရေ . . .၊ မှောင်မှ လှည်းကောက်ရတော့ ာတိမထားလိုက်မိဘူး၊ ပွဲမီချင်ရင်တော့ ီဟာ မောင်ရင်လေးနှစ်ယောက်နဲ့ လမ်း ျှောက်လိုက်သွားတာ ပိုမြန်လိမ့်မယ်"

"ဟုတ်တယ် မမရဲ့ . . .၊ ဒီက စ်တိုကြီးတွေ ကျွန်မတို့ ညီအစ်မနှစ် ယောက် လမ်းလျှောက်လိုက်ပါရစေ၊ ဖော်မရှိလို့သာ ဦးလေးကြီး ခေါ်လာ ာ"

ဘုန်းမော်က ငြင်းမယ်လုပ်တုန်း ိတ်မရှည်သော အငယ်ကောင်က. . .

"ဒါဖြင့် ခင်ဗျားတို့လှည်းကို ရှေ့ နတ်ကွန်းရှိတဲ့နေရာရောက်ရင် ဘေး ပ်ခိုင်း၊ ရှေ့နှစ်မိုင်လောက် လျှောက် ြီးမယ်၊ မြန်မြန်လိုက်နိုင်ရင် လိုက်ခဲ့ ြပေါ့"

မိန်းကလေးနှစ်ယောက် ဝမ်း ာအားရ နတ်ကွန်းဘက်မှာ လှည်း ပ်ရပ်ရင်း လှည်းပေါ်မှ ပေါ့ပါးစွာ ုန်ဆင်းလိုက်သည်။

ညီအစ်ကိုနှစ်ယောက် ခြေလှမ်း ွတ်သွက် လျှောက်ရင်း ဘေးမှလိုက် လာသော မိန်းကလေးနှစ်ယောက်နှင့် စကားပြောဖြစ်သည်။

ပွဲခင်းရောက်တော့ လူတွေက အပြည့်။ ရှေ့ပွဲခင်းထဲ ဝင်ထိုင်ဖို့ မဆို ထားနှင့် ဘေးမှ ရပ်ကြည့်စရာပင် နေရာမရှိတော့။ ပွဲခင်းနောက်နားက ကုန်းမို့မို့ပေါ်မှပင် ရပ်ကြည့်ရတော့ သည်။

ပွဲကကောင်းသော်လည်း ရပ်နေ ရသည့် ခြေထောက်တွေက မကောင်း ချင်။

ကြာတော့ ညောင်းတောင့်လာ လိုက်တာ ဘေးက မိန်းကလေးနှစ် ယောက်က ပြန်ကြရန် စကားမစသော် လည်း ဘုန်းမော် ညီဖြစ်သူကို လက်တို့ လျက် ပြန်ရအောင်ဟု ပြောလိုက်သည်။

"ပြန်ကြတော့မလို့လား၊ ကျွန်မ တို့လဲ ပြန်လိုက်ခဲ့မယ်လေ၊ ပွဲခင်းထဲမှာ မိန်းကလေးနှစ်ယောက်ထဲ ရပ်ကြည့် မနေတော့ပါဘူး၊ လိုက်ခဲ့မယ်"

သည်လိုနှင့် ပွဲခင်းထဲက လူတွေ ကို တိုးလျက် ထွက်ခဲ့ကြသည်။

မိန်းကလေးနှစ်ယောက်အနက် ခပ်ဝဝ အသားညိုညိုနှင့် မိန်းကလေးက စကားသွက်သလောက် အကြီးမတ စကားသိပ်မပြော။

သို့ပေမယ့် လရောက်လက်လက် အောက်မှာ သူ့မျက်နှာ ပြုံးနေတာ ကြည့်ပြီး ဘုန်းမော်စိတ်ထဲ ပျော်နေမိ သည်။

"ဘယ်ပြန်မှာလဲ . . . မြန်ရဲကြ ရဲ့လား"


"ကျွန်မတို့က ကျောက်ဖျာရွာ အနောက်ဘက်မှာ နေတာပါ၊ အားနာ လို့ မပြောချင်ပေမယ့် ဖြစ်နိုင်ရင် လိုက်ပို့ ပေးပါရှင်"

ဒီစကားကို အကြီးမက ပြော တာမို့ ဘုန်းမော် ငြင်းလိုက်ဖို့ စိတ်မကူး မိ။ သူတို့နှစ်ယောက်ကို လိုက်ပို့ပြီးမှ ရွာ ပြန်ဖြစ်မှာပါ။

လေးယောက်သား စကားတွေ တပြောပြောနှင့်လျှောက်ကြရာ အသွား တုန်းကထက် ပို၍ ရင်းနှီးမှု ရှိလာသလို အကြီးမနာမည် မြသီ၊ အငယ်မနာမည် မြရီတဲ့။

မိဘနှစ်ပါးလုံး မရှိကြတော့ဘဲ ဦးကြီးတော်သူနှစ်ယောက်နှင့် ယာစိုက်၊ ပန်းစိုက် ရောင်းကာ အသက်မွေးမှုပြု ကြောင်း၊ ရွာထဲက လူတွေကလည်း သူတို့မိသားစု အစစ အရာရာ ဆင်းရဲ ချို့တဲ့မှန်းသိ၍ ဆေးဖော်ကြောဖက်ပင် မလုပ်ချင်ကြောင်း အငယ်မမြရီက ရင် ဖွင့်ပြောပြသည်။

"ညီမလေးရယ် . . . ကိုယ့် အကြောင်းတွေကို သူများပြောပြီး စိတ် မကောင်းဖြစ်အောင် မလုပ်ချင်ပါနဲ့၊



www.burmeseclassic.com

ဒ်ကအစ်ကိုကြီးတွေကတော့ မြသီတို့ ညီအစ်မကို ခင်ချင်ရဲ့လား၊ မြသီတို့က ဆင်းရဲပါတယ်"

"မဟုတ်တာဗျာ၊ ကျွန်တော်တို့ ဒါတွေ ထည့်မစဉ်းစားပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ခင်မင်တယ်ဆိုတာ ဆင်းရဲချမ်းသာ အဓိက မဟုတ်ပါဘူး"

ရွာထဲအဝင် အစပ်မှာ မြသီတို့အိမ်လေး တွေ့ရသည်။ ဆင်းရဲပေမယ့် သပ်သပ်ရပ်ရပ်နှင့် ခိုင်ခံ့စွာ ဆောက်ထားတာကြောင့် နေချင်စရာ ကောင်းသည်။

အိမ်နောက်ဘက်မှာ နို့စားနွားမ နှစ်ကောင် မွေးထားပြီး အစောပိုင်းက လှည်းတပ်လာသည့် နွားနက်ကျား နှစ်ကောင်ကို ခြံထောင့်မှာ တွေ့ရသည်။ နွားနှစ်ကောင်သည် တစ်ရှယ်တည်း၊ တစ်ပုံစံတည်း သန်မာထွားကျိုင်းတာကြောင့် မြတ်ဘုန်းမော် သဘောကျနေသည်။

"နွားတွေက လှလိုက်တာနော်၊ ကျွန်တော် ဒီလောက်ချောတဲ့နွား ခုမှ တွေ့ဖူးတော့တယ်၊ ဒီဘက်မှာ ရွာရှိမှန်းတောင် မသိခဲ့ဘူး"

"ဒီရွာက လူသိပ်မရှိဘူး အစ်ကိုကြီးရဲ့၊ မြရီတို့အပါအဝင် အိမ်ခြေ နှစ်ဆယ်လောက်ပဲ ရှိတာ၊ ရွာက လယ်စိုက်၊ ယာစိုက် နွားလဲမွေးတော့ စပါးလဲ မပူရ ဆီလဲ မပူရဘူး၊ အပြင်ထွက်ပြီး ဝယ်ခြမ်း စားသောက်စရာတောင် မလိုကြဘူး"

"အိမ်ပေါ်တက်ကြပါဦး၊ ရေနွေးကြမ်းသောက်ပြီးမှ ပြန်ကြပါ၊ အအေးဓာတ် ဝင်လာတော့ ချမ်းလာပြီ"

ရေနွေးကရား၊ ရေနွေးပန်းကန်နှင့် ထန်းလျက်ထည့်ထားသော ပန်းကန်ကအစ မြေပန်းကန်များ ထူးဆန်းသလိုမို့ ဘုန်းမော် သေချာကိုင်ကြည့်သည်။ အနက်ရောင် ဆေးသုတ်ထားပြီး အနီရောင် ပန်းပွင့်များနှင့် လှပအောင် ခြယ်ထားသည်။

ဘုရားဝတ်ပြုနေသည့် ဦးကြီးတို့ကို အားနာတာကြောင့် စကားကြာကြာ မပြောဖြစ်ဘဲ အိမ်ထဲမှ ပြန်ထွက်ခဲ့သည်။

လှေကားရင်းရှိ ပန်းအိုးထဲမှ အစိမ်းရောင် အရွက်များက နွယ်တက်သွားလိုက်တာ အရှေ့ဘက် အိမ်ခေါင်တစ်ခုလုံး ပြည့်လုနီးပါးပင်။ ရုတ်တရက်ကြည့်လျှင် အိမ်ရှေ့ဘက်ကို သေချာ မမြင်နိုင်ပါ။

ကျေးဇူးတင်ကြောင်း ပြောပြီး ညီအစ်မ နှစ်ယောက်စလုံး ခြံဝအထိ လိုက်ပို့ကြသည်။ အပြန်လမ်းမှာတော့ ညီအစ်ကိုနှစ်ယောက် စကားတောင် မပြောဖြစ်ပေမယ့် တူညီတဲ့အတွေးတွေ၊ စဉ်းစားစရာတွေက ပါလာခဲ့ပြီ။

"မနက်ဖြန် ညလဲ ပွဲကြည့်ချင်လို့ မြသီတို့ အဖော်လိုက်ပါရစေ" တဲ့။

◆

မြတ်ဘုန်းမော်နှင့် မြတ်ဘုန်းကျော် ဒုတိယပွဲညကို ခါတိုင်းထက် စောထွက်ခဲ့ကြသည်။

ထိုညမှာတော့ လမ်းတစ်ဝက်က စောင့်နေတဲ့ မြသီတို့ညီအစ်မနှင့် စကားပြောရင်း ခပ်မှန်မှန် လမ်းလျှောက်လျက် အကွေ့မှာတော့ . . .

"အစ်ကို၊ ပွဲက ဒီဘက်လမ်းက ချိုးရမှာလေ၊ လမ်းမှားနေပြီ"

"ဩော် . . . လမ်းမမှားပါဘူး၊ ဒီဘက်လမ်းကသွားလဲ ရောက်ပါတယ်"

ပွဲက ခါတိုင်းညထက် ပိုစည်သလို၊ နောက်ဆုံးက ကြည့်ရလို့လား မသိ သူတို့ညီအစ်ကိုအသိတွေ တစ်ယောက်မှမရှိပါ။ စိတ်ထဲမှာ သက်သာသွားသည်။

မြသီတို့ ညီအစ်မက ဘေးတစ်ဖက်ဆီမှာ ရပ်ကြည့်နေတာဆိုတော့ အသိတွေမြင်သွားရင် အမေ့ဆီ သတင်းရောက်လိမ့်မည်။

"အပြန်ကျရင် အိမ်ခဏဝင်ပါဦး၊ ဒီညတော့ ကောက်ညှင်းပေါင်းနဲ့ ဧည့်ခံပါရစေ၊ ပွဲကလဲ နှစ်ညတိုးမှာဆိုတော့ နောက်ညလဲ အဖော်မရှိလို့ လိုက်ချင်လို့ပါ"

ထူးခြားစွာ ပွဲကလည်း နောက်ထပ် နှစ်ညတိုးကြောင်း ဇာတ်ခုံပေါ်က ကြေညာသွားသည်။

ငယ်ငယ်ကတည်းက ပွဲကြို
တဲ့ ကောင်လေးတွေဆိုတော့ တစ်လတိုး
က,ရင်လည်း တစ်လလုံးလာမည့် အခြေ
အနေမျိုး။

"ဟဲ့ . . . ပြင်ဆင်နေကြတာ
ဒီည ဘယ်ကိုသွားမလို့တုံး"

အမေက မနေနိုင်တော့ မေး
ခွန်းထုတ်ပြီ။

"ပွဲက နှစ်ညတိုးတယ်တဲ့၊ သွား
ကြဦးမှာ"

"ငါလဲ မကြားမိပါလား၊ ရွာထဲ
က ညနေကမှ ပြန်လာတာ"

"အမေက ဘယ်သူ့ကိုမေးလို့
ဘယ်သူက ပြောမှာလဲဗျ"

"အေးလေ၊ အမေက ခါတိုင်းလို
ပဲထင်ပြီး မမေးခဲ့တာ၊ သိပ်ညဉ့်မနက်
စေနဲ့နော်"

"စိတ်ချပါ အမေ၊ သားတို့အ
ကြောင်းလဲ သိသားနဲ့၊ နောက်ပိုင်းဇာတ်
ပြီးအောင် မကြည့်ပါဘူး"

တတိယညမှာ ခါတိုင်းညထက်
ပိုပျော်ခဲ့ကြသည်၊ ပွဲထဲမှာ ခဏသာ



www.burmeseclassic.com

ည့်ခဲ့ပြီး လမ်းလျှောက်ကာ အိမ်ပြန် တ် ခြံဝင်းလေးထဲက ခုံရှည်မှာ မြတ် မော်နှင့် မြသီ၊ ကွပ်ပျစ်လေးပေါ် ခြတ်ဘုန်းကျော်နှင့် မြရီတို့ ရောက် ာရာ စကားပြောရင်း ပြန်ခဲ့ကြ ည်။

ညအိပ်ရာဝင်ပေမယ့် တော် ာ်နှင့် အိပ်မပျော်ကြ။ နောက်နေ့ မှာ ညဘက် စောစောထွက်ဖို့ ာတူကြလျက် အမေ့ကို သားနှစ် ာက် ခါတိုင်းလို သနပ်ခါးသွေးပေး သည်၊

အဲဒီည ညီအစ်ကို နှစ်ယောက် တ်သွားပြီး မကြာမီ ခွာညိုနှင့် လှမယ် နှစ်ယောက် မုန့်ဆီကြော်ဗန်းနှင့် ာက်လာပြီး လှမယ်က ရှုးသလို ပေါ လိုနှင့် မရှက်မကြောက် ဘုန်းမော်တို့ အစ်ကိုကို မတွေ့တော့ ဖြောင်ဖွင့် သည်။

"ကြီးကြီး၊ ဘုန်းမော်တို့ ညီအစ် မတွေ့ပါလား၊ အစောကြီး အိပ်ကုန် ထင်တယ်"

"ပွဲသွားတယ်လေ၊ နောက်ဆုံး ညတဲ့၊ စောစောပြန်လာအောင် စော သွားခိုင်းလိုက်တယ်"

"ဘုရားပွဲ၊ ဘယ်ဘုရားပွဲလဲ ကြီး ကြီး"



"ကျောက်ဖျာရွာမှာ ဘုရားပွဲ လေ၊ ပွဲနှစ်ညတိုးတယ်တဲ့၊ ဒီည နောက် ဆုံးညလေ"

ခွာညို ထူးဆန်းသလို လှမယ်ကို ကြည့်သည်။ ဘာစကားမှ ထပ်မမေးဖြစ် ဘဲ မုန့်ဗန်းကိုင်ပြီး အိမ်ပြန်ခဲ့သည်။

"သူ့အမေက ငါတို့ သူ့သားကို တွေ့ချင်လို့ တမင်လာတာ ထင်သွားမှာ စိုးလို့ ဆက်မမေးတာ၊ ပွဲရှိတယ်လို့ မကြားမိပါလား"

"နင်ကလဲ ငါတို့က တစ်ညထဲ ကြည့်တာလေ နေဦး၊ တာတီး မေး ကြည့်ရအောင်"

"ဒီညတော့ တွေ့ဖြစ်မယ် မထင် ဘူး၊ တာတီး ဟိုဘက်ကမ်းကူးပြီး သူ့ အဖွားဆီသွားတယ်"

လှမယ်၊ ခွာညိုနှင့် တာတီးတို့ သုံးဦး ဆုံဖြစ်ချိန်က နောက်တစ်ပတ် လကွယ်ည၊ ညတိုင်း အပြင်ထွက်တတ် သော ညီအစ်ကိုနှစ်ယောက်ကို တာတီး ခြေရာခံလိုက်သည်။

သူငယ်ချင်း ဖြစ်ပေမယ့် လျှို့ ဝှက်သလို ဖြစ်နေသည့်ပုံစံကို မသိဟန် ဆောင်ကာ သူတစ်ယောက်တည်း ခပ် ဝေးဝေးက လိုက်ခဲ့သည်။

လကွယ်ညမို့ ကြယ်ရောင်က လွဲလို့ ဘာအလင်းရောင်မှမရှိ။ ဒါပေ မယ့် သွားလာနေကျလမ်းမို့ ကြောက် စရာ မလိုပါ။ ကျောက်ဖျာနှင့် ဆည် ပေါက်ဆိုတာ အရင်းနှီးဆုံး ရွာတွေ။

နောက်ကလိုက်ရင်း ကျွန်းတော မရောက်ခင် မိုးက ရွာတရက် သည်း သည်းမည်းမည်း ရွာလာသည်။ တန် ဆောင်မုန်း မိုးက ရွာနေကျဖြစ်ပေမယ့် ခုလို စောစီးစွာ ရွာလိမ့်မည် မထင်တာ ကြောင့် တာတီး ဆောင်းစရာမပါ။ ညောင်ပင်ကြီးအောက် ဝင်ခိုနေလိုက် သည်။

"ဟော့ . . . ညီလေး၊ ခမောက် အဆောင်း မပါဘူးလားကွ၊ မိုးက တော် တော်နဲ့ တိတ်မှာ မဟုတ်ဘူး၊ ဒီဘက် လာလေကွာ၊ စကားပြောကြတာပေါ့"

အသံက အက်ရှရှ လေးတွဲ့တွဲ့။ တာတီး ကြက်သီးတွေ ဖြန်းခနဲ ထလာ တာနှင့်အမျှ ရွာဘက် ထစ်ချိုးတည်း လှည့်ပြေးခဲ့သည်။

ညောင်ပင်အောက်က ရယ်သံ တွေ ထွက်လာသည်က တစ်ယောက် နှစ်ယောက် အသံမျိုးမဟုတ်။ တဟီးဟီး တဟားဟား ရယ်သံတွေ အဆက် မပြတ် ကြားနေရသည်။

နောက်နေ့ မိုးလင်းချိန် ခွာညို နှင့် လှမယ် ရောက်လာသည်။

တာတီးကို အိပ်ရာက အတင်းနှိုး ရသည်။

"နင်တို့ စိတ်မချရင် ကိုယ်တိုင် လိုက်ချောင်းဟာ . . .၊ ငါတော့ မသွား ရဲတော့ဘူး၊ ဒီကောင်တွေနောက်လိုက် ရင်း မိုးသည်းသည်းရွာလို့ ညောင်ပင် အောက် ဝင်ခိုတာ သရဲခြောက်လိုက် တယ်ဟ"

"နင်က တစ်ယောက်တည်းမို့ ကြောက်နေတာပါ၊ နောက်ညကျ ငါ လှမယ်မောင် ဖိုးကျော့ ထည့်ပေးမယ်၊ နင်တို့ မြို့တက်လည်ဖို့ ငွေလိုတယ်ဆို၊ ငါ အဖေ့ဆီက တောင်းပေးမယ်လေ၊ ဘယ်လောက်လိုလဲ၊ ကြိုက်သလောက် ပြော"

ငွေစကားကြားတော့လည်း တာ တီး မနေနိုင်။

ဒီလိုနှင့် နောက်တစ်ပတ်လဆန်း ၉ ရက်နေ့ လိုက်ကြည့်ပေးဖို့ ဆုံးဖြတ် သည်။ ငွေရတာလည်းပါ သူငယ်ချင်း ဖြစ်တဲ့ ဘုန်းမော်တို့ ညီအစ်ကို နှစ် ယောက် ဘာတွေလုပ်နေတာလည်း စိတ်ဝင်စားသည်။

ပွဲတော်ရက်က ထုံးစံအတိုင်း သုံးညသာ ဖြစ်ပေမယ့် နှစ်ရက်တိုးသည် ဟု သူတို့အမေနှုတ်က ပြောစကား ကြောင့် သူတို့ ဘယ်သွားပြီး ဘာတွေ လုပ်နေတာလည်း သိချင်သည်။

ခွာညိုက ဘုန်းမော်ကို အသေ အလဲ ကြိုက်နေတာ သိရတော့ သူငယ် ချင်းတွေကို အဆင်ပြေစေချင်သည်။





www.burmeseclassic.com

www.burmeseclassic.com

ခွာညိုစိတ်ချမ်းသာလျှင် တာတီးလည်း ပျော်မှာဆိုသည့် အတွေးက ငယ်ငယ်ကတည်းက တာတီးရင်ထဲ အမြဲရှိနေသည်။

ညီအစ်ကိုနှစ်ယောက် ကာလသားပီပီ တစ်ညမှ အိပ်မှာမနေဘဲ စောစောကတည်းက အမေ သဘောကျ လုပ်သင့်တာ မှန်သမျှ တက်ညီလက်ညီ လုပ်ကိုင်ပေးကြသည်။

နောက်ဆုံး အပြီးသတ် သူတို့ အလုပ်က အမေ့အတွက် သနပ်ခါးသွေး ပေးခဲ့ခြင်းပါ။

"ဒီညလဲ ကျောက်ဖျာရွာဘက် သွားဦးမယ် ထင်တယ်၊ ဒွေးလေးတင် ပြောတာတော့ ညတိုင်း တောင်ဘက် ခြံစည်းရိုးတံခါးက ထွက်တာတဲ့၊ နင် တစ်ယောက်တည်း မလိုက်ရဲရင် လှမယ် မောင်လေး ခေါ်သွား . . ."

သူတို့နှစ်ယောက် မထွက်ခင် တာတီးနှင့် ဖိုးကျော့တို့ နှစ်ယောက် ကျောက်ဖျာရွာဘက် စောထွက်ခဲ့သည်။ ဒီညကတော့ လဆန်း ၉ရက်မို့ လတွေ၊ ကြယ်တွေ အလင်းရောင်ကြောင့် သွားလမ်းလာလမ်းတစ်ခုလုံးလင်းထိန်နေ၏။

တာတီးတို့နှစ်ယောက် စကားမပြောဘဲ လျှောက်လာကြပြီး နတ်ကွန်းမရောက်ခင် ကျွန်းပင်အောက်မှာ ခေတ္တနားကြသည်။

အမောပြေချိန် ခြေသံတွေနှင့် စကားပြောသံတွေကြောင့် မြတ်ဘုန်းမော်တို့ ညီအစ်ကိုမှန်း သိလိုက်သည်။

"လသာတယ်နော်. . . အစ်ကို၊ အပြန် ကျွန်တော်တို့ ညဥ့်နက်လဲ သိပ်ကြောက်စရာ မလိုဘူး"

"ညဥ့်နက်အောင် နေလို့ မရဘူးလေ၊ အမေ ရိပ်မိသွားမယ်၊ နောက်ပိုင်း အဖေ စပါးရောင်းပြီး ပြန်လာရင် အစ်ကိုတို့ ထွက်ဖို့ မလွယ်တော့ဘူး"

ညီအစ်ကိုနှစ်ယောက် သစ်ပင်အောက်က ဖြတ်သွားပြီး ခပ်လှမ်းလှမ်းရောက်မှ တာတီးတို့နောက်က လိုက်ခဲ့သည်။

"ဖိုးကျော့ . . . ဒီကောင်တွေ ဘယ်သွားကြတာလဲ၊ ဒါ ကျောက်ဖျာရွာဘက် သွားတဲ့လမ်းလဲ မဟုတ်ဘူး"

"ဟုတ်တယ်၊ ဒီညီအစ်ကိုနတ်ကွန်းဟောင်းဘက် ကွေ့ဝင်သွားတာ"

တာတီးနှင့် ဖိုးကျော့တို့နှစ်ယောက် နတ်စင်ဟောင်းလမ်းဆိုတော့ ဆက်လိုက်သင့်၊ မလိုက်သင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိသည်။

"ဒီဘက်မှာ ဘာရှိလို့လဲ၊ ဆက်လိုက်ကြည့်တာပေါ့"

ရှေ့ကလျှောက်သူ နှစ်ယောက်ကို မလှမ်းမကမ်းမှလိုက်ရင်း မျက်စိအောက်မှာပင် ပို၍ ဝေးသွားသယောင်ဖြစ်သွားပြီး မျက်ခြည်ပြတ်သွားပြီ။

"ဖိုးကျော့၊ ဟိုညီအစ်ကို နှစ်ယောက် ဘယ်ပျောက်သွားတာလဲကွ"

"ညောင်ပင်ကြီးအောက်ရောက်တဲ့အထိ ကျွန်တော်မြင်သေးတယ်၊ ခုလေးတင် မတွေ့တော့ဘူး၊ လမ်းကလဲ ဒီလောက်လင်းနေတာ မမြင်နိုင်စရာ မရှိပါဘူး"

ထိုညက တာတီးနှင့် ဖိုးကျော့တို့ အမြန်ဆုံး ရွာရောက်အောင် ပြန်ခဲ့သည်။

ခွာညိုကို အကြောင်းစုံပြောပြတော့ သူ့အဖေ ဦးကျော်စိန် သိသွားသည်။

◆

လူကြီးတွေ သိပြီဆိုတော့ သားတွေကို ကဲကဲဆတ် အထိမခံသော ဒေါ်မြတ်နွယ် နေမထိ ထိုင်မသာ။

ယောက်ျားဖြစ်သူ အပြစ်တင်မှာ ကြောက်သလို၊ သားတွေ ဘယ်လိုမိန်းကလေးတွေနှင့် တွေ့နေတာလဲဆိုတာ သိချင်စိတ်ကို မျိုသိပ်မရ။

ဒါပေမယ့် ဒီတစ်ညတော့အပြင်ထွက်ခွင့်ပြုမှ ဖြစ်မည်။

ဘယ်သွားပြီး ဘာလုပ်နေလဲဆိုတာ သိနိုင်ဖို့ ဖိုးကျော့၊ တာတီးနှင့်အတူ ဘုန်းမော်တို့ ဦးလေးတော်သူ ဦးဉာဏ်တင်ကိုယ်တိုင်လိုက်ဖို့ စီစဥ်ထားသည်။ ဦးဉာဏ်တင်က ကြားဖူး၊ သိဖူးတာတွေကြောင့် ညနေမစောင်းမီ ရွာဦးကျောင်းပြေးခဲ့သည်။

အကျိုးအကြောင်း လျှောက်တင်ပြီး ဆရာတော် စွန့်လိုက်တဲ့ ပရိတ်ကြိုးအပြင် သက်န်းစနှင့် ထုပ်ထားသော အထုပ်နှစ်ထုပ် ယူခဲ့သည်။ ဒီသက်န်းစနှင့် ထုပ်ထားတဲ့ အထုပ်ကို ဘုန်းမော်တို့ ကိုယ်နဲ့မကွာ ထားရမည်တဲ့။

အိပ်ကပ်ထဲ ထည့်လိုက်ဖို့လည်း မလွယ်။ ဘယ်လိုလုပ်ရပါ့မလဲ စဥ်းစားပြီးမှ သူတို့ဆောင်နေကျ ဓားမြှောင်တွေမှာ ဓားမြှောင်အိမ်ရှိသည်၊ ဓားမြှောင်အိမ်မှာလည်း ပန်းဖွားကြိုးတွေနှင့်။

နောက်ဆုံး သက်န်းထုပ်သေး ေသးလေးကို ပန်းဖွားနှင့်အတူ ရော ချည်ထားလိုက်ပြီးခါမှ သက်ပြင်းချနိုင် တော့သည်။

ဘာမှမသိသေးသော ဘုန်းမော် တို့ညီအစ်ကို ယခင်အတိုင်း ရွာတောင် ဘက်တံခါးမှ ထွက်ခဲ့သည်။

"ငါတို့သွားပြီး မကြာခင် လှည်း ကောက်ပြီး လိုက်ခဲ့ကြ"

ဦးဉာဏ်တင် မှာခဲ့သည့်အတိုင်း ဒေါ်မြတ်နွယ်ဦးဆောင်ပြီး ဗလကော ကောင်း လူကြီးနှစ်ယောက်နှင့် အသ ကျယ်ကျယ်ပြောတတ်သည့် ဒေါ်မြ ပါ ခေါ်လာခဲ့သည်။

လပြည့်ခါနီးပြီမို့ လရောင် တစ်တောလုံး ဖြန့်ကြက်ထားကာ ရှေ့ ခပ်သွက်သွက် လျှောက်သွားနေ သော ဘုန်းမော်တို့ညီအစ်ကိုကို ကောင်း မြင်နေရသည်။

ဆရာတော် ပေးလိုက်သော အဆောင်ရဲ့ အစွမ်းကြောင့် ညီအစ် နှစ်ယောက် သွားရာလမ်းကို ထ ကြက်မကွာ လိုက်နိုင်ခဲ့သည်။ သူ လှည်း တောင်တစ်လုံးကို ကျော်မော နေရတာ သတိပြုမိသည်။ နတ် ဟောင်းကိုတွေ့ကာ အနေအ တည့်တည့် ဆက်လျှော သွားကြ





www.burmeseclassic.com

www.burmeseclassic.com

မထင်မှတ်စွာ စေတီပျက်ကြီးကို သွားခနဲတွေ့လိုက်ရသည်။

တောင်ကျော နောက်ကွယ်မှာ စေတီပျက်ကြီးရှိတာ ဘယ်သူမှ မတွေ့ဖူးပါ။

လရောင်အောက်မှာ စေတီပျက်ကြီး ရှေ့ဘက်တည့်တည့်ရှိ ဘီလူးရုပ်ထု အပြိုအပျက်များ၊ နဂါးရုပ်တု အပြိုအပျက်များကို တွေ့ရတော့ ထူးဆန်းစွာ ဦးညဏ်တင်နှင့်အဲတူ ဖိုးကျော့တို့ မှင်တက်မိနေကြ၏။

မြတ်ဘုန်းမော်တို့ ညီအစ်ကိုကတော့ စေတီပျက်ကြီးရှေ့မုခ်ဦးမှ ဝင်သွားကြတာ တွေ့လိုက်ရပြီးနောက်၊ ဆိုက်မည်ပြင်လိုက်စဉ် ဦးညဏ်တင်နားထဲ မြွေတွန်သံတွေ ဝင်လာသည်။

ရှေ့ဆက်ဝင်ဖို့ မဖြစ်နိုင်မှန်းသိတာကြောင့် ဒေါ်မြတ်နွယ်တို့ လူစုအလာကိုစောင့်နေပြီး ဘယ်လို ဆက်လုပ်ကြမလဲဆိုတာ ခေါင်းချင်းဆိုင်တိုင်ပင်ကြသည်။

ဝင်သွားတာ နာရီဝက်ရှိပြီ။

ဒီထက်ကြာကြာ မစောင့်နိုင်တော့ ဦးညဏ်တင် လက်ဖွဲ့အားကိုးနှင့် ဘုန်းမော်တို့ဝင်သွားရာ စေတီမုခ်ဦးပေါက်ထဲ ဝင်လိုက်ခဲ့သည်။

"ငါ့နောက်ကို ဘယ်သူမှမလိုက်ခဲ့ကြနဲ့၊ ဒီနေရာကလဲ တစ်ယောက်မှ မရွေ့ကြနဲ့၊ ကြားကြလား"

အားလုံး ငြိမ်သက်နေပေမယ့် တစ်ခါတစ်ခါ စေတီပျက်ကြီး ခပ်ဝေးဝေးက ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သံက ပတ်ဝန်းကျင်ကို လှုပ်နိုးစေသည်။

တထိတ်ထိတ်တလန့်လန့် စောင့်နေတဲ့ လူ့အုပ်ရှိရာသို့ ဦးညဏ်တင် ညီအစ်ကိုနှစ်ယောက်ကို တစ်ဖက်စီတွဲရင်း တရွတ်တွဲ ဆွဲခေါ်လာခဲ့သည်။

ညီအစ်ကိုနှစ်ယောက်လုံး အိပ်ချင်မူးတူး ပုံစံမျိုး ဖြစ်နေတာကြောင့် ခက်ခက်ခဲခဲ လှည်းပေါ် အမြန်ဆွဲတင်ရသည်။

ဒေါ်မြတ်နွယ်နှင့် မတွေ့ခင် လှည်းပေါ်က ပြန်ဆင်းဖို့ ကြိုးစားနေသည့် မြတ်ဘုန်းမော်နှင့် မြတ်ဘုန်းကျော် ညီအစ်ကိုနှစ်ယောက် အမေဖြစ်သူတွေ့မှ ငြိမ်သက်သွားသည်။

လှည်းပေါ်မှာ နှစ်ယောက်စလုံး မလှုပ်မယှက် ပက်လက်။

တစ်ခါ တစ်ခါ နှုတ်မှ . . .

"မလိုက်ဘူး၊ လာမခေါ်ကြနဲ့" ဆိုသည့် စကားလုံးက ရှာရောက်သည့်တိုင် အော်ပြောနေဆဲ။

ခွာညိုနှင့် လှမယ်ကို ခုတော့ ဒေါ်မြတ်က ကျေးဇူးတင်လို့မဆုံး။

ဒီကလေးမတွေ စပ်စုလို့သာ သားနှစ်ယောက်ကို အချိန်မီ ပြန်ရခဲ့တာ။ ဒီထက် အချိန်တွေ ကြာသွားရင် ဘာတွေဆက်ဖြစ်ကြမှာလည်း တွေးတောင် မတွေးရဲတော့ပါ။

အိမ်ပေါ်မှာ လူစုံနေတာ တွေ့ရသည်။

ပြီးတော့ တိုက်ဆိုင်စွာ ဒီညမှာ စပါးရောင်းသွားရာက ပြန်ရောက်လာတဲ့ ဖခင်ဖြစ်သူ ဦးကြွယ်ကလည်း ဧည့်ခန်းထဲမှာ စိတ်မအေးစွာ ထိုင်စောင့်နေသည်။

အိမ်ပေါ်တက်ပြီး အိပ်ရာထဲရောက်သည်အထိ လူတွဲပြီး တက်လာရသည်။ အိပ်ရာထဲရောက်တာနှင့် နှစ်ယောက်စလုံး ဘာစကားမှ မေးမရအောင် အိပ်ပျော်သွားတော့သည်။

လူတွေ ဘာပြောမှန်း သူတို့မသိ၊ သိလည်းမသိချင်။

သူတို့သိတာက လသာတဲ့ ဒီညမှာ မြသီ၊ မြရီတို့နှင့်အတူ စကားတွေမမောတမ်း ပြောကြမယ်ဆိုတဲ့ ကတိအတိုင်း 'မြသေလာ' ကို သွားကြတာပါ။

ဒီညက လသာနေတယ်။

မြသေလာမှာသာတဲ့လက ပိုလှတယ်လို့ ပြောပြချင်တာ။

◆

ရောဝတီမြစ်ကမ်းဘေးမှာ ဆည်ပေါက်ရွာလည်း ရှိနေဆဲ . . .။

သို့ပေမယ့် မြသေလာ အမည်တွင်တဲ့ စေတီပျက်ကြီးကတော့ ဆည်ပေါက်နှင့် ကျောက်ဖျာရွာ ကြားမှာ ဘယ်သူမှ ရှာမတွေ့နိုင်တော့ပါ။ နောက်တစ်ခေါက် ရွာသားတွေ သွားရှာသော်လည်း တောင်ကတုံးသာ တွေ့ရသည်။

'မြသေလာမှာ လသာနေတယ်' ဆိုတဲ့ စကားကတော့ ပုံပြင်တစ်ပုဒ် ဖြစ်ခဲ့ရပါပြီ။

တကယ်ပဲ မြသေလာသူ မြသီ၊ မြရီတို့က ဆည်ပေါက်သူတွေကို ကျိန်ဆိုခဲ့သလား။

မြတ်ဘုန်းမော်တို့ ညီအစ်ကိုနှစ်ယောက် ရင်ထဲမှာတော့ မြသေလာသည် ရှင်သန်နေဆဲ။

သူတို့အိပ်မက်၊ သူတို့ဘဝမှာ အသက်ရှင်နေသရွေ့ မြသေလာမှာ သာတဲ့လက အလှပဆုံး၊ လွမ်းမောတမ်းတစရာ အကောင်းဆုံး ဖြစ်ခဲ့ကြပြီ။

မြသေလာမှာ ထွားကျိုင်းတဲ့ လူကြီးတွေရယ်၊ လှပတောင့်တင်းတဲ့ နွားတွေရယ် ပြန်တွေ့ချင်သေးသည်။

အကယ်၍များ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တစ်ဦးတစ်ယောက်သောသူဟာ မမျှော်လင့်ဘဲ မြသေလာကို ရှာဖွေတွေ့ခဲ့ပါလျှင် ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော သံယောဇဉ်ကြီးတတ်သော မြသီနှင့် မြရီတို့ ညီအစ်မကို ရှာတွေ့ကြဦးမှာလား။

ဒါမှမဟုတ် မြသေလာတောင်ကြောမှာရှိတဲ့ ယက္ခညီနောင်စောင့်တဲ့ ဘုရားပျက်ကြီးကို တွေ့နိုင်ဦးမှာလား။

သူတို့နှစ်ယောက်ကတော့ အမြဲမျှော်လင့်နေကြပါတယ်။

**ခင်မမလင်း(ကလော)**

❒



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ကင်ဆာအထူးကုသမားတော်ကြီး
ဦးကိုကိုလတ်
သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁

## ကင်ဆာ၊ မြစ်ပွားနာ အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပိုး၊ စီပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။

ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာ့ထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

| | | |
|---|---|---|
| **ဆေးခန်းတည်နေရာ** | – | ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဉယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **လမ်းညွှန်** | – | ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။ |
| **ဆက်သွယ်ရန်ဖုန်း** | – | ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၁၁၉၃၀၇၉၆၊ ၀၁–၇၀၀၆၄၄၊ |



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

နေရောင်ခြည်သည် အပရ ဂေါယာနကျွန်း အနောက်သမုဒ္ဒရာထဲသို့ ဝင်လု ကူးပြောင်းဆဲဆဲ ရှိနေသည်။

အဘယ်ကြောင့်ဆိုသော် ပုစွန်ဆီရောင် သန်းနေသော နေလုံးကြီးသည် အနောက်ဘက် မိုးကုတ်စက်ဝန်းတွင် တစ်ဝက်နီးပါး နစ်မြုပ်နေပြီ ဖြစ်သည်။

အဆုံးအစ မရှိသော ရေပြင်ကျယ်ကြီးလို အုံ့မခန်းသော ရောင်ခြည်တန်းများဖြင့် နှုတ်ဆက်နေလေပြီ။ တိမ်သလ္လာကင်းသော မိုးပြာရောင်များက ရေပြင်ကို အရောင်ဟပ်ကာ ပုစွန်ဆီရောင်များနှင့် ရောထွေးနေသည်မှာ ကြည့်ရှု၍ မဝ။ ရေပြင်သည် ငြိမ်သက်ကာ စိမ်းပြာရောင် ကျောက်စိမ်းတုံး ကြီး စကြဝဠာအနှံ့ဖြန့်ခင်းထားသည်နှင့် တူနေတော့သည်။

လေသည် ငြိမ်သက်လျက်။ အပြာရောင်သန်းနေသော မိုးကောင်းကင်ထက်တွင် ပင်လယ်ပျော်ငှက်များ စံစုကျွန်းဆီသို့ ဦးတည်ပျံသန်းနေကြသည်။ သာယာသော ညနေဆည်းဆာသည် တစ်နေ့တာအတွက် နောက်ဆုံးနှုတ်ဆက်နေဟန်ရှိသည်။

ပင်လယ်ရေညှိရောင်များဖြင့် ရောထွေးနေသော ကျွန်းစုရှိ သစ်ပင်မျိုးစုံတို့သည် ရွှေဝါရောင်များ ပက်ဖြန်းထားသည့်အလား လွန်စွာမှ လှပနေလေတော့သည်။

"ဘကြီး ဒီနေရာအကောင်းဆုံးပဲ၊ အောက်က ရေစူးလဲ နက်တယ်၊ ကျောက်ဆောင်တွေနဲ့လဲ အလှမ်းဝေးတယ်၊ သမ္ဗန်ကို ဒီနေရာမှာထားရင် မကောင်းဘူးလား"

တူတော်မောင် မောင်ထက်၏ အသံကြောင့် အဆုံးအစမရှိသော ပင်လယ်ပြင်နှင့် စံစုကျွန်းအလှကို မှင်တက်ငေးမောကြည့်ရှုနေသည့် ဦးထွန်းကြွယ် တစ်ယောက် အသိတရား သတိတရား ပြန်ဝင်လာသည်။ သမ္ဗန်ပေါ်တွင်ရှိသည့် လူအားလုံးက ဦးထွန်းကြွယ်၏ အဖြေနှင့် အဆုံးအဖြတ်များကို စောင့်မျှော်နေဟန်ရှိသည်။

ဘာပဲ ပြောပြော သည်ကျွန်းစုမှာ တစ်ညတာ နားခိုရမှာ သေချာသည်။ ပိုးအိကျွန်းမှ အပြန် စံစုကျွန်း အဖြတ် စက်တပ်သမ္ဗန်ရှိ မော်တာမှာ အလုပ်မလုပ်တော့။ ပွဲကိုင် မိုးဟိန်းမှ ပြင်သော်လည်း ဘယ်လိုမှ မတတ်နိုင်ခဲ့။

စက်က ဘယ်လိုမှ နှိုး၍ မရ။ မိမိတို့ နေထိုင်သည့် ပနောင်ကျွန်းကို ရောက်ရန် ရေမိုင် (၂၀) (၄)ဖာလုံခန့် လိုသေးသည်။ ယခုတိုင် ဖြစ်၍ သည်အတိုင်း မျောနေ၍ မဖြစ်။ ပင်လယ်ပြင်ထဲ ညမှောင်မှောင် အန္တရာယ်များလှသည်။

ရေအဆုံး ကုန်းတစ်ဝက် ဆိုသလို ညအမှောင်ထုထဲတွင် ပြဿနာဖြစ်လျှင် အသက်ရှင်ရန် ခဲယဉ်းလွန်းလှသည်။ ငုပ်လျှိုးကွယ်ငြိစ ပြုနေသည့် အနီရောင် နေရောင်ခြည်အောက်တွင် သဲသောင်ပြင်နှင့် စံစုကျွန်းရှိ သစ်ပင်ကြီးငယ်မျိုးစုံကို လှမ်းမြင်နေရသည်။

"ကဲ ကဲ ဖိုးရွှေနဲ့ ဆောင်းဝင်းက အနေတော် မျောတိုင်လေးတိုင် သွားခုတ်ကွာ၊ မြန်မြန်လုပ်၊ မြန်မြန်လုပ်ကြ၊ နေဝင်သွားရင် ဘာမှလုပ်လို့ရမှာမဟုတ်ဘူး၊ မိုးဟိန်းက စက်ပြင်စမ်း၊ မနက်မိုးမလင်းခင် ပြန်ထွက်လို့ရအောင် လာလာ သမီးသဲဆုက အဘနဲ့ လိုက်ခဲ့"

သမ္ဗာန်ပေါ်မှ ရေပြင်ဆင်းတော့ ရင်ခေါင်းကျော်ကျော်လောက် ရေအနက် ရှိသေးသည်။ သဲမှာ သဲစစ်စစ်တော့မဟုတ်။ နွံမြေများ ရောစပ်ထား၍ အမည်းရောင်ဘက်သို့ ကူးပြောင်းနေသည်။ သမ္ဗန်ပေါ်မှ မောင်ထက်၏ အသံက ထွက်ပေါ်လာသည်။

"ဘကြီး ကျွန်တော်လဲ လိုက်ခဲ့မယ်လေ၊ ချုံနွယ်တွေ ရှင်းပြီးမှ သွားလို့ကောင်းမယ်"

ဦးထွန်းကြွယ်သည် နောက်ပြန်လှည့်ကြည့်ပြီး တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားဟန်ဖြင့်. . .

"မိုးဟိန်း ဖိုးရွှေတို့ပြန်ရောက်ရင် မျောတိုင်ကို ဟိုဘက်နှစ်တိုင် ဒီဘက်နှစ်တိုင် တုပ်ရိုက်ပြီး တိုင်အလယ်မှာ သမ္ဗန်ကို ကြိုးချည်ထား၊ ကြိုးကို ခိုင်ခိုင်မြဲမြဲချည်၊ မောင်ထက် လာ၊ ငှက်ကြီးတောင်ဓား ယူလာခဲ့၊ အားလုံး မြန်မြန်လုပ်ကြဟေ့"

စံစုကျွန်း၏ အကျယ်အဝန်းသည် (၇)မိုင် ပတ်လည် ကျယ်ဝန်း၏။ ဘင်္ဂလားပင်လယ်အော်၏ အခနောက်မြောက်ဘက်တွင် တည်ရှိသည်။ မိုးရာသီတွင် ကျွန်း၏ သုံးပုံနှစ်ပုံခန့် ရေနစ်မြုပ်လျက်ရှိသည်။ ယခုလို နွေရာသီတွင် ကျွန်းမှာ သောင်ထွန်းလျက်ရှိပြီး အလေ့ကျပေါက်ရောက်သော သစ်ပင်များနှင့် စိမ်းစို သာယာနေလေတော့သည်။

သို့သော်လည်း လူအသွားအလာ အပေါက်အရောက်နည်းပါးလွန်းလှသည်။ ညအချိန်မတော် စံစုကျွန်းအနီးမှ ဖြတ်သန်းသွားလာခဲ့သော ပင်လယ်ကူးသင်္ဘောကြီးများ၊ မော်တော်များ၊ စက်တပ်ပဲ့ထောင်များမှ မျက်မြင်သက်သေ ပါးစပ်ပြော အဆိုအရ ကျွန်းတစ်ခုလုံး အနီရောင်များဖြင့် လွှမ်းခြုံကာ လင်းထိန်တောက်ပလျက်ရှိသည်ဟု ဆိုသည်။

ပရလောကကို လွန်ကြူးစွာယုံကြည်သက်ဝင်သူများကလည်း ပင်လယ်ပြင်မှ ဝိညာဉ်ပေါင်းစုံ ဆုံစည်းကွန့်မြူးရာ ပေါင်းကူးကွန်ရက်ဟု ဆိုပြန်သည်။

ဂျပန်ခေတ်ကိုမီခဲ့သော စံစုကျွန်းပေါ်တွင် ညအိပ်ခဲ့ဖူးသော ဘကြီးသန်းဆိုလျှင် ကျွန်း၏ အလယ်ဗဟိုတည့်တည့်တွင် အင်မတန် အရည်အသွေးကောင်းသည့် ပတ္တမြားကြီး ရှိသည်ဟု ဆိုပြန်သည်။

ရင်းပတ္တမြားသည် တေဇောဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ပြဒါးဓာတ်၊ မီးစုန်းဓာတ်၊ ဓာတ်ကြီး (၇)ပါးနှင့်



www.burmeseclassic.com

ည့်စုံ လုံလောက်သည့် အချိန်တွင်
ာပထဝီမြေကြီးကို ဖောက်ထွင်း၍
ကောင်းသော နီမြန်းသော အလင်း
ောင်များပေးသည်ဟု ဆိုသည်။

နေ့အချိန်တွင် မသိသာသော်
ည်း ညအချိန်တွင် တစ်ကျွန်းလုံး အနီ
ောင် အလင်းရောင်များဖြင့် လင်းထိန်
ောက်ပလျက်ရှိသည်ဟု ဆိုသည်။

စိတ်ကူးထဲတွင် လုံး၀ ထည့်
တွက်ထားဘဲနှင့် သည်ကျွန်းပေါ်သို့
ောက်ခဲ့ရပြန်ပြီ။ အချိန်တန်လို့ ထင်
ရဲ့၊ ကမ်းခြေမှ ကိုက်တစ်ရာကျော်
ျော်သွားမိလျှင် အတန်ငယ် ကြီးမား
သော ကျောက်ဂူတစ်ခုကို တွေ့ရသည်။
ျောက်ဂူဘေး ပတ်လည်တွင်လည်း
သစ်ပင်မှမရှိ။ ပြောင်သလင်းခါနေ
၍ ထူးဆန်းနေသည်။

ယခင်ကလည်း အိပ်စက်အနား
ခဲ့ဝံ့ပေါ်သည်။ ဘာပဲဖြစ်ဖြစ် သည်
နေရာ အကောင်းဆုံးဟု ဦးထွန်းကြွယ်
တ်ပြီး ရွေးချယ်လိုက်သည်။

"ကဲ ဒီနေရာမှာပဲ တစ်ညတာ
နားယူအိပ်စက်ရအောင် မောင်ထက်
 သမ္မန်ပေါ်က တာလပတ်သွားယူ
 ခင်းကွာ၊ သမီး သဲဆုက ဒီနေရာကို
ရှင်းရေးပြုလုပ်၊ အားလုံးအလုပ်ပြီး
 ဒီနေရာကို အကုန်လုံးလာခဲ့ကြလို့
ာ"

"ဟုတ်ကဲ့ ဘကြီး"

သဲဆုသည် သူ့အစ်မမွေးသည့်
အငယ်ဆုံးဖြစ်ပြီး မောင်ထက်သည်
ထွန်းကြွယ်၏ ညီအငယ်ဆုံးမွေးသည့်
ငယ်တူတော်မောင်ဖြစ်သည်။ ကျန်
တော့ ကျွန်းပေါ်မှ ငယ်ပေါင်းကြီး
 သားသမီးတွေပဲ ဖြစ်သည်။

ဦးထွန်းကြွယ် ဂူအပေါက်၀
ကြည့်တော့ အထဲမှာ မှောင်မည်း
နသည်။

ရုတ်တရက် တစ်ယောက်တည်း
ဝင်ရဲ၊ အနီးအနား ဘေးပတ်ဝန်းကျင်
 လေ့လာစူးစမ်းကြည့်မိသည်။ အလေ့
 သစ်ပင်များ မျိုးစုံလှသည်။ ပင်လယ်

ဆားငန်ရေကို နှစ်သက်သော အပင်
များသာ ဖြစ်ချိမ့်မည်။

ထိုအချိန်တွင် မောင်ထက်သည်
အစိမ်းရောင်တာလပတ်ကြီးကို ထမ်း၍
ပစ္စည်းပစ္စယများကို သယ်ယူလာနေ
သည်ကို တွေ့ရသည်။

များမကြာမီ အချိန်ပိုင်းလေး
အတွင်းမှာပင် အလင်းပျောက်၍
အမှောင်ခွင်းတော့မည်။

"သမီး သဲဆု သစ်ကိုင်းချောက်
တွေ လိုက်ကောက်ပြီး မီးဖိုစမ်း၊ ထင်း
တွေ အများကြီးစုပြီး မီးမွှေး၊ တော
ကောင်တွေရှိရင် ရုတ်တရက် မလာရဲ
ဘူး၊ မောင်ထက် မင်း လက်နှိပ်ဓာတ်မီး
ပါလား"

"ပါတယ် ဘကြီး"

"အေး ဒါဆို လက်နှိပ်ဓာတ်မီးနဲ့
ငှက်ကြီးတောင်ဓားပေး၊ ဂူထဲ ဝင်ကြည့်
ရအောင်၊ မင်းပါ လိုက်ခဲ့"

ဦးထွန်းကြွယ်က ဂူထဲဝင်ကြည့်
ရန် ဆုံးဖြတ်လိုက်သည်။ ဂူထဲမှ အနေ
အထား အခြေအနေသိရန် အင်မတန်
မှ အရေးကြီးသည်။

ဂူပေါက်ဝသည် လူတစ်ကိုယ်စာ
ဝင်ဆံ့နိုင်ရုံသာ ရှိသည်။ အထဲတွင်
မှောင်မည်းလျက်ရှိသည်။ ကျောက်ဂူ
ထဲမှ မြေသင်းရနံ့များ၊ မှိုနံ့များ ပင့်ကူမျှင်
အိမ်အစုအဖွဲ့များ၊ မီးခိုးမှိုင်းမှ ဖြစ်ပေါ်
လာသည့် ကြပ်ခိုးမျှင်များ၊ သုံးထောင့်
ထိုး လက်နှိပ်ဓာတ်မီးရောင် အောက်
တွင် ပုံစံအမျိုးမျိုးနှင့် တွင်း၀များကို
လည်း တွေ့ရသည်။

ကျောက်ဂူ၏ နံရံများတွင်
တွယ်ကပ်နေသည့် လင်းဆွဲများ၊ လင်းနို့
များ၊ မည်းနက်နေသည့် ပင့်ကူကြီးများ
စုံအောင် တွေ့ရသည်။ အခြားအလွန်
အဆိပ်ပြင်းထန်သည့် မြွေသတ္တဝါများ
လည်းရှိမည်မှာ သေချာသည်။

ပေနှစ်ဆယ်ကျော်လောက်
လျှောက်မိလျှင် ကျောက်ဂူ၏ အမိုး
အထက်တွင် "၀"လုံးပုံသဏ္ဍာန်အပေါက်
ကြီးကို တွေ့ရသည်။

သည်အချက်သည် ကျောက်ဂူ
၏ လျှို့ဝှက်သော့ချက် ဖြစ်နိုင်သည်။
အဘယ်ကြောင့်ဆိုသော် ၎င်း "၀" လုံး
သည် ဝိုင်းစက်ညီညာနေသောကြောင့်
တည်း။

"ဒီကနေပဲ နောက်ပြန်လှည့်
ကြမယ်၊ ရှေ့ဆက်မသွားရင် ပိုကောင်း
မယ်၊ အစိပ္ပာယ်မဲ့စွန့်စားခြင်းဟာ ကိုယ့်
ဒုက္ခကိုယ်ရှာတာပဲ"

ကျောက်ဂူထဲတွင် ဦးထွန်းကြွယ်
အသံက ပဲ့တင်ထွက်သွားသည်။ အသံ
လှိုင်း၏ တုန်ခါမှုကြောင့် လင်းဆွဲများ၊
လင်းနို့များ နိုးထကုန်ပြီး ပျံသန်းသော
အမှုကို ပြုကြသည်။

"လာ လာ မောင်ထက် ဂူထဲက
အမြန်ထွက်ကြမယ်၊ လူနံ့က အလွန်ပြင်း
ထန်တယ်၊ အဲဒီ လူနံ့ထဲမှာ သွေးနံ့က
ပိုပြီး လွှမ်းမိုးတယ်၊ အဲဒီသွေးနံ့ကို
တိရစ္ဆာန်တွေဟာ လေထဲမှာ ခြေရာခံ
တာပဲ"

ကျောက်ဂူထဲမှ အပြင်ရောက်
တော့ အလင်းအား လျော့နည်းသွား
ခဲ့ချေပြီ။ ပုစွန်ဆီရောင်သန်းနေသော
နေလုံးကြီးကို မမြင်ရတော့။ အနောက်
မိုးကုပ်စက်ဝန်းအစပ်တွင် နီနီရဲရဲ အစက်
အပြောက်များကိုသာ တွေ့ရတော့
သည်။

ကျောက်ဂူနှင့် မလှမ်းမကမ်း
တွင် သဲဆု၏ ထင်းမီးပုံကြီးက ဆီးကြို
နေသည်။

"ဘကြီး သဲသောင်ပြင်မှာ မီးဖို
တစ်ခုလုပ်ရင်မကောင်းဘူးလား၊ လူတွေ
ရှိကြောင်း သတိပေးတဲ့အနေနဲ့ လုပ်တာ
ပါ၊ ညကျတော့လဲ လူခွဲပြီး နေမလားလို့"

ဦးထွန်းကြွယ်က တူမသဲဆု၏
တင်ပြမှုကို လက်ခံ၍ ခေါင်းညိတ်ပြီး
ပြန်ပြောလိုက်သည်။

"ကောင်းတယ် သမီး၊ အဲဒီမှာ
မီးဖိုတစ်ခု သွားလုပ်လိုက်၊ ခပ်ကြီးကြီး
ထင်းသားတွေကို သယ်သွား၊ မီးဟိန်းကို
ပြော၊ စက်ကို ရအောင်ပြင်လို့ပြော"

"ဟုတ်ကဲ့ ဘကြီး"

www.burmeseclassic.com

သဲဆုသည် ထင်းတွေ တစ်ပွေ့ တစ်ပိုက်ယူ၍ သမ္မန်ရှိရာဘက် ထွက်သွားသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်။ အမှောင်ထုက များစွာကြီးစိုး လွှမ်းမိုးလာသည်။ ကျွန်းပေါ်တွင် တောကောင်များ၏ အသံကိုတော့ မကြားရ။

"ဘကြီး ဂူထဲမှာ ထူးဆန်းတဲ့ အရာတွေရှိမှာသေချာတယ်၊ ကျွန်တော့် စိတ်ထဲမှာ လူတွေအများကြီး ရှိသလိုပဲ ခံစားရတယ်၊ ကျွန်တော်တို့ အထဲဝင်သွားတော့ လူတွေအများကြီးဟာ နံရံကပ် အဝကျယ်ဂူပေါက်ထဲကို အသီးသီး ပြန်ဝင်သွားတာ တွေ့လိုက်ရတယ်၊ ကျွန်တော်တို့ကို ရှောင်ကွင်းတဲ့သဘောလား မသိဘူးနော်"

ဦးထွန်းကြွယ် သူ လုံးဝ မမြင်လိုက်ရသည့် အရာတွေကို သူ့ထက် အသက်များစွာ ငယ်သော တူတော်မောင် မောင်ထက်က မြင်သည်ဆိုတော့ စဉ်းစားစရာတွေ အံ့ဩစရာတွေဖြစ်လာသည်။ တွေးဆ၍ မရသောအကြောင်းတရားများစွာကိုလည်း ဝေခွဲ၍ မရဖြစ်နေမိသည်။ လောကကြီးတွင် ဖြစ်ပျက်မှုအစုံစုံက ထူးခြားဆန်းကြယ်နေသည်ကတော့ အမှန်။

"ဒါပေမဲ့သားရယ် လောကကြီးက ထူးခြားတယ်၊ ဆန်းကြယ်တယ်၊ ပြီးတော့ သိပ်သည်းလျှို့ဝှက်တယ်၊ ဝိဇ္ဇာနဲ့ သိပ္ပံပေါင်းစပ်မှုတွေရဲ့ အခြေပြု သီအိုရီများစွာကို တို့လူသားတွေ မသိတာ အများကြီးပဲကွယ်၊ တချို့ အကြောင်းတရားတွေကို လိုက်လို့ မမီနိုင်ဘူးကွယ်။

ဝိဇ္ဇာကြောင့် သိပ္ပံဖြစ်လာရသလို သိပ္ပံကြောင့်လည်း ဝိဇ္ဇာဖြစ်လာရတယ်၊ အဲဒီမှာ ခြားနားတဲ့ ကမ္ဘာနိယာမတွေ သိန်းသန်းချီပြီးပေါ်နေတယ်၊ အဲဒီရဲ့ လျှို့ဝှက်သော့ချက်တွေကို နှစ်ပေါင်းရာထောင်ချီပြီး ရှာဖွေသုတေသနပြုနေတာ ဘယ်မှာ အကုန်အစင် အတိအကျ သိရလို့လဲ ဝိဉာဉ်လောကဆို ပိုဆိုးသေးတယ်"

"ဟုတ်တယ်နော် ဘကြီး"

ဦးထွန်းကြွယ်၏ ပြောဆိုမှုကို မောင်ထက် အားရပါးရ ထောက်ခံလိုက်သည်။

ဦးထွန်းကြွယ်မှ ဆက်၍ . . .

"တခြားမကြည့်နဲ့၊ ဒီကျောက်ဂူကိုပဲကြည့်၊ လျှို့ဝှက်ကွန်ရက်တွေအများကြီးရှိတယ်၊ ဝိညာဉ်တွေ နာမ်ကိန်းတွေ ပေါင်းစုထားတာပဲ၊ ဘေးထွက်ဆိုးကျိုးတွေကလည်း အများကြီးနော်၊ ဒီလိုနေရာကို သုတေသနပြုမယ်ဆိုပါတော့၊ ဒါဟာ မလွယ်ကူတဲ့ ကိစ္စတစ်ခုပဲ။

ဘာဖြစ်လို့လဲဆိုတော့ အခုလို မတ်လ၊ ဧပြီလတွေမှာသာ မိုးလေကင်းစင်လို့ သမ္မန်နဲ့ လာလို့ရတာ မိုးလတွေဆို လှိုင်းကြီးလေထန်ပြီး ဒီကျွန်းကို လာဖို့ မပြောနဲ့ အနားကပ်ဖို့တောင် မလွယ်ဘူး၊ ကမ်းကခွာတာနဲ့ ပင်လယ်ထဲမှာ သမ္မန်နစ်မြုပ်မှာ အသေအချာပဲ။

အဲဒီတော့ ဒီကျွန်းဟာ မနေအပ်တဲ့ အရပ်ပဲလေ၊ အဲဒါဟာ ဝိညာဉ်လောကရဲ့ အားသာချက်ပဲ၊ ပင်လယ်ပြင်ရဲ့ များစွာသော နာမ်ကိန်းတွေ စုဝေးရာဌာနပဲ၊ အဲဒါတော့ မယုံမရှိနဲ့၊ သာမန်မျက်စိနဲ့လဲ မမြင်နိုင်သလို သိလဲ မသိနိုင်ဘူး"

"ဘကြီးပြောတာနဲ့ ကျွန်တော်တောင် ကြောက်လာပြီ၊ ဒါနဲ့ ဘကြီး ဒီကျောက်ဂူကိုကော ဘကြီး ဘယ်လိုမြင်လဲ"

ထင်းမီးပုံမှ မီးရောင်က ဦးထွန်းကြွယ်မျက်နှာအား အရောင်ဟပ်လျက်ရှိသည်။ ထင်းမီးပုံမှ ပြာများ၊ မီးခိုးများသည် ကောင်းကင်ယံသို့ တက်ကာ လေထုတွင် ရစ်ပဲလျက်ရှိသည်။

"အေးကွ ဒါကတော့ ပြောရခက်တယ်၊ တချို့ကိစ္စတွေဟာ လတ်တလောအဖြေထုတ်ဖို့ ခက်တယ်၊ ချက်ချင်းကြီးတော့ တိကျမှန်ကန်တဲ့ အဖြေတစ်ခုကို မရနိုင်ဘူးလေ"

အမှောင်ထုသည် တဖြည်းဖြည်း သိပ်သည်းစ ပြုလာသည်။ ပြာရင့်နေသော မိုးကောင်းကင်မှ ဟိုတစ်စု သည်တစ်စုနှင့် ဖြန့်ကြက်နေသော ကြယ်စုများ၏ အလင်းရောင်ကို မြင်နေရသည်။

တူမ သဲဆု၊ ပွဲကိုင် မိုးဟိန်း၊ ဖိုးရွှေ၊ ဆောင်းဝင်းတို့လည်း လိုအပ်သောပစ္စည်းပစ္စယများ သယ်ဆောင်လာကာ လူလာစုကြသည်။

ပွဲကိုင် မိုးဟိန်းမှ . . .

"ဘကြီး ဒီကျွန်းမှာ တောကောင်တွေ ဘာတွေရှိမယ်နော် ဘကြီး၊ ဒါပေမဲ့ ဘာသံမှလဲ မကြားရပါလား၊ တစ်ကျွန်းလုံးလဲ တိတ်ဆိတ်နေပါလား"

"အေး မင်းတို့ကို လူစုံတုန်း မှာထားရဦးမယ်၊ ခုချိန်ကစပြီး ဒီမှာ လူစုနေ၊ အလေးအပေါ့သွားတာတောင် အဖော်နဲ့ သွား၊ သတိ ဝီရိယနဲ့နေ... စကားအပြောအဆို ဆင်ခြင်၊ ပြီးတော့ ဒီကျွန်းက လူသားစားတယ်လို့ နာမည်ကြီးတယ်"

ဦးထွန်းကြွယ်စကားဆုံးတော့ ဖိုးရွှေက . . .

"ဘယ်လိုစားတာလဲဟင် ဘကြီး"

"အဲဒါတော့ အတိအကျ ... ဘူးလေ၊ မိမိကိုယ်မိမိ ဆင်ခြင်ပြီး နေ... ကြားလား"

"ဟုတ်ကဲ့ ကြားပါတယ်"

ဦးထွန်းကြွယ်အား ပြိုင်တူအဖြေ... ပေးလိုက်ကြသည်။ ဘကြီးဦးထွန်းကြွယ်ကိုလည်း အားလုံးက ချစ်ကြောက်... ရှိသေကြသည်။

ဆောင်းဝင်းမှ . . .

"ဘကြီး ကျွန်တော်သမ္မန်ပြန်... ပုစွန်တုပ်ကြီးတွေ ပြန်ယူပြီး မီးဖုတ်စား... ဦးမယ်"

သမ္မန် ဝမ်းဗိုက်ထဲတွင် ပိုး... ကျွန်းမှ ရေခဲရိုက်ပြီး ယူလာခဲ့သော... ပုစွန်တုပ်ကြီး မြောက်မြားစွာ ရှိ... သည်။ ၎င်းပုစွန်တုပ်ကြီးများကို မြို့... တင်ပို့ရန်အတွက် သယ်ဆောင်လာ... ဖြစ်သည်။

"ငါ့တူရယ် ခုလေးတင်... ပြောပြီးပြီလေ၊ အနေအထိုင် အသွား...





www.burmeseclassic.com

www.burmeseclassic.com

အလာ အစားအသောက် ဆင်ခြင်ရမယ်လေ၊ ခု ရေထရက်ဆိုတော့ မင်း သမ္ဗန်ဆီကို သွားလို့မရတော့ဘူး၊ နောက်ပြီး ပုစွန်တုပ်တွေကို မီးဖုတ်လိုက်တာနဲ့ အညှီအဟောက်နံ့တွေ ထွက်လာလိမ့်မယ်၊ အဲဒီအနံ့ကိုရတာနဲ့ တောတောင်တွေ မြေအောင်းသတ္တဝါတွေ မကောင်းဆိုးဝါးတွေ ရောက်လာလိမ့်မယ်၊ ရောက်လာရင် ငါတို့မှာ ပြေးစရာ မြေမရှိဘူး၊ ချောင်ပဲ ရှိတယ်၊ ဟုတ်တယ် မဟုတ်လား"

ခင်းထားသော တာလပတ်ကြီးပေါ်တွင် အားလုံးက ငြိမ်သက်စွာ ထိုင်၍ နားထောင်နေကြခြင်း ဖြစ်သည်။ ပြာလဲ့သောကောင်းကင်ယံမှ တစ်ခါတရံ ကြွေကျလာသော ကြယ်စင်တန်း အလင်းရောင်များကို အလွန်လှပစွာ မြင်တွေ့နေရသည်။

ကျွန်းပေါ်မှ သက်ရှိတောတောင်ပေါင်းစုံတို့၏ အသံကိုလည်း တစ်စတစ်စ ကြားလာရပြီဖြစ်သည်။ အထူးသဖြင့် မြွေတွန်သံက ပိုမိုများပြားလှပေသည်။ ထင်းဖိုမီးသည် အလွန်အင်အားပြင်းထန်စွာဖြင့် တောက်လောင်လျက်ရှိသည်။

သည်အခေါက်ကျမှ ဦးထွန်းကြွယ်၏တူမ ပိုးအိကျွန်းကို လိုက်ချင်သည်ဆို၍ ခေါ်လာခဲ့ရခြင်းဖြစ်သည်။ စော်ပျက်သည့်အခေါက်မှ ကြုံရလေခြင်း၊ ယောက်ျားလေးတွေကအကြောင်းမဟုတ်ပေမယ့် မိန်းကလေးတစ်ယောက်ပါလာခဲ့၍ ဦးထွန်းကြွယ် စိတ်အနှောင့်အယှက်ဖြစ်ရသည်။

"ကဲ ကဲ ဘေးနားက ထင်းချောက်တွေ ရသလောက် စုပုံထားစမ်း၊ သစ်ကိုင်းစို ရှည်ရှည်မျောမျောနတွေခုတ်ပြီး အဖျားမှာ အချွန်တွေလုပ်ထားကြစမ်း၊ ပြီးမှ ညစာစားကြ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဘကြီး"

သဲဆုမှ လွဲပြီး အားလုံး တက်ညီလက်ညီလုပ်လိုက်ကြသည်။ မီးထင်းပုံမှ မီးအလင်းရောင်သည် လွန်စွာအားကောင်းလှစွာ ပတ်ဝန်းကျင် တစ်ခုလုံးအား လင်းထိန်သွားသည်။ မြင့်မားသော အပူရှိန်များစွာလည်း ဖြစ်ပေါ်လာသည်။

ညစာစားရန်အတွက် သဲဆုမှ ပြင်ဆင်နေချိန်တွင် ဖိုးရွှေနှင့် ဆောင်းဝင်းမှာ ပါလာသော အရက်များကို ငှဲ့သောက်လျက်ရှိသည်။ ကျွန်းပေါ်တွင် ကြီးပြင်းလာသည့် လူတိုင်းလိုလို အချိန်တန်အရွယ်ရောက်လျှင်အရက်သောက်တတ်သည်မှာ အထူးအဆန်း မဟုတ်။ ရင်းနှီးကျွမ်းဝင်ရသည့် လုပ်ငန်းကလည်း တံငါလုပ်ငန်း။ သို့ဖြစ်၍ ဦးထွန်းကြွယ်ကလည်း ဘာမှ မပြောတော့။ ငယ်စဉ်တုန်းက သူကိုယ်တိုင် ကြိုက်နှစ်သက်သည့် အရာမဟုတ်ပါလား။

ဦးထွန်းကြွယ် တစ်ယောက် ထမင်းစားသောက်ပြီး တစ်ရေးတစ်မောအိပ်စက်အနားယူလိုက်သည်။ ပင်ပင်ပန်းပန်းဒဏ်ကြောင့် ဘယ်လောက်အထိ ကြာအောင်အိပ်ပျော်သွားသည်မသိ။ သူ့အား တစ်စုံတစ်ယောက်က လှုပ်နှိုးသလို ခံစားလာရသည်။ သူ့မျက်နှာက မိုးကောင်းကင်ကို ကြည့်ပြီး အလွန်အမင်း အံ့ဩလျက်ရှိသည်။

ရဲရဲတောက်နေသော အနီရောင်လွှင်ပြင်များ။ သူသည် အံ့ဩတုန်လှုပ်စွာဖြင့် မတ်တတ်ရပ်ပြီး အချိန်အတန်ကြာ ကြည့်နေမိသည်။ ပြီးမှ မိမိလူများကို ကြည့်ရှုစစ်ဆေးလိုက်သည်။

အရက်သောက်ထားသည့် ဖိုးရွှေနှင့် ဆောင်းဝင်းမှာ မရှိ။ ထင်းမီးဖိုမှာတော့ အရှိန်အား ကောင်းစွာနှင့်တောက်လောင်နေဆဲ။ ဘာဖြစ်လို့ သူတို့တစ်တွေ အလွယ်တကူ အိပ်ပျော်သွားရတာလည်းဆိုတာ စဉ်းစား၍မရ။ ဦးထွန်းကြွယ်အနီးအနားတွင် အိပ်နေသည့် သဲဆု၊ မောင်ထက်၊ မိုးဟိန်းတို့ကို လှုပ်နှိုးလိုက်သည်။

"မောင်ထက်၊ မိုးဟိန်း ထစမ်း ထစမ်း ဟိုနှစ်ကောင် ဘယ်ရောက်သွားပြီလဲ၊ သမ္ဗန်ဆီပဲ ပြန်သွားတာလား၊ ကမ်းစပ်မှာက ထင်းမီးဖိုတစ်ခုရှိတော့ အဲဒီမှာပဲ ပုစွန်တွေ သွားဖုတ်စားနေတာလား"

မိုးဟိန်းက လျှင်မြန်စွာဖြင့် . . .

"ကျွန်တော်တို့ မအိပ်ခင်တော့ သူတို့နှစ်ယောက် အရက်ထိုင်သောက်နေတာပဲ"

ဦးထွန်းကြွယ်မှ စိုးရိမ်စိတ်ကြီးစွာဖြင့် . . .

"ကဲ လာ လာ၊ တို့သမ္ဗန်ဆီ သွားကြမယ်၊ ဓာတ်မီးတွေ ဓားတွေ၊ သစ်စူးချွန်တွေ ယူလာခဲ့"

ဦးထွန်းကြွယ်က ရှေ့မှသွားကာ အမှောင်ထုကို လက်နှိပ်ဓာတ်မီးရောင်ဖြင့် တွန်းလှန် ဖယ်ရှားလိုက်သည်။ သောင်ပြင်အစပ်မှ ထင်းမီးဖိုမှာ မီးကျီးရဲရဲဖြင့် မီးညွန့်ကျလျက်ရှိသည်။ ရေပေါ်မှသမ္ဗန်မှာ ငြိမ်သက်စွာ ရပ်တည်လျက်။ လေတိုက်ခတ်မှုမရှိ၍ လှိုင်းမရှိ။ လှိုင်းမရှိတော့ သမ္ဗန်မှာ ဘယ်ညာမယိမ်း။ ဆောင်းဝင်းနှင့် ဖိုးရွှေတို့ကို အသံကုန်အော်ခေါ်သော်လည်း လုံးဝ ပြန်ထူးသံမကြားရ။

ဦးထွန်းကြွယ်မှ စိတ်မရှည်တော့သဖြင့် ပုဆိုးကို ခါးတောင်းကျိုက်ပြီး ရေထဲဆင်း သမ္ဗန်ပေါ် တက်ကြည့်ရတော့သည်။ သမ္ဗန်ပေါ်မှာလည်း မရှိ။ ရေခဲရိုက်ယူလာသည့် ပုစွန်တုပ်များမှာလည်း လက်ရာခြေရာမပျက်ရှိနေသည်။ ဦးထွန်းကြွယ်သည် ဒေါသထွက် မြည်တွန်တောက်တီးလျက် . . .

"ဒီကောင်တွေ ဘယ်မြန်းသွားသလဲ မသိဘူး၊ ညအချိန်မတော်ကြီး ရှာဖို့ဆိုတာ မလွယ်တဲ့ ကိစ္စပဲ"

ဦးထွန်းကြွယ်သည် သမ္ဗန်ပေါ်မှ ပြန်ဆင်းလာကာ မိုးကောင်းကင်မှ အနီရောင်လွှင်ပြင်ကြီးကို မော့ကြည့်လိုက်သည်။

သူသည် အတန်ငယ်စဉ်းစားပြီး တစ်စုံတစ်ခုကို သတိရဟန်ဖြင့် . . .

"လာ လာ တို့ ဂူထဲသွားကြည့်မယ်၊ ဒီကောင်နှစ်ကောင်ဂူထဲကို တို့တွေ

www.burmeseclassic.com

အိပ်ပျော်နေတုန်း အရက်မူးပြီး ဝင်သွားတာ ဖြစ်မယ်"

"ဟုတ်တယ် ဘကြီး၊ ဒီကောင်တွေ အရက်တွေ သောက်ရင်း ဒီဂူကြီးကို စိတ်ဝင်စားတဲ့အကြောင်း ပြောနေတယ်၊ ကျွန်တော်တို့လဲ သူတို့ ပြောတာ နားထောင်ရင်း ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိဘူး"

မိုးဟိန်းက ထောက်ခံချက်ပေးလိုက်သည်။ ဘာဖြစ်လို့ ပင်လယ်ကြီးတစ်ခုလုံး လေတိုက်ခတ်မှုမရှိတာလဲ။ ကျွန်းစုပေါ်မှာရှိသော သစ်ပင်မျိုးစုံမှာ အုံ့ဩဖွယ်ကောင်းလောက်အောင် ငြိမ်သက်နေသည်။ ညဥ့်သတ္တဝါ အကောင်မျိုးစုံတို့၏ အော်မြည်သံကို ကြားနေရသည်။ ကောင်းကင်ယံမှ ကြယ်စုများ၏ အလင်းရောင်က မပိုပိုးဝါး။

သွားလမ်း လာလမ်း မဟုတ်သဖြင့် ခက်ခဲလှသည်။ နွေခေါင်ခေါင်ခြောက်သွေ့သော်လည်း ကန္တာရဆူးပင်များနှင့် နွယ်ပင်များက ရှိသေးသည်။ လူအရောက်အပေါက် အသွားအလာနည်းသည့် နေရာတိုင်းသည် ဘေးထွက်ဆိုးကျိုးများနှင့် ပြည့်လျှမ်းနေသည်မှာ မမှတာပင်။

ဦးထွန်းကြွယ်သည် ကျောက်ဂူနားရောက်တော့ ဝင်သင့် မဝင်သင့် အချိန်အတန်ကြာအောင် စဥ်းစား ဆုံးဖြတ်ပြီးမှ . . .

"အချိန်က အရေးကြီးတယ်လေ၊ ဒီအတိုင်းထိုင်ပြီး ကြောက်နေလို့ မရ ဘူး၊ ကဲ ကဲ သမီး သဲဆုက အဘနောက်က လိုက်၊ မိုးဟိန်းက နောက်ကပိတ်ပြီး လိုက်၊ အားလုံး သတိဝီရိယရှိကြ"

သဲဆုမှလွဲ၍ အားလုံး ခေါးကိုယ်စီ လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် ဖြစ်သည်။ ကျောက်ဂူထဲတွင် မှောင်နေရမည့်အစား အနီရောင်၊ အဝါရောင် ရွှေရည်ရောင်များနှင့် လင်းထိန်တောက်ပလျက်ရှိသည်။ ပင့်ကူအိမ်မျှင် အစုအဖွဲ့များက ဂူထဲတွင် ပြည့်နှက်နေသည်။ ကျောက်ဂူ၏ အပြင်အဆင် အခမ်းအနားမှာ ပိုပြီး လှပတင့်တယ် ရင်သပ်ရှုမောဖွယ်ရာ ဖြစ်သည်။

ကျောက်ဂူနံရံများသည် ရောင်စုံကြွေပြားများ ကပ်ထားသလို လင်းလက်တောက်ပနေသည်။ ကျောက်ဆစ်ရုပ်ကြွင်း ပုံသဏ္ဌာန်အမျိုးမျိုးကိုလည်း တွေ့ရသည်။ ကြီးမားသော မြွေအရေခွံများကလည်း နေရာတိုင်းလိုလိုမှာ တွေ့သည်။

ပထမဦးဆုံး ဝင်တုန်းကလို လင်းဆွဲတွေ၊ လင်းနို့တွေကို မတွေ့ရတော့။ လွန်စွာကြီးမားသော ပင့်ကူအိမ်များကိုသာတွေ့ရပြီး ပင့်ကူတွေကို တစ်ကောင်တစ်မြီးမှ မတွေ့ရ။ ဦးထွန်းကြွယ်သည် စကားမပြောရန်၊ ဖြည်းဖြည်းလျှောက်ရန်ကို လက်ဟန်ခြေဟန်နှင့် သတိပေးလိုက်သည်။

ကျောက်ဂူ၏ အရွယ်အစားမှာ အမြင့် ဆယ်ပေ၊ အနံ ပေနှစ်ဆယ်၊ အလျားပေ ခြောက်ဆယ်ဝန်းကျင်ရှိသဖြင့် အတန်ငယ်သေးသည်ဟု မဆိုသာ။ ဝင်ပေါက်မှာ လူတစ်ကိုယ်စာသာ ဝင်လို့ရသဖြင့် အဝင်အထွက် ခက်ခဲသည်။ ပင့်ကူအိမ်များကို ဖယ်ရှား ရှင်းလင်းပြီးမှ တဖြည်းဖြည်း သွားလို့ရသည်။

အထဲကို ဝင်လေပိုပြီး လင်းထိန်တောက်ပလေ ဖြစ်သည်။ ထူးဆန်းသည်မှာ သင်းပျံ့မွှေးကြိုင်သော ပန်းပေါင်းစုံရနံ့မျိုးစုံကိုလည်း ရှူရှိုက်မိကြသည်။

တဖြည်းဖြည်း သွားနေရင်း ဦးထွန်းကြွယ်က ရုတ်တရက် ရပ်တန့်လိုက်သည်။

လက်နှိပ်ဓာတ်မီးများ မသုံးရှန်ကိုလည်း လက်ဟန်ခြေဟန်နှင့် အချက်ပြလိုက်သည်။ ကျောက်ဂူတစ်ခုလုံးလည်း တုန်ခါသလိုဖြစ်နေပြီး အပေါ်မှ မြေစာများ ပဲ့ကြလာသည်။

ဦးထွန်းကြွယ်သည် ရှေ့သို့ ဆက်မလျှောက်တော့ဘဲ လက်ထဲမှ အသင့်ယူလာသည့် အဖျားချွန် သစ်ကိုင်းတန်တစ်ခုဖြင့် ပင့်ကူအိမ် အမျှင်များကို ဖယ်ရှားလိုက်သည်။ မြင်ကွင်းမှာ ပိုပြီး ကြည်လင်တောက်ပလာသည်။

မြင်ရသော မြင်ကွင်းမှာ အား လုံးအတွက် ရင်သပ်ရှုမောဖွယ်ရာသော ဖြစ်သည်။ ၎င်းမြင်ကွင်းကို ဘယ်သော အခါမှလည်းမေ့ဖျောက်နိုင်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကျောက်ဂူထဲမှ အားကောင်းသော နီ၊ ဝါ၊ ရောင်များ ကျောက်ဂူ၏အမိုး "ဝ" လုံး အပေါက် ထဲမှ ကောင်းကင်ယံသို့ အလွန်အား ကောင်းစွာဖြင့် တိုးထွက်နေခြင်းပင်။ ကောင်းကင်ယံသို့ အလွန်အားကောင်း သည့် ဆလိုက်မီးကြီး မီးမောင်းထိုး ထားသည်နှင့် တူ၏။

၎င်းနေရာသည် ကျောက်ဂူ၏ အလယ်ဗဟို တည့်တည့်နေရာလည်း ဖြစ်သည်။ ၎င်းအဝိုင်းပေါက် အလင်း အားထွက်သည့် အောက်တည့်တည့် တွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရပ်နေသည့် လူသားနှစ်ဦး ရှိနေသည်။

တစ်ယောက်မှာ ငှက်ကြီးတောင် ခေးကို ညာဘက်လက်ဖြင့် အပေါ်ထိုး မြှောက်၍လည်းကောင်း၊ တစ်ဦးမှာ လက်နှိပ်ဓာတ်မီးဖွင့်လျက် ကျောက်ဂူ အမိုး "ဝ"လုံးပုံသဏ္ဌာန်ကို မော့ကြည့် လျက်လည်းကောင်း၊ သူတို့၏ ဟန်ပန် အမူအရာကို ဖော်ကျူးနေကြသည်။

သို့သော် လှုပ်ရှားမှုတော့ လုံးဝ မရှိကြ။ သည်ပုံစံဖြင့် လောကကြီးထဲ ထာဝရကျောခိုင်း ထွက်ခွာသွားဟန်ဖြစ် သည်။ ပိုပြီးဆိုးသည်မှာ ကျောက်ဂူနံရံ တွင်းပေါက်တွေဆီမှ အလျှိုလျှိုထွက် လာနေကြသော မြွေကြီးများ ဖြစ်သည်။

ကြီးမားလှသော ဦးခေါင်းတွင် အမောက်ကြီးများ ပါရှိနေသဖြင့် သာမန် ရိုးရိုးမြွေများတော့ မဟုတ်တန်ရာ။

မြင်ရ တွေ့ရခဲ့သော နဂါးအမျိုး အနွယ်များသာ ဖြစ်ချိမ့်မည်။ ကြီးမား သော ပါးပျဥ်းကြီးများ ထောင်လျက် မျို ခဲရန် တာစူလျက်ရှိသည်။ ကျောက်ဂူ မှထွက်သည့် နီဝါရောင် အလင်းအား ကြောင့် ၎င်းမြွေများ၏အကြေးခွံများမှာ

www.burmeseclassic.com

ထောက်မျက်ရတနာ စီခြယ်ထားသည့် ထလား အရောင်တဖျပ်ဖျပ် တောက်ပနေတော်ရှိသည်။

ဦးထွန်းကြွယ်သည် အခြေအနေ အရပ်ရပ်ကို ပိုပြီး သံဘောပေါက်နားလည်သွားသည်။ အသာလေး နောက်ပြန်ဆုတ်ရန်လည်း လက်ဟန်ခြေဟန်ပြလိုက်သည်။ ဒီကျောက်ဂူထဲတွင် ညှို့အားအလွန်ကောင်းသည့် သံလိုက်စက်ကွင်းများ ရှိနေသည်။ အမြန်ပြန်ထွက်ဖို့က လွန်စွာ အရေးကြီးသည်။ သူတို့အားလုံး ဖြည်းဖြည်းချင်း နောက်ဆုတ်သွားနေရသည်။

ခြေသံလုံရန် လျှို့ဝှက်အချက်ပေးနစ်ဖြင့် သတိပေးရသည်။ အလင်းစက်ကွင်းလွတ်ရန် အရေးကြီးသည်။ ၎င်းမြွေကြီးများ သူတို့ဆီ အာရုံမရောက်ရန် ခြေသံလုံမှ ဖြစ်မည်။

ကျောက်ဂူတစ်ခုလုံးသည် ယိမ်းထိုးတာ ဘယ်ညာယိမ်းနွဲ့လျက်ရှိသည်။ အပေါ်ယံ မျက်နှာကြက်မှ မြေစာများ ကွာကြလျက်ရှိသည်။ မြေငလျင်လှုပ်ခတ်တာလား။ ဒါမှ မဟုတ် အလင်းပြန်နေစ်ကြောင့် ပင်လယ်၏ ဆွဲငင်အားတွေ သည်နေရာတွင်လာစုပြီး ပေါက်ပေါက်နေတာလား။ ဘာပဲ ဖြစ်ဖြစ် ကောင်းသည့် သဘော မကောင်းသည့်သဘော အားလုံး ရောပြွမ်းနေသည်ကတော့ အမှန်။

ကျောက်ဂူ၏ အပေါက်ဝကို ရောက်တော့ သဲဆုကို အရင်ထွက်ခိုင်းရသည်။ စက္ကန့်တိုင်း စက္ကန့်တိုင်းသည် လွန်စွာ အရေးကြီးနေလေပြီ။ ၎င်း မြွေဟောက်ကြီးများ သူတို့အားလုံးကို သတိထားမိသည်နှင့် လွတ်မြောက်ရန် လမ်းမမြင်။ မရဏကိန်းသို့ သက်ဆင်းရပေတော့မည်။ ဝိညာဉ်ဘဝဖြင့် ကျွန်းစောင့်တာဝန်ကို မလွဲမသွေ ထမ်းဆောင်ရမည်သာ ဖြစ်သည်။

ခုပဲ ကြည့်လေ လောလောလတ်လတ် ဖိုးရွှေနှင့် ဆောင်းဝင်းတို့၏ ပုံသဏ္ဌာန်များ။

ဘေးမသီရန်မခဘဲ သူတို့အားလုံး ကျောက်ဂူအပြင်ဘက်ရောက်ခဲ့ကြသည်။ အားလုံးမှာလည်း တစ်ကိုယ်လုံး ချွေးတွေစိုရွှဲကာ အသက်တောင်မှန်မှန် မရှူနိုင်။ ဦးထွန်းကြွယ်မှ တုန်ချည့်သောလေသံဖြင့်. . .

"အချိန်မရဘူး ဒီပစ္စည်းတွေကို လိုက်သိမ်းမနေနဲ့၊ သမ္ဗန်ရှိရာကို အမြန်ဆုံးသွားရမယ်၊ အတတ်နိုင်ဆုံး ခြေသံကို ဖြည်းဖြည်းလျှောက်၊ ကျောက်ဂူထဲက မြွေဟောက်တွေ အပြင်ကိုထွက်လာရင် လွတ်လမ်းမရှိဘူး"

အမှောင်ထုအောက်တွင် သည်းထိတ်ရင်တုန်ဖွယ်ကောင်းသော အဖြစ်အပျက်များသည် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသည်။ ကျောက်ဂူ၏ အလယ်ဗဟို "ဝ" လုံးအပေါက်မှ ကောင်းကင်ယံသို့ တိုးထွက်နေသော နီဝါရောင်အလင်းတန်းကြီးသည် ကျွန်းစုရှိ သစ်ပင်ကြီးငယ်များနှင့် ပင်လယ်ပြင်ကြီးကို အရောင်ဟပ်လျက်ရှိသည်။

တကယ်ပင် အင်မတန် အရည်အသွေးကောင်းသည့် ပတ္တမြားကြီးသည် မာတ်ကြီး(၇)ပါးနှင့် ပြည့်စုံ၍ မဟာပထဝီမြေကြီးကို ထွင်းဖောက်၍ ထူးဆန်းသော ရောင်ခြည်တန်းများ ထွက်ပေါ်လာခဲ့ပြီလား။

မည်သို့ဆိုစေ အသက်လုပြီး ပြေးခဲ့ရသည့် ဦးထွန်းကြွယ်တို့အဖွဲ့သည် သမ္ဗန်ပေါ်ရောက်သည်နှင့် ချည်ထားဆိုင်းထားသော ကြိုးများကို ဖြုတ်၍ စံစုကျွန်းမှ အမြန်ထွက်ခွာခဲ့ရသည်။ ရုတ်တရက် မော်တာမှာလည်း ပြန်ကောင်းလာပြီး ပင်လယ်ပြင်၏ ငြိမ်သက်တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

စံစုကျွန်းရှိ ကျောက်ဂူမှ ကောင်းကင်ယံသို့ ထိုးထွက်နေသည့် အလင်းတန်းကြီးသည် ဝေး၍ ဝေး၍ပင် ကျန်ရစ်ခဲ့လေပြီ။ တည်ငြိမ်နေသော ရေပြင်ကျယ်ကြီးသည် လှိုင်းဂယက် ထကာ အတန်ငယ်ကြီးမားသော လှိုင်းလုံးလေးများ ဖြစ်ပေါ်စေခဲ့သည်။

မိုးကောင်းကင်ထက်မှ ကြယ်တာရာတို့ အလင်းစုဖြင့် ပင်လယ်ရေပြင်၏ ညအလှကို ဖော်ကျူးလျက်ရှိသည်။ ချွန်ထက်သော သမ္ဗန်ဦးက စက်အရှိန်ဖြင့် ရေပြင်ကိုထိုးခွဲကာ ပနောင်ကျွန်းဆီသို့ ဦးတည်လျက်။ ဆားငန်ရေပါသော ပင်လယ်လေကို ရှူရှိုက်ရင်း အတွေးကိုယ်စီဖြင့် မည်သူမှ စကားမပြောဖြစ်။

မမျှော်လင့်သော ညတစ်ည၏ အိပ်မက်ဆန်ဆန် စံစုကျွန်းအဖြစ်အပျက်များက လွမ်းမောချောက်ချားဖွယ်ရာများနှင့် ဘယ်သောအခါမှ မေ့ပျောက်နိုင်မည်မထင်။

xxx

နောက်သုံးနှစ်ခန့်ကြာသော် ဦးထွန်းကြွယ်သည် လူကြီးရောဂါဖြင့် သေဆုံး၏။ ဦးထွန်းကြွယ်သေဆုံးပြီးနောက် နောက်တစ်နှစ်တွင် စက်ဆရာ မိုးဟိန်းနှင့် သဲဆုတို့ လူငယ်ဘာဝ ချစ်ကြိုက်ပြီး ညား၏။ ညားပြီး တစ်လလောက်အကြာ ညတစ်ညတွင် သဲဆုအား အိပ်မက်ပေးသည်။

အင်မတန်ကြီးမားသော မြွေကြီးတစ်ကောင်သည် သူ၏ ဦးခေါင်းထက်တွင် ကလေးနှစ်ယောက်ကိုတင်၍ သယ်ဆောင်လာပြီး. . .

"နင့်ဆီမှာ နေချင်တယ်လို့ ပြောတယ်၊ ခဏ ခဏပြောတော့ ငါလဲ ခေါ်မထားချင်တော့ဘူး၊ အဲဒါ နင့်ဆီကို လာပို့ပေးတာပါ" ဟုပြော၍ သဲဆုဗိုက်ထဲဝင်သွားလေတော့သည်။

ထိုနေ့ ထိုအချိန်မှစ၍ သဲဆုကိုယ်ဝန်ရ၏။

ကိုးလလွယ် ဆယ်လပြည့်၍ မွေးသော် ယောကျ်ားလေး အမြွှာပူးကို မွေးဖွား၏။ ကလေးတစ်ယောက်နှင့် တစ်ယောက် ကိုးမိနစ်စီခြားပြီး မွေးဖွားခြင်း ဖြစ်သည်။ ထိုကလေးများ၏ အရေပြားသည် မြွေတစ်ကောင်၏ အကြေးခွံများနှင့် ဆင်တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောကုန်းထက်တွင်လည်း မွေ့နဂါး အရုပ်များ ပါရှိလေသည်။

ရင်းတို့ မွေးဖွားပြီး နောက်နေ့တွင် စက်ဆရာ(ပွဲကိုင်) မိုးဟိန်းသည် ကော့သောင်ဘက်သို့ ချက်ချင်းခရီး ထွက်ခဲ့ရတော့သည်။ ရင်းခရီးသည် တစ်နှစ်ကျော်ကျော်ကြာသော ခရီး တစ်ခု ဖြစ်ခဲ့လေသည်။

ထိုကလေးများ ငါးနှစ် ပြည့်မြောက်ပြီဖြစ်သော နွေရာသီတစ်ခုတွင် မြတံခွန် မော်တော်ကြီးဖြင့် ဒေါက်ချာဆောင်းရသေ့ကြီးတစ်ပါး ကျွန်းပေါ်သို့ ခရီးသည်များနှင့် ရောက်လာသည်။

ရသေ့ကြီးအား ကြည့်၍ ဦးမိုးဟိန်းမှ. . .

"သဲဆုရေ၊ ကလေးတွေ ခုထိ နာမည် မပေးရသေးဘူး၊ ရသေ့ကြီးကို လျှောက်တင်ပြီး နာမည် ပေးရရင် မကောင်းဘူးလားလို့"

ဒေါ်သဲဆုသည် ကလေးအဝတ်အစားများ လျှော်ဖွပ်နေရာမှ လိုလိုလားလား ထောက်ခံချက်ပေးသည်။

"ကောင်းတာပေါ့ ကိုမိုးဟိန်းရယ်၊ သိပ်ကောင်းတဲ့ အကြံပဲ၊ ရသေ့ကြီးကို တစ်ခါတည်း ပင့်လိုက်လေ"

သို့ဖြင့် ဒေါက်ချာဆောင်းနီညိုရောင် သင်္ကန်းများ ဆင်မြန်းထားသော ရသေ့ကြီးလည်း အိမ်ဦးခန်းသို့ ရောက်လာခဲ့သည်။ ရှိခိုးဦးတိုက်၍ ကလေးများ၏ မွေးနေ့သက္ကရာဇ် အချိန်များပေး၍ ဇာတာဖွဲ့ပြီး နာမည်ပေးခိုင်းလေသည်။ ရသေ့ကြီးမှာ အသက် ခြောက်ဆယ်ကျော်ရှိပြီး လွန်စွာကြည်ညိုဖွယ်ကောင်းလှပေသည်။

ရသေ့ကြီးမှ အောက်ပါအတိုင်း မိန့်ဆိုလေသည်။

"ကလေးတွေက အသလိဿနက္ခတ်နဲ့ စန်းယှဉ်ပြီး မွေးဖွားတာပဲ၊ အချိန်တန်ရင် သူ့နေရာသူ ပြန်သွားလိမ့်မယ်"

ဒေါ်သဲဆုသည် ရုတ်တရက် နားမလည်နိုင်သဖြင့် . . .

"အသလိဿဆိုတာ ဘာကို ပြောတာပါလဲ အဘရသေ့"

ထိုအခါ ရသေ့ကြီးသည် ဦးမိုးဟိန်း၊ ဒေါ်သဲဆုတို့အား အေးသေအချာကြည့်လျက် ပြောသည်မှာ. . .

"အသလိဿဆိုတာ နတ်နဂါးကို ပြောတာ၊ မြွေအမျိုးအနွယ်ပေါ့၊ သူတို့ ဝိညာဉ်တွေ အခြေပြုဖွဲ့စည်း တည်ဆောက်တဲ့နေရာတွေ ရှိတယ်၊ ဘယ်နေရာလဲဆိုတာ ဒကာကြီးနဲ့ ဒကာမကြီး သိလိမ့်မယ်ထင်တယ်၊ ကိုးနှစ်ပြည့်တာနဲ့ ကန်တော့ပွဲပေးပြီး သူတို့လာရာကျွန်းပိုင်ကို ပြန်အပ်ပါ၊ အဲဒါ အကောင်းဆုံး လုပ်ဆောင်ချက်ပဲ"

"ရှင်"

ရသေ့ကြီး၏ ပြောဆိုချက်များကြောင့် ဒေါ်သဲဆု အထိတ်တလန့် ရေရွတ်မိသည်။ လုံးဝ မျှော်လင့်မထားသော စကားစုများဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က အတိတ်အရိပ်များ၊ စံစုကျွန်းရှိ ကျောက်ဂူထဲမှ ဖြစ်ပျက်မှုအလုံးစုံကို မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်လာသည်။ ဦးမိုးဟိန်းမှ ရသေ့ကြီးအား ပြန်လျှောက်တင်သည်မှာ . . . .

"အဘရသေ့ ပြောဟောချက်တွေ အားလုံး မှန်ကန်တိကျပါတယ်၊ တပည့်တော်လဲ စဉ်းစားပြီးသားပါ၊ ဒါပေမယ့် ရင်သွေးဆိုတော့ စွန့်ပစ်ရခက်ခဲပါတယ်၊ မိခင်လုပ်တဲ့သူဆို ပိုခံစားရမှာပေါ့၊ ဘယ်လိုလုပ်ရင် အကောင်းဆုံး ဖြစ်နိုင်မလဲ ဆိုတာကို အကြံပြုပြောခဲ့ပေးပါလား အဘရသေ့ရယ်"

"ဒကာကြီး၊ မြွေဆိုတာ လူကို မျိုတယ်၊ အရွယ်ရောက်လာလေ ပိုဆိုးလေပဲ၊ ကြမ်းတမ်းတယ်၊ ခက်ထန်တယ်၊ ဘဝချင်းကလဲ တခြားစီပဲ၊ မျိုးရိုးဗီဇစရိုက်ဆိုတာရှိတယ်၊ ဘယ်တော့မှ ပျက်ပြယ်မသွားဘူး၊ ကန်တော့ပွဲနဲ့ ကျွန်းပိုင်ကို သွားအပ်၊ ကျောကုန်းထက်က နဂါးအမှတ်တွေ ရှိတယ်၊ အပ်တဲ့အချိန်မှာ ကျောကုန်းထက်က နဂါးအမှတ်တွေ ပျောက်သွားလို့ရှိရင် ပြန်ခေါ်လာလို့ရတယ်၊ မပျောက် မပျက်ဘူးဆိုရင်တော့ ထားခဲ့ရလိမ့်မယ်"

ရသေ့ကြီးက စကားအကုန်ပြောလိုက်ခြင်းဖြစ်သည်။

ဦးမိုးဟိန်းမှ ဆက်၍ . . .

"အဘရသေ့ ကလေးတွေနဲ့ လိုက်ဖက်မယ့် အမည်နာမလေး ရွေးပေးပါဦး"

ရသေ့ကြီးသည် အတန်ငယ် စဉ်းစားပြီးမှ ပေးသည်မှာ . . .

"သာပလေး၊ သာပကြီး လို့ အမည်နာမ ပေးလိုက်ပါ၊ အဲဒါဟာ ကလေးတွေရဲ့ မူရင်း နာမည်တွေပဲ၊ သာပဆိုတာ အသလိဿနက္ခတ်ရဲ့ အရှင်သခင်ကို ပြောတာ၊ အဓိပ္ပါယ်ကတော့ မြွေနဂါးတွေကို ရည်ညွှန်းတာ၊ အချိန်တန်ရင် သူ့နေရာသူ ပြန်သွားလိမ့်မယ်၊ ဘယ်လိုမှ တားဆီးလို့ရမှာ မဟုတ်ဘူး၊ သူ့နေရာသူ မပြန်ခင် တစ်ကျွန်းလုံးရှိ လူတွေကို ငါးမမျိုသွားဖို့ သိပ်အရေးကြီးတယ်၊ ကလေးတွေကို ခေါ်လိုက်ပါ၊ အမည်နာမပေးပြီး မန္တန်တစ်ပုဒ်နဲ့ ရေမန်းတိုက်ခဲ့မယ်"

ထိုနေ့မှစ၍ ရသေ့ကြီးလည်း လုံးဝ ပြန်မပေါ်လာတော့။ ကန်တော့ငွေကိုလည်း လက်မခံ။ ကျွေးတာတိုလည်း မစား။ နောက်ဆုံး ရေတောင်မသောက်ဘဲ ပြန်ကြွသွားသည့်ထူးဆန်းသော ရသေ့ကြီး။

ရသေ့ကြီး မိန့်မှာခဲ့သည့်အတိုင်းပင် ကိုးနှစ်ပြည့်သည်နှင့် ကန်တော့ပွဲ (ကျွန်းပိုင်ပွဲ)များ ပြင်ဆင်ပြီး ကလေးနှစ်ယောက်အားခေါ်၍ စံစုကျွန်းသို့ သွားခဲ့ရသည်။ စက်တပ်သမ္ဗန်သုံးစီးနှင့် ပနောင်ကျွန်းသူ ကျွန်းသားများလည်း ပါသည်။ နွေလရက်များဖြစ်၍ ရာသီဥတုကလည်း အလွန်ပင် သာယာလှပနေလေသည်။

စက်တပ်သမ္ဗန်ပေါ်မှ စံစုကျွန်းကို မြင်သည်နှင့် သာပကြီး၊ သာပလေးတို့ ညီအစ်ကိုနှစ်ယောက်မှာ ခွန်စွာမှပင်





www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်ကြည်နူး ကခုန်ကြလေသည်။ အမွှာညီအစ်ကိုနှစ်ယောက်မှာ ငှက်ပျောညွှန့်ရောင် အင်္ကျီ၊ လုံချည်ဆင်တူ ဝတ်ဆင်ထားကြပြီး သနပ်ခါးတွေလည်း မျက်နှာမှာ အဖွေးသား၊ မွှက်လုံးများ ကလည်း အရောင်တောက်ပလျက်။

စိမ်းစိုသော သစ်ပင်များနှင့် စံစု ကျွန်းက ဝမ်းပမ်းတသာဆီးကြိုနေဟန် ဖြစ်လေသည်။ ကျွန်းပေါ်သို့ တစ်ခါမှ ရောက်ဖူးသေးသော လူများကလည်း စွင်လန်းတက်ကြွစွာနှင့် အထူးအဆန်း ဖြစ်နေလေသည်။

ဦးမိုးဟိန်းနှင့် ဒေါ်သဲဆုတို့က လည်း သူတို့၏ အမွှာသားငယ်နှစ် ယောက်အား ကြည့်၍ ဝမ်းသာကြည်နူး နေကြလေသည်။ စံစုကျွန်းနှင့် တဖြည်း ဖြည်းနီးကပ်လာသည်နှင့် ကလေးနှစ် ဦး၏ ရုပ်သွင်များ အရေပြားများမှာ ရုတ်တရက် ပြောင်းလာလေသည်။

၎င်းအချက်ကို ဦးစွာ သတိပြု မိသည်မှာ ဦးမိုးဟိန်းပင်ဖြစ်ပါသည်။ အမွှာညီအစ်ကို နှစ်ယောက်၏ အရေ ပြားများ မြွေအရေခွံကဲ့သို့ ပြောင်းလဲ လာခဲ့ခြင်းပင်။ မျက်နှာပုံစံများလည်း ကျောက်ဂူထဲတွင် သေဆုံးခဲ့သည့် ဖိုးရွှေ နှင့် ဆောင်းဝင်းပုံစံမျိုးဖြစ်သည်။ အထူး သဖြင့် မျက်လုံးများမှာ မြွေမျက်လုံးများ နှင့် လုံးဝ ဆင်တူနေလေတော့သည်။

ဦးမိုးဟိန်းမှ အနားတွင် ကပ် ထိုင်နေသည့် ဇနီးသည် ဒေါ်သဲဆုအား လက်ကုတ်၍ တိုးတိုးတိတ်တိတ်ပြော သည်မှာ . . .

“မင်း သားငယ်တွေကို ကြည့် စမ်း ဘာတွေ ပြောင်းလဲသွားတာလဲ ဆိုတာ”

ဒေါ်သဲဆုသည် သူ့သားငယ် နှစ်ယောက်အား အသေအချာကြည့်ပြီး မျက်လုံးများလည်း ပြူးကျယ်ဝိုင်းစက် သွားလေသည်။ သမ္ဗန်ပေါ်တွင် အတူ တူ စီးနင်းလိုက်ပါလာသည့် မည်သူ တစ်ဦးတစ်ယောက်မျှ သတိမထားမိကြ။ မြင်မပြုမိကြ။

စိမ်းစိုသော သစ်ပင်များနှင့် ကြည်လှဲသော ရေပြင်များ ဝိုင်းရံထား သည့် စံစုကျွန်းကိုသာကြည့်ပြီး စိတ် ဝင်စားနေကြသည်။

ကျွန်းကြီး တစ်ခုလုံးသည် လွန် ခဲ့သော ဆယ်နှစ်ကျော်ခန့်ကထက် ပိုမို ပြီး ကြီးမားကျယ်ပြန့်လာသည်ကို တွေ့ ရသည်။ သူတို့ သမ္ဗန်စက်ပျက်ပြီး ဆိုက် ကပ်ခဲ့သည့် သဲသောင်ပြင်ဖွေးဖွေးကို မသဲမကွဲ လှမ်းမြင်နေရပြီဖြစ်သည်။

ထိုအချိန်တွင် လုံးဝ မျှော်လင့် မထားသော အကြောင်းတရား ရုတ် ခြည်းဖြစ်ပေါ်လာခဲ့သည်။ သမ္ဗန်ဦးကင်း ထိပ်တွင် မကြောက်မရွံ့ရပ်လျက် အမွှာ ညီအစ်ကို သာပလေး၊ သာပကြီး ညီ အစ်ကိုနှစ်ယောက်မှာ . . .

“ရေကူးပြိုင်ကြမယ်၊ ကျွန်းကို ဘယ်သူ အရင်ရောက်မလဲ ရှုံးတဲ့သူက နိုင်တဲ့သူကို ငါးနှစ်တိတိ အစာရှာကျွေး ရမယ်”

သာပကြီးပြောသည်ကို အငယ် သာပလေးမှ . . .

“စိန်လိုက်လေ ကတိသစ္စာတည် ရမယ်”

ဘာမပြော ညာမပြောနှင့် ရေ ပြင်ကို စက်အရှိန်ဖြင့် ထိုးခွဲ၍သွားနေ သော သမ္ဗန်ဦးကင်းထိပ်မှ ပြိုင်တူခုန်ချ လိုက်လေတော့သည်။ မည်သူ တစ် ဦးတစ်ယောက်မှ တားမြစ်ချိန် မရလိုက်။

“ဟဲ့ ဟဲ့ ကလေးတွေ လုပ်ကြ ပါဦး”

ဟူ၍သာ သမ္ဗန်တစ်ခုလုံးကျက် ကျက်ညံသွားသည်။ မိဘများဖြစ်သည့် ဦးမိုးဟိန်းနှင့် ဒေါ်သဲဆုတို့မှာ ပျာပျာ သလဲ ဆောက်တည်ရာမရ ဖြစ်သွား သည်။ ကလေးငယ် နှစ်ဦးမှာလည်း ရေထဲခုန်ဆင်းသွားပြီး တော်တော်နှင့် ပြန်မပေါ်လာတော့၊ အတန်ငယ်ကြာမှ သမ္ဗန်နှင့် အတော်ဝေးသည့် နေရာမှ ပြန်ပေါ်လာပြီး စံစုကျွန်းဆီသို့ နှစ် ယောက်သား အပြိုင် ရေကူးနေလေ တော့သည်။

၎င်းညီအစ်ကို နှစ်ယောက်မှာ ရေထဲတွင် မြွေတစ်ကောင်ကဲ့သို့ သွား လာနိုင်ခြင်း၊ ရေထဲတွင် မြွေတစ်ကောင် ကဲ့သို့ အချိန်အတန်ကြာ နေနိုင်စွမ်းရှိ ခြင်းကြောင့် လူအများ အံ့ဩရလေ သည်။ စက်တပ်သမ္ဗန်ထက် အချိန်များ စွာ စော၍ သဲသောင်ပြင်ကို ဖြတ်၍ ကျွန်းပေါ်သို့ အားရ ဝမ်းသာစွာ အော် ဟစ်ပြီး ပြေးတက်သွားလေတော့သည်။

သူတို့အားလုံး ကျွန်းပေါ် ရောက် တာနှင့် အပြေးအလွှား ကျောက်ဂူရှိရာ သို့ သွားကြသည်။ အထပ်ထပ် အကြိမ် ကြိမ်ရှာသော်လည်း ကျောက်ဂူကိုမတွေ့ တော့။ ကျောက်ဂူနှင့် တူတာဆို၍ ကြီးမားသော ကျောက်တုံးတစ်တုံးပင် မရှိ။ အံ့ဩဖွယ်ကောင်းလောက်အောင် ငုပ်လျှိုး ကွယ်ပျောက်သွားခဲ့ချေပြီ။

သင့်တော်သော နေရာတွင် ကျွန်းဝိုင်းပွဲများ ပေးပြီး စက်တပ်သမ္ဗန် သုံးစီးနှင့် လိုက်ပါလာသောလူအများ သာပကြီး၊ သာပလေးကို ရှာကြသည်။ စံစုကျွန်းတစ်ခုလုံး လှည့်ပြီး ရှာသော် လည်း အစအနပင် မတွေ့။ နေဝင်ကာ နီးမှ စိတ်လျှော့ပြီး ပြန်ခဲ့ကြသည်။ ဝင်လုဆဲ နေရောင်ခြည်အောက်တွင် စံစုကျွန်းသည်လည်း ဝေး၍ ဝေး၍ပင် ကျန်ရစ်ခဲ့လေပြီ။

သူတို့၏ သမ္ဗန်နောက်သို့ ထူး ဆန်းသော မြွေကြီးနှစ်ကောင် လိုက်လာ နေသည်ကို မည်သူမှ မမြင်။ ထူးထူး ခြားခြားမြင်သည်မှာ ဦးမိုးဟိန်းနှင့် ဒေါ် သဲဆုတို့သာ ဖြစ်သည်။ မိဘနှစ်ဦးမှ ဆွေးမြည့်ပူလောင်သော မျက်ရည်စက် များသည် ပင်လယ်ပြင်ထက်သို့ ယိုစီး ကျလျက်။

နောင်သော် စံစုကျွန်းနှင့် ပနောင်ကျွန်းကို လွန်းပျံသွားလာနေထိုင် ခဲ့သည်မှာ ၎င်းမြွေကြီးနှစ်ကောင်ပင် ဖြစ်ပါတော့သတည်း။

**မင်းဟန်(သန်လျင်)**

☐





www.burmeseclassic.com

www.burmeseclassic.com

# ဝေယံလင်းဇော်

## သူတော်ငတေနှင့်ပန်းပဲဆရာ



တန်ခူးလ၏ နေ့လယ်မွန်းတိမ်းစ အချိန်တွင် ဖြစ်သည်။

မင်းရွာ၏ ပန်းပဲဆရာကြီး ဦးသံဒိုင်သည် သူ၏တပည့်တစ်ယောက်နှင့် ပန်းပဲလုပ်နေသည်။ ဦးသံဒိုင်မှာ နာမည်ကြီး ပန်းပဲဆရာတစ်ဦး ဖြစ်၏။ ဦးသံဒိုင်၏ပန်းပဲဖိုထွက် ဓားများသည် ဆေးသားမာ၍ လူကြိုက်များသည်။ သစ်ခုတ်၊ ဝါးခုတ်ရာ၌ ဦးသံဒိုင် ဖိုထွက်ဓားများမှာ မည်သည့် သစ်မျက်၊ ဝါးမျက်ကိုခုတ်ခုတ် ပဲ့ခြင်း၊ လိမ်ခြင်း အလျှင်းမရှိပေ။

ထို့ကြောင့်လည်း ရွာနီးချုပ်စပ် တစ်ဝိုက်ရှိ ရွာများမှ သစ်ခုတ် ဝါးခုတ် လယ်လုပ် ယာထွန် ဓားနှင့်တကွ ထွန်သွား ထွန်ထယ်များကိုလည်း ဦးသံဒိုင် ပန်းပဲဖို၌သာ လာအပ်ကြသည်။ အထူးသဖြင့် ဤလိုရာသီတွင် ဦးသံဒိုင်မှာ လက်မလည်အောင် ထွန်သွား၊ ထွန်ထယ်၊ ဓားများကို နေ့စဉ် လုပ်နေရသည်။

ထိုသို့ ချွေးတလုံးလုံးနှင့် ဦးသံဒိုင် ဓားလုပ်နေစဉ် သူတော်ငတေသည် သူ့ဖိုရုံသို့ ဝင်ချလာသည်။ သူတော်ငတေ၏ လက်တစ်ဖက်တွင် လုံကော်ညှပ်ကျိုးတစ်ချောင်းပါလာသည်။ ကိုယ်၌ ဖိုသီဖပ်သီနှင့် ဝင်လာသော သူတော်ငတေက . . .

"ဦးသံဒိုင်ကြီး ဓားလုပ်နေတာနဲ့ အတော်ပဲဗျို့၊ ကျုပ်လုံကော်ညှပ်ကလေး အဖျားကျိုးသွားလို့ ခဏ လုပ်ပေးစမ်းပါဗျာ" ဟု ဦးသံဒိုင်မျက်နှာကို ပြူးတူးပြတဲကြည့်၍ ပြော၏။

ဦးသံဒိုင်က အလကား အဖိုးအခ ဘာမှမရဘဲ လုပ်ပေးရမည်ကို သိသဖြင့် နဖူးတွင် သီးနေသော ချွေးသီးချွေးပေါက်များကို ပုဆိုးခါးပုံစနှင့် သုတ်လိုက်ကာ . . .

"ဟုတ်ကဲ့ လုပ်ပေးပါမယ်၊ ထား ခဲ့ပါ ဦးသူတော်" ဟု သူတော်ငတေ မျက်နှာကိုမကြည့်ဘဲ ပြီးစလွယ် ပြော လိုက်ကာ ထယ်သွားတစ်ခုကို သူ့တပည့် အား ထုခိုင်းနေသည်။

"ထားခဲ့လို့ မဖြစ်ဘူးဗျ၊ ကျုပ် ညကျ ဖိုထိုးစရာရှိတယ်၊ စောစော တင် လုံကော်လို့ ကျိုးသွားတာ၊ ခု ချက် ချင်း လုပ်ပေးစမ်းပါဗျာ"

ချက်ချင်းလာပြီး အလကား လုပ်ခိုင်းနေသော သူတော်ငတေ ချွေးပြန်နေသော ဦးသံဒိုင်က [illegible] သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သူတော်ငတေ ၏မျက်နှာကို ချက်လှည့်ကြည့်ကာ . . .

"ချက်ချင်းကတော့ ကျုပ် မအားဘူး ဦးသူတော်၊ ဒီမှာ လာအပ်ထားတဲ့ လုပ်စရာစေးတွေ၊ ထွန်သွား ထွန်သီးတွေ ပုံနေတာ ဦးသူတော် မြင်တဲ့အတိုင်းပဲ" ဟု မကျေမနပ်နှင့် ပြောလိုက်၏။

"ဒါလေးများဗျာ၊ ပန်းပဲဆရာကြီး လုပ်လိုက်ရင် တစ်ခဏလေးပါ။ ဒီမှာ ကြည့် ညှပ်က နှစ်ဖက်စလုံးကျိုးနေတာ မဟုတ်ဘူး၊ ဒီတစ်ဖက်တည်းပါ လုပ်စမ်းပါ ကျုပ်အရေးကြီးနေလို့ပါ"

သူတော်ငတေက တစ်တောင်ခန့်သာ လုံကော်ညှပ်ကလေးကို ဦးသံဒိုင် ရှေ့ထိုးပြ၍ ပြော၏။ မှန်သည်။ သူတော်ညှပ်ကလေး၏ အကုပ်တစ်ဖက် ကျိုးနေသည်။ လုံ့နှုတ်ခမ်းကို ကုပ်၍ ဆွဲကောက်ရသော အကုပ်ကလေး တစ်ဖက်ကျိုးနေလျှင် ကျန်တစ်ဖက်ကို ညီသွားအောင် ဖြတ်ပစ်ရမည်။ ပြီးတော့ နှစ်ဖက်စလုံးကို မီးနာအောင်ဖုတ်၍ အဖျားကို ကုပ်ပေးရဦးမည်။

သည်တော့ အဖြောင့်ညှပ် မဟုတ်သဖြင့် လက်ဝင်သည်။ လုံကော် ညှပ်အဖျားကို ကွေးကုပ်ရာတွင် မီးမနာလျှင် ဆတ်ခနဲ ကျိုးသွားတတ်သည်။ ထိုသို့ ကျိုးသွားလျှင် နောက်တစ်ခါ ထပ်လုပ်ရန် မီးဖုတ်ရဦးမည်။ ဘယ်ကမ္ဘေ ကတည်းကပင် လုံကော်လုံညှပ် လုပ်ထားသော ညှပ်မှန်းမသိ။ သံအမျိုးအစားကလည်း မည်သည့် အမျိုးအစားဟု မသိ၊ သံကြွပ်ဆိုလျှင် ပိုဆိုးမည်။

ဦးသံဒိုင်မှာ နှစ်ပေါင်းများစွာ ပန်းပဲလုပ်လာသူဖြစ်၍ ပန်းပဲသမား တစ်ယောက်၏ မျက်စိနှင့် ကြည့်၏။ သူတော်ငတေ၏ ဤညှပ်ကျိုးကို လုပ်ပေးရလျှင် အနည်းဆုံး မီးဖုတ်ထားရမှာနှင့် ထုရမှာနှင့် မကျိုးမပဲ့အောင် ကုပ်ရမှာနှင့်ဆိုလျှင် နာရီဝက် တစ်နာရီလောက် ကြာနိုင်သည်။ ထို့ကြောင့် ချက်ချင်း လုပ်မပေးချင်။

"ဦးသူတော် အပြောကတော့ လွယ်လိုက်တာဗျာ၊ ခင်ဗျားညှပ်အဖျား တစ်ဖက်ကျိုးနေတာတော့ ဟုတ်ပါပြီ၊ အဲဒီ အဖျားဘက်နဲ့ ညီသွားအောင် နောက်တစ်ဖက်ကို ဖြတ်ရဦးမယ်၊ ပြီးတော့ မီးနာအောင် ဖုတ်ပြီး ထုပြီးမှ တစ်ခါ ထပ်ကုပ်ရ"

"ခင်ဗျားဗျာ ပန်းပဲဆရာလုပ်နေပြီး ဒါလေးဖြတ်တာကို စကားထည့်ပြောနေပြန်ပြီ၊ ဒီတစ်ဖက်ပိုနေတာကို ဆနိမ်နဲ့ ပေပေါ်တင်ပြီး ဒေါက်ခနဲ တစ်ချက်ဆို ပြတ်ပြီဗျာ၊ ဘာခက်လဲ"

"ဘာခက်လဲ ဟုတ်လား၊ ကဲ ဖြတ်ပြီးပြီ ထားလိုက်ပါတော့၊ ခင်ဗျား ညှပ်ကို လုံကော်လို့ရအောင် အဖျား မကုပ်တော့ဘူးလား"

ဦးသံဒိုင်ကလည်း ပန်းပဲဆရာ လုပ်နေပြီး ဟူသော သူတော်ငတေ၏ တင်စီးစကားကို လာစော်ကားသည်ဟု အထင်နဲ့ စိတ်တိုသွားသည်။ ထို့ကြောင့်လည်း အသံမာမာနှင့် မေးလိုက်၏။

"ဟ လုံကော်မယ့် ညှပ်ပါဆို အဖျားမကုပ်လို့တော့ ရမလားဗျာ"

"အေး အဖျားကုပ်မယ်ဆို မီးမဖုတ်ရတော့ဘူးလား"

"ခင်ဗျား တယ်ခွကျတဲ့ လူပဲဗျ၊ မီးမဖုတ်ဘဲ ကုပ်ပါလို့ ခင်ဗျားကို ကျုပ်ကပြောလို့လား၊ ခု ခင်ဗျားကို ပြောနေရတာနဲ့ အလကားအချိန်တွေ ကုန်သွားတယ်၊ စောစောကပင် ကျုပ်ပြောတဲ့အတိုင်း ချက်ချင်း လုပ်လိုက်ရင် ခုလောက်ဆိုပြီးပြီ၊ ခုတော့ ဘာမဟုတ်တဲ့ စကားတွေ ပြောနေရတာနဲ့ အချိန် အလဟဿ"

ထိုအခါ အလကားလည်း လုပ်ပေးရမည့်အပြင် စကားတင်စီးပါ ခံနေရသော ဦးသံဒိုင် ပန်းပဲသမားကြီးက ချက်ချင်းဒေါသဖြစ်လာပြီး . . .

"ဟုတ်ပါပြီ၊ ဒီမှာ ဦးသူတော် အချိန်မကုန်ချင်ရင် ခင်ဗျား မစောင့်ချင်ရင် ကိုယ့်ဘာသာ လုပ်သွားပေတော့ဗျာ၊ ကျုပ်ကတော့ မအားဘူး ဒါပဲ"

ဦးသံဒိုင်၏ စကားကိုကြားလိုက်ရသောအခါ သူတော်ငတေက ဦးသံဒိုင် မျက်နှာကို သရော်ကြည့်ကြည့်၍ အသံကို ဖြစ်ညှစ်ရယ်လိုက်ပြီး . . .

"ဩ လုပ်တတ်ရင် ကိုယ့်ဘာသာလုပ်သွား ဟုတ်လား"

"ဟုတ်တယ်လေ ကျုပ်မအားပါဘူး ပြောတယ်မဟုတ်လား၊ လုပ် တတ်ရင် ခင်ဗျားဘာသာ လုပ်ယူသွား၊ ရော့ ဒီမှာတူ၊ ဒီမှာ ဆနိမ်၊ ဒီမှာ စို့၊ ကဲ ကိုယ့်ဘာသာ ကိုယ် လုပ်ယူသွားတော့ဗျာ"

"ခင်ဗျားကို ကျုပ်က အကျိုးရှိအောင်လို့ ခိုင်းတာ၊ ခင်ဗျားက အကျိုး မလိုချင်ပါဘူးဆိုတော့လဲ ကိုယ့်ဘာသာ ကိုယ်ပဲ လုပ်ယူရတော့မပေါ့၊ ဟုတ်လား"

"အမယ် လာသေးတယ်၊ တခြား အလုပ်တွေရပ်ထားပြီး ခင်ဗျား လုံကော် ညှပ်လုပ်ပေးလို့ ကျုပ် ဘာအကျိုးရှိမှာလဲ၊ ညှပ်လုပ်ခ ခင်ဗျားက ကျုပ်ကို ဘယ်လောက် ငွေပေးမလဲပြော၊ ကြီးကြီးကျယ်ကျယ် ဘာအကျိုးလဲ"

"ရုပ်ဝတ္ထုအနေနဲ့ ခင်ဗျားကို ကျုပ်က ငွေမပေးဘူးဘဲထား၊ လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရင် ခင်ဗျား ကုသိုလ် မဖြစ်ဘူးလား ပြော"

သူတော်ငတေသည် ဦးသံဒိုင်ကို မထိတရိ မျက်နှာနှင့် ကြည့်ပြောပြီး ဦးသံဒိုင် စိတ်ဆိုးမာန်ဆိုးနှင့် ပစ်ချပေးထားသော တူနှင့် စို့တို့ကို မြေပေါ်က ငုံ့ကောက်ကာ သူ့လုံကော်ညှပ်ကလေးကို ပေပေါ်တင်လိုက်သည်။ ပြီး တစ်ဖက်ရှည်ထွက်နေသော ညှပ်အဖျားကို သံစို့နှင့် သူပြောသလို ဒေါက်ခနဲ ထုဖြတ်လိုက်သည်။ ပြီး ဦးသံဒိုင် ထည့်ဖုတ်ထားသော ဓားအလောင်တကာပုံကြမ်းနှင့် ကပ်မြှောင် မီးဖုတ်ထားလိုက်သည်။

"ကဲ တွေ့တယ် မဟုတ်လား၊ ဒါလေးများ ခင်ဗျားက ကြီးကြီးကျယ်ကျယ် မဖြစ်ညစ်ကျယ်လေး ဓားလုပ်တတ်လို့သာပ၊ ဟုတ်ဘိပတ်တိ ဓား



www.burmeseclassic.com

www.burmeseclassic.com

ကောင်းလုပ်တတ်ရင် အတော်ဖင်ခေါင်းကျယ်မယ့်လူ"

"ဦးသူတော် ခင်ဗျား ကျုပ်ပန်းပဲဖိုထဲလာပြီး ကျုပ်ကို မစော်ကားနဲ့ နော်၊ ခင်ဗျားကိစ္စ ခင်ဗျားလုပ်ပြီး မြန်မြန်ပြန်ဗျာ"

"ကျုပ်က အမှန်ပြောလိုက်လို့ ခင်ဗျား စိတ်ဆိုးလား၊ ဒီမှာကိုယ့်လူ စိတ်မဆိုးနဲ့ ဒေါသဆိုတာ ခင်ဗျားကို လာပြီး တို့ရုံ တို့သွားတာ၊ ခင်ဗျားလဲ စိတ်ဆိုးပြီး အိုးနင်းခွက်နင်း ဖြစ်ရော ဒေါသက လစ်သွားပြီ၊ သူတို့ ထားခဲ့တာ ခင်ဗျားပဲ ခံရမှာ မှတ်"

"ခင်ဗျားက အလကားလဲ လာလုပ်ခိုင်းသေး၊ လူကိုလဲ မဖြစ်ညစ်ကျယ်လေး ဘာလေးနဲ့ လာစော်ကားသေး၊ ဒီမှာ ဦးသူတော် ကျုပ်ဓားလုပ်တာ နှစ်ပေါင်း သုံးဆယ်ရှိပြီ၊ ဒီနယ်တစ်ဝိုက်"

"သုံးဆယ်မကလို့ နှစ်တစ်ရာပဲလုပ်လုပ်၊ ခင်ဗျား အမှန်တကယ် ဓားမလုပ်တတ်သေးဘူးဆိုတာသိလို့ ကျုပ်ပြောတာ"

"ဟေ့လူ သောက်စကားရှည်မနေနဲ့၊ ဟိုမှာ ခင်ဗျားညှပ် မီးနာလို့ ရဲနေပြီ၊ လုပ်ပြီး သွားတော့ဗျာ၊ ကျုပ်စိတ်မရှည်တော့ဘူးနော်"

ဦးသံဒိုင်မှာ စိတ်ကြမ်းလူကြမ်း ပန်းပဲသမားဖြစ်သဖြင့် သူတော်ငတေကို အော်ငေါက်နှင်နေလေတော့သည်။

"ဟဲ ဟဲ ခင်ဗျားထက် ကျုပ်သိတယ်၊ မီးမနာသေးဘူး"

"ရဲနေပြီဗျ၊ မီးမနာဘဲ နေမလား"

"ကိုယ့်လူက ဘာလဲ၊ ဒေါသဖြစ်လာပြန်ပလား၊ သနားစရာပဲ၊ တစ်သက်လုံး ပန်းပဲဆရာအမည်ခံပြီး ညာတာပါတေး ဓားလုပ်လာတာ သံမီးနာ မနာတောင် မသိတဲ့လူ၊ အလကား ပန်းပဲသမား"

"ဦးသူတော် ခင်ဗျား ကျုပ်ကို မစော်ကားပါနဲ့ ပြောနေတယ်"

"ကိုယ့်လူကလဲ ဒေါနချည်းပဲ၊ ပန်းပဲသမားဆိုတာ စိတ်ရှည်ရှည်ထားရတယ်၊ ပန်းပဲသမား စိတ်ရှည်မှ ဓားတွေက အဆေးကောင်း အမာခံတာဗျ၊ ဒီဓားတွေက ခင်ဗျားဆေးပြီးသား အမာခံတွေလား"

သူတော်ငတေက ရယ်ဖြဲဖြဲ လေအေးလေးနှင့်ပြောကာ ဦးသံဒိုင် ဆေးပြီးထောင်ထားသော ဓားသုံးလေးလက်ကို ကိုင်ကြည့်ပြီး သူတော်ငတေကို မေးလိုက်၏။

ဒေါသပိုဖြစ်လာသော ဦးသံဒိုင်က . . .

"ဟုတ်တယ် ဟုတ်တယ်၊ အဲဒါ ကျုပ်လုပ်ထားတဲ့ ဓားတွေ၊ အဆေးအမာဆုံး၊ သံအကောင်းဆုံးနဲ့ လုပ်ထားတာ"

သူတော်ငတေက သူ့ကို ကျီစားသလို နောက်သလိုလုပ်နေသော်လည်း ဒေါသမပြေသေးသော် ဦးသံဒိုင်က ဘုဆတ်ဆတ် ပြောလိုက်၏။

"ဟဲ . . . ဟဲ . . . ကျုပ်မျက်စိထဲတော့ ခင်ဗျားဓားတွေ မီးမနာသေးဘူး၊ အဆေး မကျက်သေးဘူး မြင်လို့ တစ်ချောင်းလောက် စမ်းကြည့်ပါရစေနော် ပန်းပဲဆရာကြီး"

ပြောပြောဆိုဆိုနှင့်ပင် သူတော်ငတေသည် ဦးသံဒိုင် ဆေးထားသော ဓားတစ်စင်းကို ကောက်ကြည့်ကာ မီးဖိုထဲ ထည့်ဖုတ်လိုက်၏။

ဤခွစာ သူတော်ငတေကို ပြော၍လည်း ရမည်မဟုတ်သဖြင့် ဦးသံဒိုင်ကလည်း ဒီအတိုင်း ကြည့်နေလိုက်သည်။

သူတော်ငတေ မီးဖိုထဲထည့်ဖုတ်ထားသော ဦးသံဒိုင်၏ အသွားဘက် ဓားပါးတစ်လျှောက် ရဲရဲနီလာသောအခါ သူတော်ငတေသည် ဓားဆောက်ရိုးက ကိုင်ပြီး မီးဖိုထဲကယူကာ အနားတွင် ရှိနေသော အင်တုံ နှုတ်ခမ်းပဲ့ ဦးသံဒိုင်၏ ဓားဆေးနေကျ ဓားဆေးခွက်တွင် ထည့်ဆေးလိုက်သည်။

ရေနှင့် ဓားသွားသံပူ ထိကာ ရှဲခနဲ မြည်သွားရာ သူတော်ငတေက. .

"ဟိတ် ကျောက်ပလုပ်တုတ်၊ ဒါမှ ဓားဆေးကောင်းခေါ်တယ် ဦးသံဒိုင်ရယ်" ဟုပြောပြီး သူ့လက်ထဲက သူဆေးလိုက်သော ဓားနှင့် ဦးသံဒိုင် ဆေးထားပြီးဓား ဓားသုံးစင်းကို ကောက်ယူလိုက်ကာ တစ်ချောင်းပြီး တစ်စင်းပြီး ခုတ်ဖြတ်ပစ်လိုက်သလိုပင် စွပ်ခနဲ စွပ်ခနဲနှင့် ဓားသုံးစင်းမှာ အလယ်က ပြတ်ထွက်သွားကြသည်။

ဦးသံဒိုင်နှင့် သူ့တပည့် တစ်ယောက်တို့မှာ ငုတ်တုတ်ထိုင်မေ့ကာ သူတော်ငတေကို ဘာပြောရမှန်းမသိဖြစ်သွားကြစဉ် သူတော်ငတေက. .

"ကဲ ရော့ ကျုပ်ဆေးလိုက်တဲ့ဓား ဘာဖြစ်သွားသလဲ ခင်ဗျားကြည့်၊ ခင်ဗျား ဓားသုံးစင်းကတော့ အဆေးမမာလို့ အကုန်ဖြတ်ပိုင်းသွားပြီ။

ကျုပ် ဆေးပေးထားတဲ့ ဓားကောင်းလို အဆေးမာတဲ့ ဓားမျိုးလိုချင်ရင် ပန်းပဲဆရာကြီး ကျုပ်လုံကော်ညှပ်ကလေးကို လုပ်ပြီး ညနေ ကျုပ်ဆီကို လာခဲ့ဗျာ ဟုတ်လား"

ဟုပြောပြီး သူတော်ငတေသည် သူ့လက်ထဲက ဓားကို ဦးသံဒိုင်ရှေ့ ပစ်ပေးထားခဲ့ပြီး ပန်းပဲဖိုထဲက ထွက်သွားလေသည်။

ထိုအခါ ဦးသံဒိုင်နှင့် သူ့တပည့်တို့က သူတော်ငတေ ပစ်ချထားခဲ့ သောဓားကို ကောက်ကြည့်ဝံ့ကြရာ သူတို့ဆေးထားသော ဓားသုံးစင်းကို ပိန်းနို့ငှက်ပျောလက်များကို ခုတ်ဖြတ်သလိုခုတ်ဖြတ်ပြသွားသော်လည်း သူတော်ငတေ ဆေးပေးထားသော ဓားသွားမှာမူ ပကတိ ဘာမှမဖြစ်ဘဲ မီးနှင့် ရေထိစဉ်က ကြေးဖြစ်သွားသော ကြေးပင် အရာမပျက်သည်ကို အံ့သြဖွယ် မြင်ကြရလေသည်။

**ဝေယံလင်းခေါင်**

□





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မကြာမီ မီးသဂြိုဟ်တော့မည် ဖြစ်သည့် ဖခင်ဖြစ်သူ၏ ရုပ်ကလာပ်ကို ကြည့်ကာ သားသမီးသုံးယောက် တရှုပ်ရှုပ် ငိုကြွေးနေကြသော်လည်း မမမြ တစ်ယောက်ကတော့ဖြင့် ထိုင်ခုံတစ်လုံးပေါ်တွင် လက်နှစ်ဖက်ကို တင်းတင်းပိုက်ကာ မလှုပ်မယှက် ထိုင်နေလေသည်။

အနှစ်နှစ်ဆယ်ကျော် ပေါင်းသင်းခဲ့ဖူးသော ခင်ပွန်းဖြစ်သူ ကွယ်လွန်အနိစ္စ ရောက်သွားသည်ကိုပင် ငိုကြွေးမြည်တမ်းခြင်း အလျှင်းမရှိ။ အချိန်နှင့်အမျှဆိုသလို အနားမှာနေ၍ ဂရုတစိုက်ရှိနေပေးသည့် ကျွန်မ အမြင်အားဖြင့် တစ်ချက်တစ်ချက် သူ့နှုတ်ခမ်းထောင့်စွန်းလေးနှစ်ဖက် တင်းသွားသည်အထိ အံကြိတ်လိုက်သကဲ့သို့ ရှိသည်ဟုတော့ ထင်ရသလိုပင်။

အခြေအနေ အရပ်ရပ်တို့ လုံးဝဥဿုံ သိမြင်ထားပြီးဖြစ်သည့် ကျွန်မမှာတော့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေရရုံမှလွဲ၍ ဘာမှမတတ်နိုင်။

မမမြ (ခေါ်) မမြလေးနှယ်နှင့် ကျွန်မက ယခု လောလောလတ်လတ် အချိန်တိုအတွင်း သိကျွမ်းခင်မင်ကြသူများတော့ မဟုတ်။ မမမြ သူ့ခင်ပွန်းဖြစ်သူ ကိုမြင့်စိုးနှင့် ကျွန်မတို့က တစ်ကျောင်းတည်းအတူ ပညာသင်ယူခဲ့ကြသော အလွန် ချစ်ခင်ရင်းနှီးမှုရှိသည့် သူငယ်ချင်းများ ဖြစ်ကြ၏။ ကျောင်းပြီး၍ လုပ်ငန်းခွင်ဝင်သည့် အခါမှာတော့ သူတို့နှစ်ယောက်နှင့် ကျွန်မ ဌာနချင်းကွဲသွားလေသည်။ အမြဲတမ်း ဝန်ထမ်းအနေဖြင့်အလုပ်ဝင်ရခြင်းတော့မဟုတ်။ တစ်လ သုံးရာစား ပုတ်ပြတ် ဝန်ထမ်းအဖြစ်နှင့် ဝင်ရခြင်းသာ။

ကျောင်းမပြီးခင် ကတည်းက ချစ်သူတွေ ဖြစ်နေကြသည့် ကိုမြင့်စိုးနှင့် မမမြတို့နှစ်ယောက် ဘယ်လိုသတ္တိတွေ မွေးလိုက်ကြသည်တော့ မသိ။ မိဘများ အထူးသဖြင့် မမမြ၏မိဘများ အတန်တန် တားကြသည့်ကြားက လစာငွေလေး မလောက်မင အခြေအနေနှင့်ပင် လက်ထပ်လိုက်ကြ၏။ နယ်အသီးသီးမှ ရန်ကုန်သို့လာ၍ အလုပ်လုပ်နေကြသူများဖြစ်ခြင်းကြောင့် ယခင်က အဆောင်ငှားနေကြသည်၊ လက်ထပ်ပြီးသည့်နောက်မှာတော့ ထိုသို့နေ၍မဖြစ်။ အိမ်ငှားနေကြရတော့၏။ ဘယ်မိဘမှလည်း အားမကိုး၊ သူတို့က အားကိုးချင်လျှင်တောင် အားကိုး၍မရ။ မိဘတွေက စိတ် နာနာနှင့် ပစ်ထားကြသည့်အချိန်။

နှစ်ယောက်ဝင်ငွေ ပေါင်းပါမှ ခြောက်ရာကျပ်သာရှိ၏။ ထို့အတွက် သူတို့ငှားနေနိုင်သည်က ပင်စင်စား အဘိုးကြီး အဘွားကြီးအိမ်ဘေး အဖီချထားသော နေသာ ထိုင်သာရုံ အခန်းကျဉ်းလေးမျှသာ။

ကျွန်မနှင့်ဆိုလျှင် မောင်နှမအရင်း၊ ညီအစ်မအရင်းသဖွယ် ချစ်ခင်ရင်းနှီးနေကြသည်ကိုပင် ကျွန်မထံမှ ကြီးကြီးမားမား အကူအညီမျိုးမယူ။ ကိုယ်ရွေးချယ်တဲ့လမ်း ကိုယ့်စွမ်းကိုယ့်အားနှင့် ကြိုးစားလျှောက်မည် ဟူသော ခံယူချက်ဖြင့် နှစ်ယောက်သား စိတ်တူကိုယ်တူ ကြိုးစားရုန်းကန်ကြ၏။

အစားအသောက်၊ အဝတ်အစား အစစ အရာရာ ခြိုးခြံချွေတာကာ သူတို့နှစ်ဦး၏ ဘဝခရီးလမ်းကို သူတို့ ရဲရဲဝံ့ဝံ့ လျှောက်လှမ်းကြ၏။ သူတို့လင်မယားနှစ်ယောက်ကို ကြည့်ပြီး ကျွန်မ မချီးကျူးဘဲ ဘယ်လိုမှ မနေနိုင်အောင် ဖြစ်ခဲ့ရသည် အထိပင်။

ရိုးရိုးကုပ်ကုပ် နေထိုင်ပြီး ဘဝတက်လမ်းအတွက် ပင်ပန်းဆင်းရဲခံကာ ကြိုးစားခဲ့ကြသူများ ဖြစ်၍ နှစ်နှစ်လောက်အကြာတွင် လက်ထောက်အင်ဂျင်နီယာ အမြဲတမ်း ဝန်ထမ်းများ ဖြစ်သွားကြ၏။ မည်သူ့ အကူအညီမှ မယူဘဲ ဘဝကို တစ်က စခဲ့ကြရသူများ ပီပီ နှစ်ယောက်စလုံး အောက်သက်ကြေသည်။ အလုပ်အကိုင် မခိုမကတ် ကြိုးစားရုံသာမက အထက်လူကြီးများနှင့်ဖြစ်စေ၊ တန်းတူရည်တူ ကိုယ့်အောက်ငယ်သူများနှင့်ဖြစ်စေ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေကြသူများ ဖြစ်၍ ၁၅ နှစ် တာလအတွင်းမှာပင် ကိုယ်ပိုင်တိုက်အိမ်၊ ကိုယ်ပိုင်ကား ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံနှင့် ဖြစ်လာကြ၏။

သား သမီးရတနာ သုံးယောက်နှင့် အစစ အရာရာ ပြီးပြည့်စုံပြီဟု ဆိုနိုင်နေသည့် သူတို့မိသားစုဘဝလေးက ပျော်ရွှင်ချမ်းမြေ့စရာကောင်းသော ဘဝဟု ဆိုက မှားမည်မထင်။

ထိုအတောအတွင်း ကျွန်မလည်း ရာထူးတိုးယူကာ နယ်မြို့လေးတစ်မြို့ ရောက်သွားရ၏။ နှစ်ဦးနှစ်ဖက်ကိုယ့်အလုပ်ကိစ္စနှင့်ကိုယ် မအားလပ်နိုင်အောင် ဖြစ်နေကြခြင်းကြောင့် အဆက်အသွယ်ပင် သိပ်မလုပ်နိုင်။ သတိရလွန်းမက ရခါမှ ဖုန်းဖြင့် သာကြောင်းမာကြောင်း ပြောကြ ဆိုကြနိုင်ရုံလောက်နှင့် ကျေနပ်နေကြရ၏။

လူလွတ်လည်းဖြစ် အထက်လူကြီးတွေ အားနာခြင်းကင်းမဲ့စွာ ခိုင်းစေနိုင်သော လူရင်းတပည့် ဖြစ်နေ၍လားတော့ မသိ။ တခြားသော ဝန်ထမ်းများ သုံးနှစ်အကြာဆုံး သွားရောက် တာဝန်ထမ်းဆောင်ရသည့် နယ်မြို့လေးတွင် ကျွန်မ ငါးနှစ်ကျော် နေလိုက်ရသည်။

ရန်ကုန်သို့ ပြန်ရောက်တော့ အရေးတကြီး ဆောင်ရွက်ရမည့် ကိစ္စအချို့ကို ဆောင်ရွက်ပြီးသည်နှင့် မမမြတို့အိမ်ရှိရာ ထွက်ခဲ့၏။ အံ့ဩဝမ်းသာသွားအောင် ပြန်လာမည့်ရက်ကိုတောင် ကျွန်မ အကြောင်းကြားမထား။ ကျွန်မအတွက် စားသောက်ဖွယ်ရာကအစ တခမ်းတနား ပြင်ဆင်ထားမည် စိုးသောကြောင့်လည်း ဖြစ်သည်။

ကျွန်မကိုယ်တိုင်ပင် ကွဲကွာနေသော အစ်မရင်းချာ တစ်ယောက်နှင့် ပြန်တွေ့ဆုံရတော့ မည်ကဲ့သို့ ကြည်နူးပျော်ရွှင်နေပါ၏။

သို့သော်လည်း မမမြတို့ သားအမိကို တွေ့လိုက်ရသည်နှင့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးနေမိသမျှ ရုတ်ခြည်း တ်တုန်ရလေသည်။ ကျွန်မ တွေ့ ကိုတ်ရသည့် သူတို့မိသားစု အခြေ တ ဘယ်သောအခါကမှ တွေးထင် ခဲ့ဖူးသည့် အခြေအနေ။ သောက ချမ်းမြေ့ပျော်ရွှင်ခြင်း ကင်းမဲ့နေ သူတို့သားအမိကိုကြည့်ကာ စိတ် သာမှု၊ စိတ်ဆင်းရဲမှု၊ ဝမ်းသာမှု၊ ည်းမှု အားလုံးတို့သည် မမြဲသော တွေဖြစ်ကြောင်း ကျွန်မ ကောင်း နှလုံးသွင်းမိလိုက်ရလေသည်။

◆

"ငါ့မှာ ဘာအမှားရှိသလဲ မိခိုင်၊ မိသားစုအပေါ် ဒီလောက် သစ္စာ သူမျိုးကို ငါက ဘာကိစ္စနဲ့ အောက် နေရမှာလဲ ဟဲ့"

"မမမြ စိတ်အေးအေးထား ဆုံး ကြရအောင်၊ ဒီလို ကိစ္စမျိုးဆိုတာ တာရှိသလို မနာလိုတဲ့သူတွေက ဝုပ်လေလွင့် လျှောက်ပြောရင်း ထင်းတွေ ပြန့်ကုန်တာမျိုးလည်း ရှိ တ်တယ်လေ၊ အခြေအနေ အမှန်က ထင်သလို ဟုတ်ချင်မှ ဟုတ်မှာပါ၊ မြင့်စိုးနဲ့ သေသေချာချာ ပြောဆို ခြန်း . . ."

"သူနဲ့ပြောရုံတောင် မကဘူး၊ သူ ကောင်မနဲ့တောင် မျက်နှာချင်းဆိုင်တွေ့ ပြောပြီးသွားပြီဟော့၊ ဘယ်လိုမိန်းမ ရှိုးလဲ ဆိုတာတော့ မြင်ရုံနဲ့ သိလိုက် တယ်၊ ခပ်တည်တည်ပဲတော်၊ ဟုတ် ယ်တဲ့၊ သူတို့ လက်ထပ်ယူကြမှာတဲ့၊ ဦးက ကတိပေးထားတယ်တဲ့၊ မျက်နှာ စ်ချက် မပျက်ဘူး၊ အတော် အရှက် ရှိတဲ့မိန်းမ၊ ငါလေ ပါးဆွဲချပစ်လိုက်ချင် တာ၊ သူ့လို အဆင့်အတန်းမရှိတဲ့ မိန်းမ မျိုးနဲ့ ပတ်သက်ပြီး ငါပါ အရှက်ကွဲမှာ စိုးလို့ မနည်း ထိန်းချုပ်ထားရတာ"

"ဩော်. . . ကိုမြင့်စိုးက ဒီကိစ္စ နဲ့ပတ်သက်ပြီး ဘာဖြေရှင်းသလဲ သူက"

"သူကလား၊ မှားသွားပါတယ်တဲ့၊ ဒီလိုအမှားမျိုး မှားစရာလား၊ သူကြည့်ရ တာတော့ နည်းနည်း နောင်တရနေတဲ့ ပုံ ပေါ်သား၊ ဒါပေမယ့် ဟိုမိန်းမပုံစံက လုံးဝ လက်လွှတ်ခံမယ့် မိန်းမ မဟုတ် ဘူးဟော့၊ မျက်နှာပြောင်တိုက်ပြီး ကြောင် တောင်နိုက်မယ့် မိန်းမ"

"ဘယ်က မိန်းမလဲ၊ ရုံးကပဲလား"

"ကုမ္ပဏီမှာလုပ်သတဲ့၊ လုပ်ငန်း နဲ့ပတ်သက်ပြီး ကုမ္ပဏီသွားရင်း တွေ့ တာဖြစ်မှာပေါ့ဟာ"

"အို. . . သူ့ဘာသာ ဘယ်လို မိန်းမဖြစ်ဖြစ်၊ မမမြက တရားဝင်မိန်းမ လေ၊ မမမြ ကွာရှင်းမပေးရင် သူတို့ ဘာ လုပ်နိုင်မှာလဲ၊ လုံးဝ ကွာရှင်းမပေးနဲ့"

"ဘာဟဲ့ မိခိုင်၊ ငါ့ကိုများ နင်က ယောက်ျားတစ်ယောက်ကို မခွဲနိုင် မခွာ နိုင် ငမ်းငမ်းတက်ဖြစ်နေတဲ့ မိန်းမလို့ ထင်နေသလား၊ အခြားမိန်းမ တစ် ယောက်နဲ့ ဖြစ်နေတာကို သိသိကြီးနဲ့ ငါကလက်ခံပြီး နှစ်ယောက် ပြိုင်ပေါင်း ရမှာလား၊ ဟုတ်လား"

"မမမြ ကွာရှင်းမပေးဘဲ သူတို့ ရှေ့ဆက်မတိုးရဲပါဘူး၊ကိုမြင့်စိုး နောင်တ ရနေပြီဆို၊ အသိတရားလေး ဝင်လာရင် တဖြည်းဖြည်း ပြတ်သွားပါလိမ့်မယ်၊ ကလေးတွေမျက်နှာ ရှိသေးလို့ မိခိုင် ပြောနေတာပါ မမမြရယ်"

"အေး . . . ငါလည်း ကလေး တွေ မျက်နှာငယ်မှာစိုးလို့ လူပြော သူပြော စပြောကတည်းက မေးတာပဲ၊ သတိပေးခဲ့တာပဲ၊ သင်းက ပြောင်ငြင်း တယ်လေ၊ အခု အခြေအနေက ရပ်သိ ရွာသိဖြစ်လာတဲ့ အခြေအနေ၊ ငါ ဘယ် လိုမှ ခွင့်မလွှတ်နိုင်ဘူး၊

ဟဲ့ မိခိုင်ရဲ့ ငါတို့အခြေအနေ အားလုံး နင် အသိဆုံးပါဟယ်၊ သူ့ အပေါ် ငါ ဘယ်လောက်အထိ အနစ် နာခံခဲ့သလဲ၊ ဝင်ငွေလေး တစ်ပဲခြောက် ပြားနဲ့ ငါတို့ဘဝကို စခဲ့ကြတာ၊ ဘယ် မိဘမှ လှည့်မကြည့်တဲ့ အခြေအနေ မျိုးမှာ ငါတို့ ဘယ်လိုနေခဲ့ကြရသလဲ၊

သူများအိမ်ဘေး အဖီချထားတဲ့ အခန်းကျဉ်းလေးထဲမှာ ဖြစ်သလို နေခဲ့ ရတာ၊ စားတော့ရော အိမ်ခန်းငှားခ ပေးပြီး လက်ထဲ ပိုက်ဆံက များများ စားစား ကျန်တော့တာမှ မဟုတ်တာ၊ ဘဲဥကြက်ဥကြော်ပြီး သူ့သာကျွေးတာ၊ ငါ ငါးပိရည်နဲ့ပဲ စားလိုက်တယ်လေ၊ ရုံးသွားရင် ကားခ မတတ်နိုင်လို့ မြို့ပတ် ရထား ဒုက္ခခံ စီးလာရတာ၊ အဝတ် အစားကအစ သူ့သာ အတတ်နိုင်ဆုံး ဝယ်ဆင်တာ၊ ငါ့မှာတော့ ဖြစ်သလို နေ လာခဲ့ရတာပါဟဲ့၊

အဆင်မပြေလို့ဆိုပြီး အရမ်းရင်း နှီးတဲ့ နင့်တောင် ကြီးကြီးမားမား ငါ အကူအညီ မတောင်းဘူး၊ ဘာလို့လဲ ဆိုတော့ ဒါ ငါတို့မွေးတဲ့မီးလေ၊ မဆိုင် တဲ့သူတွေကို မပူစေချင်ပါဘူး၊ ကိုယ့်ဒုက္ခ ကိုယ့်ဘာသာ အံကြိတ်ခံမယ် ဆိုပြီး နေခဲ့တာ၊ ဒီလိုဘဝမျိုးက စပြီး ဘဝကို ထူထောင်ခဲ့တာ၊

အဆင်ပြေတဲ့ အခြေအနေလေး လဲရောက်လာရော သူ့အပေါ်ဒီလောက် အနစ်နာခံခဲ့တဲ့ ငါ့လို မိန်းမမျိုးကို ရက်စက်ယုတ်မာနိုင်တာ ငါ အရမ်းနာ တယ် မိခိုင်၊ ငါ လုံးဝ ခွင့်မလွှတ်ဘူး၊ နင် စောင့်ကြည့်နေလိုက်စမ်းပါ။ ငါ့လို မိန်းမမျိုးအပေါ် သစ္စာမဲ့တဲ့ ဒီလူနဲ့၊ သူများ မိသားစုဘဝကို ပျက်စီးရာ ပျက်စီးကြောင်းလုပ်တဲ့ ဒီမိန်းမ သူတို့ အကြောင်းနဲ့သူတို့ သွားပါလိမ့်မယ်၊ ငါ သေသေချာချာကို ပြောရဲတယ်၊

အခု ပြတ်ပြတ်သားသား ကွာ ရှင်းပေးလိုက်မယ်၊ ဘာကြောက်စရာ လိုလဲ မိခိုင်ရယ်၊ တစ်ပဲခြောက်ပြားရတဲ့ ဘဝမျိုးတောင် ငါ ရပ်တည်နိုင်ခဲ့သေး တာပဲ၊ အခု ငါက အရာရှိမ၊ သမီးကြီး ဆို ဘွဲ့ရပြီးပြီ၊ အလုပ်အကိုင် အတည် တကျနဲ့၊ သားလတ် အောင်ခန့်လဲ ဘွဲ့ရ ပြီးလို့ အဆင်ပြေတဲ့ အလုပ်ရရင် သွင်း ပေးလိုက်ရုံပဲ၊ သမီး အငယ်လေးသာ ကျောင်းပြီးဖို့ နှစ်နှစ်လိုနေသေးတယ်၊ ရတယ်၊ သူ ဘွဲ့ထူးဂုဏ်ထူးရပြီး အလုပ် အကိုင် တင့်တင့်တယ်တယ် ဖြစ်တဲ့ အထိ ငါ စွမ်းဆောင်နိုင်တယ်၊ ဒီလူကို အားကိုးမှ ငါတို့ဘဝက ရပ်တည်နိုင်မှာမှ

www.burmeseclassic.com

မဟုတ်တာ၊ ငါ့သားသမီးတွေလဲ ဘာမှ အားငယ်စရာမရှိဘူး။ ငါ အမေ တစ်ယောက်လုံး သူတို့ရှေ့မှာ မားမားမတ်မတ်ရှိတယ်၊

မြလေးနွယ် ဆိုတဲ့ မိန်းမက ဘယ်လောက်ပဲ ချစ်ခဲ့ ချစ်ခဲ့ နာကြည်းသွားပြီဆိုရင်တော့ သေသည်အထိ နောက်ပြန် မလှည့်တော့ဘူး ဆိုတာ မြဲမြဲမှတ်လိုက်"

ပြတ်တာမှ တော်တော်ကို ပြတ်နိုင်သည့် အမျိုးသမီး။ တကယ်တမ်း တွေးကြည့်ပြန်တော့လည်း သူ့ကို အဆိုးမဆိုသာ။ သူပြောလိုက်သည့် စကားလုံးတိုင်း တစ်လုံးတစ်ပါဒမျှ အမှားမရှိ။ ကိုမြင့်စိုးကို အချစ်ကြီး ချစ်ခဲ့၍လည်း တစ်သက်နှင့်တစ်ကိုယ် သူမ ကြုံတွေ့ခဲ့ဖူးသည့် အခြေအနေ အရပ်ရပ်တို့ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့ရှာ၏။ အကြီးမလေး မြသီတာ ကိုယ်ဝန်ရတော့ မမမြမိဘတွေက ပြန်ခေါ်သည်။ မိဘတွေနှင့် အဆက်အသွယ်သာ လုပ်သည်။ အကူအညီကိုတော့ မယူ။ ယောက်ျားမကို မှီခိုနေရသော အနေဖြင့် သူ့ယောကျ်ား မျက်နှာငယ်မှာ စိုးသည်ဟူ၍ ဖြစ်၏။

သူ့ဘက်က ဘယ်လိုပင် ကိစ္စကို ပြတ်လိုက်ပြီး ဖြစ်သည်ဟု ဆိုစေကာမူ ကျွန်မ လက်မလျှော့နိုင်။

ကိုမြင့်စိုးနှင့် ဆက်သွယ်ကာ ထိုကိစ္စနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း မေးလိုက်၏။

"ဒီကိစ္စက ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပဲ၊ မိခိုင်ကတော့ မမမြ တစ်ဖက်သတ်ပြောတဲ့ စကားလောက်နဲ့ မယုံနိုင်သေးဘူး၊ ဒါဟာ မလိုတဲ့ သူတွေကကော လာဟာလပြောကြတဲ့ ကိစ္စလို့ပဲ ထင်တယ်၊ ဟုတ်တယ် မဟုတ်လား ကိုမြင့်စိုး"

"ငါမှားတာပါ မိခိုင်ရယ်"

"ဘာ. . . ဒါဆို မမမြပြောတာ အမှန်တွေချည်းပဲလား၊ ကိုမြင့်စိုး မမမြနဲ့ ကလေးတွေအပေါ် မလုပ်သင့်တဲ့ အမှား မျိုး လုပ်လိုက်တာလား"

"ပြဿနာအားလုံး ငါ့ အမှားပါဟာ"

"ဒါဆို ပြင်လေ၊ ကိုမြင့်စိုးလည်း လူရိုးသေရှင်ရိုးသေ အရာရှိတစ်ယောက်၊ ပြီးတော့ အသက်တွေကလဲ ငယ်တော့တဲ့အရွယ် မဟုတ်ဘူး၊ နောက်ဆုတ်သင့်ရင် ဆုတ်ရမှာပေါ့၊ တစ်ဖက်ကို နားဝင်အောင် သေချာပြောဆိုပြီး ကျေနပ်အောင် စီစဉ်ပေးလိုက်၊ ပြီးတော့ မမမြကို ပြန်တောင်းပန်လိုက်ပါ ကိုမြင့်စိုး၊ မမမြက ကိုမြင့်စိုးကို အရမ်းချစ်တာပဲ ဥစ္စာ၊ တစ်ကြိမ်တစ်ခါ မှားတာလောက်တော့ ခွင့်လွှတ်ပေးမှာပါ"

"လွယ်မယ့်ကိစ္စ မဟုတ်ဘူး၊ အဲဒီလိုလုပ်ရင် ပြဿနာ အကြီးအကျယ်ရှာမယ့် လူစားမျိုး၊ အားလုံး အရှက်ကွဲကုန်လိမ့်မယ်၊ ငါကိုက မှားတာပါ မိခိုင်ရယ်"

"ဒါဆို မမမြနဲ့ ကွာရှင်းမှာပေါ့ ဟုတ်လား၊ ပြီးတော့ ဟိုမိန်းမကို လက်ထပ်ယူမယ်ပေါ့၊ ကလေးတွေကိုကော မသနားဘူးလား ကိုမြင့်စိုးရယ်၊ မမမြကိုရော တကယ် ပစ်နိုင်လို့လား"

"သူက ငါ့ကို ခါးခါးသီးသီး ဖြစ်နေပါပြီ၊ ကလေးတွေကို မသနားဘဲ နေမလားဟယ်၊ အဖေတစ်ယောက်အနေနဲ့ အမှားလုပ်မိထားတော့ သူတို့မျက်နှာတောင် မကြည့်ရဲလောက်အောင်ပါပဲဟာ"

"အစကတည်းက လုပ်သင့် မလုပ်သင့်ဆိုတာ ဦးနှောက်နဲ့ စဉ်းစားပါလား ကိုမြင့်စိုးရဲ့၊ စိတ်ထင်ရာလျှောက်လုပ်ပြီး အခု ဘယ့်နှယ်လုပ်ကြမလဲ၊ အခုရောဘယ်မှာနေတုန်း၊ အိမ်က ထွက်သွားတာ အတော်ကြီးကြာနေပြီဆို"

"ဒီလိုဖြစ်ဖို့ အကြောင်းဖန်လာလို့လို့ပဲ မှတ်ရတော့မှာပေါ့ဟာ၊ နေတာကတော့ အခုလောလောဆယ် သူ့ကို ဝယ်ပေးထားတဲ့ တိုက်ခန်းမှာနေတယ်"

"ဩော်. . . အဲဒီလိုအခြေအနေတောင် ဖြစ်နေတာလား၊ အစကတည်းက ဟိုမိန်းမကို လိုလေသေးမရှိ ပြင်ဆင်ပေး၊ ထောက်ပံ့ပေးထားတာကိုး၊

**အနှစ်နှစ်ဆယ်ကျော် ပေါင်းသင်းလာခဲ့သော ခင်ပွန်းဖြစ်သူ၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်သည့် ဇနီးသည်တစ်ယောက်ဟု မည်သူမျှ မထင်နိုင်လောက်အောင် မျက်နှာအမူအရာက အေးစက်မာတျော နေလေသည်။**

အခွင့်ကောင်းရတာနဲ့ လက်ထပ်ယူလိုက်ကြရုံပဲပေါ့၊ အခု အဲဒီအိမ်ပေါ် ရောက်သွားပြီဆိုတော့ မမမြက ပိုနာကြည်းပြီပေါ့၊ ကိုမြင့်စိုး တော်တော် ရက်စက်တာပဲ၊ လုံးဝ ထင်မထားဘူး၊ မိခိုင်ဖြင့် အံ့ဩလိုက်တာ"

"အဲဒီလောက်အထိ မရည်ရွယ်ခဲ့ပေမယ့် အခု အခြေအနေအရ ဒီလိုပဲ ထင်ကြတော့မှာပေါ့လေ၊ ငါလဲ အခု နည်းနည်းလေးမှ စိတ်မချမ်းသာပါဘူး မိခိုင်ရယ်"

"ဒါဆို အခု ဘာဆက်လုပ်ကြမှာလဲ၊ မမမြ မပြောနဲ့၊ မိခိုင်တောင် ကိုမြင့်စိုးကို တော်တော် စိတ်ပျက်သွားပြီ၊ ဘယ်တုန်းကမှ ထင်မထားတဲ့ ကိစ္စမျိုးမှ ကြုံရလေတယ်"

"ဘာလုပ်ရတော့မှာလဲ၊ နင့်မမမြက ကွာရှင်းပါ့မယ်တဲ့ ဆိုမှ သူ့သဘောအတိုင်း လုပ်ရုံပေါ့"

"ကောင်းပါလေရဲ့၊ ကွာရှင်းပြီးတာနဲ့ ဟိုမိန်းမကို တရားဝင်လက်ထပ်ယူတော့မှာပေါ့ ဟုတ်လား"





www.burmeseclassic.com

www.burmeseclassic.com

"ငါ့အမှားပါ မိခိုင်ရယ်၊ ဒီလို အခြေအနေမျိုးတွေ ဖြစ်ကုန်ရတာဟာ ငါ့အမှားကြောင့်ချည်းပါပဲ"

စကားတစ်ခွန်းတောင် ကျွန်မ ထပ်မပြောချင်တော့။ ဆက်ပြောနေလည်း သူ့နှုတ်ဖျားက အပ်ကြောင်းထပ်မတတ် ပြောမည့်စကားက "ငါ့အမှားပါ" ကလွဲပြီး တခြားရှိမည် မထင်။ ကျွန်မ မျှော်လင့်ထားသည့် အခြေအနေမျိုး ပြန်ဖြစ်မလာနိုင်တော့သည်ကို ကောင်းစွာ သိလိုက်ပြီဖြစ်၏။

အားလုံးကိုတော့ မဆိုလို။ တချို့ယောကျ်ားတွေ ဘယ်လိုသဘောမှန်းကို မသိ။ ဘဝလမ်းခရီးကို ခက်ခက်ခဲခဲနှင့် လျှောက်လှမ်းနေရသော အချိန်ကာလမှာ လက်တွဲဖော်နှင့်အတူ သစ္စာရှိရှိ ကြိုးစားရုန်းကန်ပြီး လျှောက်လှမ်းခဲ့ကြသော်လည်း တစ်ချိန်ချိန် အစစ အရာရာ အဆင်ပြေလာ၍ မပူမပင် မတောင့်မတ ဘဝမျိုး ရောက်လာပြီ ဆိုလျှင်တော့ လျှောက်ရမည့်လမ်း ဖြောင့်တန်းစွာ လျှောက်ဖို့အရေး အတော် ဝန်လေးကြပုံပေါ်လာ၏။ အပျော်ရှာရင်း လမ်းမှားကို လျှောက်လှမ်းတတ်ကြသည်သာ။ နားလည်ဖို့ အတော်ခက်လှ၏။

ဆင်းရဲသည့်ဒဏ် အံကြိတ်ကာ ခံနိုင်သော်လည်း ချမ်းသာသည့်ဒဏ် ခံနိုင်ရည်ရှိသူ အတော်ရှား၏ဟု ဆိုရမည်ပင်။

ကျွန်မလည်း ကြားဝင်ဖြေရှင်း၍ မရနိုင်တော့သည့် အခြေအနေ။

နောက်ဆုံးမှာတော့ ကျွန်မ အားကျခဲ့ရသည့် ပျော်ရွှင် ကြည်နူးဖွယ်ကောင်းလှသော မိသားစုဘဝလေး တကွဲတပြားနှင့် ပျက်စီးသွားရလေတော့သည်။

ကိုမြင့်စိုးကို အပြစ်ပုံချရမည်လား။ သူများမိသားစု ဘဝတစ်ခုကို ပျက်စီးအောင် ဖျက်နိုင်ရက်သည့် မိန်းကလေးကို အပြစ်ပုံချရမည်လား။ ဒါမှမဟုတ် မမမြနှင့် ကလေးသုံးယောက်တို့၏ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့လိုက်ရတော့မည်လား ဆိုသည်ကိုတော့ ဉာဏ်မမီသည့်အတွက် ကျွန်မ မသိနိုင်တော့သည်မှာ အမှန်ပင် ဖြစ်၏။

မမမြကတော့ တကယ်ကို ပြတ်သားသည်။ အိမ်ထောင်ကွဲ မိန်းမတစ်ယောက်ဘဝ ရောက်ခဲ့ရသော်လည်း အနည်းငယ်လေးမျှ အားမငယ်။ မျက်နှာမပျက် နေနိုင်သည်ကိုက ချီးကျူးစရာ။ သူ့အလုပ်ကိုလည်း နှစ်ဆတိုး၍ ကြိုးစားလုပ်၏။

တစ်ရုံးတည်းဆိုလျှင် တစ်ချိန်မဟုတ် တစ်ချိန် ခင်ပွန်းဟောင်းနှင့် မျက်နှာချင်းဆိုင်တွေ့ကာ စိတ်အနှောင့်အယှက် ဖြစ်ကောင်းဖြစ်နိုင်သေး၏။ ယခုတော့ ကိုမြင့်စိုးက အလိုက်သိစွာဖြင့် ရုံးပြောင်းသွား၍ တစ်နည်းအားဖြင့် အဆင်ပြေသွားသည်ဟု ဆိုရပေမည်။

ကိုမြင့်စိုးက ကလေးသုံးယောက်အတွက် စရိတ်ထောက်ပံ့မည်ဟု ပြောသည်ကို မမမြ ခါးခါးသီးသီး ငြင်းဆန်လိုက်၏။ သားသမီးသုံးယောက် ဘဝရှေ့ရေးကို သူ့အစွမ်းအစနှင့်ပင် ပြည့်စုံသည်အထိ ဖန်တီးနိုင်သည်။ မည်သူ့အထောက်အပံ့မှ မလိုဟု ခပ်တင်းတင်း ဆိုကာ လုံးဝ လက်မခံ။

တကယ်လည်း သူ့သားသမီးသုံးယောက်ကို ဖခင်လိုတစ်မျိုး မိခင်လိုတစ်သွယ် လိုအပ်ချက်မရှိရလေအောင် ကြိုးစား ဖြည့်ဆည်းပေး၏။ အာဂ မိန်းမတစ်ယောက်ပင်။ ကိုမြင့်စိုးအပေါ် အချစ်ကြီးခဲ့လွန်း၍ အမျက်ကြီးခြင်း ဖြစ်တန်ရာ၏။

မည်သို့သော ကိစ္စမျိုးပင်ဖြစ်စေ အချိန်ကာလ ကြာလာသည်နှင့်အမျှ မေ့ပျောက်သလောက် ဖြစ်သွားတတ်ကြသည်ကတော့ ဓမ္မတာပင် ဖြစ်၏။ မမမြတို့ သားအမိလေးယောက်သည်လည်း သူတို့ဘဝလေးနှင့် သူတို့နေသားတကျဖြစ်ကာ အငယ်ဆုံးမလေး မြစန္ဒာပင်- အင်ဂျင်နီယာ ကျောင်းဆင်းပြီး မိခင်နှင့် အတူတွဲကာ လုပ်ငန်းခွင်ဝင်နေပြီဖြစ်လေသည်။

တစ်ချိန်က သောကတွေ မီးခဲ့ရသော်လည်း လက်ရှိအခြေအနေအရ ပြောပလောက်စရာ ပူပင် သောကမရှိလှသည့်အတွက် သူတို့ မိသားစုဘဝလေးက နေပျော်စရာ မိသားစုဘဝလေးတစ်ခုဟု ဆိုရမည်ပင်။

တစ်ရက် . . .

ညစာ စားသောက်ပြီး ရုံးမှ ပါလာသော အလုပ်ကလေးတချို့ လုပ်နေစဉ် ဖုန်းဝင်လာ၍ နားထောင်လိုက်ရ၏။ တခြားသူ မဟုတ်။ မမမြ ဆက်လိုက်ခြင်း ဖြစ်သည်။

"ဟိုအိမ်တော့ မသာအိမ်ဖြစ်ပြီ မိခိုင်ရေ"

ဆိုင်းမဆင့် ဗုံမဆင့် တဲ့တိုးကြီးပြောထည့်လိုက်သည့် စကားကြောင့် ကျွန်မ လန့်ဖျပ်သွားရ၏။ ခပ်သွက်သွက်နှင့်ပင် ပြန်မေးလိုက်ရသည်။

"ဘယ်အိမ်ကို ပြောနေတာလဲ မမမြ၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"နင်ကလည်းလေ ဒုံးဝေးလိုက်တာ လွန်ပါရော၊ ဟိုမေတ္တာတုံးတွေနေတဲ့ အိမ်ပြောတာ၊ ဟိုမိန်းမလေ ကူမွှကိစ္စနဲ့ ခရီးထွက်ရင်း ကားချင်းတိုက်မိလို့ သေပြီတဲ့"

"ဟယ်"

"ဟေ့ . . . ငါ မကျိန်ဆဲဘူးနော်၊ သင်း သူ့ကံနဲ့သူဖြစ်တာ၊ ဘယ်သူမပြု မိမိမှု၊ ကိုယ်ပြုသမျှကံ ကိုယ်သာခံပေါ့ဟာ၊ သင်းတို့အကြောင်း ငါ့ခေါင်းထဲက ထုတ်ထားတာ ကြာလှပြီ၊ အခု အသိတစ်ယောက်က ပြောလို့သိတာ၊ နင်ပါ သိအောင် ငါ ပြောပြတာ"

"ဟုတ်ပါပြီ၊ မမမြ သွားမှာလား၊ မိခိုင် သွားရမလား၊ နာရေးဆိုတော့လေ ကိုမြင့်စိုးမျက်နှာက ရှိသေးတယ် ဆိုတော့. . ."

"ငါက အရူးမို့လို့လား၊ ဘာကိစ္စနဲ့ သွားရမှာတုံး၊ ဇဝေးပါသေးရဲ့၊ သေရုံမကဘူး၊ ဘာဖြစ်လို့မှ ငါ စိတ်မဝင်စားဘူး၊ နင်ကတော့ နင့်စိတ်နဲ့ နင်သွားချင်သွား မသွားချင်နေ ကြိုက်သလိုသာ

www.burmeseclassic.com

လုပ် မိခိုင်ရေ တစ်ချိန့်တုန်းက ငါပြော ခဲ့တဲ့စကား မှတ်မိသေးလား၊ သူများ မိသားစုဘဝ ဖျက်ဆီးတဲ့ မိန်းမ တစ်နေ့ သူ့အကြောင်းနဲ့သူ သွားလိမ့်မယ်ဆိုတာ လေ၊ ဟော့ ငါ ကျိန်ဆဲနေတာ မဟုတ်ဘူး နော်၊တကယ်တော့ အဲဒါ သူ့အကြောင်း နဲ့ အကျိုးပဲ၊ ကဲ ကဲ ဒါပဲနော် ဒါပဲ ဒါပဲ"

ခေါင်းထဲက ထုတ်ထားတာ ကြာပြီဟု ဆိုသော်လည်း ဒီကိစ္စနှင့်ပတ် သက်၍ ပြောလိုက်သော မမမြ၏ စကားသံတို့က ယခင်ကအတိုင်း မာ ကျော ခက်ထန်လျက် ရှိနေဆဲပင်။ သူ့ နေရာမှဝင်၍ ခံစားကြည့်မည်ဆိုလျှင် လည်း အဆိုး မဆိုသာ။

နာရေးကိစ္စဖြစ်၍သာ ပြောရ ၏။ တကယ်တော့ ကျွန်မလည်း သွား လိုသည့်ဆန္ဒ ရှိလှသည် မဟုတ်။ အချိန် နှင့်အမျှ တရားနှလုံးသွင်း၍ နေနိုင်သူ မျိုး ဆိုလျှင်တော့ လူ့စွဲ၊ ပုဂ္ဂိုလ်စွဲမရှိဘဲ အသုဘကမ္မဋ္ဌာန်း စီးဖြန်းကာ ကုသိုလ် စိတ်ဖြစ်အောင် နေနိုင်မည်ဖြစ်သော် လည်း ကျွန်မက လူသားတစ်ယောက် သာ ဖြစ်၏။ လူ့စွဲ ပုဂ္ဂိုလ်စွဲကလည်း ကင်းလှသေးသည် မဟုတ်။ ကိုယ့်လူထိ လျှင် နာတတ်သေးသည်။

'မသာတစ်ခေါက် ကျောင်း ဆယ်ခေါက်' ဟု သဘောထားကာ အသုဘကမ္မဋ္ဌာန်း စီးဖြန်း၍ ကုသိုလ် ဖြစ်အောင် နေနိုင်ဖို့ဖေးစွ။ ရုပ်ကလာပ် ကို ကြည့်ပြီး 'ဒီလို မိန်းမစားမျိုး သေ တာကောင်းတယ်' ဟု အတွေးများဝင် လိုက်လျှင် အကုသိုလ် အတုံးလိုက် အတစ်လိုက် ဖြစ်ရုံသာ အဖတ်တင် မည်။ အကြောင်းအမျိုးမျိုးနှင့် ကျွန်မ လည်း မသွားဖြစ်တော့။

မည်သို့သော အတွေးမျိုး ရှိလေ သည်တော့မသိ။ နောက်အိမ်ထောင်နှင့် ကိုမြင့်စိုး ကလေးမယူ။ နှစ်နှစ်ကျော် လောက်သာ ပေါင်းသင်းလိုက်ရပြီး သူ့ မိန်းမဆုံးသွား၏။ ကိုမြင့်စိုးတစ်ယောက် တစ်ခုလပ် မုဆိုးဖိုဘဝဖြင့် အထီးကျန် စွာ ကျန်ရစ်ခဲ့ပြန်လေသည်။

ဟိုမှ ဒီမှ ပြောဆိုနေကြသော စကားအရ မမမြနှင့်ကလေးသုံးယောက် ကို ကိုမြင့်စိုး အတော်လေး တမ်းတနေ ပုံရ၏။ သို့သော်လည်း သူ့ဘက်က ကျူးလွန်ခဲ့သော အမှားတို့ကြောင့် ပွင့်ပွင့်လင်းလင်း မတောင်းဆိုရဲ။ တောင်းဆိုလာလျှင်လည်း မမမြက လုံးဝ လက်ခံမည့်ပုံမပေါ်။

တွေးကြည့်လိုက်ပြန်တော့လည်း ကိုမြင့်စိုး လက်ရှိဘဝက သနားစရာပင်။ အနားတွင် မည်သူမျှမရှိ။ အသက်ကြီး ၍ မမာမကျန်းဖြစ်လျှင် ဆေးပေးမီးယူ စောင့်ရှောက်မည့်သူ မရှိ။ ပင်ပင်ပန်းပန်း ရှာဖွေလုပ်ကိုင်ပြီး ရလာသော စည်းစိမ် ဥစ္စာ ငွေကြေးတို့ကလည်း မည်သူ့ အတွက်ဟု ဦးတည်ရာမရှိ။ ဘာရည် ရွယ်ချက်မှ မရှိဘဲ အသက်ရှင် ရပ်တည် နေရသလိုပင်။

အခြေအနေ အရပ်ရပ်ကို ခြုံငုံ ကြည့်မိသည့် အခါမှာတော့ နိဗ္ဗာန် မရောက်မီအတွင်း ဘဝသံသရာခရီး လျှောက်လှမ်းနေရသည့်အခိုက် မည် သည့် အချိန်ကာလတွင် မည်သို့သော အခြေအနေ၊ အဖြစ်အပျက်တို့နှင့် တွေ့ ကြုံခံစားကြရမည်ကို မည်သူမှ သိနိုင် ကြလိမ့်မည် မဟုတ်သည်မှာ အမှန်ပင် ဖြစ်လေသည်။

"သမီးတို့ကို တွေ့ချင်လို့တဲ့၊ ဖေဖေက ရုံးကို လာလာတွေ့တယ်၊ သုံးခါရှိနေပြီ၊ အဲဒီအကြောင်း မေမေ့ ကိုတော့ ပြောပြလိုက်တယ်လေ၊ ဖေဖေ့ ကို သနားပေမယ့် မေမေ သဘောမကျ တဲ့ အလုပ်မျိုး သမီးတို့ မလုပ်ပါဘူး"

"ဟယ် ဟုတ်လား၊ သမီးတို့ မေမေက ဘာပြောသလဲ၊ သမီးတို့ကို ဖေဖေနဲ့ ပေးတွေ့သလား"

"ဘာတစ်ခွန်းမှ မပြောဘူး အန် တီခိုင်၊ ဒါပေမယ့် လိုလိုလားလား ရှိပုံ တော့ မရဘူး ထင်တယ်၊ မေမေ့ကိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး နောက်ထပ် စိတ် အနှောင့်အယှက် မဖြစ်စေချင်တော့ဘူး အန်တီခိုင်ရယ်၊ ပြောရရင် မေမေက တောင် ပိုသနားစရာ ကောင်းပါသေး တယ်"

"ဒါပေမယ့် ဖေဖေ ကျန်းမာရေး ကောင်းပုံတော့ မရဘူး အန်တီခိုင်ရဲ့၊ သားတို့နဲ့တွေ့တော့ အတော်ကို ပိန်သွား တယ်၊ ဖေဖေ ဟုတ်ရဲ့လားလို့တောင် မနည်း ကြည့်ရတယ်၊ တခြား အချိန်မျိုး ဆိုထားတော့၊ နေထိုင်မကောင်း ဖြစ် နေတဲ့ အခါမျိုးတော့ ပြုစုပေးချင်တယ်၊ ဘာပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ သားတို့အဖေ မဟုတ် လား"

တော်လိုက်ကြပါသည့် ကလေး တွေ၊ မိခင်ကိုလည်း ငဲ့ရ၊ ကျန်းမာရေး ချို့တဲ့နေပြီဖြစ်သော ဖခင်အတွက်လည်း စိုးရိမ်ပူပန်ရနှင့် မိဘနှစ်ပါးအကြား ဗျာများနေကြရှာသည်။

စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာ ပင်။ ကိုမြင့်စိုး ကျန်းမာရေး အခြေ အနေက အားရလောက်စရာ အခြေ အနေ လုံးဝမရှိ။ သူကိုယ်တိုင် ဖန်တီး ခဲ့ခြင်း ဖြစ်သော်လည်း ကြုံတွေ့ခဲ့ရ သည့် အကြောင်း အမျိုးမျိုးတို့ကြောင့် စိတ်ပင်ပန်း ဆင်းရဲမှု ဝေဒနာကို သူ သည်လည်း အံကြိတ် ခံစားလိုက်ရပုံ ပေါ်သည်။

ထို့အတွက် နှလုံးရောဂါဝေဒနာ က ပြင်းပြင်းထန်ထန် ဖြစ်နေ၏။ ဒီကြား ထဲ လက်ရှိအနေအထားကြောင့် စိတ်ကျ ရောဂါဝေဒနာ တဖြည်းဖြည်း ဝင်လာ လေသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး မမမြနှင့် စကားပြောကြည့်တော့ ဘယ် လိုမှ လက်မခံ။ မနေ့တစ်နေ့က ဖြစ်ခဲ့ သည့် ကိစ္စတစ်ခုပမာ သူ့အမူအရာ အပြောအဆိုတို့က မာကျောခက်ထန် လျက် ရှိနေဆဲပင်။

"ငါ ဘာမှ မကြားချင်ဘူး မိခိုင်၊ ပြောခဲ့သလိုပဲပေါ့၊ ဘယ်သူမပြု မိမိမှု ကိုယ်ပြုသမျှကံ ကိုယ်သာခံလေ၊ အခု အချိန်အထိ ငါ့ဘက်က ဘာတစ်ခုမှ မမှားဘူးနော်၊ ဒီကိစ္စကိုလဲ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ ကိစ္စတစ်ခုလို့ သဘော ထားလိုက်ပြီးပြီ၊ နေမကောင်းဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ကြားသားပဲ၊ နင့်လို လာလာပြီး ပြောပြကြတာလေ၊ ဆေးရုံ ဆေးခန်းပြပေါ့၊ ဗိုက်ဆံရှိတာပဲ၊ ကလေးတွေကို တွေ့ချင်လို့ လာလာတွေ့သတဲ့၊ ဒါကိုတော့ ငါ ဘာတစ်ခွန်းမှ တင်းတင်းကျပ်ကျပ် မပြောလိုဘူး၊

ဟုတ်တယ်လေ၊ ငါဆန္ဒ မရှိပေမယ့် ကလေးတွေ ရင်ထဲက သဘောထား သိနိုင်တာ မဟုတ်ဘူး၊ ငါ မွေးထားတဲ့ သားသမီးဆိုပေမယ့် တစ်ချက်လွှတ် အမိန့်နဲ့ ဘယ်တော့မှ မလုပ်ဘူး၊ အလုပ်တွေကိုယ်စီနဲ့ အသိဉာဏ် ရှိနေကြပြီဖြစ်တဲ့ အရွယ်တွေ၊ လုပ်သင့် မလုပ်သင့် သူတို့ ဆုံးဖြတ်တတ်တာပဲ၊ သူတို့အဖေမို့ သူတို့ တွေ့ချင်တွေ့ပေါ့ ရတယ်၊ အိမ်ခေါ်မလာ ပြီးတာပဲ၊ သွားကြတယ်လေ၊ သူတို့ အဖေကို သွားပြုစုကြသတဲ့၊ သဘောပေါ့၊ ငါ ဘာမှ မပိတ်ပင်ဘူး၊ ငါကိုယ်တိုင်ကတော့ စောစောက ပြောသလို ကြားလဲ မကြားချင်တော့ဘူး၊ ငါ့ဘဝနဲ့ ငါ အေးအေးနေချင်ပြီဟာ"

"ကျန်းမာရေး အခြေအနေကြောင့် ပြောပြနေတာပါ မမမြရယ်၊ မိတ်ဆွေတစ်ယောက် အနေနဲ့တောင် သဘောထားလို့ မရဘူးလား"

"ဘုရား ရဟန္တာ ဆိုရင်တော့ ကိုယ့်သေကြောင်းကြံတောင် ခွင့်လွှတ်နိုင်မှာပေါ့၊ ငါက ပုထုဇဉ်လေ၊ ငါ့ရင်ထဲက အနာဟာ အခုမှ အဖေးတက်ခါစ ရှိပါသေးတယ် မိခိုင်ရယ်၊ ဒီကိစ္စနဲ့ပတ်သက်တဲ့ စကားဆိုရင် ဒီလောက်နဲ့ပဲ ရပ်လိုက်ပါတော့၊ ငါ ထပ်ပြီး နားမထောင်ချင်တော့ဘူး မိခိုင်"

ခေါင်းမာလိုက်ပုံကတော့ ဒီလောကတွင် နှစ်ယောက်မရှိဟု ထင်ရလောက်သည်။ ဆက်ပြောလည်း မောရုံသာရှိမည် ဖြစ်သည့်အတွက် လက်လျှော့ကာ ပြန်ခဲ့ရသည်။

ကိုမြင့်စိုး အခြေအနေက တစ်စထက်တစ်စ ပို၍တောင် ဆိုးလာ၏။ နောက်ဆုံး ဆေးရုံတင်လိုက်ရလေတော့သည်။

တစ်ချိန်က ဖခင်ဖြစ်သူ မလုပ်သင့်သည့် အမှားမျိုး လုပ်ခဲ့စေကာမူ ကလေးသုံးယောက်က အနာမယူ။ လိုလေသေးမရှိ လုပ်ကိုင်ပေးကြ၏။ တစ်ယောက် တစ်လှည့် ညအိပ် ညနေ အပင်ပန်းခံကာ ပြုစုစောင့်ရှောက်ကြ၏။ သူသာ ခြေဦးမလှည့်သော်လည်း သားသမီးများကိုတော့ မမမြက လုံးဝ တားမြစ်ခြင်းမပြု။ တော်ပေသေး၏ဟု ဆိုရမည်ပင်။

ဆရာကောင်း သမားကောင်းတို့ဖြင့် အထူးကြပ်မတ်ကာ မည်သို့ပင် ကုသပေးနေပါသော်လည်း သက်ရှိသတ္တဝါတိုင်း ကံရှိသလောက်သာ နေခွင့်ရ၏။ ကံကုန်ပြီဆိုလျှင်တော့ ဘဝနိဂုံး အဆုံးသတ်ကြရသည်ချည်းသာ။

ကိုမြင့်စိုး တစ်ယောက်သည်လည်း လက်ရှိဘဝတွင် နေဖို့ကံက ဤမျှသာ ပါပုံရ၏။ ဂရုတစိုက် ကုသမှုခံယူနေသည့်ကြားက သူချစ်သော သားသမီးများ၏ လက်ပေါ်မှာပင် ကွယ်လွန်သွားရှာလေသည်။

ဇနီးဟောင်းထံမှ နားလည်ခွင့်လွှတ်မှုကို ရမသွားသော်လည်း သားသမီးသုံးယောက်တို့၏ နွေးထွေးကြင်နာစွာ ပြုစုဆက်ဆံခြင်းကို ရသွားသည့်အတွက် ဖြေသာသလောက် ဖြေလိုက်နိုင်သည်ဟု ဆိုရမည်ဖြစ်၏။

ကိုမြင့်စိုး၏ ဈာပနကိစ္စအဝဝကို သားသမီးသုံးယောက်တို့က ဦးစီးတာဝန်ယူကာ စီစဉ်ကြသည်။

မီးသင်္ဂြိုဟ်မည့်နေ့ ရောက်သည့်အခါမှာတော့ သားသမီးသုံးယောက်တို့ တိုးလျှိုးတောင်းပန်ရုံသာမက ကျွန်မတို့ မိတ်ဆွေအပေါင်းအသင်းများ တိုက်တွန်း နားချမှုတို့ကြောင့် မမမြ လိုက်ပါလာ၏။ သို့သော်လည်း မျက်ရည် တစ်စက်မကျ။ စကား တစ်ခွန်း တစ်ပါဒမျှတောင် ပြောဆိုခြင်း မရှိ။ သူ့ရင်ထဲ မည်သို့ ခံစားနေရသည်ကိုတော့ မည်သူမျှ အမှန်မသိနိုင်။ တစ်ချက် တစ်ချက် နှုတ်ခမ်း ထောင့်စွန်းလေး နှစ်ဖက်တင်းသွားသည်အထိ အံကြိတ်လိုက်သည်ဟုတော့ သူ့ကို တစ်ချိန်လုံး ဂရုတစိုက် ကြည့်နေမိသည့် ကျွန်မ မှန်းဆကာ တွေ့မြင်နေရလေသည်။

•

ကိုမြင့်စိုး၏ ရုပ်ကလာပ် ထည့်ထားသော ခေါင်းတလား တင်ထားသည့် လှည်းအား ခန်းမထဲမှ မီးသင်္ဂြိုဟ်စက်ရှိရာသို့ တဖြည်းဖြည်း တရွေ့ရွေ့ တွန်းသွားလေသည်။ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေကြသော သားသမီးသုံးယောက် တို့သည်လည်း ဖခင်ဖြစ်သူကို နောက်ဆုံးအနေဖြင့် ကြည့်ရင်း တစ်ဖက် တစ်ချက်စီမှ လိုက်ပါသွားကြ၏။

နောက် ခပ်လှမ်းလှမ်း အကွာလောက်မှာတော့ အသုဘလိုက်ပို့သည့် ပရိသတ်နှင့်အတူ မမမြ တဖြည်းဖြည်းချင်း လျှောက်လှမ်းလာ၏။ အနှစ်နှစ်ဆယ်ကျော် ပေါင်းသင်းလာခဲ့သော ခင်ပွန်းဖြ[illegible]သူ၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်သည့် ဇနီးသည်တစ်ယောက်ဟု မည်သူမျှ မထင်နိုင်လောက်အောင် မျက်နှာအမူအရာက အေးစက်မာကျောနေလေသည်။

အားလုံးကို ရှုမြင်သုံးသပ်ပြီး ကျွန်မ ဆုတောင်းကာ နေမိ၏။ အခြားတော့မဟုတ်။ သွားလေသူ ကိုမြင့်စိုး ကျန်ရစ်ခဲ့ကြသည့် မမမြနှင့် သားသမီးသုံးယောက် အပါအဝင် လောကတွင် ရှိကြသော သူများမှ မည်သူတစ်ဦးတစ်ယောက်သော်မျှ ဤသို့သော အဖြစ်မျိုးနှင့် မကြုံတွေ့ပါစေရန် ဆုတောင်း၍ နေမိခြင်းသာ ဖြစ်လေတော့သည်။

**သစ္စာဦး(ဧေယျာမြေ)**

❐





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

မှော်၊ စုန်း၊ ကဝေ ဆိုတာကို လူတွေက ကြောက်လည်းကြောက်၊ ယုံလည်း ယုံကြတယ်။ အိပ်ရာဝင်ပုံပြင်တွေမှာ စုန်းမကြီးက ထဘီခြုံလိုက်ရင် လင်းတဖြစ်သွားရောဆိုပဲ။ ဗွီဒီယိုကားတွေမှာလည်း မှော်အစွမ်းပြတာ၊ ပြူစားခံရတာ၊ အူတွေ အခွေလိုက် ထုတ်စားခံရတာတွေကို မျိုးစုံတွေ့ဖူးတယ်။

ကြားဖူး၊ မြင်ဖူး၊ ရင်းနှီးဖူးနေတော့ ရင်သိမ့်တုန်စရာတွေပါ။

ကျွန်တော် သွားချစ်မိတဲ့ ပုလဲဝေ ဆိုတဲ့ မိန်းမချောလေးက စုန်းကဝေမလေး တစ်ပိုင်းပါလို့ ပတ်ဝန်းကျင်မှာ နာမည်ကြီးလို့နေရဲ့ . . .။

(၂)

ဟယ်ရီပေါ်တာ စာအုပ်က တမ္ဘာပေါ်မှာ အရောင်းရဆုံး၊ လူကြိုက်အများဆုံးပဲ။ ရုပ်ရှင်ရိုက်ပြန်တော့လည်း မှော်စုန်းကဝေပြကွက်တွေကို အံ့မခန်းယုံချင်ဖွယ် မြင်ရတယ်။ ဟယ်ရီပေါ်တာကြောင့်ပဲ ပုလဲဝေဟာ ကျွန်တော်တို့ လူငယ်တွေကြားမှာ အထူးအဆန်းဖြစ်နေတယ်။

ပုလဲဝေဟာ ဝတ်တာ၊ စားတာ အရောင်မှိန်ပေမယ့် အတော်လေးလှတယ်။ အသားရေက မွတ်ပြီး ဝင်းဝါနေတယ်။ ကေသာပိတုန်းရောင်က နက်မှောင်ရှည်လျားလွန်းတယ်။

အထူးခြားဆုံး အညှို့ငင်နိုင်ဆုံးကတော့ ပုလဲဝေရဲ့ မျက်လုံးတွေပါပဲ။

(၃)

ပုလဲဝေတို့ နေတဲ့ကျောင်းကို ကျွန်တော်က နောက်မှ ပြောင်းလာတဲ့သူ။ မြင်မြင်ချင်းမှာပဲ ပုလဲဝေကို သဘောကျသွားမိတယ်။

"အဲဒီတစ်ယောက်ရဲ့ မျက်လုံးတွေက ဖမ်းစားလွန်းတယ်၊ ဆံပင်ကောင်းသလို တော်တော်လဲချောတယ်"

"ဟာ. . . သွားမလုပ်နဲ့ ကောင်းကျော်၊ အဲဒါ စုန်းကဝေ အသေးစားမလေး၊ သူ့အမေ ဒေါ်သူဇာက ငါတို့ရပ်ကွက်ထဲမှာ နာမည်ကြီးပဲ၊ ဆယ့်နှစ်ကြိုးကုန်အောင်တတ်တဲ့ မိန်းမကြီးကွ၊ သူတို့နေတဲ့ ခြံကျယ်ကြီးက နာမည်ကြီးပဲ"

"ဟုတ်တယ် ကောင်းကျော်၊ ပုလဲဝေ လှတာကို အားလုံးသိတယ်၊ ဒါပေမယ့် သူ့ကိုထိဖို့ ကြံတဲ့သူတိုင်း တစ်ခုမဟုတ်တစ်ခု ဖြစ်တတ်တယ်၊ ငါတောင် သူ့အတွက်နဲ့ ခြေကျိုးဖူးသေးတယ်"

တိုးမြင့်တို့၊ လှဦးတို့က ဝိုင်းပြီးပြောကြတယ်။ နည်းနည်းလန့်သွားပေမယ့် မျက်လုံးကတော့ ပုလဲဝေဆီမှာ မခွာနိုင်ခဲ့ဘူး။

သင်္ချာတွေတွက်ပြီး ဆရာ့ဆီသွားပြပြီး အပြန်မှာ ပုလဲဝေက ရှေ့က၊ ကျွန်တော်က နောက်က။ ကြော့ရှင်းစွဲမက်ဖွယ်ကောင်းတဲ့ ပုလဲဝေကို ငေးနေတုန်းမှာပဲ ခေါင်းမှာပန်ထားတဲ့ စံကားဝါပန်းလေးက ကြမ်းပြင်ပေါ် ကျသွားတယ်။ အသာပဲ ကောက်ယူဖြစ်တယ်။ ပုလဲဝေကတော့ မသိရှာဘူး။ ပုလဲဝေက ခုံမှာ ဝင်ထိုင်နေပြီ။

"စောစောက ပြုတ်ကျသွားတဲ့ စံကားဝါပန်းလေးပါ၊ ကျွန်တော့်နာမည် ကောင်းကျော်ပါ၊ ဒီနှစ်မှ ပြောင်းလာတဲ့ သူပါ"

"ဩော် . . . ကျေးဇူးပါပဲ"

ညှို့နိုင်လွန်းတဲ့ မျက်ဝန်းတွေက လိုလိုချင်ချင်ပါပဲ။ ခင်မင်ပါတယ်ဆိုတဲ့ အပြုံး တစ်ပွင့်ကိုလည်း ကျွန်တော် ရလိုက်တယ်။ ဒါကတော့ ကျွန်တော်နဲ့ ပုလဲဝေတို့ရဲ့ ရင်ခုန်ခြင်း အစပါပဲ။

(၄)

မုန့်စားကျောင်း လွှတ်ပေမယ့် သူများတွေလို အတန်းပြင် မထွက်ဘူး။ မုန့်စားမဆင်းဘဲ ပုလဲဝေ ကုပ်ကုပ်လေး ကျန်ရစ်ခဲ့တယ်။ သံယောဇဉ်ကြီးချင်တဲ့ ကျွန်တော်က ဒါကို ချောင်းနေခဲ့တာ။ တိုးမြင့်တို့၊ လှဦးတို့ကို တစ်ပတ်ရိုက်ပြီး ပုလဲဝေနဲ့ မိတ်ဖွဲ့လိုက်တယ်။

"ဘာတွေများ ကျိတ်စားနေတာတုံး ပုလဲဝေ"

"ဩော် . . . တခြား မဟုတ်ပါဘူး၊ အမေ ထည့်ပေးလိုက်တဲ့ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ထောင်းကို စားနေတာလေ၊ စားပါဦးလား"

ဒီအခွင့်အရေးကို ကျွန်တော် ဘယ်လက်လွှတ်ခံနိုင်မှာလဲ။ စုန်းတွေ၊ ကဝေတွေဆိုတာ ခေါင်းထဲမှာ ပျောက်သွားတယ်။

"ကျွန်တော် ဝယ်လာတဲ့ မုန့်တွေကိုစားရင် ပုလဲဝေ ကျွေးတာကို ကျွန်တော်စားမယ်"

နှစ်ယောက်သား အပေးအယူ တည့်ပြီး လဲလှယ်စားကြတယ်။ တကယ့်ပျော်စရာပါပဲ။ ဒါပေမယ့် အဲဒီပျော်စရာလေးက သိပ်တော့ ကြာရှည်မခံခဲ့ဘူး။

"ဟဲ့ကောင် . . . ကောင်းကျော်၊ သူကျွေးတဲ့အစားကို မင်း ဘာသို့ စားရတာတုံး၊ မင်းတော့ ဒုက္ခဖြစ်ပြီ"

"ဟုတ်တယ် ကောင်းကျော်၊ မင်းတော့ အပင်းသွင်းခံရပြီ၊ သူ့အမေ စုန်းမကြီးလို သူလဲ တတ်မှာကွ"

ဗိုက်ထဲရောက်ပြီးသား ကောက်ညှင်းပေါင်းကိုတော့ ပြန်အန်ထုတ်လို့ မရနိုင်ပြီ။ ဒေါ်သူဇာကို အရမ်းတွေ့ချင်သွားပြီ။

"အေးကွာ . . . မင်းတို့ပြောတာကို ငါ နားထောင်နေရတာ အဲဒီဒေါ်သူဇာကို ငါ မြင်ဖူးချင်တယ်"

"ကျောင်းဆင်းတဲ့အခါ မင်းတွေ့ရမှာပါ ကောင်းကျော်"

တကယ်လည်း ကျောင်းအဆင်းမှာ ဒေါ်သူဇာကို တွေ့လိုက်ရတယ်။ သူ့သမီးကို အမြဲပဲ လာစောင့်နေတတ်တာတဲ့။ ပုလဲဝေကို ကျောင်းကြိုပို့ အမြဲ

www.burmeseclassic.com

လုပ်တတ်တာပဲ။ ဒေါ်သူဇာ ဆိုတဲ့ နာမည်နဲ့ လုံးဝမလိုက်ဘူး။ ဆံပင်ကလည်း ဖရိုဖရဲ အင်္ကျီက ဖိုသီဖတ်သီ။ ဖဲထီးအနက်ကြီး တစ်ချောင်းကိုလည်း ချိုင်းကြားညှပ်ထားသေးတယ်။ မျက်နှာကလည်း အဖုအပိမ့်တွေနဲ့ အတော်ကြောက်စရာ ကောင်းနေတယ်။

"အမေ . . . ဒါ ကောင်းကျော်တဲ့၊ သမီးတို့ကျောင်းကို ပြောင်းလာတာ မကြာသေးဘူး" ဟု အလိုက်မသိတတ်စွာ ပုလဲဝေက မိတ်ဆက်ပေးတယ်။ ဒေါ်သူဇာဟာ "ဟေ . . . ဟုတ်လား" လို့ပြောပြီး ပုလဲဝေကို လက်ဆွဲကာ ကျွန်တော်တို့ရှေ့က ထွက်သွားတယ်။

"စုန်းမကြီးဆိုတာကို မင်း ယုံပြီလား ကောင်းကျော်" လို့ လှဦးကပြောတော့ ကျွန်တော် ခေါင်းညိတ်ဖြစ်တယ်။

(၅)

အဲဒီနေ့ ညနေမှာပဲ ကျွန်တော်ဖျားတယ်။ အဖျားကမကျတော့ ဆရာဝန် အိမ်ခေါ်ရတယ်။ ဆရာဝန်ကတော့ တိုက်ဖွိုက်လို့ပြောတယ်။ ကျွန်တော်ကလည်း ခဏခဏ အန်တယ်။ အစားအသောက် လုံးဝ မဝင်ဘူး။ ကျောင်းငါးရက် ပျက်သွားတယ်။ လှဦးတို့၊ တိုးမြင့်တို့ပြောသလို အပင်းသွင်းခံရတာလားလို့ တွေးပြီး ကြက်သီးထဖြစ်သေးတယ်။ မေမေတို့ကိုတော့ ဒီအကြောင်းနဲ့ပတ်သက်ပြီး စကားမဟဖြစ်ခဲ့ဘူး။

"ကောင်းကျော် . . . ပျက်သွားတဲ့ စာတွေကို ကူးထားပေးတာလေ၊ ရော့ . . . ယူ"

"အားနာစရာပဲ ပုလဲဝေ"

"ခင်ရင် အားနာစရာ မလိုဘူး၊ မခင်ရင်တော့ အားနာပေါ့"

ပုလဲဝေ စကားက အတော်လေးတာသွားတယ်။ ပုလဲဝေပေးတဲ့ စာအုပ်ကို လက်ခံလိုက်ရတယ်။ ပုလဲဝေ ကွယ်တာနဲ့ တိုးမြင့်တို့၊ လှဦးတို့က စကားနာထိုးကြတယ်။

"မင်းတော့ . . . ပုလဲဝေ ပြုစားတာကို ခံရပြီလို့ လူတွေက ပြောနေကြတာ၊ ဒါတောင် မင်းက အပေါင်းအသင်း ဆက်လုပ်မယ်ပေါ့"

"မဟုတ်သေးဘူး၊ စေတနာနဲ့ အပင်ပန်းခံထားတာကို ငါ ငြင်းလို့ မကောင်းဘဲ"

အရေးထဲမှာ လှဦးကလည်း-

"ငါက တစ်ရပ်ကွက်တည်း နေတာ၊ ပုလဲဝေ အကြောင်းကို ပိုသိတယ်၊ ဒေါ်သူဇာကြီးက မြို့ထွက်ပစ္စည်းတွေကို ဈေးမှာရောင်းတာ၊ သူနဲ့ စကားပြောအဆင်မပြေဖြစ်တဲ့သူတိုင်း တစ်ခုခုဖြစ်တာချည်းပဲနော်"

"အေးကွာ၊ ပုလဲဝေတို့အိမ်ကို ဖြစ်နိုင်ရင် ရောက်ဖူးချင်တယ်"

"မင်းတော့ ရှေ့လျှောက် ဒုက္ခရောက်ဦးမယ်"ဟု တိုးမြင့်ကပြောတယ်။ နောက်ရက်မှပဲ နှစ်ယောက်ဆုံတုန်းမှာ အိမ်ကို လာလည်လို့ ရမလားလို့မေးတော့ ချက်ချင်းမဖြေဘူး။

အဲဒီနေ့ ကျောင်းအဆင်းမှာ . .

"အမေ . . . ကောင်းကျော်က အိမ်လည်လာချင်လို့တဲ့" လို့ ဒေါ်သူဇာရှေ့မှာ ပြောတယ်။

"လာလည်ပေါ့" ဟု ခပ်ကိုတိုပြောပြီး ပုလဲဝေ လက်ကို ဆွဲခေါ်သွားတယ်။

(၆)

"ဒီခြံကျယ်ကြီးပဲ၊ ဘယ်လောက်ကျောစိမ့်ဖို့ ကောင်းလဲ၊ ဒီအချိန်ဆို ဒေါ်သူဇာကြီး ဈေးထဲမှာ ရှိနေမှာ၊ ငါတော့ ဝင်မလိုက်ဘူးကွာ"

ကျွန်တော့်ကို လိုက်ပြပေးပြီး လှဦး တကယ်ပဲ မလိုက်ဘဲနေတယ်။ ခြံတံခါးကို တွန်းဖွင့်ရင်း ကြားဖူးနားဝစကားတွေကြောင့် ကျောစိမ့်သွားတယ်။

"ဟော့ . . . တို့က ဒီမှာလေ ကောင်းကျော်"

အိမ်ကို စူးစမ်းနေဆဲမှာပဲ နောက်ဆီက အသံကြောင့် လန့်သွား

" တစ်ခုရှိသေးတယ်၊ ဟိုညောင် မြစ်ကို သွေးလိမ်းရင် မကောင်းဆိုးဝါးတွေ မြင်ရတယ်လို့ ပြောတာကော "

တယ်။ အိမ်ပေါ်ကိုတော့ ပုလဲဝေ မခေါ်ဘူး။ ခြံထဲမှာပဲ ညှိခံစကားပြောတယ်။

"စကားလည်းပြော၊ အစားအသောက်လည်းစား" လို့ လောကွတ်ပြုပေမယ့် ရင်ပြည့်လာလို့ ဘာမှမစားတော့ဘူးလို့ ငြင်းဖြစ်တယ်။ ဒါဆိုလည်း ရေနွေးကြမ်းသောက်လို့ ပြောလွန်းတော့ ဟန်ဆောင်ငုံပြီးမှ အလစ်မှာ ထွေးလိုက်မိသေးတယ်။

"အခု အိမ်က ဖေဖေဆုံးပြီးမှ အသစ်ပြန်ဆောက်ထားတာ၊ ဟိုညောင်ပင်နားက ပြောင်နေတဲ့ ကွက်လပ်ထမီးလောင်သွားတဲ့ အိမ်ဟောင်းရဲ့နေရာလေ၊ အဲဒီညောင်ပင်ရဲ့ အမြစ်ကိုသွေးပြီး မျက်စိမှာကွင်းပြီးလိမ်းရင် ညဘက်မှာ နာနာဘာဝတွေ အားလုံးကို တွေ့ရတယ် ကောင်းကျော်ရဲ့ . . ."

စကားကောင်းပြောရင်း၊ ပြောင်ရင်း၊ နောက်ရင်းကပဲ ဇာတိပြလာတယ်။ ကျောမလုံချင်တာနဲ့ နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။ ပုလဲဝေက ခြံဝအထိတော့ လိုက်ပို့ရှာတာ။

စိတ်ထဲမှာ မသန့်တာနဲ့ ပုလဲဝေရဲ့ သနပ်ခါးနံ့ကို အားပါးတရ အရသာခံခွင့် မရခဲ့ပါဘူး။

(၇)

"မုန်းတဲ့သူကိုရော ချစ်တဲ့သူကိုပါ အပင်းသွင်းလို့ရတယ်၊ ပြုစားလို့





www.burmeseclassic.com

ယ် ကောင်းကျော်" ဟု တိုးမြင့်က ပြောတယ်။

"မင်းကိုချစ်လို့ ပြုစားထားပြီ၊ ဒါတော့ တကယ့်ကို တမ်းတမ်းစွဲ နေပြီ" ဟု လှဦးက ပြောပြန်တယ်။

စိတ်ထဲမှာ မသိုးမသန့်ဖြစ်ပေမယ့် ပုလဲဝေနဲ့တော့ အခင်အမင်မပျက် သံယောဇဉ်ဖွဲ့ဖြစ်တယ်။

ဒီကြားထဲမှာ ပုလဲဝေနဲ့ မတည့်တဲ့ ဆရာတစ်ယောက် အလုပ်ပြုတ်သွားတယ်။ ပုလဲဝေနဲ့ရန်ဖြစ်တဲ့ ကျောင်းသူတစ်ယောက်လည်း အမည်ဖော်လို့ မရတဲ့ ရောဂါတွေဖြစ်ပြီး ကျောင်းထွက်နိုင်အောင်ကို ဖြစ်သွားခဲ့တယ်။

ကျွန်တော်ကလွဲပြီး အားလုံးကတော့ ပုလဲဝေတို့သားအမိ စုန်းတိုက်၊ နတ်တိုက်တာလို့ ပြောကြဆိုကြတယ်။

ဒီလိုနဲ့ပဲ ဆယ်တန်းစာမေးပွဲ ဖြေကြတယ်။ စာမေးပွဲခန်းထဲကို နေ့တိုင်း ဆောင်တွေ ယူလာတယ်။ စာမေးပွဲ ပြီးခါနီးမှာလည်း မျက်စိမှိတ်ပြီး ရွတ်ဆို ဖတ်တာကို ကိုယ်တိုင်တွေ့ခဲ့ရတယ်။

(၈)

လှဦးတို့၊ တိုးမြင့်တို့ ဆယ်တန်း ကျန်ခဲ့ပေမယ့် ကျွန်တော်နဲ့ ပုလဲဝေတို့ တက္ကသိုလ် အတူတူတက်ဖြစ်တယ်။

တက္ကသိုလ်တက်ကြတော့လည်း ဒေါ်သူဇာဟာ ဆံပင်ဖရိုဖရဲ၊ အဝတ်အစား စိုရိုးဖားရား၊ ဖဲထီးအနက်ကြီးကို ချိုင်းကြားညှပ်ပြီး အရင်လို အကြိုအပို့ လုပ်တယ်။

အထက်တန်းတုန်းက ကိစ္စမရှိပေမယ့် တက္ကသိုလ်ရောက်တော့ ပုလဲအတွက် အတော်လေး ရှက်စရာဖြစ်မယ် ထင်ရဲ့။

"ပုလဲဝေကို ကူညီပါလား . . ကောင်းကျော်"

"ဘာများလဲ ပုလဲဝေ"

"တခြား မဟုတ်ဘူး၊ အမေ ကျောင်းကြိုပို့လုပ်နေတာကို ပြောပေးဖို့ပါ၊ ကောင်းကျော်သာ အာမခံရင် အမေ စိတ်ချမှာ သေချာတယ်"

ပုလဲဝေရဲ့ဒုက္ခကို ကိုယ်ချင်းစာပြီး ကတိပေးပြီးမှ ဒေါ်သူဇာနဲ့ ဖြစ်ပါ့မလားလို့ စိုးရိမ်မိသေးတယ်။ တကယ်တမ်း စကားပြောကြည့်မှ သက်ပြင်းမောကို ခိုးချဖြစ်တယ်။

"အမေလဲ ပင်ပန်းပါတယ်၊ ကောင်းကျော်တစ်ယောက်လုံး အနားမှာရှိပြီး အတူသွား အတူပြန်နေတော့ ပူစရာ မလိုဘူးလေ"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ပုလဲဝေကို ဒေါ်ဒေါ့်ကိုယ်စား ကျွန်တော် စောင့်ရှောက်ပေးမှာပါ"

"ဒါဆိုလဲ ပြီးရော၊ အမေ. . . မနက်ဖြန်ကစပြီး ငါ အကြိုအပို့ မလုပ်တော့ဘူး"

ဒေါ်သူဇာကိုယ်စား စောင့်ရှောက်ဖို့ ကတိပေးပြီး နောက်ပိုင်းမှာပဲ ကျွန်တော်နဲ့ ပုလဲဝေတို့ ချစ်သူတွေ ဖြစ်သွားကြတယ်။ ပုလဲဝေကလည်း တက္ကသိုလ်ကျောင်းသူဖြစ်ပြီး ပြင်တတ်ဆင်တတ်လာတော့ ပိုလှပြီး စိတ်မချနိုင်တာလည်း ပါတာပေါ့။

(၉)

"သား . . . ဟိုဘက်ရပ်ကွက် ခြံကျယ်ကြီးမှာနေတဲ့ ကောင်မလေးနဲ့ ချစ်သူတွေ ဖြစ်နေကြတယ်ဆို၊ သမီးရော အမေပါ စုန်းအတတ် မှော်အတတ်မှာ တစ်ဖက်ကမ်းခတ်ပဲလို့ နာမည်ကြီးနေတာ မဟုတ်လား"

ကျွန်တော့်ဖေဖေ တရားသူကြီးမင်းက မေမေ့စကားကြောင့် မျက်လုံးပြူးသွားတယ်။

"မင်းဟာ ဟုတ်ရော ဟုတ်ရဲ့လား၊ မရှိခိုးနိုး မလှစုန်းနိုး၊ ထင်ရာမြင်ရာတွေ ပြောနေတာလားကွာ"

"ကျွန်မ သေချာစုံစမ်းထားတာ၊ မရှိလို့ မချမ်းသာလို့ စာရိတ္တကောင်း မျိုးရိုးကောင်းရင် ဘာအကြောင်းလဲ၊ အခုတော့ မရှိလဲမရှိသေး၊ မကောင်းတဲ့ အတတ်ပညာတွေနဲ့ ပျော်မွေ့နေတဲ့ အသိုင်းအဝိုင်းနဲ့တော့ သားလေးကို လုံးဝ အဖြစ်မခံနိုင်ဘူး"

"ကဲ . . . သား၊ သားက ဒီကိစ္စတွေအတွက် ဘာမှ ဖြေရှင်းချက်မပေးဘဲ ဘာလို့ ငြိမ်နေရတာတုန်း"

ရှေ့နေများ၊ အမှုသည်များနှင့် ရက်ရှည်လများ နေလာခဲ့သော မေမေက စူးစမ်းသလို မေးခွန်းထုတ်တယ်။ ကျွန်တော်ကိုယ်တိုင်က ငြင်းဖို့ ခွန်အားတွေ မဲ့နေခဲ့တယ်။

(၁၀)

"မောင် ဘာလို့ ဒီရက်ပိုင်းမှာ မှိုင်နေရတာလဲ၊ ဘာလဲ၊ ပုလဲနဲ့တွဲရတာ ငြီးငွေ့ပြီး နောက်တစ်ယောက် ပြောင်းချင်လို့များလား"

ပုလဲဝေကို စတွေ့ပြီး ခင်မင်သံယောဇဉ်ဖြစ်တယ်။ ပြီးတော့ ရင်းနှီးလွန်းတဲ့ ချစ်သူတွေဘဝကို ရောက်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော် ကြားထား၊ သံသယရှိထားခဲ့တာတွေကို တစ်ခွန်းမှ မမေးခဲ့၊ မပြောခဲ့ဘူး။ အခု အခြေအနေမှာတော့ ပွင့်လင်းဖို့ လိုလာတယ်။

"ပုလဲ တစ်ယောက်တည်းကိုပဲ ချစ်ခဲ့ သံယောဇဉ်ဖြစ်ခဲ့တာ၊ ကျောင်းပြီးရင်လဲ မိဘတွေကိုဖွင့်ပြောပြီး လက်ထပ်ဖို့ ရည်စူးပြီးသား"

"ဒါဆို မောင် ဘာလို့ မှိုင်နေရတာလဲ၊ မောင့် မိဘတွေက ပုလဲနဲ့ သဘောမတူဘူး ပြောလို့လား"

"မောင် ပွင့်ပွင့်လင်းလင်းပဲ မေးရတော့မယ်၊ ဟိုး အရင်ကတည်းက လူတွေ ပြောကြ ဆိုကြလို့ မောင် ကြားခဲ့ သိခဲ့တယ်။

ဒါပေမယ့် ပုလဲကို ဖွင့်မမေးရက်ခဲ့ဘူး၊ အခုတော့ မေမေက ပုလဲတို့အကြောင်းကို စုံစမ်းပြီး သိသွားပြီ၊ ဟိုလေ ပုလဲတို့သားအမိက စုန်းကဝေနဲ့ ပတ်သက်ပြီး ပြုစားတာတို့၊ ဖမ်းစားတာတို့မှာ နာမည်ကြီးတဲ့ကိစ္စလေ"

www.burmeseclassic.com

"မောင့်မေမေက ပတ်ဝန်းကျင်ရဲ့ စကားတွေကို ယုံလို့ မောင် စိတ်ညစ်ရတာလား၊ ပုလဲ ရှင်းပြမယ်၊ ဒါပေမယ့် အမေကိုယ်တိုင်ပြောမှ ပို သဘာဝကျမယ် မောင်"

ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဒေါ်သူဇာက ရှင်းပြမယ်တဲ့။ သေသေချာချာ သိရဖို့အတွက် ချက်ချင်းပဲ ပုလဲဝေတို့အိမ်ကို လိုက်ဖြစ်တယ်။

(၁၁)


ဘုရားခန်းရှေ့မှာပဲ သုံးယောက်သား ထိုင်ဖြစ်တယ်။ တိုးမြင့်တို့ ပြောသလို၊ လူတွေပြောကြသလို ဘာ ကဝေရုပ်၊ မကောင်းဆိုးဝါးရုပ်တွေ ရှိမနေဘူး။ ကျွန်တော်တို့တွေ အိမ်မှာလို ဘုရားခန်းမှာ ကိုးကွယ်ထားတဲ့ နတ်ရုပ်တစ်ရုပ်တောင် ရှိမနေဘူး။ တကယ့်ကို ရှင်းရှင်းလင်းလင်းပဲ။

"သမီးလေး ငါးနှစ်သမီးမှာပဲ အိမ်အပောင်း မီးလောင်တယ်၊ ရုတ်တရက်ကြီးဆိုတော့ အိပ်ခန်းထဲမှာ အိပ်မောကျနေတဲ့ သမီးလေးကို သတိမရကြဘူး၊ သတိရတော့ မီးက အတော်များနေပြီ၊ ဒေါ်ဒေါ်ရော သမီးလေးအဖေပါ မီးထဲတိုးဝင်ပြီး ပြေးကယ်ကြတယ်၊ အိမ်ပေါ်က ပြန်အဆင်းမှာ ဘာသတိရလို့လဲ မသိဘူး၊ သမီးလေးကို ဒေါ်ဒေါ့်လက်ထဲထည့်ပြီး အပေါ်ပြန်တက်သွားတယ်၊ မီးစွဲနေတဲ့ အိမ်ကြီးပြိုကျတာပဲ သိလိုက်ရတော့တယ်၊ သမီးလေးအဖေ ဆုံးသွားတယ်၊ ဒေါ်ဒေါ့်မျက်နှာလည်း မြင်မကောင်းအောင် ဖြစ်သွားခဲ့တယ်၊ သမီးလေးကတော့ ဘေးမသီ ရန်မခခဲ့ဘူး"

ရှိနေတဲ့သံသယတွေက တဖြည်းဖြည်း လွင့်ပါးလာတော့တယ်။ ပုလဲဝေကတော့ ဘာမှဝင်မပြောဘဲ ပြုံးပြီး နားထောင်နေတယ်။

"တိုက်ဆိုင်တာတွေကနေ စုန်းမ၊ ကဝေမ သမုတ်ကြတယ်၊ ပထမတော့ ဖြေရှင်းပါသေးတယ်၊ နောက်တော့ မုဆိုးမ ဘဝနဲ့ သမီးလေးကို အကာအကွယ်ပေးနိုင်တာ ဒီအချက်ပဲဆိုတာ သိပြီး ရောယောင်ပြီး နေလိုက်တယ်၊ ဒီလို လူပြောသူပြောများမှ သမီးလေးကို ဘယ်သူမှ မထိရဲမှာ မဟုတ်လား။

ဒေါ်ဒေါ် အဲဒီ စုန်းကဝေကိစ္စကို လုံးဝစိတ်မဝင်စားဘူး၊ ဗုဒ္ဓရဲ့ ထေရဝါဒကိုပဲ ယုံတယ်၊ သမီးလေးအတွက် စိတ်ချရရင် ဒီခြံကြီးကိုရောင်းပြီး လက်ဖွဲ့ပေးလိုက်မယ်၊ ဒေါ်ဒေါ်ကတော့ ကမ္ဘာ္ဌာန်းကျောင်းမှာ ကိုယ်ပိုင်အဆောင်လေး ဆောက်ပြီး ရာသက်ပန် တရားအားထုတ်တော့မှာပါ"



ဒေါ်သူဇာ ပြောပြတာတွေကို ဖေဖေနှင့် မေမေတို့ နားနဲ့ဆတ်ဆတ်ကြားစေချင်တယ်။ ဒီအတိုင်းဆိုရင်တော့ သံသယတွေ လုံးဝကင်းပြီး ပုလဲဝေနဲ့ ရာသက်ပန် အတူနေနိုင်တော့မယ်။

အားလုံးကိုရှင်းပြပြီး ဒေါ်သူဇာ ထွက်သွားတော့မှ . . .

"ဒါဆို ဆရာ ကျောင်းကထွက်တာရော၊ ဟိုတစ်ယောက် နေမကောင်းဖြစ်တာပါ ပုလဲနဲ့မဆိုင်ဘူးပေါ့" လို့ မေးဖြစ်တယ်။ ပုလဲဝေက ခေါင်းညိတ်တယ်။

"တစ်ခုရှိသေးတယ်၊ ဟိုညောင်မြစ်ကို သွေးလိမ်းရင် မကောင်းဆိုးဝါးတွေ မြင်ရတယ်လို့ ပြောတာကော" လို့ မေးတော့ . . .

"အဲဒါ ကြားဖူးနားဝ စကားနဲ့ မောင့်ကိုနောက်ချင်တာ" လို့ ဖြေတယ်။

"တစ်ခုတော့ရှိတယ် မောင်ရဲ့၊ ပုလဲက မောင့်ကို ဖမ်းစားတာတော့ ဟုတ်တယ်"

"အားလုံး သံသယ ကင်းနေ ပုလဲက အတည်ပြောနေသေးတယ်"

"ဟုတ်တယ်လေ၊ တကယ် ဖမ်းစားခဲ့တာပဲ၊ မောင် တစ်သက်လုံး ပုလဲအနားမှာနေနိုင်ဖို့ အချစ်နဲ့ ဖမ်းစားခဲ့တာလေ"

အချစ်ကဝေလေးကို သိမ်းကျုံးပြီး နာနာလေး ပွေ့ဖက်လိုက်တယ်။

"အမေမြင်ရင် မကောင်းဘူး" လို့ ပုလဲဝေ ပြောပေမယ့် လွှတ်မပေးဘူး။ မကြာခင် ကာလအတွင်းမှာ ပုလဲဝေက ကျွန်တော့်ရဲ့ အိမ်သူသက်ထားဖြစ်တော့မှာ မဟုတ်လား။

မောင်ညိုအေး(ပန်းတော

❐



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပူပြင်းသည့်နေ့ဒဏ်ကို ထီးဖြင့် အံတုရင်း လျှောက်လှမ်းလာသည့် ကျွန်တော့်ခြေလှမ်းများက သွက်လက်နေသည်။ သို့သော် ညာဘက်ဒူးက ခပ်နာနာ၊ မျက်လုံးများက ခပ်ဝါးဝါးဖြစ်နေပေမယ့် အရေးမထားခဲ့သူက ကျွန်တော်။

ဒီကနေ့ မနက်ခင်း မဂ္ဂဇင်းတိုက်ရောက်အပြီး ဆရာမောင်ညိုပြာက ကျွန်တော့်ထံ ဖုန်းဆက်ခဲ့သည်။

"ကိုဝေလွှင် စာမူရပြီ၊ အဲဒါ လာယူလှည့်ပါ"

သည်သို့ အမှာစကားကြောင့် ဆရာမောင်ညိုပြာရှိရာ မဂ္ဂဇင်းတိုက်ကို ထွက်ခဲ့ခြင်း။ ကျွန်တော်က (ရသမြို့ မဂ္ဂဇင်း)မှာ စာပြင်အယ်ဒီတာ၊ ပြီးတော့ ဖြန့်ချိရေး၊ နောက် နာမည်ကြီးစာရေးဆရာကြီးတွေ၊ ဆရာမတွေဆီ စာမူတောင်း၊ မဂ္ဂဇင်းထွက်ရင် လက်ဆောင်စာအုပ်နှင့်စာမူခသွားပို့။ ဒါက ကျွန်တော့်အလုပ်။ ကျွန်တော့်တာဝန်။

အဲ- ဆရာမောင်ညိုပြာဆိုတာက အလင်းသစ်မဂ္ဂဇင်းကြီးရဲ့တာဝန်ခံအယ်ဒီတာ။ ပြီးတော့ ဂျာနယ်တစ်စောင်မှာလည်း တာဝန်ယူထားရသည့်လူ။ အလုပ်များ၊ တာဝန်များပြီး ခေါင်းစားရသည့်ဆရာ။ ဒါတွေကိုသိပေမယ့် ကျွန်တော့်အနေနှင့် နာမည်ကြီးဆရာမောင်ညိုပြာရဲ့စာမူကို လိုချင်သည်။ ကျွန်တော်တို့မဂ္ဂဇင်းမှာ သုံးချင်သည်လေ။ ဒါကြောင့်လည်း လွန်ခဲ့သည့် ငါးရက်က ဆရာ့ထံဝင်ရင်း စာမူတောင်းခဲ့သည်။

"လုပ်ပါ ဆရာရယ်နော်၊ ဝတ္ထုတိုတစ်ပုဒ်လောက်တော့ ချီးမြှင့်ပေးပါဦး"

အောက်ကျို့ပြောရင်း တောင်းခဲ့သည့် ကျွန်တော်။ ကျွန်တော်တို့မဂ္ဂဇင်းမှာ အရင်လတွေတုန်းက ဆရာမောင်ညိုပြာရဲ့ဝတ္ထုတိုနှစ်ပုဒ်နှင့် ကဗျာသုံးလေးပုဒ် သုံးဖူးသည်လေ။

"အင်း- ကျွန်တော့်မှာ ရေးချိန်က သိပ်မရှိဘူးဗျာ၊ ကိုဝေလွှင်သိတဲ့အတိုင်း မဂ္ဂဇင်းကိစ္စရော၊ ဂျာနယ်ကိစ္စရော၊ ပြီးတော့ လုံးချင်းကိစ္စတွေရော ဆိုတော့၊ အင်းလေ ကျွန်တော်ကြိုးစားပြီး ရေးကြည့်ပါဦးမယ်၊ ဟုတ်ပြီလား"

"ကျေးဇူးပါပဲ ဆရာ"

ကျွန်တော် ဝမ်းသာခဲ့သည်။ ဆရာ့ထံက စာမူရမည်ကိုး။ ယခုတော့ စာမူရပြီတဲ့လေ။ ဆရာပြောသလို ဆရာက လုံးချင်းမှာလည်း နာမည်ရပြီးသား၊ ပရိသတ် ရှိပြီးသား။ ဒီတော့ ဆရာ့ဝတ္ထုပဲဖြစ်ဖြစ်၊ ကဗျာပဲဖြစ်ဖြစ် တန်ဖိုးထားခဲ့သူက ကျွန်တော်. . .။

ဒါကြောင့် ဆရာ့ထံ အလာ ပူပြင်းသည့်နေပူဒဏ်ကို အန်တုရင်းနှင့် ဆရာတို့တိုက်အတွင်းဝင်ခဲ့သည်။ အရန်သင့် တွေ့ရသည့် ဆရာမောင်ညိုပြာက ပြုံးနေသည်။

"ဒီမှာ စာမူ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်နှင့် ဆရာမောင်ညိုပြာ စကားပြောရင်း အချိန်လင့်သွားသည်။ ပြီးတော့ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှအထွက်၊ ပေးလာသည့်ဝတ္ထုအကြောင်းပြော။ ပြီးတော့ ကျွန်တော်တိုက်ကိုပြန်ခဲ့သည်။ တိုက်ရောက်တော့ အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာကို အကျိုးအကြောင်းပြောလိုက်သည်။

"ဟုတ်လား၊ ဆရာမောင်ညိုပြာရဲ့စာမူအတွက် သရုပ်ဖော်အပ်လိုက်လေ"

"ဟုတ်ကဲ့"

ကျွန်တော့်အနေဖြင့် နောက်ရက်မှာတော့ ဆရာ့စာမူကိုယူ၊ သရုပ်ဖော် ဆရာရန်နိုင်မောင်ထံ လာခဲ့ပြီး, ပုံအပ်ခဲ့သည်။ သုံးရက် ရက်ချိန်းပေးလိုက်သည်မို့ သုံးရက်မြောက်တွင် ဆရာရန်နိုင်မောင်ထံ သရုပ်ဖော်ပုံသွားယူသည်။ မဂ္ဂဇင်း ဖောင်ဖွဲ့ခါနီးတော့ ပြဿနာစလာသည်။

"ကိုဝေလွှင်"

"ဗျာ ဆရာ"

ခေါ်သူက တာဝန်ခံအယ်ဒီတာ။

"ဆရာမောင်ညိုပြာရဲ့ ဝတ္ထုက ကျွန်တော်တို့ ဒီလသွားမယ့်ဦးတည်ချက်နဲ့ အံ့မဝင်ဘူးဖြစ်နေတယ်၊ အဲဒါ. . ."

"ဟို သရုပ်ဖော်ပုံတောင် အပ်ပြီးပြီလေ၊ ဘာပြုလို့ မကြိုက်တာလဲ"

"ဒါက ကျွန်တော်တို့ဆန္ဒလေ၊ သရုပ်ဖော်ပုံအပ်ခိုင်းလိုက်တာလဲ မောင်ညိုပြာရဲ့ဝတ္ထုကို ကောင်းမယ်ထင်လို့၊ ခုတော့ အရေးအသားက တန်းမဝင်ဘူးဖြစ်နေတယ်၊ ဒီတော့ ပယ်လိုက်ပြီး သရုပ်ဖော်ခ ဆုံးချင် ဆုံးပါစေတော့၊ အင်း. . အစကတည်းက ဖတ်မကြည့်လိုက်တာ ကျွန်တော်တို့အမှားပဲ"

ကျွန်တော် ဘာမျှ မပြောလိုတော့။ ရင်ထဲမှာတော့ အောင့်သွားသည်။ နာသွားသည်။ ပြောရက်လိုက်တာဟု ထင်မိသည်။ ဆရာမောင်ညိုပြာဆိုတဲ့ ကလောင်တစ်ချောင်းရဲ့ တန်ဖိုးကို အလေးမထားတော့ဘူးလား။

ကျွန်တော့်မှာကလည်း စာပြင်အယ်ဒီတာသာဖြစ်သည်မို့ စာမူတွေကို ရွေး/ပယ် ပိုင်ခွင့်ကမရှိ။ အယ်ဒီတာချုပ်နဲ့တာဝန်ခံအယ်ဒီတာကသာ ရွေး/ပယ် လုပ်ကြသည်လေ။

"ကျွန်တော်ပြန်ပေးလိုက်ပါ့မယ်"

ညနေရောက်တော့ ဆရာမောင်ညိုပြာထံသွား၊ မူရင်းနှင့် စာရိုက်ပြီးသား စာမူကိုပေးရင်း . . .

"ဆရာ၊ ကျွန်တော့် အပြစ်ပါ ဆရာရယ်. . . နော်၊ ဒီစာမူကိုအကြိုက်နည်းလို့တဲ့၊ အဲဒါ. . ."

"ရပါတယ် ကိုဝေလွှင်၊ ကိုဝေလွှင်မှာ အပြစ်မရှိပါဘူး၊ နားလည်ပြီးသားပါ၊ ဟန်ကျတာပေါ့၊ ဒီစာမူကို ကျွန်တော့်မဂ္ဂဇင်းမှာ သုံးလိုက်ပါ့မယ်"

တော်ပါသေးသည်။ ဆရာမောင်ညိုပြာ စိတ်တော့မဆိုး၊ သို့သော် ဆရာ့ ရင်ထဲမှာတော့ ကျွန်တော်နှင့်ထပ်တူ ဒေါသဖြစ်၊ ခံစားကြေကွဲရမည်က အမှန်။ ရှက်သွားမည်က အမှန်။ သူ့သိက္ခာချရသလားဆိုပြီး အသံတိတ်ကြေကွဲနေမည်ကလည်း အမှန်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာ ပြောသလို ထိုဝတ္ထုက ဆရာ့မဂ္ဂဇင်းမှာပါလာပြီလေ။

◆

အမှတ်မရှိသော ကျွန်တော်၊ အမှတ်သည်းခြေနည်းသော ကျွန်တော်၊ စာမူရွေးဗယ်ခွင့် မရှိမှန်း သိပါလျက်ကယ်နှင့် ကျွန်တော် နောင်တမရသေးသည်လား မပြောတတ် . . .။

"ဆရာ ဒီတစ်ခါ တကယ်သုံးမှာပါ၊ အရင်တစ်ခါ တစ်လချင်းသွားတဲ့ ဦးတည်ချက်နဲ့မကိုက်လို့ မသုံးဖြစ်တာပါ ဆရာ၊ ဝတ္ထုတစ်ပုဒ်တော့ပေးပါဦး"

"ရပါတယ် ကိုဝေလွင်"

ဖုတ်ပူမီးတိုက် ပြောနေသည့် ကျွန်တော့်စကားအဆုံး ဆရာမောင်ညိုပြာက ခပ်အေးအေး အဖြေပေးလာသည်။ တောင်းသူကတောင်း၊ ပေးသူက ပေးမည်ဆိုတော့ အဆင်ပြေသွားသည်။ တကယ်တော့ အရင်တစ်ပုဒ်တုန်းက ပယ်လိုက်လို့ မကျေနပ်သည့်အနေနှင့် ဒုတိယအကြိမ်တောင်းခဲ့သည့်ကျွန်တော့်ဆန္ဒ . . .

နှစ်ရက်အကြာ ဖုန်းဆက်ခေါ်သည်။ ဝတ္ထုရေးပြီးသွားပြီတဲ့။ ဒီတော့ တာဝန်ခံအယ်ဒီတာကိုပြော၊ ပြီးတော့ ဆရာမောင်ညိုပြာဆီလာ. . .

"ဒီဝတ္ထု ကိုယ့်ဘဝအကြောင်း ရေးခဲ့တာပဲ၊ အရင်ပယ်တဲ့ဝတ္ထုတုန်းက အချစ်ဝတ္ထုဆိုတော့ ခုက ဘဝသရုပ်ဖော်လေ၊ ကိုယ့်ဘဝကို အခြေခံ ရေးထားတာ"

"ဟုတ်ကဲ့ဆရာ"

"ကိုဝေလွင်လိုပဲ၊ နယ်ကနေ တက်လာတယ်၊ စာပေနယ်ကို ခြေချခဲ့တယ်၊ စာပေနယ်ကို ချစ်လွန်းလို့ ကျောင်းဆရာဘဝကနေ ထွက်ခဲ့တာ၊ ရန်ကုန်ရောက်လာပြီး စာပေနယ်ကို ကျင်လည်ခဲ့တဲ့ အကြောင်းပေါ့"

ဆရာမောင်ညိုပြာက သူ့စာမူကို တိုင်ရင်း ပြောနေသည်။ တကယ်တော့ တက္ကသိုလ်နောက်ခံဝတ္ထုတွေ၊ ကဗျာတွေနှင့် နာမည်ကြီးခဲ့သည့်ဆရာ။ ဘဝ သရုပ်ဖော်ကိုမြတ်နိုးခဲ့သည့် ဆရာ။

"ဒါပေမဲ့ ကိုဝေလွင် စဉ်းစားကြည့်လေ၊ ကိုယ်ချစ်တဲ့မိသားစုက ရွာမှာ၊ ကိုယ်က ရန်ကုန်မှာ၊ အဲသလို ဝါသနာကြောင့် ဝေးကွာနေရတဲ့ သောကတွေကို စာပေနဲ့ကုစားရင်း မေ့နိုင်အောင် ကြိုးစားပေမယ်လို့ မေ့မရတဲ့အကြောင်းလေးကိုရေးထားတာ၊ ရော့. . ."

ဆရာမောင်ညိုပြာက သူရေးခဲ့သည့်ဝတ္ထုအကြောင်း ပြီးအောင်မပြောဘဲ၊ စာမူကို ကျွန်တော့်လက်ထဲပေးသည်။ ကျွန်တော်ယူသည်။ အရင်တစ်ပုဒ် ပယ်ခဲ့ပေမယ့်လည်း စေတနာထားပြီး ကြိုးစားရေးပေးခဲ့သည့် ဆရာ့နားလည်မှုကို ထပ်ဆင့် နားလည်ပေးရင်း ကျေးဇူးတင်နေသူက ကျွန်တော်။

တိုက်ရောက်တော့ အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာဆီ စာမူမအပ်သေး။ ဆရာမောင်ညိုပြာရဲ့စာမူကို အရင်ဖတ်သည်။ စာမူအမည်က "ကြွေကွဲနှလုံးသားရဲ့ ငိုရှိုက်သံ"တဲ့။

ဝတ္ထုက ဆရာပြောခဲ့သလို စာပေဝါသနာပါလွန်းပြီး စာရေးဆရာဖြစ်ရမည်ဆိုတဲ့ ခံယူချက်ထား၊ ပြီးတော့ ကျောင်းဆရာအလုပ်ကထွက်၊ ချစ်ဇနီးနှင့်သားသမီးကို ရွာမှာပစ်ထားခဲ့ပုံ၊ ဝတ္ထုတွေ၊ကဗျာတွေရေးခဲ့ပုံ၊ မဂ္ဂဇင်းတိုက်တွေ လှည့်ပို့ခဲ့ပုံ၊ မဂ္ဂဇင်းတိုက်တစ်ခုမှာ စာပြင်အယ်ဒီတာလုပ်ခဲ့ပုံ၊ အယ်ဒီတာလုပ်ရင်းနှင့် အခက်အခဲ တွေ့ပုံတွေ အပြင်၊ မိသားစုအပေါ် လွမ်းသည့် အလွမ်းများအကြောင်း၊ မိသားစုအချစ်နှင့်၊ မိမိချစ်သောဝါသနာတို့ အားပြိုင်ခဲ့ပုံများကို တနင့်တပိုးရေးထားသည်က ရသမြောက်ပါဘိတော့. . .။

ဆရာ့ဝတ္ထုဖတ်ရင်း ကျွန်တော့်ရင်မှာ တုန်ခါနေသည်။ ဘေးလူတွေ မမြင်သာအောင် ကျချင်ချင် ဖြစ်နေသည့် မျက်ရည်စ ဝေ့သီနေသည်ကို လက်နှင့်တို့မိသူက ကျွန်တော်။ ဆရာ့ဝတ္ထုက ဆရာ့အဖြစ်အပျက်ကို အခြေခံထားတာ မှန်သော်လည်း၊ ကျွန်တော့်ဘဝနှင့်ပါ ထပ်တူကျနေသည်ကိုး။

ဪ- ဆရာကလည်း ဝါသနာကြောင့်၊ ကျွန်တော်ကလည်း ဝါသနာကြောင့်။ ဝေး ဝေး ဝေး မိသားစုနှင့် ဝေးဝေးနေခဲ့ကြရသည်လေ။

ကျွန်တော့်မှာလည်း မိသားစုကို ပစ်၊ ဆွေမျိုးသားချင်းတွေကို ကျောပေးခဲ့ပြီး စာပေနယ်ကိုခြေချခဲ့သည်။ အစပိုင်းကတော့ ဝတ္ထုတွေရေး၊ မဂ္ဂဇင်းတွေ ပို့ရင်း ဝါသနာကိုဖြေသိမ့်ခဲ့သည်။ သို့သော် အသက်မွေးမချောင်ခဲ့။ နေဖို့နှင့် စားဖို့က မပူပင်ရပေမယ့် အပိုအလျှံဆိုတာမရှိ။ အရေးကြီးငယ်ရှိလို့ ရွာပြန်ချင်ရင်တောင်မှ လမ်းစရိတ်မရှိ။ ဇနီးက ငွေပေးလိုက်ပါဦးဆိုရင်တောင်မှ ငါးထောင်ပြည့်အောင် မပေးနိုင်သည့် အဖြစ်။ ဒီတော့ စဉ်းစားရပြီ။

ရွာမှာက ဇနီး၊ သမီးကြီးနှင့် သားလတ်၊ သားအငယ်ဆုံး တို့ရှိသည်လေ။ သမီးကြီးနှင့်ဇနီး ရက်ကန်းရက်ကြ။ သား လတ်က ဆယ်တန်း။ အငယ်ဆုံး သားထွေးက မူလတန်း။ ဒီတော့ မပြည့်တဲ့အိုးဆိုတာတော့ ဘောင်ဘင်ခတ်စမြဲပဲလေ။ မပြည့်စုံတဲ့ဘဝဆိုတာကလည်း ပူလောင်ပြီး လိုအပ်ချက်တွေရှိစမြဲပဲ မဟုတ်ပါလား။

ဒီတော့ နောက်ပိုင်း လက်ရှိမဂ္ဂဇင်းမှာ စာပြင်အယ်ဒီတာဝင်လုပ်ခဲ့ပြီး ရတဲ့လစာလေးကို ခြစ်ခြုတ်စုပြီး အနည်းအကျဉ်း ပို့ပေးနေရသည့် ကျွန်တော့် ဘဝ။ သားလတ်ရဲ့ ကျူရှင်ခ၊ ကျောင်းစရိတ်ကုန်ကျငွေ၊ အဝတ်အစားဖိုး ကိုယ့်ဘဝအဖြစ်ဆိုးကို အကျဉ်းချုပ်တွေးရင်း ဆရာမောင်ညိုပြာရဲ့စာမူကို တာဝန်ခံအယ်ဒီတာဆီ ပေးလိုက်သည်။

"ဆရာအောင်သူရ၊ ဆရာမောင်ညိုပြာ့စာမူ ရလာတယ်"

"ထားခဲ့လေ"

"ဟုတ်ကဲ့"

တာဝန်ခံအယ်ဒီတာ စားပွဲပေါ်တင်ထားလိုက်သည်။

www.burmeseclassic.com

ဒီတစ်ခါတော့ ရသမြောက်စာမူ ဖြစ်နေ၍ ပယ်စာရင်းထဲတော့ မပါနိုင်ပါဘူးလို့တွေးရင်း ကျွန်တော် ကျေနပ်နေမိတော့သည်။ ရွှေလအတွက် စာမူတွေကိုလည်း အသည်းအသန်လုပ်နေကြပြီ။ ကဗျာတွေ၊ ကာတွန်းတွေ၊ ဆောင်းပါးတွေ၊ ဝတ္ထုတွေပြီးခါနီးနေပြီ။

ကျွန်တော်ကတော့ ကွန်ပျူတာစီပြီး စာမူများကိုဖတ်၊ သတ်ပုံတွေပြင်။

စိတ်က မိသားစုဆီမှာ ကူးချည်သန်းချည်နှင့် အံပြန်ပြန်အလှန်လှန်။ ဆရာမောင်ညိုပြာရဲ့ (ကြေကွဲနှလုံးသားရဲ့ငိုရှိုက်သံ) ဝတ္ထုထဲက အပြောတွေ၊ အရေးတွေက ကျွန်တော့်နှလုံးသားကို တုန်ခါနေဆဲ။

♦

"ကိုဝေလွင့်ကို ပြောထားတယ်လေ၊ တောင်းခိုင်းတဲ့ စာရေးဆရာကြီးတွေရဲ့ အမိကအရေးကြီးတဲ့စာမူကိုသာ တောင်းပါလို့ ပြောခဲ့တယ် မဟုတ်လား"

"ဗျာ"

တာဝန်ခံအယ်ဒီတာကပြောရင်း ဆရာမောင်ညိုပြာရဲ့ မူရင်းစာမူကို ကျွန်တော့်စားပွဲပေါ် ပစ်တင်လိုက်သည်။ အရင်တစ်ခါတုန်းက ကွန်ပျူတာစီပြီးမှပယ်၊ ယခု မစီခင် ဖတ်ပြီးတော့ပယ်။

ကျွန်တော့်ရင်ထဲနင့်သွားသည်။ စာမူကိုကောက်ယူလိုက်သည်။ တကယ်တော့ ကျွန်တော်တို့မဂ္ဂဇင်းမှာတောင် စာမူက အမိက။ ကောင်းကောင်း၊ မကောင်းကောင်း ကလောင်အမည်အသုံးချပြီး သုံးပါသည်။ အဲ ဆရာမောင်ညိုပြာကိုတော့ တောင်းတဲ့စာရင်းထဲမပါတာတော့ အမှန်။ သို့သော် သူတို့တောင်းခိုင်းသည့် ဆရာကြီးတွေနှင့် တန်းတူယှဉ်ပြေးနေသည့် ဆရာတစ်ဦးဖြစ်သည်ဆိုတာတော့ သိယာန်မတူ။

"ကျွန်တော် နားလည်ပါတယ် ဆရာအောင်သူ၊ ဆရာညိုပြာစာမူဆိုတာ ရခဲပါတယ်၊ လက်ရှိထွက်နေတဲ့ ဘယ် မဂ္ဂဇင်းကပဲဖြစ်ဖြစ် ဆရာ့စာမူကို ပယ်တယ်၊ မသုံးဘူးဆိုတာ မရှိပါဘူး"

"ဒါကတော့ ဒို့ပြင်မဂ္ဂဇင်းတွေကတော့ ဟုတ်ချင်ဟုတ်မယ်လေ၊ ကျွန်တော်တို့ကတော့ မကြိုက်ရင် မသုံးနိုင်ဘူး"

တာဝန်ခံအယ်ဒီတာက ပြောလာသည်။ တကယ်ဆိုရင် ကျွန်တော့်ကို အားမနာရင်တောင်မှ ဆရာမောင်ညိုပြာ့အရှိန်အဝါ၊ စာပေသက်ကိုကြည့်ပြီး သုံးသင့်သည်။ ယခုတော့ ပယ်ပြီတဲ့။ ဒီဝတ္ထုက ဒုတိယအကြိမ်။

ပြောပိုင်ခွင့်မရှိသော ကျွန်တော်၊ လုပ်ပိုင်ခွင့်မရှိခဲ့သော ကျွန်တော်၊ ဘာတတ်နိုင်မည်နည်း။

ဘာလုပ်ရမည်နည်း။ ဆရာမောင်ညိုပြာ့ကို ဒီတစ်ခါ ဘယ်လိုရှင်းပြရမည်နည်း။ ဆင်ခြေဆင်လက် ဘယ်လိုပေးရမည်နည်း။ တွေးရင်းနှင့် ဇောချွေးတွေ ပြန်လာသူက ကျွန်တော်။

ဘာကြောင့် ပယ်တယ်ဆိုတာ မေးခွန်းမမေးချင်တော့။

တကယ်တော့ ဆရာမောင်ညိုပြာအတွက်နဲ့တင် ကျွန်တော် ရင်ခုန်ရင်တုန်ခဲ့တာမဟုတ်။ ဒီမဂ္ဂဇင်းဝင်ခဲ့ပြီးတဲ့နောက် လေးငါးဦးမက စာမူတွေပယ်ခဲ့ဖူး၍ ကျွန်တော်မျက်နှာပျက်ခဲ့ရသည်။ စိတ်မောလူမောဖြစ်ခဲ့ရဘူးသည်။ ဆရာသစ္စာမောင်တုန်းက ဝတ္ထုတိုတစ်ကြိမ်ပယ်၊ ဆရာမယဉ်ယဉ်ဌေးတုန်းက အင်္ဂလိပ်ဘာသာပြန်ဆောင်းပါးဆိုပြီးပယ်၊ ဆရာမြေလတ်လွမ်းနိုင်ရဲ့ကဗျာတုန်းက အချစ်ကဗျာဆိုပြီးပယ်၊ ဆရာခင်ဇော်ရဲ့ ဆောင်းပါးတုန်းက နိုင်ငံရေးပါလို့ဆိုပြီးပယ်၊ ဆရာမတက္ကသိုလ်ယဉ်မွန်ရဲ့ ဝတ္ထုတုန်းကလည်း မကြိုက်လို့ဆိုပြီးပယ်။

သူတို့က ပါးစပ်လေးနှင့်ပယ်ခဲ့သော စာမူတွေရဲ့အတိမ်အနက်၊ ဘယ်လောက် ကြိုးစားအားထုတ်ရေးထားခဲ့ရသည်ကို မသိလို့လား။ ကျွန်တော့်အနေနှင့်ကတော့ ဆရာ, ဆရာမတွေဆီသွား၊ ခင်မင်အောင်လုပ်ရင်း အောက်ကျို့ခံပြီး တကူးတကတောင်းခဲ့ရသည်ကို မသိလေရော့သလား။

ဟော ယခု ဆရာသစ္စာမောင်တို့၊ဆရာမယဉ်ယဉ်ဌေးနှင့် အခြားဆရာတွေဆိုရင် ကျွန်တော့်မခေါ်ရဲ မပြောရဲဖြစ်နေခဲ့တာ ဒီကနေ့အထိ။ လမ်းတွေ့ရင်တောင်မှ ကျွန်တော့်ကို နှုတ်မဆက်ချင်ကြ။ အတင်းအကျပ် လက်ဖက်ရည်သောက်ခေါ်တာတောင် မလိုက်ကြ။ သူတို့ကလည်း ဒေါသနှင့်၊ မာန်မာနနှင့်လေ။ သူတို့မှာ စာပေဒေါသရှိကြသည်။ စာပေမာန ရှိကြသည်လေ။ တကယ့် ဆရာကြီး၊ ဆရာမကြီးတွေကိုး။

"ဒီမယ် မောင်ဝေလွင်၊ ကိုယ့်မှာ လုပ်ပိုင်ခွင့်မရှိရင်၊ ဘယ်တော့မှ အာ... ခံပြီး ဘယ်ဆရာတွေဆီကမှ စာမူ... မတောင်းနဲ့၊ မောင်ဝေလွင်ပဲ နာမည် ပျက်လိမ့်မယ်၊ စေတနာနဲ့ပြောတာ"

"သူတို့တောင်းခိုင်းတဲ့လူတွေ... ကပဲ တောင်းပေ့၊ မောင်ဝေလွင်က ရွေး... ချယ်ပိုင်ခွင့်မရှိဘဲ တောင်း၊ စာမူမသုံး... ဖြစ်တော့ မျက်နှာပူရ ပြောရမယ်ဆိုရင်... မောင်ဝေလွင် နာကြည်းသွားလိမ့်မယ်... ရန်သူများသွားလိမ့်မယ်နော်၊ သတိထား..."

ဆရာကြီးတွေက သတိပေးခဲ့ကြ... သည်။ သူတို့ပြောတာမှန်သည်။

တောင်းတော့တောင်းပြီး စာမူ... ကိုမသုံးဖြစ်ဘူး၊ မကြိုက်ဘူးဆိုတာ... တော့ ကျွန်တော်တွေးရင်း ငိုင်နေ... သည်။ စာစစ်နေရသည်ကိုပင် စိတ်... မပါတော့။ ဒါပြင် ဆရာကြီးတွေရဲ့စာမူ... တွေ မသုံးဖြစ်ခဲ့တဲ့အဖြစ်က ကြာပြီ... လို့ ဖြေသာခဲ့ပေမယ့်၊ လက်ရှိဆရာ... မောင်ညိုပြာရဲ့ စာမူအတွက်ကတော့... ကျွန်တော် ဘယ်လို ရင်ဆိုင်ရမလဲ... ဘယ်လိုဖြေရှင်းရမလဲ။ မတွေးတတ်... သေး။ မတွေးရဲသေး။

"ငါ မှားတယ်၊ သိပ်ကိုမှားတယ်... ဆရာ့သိက္ခာကိုချသလို ဖြစ်နေပြီ၊ ဘာ... ကြောင့် ငါ့စာမူကိုပယ်ရတာလဲလို့ မေး... ခဲ့ရင် ဘယ်လိုဖြေရမလဲ၊ မေးမှာကတော့... အသေအချာပဲ၊ ဘယ်လိုဖြေရမလဲ"

ကျွန်တော် တွေးရင်း ငေးငိုင်...

♦





www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ကိုဝေလွင်ရယ်၊ ဒါက ...တ်တဲ့ သဘာဝတရားပါ။ ကိုယ့် ...လည်း အဲသလိုမျိုး ကြုံခဲ့ဖူးပါ ... မောင်ရင့်လိုပဲ စာပြင်အယ်ဒီတာ ...တယ်၊ ကိုယ်ကတော့ ဘယ်သူတွေ ...ရှိတယ်၊ အဲဒါစုံစမ်းပြီး စာမူတွေ ...ပေးခဲ့ဖူးတယ်၊ ဒါပေမဲ့ ကိုယ့် ...တ်က တာဝန်ရှိသူတွေက ပယ် ...ကြတယ်လေ၊ ဘယ်စိတ်ကောင်း ...လဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူးပေါ့။ ...ပန်ပြီး အကျိုးအကြောင်း ရှင်း ... စာမူတွေ ပြန်ပေးခဲ့ရဖူးတယ်၊ ...တ်တော့ ကိုယ်က အဲဒီမဂ္ဂဇင်းက ... အပြီးထွက်ခဲ့တယ်၊ လုံးချင်းတွေ ... အောင်မြင်ဖို့ ကြိုးစားခဲ့တယ်၊ ... ပုံမှန်ဝင်ငွေရတဲ့ အခုမဂ္ဂဇင်းနဲ့ ...ယ်မှာ ဝင်လုပ်ခဲ့တာလေ"

ခေါင်းငုံ့ရင်းနားထောင်နေသည့် ...တော်။ ကျွန်တော် ဆရာမောင်ညို ...တ်နှာကို မော်မကြည့်ရဲ။ ဆရာက ...တ်သည့် စကားအရိပ်အယောင် ... ပြောနေပေမယ့်၊ ကျွန်တော့်ကို ...တော် ဘယ်လိုမှ ခွင့်မလွှတ်နိုင် ...။

"အဲဒါ သင်ခန်းစာပဲ မောင်ဝေ ... နောက်ဆိုရင် သူတို့တောင်းခိုင်းတဲ့ ...ရာတွေဆီကပဲတောင်း၊ မတောင်းခိုင်း ...ဆရာတွေနဲ့ ဘယ်လောက်ပဲ ရင်းနှီး ...နှီး၊ ဘယ်တော့မှ မတောင်းနဲ့"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ...ောင်တရပါပြီ"

"အင်း မောင်ရင်မမေ့သေးရင် ...တော့ မှတ်မိမှာပါ၊ အရင်ဆရာတွေ ...န်းကလေ"

ဆရာ့စကားကြောင့် ကျွန်တော် ...တ်ခနဲ ဆရာ့မျက်နှာကို မဝံ့မရဲကြည့် ...သည်။

"ဆရာသစ္စာမောင်၊ ဆရာမယဉ် ယဉ်ဌေး၊ ဆရာမြေလတ်လွမ်းနိုင်၊ ဆရာ ခင်ဇော်၊ ဆရာမတက္ကသိုလ်ယဉ်မွန်တို့ ရဲ့ စာမူတွေတောင် မသုံးဘူးဆိုပြီး ပြန် ပေးခဲ့တာလေ၊ အဲဒီသတင်းတွေကို ကိုယ်ကြားပါတယ်၊ တကယ်တော့ မောင်ရင့်မျက်နှာကြောင့် ဆရာတွေက လည်း ပေးခဲ့ကြတာ၊ ဒါပေမဲ့ မောင်ရင့် ကို စိတ်မနာခဲ့ကြပါဘူးတဲ့၊ ကိုယ် သိ ထားတယ်၊ ကြားလည်းကြားမိပါတယ်၊ ဒီတော့ နောက်နောင်ဆိုရင် ဆင်ခြင် ပေါ့၊ ကိုယ်က စေတနာနဲ့လုပ်ခဲ့ပေမယ့်၊ ဝေဒနာ ဖြစ်တတ်တယ်လေ"

"ဟုတ်ကဲ့"

ကျွန်တော် ဘာပြောရမှန်းမသိ တော့။ ကျွန်တော်တွေးပူခဲ့သည့် သူ့ဝတ္ထု ကို ဘာကြောင့် မကြိုက်ရတာလည်းဆို သည့်အချက်ကို မမေးသေး။

မေးခဲ့ရင် ကျွန်တော် ဘယ်လို ဖြေရမည် မသိတော့။

"အရင်ဆရာတွေရဲ့ စာမူကိစ္စ တွေကတည်းက သင်ခန်းစာယူပြီး နေ လိုက်ရင် မောင်ရင် စိတ်မဆင်းရဲဘူးပေါ့ လေ"

"ဟုတ်ပါတယ် ဆရာ"

"အဖိုးလေ ဘာပဲဖြစ်ဖြစ် မောင် ရင်ကတော့ စေတနာနဲ့ ကိုယ့်ရဲ့စာမူပါ စေချင်လွန်းလို့ တိုက်တိုက်တွန်းတွန်း အရေးခိုင်းခဲ့တာ၊ ကိုယ်ကလည်း မောင် ရင့်ကိုခင်လွန်းလို့ ကြိုးစားပြီးရေးခဲ့တာ၊ ခုတော့ မသုံးဖြစ်ဘူးဆိုပြီး ပြန်ပေးတယ်၊ စိတ်တော့ဆိုးစရာပေါ့လေ၊ ဒါပေမဲ့ ကိုယ် စိတ်မဆိုးပါဘူး၊ ဘာဖြုလို့လဲဆို တော့ ဝတ္ထုတစ်ပုဒ် ရေးဖြစ်သွားလို့လေ"

ဆရာမောင်ညိုပြာကပြောရင်း ကျွန်တော် ကမ်းပေးလိုက်သည့် သူ့ရဲ့ ဘဝသရုပ်ဖော်ဝတ္ထုစာမူကို ယူလိုက် သည်။

"ဆရာ"

"ပြောလေ"

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ နော်"

အသံကို တုန်ခါခြင်းမရှိအောင် ထိန်းပြောနေရသူက ကျွန်တော်. . .

"မဆိုးပါဘူးကွ"

ပြောရင်းရယ်သူက ဆရာမောင် ညိုပြာ. . .

"အရင်ဆရာတွေရဲ့စာမူ မသုံး ဖြစ်တုန်းကလည်း ကျွန်တော် အဲသလို တောင်းပန်ခဲ့ရတယ်လေ၊ ဒါပေမဲ့ ဆရာ့ အဖြေလိုပါပဲ၊ ခွင့်လွှတ်ကြတယ်လို့ချည်း ပြောကြပေမယ့်၊ ကျွန်တော့်အနေနဲ့က တော့ သိပ်ပြီးရှက်ရတယ်၊ သိပ်အားနာ ခဲ့ရတယ်၊ ဆရာတွေရဲ့ပညာကို စော် ကားသလို ဖြစ်ခဲ့တာကိုး"

ဆရာမောင်ညိုပြာ ဘာမျှဝင် မပြော။ ပြုံးရုံသာပြုံးနေဆဲ။

"အရင်ဆရာတွေကတည်းက ဒီ အလုပ်ကို စိတ်နာနေတာ ဆရာရဲ့ အလုပ်ထွက်မယ်လို့ စိတ်ကူးတော့လဲ"

ကျွန်တော် စကားမဆုံး၊ ဆုံး အောင် မပြောနိုင်။ ရှတ်တရက် ရွာမှာ ကျန်ခဲ့သည့် မိသားစုရဲ့ဘဝအခြေအနေ အခက်အခဲများကို မြင်ယောင်ခဲ့သည်။ ရတဲ့လစာလေးကို ပို့ပေးနေပြီး လက်ရှိ ဝမ်းရေး၊ သားနှစ်ယောက်ရဲ့ပညာရေး တွေအတွက် အောင့်အည်းသည်းခံဖို့ ကြိုးစားလိုက်သည်လေ။

တကယ်လို့ ဒီကိစ္စအတွက် အလုပ်ကထွက်လိုက်ရင် လစာမဲ့သွား မည်။ လမ်းပေါ်ရောက်သွားမည်။ လစဉ် ပေးပို့နေကျငွေလည်း ပို့နိုင်မည်မဟုတ်။ ဆုံးဖြတ်ချက်က အရေးကြီးသည်။ အလုပ်ကထွက်လိုက်ရင် မိသားစုဘဝ မငတ်တောင်မှ ကလေးတွေရဲ့နောင်ရေး က စိတ်အေးရမည်မဟုတ်။ အဲ နောက် ထပ် အလုပ်သစ်ရရင်တော့ တော်ပါရဲ့။

"ကိုဝေလွင်၊ အဲသလိုတော့ စိတ် လိုက်မာန်ပါ မလုပ်ပါနဲ့၊ မောင်ရင့်ဘဝ၊ မောင်ရင့်အခက်အခဲ၊ အားလုံး ကိုယ် သိတယ်လေ၊ မောင်ရင့်ဘဝကလည်း ကိုယ့်လိုပဲ မဟုတ်လား၊ အလုပ်သစ်ရရင် တော့ တစ်မျိုးပေါ့၊ အဲ အလုပ်မရခင် လက်ရှိအလုပ်က ထွက်လိုက်မယ်ဆိုရင် မောင်ရင်လမ်းပေါ်ရောက်သွားလိမ့်မယ်၊ စာရေးဆရာတွေ ဆိုတာကလည်း အယ် ဒီတာဆိုတဲ့ဂုဏ်ကြောင့် အခေါ်အပြော လုပ်ကြတာ၊ သူတို့စာမူ ပါစေချင်တာ ကိုး၊ ဒီအတိုင်းပဲ၊ အဲ မောင်ရင့် လက်ရှိ

www.burmeseclassic.com

အလုပ်ကနေ ထွက်ကြည့်ပါလား။ ဘယ်လို ဆက်ဆံကြမလဲဆိုတာ၊ ပြီးတော့ မောင်ရင့်မိသားစု ဘယ်လိုရပ်တည်ရမလဲဆိုတာ"

"ဟုတ်ပါတယ် ဆရာ"

"အလုပ်ကတော့ လုံးဝမထွက်နဲ့၊ ကြိတ်မှိတ်ပြီးခံ၊ သူတို့မလိုချင်တဲ့ လူရဲ့ စာမူကိုမတောင်းနဲ့ အာမ မခံနဲ့ တော်င်းခိုင်းရင် တောင်းပေးလိုက်၊ ဟုတ်ပြီလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ပယ်တယ်၊ ရွေးတယ်ဆိုတာ သူတို့အလုပ်လေ၊ ကြိုက်မှသုံးမှာပေါ့၊ ဒါပေမယ့် ရွေးတဲ့လူက အဆင့်ရှိဖို့နဲ့၊ သုံးသပ်တတ်ဖို့လိုတယ်၊ သူတို့လိုချင်တဲ့ သုံးနေကျဆရာကြီးတွေရဲ့ စာမူတွေကိုပဲ အမြဲသုံးမယ်ဆိုရင်လဲ၊ ဒါကလဲ သူတို့ လုပ်ပိုင်ခွင့်ပဲလေ၊ ကိုယ်ကတော့ ဘာမှ မပြောချင်ပါဘူး"

ဆရာ့အသံကတော့ ခပ်မာမာ။ ဒုတိယ အကြိမ် အစော်ကားခံလိုက်ရ၍ ဘယ်မှာ ကျေနပ်မည်နည်း။ ဘာပဲဖြစ်ဖြစ်. . . တရားခံက ကျွန်တော်။

♦

ဝေးနေရသည့်ဒုက္ခတွေကို မေ့ထားရင်း၊ ဝေးနေရသည့် မိသားစုဘဝ အဆင်ပြေဖို့အတွက် ဝေးနေဆဲဖြစ်သည့် အချိန်မှာ၊ ကျွန်တော့်သိက္ခာတွေ အရည်ပျော်ကျနေပြီဆိုတာ မိသားစုသိမည်မဟုတ်။ အချိန်နှင့်အမျှ ပြေးလွှားရှန်းကန်ပြီး ပေးလာမည့်လစာကို မျှော်၊ လက်ထဲရောက်လာသည့် ငွေကို အိမ်ပို့ဖို့ ကြိုးစားသည့် ကျွန်တော့် စိတ်ဆင်းရဲမှုကိုရော၊ ကျွန်တော့်မိသားစုကို ဘယ်သောအခါမှ ရင်ဖွင့်ပြမည်မဟုတ်။

ဆရာမောင်ညိုပြာရဲ့ "ကြေကွဲနှလုံးသားရဲ့ ငိုရှိုက်သံ"ဝတ္ထုထဲကလို၊ အဆင်မပြေလို့ မဂ္ဂဇင်းတိုက်က ထွက်သွားသည့်အချိန်၊ အကျပ်အတည်းဖြစ်ရပုံကို ရေးပြထားသည်ကို သတိရမိသည်။ ယခု စာမူမသုံးသည့်ကိစ္စကြောင့် ကျွန်တော်အလုပ်ကထွက်ခဲ့ရင်ကော၊ ဘာတွေ ဖြစ်လာမည်နည်း။

"ငါ ရွေးချယ်ပိုင်ခွင့်မရှိတာကို၊ မရှိတာလို့ သိဖို့လိုတယ်"

ကျွန်တော် တွေးမိသည့်အချိန်၊ ကျွန်တော့်ကိုယ်ကျွန်တော် အသိစိတ်နှင့် ဖြေရင်း၊ ကျေနပ်အောင် ကြိုးစားလိုက်မိသည်။ ဆရာ မောင်ညိုပြာကတော့ "ကြေကွဲနှလုံးသားရဲ့ငိုရှိုက်သံများ"တဲ့။ ကျွန်တော်ကတော့ မိသားစုအတွက် "ကြေကွဲနှလုံးသားရဲ့ ဝေဒနာသံစဉ်များ" လို့ ခေါင်းစီးပေး ဝတ္ထုရေးဖို့ ဆုံးဖြတ်လိုက်ရင်း၊ မငိုရှိုက်မိအောင် ကြိုးစားရပေတော့မည်။ ကျွန်တော့် နှလုံးသား ကြေကွဲခဲ့ပေမယ့်၊ ဝေဒနာတွေကို သံစဉ်အဖြစ်ပြောင်းပြီး မိသားစုအတွက် ပေးဆပ်ရဦးမည်ပဲ။

**တွင်းကြီးသားတင်ဝင်းဦး**

❐


**ဆရာဦးခင်ထွန်း** D.B.B.W - C.T (Med)

**အုန်းချောင်** တိုင်းရင်းဆေးကုခန်း

**အထူးကုသသောရောဂါများ**

နှလုံး။ သွေးတိုး။ လေငန်း။ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး။ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး။ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ။ ပန်းသေ၊ ပန်းညှိုးရောဂါများ။ မီးယပ်နှင့်ပတ်သက်သော ရောဂါများ။ သွေးယ်နာရောဂါ အမျိုးမျိုး။ လိပ်ခေါင်း။ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ၊

လိပ်စာ ➽ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➽ ၀၉-၇၃၁၃၆၄၁၄၊ ၀၉-၇၉၉၆၉၁၉၉၇၊ ၀၉-၂၅၄၉၃၂၆၉၉

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျူပ်ရဲ့ အလုပ်ဆိုက်ထဲမှာ တကူးတက လိုက်လံရှာဖွေကြည့်မယ်ဆိုရင် လူတန်းစားအမျိုးမျိုး ရှိနေတာကို တွေ့ရပါတယ်။ အဲဒီ လူတန်းစားတွေထဲမှာ အမွေစား အမွေခံ သားသမီးမထွန်းကားကြတဲ့ ကင်းမဲ့နေကြတဲ့ မိဘများရှိသလို ရတဲ့ဝင်ငွေကို ချင့်ချိန်သုံးစွဲတတ်တဲ့ ဉာဏ်မရှိလို့ သူများဆီက ကြွေးယူပြီး ပြန်မဆပ်နိုင်လို့ ထွက်ပြေးပုန်းရှောင်နေကြရတဲ့ သူများလည်း ရှိကြပါတယ်။

ကျူပ်ရဲ့ နည်းပါးလှတဲ့ အမှုတွဲတွေထဲက အမှုတစ်ခုဟာ တော်တော်ကို ထူးခြားအံ့ဩစရာကောင်းတယ်လို့ ဆိုရမှာပါ။ အဲဒီအမှုဟာ ဂျွန်စကွဲယားစ်လို့ အမည်ရှိတဲ့ လူတစ်ယောက်က ပေးလိုက်တဲ့ စာလေးတစ်စောင်က အစပြုတာဖြစ်ပါတယ်။

ဂျွန်စွဲယားစ်ရဲ့စာကတော့ . . .

*ဆရာခင်ဗျား*

*မြူရီရယ်ဖူလာနဲ့ ကျွန်တော်တို့ဟာ ၁၉၅၇ ခုနှစ်တုန်းက နှစ်ဦးသဘောတူ လက်ထပ်ဖြစ်ခဲ့ကြပါတယ်။ လက်မထပ်မီ လေးလလောက်အလိုမှာ သူမရဲ့ အရင်ယောက်ျားဟာ သေဆုံးသွားလို့ သူတို့ရဲ့ (၈)နှစ်အရွယ် တစ်ဦးတည်းသော သမီးလေး ကလော်ဒီယာကျန်ခဲ့ပါတယ်။ အဲဒီ သမီးကလေး ကလော်ဒီယာကို ထိန်းသိမ်းပြုစုစောင့်ရှောက်ဖို့ ခက်ခဲနေတာကို ကျွန်တော့်မိန်းမကိုယ်တိုင် သိရှိခဲ့ပါတယ်။*

*ဒါကြောင့်မို့ နယူးယောက်မြို့ ယူတီကာရပ်ကွက်ထဲမှာရှိတဲ့ မိဘမဲ့ကလေးဂေဟာသို့ ကလော်ဒီယာလေးကို အတင်းအကြပ် ပို့ထားခဲ့ပါတယ်။ အဲဒီ မိဘမဲ့ကလေးဂေဟာမှာ အမွေစား၊ အမွေခံ စာချုပ်စာတမ်းကိုလဲ သူမကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့ရပါတယ်။ သူမရဲ့ တစ်ဦးတည်းသော သမီးကလေးနဲ့ ထိတွေ့မှုအားလုံး ဆုံးရှုံးသွားခဲ့ရတဲ့အတွက် သူမဟာ အသည်းခိုက်အောင် ဝမ်းနည်းပူဆွေးနေရပါတယ်။*

*မကြာသေးမီကမှ ကျွန်တော်ဟာ မိဘမဲ့ကလေးဂေဟာကို ပို့ထားခဲ့ရတဲ့ သူမရဲ့သမီးလေး ကလော်ဒီယာကို တွေ့ဖို့နဲ့ လိုအပ်တာကူညီပေးဖို့ ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်နေရပါတယ်။ ဒါပေမဲ့ ကလော်ဒီယာကို တွေ့နိုင်မယ့် သဲလွန်စကိုရဖို့ ကျွန်တော်မတတ်နိုင်ခဲ့ပါဘူး။*

*တော်သေးပြီ။*

*သင့်ရဲ့သူငယ်ချင်း*

*(ဂျွန်စကွဲယားစ်)*

မြူရီရယ်ဖူလာရဲ့ သမီးလေး ကလော်ဒီယာကို နောက်ဆုံးပြောခဲ့တဲ့ စကားကလေးကိုလဲ ဂျွန်စကွဲယားစ်ရဲ့ စာထဲမှာ ဒီလိုတိုက်ရိုက်ရေးထားတာကိုလဲ တွေ့ရပါတယ်။

"ခဏလေးပါသမီးရယ်၊ နောက်မကြာမီ မင်းဆီပြန်လာမှာပါ"

နောက်ထပ်ပြီးတော့လဲ သူ့ရဲ့စာထဲမှာ ဒီလိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသေးတယ်၊ ကလော်ဒီယာဟာ အသားဖြူတယ်၊ ဂီတစွမ်းအားလည်း အတော်အတန်ရှိတယ်လို့။

မိဘမဲ့ကလေးဂေဟာမှ အချိန်နဲ့တပြေးညီ အစီရင်ခံစာတွေထဲမှာ ရှင်းလင်းဖော်ပြထားတာကတော့ ကလော်ဒီယာရဲ့ ဂီတအနုပညာနဲ့ပတ်သက်တဲ့ အရည်အချင်းကောင်းတွေကို အသိအမှတ်ပြုထားတယ်လို့ ဆိုတာပါပဲ။ စကားအသံနဲ့ပြောတဲ့ သင်ခန်းစာတွေကိုလဲ ကလော်ဒီယာ ရရှိစေပါတယ်။ မိဘမဲ့ဂေဟာကျောင်းမှာ တစ်နှစ်ကုန်ဆုံးသွားတဲ့အခါမှာ ကလော်ဒီယာဟာ အခြားသော မိဘတစ်ဦးရဲ့ အမွေစား အမွေခံအဖြစ် ထပ်မံမွေးစားခြင်း ခံရပါတယ်။ အဲဒီကစပြီးတော့ ကလော်ဒီယာနဲ့ ပတ်သက်တဲ့ အစီရင်ခံစာတွေကို လုံးဝမတွေ့ရတော့ဘဲ ရပ်ဆိုင်းသွားခဲ့ပါတယ်၊ ၁၂ နှစ်တာ ကာလတောင်ကြာမြင့်ကုန်ဆုံးသွားပါပြီ။

ဒါနဲ့ပတ်သက်ပြီး ဂျွန်စကွဲယားကျွန်တော့်ဆီ ရောက်လာတဲ့အခါမှာ မှန်ကန်ပြီး တိုးတိတ်ညင်သာတဲ့ စကားလုံးတွေနဲ့ ကျွန်တော့်ကို ပရက်ရှာပေးပါတော့တယ်။ သူ့ဇနီးဟာ ကလော်ဒီယာရဲ့ဘဝထဲကို ဝင်ရောက်မစွက်ဖက်ချင်ဘူးလို့ ဂျွန်စကွဲယားစ်က ပြောပါတယ်။ ကလော်ဒီယာ နေရေးထိုင်ရေး စားရေးသောက်ရေး လုပ်ငန်းကိုင်ငန်း အဆင်ပြေတယ်၊ မပြေဘူးဆိုတာသာ သူမ သိချင်နေပါတယ်။ နောက်ပြီး အဆင်ပြေတယ်ဆိုရင်လဲ ကလော်ဒီယာကို နောက်တစ်ခါ ပြန်လာပြီးတွေ့ချင်ပါတယ်။

"ဒါ တန်ဖိုးကြီးကောင်း ကြီးပါလိမ့်မယ်"

ဂျွန်စကွဲယားစ်က ပြောတယ်၊

"ကလော်ဒီယာကို မတွေ့ တွေ့အောင်ရှာဖို့ ငါလုပ်စေချင်တဲ့ကိစ္စကတော့ ဒါပဲ"

"ငါ့ဇနီး ကြာရှည်ခံစားနေတာကို စောင့်ကြည့်ရှုကလွဲလို့ တခြားဘာမှ မရှိဘူး"

"ငါ သူမကို ချစ်လဲချစ်ပါတယ်၊ ကူလဲ ကူညီချင်ပါတယ်"

"မဖြစ်နိုင်ဘူးလို့ လူတစ်ယောက်ကို ဒီလိုပြောဖို့ အတော်လေးခက်ပါတယ်၊ ငါသတိပေးချင်တာက သဘာဝတရားနဲ့ဆီလျော်တဲ့ ဖခင်တစ်ဦးဟာ တရားဝင်မွေးစားထားတဲ့ ကလေးတစ်ယောက်ကို ခြေရာခံလိုက်ဖို့ အင်မတန်မှ ခက်ခဲလှပါတယ်။ ဂုဏ်သရေရှိတဲ့ အမွေစားအမွေခံ အေဂျင်စီဟာ မွေးစားတဲ့မိဘများရဲ့ အမည်နာမများကို လူသိရှင်ကြား ဘယ်မှာဖြစ်စေချင်မှာလဲ၊ ဒါမှမဟုတ် ကလေးမလေးရဲ့ အဖြစ်အပျက်အကြောင်းတစ်ခုခုကြောင့်များ ဖြစ်နေမလား၊ ဒါပေမယ့် အမွေစား အမွေခံကိစ္စနဲ့ပတ်သက်ပြီး အမှုတွဲမှတ်တမ်းစာရွက်မှာတော့ ရုံးတံဆိပ်ခတ်နှိပ်ပြီးသား ဖြစ်နေရောပေါ့"

"ဒါပေမယ့် ကျူပ် ယူတီကာရပ်ကွက်ကို သွားတယ်၊ နောက်မိဘမဲ့ဂေဟာကိုလဲ အလည်အပတ်သွားရောက်ခဲ့

www.burmeseclassic.com

သေးတယ်၊ အဲဒီမှာ ကျုပ်မေးတဲ့မေးခွန်းတွေကို ဖြေဖို့ဖြင်းဆန်လိုက်တယ် အဲဒီမှာ အမှတ်တမဲ့ဆိုသလို သဲလွန်စတစ်ခုကို ကျွန်တော်ရလိုက်တယ်၊ နောက်ပြီး ကလော်ဒီယာရဲ့ လိုအပ်ချက်တွေကို ဆောင်ရွက်တဲ့နေရာမှာကောင်းကောင်း သတိထားဖို့တော့ လိုလိမ့်မယ်လို့ အာဏာပိုင်တွေက ကျုပ်ကိုပြောလိုက်သေးတယ်"

"တကယ်တော့ သူမမှာ သူမကိုယ်တိုင်လုပ်ဆောင်ရမယ့် တက်လမ်းတစ်ခုရှိနေတယ်လို့ ကျုပ်နားလည်ထားတယ်"

"အဲဒီမိန်းကလေးဟာ သူမရဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့ သီချင်းမဆိုဖြစ်ခဲ့ဘူးဆိုရင် တက်လမ်းတစ်ခုကိုရဖို့ ရည်ရွယ်ချက်ဟာ ကျွန်တော့်ကို အံ့ဩဘနန်းဖြစ်စေမှာပါ"

ပူးပေါင်းပါဝင် သီဆိုကပြသူများတို့ စုံစမ်းရှာဖွေမှုတစ်ခု ပြုလုပ်ရာမှာ လွယ်ကူစေဖို့ မိန်းကလေးအဆိုတော်တစ်ယောက်ချင်းစီအတွက် သီးသန့်ဖိုင်တစ်ခုစီ ဖွင့်လှစ်ထားရှိပါတယ်။ မှုရင်းနာမည်က ကလော်ဒီယာ အသက်က ၂၁ နှစ် ဆံပင်က ပျော့ပျော့ပျောင်းပျောင်း မျက်လုံးက အပြောရောင်။

တက်လမ်းတစ်ခုကို လက်ဝယ်ပိုင်ပိုင်ရရှိစေဖို့ဆိုရင် ဖြစ်နိုင်ခြေအချက် ၃ ခုအပေါ်မှာ မူတည်နေပါတယ်။

- ပထမတစ်ခုကတော့ ဟိုတယ်မှာ သီချင်းဆိုဖို့

- ဒုတိယတစ်ခုကတော့ ကိုလိုရာဒိုပြည်နယ်ထဲမှာ စုပေါင်းခရီးသွားတဲ့အဖွဲ့နဲ့ လိုက်ပါဖို့။

ဒီအခြေအနေ နှစ်ရပ်စလုံးဟာ ကလော်ဒီယာရဲ့ဘဝကို ပျက်စီးစေမှာ မဟုတ်ပါဘူး။ ကျွန်တော်လိုက်လံစုံစမ်းနေပါတယ်။

- တတိယအချက်ကတော့ ကလော်ဒီယာတစ်ယောက်ဟာ လော့စ်အိမ်ဂျလိစ် နိုက်ကလပ်အသေးလေးတစ်ခုထဲမှာ ရှိနေတဲ့ လက္ခဏာရှိပါတယ်။

ကျွန်တော် ကယ်လီဖိုးနီးယားကို လေယာဉ်နဲ့ခရီးသွားပါတယ်။ အဲဒီကနေပြီး ကလော်ဒီယာထံ စာတစ်စောင်ရေးပို့လိုက်တယ်။ အမှုသည် တစ်ယောက်အတွက် သတင်းတစ်ခုကို လိုက်လံစုံစမ်းနေပါတယ်။ နိုက်ကလပ်ကိုလဲ လာပါအုံးမယ်။ မေးခွန်းအနည်းငယ်ကိုလဲ မေးမြန်းချင်ပါသေးတယ်လို့ စာထဲမှာ ဒီလိုဖော်ပြထားပါတယ်။

နောက်တစ်နေ့ညမှာ နိုက်ကလပ်သို့ ပထမပြကွက်အမီ ကျွန်တော်ရောက်သွားပါတယ်။ ဇာတ်ခုံစင်မြင့်ပေါ်မှာ ကလော်ဒီယာကို ပြသဖို့ ကားလိပ်ဖွင့်လိုက်တယ်ဆိုရင်ပဲ အဆိုတော် မိန်းကလေးတစ်ယောက်ကို တွေ့မြင်ရပြီး သူမဟာသေးသေးသွယ်သွယ်နဲ့ အလွန်ပဲလှပပါတယ်။ သာယာချိုမြိန်တဲ့သူမရဲ့ သီချင်းဆိုသံကိုလဲ ကြားလိုက်ရပါတယ်။ သီချင်းသံနဲ့ ဇာတ်ခုံရဲ့ ကောင်းမွန်တဲ့ ရှုခင်းရှုကွက်တွေဟာ ပေါ်ပေါ်လွင်လွင်ရှိလှပါတယ်။ ရွှေပွဲလာ ဧည့်ပရိတ်သတ်အပေါင်းဟာလဲ သူမရဲ့ အလှအပနဲ့ သူမရဲ့သီဆိုဧည့်ခံမှုကို အင်မတန်မှ နှစ်သက်ကြပါတယ်။ ဩဘာလက်ခုပ်သံများဟာလဲ ဆူဆူညံညံနဲ့ မစဲတော့ပါဘူး။ ကျွန်တော်လဲ သူမရဲ့သီချင်းသံရေယာဉ်ကြောမှာ ခေတ္တခဏ စီးမျောနေမိပါတယ်။

ကလော်ဒီယာက သူမအလှည့်ပြီးဆုံးသွားတဲ့အခါမှာ အလှပြင်ခန်းထဲဝင်သွားတာကို ကျွန်တော်တွေ့မြင်လိုက်ရပါတယ်။ ကျွန်တော်လည်း သူမကို မျက်ခြည်မပြတ် ကြည့်နေပြီး သူမရဲ့အခန်းထဲသို့ လိုက်ဝင်သွားပါတယ်။ ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်ပြီး ဇာပန်းထိုးနေတဲ့ သူမကို တွေ့ပါတယ်။ ဒါနဲ့ ကျွန်တော့်ကိုယ် ကျွန်တော် သူမနဲ့ မိတ်ဆက်စကား ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူမဟာ အပေါ်ကို လုံးဝမော်မကြည့်ပါဘူး။

"ရှင့်ကို ကျွန်မတွေ့ရတာ သိပ်ကိုကောင်းပါတယ် မစ္စတာ ဂိုလ်းဖေးဒါး၊ ရှင်ပေးတဲ့စာကို ကျွန်မမန်နေဂျာက ကျွန်မကို ဖတ်ပြပါတယ်၊ ကျွန်မကိုယ်တိုင် အဲဒီစာကို မဖတ်နိုင်ပါဘူး၊ ဘာလို့လဲဆိုတော့ အခု ရှင်တွေ့မြင်နေရတဲ့အတိုင်းပဲ ကျွန်မ မျက်စိလုံးဝ မမြင်ရပါဘူး"

အဲဒီလိုကြားရတော့ ကျွန်တော် အတော်ကို အံ့ဩသွားပါတယ်။

"ကျွန်တော် ဝမ်းနည်းပါတယ်"

ကျွန်တော်ဝမ်းနည်းစကားကိုပဲ ပြောနိုင်ခဲ့ပြီး ယုတ်ခြည်း ဆွံ့အသွားပါတော့တယ်။ အတန်ကြာမှ. . .

"ကျုပ်မသိလို့ပါ မစ္စစ်ကလော်ဒီယာ"

"များပြားလှတဲ့လူတွေဟာ ဒီလိုမလုပ်ကြပါဘူး"

တစ်စုံတစ်ယောက်က ကျွန်တော့်ကို ညှိနှိုင်းဆွေးနွေးမှုမလုပ်မီ စင်မြင့်ပေါ်က ကားလိပ်တွေဟာ အမြဲတမ်းပဲ ဆွဲချထားပါတယ်။

"တစ်ခုခုလုပ်ပေးနိုင်မလား"

ကျွန်တော် မေးလိုက်တယ်။

"လုပ်မပေးနိုင်ပါဘူး"

သူမက ပြန်ဖြေပါတယ်။

"ကျွန်မအမြဲတမ်းပဲ မျက်စိမမြင်ရပါဘူး၊ အခု ရှင်ဘာလိုချင်သလဲ"

ဒီအချိန်ကျွန်တော့်မှာ သိက္ခာရှိတဲ့ သံသယတွေ ရှိနေပါတယ်။ ဒါဘာကြောင့်လဲဆိုရင် ကျွန်တော်ဟာ အမှန်ကို ပြောတတ်တဲ့ မိန်းကလေး တစ်ယောက်ကိုတွေ့နေရလို့ပါပဲ။ ကျွန်တော့်အား လွှဲအပ်ပေးထားတဲ့ စာချုပ်စာတမ်းအကြောင်းကို ကျွန်တော် သူမကိုရှင်းပြပါတယ်။

သူမဟာ ကျွန်တော် ပြောတဲ့စကားကို နားစိုက်ထောင်နေတဲ့အချိန်မှာ သူမရဲ့ မျက်နှာဟာ ခိုင်မာပြီး အေးစက်စက်ရှိနေတာကို တွေ့ရပါတယ်။

"ဟုတ်ပါတယ်၊ ကျွန်မဟာ အဲဒီတုန်းက ငယ်ရွယ်တဲ့ ကလေးမလေးတစ်ယောက်ပါ၊ အသက် (၈) နှစ်ပဲရှိပါသေးတယ်၊ ကျွန်မအမေက ကျွန်မကို အဝေး





www.burmeseclassic.com

www.burmeseclassic.com

ပို့ထားခဲ့ပါတယ်၊ ဘာလို့လဲ ဆိုတော့ ကျွန်မဟာ မျက်စိလုံးဝကွယ်နေလို့ပါပဲ"

ကလော်ဒီယာရဲ့ ခါးသီးမှုများဟာ ထင်ထင်ရှားရှားနဲ့ အင်မတန်မှ သူမရဲ့နှိမ့်ချမှုကို ပြသနေပါတယ်။ သူမဟာ သူ့အမေနေတဲ့နေရာ အရပ်ဒေသကိုလဲ လုံးဝမသိပါဘူး။ ထင်ရှားတာတစ်ခုကတော့ သူမအနေနဲ့ သိလည်း မသိချင်ပါဘူး။ သူမဟာ သူမကိုမွေးစားတဲ့အဖေနဲ့ အမေဖြစ်တဲ့ ဘာလဲယားစ်ကို ကြီးမားလှတဲ့ ချစ်ခင်ကြင်နာမှုနဲ့ သူတို့နဲ့အတူ အနီးအနားမှာရှိတဲ့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာနေမယ်လို့ သူမပြောခဲ့ပါတယ်။

သူမဟာ သူမရဲ့ မွေးအမေနဲ့တွေ့ခဲ့တယ်လို့ပြောဆိုပြီး ကျွန်တော့်ရဲ့ အကြံပေးချက်ကို နှစ်သက်သဘောင်ဟန်ဆောင်ပြီး သူမကန့်ကွက်ခဲ့ပါတယ်။

ကလော်ဒီယာရဲ့ မျက်စိကွယ်နေခြင်းနဲ့ သူမရဲ့ခါးသီးမှုတွေကို ကျွန်တော် ဂျွန်စကွဲယားစ်ကို ရှင်းလင်းပြောပြတဲ့အခါ ဂျွန်စကွဲယားစ်က ခေတ္တတိတ်ဆိတ်ငြိမ်သက်သွားပါတယ်။

"ကျုပ် သိပ်ကိုဝမ်းနည်းမိပါတယ်ဗျာ၊ ဒါပေမယ့် ကလော်ဒီယာရဲ့စိတ်အပြောင်းအလဲဖြစ်သွားအောင် ဖြားယောင်းသွေးဆောင်မှုလုပ်တဲ့အခါတိုင်း ခင်ဗျားကြိုးစားပြီးတော့ လုပ်စေချင်ပါတယ်"

"ဒါက ဖြစ်နိုင်ပါတယ်"

ကျွန်တော်က ပြန်ပြောလိုက်ပါတယ်။

"မိဘမဲ့ ကလေးဂေဟာကို ကလော်ဒီယာအား ပို့ထားခဲ့စဉ်တုန်းက ကလော်ဒီယာဟာ အမြင်အာရုံချို့တဲ့ပျောက်ဆုံးနေတာကို ခင်ဗျားမိန်းမ သိနေတယ်ဆိုတာ အမှန်ပဲလား"

ဂျွန်စကွဲယားစ်ဟာ စိတ်ထင့်နေပါတယ်။ နောက်ဆုံးကျတော့ သူကဒီလို ပြောပါတယ်။

"အမှန်တရားဟာ ဘက်ပေါင်းစုံက ဖြစ်သွားနိုင်တာပဲ၊ ကျေးဇူးပြုပြီး အလျှော့တော့ မပေးလိုက်ပါနဲ့ဗျာ"

ကလော်ဒီယာကို မွေးစားတဲ့ မိဘတွေကို ကျွန်တော်အထင်ကြီးပါတယ်လို့ သူ့ကို ကျွန်တော်ပြောခဲ့တယ်။ နောက်ပြီး သူတို့ရဲ့ ထောက်ခံမှုကို စာရင်းသွင်းနိုင်အောင် ကျွန်တော်ကြိုးစားပါတယ်။ အဲဒီနေ့ညနေမှာ ကလော်ဒီယာ အလုပ်သွားပြီလို့ ကျွန်တော်အဖို့ သေချာတဲ့အခါ ဘာလဲယားစ်အိမ်ကို ကျွန်တော်သွားတယ်။ သူတို့ဟာ နှလုံးသားဖြူစင်ပြီးတော့ နွေးထွေးမှုရှိတဲ့ လူသားတွေပါ။ ဒါပေမယ့် သူတို့ရဲ့ အကူအညီကို ကျွန်တော်တောင်းခံတဲ့အခါမှာ မစ္စစ်ဘာလဲယားစ် ပြင်းပြင်းထန်ထန် တုန်လှုပ်သွားပါတယ်။ နောက်ပြီးတော့ ဒီလို ပြောလိုက်ပါသေးတယ်

"ကလော်ဒီယာဟာ သူမရဲ့မွေးမအေနဲ့ ဘာအကြောင်းကြောင့် တစ်စုံတစ်ရာလုပ်ဖို့ ရှိနေတယ် ဆိုတာကို ကျွန်မလုံးဝ မမြင်ချင် မတွေ့ချင်ပါဘူး"

ဒါတင်မက မစ္စဘာလဲယားစ်ဟာ စိတ်ရှည်ရှည်နဲ့ သူမရဲ့စကားကို ဖြည့်စွက်လိုက်ပါသေးတယ်။

"ခင်ဗျား သိထားစေချင်တာကတော့ သူမရဲ့မွေးမအေကို ကလော်ဒီယာအား ပြန်မပေးဖို့ ကျွန်တော်တို့ ကြိုးစားနေတာပါပဲ"

"တကယ်လို့ ဒါကို သူမခါးခါးသီးသီးငြင်းနေမယ်ဆိုရင် မိဘမဲ့ကလေးဂေဟာသို့ သူမဘာကြောင့် အပို့ခံရတယ်ဆိုတာ သူမပြန်လည် သတိရစေချင်ပါတယ်"

"သူမကို ရှင် မြင်တွေ့ပြီးပြီပဲ"

မစ္စစ်ဘာလဲယားစ် တော်တော်ကြီးကို ပေါက်ကွဲသွားပါတယ်။

"ကလေးတစ်ယောက်ကို မွေးစားဖို့အတွက် ကျွန်မတို့ အဲဒီမိဘမဲ့ကလေးဂေဟာကို သွားခဲ့ကြပါတယ်၊ အဲဒီမှာ ကလော်ဒီယာကို သွားတွေ့ပါတယ်၊ သူမအသက်ဟာ (၉) နှစ်၊ အဖေမရှိ၊ အမေမရှိ၊ နောက်ပြီးပြီးတော့ သူမဟာ သူမရဲ့မျက်စိအမြင်အာရုံ ပျောက်ဆုံးနေတာကို တွေ့ရတယ်၊ ဒါကြောင့်မို့



ကျွန်မတို့အလုပ်က သူမကို ခေါ်ခဲ့ဖို့သာ ရှိတော့တယ်"

"ကျွန်မတို့ ကလော်ဒီယာကို မွေးစားတာနဲ့ပတ်သက်ပြီး ဘယ်တော့မှ နောင်တရတယ်ဆိုတာ မရှိပါဘူး"

"နောက်ပြီး ကျွန်တော်တို့ ခင်ဗျားကို ညင်ညင်သာသာလေးနဲ့ ဖိအားပေးချင်ပါတယ်၊ သူမရဲ့ မွေးမအေဟာ ဘယ်လောက်ထိ ခံစားနေရတယ်ဆိုတာကိုလဲ ခင်ဗျားသိထားစေချင်ပါတယ်"

ကျွန်တော်တို့ တစ်နာရီကျော်ကြာကြာ စကားတွေ ပြောဖြစ်ကြပါတယ်။ ကလော်ဒီယာ ခံစားနေရတဲ့ ခါးသီးမှုတွေဟာ သူမရဲ့ဘဝ ပျက်စီးသွားနိုင်တယ်လို့ ကျွန်တော် ထောက်ပြခဲ့ပါတယ်။

"ဒါကို ဖယ်ရှားဖို့ ကြိုးစားတာဟာ ပိုပြီးတော့ ကောင်းမလာနိုင်ဘူးလား"

ကျွန်ပေဟ်ဟာ ဖြားယောင်းသွေးဆောင်မှုပါဝါတွေကို အသုံးပြုခဲ့တယ်။ ရုံးတော်သို့ လာရောက်ရန် ဆင့်ခေါ်နိုင်ခဲ့တယ်။ သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် သာမန်ကာလျှံကာ ခေတ္တခဏမျှကြည့်နေကြတယ်။ နောက်ပြီးတော့ မစ္စစ်ဘာလဲယားစ်က တဖြည်းဖြည်း ခေါင်းညိတ်လာပါတယ်။

"ကျွန်မတို့ ကလော်ဒီယာကို ဒီအကြောင်း ပြောဆိုကြရအောင်"





www.burmeseclassic.com

www.burmeseclassic.com

မစ္စစ်ဘလဲယားစ်က ပြောပါတယ်။

"ကယောဒီယာကို မနက်ဖြန်ညနေပိုင်းမှာ ဒီကနေ ဖုန်းဆက်လိုက်ပါ၊ ရှင့်ကို နောက်ဆုံးအဖြေပေးဖို့ သူမမှာ အဆင်သင့်ရှိပြီး ဖြစ်ပါလိမ့်မယ်"

ကလော်ဒီယာထံ ကျွန်တော် ဖုန်းဆက်လိုက်တဲ့အခါ သူမဟာ ရုတ်တရက်ချက်ချင်း ပေါက်ကွဲလုနီးပါးဖြစ်သွားပါတယ်။

"ကျွန်မကို အဖေသို့ ပို့ပေးလိုက်ပြီးပါပြီ၊ စွန့်လဲ စွန့်ပစ်ပြီးပါပြီ"

သူမ ဖုန်းထဲမှအော်ပြီး ပြောလိုက်ပါတယ်။

"ကျွန်မအမေကို အလိုချင်ဆုံးဖြစ်နေချိန်မှာ အမေဟာ ကျွန်မကို စွန့်ပစ်ခဲ့ပါတယ်၊ ဘာလို့လဲဆိုတော့ မျက်မမြင်ကလေးတစ်ယောက်ရဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို အမေမထမ်းချင်ခဲ့လို့ပါပဲ၊ ဒါကို ခွင့်လွှတ်ဖို့ ရှင်ကကျွန်မကို မျှော်လင့်စောင့်စားနေဦးမှာလား"

"ရှင်ဟာ ယုတ်စွအဆုံး အမေ့ရဲ့ အနားမှာနေပြီး အမေပြောမယ့်စကားတွေကို နားထောင်နေသင့်ပါတယ်"

တိတ်ဆိတ်မှုဟာ အချိန်တော်တော်ကို ရှည်ကြာသွားပါတယ်။

"အကောင်းဆုံးကတော့ ကျွန်မရဲ့ မွေးစားမိဘတွေကို မေတ္တာရပ်ခံရုံပဲရှိတော့တာပေါ့၊ မွေးစားမိဘတွေကို ကျွန်မသိပ်ချစ်ပါတယ်၊ ကျွန်မသူတို့ကို တွေ့မယ်၊ ပထမဆုံး တစ်ကြိမ်ပဲပေါ့၊ ဒါပေမဲ့ ကျွန်မအမေ့အကြောင်းကို နောက်ထပ်မခံစားလိုတော့လို့ ဒီလိုဆုံးဖြတ်မိတာပါ၊ ဒါပေမယ့် မွေးစားအမေကို ချစ်နေတဲ့ လမ်းကြောင်းကတော့ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး"

ကျွန်တော် ဂျွန်စကွဲယားစ်ကို ဖုန်းဆက်လိုက်တော့ သူတို့ဇနီးမောင်နှံဟာ လော့စ်အိမ်ဂျလိစ်ကို အဲဒီနေ့ညမှာ လေယာဉ်နဲ့လိုက်ခဲ့မယ်လို့ ပြောတယ်။ တကယ်လို့များ ကလော်ဒီယာဟာ သူမရဲ့အမေနဲ့ ပထမဦးဆုံး တစ်ယောက်ချင်း တွေ့ရင် ပိုကောင်းတာပေါ့လို့ သူက ပြောတယ်။

"ကျွန်တော် သူတို့နှစ်ယောက်ကို သူတို့နဲ့ရင်းနှီးတဲ့ ဟိုတယ်ကိုခေါ်သွားမယ်၊ မနက်ကျမှ ခင်ဗျားကို လှမ်းခေါ်လိုက်မယ်"

နောက်တစ်ရက် ညနေပိုင်းမှာတော့ ကျွန်တော်ဟာ ဟိုတယ်ကော်ရီတာကို လမ်းညွှန်ပြရင်း ကလော်ဒီယာရဲ့ ခံနိုင်ရည်စွမ်းအားနဲ့ အာရုံကြောနဲ့ သက်ဆိုင်မှုကို နားလည်အောင် ရှင်းပြနိုင်ခဲ့ပါတယ်။

မစ္စစ်စကွဲယားစ်ရဲ့ အခန်းတံခါးဝမှာ ကလော်ဒီယာရဲ့လက်ဟာ ကျွန်တော့်ရဲ့လက်မောင်းပေါ်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ပြီးတော့ . . .

"ကျွန်မတစ်ယောက်တည်း သူမနဲ့အတူ ဒီမှာပစ်ထားခဲ့တာကို ကျွန်မလုံးဝမလိုချင်ပါဘူး" လို့ ကလော်ဒီယာက ပြောချလိုက်ပါတယ်။

"အခန်းထဲသို့ ကျွန်မကို ရှင်ဦးဆောင်ခေါ်သွားပေးပါ၊ ဒါမှပြည့်စုံလုံလောက်သွားမယ်လို့ ကျွန်မထင်တယ်"

ကျွန်တော်တို့ အခန်းတံခါးကို ခေါက်လိုက်တယ်။ နောက်အခန်းထဲကို ဝင်သွားကြပါတယ်။ အခန်းထဲမှာတော့ မိန်းမကြီးတစ်ယောက် လက်တင်ကုလားထိုင်ပေါ်မှာ ထိုင်နေတာကိုတွေ့ရတယ်။ မီးခိုးရောင်ဆံပင်ကလွဲလို့ ကျန်တာတွေကို စေ့စေ့စပ်စပ်ကြည့်မယ်ဆိုရင် အဲဒီမိန်းမကြီးဟာ ကလော်ဒီယာရဲ့ အစ်မတစ်ယောက်လို့ အများဆုံး ထင်ရဟန်ရှိပါတယ်။ အဲဒီမိန်းမကြီးဟာ ကလော်ဒီယာရဲ့ မွေးအမေ မစ္စစ်စကွဲယားစ်ပါ။

ကလော်ဒီယာဟာ ချက်ချင်းတုန်လှုပ်ချောက်ချားသွားတယ်လို့ ကျွန်တော်စိတ်မှာ ခံစားမိပါတယ်။

"ဟယ်လို" ကျွန်တော် မစ္စစ်စကွဲယားစ်ကို စတင်နှုတ်ခွန်းဆက်လိုက်ပါတယ်။ အဲဒီအခါမှာ မစ္စစ်စကွဲယားစ်ဟာ ချိတုံချတုံဖြစ်နေတဲ့အသံနဲ့ ခွန်းတုံ့ပြန်လိုက်ပါတယ်။

"နှစ်ပေါင်းများစွာ ကြာမြင့်လာအောင် ကျွန်မ စုဆောင်းခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို ကျွန်မနည်းနည်းကလေးမှ သတိမရတော့ပါဘူးရှင်၊ မင်းကို မိဘမဲ့ကလေးဂေဟာ ပို့ခဲ့တဲ့နေ့ညက ဖြစ်ခဲ့တဲ့အတိုင်းပါပဲ၊ ဒီအကြောင်းကိစ္စနဲ့ပတ်သက်ပြီး မင်းရဲ့အသံတွေကို ငါ့နားထဲမှာ ယနေ့ထိကြားယောင်နေဆဲပါပဲ၊ ကျေးဇူးပြုပြီး အမေ့အနား နီးသထက်နီးအောင် တိုးကပ်လာစမ်းပါဦး ကလေးရယ်"

မစ္စစ်စကွဲယားစ်က ဆိုနင့်စွာ ပြောလိုက်ပါတယ်။

"ငါ မင်းကို သေသေချာချာ ကြည့်ချင်ပါသေးတယ်ကွယ်"

ချက်ချင်းဆိုသလိုပဲ ကျွန်တော်ဟာ ကလော်ဒီယာကို သူ့အမေထံ လမ်းညွှန်ပေးပို့လိုက်ပါတယ်။ သူမရဲ့ အမေနားသို့ ရောက်သွားတဲ့အခါ သူမရဲ့ အမေဟာ ထိုင်ရာမှထလိုက်ပြီး လက်မောင်းကို ဆန့်တန်းလို့ ကလော်ဒီယာကို ကိုင်တွယ်လိုက်ပါတယ်။ ကျွန်တော်ထင်သလို မစ္စစ်စကွဲယားစ်ဟာ သူ့သမီးကို ထွေးပိုက်ဖို့ မကြိုးစားလိုက်ပါဘူး။ သူမရဲ့လက်များဟာ ကလော်ဒီယာရဲ့ ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီးတော့ ကလော်ဒီယာနဲ့ မျက်နှာချင်းဆိုင်လိုက်ပါတယ်။

"အို" သူမ ညင်ညင်သာသာလေး ရေရွတ်လိုက်ပါတယ်။

"မင်းဟာ အလွန်အမင်းကို ထွားကြိုင်းလှပြီး သိပ်ကိုလှနေပါရောလား"

ကလော်ဒီယာရဲ့လက်များဟာ တုံ့ဆိုင်းတုံ့ဆိုင်းနဲ့ သူ့အမေရဲ့ ပခုံးထိအောင် အပေါ်သို့ ရွေ့လျားလိုက်ပါတယ်။

"ရှင် ရှင်ဆိုလိုတာက ရှင်မတတ်နိုင်ခဲ့ဘူးလို့ ပြောချင်တာ မဟုတ်လား"

ကလော်ဒီယာကပြောရင်း တစ်ချက်ပြန်မေးလိုက်ပါတယ်။

"အို မင်းထင်သလို မဟုတ်ရပါဘူးကွယ် ကလေးရယ်"

သူ့အမေက ပြန်ဖြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ မင်းကို နောက်ထပ်တွေ့လဲ မတွေ့ရတော့ဘူး။ မင်းဘယ်မှာ နေမှန်းလဲ မသိလို့ပါ"

"အို"

ကလော်ဒီယာဟာ သူမရဲ့စိတ်ကို ထိန်းချုပ်ထားခြင်းငှာ မတတ်နိုင်တော့တာမို့ ချုံးပွဲချငိုကြွေးလိုက်ပါတော့တယ်။

"တကယ်လို့သာ ဒီလိုဖြစ်မယ်မှန်း အစကကြိုပြီးသိခဲ့မယ်ဆိုရင် ဘာမှ အံ့ဩစရာလိုမယ် မထင်ပါဘူး၊ ရှင်လဲ ကျွန်မဆီ ဘယ်တော့မှ ပြန်လာမှာ မဟုတ်ပါဘူး။ ရှင် ကျွန်မကို အရှုံးပေးပြီး လာတွေ့တယ်ဆိုတာလဲ အံ့ဩစရာမရှိပါဘူး၊ ဘယ်သူကမှလဲ ကျွန်မကို ပြောကြမှာ မဟုတ်ပါဘူး"

နောက်ထပ် အခန်းတစ်ခန်းထဲသို့ ကျွန်တော်ဝင်သွားပြန်ပါတယ်။ အဲဒီအခန်းထဲမှာတော့ အရပ်အမောင်း ခပ်ကောင်းကောင်းနဲ့ ယောကျ်ားတစ်ယောက်ဟာ ပြတင်းပေါက်ဘက်ကို မျက်နှာမူပြီး မြို့တော်ရဲ့ ရှုခင်းအလှကို အပေါ်စီးမှ ကြည့်နေတာကို တွေ့ရပါတယ်။ ကျွန်တော့်ခြေသံကို သူကြားလိုက်တာနဲ့ တပြိုင်နက် ကျွန်တော့်ဘက်ကို မျက်နှာမူလိုက်တဲ့အခါကျတော့ ရုတ်တရက်ချက်ချင်း မျက်နှာတင်းသွားတာကို ကျွန်တော်သတိထားမိလိုက်ပါတယ်။

"အားလုံး အဆင်ပြေပါတယ်၊ မစ္စတာစကွဲယားစ်၊ အရာရာတိုင်းဟာ အခုတော့ အိုကေသွားပါပြီဗျာ၊ ဒါထက် ခင်ဗျားဇနီးရဲ့ အသိဉာဏ်မရှိမှုကို ကျွန်တော့်ကို မသိမပေးခဲ့တာလဲ"

"ခင်ဗျား အပြစ်တင်မှာကို သူမ ကြောက်ရွံ့နေပုံရတယ်၊ သူမရဲ့ သနားကြင်နာမှုမှုတွေကို ကလော်ဒီယာ မြင်တွေ့သွားပြီး တွေးမယ့်တွေးလုံးတွေကို သူမ သည်းခံနိုင်မှာမဟုတ်လို့ ဖြစ်မှာပေါ့"

"အဲဒီအချိန်တုန်းက ကလော်ဒီယာဟာ ဘာလဲယားစ်မိသားစုနဲ့အတူ ကျန်ရစ်ခဲ့ပါတယ်"

"ဒါပေမယ့် ဒီနေ့တော့ ကလော်ဒီယာ သူမရဲ့မွေးအမေဖြစ်တဲ့ မစ္စစ်စကွဲယားစ်နဲ့အတူ ချစ်ချစ်ခင်ခင် ကြင်နာစွာနဲ့ တစ်ဦးနဲ့တစ်ဦး နားလည်မှုအပြည့်အဝထားရှိကြကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိသွားကြပါပြီ"

ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နွေးနွေးထွေးထွေးနဲ့ နားလည်မှုအပြည့်အဝထားရှိခြင်းဟာ သူမရဲ့ ကိုယ်ပိုင်အမြင်အာရုံဆုံးရှုံးမှုကို လက်မြှောက်အရှုံးမပေးဖို့ ဒုက္ခဝေဒနာရှင် အမျိုးသမီးတစ်ယောက်အတွက် အသိဉာဏ်ပညာမဲ့နေတဲ့ မုဆိုးမအမေတစ်ယောက် လုပ်ပေးနိုင်တာထက် လိုအပ်နေတဲ့ အကူအညီဟာ ကာကွယ်စောင့်ရှောက်ရန်သာ ရှိပါတော့တယ်။

[၁၉၇၂ ခုနှစ်၊ ဇွန်လထုတ် READERS DIGEST မှ WILL COME BACK FOR YOU ဝတ္ထုကို ဘာသာပြန်ဆို ရေးသားထားပါသည်။]

**ရွှေတောင်မောင်ကျော်-မနု**

□




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊ လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ (၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➽ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➽ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း → ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်း' ဟူသော အဆိုစကားလိုပင် တပေါင်းနေသည် အတော် ပူလှလေ၏။ နေ့လယ် နေ့ခင်း ဘာမှလုပ်၍ မရ။ လှုပ်လိုက်သည်နှင့် ချွေးတွေ တပြိုက်ပြိုက်ထွက်လာ၏။ ကျွန်ုပ်ကလည်း ချွေးထွက်သန်လှသည် ဆိုတော့ တရွှဲနစ်နစ်နှင့် အနေရ ခက်လှပေ၏။

'ချွေးထွက်များမှ သွေးထွက်နည်းသည်' ဟု ဆိုကြပေမယ့် ကျွန်ုပ်သည်ကား ချွေးထွက်များလျှင် မူးဝေတတ်လေ၏။ အားကုန်သလိုလည်း နွမ်းချည့်၍ လာတတ်၏။ သို့ဖြင့် ရေနွေးကြမ်းကို အဆက်မပြတ် သောက်ရလေ၏။ တစ်ခါ တစ်ခါ ဓာတ်ဆားရေပင် သောက်ရလေတော့၏။

ညဘက်သည်ကား လွန်စွာ နေလို့ကောင်း၊ အလုပ်လုပ်လို့ ကောင်းလေ၏။ အထူးသဖြင့် စာဖတ်ခြင်းကို ညဘက်၌ ပြုလုပ်လေ၏။ ကျွန်ုပ်သည်ကား စာဖတ်ထုံ၏။ အငမ်းမရ ဖတ်လေ၏။ ညဉ့်နက်သန်းခေါင်တိုင်အောင်ပင် ဖတ်မှတ်လေ၏။

ယခုလည်း လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှသော ဂမ္ဘီရဆန်ဆန် ဝတ္ထုတစ်အုပ်ကို ဖတ်မှတ်နေလေ၏။ ပရလောကသားတစ်ဦး၏အကူအညီကို ရယူပြီး ကလဲ့စားလိုက်ချေသည့် ဇာတ်လမ်း ဖြစ်လေ၏။ ဇာတ်လမ်းတစ်ခုလုံး သည်းထိတ်ရင်ဖိုစရာ ကောင်းလှပေ၏။ ဖြစ်ရပ်ဆန်းတွေ ရောပြွမ်းပါနေသဖြင့် လက်မှမချချင်လောက်အောင်ဆွဲဆောင်နိုင်စွမ်းရှိသော စာအုပ်ကောင်းတစ်အုပ် ဖြစ်လေ၏။

ကျွန်ုပ် စာဖတ်နေစဉ် ရုတ်တရက် ကျွန်ုပ်၏ တစ်ကိုယ်လုံးအား ရေခဲရေနှင့် ဖျန်းပက်လိုက်သလို လေအေးတစ်သိုက် ဝင်ရောက်လာ၏။ ချမ်းစိမ့်စိမ့်ဖြစ်သွားပြီး ကြက်သီးမွေးညင်းပင် ထမိလေတော့၏။ နေ့ပူသလို ညချမ်းသည့် တပေါင်းလပါတကား။

ကျွန်ုပ်သည် ဟင်းလင်းပွင့်နေသော ပြတင်းတံခါးကိုပိတ်ရန် ထလိုက်လေ၏။ ထိုစဉ် 'ကလင် ကလင်' ဟု ဖုန်းသံကြားရလေ၏။

"ဟယ်လို. . . အမိန့်ရှိပါခင်ဗျာ"

"တာလော့ကုန်း ရဲစခန်းကပါလားရှင်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒုရဲအုပ်အောင်မြင့်ဆန်းပါ၊ ဘာများ အကူအညီ . . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါရှင်၊ ကျွန် . . . ကျွန်မကို ကယ်ပါ၊ အို မကယ်နဲ့တော့ရှင်၊ ကျွန်မ သေခဲ့ပြီးခဲ့ပါပြီရှင်"

"ဗျာ . . . ဘယ်လို ဘယ်လို၊ ကျုပ်ကို နောက်ပြောင်နေတာလား"

ကျွန်ုပ်သည် ရုတ်တရက် ဒေါသထွက်သွားလေ၏။ လေသံမာဖြင့်လည်း ပြောလိုက်မိချေ၏။

"ဘယ့်နှယ်၊ သေပြီးသူက ဖုန်းဆက်ရတယ်လို့ အရူးလား"

တစ်ဖက်မှ ငိုရှိုက်သံ ကြားနေရလေ၏။ ကျွန်ုပ်လည်း စိတ်ပျက်ပျက်ဖြင့် ဖုန်းကို ဂွပ်ခနဲ မြည်အောင်ပင် ချလိုက်မိလေတော့၏။

စာဖတ်ချင်စိတ်ကား ကုန်သွားချေပြီ။ ကျွန်ုပ်၏ဘဝတစ်သက် ဤကဲ့သို့သော ဖုန်းသံမျိုး မကြားခဲ့ဖူးပါ။ လူတစ်ယောက်က မဟုတ်တရုတ် ဇာတ်လမ်းထွင် နောက်ပြောင်ခြင်းလား။ ကျွန်ုပ် ဒီနယ်ပယ်သို့ ရောက်သည်မှာ မကြာသေးလေတော့ တမင်သက်သက်များ လုပ်လိုက်ခြင်းပေလား။

♦

ကျွန်ုပ်သည် နယ်စပ်မြို့ကလေးရှိ တာလော့ကုန်း ရဲစခန်းသို့ ရောက်လာခဲ့သည်မှာ ၁၅ ရက်ခန့် ရှိသေး၏။ မူးယစ်တာဝန်ဖြင့် ရောက်ခဲ့ခြင်း ဖြစ်၏။

ဤ နယ်စပ်မြို့လေးတွင် တစ်ဖက်နိုင်ငံနှင့် ဆက်နွှယ်လုပ်ကိုင် ရောင်းဝယ်နေကြသော မူးယစ်ကုန်သွယ်မှုများကို ဖော်ထုတ်အရေးယူရန် တာဝန်ဖြင့် ရောက်လာခဲ့ခြင်း ဖြစ်လေ၏။ ကျွန်ုပ်သည်ကား ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းခံရပြီလား မသိချေတော့။

ကျွန်ုပ်အား ဖုန်းဆက်၍ နောက်ပြောင်သူသည်ကား အဘယ်သူနည်း။ အဘယ်ကပါနည်း။ အဘယ်ကြောင့်ပါနည်း။

မည်သို့ဆိုစေ အနှိပ်ပုဂ္ဂိုလ်ကိုကား ကျွန်ုပ် ဖော်ထုတ်ရမည်ဟု တေးမှတ်၍ ထားလိုက်ပါ၏။

နောက်တစ်နေ့ ည ဆယ်နာရီခွဲခန့် ကျွန်ုပ် စာဖတ်နေစဉ်အတွင်း မနေ့က ဖုန်းသံကြားရလေမည်လားဟု စိတ်အတွင်း ဖြစ်ပေါ်မိလေ၏။ ငံ့လည်း ငံ့လင့်နေမိ၏။ ထိုစဉ် တိုက်ဆိုင်လွန်းလှသေး၏။

'ကလင် ကလင် ကလင်' ဖုန်းမြည်သံ ကြားရလေ၏။ အံ့သြစွာဖြင့်ပင် ဖုန်းကို ကိုင်မိလေရာ . . .

"ကျွန်မ စခန်းမှူးကြီးကို နောက်ပြောင်ပြီး ပြောတာမျိုး မဟုတ်ရပါဘူးရှင်၊ ကျွန်မနာမည် မမျိုးမျိုးသွယ်ပါရှင်၊ ပြီးခဲ့တဲ့ရက် တစ်ပတ်ကျော်ကျော်က မယ်ဆိုင်ချောင်းနံဘေးမှာ အသတ်ခံခဲ့ရပါတယ်၊ ကျွန်မရဲ့ ရုပ်အလောင်းဟာ ချောင်းနံဘေး လမုတောထဲမှာ ပစ်ထားတာမို့ ပုပ်ပွနေပါပြီ"

"ဗျာ . . . ဘယ်လို၊ ဟယ်လို"

ရှိုက်သံတစ်ချက် ကြားလိုက်ရပြီး . . .

"ကျွန် . . . ကျွန်မကို သတ်တဲ့သူတွေက မောင်ရှမ်းနဲ့ လှတင်ပါ ဆရာ၊ သူတို့ကိုဖမ်းပြီး စစ်ဆေးလိုက်ရင် အမှုပေါ်မှာပါ ဆရာ"

"ခင်ဗျား . . . ဘယ်က ဆက်နေတာလဲ"

"ကျွန်မက သေပြီးသူဆိုတော့ ရုပ်ခန္ဓာ မရှိတော့ဘူးပေါ့နော်၊ စိတ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောပြော၊ ဗိညာဉ်ခန္ဓာလို့ပဲဆိုဆို အဲဒီခန္ဓာနဲ့ ကြုံရာနေရာက ဆက်သွယ်လိုက်တာပဲ ဆရာ"

ထို့နောက် ငိုရှိုက်သံ ထွက်ပေါ်လာပြီး တစ်ဖက်မှ ဖုန်းချလိုက်လေ၏။

ကျွန်ုပ်သည် 'အဟတ်' ဟု အသံထွက်အောင် တစ်ချက် ရယ်လိုက်ပြီး တစ်ဆက်တည်းပင် လက်ပတ်နာရီမှ နာရီလက်တံတို့ကို ကြည့်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်၏ လက်ချောင်းများသည် တယ်လီဖုန်းနံပါတ်များအပေါ် ပြေးလွှားစေလိုက်၏။ တယ်လီဖုန်းအော်ပရေတာရုံး၊ ထိုမှတစ်ဆင့် တာလော့ဈေးရှိ စတိုးဆိုင်သို့ အချိတ်အဆက် မိလိုက်လေ၏။

"ည ဆယ်နာရီခွဲလောက်က အမျိုးသမီးတစ်ယောက် ကျွန်တော့်ဆီ ဆက်တယ်၊ အဲဒါ ဘယ်သူလဲ၊ ဘယ်ကလဲ ဆိုတာ သိချင်ပါတယ်"

ကျွန်ုပ်အမည်နဲ့ စခန်းကိုပြောပြီး တာလော့ဈေး စတိုးဆိုင်ကို ဖုန်းနဲ့ မေးလိုက်လေတော့ ဆိုင်ရှင်က . . .

"ဟုတ်ကဲ့ပါရှင်၊ အမျိုးသမီးတစ်ဦး ကျွန်မတို့ ဖုန်းနဲ့ လာဆက်ပါတယ်၊ ဘယ်ကို ဆက်တာလဲတော့ မသိဘူးပေါ့နော်၊ ငိုယိုပြီးတော့ ဆက်နေပါတယ်၊ ဆံပင်ဖားလျား ချထားတယ်၊ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့၊ ပြောရရင် လူသေကောင်နဲ့ တူသလိုပဲ"

"ရော် . . . ခက်ချေပြီ၊ မျက်နှာဖြူရော်ရော် ဆံပင်ဖားလျားချ လူသေကောင်မျက်နှာလိုတဲ့" ထူးတော့ ထူးနေပြီတည်း။

ကျွန်ုပ်သည် အဆိုပါ တာလော့ဈေးရှိ စတိုးဆိုင်လေးသို့ ဥဒဟို သွားလာနေမိချေ၏။ တစ်ကိုယ်ရေ စုံစမ်းမှုတွေလည်း ပြုနေလေ၏။

ဖုန်းဆက်သည့် အမျိုးသမီး၏ သဲလွန်စကား စုံးစုံးမြုပ် ပျောက်ကွယ်နေလေ၏။ မိမိထံသို့လည်း ဖုန်းမဆက်ချေတော့။

◆

"ဆရာ၊ မယ်ဆိုင်ချောင်းဘေး လမုတောထဲမှာ အမျိုးသမီးအလောင်းတွေ့တယ် ဆရာ၊ မှတ်တမ်း မှတ်ရာတွေလဲ ယူလာခဲ့ပြီးပါပြီ"

ဟု တပည့်လေးမောင်သော်မှ ပြောလေရာ . . .

"အလောင်းကို ဆေးရုံပို့ပြီး စစ်ချက်တွေယူဖို့ လုပ်ထားပြီးပြီလား"

"အားချင်း လုပ်ခိုင်းထားပါတယ် ဆရာ"

"ဒါဖြင့် သေသူ အမျိုးသမီးရဲ့ နာမည်၊ နေရပ်လိပ်စာ၊ တည်ဆောက်ထားချက်တွေ ငါ့ကိုပေး၊ သေသူက မမျိုးမျိုးသွယ် ဟုတ် မဟုတ် သိချင်လို့"

"ဗျာ . . . ဆရာ၊ ဆရာက ဘယ်လိုလုပ် ကြိုသိနေတာလဲ ဆရာ"

"ဟဲ ဟဲ ဟဲ ငါက မင်းရဲ့ဆရာလေကွာ၊ သိတယ် မဟုတ်လား"

ကျွန်ုပ်သည် တပည့်လေး မောင်သော်အား ရှင်းပြလျှင်လည်း သူလည်း ဉာဏ်မမီနိုင်၊ ကိုယ့်အမှုလည်း မလိုလားအပ်ဘဲ ကြန့်ကြာနေမည်စိုးသဖြင့် ဟန်ကိုယ့်ဖို့လုပ်ကာ ဖြေလိုက်လေ၏။

မည်သို့ဆိုစေ ကျွန်ုပ် မှန်းဆ၍ ပြောလိုက်သော အမည်ရော နေရပ်တွေပါ မှန်နေလေရာ ကျွန်ုပ်ကိုယ်ပင် ကျွန်ုပ် အံ့ဩမိသော်ငြား . . .

"ကဲ . . . မောင်သော်ရေ၊ မောင်ရှမ်းနဲ့ လှတင် ဘယ်မှာရှိတယ်၊ နေတယ်၊ ဘာလုပ်နေတယ် ဆိုတာ စုံစမ်းကွာ၊ ပိပိရိရိ ရှိစေနော်" ဟု အမိန့်ပေး စေခိုင်းလိုက်လေတော့၏။

ကျွန်ုပ်သည် တပည့်မောင်သော်အား စေခိုင်းလိုက်ပြီး အလောင်းတွေ့ရှိမှု ကိစ္စပြီး အခြေအနေ၊ အမှုကို ခိုင်မာစွာ တည်ဆောက်ပြီး အမှုပေါ်စေရေးအတွက် အမြန်ဆုံး အကောင်အထည်ဖော်ပါမည့်အကြောင်းကိုလည်းအထက်သို့ အဆင့်ဆင့်တင်ပို့ အကြောင်းကြားလိုက်လေ၏။

တစ်နေ့သော ညနေချမ်းတွင် ကျွန်ုပ်သည် တပည့်ကျော်လေး မောင်သော်ကိုခေါ်ကာ စားသောက်ဆိုင်တစ်ဆိုင်သို့ သွားလေ၏။ စားသောက်ဆိုင်သည် မီးရောင်ပျပျနှင့် စည်ကားနေလေ၏။ ရှမ်းသံဝဲဝဲနှင့် သီဆိုနေသော အမျိုးသမီးငယ်တစ်ဦး၏ 'မောင်' ဟူသော သီချင်းတေးသံသည် လွင့်ပျံလို့နေ၏။ အားပေး လက်ခုပ်သံများသည်လည်း ဝေဆာလျက် ရှိလေ၏။

ကျွန်ုပ်သည်ကား ကောင်တာရှိ လူငယ်လေးထံသို့ အမှတ်မထင် သွားရောက်ပြီး လိုအပ်သည်များကို စုံစမ်းမေးမြန်းလေ၏။

"သူတို့ ၉ ၁၁ နာရီလောက်မှာ ရောက်လိမ့်မယ်၊ တစ်ဖက်ကမ်းကပစ္စည်းတွေသယ်ယူဖို့ သွားနေကြတယ်၊ အဲဒါကို သိလိုက်ရတယ် ဆရာ"

ဟု ပြောလေရာ ကျွန်ုပ်လည်း တပည့်လေးမောင်သော်အား မျက်ရိပ်မျက်ခြည် ပြလိုက်ပြီး တစ်နေရာသို့ စေလွှတ်လိုက်လေ၏။ မောင်သော်လေးသည်လည်း ကျွန်ုပ်၏အထာကို သိနေသည့်အတွက် လိုအပ်နေသည်များကို ပြင်ဆင်ကာ ထွက်သွားလေ၏။

ထိုနေ့ ညတွင် မောင်ရှမ်းနှင့် လှတင်တို့ နှစ်ယောက်အား ဖမ်းဆီးမိခဲ့လေတော့၏။

◆

"ကဲ . . . မောင်ရှမ်းနဲ့ လှတင်၊ မင်းတို့ကို ငါမေးမယ်၊ မှန်မှန်ကန်ကန်ပဲ ဖြေစေချင်တယ်ကွာ၊ ဟုတ်လား"

ကျွန်ုပ်၏ပြောပြချက်ကို သူတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ရင်း . . .

"မေးပါ ဆရာ"

ဟု နှစ်ယောက်သား သံပြိုင်ထွက်ဆိုကြလေ၏။

"ဒီလိုကွာ၊ မင်းတို့ကို ငါဖမ်းတယ် ဆိုတာက မူးယစ် သုံးစွဲဖူးတာလောက်ပဲ၊ မဆိုစလောက် မင်းတို့ဆီက မူးယစ်ဆေးပြားလေးတွေ မိခဲ့တာပါနော်၊ အပြစ်ယူရင်လဲ ထိထိရောက်ရောက် ရှိလှမယ် မထင်ပါဘူး"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည်ကား သူတို့၏ အကြောင်းခြင်းရာကို စုံစမ်းထောက်လှမ်း သိရှိထားပြီး ဖြစ်လေ၏။ သူတို့အား အချုပ်ထဲ ထည့်ထားသော်ငြား အကြောင်းကြောင်းဖြင့် ထုတ်ယူမည့်သူ မရှိမဟုတ်၊ ရှိနေသည်ကိုလည်း သိထားနှင့်ပြီးပြီ ဖြစ်လေ၏။ သူတို့သည် မည်သူတို့နှင့် ပူးပေါင်း၍ လုပ်ဆောင်နေကြသည်ကိုလည်း မှတ်တမ်းမှတ်ရာ အစုံအလင်ရှိထား သိထားပြီး ဖြစ်လေ၏။

"ဒဲ့ ပဲ ပြောမယ်ကွာ၊ မယ်ဆိုင်ချောင်းအနားက လမုတောမှာ သေနေတဲ့ မမမေးဟောင်းနဲ့ မင်းတို့နဲ့ ပတ်သက်မှု ရှိမရှိ ဆိုတာ သိချင်တယ်၊ မင်းတို့နဲ့ မပတ်သက်ဘူး ဆိုရင်လဲ ဘယ်သူနဲ့ ပတ်သက်သလဲ၊ အဲဒါပါပဲ၊ မင်းတို့ကို ငါက အကူအညီတောင်းနေတဲ့သဘောပဲ မှတ်ယူထားစေချင်တယ်ကွာ၊ ဟုတ်လား"

ကျွန်ုပ်၏ အမေးစကားကြောင့် ၎င်းတို့၏မျက်နှာသည် ကွက်ခနဲ ပျက်သွားကြလေ၏။ ပြီးနောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြပြန်လေ၏။ ကျွန်ုပ်လည်း မသိကျိုးကျွန်ပြုကာ ဆေးလိပ်ကိုမီးညှိ၍ မှင်သေသေဖြင့် သောက်နေလေ၏။

"ကျွန် . . . ကျွန်တော်တို့က ဘိန်းဖြူ သုံးစွဲနေသူတွေပါဗျာ၊ လူတစ်ယောက်ကို သတ်ဖို့ ကျွန်တော်တို့မှာ လုံးဝ သတ္တိမရှိပါဘူး ဆရာရယ်" ဟု မောင်ရှမ်းက ထစ်ငေါ့စွာ ပြောလေ၏။

လှတင်ကတော့ ခေါင်းငုံ့လျက် အနေအထား ရှိနေလေ၏။

"လှတင်၊ မင်းကကော ဘာများ ပြောချင်သေးသလဲ၊ ပြောစရာရှိ ပြောနော်"

"ဗျာ၊ ကျွန်တော် အဲဒါတွေ ဘာမှ မသိပါဘူး ဆရာ၊ တကယ်ကို မသိ မသိပါဘူး ဆရာရယ်"

လှတင်၏အသံကား တုန်ရီနေဟန်ရှိသော်ငြား ကျွန်ုပ်သည်ကား ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး . . .

"အေး ငါလဲ မထင်ထားပါဘူးကွာ၊ ငါ စာဖတ်နေတုန်း ဖုန်းကနေ ပြောတယ်ကွ၊ သေတဲ့သူက ဝိညာဉ်ခန္ဓာနဲ့ ပြောတာ၊ သူက မမျိုးမျိုးသွယ်တဲ့ကွာ၊ ငါလဲ အတော်လေးကို ဖြုံသွားတယ်၊ မင်းတို့ပဲ စဉ်းစားကြည့်လေ၊ လူသေကြီးက ငါ့ကို ဖုန်းဆက်တယ်ဆိုတော့ ငါ မလန့်ဘဲ ရှိပါ့မလား၊ ငါလဲ ကြောက်ကြောက်နဲ့ နားထောင်မိတယ်ကွာ၊ အင်း- မမျိုးမျိုးသွယ်က ဘာပြောသလဲ သိလား၊ သူ့ကို မင်းတို့နှစ်ယောက်က ပြီးခဲ့တဲ့ တစ်ပတ်ကျော်လောက်က *သူ့ကို သတ်လိုက်တာပါတဲ့*"

"ဗျာ၊ ဆရာ မဖြစ်နိုင်ပါဘူး၊ သေပြီးတဲ့သူက ဖုန်းဆက်တယ်ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး"

"အေး . . . ငါလဲ ဇဝေဇဝါပါပဲကွာ၊ သူက စွပ်စွဲတာကို ပြောတာနော်၊ ဖုန်းဆက်တာကလဲ တစ်ကြိမ်တည်း မဟုတ်ဘူး၊ နှစ်ကြိမ်တောင်ကွ"

"ဆရာကော ယုံရဲ့လား"

"ငါလား၊ မယုံဘူး၊ လုံးဝ မယုံဘူးကွ၊ ငါက သိပ္ပံသမားလေ၊ ဝိညာဉ်တို့ ပရလောကသားတို့ကို မယုံတတ်ဘူး၊ ဒါပေမယ့် နားနဲ့ဆတ်ဆတ် ကြားရတော့ အံ့သြမှုတော့ ဖြစ်တာပေါ့ကွာ၊ ငါ အခု စိတ်တွေ လေးနေတယ်၊ အဲဒီလို ဖြစ်တဲ့ အခါမျိုးမှာ သူ့ဆီက ဖုန်းလာတတ်တယ်၊ သူ ဖုန်းဆက်တဲ့ အချိန်က ညဆယ်နာရီခွဲခန့်ပါကွာ"

"တကယ်၊ တကယ် ပြောနေတာလား ဆရာ"

"ထားပါတော့ကွာ၊ တကယ်လို့ ဒီည သူ့ဆီက ဖုန်းလာတယ်ဆိုရင် မင်းတို့ကို ခေါ်လိုက်မယ် ဟုတ်လား",

မောင်ရှမ်းနှင့် လှတင်တို့နှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်လေ၏။

ကျွန်ုပ်သည် ည ၁၀ နာရီခွဲခန့်တွင် သူတို့နှစ်ယောက်အား ကျွန်ုပ်၏ အခန်းအတွင်းသို့ အချုပ်ခန်းဆီမှ ခေါ်ယူလိုက်လေ၏။

"ဘာရယ် မဟုတ်ပါဘူးကွာ၊ ငါလဲ ပျင်းပျင်းရှိတာနဲ့ မင်းတို့နဲ့ စကားစမြည် ပြောရအောင်ရယ်၊ ဟို သရဲမအင်းလေ သေပြီးသွားတဲ့ မမျိုးမျိုးသွယ်ဆီက ဖုန်းဆက်တယ် ဆိုရင်လဲ မင်းတို့ သိရအောင်လို့ပါ"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ"

ထိုစဉ် 'ကလင် ကလင်' ဟု ဖုန်းသံမြည်လာလေ၏။

"ကဲ မောင်ရှမ်း၊ မင်းပဲ ကိုင်လိုက်ကွာ၊ မမျိုးမျိုးသွယ်ဆီက မဟုတ်ရင် ငါ့ကိုပေး ဟုတ်လား"

*မောင်ရှမ်းသည် ချွေးဆုတ်သွား* သလို မျက်နှာဖြင့် ဖုန်းကို ကိုင်လိုက်လေ၏။ ထို့နောက် တုန်ရီသောအသံဖြင့်-

"ဘာတွေ လာပြောနေတာလဲ၊ နင့်ကို ငါ မသတ်ဘူး၊ ငါ နင့်ကို မသတ်ဘူး"

'မောင်ရှမ်းသည် ထိတ်ထိတ်ပျာပျာနှင့်ပြောရင်း ကျွန်ုပ်အား ငဲ့စောင်းကြည့်လေ၏။

"ဘာ နင်က ငါ့ကို လာသတ်မယ် ဟုတ်လား၊ နင်က ဘယ်လို လာသတ်မှာလဲ၊ အဓိပ္ပာယ်မရှိတာ လာပြောမနေနဲ့၊ နင်က သေပြီးတဲ့သူလေ"

". . . . ."

"ဘာ . . . ပြေးက ပြန်ပြရတယ် ရှိသေး၊ နင်တို့ ငါ့ကို သတ်သွားတယ် မဟုတ်လား၊ ပစ္စည်းတွေကော၊ ရွှေတွေကော ဘယ်မှာလဲ ပြောစမ်း"

". . . . ."

"ဟော့ . . . ငါ မသိဘူး၊ ဘာမှ မသိဘူး၊ နင့်ကိုလဲ မသိဘူးဆိုနေ"

". . . . ."

"လာမယ် ဟုတ်လား၊ ဒီည ငါတို့ဆီ လာမယ်ပေါ့ ဟုတ်လား၊ နင် နင်လာရဲ လာကြည့်၊ နင် နှစ်ခါပြန် သေစေရမယ်နော်"

မောင်ရှမ်း တစ်ကိုယ်လုံး ဖုန်းပြောရင်းက ချွေးတွေ ရွှဲနစ်နေလေ၏။ စကားတွေကလည်း ရှေ့သွားနောက်လိုက် မညီချေတော့။

www.burmeseclassic.com

ကျွန်ုပ်လည်း သူ့အား မသိကျိုးကျွန်ုပြုလျက်ကပင် . . .

"ဘာတွေ ပြောနေကြတာလဲ မောင်ရှမ်း၊ မင်းကလဲ ဒေါသကြီးပါဘိသနဲ့၊ ဘာတဲ့၊ ကြားလိုက်ရပါတယ်၊ သူက ဒီညလာပြီး မင်းတို့ကိုသတ်မယ် ဟုတ်လား"

"ဟုတ် . . . ဟုတ်တယ် ဆရာရယ်၊ သူက ကျွန်တော်တို့ကို လာသတ်မယ်တဲ့၊ မဖြစ်နိုင်တာ၊ သူက သေပြီးနေပြီလေ"

"ထားပါတော့ကွာ၊ တကယ်လို့ သူလာရင် ဘယ့်နှယ်လုပ်မလဲ၊ တကယ်လာရင် ငါလဲ မနေရဲဘူး၊ ငါက ဘယ်သူ့မှ မကြောက်တာ၊ အင်း- သရဲတော့ ကြောက်တယ်ကွ၊ အဲဒါ အမှန်ပြောတာ"

ကျွန်ုပ်သည် တုန်ရီသောအသံဖြင့် ပြောလိုက်လေ၏။ ထို့နောက် သူတို့အား အမှတ်မထင် ငဲ့စောင်းကြည့်လိုက်လေရာ သူတို့မှာ နေစရာပင်မရှိလောက်အောင် ဖြစ်နေကြလေ၏။

ထိုစဉ် လေတိုက်သံများ တရှဲရှဲမြည်လာလေ၏။ ပြတင်းတံခါးရွက်များ လှုပ်ခတ်၍ နေလေ၏။ တစ်ဆက်တည်းပင် ခွေးအူသံများ ပေါ်လာလေ၏။ ခွေးအူသံတို့သည်ကား သရဲတစ္ဆေများကို တွေ့မြင်၍ အူနေသံမျိုးနှင့် တူလွန်းလှပေ၏။

မောင်ရှမ်းနှင့် လှတင်တို့သည် ဝန်းကျင်တစ်ဝိုက်ကို ကျီးကြည့်၊ ကြောင်ကြည့် ဖြစ်နေကြလေ၏။

"ဆရာ . . . ဆရာ၊ သူ . . . သူလာနေပြီ ဆရာ"

မောင်ရှမ်းညွှန်ပြရာ ပြတင်းသို့ ကျွန်ုပ် အလိုက်သင့် ကြည့်မိလေ၏။

"မောင် . . . မောင်ရှမ်း၊ ဘယ်သူ့ကိုမှ မတွေ့ မမြင်ရပါဘူးကွာ၊ မင်းမင်း ထင်ရာစိုင်းပြီး ဇွတ်မပြောစမ်းပါနဲ့"

"ဟို . . . ဟိုမှာ ဆရာရဲ့၊ ဆံပင်ဖားလျားကြီးနဲ့၊ ဟော . . . ဟော နင်မလာနဲ့၊ မလာနဲ့နော်၊ လာရင် သတ်ပစ်လိုက်မယ်၊ ဘာလဲ နှစ်ခါပြန် သေချင်လို့လား"

"ကဲပါ . . . မောင်ရှမ်းရယ်၊ စိတ်လျှော့လိုက်စမ်းပါတော့၊ မင်းတို့က သူ့ကို ဘယ်နှခါတောင် သတ်ဦးမလို့လဲ တော်ပါတော့ကွာ"

ကျွန်ုပ်သည် မောင်ရှမ်းအား ပြောဆိုလိုက်ပြီး လက်နှိပ်နှစ်ချက် တီးလိုက်လေ၏။

ဆံပင်ဖားလျားချထားသော ရှမ်းတရုတ် အမျိုးအနွယ်ဝင် အမျိုးသမီးတစ်ယောက်နှင့်အတူ တပည့်လေးမောင်သော် အပါအဝင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့ ဝင်ရောက်လာလေ၏။

"ဟင် . . . နင် . . . နင် တကယ် မသေဘူး၊ ဟုတ်လား"

ဟု မောင်ရှမ်းက တအံ့တသြဖြင့် မေးလေရာ ကျွန်ုပ်မှ မောင်ရှမ်းအား အေးအေးဆေးဆေးနေရန် လက်ဖြင့် ပြလိုက်ပြီး အသံဖမ်းစက်ကို ပိတ်လိုက်လေတော့၏။

"ကဲ . . . မောင်ရှမ်းနဲ့ လှတင်လှ၊ မင်းတို့ဇာတ်ရည်လည်အောင် ငါ ပြောပြမယ်၊ နားထောင်ပေရော့"

ဟု ဆိုကာ ဇာတ်စုံခင်းပြရလေတော့၏။

"မောင်ရှမ်းနဲ့တင်လှ နားထောင်၊ မင်းတို့ဟာ ဘိန်းဖြူရဲ့ ကျေးကျွန်တွေဖြစ်နေပြီ၊ ဘိန်းစား၊ ဘိန်းရှူဖို့ အတွက်ကလွဲလို့ ဘာမှမသိတော့ဘူး၊ မင်းတို့ ဆရာကြီးတွေ ခိုင်းတိုင်း ဘိန်းဖြူရှူရသောက်ရတယ်ပေါ့လေ။

ဘိန်းဖြူသံသရာထဲမှာ မျောရင်းလမ်းဘေးမှာ မရှုမလှ သေခဲ့ရတဲ့ မောင်လေးတစ်ယောက်ရဲ့အဖြစ်ကို ရင်ထုမနာဖြစ်ပြီး ဘိန်းဖြူရောင်းသူ၊ ဝယ်သူ၊ သောက်သုံးသူတွေကို မမျိုးမျိုးသွယ်တာ သက်ဆိုင်ရာတွေဆီကို လျှို့ဝှက် အသိပေးတယ်၊ မင်းတို့ဝှက်ထားတဲ့ ဘိန်းဖြူတချို့နဲ့ ငွေတွေရယ်၊ ရွှေချောင်းတချို့ရယ်ကို မမျိုးမျိုးသွယ်က သိထားတော့ အဲဒါတွေကိုယူပြီး သက်ဆိုင်ရာကို ပို့တယ်၊ မင်းတို့ကလဲ အဲဒီဖြစ်စဉ်ကို သိတော့ မမျိုးမျိုးသွယ်ကို သတ်လိုက်တယ်။

ဒါပေမယ့် မင်းတို့ သတ်တာ မမျိုးမျိုးသွယ် မဟုတ်ဘူး၊ သူ့ရဲ့ အမြွှာညီမ မမျိုးမျိုးနွယ် ဖြစ်တယ်၊ လူမှားသတ်လိုက်တယ်ပေါ့ကွာ၊ မမျိုးမျိုးသွယ်ကလဲ မင်းတို့ရန်ကိုကြောက်ပြီး ပုန်းအောင်းနေရတယ်၊ ပြီးတော့ ညီမဖြစ်သူအတွက် လက်စားချေဖို့ ကြံတယ်၊ နောက်ဆုံး သူ့ကိုယ်သူ ဝိညာဉ်တစ်ကောင်လို ဖန်တီး၊ ငါနဲ့ အဆက်အသွယ်လုပ် တိုင်တန်းခဲ့တာပါပဲ။

မင်းတို့ရဲ့ ဆရာကြီးတွေရောပစ္စည်းတွေပါ ဖမ်းမိ သိမ်းမိပြီးပါပြီလေ၊ ကဲကွာ ငါ ပြောတာကို မင်းတို့ ဘာများချေပပြောချင်သလဲ၊ ပြောကွာ၊ ပြော"

ကျွန်ုပ်ပြောသမျှကို မောင်ရှမ်းနှင့် လှတင်တို့သည် မည်သို့မျှ ဝင်ရောက်ပြောဆိုခြင်း မပြုကြတော့ဘဲ ခေါင်းငိုက်စိုက်ကျနေလေပြီ။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်း မဟုတ်ပါလော။

မမျိုးမျိုးသွယ်၏ ငိုရှိုက်သံကား ရဲစခန်းတစ်ခွင်လုံး လွင့်ပျံ့လို့နေလေ၏။ ငိုနေခြင်းသည် သူမ၏ မောင်လေးအတွက်လား၊ အမြွှာညီမ မမျိုးမျိုးနွယ်အတွက်လား၊ သို့တည်းမဟုတ် သူ့မောင်လေးနှင့် ညီမလေးတို့နှစ်ယောက်လုံးအတွက် လက်စားချေခွင့်ရ၍လား၊ ဘိန်းဖြူနှင့် လူသတ်မှုကို သူမ၏ စွမ်းပကားဖြင့် ဖော်ထုတ်နိုင်ခွင့် ရခဲ့ခြင်းကြောင့်ပေလား၊ လား ပေါင်းများစွာဖြင့် စိတ်အတွင်းဝယ် မေးခွန်းများ ထုတ်မိပါလေတော့သတည်း။

**ကိုမောင်သန်းဝင်း**

❐





www.burmeseclassic.com

www.burmeseclassic.com

ချာနီ

# အစားထိုးမွယ်ရာမရှိသော ကွက်လပ်ကလေး



နောင်တ ဆိုတာ ဖြစ်ခဲ့ပြီးတဲ့ အကြောင်းအရာတွေပေါ်မှာ အခြေတည်ပြီးမှ ခံစားရသည့် စိတ်ဒဏ်ရာဝေဒနာတစ်ခုပါ။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ သို့သော် ဖြေသိမ့်ဖွယ်ရာ အစားထိုးစရာ မရှိ။ ခံစားမှုတွေ ဖြေဖျောက်ရန် ရှာသော်လည်း ယခုထိ ရှာမတွေ့နိုင်အောင် ဖြစ်ရသည်။

လစ်လပ်နေသည့် ကွက်လပ်ကလေး မည်သည့်အရာနှင့်မှ အံဝင်ခွင်ကျမဖြစ်၊ ပုံစံတူလေးတော့ရ မည်။ အမှန်တော့ အတုသာ ဖြစ်ပေမည်ဟု ထင်ခဲ့သည်။

ကျွန်တော် အမေ့ထံ ရောက်ချိန်မှာ ကျောင်းအုပ်ဆရာမကြီး ပင်စင်စား အဖြစ်ဖြင့် ဘဝကို ရင်ဆိုင်နေပါပြီ။ အကြိမ်ကြိမ် အခါခါ စဉ်းစားဆုံးဖြတ်ပြီးမှ အမေရှိရာ အရပ်သို့လာခဲ့ခြင်း ဖြစ်သည်။ အမှန်ဆိုရလျှင် မလာချင် မတွေ့ချင် မမြင်ချင်ပါ။ ဒါကြောင့် အားလုံးကို အဆက်သွယ် ဖြတ်ထားလိုက်သည်။ နှစ်တွေကြာခဲ့ပါပြီ။ ဆယ်စုနှစ်စု ကျော်လွန်ပေလိမ့်မည်။

ကျွန်တော် စီးပွားရေးတက္ကသိုလ် တက်နေချိန်အတွင်း နောက်ဆုံးနှစ်မှာ ဘဝကို တစ်ဆစ်ချိုးပြောင်းလဲခဲ့သည်။ ချို့တဲ့စွာဖြင့်တော့ မနေရပါ။ အချိန်မှန်ငွေလွှဲစာ လက်ခံရသည်။ အဆောင်ကြေးသွင်းပြီး လက်ကျန်ငွေဖြင့် လုံလောက်ပါသည်။ အဆောင်တွင် စားမကောင်းသည့် နေ့များမှာ ဖွဲ့ကပင်ဆောင်၏နောက် ခြံစည်းရိုးကို ငုံ၍ သမိုင်းရပ်ကွက်အတွင်း အိမ်ထမင်းဆိုင်လေးတွေမှာ စားဖြစ်သည်။ အိမ်ကိုလွမ်းသည့်အခါများမှာ ဤဆိုင်လေးတွေဆီ ပိုရောက်ဖြစ်သည်။

နောက်ဆုံးနှစ် ကျောင်းသားမို့ အဆောင်မှာ တစ်ခန်း၊ တစ်ယောက်တည်း နေခွင့်ရသည်။ တစ်ခါတစ်ရံ၌ စက်မှုတက္ကသိုလ်မှာ တက်နေသော သူငယ်ချင်း အောင်စိုးဦး ရောက်လာတတ်သည်။ သူလာလျှင် ကျွန်တော့်အခန်းမှာ အိပ်သည်။ အဆောင်မှူးမှာ ကျွန်တော်၏ ဆရာ၊ ခွင့်တောင်းရသည်။ ကျောင်းသားတို့၏ သဘာဝ၊ ဘဝများကို ဖြတ်သန်းလာခဲ့ရသော ဆရာက မသိဘာသာနေပေးသည်။

အောင်စိုးဦးက တစ်ပတ်မှာ တစ်ရက်သာ ကျွန်တော့်အဆောင်မှာ အိပ်သည်။ သူ ကျွန်တော့်ဆီသို့လာရသည့်အကြောင်းကရှိသည်။ ကျွန်တော်တို့ မေဂျာက သင်းသင်းကို လာတွေ့ခြင်းပင်။ သီတာအုန်းနှင့် သင်းသင်းက ကျွန်တော့်သူငယ်ချင်းမများ၊ တစ်မြို့တည်း အတူနေ၍ စီးပွားရေးတက္ကသိုလ် အတူရောက်ကြသည်။ သူတို့က အင်ကြင်း၊ ကျွန်တော်က ဖွဲ့ကပင်ဆောင် ဖြစ်သည်။

အဆောင်မှာ စားသောက်ပြီးချိန်မှောင်သည်နှင့် အဆိုတော်၊ အချောတော်တွေ စုဝေးပြီး အမျိုးသမီးဆောင်များဘက် ချီတက်ကြသည်။ ဂီတာလက်နက်ကိုယ်စီပါသည်။ အဆိုပိုင်သူက အဆို၊ အတီးပိုင်သူ တူရိယာမျိုးစုံဖြင့် တစ်ယောက် တစ်လှည့် ဆိုကြသည်။ အောင်စိုးဦးက ဂီတနက်သံကိုစောငြိမ်းရဲ့ သီချင်း 'သည်ဆောင်းဟေမာန်' ကို ပိုင်ပိုင်နိုင်နိုင် ဆိုနိုင်သည်။

အဆောင်သူတွေက စားစရာနှင့် နားဆင်လိုသော တေးသီချင်းကို စာရွက်ကလေးဖြင့် တောင်းပါသည်။ သိပ်ပျော်စရာကောင်းသည်။ ညဥ့်နက်သည်အထိပင်။ လူစုခွဲတော့ ကြိုးဝိုင်းသို့မပြန်၊ ကျွန်တော့်အခန်းသို့လိုက်၍



www.burmeseclassic.com

www.burmeseclassic.com

အောင်စိုးဦး အိပ်သည်။ သောကြာလို ညမျိုးဖြစ်ပါသည်။ နောက်နေ့ကျောင်းမှ မတက်ရတာ အဆင်ပြေပါသည်။

ဤအချိန်ကာလမှာ AE/11 သည် အဆောင်ကောင်းစွာမဆောက်ရသေးပေ။ ရေနံမည်းမည်းနှင့် မြေစိုက်ကွန်ကရစ်ခင်း၍ သွပ်မိုးစာသင်ဆောင်လေးသာဖြစ်သည်။

ပျော်စရာ လွမ်းစရာလေးတွေနှင့် ရောပြွမ်းနေသော တက္ကသိုလ်မှ ကျွန်တော်ခွဲရတော့မည့်အချိန် ရောက်လာခဲ့ပါပြီ။

တက္ကသိုလ်စာတိုက်မှ ငွေလက်ခံထုတ်ယူရန် အကြောင်းကြားလာသည်။ ငွေလက်ခံသူနေရာမှာ လက်မှတ်ထိုးပြီး လွှဲပေးသူ၏ လက်မှတ်ကြည့်မိသည်။ နာမည်နှင့် လိပ်စာမှာ ဖေဖေ မဟုတ်၊ လွဲနေသည်။ သို့သော် ကျွန်တော့် အမည်နှင့် ကျောင်းသားမှတ်ပုံတင်အမှတ်မှာ မှန်သည်။ ငွေကို လက်ခံထုတ်ယူခဲ့သည်။ ဖေဖေ ဘယ်သွားနေလို့လဲ၊ ငွေလွှဲသူအမည်က မည်သူလဲ၊ ကျွန်တော့်ခေါင်းထဲတွင် ပဟေဠိတွေ ဝင်လာသည်။

RC ရှေ့ခုံရှည်လေးတွင် ထိုင်ပြီး စဉ်းစားသည်။

"မေမေ သား ဘာလုပ်ရမလဲ"

အဖြေမထွက်လျှင် မေမေ့ကို တမ်းတမိသည်။ ကျွန်တော်၏ ဘဝမှာ အခက်ခဲများစွာတို့ကို ဖြေရှင်းစဉ်းစားပေးသည်။ ယခုတော့ ကျွန်တော့်နောက်မှာ မေမေမရှိ။ အနားမှာလည်း မရှိတော့သည်မှာ ကြာပါပြီ။

ကျွန်တော်တို့ကို မေမေခွဲခွာသွားခဲ့သည်မှာ တက္ကသိုလ်စတက်သည့်နှစ်က နှစ်ဝက်လောက်ဖြစ်သည်။ မေမေသည် ကျွန်တော့်အတွက် ကျောင်းစရိတ်ကို ကိုယ်တိုင်လွှဲရမှ ကျေနပ်သည်။ ကျွန်တော်က မေမေရဲ့ တစ်ဦးတည်းသော သားပါ။ အမှတ်သညာကြီးသည်မှာ မေမေနှင့်တူသည်။ ဖေဖေ့ကို ငွေလွှဲမပို့စေရပါ။

"သားကို မင်းကိုယ်တိုင်ကပဲ ကျောင်းစရိတ် လွှဲပို့ပေးနေတော့ သား စိတ်မှာ ဖေဖေက မချစ်လို့ ထင်ပြီး တစ်မျိုးအဓိပ္ပာယ် ကောက်နေပါဦးမယ်ကွာ"

ဖေဖေ ပြောလျှင် မေမေက မည်သို့မှ ပြန်၍မပြောပေ။ အကြောင်းအမျိုးမျိုးဖြင့် စကားနာထိုးကာ စသော်လည်း အပြုံးမပျက်သည့် မေမေ။

သည်းခံတတ်သည့်အကျင့်ကို မေမေ့ထံမှ ရသည်။

အမှန်တော့ ဖေဖေသည်မေမေ့ကို အလွန်ချစ်သည်။ မည်သည့်အချိန်မှ ခက်ထန်သော လေသံဖြင့် မပြောဆိုဘူးပေ။ ဖေဖေက ငါးဟင်းဆို မစား။ အရိုးအလွန်ကြောက်သည်။ သို့သော် မေမေသည် ငါးကို အရိုးထွင်ပြီး ဖေဖေ့ကို ကျွေးသည်။ ကျန်းမာရေးနဲ့ ညီညွတ်မှုတတဲ့ဟင်းမို့ ချက်ကျွေးတာဟု ဆိုကာ စားစေသည်။

ဖေဖေ အလွန်နှစ်သက်သည့် ချဉ်ပေါင်ရွက်ချဉ်ရည် ဘယ်သောအခါမှ ချက်မကျွေးပါ။

"ရှင်နဲ့ မတည့်ဘူး၊ ရင်ကျပ်ရောဂါဖြစ်ရင် ကျွန်မပဲ စိတ်ဆင်းရဲရတာ"

ဖေဖေချဉ်ပေါင်ရွက်ဟင်းကို စွန့်လွှတ်လိုက်ပြီ။ မကြာပါ၊ မေမေ့ကို ဖေဖေ စွန့်လွှတ်ရမည့်အချိန်သို့ ရောက်လာသည်။

တစ်နေ့မှာ ကျွန်တော့်အတွက် ကျောင်းစရိတ်လွှဲပြီး အပြန်မှာ အိမ်ရောက်တော့ ခေါင်းမူးသည်ဟုဆိုကာ အိပ်ရာတွင် လှဲနေလေသည်။ ဖေဖေ အလုပ်မှ ပြန်လာချိန်၌ ထမင်းစားရန် နှိုးသည့်အခါ မေမေ အသက်ဆုံးနေပါပြီ။

ဖေဖေသည် မချိတင်ကဲဖြင့် ရင်ခွင်ထဲက မချ။ "ဖြစ်မှ ဖြစ်ရပလေ" နှုတ်က သည်စကားသာ ပြောနိုင်သည်။ အလောင်းကို ပြင်ဆင်ရန်အတွက် အားလုံးမှ နားဝင်အောင်တရားချ၍ အတော်ပြောယူရသည်။

ပညာရေးအတွက် ထိခိုက်မည်စိုးသည်ဟုဆိုကာ ကျွန်တော့်ကို လုံးဝအသိမပေးကြပါ။ နောင်တွင် စာတိုက်မှ ငွေလွှဲပို့သူမှာ ဖေဖေ ဖြစ်နေသည်။ စိတ်မှာ တစ်စုံတစ်ရာလိုအပ်နေသလို ခံစားလာရသည်။ မေမေ့အမည် မတွေ့ရသည်မှာ ကြာပြီ။ လွမ်းလာသည်။ ကျောင်းသုံးရက် ဆက်ပိတ်သည့်နေ့တွင် ရောအရှေ့ ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်စီး၍ ပြန်လာခဲ့သည်။

ကျွန်တော် ပြန်ရောက်လာသည်ကို တွေ့သည်နှင့် အားလုံးမှာ မျက်နှာမကောင်းကြ။ မဖြစ်သာသည့် အဆုံးတွင် ဖွင့်ပြောကြရတော့သည်။ "မေမေဆုံးတာကြာပြီ" တဲ့။ မေမေ့ အုတ်ဂူတွင် မည်မျှကြာအောင် ငိုနေမိသည် မသိ။ ဖေဖေက ကျွန်တော့် ပခုံးကို ညင်သာစွာ ပွေ့ဖက်ကာ ထစေသည်။ မျက်ရည်ကြည်တွေ ဝေ့နေသည့် ဖေဖေ့မျက်နှာကို မကြည့်ရက်သည်ကြောင့် မျက်နှာလွှဲကာ မှုန်ဝါးဝါးအတိတ်ကို တွေးနေမိသည်။

"မေမေ သားကို အပြီးထားခဲ့တာလား၊ သားက မေမေ့ကို သုသာန်မှာ စွန့်ထားရစ်ခဲ့တာလား" ဟုတွေးနေမိသည်။

ပွေ့ဖက်ထားသည့် ဖေဖေ့ရင်ခွင်သည် မေမေ့ရင်ခွင်လိုတော့ နွေးထွေးမှုမရှိဟု စိတ်မှာထင်မိသည်။ ဖေဖေရဲ့ အေးစက်စက် နှလုံးသားကြောင့်များလား စဉ်းစားရင်းဖြင့် တက္ကသိုလ်ကို ပြန်တက်ခဲ့သည်။ နောက်ပိုင်းတွင် ငွေလွှဲသူနေရာ၌ ဖေဖေ့အမည်နှင့်သာရောက်လာသည်။

မေမေ့နေရာမှာ မည်သို့မှ အစားထိုးခံစား၍ မရ။

အိမ်မှ ငွေပို့သည့် အကြောင်းကြားစာရသူ ကျောင်းသားတိုင်း ပျော်ကြသည်။ ကျွန်တော့်မှာ အိမ်မှ ငွေပို့သည့်နေ့တွင် ရင်နှင့်မျှအောင် ဝမ်းနည်းကြေကွဲရသည်။ ရင်ထဲမှာ နင့်နေအောင် ခံစားရသည်။





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်ပါက မေမေနှင့်အတူ နေခွင့်ရလျှင် သေလိုက်ချင်ပါသည်။ စီးကျလာသည့် မျက်ရည်ကို လက်ဖမိုးနှင့် သုတ်ရင်း ဆိုမိသည်။

RC မှ အပြန် မာလာဆောင်ရှေ့ မှတ်တိုင်မှာ ကားစောင့်သည်။ သမိုင်းကောလိပ်အတွင်း လှည့်ပတ်သည့် ဘတ်စ်ကားစီးမှ အဆောင်ရှေ့ရောက်မည်။ လောလောဆယ် အဆောင်ကို ပြန်ချင်သည်။ ကျောင်းဆင်းချိန်မို့ ကားတွေကျပ်သည်။ ဘတ်စ်ကား မှတ်တိုင်တွင် လူတွေများလာသည်။

ဖေဖေ နောက်အိမ်ထောင်ပြုသည့်အကြောင်း ကြားရသည်။

ကျွန်တော့်အတွက် ကျောင်းစရိတ် လွှဲပို့ခဲ့နေသော နာမည်ပိုင်ရှင်ကို မေမေရဲ့ နေရာမှာ အစားထိုးလိုက်သည်။ ဖေဖေ သိပ်ရက်စက်သည်။ မေမေ့ အရိုးများပင် မဆွေးမြည့်သေး မေမေ့ကိုယ်စား ကျွန်တော် နာကျင်မိသည်။ ဆန္ဒသဘောထားကို ပြရမည်။ ကျောင်းဆက်မတက်ဘူးဟု ဆုံးဖြတ်လိုက်သည်။

တက္ကသိုလ်စာတိုက်သို့ ရောက်လာသည့် ငွေများ သွား၍ မထုတ်ယူတော့ပါ။ သူငယ်ချင်းတစ်ယောက်၏ အကူအညီယူသည်။ သူ့အဖေမှာ ညွန့်ကြားရေးမှူးချုပ် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ ဖြစ်သည်။ ဆင်မလိုက်သင်္ဘောကျင်းမှာ ပင်လယ်လုပ်ငန်းအတွေ့အကြုံယူရန် ဆောင်ရွက်ပေးပြီး စင်ကာပူမှ တစ်ဆင့် သင်္ဘောပေါ် တက်ခဲ့သည်။ ဆွေမျိုးမိဘများနှင့် အဆက်သွယ်ပြတ်သွားသည်။

xxx

"မောင် ဒီမှာ ထူးဆန်းတဲ့ ကြော်ငြာ တစ်ခု ဖတ်ကြည့်ပါဦး မောင်နဲ့များ ပတ်သက်နေမလားလို့"

ကျွန်တော့်ဇနီးက သတင်းစာတစ်စောင်ကိုကိုင်ကာ ရောက်လာသည်။ ဖတ်ကြည့်မှ အမွေကိစ္စ စပ်ဆိုင်သော ဖြေရှင်းနိုင်ရန် အကူအညီတောင်းခံထားသည့် ကြော်ငြာဖြစ်နေသည်။ ဖေဖေနှင့် မေမေ နှစ်ဦးလုံး အမည်ပါသည်။ ပြီးမှ ကျွန်တော့်နာမည်ပါသည်။ ခေါင်းစီးစာတန်းက "သား အမေ့ကို ကူညီပါကွယ်" ဟူ၍ ဖြစ်ပါသည်။

ဖေဖေဆုံးပါးသွားသည့် နာရေးကြော်ငြာ ဖတ်လိုက်ရသည်။ ဆူးအက်တူးမြောင်းအတွင်း သင်္ဘောများပိတ်မိနေစဉ်က ကုမ္ပဏီမှပို့ပေးသည့် သတင်းစာများမှာ အမှတ်မထင် ဖတ်လိုက်မိခြင်း ဖြစ်သည်။ ဖေဖေ့အတွက် သိပ်မခံစားရတော့ပါ။ ပြုစုပေးမည့်သူ အနားမှာ ရှိနေပြီး ဖြစ်နေပြီပဲဟု ဖြေသိမ့်လိုက်သည်။

အားလုံးကို မေ့ထားလိုက်ပါပြီ။ ယခုအခါ သွားသင့် မသွားသင့်ကို မိသားစု တိုင်ပင်ရသည်။ အားလုံးက သွားစေချင်သည်။ မိသားစုလိုက်မည် ရောက်ဖူးချင်သည်။ မောင့်ရဲ့ လက်ကျန်ဆွေမျိုးသားချင်းတွေနှင့် တွေ့ချင်သည်ဟု အရေးဆိုလာသည်။

ကျွန်တော့်၏ မာန်မာနကို ရုပ်သိမ်းပြီး အညာသို့သွားရန် စီစဉ်လိုက်သည်။ သားငယ်နှစ်ယောက်က ပျော်နေသည်။ သူတို့လေးတွေ ခရီးထွက်ရလျှင် အလွန်ပျော်သည်။ ချစ်စရာကောင်းတဲ့အရွယ် အဖေနှင့် အမေကို သူတို့၏မျက်ကွယ် အရောက်မခံသလို။ ကျွန်တော်တို့နှစ်ယောက်ကလည်း သူတို့အပေါ် ထားသည့် မေတ္တာက တုနှိုင်းဖွယ် မရှိပါ။

ကျွန်တော့်၏ အဖေနှင့် အမေကရော ဒီအတိုင်းပဲရှိမည်။ တွေဝေသွားသည်။ အစွန်းတစ်ဖက်ရောက်နေသော အသိကို သတိထားလိုက်မိချိန်မှာတော့ နောက် ကျသွားပြီ။ ဖေဖေနှင့် မေ့မေ ဤသက်ရှိလောက ဘုံဘဝမှာ မရှိကြတော့ပါ။ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ။ သူတို့လေးတွေအတွက် နောက်မကျမီ အညာက အမေ့ဆီ ပြန်မည်။ အိမ်ကကားဖြင့် ခရီးကို စီစဉ်လိုက်သည်။

အညာရောက်တော့ ကျွန်တော်တို့ နေခဲ့စဉ်ကအတိုင်း အိမ်ကလေးကို သပ်ရပ်အောင်ပြင်ထားသည်။ ဖေဖေနှင့် မေမေ မရှိတော့တာကလွဲလို့ အားလုံးသည် ယခင်ကအတိုင်း ရှိနေဆဲပါ။

"ဒါက သားမေမေရဲ့ပစ္စည်းတွေပါ၊ အားလုံး မေမေလေး မပျောက်ပျက်အောင် သိမ်းထားတယ်၊ သားရဲ့ ဖေဖေက ပင်စင်နဲ့ လုပ်သက်ဆုငွေအားလုံး ဘဏ်မှာအပ်ထားခဲ့တဲ့ ဘဏ်စာအုပ်ပါ၊ သား ယူထား၊ ပေါ့ဒီစာရွက်နဲ့ စာချုပ်က အိမ်ဂရံတွေလေ၊ သားကို ဘယ်လိုမှ ဆက်သွယ်လို့မရဘူး၊

မေမေလေး ပို့လိုက်တဲ့ ပညာသင် ကျောင်းစရိတ်ငွေတွေ သားက လက်မခံတော့ စာတိုက်က ပြန်လာပို့တယ်၊ မေမေလေးဖြင့် စိတ်မကောင်းဖြစ်လိုက်ရတာ၊ ကိုယ့်ကိုယ်ကိုယ်လဲ အပြစ်တင်နေမိတယ်၊ သားဖေဖေကို မေမေလေး ယူလိုက်တာ မှားသွားပြီလားလို့ ထင်မိတယ်၊ အချစ်ရဲ့ နောက်ကွယ်မှာ ပြဿနာတွေ ပုန်းခိုနေတာ လူမှုပြဿနာတွေလေ၊

သားရဲ့ဖေဖေကို မေမေလေး ရှောင်နေပါသေးတယ်၊ အဲဒီအချိန်မှာ သားဖေဖေ ညာဘက်တစ်ခြမ်းလေဖြတ်သွားတယ်၊ မေမေလေး ပစ်မထားရက်နိုင်ဘူး သားရယ်၊ မေမေလေးကို ခွင့်လွှတ်ပါ"

ကျွန်တော် အလွန်မှားသွားပါပြီ။ အရွယ်လွန်မှ နှာတွန်သည့် အဖေလို့ ပြစ်မှားခဲ့သည်။ အချစ်ကို နားမလည်ခဲ့သည့် ကျွန်တော်က အမေ့ကို အားနာသည်။ မျက်နှာကို မကြည့်ဝံ့ ကြည့်ဝံ့နှင့် မော့အကြည့်မှာ မေတ္တာ ကရုဏာလွှမ်းလျက် မျက်ဝန်းမှာ လစ်လပ်နေသည့် ကွက်လပ်ကလေး တိုးဝင်ရန် ကြိုးစားနေဆဲ။

**ရှာန်**

❐



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

ကျွန်တော်သည် စားပွဲထိုး၏ အသံကို ထပ်မံ၍ ကြားလိုက်ရပြန်ပါ၏။

"ဆရာ၊ တစ်ဆိတ်လောက် ဆရာ၊ တစ်ဆိတ်လောက်"

စားပွဲထိုးသည် ကျွန်တော့်ထံသို့ ဦးတည်လာသည်။

"ဆရာ သောက်သုံးသွားတာတွေအတွက် ကျသင့်ငွေက ဆယ့်နှစ်ဒေါ်လာပါ ဆရာ"

"လပ်စ်ကာတာနာစ်ညကလပ်ဟာ အလွန်မှပဲ ဈေးကြီးလှချေလား"

ဟု ကျွန်တော်က ပြောပြောဆိုဆို စားပွဲထိုးအား ငါးဒေါ်လာ ထပ်မံဖြည့်စွက်ပေးလိုက်သည်။ ထိုအချိန်တွင် ဂျိုသည် ကျွန်တော့်ထံသို့ အလျင်စလို လာသည်။

အရပ်မြင့်မြင့်နှင့်လူသည် ကျွန်တော့်တံခါးပေါက်ကြီးသို့ လာနေသည်ကို တွေ့မြင်သွားပေသည်။ ထိုလူသည် တံခါးပေါက်ကြီး၏အရှေ့သို့ ရွှေ့ပြောင်းနေရာယူထားလိုက်သည်။

# မြေဝယ်လျှိုးမိုးထက်ယံ တက်ပျံပုန်းရှောင်လေသလား

ကျွန်တော် ညကလပ် တံခါးပေါက်ကြီးမှ ထွက်ခွာ၍ မရတော့ပါ။

◆

၁၄။ တိုက်ပွဲ

ဂျိုသည် ကျွန်တော်နှင့် အနီးဆုံးတွင် ရောက်ရှိနေပါသည်။ ကျွန်တော် လှမ်းမျှော်ကြည့်လိုက်၏။ ဂျို၏ အဖော်ဖြစ်သူ အရပ်မြင့်မြင့်လူသည် သီးသန့်ကပွဲအဆောင်ဘေးဘက်တွင် မတ်တတ်ရပ်လျက် ရှိနေ၏။

www.burmeseclassic.com

ကျွန်တော်သည် ဂျိုအား သီးသန့် ကပွဲဆောင်အလယ်သို့ ရောက်ရှိသွားရန် တွန်းပစ်လိုက်ပါသည်။ သီးသန့် ကပွဲအဆောင်၌ လူပေါင်းမြောက်မြားစွာ ကခုန်လျက်ရှိနေကြ၏။

ထိုအခိုက်တွင် ကျွန်တော်၏ နောက်ကျောဆီသို့ ချွန်ထက်သော အရာတစ်ခုထိကပ်လာသည့် အတွေ့ကို ကျွန်တော် ခံစားလိုက်ရသည်။ ဓားတစ်လက်ဖြစ်၏။

"ဟာသ လုပ်နေတာတွေ ရပ်ပစ်လိုက်စမ်းပါ ဆာမြူယယ်လ်"

ဟု ဂျိုက ဒေါသတကြီး ပြောလာသည်။

"မင်းနဲ့ ငါ ကနေတာတွေ ရပ်ပစ်လိုက်စမ်း၊ ခင်ဗျား တံခါးကြီးဆီကို သွားချင်သွား၊ ဒါမှမဟုတ်ရင် ဒီဓားနဲ့ ခင်ဗျားကို ထိုးလိုက်မယ်"

ကျွန်တော်သည်ဂျို၏ခြေထောက်ကို ပြင်းထန်နိုင်သမျှ ပြင်းထန်စွာ ကန်ကျောက်ပစ်လိုက်သည်။ ဂျိုသည် နာကျင်လွန်းလှစွာဖြင့် အော်ဟစ်လိုက်လေသည်။ ထို့နောက် ကပွဲအဆောင်မှ ထွက်ပြေးခဲ့၏။ ကျွန်တော် နောက်သို့ လှည့်ကြည့်လိုက်၏။ ဂျိုနှင့် ၎င်း၏ သူငယ်ချင်း အရပ်မြင့်မြင့်နှင့် လူနှစ်ဦးသည် ကျွန်တော့်နောက်မှ အပြေးအလွှား လိုက်လာနေကြသည်ကို တွေ့မြင်ရသည်။

ကျွန်တော်သည် စားပွဲများကြားမှ လှည့်ပတ်ပြေး၏။ ဂျိုနှင့် ၎င်း၏ အရပ်မြင့်မြင့်သူငယ်ချင်းတို့သည်လည်း မီးဖိုခန်းတံခါးဆီသို့ ပြေးလာကြသည်။

စားဖိုမှူးသုံးဦးတို့သည် ကျွန်တော့်ထံသို့ တန်းတန်းမတ်မတ် လာနေကြသည့်အတွက်ဖြစ်၏။ ယင်းတို့ သုံးဦး၏ လက်ထဲတွင် မီးဖိုဆောင်သုံး ဓားသုံးစင်း ကိုယ်စီကိုယ်င ကိုင်စွဲလာကြသည်။

ကျွန်တော်သည် ၎င်းတို့သုံးဦးထံသို့ တစ်ဟုန်တည်း ဝင်ရောက် တိုက်ခိုက်နိုင်ရေးနှင့် အလျင်ဦးစွာ ပြေးဝင်သွားနိုင်ရေးကို ကြိုးစားရန် စဉ်းစားလိုက်သည်။ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ရပြန်သည်။

ကျွန်တော်၏ လက်ဝဲဘက်၌ အရွယ်အစား အလွန်ကြီးမားသော လက်ကိုင်တပ် ဒယ်အိုးတစ်အိုး မီးဖိုပေါ်တွင် ပွက်ပွက်ဆူစွာ ရှိနေသည်။ ဒယ်အိုးထဲတွင် စွပ်ပြုတ်ရည်များသည် ပူပြင်းစွာ ဆူပွက်နေကြသည်။

ကျွန်တော်သည် စွပ်ပြုတ်ရည် ဒယ်အိုးကြီးကို မီးဖိုပေါ်မှ လက်ကိုင်ဆွဲယူကာ စားဖိုမှူး သုံးဦးထံသို့ ချိန်ဆကာ အားကုန်အင်ကုန် လွှဲပေါက်ပစ်လိုက်သည်။ ဒယ်အိုးအပူနှင့် စွပ်ပြုတ်ရည်အပူများသည် စားဖိုမှူးများထံသို့ ဒက်ထိကျရောက်သွား၏။

ယင်းတို့ အသီးသီးထံမှ မခံရပ်နိုင်စွာ အော်ဟစ်လိုက်သော အသံများ ကျယ်လောင်စွာထွက်ပေါ်လာကြသည်။

ထိုခဏမှာပင် ကျွန်တော်၏ နောက်တွင် ရှိနေသော တံခါးသည် ပွင့်သွား၏။ ဂျိုနှင့် သူ၏ သူငယ်ချင်း အရပ်ရှည်ရှည်မြင့်မြင့်နှင့် လူသည်လည်း အတူပါရှိလာ၏။ ၎င်းတို့နှစ်ဦးသည် တံခါးပေါက်ဝတွင် ရှိနေကြ၏။ အရပ်ရှည်ရှည်မြင့်မြင့်နှင့် လူသည် သေနတ်တစ်လက်ကို ကိုင်ဆောင်ထားပါ၏။

သေနတ်သံတစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ စားဖိုမှူး သုံးဦးအနက်မှ စားဖိုမှူးတစ်ဦး၏ ခြေထောက်သေနတ်ထိမှန်၍ အော်ဟစ်လိုက်၏။ အရပ် ရှည်ရှည်မြင့်မြင့်နှင့် လူသည် စားဖိုမှူးတစ်ဦး၏ခြေကို မှားယွင်းစွာ ပစ်ခတ်မိခြင်း ဖြစ်သည်။

ကျွန်တော်သည် လျင်မြန်စွာ ပေကျံနေသော ပန်းကန်ပြားအထပ်ကြီး တစ်ထပ်ကို လှမ်းယူလိုက်၏။ ပန်းကန်ပြား အထပ်ကြီးအား ဂျိုထံသို့ ပစ်ပေါက်လိုက်သည်။ ဂျိုသည် ၎င်းထံသို့ ပန်းကန်ပြားအထပ်ကြီး တိုက်ရိုက်လာနေသည်ကို သိရှိလိုက်၏။ ၎င်းသည် ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။ သို့နှယ် ရှောင်တိမ်းမှုပြုရာတွင် ၎င်းသည် ကြမ်းခင်းပေါ်သို့ ချော်လဲကျသွား၏။ ပန်းကန်ပြားအထပ်ကြီး၏ အကွဲအစများ အပေါ်သို့ လဲကျသွားခဲ့ခြင်းလည်းဖြစ်သည်။

ကျွန်တော် စောင့်ဆိုင်းမနေပေ။ မီးဖိုဆောင် အနောက်ဘက်တွင်ရှိနေသော တံခါးပေါက် တစ်ပေါက်ဆီသို့ ဖြုန်းခနဲ ပြေးလိုက်၏။ သို့ရာတွင် မီးဖိုဆောင် အနောက်ဘက်တံခါးသည် သော့ခတ်ထားပါ၏။ ကျွန်တော်သည် ကျွန်တော်၏ပခုံးဖြင့် တံခါးကို ဆောင့်ဖွင့်သည်။ ခတ်ထားသော သော့အိမ်သည် လွယ်ကူစွာပင် ကျိုးပျက်သွား၏။

ကျွန်တော် တံခါးကို ဖွင့်လိုက်သည်။ ကျွန်တော်သည် လမ်းဘက်သို့ ထွက်လိုက်သည်။ လမ်းသည်မှောင်မည်းနေ၏။ ကာလပ်အတွင်းမှ လွင့်ပျံ့ထွက်ပေါ်လာသော အော်ဟစ်သံများကို ကျွန်တော်သည် ကောင်းစွာ ကြားနေရဆဲဖြစ်သည်။

ကျွန်တော်သည် ကျွန်တော်၏ မော်တော်ကား ရပ်နားထားရှိသည့် နေရာသို့ အရောက်သွား၏။ တံခါးကို ဖွင့်မည်ပြု၏။ ထိုအခိုက်အတန့်မှာပင် ကျွန်တော်၏ အနောက်ဘက်မှ အသံတစ်သံ ထွက်ပေါ်လာ၏။ ကျွန်တော် လှည့်ကြည့်လိုက်သည်။ လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ သူ၏လက်ပင့်မြောက်သွား၏။ အရာရာတိုင်းသည် မှောင်အတိ ကျသွားပါတော့သည်။

◆

## ၁၅။ ရဲစခန်း

"အခု . . ခံစားနေရတာတွေ သက်သာလာပြီလား"

မေးမြန်းလိုက်သည့်အသံတစ်သံ ထွက်ပေါ်လာ၏။ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်ပါသည်။ကျွန်တော်သည် ရဲစခန်းအတွင်းသို့ ထပ်မံ၍ ရောက်ရှိနေပြန်ပါပကောလား။ ကျွန်တော့်အား စကား ပြောလာသည့် ရဲတပ်ဖွဲ့ဝင်အား ကျွန်တော် ကြည့်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

ကျွန်တော်က ဖြည်းလေးစွာ ပြောသည်။

"ကျွန်တော့်ခေါင်းတစ်ဝက် တစ်ခြမ်းလောက်များ ပျက်စီးသွားသလိုပါပဲ ကျွန်တော် ခံစားနေရတယ်"

"ခင်ဗျား အသက်ရှင်နေတာ တောင် အတော်ကြီး ကံကောင်းနေပါတယ်"

ရဲတပ်ဖွဲ့ဝင်က ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော် ကံကောင်းပါတယ်"

ကျွန်တော်က ပြောလိုက်ပါသည်။

"ဒါနဲ့ စကားမစပ်ဗျာ၊ ဂိုဒင်ဒရိုက်လမ်းမှာ ရဲတပ်ဖွဲ့ရဲ့ မော်တော်ကားက ဘာများ လုပ်နေပါသလဲ"

"အို . . ."

ရဲတပ်ဖွဲ့ဝင်က ပြောဆိုသည်။

"လပ်စ်ကာဘာနာစ်လို့ ခေါ်တဲ့ ညတလပ်တစ်ခုမှာ အကြီးအကျယ် တိုက်ကြခိုက်ကြတဲ့ အမှုတစ်ခုဖြစ်ပွားခဲ့တယ်လေ၊ ကျုပ်တို့ ရဲစခန်းက တယ်လီဖုန်းဝင်လာတာကတော့ ကလပ်ထဲမှာ စိတ်ကယောင်ချောက်ချားဖြစ်နေတဲ့ လူ အရူးတစ်ယောက်ပေါ့လေ၊ အဲဒါ ရောက်နေတယ်တဲ့၊ အဲဒီအရူးဟာ ကလပ်ထဲက ပရိဘောဂပစ္စည်းတွေကို ဖျက်ဆီးနေတယ်တဲ့၊ အဲဒါနဲ့ ရဲတပ်ဖွဲ့ မော်တော်ကားတစ်စီးကို လပ်စ်ကာဘာနာစ်ကလပ်ကို လွှတ်လိုက်ရတယ်၊ ဒါပေမယ့် ကျုပ်တို့ ရဲမော်တော်ကား ကလပ်ကို မရောက်ခင်မှာပဲ အရူးဟာ ကလပ်ထဲက ထွက်သွားတယ်တဲ့၊

ရဲမော်တော်ကားဟာ ကလပ်က ပြန်လှည့်လာတော့ ဂိုဒင်ဒရိုက်လမ်းထဲမှာ ခင်ဗျား လဲနေတာကို တွေ့လို့ ရဲစခန်းကို တင်ဆောင်လာတာတဲ့၊ ခင်ဗျား အလွန်ကံကောင်းလှပါတယ်၊ ကားတွေဟာ ခင်ဗျားအနားက ပွတ်ကာသီကာ မောင်းနှင်နေကြရတာ"

ကျွန်တော် ပြုံးလိုက်ပါသည်။

"ခင်ဗျား ယပ်စ်လျှောက်နိုင်သလား"

"ကျွန်တော် လမ်းလျှောက်နိုင်ပါတယ်"

စားပွဲ၏နောက်တွင် လူတစ်ယောက် ရှိနေ၏။ သူသည် ထိပ်ပြောင်သည်။ ကျွန်တော်၏ မိတ်ဆွေဟောင်းကြီးဖြစ်သည်။ ဆာဂျင်မာဖီပါ။

"ဟဲလို ဆာဂျင်မာဖီ"

ကျွန်တော်က နှုတ်ဆက်လိုက်သည်။

◆

**၁၆။ အမှန်ကိုပြောပါ**

"မင်း လပ်စ်ကာဘာနာစ်ညက လပ်ကို သန်းခေါင်ချိန် မတိုင်မီ သွားခဲ့တယ် ဟုတ်လား"

ဟု ဆာဂျင်မာဖီက မေးလာ၏။

"အဲဒါ အမှန်ပဲ"

ကျွန်တော်က ပြန်ကြားလိုက်သည်။

"ကျွန်တော်ဟာ ညကလပ်ကို သန်းခေါင်မတိုင်ခင်ကလေးမှာပဲ သွားခဲ့တာပါ"

"ဒီလိုဆိုရင် လပ်စ်ကာဘာနာစ်ညကလပ်ထဲမှာ ဆယ့်နှစ်နာရီထိုးပြီးစကလေးမှာ အကြီးအကျယ် တိုက်ကြခိုက်ကြတဲ့အထဲမှာ မင်းမပါဝင်ဘူးပေါ့၊ ဟုတ်လား"ဟု ဆာဂျင်မာဖီကမေးသည်။

"အကြီးအကျယ် တိုက်ကြ ခိုက်ကြသတဲ့လား"

ကျွန်တော်က ပြောလိုက်၏။ ကျွန်တော်ပြောဆိုလိုက်သည့် အသံကိုလည်း အံ့အားတသင့် ဖြစ်သွားစေသည့် အသံမျိုး ဖြစ်ပေါ်လာအောင် ကြိုးစားလိုက်ရသည်။

"မင်းရဲ့ အသံကို အံ့အားတသင့် ဖြစ်သွားစေအောင် လုပ်မနေစမ်းနဲ့"

ဆာဂျင်မာဖီက ဒေါသတကြီး ပြောသည်။

"လပ်စ်ကာဘာနာစ်ညကလပ်ပိုင်ရှင်က ငါတို့ဆီကို ဖုန်းဆက်လိုက်တယ်၊ ကလပ်ပိုင်ရှင်က လွှန်ခဲ့တဲ့ ညသန်းခေါင်ယံ ကျော်ကျော်ကလေးမှာ မျက်လုံးကလဲ အညိုရောင်၊ ဦးထုပ်ကလဲ အညိုရောင်နဲ့ လွင်းသာမြူယယ် လို့ ခေါ်တဲ့ အရပ်မြင့်မြင့် ရှည်ရှည်နဲ့ လူတစ်ယောက်ဟာ ကလပ်မှာ လူနှစ်ယောက်ကို တိုက်ခိုက်ခဲ့သတဲ့လို့ ပြောတယ်၊ ပြီးတော့ ကလပ်ပိုင်ရှင်က ပြောဆိုသေးတာက မင်းဟာ ကလပ်က စားဖိုမှူးသုံးဦးကို တိုက်ခိုက်တယ်၊ ဒဏ်ရာအနာတရ ရရှိသွားစေတယ်တဲ့။

ပြီးတော့လဲ မင်းဟာ ပန်းကန်ပြား အချပ်ပေါင်း တစ်ရာကျော်ကျော်ကိုလဲ ခွဲပစ်ခဲ့တယ်တဲ့၊ စားပွဲတစ်လုံးလဲ ပျက်စီးသွားတယ်၊ ဒေါ်လာ ရာပေါင်းများစွာ တန်ဖိုးသင့်တဲ့ စားသောက်ဖွယ်ရာတွေလဲ ထိခိုက်ပျက်စီးသွားစေခဲ့ပြန်သတဲ့"

ကျွန်တော်သည် မည်သည်ကိုမျှ မပြောမဆိုပါ။ မည်သည်ကိုမျှလည်း ပြောရန် ဆိုရန်အတွက်မူ ကျွန်တော် မစဉ်းစား မတွေးခေါ်နိုင်ပါ။

"မင်း အဲဒါတွေကို အမှန်တကယ် ကျူးလွန်ခဲ့သလား"

ဆာဂျင်မာဖီသည် ကျွန်တော့်ကို မေး၏။ သူမေးသံ မြန်သံသည်လည်း ပြောင်းလဲ ခြားနားသွားပါ၏။ ဆာဂျင်မာဖီသည် ယင်း၏ ပြောသံ ဆိုသံဖြင့် အံ့ဩသည့် အသွင်ဟန်ပန်ကိုလည်း ဖော်ဆောင်နိုင်သည်။ ကျေနပ်နှစ်သက်နေသည့် ပုံပန်းကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

"မင်း ကျူးလွန်ခဲ့တာတွေဟာ အမှန်တကယ်ပဲ မင်းတစ်ယောက်တည်း ပဲလား၊ ဒါမှ မဟုတ်ရင် မင်းကို ကူညီဖို့ လူတွေ အများကြီး ပါဝင်လာသေးသလား"

"ကျွန်တော် တစ်ယောက်တည်း၊ ကျွန်တော့်ဘာသာ ကျွန်တော်"

ဟု ပြောလိုက်သည်။

ကျွန်တော့်ကိုယ် ကျွန်တော် အနည်းအပါးမျှ အဦးအစမှာ ဝါကြွားခံစားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း မသိဘူးလား၊ မနေ့ညက မင်းကျူးလွန်ခဲ့တာတွေအတွက် ထောင်ဒဏ်ခြောက်လ ကျနိုင်တယ်ဆိုတာ"

ဟု ဆာဂျင်မာဖီက ကျွန်တော့်ကို မေးမေးပြောပြောပြု၏။

ယင်းသည် သူပြောဆိုလိုက်သည့် စကားကိုပင် သူ့ဘာသာသူ သဘောကျစွာ ရယ်၏။

ကျွန်တော်ကတော့ မရယ်မောမိပါ၊ ထောင်ထဲမှာ ခြောက်လ အကျဉ်းကျခံရမည်ဆိုသည့်အထဲမှာ မည်သည့်ဟာကမှ ရယ်စရာမောစရာဟု ကျွန်တော်မမြင်မိပါ။

"ကြည့်စမ်း"

ဆာဂျင်မာဖီက ပြောသည်။

"ငါဟာ မသိမမြင်စွမ်းနိုင်တဲ့သူ မဟုတ်ဘူး"

ဆာဂျင်မာဖီဆိုသည့် သူသည် မသိမမြင်စွမ်းနိုင်သူ မဟုတ်သည်ကို ကျွန်တော် သဘောတူညီပါသည်။

"ငါဟာ မသိမမြင်စွမ်းနိုင်တဲ့သူ မဟုတ်ဘူး"

ဆာဂျင်မာဖီက ထပ်လောင်း ပြောပြန်သည်။

"မင်းမနေ့ညက လပ်စ်ကာတာနာစ်ညကလပ်မှာ ဘာအကြောင်းရယ်ကြောင့် ရောက်နေရှိနေရသလဲဆိုတာ ငါသိပါတယ်၊ ဘင်ဂရီဟာ လပ်စ်ကာဘာနာစ်ညကလပ်မှာ အလုပ်လုပ်ခဲ့တယ်ကွ၊ မင်းက အဲဒီညကလပ်ကို သွားခဲ့တာ သူ သေဆုံးသွားတာနဲ့ ပတ်သက်ပြီး ရှာစရာ ကြည့်စရာရှိလို့ပဲ"

ကျွန်တော်သည် ဆာဂျင်မာဖီနှင့် စပ်လျဉ်း၍ ထပ်လောင်း၍ သဘောတူညီရပြန်ပြီဖြစ်သည်။

"အခု"

ဆာဂျင်မာဖီက ဖြည်းလေးစွာ ပြောဆို၏။

"ငါဟာ လပ်စ်ကာဘာနာစ်ညကလပ်ကို စိတ်ဝင်စားပါတယ်၊ အဲဒီညကလပ်ကို ပိုင်ဆိုင်တဲ့လူတွေဟာ ဥပဒေချိုးဖောက်ကြတဲ့သူ၊ ပြစ်မှုကျူးလွန်ကြတဲ့သူတွေပဲဖြစ်ကြတယ်၊ ဒါပေမယ့် သူတို့ဘက်က ဥပဒေချိုးဖောက်ပါတယ်လို့ အရေးယူရအောင် ငါတို့ဘက်က သက်သေသက်ကန် မပြနိုင်ပြန်ဘူး၊ ပြီးတော့ ငါ စိတ်ဝင်စားသေးတာက ဘင်ဂရီကို သတ်ဖြတ်သွားခဲ့တဲ့ လူသတ်သမားပဲ၊ လပ်စ်ကာတာနာစ်ညကလပ်နဲ့ ပတ်သက်တာတွေ၊ ဘင်ဂရီနဲ့ ပတ်သက်တာတွေကို မင်းသိရှိသမျှ အကုန်ကို ငါ့ကို ပြောပြ၊ ပြောပြရင် ငါ မင်းကို ပြန်လွှတ်ပေးမယ်၊ မင်းသိရှိထားတာတွေ အိတ်သွန်ဖာမှောက် ငါ့ကို ပြောရင် ညကလပ်ထဲမှာ တိုက်ကြ ခိုက်ကြတဲ့ ဖြစ်ရပ်နဲ့ ဆက်စပ်ပြီး မင်းအကျဉ်းထောင်ထဲ မသွားစေရဘူး၊ ဒါပေမယ့် ငါက အမှန်ကိုပဲ သိချင်တယ်၊ မနေ့ညက မင်းငါ့ကို လိမ်ညာပြောဆိုခဲ့တာမျိုး မဟုတ်ရဘူး"

ကျွန်တော် သက်ပြင်းရှည်ချလိုက်ပါသည်။ ထို့နောက် ကျွန်တော်သည် ဆာဂျင်မာဖီသို့ ကျွန်တော်သိရှိခဲ့သမျှကို အသိပေး ပြောဆိုရန် အစပျိုးလိုက်ပါသည်။

ကျွန်တော်သည် အီလာနီဂါဖီလ်နှင့် ဆက်နွယ်မှုကိုသာလျှင် ထိမ်ချန်ထားရှိလိုက်ပြီး ကျန် ကျွန်တော်ပါဝင်သိရှိခဲ့သမျှတို့ကို လုံးစေ့ပတ်စေ့ ပြောပြလိုက်ပါတော့သည်။

အီလာနီဂါဖီလ်နှင့် အကျုံးဝင်သည်တို့ကို ကျွန်တော် လိမ်ဝှက်ထားရှိလိုက်ရခြင်းမှာလည်း ဘင်ဂရီ သေဆုံးခဲ့မှုတွင် အီလာနီဂါဖီလ်သည် မည်သို့မည်ပုံအနီးကပ် အချိတ်အဆက် ရှိနေခဲ့သည့် အနေအထားကို ကျွန်တော့်ဘက်က သေချာရေရာမှု မရှိသေး၍ဘဲ ဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော်သည် ဆာဂျင်မာဖီသို့ ဟီလင်ဂါဖီလ်သည် နယူးယောက်မြို့မှ ဖြစ်ပါကြောင်း ပျောက်ဆုံးနေဆဲ ဖြစ်ပါကြောင်းကိုမူ ပြောပြလိုက်သည်။

ဆာဂျင်မာဖီက ကျွန်တော့်အား ဟီလင်ဂါဖီလ်၏ နယူးယောက်လိပ်စာကို တောင်းခံလာပါသည်။ ကျွန်တော်က ဟီလင်ဂါဖီလ် နေထိုင်သော နယူးယောက်လိပ်စာကို မသိရှိပါကြောင်း ပြောလိုက်သည်။ ဆာဂျင်မာဖီက ဆက်လက်၍ ဟီလင်ဂါဖီလ်၏ လော့အင်ဂျီလီလစ်မြို့တွင် ရေးခဲ့သည့် လိပ်စာကို မေးပြန်သည်။ ကျွန်တော်က မသိရှိကြောင်း ပြောသည်။

ကျွန်တော်သည် ဆာဂျင်မာဖီတို့ ကလပ်၏ ဧေတ်ပေါ်တေးဂီတအဖွဲ့မှ ဒရမ်တီးသူ ဖြစ်ခဲ့သော ဘသ်ဂရီ အကြောင်းကိုလည်း ဆက်လက်၍ အသိပေးလိုက်၏။ သို့ရာတွင် ဘင်ဂရီသည် အီလာနီဂါဖီလ်ကို သိကျွမ်းခဲ့သည့် အကြောင်းခြင်းရာကိုမူ ကျွန်တော်က ထိမ်ချန်မြဲ ထိမ်ချန်ထား လိုက်ပါသည်။

ထို့နောက် ကျွန်တော်က ကျွန်တော်ကားမောင်းလာစဉ် နောက်ယောင်ခံလိုက်ပါလာသော အဝါရောင်တာ ပေါ်တွင် ပါရှိလာသည့် လူနှစ်ယောက်၏ အကြောင်းခြင်းရာကို ဆာဂျင်မာ သို့မေး၏။ ၎င်းက ပြုံးနေ၏။ ပြီးမှ တာ အဝါရောင်တွင် လိုက်ပါလာသော လူ နှစ်ဦးသည် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြ ကြောင်းဖြင့်ပြောသည်။ နောက်ဆုံးတွင် ကျွန်တော်သည် လပ်စ်ကာဘာနာစ်ည ကလပ်အတွင်း၌ တိုက်ကြ ခိုက်ကြသည့် အဖြစ်ကို ဆာဂျင်မာဖီသို့ ပြောပြလိုက် သည်။

ဆာဂျင်မာဖီသည် ကျွန်တော် ပြောဆိုသမျှကို နားစိုက်လျက်ရှိ ကျွန်တော်သည် ဆာဂျင်မာဖီအား အလုံးစုံ ပြောဆိုပြီးစီးပြီးသည့်နော တွင် ယင်းသည် ကျွန်တော့်အား အတ ကြာမျှ မည်သည့်စကားမျှ မပြော ပဲ ကြည့်နေပါသည်။

"ကောင်းပြီ ဆာမြူယယ်လ် မျှော်လင့်ထားတဲ့အတိုင်းပဲ မင်း ငါ့ကို အမှန်အကန်အတိုင်းပဲ ပြေ လာပါတယ်၊ ပြောသမျှတွေ ဟာလဲ မှန်တာတွေချည်းပဲ၊ မင်းဟာ



www.burmeseclassic.com

www.burmeseclassic.com

ကိုမှ သားစကားပြောမယ်ဆိုရင်တော့ လပ်စ်ကာဘာနာစ်ညကလပ်မှာ တိုက်ကြခိုက်ကြတဲ့ အမှုနဲ့ မင်းကို ထောင်ချောက်လ ချလိုက်မှာဖြစ်တယ်၊ အခု မင်း သွားနိုင်ပြီ"

ကျွန်တော်သည် မက်တတ်ရပ်ထိုက်သည်။

"ကျေးဇူးတင်ပါတယ်" ဟုကျွန်တော်က ပြုံး၍ ပြောလိုက်သည်။

"ထိုင်ဦး"

ဆာဂျင်မာဖီ ကပြော၏။

"နားထောင် မင်းသွားနိုင်တယ်၊ ဒါပေမယ့် မင်းကတိပေးခဲ့ရမယ်၊ လပ်စ်ကာဘာနာစ်ညကလပ်မှာ မင်းတွေ့ရှိလာမှာတွေကိုရော၊ ဘင်ဂရိနဲ့ စပ်ဆိုင်တာတွေကိုရော ဘာကိုပဲ ဖြစ်ဖြစ် မင်းဟာ ငါ့ကို ပြောရမယ်၊ အဲဒီ ကတိ"

"ကျွန်တော် ကတိပေးပါတယ်"

ကျွန်တော်က သွက်သွက်မြန်မြန်ပြော၏။ မတ်တတ်ရပ်လိုက်၏။

"ခဏလေး"

ဆာဂျင်မာဖီက ပြော၏။

"ငါ မင်းကို တစ်ခုပြောစရာရှိလာတယ်၊ နယူးယောက်ရဲစခန်းကို ငါ ဇုန်းဆက်ဖို့ ရှိတယ်၊ ဟီလင်ဂါဖီလ် နဲ့ ပတ်သက်တာတွေအားလုံး ထောက်လှမ်းရယူပေးဖို့ပဲ ဖြစ်တယ်၊ တကယ်လို့ နယူးရောက်ရဲစခန်းက ဟီလင်ဂါဖီလ် နဲ့ ဆက်စပ်ပြီး မင်းက ငါ့ကို မမှန်မကန်တွေ ပြောပြထားရှိခဲ့တဲ့ အပေါ်မှာ စုံစမ်းထောက်လှမ်းပေးလာခဲ့မယ်ဆိုရင် မင်းတော့ ဒုက္ခလှလှကြီး ပြန်တွေ့ရလိမ့်မှာပဲ ဖြစ်တယ်"

ကျွန်တော်က ဆာဂျင်မာဖီအား စိုးရိမ်စိတ် မထားရှိနေပါရန် ပြောလိုက်၏။ အလွန် ကျေးဇူးတင်ရှိပါကြောင်း တစ်ဆက်တည်း ပြောလိုက်၏။ ကျွန်တော်သည် ရဲစခန်းမှ စိတ်လွတ်လပ်ပျော်ရွှင်စွာ ထွက်လာခဲ့၏။ အကြောင်းမူကား ဆာဂျင်မာဖီသည် ကျွန်တော့်အား ပြန်၍ လွှတ်ပေးလိုက်သည့်အတွက် ဖြစ်၏။

ကျွန်တော်သည် အငှားယာဉ်တစ်စင်းကို ခေါ်လိုက်၏။

ဂိုလ်ဒင်ဒရိုက်လမ်းသို့ မောင်းပို့ခိုင်းလိုက်သည်။ ကျွန်တော်၏ မီးခိုးရောင် မော်တော်ကားကြီးကို ပြန်လည်၍ ရယူရန်အတွက်ဖြစ်ပါသည်။

◆

## ၁၇။ တယ်လီဖုန်းခေါ်

ကျွန်တော်သည် ကျွန်တော်၏ မီးခိုးရောင်မော်တော်ကားကြီးကို ရုံးခန်းသို့ ပြန်လည်၍ မောင်းယူလာခဲ့၏။ ကော်ဖီဆိုင်သို့သွားသည်။ နံနက်စာစားသုံးသည်။ ကျွန်တော်သည် ကော်ဖီကိုသောက်ရင်း လပ်စ်ကာဘာနာစ်ညကလပ်တွင် အတိုက်အခိုက် မဖြစ်ပွားမပေါ်ပေါက်လာမီ အချိန်၌ ဟီလင်ဂါဖီလ်နှင့် တွေ့ဆုံ ပြောဆိုခဲ့သည်တို့ကို စဉ်းစားနေမိ၏။

ကျွန်တော်သည် တစ်စုံတစ်ရာကို အလျင်အမြန်စစ်ဆေးရန် ဆုံးဖြတ်ချက်ချလိုက်၏။ တယ်လီဖုန်းရှိရာသို့ သွား၏။

တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို ဖွင့်လိုက်၏။ အမ် M စာလုံးနှင့်စီစဉ်ဖော်ပြထားရှိမှုအောက်တွင် ကျွန်တော်သည် မိုင်ယာနှင့် မိုင်ယာ ရှေ့နေရှေ့ရပ်လုပ်ငန်းသို့ ဆက်သွယ်ပြောဆို၏။

"မိုင်ယာနှင့် မိုင်ယာ လုပ်ငန်းကပါ၊ ကောင်းသော နံနက်ခင်းပါ"

"ဟဲလို ဆူဇီ"

ကျွန်တော်က ပြောလိုက်၏။

"လင်းဆာမြူယယ်လ်ပါ၊ ခင်ဗျား ကျွန်တော့်ကို မှတ်မိရဲ့လား"

"ကျွန်မ ရှင့်ကို မှတ်မိတယ်"

ဟု ဆူဇီက ပြောလာ၏။

"ရုပ်မြင်သံကြားက ထုတ်လွှင့်ပြလာတဲ့ လက်ဝှေ့ပွဲလေ၊ ခင်ဗျား ချစ်သူ လက်ဝှေ့သမားလေ၊ လက်ဝှေ့ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့သလား"

"ဟင့်အင်း"

ဆူဇီက ပြောဆိုသည်။

"သူဟာ ကျွန်မရဲ့ချစ်သူ မဟုတ်တော့ဘူးရှင့်"

"တကယ်ပဲလားနော်"

ကျွန်တော်က ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်၏။

ကျွန်တော် တယ်လီဖုန်းဖြင့် ဆက်သွယ်စကား ပြောဆိုလိုသူမှာ ဆူဇီ၏ အထက်လူကြီးဖြစ်သူ မစ္စတာမိုင်ယာနှင့်သာလျှင် ဖြစ်သည်။

"ကျေးဇူးပြု၍ ကျွန်တော် မစ္စတာမိုင်ယာနဲ့ ဆက်သွယ်စကားပြောဆိုနိုင်ပါသလား ဆူဇီ"

ဟု မေးလိုက်သည်။

"ကောင်းပါပြီ ရှင်"

ဟု ဆူဇီကပြောသည်။

"မစ္စတာမိုင်ယာနဲ့ တိုက်ရိုက်ပြောဆိုနိုင်ဖို့ ပြောင်းပေးလိုက်ပါ့မယ်ရှင်၊ ဝွတ်ဘိုင်"

ထို့နောက် ကျွန်တော်သည် မစ္စတာမိုင်ယာ၏အသံကို ကြားလိုက်ရ၏။

"ဟဲလို မိုင်ယာ စကားပြောနေပါတယ် ခင်ဗျာ"

"ကောင်းသော နံနက်ခင်းပါ မစ္စတာမိုင်ယာ"

ကျွန်တော်က အသံအေးအေးဖြင့် ပြောလိုက်သည်။ ထို့နောက် ကျွန်တော်သည် လက်ကိုင်ပဝါဖြင့် တယ်လီဖုန်း စကားပြောခွက်အပေါ် ဖုံးအုပ်လိုက်သည်။ ထိုသို့ဖြင့် မစ္စတာမိုင်ယာသည် ကျွန်တော်၏အသံကို သိရှိလိမ့်မည် မဟုတ်ပါပေ။

"ရဲစခန်းကပါ"

ကျွန်တော်က ပြောလိုက်၏။

"ဆာဂျင်မာဖီ စကားပြောနေပါတယ်"

"ကောင်းသော နံနက်ခင်းပါ"

မစ္စတာမိုင်ယာက နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်အကြောင်းကို ခင်ဗျားက ဘာများသိချင်နေလို့ မေးမြန်းမှာပါလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အမျိုးသမီး တစ်ယောက် အကြောင်းပါ။ သူက ခင်ဗျားဆီမှာ အလုပ်လုပ်တယ်လေ"

ကျွန်တော်က ပြောဆိုလိုက်သည်။

"အမျိုးသမီးရဲ့ နာမည်က အီလာနီဂါဖီလ်ပါ။ သူဟာ ပျောက်ဆုံးနေပါတယ်၊ ကျွန်တော်တို့က သူ့ကို ပြန်လည်တွေ့အောင် ရှာဖွေနေရလုပ်နေကြပါတယ်၊ အီလာနီရဲ့ညီမ ဟီလင်ဟာ လွန်ခဲ့တဲ့ အင်္ဂါနေ့က ခင်ဗျားဆီကို ရောက်လာတယ်၊ ခင်ဗျားနဲ့တွေ့တယ် မဟုတ်လား"

"မဟုတ်ဘူး"

မစ္စတာ မိုင်ယာက ပြောသည်။

"အီလာနီရဲ့ညီမဟာ လွန်ခဲ့တဲ့ အင်္ဂါနေ့က ကျွန်တော့်ဆီ မလာပါဘူး၊ ပြီးတော့ အီလာနီမှာ ညီမ တစ်ယောက် ရှိနေတယ်ဆိုတာကိုလဲ အလွတ်စုံထောက် တစ်ယောက်ဆိုလား၊ အဲဒီလူ ပြောမှပဲ သိရတာ၊ အဲဒီအလွတ်စုံထောက်က ပြောတာက အီလာနီရဲ့ ညီမရဲ့ နာမည်ဟာ ဟီလင်တဲ့"

တယ်လီဖုန်းဆက်သွယ်ရေးလိုင်းသည် မစ္စတာမိုင်ယာ ပြောနေ ဆိုနေသည်များကို ကြားသိရန် အခက်အခဲရှိနေ၏။

"ခင်ဗျားဘာတွေ ပြောနေတာလဲ"

ဟု ကျွန်တော်က မေးလိုက်ရသည်။

"ကျွန်တော် ပြောတာက အီလာနီရဲ့ ညီမနာမည်ဟာ ဟီလင် လို့ခေါ်တယ်"

ဟု မစ္စတာမိုင်ယာက ပြောသည်။

"နာမည်တွေက ဆင်ဆင်ကလေးတွေပါ"

"အလွန် ကျေးဇူးတင်ပါတယ် မစ္စတာမိုင်ယာ"

မစ္စတာမိုင်ယာ ပြောသည်မှာ မှန်ပါသည်။ ဟီလင်နှင့် အီလာနီ အမည်များမှာ ဆင်တူကြပါသည်။ အီလာနီဂါဖီလ်သည် ယခုတိုင် စုံးစုံးမြုပ်နေဆဲဖြစ်သည်။ ကျွန်တော်သည် ဟီလင်ဂါဖီလ်ကို တွေ့ဆုံခဲ့ရသော တစ်ဦးတည်းသောသူ ဖြစ်နေပါသည်။

ကျွန်တော်သည် ကော်ဖီဆိုင်မှ ထွက်လာပါသည်။ ကျွန်တော်သည် လှေကားတစ်ထစ်ချင်း တက်နေစဉ် ကျွန်တော်၏ တယ်လီဖုန်းမြည်သံကို ကြားလိုက်ရ၏။

"ဆင်မြူယယ်လ်လား"

တယ်လီဖုန်းအသံထဲက ဖြစ်သည်။

"ဟုတ်ပါတယ်"

"နားထောင် ဆင်မြူယယ်"

ဂျိုက ပြောသည်။

"ငါတို့တစ်တွေက အီလာနီဂါဖီလ်ကို အလိုရှိနေကြတယ်၊ ငါတို့ ထင်ထားတာက အီလာနီဂါဖီလ် တစ်ယောက် ဘယ်နေရာမှာ ရှိနေသလဲဆိုတာ မင်းသိနေတယ် ဆိုတာပဲ၊ ငါတို့ မင်းရဲ့ ရုံးခန်းကို လာနေကြပြီ၊ ငါတို့ကို စောင့်နေ၊ အပြင်ကို ထွက်မသွားနဲ့"

"ဒါပေမယ့် . . . ငါ . . . ငါ"

ကျွန်တော်၏ စကားစတင်ရုံမျှသာ ရှိပါသေးသည်။ ဂျိုသည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီးဖြစ်သည်။

"အခု ဘာတွေများ ဖြစ်လာကြမှာလဲ"

ကျွန်တော်စဉ်းစားနေမိသည်။

ဂျိုနဲ့ သူ့မိတ်ဆွေတို့ ငါ့ကို တွေ့အောင် လာကြလိမ့်မယ်၊ သူတို့က အီလာနီဂါဖီလ် ဘယ်နေရာမှာ ရှိနေသလဲဆိုတာ မေးကြလိမ့်မယ်၊ ငါက ပြောလိုက်ရင် သူတို့ ယုံကြည်သွားကြမှာပဲ ဖြစ်တယ်။

တယ်လီဖုန်း မြည်လာပြန်သည်။

"ဟဲလို . . ."

ကျွန်တော်က ထူးလိုက်သည်။

"ဟဲလို ဆင်မြူယယ်လ်"

ကျွန်တော်နှင့် အလွန်ရင်းနှီးနေသောအသံ ဖြစ်နေ၏။

"ဟဲလို ဆာဂျင်မာဖီ"

"ငါတို့ အခု နယူးယောက်ကို တယ်လီဖုန်းဆက်ပြီးပြီ"

ဆာဂျင်မာဖီသည် စိတ်ဆိုးစွာ ပြောနေ၏။

"နယူးယောက် ရဲစခန်းက အလွန် အကူအညီပေးပါတယ်၊ နယူးယောက် ရဲစခန်းက ငါတို့ကို ပြန်ကြားတာက ဟီလင်ဂါဖီလ်ဆိုတာ မရှိဘူးတဲ့၊ ဟီလင်ဂါဖီလ်ရယ်လို့ အမည်ရှိနေတဲ့သူ တစ်ဦးတစ်ယောက်မျှလဲ နယူးယောက်မှာ မနေထိုင်ပါဘူးတဲ့၊ မင်းဟာ ငါတို့ကို လိမ်လိုက်တာ၊ မင်းက ငါတို့ကိုပြောတုန်းက မင်းဟာ ဟီလင်ဂါဖီလ်အတွက် ဆောင်ရွက် လုပ်ကိုင်ပေးနေရတဲ့သူ ဆိုကွာ"

"ဒါပေမယ့် . . ."

"အခု နားထောင်စမ်း"

ဆာဂျင်မာဖီက ကြားဖြတ်ပြောသည်။

"လှည့်ကင်း မော်တော်ယာဉ် တစ်စင်း မင်းရုံးခန်းကို လွှတ်လိုက်မယ်၊ ငါ မင်းကို တွေ့ချင်နေတယ်၊ လာခေါ်မယ့် ရဲမော်တော်ယာဉ်ကို စောင့်နေ၊ အပြင်ကို ထွက်မသွားနဲ့"

ပြောပြောဆိုဆို ဆာဂျင်မာဖီသည် တယ်လီဖုန်းကို ချသွားပါသည်။ ဂျိုသည်လည်း ကျွန်တော်နှင့် တွေ့ရန် လာနေပါပကော၊ ရဲတပ်ဖွဲ့ဝင်သည်လည်း အလားတူ။ ကျွန်တော့်ထံသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ရောက်မလာကြစေရန် ကျွန်တော် မျှော်လင့်နေပါသည်။

(ဆက်ရန်)

မောင်မောင်ကြီး (လှိုင်နယ်မြေ)

❐





www.burmeseclassic.com

www.burmeseclassic.com



# မီးပင်လယ်ကိုဖြတ်၍ သို့မဟုတ်

# မီးတုတ် သခင်သိန်းမောင်ကြီး

ထွန်းဧင်းသူ

www.burmeseclassic.com

www.burmeseclassic.com

◆ ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး
ပုဒ္ဓမြတ်စွာ၊ သာသနာ၏
ရှေးခါဘိုးဘ၊ လက်ထက်ကလျှင်
ရသည့်တန်ခိုး၊ တပ်မည်ျုးဖို့
အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်
ဆက်လက်တည်တံ့ရုံသာတည်း။

◆ ကိုယ်တည်းတစ်ယောက်၊ ဆင်းရဲရောက်လို့
ကိုယ့်နောက်အများ၊ ချမ်းသာပွားမူ
တစ်ပါးဖြစ်ထွေ၊ ဆင်းရဲစေတော့
စိတ်ဝယ်ခုလို၊ ဝမ်းဝယ်သို၍
ထိုထိုအလုပ်၊ လွန်ကြိုးကုတ်သော်
မဟုတ်သတင်း၊ လုပ်ဇာတ်ခင်းလျက်
ချင်းချင်းရွဲ့သံ၊ ကဲ့ရဲ့သံကို
နာခံမည်ည်း၊ ပြည်လုံးဟည်းမျှ
ဝေးနီးအနှံ့၊ ပြန့်အောင်ဖြန့်လည်း
မခံ့တရုံ၊ ခံ့တရုံ့နှင့်
ကြံကြံ့ပုံသေ၊ ခံခဲ့ပေ၏။

(အရှင်ဇနကာဘိဝံသ၊ တစ်ဘဝသံသရာမှ)

❐

အမရပူရ ပထမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ ကိုယ်တော်တိုင် ရေးသားပြုစုတော်မူသည့် 'တစ်ဘဝသံသရာ' ထေရုပ္ပတ္တိစာအုပ် စာမျက်နှာ (၂၈၈)တွင် အထက်ပါကဗျာကို ဖတ်ခဲ့ရသည်မှာ အကြိမ်ပေါင်း အခေါက်ပေါင်း မရေတွက်နိုင်တော့ပါပေ။

ဖတ်မိသည့် အခါတိုင်းတွင်လည်း (စန္ဒရားတင်ဝင်းလှိုင် တင်ဆက်နေသည့် အစီအစဉ်မှ စကားလုံးကို ယူသုံးရပါလျှင်) 'ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ' ဖြစ်ရသည်ချည်း ဖြစ်ပါသည်။ ရိုးသွားပြီ၊ အီသွားပြီ၊ တော်လောက်ပါပြီ ဟူ၍ မည်သည့်အခါတွင်မှ မဖြစ်မိချေ။ မရိုးနိုင်၊ မအီနိုင်၊ မတော်နိုင်ဖြင့် ချမ်းတမြမြ တဖွဖွဆိုမြည်ကာ မြတ်နိုး၍သာ မဆုံးနိုင်ပါပေ။

ဤသို့ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း ဟူ၍လည်း သုံးသပ်ဆင်ခြင်မိပါသည်။ သုံးသပ်ဆင်ခြင်မိသမျှထဲမှ ခြုံငုံ၍ ကောက်ချက်ဆွဲကြည့်လိုက်ပါလျှင် ဤသို့တွေ့ရပါသည်။

'မလေးမောင် သည်ရင်တွင်းဆီသို့ သီချင်း သူဝင်လာ၍၊ ဖြူစင်စွာ ကူဆင်၍သာပ၊ အောက်မေ့ရှင်လန်း" ဟူသော ဆရာဇော်ဂျီ၏ ကဗျာအဖွဲ့ကို ညွှန်းဆို၍သာ ကောက်ချက်ဆွဲယူမိပါသည်။ ဆိုလိုသည်မှာ နှလုံးအိမ် ဟဒယ ရေကြည်အိုင်ထဲသို့ နှစ်သက်မြတ်နိုးဖွယ်ရာ ကဗျာပန်းကလေးများ ဖြန့်ကြဲဝေ့ဝဲလာလေရာ ဟဒယ ရေကြည်ဂယက်လေးများ ဆော့မြူးလှုပ်ခတ်သွားသော 'ရသ'အလှကြောင့် ဖြစ်ပါသည်။

အကယ်စင်စစ် ဤဆောင်းပါးသည် မီးတုတ်သခင်သိန်းမောင်ကြီး ဟူသော ရဲရဲတောက် နိုင်ငံရေးသမားကြီးတစ်ယောက်၏ ဘဝကောက်ကြောင်းကို ပုံဖော်ရမည့် ဆောင်းပါးသာလျှင် ဖြစ်ပါသည်။

ထိုသို့ဖြစ်ပါရက်နှင့် ဆရာတော် အရှင်ဇနကာဘိဝံသ၏ ဘာသာသွေး စွေးစွေးနီနေသော ကဗျာအား စီကာရီကာ ငြီကာချဲ့နေခြင်းမှာ မယ်သီလနှင့် ရှင်မတောင်သနပ်ခါးတုံးကဲ့သို့ ပြုံးမိဖွယ်ရာ ဖြစ်မည်ကိုလည်း သတိမူမိရပါသည်။

သို့သော် ဆရာတော် အရှင်ဇနကာဘိဝံသ၏ 'ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့' အစချီကဗျာအား ဤနေရာ၌ တခုတ်တရ ဖော်ပြမိသည်မှာ များစွာအဓိပ္ပာယ်ရှိပြီး လေးလေးနက်နက် သက်ဝင်မှုများဖြင့် ပြည့်ဝနေပါကြောင်း ကောင်းစွာ ဖော်ပြအပ်ပါသည်။

ဆရာတော်အရှင်ဇနကာဘိဝံသသည် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်တော်မြတ်ကို အလေးအမြတ်ခံယူဆောက်တည်ထားသော ဘုရားသားတော် ရဟန်းတော်တစ်ပါး ဖြစ်သောကြောင့် ဆရာတော် ရေးသားသော ကဗျာသည် သာသနာတော်မုခ်ဦးသို့သာ ဦးတည်ရေးဖွဲ့ထားသည်မှာ အလွန်တရာ လျော်ကန်သင့်မြတ်လှပါသည်။ ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။

ထိုသို့ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ယေဘုယျအားဖြင့် ဖြစ်လေ့ဖြစ်ထ လုပ်လေ့လုပ်ထ အစဉ်အလာအတိုင်း ဆရာတော်ဘုရား၏ ကဗျာကို ကုသိုလ်ရရုံ ရွတ်ဖတ်ပူဇော်နေကြတော့မည်လော။

ထိုကဗျာကို ရေးသားရခြင်းအတွက် ဆရာတော်၏ ရည်ရွယ်ချက်မှာ တပည့် ဒကာ၊ ဒကာမတို့ ကုသိုလ်ရရေးအတွက်သာ မဟုတ်ကြောင်း ကောင်းကောင်းယုံကြည်မိပါသည်။ ဒကာ၊ ဒကာမတို့၏ဘဝ ချမ်းသာရေးအတွက်သာမက ဘဝလွတ်မြောက်ရေးအတွက်ကိုပါ လိုက်နာကျင့်သုံးရေး 'ကျင့်စဉ်'ကို မီးရှူးတန်ဆောင်သဖွယ် ထွန်းလင်းလမ်းပြပေးနေကြောင်း ဆင်ခြင်ကြည်ညိုမိပါသည်။

ဆရာတော်ဘုရား၏ ထိုကဗျာကို ဖတ်ရာမှ 'လူ' ဆိုသည်မှာ လောကကြီးအတွင်း မိုတင်းနေထိုင်လာရာ၌ 'စွန့်'တတ်အောင် ကြိုးစားအားထုတ်ရမည်။ 'စား' လိုက်မည်ဟူသော 'ငှဘ'(ကိုယ်ကျိုးအတွက်သာ ကြံစည်ဆောင်ရွက်သူ) သမားမဖြစ်အောင် သတိကြီးကြီး ထားရမည်ဟု အလေးဂရုပြုမိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အလေးဂရု ပြုပြီးသကာလ မြန်မာ့နိုင်ငံရေး စုံနံ့သာမြိုင်ကို ရှာပုံတော်ဖွင့်လိုက်သောအခါ တိမ်ဖော့ဝင် သဖွယ် မင်းရေးကြွယ်ကိစ္စများကို ရင်နင့်လှိုက်မောဖွယ် တွေ့ရ လေသည်။ ထိုထို ဤဤ အလီလီသော နိုင်ငံရေး ဝေါဟာရ များကိုလည်း ပြောမဆုံးပေါင် တောသုံးထောင်တွေ့ရပါသည်။ ထိုတောသုံးထောင်ထဲ၌ 'သခင်' ဟူသော ဝေါဟာရကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရသည်။

'သခင်' ဟူသော ဝေါဟာရကို မြန်မာစာအဖွဲ့ ဦးစီး ဌာနမှ ထုတ်ဝေသော 'ခရီးဆောင်မြန်မာအဘိဓာန်'ထဲတွင် ဤသို့ ဖော်ပြထားပါသည်။

သခင်၊ န-၁၊ အရှင်သခင်။ ပိုင်ရှင်။ ၂။ တို့ဗမာအစည်းအရုံးဝင် အမျိုးသားများ မိမိတို့ နာမည်ရှေ့တွင် ပာပ်သော စကားလုံး။

၁၉၈၀ ပြည့်နှစ် မြန်မာစာအဖွဲ့မှ ထုတ်ဝေသော 'မြန် မာအဘိဓာန် အကျဉ်းချုပ်' ထဲတွင်မူ ဤသို့ဖော်ပြခဲ့လေသည်။ (မူရင်းစာအုပ်ပါအတိုင်း ဖော်ပြပါသည်။)

သခင်-န/သခင်/၁၊ စိုးပိုင်သောအရှင်။ "ရှင်ဖြူသခင်၊ နတ်ရှင်တို့က၊ ပင်မနွယ်ရိုး၊ မိုးညွှင်း စိုးသား။" တန်ရ* ၂ (က)။ ၂။ အထွတ်အထိပ် ထားရသောသူ။ "ဘုရားသခင် မရောက်လှာမီ ရှေး အခါ၌"။ ရာကျော်၊ ၁၄။ ၇။ ၃၊ (ဗြိတိသျှ တော်လှန် ရေး ခေတ်ကြိုကာလတွင် ပေါ်ပေါက်ခဲ့သော) တို့ ဗမာ အစည်းအရုံးဝင် အမျိုးသားများ မိမိတို့နာမည် ရှေ့တွင် တပ်သောဘွဲ့။ သခင်မ - နှ၊ နှင့် နှိုင်းယှဉ်။

သခင်မ - န/သခင်မ့/၁၊ စိုးပိုင်သော အရှင်မ။ ၂။ တို့ဗမာ အစည်းအရုံးဝင် အမျိုးသမီး များ မိမိတို့နာမည်ရှေ့တွင် တပ်သောဘွဲ့။

မြန်မာစာ ရေးသားရာ၌ ကျောက်ထီးတန္တု ပမာပြုရ သော ထိုအဘိဓာန်တို့၏ ဖွင့်ဆိုရှင်းလင်းချက်အရ 'သခင်' ဟူသည် အရှင်သခင်၊ ပိုင်ရှင်၊ စိုးပိုင်သောအရှင်၊ အထွတ် အထိပ်ထားရသောသူ ဟူ၍ သိရှိရပါသည်။

ထိုသိရှိချက်အရ 'သခင်' ဟု ဘွဲ့ဖြပ်အတပ်ခံရသော သူသည် အရှင်သခင်၊ ပိုင်ရှင်၊ စိုးပိုင်သောအရှင်၊ အထွတ် အထိပ်ထားရသောသူ ဖြစ်သည်ဟု သတ်မှတ်လက်ခံရမည် ဖြစ်ပါသည်။

ဤတွင် အမေးပုစ္ဆာတစ်ရပ် ပေါ်ထွက်လာပါသည်။ 'သခင်' ဟု ဘွဲ့တံဆိပ် ခတ်နှိပ်လိုက်သည်နှင့် တစ် ပြိုင်နက် ထိုပုဂ္ဂိုလ်သည် အရှင်သခင်၊ ပိုင်ရှင်၊ စိုးပိုင်သော အရှင်၊ အထွတ်အထိပ် ထားရသောသူ ဖြစ်ရတော့မည်လော။

ထိုအမေးပုစ္ဆာအတွက် အဖြေစကား ရှိငြားသော် လည်း ဤနေရာ၌ ဂဃနဏ အဖြေပေးဖို့ရာ နေရာအခက် အခဲ ရှိပါသည်။ ထို့ကြောင့် ခြုံငုံ၍ အဖြေထွက်သည်မှာ 'သခင်' ဟူသော ဂုဏ်ဒြပ်နှင့် ထိုက်တန်သော 'သခင်စိတ်' ရှိသူသည်သာ 'သခင်'ဖြစ်သည်ဟု ဖြစ်ပေသည်။ ထိုအခါ 'သခင်' ဟူသော ဘွဲ့တံဆိပ် ခတ်နှိပ်ကြကုန်သော ပုဂ္ဂိုလ်တို့ကို လေ့လာသုံးသပ်ကြည့်သောအခါ စိတ်ဝင်စားဖွယ်ရာ ထပ်မံ တွေ့ရှိရပြန်သည်။ တွေ့ရှိရပုံမှာ ဤသို့ဖြစ်ပါသည်။

ဝါးပပ်သခင်၊ ဓားမသခင်၊ ဂျွန်သခင်၊ ကွန်မြူနစ် သခင်၊ ဆိုရှယ်လစ်သခင်၊ အလံနီသခင်၊ အလံဖြူသခင်၊ အလံ ဝါသခင်၊ ကျောင်းသားသခင်၊ စစ်သားသခင်၊ ရဟန်းသခင်၊ စာရေးဆရာသခင်၊ စီးပွားရေးသခင်၊ စားဖားသခင် စသည် ဖြင့် အမျိုးမျိုး အစားစား သခင်အပြားပြားကို တွေ့ရှိရပါ သည်။ ဤသို့ သခင်ကို နောက်ထပ် ခွာတ်ခွဲဦးမည်ဆိုလျှင် သခင်အမျိုးအစား များစွာထွက်ပေါ်လာပါလိမ့်ဦးမည်။

ဤနေရာ၌ အထက်တွင် ဖော်ညွှန်းခဲ့သော ဆရာ တော်ဘုရား အရှင်ဇနကာဘိဝံသ၏ ကဗျာထဲမှ 'ကိုယ်တည်း တစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အား မထုတ်ဘူး" ဟူ၍ မှတ်ကျောက်အတင်ခံဝံ့သော 'သခင်' မည်မျှရှိခဲ့သည်ကိုမူ သမိုင်းသွေးဖြင့် ရေး၍ အဖြေထုတ် ပြီးသား ဖြစ်ပေရာ အထူးရှင်းလင်းဖွယ် မလိုတော့ပါချေ။

ယခုအခါ ဤစာရေးသူ၏ ပခုံးထက်သို့ ကျရောက် လာသော တာဝန်တစ်ရပ်သည်ကား 'ရဲရဲတောက် သခင်သိန်း မောင်ကြီး'၊ 'မီးတုတ် သခင်သိန်းမောင်ကြီး' ၏ 'တို့ကိုယ်ကျိုး လုံးလုံးမပါခဲ့သော' နိုင်ငံရေး ခရီးရှည်ကြီးကို ရင်ခုန်လှိုက်မော စွာ ကြည့်ငေး၍ ခပ်ရေးရေးမျှဖြစ်စေ ဂုဏ်ပြုတင်ဆက်ရန် ဖြစ်ပါသည်။

သခင်သိန်းမောင်ကြီးသည် တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင် ဖြစ်ပါသည်။

ထိုသခင်သိန်းမောင်ကြီး ဟူသော ယောကျာ်း အာဇာနည်၏ ဘဝသည် ဤသို့စတင်ခဲ့ လေသည်။

"ဒေါ်ကြီးဗွေ၊ ဒေါ်ကြီးဗွေ
ထောင်ကြီးထဲမှာနေ။
နင့်အမေ စိတ်မချ
ထောင်ခုနစ်လကျ။"

ဒေါ်ကြီးဗွေဆံရစ်၊ နားသန်သီးတွဲလောင်းလေးနှင့် ဗမာကလေးတစ်ယောက်အသွင် ပီပီပြင်ပြင် ပေါ်လွင်နေ သော မောင်သိန်းမောင်လေးကို သူငယ်ချင်း မောင်ခက်တင် မှ ကျီစယ်သည့်အနေဖြင့် ကဗျာလိုလို စာလိုလို သံချပ်ထိုး နေခြင်း ဖြစ်သည်။

"ဟေ့ကောင် ခက်တင်၊ ဒေါ်ကြီးဗွေလို့ မင်းခေါ် ချင်ခေါ်၊ ထောင်ထဲမှာနေလို့တော့ မစနဲ့ကွာ"

"အလကား စတာပါ သူငယ်ချင်းရာ၊ မင်းခြေထောက် ကောင်းသွားပြီလား၊ မင်းကို တို့ စစ်တိုက်တမ်းကစားဖို့ဟာ ခေါ်တာ၊ တို့ကစားနေကျ မြို့ရိုးကုန်းပေါ်မှာလေ"





www.burmeseclassic.com

www.burmeseclassic.com

မောင်သိန်းမောင်၊ မောင်ခက်တင်၊ မောင်ပြည့်၊ မောင်အာဒွန်း ဟူသော သူငယ်ချင်း ဖော်သဟာတို့၏ ကလေးအသက်အရွယ် ဆော့ကစားကြသည့် ငယ်ဘဝ တေးသံလေးများသည် ပထမကမ္ဘာစစ် စစ်ရိပ်စစ်ငွေ့များကြားဝယ် မှိန်ချည်တစ်ခါ သာချည်တစ်လှည့်ဖြင့် လူးလွန့်ဆော့မြူးနေကြလေသည်။

ဤသို့ဖြင့် မောင်သိန်းမောင်သည် တောင်ငူမြို့ရှိ ပေါ်နှံ့ 'မိန့်လူ' ဟူ၍ အရပ်ခေါ် ခေါ်ကြသော 'ရှင်ဟူကာ' ခရစ်ယာန်သာသနာပြုကျောင်းမှ ရှစ်တန်းအောင်သောနှစ်တွင် စာပလွေ့ရင်မှာပိုက်ပါလို့ ကျောင်းတော်သို့လိုက်ကာ ဗုဒ္ဓဘာသာ ရှင်သာမဏေဘဝ ရောက်ခဲ့ရလေသည်။

မောင်သိန်းမောင်သည် ရှင်လိင်ပြန်သောအခါ ဖခင်ကြီး၏ အစီအမံဖြင့် ရန်ကုန် အလုံဘက်တွင်ရှိသော 'ကရင်ကျောင်း' ခေါ် 'ကူရှင်' ကျောင်းသို့ ကျောင်းအိပ် ကျောင်းစားလာတက်ရသည်။ ထို 'ကူရှင်' ကျောင်းဆိုသည်မှာ ယခု အ. ထ. က (၄)အလုံ ဖြစ်သတည်း။

ထိုကျောင်းတွင် တက်နေဆဲ သီတင်းကျွတ်ပွဲတော်ကြီးပြီး၍ တန်ဆောင်မုန်း၊ တန်ဆောင်တိုင် ဆီမီးကမြိုင်တော့မည်။ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီး ကျင်းပဖို့ ဗုဒ္ဓဘာသာဝင် ကူရှင်ကျောင်းသားကြီးများ ပြင်ဆင်နေကြသည်။ ထို့အတွက် တန်ဆောင်မုန်း အဖိတ်နေ့ တစ်ရက် ကျောင်းပိတ်ပေးရန် ကျောင်းအုပ်ကြီးထံ တောင်းဆိုကြရာ အရေးမလှခဲ့ပါပေ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ကျောင်းသားအများတို့သည် အဖိတ်နေ့တွင် ကျောင်းမတက်ဘဲ မီးထွန်းပွဲသွားကြသည်။

လပြည့်ညတွင် ကျောင်းအုပ်ကြီး 'ဟတ္တာစလေ'၏ အမိန့်ဖြင့် ကြေညာချက်တစ်ရပ် ထွက်လာသည်။ အဖိတ်နေ့တွင် ကျောင်းပျက်ခဲ့သော ကျောင်းသားများသည် 'ဒဏ်ငွေ တစ်ကျပ် ပေးဆောင်ကြရမည်' ဟူ၏။

ထို ကြေညာချက်ကို မကျေနပ်၍ ကူရှင်ကျောင်းသား (ကျောင်းအိပ်၊ ကျောင်းစား)များ သပိတ်မှောက်သည်။ ကျောင်းတံခါးကို အတွင်းဘက်မှ တွန်းပိတ်ထားပြီး 'ဒီနေ့ ကျောင်းပိတ်တယ်' ဟု ကျောင်းတက်လာသော ကျောင်းသား၊ ကျောင်းသူများကို ပြောလွှတ်သည်။

ဤ 'ကူရှင်သပိတ်' ဟု အမည်တွင်သော သပိတ်တပ်ဦးတွင် မောင်သိန်းမောင်သည် တက်ကြွစွာပါဝင်သည်။ မောင်သိန်းမောင်၏ ရင်ထဲ အသည်းထဲ၌ "သူကျွန်မခံပြီ" စိတ်ဓာတ်မီးတောက်မီးလျှံသည် စွဲငြိခဲ့လေပြီ။

ထိုအချိန်တွင် တက္ကသိုလ်မှ ကိုဘဦး ခေါင်းဆောင်သော တက္ကသိုလ်သပိတ်တိုက်ပွဲသည် ဆာရက်ဂျီနယ်ကရက်ဒေါက် (Sir Reginald Craddock)၏ နယ်ချဲ့ပညာရေး ဥပဒေယန္တရားကြီးကို တွန်းလှန်တိုက်ပွဲဝင်နေသည်။

မောင်သိန်းမောင်တို့ 'ကူရှင်သပိတ်' တိုက်ပွဲဝင်ကျောင်းသားတို့သည် နောင်တော် တက္ကသိုလ်ကျောင်းသားကြီးတို့၏ သပိတ်တိုက်ပွဲတွင် ပါဝင်လိုလှ၏။ သို့သော် ကူရှင်ကျောင်းတွင် အကျယ်ချုပ်ခံနေရသော မောင်သိန်းမောင်တို့အတွက် တင်းကြပ်ရုံမှတစ်ပါး အခြားမရှိပြီ။ ကူရှင်ကျောင်းတွင် သပိတ်မှောက်ခဲ့သော မောင်သိန်းမောင်တို့အား ကျောင်းအပေါ် ဆုံးထပ်တွင် ထောင်သားများပမာ သော့ခတ်ထားခဲ့ဖြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ 'ကျောင်းသား ကျောင်းသူ ကလေးတွေကနုနု မုန်တိုင်းက ထန်ထန်' လှိုင်းတံပိုးကြားမှပင် မောင် သိန်းမောင် (၁၀)တန်း အောင်သည်။

ထိုအချိန်က မျက်နှာဖြူအုပ်ချုပ်သူတို့၏ ဟတ္တသိုလ်ဥပဒေ လှောင်အိမ်အတွင်းတွင် မောင်သိန်းမောင်လည်း သားကောင် ဖြစ်ခဲ့ရသည်။ မောင်သိန်းမောင်သည် တက္ကသိုလ်ဝင်ခွင့် ပရီလင်မင်နရီ (Preliminary) အတန်းကို စတက်ရသည်။ ပြီးတော့မှ ဂျူနီယာအင်တာမီဒီရိတ် (Junior Intermediate) အတန်း။

၁၉၂၃ ခုနှစ်တွင် ကံကောင်းမလေ စိန်ပန်းမပြာသေးသော ရန်ကုန်တက္ကသိုလ်သို့ ရောက်လာသော ကိုသိန်းမောင်သည် ၁၉၂၄ ခုနှစ်တွင် စီနီယာအင်တာမီဒီရိတ်တန်းကို သင်္ချာဂုဏ်ထူးဖြင့် အောင်သည်။

ထိုနှစ်တွင် ဂျေအက်စ်ဖာနေဗယ် (J.S. Furnival)၊ ဦးဆက်၊ လစဉ်ထုတ် သူကြီးဂေဇက် မဂ္ဂဇင်း အယ်ဒီတာ ဦးခင်မောင်၊ မစ္စတာ ဒေါ်ဆင် (Mr. Dawson)၊ စီဒဗလျူ ဒမ်းန် (C.W. Dunn) တို့ ဦးစီးဆောင်ရွက်သော မြန်မာပြည် ပညာပြန့်ပွားရေးအသင်း (Burma Education Extension Association) မှ မြန်မာပြည်စာအုပ်အသင်း (Burma Book Club) အတွက် ခေါ်ယူသော ဘာဆာ (Bursar) အလုပ်ကို တစ်လ (၂၅)ကျပ်ဖြင့် မောင်သိန်းမောင် ဝင်လုပ်သည်။

မိဘဆွေမျိုးသားချင်းများနှင့် သူငယ်ချင်းများမှ ဝိုင်းဝန်းကန့်ကွက်နေသည့်ကြားမှပင် ထိုအလုပ်ကို ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုအလုပ်ကလည်း အင်တာအောင်သော ကျောင်းသားကိုသာ ခေါ်ခြင်းဖြစ်ပြီး အလုပ်ချိန်ကလည်း စာသင်မပျက်စေရန် သတ်မှတ်ပေးထားသည်။ မောင်သိန်းမောင်သည် ကိုယ်ထူးကိုယ်ချွန်လိုသော စိတ်ဓာတ်ဖြင့် ပညာသင်စရိတ်ကို ကိုယ့်ဘာသာကိုယ် ကြိုးပမ်းရှာဖွေလိုသောကြောင့် ဝင်လုပ်ခြင်း ဖြစ်သည်။

ဤသို့ဖြင့် မြားပစ်သလို မဟုတ်မူဘဲ ခေါက်ရှာငှက်ပျံသလို ဘဝမျိုးတွင် ရင်ဆိုင်ရုန်းကန်ရင်း မောင်သိန်းမောင်သည် မြန်မာပြည်စာအုပ်အသင်း (Burma Book Club) တွင် အမြဲတမ်းအလုပ်သမား ဖြစ်လာသည်။

ထိုသို့ ဖြစ်လာခြင်းသည် နောင်တစ်ချိန်၌ တို့ဗမာအစည်းအရုံးကို တည်ထောင်၍ လျှမ်းလျှမ်းတောက် ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကြားလာမည့် သခင်ဘသောင်းအလေလောင်းအလျာ ကိုဘသောင်းနှင့် ဆုံစည်းစေရန် အကြောင်းကံ ဖန်လာခြင်းပင်ဖြစ်သည်။

ထိုအချိန်တွင် မြန်မာပြည် ပညာပြန့်ပွားရေးအသင်း (Burma Education Extension Association) မှ 'ဂန္ထလောက' (World of Books) မဂ္ဂဇင်းတစ်စောင်ကို လစဉ်ထုတ်ဝေသည်။ စီမံအုပ်ချုပ်သူများမှာ ဦးဆက်၊ ဦးဖေမောင်တင်၊ ဦးခင်မောင် (သူကြီးဇေဇက်မဂ္ဂဇင်း အယ်ဒီတာ)၊ မစ္စတာ ဖာနေဗယ် တို့ဖြစ်သည်။

ဤအသင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာအရပ်ရပ်မှ စာကောင်းပေမွန်များကို မြန်မာဘာသာဖြင့် ဘာသာပြန်စေ၍ မြန်မာပြည်၌ ပညာဗဟုသုတ ပြန့်ပွားစေရန် ဖြစ်သည်။ အထူးအစီအစဉ် တစ်ရပ်အနေဖြင့်လည်း 'ဂန္ထလောက' မဂ္ဂဇင်းတွင် ဘာသာပြန်ပြိုင်ပွဲ ကျင်းပပေးသည်။ ဆုငွေ (၁၅)ကျပ် ချီးမြှင့်သည်။

ထို 'ဂန္ထလောက' ဘာသာပြန်ပြိုင်ပွဲတွင် ကိုဘသောင်း တစ်ဦးတည်းကသာ 'ဆု' ဆွတ်ခူးနေသည်။ ထိုအခါ ပြိုင်ပွဲဝင်တစ်ဦးသည် သုံးကြိမ်ဆက်တိုက် ဆုရပြီးပါက တခြားရိုးရိုးဆုအနေဖြင့် ဗေအုပ်လက်ဆောင်ကိုသာ ရရှိမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ရသည်အထိ ဖြစ်သည်။

ဤသို့ဖြင့် မြန်မာပြည်စာအုပ်အသင်းတွင် အလုပ်လုပ်နေသော ကိုသိန်းမောင်နှင့် မြန်မာပြည်စာအုပ်အသင်းမှ ဘာသာပြန်ဆုများကို သိမ်းကျုံးယူနေသော ကိုဘသောင်းတို့ ညီရင်းအစ်ကိုတမျှ ရင်းနှီးလာကြသည်။

ထိုသို့နေလာရင်း တစ်နေ့တွင် ကိုဘသောင်းသည် ကိုသိန်းမောင်နှင့်အတူ နေထိုင်ရန် အကြောင်းဖန်လာသည်။ ကိုဘသောင်းသည် ဝိုင်၊ အမ်၊ စီ၊ အေ (Y.M.C.A) အဆောက်အအုံတွင် အခန်းငှား၍ နေထိုင်ရာ အခန်းခများ မပေးနိုင်တော့သဖြင့် ဘုံပျောက်ကိန်း ကြုံလေသည်။

ထို့ကြောင့် ကိုသိန်းမောင်သည် ကိုဘသောင်းအား မိမိနေထိုင်ရာ (၄၉)လမ်းရှိ ဒေါ်ဦးရွှေတိုက်သို့ ခေါ်ဆောင်သွားပြီး နှစ်ယောက်အတူ နေထိုင်ကြလေသည်။ စားအတူ၊ သွားအတူ၊ ထိုင်အတူ၊ လာအတူ၊ နေအတူ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြလေပြီ။

မကြာမီ ကိုဘသောင်းသည် ဗဟန်း ရေတာရှည်လမ်းရှိ ပုဂံဝန်ထောက် ဦးတင်၏အိမ်သို့ ပြောင်းသွားသည်။ ထို့နောက် မကြာမီ ကိုဘသောင်းသည် ရေတာရှည်လမ်း၊ ခြံအမှတ် (၃၃) တွင် သက်ထားကတစ်ဖက်၊ တော်လှန်ရေးစာပေများကတစ်ဖက် ဖြစ်လာသည်။ ကိုဘသောင်းသည် တလုံးတခဲကြီး မကျင်နှင့် အိမ်ထောင်ကျသွားသည်။

ကိုသိန်းမောင်သည် ကိုဘသောင်း အိမ်ထောင်သည် ဖြစ်သွားသော်လည်း ကိုဘသောင်းနှင့် အဆက်အဆံမပျက်။

ကိုဘသောင်းသည် အသစ်စက်စက်ကလေး သက်ထားနှင့် ရက်မအားရသလို အမေရိကန်တော်လှန်ရေး၊ ဖိလစ်ပိုင်တော်လှန်ရေး၊ အိုင်းရစ်တော်လှန်ရေး၊ ရုရှားတော်လှန်ရေး စသည့် နိုင်ငံတကာမှ တော်လှန်ရေး စာပေများနှင့်လည်း နပန်းလုံးနေသည်။

ကိုဘသောင်း၊ ကိုလှဘော်၊ ကိုသိန်းမောင် စသည့် ရဲသုံးဖော်တို့သည် ကိုဘသောင်း၏ အမှတ်(၃၃)ခြံထဲ၌ တော်လှန်ရေးမျိုးစေ့ (နယ်ချဲ့တော်လှန်ရေးမျိုးစေ့)များကို တစ်ခဲနက် စိုက်ပျိုးနေကြသည်မှာ ဤသို့ ဖြစ်ပါသည်။

"တို့ မြန်မာပြည်ကတော့ အားရစရာ မရှိပါဘူးကွာ။ နိုင်ငံချဲ့သူတွေ ရှိနေလို့ကတော့ အိန္ဒိယဘုရင်ခံ လက်အောက်က မြန်မာပြည်ကို ခွဲထွက်အုပ်ချုပ်လည်း ကျွန်၊ တွဲလျက်အုပ်ချုပ်လည်း ကျွန်ပါပဲကွာ"

"ဟုတ်တယ်၊ တို့ လိုချင်တာက လုံးဝ လွတ်လပ်ရေး။ ဝံသာနုတွေ ကွဲနေရင် လွတ်လပ်ရေးလမ်းစတော့ မှေးသထက် မှေးမှိန်တော့မယ်"

"ဟုတ်တယ်၊ ဒီကျွန်စိတ် ကြောက်စိတ်တွေ ဝင်နေသမျှ တို့တိုင်းပြည်မှာ ဝါးအစည်းပြေနေလို့၊ တို့ ဒီလိုပဲ ခေါင်းငုံ့ခံနေလို့ လွတ်လပ်ရေးဆိုတာ ဘယ်ဆီမှာလဲဆိုတာ သိကြမှာမဟုတ်ဘူး၊ တော်လှန်ရဲကြမှာ မဟုတ်ဘူး"

"မြန်မာတွေဟာ ကိုယ့်လူမျိုးအချင်းချင်း အထင်သေးကြတယ်၊ နိုင်ငံခြားသားတွေကိုသာ အထင်ကြီးကြတယ်၊ နိုင်ငံခြားသားမှ လင်လုပ်ချင်ကြတယ်။

နိုင်ငံချဲ့တွေဟာ ကျေးစိတ် ကျွန်စိတ် ကြောက်စိတ်တွေဝင်အောင် အုပ်ချုပ်ရေးယန္တရားကို နည်းစနစ်ကျကျတီထွင်ပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်နေလို့ အိမ်ကြွက်ချင်းအိုးမဲသုတ်ပြီး ခွပ်နေကြတာ၊ ဒီကျေးစိတ် ကျွန်စိတ်တွေ အပြည့်အဝ ဝင်နေလို့ ဒါတွေပျောက်ပြီး ပြည်သူတွေ တော်လှန်ရဲလာအောင် တို့ ဘယ်လို စည်းရုံး သွေးထိုးကြမလဲ၊ စဉ်းစားကြရမယ်"

"အင်း. . . ဒီကြောက်စိတ်၊ ကျွန်စိတ်တွေ ပျောက်အောင် ပထမဆုံး သခင်ဆိုတဲ့ စိတ်တွေကို တို့ခေါင်းထဲမှာ သွင်းတဲ့သဘောနဲ့ တို့နာမည်တွေရဲ့ရှေ့မှာ ဦး၊ ကို၊ မောင်၊ မ ထည့်ခေါ်မယ့်အစား 'သခင်' လို့ ရှေ့ကတပ်ခေါ်ကြရင် မကောင်းဘူးလား"

သူငယ်ချင်းမိတ်ဆွေ သုံးယောက်သားတို့ အပြန်အလှန် ပြောဆိုဆွေးနွေးနေရင်းမှ ကိုဘသောင်းသည် သူ၏ အတွေးအခေါ်သစ် တစ်ခုကို လေးလေးနက်နက် ပြောကြားလိုက်လေသည်။

တစ်နေ့တွင် (၂၁)ဦး ဝံသာနု နိုင်ငံရေးပါတီမှ အရေးပါသော ဆော်ဩရေးမှူး ဒေါက်တာသိန်းမောင်သည် သူတို့သုံးဦးအား လက်ဖက်ရည်သောက် ဖိတ်လေသည်။

www.burmeseclassic.com

"ကျုပ်တို့ တိုင်းပြည်အတွက် လွတ်လပ်ရေးရအောင် လုပ်မယ်လို့ ကျုပ်တို့ရဲ့ နာမည်တွေရှေ့မှာ ကို၊ ဦး၊ မောင် ထည့်ခေါ်မယ့်အစား 'သခင်' တပ်ခေါ်ပါ၊ 'သခင်ဘသောင်း' လို့ ခေါ်ပါ"

ဒေါက်တာသိန်းမောင် တည်ခင်းဧည့်ခံသော လက်ဖက်ရည်ဝိုင်းမှ ရဲရဲငုံငုံ ဝင့်ဝင့်ထည်ထည် ထွက်ပေါ်လာသော ကိုဘသောင်း၏ စကားသံသည် ကြားရသူတို့၏ နားစည်ဝတွင် ရန်ပုံမှုင်းအမြောက်တင်၍ ပစ်ခွင်းလိုက်သည့်အလား ဟိန်းထွက်လာသည်။

"ပါလည်း သစ်မရှိလို့ငါးပေါင်းကွပ်ဆိုသလို (၂၀)ဦးမှာ ရှိနေတယ်၊ သူတို့ညစ္စာ ငါလည်း သိပ်အားမရပါဘူး၊ ဒါပေမယ့် မင်းဟို့ နိုင်ငံရေးလုပ်ဖို့ 'သခင်' လို့ ခေါ်ရမယ့်ဆိုတဲ့ ဥစ္စာကလည်း အမှန်တော့ ပညတ်တွေပါ၊ ပရမတ် မဟုတ်ပါဘူး"

ဒေါက်တာသိန်းမောင်သည် ချင့်ချင့်ချိန်ချိန် သုခမိန်လေသံဖြင့် စောဒကတက်သည်။ ကိုဘသောင်းသည် မြန်မာဘုရင်လက်ထက်တော် စစ်ကဲမျိုးရိုးမှ ဆင်းသက်လာသူပီပီ ဒေါက်တာသိန်းမောင်၏ စောဒကကို ဤသို့ ချေမှုန်းလေတော့သည်။

"ကဲ- ဒါဖြင့် ဒေါက်တာသိန်းမောင်လို့ မခေါ်ဘဲ ဦးသိန်းမောင်လို့ ခေါ်မယ်ဗျာ၊ ခင်ဗျား သဘောကျပါ့မလား"

"ကျပါတယ်"

"ဦးသိန်းမောင်လို့ မခေါ်ဘဲ ကိုသိန်းမောင်လို့ ခေါ်မယ်ဗျာ၊ ဘယ့်နှယ်လဲ"

"ခေါ်ပါ ခေါ်ပါ၊ ကိစ္စမရှိပါဘူး"

"ကဲ- ဆရာ့ကို မောင်သိန်းမောင်လို့ ခေါ်ရင်ကော"

"ခေါ်ပါ ခေါ်ပါ၊ ဒါတွေဟာ ပညတ်ချက်တွေပါ"

"ကိုင်းဗျာ၊ ခင်ဗျားကို 'ဦး၊ ကို' တို့လည်း ထည့်မခေါ်တော့ဘူး၊ 'မောင်' ဆိုတာလည်း ထည့်မခေါ်ဘူး၊ 'ခွေးသိန်းမောင်' လို့ ခေါ်မယ်ဗျာ၊ ခင်ဗျား ကြိုက်ပါ့မလား"

"ကြိုက် ကြိုက် ကြိုက်ပါတယ်"

ထိုသို့ 'ခွေးသိန်းမောင်' ပညတ်ကို အထစ်ထစ် အငေါ့ငေါ့ အလဲလဲ အပြုံပြုံဖြင့် ရယ်ကျဲကျဲ ကြိုက်လိုက်ရသော ဒေါက်တာသိန်းမောင်သည် နောင်အခါတွင် 'သခင်အစ ဒေါက်တာက' ဟု ပြောစမှတ်ပြုခဲ့ရပါသည်။

ဒေါက်တာသိန်းမောင် တည်ခင်းဧည့်ခံခဲ့သော ထိုလက်ဖက်ရည်ဝိုင်းသည် 'သခင်လှုပ်ရှားမှုအစ' ဟု ပြောလျှင်လည်း ရနိုင်ကောင်းပါသည်။

မကြာမီမှာ ပဲခူးလေျှင်ကြီး လှုပ်သည်။ မြန်မာပြည်အတွက် အနိဋ္ဌာရုံ အမှတ်ဘရ၊ နောက်ထပ် အနိဋ္ဌာရုံ အမှတ်တရသည် ဆင့်ကဲဖြစ်ပေါ်လာသည်။ ၁၉၃၀ ပြည့်နှစ်တွင် ဖြစ်ပွားသော ကုလား-ဗမာ အဓိကရုဏ်းကြီး ဖြစ်သည်။ အရင်းစစ်သော် ဗြိတိသျှသဘောာသူဌေးများ၏ ခေါင်းပုံဖြတ်အမြတ်ထုတ်လိုသော လောဘဇောကြောင့် ကုလားနှင့်ဗမာ အလုပ်သမားတို့ စကေးခံရခြင်းပင် ဖြစ်သည်။

ထိုအဓိကရုဏ်းသည် ကုလားရော ဗမာပါ နှစ်ဖက်စလုံး နှံ့ပါသည်။ ငါးကြင်းအလယ်သားကို မြိန်မြိန်ကြီး ကိုက်ချီသွားသူမှာ နယ်ချဲ့ဗြိတိသျှ အရင်းရှင်တို့သာ ဖြစ်သည်။

ထိုအရှုံးထဲမှ အမြတ်သည်ကား 'တို့ဗမာအစည်းအရုံး' ပေါ်ပေါက်လာခြင်းပေတည်း။

"သခင်မျိုးဟေ့ တို့ဗမာ"

တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံသည် တစ်ခဲနက် ပေါ်ထွက်လာသည်။ ကုလား-ဗမာ အဓိကရုဏ်းကို အကြောင်းပြုပြီး နားရွက်ဖျား တံကွေးဆွတ် ခံလိုက်ရပြီဖြစ်သော မြန်မာတို့သည် ဇာတိသွေး ဇာတိမာန် ပွက်ပွက်ဆူခဲ့ပြီဖြစ်သည်။ အဓိကတရားခံဖြစ်သော နယ်ချဲ့ဗြိတိသျှကို ပြုတ်ပြုတ်သားသား ချေမှုန်းပစ်ရန် စားသွေးကြွလေပြီ။

သခင်ဘသောင်း၊ သခင်လှဘော်၊ သခင်ကျော်ထွန်းစိန်၊ သခင်ဖိုးနီ၊ သခင်သာခွန်း၊ သခင်အုန်းဖေ (ဝါးခယ်မ)၊ သခင်တင် (ဝိုင်အမ်ဘီ)၊ သခင်သိန်းမောင် စသည့် သခင်လူငယ်များသည် တော်လှန်သော အတွေးအခေါ် အယူအဆများကို တွေးခေါ်ကြံဆကာ မြန်မာပြည်သူတို့အား နိုင်ငံရေးအသိ မျက်စိဖွင့်ပေးခဲ့သည်။

သခင်တင် (ဝိုင်အမ်ဘီ)နှင့် သခင်ဘသောင်းတို့ ကိုင်ပင်၍ 'နိုင်ငံတော်သီချင်းကြီး' ဟု ခေါ်တွင်သော 'တို့ဗမာ' သီချင်း ထွက်ပေါ်လာသောအခါ မြန်မာပြည်ကြီး တုန်ဟည်းသွားလေသည်။

"ကမ္ဘာတစ်ခွင်မှာဖြင့် ဗမာအထင်အရှား
ထို့ခေတ်တွင်မှ ညွှန့်ကြတော့မှာလား
တို့ဗမာ . . ."

ဤသို့ ဆန်းသစ်ရဲရင့်သော စကားလုံးတို့သည် မြန်မာတို့၏ နှလုံးသည်းပွတ်အတွင်းမှ 'သခင်သွေး' ကို မီးထိုးပေးလိုက်သည့်ပမာ ဟုန်းဟုန်းတောက်လာသည်။

"သခင်ကျင့်ကို ကျင့်ကြပါ
သခင်မျိုးဟေ့ တို့ဗမာ
မိုးအောက်မြေပြင်မှာ
အထက်တန်းစိတ်နဲ့
စာမရိသွေး တို့ဗမာ. . ."

မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး အောင်စည်အောင်မောင်းသံသည် နေမဝင်အင်ပါယာ၏ အရှင်သခင် နယ်ချဲ့မျက်နှာဖြူတို့အတွက် မရဏမောင်းသံပမာ ကြက်သီးဖြန်းဖြန်း ထစေသည်။

ဤသို့ သခင်သိန်းမောင်သည် 'တို့ဗမာ' သီချင်းကို ဟစ်ကြွေးနေရင်းမှာပင် အင်္ဂလန်သို့ ပညာတော်သင် သွားရောက်ရန် အကြောင်းဖန်လာသည်။ ကိုခင်ဇော် (ပိဋကတ်

www.burmeseclassic.com

တိုက် အုပ်ချုပ်မှုပညာ)၊ ဂျေဘီဆင်း (စက်မှုအင်ဂျင်နီယာ) စသည့် ပညာတော်သင် ကျောင်းသားများနှင့်အတူ သွားရခြင်း ဖြစ်သည်။ သခင်သိန်းမောင် သင်ယူရမည့် ဘာသာရပ်မှာ 'စာအုပ်ရောင်းပညာ' ဖြစ်သည်။

သခင်သိန်းမောင်ကို ဂုဏ်ပြုသောအားဖြင့် လမ်း (၄၀)ရှိ လူငယ်များ ကြီးပွားရေးအသင်းတိုက်တွင် နှုတ်ဆက်ပွဲလုပ်ကြသည်။ ထိုပွဲတွင် ဒီးဒုတ်ဦးဘချိုသည် သူ့စောင်းကောက်လေးနှင့် ဗမာသီချင်းကြီးများကို ကိုယ်တိုင်တီးခတ်သီဆိုသည်။ သခင်ဘသောင်းက မြန်မာဆိုင်းဝိုင်းတစ်ဝိုင်းကို ငှားလာပြီး တယောဘရီလေး၏ တယောလက်သံနှင့်အတူ 'တို့ဗမာ' သီချင်းကို သီဆိုသည်။ သခင်သိန်းမောင်အား ဂုဏ်ပြုနှုတ်ဆက်ပွဲသည် ထည်ဝါခဲ့ညားသော မြန်မာသီချင်းကြီးတေးသံ၊ အားမာန်တက်ကြွ နိုးကြားစေသော 'တို့ဗမာ' တေးသံတို့ဖြင့် စီစီဝေဝေ ရှိလွန်းလှပေသည်။

၁၉၃၀ ဇူလိုင်လဆန်းတွင် 'အက်စ် အက်စ် စစ်ကိုင်း" ပင်လယ်ကူးသင်္ဘောကြီးဖြင့် သခင်သိန်းမောင်တစ်ယောက် အင်္ဂလန်ကျွန်းဆီသို့ ယွန်းခဲ့လေပြီ။

သခင်သိန်းမောင်သည် လန်ဒန် ဗစ်တိုးရီးယားဘူတာတွင် ဆင်းလိုက်သောအခါ မစ္စတာဖာနေဗယ်နှင့် ဗမာလူစိမ်းတစ်ယောက်တို့ လာကြိုသည်။ ဗမာလူစိမ်းက ခပ်အေးအေးအနေအထားမျိုး ရှိသော်လည်း မစ္စတာဖာနေဗယ်၏ မျက်နှာမှာ သိပ်မကောင်းလှ။

ရထားပေါ်မှ ဆင်းလာသော သခင်သိန်းမောင်ကိုလည်း ကြည့်ပါဦး။ ဗမာတိုင်းရင်းသားဝတ်စုံဖြင့် ကြွကြွရွရွ ဆင်းလာခြင်း ဖြစ်သည်။ အင်္ဂလန်မြေပေါ်တွင် အနောက်တိုင်းဝတ်စုံကို မဝတ်ဆင်မူ၍ ဗမာတိုင်းရင်းသားဝတ်စုံကို ဝင့်ဝင့်ကြွားကြွား ဝတ်ဆင်ခြင်းသည် ထိုခေတ် ထိုအခါ၏ အခြေအနေအရ အင်္ဂလန်ကို အန်တုခြင်း မည်ပါသည်။ 'အင်္ဂလန် အလိုမရှိ' ဟူ၍ ပြောနေသကဲ့သို့ ဖြစ်ပါသည်။

ဤနေရာတွင် ပြောပြစရာရှိပါသည်။ နယ်ချဲ့ဗြိတိသျှသည် သူ၏ ကိုလိုနီတိုင်းပြည်များရှိ လူငယ်များကို အင်္ဂလန်သို့စေလွှတ်ကာ ပညာသင်စေခြင်းသည် ရည်ရွယ်ချက်များစွာရှိပါသည်။ ထိုများစွာသော ရည်ရွယ်ချက်များအနက် နေမဝင်အင်ပါယာကို နေကွယ်စေမည့် လူငယ်တော်လှန်ရေးသမားအင်အားစုများကို အနုနည်းဖြင့်ဖြိုခွဲစေခြင်းသည် အကြောင်းတစ်ရပ်အဖြစ် ပါဝင်သည်။

နှစ်တစ်စေ့ဖြင့် ဆီမဖြစ်နိုင်သော်လည်း ဆီဖြစ်နိုင်သည့် နှမ်းစေ့လေးများကို သင်းကွပ်ပစ်လိုက်ခြင်းအားဖြင့် ဆီဖြစ်နိုင်သော အခွင့်အရေး ရပ်ဆိုင်းသွားစေသကဲ့သို့ လူငယ်နိုင်ငံရေးသမား တစ်ဦးချင်းပင် ဖြစ်စေ 'သင်းခွဲ'လေ့ရှိပါသည်။ ထို့ကြောင့် နယ်ချဲ့ဗြိတိသျှ၏ စေတနာကို 'နင်သနားတာငါသိပါတယ်'ဟု သိနေကြသော အချို့လူငယ် နိုင်ငံရေးသမားများသည် ထို'ပညာသင်ဆု'ကို ပြတ်ပြတ်သားသား ငြင်းပယ်လေ့ရှိသည်။ (သာဓကအားဖြင့် သခင်နု)

အချို့လည်း ထိုသို့ ပညာသင်သွားရောက်ရခြင်းကို လွတ်လပ်ရေးတိုက်ပွဲအတွက် လက်နက်တစ်ခုအဖြစ် ယူဆပြီး သွားရောက်ကြခြင်း ဖြစ်သည်၊

ယခု သခင်သိန်းမောင်၏ ဆောင်ရွက်ချက်ကို ကြည့်ခြင်းအားဖြင့် သခင်သိန်းမောင်သည် ပညာသင်သွားရောက်ရခြင်းအား နယ်ချဲ့ဆန့်ကျင်ရေး လက်နက်တစ်ခုအဖြစ် အသုံးချလိုက်ခြင်းဖြစ်ကြောင်း တွေ့မြင်ရမည် ဖြစ်ပါသည်။

သခင်သိန်းမောင်သည် လန်ဒန် ယူနီဗာစီတီအနီးရှိ တော့တင်ဟန်ကုတ် (Tottenhan Court Road) လမ်းကျယ်ကြီးပေါ်မှ 'ကျောင်းသားများစာအုပ်ဆိုင်' (Student's Book Shop) တွင် လက်တွေ့အလုပ်ဆင်းကာ သင်ကြားရသည်။ စာတွေ့ကို ကင်းစ်ဝေး ပညာ့ရိပ်သာ (Kingsway Institue) ၌ တက်ရောက်သင်ကြားရပြီး ပုံနှိပ်လုပ်ငန်းပညာကို 'လန်ဒန်ပုံနှိပ်သင်ကျောင်း' (London School of Printing) တွင် သင်ကြားရသည်။

သခင်သိန်းမောင် ယခု တက်ရောက်သင်ကြားရသောသင်တန်းသည် ပထမဦးဆုံး ထည့်သွင်းသင်ကြားပေးသောပညာသင်ဆု အစီအစဉ်ဖြစ်ပြီး ကိုလိုနီလက်အောက်ခံ နိုင်ငံငယ်များမှ အသွေးအရောင်အမျိုးမျိုး သင်တန်းသား (၄၀) ရှိသည်။ သုံးနှစ် သင်ကြားရမည်ဖြစ်ပြီး လန်ဒန်တက္ကသိုလ်မှ ဒီပလိုမာဘွဲ့ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

သခင်သိန်းမောင်သည် ထိုသို့ ပညာသင်ကြားနေစဉ် ကိုကျော် ဆိုသူ မြန်မာပညာတော်သင်တစ်ဦးနှင့် သိကျွမ်းရလေသည်။ ကိုကျော်သည် မြန်မာပြည်တွင် 'အရှင်ဂိုဏ်း' နိုင်ငံရေးအဖွဲ့အစည်းတစ်ခုကို တည်ထောင်သူတစ်ဦးလည်း ဖြစ်သည်။

ထိုသို့ ကိုကျော်နှင့် ပေါင်းမိရာမှ မစ္စတာရယ်ဂျီနယ်ဘရပ်ချ်မင်း ခေါင်းဆောင်သော နယ်ချဲ့ဆန့်ကျင်ရေးအသင်း (League Against Imperialism) တွင် အသင်းသား ဖြစ်လာသည်။ ထိုအသင်းမှ 'နယ်ချဲ့ဆန့်ကျင်သူများ ညီလာခံ' ကို ကျင်းပရာ ကိုကျော်နှင့် သခင်သိန်းမောင်သည် ဗမာပြည်၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရခဲ့လေသည်။

ထိုညီလာခံတွင် သခင်သိန်းမောင်သည် 'နယ်ချဲ့ဆန့်ကျင်ရေး အဆို' ကို ဤသို့ တင်ပြခဲ့လေသည်။

> "နယ်ချဲ့တွေဟာ အင်မတန် ယဉ်ကျေးပါတယ်လို့ ပြောနေတယ်၊ ဝါဒဖြန့်နေတယ်၊ ကိုယ်ရည်သွေးနေတယ်။
>
> ဗမာပြည်ကို ဒီမိုကရေစီနည်းအရ အုပ်ချုပ်မင်းလုပ်မယ်လို့လည်း ကြွားနေတယ်။ ဒါပေမဲ့ တကယ်တော့ သူတို့ အပြောနဲ့ အဟောနဲ့ မညီကြ





www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ အဲဒီဓာတ်ပုံတွေကို ကြည့်ပေတော့ ကမ္ဘာ အရပ်ရပ်က သွေးချင်းတို့။

ဆရာစံ ဆိုတဲ့ လူငယ်ခေါင်းဆောင်၊ အဖိနှိပ်ခံ ဆင်းရဲသား တောင်သူ တွေ လယ်သမားတွေရဲ့ ခေါင်းဆောင်တွေ၊ ဆင်းရဲတဲ့ တော်လှန်ပုန်ကန်ရေး သမားတွေကို ဓားပြတွေဆိုပြီး သေနတ်နဲ့ ပစ်သတ် ရုံတင်မကဘူး၊ အသတ်ခံရတဲ့ လူတွေရဲ့ အလောင်းတွေကို ခေါင်းဖြတ်ပြီး ဓတ်ပုံများမှာ ပါတဲ့အတိုင်း ပါပဲ။ အဲဒီတော့ နယ်ချဲ့တွေဟာ ယဉ်ကျေးပါတယ်။ သိမ်မွေ့ပါတယ်လို့ အော်နေတာ ဟုတ်ပါရဲ့လား။ သိမ်မွေ့ပါတယ်ဆိုပြီး ရိုင်းစိုင်းတဲ့လူတွေကို ယဉ်ကျေးလာအောင် စစ်တိုက်ပြီး နိုင်ငံတွေကို သိမ်းရပါတယ် ဆိုတာ ဟုတ်ပါရဲ့လား။

ဒီဓာတ်ပုံတွေရဲ့ ရက်စက်မှုတွေဟာ သက်သေခံနေပါတယ်။ နယ်ချဲ့ အင်္ဂလိပ်ရဲ့ လက်ပါးစေတွေဟာ မတရားသက်သက် ရက်စက်သတ်ဖြတ်ထားတဲ့ အနိဋ္ဌာရုံတွေကိုကြည့်ရင် နယ်ချဲ့တွေဟာ ဘယ်လို အရိုင်းအစိုင်း သတ္တဝါကောင်တွေဆိုတာ ညီလာခံကို တက်ရောက်လာကြတဲ့ အသင်းသားများ နားလည်နိုင်ပါလိမ့်မယ်။

အမှန်တော့ ဘယ်နယ်ချဲ့မှ မကောင်းပါဘူး။ ဒီကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာဖို့ဟာ ရက်စက်ကြမ်းကြုတ်တဲ့ နယ်ချဲ့ဝါဒ ပျက်သုဉ်းသွားမှ၊ စုတေသွားမှ သာယာပါလိမ့်မယ်။

အဲဒါကြောင့် ကျုပ်တို့ရဲ့နယ်ချဲ့ဆန့်ကျင်ရေး ညီလာခံမှနေပြီး ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူတွေ မပေါ်ပေါက်လာတော့အောင် ကန့်ကွက်ရှုတ်ချပါတယ်လို့ ကျုပ် လေးလေးနက်နက် ပြောလိုက်ပါတယ်"

လက်ခုပ်သံများ မိုးလုံးပတိန်းမျှ ထွက်ပေါ်လာပြီး နောက်တွင် ကိုကျော်က ထိုအဆိုကို ထောက်ခံကြောင်း ခက်လက်ပြောကြားသည်။

ထိုသို့တက်ရောက်ဟောပြောသူများထဲတွင် ရွှေရောင် ဝံပင်ပိုင်ရှင် ဂျာမန်သူတစ်ဦးလည်း ပါဝင်သည်။ သူ့နာမည် ဂ မစ္စဟယ်လ်ဂါ။ သူ့အသွင်က နုပျိုသည်။ သူ့အရွယ်က ဂလျာဖူးစသစ် ပျိုမျစ်မျစ်လျှင်ဟု ဆိုရမည်။ သူ့အသံကမူ က်ခက်ထန်ထန် ဟိန်းဟိန်းညံနေသည်။ သူသည် 'ရက်စက် သာ နာဇီများ' ကို တောက်တောက်ခါးခါး ပယ်ပယ်နယ် ယ် ဆန့်ကျင်နေသည်။

ညီလာခံ ပြီးဆုံးအောင်မြင်သောအခါ အခမ်းအနား း တိုင်ပေးသော ကြွေးကြော်သံကို အားလုံး မတ်တတ်ရပ်၍ ဘက်တက်ကြွကြွ ဟစ်ကြွေးကြသည်။

"နယ်ချဲ့စနစ် ကျဆုံးပါစေ"

"ကမ္ဘာ့သူ ကမ္ဘာ့သားများ အေးငြိမ်းချမ်းသာကြပါစေ"

"နယ်ချဲ့စနစ် ဤကမ္ဘာကြီးမှ ပျောက်ကွယ်ပါစေ"

သခင်သိန်းမောင်တို့သည် အခမ်းအနား ပြီးဆုံးသော် အသီးသီး ကိုယ့်နေရာကိုယ် ပြန်ကြသည်။ ထိုအပြန်လမ်းမှာပင် သခင်သိန်းမောင်နှင့် ဂျာမန်သူ လှပဂေး မစ္စဟယ်လ်ဂါတို့ မိတ်ဆွေ ဖြစ်သွားသည်။

တစ်နေ့တွင် သခင်သိန်းမောင်ထံ မစ္စဖာနေဗယ် လက်မှတ်ရေးထိုးသော 'သိန်းမောင်ကို အက်စ် အက်စ် ဘာ့မားနဲ့ ပြန်ပို့' ဟူသော ကြေးနန်းရောက်ရှိလာသည်။

မုန်တိုင်းသည် တိုက်ခတ်လေပြီ။ ဆူးငြောင့်ခလုတ် တံသင်း အတိလွှမ်းသော နိုင်ငံရေးခရီးလမ်းဝယ် 'စွန့်ခွာရလေသော နွေဦးည' ဇာတ်လမ်းများရှိသည်ကို သခင်သိန်းမောင် သိပါသည်။ မည်သို့ တတ်နိုင်ပါမည်နည်း။ ပြည်တောင်ပြန်ရုံသာ ရှိသည်။

သမုဒယနွယ်တစ်မျှင်ပမာ အသည်းလွှာတွင် ရစ်ပတ်နှောင်ဖွဲ့ ချစ်ကျွမ်းဝင်ခဲ့ရသော ဂျာမန်သူပျိုဖြူချော မစ္စဟယ်လ်ဂါကိုမူ မည်သို့ နှုတ်ဆက်ရမည် မသိတတ်ခဲ့ချေ။ 'အသည်းစားသစ္စာဖောက်' ဟူ၍ ဂျာမန်သူ အပြစ်တင်မစောရန်ကိုသာ ဆုတောင်းနေမိသည်။

သခင်သိန်းမောင်သည် မြန်မာပြည်သို့ ပြန်ရောက်လာပြီးနောက် သခင်ဘသောင်း၊ သခင်လှဘော်ကြီးတို့နှင့် လက်တွဲ၍ တို့ဗမာအစည်းအရုံး ဝါဒဖြန့်လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်လေတော့သည်။

၁၉၃၂ တွင် သခင်ဘသောင်းနှင့် တွဲဖက်၍ 'တို့ဗမာသတင်းစဉ်' ထုတ်ဝေသည်။ နီ၊ စိမ်း၊ ဝါ သုံးရောင်ခြယ်မျက်နှာဖုံးတွင် မီးတုတ်ထမ်း လျှောက်နေသော ကျောင်းကြီးဗွေ တို့ဗမာပုံကို ပန်းချီကိုငွေကိုင်က ရေးဆွဲသည်။ မျက်နှာဖုံး အလယ်တည့်တည့်တွင် 'လာမည့်ဘေး ပြေးတွေ့' (Live Dangerously) ဆောင်ပုဒ်စာတန်းနှင့် တို့ဗမာသတင်းစဉ်မှတ်တမ်း အတွဲ(၁) အမှတ်(၁)သည် ၁၉၃၂ ခု၊ ၁၂၉၄ ခု ပြာသိုလဆုတ် (၁၁)ရက်နေ့တွင် ဝင့်ဝင့်ထည်ထည် ထွက်ပေါ်လာသည်။

လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ ဟူသော သန္နိဋ္ဌာန်ဖြင့် မြန်မာပြည်သူတို့ နိုင်ငံရေးအသိတရား နိုးကြားရေးအတွက် အပတ်စဉ်ထုတ်ဝေလာခဲ့သော 'တို့ဗမာသတင်းစဉ်' သည် အတွဲ(၂) အမှတ်(၁) အရောက်တွင် အသက်ကလေး ဖုတ်လှိုက် ဖုတ်လှိုက်ဖြင့် အသက်ငင်လေပြီ။

လောကဓံဟူသည် တစ်ခါတစ်ရံ ပြက်ရယ်ပြုတတ်သည်။ ထိုသို့ ဖုတ်လှိုက် ဖုတ်လှိုက်ဖြစ်နေစဉ် သခင်သိန်းမောင်အား ဘားနက်ဘရားသားကိုးလ်စတိုး (Barnette Bros. Cold



www.burmeseclassic.com

www.burmeseclassic.com

Stores) မှ မျက်နှာဖြူ ကုမ္ပဏီသူဌေးက လစာ (၅၀၀)ကျပ်ဖြင့် မန်နေဂျာခန့်ထားရန် ကမ်းလှမ်းလာသည်။

မည်သို့ လုပ်ရပါမည်နည်း။ ငွေလိုအပ်နေသည် မှန်သည်။ သို့သော် သခင်သိန်းမောင်သည် ငွေကို မလိုချင်၊ လွတ်လပ်ရေးကိုသာ လိုချင်သည်။ ကိုယ့်တိုင်းပြည်အတွက် (For the State)၊ ကိုယ့်လူမျိုးအတွက် (For the People)၊ လွတ်လပ်ရေးရရန်အတွက်ဆိုလျှင် ငွေကို မက်မောနေ၍မရ။ ငွေနောက်လိုက်သွားပါလျှင် လွတ်လပ်ရေးနောက် လိုက်နိုင်တော့မည် မဟုတ်။

ထို့ကြောင့် ထိုခေတ် ထိုအခါတွင် အင်မတန် မက်မောစရာကောင်းသော ရာထူးနှင့်လစာကို သခင်သိန်းမောင် ဥပေက္ခာပြုလိုက်ရသည်။

ဤသို့ တိုင်းရေး ပြည်ရေး လွတ်လပ်ရေး စသည့် အရေးများနှင့် ဗျာများနေရသည့်ကြားတွင် ငယ်ငယ်တုန်းက ကစားဖော် မစာဥလေး 'ယု' ကြောင့်လည်း သခင်သိန်းမောင် တစ်ယောက် တစ်ရေးမှောင့်ခဲ့ရသည်။ 'ယုလည်း အစ်ကိုနဲ့ နီးလိုလှပြီ' ဟု ဆိုလာသူ 'ယု'အတွက် ဤသို့ပင် ဖြေသိမ့်အားပေးရပြန်သည်။

နီးလိုသော ယုရေ . . .

ယုရဲ့ စိုးရိမ်စိတ်နဲ့ ဆုတောင်းတာတွေ ကြားရတော့ သိပ်ဝမ်းသာမိတယ် ယုရေ။ ဒါပေမယ့် အစ်ကို့ရဲ့ လုပ်ငန်းကိုက သခင်လုပ်ငန်းပဲ ယု။ ဇာဒင်လည်းမမေးနဲ့၊ ပန်းတွေကပ်ပြီး ဆုလည်း တောင်းမနေပါနဲ့ ယု။

သခင်လုပ်ငန်း ဆိုတာဟာ အမှန်တော့ ထောင်နှုတ်ခမ်း လမ်းလျှောက်နေရတဲ့ လုပ်ငန်းတစ်ခုပဲ ယု။ မတိမ်းမစောင်းနဲ့၊ တိမ်းစောင်းရင် ထောင်ကျမှာပဲ ယုရေ။ ကိုယ်က ဥပဒေကို ဘယ်လောက်ပဲလွတ်အောင် လှည့်ပေမယ့် ဒီကောင်တွေ အတင်းဆွဲချရင် ကျတာချည်းပဲယု။

နယ်ချဲ့ကောင်ဆိုတာ တော်တော်ပဲ ရက်စက်တယ် ယုရေ။

အစ်ကိုတို့က သူ့ကျွန်အောက်မှာ မနေလိုတဲ့ လွတ်လပ်ရေးသမားဆိုတော့ နယ်ချဲ့ကောင်တွေက အစ်ကိုတို့ကို နှိပ်စက်ဖို့ ၊ ဖိနှိပ်ညှဉ်းဆဲဖို့ အမြဲစိတ်ကူးနေကြတာ ယု။ ဒီလို နှိပ်စက်ညှဉ်းပန်းတာတွေကို ကြောက်နေပြီး၊ ရွံ့နေပြီး၊ လန့်နေပြီး ဒီဒဏ်တွေကို မခံနိုင်ဘူးဆိုရင် လွတ်လပ်ရေးဟာ ဆုံးရှုံးမှာ အမှန်ပဲ ယု။ ဆုံးရှုံးမှာ အမှန်ပဲ။

ဒါကြောင့် ယုရေ . . . ယုရဲ့ စိုးရိမ်စိတ်နဲ့ ရေးလိုက်တဲ့စာအတွက် ယုကို သံယောဇဉ်ပိုဖြစ်ပြီး ယုရဲ့စေတနာကို လေးစားပါတယ်။

ဒါပေမယ့် ယု ဆိုတဲ့ မိန်းကလေးက တိုင်းပြည်အတွက် လုပ်နေတဲ့ အစ်ကို့ကို အားပေးရမယ် ယု။ ယုက လက်ခုပ်တီးပြီး မြှောက်ပေးနေရမယ်။

အစ်ကိုချစ်တဲ့ယုက အစ်ကို့ကို ပါရမီဖြည့်ပေးနေတာကိုပဲ အစ်ကို မြင်ချင်လှပါတယ် ယု။ မကြာမီမှာပဲ လွတ်လပ်ရေး လှုပ်ရှားမှုတွေအတွက် အစ်ကို သွားရတော့မယ်။ တော်လှန်ရေးသမား သခင်တစ်ယောက်ကို ချစ်မိတဲ့ ယုတစ်ယောက် နောက်ပိုင်းကနေပြီး သပြေပန်းနှင့် ငုံလင့်ပါလို့ပြောရင်း . . .

*ယုကို ချစ်မိတဲ့ အစ်ကိုသိန်း*

ဟုတ်ပါသည်။ သခင်သိန်းမောင်သည် လွတ်လပ်ရေးအတွက် သွားခဲ့ရလေသည်။ နယ်ချဲ့၏အကျဉ်းကောင်သို့ သွားခဲ့ရပါသည်။ အစာငတ်ခံ ဆန္ဒပြခဲ့ရသည်။ ကံကောင်းလွန်း၍သာ မသေတော့သည်။ ပြည့်အစေခံ အမှုထမ်းဆိုးတို့၏ မတရားသော အမိန့်တို့ကို ရဲရဲရင့်ရင့် ဆန့်ကျင်တိုက်ခိုက်ခဲ့ရသည်။

ဤသို့ဖြင့် ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီတွင် တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌ ကိုနု၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းတို့ကို တက္ကသိုလ်ကျောင်း အုပ်ချုပ်သူများက ကျောင်းထုတ်ပစ်ကြသည်ကို အကြောင်းပြု၍ ဒုတိယအကြိမ် တက္ကသိုလ်ကျောင်းသား သပိတ်ကြီး မီးဟုန်းဟုန်း ထတောက်လာသည်။ တို့ဗမာအစည်းအရုံးနှင့် ကျောင်းသားများ ပေါင်းစည်းမိသွားသည်။

ဥရောပနှင့် အရှေ့တောင်အာရှ နိုင်ငံရေး၊ စစ်ရေး အခြေအနေတို့သည်လည်း မျက်လှည့်ပြနေသည့်အလား အပြောင်းအလဲများက မြန်ဆန်လွန်းလှသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး ကံကြမ္မာသည်လည်း ကမ္ဘာကြီးနှင့်အတူ အငြိမ့်ဇာတ်ခုံပေါ်မှ မီးဆလိုက်ပမာ နီလိုက်၊ ဝါလိုက်၊ စိမ်းလိုက်၊ ပြာလိုက်၊ လင်းလိုက်၊ မှောင်လိုက်။ သခင်သိန်းမောင်၏ ဘဝသည်လည်း နိုင်ငံရေးလောကခံ၊ ဘဝလောကခံတို့ဖြင့် ထွန်ရေးစပ်သည့် ယာမြေနှယ် ညက်ညက်ကြေကြေ မွှေခံခဲ့ပြီ။

ကျည်းကန်ရှင်ကြီး မေတ္တာစာထဲတွင်မူ ဤသို့ဆိုတော်မူသည်။

"မင်းမှာ လုပ်ချင်၏။
တင်းကုပ်မှာ အချုပ်ခံဝံ့ မခံဝံ့။
ပဲဟင်းကို ရှုပ်ချင်၏။
နှုတ်ခမ်းမွှေးကို အနုတ်ခံဝံ့ မခံဝံ့။
မှိုနှင့်မျှစ်ကို နုတ်ချင်၏။
ကျဉ်တုတ်ခံဝံ့ မခံဝံ့။"

သခင်သိန်းမောင်သည် အချုပ်လည်း ခံခဲ့ရသည်။ အနုတ်လည်း ခံခဲ့ရသည်။ အတုတ်လည်း ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သခင်သိန်းမောင်သည် ၁၃၀၀ ပြည့်အရေးတော်ပုံတွင် သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော တို့ဗမာအစည်းအရုံးမှ ဦးဆောင်မှု ပေးခဲ့သည်။

၁၉၃၉ ဇန်နဝါရီ ၂၇ တွင် တို့ဗမာ အစည်းအရုံး ဌာနချုပ် အလုပ်အမှုဆောင်များကို နယ်ချဲ့အစိုးရက ဖမ်းဆီး အကျဉ်းချခဲ့ရာ သပိတ်လှုတ်တော်အဖွဲ့၏ သဘောတူညီမှုဖြင့် သခင်သိန်းမောင်သည် ၁၃၀၀ ပြည့် အရေးတော်ပုံကို ဦးဆောင်မှု ပေးခဲ့သည်။

အရေးတော်ပုံ ပြီးငြိမ်းသောအခါ သခင်သိန်းမောင်သည် အစော(ခ)မစောနှင့် အိမ်ထောင်ပြုသည်။ သား ခင်မောင်လတ်၊ သမီး လှရင်သိန်းတို့ ထွန်းကားသည်။

သခင် သိန်းမောင်ကြီးအား ဖခင် ထောင်မှူးကလေး ယောင်း၊ ရှေ့နေ ဦးမောင်ကြီး၊ မိခင် ဒေါ်သွယ်တို့မှ ၁၉၀၃၊ ဩဂုတ် ၇ ရက်၊ သောကြာနေ့တွင် တောင်ငူမြို့၌ ဖွားမြင်သည်။ မွေးချင်း အစ်မတစ်ယောက်၊ ညီတစ်ယောက် ရှိသည်။ ညီဖြစ်သူမှာလည်း တောင်ငူသခင်ထွန်းရွှေ ဟူ၍ ထင်ရှားသူ ဖြစ်သည်။

သခင်သိန်းမောင်ကြီးသည် ၁၉၆၆ ခုနှစ်တွင် ရဟန်းဝတ်သည်။ ရဟန်းဘွဲ့ အရှင်သောမ ဖြစ်သည်။ သက်တော် (၇၀)၊ ဝါတော် (၇)ဝါအရတွင် သယ်န်းကျွန်းမြို့နယ် နတ်စင်ဘောက်ထော် နဂါးနှစ်ကောင်ကျောင်းတိုက်၌ ပျံလွန်တော်မူသည်။

'သခင်သိန်းမောင်သည် ငါတို့နှင့်အတူ အင်္ဂလိပ်နယ်ချဲ့ သွေးစုပ်ဖိနှိပ်မှု စနစ်အောက်၊ ဗမာတစ်မျိုးသားလုံး ကျွန်ဖြစ်ခံကြရသော ခေတ်တစ်လျှောက်၌ ဗမာပြည်သည် တို့ပြည် ဖြစ်သဖြင့် တို့ပိုင်ရမည်၊ တို့သာလျှင် တို့ပြည်၌ သခင်ဖြစ်ရမည်ဟု တစ်ခဲနက်ကြွေးကြော်ကာ ကိုယ်ကျိုးထက် တိုင်းပြည်နိုင်ငံအကျိုး ရှေ့တန်းထားကာ ရဲရဲတောက် လုပ်ဆောင်ခဲ့သူ မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါပေသည်။'

(ဗဟို တို့ဗမာအစည်းအရုံး သမိုင်းပြုစုရေး သခင်၊ သခင်မများ၏ သဝဏ်လွှာမှ)

မှီငြမ်း ။ ။ ၁၉၈၇ ခုနှစ် အမျိုးသားစာပေ (စာပဒေသာ)ဆုရ 'မီးတုတ်သခင်သိန်းမောင်ကြီး ဘဝနှင့် နိုင်ငံရေး လှုပ်ရှားမှုများ'၊ သား ခင်မောင်လတ်။

အလေးပြုလျက်. . .

**ထွန်းလင်းသူ**

❐




ဦး အရဟံ မေတ္တာ လာဘံ

**နက္ခတ်ဗေဒင်** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • •

ခုနှစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **မိုက်ထဲမှာ ပုဏ္ဏားသေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ။ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆိုကြရာ

**ဟောခန်းတည်နေရာ** ➸ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

**လမ်းညွှန်** ➸ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

**ဟောပြောချိန်** ➸ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။


**ဆက်သွယ်ရန် ဖုန်း** ➸ **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၇၃၂၄၄၈၉၇ ။

**မှတ်ချက်** ➸ ***ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။*** ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# မြေထဲပင်လယ် ချောက်ကမ်းပါးထိပ်က တော်ဝင်မဟာအလှပိုင်ရှင် ဂရေ့စ်ကယ်လီရဲ့

# မော်နာကို

ကိုအေးမြင့်(မဟာဝိဇ္ဇာ) ရေး -




www.burmeseclassic.com

www.burmeseclassic.com



'ကိန်းန်'(Canne)ရုပ်ရှင်ပွဲတော် ကျင်းပရာ ရုံကြီးကော်ဇောနီလျှောက်လမ်းကို ကျောခိုင်းခဲ့ကာ 'ကိန်းန်' ကနေ ခရီးဆက်လာတော့ ရုပ်ရှင်ရိုက်ရာမှာသုံးတဲ့ ကဲရိန်းထရော်လီတွေ၊ မင်းသား၊ မင်းသမီးပုံတွေပါတဲ့ ရုံဆင်ပိုစတာ ဆေးရေးပန်းချီတွေနဲ့ အလှဆင်ထားတဲ့ ကိန်းန်မြို့ထဲက အိမ်ကို ဖြတ်သန်းခဲ့ရပြီး အခုသွားရောက်ရမှာကလည်း အော်စကာဆုရ ဟောလီဝုဒ်ရုပ်ရှင်မင်းသမီးကြီး ဂရေ့ကယ်လီ လဲလျောင်းရာ မော်နာကို(Monaco)နိုင်ငံ၊ မော်နာကိုမြို့မို့ ဒီနေ့ခရီးစဉ်ဟာ ရုပ်ရှင်အငွေ့အသက်တွေ အတော်လွှမ်းခြုံနေပါလားလို့ တွေးနေမိရဲ့။


ကားကြီးဆက်လက်ထွက်ခွာလာပြီးမကြာမီ နီးစ်ကို ပြန်ဖြတ်ရပြန်တယ်။ နီးစ်မြို့မှာ အလာလမ်းတုန်းက မမြင်ခဲ့ရတဲ့ ငွေမှင်ရောင် အဲ့ားကစားရုံ အကြီးကြီးကိုလည်း တွေ့ရတယ်။ သိပ်ကြာကြာ ကားမမောင်းရသေးခင်မှာပဲ မော်နာကိုကို ရောက်ရှိသွားပေါ့။ နီးစ်မြို့ကနေ ၉ မိုင်ပဲ ဝေးတာကိုး။



မြေထဲပင်လယ်ကို ချောက်ကမ်းပါးများနဲ့ ခြံရံထားပြီး ကမ္ဘာကျော်အောင်လှပတဲ့ မော်နာကိုမှာ ထင်ရှားကျော်ကြားလှတဲ့ မော်နာကို ဘုရင့်ကြင်ရာတော်မင်းသမီး ဂရေ့ကယ်လီရဲ့ အုတ်ဂူရှိရာ ဘုရားကျောင်းနဲ့ မွန်တီကာလို ကာစီနို (Monte Carlo Casino)နဲ့ ကဇာတ်ရုံ (Opera House)တွေကိုလည်း လှည့်လည်ကြည့်ရှုကြမယ် ထင်ပါတယ်။ မော်နာကို မဝင်မီ အဲဒီနိုင်ငံအကြောင်းလေးတွေ ပြန်တွေးနေမိတယ်။

**မော်နာကိုရဲ့ ပထဝီဝင် (Geography)**


မင်းသားအုပ်ချုပ်ရာ အချုပ်အခြာပိုင် မော်နာကိုဟာ ဥရောပအနောက်တောင်ပိုင်း မြေထဲပင်လယ်ကမ်းစပ် ကြမ်းတမ်းတဲ့ အဲ့လ်ပ်တောင်တန်းရဲ့ အောက်ဘက်ပင်လယ်ပိုင်း (the Maritime Alps)ရဲ့အခြေ အပန်းဖြေဇရိယာ အလယ် (the Côte d'Ázur) (French Riviera) ပြင်သစ်ဘက်ပိုင်း ပြင်သစ်မြေထဲပင်လယ်ကမ်းရိုးတန်း (the French Mediter-





www.burmeseclassic.com

www.burmeseclassic.com




မော်နာကိုနိုင်ငံရဲ့ မြေပုံ

ranean coast) ထဲ ထိုးဝင်နေတဲ့ သပ်ပုံတောင်ကုန်းလေး အပေါ် ကုန်းလျှောတွေရဲ့ အရိပ်မိုးထားတဲ့အောက်မှာ တည်ရှိနေတဲ့ နိုင်ငံလေးပါ။

ပြင်သစ်နိုင်ငံ နီးစ်(Nice)မြို့ရဲ့ အရှေ့ဘက် ၉ မိုင် (၁၅ ကီလိုမီတာ) အကွာလောက်လေးမှာ တည်ရှိပြီး မော်နာကိုရဲ့ အရှေ့ဘက် ၅မိုင်(၈ကီလိုမီတာ)မှာတော့ အီတာလျံနယ်စပ်ရှိနေရဲ့။ ပြင်သစ်အရှေ့တောင်ပိုင်း (the French Riviera) အတွင်းမှာ ကျရောက်နေတဲ့ မော်နာကိုဟာ မြို့ဖြစ်သလို သေးငယ်တဲ့နိုင်ငံငယ်လေးလည်းဖြစ်ကာ စင်ကာပူလိုပဲ မြို့လည်းနိုင်ငံ၊ နိုင်ငံလည်းမြို့ပေါ့။ မြို့တော်ကတော့ မော်နာကိုပဲဖြစ်ပြီး မော်နာကိုရဲ့ အကြီးဆုံးမြို့အပိုင်းဟာ မွန်တီကာလို(Monte Carlo) ဖြစ်ပါတယ်။

မော်နာကိုဟာ မြေဧရိယာ ၁.၉၅ စတုရန်းကီလိုမီတာ (၀.၇၅ စတုရန်းမိုင်)လောက်သာရှိလို့ ရောမမြို့က ဗာတီကန်မြို့တော် (Vatican City)ပြီးရင် ကမ္ဘာမှာ အသေးငယ်ဆုံး နိုင်ငံလည်း ဖြစ်ပါတယ်။

မော်နာကိုရဲ့ သေးငယ်တဲ့မြေပိုင်နက်မှာ တောင်ကုန်းအစုအဝေးတွေ ပြွတ်ခဲစုဝေးနေပါတယ်။ သူ့ရဲ့ ပင်မမြေပြင်ရဲ့ တောင်ဘက်စွန်းဟာ မြေထဲပင်လယ်ထဲကို ထိုးဝင်နေတယ်။ သာမန်လိုမဟုတ်တဲ့ များစွာသော အဲဒီအချက်တွေကြောင့်ပဲ မော်နာကိုဟာ သူ့အရွယ်လေးနဲ့မမျှ ထင်ရှားကျော်ကြားတဲ့ ဥရောပရဲ့ ပေါ်ပြူလာအဖြစ်ဆုံး အပန်းဖြေနယ်မြေဖြစ်သလို ကမ္ဘာ့ဇိမ်အရှိဆုံး အပန်းဖြေစခန်း ဖြစ်လာစေတာပါပဲ။ သေးငယ်တဲ့နေရာမှာ မြင့်မားတဲ့ မြို့ပြဖြစ်ထွန်းမှုတွေနဲ့မို့ ကမ္ဘာပေါ်မှာ လူဦးရေအထူထပ်ဆုံး နိုင်ငံလည်း ဖြစ်ရဲ့။ ရိပ်သာ၊ ဟိုတယ်၊ ဈေးဆိုင်နဲ့ ဈေးနှုန်းမြင့်မားလှတဲ့ တိုက်ခန်းတွေဟာ ကျောက်ဆောင်ထူထပ်တဲ့ တောင်ကုန်းတွေပေါ်မှာ တွယ်ကပ်တက်နေသလိုပါ။

နေရာကျယ်နိုင်သမျှ ကျယ်ကျယ်ရလာဖို့ တောင်းဆိုလာလို့ မော်နာကိုဟာ မြေသစ်တွေကိုလည်း ဖန်တီးယူနေရပါတယ်။ ကမ်းခြေတစ်လျှောက်မှာ မြေကြီးနဲ့ကျောက်တွေ ဖို့ချရင်းပေါ့။ မော်နာကိုရဲ့ ခပ်သေးသေးဆိပ်ကမ်းလေးကို ဇိမ်ခံရွက်လှေတွေ၊ သေးငယ်တဲ့ ဇိမ်ခံရေယာဉ်တွေနဲ့ အပျော်စီးသင်္ဘောတွေ ကျောက်ချဖို့နဲ့ ကုန်တင်ကုန်ချလုပ်ဖို့ အထောက်အပံ့များလည်း ပြုလုပ်ပေးထားပါတယ်။

မော်နာကိုနိုင်ငံမှာ သင့်တင့်မျှတတဲ့ မြေထဲပင်လယ်ရာသီဥတု (Mediterranean climate)ရှိလို့ ပူနွေးခြောက်သွေ့တဲ့ နွေရာသီများနဲ့ အတန်အသင့်သာအေးတဲ့ ဆောင်းကာလများလည်း ရှိပါတယ်။ နှစ်စဉ် အပူချိန်ဟာ ပျမ်းမျှ ၆၁ ဒီဂရီဖာရင်ဟိုက် ၁၆ ဒီဂရီစင်တီဂရိတ်လောက်နဲ့ပါ။ မိုးရွာတဲ့ရက်များကတော့ တစ်နှစ်ကို ရက် ၆၀ လောက်ပဲရှိပါတယ်။ လစဉ် ပျမ်းမျှအပူချိန်ဟာ ဇန်နဝါရီမှာ ၅၀ ဒီဂရီဖာရင်ဟိုက် ၁၀ ဒီဂရီ စင်တီဂရိတ်နဲ့ ဩဂုတ်လမှာ ၇၅ ဒီဂရီဖာရင်ဟိုက် ၂၄ ဒီဂရီစင်တီဂရိတ် အတွင်းပေါ့။

**မော်နာကို အုပ်ချုပ်ရေးနဲ့ အစိုးရ**

မော်နာကိုနိုင်ငံကို တရားဝင်ရုံးသုံးအနေနဲ့ မင်းသားအုပ်ချုပ်ရာမော်နာကို (Principality of Monaco)လို့ ခေါ်ပြီး ပြင်သစ်လိုတော့ (Principauté de Monaco)ပါ။

အစဉ်အလာအရ ဂရီမယ်ဒီမိသားစု(the Grimaldi family)က မျိုးရိုးဆက်ခံတဲ့ မင်းသားတစ်ပါးဟာ မော်နာကိုရဲ့ နိုင်ငံအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ရတယ်။ မော်နာကိုနိုင်ငံကို အုပ်ချုပ်သူကတော့ ၂၀၀၅ ခုနှစ်မှာ ဒုတိယမြောက်အယ်လဘတ်မင်းသား (Prince Albert II) ပါ။ သူဟာ နိုင်ငံရဲ့အကြီးအကဲဖြစ်သလို နိုင်ငံတော်ရဲ့ဝန်ကြီးချုပ်လည်း ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ဝန်ကြီး (Minister of State)ကတော့ ၂၀၀၀ ခုမှာ ပက်ထရစ်(Patrick Leclercq)ပါ။ အစိုးရအဖွဲ့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အုပ်ချုပ်တဲ့ ထီးနန်း (Constitutional monarchy)ရှိနေပြီး စည်းမျဉ်းခံ ဘုရင်စနစ်နဲ့ အုပ်ချုပ်နေပါတယ်။



မော်နာကိုမြို့တော်ရဲ့ အလှ


www.burmeseclassic.com

www.burmeseclassic.com

၁၉၆၂ ခုနှစ် ဒီဇင်ဘာလမှာ လက်ခံအတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံတစ်ခုအောက်မှာ မင်းသားဟာ အမျိုးသားကောင်စီ (the National Council)နဲ့ ဥပဒေပြုရေး (legislative) လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေသုံးစွဲရပါတယ်။ နိုင်ငံတော် အုပ်ချုပ်မှုအပိုင်းမှာ မင်းသားနဲ့ နိုင်ငံရဲ့ဝန်ကြီးတစ်ပါး ဦးဆောင်တဲ့ သေးငယ်တဲ့ အစိုးရကောင်စီ (Council of Government) တစ်ဖွဲ့တို့ ပါဝင်ကြတယ်။

နိုင်ငံရဲ့ဝန်ကြီးဟာ ပြင်သစ်အစိုးရက အဆိုပြုထားတဲ့ များစွာသော လျာထားသူတွေထဲကနေ မင်းသားက ရွေးချယ်ထားတဲ့ ပြင်သစ်မြို့ပြဝန်ထမ်း (civil servant) တစ်ဦးပါ။ အဖွဲ့ဝင် ၂၄ ဦးပါ ကောင်စီကို ၅ နှစ် တစ်ကြိမ် ရွေးချယ်ကြပါတယ်။ ဒေသခံမော်နာကိုသား (Monégasques)တွေသာ မဲပေးနိုင်တယ်။ မင်းသားရဲ့ အထူးလုပ်ပိုင်ခွင့် အာဏာအရ အခြားနေရာမှ လူတွေကို မိမိတိုင်းပြည်အတွင်း ပြုစုပျိုးထောင်ယူမှု(Naturalization)ကို တစ်နှစ် လူ ၃၀ လောက် ကန့်သတ်ထားပြီး လုပ်ဆောင်ပါတယ်။ ဦးဆောင် နိုင်ငံရေးပါတီတွေဟာ မော်နာကိုသမဂ္ဂ (the Union for Monaco-UNAM)နဲ့ အမျိုးသားဒီမိုကရက်တစ်သမဂ္ဂ (the National and Democratic Union - UND) တို့ပါပဲ။

စုစုပေါင်းဧရိယာ ၀. ၈ စတုရန်းမိုင် (၂. ၀ စတုရန်းကီလိုမီတာ)ရှိပြီး လူဦးရေကတော့ ၂၀၀၈ ခုနှစ်ခန့်မှန်းချေအရ ၃၀၅၈၆ ဦးနဲ့၊ ၂၀၁၀ ခုမှာ ၃၂၇၉၆ ဦး ရှိပါတယ်။ လူဦးရေတိုးပွားနှုန်းက ၀. ၁ ရာခိုင်နှုန်းဖြစ်ပြီး မွေးဖွားနှုန်းကတော့ ၁၀၀၀ မှာ ၇ ယောက်နှုန်းပါ။ ကလေးသူငယ်သေပျောက်နှုန်းက ၁၀၀၀ မှာ ၁. ၇၈ ယောက်ပါ။ မော်နာကိုမှာ လူ့သက်တမ်းက ၈၉-၇၈ နှစ် ဖြစ်ပါတယ်။ လူဦးရေထူထပ်နှုန်းကတော့ ၂၀၀၃ ခုနှစ်အတွင်း မြို့တော်တစ်ခွင်မှာ ကောက်ယူ ကြည့်တဲ့ခါ တစ်စတုရန်းကီလိုမီတာမှာ ၁၆၃၉၈ ဦး၊ ၁ စတုရန်းမိုင်မှာ ၄၂၄၇၁ ဦးမို့ ဒါဟာ အခြားနိုင်ငံတွေထက် စာရင်တော့ ပိုမြင့်နေပါတယ်။



မော်နာကိုမှာ မြေထဲပင်လယ် နေ့လယ်စာ စားနေစဉ်



မော်နာကိုမှာ မြေထဲပင်လယ် နေ့လယ်စာ စားနေစဉ်

မင်းသားအုပ်ချုပ်တဲ့ မော်နာကိုဟာ ကုလသမဂ္ဂအဖွဲ့ကြီး (the United Nations- UN)ကို ၁၉၉၃ ခုမှာဆက်သွယ်ခဲ့လို့ ကုလသမဂ္ဂထပ်တိုးနိုင်ငံအဖြစ် အချိန်ပြည့်အဖွဲ့ဝင်ဖြစ်လာပါတယ်။ ၂၀၀၄ ခုမှာတော့ ဥရောပကောင်စီ (the Council of Europe)နဲ့ ဆက်သွယ်ခဲ့ပြန်ပါတယ်။ အခွန်လွတ်ရာ နေရာဖြစ်တဲ့ မော်နာကိုဟာ ကိုယ်တိုင်က ဥရောပသမဂ္ဂဝင် (the European Union- EU)မဟုတ်တဲ့ အပြင် ပြင်သစ်မှာလိုပဲ ပြင်သစ်ဖရန့်ငွေ(franc)ကို သုံးခဲ့တယ်။ ဒါပေမယ့် မော်နာကိုဟာ ဥရောပသမဂ္ဂရဲ့ တစ်ခုတည်းသော ငွေကြေးယူနစ် (Monetary unit) ယူရို(euro)ငွေကို သုံးဖို့အတွက် ၂၀၀၂ ခုနှစ်မှာ တစ်စတစ်စ အဆင့်ဆင့် ရုပ်သိမ်းပေးခဲ့တယ်။


မော်နာကိုရဲ့ အဓိကစီးပွားရေးဟာ ခရီးသွားလုပ်ငန်းပါ။ စီးပွားရေးအတွက် အထူးသဖြင့် ပြင်သစ်နဲ့အီတလီက ရွှေ့ပြောင်းလုပ်သား(migrant labor)တွေပေါ်မှာ ကြီးမားစွာ မှီခိုနေရတယ်။ ထင်ရှားကျော်ကြားလှတဲ့ ပင်လယ်ကမ်းခြေ၊ ဟိုတယ်နဲ့ ကာစီနိုကစားဝိုင်းတွေ၊ နှစ်စဉ်ကျင်းပမြဲ မော်နာကိုဂရင်းပရီကားမောင်းပြိုင်ပွဲ (the annual Monaco Grand Prix automobile race)တွေ၊ အထူးသဖြင့်တော့ ကမ္ဘာကျော်မွန်တီကာလို(Monte Carlo)ကြောင့် တစ်နှစ်ကို ခရီးသွားဧည့်သည် ၁. ၅ သန်းလောက်ကို ဆွဲဆောင်နိုင်တဲ့ပါတယ်။ အဲဒီရဲ့ ပံ့ပိုးကူညီမှုတွေက ဥရောပရဲ့ ဇိမ်အရှိဆုံး အပန်းဖြေစခန်းတွေထဲက တစ်ခုဖြစ်စေခဲ့တာပါ။

တစ်ခါက ဆောင်းရာသီဟာ ဆွဲဆောင်မှုရှိခဲ့ပေမယ့် အခုအခါမှာ နွေရာသီကလည်း ကမ်းခြေတွေ၊ တိုးချဲ့ထားတဲ့ ဆိပ်ကမ်းအထောက်အကူတွေနဲ့ ဧည့်သည်များကို ဆွဲခေါ်နိုင်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကွန်ဖရင့်ငွေဟာ အထူးသဖြင့် အရေးပါလှတယ်။

မော်နာကိုကို လာလည်တဲ့ များစွာသောခရီးသည်တွေဟာ သူတို့ရဲ့ အချိန်နာရီများစွာကို ကမ်းခြေမှာ တစ်လှည့်၊ လှေစီးရင်း တစ်ဖုံ၊ နိုင်ငံတကာအဆင့် ကားမောင်း


www.burmeseclassic.com

www.burmeseclassic.com




မော်နာကို နန်းတော်သို့

ပြိုင်ပွဲ (international sports-car races)ကြည့်ရင်း တစ်ခါ၊ နာမည်ကြီး ကမ္ဘာကျော်ကာစီနိုရုံ (Piace du Casino)တွေမှာ ကစားရင်းဟစ်မျိုးနဲ့ ကုန်ဆုံးနိုင်ကြပါတယ်။

မော်နာကိုနိုင်ငံမှာ သင့်တင့်မျှတတဲ့ မြေထဲပင်လယ်ရာသီဥတု (Mediterranean climate)ရှိလို့ နှစ်စဉ်အပူချိန်ဟာ ပျှမ်းမျှ ၆၁ ဒီဂရီဖာရင်ဟိုက် ၁၆ ဒီဂရီစင်တီဂရိတ်လောက်နဲ့ပါ။ မိုးရွာတဲ့ရက်များကတော့ တစ်နှစ်ကို ရက် ၆၀ လောက်ပဲရှိပါတယ်။ လစဉ် ပျှမ်းမျှအပူချိန်ဟာ ဇန်နဝါရီမှာ ၅၀ ဒီဂရီဖာရင်ဟိုက် ၁၀ ဒီဂရီစင်တီဂရိတ်နဲ့ ဩဂုတ်လမှာ ၇၅ ဒီဂရီဖာရင်ဟိုက် ၂၄ ဒီဂရီစင်တီဂရိတ် အတွင်းပေါ့။

မော်နာကိုဟာ ဖွံ့ဖြိုးစည်ပင်တဲ့နိုင်ငံလေးမို့ လူနေမှုအဆင့်အတန်းလည်း ကမ္ဘာ့အမြင့်ဆုံးတွေထဲက တစ်ခုပါ။ ခရီးသွားလုပ်ငန်းနဲ့ ငွေရေးကြေးရေး ဝန်ဆောင်မှုတွေက စီးပွားရေးကို မောင်းနှင်ခဲ့တယ်။

နှစ်တိုင်း သန်းချီတဲ့ဧည့်သည်တွေဟာ အဲဒီကမ်းခြေနဲ့ ကာစီနိုတွေဆီကို အုပ်စုဖွဲ့ ရောက်ရှိလာကြတာမို့ သရုပ်ဖော်အနုပညာ (performing arts)တွေ ကျင်းပရာ နေရာတွေ၊ သင်္ဘောစီးဖို့ အထောက်အပံ့မျိုးစုံ (boating facilities)တွေနဲ့ အခြားသော ဆွဲဆောင်မှုတွေကိုလည်း ဖန်တီးထားရဲ့။ ၂၀၀၂ ခုမှာ မော်နာကိုဟာ သူ့ရဲ့ဆိပ်ကမ်းကို ဆံ့နိုင်သမျှထက် နှစ်ဆတိုးမြှင့်လိုက်တယ်။ အပျော်စီး (cruise) သင်္ဘောအကြီးကြီးတွေ ဝင်ဆံ့ဖို့ လိုက်လျောညီထွေတဲ့ ဒီဇိုင်းဆွဲပြီး အလွန်ကြီးမားတဲ့ အသစ်သော ရေပေါ်ဆိပ်ကမ်းတစ်ခုကို ဖန်တီးတည်ဆောက်လိုက်ခြင်းအားဖြင့်ပေါ့။




မော်နာကိုမှာ မြေထဲပင်လယ် နေ့လယ်စာ စားနေစဉ်

**ဘာသာစကားနဲ့ ဘာသာရေး**

မော်နာကိုရဲ့ အများဆုံးသော လူဦးရေမှာ ပြင်သစ်လူမျိုးတွေ (တစ်ဝက်လောက်နီးပါး)ပါနေကြတယ်။ အနည်းငယ်သော ဒါပေမယ့် သိသာထင်ရှားလောက်တဲ့ အရေအတွက်ကတော့ အီတာလျံ၊ အမေရိကန်၊ ဗြိတိသျှအသိုင်းအဝိုင်း၊ ဆွစ်နဲ့ ဘယ်လ်ဂျီယံသားတွေပါ။ မော်နာကိုနိုင်ငံသားတွေကို Monégasques လို့ခေါ်ကြပေမယ့် မော်နာကိုမှာ နေထိုင်သူ ၂၀ ရာခိုင်နှုန်းလျော့လျော့ လူဦးရေရဲ့ ၆ပုံ၁ပုံလောက်လေးကသာ Monégasques က ဆင်းသက်လာကြတဲ့ ဇာတိဖွားနိုင်ငံသားတွေပါ။ ရုံးသုံးဘာသာစကား အဖြစ်တော့ ပြင်သစ်ဘာသာကိုပဲ သုံးကြတယ်။ လူဦးရေရဲ့ တစ်ဝက်လောက်ကလည်း မိခင်ဘာသာစကား ပြင်သစ်လိုပဲ ပြောကြပြီး လူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းလောက်ကသာ ပြင်သစ်နဲ့ အီတာလျံ ဒေသိယစကားတွေ ရောပြီးသုံးထားတဲ့ မော်နာကိုဘာသာစကားကို ပထမ ဘာသာစကားအနေနဲ့ ပြောကြပါတယ်။ အီတာလျံလိုနဲ့ အင်္ဂလိပ်လိုလည်း အလားတူပဲ ပြောကြတယ်။

မော်နာကိုမှာ လွှမ်းခြုံနေတဲ့ ဘာသာရေးကတော့ လူအများစု ကိုးကွယ်တဲ့ ရိုမင်ကက်သလစ်ဘာသာပါ။

မော်နာကိုနိုင်ငံရဲ့ စုစုပေါင်း ဧရိယာဟာ ၀.၈ စတုရန်းမိုင် (၂ စတုရန်းကီလိုမီတာ)ရှိပါတယ်။ မော်နာကိုကို အစဉ်အလာအရ ဒိဗြင်းဟု ခေါ်ရိုင်တွေပိုင်းခြားရင် အပိုင်း (sections) ဒါမှမဟုတ် ကွာတာ (quarters) ၄ ခု ပိုင်းနိုင်ပါတယ်။ အနောက်ဘက်ကနေ အရှေ့ဘက်ကိုကြည့်ရင် အသစ်ဆုံး ဖြစ်တဲ့ (Fontvieille)၊ အဟောင်းဆုံး(Monaco-Ville)၊ La Condamine နဲ့ မွန်တီကာလိုတို့ ဖြစ်ကြပါတယ်။



မော်နာကိုမြို့တော်ရဲ့ အလှ





www.burmeseclassic.com

www.burmeseclassic.com

### (၁) မော်နာကိုဗီးလ် (Monaco-Ville)

မော်နာကိုဗီးလ်ဟာ ရှေးဟောင်းခံတပ်တွေ ရှိတဲ့မြို့ (fortified town)၊ အအိုဟောင်းဆုံး ဒိစတြိတ်နဲ့ မင်းသားအုပ်ချုပ်ရာ ဒီနိုင်ငံရဲ့ မြို့တော်ပါ။ မော်နာကိုမြို့ (town of Monaco)ရဲ့မြို့ဟောင်းပိုင်း သို့မဟုတ် ပင်လယ်ထဲ ထိုးထွက်နေတဲ့ (the Rock)အငူပိုင်းလည်း ဖြစ်ပါတယ်။ ကျဉ်းမြောင်းတဲ့ လမ်းလေးတွေနဲ့ ရှုခင်းသာတဲ့နေရာ၊ မြေထဲပင်လယ်အထက် ၆၀ မီတာ(၂၀၀ပေ)မြင့်တက်နေတဲ့ ကျောက်ဆောင်ထူတဲ့ ကျွန်းဆွယ်ပေါ် ဖုံးလွှမ်းထားတဲ့ ခပ်ပြားပြား အထွက်ပိုင်းနေရာပေါ့။

ကျွန်းဆွယ်ရဲ့အနားစွန်းမှာတော့ မော်နာကိုရဲ့တော်ဝင်နန်းတော်ရှိပြီး မော်နာကိုဗီးလ်ကို စီးမိုးကြည့်နေရဲ့။

အဲဒီမှာ နိုင်ငံတကာက အလေးထားရတဲ့ ပင်လယ်သမုဒ္ဒရာဆိုင်ရာပြတိုက် (Oceanographic Museum)-(Musée Océanographique)၊ ဥရောပရဲ့ အကောင်းဆုံး ငါးပြတိုက်(aquariums)တွေထဲက တစ်ခုလည်း ရှိနေရဲ့။ ဒါဟာ တစ်ခါက (Jacques-Yves Cousteau)ရဲ့ ညွှန်ကြားမှုအောက်မှာရှိခဲ့ပြီး ကျွန်းဆွယ်ရဲ့ မတ်စောက်တဲ့မျက်နှာပြင်မှာ တည်ဆောက်ထားတာပါ။


### (၂) လာကွန်ဒါမင်း (La Condamine)

လာကွန်ဒါမင်းကတော့ ပင်လယ်ကွေ့ အနောက်ပိုင်းက မော်နာကိုရဲ့ သဘာဝဆိပ်ကမ်းရှိရာ စီးပွားရေးခရိုင်ပါ။


ဒီအပိုင်းဟာ အဓိကရဆိပ်ကမ်းနယ်မြေနဲ့ စီးပွားရေးဒိစတြိတ်ပါ။ မွန်တီကာလိုနဲ့ မော်နာကိုဗီးလ်အကြား ကျွန်းဆွယ်ရဲ့ အခြေမှာ တည်ရှိပါတယ်။

### (၃) ဖောင်ဗီးလ် (Fontvieille)

မော်နာကိုရဲ့ အသေးစားစက်ရုံတွေနဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ ဇုန်နယ်မြေသစ်အပိုင်းဟာ ဖောင်ဗီးလ်ဖြစ်ပါတယ်။



မော်နာကို နန်းတော်သို့




မော်နာကို နန်းတော်သို့

မွန်တီကာလိုအနောက်ဘက်က ဒီစက်မှုလုပ်ငန်းနေရာနဲ့ လူနေထိုင်ရာနေရာကို ၁၉၈၀ အစောပိုင်းထဲက ပင်လယ်ကနေ မြေယာဖော်ယူထားတဲ့ မြေပေါ်မှာ နေရာများများ ကြီးမားစွာယူပြီး တည်ဆောက်ခဲ့တာပါ။ မော်နာကိုစီးပွားရေး တိုးတက်စေဖို့ အဘက်ဘက်က ကြိုးစားရာမှာ ဒီနေရာမှာ အများဆုံးရှိတဲ့ အသေးစားစက်ရုံတွေရဲ့ စီးပွားရေးကြိုးပမ်းမှုက တစ်ခုပေါ့။ ဒီစက်ရုံတွေမှာ ဆေးဝါးပစ္စည်း၊ ရေမွှေးနဲ့ အလှကုန်၊ လျှပ်စစ်အထောက်အကူပစ္စည်းတွေ၊ စက္ကူနဲ့ကတ်ပြားတွေ၊ အထည်အလိပ်၊ အဝတ်အစားနဲ့ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ခဲ့တာပါ။

### (၄) မွန်တီကာလို (Monte Carlo)

မွန်တီကာလို ဆိုတာ ပြင်သစ်အခေါ် ဖြစ်ပေမယ့် အရပ်သုံးကတော့(Monte-Carl) ပါ။ မော်နာကိုသားတွေကတော့ (Monte-Carlu)လို့ ခေါ်ကြပါတယ်။ မော်နာကိုရဲ့ အပိုင်း ၄ ပိုင်းထဲက အကြီးကျယ် အခမ်းနားဆုံး အဓိကအပိုင်းဖြစ်ပြီး အဆင့်မြင့် အထပ်မြင့် တိုက်ခန်းတွေနဲ့ လူနေထိုင်ရာဧရိယာဖြစ်သလို ဖက်ရှင်ကျလှတဲ့ ဟိုတယ်ကြီးတွေ၊ လောင်းကစားဝိုင်း ကာစီနိုရုံတွေနဲ့ ထင်ရှားကျော်ကြားလှတဲ့ ကမ်းခြေ



မော်နာကို နန်းတော်သို့



www.burmeseclassic.com

www.burmeseclassic.com




ဂရေ့စ်ကယ်လီကို တော်ဝင်လိုမ်းမောင်နှင့်အတူ

တွေကြောင့် အပန်းဖြေရာ (resort)ပိုင်းလည်း ဖြစ်ပါတယ်။ မွန်တီကာလိုမြူနီစီပယ်ဒေသ ဒီကွာတာမှာ (Spélugues)၊ (La Rousse/Saint Roman, Larvotto/Bas Moulins) နဲ့ (Saint Michel)ရပ်ကွက်တို့လည်း ပါဝင်ကြပါတယ်။ ဒီနေရာမှာ (the Hôtel de Paris, the Café de Paris)နဲ့ အော်ပရာဇာတ်ရုံတွေရှိရာ (the Salle Garnier)တို့ တည်ရှိနေပါတယ်။

၁၈၅၆ ခုမှာ မော်နာကိုမင်းသား တတိယမြောက် ချားလ် (Prince Charles III)က ဖက်စပ်ကုမ္ပဏီတစ်ခုကို ကာစီနိုတည်ဆောက်ဖို့ ခွင့်ပြုခဲ့လို့ အဲဒီလောက်စောစောကတည်းက ကစားဝိုင်း၊ ကစားပွဲ(gaming tables)တွေ ရှိနေနှင့်တာပါ။ ကာစီနိုကို ၁၈၆၁ ခုမှာ ဖွင့်လှစ်ခဲ့ပြီး ၅ နှစ်ကြာတော့ ဒီဒိစတြိတ်ကို မွန်တီကာလိုအဖြစ် မင်းသားက ကြေညာလိုက်ပါတယ်။ ကာစီနိုဝင်း အစုအဝေးကြီးအတွင်းမှာတော့ ၁၉ ရာစု ပြင်သစ်ဗိသုကာ(Charles Garnier) ဒီဇိုင်းထုတ်ခဲ့တဲ့ (the Grand Théâtre de Monte Carlo)၊ အော်ပရာနဲ့ ဘဲလေးကဇာတ်ရုံ (၁၈၇၈ ခု)နဲ့၊ မွန်တီကာလိုဘဲလေး (the Ballets de Monte Carlo)ရဲ့ ဌာနချုပ်တွေရှိပါတယ်။

အဆင့်မြင့်ပြီး ဈေးကြီးတဲ့ဟိုတယ် (High-rise hotels) တွေနဲ့ လူနေတိုက်ခန်းအဆောက်အအုံတွေက မွန်တီကာလိုရဲ့ ပန်းချီကားတစ်ချပ်ပမာ လှပတဲ့ များစွာသော ဗီလာ(villas) တွေကိုတော့ အစားထိုး ဝင်ရောက်လာပေါ့။

**အားကစားနဲ့ အပန်းဖြေရာ**

မွန်တီကာလိုဟာ ချမ်းသာသူတွေအတွက် စွဲမက်ဖွယ်ရာ ကစားကွင်းအဖြစ် ကျော်ကြားလာပြီး လောင်းကစားအချက်အချာဖြစ်မှုကလည်း သူ့ကို နိုင်ငံတကာရဲ့ မွန်တီကာလို ဖြစ်စေခဲ့ပါတယ်။ ကမ္ဘာ့လောင်းကစားမြို့တော် ဆိုတဲ့ စကားလုံး ဖြစ်လာတာကလည်း အသုံးအဖြုန်းကြီးပြီး မတွန့်မတိုနဲ့ လက်ဖွာတဲ့ ချမ်းသာသူတွေရဲ့ မဆင်မခြင်သုံးစွဲနိုင်မှုကြောင့်ပါ။

ဒါ့အပြင် မွန်တီကာလိုဟာ နိုင်ငံတကာ ဖက်ရှင်ပြပွဲတွေနဲ့ အားကစားပွဲတွေကိုလည်း လက်ခံကျင်းပခဲ့ပါတယ်။ မော်နာကို ဂရင်းပရီ (the Monaco Grand Prix)ရဲ့ ဌာနေလည်းဖြစ်ပြီး ဂုဏ်သတင်းကြီးတဲ့ ဖော်မြူလာ ဝမ်း(Formula One)ကားပြိုင်ပွဲကို နှစ်စဉ် မေလမှာ ကျင်းပခဲ့ပါတယ်။ အလားတူပဲ ကားပြိုင်ပွဲ ဝါသနာအိုးတွေ နှစ်သက်ကြတဲ့ မွန်တီကာလိုရယ်လီ (the Monte Carlo Rally)ပွဲကိုလည်း နှစ်စဉ် ဇန်နဝါရီလတိုင်းမှာ ကျင်းပခဲ့တယ်။

အလားတူပဲ အဲဒီမှာ ကမ္ဘာ့လက်ဝှေ့ဗိုလ်လုပွဲ၊ ဥရောပရဲ့ (the European Poker Tour Grand Final)နဲ့ ကမ္ဘာ့ (the World Backgammon Championship)တွေကို လက်ခံကျင်းပပေးပါတယ်။ ထို့အတူ ဖက်ရှင်ရှိုးပွဲတွေနဲ့ အခြားသော ပွဲလမ်းသဘင်တွေလည်း ကျင်းပပေးရဲ့။

မွန်တီကာလိုမာစတာ (the Monte Carlo Masters) တင်းနစ်ပြိုင်ပွဲကို အဲဒီမှာကျင်းပတယ်လို့ ကြော်ငြာပေမယ့် လည်းပဲ တကယ်က Roque‥e-Cap-Martin အနီးက ပြင်သစ်ကွန်မြူး (French commune) မှာပါ။

မွန်တီကာလိုကို တော်ဝင်သူတွေ၊ အလားတူပဲ သာမန်ပြည်သူလူထုနဲ့ ရုပ်ရှင်ကြယ်ပွင့်တွေ ဆယ်စုနှစ်များစွာ လာရောက် လည်ပတ်ခဲ့ကြတယ်။



ဂရေ့စ်ရဲ့ ရုပ်ရှင်မင်းသမီးဘဝနှင့် တော်ဝင်မင်းသမီးဘဝ ပုံရိပ်များ



www.burmeseclassic.com

www.burmeseclassic.com

### မွန်တီကာလိုအော်ပရာရုံ (Salle Garnier)

မွန်တီကာလိုအော်ပရာရုံ (the Opéra de Monte-Carlo)လည်း ခေါ်တဲ့ ဒီရုံကို ဗိသုကာ(Charles Garnier) ရဲ့ဒီဇိုင်းနဲ့ တည်ဆောက်ခဲ့တာပါ။ သူဟာ အလားတူပဲ အခု ခါမှာ (the Palais Garnier)လို့ သိနေကြတဲ့ ပဲရစ်အော်ပရာ ဇာတ်ရုံကိုလည်း ဒီဇိုင်းထုတ်ခဲ့ပါတယ်။ အတော်လေး သေး ငယ်လှတဲ့ (the Salle Garnier)နဲ့ ဟန်ချင်းအလွန်ဆင်တူလှရဲ့။ ပရိသတ်ထိုင်တဲ့ (the auditorium)ပတ်လည်မှာ အနီနဲ့ ရွှေ ရောင်တွေ၊ နံရံဆေးရေးပန်းချီ(frescoes)နဲ့ ပန်းပုတွေနဲ့ တန်ဆာဆင်ထားလို့ပါ။


ဒါကို ၁၈၇၉ ခု ဇန်နဝါရီလ ၂၅ ရက်မှာ (Sarah Bernhardt)က မြစ်စောင့်နတ်သမီးလို ဝတ်ဆင်သရုပ်ပြပြီး အခမ်းအနား ဖွင့်လှစ်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၈ ရက်မှာ တော့ (Robert Planquette)ရဲ့ (Le Chevalier Gaston) အော်ပရာကို ပထမဆုံး ကပြတင်ဆက်ခဲ့ပြီး ပထမပွဲစဉ်မှာပဲ ဆက်တိုက် ၃ ပွဲလောက် ကခဲ့ရတာပါ။

ပထမဆုံး ဒါရိုက်တာရဲ့ လွှမ်းမိုးမှုနဲ့အတူ (Jules Cohen)နဲ့ ၁၈၈၃ ခုထဲက ဒါရိုက်တာသစ် (Raoul Gunsbourg)တို့ ကံအားလျော်စွာ ပူးပေါင်းခဲ့တယ်။ တတိယ မြောက် ချားလ်ကို ဆက်ခံတဲ့ ပထမမြောက် အဲလ်ဘတ်ရဲ့ ကြင်ရာတော် အမေရိကန်သူ မင်းသမီးအဲလစ် (Princess Alice) ဟာလည်း အော်ပရာချစ်သူပါ။

ခုတော့ ဒီအော်ပရာရုံရဲ့ ရွှေခေတ်ကတော့ ပြီးဆုံး သွားခဲ့ပါပြီ၊ သေးငယ်တဲ့ ကုမ္ပဏီလေးတွေသာ ရှိတော့ပေမယ့် ဘာပဲဖြစ်ဖြစ် ယနေ့တိုင် အော်ပရာ ၅ ခု၊ ၆ ခု ပါဝင်တဲ့ ပွဲတော်ရာသီ တစ်ခုကိုတော့ တင်ဆက်နေဆဲပါ။

### (Hôtel de Paris) ဟိုတယ်

မော်နာကိုရဲ့ တတိယမြောက် ချားလ်က ၁၈၆၄ ခုမှာ တည်ဆောက်ခဲ့ပြီး the Place du Casino ရဲ့ အနောက်ဘက် မှာ တည်ရှိတဲ့ the Hôtel de Paris ဟာ မွန်တီကာလိုရဲ့ အသည်းနှလုံးပမာပါ။ ဟိုတယ်မှာ အခန်း ၁၀၆ ခန်းပါပြီး



ရုပ်ရှင်နယ်က ဒီမြင်မှုနှင့် တော်ဝင်နန်းသော်က ဂုဏ်ပြုမှု



ဂရေ့စ်ရဲ့ ရုပ်ရှင်မင်းသမီးဘဝနှင့် တော်ဝင်မင်းသမီးဘဝ ပုံရိပ်များ

ရှုခင်းအမျိုးအစား၊ အဆင်အယင်နဲ့ ဇိမ်ရှိမှုပေါ် မူတည်ပြီး အုပ်စု ၄ စု ခွဲထားရဲ့။

### ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားထဲက မွန်တီကာလို

မွန်တီကာလိုဟာ များစွာသော ရုပ်ရှင်နဲ့ ရုပ်မြင် သံကြား အစီအစဉ်တွဲတွေမှာ ပါဝင်ခဲ့ပါတယ်။ မကြာလှသေး ခင်က ၂၀၁၁ ခု ဒီနာမည်နဲ့တောင် ရုပ်ရှင်ကား ထွက်လာဖူးရဲ့။

မွန်တီကာလိုဟာ ၁၉၆၀ ပြည့်များနောက်ပိုင်း ဗြိတိသျှ လန်ဒန်အခြေစိုက် (Randall and Hopkirk-Deceased)စီးရီး ဇာတ်လမ်းတွဲရဲ့ ၁၁ ခုမြောက် ဇာတ်ခန်းစဉ် (The Ghost who Saved the Bank at Monte Carlo) မှာလည်း ဇာတ် အိမ်တည်ရာပေါ့။

မွန်တီကာလိုကိုလာပြီး ကာစီနိုကစားမယ့် ပင်ကို စွမ်းရည် မြင့်မားတဲ့အရွယ်ရ မမကြီးတစ်ဦးနဲ့ ပူးပေါင်းဖို့ လမ်းက ဆီးစောင့်နေတဲ့အုပ်စုမှာ Mike Pratt, Kenneth Cope နဲ့ Annette Andre တို့ ပါဝင်ခဲ့ကြတာပါ။

### မော်နာကိုရဲ့ အတိတ်သမိုင်း

ရှေးခေတ်ကတော့ ဒီအငူဟာ ပိုနီးရှန်း (the Phoenicians)၊ ဂရိ၊ ရောမနဲ့ကာသေ့ (Carthaginians)တွေအတွက် အထင်ကရပေါ့။ သမိုင်းကြောင်းအရ ပိုနီးရှန်းတွေ၊ နောက် တော့ ဂရိတွေ လွှမ်းမိုးခဲ့တယ်။

ဂရိတွေလက်ရောက်တော့ ဘုရားကျောင်းတစ်ခုကို ဒီမော်နာကန်ကုန်းမြင့် (the Monacan headland) အငူပေါ်မှာ

www.burmeseclassic.com



မော်နာကို မြို့တော်ရဲ့အလှ

ဒဏ္ဍာရီထဲက သူရဲကောင်း ဟာကျူလီ (Hercules)ကို ဂုဏ်ပြုပြီး တည်ထားခဲ့တယ်။ ဒဏ္ဍာရီထဲမှာ သူရဲကောင်း ဟာကျူလီကို ဂရိလို (Monoikos)လို့ ခေါ်တော့ မင်းသားအုပ်ချုပ်ခံနိုင်ငံဖြစ်လာတဲ့အခါ သူ့အမည်ကို နိုင်ငံအမည်အဖြစ် အလေးထားပြီး ယူသုံးလိုက်တာပါ။


၁၁၉၁ ခုမှာ ဂျီနိုဝါသား (the Genoese) တွေက ဒီအပေါ်ကို သိမ်းပိုက်နေရာယူလိုက်ကြတယ်။ ၁၂၉၇ ခုနှစ်မှာတော့ ဂျီနိုအာ (Genoa)က ရောက်ရှိလာတဲ့ ဂရီမယ်ဒီ (the Grimaldi)မိသားစုဟာ မော်နာကိုမှာ အခြေချနေထိုင်ကြပြီး ဒီမိသားစု မင်းသားတွေရဲ့ ကာလရှည်လျားစွာ ၇ ရာစုမျှ ကြာတဲ့ အုပ်စိုးမှုကို စတင်ခဲ့ပြန်တယ်။

ဂရီမယ်ဒစ် (the Grimaldis)တွေ ကိုယ်တိုင်ဟာ စပိန်ရဲ့ ကာကွယ်စောင့်ရှောက်မှုကို ခံယူတဲ့ ၁၅၂၄ကနေ-၁၆၄၂ ခုနှစ် ကာလအတွင်းကလွဲလို့ ပြင်သစ်နဲ့ မဟာမိတ်ဖြုခဲ့တယ်။ နောက်တော့ ဒီမင်းသားအုပ်ချုပ်တဲ့ နိုင်ငံဟာ ပြင်သစ်ရဲ့ ကာကွယ်စောင့်ရှောက်မှုကိုပါ ခံယူခဲ့တယ်။

၁၇၉၃ ခု၊ ပြင်သစ်တော်လှန်ရေး (the French Revolution) ကာလအတွင်းမှာ ပြင်သစ်ဟာ မော်နာကိုကို သိမ်းပိုက်ပြီး ဂရီမယ်ဒီ ထီးနန်း(the Grimaldi monarchy)ကို ဖြုတ်ချခဲ့လို့ နယ်မြေဆုံးရှုံးခံလိုက်ရပြီး ပြင်သစ်လက်နက် နိုင်ငံပြုခံခဲ့ရကာ ပြင်သစ်နဲ့ တွဲဖက်အုပ်ချုပ်ခဲ့ရတယ်။



ဂရေ့ဇ် ကားမှောက်ခဲ့တဲ့ ချောက်ကမ်းပါးကွေ့နဲ့ ဘုရားကျောင်းထဲကအုတ်ဂူ



မော်နာကိုမြို့တော်ရဲ့ အလှ

မည်သို့ဖြစ်စေ ပထမခြောက်နပိုလီယံ(Napoleon I) ကျဆုံးတဲ့ခါ ဂရီမယ်ဒစ်လက် ပြန်ရောက်သွားတယ်။ ၁၈၁၄ ခုမှာ ဗီယင်နာကွန်ဂရက် (the Congress of Vienna) က ဂရီမယ်ဒစ်တွေကို အာဏာပြန်လွှဲပေးခဲ့တယ်။ ၁၈၁၅ ခုမှာတော့ မော်နာကိုဟာ ဆာဒီးနီးယားမင်းနိုင်ငံ (the Kingdom of Sardinia) ရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်ကို ရောက်ခဲ့တယ်။ ၁၈၁၆ ခုမှာ ပြင်သစ်-မော်နာကိုစာချုပ် (the Franco-Monegasque treaty) ကို လက်မှတ်ထိုးခဲ့ကြပြီး မော်နာကိုရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ထိန်းသိမ်းခဲ့တယ်။

၁၈၁၉ ခုနှစ်ကတည်း... တရားစီရင်ရေးစနစ်ဟာ ပြင်သစ်ကို အခြေပြုထားတယ်။ ၁၈၄၈ ခုမှာ မင်းသားအုပ်ချုပ်ခံနိုင်ငံဟာ အနီးအပါးက (Menton)နဲ့(Roquebrune) မြို့တွေကို လက်လွှတ်လိုက်ရပြန်တယ်။ နောက်ဆုံးတော့ ပြင်သစ်-မော်နာကို စာချုပ်သက်တမ်းအောက်ကနေ ၁၈၆၁ ခုမှာ ပြင်သစ်က ...အပ်လိုက်ရလို့ ပြင်သစ် စောင့်ရှောက်မှုအောက်မှာ ရော ...နေရပေမယ့် မော်နာကိုရဲ့ လွတ်လပ်မှုကို ပြန်လည်ရရှိ ထိန်းထားနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရသော်လည်း မော်နာကိုဟာ ပြင်သစ်နဲ့ စီးပွားရေးကိစ္စနဲ့ နိုင်ငံရေးပြဿနာတွေမှာ ထဲထဲဝင်ဝင်ကို ပတ်သက်နေရဲ့။ ၁၈၆၅ ခုမှာ မော်နာကိုနဲ့ ပြင်သစ် နှစ်နိုင်ငံအကြားမှာ ပူးပေါင်းအကောက်ခွန် ဓလေ့တစ်ခုကို ထူထောင်ခဲ့တယ်။



မော်နာကိုမှ အပြန်လမ်း

www.burmeseclassic.com

၁၈၆၀ ခုနှစ်ကစလို့ ထင်ရှားလှတဲ့ (baroque) ဟန်ကာစီနိုကို မွန်တီကာလိုမှာ ထူထောင်လိုက်တဲ့အခါ မော်နာကိုဟာ လူကြိုက်များတဲ့ အပန်းဖြေနယ်မြေအဖြစ် တိုးတက်လာခဲ့တယ်။ ၁၈၈၉ ခုကနေ ၁၉၂၂ ခုတိုင် အုပ်ချုပ်ခဲ့တဲ့ မင်းသား ပထမမြောက်အယ်လဘတ် (Prince Albert I)ဟာ ၁၉၁၀ ခုမှာ (the Oceanographic Museum) ပြတိုက်ကို ထူထောင်ခဲ့ပါတယ်။ မော်နာကိုမင်းသားတွေဟာ မော်နာကိုမှာ ပထမဆုံး ဖွဲ့စည်းပုံကို လက်ခံသဘောတူခဲ့တဲ့ ၁၉၁၁ ခုတိုင်အောင် မင်းနိုင်ငံတစ်ခုအဖြစ် အပြည့်အဝ အုပ်ချုပ်ခဲ့တာပါ။ မင်းသားနဲ့အတူ အခွင့်အာဏာကို ခွဲဝေသုံးစွဲတဲ့ လွှတ်တော်တစ်ရပ်ကို ဖွဲ့စည်းပုံအရ ရွေးချယ်ထူထောင်ခဲ့ပါတယ်။

၁၉၁၈ခုမှာ မော်နာကိုဟာ ပြင်သစ်ရဲ့ မော်နာကိုအပေါ် ကာကွယ်စောင့်ရှောက် တာဝန်ယူမှုကို သတ်မှတ်ပေးတဲ့ စာချုပ်တစ်ခုကို ပြင်သစ်နဲ့ ရေးထိုးရတယ်။ စာချုပ်ရဲ့ သဘောတူညီချက်မှာ "အကယ်လို့ အုပ်ချုပ်နေတဲ့ ဂရီမယ်ဒီနန်းဆက် (Grimaldi dynasty) မင်းသားဟာ အမွေခံမည့်သူ မချန်ရစ်ဘဲ သေဆုံးခဲ့ရင် မော်နာကိုဟာ ပြင်သစ်ထဲကိုပေါင်းစည်းသွားရမယ်။ ပြင်သစ် ကာကွယ်စောင့်ရှောက်မှုအောက်မှာ မော်နာကိုဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်ငံ ဖြစ်သွားမယ်" ဆိုတဲ့ အချက်နဲ့ စာပိုဒ်တစ်ပိုဒ် ပြဋ္ဌာန်းပါရှိလို့။ အဲဒါက ဂရီမယ်ဒီနန်း ဆက်လက်တည်မြဲနေဖို့ ပံ့ပိုးနေလိမ့်မယ်။ ယနေ့တိုင်လည်း မော်နာကိုဟာ မင်းသားအုပ်ချုပ်ခံနိုင်ငံ တစ်ခုအဖြစ် ကျန်ရှိနေဆဲပါ။

၁၉၄၉ ခုမှာ မင်းသား တတိယမြောက်ရိန်းနီးယား (Prince Rainier III)ဟာ ထီးနန်းကို ဆက်ခံခဲ့တယ်။ သူ့ရဲ့ ၁၉၅၆ ခုမှာ အမေရိကန်ရုပ်ရှင်မင်းသမီး ဂရေ့စ်ကယ်လီ (Grace Kelly)နဲ့ လက်ထပ်မှုဟာ မော်နာကိုအပေါ် နိုင်ငံတကာ အာရုံစိုက်မှုကို ရရှိစေခဲ့ပါတယ်။ လက်ထပ်ပွဲဟာ မော်နာကိုရဲ့ လွမ်းမက်ဖွယ်ပုံရိပ်ကို မြှင့်တင်ခဲ့သလို သေးငယ်တဲ့ မင်းသားအုပ်ချုပ်ရာ နိုင်ငံငယ်လေးကို ချမ်းသာကြွယ်ဝတဲ့ ခရီးသွားတွေအတွက် ထိပ်တန်းနေရာတစ်ခုအဖြစ် ပြောင်းလဲဖို့ ကူညီခဲ့တယ်။

၁၉၆၂ ခုနှစ်မှာ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံတစ်ခုအရ မင်းသားဟာ အာဏာကို ရွေးကောက်ခံဥပဒေပြု အာဏာပိုင်အဖွဲ့နဲ့အတူ ခွဲဝေသုံးစွဲခဲ့တယ်။ ၁၉၆၂ ခုမှာ မော်နာကိုဟာ ပိုမိုလွတ်လပ်တဲ့ ဖွဲ့စည်းပုံအသစ်တစ်ခုကို ထုတ်ဖော်ကြေညာလိုက်တယ်။ အဲဒါက သေဒဏ် (capital punishment)ကို ဖျက်သိမ်းလိုက်ပြီး အမျိုးသမီးနိုင်ငံသားတွေကိုလည်း မဲပေးပိုင်ခွင့်(suffrage)ရှိစေကာ ဇာတိဖွားမော်နာကိုသားတွေက ရွေးချယ်ပေးပြီး ပိုမိုအင်အားရှိတဲ့ လွှတ်တော်အသစ်တစ်ခုကိုလည်း ဖန်တီးပေးခဲ့တယ်။

၁၉၆၂ ခုနှစ်ကတည်းက မော်နာကိုမှာ မည်သည့် ဝင်ငွေခွန်ကိုမှ နေထိုင်သူတွေနဲ့ သူ့နိုင်ငံမှာ ဌာနချုပ် လာဖွင့်ထားတဲ့ နိုင်ငံတကာကော်ပိုရေးရှင်းတွေအပေါ်မှာ စည်းကြပ်ကောက်ခံမှု မရှိပါဘူး။

မော်နာကိုနိုင်ငံသားတွေဟာ ဝင်ငွေခွန် မပေးဆောင်ရသလို ပြင်သစ်နဲ့ အခြားနိုင်ငံတွေက ချမ်းသာတဲ့ အခွန်ရှောင်လိုသူတွေကလည်း သူတို့ငွေဟာ ဒီနေရာမှာ ပိုပြီး စိတ်ချရတယ်လို့ သိပြီး မော်နာကိုမှာ နေထိုင်လာကြတယ်။ အလားတူပဲ အကောက်ခွန်၊ အမြတ်ခွန်တွေအပေါ် ပြင်သစ်နဲ့ ကွဲလွဲမှု အကြီးအကျယ်ဖြစ်ပြီး မော်နာကိုရဲ့ အခြေအနေကို ကန့်သတ်ဖို့ သဘောတူညီမှု အသစ်တစ်ခု လက်မှတ်ထိုးရတဲ့အထိ ဖြစ်စေခဲ့တယ်။

ဒီလိုနဲ့ နိုင်ငံခြားသားသူဌေးတွေနဲ့ နိုင်ငံတကာ ကော်ပိုရေးရှင်းတွေအတွက် ဝင်ငွေခွန်သက်သာမလို့ အခွန်ထမ်းလုပ်ငန်းရှင်များ လာရောက်ခိုလှုံနေထိုင်ရာ အခွန်လွတ် နိဗ္ဗာန်ဘုံ (tax haven)တစ်ခု ဖြစ်လာခဲ့ပေ။

၁၉၈၂ ခုမှာတော့ မင်းသမီးဂရေ့စ်ဟာ မွန်တီကာလိုအနီးမှာ မော်တော်ယာဉ် မတော်တဆဖြစ်မှုဖြစ်ပြီး သေဆုံးသွားခဲ့ပါတယ်။

၁၉၉၃ ခုမှာ မော်နာကိုဟာ ကုလသမဂ္ဂနဲ့ ဆက်သွယ်ခဲ့တယ်။ ၁၉၉၇ ခုမှာ ဂရိမယ်ဒီမိသားစု အုပ်ချုပ်ရေးနှစ် ၇၀၀ ပြည့် အထိမ်းအမှတ်ပွဲကို ကျင်းပခဲ့တယ်။ ၁၉၉၉ ခုမှာ မင်းသား တတိယမြောက် ရိန်းနီးယား နန်းတက်တာ မှတ်မှတ်ရရ နှစ် ၅၀ ပြည့်ခဲ့တယ်။

၂၀၀၂ ခုမှာ မင်းသားရိန်းနီးယားရဲ့ မကျန်းမာတဲ့ကျန်းမာရေးကြောင့် လူပျိုအဖြစ်ရှိနေတဲ့ သူ့သား မင်းသား အယ်လဘတ် (Prince Albert)အတွက် မော်နာကိုဟာ သူ့ရဲ့ ဆက်ခံမှုဥပဒေကို ပြင်ဆင်ရပါတယ်။ ဥပဒေပြင်ရတဲ့ ရည်ရွယ်ချက်ကတော့ ဂရယ်မယ်ဒီမိသားစုကို ပလ္လင်ထက်မှာ မြဲနေစေဖို့ပါ။

ဥရောပသမဂ္ဂအဖွဲ့ဝင် မဟုတ်ပေမယ့် ၂၀၀၂ ခုမှာပဲ မော်နာကိုဟာ ဥရောပရဲ့ တစ်ခုတည်းသောငွေကြေး ယူရို (the euro)အတွက် ပြင်သစ်ငွေ ဖရန့်(franc)ကို တစ်စစ ရုပ်သိမ်းလိုက်တယ်။

၂၀၀၅ ခု၊ မတ်လ မင်းသားရိန်းနီးယား အလွန် နေမကောင်းဖြစ်လာတဲ့ခါ သူ့ မသေဆုံးခင်လေးမှာ အယ်လဘတ်မင်းသား(Prince Albert)ဟာ တော်ဝင်ဝတ္တရားများကို ထမ်းဆောင်ဖို့ ဒုတိယမြောက် အဲလဘတ် (Albert II) အဖြစ် မော်နာကိုရဲ့ အုပ်ချုပ်သူမင်းသား ဖြစ်လာပါတယ်။ အဲဒီနောက် တစ်ဆက်တည်းမှာပဲ ဧပြီလ ၆ ရက်မှာ မင်းသားရိန်းနီးယား သေဆုံးသွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

**အိပ်မက်ဆန်တဲ့ မော်နာကိုနဲ့ နဖူးတွေ ဒူးတွေ**

မော်နာကိုနန်းတော်အောက်ခြေ အရှေ့ဘက်နားမှာ ကိုယ်တို့ရဲ့ ခရီးသွားကားကြီးကို ရပ်ထားခဲ့ကာ ကုန်းမြင့်ပေါ် လျှောက်လှမ်းတက်ခဲ့ပြီး အနီးအနားတစ်ဝိုက် လှည့်လည်ကြည့်ရှုလေ့လာကြတယ်။

လမ်းကြိုလမ်းကြားလေးတွေကို ဝင်ရတာ ဥရောပ ရှေးမြို့များက ပေးစွမ်းတဲ့ ထူးခြားသော အရသာပါပဲ။ ရေမြောင်းမရှိ ပလက်ဖောင်းမလို၊ အိမ်ရှေ့ အိမ်ကြားမထား၊ ပြီးတော့ ဖြောင့်တန်းခြင်းလည်းမရှိတဲ့ လမ်းမြောင်လေးတွေ အတိုင်း လွတ်လပ်စွာလျှောက်ကြတယ်။ ဆိုင်ခန်းလေးများက လည်း ဘေးဘီဝဲယာမှာ ဖွင့်လှစ်ထားတော့ ငေးရ လျှောက် ရတာ အရသာရှိလှရဲ့။

ကော်ဖီဆိုင်လေးတွေကို ဖြတ်ထွက်လိုက်တော့ ဘုရင့် နန်းတော်ရှေ့ ရင်ပြင်ကိုရောက်သွားပေ့ါ။ ခရီးသွားတွေက လည်း အပြည့်ပါပဲ။ နန်းဆောင်လှေကားကြီးကို မြင်တော့ ဂရေ့စ်ကယ်လီကို လက်ထပ်ဂါဝန်ဖားဖားကြီးနဲ့ လှမ်းတက် သွားပြီး နောက်ပြန်လှည့်ကြည့်ကာ ပြုံးပြသွားပုံကို ဖျတ်ခနဲ ပြန်မြင်ယောင်မိတယ်။ နန်းတော်ရှေ့ မြက်ခင်းစပ်ရောက် တော့လည်း ငန်းဖြူဖြူလေးနဲ့ အလှချင်းပြိုင်ခဲ့တဲ့ ဝတ်စုံဖြူ လေးနဲ့ ဂရေ့စ်ကို သတိရလိုက်ပြန်ရဲ့။

နန်းတော်ရင်ပြင်ရဲ့ အဆုံးမှာတော့ ချောက်ကမ်းပါး ကြီး။ ကမ်းပါးယံဘေးမှာ အရံအတား အုတ်တံတိုင်း လုပ်ထား ပြီး အဲဒီကနေ မြို့ကို စီးမြင်ရတယ်။ လက်ရန်းတံတိုင်းတွေ ဘေးမှာ လူတွေရပ်ပြီး ချောက်ထဲကို ငုံ့ကြည့်နေကြရဲ့။ ကိုယ် တို့ တက်လာခဲ့တဲ့ မော်နာကိုမြို့ကို ဒီကမ်းပါးယံထက်ကနေ ခြုံငုံပြီး လှမ်းမြင်နေရပေ့ါ။

ရင်ပြင်အဆုံးနဲ့ ကမ်းပါးနံရံအစပ်မှာ ရုပ်တုကြီးတွေ ရှိနေကြတယ်။ ကမ်းပါးစောက်ပေါ်က ပန်းဥယျာဉ်တစ်နေရာ မှာ ရိန်းနီးယားမင်းသားနဲ့ ကြင်ရာတော် ဂရေ့စ်ကယ်လီတို့ စုံတွဲရဲ့ အဖြူ အမည်းဓာတ်ပုံ ထောင်ထားတယ်။ အဖြူ အမည်းဓာတ်ပုံကို သုံးထားတာက ကံကြမ္မာဆိုးခဲ့တဲ့ ဂရေ့စ်ကို ပိုမိုလွမ်းဆွတ်စရာဖြစ်နေပေ့ါ။ သူတို့ဓာတ်ပုံနားမှာ ကိုယ် လည်း သူတို့နဲ့အတူ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့တယ်။

ခရီးဖော်တွေကို ဂရေ့စ်အကြောင်း လွမ်းမောဖွယ် ဒဏ္ဍာရီကို ပြန်ပြောပြမိသေးတယ်။

**နတ်သမီးပုံပြင်ထဲက ဂရေ့စ်ကယ်လီ**

အမေရိကန် ရုပ်ရှင်မင်းသမီး ဂရေ့စ်ကယ်လီ (Grace Kelly)ဟာ သူမရဲ့ အလှနဲ့ ကက္ကန္ဒြေသိက္ခာကြောင့် ထင်ရှား ကျော်ကြားခဲ့သူပါ။ ဂရေ့စ်ဟာ ၁၉၅၆ ခုမှာ မော်နာကို မင်းသား (prince of Monaco)၊ တတိယမြောက် ရိန်းနီးယား နဲ့လက်ထပ်ပြီး ဟောလိဝုဒ်သရုပ်ဆောင်ဘဝကို မစွန့်ခွာခင်၊ ရုပ်မြင်သံကြားနဲ့ ရုပ်ရှင်ကား (၁၁)ကားမှာ ပါဝင်သရုပ်ဆောင် ခဲ့ပြီး၊ ရုပ်ရှင်တစ်ကားမှာတော့ အကယ်ဒမီရရှိခဲ့ပါတယ်။

ဂရေ့စ်ကယ်လီကို ၁၉၂၉ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့က အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယား (Pennsylvania)ပြည်နယ်၊ ဖီလာဒဲလဖီးယား (Philadelphia) မြို့မှာ မွေးဖွားခဲ့ပြီး ချမ်းသာကြွယ်ဝတဲ့ အိုင်းရစ် ကက်သ လစ်မိသားစုမှာ ကြီးပြင်းခဲ့ရတာပါ။

နာမည်ရင်းက ဂရေ့စ်ပက်ထရစ်ရှာကယ်လီ (Grace Patricia Kelly)ဖြစ်ပြီး ငယ်စဉ်က ကွန်ဗင့်ကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်းတွေမှာ ပညာသင်ကြားခဲ့ရတယ်။ ဖခင်က စက်မှုလုပ်ငန်းရှင်ဖြစ်ကာ မိခင်ကတော့ တစ်ခါက မျက်နှာဖုံး မယ်ဖြစ်ခဲ့ပါတယ်။

ဦးလေးတော် ဂျော့ချ်ကယ်လီ (George Kelly) ကလည်း 'နှင်းစဲချိန်' (The Show-Off)၊ 'ခရေ့ဂ်ျရဲ့ မိန်းမ' (Craig's Wife)စတဲ့ ပြဇာတ်တွေကိုရေးခဲ့တဲ့ ပူလစ်ဇာဆုရ ပြဇာတ်ရေးဆရာပါ။

ဂရေ့စ်ဟာ ဆယ်နှစ်သမီးအရွယ်မှာတော့ ဖီလာဒဲ လဖီးယားနယ်မြေမှာ ပွဲဦးထွက် စတင်အသုံးတော်ခံခဲ့တယ်။ နာမည်ကျော် ဒါရိုက်တာကြီး အဲဖရက်ဟစ်ချ်ကော့(Alfred Hitchcock)ရဲ့ ၁၉၅၄ ခုနှစ် အတွက် ရုပ်ရှင်ကားတွေဖြစ်တဲ့ (Dial M for Murder)နဲ့ ထင်ရှားတောက်ပခဲ့တဲ့ (Rear Window)တို့ကို ဆက်တိုက်လို ရိုက်ဖြစ်ခဲ့တယ်။

အဲဒီကားမှာ သူမဟာ အပြည့်ဝဆုံး လုပ်ဆောင်နိုင်တဲ့ သူဖြစ်ပြီး ဆရာဖြစ်တဲ့ ဒါရိုက်တာကလည်း ကောင်းစွာဆွဲခေါ် သွားနိုင်ခဲ့တယ်လို့ ပြောကြတယ်။ အခုအခါမှာတော့ သူမ ဟာ အဓိကသရုပ်ဆောင် ဖြစ်နေပါပြီ။ နောက်ပြီး မင်းသမီး ဂျနီဖာဂျုံး ကိုယ်ဝန်ရှိသွားလို့ (The Country Girl)မှာ သူမ အစား သရုပ်ဆောင်ပေးရန် ခွင့်ပြုဖို့ (MGM)ကို ပါရာမောင့် ကုမ္ပဏီက တောင်းပန်ခဲ့ပါတယ်။

အစပိုင်းမှာ ရုပ်ရှင်စတူဒီယိုက ငြင်းဆိုခဲ့ပေမယ့် ဂရေ့စ်က အဲဒီနေရာမှာပါရဖို့ အောင်မြင်စွာ တိုက်ပွဲဝင်ခဲ့နိုင် ပါတယ်။ အဖြေကတော့ အကောင်းဆုံးမင်းသမီး အော်စကာ ဆု ချိတ်နိုင်ခဲ့တာပါပဲ။

တကယ်တော့ ဂရေ့စ်ဟာ လှသလောက် သရုပ် ဆောင်လည်း ကောင်းခဲ့တဲ့ အနုပညာရှင်ပါ။ ဒါပေမယ့်လည်း (the Swan) ရိုက်ကူးစဉ်မှာတော့ ဂရေ့စ်ဟာ ဆိုင်းငံ့ထားတဲ့ ရိန်းနီးယားနဲ့ လက်ထပ်ဖို့ကို ကြေညာခဲ့ပါတယ်။

တစ်ပြိုင်တည်းမှာပဲ မော်နာကိုရဲ့ မင်းသမီးအဖြစ် တာဝန်အသစ် ထမ်းဆောင်ဖို့ကို ခွန်ပြည့်အားပြည့် လုံးလုံး လျားလျား လုပ်ရတော့မှာမို့ ရုပ်ရှင်ရိုက်ကူးခြင်းမှ အနားယူ တော့မှာ ဖြစ်ကြောင်းလည်း ကြေညာခဲ့တယ်။ တစ်ကမ္ဘာ လုံးက ရုပ်ရှင်ချစ်သူတွေအတွက်တော့ ဝမ်းနည်းစရာပေ့ါ။

လပြည့်ဝန်းမဂ္ဂဇင်း (မတ်လ၊ ၂၀၁၅)



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၆ခုမှာ (the Swan)နဲ့ (High Society) ဇာတ်ကားတို့ လက်စသတ်ပြီးတဲ့နောက်မှာတော့ သူမဟာ ရုပ်ရှင်သရုပ်ဆောင် မင်းသမီးဘဝကနေ အနားယူခဲ့ကာ မင်းသား ရိန်းနီးယားနဲ့ လက်ထပ်ပြီး မော်နာကိုရဲ့ တော်ဝင်မင်းသမီးအဖြစ် ဘဝဇာတ်ခုံမှာ စတင်ကပြပါတော့တယ်။

ခမ်းနားထည်ဝါလွန်းတဲ့ မင်္ဂလာပွဲကို မကြာခင်ကာလ ၁၉၆၂ ခုနှစ်မှာ ပြုလုပ်တော့မှာဖြစ်ပေမယ့်လည်း ဂရေ့စ်ဟာ ဟောလီဝုဒ်ကို တစ်ဖန် ပြန်လာခဲ့ပြီး ဟစ်ချ်ကော့ခ်ရဲ့ (Marnie) ကို ရိုက်ပေးခဲ့ပါသေးတယ်။

**ဂရေ့စ်ကယ်လီ ရိုက်ခဲ့တဲ့ ရုပ်ရှင်ကားတွေ (Filmography) ကတော့**

ဂရေ့ကယ်လီဟာ မော်နာကိုမင်းသား (prince de Monaco) ရိန်းနီးယား(Rainier III)နဲ့ လက်ထပ်ပြီး ဟောလီဝုဒ်မင်းသမီးဘဝကို မစွန့်လွှတ်မီ ၁၉၅၆ ခုအထိ ရုပ်ရှင်ကား ၁၁ ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

အဲဒီကားတွေကတော့ (Fourteen Hours)(၁၉၅၁)၊ (High Noon)(၁၉၅၂)၊ (Mogambo)(၁၉၅၃)၊ (Rear Window)(၁၉၅၄)၊ (Green Fire)(၁၉၅၄)၊ (Dial M for Murder)(၁၉၅၄)၊ (The Country Girl)(၁၉၅၄)၊ (The Bridges at Toko-Ri)(၁၉၅၅)၊ (To Catch a Thief)(၁၉၅၅)၊ (High Society)(၁၉၅၆)နဲ့ ငန်းမလေး(The Swan) (၁၉၅၆) တို့ ဖြစ်ကြပါတယ်။

သူမရဲ့ ဟောလီဝုဒ်မင်းသမီးဘဝ အမြင့်ဆုံးကာလတွေအတွင်း ၁၉၅၃ ခုမှာ ရိုက်ကူးခဲ့တဲ့ (Mogambo)မှာ မင်းသားကြီး ကလပ်ဂေဘယ်(Clark Gable)နဲ့အပြိုင် သရုပ်ဆောင်ခဲ့တယ်။ အဲဒီနောက်ရိုက်တဲ့ (The Country Girl) (၁၉၅၄) မှာတော့ မင်းသား ဘင်ခရော့စ်ဘီ(Bing Crosby)ရဲ့ ခေတ်နောက်ကျတဲ့ ပုံတုံးတုံးဇနီးသည်(dowdy wife) အဖြစ် သရုပ်ဆောင်ပြီး အကောင်းဆုံးမင်းသမီး အကယ်ဒမီဆု ချိတ်ခဲ့ပါတယ်။ အဲဒီဇာတ်ကားဟာ ကလစ်ဖို့ဒ်(Clifford Odets)ရဲ့ ပြဇာတ်ကို ရုပ်ရှင်အသွင်ပြောင်းထားတာပါ။

ဂရေ့စ်ရဲ့ ကျော်ကြားတဲ့ နှစ်များကတော့ ၁၉၂၀၊ ၃၀ နဲ့ ၄၀ ခုနှစ်တွေမှာပါ။ စာပေမှာရော ဥပစာတင်စားချက်တွေမှာပါ ဂရေ့စ်ဟာ ရုပ်ရှင်လောကထဲက နတ်သမီးပုံပြင်တွေရဲ့ မင်းသမီးလေး ဖြစ်သွားပါတယ်။ လှတယ်၊ ဖွဲ့မက်ဖွယ်ကောင်းတယ်၊ မယုံနိုင်လောက်အောင် ကျက်သရေရှိပြီး ခမ်းနားတယ်။ ဟောလီဝုဒ်အထက်တန်းလွှာရဲ့ အကန့်အသတ် နယ်နိမိတ်ကို တောင်ကျော်လွန်ပြီး တကယ့်ထီးနန်းအာဏာနဲ့ ကြီးကျယ်မြင့်မြတ်မှုတွေကို ရရှိခဲ့တယ်။

ဂရေ့စ်နဲ့ မော်နာကို မင်းသားကြီးတို့ စုံတွဲဟာ ကယ်ရိုလင်း (Caroline)၊ အယ်လဘတ် (Albert)နဲ့ စတက်ဖနီ (Stéphanic) ဆိုတဲ့ သားသမီးသုံးယောက် မွေးဖွားခဲ့ပါတယ်။ မင်းသမီးဂရေ့စ်ဟာ ညာတာသနားစိတ်ရှိကာ ကုသိုလ်ဖြစ်လုပ်ငန်းတွေနဲ့ ယဉ်ကျေးမှုကိစ္စတွေမှာလည်း တက်ကြွလှုပ်ရှားသူပါ။

**မော်နာကိုမှာဆိုးတဲ့ ခေါင်းလောင်းသံ**

အဲဒီနောက် မော်နာကိုနန်းရင်ပြင်ပေါ်မှာ အမှတ်တရ ဓာတ်ပုံတွေရိုက်ကြပြီး အောက်ဘက်အနိမ့်ပိုင်းကို ပြန်ဆင်းခဲ့ကြပါတယ်။ နန်းတော်ဝင်းရှေ့ အဖြတ်မှာတော့ အနီးရှိ ဘုရားကျောင်းက ထိုးလိုက်တဲ့ ခေါင်းလောင်းသံကို ကျယ်လောင်စွာ ကြားလိုက်ရပေါ့။ မိဖုရား မင်းသမီး ဂရေ့စ်ကယ်လီ မြုပ်နှံထားရာ ဘုရားကျောင်းကို အပြင်ကပဲ လှမ်းကြည့်လိုက်တယ်။ အထဲမှာ မင်းသမီး ထဲလျောင်းနေရာအုတ်ဂူရှိသတဲ့။ နန်းတော်အနီးတစ်ဝိုက်၊ လမ်းကျဉ်းလေးများမှာ လျှောက်ရင်း ဝယ်ယာတစ်လျှောက်က ဈေးဆိုင်လေးများမှာ ဈေးဝယ်ကြသေးတယ်။

နေ့လယ်စာကို မြို့ထဲတင်နေရာ ချောက်ကမ်းပါးယံမှာ တည်ဆောက်ထားပြီး ခမ်းနားစွာပြင်ဆင်ထားတဲ့ ဆိုင်ကြီးတစ်ဆိုင်မှာပဲ ဒေသအစားအစာတွေကို စားခဲ့ကြတယ်။ ခရမ်းချဉ်သီး၊ ခေါ်ဖီရွက်ညို၊ ဒိန်ခဲတွေနဲ့သုပ်ထားတဲ့ ဆလတ်၊ ဝက်သားနဲ့ ဆော့စ်များပါဝင်တဲ့ မြေထဲပင်လယ် အစားအစာပါ။ အရာရာကို စူးစမ်းချင်နေတဲ့ကိုယ်ကတော့ စားနေကျ တရုတ်စာနဲ့ ထမင်းတွေထက် ဥရောပအစားအစာကိုသာ ပါးစပ်ကျင့်သားရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ခံတွင်းခတွေလှလည်း မြည်းစမ်းချင်ခဲ့တယ်။

ကိုယ်တစ်ယောက်တည်း မြိန်ရေရှက်ရေ စားနေတာကို ခရီးဖော်တွေက ရယ်ကြတယ်။ ခရီးသွားရင်း ရက်အနည်းငယ်ရလာပြီမို့ အချင်းချင်းလည်း အတော်အတန် ရင်းနှီးလာခဲ့ပြီလေ။ အစာပိတ်အဖြစ် ဒွန်းနဲ့ခပ်စားရတဲ့ ချောကလက်မှာမှာ ကြွေးတယ်။ ဒါကိုတော့ လူတိုင်းကြိုက်ပြီး စားကြတယ်။

နေ့လယ်စာ စားပြီးချိန်မှာတော့ မြို့ရဲ့(Sightseeing)ကို လှည့်လည်ကြည့်တယ်။

မော်နာကိုမှာ ရိုမင်ကက်သလစ် ဘုရားရှိခိုးကျောင်း (the Roman Catholic cathedral)၊ မင်းသားရဲ့ ဂျီနိုအာနဲ့ ဉာဏ်သစ်ငလောင်းခေတ်နန်းတော်(Genoese and Renaissance palace)နဲ့ ၁၉၁၀ ခုနှစ်က တည်ဆောက်ထားတဲ့ (the Oceanographic Museum)ပြတိုက်တို့ ရှိနေပါတယ်။

ကျောက်ခေတ် အခြေချနေထိုင်မှု (Stone Age settlements)သက်သေအထောက်အထားတွေကိုတော့ မော်ရိုကို နိုင်ငံရဲ့ သမိုင်းမတင်မီခေတ် မနုဿဗေဒပြတိုက် (the Museum of Prehistoric Anthropology)မှာ ထိန်းသိမ်းပြသ

www.burmeseclassic.com

လားနဲ့။ ပြသထားတဲ့ ရှေးဟောင်းသုတေသနပစ္စည်းတွေကို မြင်ကိုက်သအားပီပီ ကိုယ်ကကြည့်ချင်ပေမယ့် မဖြစ်နိုင်တော့ပါဘူး။

မြေထဲပင်လယ် ပင်လယ်ပျော်ကျွန်းစုကဲ့ ရှေးဟောင်းပိုနေးနှမ်းတွေဟာ မော်နာကိုရဲ့ ကမ်းခြေတွေကို ရောက်ရှိလာခဲ့မယ်၊ ဧရိယာမှာ ဆက်လက်ပြီး ရှေးဟောင်း ဂရိတွေနေထိုင်သွားခဲ့မယ်၊ အဲဒီနောက် ရောမတွေရဲ့ အုပ်ချုပ်မှုအောက်မှာ ဒီနေရာဟာ တိုးတက်စည်ပင်လာခဲ့မယ်၊ အလယ်ခေတ် ကာလအချိန်များအတွင်းမှာ မော်နာကိုဟာ ပြင်သစ်(the region of Provence)ဒေသနဲ့ သမိုင်းနဲ့ ပေမျှခဲ့မယ်လို့သာ သမိုင်းကြောင်းကို ပြန်ပြောနေလိုက်ပါရဲ့။

၁၉ ရာစု ပြင်သစ်ဗိသုကာပညာရှင်(Charles Garnier) ဒီဇိုင်းထုတ်ထားတဲ့ မွန်တီကာလိုဇာတ်ပွဲရုံ သီရေတာကိုလည်း စိတ်မှန်းနဲ့သာ ကြည့်လိုက်ရတယ်။ ၁၉၂၀ ခုအတွင်း များစွာသော ထင်ရှားကျော်ကြားလှတဲ့ (Ballets Russes of Serge Diaghilev)မှာ ဘဲလေးကချေသည်တွေက သူတို့ရဲ့ အကောင်းဆုံး တင်ဆက်မှုတွေ လုပ်ခဲ့ကြမယ်။ အဲဒီမှာ အလားတူပဲ မွန်တီကာလို အမျိုးသားသံစုံတီးဝိုင်း (Monte-Carlo national orchestra)ကလည်း တီးခတ်ဖြေဖျော်နေမယ်ပေါ့။

### ဂရေ့စ်ကယ်လီရဲ့ နောက်ဆုံးနေ့များ

စားသောက်ဆိုင်က အထွက် လမ်းပေါ်မှာ လမ်းကူးနေတဲ့ အဘွားအိုကို ကူပြီးတွဲပို့နေတဲ့ ယာဉ်ထိန်းရဲလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ ခြော်. . . သူတို့မှာလည်း စာနာတတ်တဲ့နှလုံးသားတွေနဲ့ပါလားလို့ သဘောကျသွားမိရဲ့။ မြေထဲပင်လယ်ကမ်းခြေ ကျောက်တောင်ပေါ်ကမြို့မို့ လမ်းတွေက အကွေ့အကောက်၊ အနိမ့်အမြင့်တွေ များလှရဲ့။

ဒါကြောင့်လည်း မင်းသမီးဂရေ့စ်ကယ်လီ မော်တော်ကား မတော်တဆမှုဖြစ်ကာ အသက်ဆုံးရခြင်း ဖြစ်မယ်။ ဘယ်နေရာမှာ ဂရေ့စ် ကားမှောက်ခဲ့ပါသလဲ။ အမှတ်အသားတစ်စုံတစ်ရာ လုပ်ထားတာမတွေ့။ ကိုယ်တွေပဲ မသိလို့များလား။

တော်ဝင်မင်းသမီးဘဝ ရောက်ရှိလာတဲ့ မော်နာကိုမင်းသမီးဂရေ့စ်ဟာ ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ မော်နာကိုရဲ့ မွန်တီကာလိုအပိုင်းမှာ ကားမောင်းနေစဉ် နှလုံးထိခိုက်ပြီး ကားကို မထိန်းချုပ်နိုင်တော့ဘဲ မတော်တဆ ကားမှောက်မှုဖြစ်ကာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ရုတ်တရက် သေဆုံးသွားခဲ့ရပါတယ်။

ဂရေ့စ်ဟာ သူမရဲ့သမီးတော် စတက်ဖနီ(Stéphanie) နဲ့အတူ ပြင်သစ်(the Côte d'Azur region)ဒေသ၊ (Cap-d'Ail)ရဲ့ လေတဖြူးဖြူး တိုက်နေတဲ့ အကွေ့အကောက်များတဲ့ လမ်းမှာ ကားမောင်းနေရင်း ကားလမ်း အရံအတားတွေကို တိုက်ပြီး ချောက်ထဲကို ၄၅ ပေ ၁၄ မီတာလောက် ဦးစိုက်ကျွမ်းပြန် ထိုးဆင်းသွားခဲ့တာပါ။

### မနုဧဘော ခတော်ဝင် မဟာအလှဘိုင်ရှင် ဂရေ့စ်ခေ

မော်ရိုကိုမှ ပြန်ထွက်လာပြီး ဂျီနိုအာမြို့ဘက်ကို ပြန်မောင်းသွားရပြန်တယ်။ နောက်မှ မီလန် (Milan)မြို့ကို သွားတဲ့ လမ်းခွဲကနေ မီလန်အရောက် လေးနာရီလောက် ကားမောင်းသွားရဦးမတဲ့။ ပင်လယ်ထဲ ထိုးဝင်နေကဲ့ ကျောက်တောင်ကြီးတိုင်းရဲ့ အစွယ်ခေါင်တွေပေါ်မှာလည်း မြို့လေးတွေက အစီအရီရှိနေကြပြင်။ ကားလမ်းကို တောင်ပေါ်မှာ ဖောက်လုပ်ထားတာဖြစ်လို့ ရှုခင်းအလှတွေကို အပေါ်စီးက မြင်နေရသလိုရှိရဲ့။

မြို့လေး အတော်များများမှာ ရှေးခေတ်လက် ကျန်မြို့ဟောင်းတွေလို ဘုရားကျောင်း အချွန်အတက်တွေ သိပ်မတွေ့ရပါ။ နောက်ပိုင်းတည်တဲ့ ဥရောပမြို့တွေမှာ ခရစ်ယာန်ဘုရားကျောင်းများ သိပ်မတည်ဆောက်ကြတော့ ခရစ်ယာန်ဘာသာရေးဘဝကို ဆန်းစစ်လာကြကုန်ပြီး ယုံကြည်ကိုးကွယ်မှုများလည်း လျော့ပါးလာကြတယ်လို့ သိရတယ်။ ခေတ်စံနစ်နဲ့ ရှုန်းကန် လှုပ်ရှားရမှုတွေက ဘာသာမဲ့တွေကိုလည်း ပိုမိုများပြားလာစေခဲ့ပါပြီ။

လမ်းဘေး တစ်လျှောက်မှာတော့ မြေထဲပင်လယ် ပြာပြာကြီးက ပေါ်လိုက်ပျောက်လိုက်နဲ့ နှုတ်ဆက်နေသလို ရှိပါပဲ။ ပင်လယ်ပြာကြီးကို ငုံ့ကြည့်ရင်း လှလိုက်တဲ့ မြေထဲပင်လယ်ပါတတားလို့သာ အကြိမ်ကြိမ် ရေရွတ်မိတော့တယ်။ ကျောက်ဆောင်ကမ်းပါးတွေ၊ ကွေ့တွေ၊ လှိုင်းခေါင်းတွေကလည်း များလှသမို့ အလှအပတွေကလည်း မြင်လိုက်ပျောက်လိုက်ပါပဲ။

ဂရေ့စ်ကယ်လီလို နုန်းဆန်တဲ့အလှရှင်တွေဟာလည်း ဒီသံသရာကွေ့တွေလိုပဲ၊ ပေါ်လာလိုက် ပျောက်သွားလိုက်ပေါ့။ ဘာပဲဖြစ်ဖြစ် ဂရေ့စ်ရဲ့ ငန်းမလေးလို ကြော့ရှင်းတဲ့ လည်ကိုင်နဲ့ တော်ဝင် မဟာအလှဟာ ရုပ်ရှင်ချစ်သူတွေအတွက်တော့ လွှမ်းစရာ ကဗျာတစ်ပုဒ်လိုပါပဲ။

စာကိုး။ Encyclopædia Britannica, 2013.

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး/သု)

❑





www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## အိမ်ရှင်မတို့ အလုပ်မပျက် ဆေးနည်း

စိုးယဉ်ထွန်း



အမျိုးသမီးများသည် အိမ်မှုကိစ္စ ဝတ္တရားများနှင့် သားသမီးတို့ တာဝန်ဝတ္တရား၊ လင်သား၏ ကိစ္စအဝဝတို့ကို ပင်ကိုဗီဇအရ လုပ်ကိုင်ဆောင်ရွက်ရန် လောကလက်မှတ်ပါမစ်ရပြီးသူများဖြစ်၍ မီးဖိုချောင်နှင့် အိမ်တွင်းကို အပိုင်စားရသည်။

တချို့ဆိုပါလျှင် ယောက်ျားသားနှင့်ပင် ပြင်ပဝင်ငွေ ရရာရကြောင်း စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြသလို ဝင်ငွေတစ်ဖက်ရ အလုပ်ဖြစ်သည့် ဈေးရောင်း၊ ဝန်ထမ်းအလုပ်များပါ လုပ်ကိုင်ကြရသည်။ မည်သို့ပင်ဆိုစေ အိမ်ထောင်အလုပ် အိမ်ထောင့်တာဝန် ဝတ္တရားကိုတော့ မလွှဲမသွေ လုပ်ကြရသည်ပင်ဖြစ်သည်။

အိမ်တွင်းသူ အိမ်တွင်းရှင်များ အနေဖြင့် ကိုယ့်ကျန်းမာရေးကို အလေးထားဂရုပြုသင့်ပေသည်။ ဒါမှလည်း အိမ်ထောင့်တာဝန်၊ သားရေးသမီးရေး လင်သားကိစ္စများကို စိတ်အေးချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်မှာဖြစ်သည်။

ဒါကြောင့် ဒီနည်းကလေးများကို လေ့လာ သိရှိထား၍ လိုက်နာလုပ်ဆောင်ပါလျှင် အလုပ်မပျက် ဆေးဖက်၍ ကျန်းမာမည်။

(၁) ငှက်ပျောဖူးကို၊ ကြက်သွန်ကြော် ဆီချက်နှင့် သံပရာရည်ညှစ်၊ ကြက်သွန်နီအစိမ်း၊ ပဲမှုန့်၊ နှမ်းတို့နှင့် သုပ်၍စားခြင်း၊ ဆင်တုံးမနွယ်ကို အမှုန့်ကြိတ်၊ စမုန်နက်၊ သိန္ဓောတို့ကိုအညီအမျှပြု၍ လေလုံစွာထားပြီး ဆီးကင်းခန့် စားပေးခြင်းဖြင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ အစားမှား ညှော်မိသည်မှစ၍ ချောင်းဆိုးရောဂါ ပျောက်ကင်းသည်။

(၂) သဇင်ပန်းဥ၊ ကွမ်းရွက်ခြောက်၊ သကြားတို့ကို ရှစ်ပဲသားစီ အမျှကြိတ်ပြီး နံနက်ည တစ်ကြိမ်စီစားလျှင် ချောင်းဆိုး သွေးပါပျောက်သည်။

(၃) ပဒုမ္မာကြာမြစ် (ကြာစွယ်)၊ ကြာတံဆိပ်မြစ် (ပရဆေးဆိုင်တွင် ရသည်) ပန်းရင်း၊ နွယ်ချို၊ သကြား၊ နှမ်းစေ့တို့ကို အလေးချိန်မျှ၍စုပြီး အမှုန့်ကြိတ်၍ တစ်နေ့လျှင် တစ်မတ်သားခန့် ရေအေးနှင့် သောက်ပေးခြင်းဖြင့် မမျှော်လင့် မထင်မှတ်ဘဲနှင့် ကိုယ်ဝန်သုံးလလေးလရှိပြီး ပျက်စီးသည်ကို အန္တရာယ်ကင်းစွာ ပျောက်ကင်းပါသည်။

(၄) မီးဖိုချောင်တွင် ချက်ပြုတ်ရင်းဖြင့် အဆက်မပြတ်ကြို့ထိုးနေပါလျှင် (မည်သူမဆိုလည်း ပျောက်သည်) ကြက်သွန်နီနှင့် ထန်းလျက်ကို ကြိတ်ခြေထုထောင်း၍ စားပေးပါ လျင်မြန်စွာပျောက်သည်။

(၅) ကျောက်ဖရုံသီးကို အမှုင်ခြစ်၍ သကြားနှင့်ဖြစ်စေ၊ သခွားသီးနှင့် သကြားကိုဖြစ်စေ စားပေးပါက ဆီးကျင်၊ ဆီးပူနာ ပျောက်ကင်းသည်။ ဆန်ဆေးရည်ကို သကြားခတ်၍လည်း သောက်နိုင်သည်။

(၆) ဆီးဖြူသီး (ဇီးဖြူသီး) ကို နာနာပြုတ်ရသောရေနှင့် ပျားရည်ကိုစပ်၍ သောက်ခြင်းဖြင့် ဆီးကျဉ်၊ ဆီးဝါ၊ ဆီးအောင့်၊ ဆီးပုပ်နာ ပျောက်သည်။

(၇) မီးဖိုချောင်တွင် ချွေးနှင့် အညှော်နှင့် အပူအစပ်များဖြင့် နပန်းလုံးရပြီး တချို့သည် လှတစ်မျက်နှာတွင် တင်းတိပ်များ စွဲခံရသည်။ မီးဖိုချောင်မဝင်ဘဲ ပေါက်သူများလည်း ရှိပါသည်။ ယခင်က အလွန်မှ ရှားပါးပြီး ရွှေပန်းထိမ်ဖိုတွင် ရေမြှုပ်အဖြစ်သုံးသော



www.burmeseclassic.com

www.burmeseclassic.com

# သီမှတ်ဖွယ်ရာ ဆေးပညာ

(ကင်းမွန်ငါး၏ရေမြှုပ်)ကို ကျောက်ပျဉ်တွင် သနပ်ခါးလိုသွေး ညအိပ်ရာဝင်ချိန်အပါအဝင် သုံးကြိမ်ကို နေ့စဉ်လိမ်းပေးပြီး တစ်ပတ် (၇ ရက်) တစ်ကြိမ်ကျ ဝမ်းနုတ်ပေးပါ၊ တစ်လကြာလျှင် အစက်အပြောက်များကင်းသော မူလအသားအရေကို ပြန်ရပါလိမ့်မည်။

(၈) သင်္ဘောသီးအစိမ်း၊ သံပရာရည်ညှစ်၍ လိုအပ်သော အစာများထည့်၍ သုတ်စားပြီး ထန်းလျက်ကိုအရည်ဖျော်ပြီး၊ ရှောက်သီးအရည်ညှစ်ထည့်ပြီး သုံးရက်သောက်ခြင်းဖြင့် ငုပ်နေသောသွေး ပြန်ပေါ်လာပါလိမ့်မည်။ ထပ်ဆောင်း၍ စောင်ခြမ်းသီးအမှုန့်ကို ပျားရည်နှင့် သုံးရက်ဆက်၍ သောက်ပေးရမည်။

(၉) ပရဆေးဆိုင်များတွင် ရနိုင်သော ဆေးပုစွန်တုပ် တစ်ကျပ်သား၊ ကွဲသွေး တစ်ကျပ်သား၊ ဆီး(ဇီး)ဖြူ သီးခြောက် တစ်ကျပ်သား၊ စမုန်မျိုး ငါးပါး၊ တစ်မျိုးလျှင် နှစ်ပဲသားစီ အမှုန့်ပြုပြီး ပျားရည် ၁၀ ကျပ်သားနှင့် ဖေဆေးပြု၍စားပါ၊ လွန်နေသောဓမ္မတာ မှန်သွားပါမည်။

(၁၀) ကြိတ်မှန်ရွက် တစ်ပင်လုံးနှင့် ကန့်ချုပ်နီကိုအမှုန့်၊ ရေတ်ကောင်း အနည်းငယ်ထည့်ပြီး သကာရည်နှင့် သောက်ပါ၊ လွန်ခြင်း၊ နည်းခြင်းဖြစ်နေသော ဓမ္မတာ မှန်လာပါမည်။

(၁၁) ကြခတ်ဝါးမြစ်၊ ဒန့်သလွန်မြစ်၊ ကင်ပွန်းချဉ်မြစ်တို့ကို အလေးအချိန် အမျှယူပြီး ညက်စွာထောင်း၍ ဆားလှော်နှင့် လစဉ်သောက်ပေးပါက ဓမ္မတာ မှန်ပါလိမ့်မည်။

(၁၂) သားသည်မိခင်များ နို့ရည်နည်းလျှင် ချဉ်ပေါင်နီရွက်နှင့်အမဲသား (ကွဲသားများဖြစ်တတ်သည်) ဟင်းချက်၍ စားပါလေ၊ နို့ရွှင်ပါသည်။

အိမ်ရှင်မများအတွက် အကုန်အကျနည်း၊ လွယ်ကူ သာစွာဖြင့် ဝေဒနာ ပျောက်ကင်းနိုင်သော ဆေးနည်းတို့များကို မျှဝေလိုက်ပါသည်။

စိုးယဉ်ထွန်း

❐

မြန်မာ့တိုင်းရင်းဆေး ပညာရပ်သည် ရောဂါ၏ အကြောင်းရင်းကို သတ်သောသဘောရှိပါသည်။ ထို့ကြောင့်လည်း "အမြစ်ပြတ်ချင် တိုင်းရင်းဆေးနှင့်ကု" ဟူသောစကားသည် အရပ်ထဲတွင် ပျံ့နှံ့စီးဝင်နေလေသည်။ အချို့ရောဂါများကို အနောက်တိုင်းဆေးပညာနှင့် ကုသမရသော်လည်း တိုင်းရင်းဆေးမှ အမြစ်ပြတ်ကုသနိုင်သည်ကိုလည်း ကြားသိနေရပါသည်။ ယခုလည်း စာရေးသူသည် ဆရာအစ်ကိုဖြစ်သူမှ ပေးထားသော ဆရာ့ဆရာကြီးများ၏ အစွမ်းထက်လှသော တိုင်းရင်းဆေးနည်းကောင်းများကို ပြည်သူလူထု လက်တွင်းသို့ မဂ္ဂဇင်းမှတစ်ဆင့် ဖော်ပြပေးလိုက်ပါသည်။

**တိုင်းရင်းဆေးဆရာကြီး ဦးမြမောင်၏**
**လက်တွေ့ကိုယ်တိုင် ကုခဲ့သော ဆေးနည်းကောင်းများ**

**ဆီးဆေးနည်း**

| | | | |
|---|---|---|---|
| ၁။ | ဆင်တုံးမနွယ် | ၁ | ကျပ်သား |
| ၂။ | နွယ်လိမ်ခရု | ၅ | ကျပ်သား |
| ၃။ | နွယ်ခွေကျောက် | ၅ | ကျပ်သား |
| ၄။ | တောင်တန်းနွယ် | ၁ | ကျပ်သား |
| ၅။ | ခပေါင်းမြစ်ကြီး | ၁ | ကျပ်သား |
| | ဆေးအလေးချိန်ပေါင်း | ၁၃ | ကျပ်သား |

**ဆေးဖော်စပ်နည်း**

ဆေးအားလုံးကို အမှုန့်ကောင်းစွာပြု၍ လေလုံသော ပုလင်းတွင်ထည့်၍ အေးပြီး ခြောက်သွေ့သောနေရာ[illegible] ကောင်းစွာသိမ်းထားပါ။

**အသုံးပြုပုံ**

ဆေးမန်ကျည်း နှစ်စေ့ခန့်ကို ညဦးအိပ်ရာဝင်ချိန်တွင် ရေအေးနှင့်သောက်ပါ။ ရှောက်ရည်၊ သံပုရာရည်၊ မန်ကျည်း ဖျော်ရည်နှင့်လည်း သောက်နိုင်ပါသည်။ ဆေးသောက်ပြီး ၁ နာရီအတွင်း ဆီး သုံးကြိမ်သွားပါမည်။ ကျောက်တည်ရောဂါကို (၁၅) မိနစ်အတွင်း ချောမွေ့စွာ ကြွေမွသွားပါလိမ့်မည်။

→→



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## အပူဇော်ခံ တိုင်းရင်းဆေးဆရာကြီးများ၏ အစွမ်းထက်သောဆေးနည်းများ

ဖိုးသက်ရှည်(တောင်ဥက္ကလာ)

### တိုင်းရင်းဆေးဆရာကြီး ဦးတင်ဟန်၏ လက်တွေ့ကိုယ်တိုင် ကုခဲ့သော ဆေးနည်းကောင်းများ

**အဖောရောဂါဆေးနည်း**

| | | | |
|---|---|---|---|
| ၁။ | မင်းကိုကာအနက် | ၁ ကျပ်သား | |
| ၂။ | စမုန်နက် | ၁ ကျပ်သား | ၄ ပဲ |
| ၃။ | ဆားလှော်ကျက်ကျက် | ၁ ကျပ်သား | ၈ ပဲ |
| ၄။ | ဘုမ္မရာဇာ | ၁ ကျပ်သား | ၈ ပဲ |
| ၅။ | အလိုကျူ | ၁ ကျပ်သား | ၈ ပဲ |
| ၆။ | မုတ်ခါး | ၁ ကျပ်သား | |
| ၇။ | မန်ကျည်းစေ့လွှစာ | ၁၅ ကျပ်သား | |
| ၈။ | ထန်းလျက် | ၁၅ ကျပ်သား | |

**ဆေးဖော်စပ်နည်း**

ဝှင်းဆေးစုကို အမှုန့်ပြု၍ ဆန်ပုန်းရည်နှင့် မတူးမခြစ်အောင် ကြိုရမည်။ ၎င်းကျိုချက်သောအခါမှာ အလောတော်နေလျှင် လူမမာ ဒူလာအချည့်၊ မီးယပ်အကျိုးများကို နံနက်တစ်ဇွန်း၊ ညတစ်ဇွန်း မှန်မှန်စားသွားပါက (၃) ရက်ကျော်သော်လည်းကောင်း၊ (၇) ရက်မှကျော်သော်လည်းကောင်း ကိုယ်လက်နာကျင်လာပါလိမ့်မည်။ မကြောက်နှင့် ရောဂါရင့်သလို ဆက်ကျွေးရပါမည်။ တစ်ကိုယ်လုံး ကိုက်ခဲလာပါလိမ့်မည်။ ယင်းသို့ ကိုက်ခဲရခြင်းအကြောင်းမှာ ရောဂါကြီးလို့ ဖြစ်ပါသည်။ ရေကို ဝဝချိုးပါ။ (မီးယပ်၊ ဒူလာ)

**အဖောရိုးရိုး၊ ချုပ်ဖောများ ဆေးအစိမ်း ဖော်ဆေးနည်း**

| | | | |
|---|---|---|---|
| ၁။ | မင်းကိုကာအနက် | ၁ ကျပ်သား | |
| ၂။ | စမုန်နက် | ၁ ကျပ်သား | |
| ၃။ | ဆားလှော်ကျက်ကျက် | ၁ ကျပ်သား | ၈ ပဲ |
| ၄။ | ဆားပုပ် | | ၈ ပဲ |
| ၅။ | မန်ကျည်းမှည့်စေ့လွှတ် | ၆ ကျပ်သား | |

**ဆေးဖော်စပ်နည်း**

၎င်းဆေး (၅)ပါးကို အမှုန့်ပြု၍ မန်ကျည်းမှည့်ကို နုပ်နုပ်စဉ်းပါ။ ၎င်းဆေးအား အဖောသမားကို နံနက်စောစော ကွမ်းသီးလုံးခန့် ဆားစိမ်းသင့်အောင်ထည့်၍ နေတိုင်းမှန်မှန်စားပါ။ တစ်နေ့တခြား လျော့သွားပါမည်။

**အဖောအမြစ်ပြတ်ဆေးနည်း**

| | | | |
|---|---|---|---|
| ၁။ | ကနခို | | ၄ ပဲ |
| ၂။ | စမုန်နက် | ၁ ကျပ်သား | |
| ၃။ | ကျပ်ခိုး | ၁ ကျပ်သား | |
| ၄။ | ထန်းလျက် | ၁ ကျပ်သား | ၈ ပဲ |

**ဆေးဖော်စဖ်နည်း**

၎င်းဆေး (၄)ပါးကို ထန်းလျက်နှင့် သင့်ရုံတေ၍ ဆေးကို တစ်ရွေးသားခန့် လုံးပါလေ။ အဖောသမားများကို တစ်လုံးခန့်တိုက်ပါလေ။ မရပါက ၂ လုံးတိုက်ပါ။ (၃) ရက်ဆက်ခါဆက်ခါ တိုက်ပါ။ သက်ဖောများဖြစ်ပါက မကျွေးရ။

**အဖောလိမ်းဆေးနည်း**

| | | |
|---|---|---|
| ၁။ | နှပ်ချို | ၁ ကျပ်သား |
| ၂။ | နွယ်ချို | ၁ ကျပ်သား |
| ၃။ | ကောက်ညှင်းချေိတ် | ၁ ကျပ်သား |
| ၄။ | မင်းကိုက်ာ | ၄ ကျပ်သား |
| ၅။ | ထန်းလျက် | ၄ ကျပ်သား |
| ၆။ | ဂမုန်းရွှေဝါ | ၄ ကျပ်သား |
| ၇။ | ဆေးဂမုန်း | ၄ ကျပ်သား |

**ဆေးဖော်စပ်နည်း**

ဆေးလိမ်းရာတွင် လက်ခုပ်သီးအဆန်ကို ထောင်း၍ အရည်ဖျော်ထားပြီး ဆေးနှင့် ဖျော်လိမ်းပါ။ ညဘက်မှာ ဇွန်မလက်သည်းအမြစ်ကို သွေး၍ ဆေးနှင့် ဖျော်လိမ်းပါ။ ဖော်ပြပါဆေးနည်းများကိုလည်း မှန်မှန်တိုက်ပေးပါ။ ဆီးဆေးများကိုလည်း သင့်လျော်သလို တိုက်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

မှတ်ချက် ။ . ။ သမားတော်ကြီးများ၏ ဆေးနည်းများမှာ များပြားလှပါသည်။ ဝေဒနာကိုကြည့်၍ ကုသရပါသည်။ ဆေးနည်းများပြားလှ၍ ချပ်ဖော သက်ဖော၊ ဆီးဖော၊ သွေးဖော၊ လေဖော စသည်တို့ဖြင့် ရှိပါသည်။ ယခုဆေးနည်းမှာ အဖောရောဂါနှင့် ပတ်သက်၍ အထူးပျောက်ကင်းသော ဆေးနည်း ဖြစ်ပါသည်။

**တိုင်းရင်းဆေးဆရာကြီး ဦးတင်ဟန်၏**
**ကိုယ်တိုင်ကုခဲ့သော ဆေးနည်းများ**

**နဂါးမျက်စောင်း အကြောင်းကောင်းသောဆေးနည်း**

| | | |
|---|---|---|
| ၁။ | ပဲစိမ်း/အနီ | ၁ ပဲ |
| ၂။ | စမုန်မျိုးငါးပါး | ၁ ပဲ |
| ၃။ | ကျောက်ချဉ် | ၁ ပဲ |
| ၄။ | ကျောက်စက် | ၁ ပဲ |
| ၅။ | ဇဝက်သာ | ၁ ပဲ |
| ၆။ | ကန့်တိုက် | ၁ ပဲ |
| ၇။ | ယမ်း + ဒုတ္တာ | ၁ ပဲ |
| ၈။ | ဆားခါး | ၁ ပဲ |
| ၉။ | ဂုံညင်းအဆန် | ၁ ပဲ |
| ၁၀။ | ရွှေအဖြူ | ၁ ပဲ |
| ၁၁။ | ကြက်ဆူးရိုးနီအဆံ | ၁ ပဲ |
| ၁၂။ | ကျပ်ခိုး | ၁ ပဲ |
| ၁၃။ | ပိတောက်မှို | ၁ ပဲ |
| ၁၄။ | ပုဏ္ဏရိုက် | ၁ ပဲ |
| ၁၅။ | ဣသရမူလီ | ၁ ပဲ |
| ၁၆။ | ကနခို | ၁ ပဲ |
| ၁၇။ | ဆီမီးတောက် | ၁ ပဲ |
| ၁၈။ | ပုဏ္ဏားစားရှိန်းခို | ၁ ပဲ |
| ၁၉။ | ကြောင်ပန်းရွက် | ၁ ပဲ |
| ၂၀။ | ရှားစောင်းကြီးအစေး | ၁ ပဲ |
| ၂၁။ | လက်ချား | ၁ ပဲ |
| | ဆေးအလေးချိန် | ၁ ကျပ်သား ၁၂ ပဲ |

**ဆေးဖော်စပ်ပုံ**

ဎင်းဆေးကို အမှုစီစုပြီး ဎင်းဆေး ၄ ပုံ၊ ကျပ်ခိုး ၁ ပုံ၊ ကြာဟင်း ၁ ပုံ၊ သက်ရင်း ၁ ပုံ၊ မဟာကာ ၁ ပုံ ဖြစ်ပါသည်။ အားလုံးပေါင်း၍ ၄ ပုံ၊ ကြက်သွန်ဖြူ ၁ ပုံ၊ လင်းနေ ၁ ပုံ၊ ဘုမ္မရာဇာ ၁ပုံ၊ ဎင်းဆေးအားလုံး ပျားရည်နှင့် ငုရည် ၂ ပါးအထူးကြိတ်ပြီး ပိုးဟပ်ချေးလုံးခန့် အလုံးပြုလုပ်ရပါမည်။

**အသုံးပြုပုံ**

ဎင်းဆေးကို ရွှေကြီး ၂ ရွေး (၉ ဂရိန်) ခန့်တိုက်လျှင် အောက်ပါရောဂါများကို ပျောက်ကင်းပါမည်။

ပျောက်ကင်းနိုင်သောရောဂါများမှာ ကိုယ်ရောင်၊ သွေးဖျဉ်း၊ လေဖျဉ်း၊ သွေးသဖုံး၊ လေသဖုံး၊ သွေးဒူလာ၊ လေဒူလာ၊ သွေးပါဒတကျ၊ လေပါဒတကျ၊ သွေးမုတ်၊ လေမုတ်တို့ကိုလည်းကောင်း သွေးပင်း၊ လေပင်း၊ ပယောဂပင်း၊ အရိုးပင်း၊ စုံးပင်း၊ တောပင်းနှင့် စမြင်းဒေါသတို့ကို ပျောက်ကင်းစေပါသည်။

**ဝမ်းမီးတောက် လေပုပ်ထုတ်ဆေးကြီး**

| | | |
|---|---|---|
| ၁။ | ပိတ်ချင်းသီး | ၁၁ ကျပ်သား |
| ၂။ | သဘော်ချင်းခြောက် | ၁ ကျပ်သား |
| ၃။ | စမုန်နက် | ၁ ကျပ်သား |
| ၄။ | ကြောင်ပန်းရွက် | ၁ ကျပ်သား |
| ၅။ | ကြဇု | ၁ ကျပ်သား |
| ၆။ | သိန္ဓော | ၁ ကျပ်သား |
| ၇။ | ဆားပုပ် | ၁ ကျပ်သား |
| ၈။ | စမုန်မျိုးငါးပါး | ၁ ပဲ |
| ၉။ | လက်ပံခါး | ၉ ကျပ်သား |
| ၁၀။ | ငရုတ်ကောင်း | ၉ ကျပ်သား |

**ဆေးဖော်စပ်ပုံ**

ဆေးအားလုံးကို အမှုန့်ပြု၍ လေလုံသောပုလင်းတွင် ထည့်၍ အေးပြီး ခြောက်သွေ့သောနေရာတွင် သိမ်းထားပါ။ စမုံနက်ကို မီးသင်း၍ထည့်ပါ။

**အသုံးပြုပုံ**

ဎင်းဆေးကို ၃သား (၁၈ ဂရိန်)ခန့် နံနက်ညအရက်နှင့်တိုက်ပါ။ တစ်နည်း ဎင်းဆေးကို ပျားရည်နှင့်တေ၍ နံနက်ည ၁ပဲသားခန့် တိုက်ပါက အောက်ပါရောဂါများကို ပျောက်ကင်းနိုင်ပါသည်။ ပျောက်ကင်းနိုင်သော ရောဂါများမှာ လေထိုးလေအောင့်၊ လေချုပ်၊ အေးဖွဲ့ပိတ်နာ၊ သီတအကြောင်းခံသော ဝမ်းပျက်နာ၊ ဆီးချုပ်၊ ဆီးထို၊ ဆီးအောင့်ရောဂါများ ပျောက်ကင်း၍ ဝမ်းမီးတောက်လာပါလိမ့်မည်။

ဗိုးသတိရှည်(မြောင်ဉတ္တလာ)

□




www.burmeseclassic.com

www.burmeseclassic.com

# ကလေးငယ်များနှင့် အရိုးပျော့ရောဂါ

ရီ ရီ ငွေ



အရိုးပျော့ရောဂါသည် ကလေးငယ်များတွင် အဖြစ်များသောရောဂါဖြစ်ပြီး အချို့ကလေးငယ်များ၌ မွေးရာပါ အရိုးပျော့ရောဂါ ပါရှိလာတတ်ပါသည်။

အရိုးပျော့ရောဂါသည် အချို့ကလေးများ၌ (၃ နှစ်မှ ၅ နှစ်) အတွင်း အဖြစ်များကြောင်း တွေ့ရှိရပါသည်။

ဤရောဂါဖြစ်ရခြင်း အကြောင်းရင်းမှာ လူ၏ခန္ဓာကိုယ်သည် ဇီဝဗေဒဖွဲ့စည်းပုံအရ အရိုးတစ်ခုနှင့် တစ်ခုအကြားတွင် အရွတ်များဖြင့် ကြားခံထားပါသည်။ အရိုးပျော့သူများသည် အရိုးအဆစ်များနှင့် တွယ်ဆက်နေသော အမျှင်များ ပုံမှန် မဖြစ်သည့်အတွက် သာမန်ထက်ပိုမိုသော လုပ်ဆောင်ချက်များကို လုပ်ဆောင်ကြရပါသည်။

ဥပမာအားဖြင့် တင်ပြရသော် လက်မနှင့် လက်ချောင်းကလေးများကို ကွေးကြည့်ပါက လက်ဖျံအထိကွေးနိုင်ခြင်း၊ တံတောင်ဆစ်ကို ဆန့်လိုက်လျှင် (၁၈၀) ဒီဂရီထက် အနုတ် (၁၀) ဒီဂရီခန့် ကော့သွားခြင်း၊ ကုန်းပြီးလက်နှစ်ချောင်းဖြင့် ကြမ်းပြင်ကိုထိလျှင် လက်ထောက်နိုင်ခြင်း၊ ဆပ်ကပ်ထဲတွင် ခြေနှစ်ချောင်းထဲသို့ ခေါင်းလျှို၍ဝင်နိုင်ခြင်း စသည်တို့မှာအရိုးပျော့ရောဂါလက္ခဏာများပင် ဖြစ်ပါသည်။

အရိုးပျော့ခြင်းမှာ သာမန်အားဖြင့် ရောဂါတစ်ခုအဖြစ် မပြင်းထန်သော်လည်း အသက်အရွယ် ကြီးလာပါက နောက်ဆက်တွဲရောဂါများ ဖြစ်လာပါသည်။

**အရိုးပျော့သူများအတွက် နောက်ဆက်တွဲရောဂါများ**

* အရိုးအဆစ် ပျော့လွန်းသူများသည် သာမန်လူများထက် နှစ်ဆံပိုပြီး လှုပ်ရှားရသဖြင့် အရိုးအဆစ်များ နှစ်ဆဒဏ်ဖြစ်ကာ အရွယ်မကြီးရင့်မီ အရိုးအဆစ်ပွန်းစားပြီး အရိုးရောဂါဖြစ်စေနိုင်ပါသည်။

* နှလုံးအမြှေးပါး ပျော့သူများတွင် နှလုံးအဆို့ရှင် မလုံသောရောဂါ ဖြစ်စေနိုင်ပါသည်။

* သွေးလွှတ်ကြောမကြီး ပျော့သူများအတွက် သွေးတိုးသည့်ဒဏ်မခံနိုင်ဘဲ သွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်စေနိုင်သဖြင့် ဆရာဝန်နှင့်ပြသကာ သွေးကြောထိန်းဆေး၊ သွေးကျဆေးတို့ဖြင့် သွေးမတိုးအောင် ထိန်းထားရပေမည်။

* အထူးသဖြင့် မျက်လုံး၌ ထိန်းထားသော အမြှေးပါးပျော့နေပါက မျက်လုံးထဲရှိ မှန်ဘီလူးကို မထိန်းနိုင်တော့ဘဲ မှန်ဘီလူး ကျွတ်ထွက်တတ်ခြင်း

* တစ်ခါတစ်ရံ ရုတ်တရက် လေဖြတ်ပြီး အဆုတ်ထဲတွင်သွေးခဲတတ်ခြင်း

* ထိုရောဂါရှိသူများသည် သာမန်လူများထက်ပို၍ အရပ်ရှည်ခြင်း







www.burmeseclassic.com

www.burmeseclassic.com

အရိုးပျော့ရောဂါ ကြာရှည်စွာ ခံစားရပါက အထက်ပါနောက်ဆက်တွဲ ရောဂါများ ဖြစ်စေနိုင်ပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ မွေးရာပါဗီဇတွင် အရွတ်ကလေးများထဲရှိ အမျှင်များသည် ပုံမှန်ရှိသင့်သည်ထက် ပိုရှည်ခြင်းကြောင့် အရပ်ပိုရှည်လာခြင်း ဖြစ်ပါသည်။ ထိုသူများတွင် အရပ်ရှည်သည့်အပြင် လက်ချောင်းများပါ သွယ်ပြီး ရှိသင့်သည်ထက် ပိုရှည်တတ်ပါသည်။



### အရိုးပျော့သူများအတွက် ကြိုတင်ကာကွယ်ခြင်း

* မွေးရာပါ အရိုးပျော့ရောဂါမှတစ်ပါး အခြားအရိုးပျော့ရောဂါများ၌ ကြိုတင်ကာကွယ်ခြင်းဖြင့် နောက်ဆက်တွဲရောဂါများကို တားဆီးနိုင်ပါသည်။

* ထိုရောဂါရှင်များသည် ငယ်ရွယ်စဉ်အခါကပင် အရိုးပွန်းစားခြင်းမှ ကာကွယ်နိုင်ရန် ဆရာဝန်နှင့်ပြသပြီး လိုအပ်သော ကုသမှုကို ခံယူပါ။

* အရိုးပျော့ ရောဂါရှင်များသည် အရိုးနုပွန်းစားခြင်းမှ ကာကွယ်နိုင်ရန် Glucosamine နှင့် Chondroitin ဓာတ်ပေါင်းနှစ်မျိုးပါဝင်သည့်ဆေးများသောက်သုံးသင့်ပါသည်။

* နှလုံးရောဂါနှင့် သွေးတိုးရောဂါ မဖြစ်ပွားအောင် ဂရုပြုပါ။ ရောဂါဖြစ်ပွားလာပါက ဆရာဝန်နှင့်ပြသပြီး နှလုံးထိန်းဆေး၊ သွေးတိုးကျဆေးများကို သောက်သင့်ပါသည်။

* အရပ်ရှည်သော ရောဂါရှိသူများသည် ဖောလစ်အက်ဆစ်ဆေး သောက်သင့်ပါသည်။ ၎င်းအပြင် ဖောလစ်အက်ဆစ်ဓာတ် ပါဝင်သော အစိမ်းရောင်ဟင်းသီးဟင်းရွက်၊ ပေါင်မုန့်ကြမ်း၊ နွားနို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးသင့်ပါသည်။

နောက်ဆက်တွဲ ရောဂါသည် အရိုးပျော့ရောဂါရှင်များအတွက် မလွဲမသွေ ခံစားရမည့် ရောဂါဖြစ်သဖြင့် ရောဂါရှင်များသည် အဓိကအားဖြင့် ကြိုတင်ကာကွယ်မှုကို အလေးဂရုပြု၍ ဆောင်ရွက်ရပေမည်။



### အရိုးပျော့ရောဂါရှင်များ ဆောင်ရန်၊ ရှောင်ရန်အချက်များ

အရိုးပျော့ရောဂါကြောင့် လူ၏အသက်ကို အန္တရာယ်မပေးသော်လည်း နောင်ဖြစ်လာမည့် နောက်ဆက်တွဲရောဂါများသည် အသက်ကို အန္တရာယ်ပေးနိုင်သည့် ရောဂါများဖြစ်ခြင်းကြောင့် သင့်တင့်သော အစားအစာ၊ သင့်တင့်သော နေထိုင်နည်းပုံစံမှန်တို့ဖြင့် နေထိုင်စားသောက်သင့်သကဲ့သို့ မသင့်တင့်သည့် ပုံစံမှားများကို ရှောင်ကြဉ်ရပေမည်။

အရိုးပျော့သူများသည် ပုံမှန်လှုပ်ရှားမှုထက် လွန်ကဲစွာမလုပ်သင့်ပါ။ ဥပမာ - လက်လှန်ချိုးခြင်း၊ ခြေထောက်နှစ်ချောင်းကြားထဲ၌ ခေါင်းဝင်ပြခြင်း၊ ခါးလှန်ချိုးပြခြင်း စသည့် ပုံမှန်မဟုတ်သော လှုပ်ရှားမှုများကို ရှောင်ကြဉ်သင့်ပါသည်။

ဤကဲ့သို့ ပြုလုပ်ခြင်းကြောင့် အရိုးနုကလေးများ ပွန်းစားခြင်း များလာပြီး အသက်အရွယ် မကြီးရင့်မီ အရိုးရောဂါ ရရှိစေနိုင်ပါသည်။

ဘောလုံးကန်ခြင်း၊ ဘောလုံးလုခြင်း၊ ဂျူဒို၊ ကရာတေးကဲ့သို့ လှုပ်ရှားမှုလွန်ကဲသော အားကစားနည်းများနှင့် တိုက်တိုက်တွန်းတွန်း ကစားနည်းမျိုး မကစားသင့်ပါ။

အားကစားနည်းများထဲတွင် ရေကူးခြင်း၊ ဂေါက်ရိုက်ခြင်း၊ လေ့ကျင့်ခန်းယူခြင်းများ ပြုလုပ်နိုင်ပါသည်။

ကြာရှည်စွာထိုင်ခြင်းကို ရှောင်ရှားသင့်ပါသည်။ အကယ်၍ ကြာရှည်စွာထိုင်ရပါက ခန္ဓာကိုယ်အလေးချိန်ကို ဒဏ်မဖြစ်စေရန် မတ်မတ်ထိုင်ခြင်း၊ ခါး

www.burmeseclassic.com

နောက်တွင် ခေါင်းအုံးခု၍ ထိုင်ခြင်းဖြင့် ဂရုတစိုက်ထိုင်သင့်ပါသည်။

အရိုးပျော့ရောဂါ ရှိသူသည် ဆက်ကပ်ကဲ့သို့ အရိုးပျော့စေသည့် လေ့ကျင့်ခန်းမျိုးနှင့် မသင့်တော်ပေ။

အထက်ပါ ဆောင်ရန်ရှောင်ရန် နည်းအတိုင်းလိုက်နာပါက နောက်ဆက်တွဲရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်ပေမည်။

**အရိုးပျော့ရောဂါရှိသူများနှင့် သင့်တင့်သော အစားအစာ**

* အရိုးပါသော ငါးသေးသေး ကလေးများကို တစ်ပတ်လျှင် အနည်းဆုံး (၃) ရက်ခန့် ချက်စားပါ။
* ငါးမန်းတောင်နှင့် တိရစ္ဆာန်တို့၏ အရိုးနုများကို ပြုတ်သောက်ပါ။
* ဗီတာမင်ဘီဓာတ် ကြွယ်ဝစွာ ပါဝင်သော ပေါင်မုန့်ကြမ်း၊ ဆန်လုံးညို။
* ဗီတာမင်စီဓာတ် ပါဝင်သော လိမ္မော်သီး၊ သံပရာသီး၊ ဆီးဖြူသီး၊ ချဉ်ပေါင်ရွက်များကို တစ်ပတ်လျှင် (၃)ရက်ခန့် စားသုံးပါ။
* ဗီတာမင်အီး ကြွယ်ဝစွာပါဝင်သော အခွံမာသီးများ၊ ပဲပင်ပေါက်၊ နှမ်းဆီ၊ ဝါစေ့ဆီ၊ နေကြာဆီ၊ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ။
* သွပ်ဓာတ် ကြွယ်ဝစွာ ပါဝင်သော ကိုကိုး၊ ရွှေဖရုံသီးနှင့် ရွှေဖရုံစေ့များ။
* မုန်လာထုပ်၊ ဂေါ်ဖီထုပ်၊ တရုတ်နံနံ

**အရိုးပျော့သူများနှင့် မသင့်တင့်သော အစားအစာများ**

* ပြုပြင်ထားသော အစားအစာများ၊ ငါးသေတ္တာ၊ ရယ်ဒီမိတ် အစားအစာများ
* အချိုရည်ဘူးအမျိုးမျိုး၊ ဆီကြော်မုန့်အမျိုးမျိုးနှင့် အာလူးကြော်
* ချောကလက်အမျိုးမျိုး
* ခရမ်းချဉ်သီး (အထူးရှောင်ရန်) ခရမ်းသီး
* ငရုတ်ကောင်း၊ ဝက်အူချောင်း၊ ကြက်အူချောင်း

**အရိုးပျော့သူများနှင့် သင့်တင့်သည့် ဗီတာမင်အုပ်စု**

* ဗီတာမင်ဘီကွန်ပလက်အုပ်စု။
* ဗီတာမင်စီ (၁-၃) ဂရမ်နေ့စဉ်စားပါ။
* ဗီတာမင်ဒီ ဖြည့်စွက်စာ။
* အိုမီဂါ (၃)၊ အိုမီဂါ (၆) ငါးကြီးဆီ တစ်နေ့တစ်တောင့်စားပါ။
* ကယ်စီယမ် ဖြည့်စွက်စာ။
* ငါးမန်းတောင်နှင့် တိရစ္ဆာန်အရိုးနုတို့မှ ထုတ်လုပ်ထားသော (Glucosamine နှင့် Chondroitin) နှစ်မျိုး ပါဝင်သော ဆေးဝါးများ

(ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ဆေးမှန်မှန်သောက်ပါ။)

အရိုးပျော့ရောဂါရှင်များအတွက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးသော နောက်ဆက်တွဲရောဂါများကို ပယ်သတ်ခြင်း ဖြစ်ပါသည်။ ဤရောဂါသည် ကလေးအရွယ်ငယ်စဉ်တွင် စတင်ဖြစ်ပွားလေ့ရှိပြီး အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ နောက်ဆက်တွဲရောဂါများ ဝင်ရောက်ကာ အသက်အန္တရာယ် ဖြစ်ပွားစေသည်အထိ ဖြစ်တတ်ပါသည်။

မိမိ၏ ကလေးငယ်တွင် အရိုးပျော့ရောဂါ ရှိ/မရှိကို မိဘများက ဂရုပြု၍ စောင့်ကြည့်ရမည်။

အကယ်၍ မိမိကလေးငယ်တွင် အရိုးပျော့ရောဂါ ရှိသည်ဟု သံသယရှိပါက ကျွမ်းကျင်သော ဆရာဝန်ကြီးများနှင့်ပြသကာ စောစီးစွာ ကုသမှုကို ခံယူပါ။

* ထိုကလေး၌ မွေးရိုးဗီဇနှင့်သက်ဆိုင်သော မွေးရာပါအရိုးပျော့ကလေးကို မွေးဖွားပါက ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆရာဝန်ကြီးများနှင့် ပြသ၍ ၎င်းတို့၏ ညွှန်ကြားချက်အတိုင်း လိုက်နာပါ။
* အရိုးပျော့ရောဂါ ရှိမှန်းသိပါက ထိုကလေးကို ကြမ်းတမ်းသော အားကစားနည်းများ မကစားရန် ထိန်းသိမ်းပါ။
* နွားနို့နှင့် အရိုးပါသော ငါးကလေးများကို ကျွေးပါ။
* ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ကယ်လ်စီယမ်ပါဝင်သော ဆေးဝါးများ တိုက်ကျွေးပါ။
* နေရောင်ခြည်မှ ဗီတာမင်ဒီဓာတ်ကို ရစေနိုင်သဖြင့် နံနက်စောစောနေပူစာလှုံပါ။
* အကြောဘက်ဆိုင်ရာ ပညာရှင်များ၏ ညွှန်ကြားချက်အရ လေ့ကျင့်ခန်း ပုံမှန်ယူပါ။
* ကြာရှည်စွာထိုင်ခြင်း၊ မတ်တတ်ရပ်ခြင်းမျိုး ရှောင်ကြဉ်ပါ။

အရိုးပျော့ ရောဂါရှင်များသည် စားသောက်မှုပုံစံမှန်နှင့် နေထိုင်မှုပုံစံမှန်များနှင့်အတူ ကြိုတင် ကာကွယ်ခြင်းနည်းပညာစသည့် အချက်သုံးချက်နှင့်အညီ နေထိုင်ပါက နောက်ဆက်တွဲရောဂါများမှ ကင်းဝေးပြီး သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

Ref: Hypermobility (Child care) from Internet.

ရီရီဌေး

❒


www.burmeseclassic.com

# အဆိပ်ပြေသည့် ကြက်သွန်နီ

**ကန့်ဘလူ ကံထင်အောင်**

၁၀. ၁၁. ၂၀၁၀ နေ့ မြို့နယ် ကော်မရှင်ရုံးမှခေါ်၍ ကန့်ဘလူမြို့သို့ ဆိုင်ကယ်ဖြင့် သွားခဲ့သည်။ ထန်းကုန်း အရောက် ဆိုင်ကယ်မှာ ဖောက်သည်။ ဆီအိုင်၍ဆိုလား စက်မှာနှိုးမရတော့။

ဆိုင်ကယ် စက်နှိုးမရသည် ကြောင့် နီးရာဆိုင်ကယ်ပြင်ဆိုင်မှာ ဝင် ၍ပြရသည်။ ထိုဆိုင်မှာ ဆိုင်ကယ်ပြင် ရှင်း ဆိုင်ကယ်ပြင် လူငယ်၏ဖခင်က ကွမ်းယာလာစားသူနှင့် စကားစမြည် ပြောနေသည်။ ကွမ်းယာလာစားသူမှာ အဆိပ်ရှိသော မြွေ၊ ကင်းတစ်ခုခု ကိုက် ထားဟန် တူပါသည်။



"မင်းရဲ့အနာ သက်သာသလား။ ငါပြောသလိုကော လုပ်သလား"


"ဟုတ်တယ်ဗျာ၊ ခင်ဗျားပြောတဲ့ ဆေးနည်း အရမ်းကိုထက်တယ်၊ ကျွန် တော့်အနာတွေ ယူပစ်သလိုကို သက် သာပျောက်ကင်းတယ်"

သူတို့ပြောနေချိန် ကျွန်တော်မှ ကြားဝင်လိုက်သည်။

"ဆိုစမ်းပါဦးဗျ၊ ဘာအနာသက် သာခဲ့တာလဲ၊ ဘာဆေးနည်းနဲ့ ပျောက် ခဲ့တာလဲ"

ကျွန်တော်သည် စာရေးသူပီပီ စာမူကုန်ကြမ်း ရယူလိုမှုဖြင့် အဆော တလျင်ပင် မေးလိုက်ရသည်။ ဆိုင်ကယ် ပြင် လူငယ်လေး၏ဖခင်က ကျွန်တော် ၏ အမေးကို ပြန်ဖြေပါသည်။

"ဒီလို ဆရာကြီးရေ့၊ ဒီကလေး လယ်တောအသွား အဆိပ်ရှိတဲ့မြွေလား ကင်းခြေများလား မသိဘူးဗျ ကိုက်ခံရ တာ၊ အဲဒါ ကြက်သွန်နီဥရဲ့ ဖင်ပိုင်းကို ဓားနဲ့လှီး ထွက်လာတဲ့ အစေးကို အနာ ပေါ် သုတ်လိမ်းပေးလိုက်ရုံပဲ၊ အဆိပ် တွေ မတက်တော့ဘဲ သုတ်လိမ်းတဲ့ နေရာမှာတင် ခဲသွားတာဗျ၊ မြွေပွေး ကိုက်ခံရတဲ့နေရာမှာ သုတ်လိမ်းပေးရင် လည်း မြွေဆိပ်ပြယ်တယ်တဲ့ဗျ"



"အဲဗျာ၊ ကျွန်တော် မှတ်သားပြီး မဂ္ဂဇင်းတိုက်ကို ပို့ပေးရဦးမယ်ဗျာ"

ကြက်သွန်နီနှင့် ပတ်သက်၍ အာရောဂျမဂ္ဂဇင်းမှာ "အသုံးစုံညီ ကြက် သွန်နီ" ဟူ၍ တင်ပြရေးသားခဲ့ဖူးပါ သည်။ ယခုတင်ပြသည့် ဆေးနည်းမှာ ကား မပါဝင်ခဲ့ပေ။

သို့ပါ၍ ကျွန်တော်မှထပ်ဆင့် ကာ အဆိပ်ပြယ်သည် ကြက်သွန်နီဟူ၍ တင်ပြ ရေးသားလိုက်ရပါသည်။

(ထန်းကုန်းရွာမှ ဆိုင်ကယ်ပြင် လူငယ်၏ ဖခင်အား ဤစာစုဖြင့် ကျေး ဇူးတင် ဂုဏ်ပြုပါသည်။)

ကန့်ဘလူ ကံထင်အောင်

□



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာနုပျို အဆီကျ ရောဂါကင်း အသက်ရှည်စေသော တစ်ဓာတ်နည်း

နေဂျူလိုင်ဝမ်း



ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ ခရမ်းချဉ်သီး၊ မြင်းခွာရွက် (ရေကြာကြာစိမ်ပြီးမှ လှီးပါ)၊ ရှောက်ရွက်၊ သင်္ဘောရွက်၊ သရက်ကင်းတို့ကို လှီးပါ။ ဆီးဖြူသီး၊ ဖန်ခါးသီးတို့ကို အစေ့ဖယ်ပြီး လှီးပါ။

တစ်ည ရေစိမ်ထားသော ကုလားပဲခြမ်းများကို လှီးပြီးသားများထဲသို့ ထည့်ပါ။ မြေပဲလှော်တစ်ထုပ်ကို အမှုန့်ထောင်း၍ထည့်ပါ။ နှမ်းဆီနှင့် ပျားရည်ကို ထမင်းစားဇွန်းဖြင့် တစ်ဇွန်းထည့်ပါ။

ထို့နောက် သံပရာသီး (သို့) ရှောက်သီးခြမ်းပြီး ဆားနည်းနည်းထည့်၍ နေ့စဉ် မနက်၊ ည သုပ်စားပေးပါ။ ကျန်းမာနုပျို အဆီကျရောဂါကင်းပြီး အသက်ရှည်စေပါသည်။

ဆီးဖြူသီးပေါ်ချိန် မဟုတ်လျှင် ကုလားပဲခြမ်းများကို ရေစိမ်ပြီး ကြက်သွန်ဖြူ၊ နီ၊ ချင်း၊ ခရမ်းချဉ်သီး၊ မြင်းခွာရွက်၊ ရှောက်ရွက်၊ သင်္ဘောရွက်၊ သရက်ကင်းတို့ကိုလှီးပြီး မြေပဲလှော်မှုန့်၊ နှမ်းဆီ၊ ပျားရည် ထည့်ပြီး သံပရာသီးညှစ်၍ အမြဲတိုင်း နေ့စဉ်လိုလို စားပေးလျှင် အားအင်ပြည့်ဖြိုး ခွန်အားတိုး ကျန်းမာ အသက်ရှည် ရောဂါကင်းကာ အဆီကိုလည်းကျစေပါသည်။ ကြက်သွန်ဖြူ၊ ချင်း၊ ခရမ်းချဉ်သီးတို့ကို များများထည့်ရပါမည်။ ဆလတ်ရွက်ကိုလည်း လှီး၍ ထည့်စားပေးရမည်။

ကြက်သွန်ဖြူသည် သွေးတိုးကျစေခြင်း၊ အဆီကျစေခြင်း၊ မကောင်းသော ကိုလက်စထရောများကို ကျစေခြင်း၊ နှလုံးသွေးကြောကို ကျယ်စေခြင်း၊ ကိုယ်ခံအားကိုတက်စေခြင်း၊ သွေးလည်ပတ်မှုကို တိုးတက်စေခြင်း၊ နှလုံးရောဂါကို သက်သာစေခြင်း၊ ကင်ဆာအကျိတ်အဖုများ မဖြစ်ပွားရန် ကာကွယ်တားဆီးပေးခြင်း၊ ကိုယ်တွင်းပိုးများ၊ ဇက်တီးရီးယားများ၊ ပရိုတိုဇွမ်များ၊ မှိုနှင့် ကပ်ပါးပိုးများကို ထိရောက်စွာ တိုက်ဖျက်ပေးသည်။

ခန္ဓာကိုယ်တွင်းမှ အဆိပ်များကို ဖယ်ရှားပေးသည်။ ကိုယ်တွင်းမှ ခဲ၊ ပြဒါး၊ ဓာတုဗေဒအဆိပ်များ၊ ဓာတ်ရောင်ခြည်သင့်မှုများကို သန့်စင်ဖယ်ရှားပေးသည်။ ဖရီးရယ်ဒီကယ်များကို တားဆီးပေးသည်။ ခန္ဓာကိုယ်အဆိပ်သင့် ပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ သွေးခဲခြင်း၊ သွေးအဆိပ်ပိတ်ခြင်းကို ကောင်းစေသည်။

ကလေးများကို ကြက်သွန်နီ ကျွေးလျှင် ခန္ဓာကိုယ်ကြီးထွားစေသည်။ သတ္တုဓာတ်များပါ၍ ခန္ဓာကိုယ် ကြီးထွားစေသည်။ ဆီးရွှင်စေသည်။

ချင်းသည် လူကြီးများကို ဝမ်းမီးတောက်စေသည်။ ဆီးဝမ်းကို ရွှင်စေသည်။ သွေးသားကို သန့်စင်စေသည်။ အရိုးအဆစ် ရောင်ခြင်းကို ကာကွယ်ပေးသည်။ အစာမကြေ၊ လေပွ၊ လေထိုး လေအောင့်ခြင်း၊ ဖျို့အန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေပြွန်ရောင်ခြင်း၊ အဆုတ်ရောဂါ၊ အအေးမိ ကြ ကွေးရောဂါကို ပျောက်စေသည်။ လေနာ၊ သလိပ်နာများကို



www.burmeseclassic.com

www.burmeseclassic.com

နိုင်နင်းသည်။ ချင်းစိမ်းရည်နှင့် ပျားရည်ကို အမြဲတမ်းသောက်ပေးလျှင် အသက်ကြီးသူများ ခန္ဓာကိုယ်မှ အစက်အပြောက် အကွက်များ၊ မှဲ့ခြောက်များ ပျောက်သည်။ ချင်းက အသက်ရှည်စေသည်။

ခရမ်းချဉ်သီးသည် သွေးအားကို ကောင်းစေသည်။ ဆီးကျိတ်ရောဂါ ဖြစ်ပွားခြင်းကို ဟန့်တားပေးသည်။ အသားအရေကို လှပစေသည်။ သွေးအားကို တိုးစေသည်။ ဝမ်းမီးတောက်သည်။ နှုတ်မြိန်စေသည်။ ပိန်ခြင်း၊ ဝမ်းသက်ခြင်း၊ ဝမ်းဗိုက်နာခြင်းကို ပျောက်စေသည်။ ဆီးကို သွားစေသည်။ သွေးသန့်စေသည်။ အူသိမ်၊ အူနုများအတွင်းရှိ ပိုးနှင့် အဆိပ်ကို တိုက်ဖျက်ပေးသည်။ ပါးစပ်ကင်ဆာကို နိုင်သည်။ ဗီတာမင် အများဆုံးပါဝင်၍ သွေးကို သန့်စေသည်။ ကျောက်ကပ်လုပ်ငန်းများကို မှန်ကန်စေပြီး ၎င်းမှ အဆိပ်များကို ဖယ်ရှားပေးသည်။ မျက်စိကို အမြင်ကြည်လင်စေသည်။

ခရမ်းချဉ်သီးစိမ်းက ဆီးချုပ်၊ ဝမ်းချုပ်၊ သလိပ်ကျပ်ရောဂါ ပျောက်သည်။ ခရမ်းချဉ်သီးကို ငါးမြွေထိုးခြောက်နှင့် ချက်စားပါက ပင်လယ်အူနာ (ဝမ်းထဲတွင်ရစ်နာခြင်း) နှင့် ချဲ့ဝမ်းကိုက်ရောဂါ ပျောက်စေသည်။ ဆီးပုပ်၊ ဝမ်းပုပ်၊ ခေါင်းမူးရောဂါများကို ပျောက်စေသည်။

ခရမ်းချဉ်သီးကို ငါးကျည်းခြောက်နှင့် ကြော်စားလျှင် အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောဂါ ပျောက်သည်။ အစေ့များပါလျှင် ဝမ်းသက်သည်။

သားဖွားမိခင်များ နို့ရည်ကိုတိုးပွားစေသည်။ အစေ့ဖယ်ပြီးစားလျှင် ကလေးကို ကျန်းမာစေပြီး ဝမ်းကောင်းစေသည်။ ကလေး လေထိုးလေအောင့်ခြင်းကို သက်သာပျောက်ကင်းစေသည်။

ဒူးဆစ်ကိုက်ခဲခြင်းအား ခရမ်းချဉ်သီးကို ငါးခူ၊ ငါးရံ့တို့နှင့် ချက်စားပေးရသည်။ အမျိုးသား အားကိုကောင်းစေသည်။

မြင်းခွာရွက်သည် လူကို နုပျို့အသက်ရှည်စေသည်။ မှတ်ဉာဏ်ကိုကောင်းစေသည်။ စကားပြောလျှင် ထစ်အနေခြင်းကိုပျောက်စေသည်။

သရက်ကင်းသည် အစာကိုကြေစေသည်။

ရှောက်ရွက်သည် အကြောကပ်ခြင်း၊ လေဖြန်းခြင်းကို သက်သာစေသည်။ အရိုးနှင့်သွားများကို ကောင်းစေသည်။ သွေးနှင့်ခွန်အားကို ဖြစ်စေသည်။ လန်းဆန်းစေသည်။ ထိုင်းမှိုင်းလေးလံခြင်း၊ နှလုံးတုန်ခြင်းကို ပျောက်စေသည်။ ခံတွင်းအရသာကို ကောင်းမွန်စေသည်။

ရှောက်ရွက်သည် နှလုံးအားကိုဖြစ်စေသည်။ အာရုံကြောများကို သန့်စွမ်းစေသည်။ အသားအရေကို စိုပြည်စေသည်။ မျက်စိအမြင်ကို ကြည်စေသည်။ နှုတ်ခမ်းနာ၊ အာလျှာတို့ကို ကာကွယ်ပေးသည်။

ရှောက်ရွက်သည် အာကာသဓာတ် ရရှိနိုင်သောကြောင့် လေဖြတ်ရောဂါ၊ ကိုယ်တစ်ခြမ်းသေရောဂါကို ကြက်ဟင်းခါးရွက်ထည့်၍ ဟင်းချိုလုပ်သောက်လျှင် ၎င်းရောဂါသက်သာပျောက်ကင်းစေသည်။

သဘော်ရွက်သည် ကင်ဆာရောဂါကို ပျောက်ကင်းစေသည်။ ကိုယ်တွင်းရောဂါများကို ပျောက်စေပါသည်။ သဘော်ရွက်ကိုစားလျှင် ကိုယ်တွင်းရှိ ကင်ဆာဆဲလ်များ၊ အလုံးများ၊ အကျိတ်များ တိုက်ဖျက်ပေးပါသည်။

ဆီးဖြူသီးသည် ဗီတာမင်-စီ အကြွယ်ဝဆုံး အသီးဖြစ်သည်။ ဦးခေါင်းနှင့်ပတ်သက်သည့် ရောဂါများပျောက်သည်။ နှလုံးရောဂါ၊ ဝက်ရူး အတက်ရောဂါ၊ လိပ်ခေါင်းရောဂါ၊ မျက်စိရောဂါ ပျောက်သည်။ အားတိုးစေသည်။ ရုပ်ပျို ကိုယ်နုစေသည်။ ကျန်းမာနုပျို အသက်ရှည်စေသည်။ ကိုယ်ခံအားကို ကောင်းစေသည်။

ကုလားပဲသည် ခန္ဓာကိုယ်ကို ကြီးထွားစေပြီး အားကို ရှိစေသည်။ ကိုယ်ခံအားကို တက်စေသည်။ ပရိုတင်းဓာတ်ပါရှိပြီး အသားဓာတ်ကို ရရှိစေသည်။ ကျန်းမာသန်စွမ်း သန်မာစေသည်။ ကိုလက်စထရောကို ကျစေသည်။ မကောင်းသော ကိုလက်စထရောများကို ကျစေပြီး ကောင်းမွန်သော ကိုလက်စထရောကို ကျစေခြင်း ဖြစ်ပါ...ည်။ ကလေးများကို ပဲအမျိုးမျိုးကျွေးလျှင် သန်မာစေသည်။

ဖန်ခါးသီးသည် အသက်ရှည်စေသော အသီးဖြစ်သည်။ ဝမ်းရောဂါ၊ နှလုံးပူလောင်သောရောဂါ၊ လေထသောရောဂါ၊ သရက်ရွက်ရောင်ရောဂါများ ပျောက်သည်။

အိန္ဒိယ ...းပုံသည် နေ့စဉ် အစာစားပြီး ဖန်ခါးသီးတစ်လုံးစားပြီး ဒ. ရေသမျှချပါက ထိုသူသည် ရောဂါအားလုံးကင်းလွတ်မည် ဟူ၍ဖြစ်သည်။

ပင်စိမ်းရွက်သည် သက်ကြီးရွယ်အိုများအတွက် ဖြစ်သည်။ ဦးနှောက်၊ အာရုံကြော၊ မျက်စိဂလင်းများကို အကျိုးပြုသည်။ ဉာဏ်ကို ထက်မြက်စေပြီး ကြွက်သားမျှင်များကို အားကောင်းစေသည်။ လေဖြတ်ခြင်းကို ကာကွယ် တားဆီးပေးပါသည်။

နေဂျူထိုင်ဝမ်း

❐



www.burmeseclassic.com

www.burmeseclassic.com

# နနွင်းနှင့် နနွင်းခါး အသုံးဝင်ပုံများ

ကိုကိုသက်(ရေနံ)

ကျွန်တော်သည် ဓာတ်သတ္တုရှာဖွေရေးတွင် ၅ နှစ်ခန့် အလုပ်ဝင်ခဲ့ရာ ဓာတ်သတ္တုရှာဖွေရေးနှင့် ပတ်သက်၍ နယ်၊ မြို့၊ ရွာ အသီးသီးရောက်ခဲ့သည်။

ရောက်ခဲ့သည့် ဒေသအသီးသီးမှ ထားဝယ်မြို့ ဗျောတောဝရွာတွင် တိုင်းရင်းဆေးဆရာကြီး ဦးမျိုးချစ်နှင့် ရောက်တတ်ရာရာ ပြောဆိုရင်းမှ ဆရာကြီး ပြောပြသော နနွင်း အကြောင်းမှာ အတော်ပင် စိုးလင်လှပါသည်။

ဆရာကြီး ပြောပြခဲ့သည်များကို မှတ်တမ်းပြု၍ စာဖတ်သူတို့အား ဗဟုသုတအဖြစ် ဝေငှပေးလိုက်ပါသည်။ ဆရာကြီးနှင့် တွေ့ဆုံခဲ့သည်မှာ ၁၉၈၅ ခုနှစ်က ဖြစ်ပါသည်။

ဆန်လွှတ် နနွင်းမှုန့်စစ်စစ်ကို အမျိုးသမီးငယ်များ အပျိုဖော်ဝင်ပြီးနောက် အသားများလှပလာစေရန် ညအိပ်ရာဝင်ခါနီးတိုင်း ရေဖြင့် သွက်သွက်ဖျော်ပြီး မျက်နှာအပါအဝင် တစ်ကိုယ်လုံးလူးပြီးမှ အိပ်ရာဝင်ပါ။ ကိုယ်တွင်းရှိ အခိုးအငွေ့များထွက်ပြီး အသားအရေ စိုပြည်ဝင်းဝါလာပါမည်။

အမျိုးသမီးများ ကိုယ်ဝန်ရှိစဉ် ကိုယ်ငွေ့ဓာတ် ကောင်းလာစေရန်



နေ့စဉ် နနွင်းဆေးလုံး သောက်သုံးပေးရသည်။ ဝမ်းချုပ်လျှင် ဝမ်းပျော့စေပါသည်။ ကိုယ်ဝန်ရှိစဉ် အသားများ အေးနေခြင်း၊ သွေးအေးနေခြင်းရှိလျှင် နနွင်းဆေးလုံးမှန်မှန်သောက်၍ နနွင်းမှုန့်ကို ဖျော်ပြီး တစ်ကိုယ်လုံး လိမ်းပေးရပါသည်။

ကလေးမီးဖွားပြီးနောက် သောကကြောင့်ဖြစ်စေ၊ ဒေါသကြောင့်ဖြစ်စေ၊ ကြောက်လန့်ခြင်းကြောင့်ဖြစ်စေ၊ သွေးတက်ခဲ့သော် နနွင်းမှုန့်ကို မီးခဲပေါ်တင်ပြီး မှိုင်းတိုက်ပေးရသည်။ ချွေးများ ဖြိုင်ဖြိုင်ထွက်လာပါလိမ့်မည်။ ကလေးမွေးပြီးနောက် အမျိုးသမီးများ အသားအရေအေးခြင်း၊ ချည့်ခြင်း၊ ထုံခြင်း ဖြစ်လာပါက နနွင်းဆေးလုံးကို သောက်ပေးပါ။ ထို့ပြင် နနွင်းနှင့်နှမ်းဆီ ရောပြီး ဆုပ်နယ်လူးပေးရသည်။

ကလေးမွေးဖွားပြီးလျှင် အချို့မှာ သွေးပုပ်များကန်ပြီး တစ်ကိုယ်လုံး ဖောရောင်လာတတ်ပါသည်။ ထိုအခါ နနွင်းဆေးလုံးကို သောက်ပေးပါ။ ထို့နောက် နနွင်းပြုတ်ရည်ဖြင့် ရေချိုးပေးပါ။ ဤသို့ချိုးပြီး တစ်ကိုယ်လုံးကို နှမ်းဆီနှင့် နနွင်းရောစပ်ကာ လိမ်းပေးရပါမည်။

နနွင်းမှုန့်သည် ပိုးမွှားများကို နိုင်နင်းပါသည်။ ထို့ကြောင့် ပုရွက်ဆိတ်နှင့်ခြများတက်လျှင် နနွင်းမှုန့်ကို ဖြူးပေးခြင်း၊ ရေနှင့်ဖျော်ပြီး လောင်းပေးခြင်းပြုလျှင် ပုရွက်ဆိတ်နှင့်ခြများ ပြေးပါသည်။ ပျောက်သွားပါသည်။

အတွင်းကြေဒဏ်ရာရလျှင် ထိခိုက်၍ ရောင်ရမ်းလျှင်၊ အကြောများတက်လျှင်၊ ကိုက်ခဲလျှင် ဆန်လွှတ်နနွင်းနှင့် ကွမ်းစားထုံးကို ဆတူရောဖျော်ပြီး မှန်မှန်လိမ်းပေးပါက ရောဂါဝေဒနာများ ပျောက်ကင်းပါသည်။

နနွင်းခါးကို မြန်မာလူမျိုးတို့ အသက်ရှည်ရေး၊ ကျန်းမာရေးအတွက် ဆေးဖက်ဝင်ပစ္စည်းအဖြစ် အသုံးပြုကြသည်။ အထူးသဖြင့် နနွင်းခါးကို ရသာယန အသက်ရှည်ဆေးအဖြစ်လည်း မှီဝဲသုံးဆောင်ကြပါသည်။ အသုံးပြုပုံမှာ သန့်ရှင်းလတ်ဆတ်သော နနွင်းခါးကို အမှုန့်ပြုလုပ်ပါ။ ထို့နောက် ထမင်းရည်ဖြင့် အလောတော်ရောနယ်ကာ ဆီးကင်းခန့် အလုံးကလေးများ လုံးထားပါ။ ထို့နောက် အရိပ်တွင် သွေ့ခြောက်အောင် လှန်းရသည်။

ထိုနနွင်းခါး ဆေးလုံးကလေးများကို မိမိကိုယ်နှင့် ချင့်ချိန်ပြီး နေ့စဉ် ၂ လုံးမှ ၅ လုံးအထိ သောက်သုံးနိုင်ပါသည်။ ထိုနနွင်းခါး ဆေးလုံးလေးများကို နေ့စဉ်မှန်မှန် သောက်သုံးသွားခြင်းဖြင့် သွေးတိုး၊ ဆီးချို၊ သွေးချို၊ နှလုံးသွေးကြောကျဉ်၊ အစာအိမ်ရောဂါ၊ လေငန်းရောဂါနှင့် အဝလွန် အဆီပိုရောဂါများကို သက်သာပျောက်ကင်းစေပါသည်။ နနွင်းခါးဆေးလုံးများသည် ဝမ်းချုပ်လျှင် ဝမ်းမှန်စေပါသည်။ ဝမ်းပျော့စေပါသည်။

မှတ်ချက် ။ ။ ၁၉၉၃ ခုနှစ်က ကွယ်လွန်သွားသော ထားဝယ်မြို့ ဗျောတောဝရွာမှ တိုင်းရင်းဆေးဆရာကြီး ဦးမျိုးချစ်ကို ဤစာမူဖြင့် ရိုသေစွာ ကန်တော့အပ်ပါသည်။

ကိုကိုသက်(ရေနံ)

❒



www.burmeseclassic.com

www.burmeseclassic.com

# လေဖြတ်ရောဂါ ကာကွယ်စောင့်ရှောက်နည်း

ဒေါက်တာနိုးမြင့်(ကချင်ခေမြ)



**လေဖြတ်လေငန်းရောဂါ** - လေဖြတ်ရောဂါသည် လူသတ္တဝါ၌ ဖြစ်တတ်သောရောဂါဘယများထဲတွင် ကြောက်စရာအကောင်းဆုံး ရောဂါတစ်မျိုးဖြစ်သည်။ AIDSရောဂါနှင့် ကင်ဆာရောဂါ စွဲကပ်ခံရလျှင် သွားလာလှုပ်ရှားနိုင်ကာ ကိုယ့်ကိစ္စကိုယ်ဆောင်ရွက်လျက် ဆက်လက်ရှင်သန်နိုင်သော်လည်း လေဖြတ်ခံရပါက မလှုပ်မရှားနိုင်ဘဲ သက်ရှိ လူသေဘဝမျိုးနှင့် အသက်ကုန်ဆုံးသည်ထိ ခံစားသွားရမည်ဖြစ်သည်။

သို့ဖြစ်၍ လေဖြတ် လေငန်းရောဂါနှင့်ကင်းအောင် ဆင်ခြင်၍ စားသောက်နေထိုင်သွားရန်နှင့် ကာကွယ်တားဆီးနိုင်မည့် ဆေးပညာဗဟုသုတရှုထောင့်အတွေ့အကြုံများကို သိရှိထားရန် လိုအပ်ပေလိမ့်မည်။

လေဖြတ်လေငန်း ဖြစ်ရသည့်အကြောင်းရင်းများမှာ (၁) အချိုအဆိမ့်အဆီဓာတ်များကို နှစ်ခြိုက်စွာ အမြဲလိုလို စားသုံးခြင်းကြောင့် အဝလွန်နေသူများ၊ (၂) ကိုယ်လက်လှုပ်ရှားမှုနည်းသော အသက်အရွယ်ကြီးသူများ၊ (၃) မကောင်းသော CHOLESTROL LEVELS အဆီဓာတ်တိုးပွားစေတတ်သည့် စားအုန်းဆီ၊ ခဲလွယ်သော ဝက်ဆီ၊ အမဲဆီ အစရှိသော ပြည့်ဝအဲဆီများကို အလွန်အကျွံ စားသုံးနေသူများ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် ကင်းဝေးသူများတွင် လေဖြတ်လေငန်းရောဂါ သိသိသာသာ ဖြစ်လွယ်တတ်ပါသည်။

မကောင်းသော ကိုလက်စထရော အဆီဓာတ်များ တိုးပွားစေသည့် အစားအစာများကို လိုလိုလားလား



© Alamy



www.burmeseclassic.com

www.burmeseclassic.com



စားသုံးကြသည့်ပြင် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဆီဓာတ်များ တိုးလာကာ သွေးလေသွားလာမှု နည်းလာပြီး သွေးကြောကျဉ်းခြင်း၊ လေဖြတ်လေငန်းဖြစ်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်းစသော ရောဂါဆိုးများကို ဖြစ်စေခြင်း ဖြစ်ပါသည်။

**သွေးကြောကျဉ်းခြင်းနှင့် လေဖြတ်ရောဂါ** - သွေးကြောအတွင်းရှိ သွေးလျှောက်လမ်းများ၏ နံရံများတွင် မကောင်းသောအဆီဓာတ်ခဲများ ကပ်ငြိခံရကာ တဖြည်းဖြည်းချင်း အဆီပြင် ထူလာသဖြင့် သွေးလျှောက်လမ်း ကျဉ်းမြောင်းလာစေ၍ သွေးလျှောက်နည်းလာခြင်းကို သွေးကြောကျဉ်းရောဂါဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ ယင်းသွေးကြောကျဉ်းရောဂါမှတစ်ဆင့် အလွန်ကြောက်စရာကောင်းသော လေဖြတ်ရောဂါအတွက် လမ်းပွင့်သွားစေနိုင်ပါသည်။

အခြေခံအားဖြင့် ငယ်ရွယ်စဉ်မှစ၍ အဆီခဲများ တဖြည်းဖြည်းထူလာကာ နှစ်ပေါင်း ကြာလာပြီး အရွယ်ရောက်လာသည့်အခါ ရောဂါလက္ခဏာပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် လေဖြတ်စေခြင်းကို အခြေခံသော သွေးကြောကျဉ်းရောဂါကို ရောဂါလက္ခဏာမပေါ်မီ အစားအသောက်အနေအထိုင်တို့ဖြင့် ကြိုတင်ကာကွယ်ရပါမည်။

သွေးကြောကျဉ်းရောဂါကို ကြိုတင်ကာကွယ်ခြင်းမပြုဘဲ လျစ်လျူရှုထားပါက ဆိုးရွားသော နောက်ဆက်တွဲပြဿနာများဖြစ်သည့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးပိတ်ခြင်း၊ လေဖြတ်ခံရခြင်းများဖြင့် ဆေးကုသမှုခံယူခွင့်မရမီ ရုတ်ခြည်း အသက်ဆုံးရှုံးခံရတတ်သည် (သို့) ရောဂါသည် ဖြစ်သွားနိုင်ပါသည်။

လေဖြတ်ခြင်း ဝေဒနာဖြစ်စေမည့် သွေးကြောကျဉ်းရောဂါကို ရောဂါလက္ခဏာတွေ့ရမှ ကုသမှုခံယူခြင်းထက် ကြိုတင်ကာကွယ်ခြင်းကို ဦးစားပေးလုပ်ဆောင်သင့်သည်။ ကြိုတင်ကာကွယ်ခြင်းအတွက် လိုက်နာရမည့်အချက်များမှာ (၁) ဆေးလိပ်သောက်ခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။ (၂) ကျန်းမာရေးနှင့် ညီညွတ်စေမည့် အစားအာဟာရများကို ရွေးချယ်စားသုံးရမည်။ (၃) နေ့စဉ် မိမိတို့နှင့် ကိုက်ညီနိုင်မည့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတစ်မျိုးမျိုးကို လေ့ကျင့်ပြုလုပ်ပေးရမည်။ ဥပမာ ခေါင်း၊ ကိုယ်၊ လက်၊ ခါး၊ ခြေ လှုပ်ရှားမှုလေ့ကျင့်ခန်းလုပ်ခြင်း၊ အမြန်လျှောက်ခြင်း၊ အနှေးပြေးခြင်းများကို ပြုလုပ်ပေးနိုင်သည်။ (၄) ခန္ဓာကိုယ်သွေးပေါင်ချိန်ကို အထက် ၁၄၀၊ အောက် ၉၀ အတွင်း ထိန်းထားရမည်။ ဆီးချိုသွေးချိုရှိသူများဖြစ်ပါက အထက်သွေး ၁၃၀ နှင့် အောက်သွေး ၈၀ အတွင်း ထားရှိသင့်သည်။ (၅) ဆီးချိုသွေးချိုရှိသူများသည် သွေးအချိုဓာတ်ကို ပုံမှန်ဖြစ်အောင် ထိန်းထားရမည်။ (၆) နှလုံးသွေးကြောကျဉ်းရောဂါရှိပြီး ဆီးချိုသွေးချိုရောဂါခံစားနေရသောသူများဖြစ်က ဆရာဝန်ကြီးများ၏ ကုသမှုခံယူသင့်သည်။ (၇) ပြည့်ဝအဆီများအစား ဟင်းသီးဟင်းရွက်နှင့် ငါးမှရသော မပြည့်ဝအဆီများကို အစားထိုး စားသုံးသင့်သည်။ ရိုးရာဆေးမြီးတို ဆေးမြီးရှည်များဖြင့် လက်ပူတိုက် ကုသခြင်းမှ အထူးရှောင်ကြဉ်သင့်ပါသည်။

သက်ကြီးရွယ်အိုများ၊ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လာပါက ပုံမှန်နှင့် ပုံမှန်မဟုတ်သော လက္ခဏာများကိုပါ ပြလာတတ်ပါသည်။ အထူးသဖြင့် (၁) ရင်ဘတ်အောင့်ခြင်း၊ (၂) ရင်ပူခြင်း၊ (၃) အသက်ရှူကျပ်လာတတ်ခြင်း၊ (၄) မူးမော်သတိလစ်တတ်ခြင်း၊ (၅) စိတ်မတည်ငြိမ် ဇဝေဇဝါဖြစ်လာတတ်ခြင်း၊ (၆) မောပန်းလွယ်ခြင်း အစရှိသော လက္ခဏာများဖြစ်သည်။

**သွေးကြောကျဉ်းရောဂါကို ကာကွယ်ခြင်း** - ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်းများကို ပုံမှန်လုပ်ပေးခြင်းဖြင့် ခန္ဓာကိုယ် အဆီဓာတ်ပမာဏကို လျော့ကျစေပြီး လေဖြတ်ခြင်းကို အခြေခံသည့် သွေးကြောကျဉ်း ရောဂါကို လျော့နည်းသက်သက်သာစေနိုင်သည်။ ထို့မှတစ်ဆင့် ဆီးချိုရောဂါအတွက် အင်ဆူလင်အာနိသင်ကို တက်ကြွစေသဖြင့် ဆီးချိုသွေးချိုရောဂါကိုလည်း ပုံမှန်အနေ





www.burmeseclassic.com

www.burmeseclassic.com

အထား၌ ထိန်းထားပေးနိုင်သည်။ သို့ဖြစ်၍ သက်ကြီးရွယ်အိုများ လေဖြတ်ခြင်းမှ ကင်းဝေးကြ၍ ကျန်းမာအသက်ရှည်စွာ နေထိုင်သွားနိုင်ရေးအတွက် မိမိတို့နှစ်သက်သော လေ့ကျင့်ခန်းများကို ပုံမှန်လုပ်သွားသင့်ပါသည်။

သွေးကြောကျဉ်းရောဂါ ကြောင့် လေဖြတ်သောဝေဒနာ ဖြစ်ရခြင်းသည် သက်ကြီးရွယ်အိုများ၌သာ အဖြစ်များတတ်သည်ဆိုသော်လည်း ယခုအခါ လူလတ်ပိုင်းအတွင်း ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။ ထို့ကြောင့် အရွယ်မရွေး ကျန်းမာရေး အသိတရားနှင့် ကြိုတင်ကာကွယ်နိုင်မည် ဆိုပါက လေဖြတ်သောဝေဒနာမှ ကင်းဝေးနိုင်ပါလိမ့်မည်။ သွေးကြောကျဉ်း၍ လေဖြတ်ခံရခြင်း၏ အဓိကတရားခံမှာ မကောင်းသောLDL ကိုလက်စထရောအဆီဓာတ်များကြောင့် ဖြစ်ရခြင်းဖြစ်သည်။ သို့ဖြစ်၍ အဆီစားခြင်းကို သတိနှင့်စားသုံးသင့်သည်။

သွေးကြောနံရံများတွင် တွယ်ကပ်နေသော သွေးအဆီခဲများ ထူလာ၍ အခဲလိုက်ကွေ့ကျလာပြီး ဦးနှောက်သွေးကြောပိတ်သွားသဖြင့် လေဖြတ်ခံရဖြစ်သောကြောင့် သွေးကြောကျဉ်းရောဂါမဖြစ်အောင် (၁) မကောင်းသောသွေးအဆီခဲဖြစ်စေမည့် စားအုန်းဆီ၊ တိရစ္ဆာန်အဆီ၊ ထောပတ်ဆီများကို ဆင်ခြင်စားသုံးရမည်။ (၂) ကောင်းသော HDL ကိုလက်စထရော အဆီဓာတ်များတက်စေရန် ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပေးရမည်။ (၃) ကိုယ်အလေးချိန်ကို ပုံမှန်အနေအထားဖြစ်အောင် လျှော့ချပေးရမည်။ (၄) ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်းကို အထူးရှောင်ကြဉ်ရမည်။ (၅) သွေးတိုးနှင့် ဆီးချိုသွေးချို ရှိသူများဖြစ်ပါက သွေးပေါင်ချိန်မှန်အောင် အစဉ်ဂရုစိုက်သွားရမည်။ သမားတော်များ၏ ကုသမှုခံယူသင့်သည်။ (၆) အချို အငန် အဆီအဆိမ့်များကို လျှော့စားရမည်။ (၇) လတ်ဆတ်ကောင်းမွန်သော ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို များများစားသုံးပေးနိုင်သည်။ (၈) ကျန်းမာရေးလိုက်စားခြင်းများကို လိုက်နာ လုပ်ဆောင်ပေးရမည်။



ACE INHIBIOR အုပ်စုဝင်ဆေးများသည် နှလုံးကြွက်သားများကို ပြန်လည်ကောင်းမွန်လာစေနိုင်ပြီး သွေးကြောများကို ကောင်းစေ၍ လူ့သက်တမ်းရှည်စေနိုင်သည်။ FOLICACID ဗီကာမင်ဓာတ်သည် နှလုံးသွေးကြောနှင့် သွေးကြောကျဉ်းရောဂါများကို လျော့နည်းစေနိုင်သည်။ လူတိုင်းသိသော ASPIRIN ဆေးပြားများသည် သွေးကို ကျဲစေပြီး သွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်းများကို ကောင်းစေနိုင်သည် ဆိုသော်လည်း ဆရာဝန်များ၏ ညွှန်ကြားမှုဖြင့်သာ သုံးစွဲသင့်သည်။ OMEGA 3 FATTY ACID ဓာတ်ပါဝင်သော ငါးနှင့်ငါးကြီးဆီများကို စားသုံးပေးပါက နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်းများကို လျော့နည်းသက်သာစေနိုင်ပါသည်။

**သွေးတိုးနှင့်လေဖြတ်ရောဂါ** - သွေးတိုးနှင့်ဆက်နွယ်နေသော ၁လေဖြတ်လေငန်းရောဂါသည် မူးဝေခြင်း၊ ဇက်လေးဇက်ကြောတက်ခြင်း၊ မျက်စိမှုန်ခြင်း၊ ပါးစပ်အနံ့မကောင်းခြင်း၊ ဝမ်းချုပ်ခြင်း၊ စိတ်မြန်စိတ်တိုလွယ်ခြင်း၊ ဝန်တိုစိတ်



အားငယ်တတ်ခြင်း၊ ခေါင်းထိုးခေါင်းကိုက်ခြင်းများ မကြာခဏ ဖြစ်တတ်ပါသည်။ 'လေငန်းအစ သွေးတိုးက' အဆိုရှိလေ၏။ သွေးတိုးရောဂါမှ အစပြု၍ လေဖြတ်လေငန်းရောဂါ ဖြစ်လာတတ်သောကြောင့် သွေးခဲသွေးလေးစေမည့် အစားအစာများနှင့် သွေးကြောကျဉ်းစေ၍ နှလုံးကို ဒုက္ခဖြစ်စေမည့် အစားအစာသောက်များကို ရှောင်ကြဉ်ရပါမည်။ အထူးသဖြင့် သွေးပေါင်ချိန်တက်စေမည့် အစားအသောက်များနှင့် အငန်ဓာတ်လွန်ကဲသော ငါးပိ၊ ငါးခြောက်၊ ဆားနယ်အစားအစာများ၊ ပြည့်ဝအဆီစာများ ရှောင်ရှားကြရမည်။ ကိုယ်ခန္ဓာပေါင်ချိန်တိုးစေမည့် အချိုဓာတ်၊ အဆိမ့်ဓာတ်၊ အဆီဓာတ်လွန်ကဲသော ပေါ်ပင်စာများကို ရှောင်ကြဉ်ရပါမည်။

**လေဖြတ်မည့်လက္ခဏာများ** - လေဖြတ်မည့် ရှေ့ပြေးလက္ခဏာများမှာ (၁) ဆီးနည်းပြီး ဆီးမကြာခဏသွားတတ်မည်၊ (၂) ဆီးသွားပြီးနောက် ဆီးကျန်နေတတ်မည်၊ (၃) ဆီးသွားခြင်းကို အားမရဖြစ်နေတတ်မည်၊ (၄) ဝမ်းချုပ်ခြင်း၊ ဝမ်းများခြင်း ဖြစ်တတ်မည်၊ (၅) အမြဲလိုလို အစာစားလိုစိတ် ဖြစ်နေတတ်မည်၊ (၆) လေချုပ်ခြင်း၊ သလိပ်ကပ်ခြင်း မကြာခဏဖြစ်တတ်မည်၊ (၇) အခါခပ်သိမ်း အန်ချင်စိတ်ဖြစ်နေတတ်မည်။ ယင်းသို့ဖြစ်လာလျှင် တတ်ကျွမ်း





www.burmeseclassic.com

www.burmeseclassic.com

သော ဆရာဝန် သမားတော်များနှင့် ကုသမှု ခံယူသင့်ပါသည်။

ကာကွယ်နိုင်မည့် အစားအစာများမှာ ကြောင်လျှာရွက်၊ ကြက်ဟင်းခါးရွက်၊ မြင်းခွာရွက်၊ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက် အစရှိသော အသီးအရွက်များကို စားသုံးပေးနိုင်သည်။

လေဖြတ်လေငန်း ဖြစ်ခြင်းကို အစားအစာတစ်မျိုးတည်းနှင့်သာ ကာကွယ်နိုင်မည်မဟုတ်ပါ။ အအိပ်အနေလည်း ဆင်ခြင်ရပါမည်။ ညအပုပ်ချိန်တွင် အေးမြသော ရေကို ချိုးခြင်း၊ လေစိမ်းတိုက်ခံခြင်း၊ ပန်ကာလေခံခြင်း၊ အချိန်ကြာမြင့်စွာ ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ အကာအကွယ်မရှိသော ဟာလာဟင်းလင်းတွင် အိပ်စက်ခြင်း၊ အထူးသဖြင့် အအေးခန်းတွင် ကိုယ်တုံးလုံး အိပ်ပျော်ခြင်း၊ သမံတလင်းများပေါ်၌ ကြာမြင့်စွာ အိပ်စက်ခြင်းများကို ရှောင်ကြဉ်ရမည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးသူဖြစ်က အထူးသတိထားရပါမည်။

ကျန်းမာနေသူဖြစ်သော်လည်း သွေးသားလည်ပတ်မှုမှန်စေရန်၊ အစာကြေဝမ်းမှန်စေရန်၊ ခန္ဓာကိုယ်စွမ်းအားမြင့်မားစေရန်နှင့် ကျန်းမာသန်စွမ်း ရောဂါကင်းဝေးစေနိုင်ရန် နေ့စဉ် လေ့ကျင့်ခန်း လုပ်ပေးသင့်ပါသည်။ ငယ်စဉ်တောင်ကျေး ဘဝကတည်းက မိဘ၏ စောင့်ရှောက်မှုဖြင့် ကျန်းမာရေးနှင့် ညီညွတ်အောင်နေထိုင်သော မိသားစုများတွင် အသက်ရှည်ကျန်းမာ ဉာဏ်ရည်ဖွံ့ဖြိုးပြီး လွန်စွာကြောက်စရာကောင်းသော ရောဂါဘယအပေါင်းတို့မှ ကင်းပစေနိုင်သည်။ ကျန်းမာရေးကို ကလေးဘဝမှစ၍ စတင်ပြုစု ပျိုးထောင်သွားရမည် ဖြစ်ပါသည်။

ရောဂါဝေဒနာ မှန်သမျှသည် ခန္ဓာကိုယ်အစိတ်အပိုင်း တစ်မျိုးစ နှစ်မျိုးစ ပျက်စီးနေရုံမျှလောက်နှင့် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ဘက်စုံထိခိုက်ပျက်စီးမှုများနှင့်ကြုံလာမှ ဆိုးဝါးသော ရောဂါလက္ခဏာပေါ်လာခြင်းဖြစ်သည်။ သို့ဖြစ်၍ လေဖြတ်လေငန်းမဖြစ်အောင် ကင်ဆာရောဂါနှင့်ကင်းအောင် အဆုတ်အသည်း၊ နှလုံး၊ ကျောက်ကပ်နှင့် သွေးကြောကျဉ်းရောဂါအပေါင်းတို့မှ ကင်းဝေးအောင် ကျန်းမာရေး ဗဟုသုတကြွယ်ဝပြီး အနေအထိုင် အစားအသောက်မှစ၍ ဘက်စုံကျန်းမာရေး လိုက်စားရန် လိုအပ်ပါလိမ့်မည်။

**ရုတ်ခြည်းလေဖြတ်ခံရလျှင်** - လူတစ်ဦးတစ်ယောက်သည် မမျှော်လင့်ထားဘဲ ရုတ်တရက် လေဖြတ်ခံရသည်ဆိုပါက သိလျှင်သိချင်း လေဖြတ်ခံရသော လူနာကို နေရာရွှေ့ပြောင်းခြင်း မပြုဘဲ နဂိုမူလ လေဖြတ်ခံရသော နေရာတွင် ဆက်ထားပြီး ပြုစုပေးရမည်။ အလျင်လို၍ လူနာကို ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ် ရွှေ့ပြောင်းမိပါက လှုပ်ရှားမှုများကြောင့် ဦးနှောက်သွေးကြောများ အလျင်အမြန် ပေါက်ကွဲသွားစေနိုင်ပြီး လေဖြတ်သော ဝေဒနာ အခြေအနေကို မူလထက် ပိုမိုဆိုးရွားသွားစေပြီး ကုသမှုခက်ခဲစေနိုင်သည်။

သို့ဖြစ်၍ လေဖြတ်လူနာကို အသာအယာလေး မူလနေရာမှ ရွှေ့ပြောင်းထူမပေးပြီးလျှင် သက်သက်သာသာရှိအောင် လဲမကျသွားအောင် အမှီသဟဲပြုလုပ်ထားပေး၍ သက်သောင့်သက်သာ မှိန်းထိုင် ထိုင်နေစေရမည်။ လူနာကိုယ်တိုင်တစ်ဦးတည်း ထိုင်နိုင်သော အခြေအနေမျိုးမရှိပါက အခြားသူတစ်ဦးမှ ထိန်းပေး ထူမပေးထားရမည်။ ပြီးလျှင် အနီးဆုံးဆေးရုံသို့ ပို့ဆောင်ပေးပြီး သမားတော်များ၏ ကုသမှု ခံယူစေရမည်။

အကယ်၍ ဆေးရုံဆေးခန်းနှင့် မနီးသော အရပ်ဒေသမျိုးဖြစ်ပါက လူနာကို သက်သက်သာသာ ထူထားပေးပြီးနောက် ပိုးသတ်ထားသော တစ်ခါသုံးဆေးထိုးအပ် (သို့) မီးရှို့ပြီးသင်းထားသော လက်ချုပ်အပ် ရရာတစ်ခုခုဖြင့် လူနာ၏ လက်ချောင်းဆယ်ချောင်းစလုံး၏ လက်ထိပ်ဖျားများကို သွေးစီးထွက်လာသည်ထိ သွေးဖောက်ပေးရမည်။ လက်ဖျားထိပ်များတွင် အပ်ဖြင့် သွေးဖောက်ပေးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် သွေးထွက်မလာပါက သွေးထွက်လာသည်ထိ လက်ချောင်းဆယ်ချောင်းစလုံးကို ဖျစ်ညှစ်ပေးရပါသည်။

လူနာ၏ သွေးဖောက်ပေးထားသော လက်ချောင်းဆယ်ချောင်းစလုံးမှ သွေးပဲစေ့ခန့် ထွက်လာလျှင် သတိရှိသော လူနာဖြစ်ပါက သက်သာလာမည်ဖြစ်ပြီး သတိမေ့နေသော လူနာဖြစ်သော် သတိပြန်လည်လာပါလိမ့်မည်။

ယခု တင်ပြသော လေဖြတ်လူနာပြုစုနည်းသည် ရှေးဟောင်းတရုတ်သမားတော်တို့၏ လေဖြတ်ခံရသော လူနာများကို ရှေးဦး သူနာပြုနည်းဖြင့် အသက်ကယ် စောင့်ရှောက်ကုသပေးခဲ့သော နည်းများဖြစ်ပါသည်။

**ပါးရွဲ့စောင်းနေလျှင်** - လေဖြတ်ခံထားရသောလူနာသည် ပါးစပ်ရွဲ့စောင်းနေမည်ဆိုပါက လူနာ၏နားနှစ်ဖက်စလုံးကို နီမြန်းလာသည်ထိ လက်ဝါးဖြင့် မနားတမ်း ပွတ်သပ်ပေးရမည်။ နားအနွေးဓာတ် ရလာလျှင် ပိုးသတ်ထားသော တစ်ခါသုံးအပ်နှင့်ဖြစ်စေ (သို့) မီးရှို့ကာကွယ်ထားသော လက်ချုပ်အပ်နှင့်ဖြစ်စေ၊ နားရွက်တစ်ဖက်တစ်ချက်စီ၏ နားဖောက်ရသည့် အသားပျော့အောက်နားအစွန်းတွင် အပေါက်နှစ်ပေါက်စီ ဖောက်ပေးရမည်။ ထိုသို့ အပ်နှင့် ဖောက်ပေးထားသော နားရွက်ပေါက်မှ သွေးများ စီးထွက်လာလျှင် အချိန်တိုမိနစ်ပိုင်းအတွင်း ရွဲ့စောင်းနေသော ပါးစပ်မူလအတိုင်း ပြန်ကောင်းလာပါလိမ့်မည်။

မည်သို့ပင်ဆိုစေကာမူ တစ်ကြိမ်တစ်ခါမျှသာ လေဖြတ်ဖူးသူများသည်





www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် လေမဖြတ်အောင် သမားတော်ဆရာဝန်ကြီးများ၏ လမ်းညွှန်မှုကို ခံယူကြပြီး အစားအသောက် အနေအထိုင် ဆင်ခြင်ကြပြီး လေ့ကျင့်ခန်း မှန်မှန်လုပ်သွားရင်း သတိသမ္ပဇဉ်ကြီးကြီးနှင့် နေထိုင် ကျင့်ကြံသွားကြမည်ဆိုလျှင် ဘေးအန္တရာယ်ကင်းစွာဖြင့် သက်တမ်းစေ့ နေထိုင်သွားနိုင်ပါလိမ့်မည်။ မဆင်ခြင်၍ ဒုတိယအကြိမ် လေဖြတ်ခံရမည် ဆိုပါက အသက်ဆုံးရှုံးသည်ထိ အခြေအနေ ဆိုးဝါးသွားနိုင်ပါသည်။

ခေတ်မီ ဆေးပညာရှင်များ၏ အဆိုအရ လေဖြတ်ခံရခြင်းသည် သွေးကြောကျဉ်း၍ ပိတ်ဆို့သွားခြင်း (သို့) သွေးကြော ပေါက်သွားခြင်းတို့ကြောင့် ဖြစ်ရခြင်းဖြစ်သည်ဟူ၍ ဖြစ်လေ၏။ သို့ဖြစ်သောကြောင့် သွေးကျဲဆေးနှင့် သွေးပျစ်ခဲခြင်းမှ ကာကွယ်ပေးနိုင်သော ဓာတ်စာများကို စားသုံးမှီဝဲ၍ ထိန်းထားနိုင်သည်။ တစ်နေ့လျှင် ကြက်သွန်ဖြူဥကြီးနှစ်လုံးခန့် စားသုံးပေးခြင်းဖြင့် သွေးလည်ပတ်မှု မှန်စေနိုင်သည်။

အကယ်၍ မမျှော်လင့်ထားဘဲ လေဖြတ်ခံရပါက ဆေးမြီးတိုနှင့် စမ်းတဝါးဝါးကုနေမည့်အစား အမြန်ဆုံး နီးစပ်ရာဆေးရုံဆေးခန်းသို့ပို့ဆောင်၍ ကျွမ်းကျင်သော သမားတော်ဆရာဝန်ကြီးများ၏ကုသမှုကို ခံယူခြင်းသည် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ လေတစ်ကြိမ်ဖြတ်ဘူးသူများဖြစ်က အထူးသတိထားရန် လိုအပ်ပါသည်။

**လူနာစောင့်ရှောက်နည်း** - လေဖြတ်ခံထားရသော်လူနာကို အထက်ပါနည်းများအတိုင်း ပြုစုစောင့်ရှောက်ထားပြီးနောက် အနီးစပ်ဆုံးဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်ပေးရမည့်အချက်သည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ အချိန်လု၍ အသက်ကယ်ကုသပေးရမည်ဖြစ်သောကြောင့် အမြန်ဆုံး ပို့ဆောင်ပေးရပါမည်။

လူနာ စောင့်ရှောက်နည်းများမှာ မတ်တပ်ရပ်နိုင်သော လူနာဖြစ်ပါက လက်တွဲ၍ လေ့ကျင့်ခန်း မှန်မှန်လုပ်ဆောင်ပေးရမည်။ လမ်းလျှောက်နိုင်သော လူနာဖြစ်က မိမိတို့ကိုယ်တိုင် သက်တောင့်သက်သာ လေ့ကျင့်ခန်း လုပ်ပေးပါ။ နေ့စဉ်လမ်းပုံမှန်လျှောက်ပေးရမည်။ ဆေးမှန်မှန် မှီဝဲသောက်သုံးပေးရမည်။

အိပ်ရာပေါ်လဲနေသော လူနာမျိုးဖြစ်ပါက အမြန်ဆုံးပြန်ကောင်းလာအောင် •ပြုစုစောင့်ရှောက်ပေးရမည်။ မတ်တတ်ရပ် လမ်းလျှောက်လာနိုင်အောင် ဖြည်းဖြည်းမှန်မှန်ကုသလေ့ကျင့်ပေး သွားရမည်။ အအိပ်အနေ အစားအသောက် ဂရုစိုက်၍ ပြုစုရမည်။

စိတ်ဓာတ်မကျအောင် စိတ်ချမ်းသာအောင် ထားရမည်။ အမြန်ဆုံး ခွန်အားပြည့်ဖြိုးလာပြီး လှုပ်ရှား သွားလာနိုင်အောင် ဘေးကင်းပြီး အာဟာရဖြစ်စေမည့် အစားအသောက် ဓာတ်စာများကို အချိန်မှန် ကျွေးပေးရမည်။ မတည့်သော အစားအစာများကို အထူးရှောင်ကြဉ်ရပါမည်။

နာတာရှည် အိပ်ရာထဲ လဲနေသည့်လူနာဖြစ်ပါက လူနာ၏မိသားစုဝင်များသည် လူနာအတိုင်းအတာတစ်ခုထိ ကောင်းမွန်လာအောင် အချိန်ယူ၍ စိတ်ရှည်ရှည်နှင့် ပြုစုစောင့်ရှောက်ပေးသွားရမည်။ ဆရာဝန်ကြီးများ ညွှန်ကြားသော ဆေးဝါးနှင့် အစားအစာများကို မှန်မှန်တိုက်ကျွေးနေရင်း လူနာနှင့် လူနာရှင်များ အပေးအယူညီညီနှင့် နည်းလမ်းမှန်မှန်ပြုစု၍ လေ့ကျင့်ခန်းလုပ်သွားခြင်းဖြင့် အချို့လူနာများ ပြန်ကောင်းမွန်လာသလို အချို့လူနာများ မျှော်လင့်ချက်ထားနိုင်သည်ထိ သက်သာကောင်းမွန်လာကြသည်။

အကြောင်း အမျိုးမျိုးကြောင့် လေဖြတ်ခံထားရသောလူနာများကို ပစ်ပယ်မထားဘဲ စိတ်ဓာတ်၊ ရုပ်ဓာတ်မြင့်မားလာစေကာ နဂိုမူလအတိုင်း ပြန်လည်ကောင်းမွန် ကျန်းမာလာသည်ထိ လက်တွဲခေါ်ဆောင်သွားရမည်။ ဥပမာ- (၁) နှစ်သိမ့်မှု စိတ်ချမ်းသာမှုပေး၍ အနာဂတ်အတွက် မျှော်လင့်ချက်ရှိအောင် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ (၂) စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကို မူလ အခြေအနေရောက်အောင် ပြန်လည်မြှင့်တင်ပေးခြင်း၊ (၄) ကျန်းမာလာနိုင်မည့် နည်းလမ်းကောင်းများကို ဆွေးနွေးအကြံပေးခြင်း၊ (၅) လိုအပ်နေသော ဆေးဖိုးဝါးခများကို တစ်ပိုင်တစ်နိုင် ထောက်ပံ့ကူညီခြင်း၊ (၆) ရောဂါအတွက် အကူအညီ အထောက်အပံ့ရစေနိုင်မည့် နေရာဌာနများသို့ လမ်းညွှန်ပေးခြင်း (သို့) ပို့ဆောင်ပေးခြင်းများဖြင့် စောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

**တရုတ်အပ်စိုက်ကုထုံး** - အပ်စိုက်ကုထုံးနည်းပညာသည် ရောဂါအမျိုးမျိုးနှင့် အကြောအဆစ်အမြစ် ကြွက်သားတို့နှင့်ဆိုင်သော ရောဂါများကို ကုသ ပျောက်ကင်းစေနိုင်သည်ဟု ဆိုသည်။ အကယ်၍ လေဖြတ်ခံရသောရောဂါရှင် နှင့်ကြုံလာလျှင် တရုတ်အပ်စိုက်ကုထုံး နှင့် ကုသပေးနိုင်သည်။ အပ်စိုက်ကုထုံး နှင့် ပျောက်ကင်းနိုင်မည့် အနေအထား ရှိပြီး လူနာကိုယ်တိုင်က အပ်စိုက်ကုထုံး ကို ခံယူလိုသောဆန္ဒရှိလျှင် (သို့) ဆေး ရုံဆေးခန်းနှင့် လွန်စွာ အလှမ်းဝေး လျှင် လေဖြတ်လူနာကို ကျွမ်းကျင်သော အပ်စိုက်သမားတော် ပညာရှင်များ အပ်စိုက်ကုထုံးဖြင့် စနစ်တကျ ကုသ ပေးနိုင်သည်ဟုဆိုသည်။ မည်သို့သော နည်းလမ်းကောင်းများ ရှိနေစေကာ အဖိုးတန် အသက်လုယူရမည့်အချိန် အလဟဿ မဖြစ်စေဘဲ သမားတော် ဆရာဝန်များနှင့် ကုသမှုခံယူခြင်းသာ လျှင် အကောင်းဆုံး ဖြစ်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

ဓအာင်သုန်းမြင့်(တချင်း...

□




www.burmeseclassic.com

www.burmeseclassic.com

# ဆေးဆရာများ မှတ်စရာ

သုနန္ဒာစိုး(ရွှေရင်အေး)




တစ်နေ့သ၌ ကျွန်ုပ် ဗေဒင်ဆိုင်ခန်း ဖွင့်ထားရာ အိမ်အမှတ် (-----) ရွှေရင်အေးကျောင်းလမ်း၊ အမှတ် (၁၈) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ နှစ်ခေါက် သုံးခေါက် ယခင်ကလာဖူးသော ဆေးဆရာ (တိုင်းရင်းဆေးလက်မှတ်ရရှိသူ) ဦးမောင်နီ လွယ်အိတ်အစင်းကျားကြီးအား လွယ်လျက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိ၍ လာလေတော့၏။

"ဗျို့ . . . ဆရာမ နေကောင်းရဲ့နော်၊ ရှိမှ ရှိပါ့မလား လို့ဗျာ၊ ကျုံ့စုရွာက ဆရာကြီးဦးဆန်းဝင်းက ပြောတော့ ကျိုက်ထီးရိုးဘုရားဖူး သွားကြတယ်ပြောလို့ တွေ့ရတာ တော်သေးဗျာ"

"ဟုတ်တယ် . . . ဦးနီရေ ပြီးခဲ့တဲ့ (၂၃-၁၁-၂၀၁၃) နေ့က သွားတာပါ။ ၂၅ ရက်(တနင်္လာနေ့)က ပြန်ရောက်တယ်လေ၊ ပြန်ရောက်တာ သုံးလေးရက် ရှိပါပြီ၊ ကဲ. . . အမောဖြေ လက်ဖက်ရည်သောက်၊ ဒီတစ်ပတ် ကျွန်မ ဘာများ ကူညီပေးရမလဲရှင်"

"အင်း. . . ဆေးကုသမှုဘက်ကတော့ ပညာရပ်တွေ၊ ဆေးပစ္စည်းတွေ၊ ကုထုံးတွေ တတ်နိုင်သလောက် လေ့လာဖြည့်ဆည်းထားပါတယ် ဆရာမရယ်၊ ပြည့်စုံပြီဆိုတာတော့ မရှိဘူးပေါ့၊ အဲ . . . လိုတာ တစ်ခု သတိပြုမိတာ ရှိလို့ အဲဒါ လာတာပါ၊ ဥဏှ ပူဇော်ခလဲ တင်ပါတယ် ခင်ဗျာ၊ ကျွန်တော် သိချင်တာလေး ရှင်းပြပေးပါ ဆရာမ"

"ဪ . . . ဆေးဆရာများ လာခေါ်ရင် အချိန်အခါကြည့်ပြီး လိုက်သင့် မလိုက်သင့်၊ အင်း. . . ဗေဒင်ပညာမှာတော့ 'သက်ကြည့်ဗေဒင်' လို့ ခေါ်တယ်၊ ကဲ ဦးနီ လိုက်မှတ်ဖို့ အသင့်ပြင်ပေတော့"

ဆေးဆရာ လုပ်သူများသည် "ရက်ဆုံး ရက်ဖြတ် မာတ်ဆောင်း မာတ်ခိုက်၊ ချုပ်ဆိုသင့်ရာ၊ လက္ခဏာမည်ရည် မရှိသည့်ကို၊ နားလည်သသူ၊ လူတို့ချမ်းသာ ကောင်းကျိုးရှာက ကြေညာရပ်ပြည် ကျော်လိမ့်ရည်သည်" ဟူသော နရသုခိကျမ်းဆိုအရ လူနာတို့ ခေါ်လာခဲ့သည် ရှိသော





www.burmeseclassic.com

www.burmeseclassic.com

လိုက်သင့်၊ မလိုက်သင့် လူနာတို့ရဲ့ သေရက်၊ ရှင်ရက် စသည်တို့ကို နားလည်သင့်သည့် အားလျော်စွာ ဖော်ပြပါမယ်၊ ဆရာလုပ်သူများအနေနဲ့ ဒီနည်းနိဿယတွေကို သေသေချာချာ လေးလေးစားစား သတိထား မှတ်သားကြဖို့ လိုပါတယ်"

"ဟုတ်ကဲ့ပါ ဆရာမ၊ အမိန့်ရှိပါ"

## ဆရာများ မလိုက်သင့်သောအရပ်

**တနင်္ဂနွေသား** - ဖျားနာသဖြင့် ကြာသပတေးနေ့မှာ စနေအရပ်က လာခေါ်တယ်ဆိုရင် ဒါ မလိုက်ရဘူး။

**တနင်္လာသား** - ဖျားနာသဖြင့် သောကြာနေ့မှာ တနင်္ဂနွေအရပ်က လာခေါ်သည်ရှိသော် မလိုက်ရ။

**အင်္ဂါသား** - ဖျားနာသည်ရှိသော် စနေနေ့မှာ တနင်္လာအရပ်က လာခေါ်သည်ရှိသော် မလိုက်ရ။

**ဗုဒ္ဓဟူးသား** - ဖျားနာသည်ရှိသော် တနင်္ဂနွေနေ့၌ အင်္ဂါအရပ်က လာခေါ်သည်ရှိသော် မလိုက်ရ။

**ကြာသပတေးသား** - ဖျားနာသည်ရှိသော် တနင်္လာနေ့၌ ဗုဒ္ဓဟူးအရပ်က လာခေါ်သည်ရှိသော် မလိုက်ရ။

**သောကြာသား** - ဖျားနာသည်ရှိသော် အင်္ဂါနေ့၌ ကြာသပတေးအရပ်က လာခေါ်သည်ရှိသော် မလိုက်ရ။

**စနေသား** - ဖျားနာသည်ရှိသော် ဗုဒ္ဓဟူးနေ့၌ သောကြာအရပ်က လာခေါ်သည်ရှိသော် မလိုက်ရ။

လို့ ရှင်းအောင် ပြထားတယ်။ ဦးနိ သေချာမှတ်။ အင်္ဂဝိဇ္ဇာနည်းနဲ့ တိုင်နှဲ့ပါပြရင် ဦးနီ မှတ်ရတာ ရှုပ်မှာစိုးလို့ 'ဒွါဒသိန်' လို့ခေါ်တဲ့ ဆယ့်နှစ်ရာသီကျမ်းမှာ. . .

'ဝဇ္ဇုန်နေ့တု၊ ချမ်းမြေ့နာဖျား၊ ထိုရက်သားလည်း၊ သမားခေါ်၍၊ ကြွက်မင်းနေ့မှတ်၊ စနေရပ်က မလိုက်ရဘူး။ စန္ဒြေခေါ်လေ့၊ သောကြာနေ့တွင်၊ အရှေ့သောန်၊ ရှောင်သေမှန်၏။ ဘောမဆိုလေ့၊ စနေနေ့တွင်၊ အရှေ့တနင်္လာ၊ ရှောင်အပ်စွာတည့်။ ဗုဒ္ဓါကြုံ၍၊ တနင်္ဂနွေနေ့မှတ်၊ အင်္ဂါရပ်ကို၊ ရှောင်အပ်မတော်၊ ဂုရုခေါ်သည်။ ရှင်ပျော် ၂-လာ၊ နေ့ကိုသာလျှင်၊ ဗုဒ္ဓါအရပ် မလိုက်တည့်။ ရက်မြတ်သောကြာ၊ မည်သာတွင်၍၊ ၃-ဂါနေ့၌၊ ပျော်မွေ့မလတ်၊ ကြွက်မင်းရပ်ဟု၊ မပြတ်ရှောင်လော့.မြွေစနေဟု၊ ဗုဒ္ဓေရက်မြတ်၊ သောကြာရပ်က ခေါ်သမျှကို၊ နဝင်းကဆိုက်၊ နက္ခတ် ကြိုက်လျက်၊ တုလိုက်ပြန်လျှင် ကျိုးမမြင်ခဲ့' လို့ ပြဆိုထားပါတယ် ဦးနီ"

"ဟုတ်ကဲ့ . . . ဆရာမ၊ နားလည်ပါပြီ"

"ဒါလောက်နဲ့တော့ မရသေးဘူး ဦးနီ၊ အင်္ဂဝိဇ္ဇာတော့ ထိုက်သလောက် နားလည်ထားဖို့ လိုလိမ့်မယ်၊ ရှေ့က ပြမယ့် ကိစ္စတွေမှာ အင်္ဂဝိဇ္ဇာ အခ်ပ္ပာယ်တွေ ပါလာပြီလေ"

"ဟုတ်ကဲ့ ဆရာမ၊ ထိုက်သလောက်တော့ ကြိုးစားထားပါတယ် ခင်ဗျ၊ ဆရာမသာ ဆက်အမိန့်ရှိပါ ခင်ဗျ"

"ကဲ. . . ဒါဆို အောင်၊ လံ၊ တေ၊ ဇ၊ သက်၊ ကျ၊ မှီ၊ အုံး၊ နန္ဒိသေနထုံး ဆိုတဲ့ အဖွင့်ကို သွားကြစို့ . . .

အောင် - တနင်္ဂနွေသားသည်၊ လံ - ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူး အချိန်နာရီတွင် အနာရောက်ခဲ့လျှင် 'စတုရန်းကိုဆောင်' ဆိုသည်နှင့်အညီ ဖြစ်သောကြောင့် ချမ်းသာတတ်သော သဘောရှိ၏။

လံ - ဗုဒ္ဓဟူးသားသည်၊ အောင် - တနင်္ဂနွေနေ့ တနင်္ဂနွေ အချိန်နာရီတွင် အနာရောက်ခဲ့လျှင် မချမ်းသာ တတ်ဟု ဆုံးဖြတ်ရမည်။

တေ - စနေသားသည်၊ ဇ - အင်္ဂါနေ့၌ အင်္ဂါ အချိန်နာရီတွင် အနာရောက်ခဲ့လျှင် စတုရန်းကိုဆောင် ဆိုသည်နှင့် ညီသောကြောင့် ချမ်းသာတတ်သည်ဟူ၍ ဆုံးဖြတ်ရမည်။

ဇ - အင်္ဂါသားသည်၊ တေ - စနေနေ့ စနေ အချိန်နာရီတွင် အနာ ရောက်ခဲ့လျှင် မချမ်းသာတတ်ဟူ၍ ဆုံးဖြတ်ရမည်။

သက် - သောကြာသားသည်၊ ကျ - တနင်္လာနေ့ တနင်္လာ အချိန်နာရီတွင် အနာရောက်ခဲ့သည်ရှိသော် စတုရန်းကိုဆောင် ဆိုသည်နှင့် ညီသောကြောင့် ချမ်းသာတတ်သည်ဟူ၍ ဆုံးဖြတ်။

ကျ - တနင်္လာသားသည်၊ သက် - သောကြာနေ့၊ သောကြာ အချိန်နာရီတွင် အနာရောက်ခဲ့သည်ရှိသော် မချမ်းသာ ပျက်စီးတတ်၏။

မှီ - ကြာသပတေးသားသည်၊ အုံး - တနင်္ဂနွေနေ့ တနင်္ဂနွေ အချိန်နာရီတွင် အနာရောက်ခဲ့သည်ရှိသော် စတုရန်းကိုဆောင်သည်နှင့် ညီသောကြောင့် ချမ်းသာတတ်သည်ဟု ဆုံးဖြတ်။

အုံး - တနင်္ဂနွေသားသည်၊ မှီ - ကြာသပတေးနေ့ ကြာသပတေး အချိန်နာရီတွင် အနာရောက်ခဲ့သည်ရှိသော် မချမ်းသာ ပျက်စီးတတ်၏။

"ဟုတ်ကဲ့ . . . စတုရန်းကို ဆောင်ပုံကို မြင်ရပါပြီ၊ ရှင်းပါတယ် ဆရာမ၊ နောက်ထပ် ပြပေးပါဦး"

## အညမည် မဆက်ဆံ ပိတ္တဲကေပိ ဖွင့်ပုံတစ်နည်း

အင် - တနင်္ဂနွေသားသည်၊ ည - အင်္ဂါနေ့ အင်္ဂါ အချိန်တွင် အနာရောက်ခဲ့လျှင် တေဇောရက်ဖြစ်၍ မချမ်းသာ၊ ပျက်စီးတတ်၏။

ည - အင်္ဂါသားသည်၊ အင် - တနင်္ဂနွေနေ့ တနင်္ဂနွေ အချိန်တွင် အနာရောက်ခဲ့လျှင် 'ဆခို' ဆိုသည်နှင့် ညီညွတ်သောကြောင့် ချမ်းသာတတ်၏။

မင် - ကြာသပတေးသားသည်၊ ညံ - အင်္ဂါနေ့ အင်္ဂါ အချိန်တွင် အနာရောက်ခဲ့သည်ရှိသော် 'ဆခို' ဆိုသည်နှင့် ညီသောကြောင့် ချမ်းသာတတ်သော သဘောရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ညံ - အင်္ဂါသားသည်၊ မင် - ကြာသပတေးနေ့ ကြာသပတေးအချိန် အနာရောက်သည်ရှိသော် တေဇောရက်ဖြစ်၍ မချမ်းသာ ပျက်စီးတတ်၏။

ပိတ် - ကြာသပတေးသားသည်၊ တံ - စနေနေ့ စနေအချိန်၌ အနာရောက်ခဲ့သည်ရှိသော် တေဇောရက်ဖြစ်၍ မချမ်းသာ ပျက်စီးတတ်၏။

တံ - စနေသားသည်၊ ပိတ် - ကြာသပတေးနေ့ ကြာသပတေးအချိန်၌ အနာရောက်ခဲ့သည်ရှိသော် 'ဆခို'ဆိုသည်နှင့် ညီသောကြောင့် ချမ်းသာစေတတ်သော သဘောရှိ၏။

ဗိ - ကြာသပတေးသားသည်၊ အေး - တနင်္ဂနွေနေ့ တနင်္ဂနွေအချိန်တွင် အနာရောက်ခဲ့သည်ရှိသော် စတုရန်းကိုဆောင် ဆိုသောကြောင့် ချမ်းသာတတ်၏။

အေး - တနင်္ဂနွေသားသည်၊ ဗိ - ကြာသပတေးနေ့ ကြာသပတေးအချိန်၌ အနာရောက်ခဲ့လျှင် ပဥ္စပွတ်ကိုရှောင် ဆိုသောကြောင့် မချမ်းသာ ပျက်စီးတတ်၏။

"ကဲ . . . ရှင်းရဲ့လား၊ ဦးနီရေ"

| | |
|---|---|
| ၄ | ၂ |
| ၁ | ၆ |
| (၅)- ဆပွတ် | ၃ |
| ၀ - စနေသား | ၅ - နေ့သား |
| ၃ | (၁)- စတုရန်း |
| ၆ | ၄ |
| ၂ | ၀ |
| ဆခိုပုံ | စတုရန်းဆောင် |

| | |
|---|---|
| (၅)- ပဥ္စပွတ် | ၂ |
| ၂ | ၆ |
| ၆ | ၃ |
| ၁ - နေ့သား | ၅ - နေ့သား |
| ၄ | ၁ - စတုရန်း |
| ၀ | ၄ |
| ၃ | ၀ - တေဇော်ရက် |
| ပဥ္စပွတ်ရှောင် | တေဇောရက် |

"ကဲ . . . ဦးနီ၊ ဒါက သဘောသွားလေး အကျဉ်းပြတာ မြင်လား"

"အို . . . မြင်ရမှာပေါ့ ဆရာမရယ်၊ မြင်ပါတယ်"

"ကဲ . . . ဒါဆို စန်းပြတ်သလား၊ လွန်းပြတ်သကလား၊ လက်ပြတ်သလား ဆိုတာတွေ တစ်ခါတည်း မှတ်ပေတော့"

"အမိပွာယ်က တစ်ရာ့ရှစ်ခုတည်း၊ တွက်လိုတဲ့သူ့ရဲ့ အသက်နဲ့မြှောက်၊ နှစ်ဖော်ထား၊ အထက်တစ်ဖော်ကို (၂၇) ခုနဲ့စား၊ အောက်တစ်ဖော်ကို (၈)ခုနဲ့စား၊ နှစ်ဖော်လုံးသုဉ်းလျှင် စန်းပြတ်၏။ ဧဝိနိချုပ်တတ်သည်။ တစ်ခုစီ အကြွင်းမြင်သော် နာဖျားတတ်သည် ဟူ၍ မှတ်လေ။"

လွန်းပြတ်တွက်ပုံ

အသက်တည်၊ တစ်ဆယ့်ခုနစ်နှော၊ ရှစ်ခုစား၊ သုဉ်းသော် လွန်းပြတ်သည်။

လက်ပြတ်တွက်ပုံ

အသက်တည်၊ ၁၂ ရော၊ ၈ ခု စား၊ သုဉ်းသော် လက်ပြတ်သည်။

စန်း၊ လွန်း၊ လက်ပြတ်တို့အတွက် ယတြာပြုနည်း

ဆန်သုံးလုံး(နို့ဆီဘူး သုံးဘူး)ကို "သီဒေသအာယုစိတ္တံ" ဟု သုံးကြိမ်ရွတ်၍ ဦးခေါင်းမှာတစ်လုံးထား။ "မဇ္ဈေအာယုစိတ္တံ"ဟုရွတ်ဆို၍ အလယ်တွင် တစ်ဘူးထား။ "ပါဒေအာယုစိတ္တံ"ဟုရွတ်ဆို၍ ခြေရင်းမှာ တစ်ဘူးထား။ (လူနာကို အိပ်နေစေရမည်)

ခေါင်းရင်းတစ်ဘူးကို အကုန်ချက်၍ နံ့တူဘုရားကို ရည်မှတ်၍ လှူလေ။ အလယ်တစ်ဘူးကို ကျောင်းကန်၊ ဆရာသမားများကို လှူလေ၊ ခြေရင်းတစ်ခွက်ကို ကြီးသောသူ၊ သူအိုတို့ကို လှူလေ၊ တံခွန်တစ်ခု၊ ကြက်လျှာတစ်ခု ကိုယ်နှင့်အမျှ တိုင်း၍ ဘုရားမှာ လှူလေ။

"ကဲ . . . ဦးနီ၊ ဒီနေ့လာရတာ အားလုံး မှတ်သားစရာ ရပြီ၊ သေသေချာချာ မှတ်လေ့လာပြီး ဆောင်ရွက်ပေတော့"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ကျွန်တော် ဗဟုသုတတွေ၊ ပညာတွေ တပွေ့တပိုက်ကြီး ရရှိသွားပါပြီ ခင်ဗျာ၊ ဆရာမကိုလေ ထပ်ပြီး ဉာဏ်ပူဇော်ခ လှူချင်ပါသေးတယ်"

"ဦးနီ၊ နောက်မှ လှူတာပေါ့၊ ဒီတစ်ပတ်တော့ ရပါပြီ၊ မြန်ရမှာလဲ အဝေးကြီး၊ အဝေးပြေး သွားရဦးမယ်ပေါ့"

"ဟုတ်ကဲ့ ဆရာမ၊ အချိန်ရှိတုန်း ပြန်ပါဦးမယ်နော်"

"ကောင်းပါပြီ၊ အခြေအနေ ပြောချင်တာရှိရင် ဖုန်းလှမ်းဆက်ပေါ့ရှင်၊ ကျွန်မ ဖုန်းနံပါတ်ယူသွား ဦးနီ"

"ကောင်းပါပြီ အင်း . . . ဒီတစ်ခါ ဆေးကုပြန်ရတာ အားတွေ၊ အင်တွေ ပြည့်ပြည့်ဝဝနဲ့ သွားရသလိုပဲ၊ တကယ်တက်ကြွကြွ ရှိလိုက်တာ ဆရာမရယ်"

"ကောင်းပါလေ့ရှင့်"

ကျမ်းကိုး - ဗေဒင်ခေါင်းဆောင်ကျမ်း ပထမတွဲ၊ ဒုတိယတွဲ၊ နန္ဒဝန်ကျောင်းဆရာတော်၊ အဖျင်းရွာ၊ ဇလွန်မြို့။

ထုန္ဒာစိုး(ရွှေရင်မြေ)

❒





www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့အကြီးဆုံးအသားစား ဒိုင်နိုဆော

**တော်မြင့် (ငှက်များ)**

၂၀၁၃ ခုနှစ် မတ်လ ၃ ရက် ညနေစောင်းတွင် နိုင်ဇာ အီဘရာဟင် (Nizar Ibrahim) အမည်ရှိသော ငယ်ရွယ်သည့် ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်သည် မော်ရိုကိုနိုင်ငံ အားဖေ့ မြို့ကလေးရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်ရှေ့တွင် ထိုင်နေပါသည်။ တဖြည်းဖြည်း နေအရောင်ပျောက်ကွယ်နေသကဲ့သို့ သူ၏ မျှော်လင့်ချက်များလည်း မှေးမှိန်ပျောက်ကွယ်တော့မည်ဟု ခံစားနေမိပါသည်။

သူသည် လုပ်ဖော်ကိုင်ဖက် နှစ်ဦးနှင့်အတူ လွန်ခဲ့သော သုံးရက်က ယခုနေရာသို့ ရောက်ခဲ့ပါသည်။ သူ ငယ်စဉ်ကတည်းက စွဲလမ်းခဲ့သော ပဟေဠိတစ်ပုဒ်အား ကူညီဖြေရှင်းပေးနိုင်မည့် လူတစ်ဦးအား စုံစမ်းရှာဖွေရန် ဖြစ်ပါသည်။

အီဘရာဟင် ရှာဖွေနေသူမှာ မောင်လာ ခေါ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေပြီး ဆိုင်များနှင့် အရောင်းကိုယ်စားလှယ်များထံ ပြန်လည်ရောင်းချသူ ဒေသခံတစ်ဦး ဖြစ်ပါသည်။

ထိုသူ ရှာဖွေတွေ့ရှိသော ဇစ္စည်းများတွင် တန်ဖိုးအရှိဆုံးမှာ ဒိုင်နိုဆောအရိုးများ ဖြစ်သည်။ ၎င်းတို့ကို မိုင် ၁၅၀ ရှည်လျားပြီး ခရီတေးရှပ် (Cretaceous) ခေတ်လယ်ပိုင်းမှ ပို့ချမှုများကို သိမ်းဆည်းထားသည့် ကမ်ကမ် (Kem Kem) ကျောက်လွှာမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ သက်တမ်းအားဖြင့် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၀၀ မှ ၉၄ အတွင်း ဖြစ်ပါသည်။

သိပ္ပံပညာရှင် သုံးဦးသည် အယ်ဘီဂါကျေးရွာအနီး တူးဖော်ရေးစခန်းများတွင် ရှာဖွေပြီးနောက် ရက်များကြာသောအခါ ထိုလူနှင့်တွေ့ဆုံရန် မျှော်လင့်ချက်ဖြင့် မြို့ပေါ်ရှိ လမ်းများတွင် လှည့်လည်ကြပါသည်။ နောက်ဆုံးတွင် အားကုန်မောပန်းပြီး စိတ်ဓာတ်ကျစွာနှင့် လက်ဖက်ရည်သောက်ရန် ကဖေးဆိုင်တွင် အနားယူကြပါသည်။

"ကျွန်တော့်အိပ်မက်တွေအားလုံး သဲထဲရေသွန်သလိုပဲ ထင်ရပါတယ်"ဟု အီဘရာဟင် အမှတ်ရနေသည်။

အီဘရာဟင်၏ အိပ်မက်များမှာ ရာစုနှစ်တစ်စု စောစွာ ထိုသဲကန္တာရထဲတွင် စွန့်စားရှာဖွေခဲ့သော အခြားကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်၏ တွေ့ရှိချက်များနှင့် ဆက်စပ်နေပါသည်။ ၁၉၁၀ ပြည့်နှစ်နှင့် ၁၉၁၄ ခုနှစ်အတွင်းတွင် ဘာဗေးရီးယန်း အထက်တန်းလွှာတစ်ဦးဖြစ်သော အားနက် ဖရိုင်ဟာ စထရိုမာ ဗွန် ရိုင်ချင်းဘက် (Arnet Freiherr Stromer Von Reichenbaca)နှင့်အဖွဲ့သည် အီဂျစ်ပြည်အတွင်း ဆာဟာရ သဲကန္တာရထဲတွင် ရှည်လျားသော သုတေသန ခရီးစဉ်များ ပြုလုပ်ခဲ့ကြပါသည်။

ထိုနေရာမှာ မြစ်ဝှမ်းဒေသ အရှေ့ပိုင်းအစွန်းဖြစ်ပြီး ကမ်ကမ်သည် အနောက်ဘက် နယ်နိမိတ် ဖြစ်နေပါသည်။ အဖျားအနာများ၊ သဲကန္တာရ၏ ကြမ်းတမ်းမှုနှင့် ပထမကမ္ဘာစစ်၏ စွန့်ပစ်ပစ္စည်းများ ရှိနေသော်လည်း စထရိုမာသည် ဒိုင်နိုဆောများ၊ မိကျောင်းများ၊ လိပ်များနှင့် ငါးများ၏ ရုပ်ကြွင်းမျိုးကွဲ (၄၅)မျိုးကို ရရှိခဲ့ပါသည်။

သူတွေ့ရှိသမျှတွင် ယခင်မတွေ့ရှိသေးသော ဒိုင်နိုဆောတစ်မျိုး၏ အရိုးစု အစိတ်အပိုင်းနှစ်ခု ဖြစ်ပါသည်။ ၎င်းမှာ ကြီးမားသော သားစားသတ္တဝါဖြစ်ပြီး တစ်ကိုက်ရှည်သည့် မေးရိုးပေါ်တွင် အတွင်းဘက်သို့ ကွေးနေသည့် လုံးချွန်သော သွားများ ပေါက်နေပါသည်။

မည်သို့ဆိုစေ အထင်ရှားဆုံးအသွင်အပြင်မှာ ၆ ပေ ရှည်သော ကျောကုန်းပေါ်ရှိ လှေရွက်နှင့်တူသောသဏ္ဌာန် ဖြစ်သည်။ ၎င်းကို သိသာထင်ရှားသော ဆူးတောင်များဖြင့် ထောက်ကန်ထားပါသည်။ စထရိုမာသည် ထိုတိရစ္ဆာန်ကို စပိုင်နိုဆောရပ် အီဂျစ်တီးကပ် (Spinosaurus Aegyptiacus) ဟု အမည်ပေးပါသည်။

စထရိုမာ၏ တွေ့ရှိချက်များကို မြူးနစ်မြို့ရှိ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် ဘူမိဗေဒပြတိုက်တွင် ခင်းကျင်းလိုက်သောအခါ နာမည်ကျော်သွားပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် သူ၏ပစ္စည်းများကို မြူးနစ်မြို့မှ မဟာမိတ်ပုံးဒဏ်မှ လွတ်ကင်းရာသို့ ရွှေ့ပြောင်းရန် အသည်းအသန် ကြိုးပမ်းပါသည်။

သို့ရာတွင် ပြတိုက်ဒါရိုက်တာမှာ ပြင်းထန်သော နာဇီဝါဒီတစ်ဦးဖြစ်ပြီး စထရိုမာ၏ နာဇီအုပ်ချုပ်ရေးကို ဖွင့်ချဝေဖန်မှုများအား မနှစ်သက်ပါ။ ထို့ကြောင့် စထရိုမာ၏ အကြံအစည်ကို လုံးဝ ငြင်းပယ်ခဲ့ပါသည်။ ၁၉၄၄ ခု ဧပြီလတွင် ပြတိုက်နှင့်တကွ စထရိုမာ၏ ကျောက်ဖြစ်ရုပ်ကြွင်း အားလုံးနီးပါးသည် မဟာမိတ်တို့ ကြဲချသော ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ရပါသည်။

စပိုင်နိုဆောရပ်နှင့် ပတ်သက်၍ ကျန်ရစ်သည်မှာ ကွင်းဆက်မှတ်တမ်းများ၊ ရေးဆွဲထားသော သရုပ်ဖော်ပုံများနှင့် အဖြူအမည်း ဓာတ်ပုံများသာဖြစ်သည်။ စထရိုမာ၏ နာမည်သည်လည်း သုတေသန စာစောင်များတွင် တဖြည်းဖြည်း မှေးမှိန်လာပါသည်။


ဘာလင်မြို့တွင် ကြီးပြင်းခဲ့သော အီဘရာဟင်သည် စထရိုမာ၏ ထူးဆန်း၍ ပုံပန်းမကျသော သတ္တဝါကြီးကို ဂျာမန်ဘာသာ ကလေးများအတွက် ဒိုင်နိုဆောစာအုပ်တွင် စတင်တွေ့ရှိခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com




အကြီးမားဆုံးသော သားကောင်ဖမ်း ဒိုင်နိုဆောများသည် တစ်ကောင်နှင့်တစ်ကောင် ထိပ်တိုက်ရင်မဆိုင်ပါ။ ၎င်းတို့သည် မတူညီသော ကာလ၊ ဒေသများတွင် နေထိုင်ခဲ့ပါသည်။ သို့ရာတွင် သူတို့ ခန္ဓာဗေဒတွင် တူညီသောလုပ်ငန်း ရှိပါသည်။ ၎င်းမှာ သတ်ဖြတ်ရန်ဖြစ်သည်။

ထိုနေ့မှစ၍ သူသည် ဒိုင်နိုဆောများကို စွဲလမ်းခဲ့သည်။ သူသည် ပင်လယ်ကမ်းစပ်တွင် ခြေချောင်း သုံးချောင်း ပါသော သီရိုပေါ့၏ ခြေရာများ ပြုလုပ်ခဲ့ပါသည်။

သူအနှစ်သက်ဆုံး ကွတ်ကီးမုန့်များကိုလည်း ထရိုင်စာရာတော့ (Triceratops) နှင့် တိုင်ရင်နိုဆောရပ် (Tyrannosaurus Rex) သဏ္ဌာန် ပြုလုပ်ခဲ့ပါသည်။


သူသည် ဂျာမနီတစ်ဝန်း ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်များသို့ သွားရောက်လေ့လာခဲ့ပြီး ကျောက်ဖြစ်ရုပ်ကြွင်း ပုံစံငယ်နှင့် ရုပ်လုံးထွင်းများကို အတော်အတန် စုဆောင်းခဲ့ပါသည်။

သူသည် ဘာရစ်တိုတက္ကသိုလ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ လေ့လာသောအခါ စထရိုမာ၏ ဆောင်ရွက်ချက်များကို ထပ်မံတွေ့ရှိခဲ့ပါသည်။

"သူ့ရဲ့ ကျယ်ပြန့်ပြီး နက်ရှိုင်းတဲ့ လုပ်ဆောင်မှုဘွက ကျွန်တော့်တို့ သုတေသနလုပ်ငန်းမှာ ရည်မှန်းချက်ကြီးဖို့ တွန်းအားပေးခဲ့ပါတယ်" ဟု အီဘရာဟင်က ပြောခဲ့ပါသည်။


ပါရဂူဘွဲ့ ကျောင်းသားအများစုသည် အကန့်အသတ် ရှိသော နှခါင်းစဉ်ကို လေ့လာစူးစမ်းနေစဉ် အီဘရာဟင် ဒပ်ဗလင်တက္ကသိုလ်သို့ တင်သွင်းသော စာမူ (၈၃၆) ရှိသည့် ဘွဲ့ယူစာတမ်းတွင် ကမ်

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုက်မျှရှည်လျားပြီး ကြောက်စရာကောင်းသည့် သွားများပါရှိသော စပိုင်နိုဆောရပ်၏ မေးရိုးသည် အခြားသော အရွယ်တူအသားစား ဒိုင်နိုဆော မေးရိုးများကဲ့သို့ မကြံခိုင်းမကြမ်းပါ။ ၎င်းတို့သည် အရိုးများကြိတ်ခွဲရန်မသင့်လျော်ပါ။ မြစ်အတွင်း ပေါက်ပွားနေသော ငါးများကို ဆတ်ခနဲဖမ်းယူရန်သာ ဖြစ်သည်။

ကျောက်ဖြစ်ရုပ်ကြွင်း မှတ်တမ်းအားလုံးကို ဖော်ပြခဲ့ပါသည်။ သူ၏ ပါရဂူဘွဲ့ (Ph.D) အတွက် ကွင်းဆင်းရန် အား ပေ့မြို့သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ပါသည်။

၂၀၀၈ ခုနှစ်တွင် သွားရောက်စဉ် သူ့အသက် (၂၆) နှစ်အရွယ်တွင် ဘီဒိုဝင် လူမျိုးတစ်ဦးက ဘီရိုသေတ္တာတစ်ခု ပြခဲ့ပါသည်။ ထိုအထဲတွင် အဝါရောင် အနည်ကျမှုများ ပါဝင်သော ခရမ်းရောင်ကျောက်တုံး လေးတုံး ပါဝင်ပါသည်။ ကျောက်တုံးတွင် ထိုးထွက်နေသည်မှာ ဒိုင်နိုဆော၏ လက်ချောင်းရိုးနှင့် အရိုးပြားသည့်ပုံစံ မဟုတ်သော နို့နှစ်ရောင် ရှိနေပါသည်။

ကျောက်ဖြစ်ရုပ်ကြွင်း အားလုံးမှာကဲ့သို့ ပတ်ဝန်းကျင်၏ ဘူမိအနေအထားက မညှာမတာ ဖျက်ဆီးသဖြင့် ထိုအရိုးများ၏ သိပ္ပံပညာ တန်ဖိုးမှာ သံသယဖြစ်စရာ အခြေအနေရောက်နေပါသည်။ သို့ရာတွင် အီဘရာဟင်သည် ၎င်းတို့ကို ဝယ်ယူရန် သဘောတူပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများ စုဆောင်းလိုသော ကာဆာဘလန်ကာ တက္ကသိုလ်အတွက် အသုံးကျပေမည်ဟု စဉ်းစားမိပါသည်။

အီတလီပြည် မီလန်မြို့ရှိ သဘာဝသမိုင်းပြတိုက်သို့ သွားရောက်သောအခါ ၎င်းပစ္စည်းများ၏ တန်ဖိုးကို ပိုမိုသိရှိခဲ့ပါသည်။ သုတေသီများဖြစ်သော ခရစ်တီယာနိုဒယ်ဆက်ဆို (Cristiano Dal Sasso) နှင့် ဆိုင်မွန်းမီဂါနူကို (Simmone Meganucco) တို့က ကျောက်ဖြစ်ရုပ်ကြွင်း အရောင်းကိုယ်စားလှယ်ထံမှ လောလောဆယ် ဝယ်ယူထားသော ဒိုင်နိုဆော၏ အစိတ်အပိုင်းကို သူ့အား ပြသခဲ့ပါသည်။

နမူနာပုံသည် မြေအောက်ခန်း [illegible]ပွဲပေါ် တင်ထားပါသည်။ ခြေထောက်ရိုးများ၊ [illegible]များ၊ ကျောရိုးဆစ်များနှင့် ရှည်လျားထင်ရှားသော ကျောရိုးဆူးတောင်များ ပါဝင်ပါသည်။ အီဘရာဟင် အံ့ဩထိတ်လန့်သွားပါသည်။

ထိုအရာမှာ စပိုင်နိုဆောရပ် ဆိုသည်မှာ သေချာပါသည်။ အားနက်စထရိုမာ ပျောက်ဆုံးသွားသော နမူနာထက် ပို၍ပြည့်စုံပါသည်။ သူတို့က ထိုပစ္စည်းကို ကိုယ်စားလှယ်သည် အယ်ဘီဂါရွာအနီး တူးဖော်ရေးစခန်းမှ ရရှိခဲ့ကြောင်း ပြောပြပါသည်။

အရိုးများသည် ၎င်းတို့ မြှုပ်နှံခံရသော ခရမ်းရောင်သန်းပြီး အဝါရောင်အစင်းများရှိသည့် သဲကျောက်အတွင်းထဲတွင် ရှိနေသေးသည်။ ဆူးတောင်တစ်ခုကို မကြည့်လိုက်သောအခါ တွေ့နေကျ အဖြူရောင် ကန့်လန့်စင်းကို မြင်ရပါသည်။

"ကျွန်တော် အားပေ့မှာ ဝယ်ခဲ့တဲ့ အရိုးဟာ စပိုင်နိုဆောရပ် ဆိုတာ သိလာရပါတယ်၊ အကြည့်ရဆိုးတဲ့ အရိုးပြားဟာ ဆူးတောင်ရဲ့ အစိတ်အပိုင်းပဲ"ဟု အီဘရာဟင်က သတိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူသည် အခြစ်ရာများသော အားပေါ့မှ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် ဗီနန်မြို့မှ နမူနာအရိုးများသည် တူညီသော သတ္တဝါတစ်ကောင်တည်းမှဖြစ်ကြောင်း သေချာသွားသည်။

ထိုသို့ဖြစ်ပြီးလျှင် ထိုကျောက်ဖြစ်ရုပ်ကြွင်း မြှုပ်နှံခံရသော နေရာကို သူက ထောက်ပြနိုင်လျှင် စပိုင်နိုဆောရပ်ကို သိရှိနိုင်သော မှတ်တိုင်တစ်ခု ဖြစ်ပေမည်။ နေရာကို သိရန်မှာ သူသည် မည်သည့်နည်းနှင့်မဆို ထိုဘီနိုဝင်လူမျိုးကို ဦးစွာ ပထမ ရှာရပေမည်။

"ကျွန်တော် နာမည်ကိုမသိဘူး၊ ပြီးတော့ ကျွန်တော် မှတ်မိတာဆိုလို့ သူ့မှာ နှုတ်ခမ်းမွေးပါတယ်၊ အဖြူရောင်ဝတ်တယ်" ဟု အီဘရာဟင်က ပြောသည်။

"အဲဒီပုံစံက မော်ရိုကိုမှာ အများကြီးပဲ"

ထို့ကြောင့် ၂၀၁၃ ခုနှစ် မတ်လတွင် သူသည် အားပေါ့ကို ပြန်လာခဲ့ပြီး ကောက်ရိုးပုံထဲ အပ်ရှာရသည်ထက် ခက်ခဲသော အလုပ်ကို လုပ်ဆောင်ပေတော့သည်။ ထိုအလုပ်မှာ သဲကန္တာရထဲတွင် ဘီဒိုဝင်တစ်ယောက်ကို ရှာခြင်းဖြစ်သည်။ ဟာဆန်တက္ကသိုလ်မှ ဆမီရာဇောင်ရီ (Samir Zouhri) နှင့် ပို့စ်မောင့် တက္ကသိုလ်မှ ဒေးဗစ်မာတီး (David Martill) တို့နှင့်အတူ အီဘရာဟင်သည် တူးဖော်စခန်းများကို လှည့်လည်ပါသည်။

မည်သူ တစ်ဦးတစ်ယောက်ကမျှ အီဘရာဟင်၏ ကျောက်ဖြစ်ရုပ်ကြွင်း စပိုင်နိုဆောရပ် ဓာတ်ပုံနှင့် အီဘရာဟင် ပုံဖော်သော ဘီနိုဝင်လူမျိုး၏ ပုံစံကို မှတ်မိပုံမရကြပါ။ အားပေါ့မြို့တွင်း လမ်းများတွင် နောက်ဆုံးနေ့ ရှာဖွေပြီးသော အခါ သူတို့ လက်လျှော့လိုက်ပြီး ကဖေးဆိုင်တွင် ကျောက်ချ ထိုင်လိုက်ကြပါသည်။


သူတို့သည် ဖြတ်သန်းသွားလာနေသောသူများကို အဓိပ္ပာယ်မဲ့ ကြည့်နေစဉ် နှုတ်ခမ်းမွေးပါပြီး အဝတ်ဖြူဝတ်ထားသူတစ်ဦး ရောက်လာလေသည်။ အီဘရာဟင်နှင့် ဇောင်ရီတို့သည် တစ်ယောက်မျက်နှာတစ်ယောက် အြည့်လိုက်ကြသည်။ ထို့နောက် ထခုန်ပြီး ထိုလူနောက် လိုက်လေသည်။ သူသည် သူတို့ရှာဖွေနေသူ ဖြစ်ပေသည်။

သူက ကျောက်မျက်နှာပြင်ပေါ်မှ အရိုးများကို ခြစ်ယူခြင်းကို နှစ်လခန့် အပင်ပန်းခံ လုပ်ဆောင်ခဲ့ပြီး အရိုးများ ပေါ်လာသောအခါ အီဘရာဟင်ကို ရောင်းချခဲ့ကြောင်း အတည်ပြု ပြောဆိုပါသည်။ ထို့နောက် တောင်နဘေးတွင် ထပ်မံရှာဖွေပြီး အီတလီနိုင်ငံမှ ကျောက်ဖြစ်ရုပ်ကြွင်းအရောင်း ကိုယ်စားလှယ်အား အမေရိကန်ဒေါ်လာ ၁၄၀၀၀ ဖြင့် ရောင်းချခဲ့ပါသည်။

သူတို့က အရိုးများတွေ့ရှိခဲ့သော နေရာကို ပြောပြရန် မေးသောအခါ ပထမတွင် သူက ငြင်းဆန်ပါသည်။ သို့ရာတွင် အာရဗီစကား ပြောဆိုတတ်သော အီဘရာဟင်က အရိုးများတွေ့ရသည့် နေရာကို သိရှိရန် မည်မျှအရေးကြီးကြောင်းနှင့် ထိုသို့ သိရှိခြင်းအားဖြင့် ကာဆာဘလန်ကာပြတိုက်တွင် ထားရန် ဒိုင်နိုဆောများ ပြန်ရောက်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

တိတ်ဆိတ်စွာ နားထောင်နေသော ဘီဒိုဝင်က ခေါင်းညိတ်လိုက်ပါသည်။

"ကျွန်တော် ခင်ဗျားကို ပြပါမယ်"ဟုသူက ပြောသည်။




ဒေတ်ဂျီကိုဖိုယာများက ရှေးကျသော အရိုးများကို ပြန်လည်အသက်သွင်းပြီး စပိုင်နိုဆောရပ်ကို ဖော်ထုတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အားပေါ်မြို့၏ မြောက်ဘက်ရှိ စွန်ပလွံစိုက်ခင်းများကို ဖြတ်၍ ဟောင်းအိုသော လင့်ရိုဗာကားကို မောင်းလာပြီးနောက် ထိုလူက ခြောက်သွေ့သော မြေကျန်တောင်၏ ကမ်းပါးစောက်အနီးသို့ လမ်းညွှန်ပြပါသည်။ ပတ်ဝန်းကျင်မှ ကမ်းပါးယံများရှိ မြေလွှာများက လွန်ခဲ့သည့် နှစ်သန်းပေါင်းတစ်ရာခန့်က မြစ်များ ကွေ့ပတ်စီးဆင်းခဲ့ကြောင်း ပြသနေပါသည်။

နောက်ဆုံးတွင် သူတို့သည် တောင်နဘေးတွင် တစ်ချိန်က မြစ်ကမ်းပါးဖြစ်ခဲ့သော အပေါက်တစ်ခုကို တွေ့လိုက်ရသည်။

"အဲဒီမှာ" ဟု ဘီဒိုဝင်က ပြောသည်။

အီဘရာဟင် တွယ်ဆင်းသွားသည်။ အဝါရောင်အစင်းများပါသော ခရမ်းရောင်သန်းသည့် သဲကျောက်ကို သတိပြုမိသည်။ အားနက်စထရိုမာ အတွက်မူ စပိုင်နိုဆောရပ်သည် တစ်သက်တာ ဝှက်စာဖော်စက် ဖြစ်သည်။ သူသည် အမိုးအဖွဲ့မှ အစိတ်အပိုင်း နှစ်ခုကို အခြေခံပြီး ထူးဆန်းသော သတ္တဝါကို သိရှိနားလည်ရန် ဆယ်စုနှစ် နှစ်စုခန့် အပြင်းအထန် ကြိုးပမ်းခဲ့ပါသည်။


သူ့ဘသည် အစပိုင်းတွင် ထင်မြင်ယူဆသည်မှာ နာ့ဇ်ကြောပါသော ကျောရိုးဆစ်သည် ပြောင်မှာကဲ့သို့ ပခုံးရှိုဖို့ကို ထောက်ကန်ထားခြင်း ဖြစ်သည်။ ထို့နောက် သူသည် ကျောကုန်းပေါ်ရှိ ရွက်ကဲ့သို့ အရာကို ယခုခေတ် တောက်တဲ့နှင့် ပုတ်သင်ညိုများမှာကဲ့သို့ ထောက်ကန်ထားသည်ဟု ကောက်ချက်ဆွဲခဲ့ပါသည်။

စပိုင်နိုဆောရပ်၏ ကျဉ်းမြောင်းသော မေးရိုးသည် အခြား သားကောင်ဖမ်းစားသော ဒိုင်နိုဆောများနှင့် ခြားနားကြောင်း သူ သတိပြုမိပါသည်။

ထို့အတူ သွားများမှာလည်း ကွဲပြားခြားနားပါသည်။ အသားစား သီရိုပေါ့အများစုသည် လွှသွားပုံ အနားစွန်းရှိသော ဓားသဏ္ဌာန် သွားများရှိပါသည်။ သို့ရာတွင် ၎င်းတို့၏ သွားများမှာ ချောမွတ်ပြီး လုံးချွန်သဏ္ဌာန်ရှိကာ မိကျောင်းသွားနှင့် ဆင်တူပါသည်။

စထရိုမာက ရှုပ်ထွေးလှသော အထောက်အထားနှင့် အနည်းငယ်စိတ်ပျက်ခြင်း ပါဝင်ကော ။အပါဝင်ကာထိုတိရစ္ဆာန်သည် အဆင့်မြင့် အင ျ်ပြုပြင်ထားကြောင်း နိဂုံးချုပ် ကောက်ချက်ချခဲ့ပါသည်။ သို့ရာတွင် မည်သည့်အကြောင်းကြောင့် အထူးပြုပြင်ထားသည်ကိုမူ မဖော်ပြခဲ့ပါ။

အာဖရိကမြောက်ပိုင်းတွင် စထရိုမာ တွေ့ရှိခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်း စပိုင်နိုဆောရပ်သည် ကြီးမားသော ပဟေဠိတစ်ရပ်ဖြစ်ပြီး တစ်ခါတစ်ရံ စထရိုမာ၏ ဉာဏ်စမ်းပုစ္ဆာဟု ခေါ်ဝေါ်ခဲ့ကြပါသည်။



စထရိုမာ့စ် ၁၉၁၂ ခုနှစ်က အီဂျစ်ပြည်တွင် တွေ့ရှိခဲ့သော စပိုင်နိုဆောရပ် နမူနာပစ္စည်းသည် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များက မြူးနစ်မြို့ကို ဗုံးကြဲရာတွင် ပီးလောင်ကျွမ်းခဲ့ပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ရှားပါးဓာတ်ပုံမှတစ်ဆင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဒုံးရှုံးခဲ့သော အရိုးများကို ပြန်လည်တည်ဆောက်ခဲ့သည်။ ယနေ့ခေတ် တွေ့ရှိချက်များနှင့် ပေါင်းစပ်လိုက်သောအခါ အသားစားဒိုင်နိုဆောများတွင် အကြီးဆုံးဖြစ်သည့် ပေ ရှည်သည့် အရိုးစုကို တည်ဆောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေးခေတ်နှင့် မျက်မှောက်ခေတ် ဂေဟဗေဒစနစ် (Ecosystem) များတွင် အသီးအရွက်စား သတ္တဝါများက အသားစား သတ္တဝါများကို လွှမ်းမိုးကာ အကောင်ရေ များထားခဲ့ပါသည်။

သို့ရာတွင် အာဖရိကတိုက် မြောက်ပိုင်းဒေသဖြစ်သော စထရိုမာ၏ အီဂျစ်တူးဖော်ရေး စခန်းများမှ အနောက်ပိုင်း မော်ရိုကိုရှိ ကမ်ကမ်ကျောက်လွှာအထိ ပတ်ဝန်းကျင်တွင် ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းက ဆန့်ကျင်ဘက် ညွှန်ပြပါသည်။

စင်စစ် ထိုဒေသတွင် ကြီးမားသောအသားစားသတ္တဝါကြီး သုံးကောင်၏ နေရာဖြစ်သည်။ တစ်ကောင်ချင်းစီသည် အခြားသော အသားစားသတ္တဝါများထက် ပို၍ကြီးမား ပါသည်။ ၎င်းတို့မှာ လျင်မြန်သော ပေ ၄၀ အရှည်ရှိသည့် ဘာဟာရိယာဆောရပ် (Baharia Saurus) နှင့် အာဖရိကတီရတ်နှင့် စပိုင်နိုဆောရပ်ကဲ့သို့ ပေ ၄၀ ရှိသော ကာချာရာဒွန်တိုဆောရပ် (Carcharadonto Saurus) တို့ ဖြစ်ပါသည်။ အကြီးဆုံးနှင့် ကိုးရိုးကားရားအနိုင်ဆုံး အကောင်များ ဖြစ်ပေသည်။

စထရိုမာ ယူဆသည်မှာ ကြီးမားသော အသီးအရွက်စား သတ္တဝါများ ရှိကောင်းရှိပေမည်။ အသားစားသတ္တဝါများသာကို စားသုံးခဲ့သနည်း။ သို့ရာတွင် ၎င်းတို့၏ အရိုးများကို မတွေ့ရှိရပါ။ အခြား သိပ္ပံပညာရှင်များက ထိုပြဿနာမှာ နမူနာပစ္စည်း စုဆောင်းမှုစနစ်၏ ချို့ယွင်းချက်ဟု အကြံဉာဏ်ပေးကြပါသည်။ ဘူမိပြောင်းလဲမှုများက သီးခြားခေတ်အလိုက် ကျောက်ဖြစ်ရုပ်ကြွင်းများကို ရောထွေးစေနိုင်ပါသည်။ ထို့အပြင် ကျောက်ဖြစ်ရုပ်ကြွင်း မုဆိုးများသည် ပို၍ဈေးကောင်းရသော အသားစားသတ္တဝါကြီးများ၏ ရုပ်ကြွင်းကို ပိုမိုစိတ်ဝင်စားသောကြောင့်လည်း ဖြစ်ပေသည်။

စပိုင်နိုဆောသည် အသစ်တစ်ကောင် လက်ဝယ်ရှိပြီး တွေ့ရှိရသော နေရာကို တိတိကျကျ သိရှိခြင်းကြောင့် နိုင်ဇာအီဘရာဟင်သည် စထရိုမာ၏ ဉာဏ်စမ်းပုစ္ဆာအဖြေကို ပိုမိုပြည့်စုံ ကျေနပ်စရာကောင်းစွာ သိရှိနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ အသစ်တွေ့ရသော အရိုးများသည် ရှုတ်တရက်ဆိုလျှင် ပို၍ပင် ရှုပ်ထွေးစေပါသည်။

လေ့လာခါစ ပညာရှင်များဆိုလျှင် ကျောရိုးဆူးတောင်များ ချောမွတ်နေခြင်းသည် ထိုကဲ့သို့ ပျော့ပျောင်းသော တစ်ရှူး(အသားစိုင်)များကို ထောက်ပံ့ထားသည်ဟု အမှတ်မှားရပေမည်။ ဆူးတောင်များတွင် သွေးကြောများအတွက် မြောင်းငယ်ကလေးများ မရှိသလောက် ရှားပါးပါသည်။ ထို့ကြောင့် အခြားသိပ္ပံပညာရှင်များ တွေးဆသကဲ့သို့ ခန္ဓာကိုယ်အပူချိန် ထိန်းညှိရန်ကိစ္စ မဖြစ်နိုင်ပါ။ နံရိုးများသည်လည်း တညီတညာတည်း သိပ်သည်းနေပြီး အတိအကျကွေး



ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ၏ ရှေ့ဦးပညာရှင်ဖြစ်သော အားနက်စထရိုမာသည် ပထမကမ္ဘာစစ် ဖြစ်ခါနီးကာလတွင် ဘာဟာရသဲကန္တာရ၏ အရှေ့ပိုင်းကို မမောနိုင်မပန်းနိုင်အောင် စူးစမ်းရှာဖွေခဲ့သည်။

www.burmeseclassic.com

နေသဖြင့် စည်ပိုင်းပုံ ကိုယ်ခန္ဓာကို ဖြစ်စေသည်။ လည်ပင်းရှည်ပြီး ဦးခေါင်းခွံမှာ ကြီးမားလှသည်။ သို့ရာတွင် မေးရိုးမှာ အံ့သြလောက်အောင် သွယ်လျရှည်လျားလှသည်။

ကွေးနေသော နှာရောင်ထိပ်တွင် သေးငယ်သော ကွင်းပေါက်ကလေးများ ပျံ့နှံ့နေသည်။ ရှေ့ခြေထောက်နှင့် ရင်ရိုးခွေမှာ ကြီးမား ထွားထဲသော်လည်း နောက်ခြေများမှာ အချိုးမကျစွာ တိုပြီး သွယ်လျနေပါသည်။

"စပိုင်နိုဆောရပ်ဟာ ထူးထူးကဲကဲ ရှေ့ပိုင်းလေးနေတယ်" ဟု ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ပေါ်စီရီနို (Paul Sereno) က ပြောပါသည်။ သူသည် ချီကာဂိုတက္ကသိုလ်မှ အီဘရာဟင်၏ အကြံပေးသူဖြစ်ပြီး မြောက်အာဖရိကမှ ထူးဆန်းသော ဒိုင်နိုဆောများကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

ထိုအထဲတွင် စပိုင်နိုဆောရပ်နှင့် နီးစပ်သော မျိုးနွယ်ဖြစ်ပြီး မိကျောင်းကဲ့သို့ မေးရိုးရှည်လျားသော စူကိုမင်မပ် (Suchomimus) လည်း ပါဝင်ပါသည်။

"အဲဒါဟာ မိကျောင်းခေါင်းတို့နဲ့ မျောက်မောင်းမ စပ်ကျထားသလိုပါပဲ"

အီဘရာဟင်သည် သူ့ရုံးခန်းတွင် သက်ရှိထင်ရှား သတ္တဝါ၏ အရွယ်အစားရှိသော ခေါင်းခွံပုံကို နံရံပေါ်၌ ချိတ်ဆွဲထားပါသည်။ သူက မကြာခဏ စိုက်ကြည့်လေ့ရှိပါသည်။ ခေါင်းခွံနောက်တွင် ရှုန်းကန်နေသော ခန္ဓာကိုယ်ကြီးကို စူးစမ်းပါသည်။

"ကျွန်တော်က အရိုးတွေ၊ ကြွက်သားတွေ၊ တွယ်ဆက်တစ်ရှူးတွေ အားလုံးကို မြင်အောင်ကြည့်ပါတယ်၊ တစ်ခါတစ်ရံ အဲဒီမှာရှိပြီး တစ်ခါတစ်ရံ စိတ်ထဲ စွဲလမ်းတဲ့အရာလိုပဲ ပျောက်ကွယ်သွားပါတယ်၊ အဲဒီရှုပ်ထွေးမှုတွေ အားလုံးကို ကျွန်တော့်ဦးနှောက်က မဖြေရှင်းနိုင်ဘူး"

သို့ရာတွင် ကွန်ပျူတာတစ်လုံးက ဆောင်ရွက်နိုင်ပေမည်။ မီလန်မြို့ ပြတိုက်မှ ဆိုင်မွန်းနှင့် ချီကာဂိုတက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်း ပြင်ဆင်ရေးဆွဲသူ တိုင်လာကေလာ (Tyler Keilor) တို့နှင့် ပူးပေါင်းပြီး အီဘရာဟင်သည် ဒစ်ဂျစ်တယ် နည်းပညာဖြင့် ဒိုင်နိုဆောကို စတင်တည်ဆောက်ရန် ဆောင်ရွက်ပါသည်။

သူတို့သည် ချီကာဂိုဆေးပညာဌာနနှင့် မီလန်မြို့ရှိ မက်ဂီဖိုး ဆေးရုံတို့တွင် သူတို့၏အရိုးများကို စီတီစကင် (CT Scan) ခေါ် ပုံဖော်နည်းပညာဖြင့် စစ်ဆေးပါသည်။ အခြားခန္ဓာကိုယ် အစိတ်အပိုင်းများကို မီလန်ပြတိုက်မှ အရိုးများမှ ရရှိသော ပုံရိပ်များမှတစ်ဆင့် ဖြည့်စွက်ပါသည်။ ထို့ပြင် ပဲရစ်နှင့် အခြားနေရာများမှ အရိုးပုံရိပ်များလည်း ပါဝင်ပြပါသည်။ စထရိုမာ၏ ဓာတ်ပုံနှင့် ပုံကြမ်းများမှလည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ပုံရိပ်ဖမ်းခဲ့ပါသည်။

တစ်ခါတစ်ရံ အသက်ငယ်သော အရိုး၏ပုံရိပ်ကို အသက်ကြီးအရွယ်သို့ ပြောင်းလဲစေရပါသည်။ ... နည်းပညာအရ ပုံစံငယ်ပြုလုပ်ရာတွင် အထူးကျွမ်းကျင်သော



ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ၏ ရှေ့ဦးပညာရှင်ဖြစ်သော အားနက်စထရိုမာသည် ပထမကမ္ဘာစစ် ဖြစ်ခါနီးကာလတွင် ဆာဟာရသဲကန္တာရ၏ အရှေ့ပိုင်းကို မမောနိုင်မပန်းနိုင်အောင် စူးစမ်းရှာဖွေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇက်ဘာရပ်မှ လေ့လာသူ ကီလာ (Keillor)က လိုနေသော အရိုးများကို ဇက်ဘာရပ်ရှိ စေးဖြင့် ပြုလုပ်ပါသည်။

သူ့လုပ်ငန်း၏ လမ်းပြမြေပုံအဖြစ် ခန္ဓာဗေဒ ဆက်စပ်မှုရှိသည့် စပိုင်နိုဆောရပ် အုပ်စုဝင် ဒိုင်နိုဆောများဖြစ်သော စူကိုမီးမတ်နှင့် ဘာယွန်နက် (Baryonyx) တို့၏ ပုံရိပ်များကို အသုံးပြုရပါသည်။ သူတို့၏ပုံစံတွင် ကျောရိုးဆစ် (၈၃)ဆစ်ကို ပုံဖော်နေရာချခြင်းကို ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ပြီးသောအခါ သက်ကြီးကောင် စပိုင်နိုဆောရပ်သည် နှာခေါင်းမှ အမြီးဖျား အထိ ပေ ၅၀ ရှည်လျားကြောင်း သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။

စပိုင်နိုဆောရပ်သည် ကမ္ဘာပေါ်တွင် လမ်းလျှောက်ခဲ့သော အကြီးဆုံး သားစားသတ္တဝါဖြစ်သည်ဟု အဆိုပြုခဲ့ပါသည်။ ထိုအချက်ကို အတည်ပြုခဲ့ပါသည်။ ယခင်က အကြီးဆုံးဟု ယူဆခဲ့သော တီရက် (T. Rex) သည် ခေါင်းမှအမြီးဖျားအထိ ၄၀ ဒသမ ၅ ပေ ရှည်လျားပါသည်။

ထို့နောက် အရိုးစုအား ဒစ်ဂျစ်တယ်အရေပြားနှင့် ဖုံးလွှမ်းလိုက်ပြီး အသက်ဝင်သောပုံစံ ဖြစ်စေပါသည်။ ဤနည်းဖြင့် သတ္တဝါ၏ မြေဆွဲအားနှင့်အညီ ဟန်ချက်ထိန်းပုံနှင့် သွားလာလှုပ်ရှားပုံကို ပိုမိုနားလည်နိုင်ပေမည်။ သူတို့၏ လေ့လာစူးစမ်းမှုသည် မှတ်သားဖွယ်ရာ အဆုံးသတ်အဖြေ ထွက်ခဲ့ပါသည်။ အခြား အသားစားဒိုင်နိုဆောများသည် ကြီးမားသော နောက်ခြေများဖြင့် လမ်းသွားကြပါသည်။ စပိုင်နိုဆောရပ်များမှာမူ လုပ်ငန်းဆောင်ရွက်မှု လေးပိုင်းဖြစ်နေပြီး လက်သည်းများပါသော ရှေ့ခြေထောက်များကိုလည်း လမ်းလျှောက်ရန် အသုံးပြုပါသည်။

သတ္တဝါကြီးနှင့် ပတ်သက်၍ ထူးဆန်းမှုများမှာ အမှန်တကယ် အဓိပ္ပာယ်ရှိလာပါသည်။ အဘယ်ကြောင့်ဆိုသော် အီဘရာဟင်နှင့် သူ့အဖွဲ့သည် ရေထဲတွင် အချိန်ကာလများစွာ နေထိုင်သော ဒိုင်နိုဆောအဖြစ် ရှုထောင့်အသစ်မှ သုံးသပ်လိုက်သောကြောင့် ဖြစ်သည်။ နှာခေါင်းပေါက်များသည် ဦးခေါင်းခွံတွင် မျက်လုံးများအနီးရောက်အောင် မြင့်မားစွာ တည်ရှိနေသည်။

ထို့ကြောင့် ဦးခေါင်း၏ ပမာဏများစွာ ရေငုပ်နေသည့်တိုင် ထိုသတ္တဝါမှာ အသက်ရှူနိုင်ပေမည်။ စည်လုံးပုံ ခန္ဓာကိုယ်သည် ဝေလငါးများ၊ လင်းပိုင်များနှင့် အလားသဏ္ဌာန်တူပါသည်။ နံရိုးများ၏ သိပ်သည်းဆနှင့် ရှည်လျားသော အရိုးများသည် ရေနေနို့တိုက်သတ္တဝါဖြစ်သည့် စီးကောင်း (Sea Cow) ခေါ် ပင်လယ်ဖျံကြီး တစ်မျိုးနှင့် တူပါသည်။

နောက်ခြေထောက်များသည် လမ်းလျှောက်ရန် အချိုးမကျလှသော်လည်း ပဲ့ထိန်းရန် ကောင်းမွန်ပေမည်။ သုတေသီများက ကျယ်ပြန့်သော နောက်ခြေဖဝါးသည် ဘဲငန်းကဲ့သို့ အရေပြားတွယ်ဆက်နေမည်ဟု သံသယရှိပါသည်။ ရှည်သွယ်သော မေးရိုးနှင့် ချောမွတ်သော ထုလုံးပုံ သွားများသည် ငါးများကို ထောင်ချောက်ဆင်ဖမ်းရန် အသုံးဝင်ပေလိမ့်မည်။

ထို့ပြင် မိကျောင်းနှင့် မိကျောင်းခေါင်းတိုများတွင် ရှိသော နှာရောင်ပေါ်ရှိ တွင်းငယ်များသည်လည်း ပါရှိနေပေသည်။ ထိုအရာများသည် အလင်းရောင်မရှိသော ရေထဲတွင် ရေဖိအား ဆင်ဆာသဖွယ် ငါးများကို အာရုံခံနိုင်ရန် ဖြစ်ပါသည်။ အီဘရာဟင် တွေးခေါ် စဉ်းစားသည်မှာ စပိုင်နိုဆောရပ်၏ အမဲလိုက်ပုံမှာ ဗျိုင်းနှင့် အလွန်တူပေသည်။ ရှေ့သို့ ကိုင်းပြီး ရှည်လျားသော နှုတ်သီးဖြင့် ငါးကို ဆတ်ခနဲဖမ်းယူနိုင်သည်။

စပိုင်နိုဆောရပ်အား ရေနေဒိုင်နိုဆောအဖြစ် သတ်မှတ်သော အမြင်သစ်သည် စထရိုမာ၏ ဥာဏ်စမ်းပုစ္ဆာဖြစ်နိုင်သော ဖြေရှင်းမှုကို အကြံပြုနိုင်သည်။ ထိုသတ္တဝါ သေဆုံးခဲ့သော မြစ်သည် အာဖရိကမြောက်ပိုင်းတွင် ခရိတေးသျှ (Cretaceous) ခေတ်က ရေကြောင်းအများအပြားထဲက တစ်ခုဖြစ်ပေမည်။

အကယ်၍ သားစားသတ္တဝါသည် ကြီးမားလျှင် ရေနေသတ္တဝါလည်း ကြီးမားပေမည်။ ကမ်းကမ်းကျောက်လွှာတွင် အနည်ကျနေသည်မှာ ၈ ပေရှည်သော အဆုတ်ပါငါး၊ ၁၃ ပေရှည်သော ကိုလာကင့်၊ ၂၅ ပေရှည်သော လွှငါးနှင့် အရွယ်ကြီးသော လိပ်များ ဖြစ်ပါသည်။ ထိုတိရစ္ဆာန်များသည် ကြီးမားသော သားစားသတ္တဝါအတွက် ကျန်းမာကြံ့ခိုင်စေသော အစာအာဟာရ ဖြစ်ပေမည်။ ထို့ပြင် များပြားလှသော အသီးအရွက်စား သတ္တဝါကြီးများ၏ အစာလိုအပ်ချက်ကို အဆင်ပြေရန် ဖန်တီးထားပေသည်။

အားလုံးကို အီဘရာဟင်က စုစည်းလိုက်ပါသည်။ သူသည် ဒစ်ဂျစ်တယ်ဒိုင်နိုဆော စီမံကိန်း၏ အဆင့်ဆင့်ကို သိရှိပါသည်။ စပိုင်နိုဆောရပ်၏ အရိုးစုကို ပေါ်လီစထရာ ရေမြှုပ်ဖြင့် သုံးဘက်မြင် ပရင်တာမှ ကွန်ပျူတာနမူနာပုံစံ ထုတ်လုပ်ခဲ့ပါသည်။ အရိုးစုသည် ရေကူးနေဟန် ပုံသွင်းထားပါသည်။ အီဘရာဟင်က သတ္တဝါသည် ၈၀ ရာခိုင်နှုန်းခန့် ထိုပုံစံနှင့် နေမည်ဟု ခန့်မှန်းသရုပ်ဖော်ထားပါသည်။

"ကျွန်တော့်ပုံစံကို အားနက်စထရိုမာ မြင်စေချင်ပါတယ်၊ ဒါဟာ စပိုင်နိုဆောရပ်ကို ဘယ်လို အထူးတလည် တည်ဆောက်ထားသလဲဆိုတာ ဖော်ပြထားပါတယ်၊ အဲဒါ မြင်ရင် သူ ပြုံးမိပါလိမ့်မယ်"

REF : Tom Mueller - Mister Big

National Geographic - October 2014.

တော်မြင့်(ငွေထိပ်ချား)

❐





www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ဤကမ္ဘာ

ဦးတိုး
(တက္ကသိုလ်)



## ကမ္ဘာ့အံ့ဖွယ် ဘောဘီလုံ့ဥယျာဉ်ကြီး

ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးတွင် တစ်ခုအဖြစ် စာရင်းဝင်နေသည့် ဘောဘီလုံဒေသတွင် လျှို့ဝှက်ဆန်းကြယ်သော တွဲလောင်းပန်းဥယျာဉ်ကြီးနှင့် ၎င်း၏နံရံများသည် ရှေးခေတ်ကမ္ဘာ၏ လှပခမ်းနားမှုတစ်ခုအဖြစ် တည်ရှိခဲ့သည်။

မယ်ဆိုပိုတေးမီးယားတွင် နန်းဆက် ၁၀ ဆက်တို့၏ ရှေးဟောင်းမြို့တော်ဖြစ်ခဲ့ပြီး ၎င်းကို လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ က တည်ဆောက်ခဲ့သည်။ အဆိုပါဒေသကို စာပေအရေးအသားများနှင့် အနုစာပေများ စသည့် အစောဆုံး ယဉ်ကျေးမှု စတင်ပေါက်ဖွားခဲ့သည့် နေရာအဖြစ် သတ်မှတ်ခဲ့သည်။


သို့သော်လည်း လွန်ခဲ့သည့်နှစ်များ၌ လုယက်ဖျက်ဆီးမှုများ၊ လျစ်လျူရှုထားမှုများနှင့် ပဋိပက္ခဖြစ်မှုများကြောင့် ထင်ရှားကျော်ကြားခဲ့သော သမိုင်းဝိ ` ့သည့် ဘောဘီလုံမြို့ဟောင်းကို ပြန်လည်မြင်ယော ်မသည်။ မကြာသေးသောနှစ်များက အီရတ်အာဏာပိုင်များသည် ဘောဘီလုံကို ကမ္ဘာလှည့်ခရီးသည်များ ့လည်ပတ်စရာနေရာအဖြစ် ပြန်လည်ဖွင့်လှစ်ပေးလိုက်ရာ ကမ္ဘာတစ်ဝန်းလုံးမှ ဧည့်သည်များကို အဆိုပါနေရာသို့ လာရောက်လည်ပတ်ရန် ဆွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်နေပေသည်။

ဘောဘီလုံသည် တန်ဖိုးထားရမည့် ရှေးဟောင်းသုတေသနပြုလုပ်ရန် နေရာအဖြစ်နှင့် ၎င်းတွင် အံ့ဩဖွယ်ရာ ရှုခင်းများ ရှိနေသော်ငြားလည်း ရှေးခေတ်က သမိုင်းထက် မကြာမီက သမိုင်းဖြစ်ရပ်များကိုသာ ပိုမိုအလေးပေးနေကြပြီး ကမ္ဘာလှည့်ခရီးသည် အနည်းငယ်သာ ရောက်ရှိလာခဲ့ကြသည်။ ဘောဘီလုံမြို့သည် ဘဂ္ဂဒက်မြို့တော်၏ တောင်ဘက် ၈၅ ကီလိုမီတာ ၅၂ မိုင် အကွာအဝေးတွင် တည်ရှိသဖြင့် နှစ်နာရီခန့် ကားမောင်း၍ ရောက်ရှိနိုင်သည်။

အီရတ်အာဏာရှင် ဆာဒမ်ဟူစိန်လက်ထက်က ပြန်လည်ထိန်းသိမ်းမှုကို လုပ်ဆောင်ခဲ့သော်လည်း ဖြစ်ပြီးမြောက်

www.burmeseclassic.com

မြောက် မဟုတ်ဘဲ ၂၀၀၃ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များကဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ သူတို့သည် ဘေဘီလုံမြို့ဟောင်းကို သိမ်းပိုက်တာ မည်သူကိုမျှ ဝင်ရောက်ခွင့်မပြုခဲ့ပေ။



မြို့တွင်းသို့ ဝင်ရောက်နိုင်သည့် အဋ္ဌမမြောက် ဂိတ်ဝကို ဘီစီ ၅၇၅ ခုနှစ်တွင် ဒုတိယမြောက် နာဘူခါနက်ဇာ (Nebuchadnezzar) ဘုရင်၏ အမိန့်ဖြင့် တည်ဆောက်ခဲ့ရာ စဥ့်သုတ်အုတ်များဖြင့် နဂါးရုပ်များနှင့် နွားထီးရိုင်းအရုပ်များကို ထုလုပ်ခဲ့၍ ၂၀ ရာစုနှစ်တွင် တူးဖော် သုတေသနပြုခဲ့သည်။ မူလအဆောက်အအုံကို ပြန်လည်တည်ဆောက်ခဲ့ရာ ဘေဘီလုံမြို့တွင်လည်းကောင်း၊ ဘာလင်မြို့၏ Pergamon ပြတိုက်တွင်လည်းကောင်း ဂိတ်ဝကြီးတွင်ရှိနေပြီး ပုံတူဂိတ်ဝမှ ဧည့်သည်များကို ဝင်ရောက်စေသည်။ သို့သော်ငြားလည်း မြို့၏နံရံများမှာ အကောင်းအတိုင်း ရှိနေသေးသည်။ နောက်ပိုင်းတွင် ဆာဒမ်ဟူစိန်၏လက်ထက် တူးဖော်မှုများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့သော်လည်း လုယက်ဖျက်ဆီးသူများကြောင့် ပျက်စီးသွားခဲ့ရသည်။

၁၉၈၀ ခုနှစ် ဝန်းကျင်လောက်တွင် ဒုတိယမြောက် နာဘူခါနက်ဇာ၏ ရှေးဟောင်းနန်းတော်ရာ အပျက်အစီးအပေါ်၌ ဆာဒမ်ဟူစိန်က နန်းတော်ပုံတူကို တည်ဆောက်ခဲ့သည်။ နာဘူခါနက်ဇာကဲ့သို့ပင် အုတ်များ၌ သူ၏နာမည်ကို



ရေးထိုးထားသည်။ နန်းတော်ကို ဆူမားရီးယန်း ဇီဂူရတ် (Ziggurat) ဟန်ပန်အတိုင်း တည်ဆောက်ခဲ့သည်။ ၂၀၀၃ ခုနှစ် အမေရိကန်တပ်ဖွဲ့များသည် နန်းတော်ကို သိမ်းပိုက်လိုက်ရာ နာဘူခါနက်ဇာ၏ နန်းတော်နှင့် ကပ်လျက်တည်ရှိပြီး ယူဖရေးတီးစ်မြစ်ကို အပေါ်စီးမှ မြင်တွေ့နိုင်ပေသည်။

ယခုခေတ်တွင် ဘေဘီလုံ၌ ဘတ်စကက်ဘောကစားရာ၌ ဂိုးသွင်းရသည့် သံကွင်းတစ်ခုရှိနေဆဲတွေ့ရပြီး ရှေးခေတ်ဘေဘီလုံမြို့၏ အထိမ်းအမှတ်ဖြစ်သည်။ နှစ်ပေါင်း ၂၅၀၀မှ ခြသေ့ရုပ်တုအပေါ်ထပ်သို့ တက်ရောက်ခြင်း မပြုကြရန် စပလိမ်ဝါယာသံကြိုးများဖြင့် ကာရံထားသည်။

ယနေ့အထိ ရှေးဟောင်းမြို့ကြီး၏ နှစ်ရာခိုင်နှုန်းလောက်ကိုသာ တူးဖော်ကြည့်နိုင်သည်။ ခေတ်သစ် အီရတ်တွင် ရှေးဟောင်းဘေဘီလုံမြို့သည် ခြိမ်းခြောက်ခြင်းခံနေရသည်။ တိမ်မြုပ်လျက်ရှိနေသည့် ရတနာများသည် အဆောက်အအုံများ ကျူးကျော် ဆောက်လုပ်နေကြသူများ၏ ခြိမ်းခြောက်မှုခံနေရခြင်းဖြစ်သည်။

ရှေးဟောင်းမြို့၏ အရှေ့ဘက်ပိုင်းတစ်လျှောက်သို့ ရေနံပိုက်လိုင်းကြီး သွယ်တန်းထားကြောင်း ကမ္ဘာလှည့်ခရီးသွားလမ်းပြ ဟူဆိန်အယ်လ်အမ်မဂရီ (Hussein Al-Ammari) မှ ရှင်းပြသည်။ အာဏာရှင် ကျဆုံးသွားပြီး ၁၀ နှစ်အကြာတွင် ဆာဒမ်၏ စကျင်ကျောက်နန်းတော်ကြီးမှာ အီရတ်လူမျိုး ဧည့်သည်အနည်းငယ်ကို ဆွဲဆောင်ပေးနိုင်နေဆဲ ရှိသည်။

*Reference . Babylon*

www.burmeseclassic.com

www.burmeseclassic.com



# မျက်လုံးလေး ကလယ်ကလယ်နှင့် အိပ်နေသည့်ဇီးကွက်

ငှက်ပေါက်စကလေးသည် နို့တိုက်သတ္တဝါများ အိပ်သည့်ပုံစံအတိုင်း အိပ်သည်။ သူတို့ကြီးလာကြသည်နှင့် အိပ်စက်ပုံသည်လည်း ပြောင်းလဲ၍ လာခဲ့သည်။

ဤအကြောင်းများကို သတ္တဗေဒပညာ Max Planck Institute Ornilkdogy (MPJO) နှင့် လော်စန်နီ တက္ကသိုလ် (University of Lavsanne) (UNIL) တို့မှ အဖွဲ့တစ်ဖွဲ့သည် ဇီးကွက်မျိုးဖြစ်သည့် မိန်ကောင် (သို့မဟုတ်) လင်ကော်င်ပိုး (Barn owls) များအား တောရိုင်းတွင်း၌ လေ့လာသုတေသနပြု၍ တွေ့ရှိရခြင်းဖြစ်သည်။

မျိုးဗီဇနှင့်ပတ်သက်၍ အသက်ကြီးလာသည့် အဆိုပါငှက်များ၏ စရိုက်နှင့် ဇီဝကမ္မ သက်ရှိကိစ္စ လက္ခဏာဖြင့် ၎င်းတို့၏ အမွေးအတောင်များတွင် မှောင်မိုင်းရောင်များ ထွက်ပေါ်လာပြီး အနက်စက်များလည်း ထင်ထင်ရှားရှား ပြောင်းလဲပေါ်ပေါက်လာခဲ့ခြင်းသည် သူတို့အိပ်စက်မှု ပြောင်းလဲလာသည်နှင့် အပြန်အလှန်အားဖြင့် ဆက်စပ်နီးနွယ်လျက် ရှိနေကြပေသည်၊ အအိပ်အနေကြောင့် ဦးနှောက်တွင် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ အရောင်အဆင်း ပြောင်းလဲလာမှု လက္ခဏာများကို လင်ကောင်ပိုးနှင့် အခြားတိရစ္ဆာန်များတွင်လည်း လေ့လာစောင့်ကြည့် သိရှိရသည်ဟု ဆိုသည်။

နို့တိုက်သတ္တဝါများနှင့် ငှက်များတွင် အိပ်ပုံအိပ်နည်း နှစ်မျိုးရှိသည်။

REM Sleep အိပ်သည့်ပုံစံသည် အိပ်နေရင်း မျက်စိကို လျှင်မြန်စွာ လှုပ်ရှားနေခြင်း (Rapid Eye Move-ment Sleep) နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်း (Non- REM) များ ဖြစ်သည်။

ကျွန်ုပ်တို့သည်လည်း ဦးနှောက်အလုပ်လုပ်ရင်း ထင်တင်ရှားရှား အိပ်မက်မက်နေသည့် REM အိပ်စက်မှုကို တွေ့ကြုံဖူးကြပြီဖြစ်သည်။ ဤသည်မှာ ဂ ၂ မိသဘောဆောင်သည့် နိုးတစ်ဝက် မနိုးတစ် အိပ်နေခြင်းမျိုး ဖြစ်သည်။ နောက်ထပ် တိုးချဲ သုတေသနပြုခဲ့ကြသော်ငြားလည်း REM sleep အိပ်စက်မှု ကိစ္စအလို့ငှာ လျှို့ဝှက် ဆန်းကြယ်နေဆဲ ရှိနေပေသည်၊

REM sleep နှင့်ပတ်သက်၍ အဓိကအကျဆုံး အင်္ဂါရပ်တစ်ခုမှာ ငယ်ရွယ်သော ဘဝတွင် အိပ်စက်မှု ပိုလွန်နေခြင်းကို တွေ့ရသည်။ နို့တိုက်သတ္တဝါများသည် ငယ်ရွယ်သော ကာလ၌ ပိုမိုအိပ်ကြလေ့ရှိသည်။

ဥပမာပြရလျှင် မွေးဖွားခါစကလေးများသည် ကျွန်ုပ်တို့ အိပ်လေ့ရှိသည်ထက် နိုးတစ်ဝက် မနိုးတစ်ဝက် REM sleep ပုံစံဖြင့် ၎င်းတို့သည် နှစ်ဆခန့် အိပ်လေ့ရှိကြပေသည်။ REM sleep ပုံစံတွင် တစ်ရေးမှိန်းနေခြင်းသည် ၂၀-၂၅ ရာခိုင်နှုန်းခန့် ခြင့်မိမည်မှာ သေချာသလောက် ရှိနေပေသည်။

ငှက်ကြီးများသည် REM sleep ပုံစံဖြင့် တကယ်ပင် အိပ်စက်လေ့ရှိသော်ငြားလည်း ငှက်ပေါက်စလေးများသည်လည်း အလားတူ အိပ်ပုံအိပ်နည်း ဖွံ့ဖြိုးတိုးတက်လာခြင်း ရှိ၊ မရှိ မရှင်းလင်းသေးချေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအကြောင်းကြောင့်ပင်လျှင် MPIO မှ နီးလ်စ်ရက်တင်ဘောက် (Neels Rattenborg)။ Unil မှ အဲလက်ဇန္ဒရီရောင်လင်း (Alexandre Roulin) နှင့် Ph.D ပါရဂူဘွဲ့ယူရန်ကျောင်းတက်နေသူ မက်ဒဲလ်လင်းစခရီဘား၊ (Mateleine Scriba) တို့သည် ဤအဖြေကိုရရှိရန် မိန်ကောင် ဇေါ် လင်ကောင်ပိုးများကို ပြန်လည်၍ ထပ်မံဆန်းစစ် လေ့လာခဲ့ကြပြန်သည်။

သူတို့သည် လူတို့တွင် အသုံးပြုသည့် EEG (Electro Encephalo Gram)စက်ဖြင့် အဆိုပါ ငှက်ပေါက်စ ၆၆ ကောင် (အရွယ်အမျိုးမျိုး)အား သူတို့အိပ်သည့် ပုံစံကို ငါးရက်ကြာ စစ်ဆေးကြည့်ခဲ့ကြသည်။

မှတ်တမ်းတင်စက်ကို ပြန်ဖြုတ်ပေးလိုက်သော်လည်း သူတို့၏ အိပ်စက်နေသည့် ဦးနှောက်များ ထိခိုက်မှုမရှိခဲ့ပေ။ သိသာစွာ မျက်စိလှုပ်ရှားမှု ကင်းမဲ့နေသော်ငြားလည်း ငှက်ကလေးများသည် REM sleep ပုံစံဖြင့် အကြာကြီး အိပ်ခဲ့ကြသည်ကို တွေ့ရှိရသည်။

နိုးနေသည့် လှုပ်ရှားမှုများကို ငှက်ကလေးများ၏ EEG စက်မှ ပြသပေးခဲ့သော်လည်း ၎င်းတို့၏မျက်စိများကို မှိတ်ထားကြပြီး သူတို့၏ဦးခေါင်းကို ဖြည်းဖြည်းချင်း ခေါင်းညိတ်နေကြသည်ကို တွေ့ရကြောင်း မက်ဒဲလ်လင်းစခရီဘာမှ သတင်းရေးသားခဲ့သည်။

လူသားများ၏ ကလေးများကဲ့သို့ပင် လင်ကောင်ပိုးပေါက်စလေးများသည် REM sleep အိပ်သည့်ပုံစံသည် အသက်ကြီးလာသည့်အခါတွင် အိပ်ချိန် လျော့ကျလာခဲ့ကြောင်း အရေးပါစွာ သုတေသနအဖွဲ့မှ ရှာဖွေတွေ့ရှိကြရသည်။





ထို့အပြင် ငှက်များသည် အိပ်စက်မှုနှင့် ၎င်းတို့၏ အမွေးအတောင်များ ပြောင်းလဲလာသည့် မျိုးဗီဇဆက်စပ်မှုကို ထပ်မံ လေ့လာခဲ့ကြပြန်သည်။

ငှက်များ၏ စရိုက်အမျိုးမျိုးနှင့် ဇီဝကမ္မဗေဒ သက်ရှိကိစ္စ ဘဉ်အမျိုးမျိုးပြောင်းလဲလာမှုနှင့် သူတို့၏ အိပ်စက်မှုတို့သည် ဆက်စပ်လျက်ရှိပြီး အမွေးအတောင် အရောင်များ ပြောင်းလဲလာခဲ့ကြသည်။

ဥပမာပြရလျှင် ကိုယ်ခံအားလည်ပတ်မှုနှင့် စွမ်းအင်ထိန်းသိမ်းမှုတို့မှာလည်း ပြောင်းလဲလာကြောင်း အလက်ဇန္ဒားရောင်လင်းမှ ရေးသားခဲ့သည်။ မျိုးဗီဇဓာတ်ပြောင်းအကူဖြင့် ဟိုမုန်းများကို ထုတ်လုပ်ပေးပြီး ဦးနှောက်ဖွံ့ဖြိုးလာ၍ အိပ်စက်မှုနည်းလာပြီး အမွေးအတောင် အရောင်များလည်း ပြောင်းလဲလာခဲ့ရပေသည်။

သို့သော်လည်း REM sleep အိပ်စက်သည့် ပုံစံဖြင့် မည်သို့ ငှက်ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးလာကြောင်းနှင့် လူသားများမှာလည်း ထိုနည်းတူဖြစ်လာကြောင်း ဆက်လက် သုတေသနပြုကြရဦးမည် ဖြစ်ပေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘောဒီးယားနိုင်ငံတွင် ငှက်မျိုးစိတ်သစ်တစ်မျိုးတွေ့

ကမ္ဘောဒီးယား၏မြို့တော် ဖနွမ်ပင်တွင် လူမြင်ကွင်းမှ ပုန်းအောင်းလျက်ရှိနေသည့် မျိုးစိတ်သစ် ငှက်တစ်မျိုးကို တွေ့ရှိရသည်။

၎င်းကို ကမ္ဘောဒီးယား Tailor Bird သိပ္ပံအခေါ် (Orthotomus Chaktomuk) ဟု မှည့်ခေါ်လိုက်ပြီး ၂၀၀၉ ခုနှစ်က ပထမဆုံး တွေ့ရှိခဲ့ကြောင်း သိရှိရသည်။ ထိုစဉ်က ကြက်ငှက်တုပ်ကွေးရောဂါများကို ပုံမှန်စစ်ဆေးစဉ် ရှာဖွေတွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ ထိုစဉ်ကတည်းက အလားတူငှက်များကို ဒေသအတွင်း၌ ပျံသန်းသွားလာနေကြသည်ကို တွေ့ရှိနေရသည်ဟု ဆိုသည်။

ဤအကြောင်းများကို Oriental Bird Club ဂျာနယ်တွင် ထည့်သွင်းဖော်ပြထားပြီး ဖြစ်သည်။

အမြီးနှစ်ခွ (Forktail) နှင့် Tailorbirds ငှက်မျိုးစိတ်များသည် မေးရိုက်သံဖြင့် တေးသီသည့် Warbler မျိုးနွယ်ဝင် ငှက်များ ဖြစ်ကြပြီး သူတို့၏အသိုက်များကို ပြုလုပ်ရာတွင် သစ်ရွက်များဖြင့် အသေးစိတ် ရက်လုပ်ထားတတ်ကြသဖြင့် စာဘူးတောင်းကဲ့သို့ 'အပ်ချုပ်သမားငှက်' ဟု အမည်တွင်နေပေသည်။

အဆိုပါငှက်များ၏ အမွေးအတောင်များ၊ သူတို့၏ တေးသီသံများနှင့် သူတို့၏မျိုးရိုးဗီဇများကို ပြသသည့်အနေဖြင့် Orikotomus Chaktomu ဟု သီးခြားသိပ္ပံအမည် ပေးထားလိုက်သည်။ ဤငှက်မျိုးစိတ်များသည် ထူးခြားပြီး တွေ့နေမြင်နေကျ ငှက်မျိုးများ မဟုတ်ကြပေ။ မြို့ဆင်ခြေဖုံးတွင် တွေ့မြင်ကြ၍ အုံသြဖွယ်ရာများ ဖြစ်နေပေသည်။

Oriental Bird Club အရှေ့တိုင်းငှက် ကလပ်၏ ကောင်စီအဖွဲ့ဝင် ရစ်ချတ်သောမတ် (Richard Thomas) ကိုယ်တိုင် လမ်းမကြီးတည်ဆောက်နေသည့်နေရာ၌ အဆိုပါ ငှက်များကို တွေ့ဖူးခဲ့သည်ဟု သိရှိရသည်။

ဖနွမ်ပင်မြို့သည် မဲခေါင်မြစ်၏ ရေကြီးတတ်သည့် လွင်ပြင်ရှိ ချုံပုတ်များအတွင်း ၎င်းငှက်မျိုးစိတ်များ ကျက်စားနေကြလေ့ရှိသည်။ ဤမျိုးစိတ်များသည် အရှေ့တောင်အာရှတွင် ပျံ့နှံ့နေပြီဟု ယူဆရသည်။

ငှက်ကြည့်ဝါသနာရှင်များသည် ဤသို့သော ဂေဟစနစ် ထောက်ပံ့မှုကို ဦးတည်ချက်ထားကြဟန် မတူကြောင်း Wildlife Conservation Society (WCS) တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တွဲဖက်စာရေးဆရာ စီမွန်မာဟူးလ် (Simon Mahool) မှ ပြောကြားသည်။

ရှားပါးသော ငှက်မျိုးစိတ်ဖြစ်၍ မျိုးသုဉ်း ပျောက်ကွယ်လုစာရင်းဖြစ်သည့် International Union For Conservation of Nature's Red List တွင် ထည့်သွင်းထားသင့်သည်ဟု ၎င်းက အကြံပြုပေးထားကြောင်း သိရှိရသည်။

*Ref: Cambodian Tailorbird : A new species seen in Phnom Penh (CNN)*

◆



www.burmeseclassic.com

www.burmeseclassic.com



# နှစ်မြုပ်သွားသည့်သင်္ဘောမှ အမြောက်ငါးလက်ဆယ်ယူ

မြောက်ကာရိုလိုင်းနားနယ် ကမ်းလွန်ပင်လယ်ပြင်၌ နစ်မြုပ်သွားခဲ့သည့် နာမည်ဆိုးနှင့် ကျော်ကြားခဲ့ဖူးသူ မုတ်ဆိတ်နက်(Blackbeard)၏ ပင်လယ်ဓားပြသင်္ဘောမှ ရှေးခေတ်သုံး အမြောက်ငါးလက်ကို သုတေသနပညာရှင်များမှ ဆယ်ယူရရှိလိုက်ပြီ ဖြစ်သည်။

အက်ဒဝပ်တီချ် (Edward Teach) ဆိုသူသည် မုတ်ဆိတ်နက်အဖြစ် ကျော်ကြားခဲ့ပြီး နစ်မြုပ်သွားခဲ့သည့် Queen Anne's Revenge ပင်လယ်ဓားပြသင်္ဘောသည် နှစ်ပေါင်း ၃၀၀ နီးပါးခန့် ဗျူဖို့ဒ်ရေလက်ကြား (Beaufort Inlel) ၏ ပင်လယ်ကြမ်းပြင်တွင် နစ်မြုပ်နေရာမှ မြောက်ကာရိုလိုင်းနားရှိ ယဉ်ကျေးမှု သယံဇာတဌာန (North Carolina Department of Cultural Resources) မှ သိပ္ပံပညာရှင်တစ်စုက ဆယ်ယူရရှိခဲ့ခြင်းဖြစ်သည်။ သိပ္ပံပညာရှင်များအဖွဲ့သည် ကမ်းခြေစောင့်အဖွဲ့နှင့် ပူးပေါင်းရှာဖွေခဲ့ကြရာ အလေးချိန် ၂၀၀၀ မှ ၃၀၀၀ ပေါင်ရှိ အမြောက်ကြီးများကို အောက်တိုဘာလ ၂၈ ရက် တနင်္လာနေ့က ဆယ်ယူခဲ့ကြခြင်း ဖြစ်သည်။

ယင်းအမြောက်ကြီးများအား ဆွီဒင်နိုင်ငံမှ သွန်းလုပ်ခဲ့ဟန်တူသည်။ နောက်ထပ် အမြောက်ကြီး ၄၀ ခန့် ရှိနေသေးကြောင်း တူးစမ်းရှာဖွေရေး စီမံသူ ဘီလီရေးမောရစ် (Billy Ray Morris) က ပြောကြားသည်။ ဤသို့ အမြောက်များကို ဆယ်ယူရန် နှစ်နှင့်ချီ၍ စီစဉ်ခဲ့ရပြီး ၂၀၁၄ ခုနှစ်တွင် ထပ်မံရှာဖွေကြဦးမည်ဖြစ်သည်။ အဆိုပါသင်္ဘောမှ ယနေ့အထိ အမြောက် အလက် ၂၀ ကို ဆယ်ယူရရှိထားပြီးဖြစ်သည်။ အမြောက်တစ်လက်သည် ၆ ပေါင် အမြောက်ကျည်ဆန်ဖြင့် ပစ်ခတ်နိုင်သည်။ ဗျူဖို့ဒ်မြို့တွင် Queen Anne's Revenge ပြပွဲကို ခင်းကျင်းပြသထား၍ အနုပညာလက်ရာပစ္စည်းများ ၂၈၀,၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။

ရက်စက်ကြမ်းကြုတ်သော မုတ်ဆိတ်နက် ပင်လယ်ဓားပြကြီးသည် ဗြိတိန်နိုင်ငံတွင် မွေးဖွားကာ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အမေရိကန် ကိုလိုနီနိုင်ငံများနှင့် ကာရေဘီယံကျွန်းစုများအကြား ပင်လယ်ခရီးသွားသူများအား ဓားပြတိုက်ခိုက် လုယက်ခဲ့သူဖြစ်သည်။ အဆိုပါသင်္ဘောကို ၁၇၁၈ ခုနှစ်၊ ဇွန်လတွင် သူ၏သင်္ဘောသားများနှင့်အတူ သင်္ဘောကို နှစ်မြုပ်ပစ်လိုက်ပြီး ၎င်းသည် တိုက်ရာပါပစ္စည်းများကိုယူ၍ ထွက်ပြေးသွားသည်။ Queen Anne's Revenge သင်္ဘောသည် မြောက်ကာရိုလိုင်းနားနယ် ကမ်းလွန် ၂ မိုင်အကွာ ပင်လယ်ကြမ်းပြင်ရေအောက် ၂၅ ပေ အနက်တွင် နစ်မြုပ်လျက် ရှိနေပေသည်။


သင်္ဘောကိုနှစ်ပစ်လိုက်ပြီး ၎င်းသည် နောက်ထပ် ၆ ခြောက်လခန့် အသက်ရှင်နေပြီး ဗြိတိသျှတပ်ဖွဲ့များနှင့် တိုက်ခိုက်၍ စစ်ပွဲတစ်ပွဲတွင် မုတ်ဆိတ်နက် ပင်လယ်ဓားပြကြီး သေဆုံးသွားသည်။ အနိုင်ရရှိလိုက်သည့် စစ်သင်္ဘောဦးပိုင်းတွင် ၎င်း၏ဦးခေါင်းပြတ်ကြီးကို ချိတ်ဆွဲထားခဲ့ကြောင်း သိရှိရသည်။

*Ref : Booty from Blackbeard's sunken ship: Five huge cannons.*

◆

www.burmeseclassic.com

www.burmeseclassic.com



# အစ္စရေးနိုင်ငံတွင် အီဂျစ်လူမျိုးတို့၏ စဖင့်ဇ်ရုပ်တုကြီးရှာတွေ့

အစ္စရေးနိုင်ငံ၏မြောက်ပိုင်း တယ်လ်ဟို့ဇ်ဇာမြို့ (Tel Hozer) သည် ရှေးယခင်ကတည်းက သုတေသနပညာရှင်များ အတွက် ရတနာသိုက်ကြီး တစ်နေရာ ဖြစ်နေခဲ့သည်။

သို့သော်လည်း မကြာသေးမီက လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ကျော်က အီဂျစ်စဖင့်ဇ်ရုပ်တုကြီးကို တွေ့ရှိခဲ့ရသဖြင့် မမျှော်လင့်သော တွေ့ရှိမှုတစ်ရပ် ဖြစ်နေပေသည်။ ၎င်းကို အီဂျစ်နိုင်ငံမှ ဝေးလွန်းသောနေရာ၌ မြုပ်လျက်ရှိနေသည်ကို အဖြေရှာယူရန် ခက်ခဲလှသည်။ စဖင့်ဇ်ရုပ်တုကြီး၏ ခြေလက်တို့ဖြင့် အောက်ခြေကို အခြေပြုရပ်တည်ထားပြီး တူးဖော်တွေ့ရှိရသောအခါ ရုပ်ပုံစာများဖြင့် ဘုရင် မိုင်စာရင်နာ့စ် (King Myccrinus) ၏ နာမည်ကို ရေးထိုးထားကြောင်း တွေ့ရှိရသည်။

အဆိုပါ ဖေးရိုး (Pharoah) ဘုရင်ကြီးသည် လွန်ခဲ့သည့် နှစ် ၂၅၀၀ ဘီစီခန့်က အီဂျစ်နိုင်ငံကို အုပ်ချုပ်မင်းလုပ်ခဲ့သူ ဖြစ်ပေသည်။ ၎င်းသည် ဂီဇာပိရမစ် (Giza Paramid) သုံးခုကို တည်ဆောက်ခဲ့ရာတွင် တစ်နေရာ၌ ၎င်းကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး သူ၏ရုပ်အလောင်းကို အမြတ်တနိုး အုတ်ဂူသွင်းပြီး ထိန်းသိမ်းထားခဲ့သည်။

'တစ်သက်မှာ တစ်ခါလောက်သာ ဒီလိုဟာမျိုးကို ရှာဖွေတွေ့ရှိရတာပါ' ဟု ဟီဘရူးတက္ကသိုလ်၏ ပါမောက္ခ သုတေသန ညွှန်ကြားရေးမှူးဖြစ်သူ အမ်နွန်းဘင်တော (Amnon Ben - Tor)မှ ပြောကြားသည်။

သုတေသန ..ုပ်ငန်းအတွက် ဟီဘရူးတက္ကသိုလ်မှ ကမကထပြု အဖွဲ့..ုန်အကျခံ ဆောင်ရွက်နေပေသည်။ ဤကဲ့သို့ ရုပ်တုမျိုးကို ..ုိင်ငံတွင်ပင်လျှင် မတွေ့ရဘဲ ဘုရင်ကြီး၏ စဖင့်ဇ်ရုပ်တုကြီး တစ်ခုတည်းကို အဆိုပါနေရာတွင် ရှားရှားပါးပါး တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

လာ့ဗင့် (Levant)တွင် တစ်ခုတည်းသော အီဂျစ်လူမျိုးတို့၏ရုပ်တုကို အထိမ်းအမှတ်အဖြစ် တွေ့ရှိရ၍ မြေထဲပင်လယ်၏အရှေ့ဘက် တစ်မျှော်တစ်ခေါ် ရှိနေသည့်ဒေသကို ပါမောက္ခက ရည်ညွှန်းပြောဆိုသည်။ အဆိုပါနေရာ၌ ယခင်ကလည်း အီဂျစ်လူမျိုးတို့၏ ရုပ်တု ၁၀ ခုကို တွေ့ရှိခဲ့ပြီးဖြစ်ရာ ယခု စဖင့်ဇ်ရုပ်တုသည်လည်း တမင်တကာ ဖျက်ဆီးခြင်းခံခဲ့ပုံရကြောင်း ဘင်တောမှ ပြောကြားသည်။

မြို့များသည် ရန်သူလက်တွင်းသို့ ကျရောက်သွားသောအခါ ရုပ်တုများ၏ ဦးခေါင်းများနှင့် ခြေလက်များကို ဖျက်ဆီးပစ်ခြင်း ခံလိုက်ရသည်။ ဤရုပ်တုသည်လည်း ထိုကဲ့သို့ ဖျက်ဆီးခြင်း ခံလိုက်ရ၍ ၎င်း၏လက်များ မရှိတော့ပေ။ စဖင့်ဇ်ရုပ်တုအား အပြည့်အဝ တွေ့ရပါက တစ်မီတာမြင့်ပြီး အလေးချိန်သည် တန်တစ်ဝက်ခန့်ရှိမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သုတေသနအဖွဲ့သည် ဧေ ၂၀၀ အတွင်း၌ ခန္ဓာကိုယ်၏ ကျန်အပိုင်းများကို ရှာဖွေကြမည်ဖြစ်၍ နှစ်ပေါင်း ၆၀၀ ကြာသည့်တိုင်အောင် ငွဲ၊ လှံ့လ၊ ဝီရိယကို လျှော့ကြမည် မဟုတ်ပေ။ ဤမျှကြာအောင် ရှာဖွေမှုသာ အပြည့်အဝ တူးဖော်ပြီး ဖြစ်ပေမည်။

'ဒီရုပ်တုကို အီဂျစ်ဘုရင်မှ ဟိုဇ်ဇေ ဘုရင်အတွက် လက်ဆောင်ပေးခဲ့ခြင်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့်လည်း သက်သေပြရန် ဆိုသည်မှာ ဖြစ်နိုင်ခြေမရှိပါ' ဟု ဘင်တောမှ ရှင်းပြသည်။

တဲလ်ဟိုဇ်ဇာမြို့ (Tel Hazer) သည် ယခင်နှစ်ပေါင်း ၄၀၀၀ ခန့်က ကင်နန်းမြို့တော် (Canaan) ဖြစ်နိုင်ပြီး လူဦးရေသည် ၂၀၀၀၀ အထိရှိခဲ့သည်။ ၎င်းသည် အီဂျစ်နှင့် ဘေဘီလွန် (Babylon)တို့ ဆက်သွယ်ထားသော လမ်းကြောင်းပေါ်၌ တည်ရှိကာ အဆိုပါမြို့သည် စီးပွားဖြစ်ထွန်းခဲ့ပေလိမ့်မည်။ သုတေသနပြု တူးဖော်မှုများကို ၁၉၅၀ ခုနှစ်ဝန်းကျင်လောက်မှ စတင်လုပ်ဆောင်ခဲ့ရာ ယခုအခါတွင် ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ ယူနက်စကို (UNESCO) မှ ကမ္ဘာ့အမွေခံနေရာ (World Heritage Site) အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သည်။

ထိုစဉ်ကာလ အတောအတွင်းက အစ္စရေးနိုင်ငံမှ ဝေးလံသောအရပ်ဒေသ ဖြစ်သဖြင့် ငြိမ်သက်တိတ်ဆိတ်နေပေသည်။ သို့သော်လည်း နွေရာသီသို့ ရောက်ရှိလာလေတိုင်း သုတေသနပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ စေတနာ့ဝန်ထမ်းများစသည့် ဧည့်သည်များသည် မထင်မှတ်ပဲ ဗြုန်းစားကြီး ရောက်ရှိလာတတ်ကြကာ ရှေးခေတ်အခါက သူတို့ မည်သို့နေထိုင်ခဲ့ကြကြောင်း သိလို၍ စူးစမ်းလေ့ရှိကြသည်။ သမ္မာကျမ်းစာတွင် အဖြစ်အပျက်များကို မီးမောင်းထိုး၍ ရှာဖွေစူးစမ်းလေ့ရှိကြသည်။

ယင်းသို့ ရည်ရွယ်ချက်ထားရှိခဲ့ကြသဖြင့် အဆိုပါနေရာသည် သမ္မာကျမ်းစာဆိုင်ရာ သုတေသနပြုမှုအတွက် အရေးပါလာခဲ့ရပေသည်။ ဤဘုရင်၏ ကမ္ဘာပေါ်ရှိ တစ်ခုတည်းသော စဖင့်ဇ်ရုပ်တုကြီးအဖြစ် သိရှိကြရကတည်းက ရှုထောင့်အမျိုးမျိုးမှ လွန်ကဲစွာ အရေးပါနေပေပြီ။ ဤနေရာဒေသတွင် နေ့စဉ်ဆိုသလို ရှေးဟောင်းအနုပညာလက်ရာ ပစ္စည်းများကို တွေ့မြင်နေကျ ရွှံ့အိုးများနှင့် ပန်းကန်လုံးများ အပါအဝင် ဖြစ်ကြသည်။ သို့သော်လည်း တကယ့်ရည်မှန်းချက်မှာ ဤပန်းကန်ခွက်ယောက်များကို အသုံးပြုခဲ့သူများ၏ ယဉ်ကျေးမှုကို ဖော်ထုတ်ရန်ပင်ဖြစ်သည်။

'ကျွန်ုပ်တို့ တွေ့ရှိခဲ့တဲ့ ဟိုဇ်ဇာက သက်သေခံအထောက်အထားတွေမှာ သူတို့ရဲ့ အမည်များ၊ သူတို့ရဲ့ ယဉ်ကျေးမှု၊ သူတို့ရဲ့ ကိုးကွယ်မှုများ၊ သူတို့ရဲ့ လက်ထပ်ထိမ်းမြားမှုများ၊ ကွာရှင်းပြတ်စဲမှုများ၊ သူတို့ရဲ့စီးပွားရေးလုပ်ငန်းများ အကြောင်းကို ကျွန်ုပ်တို့ကို ပြောပြပေးနေကြပါတယ်' ဟု ဘင်တောမှ ပြောကြားသည်။

'ဟိုဇ်ဇာမှ ထွက်ရှိလာတဲ့ အရာဝတ္ထုများမှနေ၍ ကျွန်ုပ်တို့ အားလုံးကို သင်ယူ နားလည်နိုင်စေပါတယ်။ ကျွန်ုပ်တို့အနေနဲ့ ရှုတ်ဆိတ်နေတဲ့ ကျောက်တုံးတွေကို ရှာရုံလေးပဲ မဟုတ်ပါဘူး။ ဒီကျောက်တုံးများကနေ စကားပြောအောင် ကျွန်ုပ်တို့က လုပ်ဆောင်ခဲ့ကြတာပါ။

သို့သော်လည်း ယခု နေထိုင်နေကြဆဲ လူများနှင့် ကွဲပြားသော လူအုပ်စုများ အကြောင်းကို သိရှိလာရ၍ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများအတွက် ဆုလာဘ်ကောင်းများ ဖြစ်ပေသည်။'

ဟီဘရူးတက္ကသိုလ်၌ သုတေသနဆိုင်ရာ ဒေါက်တာဘွဲ့ယူရန် စာမေးပွဲဖြေမည့် ကျောင်းသူ ရှိုလ်မစ်ဘက်ချာ (Shlomit Bechar) သည် နွေရာသီတွင် စေတနာ့ဝန်ထမ်းများအား ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးနေပေသည်။ ဤနေရာသို့ လာရောက်ရ၍ ဘဝတစ်လျှောက်လုံး အတွေ့အကြုံ ရရှိမှုဖြစ်ပြီး ဤလုပ်ငန်း လုပ်ရသည်မှာ ခက်ခဲပြီး လစာလည်း မရရှိကြပေ။

စေတနာ့ဝန်ထမ်း တစ်ဦးဖြစ်သူ ရိုဘင်ဂျင်ကင်းစ် (Robin Jenkins) ဆိုသူသည် ကနေဒါနိုင်ငံမှဖြစ်ပြီး သုတေသနပညာရှင် မဟုတ်ဘဲ ရောက်ရှိနေသည်မှာ ၁၀ နှစ်ခန့် ရှိနေပြီ ဖြစ်သည်။ သူကိုယ်သူ သုတေသနလုပ်နေသူဟု ကြေညာခဲ့သော်လည်း အလုပ်ကို အလွန်စိတ်ဝင်စားသူ တစ်ဦး ဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးမှ လူများကို တွေ့ဆုံ သိကျွမ်းခွင့်ရရှိကြောင်း၊ အစ္စရေးသည် ထူးခြားသောနိုင်ငံဖြစ်ပြီး စိတ်ဝင်စားဖို့ကောင်းကြောင်း၊ နှစ်စဉ်ဆိုသလို တစ်စုံတစ်ရာ အသစ်တစ်ခုကို ရှာဖွေ တွေ့ရှိရလေ့ရှိကြောင်း ၎င်းက ရှင်းပြလေ့ရှိသည်။

*Ref : Mystery sufrounds Egyptian Sphinx unearthed in Issacli roslt.*

ဦးတိုး(ထုတ္တသီဓေ)

□

www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

## လေးရှော့တစ် ကိုယ်တော်ကြီး



"မောင်မောင်အေးက ဘုန်းကြီး ဝတ်သွားပြီဆို"

ကျွန်တော်တို့မြို့လေး၏ ရွှေညာမောင်ကဖီးတွင် ထိုင်နေကျအုပ်စုဝင်ထဲမှ တစ်ဦးဖြစ်သူ မောင်မောင်အေး၏ သတင်းကို ကျွန်တော် ကြားခဲ့သည်မှာ မရောက်တာကြာပြီဖြစ်သော ရွှေညာမောင်ကဖီးသို့ နံနက်ပိုင်း လူစုံချိန်မှန်း၍ လာရင်း စုံစမ်းမိသည်။

"ဟုတ်တယ် ကိုဒေရွေ လူ့ဘောင်လောကကို ငြီးငွေ့ပြီး တရားအားထုတ်ဖို့လား၊ အလုပ်မလုပ်နိုင်လို့ပဲလား၊ အေးအေးဆေးဆေး ထိုင်စားလို့ရတဲ့နေရာ ဖြစ်တာကတော့ ဘုန်းကြီးကျောင်းပဲ"

ဖိုးခွားလေးမျိုးနောင်က ငေါ့တော့တော့လေသံဖြင့် အတည်ပြုပေးသည်။



"ဒီလူက ဘယ်အလုပ်မှ ဟုတ်တိ ပတ်တိ လုပ်ချင်တာ မဟုတ်ဘူး၊ အသက်ပဲ လေးဆယ်ကျော်နေပြီ၊ အလုပ်မလုပ်နိုင်ဘူး ဆိုရအောင်လည်း လူက အကောင်းကြီးပါ။ ဝင်ပန်းတဲ့အလုပ် မလုပ်နိုင်ဘူး ဆိုရအောင်လည်း သူက ဘယ်လောက်ချမ်းသာတဲ့ မိသားစုက ပေါက်ဖွားလာတာမို့လဲ"

ရုံးဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်ဖက်တစ်လမ်းက အပိုဝင်ငွေရစေရန် ကွမ်းခြံစိုက်စားသော သုတကျော်က ဝင်ဖြည့်ပြောပြသည်။

နိုင်ငံရေးဝါသနာ ရှင်ကိုတင်မောင်သန်းကလည်း . . .

"ဟုတ်တယ် ကိုဒေရွေ ဒီကောင် ဆယ်တန်းအောင်တော့ ကျောင်းဆရာ ရတယ်၊ အနောက်ဘက်ကမ်းခြေနားက သဘော့ကန်ရွာမှာ ကျတယ်၊ နောက် သုံးနှစ်လောက်ကြာတော့ ကြက်သွန်ကွင်းကျောင်းမှာ ကျတယ်၊ မကြာဘူး၊ လစာနဲ့ မစားလောက်ဘူးဆိုပြီး အလုပ်ကထွက်ပြီး ပန်းပဲထုသေးတယ်၊ လေးငါးနှစ်လောက် ပန်းပဲထုပြီး ဘဏ်ရုံးတစ်ခုမှာ ညစောင့် ဝင်လုပ်ပြန်ရော၊ အဲဒီအလုပ် ရုံးဝန်ထမ်းတွေနဲ့ မကိုက်လို့ဆိုလား စာရေးဖြစ်ခါမှ အလုပ်က ထွက်ပြန်ရော။

ဘယ်အလုပ်မှ ရေရေရာရာ မလုပ်ဘူး၊ ဖင်မငြိမ်ဘူးပေါ့ဗျာ၊ အဲဒီလို အလုပ်ထွက်ပြီး ပန်းပဲပြန်ထုသလိုလို၊ ခြံစိုက်စားသလိုလိုနဲ့ လက်ဖက်ရည်ဆိုင်တော့ နေ့ရော ညရော ထိုင်နေတာပဲ"



ဝံ့ဥအရောင်းဒိုင် မျိုးမင်းက ဖြည့်စွက်ပြောပြသည်။

"အစက သူ့နှမကု ထမင်းလေး ဟင်းလေး မျှတကျွေးသေးတယ်တဲ့၊ သူက အလုပ်ကို လက်မြဲမြဲ ခြေမြဲမြဲ မလုပ်ချင်တော့ ယောက်ဖက မကြည်ဖြူချင်တော့ဘူး၊ အဲဒါနဲ့ တိုင်ထောင်ပဲလေး စိုက်လိုက်၊ ကွမ်းလေး မဖြစ်ညစ်ကျယ် စိုက်လိုက်၊ ပန်းလေးစိုက်ကြည့် လိုက်လုပ်သေးတယ်။

နောက်တော့ အဲဒီအလုပ်တွေကို မလုပ်တော့ဘဲ ကျောင်းသားအိမ်တွေ လိုက်လိုက်ပြီး (Guide) သဘောမျိုး လုပ်သေးတယ်၊ ဒါပေမယ့်လဲ အဲဒီ အလုပ်လဲ သူမတိုးနိုင်ဘူး၊ ခြံပြန်စိုက်သလိုလို၊ နှီးဖြာရောင်းသလိုလိုနှင့် စား



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



ဝတ်နေရေးက မပြေလည်သေးဘူးလေ၊ အဲဒါနဲ့ ဘုန်းကြီးဝတ်ဖို့ အကြံပေါ်တယ် ထင်တာပဲဗျို့"

သူနှင့် တစ်တန်းတည်းတက်ခဲ့သူ သိန်းဝင်းက ရှင်းပြသည်။

"ဒီမှာ ကိုဒေရယ်၊ သူနဲ့တစ်ခြံကျော်မှာ အခု မိန်းမရမှ ပြောင်နေတဲ့ နေသွေးလင်းကိုကြည့်၊ မိဘက ကားပိုင်၊ စားသောက်ဆိုင်ပိုင်ရှင်၊ သူကိုယ်တိုင်ကလဲ လူပျိုတုန်းက လက်ဖက်ရည်ဆိုင် နေကုန်အောင်ထိုင်ပြီး ချက်စ်ထိုးနေတတ်တဲ့ကောင်၊ မိန်းမရတော့ မလုပ်ဖူးတဲ့အလုပ်တွေ လုပ်နေတယ်၊ ကွမ်းစိုက်တာမှ အကြီးအကျယ်၊ သီဟိုဠ်ခြံ စိုက်တယ်၊ ကောက်တယ်။



အခု တစ်ပတ် တစ်ခါတောင် လက်ဖက်ရည်ဆိုင် မထိုင်တော့ဘူး၊ သူ့ကွမ်းခြံနဲ့ ဝါးခြံ၊ သစ်မွှေး၊ ပျိုးခြံထဲမှာ တကုပ်ကုပ်လုပ် နေတော့တာ။ အဲဒီမြေကြီးနဲ့ ဖက်လုပ်ရတဲ့ အလုပ်တွေ နေသွေး ဘယ်တုံးက လုပ်တတ်လို့လဲ"

သူတကျော်က နေသွေးလင်းနှင့် နှိုင်းယှဉ်ပြသည်။

"အေးဗျ၊ ဒါနဲ့ ဒီကောင် ဘုန်းကြီးဝတ်တော့မယ်ဆိုတော့ ကြွေးတွေ မြီတွေ လိုက်ဆပ်တယ်တဲ့၊ ကွမ်းယာကြွေး ဆေးလိပ်ကြွေးလောက်ပဲ ဖြစ်မယ်၊ မျိုးဇော်ဆီမှာကတော့ များတယ်၊ ကွမ်းခြံစိုက်ဖို့ဆိုပြီး ချေးထားတာ မနည်းဘူး"

"အဲဒီတော့ ဘယ်လိုဆပ်သလဲ လုပ်ပါဦး"

"ဟား ဟား ဘယ်ဆပ်နိုင်မလဲ၊ သူ့ကိုလျှော်ပေးပါလို့ ပြောသတဲ့"

"အဲဒီတော့ ဟိုကလဲ နှစ်ရှည်လများ မရခဲ့တဲ့အတူတူ ပြန်ပြောတာက တစ်မျိုးလေး"

"မင်း ဘုန်းကြီးဝတ်နေသမျှ မတောင်းဘူးတဲ့လေ၊ မျိုးဇော်က အဲဒီလို"

"ဟာ ဒါဆို အခုလောလောဆယ် နာမည်ကြီးနေတဲ့ ပုဒ်မ ၄၀၁ နဲ့ သွားဆင်နေတာပေါ့"



"အေးဗျ၊ ကိုဒေပြောမှ ဟုတ်သားပဲ၊ နိုင်ငံရေး အကျဉ်းသားတွေကို လွှတ်တုန်းက ပြစ်မှုကြွေးကျန် (ထောင်သက်နှစ်ကျန်)တွေကို ထည့်လွှတ်ပြီးမှ အပြင်မှာ ပြစ်မှုတစ်ခုခုနဲ့ အရေးယူခံရရင် နောက်ကြောင်းပြန်ပြစ်ဒဏ်၊ ကြွေးကျန် ပြစ်ဒဏ်နှစ်တွေနဲ့ပေါင်းပြီး ထောင်ပြန်ချမယ်လို့ ဆိုထားတာပဲ"

"ဟား ဟား ဟား ဟား"

နိုင်ငံရေး ၁မား ကိုတင်မောင်သန်းက ရှင်းပြရင်းထောက်ခံသည်။

"ဟား ဟား ဟား ဟား၊ ဒါဆို မောင်မောင်အေးက လေးရာ့တစ်ဘုန်းကြီးပေါ့ ဟား ဟား ဟား"

ရွှေညာမောင် ဆိုင်အတွင်းရှိ သောက်သုံးနေသူများအားလုံး ပြုံးမိကြရလေတော့၏။

ထိုကြီးစော(ဘာဝေါင်း)

❐

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

**သူကတော့ ဆက်ရှာတယ်**

မြန်မာ ဗိန္ဒောဆေးဆရာကြီး ဆိုပြီး ဦးပေါက်စတစ်ယောက် ကြိမ်တော မြောင်ရွာနဲ့ အနီးအနားတစ်ဝိုက်က ကျေးရွာတွေမှာ နာမည်ကြီးပါတယ်။ ကျေးရွာတွေက ဆေးကုသဖို့ လာပင့်ရင် သူ့ရဲ့ကိုယ်ပိုင်မြင်းကို စီးပြီး သွားလေ့ရှိတယ်။

ယခုတော့ သူစီးလာတဲ့ မြင်းဟာ အိုစာလာပြီဆိုတော့ ခရီးဝေးဆို သွားလို့ လာလို့ မကောင်းတော့ဘူး။ ဒါနဲ့ ငယ်ရွယ်ပြီး သန်မာဖျတ်လတ်တဲ့ မြင်းတစ်ကောင် ဝယ်ဖို့ စုံစမ်းတယ်။



သူနေတဲ့ ကြိမ်တောရွာနဲ့ နည်းနည်းအလှမ်းဝေးတဲ့ ရွာမှာ မြင်းရောင်းရန် ရှိတယ်လို့ သတင်းရတော့ မြင်းဝယ်ထွက်ဖို့ရာ စီစဉ်တယ်။ နောက်တစ်နေ့နံနက်ရောက်တော့ မြင်းဝယ်ဖို့ရာ ရွာရှေ့ပေါက်က ထွက်ပြီး ညောင်ပင်အောက်ကနေ ဖြတ်လာခဲ့တယ်။

နတ်စင်ရှေ့အရောက် ဦးပေါက်စ စိတ်ကူးတစ်မျိုးရလာပြီး နတ်စင်ရှေ့သွားပြီး ဒူးတုပ်ထိုင်လိုက်တယ်။ နှုတ်မှလည်း. . .



"အရှင်နတ်မင်း . . . အကျွန်ုပ် မြင်းသွားဝယ်မှာ ဖြစ်ပါတယ်၊ အရှင်ရုက္ခစိုးနတ်မင်းမှ အကျွန်ုပ်အား အဆင်ပြေ ချောမွေ့အောင် စောင့်ရှောက်တော်မူပါ၊ အဆင်ပြေခဲ့လျှင် အကျွန်ုပ်မှ ကျေးဇူးတော်အား တုံ့ပြန်ဆက်သပါမယ်၊ စောင့်ရှောက်တော်မူပါ အရှင်ရုက္ခစိုးမင်း" ဆိုပြီး ဦးသုံးကြိမ်ချလို့ မြင်းဝယ်မယ့်ရွာကို ထွက်ခဲ့တယ်။

ညနေ နေဝင်ရီတရော အချိန်လောက်မှာတော့ ဦးပေါက်စ တစ်ယောက် ရွာအဝင်လမ်းကို မြင်းစီးပြီး ဝင်လာတယ်။ မြင်းပေါက်စငယ်တစ်ကောင်ကိုတော့ မြင်းပေါ်ကနေ ကြိုးနဲ့ဆွဲလာတယ်။ ရွာအဝင် ညောင်ပင်အောက်ရောက်တော့ မြင်းကြီးအပေါ်ကဆင်းပြီး မြင်းပေါက်စကလေးကို နတ်စင်တိုင်မှာ ကြိုးနဲ့ချည်ပြီး ပါးစပ်မှလည်း . . .

"အရှင်ရုက္ခစိုးမင်း ခင်ဗျာ၊ အကျွန်ုပ် နံနက်ဆုတောင်းခဲ့သည့်အတိုင်း အရှင်ရုက္ခစိုးနတ်မင်းကြီးမှ ကြည့်ရှု စောင့်ရှောက်ခဲ့သည့်အတွက် အကျွန်ုပ် အဆင်ပြေလာပါတယ်၊ ဒါကြောင့် မြင်းပေါက်စတစ်ကောင်အား ဆက်သပါတယ် ခင်ဗျာ" လို့ ပြောပြီး မြင်းကြီးကိုစီးပြီး ရွာထဲကို ဝင်လာခဲ့တယ်။



နတ်စင်မှာ ချည်နှောင်ခဲ့တဲ့ မြင်းငယ်ဟာ သူ့အဖော် ရွာထဲကို ဝင်သွားတာကို ကြည့်ပြီး အတင်းအော်ဟစ် ရုန်းကန်လိုက်ရာ ကြိုးပြတ်ထွက်ပြီး နတ်စင်လည်း ယိုင်လဲသွားတယ်။ မြင်းငယ်ကတော့ ရွာထဲကို ကဆုန်စိုင်းပြေးလိုက်သွားတာပေါ့။

ညဦးပိုင်းရောက်တော့ ရွာထဲက မလှမိကို ရုက္ခစိုးနတ်က ဝင်ပူးပြီး ပြောပါတယ်။

"မောင်ပေါက်စဆိုတဲ့လူ သူပြောတဲ့အတိုင်း၊ ကတိတော့အတည်သား၊ မြင်းလေးတစ်ကောင် ဆက်သရှာတယ်၊ ငါကိုယ်တိုင်က မထိန်းနိုင်တာ" တဲ့။

ဒေါ်အေးလွင်နီ (တမ္ပဝတီ)

❐



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



**မှန်မှန်ဖောပါ**

အမျိုးသမီးတစ်ယောက်သည် နာမည်ကျော် ဗေဒင်ဆရာမကြီးထံ ဗေဒင်လာမေးသည်။ ဆရာမကြီးက ဖန်လုံးတွင်ကြည့်၍ ဟောလေသည်။

"မင်းဟာ တစ်နေ့မှာ ရုပ်ချောချော အရပ်မြင့်မြင့် သဘောသိပ်ကောင်းတဲ့ ယောကျာ်းနဲ့ တွေ့မယ်၊ သူက ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်ပဲ၊ လေကြောင်းလိုင်းတစ်ခုလဲ ပိုင်တယ်၊ ဟိုတယ် မိုတယ်တွေလဲ ပိုင်တယ်၊ ဥယျာဉ်မြို့တော်အိမ်ရာတွေလဲ ရှိတယ်၊ အဲဒီလူက မင်းကို လက်ထပ်လိမ့်မယ်၊ ပြီးရင် မင်းတို့တွေ ချမ်းချမ်းသာသာနဲ့ တစ်သက်လုံး နေထိုင်သွားရမယ်"

"ဟင်. . . ဟုတ်လား၊ ဒါဆိုရင် ကျွန်မရဲ့ လက်ရှိယောကျာ်းနဲ့ ကလေးသုံးယောက်ကို ဘယ်လို လုပ်ရမလဲ"

❒



**ဘီလီယက်**

မိန်းမဖြစ်သူသည် တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်ပြီးနောက် လင်ငယ်ရှိရာ အိပ်ခန်းထဲသို့ ပြန်ဝင်လာ၏။

"တယ်လီဖုန်းဆက်တာ ဘယ်သူလဲ"

"ကျွန်မယောကျာ်း ဖုန်းဆက်တာပါ၊ သူ ဒီည အိမ်ပြန်နောက်ကျမယ်တဲ့၊ ဟင်းဟင်း . . . ရယ်ရတယ်၊ သူက ရှင်နဲ့ ဘီလီယက်ထိုးနေလို့တဲ့"

❒

**သေတဲ့သူအတွက်**

လူတစ်ယောက် လွမ်းသူ့ပန်းခွေ ပန်းခြင်းရောင်းသည့်ဆိုင်သို့ ရောက်လာ၏။

"ကျွန်တော့်ကို ပန်းခွေတစ်ခု ပေးပါလား"

"ဈေးကြီးတာ ယူမလား၊ ဈေးပေါတာ ယူမလား"

"ဈေးအပေါဆုံး ပေးပါဗျာ"

"ဘာလဲ၊ အထက်အရာရှိ သေလို့လား"

"မဟုတ်ဘူး"

"ယောက္ခမ သေလို့လား"

"မဟုတ်ဘူး၊ ကျွန်တော့် မိန်းမ"

❒



**မေးခွန်းတစ်ခုတည်း**

"သမီးရေ၊ သမီး ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

"ဟုတ်တယ် ဖေဖေ၊ အဲဒါ သမီးချစ်သူပါ"

"သူက ဘာလုပ်လဲ၊ ပိုက်ဆံကော ချမ်းသာရဲ့လား"

"ယောကျာ်းတွေက အတူတူပဲနော်၊ မေးခွန်းတစ်ခုတည်းကိုပဲ မေးတတ်ကြတယ်၊ သူကလဲ ဖေဖေ့ကို ဘာလုပ်တာလဲ၊ ပိုက်ဆံကော ချမ်းသာရဲ့လားလို့ မေးတာပဲ"

ဆိုင်းခြင်

❒



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ဆလံနှင့် ခါချဉ်တိုက်ပွဲ

## နေဝင်းနီ



ကျွန်တော်သည် ၁၉၇၃ ခုနှစ်လောက်က ပဲခူးတိုင်းဒေသကြီးရှိ သာယာဝတီထောင်သို့ရောက်ခဲ့၏။

ထိုစဉ် အသားမည်းမည်း ခပ်ညှက်ညှက် စကားပြော ခပ်သွက်သွက် အာဝဇ္ဇန်းရွှင်ရွှင်နှင့် တပ်မဟာ-၅ မှ တပ်ရင်းတစ်ရင်း၏ တပ်ရင်းမှူးဖြစ်ခဲ့သူ ဗိုလ်ဆလံ ဆိုသူကို တွေ့ခဲ့သည်။

ကျွန်တော်နှင့် တွေ့သည့်အချိန်က ဗိုလ်ဆလံသည် သောင်းကျန်းသူဘဝ၌ သူကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ထောင်တစ်သက်ပြစ်ဒဏ်များကို ခံစားနေရချိန်ဖြစ်ပြီး ထောင်တွင်းရှိ ဖိုလေး(ခေါ်)အကျဉ်းသားများကို ချက်ပြုတ်ကျွေးမွေးရသည့် (ကုလားဖို) ဖိုဒ္ဓ ဘာပန်ခံ ချက်ပြုတ်ရသော အကျဉ်းသား စားဖိုမှူးဖြစ်သည်။

ဗိုလ်ဆလံက ခပ်သွက်သွက်၊ အာဝဇ္ဇန်းရွှင်ရွှင်နှင့်စကားပြောကောင်း၍ ဖော်ရွေသူဖြစ်သဖြင့် ကျွန်တော်နှင့် ခင်မင်သူများ ဖြစ်ခဲ့ကြ၏။ အလုပ်အားသည့် အချိန်များ၌ ကျွန်တော်က သူ့ဘဝ အတွေ့အကြုံများကို အခါသင့်သင့်သလို မေးမြန်းကြည့်မိ၏။ ဒီအခါတိုင်း ဗိုလ်ဆလံက သူတွေ့ကြုံခဲ့ရသမျှထဲမှ အတွေ့အကြုံလေးများကို စိတ်ရှည်လက်ရှည် ပြောပြတတ်ပါသည်။

ယခုရေးသားမည့် ဗိုလ်ဆလံနှင့် ခါချဉ်တိုက်ပွဲမှာ ဗိုလ်ဆလံပြောပြသမျှထဲမှ တစ်စိတ်တစ်ဒေသဖြစ်၍ အမှတ်တရ ရေးသားခြင်း ဖြစ်ပါ၏။

ဗိုလ်ဆလံ ပြောပြသည့် 'ဗိုလ်ဆလံနှင့် ခါချဉ်တိုက်ပွဲ' အကြောင်းကို မှတ်မိသမျှ ရေးသားခြင်း ဖြစ်ပါ၏။

(မှတ်ချက် ။ ။ ကျွန်တော့်နှင့် ဗိုလ်ဆလံ တွေ့သည့်အချိန်က ဗိုလ်ဆလံနှင့် သူ၏သမီးတို့ အင်းစိန်ထောင်မှ ပြောင်းလာချိန်ဖြစ်သည်။)

ကျုပ်ဆရာက တပ်မဟာ-၅ က တပ်ပင်းကြီးပေါ့ဗျာ။

တပ်မင်းကြီး ဆိုတာက အရပ်မနိမ့်မမြင့်၊ ဗလကောင်းကောင်း၊ အသားဖြူဖြူ၊ ရုပ်ဖြောင့်ဖြောင့်နှင့် တကယ့်လူချောကြီးတစ်ယောက်ပေါ့။ မျက်ခုံး၊ မျက်လုံးကအစ ပြောစရာမရှိဘူး။

လူက ချောသလောက် စကား ပြောရင် တစ်ဖက်သားကို မကျ ကျအောင် ဆွဲဆောင်ပြောတတ်တယ်။ တစ်ဖက်သားရဲ့အထာကိုလည်း ကျွမ်းတယ်။ ပြောရရင်တော့ ဘယ်လိုလူကို ဘယ်လိုပြောမှ၊ ဘယ်လိုလူကို ဘယ်လိုဆက်ဆံမှဆိုတာ သိတယ် ဆိုပါတော့။

ဒါကြောင့်ပဲ ကျုပ်သောင်းကျန်းသူထဲ ရောက်ခဲ့ရတာပါ။ ကျုပ်အဖေနှင့် အမေက ရိုးသားကြတဲ့သူတွေ၊ မြေကြီးလက်ဆုပ် တောင်ယာခုတ် လုပ်စားကြတဲ့သူတွေဆိုတော့ ကျုပ် သောင်းကျန်းသူအဖွဲ့ထဲဝင်တာ ဘယ်သဘောကျပါ့မလဲ။

ဒါပေမယ့် တပ်မင်းကြီးရဲ့အထာကျွမ်းတဲ့အပြောအဟောအဆွဲအဆောင်အောက်မှာ လစာ ၈၀၀ ကျပ် ရတဲ့ ဗိုလ်မှူးကြီးဖြစ်ရမယ်။ ရာထူးကြီးကြီး ရရမယ်ဆိုတဲ့စကား ယုံစားနေတဲ့ ကျုပ်ကို သူတို့ရအောင် မဖျက်နိုင်ခဲ့ကြပါဘူး။

ကျုပ်က တစ်ယူသန်လေ။ ယုံပြီဆို အံ့ရမ်းယုံ။ ဒါကြောင့်ပဲ အဖေ့အမေ့စကား နားမဝင်ခဲ့တာပေါ့။ အဲဒီလို နားမဝင်ရတဲ့ အကြောင်းထဲမှာ တခြားအကြောင်းတစ်ခုရှိသေးတယ်။

အဲဒါကတော့ တပ်မင်းကြီးရဲ့ ခါးမှာ ပတ်ထားတဲ့ ရွှေခါးပတ်ကြီးရဲ့ ပစ္စတိုကြီးရဲ့ ဒင်ဘောကွင်းမှာချိတ်ထားတဲ့ ရွှေကြိုးကြီးပေါ့ဗျာ။ အရောင်ထွေ တလက်လက် တောက်ပနေကြတဲ့ ရွှေခါးပတ်ကြီးနဲ့ ပစ္စတိုချိတ်ထားတဲ့ ရွှေ လုံးစာ အပြားလောက်ရှိတဲ့ ရွှေကြိုးကြီး



www.burmeseclassic.com

www.burmeseclassic.com

ဘ တကယ်အားကျစရာကြီးပါ။ တပ်မင်းကြီးရဲ့ ဆွဲဆောင်မှုတွေထဲမှာ အဲဒါက ထည်း အကြောင်းတစ်ခုပေါ့ဗျာ။

အဲဒီ ဆွဲဆောင်မှုအောက်မှာ ကျုပ်တင်မဟုတ်ဘူးဗျို့။ နားမလည် ပါးလေးလည်နဲ့ မျက်ခုံး၊ မျက်လုံးက တောက်ပ ရွှန်းလက်ပြီး နှာတံပေါ်ပေါ် အသား ဖြူဖြူနဲ့ ကျုပ်အစ်မ ခပ်ချောချောလည်း ပါသွားခဲ့တယ်။ သူက တပ်မင်းကြီးရဲ့ အယောက် ၆၀ မြောက် မယားဖြစ်ခဲ့တယ်လေ။

ဒီတော့ အယောက် ၆၀ မြောက် မယားရဲ့မောင်ဖြစ်တဲ့ ကျုပ်ကို သူနည်းနည်းတော့ အရေးပေးတယ်။ သူ့အနားမှာထားတယ်။ ဒါပေမယ့် အရမ်းတော့ မဟုတ်ပါဘူး။ အထိုက်အလျောက် သာတယ်ဆိုရုံလေးပါ။

သူမှာက ကျုပ်လိုပဲ အရေးပေးရမယ့် မယားရဲ့မောင်တွေက တစ်ရာကျော်တယ်ဗျ။ ဒါတောင် တချို့မယားတွေဆို မောင် မရှိကြလို့။

ကျုပ်သောင်းကျန်းသူထဲရောက်တော့ ကျုပ်ဆရာက ကျုပ်ကို တာဝန်တစ်ခုပေးတယ်။ မော်လမြိုင်ရထား မိုင်းခွဲပြီး ရထားနဲ့ပါလာမယ့် တက္ကသိုလ်ကျောင်းသူတွေကိုဖမ်း၊ တရုတ်ဖြူ ဗိုလ်ချုပ်ဆီမှာ လက်နက်နဲ့လဲတာလဲ၊ ရောင်းတာရောင်းဖို့ပေါ့။ ကျုပ်ကို စမ်းသပ်လိုက်တဲ့ သဘောပါပဲ။

ကျုပ်လည်း သူပေးတဲ့တာဝန်အတိုင်း ဆောင်ရွက်လိုက်တယ်။ ရထားမိုင်းခွဲပြီး တက္ကသိုလ်ကျောင်းသူတွေကိုဖမ်းပြီး တရုတ်ဖြူဗိုလ်ချုပ်ဆီ ပို့ခဲ့တယ်။ အဲဒီမှာ ကျုပ်ဆရာ တပ်မင်းကြီးက ချောပေ့လှပေ့ဆိုတဲ့ တက္ကသိုလ်ကျောင်းသူ ငါးယောက်ကို အပိုင်သိမ်းလိုက်တယ်။

'ဆလ် မင်းလဲကြိုက်ရာရွေး' လို့ ပြောတယ်။ ကျုပ်လည်း ရှောမရောက်မှတော့ ရှောမလိုပဲ ကျင့်လိုက်တယ်ဗျ။ သုံးယောက်ကို ဆွဲထားလိုက်တယ် ဆိုပါတော့။

အဲဒီကစပြီး တပ်မင်းကြီးက ကျုပ်ကို ကျုပ်ရဲ့အစွမ်းအစကို အသိအမှတ်ပြုတဲ့ သဘောနဲ့ အထက်ကို တင်ပြပြီး အရာရှိပေါ့ဗျာ။ ခန့်လိုက်တယ်။ ကျုပ်လည်း ချက်ချင်း ဗိုလ်ဆလံ ဖြစ်သွားတယ်။ သူတို့ခိုင်းတာတွေကို လုပ်ရတယ်။ တစ်ခါတလေတော့လည်း ကိုယ်လုပ်ချင်တာ လုပ်တာတွေလည်း ရှိတယ်။ တောထဲမှာက သိတဲ့အတိုင်းပဲလေ။ ပါးစပ်က ဝေဖန်ဆုံးဖြတ်တာက လွဲလို့ ပုဒ်ထီးတို့၊ ပုဒ်မတို့ဆိုတာတွေက ရှိတာ မဟုတ်ဘူး။ ဒီတော့ သေနတ်ပြောင်းဝက ထွက်လာတဲ့ ပုဒ်ထီး ပုဒ်မဟာ အတည်ပဲလေ။ ဒါကြောင့် ဆက်ကြေး တောင်းတယ်။ ရထားတွေ မိုင်းခွဲတယ်။ ကားတွေ ခါးပြတိုက်တယ်။ မထင်ရင် မထင်သလို သေနတ်နဲ့ပဲ ပုဒ်မတပ်လိုက်တယ်။ အဲဒီမှာတင် ကျုပ်ကို တပ်မင်းကြီးက အရမ်းသဘောကျပြီး တပ်ရင်း(-----)မှာ တပ်ရင်းမှူးခန့်လိုက်တယ်ပေါ့ဗျာ။

ကျုပ် ဗိုလ်ဖြစ်ပြီး ကျုပ်ကို သူတို့ တာဝန်တွေပေးတယ် ဆိုကတည်းက ကျုပ်လည်း တပ်မတော်လှုပ်ရှားမှုက အစ ကျုပ်လိုချင်တဲ့ သတင်းတွေရဖို့အတွက် ကျုပ်တို့လှုပ်ရှားရတဲ့ ကရင်တိုင်းရင်းသားရွာတွေမှာ တစ်ရွာ နှစ်ယောက်၊ သုံးယောက် အနည်းဆုံး တစ်ယောက်ပေါ့ဗျာ။ ထောက်လှမ်းရေးတွေ ထားလိုက်တယ်။ အဲဒါကလည်း ကျုပ်ဆံရာရဲ့ အတုယူခဲ့တာပါ။ ဒါကြောင့်ပဲ နောင်အခါမှာ 'ဗိုလ်ဆလံလဲ သူ့ဆရာကိုမီတယ်ဟ၊ မယား ၁၀၀ ကျော်ရှိတယ်ဟ' ဆိုတဲ့ သတင်းထွက်ခဲ့တာပေါ့။

ရွာတွေမှာ ကျုပ် ထောက်လှမ်းရေးတွေ ထားတယ်ဆိုတာက ကျုပ်ကို အချိန်မရွေး သတင်းပေးနိုင်မယ့် မိန်းမတွေ ယူလိုက်တာပါ။ ရွာတွေမှာ ကျုပ်ယူထားတဲ့မိန်းမတွေက ကျုပ်ရဲ့ထောက်လှမ်းရေးတွေပေါ့။ ဘာဖြစ်ဖြစ် ထူးခြားတဲ့ သတင်းမှန်သမျှ ဘာသတင်းဖြစ်ဖြစ် သူတို့က ကျုပ်ကို သတင်းပေးကြတယ်လေ။ ဒါကြောင့်ပဲ ကျုပ်ရဲ့လှုပ်ရှားခွင်ထဲမှာတော့ သတင်းထူး သတင်းဦးတွေ ရပြီး ရန်သူ့အပေါ်မှာ လက်ဦးမှုတွေ ရရှိနိုင်ခဲ့သလို ရန်ကလည်း ရှောင်ကွင်းနိုင်ခဲ့တာပေါ့ဗျာ။ အဲဒါတွေကြောင့် ဗိုလ်ဆလံ ကိုယ်ပျောက်သလိုလိုတောင် ပြောကြတာပေါ့လေ။ နာမည်ကြီးခဲ့တာပေါ့။

ဒါပေမယ့်ဗျာ၊ ကျုပ်နဲ့ ခါချဉ်တိုက်ပွဲမှာတော့ ကျုပ် ထောက်လှမ်းရေးတွေလည်း ကျုပ်ကို သတင်းမပေးနိုင်ခဲ့ဘူး။ ကျုပ်လည်း မရှောင်ကွင်းနိုင်ခဲ့ဘူး။ အဲဒီတိုက်ပွဲမှာပဲ ကျုပ် ကျဆုံးခဲ့ရတာပါ။

အဖြစ်က ဒီလိုဗျ။ တစ်နေ့ ကျုပ်ရဲ့ မိန်းမတစ်ယောက်ဖြစ်တဲ့ ဝင်ကရွာက နော်မွေက ကျုပ်နာမည်ကို မေးပြီး တပ်မတော် စစ်ကြောင်းတစ်ခုမှ ကချင်စစ်ဗိုလ်ကြီးတစ်ယောက် လိုက်နေကြောင်း၊ သူတို့ရွာထဲကိုလည်း ခဏခဏ သတင်းလာစုံစမ်းနေကြောင်းပြောတယ်။ ဒါနဲ့ ကျုပ်လည်း အဲဒီသတင်း ဟုတ်၊မဟုတ် ပြန်ထောက်လှမ်းတဲ့အခါ ဒါရှိဂန်းဆိုလား ဘာလား နာမည်တော့ မေ့သွားပြီ။ ကောင်းကောင်း မမှတ်မိတော့ဘူး။ အဲဒီစစ်ဗိုလ်ကြီး ကျုပ်နောက် တကယ်လိုက်နေတာ သိရတယ်။ အဲဒီဗိုလ်ကြီးက ကချင်စစ်ဗိုလ်ကြီးတဲ့။ စစ်နည်းဗျူဟာ ကျွမ်းကျင်ပြီး စစ်ဆင်ရေးလည်း ကောင်းတဲ့အကြောင်း ကျုပ်သိရတယ်။

နောက်ပြီး ခုတစ်လော ကျုပ်တို့ ကရင်ပြည်နယ်ထဲမှာလည်း သံလွင်မြစ် အရှေ့ဘက်ရော၊ အနောက်ဘက်ရော စစ်ဆင်ရေးတွေကို တပ်မတော်က လက်ချင်းယှက်ခမန်း ဆင်နွှဲလာကြတာလည်း သတိထားမိတယ်။ အခိုင်အမာ စခန်းတွေ၊ ရွာပုန်း ရွာရှောင်တွေကို လည်း ခပ်စိပ်စိပ် တိုက်လာကြတယ်။

ဒါကြောင့် ကျုပ်လည်း တပ်တွေကို လုံခြုံတဲ့ နေရာတစ်နေရာမှာ ထားခဲ့ပြီး တပ်မတော်လှုပ်ရှားမှုသတင်းတွေနှင့် ကျုပ်နောက် နောက်ယောင်ခံ





www.burmeseclassic.com

www.burmeseclassic.com

လိုက်နေတဲ့ ကချင်စစ်ဗိုလ်ကြီးသတင်း ပြန်လည်ပြီး တန်ပြန်ထောက်လှမ်းဖို့ လွယ်အိတ်ကြီးတစ်လုံး ဘေးကလွယ်၊ ကရင် ရွာသားတစ်ယောက်လို ဟန်ဆောင်ကာ ခမောက်ဆောင်း၊ ကရင် သင်တိုင်းကြီးဝတ်ပြီး ကျုပ်ကိုင်တဲ့ ပစ္စတို ကိုတော့ ကိုယ်ထဲမှာပဲဝှက် ထွက်ခဲ့တယ်။ ကျုပ်တပ်ကိုလည်း မော်ခဆိုတဲ့ ရွာကြီးထဲမှာ တပ်ဖျောက်နေဖို့ ကျုပ် ပြန်မရောက်မချင်း ကျုပ်အမိန့်တစ်စုံတစ်ရာ မရမချင်း ဘာမှမလုပ်ဖို့ မှာကြားခဲ့ပြီး ကျုပ်ထွက်လာတယ်။

ထောက်လှမ်းတယ် ဆိုတာက လည်း စောစောက ခင်ဗျားတို့ကို ပြောသလိုပဲလေ။ အထွေအထူး ထောက်လှမ်းရတာ မဟုတ်ပါဘူး။ ရွာတိုင်းမှာ ကျုပ် အမျိုးသမီးတွေက ရှိနေတော့ ဘာလဲ ခင်ဗျားတို့ စကားပုံလိုပေါ့ဗျာ။ 'ဘုရားလဲဖူးရင်း လိပ်ဥလဲတူးရင်း' ဆိုသလိုပေါ့။ မိန်းမတွေဆီ တစ်ရွာပြီး တစ်ရွာ တစ်ယောက်ပြီးတစ်ယောက်ဆီ ညအိပ်ညနေသွားရင်း သူတို့ရတဲ့သတင်းတွေလည်း စုဆောင်းရင်း ဆိုသလိုပါ။

ဒီလိုနဲ့ ကျုပ်ထွက်လာလို့ သုံးရက်လောက်လည်း ကြာရော။ ကျုပ် မယားကြီး နော်မူအဲတို့ရွာကို ကျုပ် ရောက်တယ်။ အဲဒီမှာ နော်မူအဲနဲ့ရတဲ့ ကျုပ်သမီးကြီး နော်ဖော့လူလည်းရှိတယ်။ ကျုပ်က မိန်းမတွေများတော့ သားသမီးတွေကလည်း အများကြီးဗျ။ သားသမီးတွေများတော့ အတူတူလည်း မနေကြတော့ သံယောဇဉ်ရှိတယ်တော့ မဟုတ်ပါဘူး။ ဒီလိုပဲ နေတာပါပဲ။ ဒါပေမယ့် ကျုပ်ရဲ့ ပထမဆုံးမိန်းမက မွေးတဲ့ နော်ဖော့လူလေးကိုတော့ ကျုပ်ချစ်သား။ အဲဒီအချိန်က နော်ဖော့လူလေးကလည်း (၁၈)နှစ်သမီးအရွယ်ပေါ့။ ခုကျွန်တော်နဲ့အတူတူ ထောင်ထဲရောက်နေတဲ့ သမီးပေါ့။

ကျုပ်ရောက်သွားတယ် ဆိုရင်ပဲ ထုံးစံအတိုင်း ရန်သူသတင်းဖြစ်တဲ့ တပ်မတော်လှုပ်ရှားမှုသတင်းက စပြောကြတယ်။ ကျုပ်က ကျုပ်ကြားတာတွေ၊ ကျုပ်သိချင်တာတွေမေး။ သူတို့ကလည်း သူတို့သိသမျှ၊ ကြားသမျှ ပြန်ပြောပေါ့။ ကျုပ်တို့အတွက် ဒါက အဓိကပဲ မဟုတ်လား။

နော်မူအဲက ခုတစ်လော ရွာဘက်ကို ဘယ်တပ်မတော်မှ ရောက်မလာတဲ့အကြောင်း၊ ရွာကို အစိုးရတပ်တွေ မလာတာကြာပြီဖြစ်ကြောင်း ပြောတယ်။ ကျုပ်လည်း အဲဒီသတင်းကြားတော့ အေးအေးဆေးဆေးပေါ့ဗျာ။ သားအမိ သားအဖသုံးယောက် ဒီည အတူတူနေကြမယ်ပေါ့။ ဒါနဲ့ နော်ဖော့လူလေးက ညစာအတွက် ရွာထဲ ကြက်သွားရှာတယ်။

ဒါပေမယ့်ဗျို့၊ ကချင်စစ်ဗိုလ်ကြီးနဲ့ သူ့တပ်က မြန်းဆို နေ့လယ် ၁ နာရီလောက် ရွာကိုရောက်လာတယ်။

ဒီသတင်း သမီးလေးလည်း ရရော ကျုပ်ဆီ ချက်ချင်းပြေးလာပြောတော့ ကျုပ်လည်း လွယ်အိတ်လွယ်ပြီး ရွာထိပ်ဘက် ပြေးထွက်ခဲ့တယ်လေ။

ရွာထိပ်မှာက ကြီးမားတဲ့သရက်ခြံကြီးရှိတယ်။ ခြံကြီးက အကျယ်ကြီးရယ်။ သရက်ပင်တွေကလည်း အများကြီး။ အဲဒီခြံကြီးထဲသာ ရောက်သွားလို့ကတော့ တော်တော်နဲ့ လူရှာမတွေ့နိုင်ဘူး။ ခြံကြီးက သရက်ပင်တွေနဲ့ အုံ့ဆိုင်းမည်းမှောင်နေတာပဲ။ ကျုပ် သရက်ခြံကြီးဆီ ရောက်တော့ ကချင်စစ်ဗိုလ်ကြီးက ကျုပ်ကို မြင်လိုက်တာ တူတယ်ဗျ။ ကျုပ်ဆီလိုက်လာကြတယ်၊ တော်တော်မျက်စိလျင်တဲ့ ဗိုလ်ကြီးပါဗျာ။

ကျုပ်လည်း ကျုပ်ဆီလာတာမြင်တော့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ ခြေမကိုင်မိ လက်မကိုင်မိပေါ့။ သူတို့ကလည်း တဖြည်းဖြည်း နီးလာကြတယ်။ ခြံထဲက ထွက်ပြေးရင်လည်း တောင်အောက်ဆင်းပြေးရမှာဆိုတော့ လုံခြုံမှုမရှိနိုင်ဘူး။ ဒါနဲ့ဗျာ ကျုပ်လည်း အကိုင်းအခက်ပေါပေါ လူနှစ်ပိုက်စာလောက်ရှိမည့် သရက်ပင်ကြီးပေါ် ခက်ခဲခဲ တွယ်တက်ပြီး ခွဆုံထဲ ဝင်ဝပ်နေခဲ့တယ်။ ဒါပေမယ့်ဗျို့ ဖြစ်ချင်တော့ ကျုပ်လွယ်အိတ်က အောက်ပြုတ်ကျသွားတယ်။

အဲဒီအချိန်မှာပဲ သရက်ခြံထဲ ရောက်လာတဲ့ ကချင်စစ်ဗိုလ်ကြီးက. .

"ရဲဘော်တို့ . . . စောစောက မသင်္ကာစရာ လူ ဘယ်ရောက်သွားလဲ မသိဘူး၊ သေသေချာချာ ရှာကြစမ်း"

ဆိုပြီး ကျုပ်ကို သူတို့အားလုံး သရက်ခြံထဲမှာ ပတ်ရှာကြတယ်။

ဆယ်မိနစ်၊ဆယ့်ငါးမိနစ်လောက် ကြာတော့ . . .

"ဘာမှ မတွေ့ဘူး၊ ရွာသားနဲ့ပဲ တူပါတယ်"

ဆိုကာ သူတို့ ရွာဘက်သွားကြဖို့ လုပ်ကြတယ်။ ကျုပ် ဝမ်းသာသွားတယ်။

ဒါပေမယ့်ဗျာ ကြာကြာ ဝမ်းမသာလိုက်ရပါဘူး။ တစ်လှမ်း၊ နှစ်လှမ်းလောက်ပဲ လှမ်းရဦးမယ်၊ ရဲဘော်တစ်ယောက်က ပြုတ်ကျတဲ့အိတ်ကြီး ကောက်တွေ့သွားတယ်။

"ဟာ . . . ဗိုလ်ကြီး၊ ဒီမှာ လွယ်အိတ်ကြီးတစ်လုံး"

ဆိုပြီး ကချင်စစ်ဗိုလ်ကြီးဆီ ယူလာပေးတယ်။ ကချင်စစ်ဗိုလ်ကြီးက လွယ်အိတ်ထဲက ပစ္စည်းတွေထုတ်ကြည့်တယ်။ အဲဒီမှာတင် ကျုပ်ရဲ့ မှတ်စုစာအုပ်လေး သူတို့တွေ့သွားကြတယ်။ စာအုပ်ထဲမှာ ကျုပ်က ကရင်လိုရေးထားတာပါ။

ဒါပေမယ့် ကရင်စကားတတ်တဲ့ ကချင်စစ်ဗိုလ်ကြီးက စာအုပ်ထဲက စာတွေဖတ်ကြည့်ပြီး . . .

"ဟေ့ . . . လက်စသတ်တော့ ခုနကကောင်က တို့လိုက်နေတဲ့ ဗိုလ်ဆလံပဲကွ၊ ဒါ ဆလံစာအုပ်၊ ဒီကောင် မလွတ်စေနဲ့ဟေ့၊ ဒီအနီးအနားနဲ့ ဒီခြံထဲမှာပဲ ရှိမယ်၊ တပ် ဒီမှာပဲစခန်းချပြီး သူ့ကိုရအောင်ဖမ်းမယ်၊ ရှာကြ"

လို့ အမိန့်ပေးပြီး ရှာကြတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (မတ်လ၊ ၂၀၁၅)



www.burmeseclassic.com

www.burmeseclassic.com

သူတို့တပ်ချတဲ့နေရာကလည်း မြစ်ချင်တော့ ကျုပ်တက်နေတဲ့ သရက်ပင်ကြီးအောက်တည့်တည့်ဖြစ်နေတယ်။

ကျုပ်ကံဆိုးတာပဲဗျာ။ တကယ်တော့ ကျုပ်ကို သူတို့သိတာ မဟုတ်ပါဘူး နာမည်ပဲ ကြားဖူးကြတာပါ။ ကျုပ်ရွာသားတွေနဲ့ရောနေရင် ရနိုင်ပါရက်နဲ့ ကျုပ်က အစိုးရိမ်လွန်ပြေးခဲ့မိတာ။

ဒါပေမယ့် ကျုပ်စိတ်ထဲတော့ သူတို့ ကြာကြာမနေလောက်ပါဘူးလေဆို တွေးပြီး ခွဆုံမှာထိုင် ကျည်ကွယ်။ အထူးသဖြင့်တော့ မျက်ကွယ်ပေ့ါ။ အရယူထားတယ်။ သရက်ပင်ပေါ်သာ တက်မကြည့်လို့ကတော့ ကျုပ်ကို သူတို့ ဘယ်လိုမှ မတွေ့နိုင်ဘူး။ ကျည်ကွယ် မျက်ကွယ်ကအပြည့်။

ဒါကြောင့်ပဲ ကျုပ်လည်း သရက်ပင်ကြီးရဲ့ခွဆုံပေါ်မှာ ငြိမ်ပြီးဝပ်နေတယ်။ လှုပ်လည်း မလှုပ်ရဲဘူး။ အသက်လည်း ပြင်းပြင်းမရှူရဲဘူး။

အဲဒီအချိန်မှာပဲ ပြဿနာက ပေါ်တော့တာပါပဲ။ ကျုပ်နဲ့ ခါချဉ်တိုက်ပွဲ စတော့တာပါပဲဗျို့။ ခါချဉ်ကောင်တွေ ပြည့်နေလို့ပဲ။

ကျုပ် သရက်ပင်ပေါ် တက်ခါစတော့ ခါချဉ်တွေက မသိသေးဘူးနဲ့တူပါရဲ့။ တစ်ကောင်စ၊ နှစ်ကောင်စ လောက်ပဲလာကြတယ်။ မကြာပါဘူးဗျာ၊ ခဏအတွင်းမှာပဲ ခါချဉ်တွေ တပ်မကြီး ချီလာတော့တာပါပဲ။ လာလိုက်သမှ တစ်တပ်ပြီး တစ်တပ်ပဲ။ ကိုက်လိုက်ကြတာ လွန်ရော။

အစတော့ ကျုပ်လည်း ငြိမ်ပြီး ကျိတ်သတ်ချနေသေးတယ်။ ခါချဉ်တွေကလည်း ဆံပင်တွေ၊ ခြေတွေ၊ လက်တွေအပြင် ကရင်သင်တိုင်းကြီးထဲရော၊ မတော်မရော်တွေရော အကုန်ဝင်၊ အတင်းတိုးကိုက်ကြတာ။ ဘယ်တုံးကတည်းက ကျုပ်ကို မုန်းနေကြတာလဲ မသိပါဘူးဗျာ။ ဘယ်လိုမှ ခါလို့ သတ်ချလို့ ပွတ်လို့ ကုတ်လို့ မနိုင်တော့ဘူး။ ဒေါသတွေကလည်း ကြီးလိုက်ကြတာ။

ကျုပ်လည်း တတ်နိုင်သလောက်တော့ ကြိတ်ခံပြီး ပြန်တိုက်တာပါပဲ။

ဒီလိုနှင့် ညနေ ၄ နာရီလောက် ရောက်လာတယ်။ အောက်က ကချင်စစ်ဗိုလ်ကြီးနဲ့ ရဲဘော်တွေကလည်း ကျုပ်တို့ သရက်ခြံကြီးနဲ့ အနီးတစ်ဝိုက်မှာ သဲသဲမဲမဲရှာနေကြတုန်းပဲ။ တချို့ရဲဘော်တွေကတော့ ဒီလောက်ရှာနေလို့မှ မတွေ့ရင်တော့ ဒီမှာမရှိလောက်တော့ဘူးလို့ပြောကြတယ်။ ဒါပေမယ့်ဗိုလ်ကြီးကတော့ တစ်ယူသန်ကြီးလား၊ အတွေးအခေါ်ကောင်းတာလား မသိပါဘူးဗျာ။

"ဒီကောင် ဒီနားတစ်ဝိုက်ကလွဲပြီး ဘယ်မှ ထွက်မပြေးနိုင်လောက်သေးဘူး၊ ဒီနေရာကို ဆရာကြီးထောင်ဇာနပ်အုပ်စုက ဝိုင်းထား၊ ဒီကောင့် ရှာမတွေ့မချင်း ဒီည ဒီမှာပဲ တပ်နားမယ်" လို့ အပြတ် အမိန့်ပေးလိုက်တယ်။

နောက် . . .

"ဒီညရိက္ခာ ထမင်းခြောက်နဲ့ ငါးပိကြော်၊ မီးခိုး လုံးဝမထွက်စေနဲ့" လို့လည်း ပြောလိုက်တယ်။

ကျုပ်တော်တော် စိတ်ပျက်သွားတယ်။ တစ်ကိုယ်လုံး ခါချဉ်ကိုက်ထားတဲ့ ဒဏ်ရာတွေကလည်း ပွနေပြီး အဖုအပိန့်တွေကလည်း ခန္ဓာကိုယ်တစ်ပြင်လုံး ပြည့်ခမန်းပဲ။ တချို့နေရာတွေဆို သွေးတွေတောင်စို့လို့။ လူလည်း ခါချဉ်ကိုက်တဲ့ဒဏ်ကို မချိမဆံ့ ခံစားရင်း စိတ်တွေတောင် ချောက်ချားလာတယ်။

'ဒီအတိုင်းဆို သူတို့ တစ်ညလုံး ဒီမှာနေကြဦးမှာ၊ အဲဒီတော့ ငါ ဘာလုပ်ရပါ့မလဲ' လို့ တွေးမိတယ်။

တစ်ညလုံး ဒီအတောမသတ်တဲ့ ခါချဉ်တွေရဲ့တိုက်ခိုက်မှုကိုပဲ ဆက်ခံနေမလား။ ခံကော ခံနိုင်မှာလားပေ့ါ။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်တော့လည်း တစ်ကိုယ်လုံးမှာ ခါချဉ်တွေက မည်းမည်းလှုပ်နေပြီ။

ပြောရရင်တော့ ငါးရဲ့ကင်ကို ခါချဉ်အုံထဲ ထိုးထားလို့ ငါးရဲ့ကင် တစ်ကောင်လုံး နေရာလပ်မရှိ ခါချဉ်တွေဝိုင်းအုံထားသလိုမျိုး ကျုပ် အဖြစ်က အဲဒီလိုမျိုးဗျာ။

နောက်တော့ ကျုပ်တွေးလိုက်တယ်။ တစ်ညလုံး ဒီအတိုင်းနေရင် ငါ မလွယ်ဘူးလို့။ ခါချဉ်တိုက်ပွဲမှာ ငါရှုံးသွားပြီပေ့ါ။

ဟုတ်တယ်။ ကျုပ် ထောက်လှမ်းရေးတွေလည်း ကျုပ်ကို သတင်းမပေးနိုင်ခဲ့ကြဘော့ဘူးလေ။ သူတို့ပေးနိုင်တဲ့သတင်းက တစ်မျိုး။ ခု ကျုပ်တိုက်ရတဲ့ တိုက်ပွဲနဲ့မဆိုင်ဘူးလေ။ ဒီတော့ သူတို့လည်း ဘယ်မှာ သတင်းပေးနိုင်တော့မှာလဲ။ သတင်းမရတဲ့တိုက်ပွဲမှာ ကျုပ် ရှုံးသွားပြီပေ့ါ။

ဒါကြောင့် ကျုပ်စိတ်ထဲက . .

"ဟေ့ . . . ခါချဉ်တွေ၊ မင်းတို့ကို ငါ လက်မြှောက်ပါတယ်" လို့ ပြောလိုက်တယ်။

အဲဒီ အချိန်မှာပဲ အောက်က ကချင်စစ်ဗိုလ်ကြီးက သူ့ရဲဘော်တွေကို-

"ဟေ့ တစ်ယောက်မှ ဘာမှ မလုပ်ကြနဲ့"

လို့ပြောပြီး သရက်ပင်ပေါ်မော့ကြည့်ပြီး . . .

"ဟေ့ . . . ဗိုလ်ဆလဲ၊ ဆင်းခဲ့" လို့ လှမ်းအမိန့်ပေးလိုက်တယ်။

အဖြစ်က ဒီလိုဗျ။ ကျုပ်က ခါချဉ်နဲ့တိုက်ပွဲမှာ သည်းမခံနိုင်တော့တဲ့အတွက် ခါချဉ်တွေကို . . .

"ဟေ့ . . . ခါချဉ်တွေ မင်းတို့ကို ငါ လက်မြှောက်ပါတယ်ကွာ"

လို့ စိတ်ထဲက ပြောလိုက်တဲ့ စကားက အပြင်ကို အသံထွက်သွားတယ်။ ဘယ်လို ဘယ်လို ထွက်သွားမှန်း မသိဘူး။

အဲဒါကို ကချင်စစ်ဗိုလ်ကြီးက ကြားသွားတာကိုးဗျ။

**နေဝင်းနီ**

❐

www.burmeseclassic.com

# ကျွန်တော်နှင့် အပေါင်ဆိုင်

## တေးသံရှင် ဂီတာမင်းမင်းဦး




အပေါင်ဆိုင်ရယ်လို့ ဆိုင်နဲ့ ကနားနဲ့ အမြတ်တော်ခွန်တွေ၊ ဘာတွေ ဆောင်ပြီး ဆိုင်းဘုတ် မတင်ရင်သာ ရှိရမယ်။ ပေါင်တဲ့၊ နှံတဲ့ ကိစ္စကတော့ လူသားတွေ အသိဉာဏ်ဖွံ့ဖြိုးစကပဲ ရှိခဲ့ဟန် တူတယ်လို့ ကျုပ်က ဆိုချင်တယ်။

ဘာကြောင့်လဲဆိုတော့ ငွေရေးကြေးရေး မပြေလည်တော့ လယ်ပေါင်၊ ယာပေါင်၊ ကျွဲပေါင်၊ နွားပေါင် 'ဒီနှစ် စပါးလေးပေါ်ရင် ပြန်ရွေးပါ့မယ်' ဆိုတဲ့ ကတိခံဝန်ချက်နဲ့ ချေးကြ၊ ငှားကြတာလေ။ ဘယ်မှာ အပေါင်ဆိုင်ရှိလို့လဲ။

ဒီဘက် အင်္ဂလိပ်ခေတ်ရောက်မှ ကုလား၊ တရုတ်တွေ ပါလာပြီး ဆိုင်နဲ့ ကနားနဲ့ 'အမိန့်ရအပေါင်ဆိုင်' ဆိုတာ ဖြစ်လာရတာပါ။

အများအားဖြင့်တော့ ဒီလုပ်ငန်းကို တရုတ်တွေပဲ လုပ်ကိုင်ကြတာပါ။ ဗမာနဲ့ ကုလား လုပ်တာရယ်လို့ မတွေ့ဖူးသလောက်ပဲဗျ။

စာရှုသူကိုတော့ မပြောလိုပါဘူး။ ကျုပ်ကတော့ အပေါင်ဆိုင်ရှိတာ ခပ်ကြိုက်ကြိုက်ပဲဗျို့။

ဘာပြုလို့လဲဆိုတော့ကာ သူက သစ္စာရှိတယ်။ ကိုယ့်ပစ္စည်းကို သိမ်းထားပေးတယ်။ ကိုယ်နိုင်သလောက်ပေါင်၊ ကြိုက်သလောက်ပေါင် သူ မညည်းညူဘူး။

"အဲဒီလူကွာ ငါ့ဆိုင်ကို ခဏ ခဏ လာလာ ပေါင်နိုင်ရန်ကော" လို့လည်း အပြစ်မတင်ဘူး။ အထင်လည်း မသေးဘူး။ အပုပ်လည်း မချတတ်ဘူးဗျ။ အဲဒါကြောင့် ကျုပ်က ကြိုက်တာ။

ခက်တာက ကျုပ်တို့ လက်လုပ်လက်စား ဘဝသမားတွေဆိုတာ သိတဲ့အတိုင်း ရမယ့်ငွေထက် သုံးဖို့က တစ်ရက် နှစ်ရက် စောစောနေတတ်တာ။ ငွေက သန်ဘက်ခါမှရမှာ၊ အသေအချာ လိုအပ်နေတာက အခု။ အဲဒီအခါမျိုးမှာ အကျုပ်ရိုက်ပြီး ဘယ့်နှယ်လုပ်ကြမတုံး။

ဒီကြားထဲ မိန်းမလုပ်သူက . . .

"ဘယ့်နှယ်လုပ်မလဲ၊ ကလေးကို ဒီနေ့မှပိုက်ဆံမပေးလိုက်နိုင်ရင် ကျောင်းမှာ မျက်နှာငယ်ရမှာ၊ ကျောင်းမှာ သူတစ်ယောက်ပဲ ကျန်တော့တာတဲ့၊ ဒီနေ့ နောက်ဆုံးပဲလို့ သူ့ဆရာမက ဝမ်တိန်ပေးနေပြီတဲ့၊ တော် လုပ်ဦး"

ဟိုလူ့ဆီ သွားပါလား၊ ဒီလူ့ဆီ သွားပါလား ဆိုတာ တစ်မျိုး၊ သိပ်စိတ်ညစ်ရတာဗျာ။

"ဟ ဟိုလူ့ဆီလွှတ်၊ ဒီလူ့ဆီလွှတ်နဲ့ သူတို့မှာလဲ သူတို့အပူနဲ့ သူတို့လေ၊ သွားပြောလို့ရရင် တော်ရဲ့၊ မရရင် အရှက်ကွဲပြီး ပြန်လာရဦးမယ်"

"ဒါဖြင့် ဘယ်လို လုပ်မှာတုံး၊ ကလေးက ကျောင်းချိန်နီးနေပြီ"

"အို . . . ကျောင်းလွှတ်လိုက်ကွာ၊ ငါ အဆင်ပြေရင် ကျောင်းလိုက်ပေးလိုက်မယ်၊ သူ့အတန်းပိုင်လဲ အကျိုးအကြောင်း ပြောပြလိုက်တာပေါ့"

"အဲဒါ တော့်ဘာသာတော်သွား။ ကျွန်မတော့ မသွားဘူး၊ သိကွာကျတယ်၊ ငွေမှမပါရင် ကလေးက ကျောင်းမသွားဘူးတဲ့"

"နေပါဦးဟာ၊ ရေဒီယိုလေး၊ ကက်ဆက်လေး သွားထားရင်ကော"

"အိုး . . . အပေါင်ဆိုင်က နာရီတို့၊ ကက်ဆက်တို့၊ တော့် ရေဒီယိုတို့ ဆိုတာတွေ လက်ခံတာ မဟုတ်ဘူး၊ ရှင် သိလား၊ နေပါဦး တော့်ကလေးတွေ





www.burmeseclassic.com

www.burmeseclassic.com

ကန်တော့ထားတဲ့ ဦးဂျမ်းလုံချည်နှစ်ကွင်း ရှိတယ်မို့လား၊ အဲဒါ တော် မဝတ်ရသေးဘူး၊ အဲဒီနှစ်ကွင်းဆိုရင် လေးထောင်လောက် ရတယ်၊ ကလေး သုံးထောင်ပေး၊ ကျွန်မတို့ တစ်ထောင်သုံးဖို့ ရတာပေါ့၊ တော် သန်ဘက်ခါ ငွေရမှ ရွေးရင်ရွေး၊ သူကတော့ တစ်လတိုးပဲ ပေးရမှာ၊ လကုန်မှ အေးအေးဆေးဆေး ရွေး၊ မရွေးနိုင်ရင်လဲ အတိုးသတ်ထားရတယ်"

"အေး . . . ဒီလိုဆိုလဲ အဲဒါ လေး လုပ်ထားလိုက်ဟာ"

လို့ ပြောရဖန်ပေါင်းလည်း များလှပါပြီဗျာ။

ဒီခေတ်ကြီးထဲမှာ ငွေသုံးလေးထောင် ပက်ခနဲ သုံးလိုက်နိုင်သူတွေရှိတယ်။ အံ့ရောဗျာ။ တချို့ စားတော်ဆက် တစ်ခါတက်တာ သုံးသိန်း၊ လေးသိန်းတောင် သုံးပစ်ကြတာတဲ့။ မယုံမရှိနဲ့ တကယ့် ဒင်္ဂါးပိ။

အဲဒါ ကျုပ်မိတ်ဆွေကြီး တရားလွှတ်တော်ရှေ့နေကြီး ဦးကျော်လင်းက ပြောပြတာ။ သူ့တောင် "မင်းတို့ဟာ ဟုတ်ကော ဟုတ်ရဲ့လားကွာ" ဆိုတော့ "ဆရာ မယုံရင် တစ်ခါလောက် လိုက်ကြည့်လေ" တဲ့။

အဲဒါ သူမယုံလို့ လိုက်ကြည့်ပြီးမှ ကျုပ်ကို ပြန်ပြောတာ အရပ်ကတို့။

ကျုပ်တို့မှာ ငွေလေးတစ်ထောင်၊ နှစ်ထောင်ရဖို့အရေး ပြောလိုက်ရတာ အာပေါက်မတတ်၊ လုပ်လိုက်ရတာ ဖပ်ဖပ်ကိုမောလို့။

ကျုပ်တို့ စာရေးဆရာတွေ ဆိုတာကလည်း ကိုယ့်မရှိရင်သာ နေမယ်၊ ကိုယ့်ဘဝတူ စာရေးဖော်၊ စာရေးဖက်တွေနဲ့တွေ့ရင် ကျွေးမွေးပြုစု ချင်လိုက်ကြတာ။

ကျုပ်တို့ စာရေးဆရာတွေ ဆုံတတ်ကြတဲ့ အင်္ဂါနဲ့သောကြာနေ့တိုင်း လေအန်ကုန်းမှာလာကြည့်စေချင်တယ်။ ရတဲ့စာမူခ ပါးပါးလေးနဲ့ လက်ဖက်ရည်ပါဆယ် အိုးတစ်အိုးမှာ ရေခွေးရောပြီး တစ်ယောက်တစ်ခွက် မျှဝေသောက်ကြတာ။ အင်မတန် ကြည်နူးစရာ ကောင်းတာ။

အဲဒီအတိုင်းပဲ ဘယ်တော့မှ စာမူခ အိမ်ပြန်ပါမလာတတ်ဘူး။ အိမ်မှုကိစ္စ တစ်ခါတစ်ရံ လိုငွေကို ကျုပ်မိတ်ဆွေကြီး အပေါင်ဆိုင်ဆီ ပြေးရတာ များပါတယ်ဗျာ။

ပေါင်တဲ့ကိစ္စကလေး တစ်ခု ပြောရဦးမယ်။ ပေါင်တာချင်းအတူတူ ရွှေပေါင်နဲ့၊ အထည်ပေါင်နဲ့ မတူပြန်ဘူးဗျ။ ရွှေပေါင်က အသံ အတော်ကျယ်တာပဲဗျာ။

"ဩော် . . . ဟုတ်ကဲ့၊ ဟို . . . ကျွန်မညီမတစ်ယောက် မိတ်ကပ်၊ ဆံပင်ကောက်ဆိုင်လေး ဖွင့်ချင်တယ် ဆိုတာနဲ့ ရှိတဲ့ရွှေ သွားထားပေးလိုက်တာလေ" ဆိုတဲ့ အသံမျိုးပေါ့ဗျာ။

အဲ . . . ထဘီပေါင်တဲ့ ပုဆိုးပေါင်တဲ့သူကျတော့ တိုးတိုးတိတ်တိတ် ခိုးကြောင်ခိုးဝှက် ပေါင်ရတာပေါ့ဗျာ။ ဒါတော့ နည်းနည်းကွာတယ်။ တစ်ခါက ကိစ္စလေး ပြောပါရစေဦး။

ဒီလို၊ ကျုပ်ပုဆိုးလေး အရောင်ရော အဆင်ရော ကျွန်တော် အင်မတန်မှ နှစ်သက်တာ။ အဲဒါ အပေါင်ဆိုင်ရောက်နေတယ်။ ကျုပ်ကလည်း ကျုပ်ပဲ။ အဲဒါ ပေါင်ထားတာ မရွေးမိဘူး။ အပေါင်ဆုံးရော ဆိုပါတော့။

ဒါနဲ့ အမျိုးသမီးကို ငါ့လုံချည်ကော မေးတော့ . . .

"ပေါင်ထားတယ်လေ"တဲ့။

နှစ်ယောက်သား လက်မှတ်တွေ ပြန်စစ်ကြတာပေါ့။ ရက်ကျော်၊ လကျော် ဖြစ်နေပြီ။ နှစ်ဦးသား ပြေးကြရပါပြီ အပေါင်ဆိုင်ကို။ ဟုတ်တယ်တဲ့၊ အပေါင်ဆုံးသွားပြီတဲ့။ နောက်တစ်ရက် နှစ်ရက်နေရင် လာကြည့်လို့ပြောတယ်။

အပေါင်ဆုံးအထည်ထဲက ကိုယ့်လုံချည်ကိုယ် ပြန်ဝယ်လာခဲ့ရတဲ့အဖြစ်က ရှိသေးတယ်ဗျို့။ ဘဝကြုံရတာများ ပြောပါတယ်။

တချို့က ပေါင်တဲ့ နှံတဲ့သူတွေကို ကဲ့ရဲ့ချင်၊ နှာခေါင်းရှုံ့ချင်ကြတယ်။ မလုပ်ပါနဲ့ဗျာ။ ကိုယ့်ကို သူက ဘာဒုက္ခပေးလို့လဲ။ အနေသာကြီး။ သူ လိုအပ်နေတာ ကိုယ်ကရော ကူညီနိုင်လို့လား။ ဘယ်လောက် ကူညီနိုင်ခဲ့သလဲ။ ကိုယ့်ဘာသာကိုယ် ကြက်သားဟင်းနဲ့ စားတာ စားပါ။ သူများ ကန်စွန်းရွက်နဲ့ စားတာကို မရှုတ်ချပါနဲ့။ သူကကော ဟင်းလာတောင်းစားနေလို့လား။

ဒါ စဉ်းစား။ စဉ်းစားလို့သာ ပြောတာပါ။ အသိတရား ရှိမယ့်ဟာတွေ မဟုတ်ပါဘူး။ ပိုက်ဆံလေး မဖြစ်စလောက်နဲ့ ဘဝင်မြင့်နေကြတာက ခပ်များများ။

ဘယ်လောက်ခင်ခင် ငွေချေးရင် အခင်အမင် ပျက်တတ်ကြတာ ဓမ္မတာပဲ။ ဒါကြောင့် ငွေလိုရင် ညီအစ်ကိုရင်းချာတောင် ကျုပ်မပြောဘူး။ အပေါင်ဆိုင်ပဲ ပြေးတယ်။ ဟုတ်တယ်လေ။ သူက အထင်လည်း မသေးဘူး၊ ရှုတ်လည်း မရှုတ်ချဘူး။ လူတကာလှည့်ပြီး အတင်းလည်း မပြောဘူး။ သူ့အလုပ် သူလုပ်တယ်။ ရွေးရမှာ ကိုယ့်အလုပ်၊ မရွေးနိုင်ရင် အတိုးသတ်ထား၊ ဒါ ကိုယ့်အလုပ်။

ဒါကြောင့် ငွေလိုရင် မိတ်ဆွေ အပေါင်းအသင်းဆီ ငွေမချေးပါနဲ့။ ကျုပ်ကတော့ အထင်အမြင် အသေးမခံဘူးဗျို့။

ကျုပ်မိတ်ဆွေ 'အပေါင်ဆိုင်' ရှိတယ်။

တေးသံရှင် ဂီတာမင်းမင်းဦး

❐





www.burmeseclassic.com

www.burmeseclassic.com

# ချိန်းတဲ့ည

## ကိုစနေ



ညနေ လယ်ထဲမှ ပြန်လာကတည်း တဖြီးဖြီးနှင့် ကွန္တြေမရဖြစ်နေသော သားအလတ်ကောင် နိုင်ဦးကို ဒေါ်မြရှင် အကဲခတ်နေမိ၏။ ဒီကောင် ဘာဖြစ်နေသည် မသိ။ ကြည့်ပါဦး၊ မျက်နှာကိုက မှီရထားသလို ရယ်စရာ ဟုတ်လည်းရယ်၊ ရယ်စရာမဟုတ်လည်း တဟဲဟဲနှင့် ကြည့်ရတာ အတော်လေး ထူးခြားနေ၏။

ဧကန္တ အရက်များသောက်ထားလေသလား။ မသင်္ကာစိတ်ကြောင့် အနားခေါ်ပြီး အကြောင်းမရှိအကြောင်းရှာ စကားပြော၍ အနံ့ခံကြည့်သော်လည်း အရက်နံ့မရ။ အရက်သောက်သည်ကို အမေ မကြိုက်ဟု ပြောထားသဖြင့် သားနှစ်ယောက်လုံး ဒီအသက်အရွယ်အထိ အသောက်အစားကင်းစွာ နေထိုင်ခဲ့ကြသည်မို့ ဒေါ်မြရှင် စိတ်အေးရပါသည်။ ထို့အတူ ကျေးဇူးလည်း တင်မိပါသည်။

မဟုတ်ရင် ဘယ်အရက်ဝိုင်းမှာများ ရန်ဖြစ်လေမလဲ။ အချိန်တန် အိမ်ပြန်မရောက်လျှင် ရွာလူကြီးအိမ်များ ရောက်နေလေသလား။ ဘယ်မှာများ မူးလဲနေပါလိမ့်ဟု အမျိုးမျိုး တွေးပူနေရသည့်ဒုက္ခ၊ အိမ်ပေါက်ဝမှ တမျှော်မျှော် လုပ်နေရသည့် ဒုက္ခတွေကို မခံစားချင်တော့။ ဒီအပူ ဒီအမျှော်တွေမှ ကင်းဝေးခဲ့သည်မှာလည်း ဘာကြာသေးတာ မှတ်လို့။

သူတို့အဖေ ကိုချစ်ခင် ရှိတုန်းက ဆို ဒီဒုက္ခတွေနှင့် နှစ်အတော်ကြာ လုံးထွေးခဲ့ရ၏။ တကယ်တော့ ဒေါ်မြရှင် ပူလို့သာ ပူခဲ့ရသည်။ ကိုချစ်ခင် တစ်ယောက် အရက်မူး၍ဖြင့် ဘယ်သော အခါမှ ပြဿနာ မဖြစ်ဖူးခဲ့။ သို့သော် လူရိုးစိတ်တိုမို့ စိတ်မအေးနိုင်။ မှန်သည် ထင်လျှင် နောက်မဆုတ်တမ်းပြောတတ် လုပ်တတ်သည့် ကိုချစ်ခင်၊ အရက်ဝိုင်း တွင် တစ်နေ့မဟုတ် တစ်နေ့ ပြဿနာ တတ်နိုင်သည်ကို ဒေါ်မြရှင် ကြိုတင် တွေးတော ပူပန်နေရ၏။ အရက်မူးလျှင် အနည်းနှင့်အများ မှားယွင်းတတ်သည် မဟုတ်ပါလား။

ပြီးခဲ့သည့် သုံးနှစ်ခန့်က ကိုချစ် ခင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွား တော့ အကြီးကောင် နိုင်ထွန်းက ၁၈ နှစ်၊ အလတ်ကောင် နိုင်ဦးက ၁၆ နှစ်

www.burmeseclassic.com

အငယ်မ မွေးမွေးက ၁၄ နှစ်မို့ သေးသေးကွေးကွေး ကလေးမရှိ၍ တော်သေး၏။

သူတို့အဖေ ရှိစဉ်ကတည်းက သားအဖတစ်တွေ ဒိုးတူပေါင်ဖက် လယ်ထဲဆင်းခဲ့ကြသဖြင့် ဦးစီးမည့်သူ မရှိသော်လည်း လုပ်ငန်းခွင်ကတော့ သိသိသာသာကြီး ချွတ်ချော်သွားခြင်း မရှိခဲ့။ ဖခင်ကြီး မရှိတော့ပြီမို့ သားတို့ လိမ္မာပြုပြစေရန် အမြဲသတိပေးနေရ၏။

အခုခေတ်ကာလသားသမီးများ အရွယ်လေး နည်းနည်းရောက်လာပြီ ဆိုလျှင်ဖြင့် အသောက်အစားက ဖက်လာတတ်သည် မဟုတ်ပါလား။

"မင်းတို့ အရက်သောက်တဲ့နေ့ အမေအိမ်ပေါ်က ဆင်းတဲ့နေ့ပဲ" ဟု ပြောခဲ့စဉ်က သားနှစ်ယောက် ပြုံးပြုံးပြာပြာဖြင့် သားတို့ ဘစ်သက် အရက်မသောက်ပါ။ အမေ စိတ်ဆင်းရဲအောင် မလုပ်ပါဟု ကတိအထပ်ထပ် ပေးခဲ့ကြ၏။ ဒေါ်မြရှင်တစ်ယောက် မျက်ရည်ဝဲသည်အထိ ပီတိဖြစ်ခဲ့ရပါသည်။ သားသမီးများအား ရင်နှင့်အမျှ ချစ်သည်မှန်သော်လည်း ဘယ်သောအခါမျှ မျက်နှာသာ မပေးခဲ့။ တစ်ခါမှလည်း ရိုက်နှက် ဆုံးမခဲ့ရခြင်း မရှိ။

ဒီအမေ တစ်ဦးတည်းက မွေးခဲ့သည်မှန်သော်လည်း သားသမီး သုံးယောက်က စရိုက်ချင်း မတူညီကြ။ အကြီးကောင်နိုင်ထွန်းက အနေထိုင်အေး၏။ အလုပ်ကြိုးစား၏။ ရှုပ်ရှုပ်ပွေပွေ သတင်းကစ်စုံတစ်ရာ မကြားရ။ အလတ်ကောင်နိုင်ဦးက အလုပ်ကြိုးစားသည် မှန်သော်လည်း နောက်နောက်ပြောင်ပြောင်ရှိ၏။ သွက်၏။ အပေါင်းအသင်း ပေါ၏။

ရွာကလယ်ပိုင်းက ကိုစံအောင်သမီး ထားထားနှင့် ဘာလိုလို ကြားနေသည်မှာ ကြာပြီ။ ဟုတ်၊ မဟုတ်တော့ အတိအကျ မသိသေး။ အငယ်မမွေးမွေးက အပြစ်ပြောစရာမရှိအောင် လိမ္မာသည့်ကလေး။ အမေ့နား တပူးပူး တကပ်ကပ်နေတတ်သည့် အမေ့ကိုယ်ပွားလေး။ သားကြီးနှင့်သမီးငယ်အတွက် ဘာမှပူပန်စရာမလိုသော်လည်းအပေါင်းအသင်းများသော အစအနောက်သန်သော အလတ်ကောင် နိုင်ဦးကိုတော့ မျက်လုံးဒေါက်ထောက်ကြည့်နေရသည်။ နားစွင့်နေရသည်။

အခုလည်း ဒီကောင် ဘာတွေ အူမြူးနေသည် မသိ။ ဘယ်သူ့ကိုများ နောက်ပြောင် ဒုက္ခပေးခဲ့လေသလဲ အတွေးဖြင့် ဒေါ်မြရှင် မျက်နှာကို အတတ်နိုင်ဆုံး တင်းပြီး . . .

"ဟဲ့ကောင် ငဦး၊ လာစမ်း ဒီနားကို"

"ဘာလဲ အမေ"

"တဖြဲဖြဲနဲ့ ကြွေနေ့ကိုမရဘူး၊ ဘာဖြစ်နေလဲ မှန်မှန်ပြောစမ်း"

"ဘာမှမဖြစ်ပါဘူး အမေရဲ့"

"နင်ဘာတွေမဟုတ်တာလျှောက်လုပ်ခဲ့သလဲ၊ သူတစ်ပါးကို အလွန်အကျွံ နောက်တာ ပြောင်တာ အမေ မကြိုက်ဘူးနော်၊ ဟိုတစ်ခါလဲ ထွန်းတင်တို့လင်မယား ရန်ဖြစ်အောင် ကြိဖန်ပြီး နောက်ပစ်ခဲ့တယ်။

ဟိုခမျာတွေမှာတော့ ဖြစ်လိုက်ရတဲ့ရန်၊ နင်က ဗိုက်နှိပ်ပြီး ရယ်နေတယ်၊ အပျော်အပြက်ဆိုပေမယ့် သူတစ်ပါးကို ထိခိုက်စေမယ့် အလုပ်မျိုး လုံးဝမလုပ်ရဘူး၊ နင်နော် ကြပ်ကြပ်သတိထား"

"ဘယ်သူ့ကိုမှ မနောက်ခဲ့ပါဘူး အမေရဲ့၊ အခုဟာက ဟို ဟို"

အငယ်မမွေးမွေးက သူ့အစ်ကိုကို မျက်စောင်းထိုးရင်း . . .

"ဘာမှ မဟုတ်ဘူး အမေ၊ ညနေ လယ်ထဲကအပြန် ထားထားနဲ့ ဘာတွေပြောလိုက်တယ် မသိဘူး၊ အဲဒါကြောင့် အူမြူးနေတာ"

မွေးမွေးစကားကြောင့် နိုင်ဦး တွန့်ခနဲ ဖြစ်သွား၏။

"မဟုတ်ဘူး အမေ၊ ဒီကောင်မလေးနော်၊ မဟုတ်တာ မပြောနဲ့"

"ဘာ မဟုတ်ရမှာလဲ၊ သမီး လယ်ထဲကအပြန် လှမ်းမြင်နေရတယ်၊ သူတို့က သမီးကို မမြင်ဘူး၊ ဘယ်မြင်မလဲနော်၊ အဲဒီအချိန်မှာ ကျားလာတာတောင် သိမှာ မဟုတ်ဘူး"

မွေးမွေးစကားက မှန်နေသဖြင့် နိုင်ဦး မငြင်းသာဘဲ ဟိုလိုလို ဒီလိုလို လုပ်နေလိုက်ရ၏။

"ကောင်လေးနော်၊ သူများသားသမီးကို နောက်နောက်ပြောင်ပြောင် မလုပ်နဲ့၊ ထားထားအဖေ ကိုစံအောင်နဲ့ တို့က မိသားစုလိုနေကြတာ၊ မခင်သစ်ဆိုတာကလဲ အမေနဲ့ ကျောင်းနေဖက်တွေ၊ ကိုစံအောင်ကြီး မရှိတော့တဲ့နောက် အားငယ်နေရှာတဲ့ သူတို့သားအမိတွေကို တို့တစ်တွေကတောင် စောင့်ရှောက်ရဦးမှာ၊ နင်က မစောင့်ရှောက်တဲ့အပြင် မျက်နှာပျက်အောင် လုပ်ဖို့ လုပ်ကြံနေကြားလား ဟဲ့ကောင်"

"ဟုတ်ကဲ့ပါ အမေရဲ့"

ပြောပြောဆိုဆို နိုင်ဦး၊ ဒေါ်မြရှင်ရှေ့မှ ခပ်သွက်သွက် ခွာလာခဲ့၏။ မခွာ၍မဖြစ်။ ငယ်စဉ်ကတည်းက မိဘကို လိမ်မပြောရဲသည့်စိတ်ကြောင့် ဆက်ထိုင်နေလျှင် အဖြစ်မှန် ပေါ်သွားနိုင်သည်။

♦

တကယ်တော့ မွေးမွေးပြောသည်မှာ မှန်၏။ ညနေ လယ်ထဲက အပြန် ရှေ့ခပ်လှမ်းလှမ်းတွင် ရွာဖက်သို့ တစ်ယောက်တည်း ပြန်သွားသည့် ထားထားနောက်သို့ နိုင်ဦး အပြေးကလေး လိုက်သွားပြီး . . .

"ထားထားရယ်၊ နှစ်ယောက်တည်း စကားပြောချင်လို့ ခဏ ခဏ ခွင့်တောင်းတာ၊ နင် မေ့နေသလားဟာ"

"ခုလဲ စကားပြောနေရတာပဲ မဟုတ်လား ငဦးရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်ဟာ နင်နဲ့ငါ ချစ်လာတာ တစ်နှစ်ကျော်လောက်ရှိပြီ၊ တစ်ခါမှ အေးအေးဆေးဆေး စကားမပြောရဘူး နိုင်နိုင်

www.burmeseclassic.com

သိတဲ့ ခင်တဲ့လူတွေလို လမ်းမှာတွေ့ရင် နေကောင်းလား၊ ဘယ်သွားမလို့လဲ၊ ထမင်းစားပြီးပြီလား၊ နင်တို့လယ် ဒီနှစ်စပါး ဘယ်လောက်ထွက်လဲ ဆိုတာမျိုးကတော့ ဘာလုပ်မလဲဟာ ချစ်သူမဆန်ပါဘူး၊ ဒီအပြောလောက်နဲ့သာ ကျေနပ်နေရမယ်ဆိုရင် ဘာရည်းစားဖြစ်စရာလိုသေးလဲ၊ ရည်းစားမဖြစ်လဲ ဒီလိုပဲပြောလို့ ရနေတဲ့ ဥစ္စာ"

နိုင်ဦးစကားကြောင့် ထားထား တခစ်ခစ် ရယ်လေသည်။

"နင်က ဘာတွေများ ထူးထူးခြားခြား ပြောစရာ ရှိသေးလို့လဲဟ"

"ပြောစရာရှိတာပေါ့ဟာ၊ ပြောစရာမရှိတောင် တစ်ခါမှ မကိုင်ဖူးတဲ့ နင့်လက်ကလေးကို ကိုင်ကြည့်ချင်တာ"

"သွား . . . ငဦးကောင်"

အရှက်ပိုသွားသော ချစ်ရသူကောင်မလေးကိုကြည့်ရင်း နိုင်ဦး တဟဲဟဲ ရယ်နေမိလေသည်။ သို့နှင့် နောက်ဆုံးတွင် ယခုည ၁၀ နာရီ သူမတို့အိမ်နောက်ဖေးရှိသရက်ပင်ကြီးအောက်၌ စောင့်နေမည့်အကြောင်း ပြောပြီး ရှေ့မှ ပြေးထွက်သွားလေသည်။

နိုင်ဦး တစ်ယောက်ကတော့ စောင့်စားခဲ့ရတာ ကြာပြီဖြစ်သော နှစ်ယောက်သား တွေ့ဆုံရမည့်အခွင့်အရေးကို ရခဲ့ပြီမို့ မှိုတောင်းကြီးတစ်ခုလုံးကောက်ရသလို တဟဲဟဲနှင့် ဣန္ဒြေမရဖြစ်နေခြင်း ဖြစ်လေသည်။

◆

တန်ဆောင်မုန်းဆန်းစ လကလေးက ကောင်းကင်တွင် မှေးမှေးလေးသာနေ၏။ နှစ်ယောက်တည်း တွေ့ရတော့မည် ဆိုသော အတွေးကြောင့် နိုင်ဦး ရင်ခုန်သံက မမှန်ချင်။ ကတုန်ကယင်နှင့် ဘယ်လိုကြီးမှန်းမသိ။ ခြေဖျား၊ လက်ဖျားများပင် အေးစက်စက်ကြီးလိုလို။

တကယ် တွေ့ရမည်ဆိုတော့လည်း ကြောက်သလိုနှင့် သွားရမှာ မဝံ့မရဲ၊ အတွေ့အကြုံ မရှိ၍ ထင်၏။ အဖော်ခေါ်သွားလျှင် ကောင်းမလားတွေးကြည့်မိသည်။ အခင်ဆုံး သူငယ်ချင်း စော်တင်ထူးတော့ ရှိ၏။ နိုင်ဦးသာ ပါလျှင် ငရဲပင်လိုက်မည့် လူစားမျိုး။ အိုလူသိခံလို့ မဖြစ်သေးပါဘူး။ တော်ကြာ ထားထား သိသွားမှဖြင့် စိတ်ဆိုးခံရဦးမည်။ တစ်ယောက်တည်း သွားတာကောင်းပါတယ်။ ဘာကြောက်စရာရှိလဲဟု အားတင်းပြီး လေးခွလွယ်အိတ်ကို ကောက်လွယ်ကာ အိမ်မှ ခိုးထွက်ခဲ့၏။

ဦးစွာ ရွာတောင်ဘက် လယ်ကွင်းများဆီသို့ ဦးတည်လိုက်သည်။ ရွာရိပ်ခို၍ ထားထားတို့ အိမ်နောက်ဖေးတည့်တည့်ရောက်မှ ခြံစည်းရိုးကိုဖြတ်ဝင်ရန် စိတ်ကူးထား၏။ ရွာထဲ လမ်းအတိုင်းသွားလို့မဖြစ်။ မတော် တစ်ယောက်ယောက်နှင့်တွေ့၍ မေးလား မြန်းလား လုပ်နေလျှင် အခက်။

မည်သူမျှ မတွေ့သည့်တိုင် လူရိပ်မြင်လျှင် အလွတ်မပေးတတ်သည့် ခွေးများက ဆူဆူညံအောင် ဟောင်ကြပေလိမ့်မည်။ ထို့ကြောင့် ရွာနောက်ဖေးလယ်ကွက်ထဲမှ ထွက်ခဲ့ခြင်း ဖြစ်၏။ ရွာပြင် ခပ်လှမ်းလှမ်းတွင် စပါးနယ်သည့် တလင်းများရှိသော်လည်း ရွာရိပ်ကြောင့် မြင်နိုင်မည် မဟုတ်။

နိုင်ဦးသည် ထားထားနှင့်တွေ့လျှင် ပြောရမည့် စကားလုံးများကို လမ်းသွားရင်း စိတ်ထဲတွင် ပန်းလိုသီလာခဲ့၏။ ထားထားကို မည်မျှချစ်ကြောင်း၊ ရိုးမြေကျပေါင်းသင်းရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း လူချင်း မတွေ့ရသော်လည်း ထားထားမျက်နှာလေးကို အမြဲတမ်း မြင်ယောင်နေကြောင်း စသည်ဖြင့်

ထိုအခိုက် ရှေ့နား ခပ်လှမ်းလှမ်းမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးသံကြောင့် စိတ်ကူးနှင့်လှမ်းလာသော ခြေလှမ်းများက အလိုလို တုံ့ခနဲ ရပ်သွား၏။

တစ်ဆက်တည်း ဆိုသလို ကြက်သီးများ တဖြန်းဖြန်းထကာ ခေါင်းကြီးသွားသည် ထင်လိုက်ရ၏။ မသက်ာမျက်လုံးဖြင့် တောင်မြောက် ဝဲယာသို့ ပြူးပြူးပျာပျာ အကဲခတ်ရင်း လေးခွကိုအသင့်ပြင်ထားလိုက်သည်။ အတန်ကြာသည်ထိ ထူးခြားမှုမရှိလေမှ ရှေ့သို့ဆက်လိုက်၏။

၁၀ နာရီခန့်ရှိပြီမို့ ဆန်းသစ်စလကလေးက ဝင်ရန် အားယူနေပြီဖြစ်၏။ လရောင်အားကိုးဖြင့် လှုပ်ရှားရသည်မို့ လမဝင်မီ ထားထားတို့ခြံထဲသို့ ရောက်မှဖြစ်မည်။ နိုင်ဦးသည် တရွေ့ရွေ့ လှမ်းလာခဲ့ရာ တဖြည်းဖြည်း ထားထားတို့ခြံအနီး ရောက်လာပြီဖြစ်၏။ သို့သော် ချက်ချင်း မကပ်ရဲသေးဘဲ အရိပ်အခြည် ကြည့်လိုက်သည်။ စိတ်ချလောက်မှ ခြံထောင့်မှ မန်ကျည်းပင်ရိပ်သို့ ဖျတ်ခနဲ ပြေးကပ်ပြီး ခြံတွင်းအခြေအနေကို အကဲခတ်လိုက်ပြန်သည်။

ချစ်သူနှင့် တစ်ခါတွေ့ရဖို့အရေး မလွယ်လှပါလားဟု နိုင်ဦး စိတ်ထဲ မသက်မသာ တွေးလိုက်မိ၏။ ထားထားတို့အိမ်တွင် ခွေးများရှိသည် မှန်သော်လည်း သူမအစ်ကို ကိုပိုးတီ တလင်းနယ်သည့်နောက်သို့လိုက်သွားလေ့ရှိကြောင်း သိထားသဖြင့် ခွေးရန်ကို စိုးရိမ်စရာမလို။

သို့သော် ဘာကြောင့်မှန်းမသိ ထားထားတို့ ခြံထဲသို့ဝင်ရန် စိတ်လေးနေမိသည်။ ဘာကို စိုးရိမ်နေမှန်း မသိ။ တစ်နေကုန် အလုပ်ပင်ပန်းမှုကြောင့် ဒီအချိန်ဆို ထားထားတို့အမေ ဒေါ်ခင်သစ်တစ်ယောက် အိပ်မောကျနေမည်မှာ သေချာပါသည်။ ကိုပိုးတီလည်း ရွာမြောက်ဘက် တလင်းတွင် စပါးနယ်နေပေလိမ့်မည်။ ဘာကို စိုးရိမ်နေသနည်း။

အဓိပ္ပာယ်မဲ့ စိုးရိမ်စိတ်ကြောင့် ချိန်းဆိုရာသို့ အရောက် မသွားနိုင်ခဲ့သော် ထားထားတစ်ယောက် စိတ်ခုပေလိမ့်မည်။ နောက်နောင် ဒီလို တွေ့ဆုံရဖို့အရေး စကားစရန်ပင် မလွယ်တော့။

နိုင်ဦးစိတ်ကို တင်းလိုက်ရင်း ခြံထဲသို့ တစ်ချက် ဝေ့ကြည့်လိုက်ပြီး ခြံစည်းရိုးအဖြစ် ကာရံထားသည့် ခြမ်းများအား တစ်ဖက်သို့ တွန်းရွှေ့လိုက်ရုံ

www.burmeseclassic.com

ဖြင့် တစ်ကိုယ်စာဝင်ပေါက် ဖြစ်သွားလေသည်။ ခြံထဲတွင် အနှောင့်အယှက်ကင်းကြောင်း သိရသည်နှင့် စိတ်ချလက်ချ တိုးဝင်လိုက်၏။

ခြံထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် ထားထား စောင့်နေမည်ဆိုသောနေရာသို့ လှမ်းကြည့်လိုက်ရာ ခြံအရှေ့ဘက်ထောင့်ရှိ သရက်ပင်ကြီးအောက် ခုံတန်းလေးတွင် ထိုင်နေသည့် ချစ်သူကောင်မလေးကို လရောင်ပျပျဖြင့် မြင်တွေ့လိုက်ရသည်။

ဒီကောင်မလေးကို ဘယ်လို စ,ရရင် ကောင်းမလဲ။ သစ်ပင်အကွယ်မှနေ၍ ခဲလုံးသေးသေးလေးများဖြင့် ပစ်ရရင် ကောင်းမလား၊ ရုပ်ရှင်ထဲကလို အသာလေး ခြေဖော့သွားပြီး မျက်လုံးကို လက်နှင့်ပိတ်ထားရ ကောင်းမလား၊ အို ဘာမှမကောင်းဘူး။ လန့်ပြီး ထအော်မှဖြင့် စကားမပြောရသေးခင် ခွေးပြေးပြေးနေရမှ အခက်ဟုတွေးရင်း ခြေလှမ်းကျဲကြီးဖြင့် လှမ်းလာခဲ့၏။ ထားထားနှင့် မလှမ်းမကမ်းအရောက် နောက်ဘက်မှ တစ်စုံတစ်ယောက်က ပခုံးကို ပုတ်လိုက်မှုကြောင့် အလန့်တကြား လှည့်ကြည့်လိုက်ရာ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က ကွယ်လွန်သွားပြီဖြစ်သည့် ဦးစံအောင်အား မျက်လုံးပြောက်ပက် သွားအကျဲသားဖြင့် ရယ်ပြနေသည်ကို တွေ့လိုက်ရသဖြင့် ခေတ္တမျှ ကြောင်ကြည့်နေပြီးမှ သတိရကာ . . .

"ဗ်အောင်မယ်လေး သရဲပါဗျို့. . . . လုပ်ကြပါဦး. . . သရဲ သရဲ"

နိုင်ဦး အလန့်တကြား စူးစူးဝါးဝါးအော်ရင်း မနီးမဝေးမှ ထားထားထံ ပြေးသွားကာ ကြောက်ကြောက်ဖြင့် အတင်းသိမ်းကျုံး ဖက်ထားလိုက်လေသည်။ နိုင်ဦး၏ ကြောက်လန့်တကြား အော်သံကြောင့် ထားထားလည်း ဘုမသိ ဘမသိ နိုင်ဦးအား ပြန်ဖက်ရင်း ရောယောင်အော်နေမိ၏။

"လာကြပါဗျို့ . . . သရဲပါ၊ လာကြပါ"

နိုင်ဦးနှင့် ထားထားတို့ အလန့်တကြားအော်သံက ဆောင်းအေးအေးနှင့် ကွေးနေသူ အိမ်နီးချင်းများအား လှန့်နိုးသလိုဖြစ်သွား၏။ အဆက်မပြတ်အော်နေရာသို့ ရွာအနီးတလင်းနယ်နေသူများနှင့် အိမ်နီးချင်း ရွာသားများရောက်လာချိန်မှာတော့တစ်ဦးကိုတစ်ဦး ကျစ်ကျစ်ပါအောင်ဖက်ရင်း အသံကုန်အော်ဟစ်နေကြသည့် နိုင်ဦးနှင့် ထားထားတို့ နှစ်ဦးအား ဓာတ်မီးရောင်ထိန်ထိန်အောက်တွင် အထင်းသား တွေ့မြင်လိုက်ကြရလေတော့သည်။

သြော်- တိတ်တဆိတ် ခိုးတွေ့ကြသည့် ချစ်သူနှစ်ဦးအဖြစ်ဟာဖြင့်. . ။

ထိုစနေ

❐


# နိုင်ငံခြား သင်္ဘောဆိုင်ရာများ စိတ်ချမ်းသာစေရမည်

❁ နိုင်ငံခြားသင်္ဘောသားအသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘောလိုင်းကောင်းမှာ အမြန်ဆုံးတက်ရောက် လုပ်ကိုင်ရဖို့။ ❁ သင်္ဘောသားဟောင်းများလည်း သင်္ဘောလိုင်းကောင်းကောင်း၊ သင်္ဘောကောင်းကောင်းမှာ လစာကောင်းကောင်းဖြင့် အမြန်ဆုံး ပြန်တက်ရဖို့။ ❁ နိုင်ငံခြားသင်္ဘောမှာ အစစအရာရာ အဆင်ပြေကံကောင်းပြီး အမှုအခင်းဘေးဥပဒ် အသက်အန္တရာယ်ကင်းရှင်း၍ ကျန်းမာစွာဖြင့် စာချုပ်သက်တမ်းပြည့်သည်အထိ ခိုင်မြဲစွာလုပ်ကိုင်ရဖို့။ ❁ လစာငွေမှန်မှန်ရရှိဖို့။ ❁ အဆင့်ရာထူး ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ တစ်ကြိမ်တည်း ဖြေဆိုအောင်မြင်စေဖို့။

**(ဂမ္ဘီရပညာ ယတြာအစီအရင်ဖြင့် ပံ့ပိုးကူညီမှုကို ယုံကြည်အားကိုးလျှင် လာခဲ့ပါ။)**

## ဆရာဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )

ဝိတ်ရက် မရှိပါ။


### လက္ခဏာဗေဒင်ယတြာအစီအရင်

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ အုံမြို့သစ်မြောက်ပိုင်း ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁၊ ၀၉-၂၅၀၇၇၃၆၁၃၆




www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်ကြည်သန်း (ဖောင်တော်သီ)

## ဂုဏ်ဝေဿကပြန် လီလာနှင့် ဓာတနာ့ဒီပံ

တစ်မိုးကုန်လို့ တစ်ဆောင်းသစ်ခဲ့ပြန်လေပြီ။ အရှေ့မြောက် လေနုအေးလေးတွေ ဝေ့ကာ ဝိုက်ကာ တိုက်လာနေသည်။ ငွေနှင်းပွင့်လေးတွေ တဖွဲဖွဲ ကျနေသည်။

နံနက်ခင်း နေခြည်ထွေးလေး ဖြာကျလာသဖြင့် ငွေနှင်းလေးတွေ တစ်စ တစ်စ ကွယ်ပျောက်သွားကြပြန်သည်။ ချမ်းစိမ့်နေရာက နွေးထွေးလာပြီး [illegible] လာသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်၊ မြောက်ဘက်မုခ်က ကျွန်တော့်ဗေဒင်ဟောခန်းလေးမှ လှမ်းမျှော်ကြည့်လိုက်ရာ သစ်ပင်များပေါ်တွင် မိုးတွင်း မိုးလာခိုကြသည့် မြင်တွေ့နေကျ ငွေဖျိုင်းဖြူများကို မတွေ့ရတော့ချေ။ တာဒ်ပင် ထိပ်ဖျားဆီက ဥသြ ဥသြ ဥသြနှင့် ကြည်နူးဖွယ် အော်မြည်နေကြသည့် ဥသြငှက်ငယ်လေးများကိုသာ တွေ့လိုက်ရသည်။ ငွေဖျိုင်းဖြူလေးတွေ လယ်ကွင်း၊ ချောင်းမြောင်း၊ အင်းအိုင်တွေဆီ ပြန်သွားကြပြီထင့်။

[illegible] ပျောက်ကွယ်နေသည့် ဥသြငှက်လေးတွေ [illegible] ရောက်လာခဲ့ကြသည် မသိ။ [illegible] ရွက်ဝါလေးတွေ မြေခကြွေကျခဲ့ပြီး ရွက်နုလေးတွေ ဝေဝေဆာဆာဖြင့် စိမ်းစိုလန်းဆန်း မြရောင်သမ်းပြီး သာယာလှပနေကြပြန်ပြီကော။

ရာသီတွေ အလီလီပြောင်းပြီး သဘာဝလောကကြီးပါ အဟောင်း အဟောင်းတွေ ချုပ်ပျောက်ပြီး အသစ် အသစ်တွေ ဖြစ်လိုက် ပျက်လိုက်ဖြင့် မဆုံးနိုင်သည့် သံသရာကြီးပါပေ။

www.burmeseclassic.com

"ဪ . . . ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးကလဲ မတည်မြဲပါလား။ မျက်စိအကြည်နဲ့ အဆင်းဆုံပြီး မြင်စိတ်လေး ဖြစ်လာတယ်။ နားအကြည်နဲ့ အသံဆုံပြီး ကြားစိတ်လေး ဖြစ်လာတယ်။ နှာခေါင်းအကြည်နဲ့ အနံ့ဆုံပြီး နံစိတ်လေးဖြစ်လာတယ်။ လျှာအကြည်နဲ့ အရသာဆုံပြီး စားစိတ်လေး ဖြစ်လာတယ်။ ကိုယ်အကြည်နဲ့ တွေ့ထိစရာဆုံပြီး တွေ့ထိစိတ်လေး ဖြစ်လာတယ်။ စိတ်နဲ့ ကြံတွေး စရာဆုံပြီး ကြံတွေးစိတ်လေးဖြစ်လာတယ်။ မြင်စိတ်၊ ကြား စိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်တွေကလဲ မမြဲပါလား။ ခန္ဓာငါးပါးဖြစ်ပြီး ပျက်နေပါလား"

ဟု အနိစ္စတရားကို နှလုံးသွင်း ရှုမှတ်ပေးနေစဉ် . . .

"ဆရာ ဝင်ခွင့်ပြုပါ"

အသံနှင့်အတူ ကျွန်တော့်မိတ်ဆွေ ကိုမောင်မြင့် ပေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

"လာ ထိုင်၊ ဘယ်ကနေ ကြွလာတာလဲ"

"ဆရာ့ဆီပဲ တမင်လာခဲ့တာပါ"

"ကဲ. . . ဆိုပါဦး ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

"ဒီလိုပါ ဆရာ၊ ခြံလုပ်ငန်းမှာ သရက်တွေ စိုက်တာ မနှစ်က သိပ်မဖြစ်ဘူး။ ဒီနှစ်လဲ သရက်တွေ အကင်းတင်တာ နည်းနေလို့ သိပ်ပြီး အားမရဘူး၊ နောက်ပြီး အဝတ်ရောင်းလုပ်ငန်းကလဲ အရောင်းအဝယ်တွေ အေးနေတယ် ဆရာ၊ အဲဒါကြောင့် လုပ်ငန်းတွေ အောင်မြင်တိုးတက်လာအောင် ယတြာကောင်းကောင်းသား ပေးပါဦး ဆရာ"

"ပေးရမှာပေါ့ဗျာ။ ဒီတစ်ခါတော့ ခင်ဗျား လုပ်ငန်း တိုးတက်ဖို့ရယ် တခြားလိုအပ်တဲ့ကိစ္စတွေမှာပါ သုံးလို့ရတဲ့ ဂုဏ်တော်ပြန်ဂါထာနဲ့ ရတနာဒီပံ စီရင်ပုံတွေ ပြောပြပေးလိုက်ပါ့မယ်၊ ခင်ဗျားလဲ ဒသာဂန္ဓာရီ ဝိဇ္ဇာဂိုဏ်း တက်ထားတာပဲ၊ ကိုယ်တိုင်စီရင်နိုင်ပါတယ်၊ လိုက်သာ မှတ်ထားဗျာ၊ ပုံဆွဲပြီး ဆွဲပြလိုက်မယ်"

"ဟုတ်ကဲ့ပါ၊ သေချာ လိုက်မှတ်ထားပါ့မယ်"


ပြောပြီး စာရွက်မှာ လိုက်မှတ်လေသည်။

"ပုံမှာကြည့်ဗျာ၊ စတုရန်း အကွက်လေးတွေထဲက ဂဏန်းတွေက ဂြိုဟ်သက်တွေပဲ၊ ဘယ်ဘက်ထောင့်က စပြီး တနင်္ဂနွေဂြိုဟ်သက် (၆)၊ တနင်္လာဂြိုဟ်သက် (၁၅)၊ အင်္ဂါဂြိုဟ်သက် (၈)၊ ဗုဒ္ဓဟူးဂြိုဟ်သက် (၁၇)၊ စနေဂြိုဟ်သက် (၁၀)၊ ကြာသပတေးဂြိုဟ်သက် (၁၉)၊ ရာဟုဂြိုဟ်သက် (၁၂)၊ သောကြာဂြိုဟ်သက် (၂၁) ကို ပတ်ချာလည် ရေးသွင်းထားတာပဲ၊ အလယ်(နံ) ဆိုတဲ့ အကွက်ထဲမှာ စီရင်လိုသူရဲ့မွေးနံကို ထည့်ရမယ်။

ခင်ဗျားက ကြာသပတေးသား ဆိုတော့ (၅) ဂဏန်း ရေးသွင်းရမယ်၊ စတုရန်း (၉) ကွက် အပေါ်ဘက်မှာ (၇) ကွက်ရှိတယ်၊ အဲဒီဘေးက ဂဏန်းတွေက အောင်ပ (၁၅)၊ ကုလား (၂၄)၊ ဆွေသား (၃၆)၊ တော်ရိတ် (၇၈) မိတ်ဂဏန်းတွေ နှစ်ခါဆက် ရေးထားတာပဲ၊ ဘယ်ညာတစ်ဖက်စီ ရေးထားတာ။

ဂဏန်းတွေရဲ့ အပေါ်ဘက်ကနေ အရံဂါထာကို ရံထားတယ်၊ အရံဂါထာက ပရိတ်ကြီး တစ်ဆယ့်တစ်သုတ်ထဲက ပုဗ္ဗဏှသုတ်မှာပါတဲ့ "ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊ ဧဝမေဝ ဇယောဟောတု၊ ဇယဿု ဇယမင်္ဂလေ" ပဲ။

"ဥပမာ–ရတနာဒီပံ"



www.burmeseclassic.com

မိတ်ဂဏန်းတွေ အောက်ဘက်က ခုနစ်ကွက်ထဲမှာ ဂုဏ်တော်ပြန်ဂါထာ တစ်ခုခုကို ရေးသွင်းရတယ်၊ ဂုဏ်တော်ပြန်ဂါထာ ဇယားထဲက ခင်ဗျားစီရင်ချင်တဲ့ ဂါထာတစ်ခုကို အောက်ဘက်ကနေစပြီး အပေါ်ဘက်ကို ရေးသွားရမယ်၊ ဂုဏ်တော်ပြန်ဂါထာတွေက ဘုရားဂုဏ်တော်ကို ဒေါင်လိုက် (၈) ကွက် ရေးသွားပြီး အလျားလိုက် (၈) ဂါထာ ပြန်ယူထားတာပဲ။

ဂုဏ်တော်ပြန်ဂါထာရဲ့ အကျိုးသွားတွေက ဒီလိုရှိတယ် ကိုမောင်မြင့်ရ . . . "

(၁) **ဣရဋ္ဌာဂတ္တရသာ**

ကျန်းမာရေးကောင်းဖို့၊ ဘေးရန်ကင်းအောင်၊ အချုပ်အနှောင်၊ အမှုအခင်းတွေကနေ မြန်မြန်လွတ်ချင်တဲ့ အခါတွေမှာ သုံးရတယ်။

(၂) **ထိဟံစတောရောထိနံ**

အိပ်မက်ဆိုးတွေကလွတ်အောင်၊ အတိတ်ဆိုး၊ နိမိတ်ဆိုးတွေက လွတ်လိုတဲ့အခါတွေမှာ သုံးရတယ်။

(၃) **ပိသရလောပုသဗု**

အမျိုးသားနဲ့ အမျိုးသမီးတွေ၊ လင်နဲ့မယားတွေ အချစ်ရေးကိစ္စ၊ လူမှုရေးကိစ္စတွေ အဆင်ပြေချင်တဲ့ အခါတွေမှာ သုံးရတယ်။

(၄) **သောမှာဏကရိတ္ထာဒ္ဓေါ**

ကိုယ့်ကို သူတစ်ပါး မကောင်းမကြံနိုင်အောင်၊ မလိမ်မညာနိုင်အောင် စီရင်လိုတဲ့အခါတွေမှာ သုံးရတယ်။

(၅) **ဘသသဝိသဒေဘ**

ကိုယ့်ရဲ့လုပ်ငန်း တိုးတက်အောင်မြင်စေဖို့၊ စီးပွားတိုးစေဖို့၊ ရာထူးမြန်မြန်တိုးစေဖို့ ကိစ္စတွေမှာ သုံးရတယ်။

(၆) **ဂမ္ဗုမ္ဗဒူဓဝဂ**

အလုပ်အကိုင်သစ်ရစေဖို့၊ အလုပ်ဝင် စာမေးပွဲအောင်စေဖို့၊ လူမှုဆက်ဆံရေး အဆင်ပြေစေဖို့၊ လူချစ်လူခင်ပေါစေဖို့ အသုံးပြုရတယ်။

(၇) **ဝါဒ္ဓေါန္တွေအမ္ဗမဝါ**

ပစ္စည်းဥစ္စာတိုးပွားစေဖို့၊ အိမ်၊ ခြံ၊ မြေ၊ တိုက်၊ ကား စတဲ့ ပစ္စည်းတွေ ဝယ်ချင်တဲ့အခါ မြန်မြန်ရောင်းထွက်ချင်တဲ့ အခါတွေမှာ အသုံးပြုရတယ်။

(၈) **အဝိသုနုသာနုတိ**

ချစ်သူရဖို့၊ လက်ထပ်ဖို့၊ အိမ်ထောင်ရေး အဆင်ပြေစေဖို့၊ ရရန်ရှိတဲ့ ငွေကြေး၊ ပစ္စည်း အမြန်ပြန်ရဖို့ ကိစ္စတွေမှာ အသုံးပြုရတယ်။

"ခင်ဗျားက လုပ်ငန်းတွေ အောင်မြင်တိုးတက်ချင်တယ်ဆိုတော့ ဂါထာနံပါတ်(၅) 'ဘသသဝိသဒေဘ' ကိုရွေးပြီး ရေးသွင်းပေါ့ဗျာ၊ အရံဂါထာရဲ့ အပြင်ဘေးနှစ်ဖက်မှာ ဆန္ဒရှိတာတွေ ရေးနိုင်တယ်။

ဂုဏ်တော်ပြန်ဂါထာဇယား

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ဣ | ရ | ဋ္ဌာ | ဂ | တ္တ | ရ | သာ |
| ၂ | ထိ | ဟံ | စ | တော | ရော | ထိ | နံ |
| ၃ | ပိ | သ | ရ | လော | ပု | သ | ဗု |
| ၄ | သော | မှာ | ဏ | က | ရိ | ထ္ထာ | ဒ္ဓေါ |
| ၅ | ဘ | သ | သ | ဝိ | သ | ဒေ | ဘ |
| ၆ | ဂ | မ္ဗု | မ္ဗ | ဒူ | ဓ | ဝ | ဂ |
| ၇ | ဝါ | ဒ္ဓေါ | န္တွေ | အ | မ္ဗ | မ | ဝါ |
| ၈ | အ | ဝိ | သု | နု | သာ | နု | တိ |

ဥပမာ- လုပ်ငန်းတိုးတက်အောင်မြင်စေ၊ ဘေးရန်အပေါင်းကင်းဝေးစေ စသည်ဖြင့်ပေါ့ဗျာ၊ မိုင်းကိုင်စက္ကူပေါ်မှာ ခဲတံနှင့် ရေးဆွဲရမယ်၊ ရေးဆွဲပြီးရင် အရံဂါထာ ဖြစ်တဲ့ ဇယန္တောဂါထာနဲ့ (၉)ခေါက်ရွတ်ဖတ်ပြီး သိဒ္ဓိတင်ရမယ်၊ ပြီးရင် ရွှေဖယောင်းတိုင်မှာ ပတ်လိပ်ပြီး ကော်နဲ့ကပ်ဗျာ၊ ဒါဆိုရင် စီရင်လို့ပြီးသွားပြီ၊ ခင်ဗျားအိမ်က ဘုရားမှာ ထွန်းညှိကပ်လှူ ပူဇော်ရမယ်။

လက်ဖက်ရည်အောက်ခံ ကြွေပန်းကန်ပြားပေါ်မှာ မြေခွက်လေးတင်၊ မြေခွက်လေးပေါ်မှာ စီရင်ထားတဲ့ ရတနာဒီပံကို တင်ထွန်းပူဇော်ရမယ်၊ လိုတဲ့ဆုကိုတောင်း၊ ဆုတောင်းရုံနဲ့ မပြီးသေးဘူး၊ ဘုရားဂုဏ်တော်ကိုးပါးကို တစ်နေ့ (၉)ပတ်၊ (၉)ရက် အဓိဋ္ဌာန်တင်ပြီး စိပ်ရမယ်၊ ကိုမောင်မြင့် ကျွန်တော်ပြောပြသလို ရတနာဒီပံ စီရင်တတ်မလား"

"ဆရာဆွဲပြထားတဲ့ ပုံတွေ နမူနာကြည့်ပြီး စီရင်ရရင် ဖြစ်ပါတယ်၊ ဒါနဲ့ ဘယ်အချိန်တွေမှာ ထွန်းညှိပူဇော်ရရင် ပိုကောင်းမလဲ ဆရာ"

"အချိန်ရွေးပြီး ပူဇော်နိုင်ရင်တော့ သိပ်ကောင်းတာပေါ့ဗျာ၊ တည်မြဲလိုတဲ့ ကိစ္စတွေမှာ ပထဝီဓာတ်အချိန်ဖြစ်တဲ့ နံနက် ၆ နာရီကနေ ၉ နာရီအတွင်းမှာ စတင် ပူဇော်ဗျာ။

အေးချမ်းလိုတဲ့ကိစ္စတွေမှာ အာပေါဓာတ်အချိန်ဖြစ်တဲ့ နံနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီအတွင်းမှာ စတင် ပူဇော်ဗျာ။

အောင်မြင်ကျော်ဇောလိုတဲ့ ကိစ္စတွေမှာ တေဇောဓာတ် အချိန်ဖြစ်တဲ့ မွန်းတည့် ၁၂ နာရီကနေ ညနေ ၃ နာရီအတွင်းမှာ စတင် ပူဇော်ဗျာ။

မြန်မြန် ပြီးမြောက် အောင်မြင်လိုတဲ့ ကိစ္စတွေမှာ ဝါယောဓာတ်အချိန်ဖြစ်တဲ့ ညနေ ၃ နာရီကနေ ည ၆ နာရီအတွင်းမှာ စတင် ပူဇော်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ဒီ ရတနာဒီပံစီရင်နည်းက ကျွန်တော် နှစ်ပေါင်းတော် တော်ကြာအောင် သုံးခဲ့တဲ့ လက်တွေ့နည်းပဲ၊ အောင်မြင်တာ ရှားတယ်၊ တစ်ခုတော့ ရှိတာပေါ့ဗျာ၊ စီရင်တဲ့သူက သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံအောင် ကြိုးစားနေဖို့တော့ လိုတယ်၊ ပြည့်စုံနေရင် အောင်မြင်နေမှာပါ"

"ဆရာ၊ ဒီဂုဏ်တော်ပြန်ဂါထာက နောက်ထပ် ဘာများ သုံးလို့ရသေးလဲ"

"အသုံးကတော့ ကျယ်ပါ့ဗျာ၊ ဘုရားဂုဏ်တော်တွေ ဖြစ်လို့ ဉာဏ်ရှိသလို သုံးနိုင်တယ်၊ ကောင်းကျိုး အနန္တပါပဲဗျာ၊ ရှေးဆရာကြီးတွေက ဂုဏ်တော်ပြန်ဂါထာကို 'ဂုဏ်တော်သည်းခြေ' လို့ ခေါ်ကြသေးတယ်၊ အညွှန်းလေးတောင် လက်ာနဲ့ ပြသွားကြသေးတယ်၊ ဒါလဲ လိုက်မှတ်ထားဗျာ။ လိုအပ်လာခဲ့ရင် သုံးရတာပေါ့"

"ဟုတ်ကဲ့၊ လိုက်မှတ်ထားပါ့မယ် ဆရာ"

ဂုဏ်တော်သည်းခြေ အညွှန်း . . .

(၁) ဣရဋ္ဌာဂတ္တရသော ရွတ်ခါ နေ့တိုင်းစား မုချမဖြီးလား။

(၂) တိအသုံးမှာ ဆေးကွမ်းယာ ရွတ်ခါ နေ့တိုင်းစား မြင်က ချစ်သနား။

(၃) ပိကိုသုံးမူ ဉာဏ်နှင့်ယှဉ် စင်ဖြူဝင်းဝင်း အပြစ်ကင်း။

(၄) သောကားတပ ဣစ္ဆိယ နှုတ်ကရွတ်၍သွား မုချ မချစ်လား။

(၅) ဘမှာတစ်ဖန် အကျင်းခံ မြန်မြန်ရွတ်ငြား မလွတ်လား။

(၆) ဂမှာတစ်လီ ဆုံတွင်းဆီ၊ ရာဆယ်လီစုတ်၊ ခုတ်သော မားသွား၊ မပဲ့လား။

(၇) ဝါအရေးရှိ ရွတ်တုန်ဘိ၊ အန္တိဆာယာ ကောင်းလှစွာ။

(၈) အမှာတစ်ကြောင်း ရွတ်တိုင်းကောင်း၊ မှတ်ကြောင်း ဂုဏ်တော်ဗလ သည်းခြေတည်း။

"ဂုဏ်တော်သည်းခြေကို ပုတီးလဲ စိပ်နိုင်တယ်လို့ ရှေးဆရာကြီးတွေက ဆိုခဲ့ကြသေးတယ်၊ အထူးသဖြင့် ဂိုဏ်းဆိုင်ရာ ဆေးတော်ကြီးကြိတ်ပွဲတွေမှာ အမိဋ္ဌာန်နဲ့ စိပ်ခဲ့ကြတယ်"

"ရတနာဒီပံလဲ စီရင်မယ်၊ ရွတ်လဲ ရွတ်ဆို ပူဇော်မယ်၊ ပုတီးလဲစိပ်မယ် ဆရာ၊ ဒီတစ်ခေါက် ဆရာ့ဆီလာရတာ ဂုဏ်တော်ပြန်ဂါထာနဲ့ ရတနာဒီပံစီရင်ပုံကို သိရလို့ အထူးပဲ ဝမ်းသာပါတယ်၊ ဆရာ့ကိုလဲ အထူးပဲ ကျေးဇူးတင်ပါတယ်ဗျာ၊ မင်္ဂလာပါ ဆရာ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်ကာ ကိုမောင်မြင့်တစ်ယောက် ပြန်သွားပါတော့သည်။

မဟာဂန္ဓာရီ ဝိဇ္ဇာပညာရပ်များ ကမ္ဘာအနှံ့ ပြန့်ပွားပါစေရယ်လို့သာ . . .

အောင်ကြည်သန်း(ဓောင်တော်သီ)

❐


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

**ငွေကြိုသွင်းပြီး ဖုန်းဖြင့် မေးမြန်းနိုင်ပါသည်။ KBZ Bank A/c No - 00730100701491101**

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

◎ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

☎ ၀၉ ၂၅၀ ၄၄၇၂၀၂

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com



### ပဌမံဆရာလှိုင်၏

# ဝါစိမ်းနီ ကမ္ဘာကိုနှင်းနှင့်အညီ ကမ္ဘာငြိမ်းစေရမည်

## နှ[illegible]ဝကားနှင့်သာသနာပြုလုပ်ငန်းများ

**ကျော်ဇေဟိန်း(နံ့သာ)**

ပဌမံဆရာလှိုင်ကို မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂) ရက် ဗုဒ္ဓဟူးနေ့ သန်းခေါ်ငံ မွန်းတည့်အချိန်တွင် ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာမြောက်ပိုင်း၌ ဖခင်ကျောင်းဆရာကြီး ဦးမြတ်ထွန်း+မိခင် ဒေါ်ငွေနုတို့မှ တတိယမြောက်သားအဖြစ် မွေးဖွားခဲ့ပါသည်။ ငယ်နာမည်မှာ မောင်စိန်ဖေ ဖြစ်ပါသည်။

ပဌမံဆရာလှိုင် ပဋိသန္ဓေရှိစဉ် ပထမ လမင်းကြီးက အိမ်ခေါင်မိုးမှ ထိုးဖောက်ပြီး အိမ်ထဲကျလာသည်။ နောက်ရက်များ မကြာမီ ဆင်ဖြူတော်တစ်စီးက ကကြိုးအစုံနှင့် ခြုံတစ်လုံး ကြာတစ်ပွင့်စီခံကာ မယ်တော်ဝမ်းထဲ ဝင်သွားသည့် အိပ်မက် မက်ခဲ့သည်။

မောင်စိန်ဖေကို ငါးနှစ်သားအရွယ်မှ စတင် ပညာသင်ယူစေ၍ ကိုးနှစ်သားအရွယ်သို့ ရောက်သောအခါတွင် ကွင်းကောက်ရွာအလယ်ရှိ အင်္ဂလိပ်ကပြား ကျောင်းဆရာကြီး ဦးမောင်မောင်ထံ၀ွင် ကူးပြောင်း၍ ပညာများကို သင်ကြားစေပါသည်။

ဆရာဦးမောင်မောင်ထံမှာ ပညာသင်ကြားနေစဉ် အသက် (၁၅)နှစ်အရွယ်ခန့် ရောက်သောအခါ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ ဥပဇ္ဈာယ်ပြုလျက် ကွင်းကောက်ရွာမှ ဦးကြီးဖြစ်သူ၊ ဦးဘိုးသက်၊ ဒေါ်နှင်းပွင့်တို့က ပစ္စယာနုဂ္ဂဟအဖြစ် ခံယူကာ၊ ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့၍ ဘွဲ့တော်မှာ ရှင်ဇောတိက ဖြစ်ပါသည်။

ရွှေကျောင်းဆရာတော်ကြီးထံမှောက်မှာ သာမဏေအဖြစ် ပိဋကတ် အခြေခံကျမ်းစာများကို သင်ကြားဆည်းပူးရင်း ဟင်္သာတမြို့ ပါဠိပထမပြန် စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ ပထမငယ်၊ ပထမလတ် အတန်းများကို လွယ်လင့်တကူ အောင်ပန်း ဆွတ်ခူးနိုင်ခဲ့ပါသည်။

ရှင်ဇောတိက အသက်(၂၀) ရောက်သောအခါ ဦးကြီးဖြစ်သော ဦးဖိုးသက်၊ ဒေါ်နှင်းပွင့်တို့ကပင် ရွှေကျောင်း သိမ်တော်ကြီးမှာ ထပ်မံ၍ ပဗ္ဗဇိတဘာဝ ဒုလ္လဘရဟန်းအဖြစ်သို့ သွတ်သွင်းခဲ့ပြန်ပါသည်။

အရှင်မြတ် ရဟန်း ငါးဝါအရတွင် ပခုက္ကူစသော အထက်မြို့ကြီးများသို့ ပိဋကတ်ကျမ်းစာများ သင်ယူရန် ကြွတော်မူခဲ့သည်။ ရဟန်း ခုနစ်ဝါအရတွင်ကား ပခုက္ကူမြို့ အနောက်တိုက်ကြီး၌ တည်ထောင်ထားသော ပါဠိဘာသာ အသင်းကြီး၌ ပါဝင်ဆောင်ရွက်ရန် အထက်ဆရာတော်ကြီးများက တာဝန်ချထား၍ (၈)နှစ်ကာလထိ ဆောင်ရွက်ခဲ့သည်။

ပခုက္ကူမှတစ်ဖန် အမရပူရ မန္တလေးမြို့ အသောကာရုံကျောင်းတိုက်သို့ ပြောင်းရွှေ့ကာ နေ့ဝါ၊ ညဝါ စသော အဘိဓမ္မာ ပိဋကတ်ကျမ်းကြီးများကို မနေမနား ကြိုးစားမှတ်ယူ ရှာမှီးတော်မူပြန်သည်မှာ (၄)နှစ်ကာလအထိ ဖြစ်ခဲ့သည်။

ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများထံမှ ပညာရင်နို့များ သောက်စို့တော်မူပြီးနောက် ကျေနပ်လောက်သဖြင့် မိမိနေရပ်ဖြစ်သော ကွင်းကောက်ကျေးရွာ၊ ရွှေကျောင်းတော်ကြီးသို့ ပြန်ရောက်ပြီး ရွှေကျောင်းဆရာတော်ကြီးထံမှာ စာဝါလိုက်နေသော စာသင်သားများကို စာပေပို့ချပေးခဲ့ပြန်ပါသည်။

ထိုမှတစ်ဖန် ကွင်းကောက်ရွာ တောင်ဘက်ကမ်း ယွန်းကျောင်းကြီး သီတင်းသုံးနေတော်မူသော ဆရာတော်ကြီး ဦးကုသလနှင့် ကျောင်းဒကာ ဦးသူငယ်တို့က ယွန်းကျောင်းကြီးကို အလှူခံရန် ပင့်လျှောက်တောင်းပန်ခြင်းကြောင့် ၎င်းကျောင်းကိုအလှူခံလျက် ကျောင်းထိုင်ရန် ကြွရောက်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် ဆရာတော် အရှင်မြတ်မှာ ဝါတော် (၁၂) ဝါ၊ သက်တော် (၃၂)နှစ် ရှိလာခဲ့[...]ပါသည်။ ကျောင်းထိုင်၍ (၁၀)နှစ်အကြာတွင် ကျော[...]ည်းအားလုံးကို သက်ဆိုင်သူများထံ လွှဲအပ်လိုက်ပြီး တစ်ပါးတည်း ဧကစာရီ ကျင့်တော်မူခဲ့သည်။

တပည့်များဖြစ်သည့် ရဟန်းသာမဏေ၊ ကျောင်းသားများနှင့် အတူနေထိုင်ပြီး တရားကျင့်ရသည်ကို အားမရနိုင်အောင် ရှိသဖြင့် ရှိသမျှ ပစ္စည်းအားလုံးကို စွန့်လွှတ်၍ အဝတ်သင်္ကန်းမှစ၍ အသုံးအဆောင်များကို အညိုရောင် သစ်ခေါက်ဆိုးစေပြီး ဝိပဿနာဓူရကို ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သည်။

ဆွမ်းပို့လာ[...]ည်မှအပ မည်သူ[...]ကျောင်းသို့ မလာစေရဘဲ နေ့ရော ညပါ မနားမနေ အား[...]တ်ခဲ့ပါသည်။ ၁၃၁၄ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက် ၉ နာရီအချိန်တွင် ဆရာ[...]တော် တရားအားထုတ်ရာ တန်ဆော[...]အတွင်းသို့ အတက်ပုဂ္ဂိုလ်ထူး ဝိဇ္ဇာငါးပါး ခတွေ့ရ၍ ကွင်းကောက်ဆရာ ဇေ[...]ဇောတိက လွန်စွာ အံ့အားသင့်နေ၏။ ထိုအချိန်၌ အငြ[...] ဝိဇ္ဇာကြီးမှ မိန့်တော်မူပါသည်။

"မောင်လှိုင်၊ မင်း အချိန်ကျပြီ၊ [...]နေ့မှစ၍ မင်း သာသနာပြုရတော့မယ်၊ စေတီပုထိုး တည်ရမယ်၊ သတ္တဝါတွေကို ကယ်တင် ကုသရမယ်"

ဝိဇ္ဇာကြီး၏ ရုတ်တရက် မိန့်ကြားသည့် စကားကြောင့် ဆရာတော်ဦးဇောတိက တွေဝေသွားသည်။ ဝိဇ္ဇာကြီး မိန့်ကြားဆိုစကားကို မရှင်းလင်း၍ မေးမြန်းမိ၏။

"တပည့်တော် ဘွဲ့တော်မှာ ဦးဇောတိက ဖြစ်၍ မောင်လှိုင်ကို မသိပါ ဘုရား" ဟု ဆိုလိုက်သောအခါ ဝိဇ္ဇာကြီးက . . .

"မောင်လှိုင်ဆိုတာ ကိုယ်တော့်ကို ဆိုလိုတာ၊ ကိုယ်တော်ရဲ့ အတိတ်ဘဝအမည်က မောင်လှိုင် ဖြစ်တယ်၊ ကိုယ်တော် အတိတ်ဘဝက ယောမင်းကြီး ဦးဘိုးလှိုင် ဖြစ်ခဲ့တယ်၊ ယောမင်းကြီးဘဝနှင့် အဓိဋ္ဌာန်ပြုခဲ့တယ်၊ အဲဒီအဓိဋ္ဌာန်က အနီးဆုံးဘဝမှာ သတ္တဝါအများ ကယ်တင်သနား သာသနာပြုခွင့် ရစေသ[...]ဟိသစ္စာစကားကြောင့် ယခု အနီးဆုံးဘဝဖြစ်သော ယခုဘဝမှာ သာသနာပြုရန် အချိန်တန်ပြီမို့ လာရောက်သတိပေးရခြင်း ဖြစ်တယ်" ဟု ဝိဇ္ဇာကြီးက ရှင်းပြလိုက်၏။

"ယခု စာချနေခြင်းသည် [...]ာသနာပြုတာပါပဲ" ဟု ဆရာတော် ဦးဇောတိက ဆိုသော[...]အခါ . . .

ဝိဇ္ဇာကြီးက . . .

"[...]မှန်ပါကြောင်း။ သို့သော် အတိတ်က ကတိ[...]သတ္တဝါတွေအကျိုးကို သယ်ပိုးရန် မောင်လှိုင် အမည်ဖြင့် သာသနာပြုရန် ယခုအချိန်သည် အကောင်းဆုံးအချိန်ဟု တိုက်တွန်းနှိုးဆော်ရင်း မနက်ဖြန် အဖြေပြန်ပေးပါ" ဟု မိန့်ဆိုကြလျက် ပြန်လည် ကြွသွားတော်မူကြပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ခင်မင်သော တိုင်ပင်ဖော်တိုင်ပင်ဖက် ခန်းနေကိုယ်တော်အား ပြောပြသောအခါ အသံမထွက် ပြောပြမရ ဖြစ်နေ၏။ လည်မျိုကို ညှစ်ထားသလို ခံစားရပြီး စကားပြော၍မရ စာရွက်ပေါ် ရေးပြီးပြောပြသောအခါ ခန်းနေကိုယ်တော်မှ အတိတ်ကအကြောင်းအရာကို မဝေဖန်လိုပါ။ သို့သော်လည်း ကတိကို မဖျက်ကောင်း၊ ကတိပေးထားလျှင် ပေးထားသည့်အတိုင်း ပြုလုပ်တာ အကောင်းဆုံး၊ ဆေးဝါးမန္တန်ဟူသည် ဝိဇ္ဇာတို့နှင့် ကင်း၍မရသော အရာဖြစ်၍ ရဟန်းဝိနည်းနှင့် သင့်လျော် မသင့်လျော် မိမိဘာသာ ဆုံးဖြတ်ဟု ပြန်လည်မိန့်တော်မူလေ၏။

ခန်းနေကိုယ်တော်၏ အကြံဉာဏ်ကို လက်ခံတော်မူပြီးနောက် ရဟန်းဘဝ သိက္ခာချ၍ ရသေ့ဝတ်ဖြင့် သာသနာပြုရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

ဆုံးဖြတ်ချက် ချလိုက်သော ထိုနေ့ည သန်းခေါင်ယံအချိန်မှာ အရှင်ဇောတိက၏ အဖြေကို နာကြားရန် ဝိဇ္ဇာကြီးငါးပါးသည် အရှင်ဇောတိက၏ အိပ်ခန်းအတွင်းသို့ ကြွတော်မူလာကြ၍ ခရီးရောက်မဆိုက်မှာပင် ရှင်ဇောတိကက ရဟန်းဘဝ သိက္ခာချ၍ ရသေ့ဘဝဖြင့် သာသနာပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ပြန်ကြားလိုက်လေ၏။

ထိုနေ့ညမှာပင် ဝိဇ္ဇာကြီးငါးပါးက ဝိဇ္ဇာတို့တတ်အပ်သော ပညာရပ်များနှင့် အဋ္ဌာရသ (၁၈)ပါးကို လက်ထပ်သင်ပေးတော်မူကြလေသည်။

ဝိဇ္ဇာတို့ တတ်အပ်ပညာရပ်များ လေ့လာဆည်းပူးပြီးမြောက်ချိန်၌ မ-တစ်လုံးကျော် ဆရာလှိုင်ဟူသော ဘွဲ့အမည်တော် ခံယူ၍ ထိုအချိန်မှစ၍ သတ္တဝါတို့အကျိုးကို သယ်ပိုးပါတော့၏။ လောကီ၊ လောကုတ္တရာ မေးမြန်းရန်လာသူများကို မေးရန် အကြောင်းအရာကိုပြော၍ ဖြေကြားခြင်း၊ ရက်ရှည်လများ ကျန်းမာရေး မကောင်းသူတို့ကို ကုပေးခြင်း ပြုလုပ်လေ၏။

ကစ်လတိတိ အိပ်ရာထဲလဲ၍ သမားတော်များ လက်လွှတ်လိုက်သော လူနာတစ်ဦး ထမ်းစင်ဖြင့် မ-တစ်လုံးကျော် ဆရာလှိုင်ထံ ရောက်သောအခါ မ-တစ်လုံးကျော် ဆရာလှိုင်က "မတ်တတ်ရပ်" ဟု မိန့်လိုက်သည်နှင့် ချက်ချင်းထ လမ်းလျှောက် အိမ်ပြန်သွားလေ၏။

ထိုအချိန်မှစ၍ ဆရာလှိုင်၏ သတင်းသည် ဟင်္သာတ ကွင်းကောက်ဒေသများပင်မက ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး မွှေးပျံ့သင်းထုံ ကောင်းသတင်းအဖုံဖုံဖြင့် ကျော်ကြားသွားလေတော့သည်။ ကျော်ကြား လူသိများလာမှုနှင့်အတူ တပည့်ဒါယကာ၊ ဒါယိကာမများ များပြားလာလေ[...]



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတည်၊ ကျောင်းဆောက်၊ သာသနာဖွံ့ဖြိုးရေးများလည်း ဇောင်းပေး ပြုလုပ်လာလေသည်။ ဘုရားတည် ကျောင်းဆောက်သောအခါ ဘယ်သောအခါမှ အလှူခံ ခွက်ခံ အလုပ်မျိုး မလုပ်ခဲ့။ အဓိဋ္ဌာန်ပြုလိုက်သည်နှင့် လှူမည့် တန်းမည့်သူများ အလိုလို ပေါ်လာလေ၏။

ဆရာလှိုင်သည် ပဌမံ အတတ်ပညာများနှင့် အသွင်အမျိုးမျိုး ဆောင်လေ၏။ တစ်ခါတစ်ရံမှာ ဆရာလှိုင်ကို နန်းတွင်းအဝတ်အစား (ယောမင်းကြီးပုံ)၊ တစ်ခါတစ်ရံမှာ သူဌေးကြီး ဦးကောက်ရအသွင် သူဌေးအဝတ်အစားဖြင့်၊ တစ်ဖုံ၊ တစ်ခါတစ်ရံမှာ ရသေ့ကြီး ဦးအောင်သန်း အသွင်သဏ္ဍာန်၊ ရသေ့ ရဟန်းပုံများဖြင့် အသွင်အမျိုးမျိုး ဆောင်တော်မူသည်။

ဆရာလှိုင်ကို လောကီ၊ လောကုတ္တရာ ရေးရာများ လျှောက်ထားလိုသောအခါ မင်းဆရာ အဝတ်အစားများ ဝတ်ရုံဖြင့် ဖြေတော်မူပါသည်။

တစ်ဖန် စေတီပုထိုး၊ ကျောင်းကန် တည်ဆောက်သောအခါ သူဌေးကြီးပုံသဏ္ဍာန်ဖြင့် မြင်ရသည်။ ဘုရားတည် ကျောင်းဆောက်ပြီးချိန်တွင် ဆရာလှိုင်ကို ရသေ့ရဟန်းဝတ်ဖြင့် ဖူးမြင်ရကြောင်း တပည့်ဒကာများ ပြောစကားအရ ကြားသိရပါသည်။

ထို့နောက်ပိုင်း ကာလများတွင် မ-တစ်လုံးကျေ ဆရာလှိုင်အစား ပဌမံဆရာလှိုင်ဟု ခေါ်ကြကြောင်း သိရပါသည်။

ပါရမီဖြည့်ဖက် တပည့်ဒကာ အရင်းအချာများကို အန္တရာယ်ကင်း စမအင်းများပါသော ခုံညင်းဒိုးလေးများ ချီးမြှင့်လေ့ရှိ၏။ များသောအားဖြင့် ရွှေချထားသော ခုံညင်းဒိုးလေးများကို ချီးမြှင့်လေ့ရှိ၏။

တစ်ခါသော် အန္တရာယ်ကျရောက်တော့မည့် သေဘေးနီးနေသော တပည့်ဒကာ တစ်ယောက်အား ဒိုးကလေးတွင် စမအင်း ချက်ချင်းစီရင်ပြီး "မင်း ဒါဆောင်ပြီးသွား" ဟု မိန့်ကြားခဲ့လေသည်။

ထိုအချိန်ကာလက ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ကွန်မြူနစ်များ၊ ရောင်စုံသောင်းကျန်းသူများ၊ ထကြွသောင်းကျန်းနေသော ကာလဖြစ်လေ၏။

ပဌမံဆရာလှိုင် ချီးမြှင့်သော စမအင်းဒိုးကလေးကို ဆောင်ယူ၍ ထိုတပည့်ဒကာသည် ခရီးသွားစဉ် လမ်းခုလတ်၌ ကွန်မြူနစ်များနှင့် ပက်ပင်းတိုးလေ၏။ ကွန်မြူနစ်များက မထင်ရင် မထင်သလို သတ်ဖြတ်ကြသည်ဖြစ်ရာ ထိုဒကာသည် ပဌမံဆရာလှိုင်ပေးသော ဒိုးကလေးကို လက်မှာ ခိုင်မာစွာ ဆုပ်ကိုင်ထားလေရာ အသက်ဘေးမှ လွတ်မြောက်သွားလေသည်။

ပဌမံဆရာလှိုင်၏ ဂုဏ်သတင်းသည် တောမီးပမာ ချက်ချင်းပျံ့နှံ့သွားပြီးနောက် "ဒိုးကလေးကို ပြိုင်မယ့်သူ မပေါ်သေး" ဟူသော ကဗျောင်သီချင်း ပေါ်လာကာ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့ပါတော့၏။

ယောမင်းကြီးဦးဘိုးလှိုင်၏ ဒုတိယဘဝ ပဌမံဆရာလှိုင်သည် သာသနာအကျိုး၊ သာသနာဖွံ့ဖြိုးအောင် သာသနာ့အကျိုးဆောင် သတ္တဝါတို့ကို ကယ်တင်သနားတော်မူလေသည်။

ပဌမံဆရာလှိုင်သည် သတ္တဝါအကျိုး၊ အများအကျိုးအတွက်လည်း ဝိဇ္ဇာလုပ်ရပ်အဝဝ၊ ဓာတ်နန်းအသီးသီး၊ မင်္ဂလာအပေါင်း မြောက်မြားစွာတို့ကို ဓာတ်ဆင်၊ ဓာတ်အုပ်၊ ဓာတ်အလုပ်ဖြင့် ယတြာချေခြင်း အမျိုးမျိုး၊ သိဒ္ဓိပေးပွဲ အမျိုးမျိုးတို့ကို ဓာတ်ကောလီအတွင်း အောက်ပါ အမည်နာမ ပညတ်အမျိုးမျိုးဖြင့် မနားမနေ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

(၁) ဆရာတော် ဦးဇောတိက၊
(၂) ပဌမံဆရာလှိုင်၊
(၃) အနောက်တောင်က သျှောင်မထားတဲ့ ရသေ့ကြီး ဦးအောင်သန်း၊
(၄) သေခဲလှ ဆရာတော်၊
(၅) ဘုန်းကြီးဘွဲ့ ဦးဝိမလဗုဒ္ဓိ၊
(၆) လူအမည် ဦးရွှေလေး၊
(၇) အနောက်တောင်ညိုညိုက မှောင်ခိုတဲ့ တစ်ကောင်ဗိုလ်၊
(၈) ရွှေကိုယ်တော် (ဘုန်းကြီးဘဝမှာပင် ရဟန်းရှင်လူ အပေါင်း တင်စားခေါ်သောဘွဲ့)
(၉) မင်းဆရာ၊
(၁၀) ဝိဇ္ဇာအမည် ကျော်အောင်ဗလ၊
(၁၁) သူဌေးကြီး ဦးကောက်ရ၊
(၁၂) ဝိဇ္ဇာစိန်၊
(၁၃) သိုက်နန်းများ၏ အရှင်သခင် ပဌမံဝိဇ္ဇာ အရှင်သူမြတ်ကြီး။

ဤသို့အမည်အမျိုးမျိုးဖြင့် ထင်ရှားလေသည်။

ပဌမံဆရာလှိုင် ထွက်ရပ်လမ်း မမြန်းမီကပင် တပည့်ဒကာရင်းဖြစ်ခဲ့သော ဦးတင်ဦးဖြစ်လေသည်။ ထိုစဉ်က ငွေစာရင်းရုံးတွင် တာဝန်ထမ်းဆောင်ရင်း ခွင့်ရသော ရက်၊ အလုပ်ပိတ်သော ရက်များတွင် ဆရာလှိုင်ထံသွား၍ တပည့်ခံယူရင်း အဓိဋ္ဌာန်စခန်းများ ဝင်ခဲ့သူ ရသေ့ကြီး ဦးအောင်တိဿ (လူအမည် ဦးတင်ဦး)အား ပဌမံဆရာလှိုင်မှ ထွက်ရပ်လမ်းမမြန်းမီ ဦးတင်ဦးအား အရောက်လာခဲ့ပါရန် မှာကြားသော်လည်း ဝန်ထမ်းဖြစ်၍ အလုပ်တာဝန်များဖြင့် ပဌမံဆရာလှိုင်ထံ သွားခွင့်မရခဲ့။

အလုပ်မှခွင့်ရ၍ ပဌမံဆရာလှိုင်ထံ အပြေးအလွှားရောက်လာခဲ့သော်လည်း ပဌမံဆရာလှိုင်မှာ ထွက်ရပ်လမ်းမြန်းသွားခဲ့လေ၏။

www.burmeseclassic.com

သို့သော်လည်း ပဋ္ဌမံဆရာလှိုင်က "မောင်တင်ဦး ရောက်လာလျှင် ဤရသေ့ဝတ်စုံ တစ်စုံပေးလိုက်ပါ"ဟု မိန့်မှာမှုကြောင့် ရသေ့ဝတ်စုံ ရပြီးချိန်၌ ဆုံးဖြတ်ချက်တစ်ခုချခဲ့၏။

"ငါ သာသနာပြုဖို့ ဆရာလှိုင် အမိန့်ချလိုက်ပြီ၊ ငါ သာသနာပြုတော့မည်"

ထိုဆုံးဖြတ်ချက်နှင့်အညီ အလုပ်၌ ပင်စင်တင်၏။ ပင်စင်ကိစ္စပြီးချိန်မှာ ဆရာလှိုင်ချီးမြှင့်သော ရသေ့ဝတ်စုံ ဝတ်ပြီး ရသေ့အဖြစ် ခံယူဆောက်တည်လိုက်လေသည်။ ထိုအချိန်တွင် ပဋ္ဌမံဆရာလှိုင် မိန့်ကြားခဲ့သော ဩဝါဒကို နာကြားခွင့်ရတော့၏။

ဆရာလှိုင်၏ တာဝန်ပေးမှုအရ . . .

ပန်းတနော် ခနွဲကတိုးကျေးရွာ တောရကျောင်းတွင် ၁၃၃၈ ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်နေ့မှာ စတင် သာသနာပြုခွင့်ရခဲ့၏။ ပန်းတနော် တောရကျောင်းတိုက်တွင် အောင်သိဒ္ဓိ သိဒ္ဓိအောင်စေတီ၊ ကျိုးမနိုးစေတီ၊ လေးကျွန်းဒီပါ စေတီ စသည်ဖြင့် ဘုရားကျောင်းကန်နှင့်တကွ တည်ဆောက်ပြီးချိန်၌ ၁၃၄၆ ခုနှစ်၊ နတ်တော်လဆန်း (၉)ရက်နေ့တွင် သနပ္ပင်မြို့နယ်၊ ဈေးပိုင်းရပ်၊ ရွှေစေတီသာသနာ့နယ်မြေသို့ ဆရာလှိုင်၏ တာဝန်ပေးမှုအရ ရောက်ရှိပြီး သာသနာပြုတော်မူသည်။ သနပ္ပင်ရွှေစေတီသို့ မကြွမီ ဩဝါဒအရ ပဲခူး ရွှေမော်ဓောဘုရားကြီးတွင် (၂၇)ရက် အဓိဋ္ဌာန်ဝင်ခဲ့လေ၏။

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်းမုန်းလပြည့်နေ့ နံနက် ၉ နာရီတိတိ အချိန်တွင် ပဋ္ဌမံဆရာလှိုင်မှ "ဝါစိမ်းနီ ကမ္ဘာ့ကိန်းနဲ့အညီ ကမ္ဘာငြိမ်းစေရမည့် အတိတ်နိမိတ်တော်အတိုင်း ဝါစိမ်းနီကို ဣန္ဒာသယ ရွှေကျောင်းတော်မျက်နှာကြက်တွင် တပ်ဆင်ထား" ဟု မိန့်ကြားတော်မူခဲ့ပါသည်။

(၁) အဝါရောင် နိမိတ်ဆောင်ခြင်းသည် ကမ္ဘာမှာ သာသနာ ရောင်ဝါ ထွန်းလင်းစေမည်။

(၂) အစိမ်းရောင် နိမိတ်ဆောင်ခြင်းသည် ဆန်ရေစပါး၊ ကျောက်သံပတ္တမြား ပေါ်များစေမည်။

(၃) အနီရောင် နိမိတ်ဆောင်ခြင်းသည် ကမ္ဘာမှာ သာသနာ့ အာဇာနည်များ ပေါ်ထွန်းစေမည်။

ပဋ္ဌမံဆရာလှိုင်သည် တပည့်ရင်းဖြစ်သူ ရသေ့ကြီးဦးအောင်တိဿသည် ဩဝါဒတော်အတိုင်း ဘုရားခန်းတွင် အဝါရောင် နဖူးစီးတစ်တန်း၊ အစိမ်းရောင် နဖူးစီးတစ်တန်း၊ အနီရောင် နဖူးစီးတစ်တန်း သုံးတန်းဆွဲ၍ တင်လှူလိုက်လေ၏။

ဩဝါဒတော်အတိုင်း တစ်မျိုးလျှင် အလျား ၉၆ လက်မ × အနံ ၃၀ လက်မ = ၂၈၈ လက်မ × ၃ တန်း ဖြစ်ကြောင်း၊ (၈၆၄၀)လက်မကို အတိအကျ မှာကြားတဲ့အတိုင်း စီရင်ဆောင်ရွက်ခဲ့လေ၏။ အားလုံးပေါင်းသော် ကိုးနဝင်းမိ၏။

ပဋ္ဌမံဆရာလှိုင်၏ ဩဝါဒနှင့်အညီ ဝါ၊ စိမ်း၊ နီ နဖူးစီးများ ဘုရားမျက်နှာကြက်တွင် တင်လှူပူဇော်ပြီးချိန်မှစ၍ ရွှေစေတီသာသနာ့မြေ ဣန္ဒာသယ ရွှေကျောင်းတော်ဝန်းကျင်၌ မူလရွှေစေတီအပြင် ကမ္ဘာ့ဇ ကေမ္ဘာစေတီတော်၊ လေးကျွန်းမဏ္ဍိုင်စေတီတော်၊ ကမ္ဘာ့ကပ်ကျော်စေတီတော်၊ ရှင်လေးပါးစေတီတော်၊ ရှမ်းစေတီတော်၊ ငွေစေတီတော်နှင့် (၉)ဆူမြောက်အဖြစ် ယခုနှစ် ၁၃၇၄ ခုနှစ်၊ ပထမဝါဆို လပြည့်ကျော် (၁)ရက်နေ့မှာ ဗုဒ္ဓါဘိသေက အနေကဇာတော် တင်တော်မူသော "စ-စ"ဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်မြင့်၊ ဆရာမ ဒေါ်ခင်ရီ မိသားစု လှူတော်မူသော အောင်မင်္ဂလာရုပ်ပွား မြတ်ဘုရား စသည်ဖြင့် စေတီရုပ်ပွား မြတ်ဘုရားများ တည်တော်မူနိုင်ခဲ့လေသည်။

ကိုးနဝင်းမိသော သနပ္ပင်မြို့နယ် ရွှေစေတီသာသနာ့နယ်မြေတွင် စေတီရုပ်ပွား မြတ်ဘုရားများ တိုးပွားလာမှုနှင့်အတူ ဝါစိမ်းနီ ကမ္ဘာ့ကိန်းနှင့်အညီ ကမ္ဘာငြိမ်းစေရမည် ဟူသော ပဋ္ဌမံဆရာလှိုင်၏ ဩဝါဒ မိန့်ကြားနိမိတ်စကားနှင့် ဆက်နွယ်ပတ်သက်နေသော အကြောင်းတရားတို့သည် (၆-၂-၂၀၁၂) ခုနှစ်၊ ညနေ (၆း၃၀) နာရီတွင် ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းများ ပေါ်ထွန်းလာခဲ့လေသည်။

ရွှေစေတီ သာသနာ့နယ်မြေတွင် ညစဉ် ၇ နာရီတိုင်း စုပေါင်း ဘုရားဝတ်တက်ကြရ၏။ ရသေ့ကြီးဦးအောင်တိဿ၏ တပည့်ဖြစ်သူ ယောဂီဦးသိန်းစိုးသည် ဘုရားဝတ်တက်ရန် အချိန်လိုသေးသဖြင့် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ခေတ္တစောင့်ဆိုင်းနေစဉ် ဝတ်တက်ရန် ကြေးမောင်းတီးသံများ အလိုလိုပေါ်လာလေ၊ ကြေးမောင်းသံအပြီး ညနေ (၆း၃၀) နာရီအချိန်၌ ဂေါတမ ဘုရားမှစ၍ အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် ရောင်ခြည်တော်များ ထွန်းပေါ်သည်ကို ဦးစွာ ဖူးတွေ့လိုက်ရ၏။ ယောဂီဦးသိန်းစိုးနှင့်အတူ ဒေါ်ညို၊ ဒေါ်ကျင်တို့အပြင် ဘုရားဝတ်တက်ရန်လာသူ ယောဂီတချို့လည်း ဖူးမြင်ကြရလေ၏။ ဝါ၊ စိမ်း၊ နီ ရောင်ခြည်တော် လျှပ်တစ်ပြက် အချိန်ကလေးတွင် နှစ်ကျိပ်ရှစ်ဆူ ပြည့်သည်အထိ (၁၅)မိနစ်ခန့်အကြာ ရောင်ခြည်တော် ကွန့်မြူးတော်မူခဲ့ပါသည်။

## ကွင်းကောက်ဆရာတော် ဦးဇောတိက
## အရှင်သူမြတ်၏ ဓမ္မခရီး

အရှင်သူမြတ်ကြီးသည် ဝိဇ္ဇာအဖြစ် ရောက်ရှိတော်မူပြီးသည်မှစ၍ အများပြည်သူ အကျိုးကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ပေးတော်မူခဲ့ကြောင်း တွေ့ရှိရပါသည်။ ဆရာတော်၊ အရှင်သူမြတ်ကြီးသည် ဝိဇ္ဇာကြီးဖြစ်သည်။

၁၃၁၄ ခုနှစ်မှ ၁၃၁၉ ခုနှစ်ထိ ယွန်းကျောင်းတွင် သီတင်းသုံး၍ သတ္တဝါများ၏ ကိုယ်စိတ်ချမ်းသာမှု ရရှိရေ

www.burmeseclassic.com

အတွက် ကယ်ဆယ်ဆောင်ရွက်ပေးတော်မူသည်။ ထို့နောက် ၁၃၁၉ ခုနှစ် တပို့တွဲလဆန်း (၉)ရက် နေ့လယ်တွင် ကွင်းကောက်မြောက်ဘက် ရွှေကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့ပါသည်။

ရွှေကျောင်းသို့ ရောက်လာကြသောသူများနှင့် တပည့်ယောဂီများအား တရားဓရအေး တိုက်ကျွေး ဆုံးမတော်မူလျက် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာမှုရရှိရေး ဟောကြားတော်မူပေးခဲ့ပါသည်။ ကွင်းကောက်ကျေးရွာ သာပေါင်းရပ်မှ ဦးဘိုးသန်း နေအိမ်တွင်လည်းကောင်း၊ ဒေါ်ကြင်မြ နေအိမ်တွင်လည်းကောင်း၊ ဦးဘိုးရင် နေအိမ်တွင်လည်းကောင်း၊ အောင်ချမ်းသာရပ်မှ ဦးအောင်မြတ် နေအိမ်တွင်လည်းကောင်း၊ ဒေါ်ပန်းစု နေအိမ်တွင်လည်းကောင်း ဓာတ်နန်းမဏ္ဍပ်ငါးလုံးကို မြန်မာနှစ် ၁၃၂၆ - ၁၃၂၇ -၁၃၂၈ ခုနှစ် သုံးနှစ်လုံးလုံး စိုက်ထူစေလျက် မဏ္ဍပ်တစ်လုံးတွင် သုံးရက်အလှည့်ကျ ကြွရောက်လာပြီး သားတပည့်ယောဂီများ ရပ်ဝေးရပ်နီးမှ လာရောက် ဖူးမြော်ကြကုန်သော ပုဂ္ဂိုလ်တို့အား တည်းခိုနေထိုင်စေပြီး ဆုံးမဩဝါဒများပေးခြင်း၊ တရားဓမ္မများ ဟောကြားခြင်း၊ လိုအပ်သည့်ဓာတ်များ ပြုပြင်ပေးခြင်း၊ ပဋ္ဌမံ ဝိဇ္ဇာလမ်းစဉ်ကျင့်စဉ်များကို ချမှတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ယင်းကိစ္စရပ်အားလုံး ပြီးဆုံးချိန်သို့ ရောက်သောအခါ ဓာတ်နန်းများကို ဖျက်သိမ်းစေပါသည်။

## ရွှေစေတီ တည်တော်မူခြင်း

အရှင်သူမြတ်ကြီးသည် ဟသ်ာတမြို့မှ တပည့်ယောဂီ ဦးအုန်းဖေ၊ ဒေါ်ခင်မေတို့မှ လှူဒါန်းသော ဝတ္တကမြေပေါ်၌ နောင်လာနောက်သား သားသမီး တပည့်ယောဂီများ အကျိုးများစေဖို့ စေတီတော်တစ်ဆူ တည်ရန် စီစဉ်ပေးပါသည်။

စေတီတော် တည်ရခြင်းမှာ သတ္တဝါအကျိုး၊ ဗုဒ္ဓသာသနာအကျိုးကို ရှေးရှုတော်မူလျက် လိုအပ်သည်များ ပြီးပြည့်စုံစွာ စီစဉ်လျက် ရွှေစေတီ (ခေါ်) လွှမ်းစေတီကို ၁၃၂၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၁)ရက်၊ ကြာသပတေးနေ့၌ ပဋ္ဌမံဝိဇ္ဇာ အရှင်သူမြတ်ကြီး ကိုယ်တော်တိုင် ပန္နက်တော်တင်ပြီး ထိုရွှေစေတီ (ခေါ်) လွှမ်းစေတီအနီးတွင် အာဇီဝဋ္ဌမကသီလတော်မြတ်ကို ခံယူတည်ဆောက်စေခြင်း၊ ပရိတ်တရားတော်များကို ရွတ်ဖတ်စေခြင်း၊ ဘုရားရှင်၏ ဂုဏ်တော်၊ ဗုဒ္ဓါနုဿတိ သောဘဂဝါ ဣတိပိအရယံများကို ပုတီးစိပ်စေခြင်း၊ မေတ္တာပို့ အမျှဝေခြင်း စသည်တို့ကို ကျင့်ကြံအားထုတ် လိုက်နာဆောင်ရွက် ပြုလုပ်ကြရန် ဩဝါဒပေးတော်မူခဲ့ပါသည်။

စေတီတော်ကို ၁၃၂၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅)ရက်၊ တနင်္ဂနွေနေ့တွင် အရှင်သူမြတ်ကြီး ကိုယ်တော်တိုင် ဌာပနာသွင်း၍ ပြာသိုလပြည့်ကျော် (၉)ရက်၊ သောကြာနေ့ နံနက် ၉ နာရီအချိန်၌ ကျောက်ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူတော်မူခဲ့ပါသည်။

ဤစေတီတော်၏ ထူးခြားချက်မှာ ဘွဲ့အမည်နှစ်မျိုးရှိ၍ ဝင်ပေါက် ထွက်ပေါက်မှာ တစ်ခုတည်းသာ ရှိသဖြင့် ထူးခြားလျက် ရှိပါသည်။

ရွှေစေတီ ဆိုသည်မှာ ဝိဇ္ဇာအရှင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။ ပဋ္ဌမံ ဝိဇ္ဇာအရှင်မြတ်ကြီး၏ သတ္တဝါအကျိုးအများအကျိုးအတွက် ဆောင်ရွက်မှုများသည် ဗုဒ္ဓ၏လမ်းညွှန်ချက်ဖြစ်သော ဝိဘဇ္ဇဝါဒနှင့်အညီ ဖြစ်ပါသည်။ ဗုဒ္ဓါဝါဒသည် ဝိဘဇ္ဇဝါဒဖြစ်၍ ခွဲခြားစိစစ်ခြင်းပင် ဖြစ်ပါသည်။ အများပြည်သူ အကျိုးရှိရာကိုသာ ဆောင်ရွက်ပေးခဲ့သော ပဋ္ဌမံ ဝိဇ္ဇာ အရှင်မြတ်ကြီး၏ ဆောင်ရွက်မှု အကျိုးဖြင့်သာ တိုင်းတာရမည် ဖြစ်ပါသည်။ ပဋ္ဌမံ ဝိဇ္ဇာ အရှင်မြတ်ကြီး၏ ဟောကြားလမ်းညွှန်ချက်များ မှန်ကန်၍သာ အရှင်မြတ်ကြီးကို ကိုးကွယ်ယုံကြည်မှု ရှိနေခြင်းသာ ဖြစ်ပါသည်။

## ကွင်းကောက်ဆရာတော် အရှင်မြတ်ကြီး၏ ဆုံးမဩဝါဒစကားများ

ကွင်းကောက်ဆရာတော် အရှင်မြတ်ကြီး၏ ဝိဇ္ဇာဉာဏ် ရရှိတော်မူသည့် အချိန်မှစ၍ ဗုဒ္ဓမြတ်စွာဘုရား၏ လမ်းစဉ်အတိုင်း သတ္တဝါအများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးများကိုသာ ဆောင်ရွက်တော်မူခဲ့ပါသည်။ အရှင်မြတ်ကြီး၏ ထူးခြားချက်မှာ အခြားနေရာဒေသသို့ ကြွရောက်၍ တရားဒေသနာတော်များ ဟောကြားခြင်းမရှိဘဲ ကွင်းကောက်ကျေးရွာတွင်သာ နေထိုင်သီတင်းသုံးခြင်း ဖြစ်ပါသည်။

အရှင်သူမြတ်ကြီး လမ်းညွှန် ဆုံးမဩဝါဒများမှာလည်း တဏှာ၊ မာန၊ ဒိဋ္ဌိ ပယ်သတ်ရန်၊ တဏှာ၊ လောဘကုန်ရန်နှင့် အများပြည်သူများအပေါ် ကိုယ်ချင်းစာတရား အမြဲထားရန် တို့ ဖြစ်ပါသည်။

အရှင်မြတ်ကြီး၏ ဆုံးမဩဝါဒစကားများမှာ . . .

(၁) နင် မာနမကြီးနဲ့၊
(၂) နင် မကြွားချင်နဲ့၊
(၃) နင် ခမ်းခမ်းနားနား မနေချင်နဲ့၊
(၄) နင် သူတစ်ပါးအပြစ်ကို မကြည့်နဲ့၊
(၅) နင် သူတစ်ပါးအပြစ်ကို မရှုနဲ့၊
(၆) နင် သူတစ်ပါးအပြစ်ကို မမြင်နဲ့၊
(၇) နင် ကိုယ့်အပြစ်ကိုရှု၊
(၈) နင် သူတစ်ပါးအပေါ် ဝန်တိုမိစ္ဆာမရှိနဲ့၊
(၉) နင် ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်လျှောက်





www.burmeseclassic.com

www.burmeseclassic.com

(၁၀) နင် ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်သွား၊

(၁၁) နင် ကိုယ်ချင်းစာတရား အမြဲထား (မိမိကိုယ်ကို လက်ညှိုးထိုး၍ ဆိုရမည်)

(၁၂) ကံသည် မူလတရားဖြစ်သည်။

(၁၃) ကံကောင်းအောင် ကြိုးစားပါ။

(၁၄) ကိုင်ချင်သော်လည်း မရ၊

(၁၅) မလိုချင်သော်လည်း မနေရ၊

(၁၆) သေချင်သော်လည်း မသေရ၊

(၁၇) နေချင်သော်လည်း မနေရ၊

(၁၈) ကံပေးမှရသည်၊

(၁၉) ကံကျွေးမှဝသည်၊

(၂၀) ဉစ္စာကံပေး မရသေး၊ နှောင့်နှေးဗျာပါ မရှိရာ၊

(၂၁) မလုပ်ဘဲနှင့် မရချင်နဲ့၊

(၂၂) မကျင့်ဘဲနှင့် မမြတ်ချင်နဲ့၊

(၂၃) မသင်ဘဲနှင့် မတတ်ချင်နဲ့၊

(၂၄) ကြူးလျှင်မကောင်း၊ ပျက်စီးကြောင်း အပေါင်းသတ္တ မှတ်ကုန်ကြ၊

(၂၅) ဉစ္စာပစ္စည်း ရမ္မက်ကြီး၊ မီးကြီးလောင်တော့မည်၊

(၂၆) သားနှင့်သမီး ချစ်မငြီး၊ မီးကြီးလောင်တော့သည်၊

(၂၇) လင်နှင့်ဇနီး ရူမငြီး၊ မီးကြီးလောင်တော့သည်၊

(၂၈) မိစ္ဆာဇိ၁ မကာင်းကြ၊ တွင်းကျနက်လှသည်၊

(၂၉) ပူလောင်ချောက်ချား၊ ဒုက္ခပွား၊ အမှားများတော့သည်၊

(၃၀) ကိလေမီးကြီး၊ လွှန်ဖိစီး၊ ညီးညီးပြောင်တော့သည်၊

(၃၁) ရိက္ခာစပါး၊ ကျီဖြည့်ထား အများဘဏ္ဍာဖြစ်တော့သာ၊

(၃၂) တောင်ထွာတစ်မိုက်၊ သားငယ်ပိုက်၊ စိုက်စိုက်လိုက် တောသာ၊

(၃၃) လှည်းနှင့်နွားများ ထားကားထား၊ လူသားမနိုင်ရာ၊

(၃၄) ပေါက်တူးပေါက်ပြား လယ်ထွန်ငြား၊

(၃၅) လူနေမများ၊ လယ်ယာများ တောကားအတိသာ၊

(၃၆) ခွေးကားတစ်ပေါင်၊ မီးတစ်ပြောင်၊ အိမ်ဆောင်တစ်ခုသာ၊

(၃၇) မြို့ပျက်၊ ရွာပျက်၊ လူမသက် အုပ်လျက်ချုံအတိသာ၊

(၃၈) သစ်ရဲကျားရဲ ဆွဲတင်ဆွဲ၊ အုံအဲမကုန်ရာ၊

(၃၉) ကယ်ပါလူပါ တစာစာ၊ ငါကား ဤလူရွာ၊

* ကိုယ်ချင်းစာတရား အမြဲထား၊
* သတ္တဝါအားလုံးကို မေတ္တာပို့၊
* အာဇီဝဋ္ဌမက သီလကို လုံအောင်ထိန်း၊
* ဘုရားဝတ်တက်မှန်ပါစေ၊
* ပရိတ်တော်များ ရွတ်ဖတ်ကြစေ၊
* သောဘဂဝါ ဣတိပိ အရဟံ၊ အရဟံဂုဏ်တော် ပုတီးစိပ်ကြ၊

## အရှင်မြတ်၏ အောင်မြေစခန်း (၃)ခု

(၁) ပဌမံအရှင်မြတ် ပေါက်မြောက် အောင်တော်မူသော နန္ဒာလှတောင်ခြေမှ အောင်မြေစခန်း။

(၂) ပါရမီရှင်အပေါင်းတို့အား ပြုပြင်စီရင်၍ ဝိဋ္ဋသတ် သွင်းသဖြင့် ယောဂီတို့ ချက်မြှုပ်ရာ ရွှေကျောင်းတော် အောင်ဓာတ်စခန်း၊

(၃) ပါရမီမျိုးစုံ၊ ကြိုးမျိုးစုံတို့ကို ကိုင်၍ ဓာတ်ဆင်၊ ဓာတ်ရုပ်၊ ဓာတ်အလုပ်တို့ကို ဆောင်ရွက်ရာ အောင်ချမ်းသာရပ်ကွက် လွှမ်းစေတီ (ခေါ်) ရွှေစေတီဓာတ်တွဲ နှစ်ရပ်ဖြင့် ကိုယ်စားတည်ထားသော ရွှေစေတီ အောင်မြေစခန်း။ (ငါးမည်ရ ပြည်ရွှေဘိုဟူ၍ ကျော်ကြားသကဲ့သို့ ငါးမည်ရဂူနန်း၌ တည်ရှိသော ကွင်းကောက်ဖြစ်ပါသည်)

၎င်းတို့မှာ (၁)နန်ကသူတောင်ခြေ၊ (၂)နန်ကသူချောင်၊ (၃) နန္ဒာလှ ဘုရားအောင်မြေ၊ (၄) နန္ဒာမုနိဘုရားတောင်ခြေ၊ (၅) နန္ဒာသီရိဘုရားတောင်ခြေတို့ဖြစ်ပါသည်။

ထွက်ရပ်လမ်းစံမြန်းတော်မူ ပထမ ကွင်းကောက်ဆရာတော် ဦးဇောတိက၊ ဒုတိယ ပဌမံဆရာလှိုင်သည် သာသနာ့အကျိုးဆောင်၍ သတ္တဝါတို့ကို ကယ်တင်သနားတော်မူပြီးနောက် ကောဇာနှစ် ၁၃၃၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၁ နာရီ ၄၅ မိနစ်တွင် ဝိဇ္ဇာဓိုရ်တို့၏ ရည်မှန်းထွက်ရပ်လမ်းသို့ စံမြန်းသွားတော်မူပါသည်။

ကိုးကား

(၁) ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလထုတ် ဂမ္ဘီရမဂ္ဂဇင်းမှ ကျော်မိုးလွင် (ဝါးခယ်မ) ၏ ဂုဏ်ရှိန်ထွန်းတောက်၊ ကွင်းကောက်ဆရာတော်ဆောင်းပါး။

(၂) ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် သူရဿမဂ္ဂဇင်းမှ ငွေးဝေ၏ ကျေးဇူးရှင် ကွင်းကောက်ဆရာတော်ကြီး ဦးဇောတိက၊ ပဌမံ အရှင်သူမြတ်ကြီး ဦးလှိုင်၏ ထေရုပ္ပတ္တိဖြစ်စဉ်နှင့် ကျင့်စဉ်တော်မြတ် ဆောင်းပါး။

(၃) ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် သူရဿမဂ္ဂဇင်းမှ ကံဝင်း၏ ပဌမံဆရာလှိုင် မိန့်ကြား "ဝါစိမ်းနီ၊ ကမ္ဘာကိန်းအညီ၊ ကမ္ဘာငြိမ်းစေရမည်" ဟူသော နိမိတ်စကားနှင့် ပျားလပို့အတွင်းမှ ထူးဆန်းစွာ ထွန်းပေါ် ဝါစိမ်းနီဓာတ်လုံးတော် ဆောင်းပါး။

(၄) မိမိလေ့လာမှတ်သားချက်များ။


ကျော်ဇေယထိန်း(နံ့သာ)

❐



www.burmeseclassic.com

www.burmeseclassic.com



နတ်ကွန်းအတွင်းမှ သံကြိုးချည်ထားသော ဆင်ရုပ်တု

# ရှာကိုစောင့်ရှောက်သော ဆင်နတ်မင်း

ဆရာကြီး ဦးအောင်မြိုင်

ကရင်ပြည်နယ်ဒေသကြီး၏ မြို့တော် ဘားအံမြို့မှာ သံလွင်မြစ်၏ အရှေ့ဘက် ကမ်းနဖူးကပ်လျက် တည်ရှိပါသည်။ ရွှေဂွန်းကျေးရွာသည် လှိုင်းဘွဲ့ မြို့နယ်အပိုင် ဖြစ်သော်လည်း သံလွင်မြစ်၏ အရှေ့ဘက်ကမ်းနဖူးမှာ ကပ်လျက်တည်ရှိသော မြို့မကျ တောမကျ စည်ကားလှပါသည်။ ဘားအံမြို့နှင့် ရွှေဂွန်းမြို့ကို ယခင်က အစိုးရခရီးသည်တင် သင်္ဘောများဖြင့်သာ အဓိက သွားလာသယ်ယူ ပို့ဆောင်ကြသည်။

ယခုအခါ ဘားအံမြို့နှင့် မြိုင်ကြီးငူမြို့တို့ ဆက်သွယ်ဖောက်လုပ်ထားသော မော်တော်ကားလမ်း ကောင်းမွန်နေပြီဖြစ်၍ ထိုလမ်းဘေးတွင်ရှိသော ရွှေဂွန်းကျေးရွာနှင့် ဘားအံမြို့မှာ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် အလွယ်တကူ သွားလာနိုင်ကြပြီဖြစ်သည်။

ဘားအံမြို့နှင့် ရွှေဂွန်းကျေးရွာကြား၌ ကျေးရွာများအနက် သံလွင်မြစ်ကမ်းဘေး ကပ်လျက်တည်ရှိသော ကျေးရွာများမှာမူ အစိုးရသင်္ဘောဖြစ်စေ၊ ကျေးရွာများမှ သယ်ယူပို့ဆောင်ရေး မော်တော်များ၊ စက်လှေများဖြစ်စေ အဓိကအားကိုး သွားလာနေရဆဲ ဖြစ်ပါသည်။

သံလွင်မြစ်ကမ်း အရှေ့ဘက်နှင့် အနောက်ဘက် ကပ်လျက်တည်ရှိသော ကျေးရွာများမှာ အများအားဖြင့် ပိုးကရင် တိုင်းရင်းသားများ အခြေချနေထိုင်ကြပြီး အချို့က မွန်၊ မြန်မာ စကော ကရင်၊ ပအိုဝ်း စသော တိုင်းရင်းသားတို့လည်း ရော နှော နေထိုင်ကြပါသည်။

အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး အခြားဘာသာ ကိုးကွယ်မှုလည်း အနည်းအကျဉ်းရှိသည် ကရင်တိုင်းရင်းသားအချို့မှာ ယခုအချိန်ထိ ရိုးရာနတ် စ သောခလေ့၊ ရိုးရာယဉ်ကျေးမှုဓလေ့လည်း ရှိနေသေးသည် ထို့ကြောင့် အချို့သော ကျေးရွာတို့၏ ရွာဦး ရွာထိပ်မှာ ရိုးရာ နတ်ကွန်းများ တွေ့မြင်ရပါသည်။

သံလွင်မြစ်ကမ်း၏ အနောက်ဘက်ခြမ်းမှ ကျေးရွာ များအနက် အစိုးရ သင်္ဘောဖြင့် ဘားအံမြို့မှ ရွှေဂွန်းကျေး ရွာသို့ ခရီးသွားလျှင် ပထမဆုံး ဆိုက်ကပ်သည့် သင်္ဘောဆိပ် ကျေးရွာတစ်ရွာ၏ သံလွင်မြစ်ကမ်းနဖူးမှာ ပေ ၅၀ ပတ် လည်ခန့် သစ်သားခြံစည်းရိုး ကာရံထားသော နတ်ကွန်း နေရာတစ်ခုကို တွေ့ရှိရသည်။

ထိုနတ်ကွန်း ပရိဝုဏ်အတွင်းမှာ မြေအိုးများ မှောက်ထားသည်ကို တွေ့ရှိရပြီး အပြာရောင်ဆေးသုတ် သော နတ်စင်ငယ်များကိုလည်း တွေ့ရှိရသည်။ နတ်စင်များအတွင်းမှာ နတ်ရုပ်တုများတော့ မရှိပါ။ ရွာ



www.burmeseclassic.com

www.burmeseclassic.com

ရွာသားများ ရှိုးရာနတ် တင်မြှောက် ပူဇော်ကြသော နေရာဟု သိရသည်။ နတ်စင်များတွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ၊ စားသောက်ဖွယ်ရာများ၊ သောက်ရေများ၊ ဖြူနီပိတ်စ ပေါင်းတော်များ လှူဒါန်းထားကြောင်း တွေ့ရှိရသည်။

ထူးခြားချက်အနေဖြင့် နတ်စင်တစ်ခုအတွင်း စွယ်စုံသစ်သား ဆင်ရုပ်တုတစ်ခုကို သံကြိုးနှင့် ချည်နှောင်ထားခြင်း ဖြစ်ပါသည်။ ထိုဆင်ရုပ်တုမှာ ကျေးရွာကို မီးဘေး၊ ရေဘေး၊ လေဘေး၊ သူခိုး၊ ဓားပြ၊ သူပုန်၊ သူသတ်ဘေး၊ ရောဂါဘေးတို့ မကျရောက် မထိခိုက်အောင် ကာကွယ်ပေးသော ဆင်နတ်မင်းရုပ်တု'ဟု ဒေသခံ ရွာသူရွာသား အချို့က ပြောပြသည်။

ထိုရွာကို ရှေးနှစ်ပေါင်းများစွာက စတင် တည်ထောင်ရာတွင် အဓိက အရေးကြီးသောနေရာမှ ပါဝင်ကူညီခဲ့သော ဆင်ကြီးဖြစ်ပြီး ထိုဆင် ကွယ်လွန်ခဲ့ပြီးနောက် ဝိညာဉ်မှာ နတ်မင်းအဖြစ် ရွာကို ဆက်လက်စောင့်ရှောက်ပေးနေကြောင်း ရွာသူရွာသားတို့ လက်ခံယုံကြည်ကြသည်။

တစ်ခါတုန်းက ထိုဆင်နတ်မင်းရုပ်တု ပျောက်ဆုံးခဲ့ဖူးသည်။ ရွာသူရွာသားများ အနီးဝန်းကျင်အနှံ့ လိုက်ရှာသော်လည်း ပြန်မတွေ့ကြပါ။ ရွာရှိ ရွာသား တစ်ဦးကို ညဘက် အိပ်မက်ပေးရာတွင် သူ့ကိုဂရုမစိုက်သဖြင့် ထွက်သွားကြောင်း၊ သံလွင်မြစ်အတွင်းမှာပင် ရှိနေသေးကြောင်း၊ သူ့ကို ဂရုစိုက်နိုင်မှ ပြန်လာမည်ဟု ဆိုသဖြင့် ထိုရွာသားက အိပ်မက်ကို ပြန်ပြောပြသည်။

ရွာသူ ရွာသားများက ရိုးရာဓလေ့အတိုင်း ပူဇော်သတောင်းပန်မှုများပြုပြီး သံလွင်မြစ်အတွင်း ရှာဖွေရာ ရွာ၏ နတ်ကွန်းနှင့် မနီးမဝေး သံလွင်မြစ်ထဲက ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

ထိုအချိန်မှစပြီး ဆင်နတ်မင်းရုပ်တုကို နတ်စင်ဆောက်လုပ်ပေးကာ ရွှေခြေကိုလည်း သံကြိုးအစစ်နှင့် ချည်နှောင်ထားခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဆင်နတ်မင်းရုပ်တုကို နေ့စဉ် ရေ၊ အစားအစာ၊ အမွှေးတိုင်၊ အလင်းရောင် စသည်တို့ မပြတ်မလပ် လှူဒါန်းကြသည်။

ယနေ့အချိန်ထိ ထိုရွာမှာ မီးဘေး၊ လေဘေး၊ ရေဘေး စသော သဘာဝ ဘေးအန္တရာယ်များ လုံးဝမကြုံရ၊ ရောဂါဆိုးများ မကျရောက်။ သူခိုး၊ ဓားပြ၊ လူသတ်၊ မုဒိမ်းမှု ပြုကျင့်ခြင်း ဖြစ်မှုများ လုံးဝမရှိ၊ အလွန် အေးချမ်းသာယာကြောင်း သိရသည်။

ဆရာကြီး ဦးအောင်မြိုင်

❒


# အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်

❁ ဉာဏ်ရည်ထက်မြက်၊ သွက်လက်ချက်ချာ၊ ကျန်းမာသန်စွမ်း၊ ချမ်းသာကြီးပွားစေမည့် သားသမီးရတနာများ မွေးဖွားရရှိရန် ကိုယ်ဝန်ခွဲစိတ်မွေးဖွားဖို့ နေ့ရက်ကောင်း၊ အချိန်အခါကောင်း ရွေးချယ်ချင်ပါသလား။ (ဆရာဝန် သတ်မှတ်ပေးသော ကာလအတွင်းမှာ ရွေးချယ်ပေးပါတယ်) လိမ္မာယဉ်ကျေး၊ မိဘစကားနားထောင်၊ ပညာကြိုးစား၊ ထူးချွန်အောင်မြင်စေမည့် နာမည်ကောင်း၊ နာမည်မှန် ရွေးချယ်ပေးချင်ပါသလား။ သားသမီးများအတွက် ကျန်းမာဘေးကင်းနဲ့ အချစ်ရေး၊ အိမ်ထောင်ရေးဆိုင်ရာ ယတြာအစီအရင် နည်းလမ်းကောင်းများ သိချင်ပါသလား။

## ဆရာကြီးဦးအောင်မြိုင်( ဉပဒေသွဲ့ )

လက္ခဏာဗေဒင်ပညာသုတေသီ ⊙ ယုံကြည်စွာ ကိုးကွယ်ဖွယ်ရာ လာခဲ့ပါ ⊙

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

☎ ၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ ၀၉-၃၀၁၇၇၀၇၅ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ




www.burmeseclassic.com

www.burmeseclassic.com



# ပုရပိုက်ဖြူပြောသော ဗေဒင် ဟောကိန်း

ယခု ဖော်ထုတ် တင်ပြမည့် ဗေဒင်နည်းစနစ်သည် ရှေးဟောင်း ပုရပိုက်ဖြူတွင် မှတ်သားထားသည့် ဗေဒင် ဟောကိန်းနည်းတစ်ခု ဖြစ်ပါသည်။ ပျောက်ပျက်မသွားရန် တင်ပြအပ်ပါသည်။

တွက်ပုံတွက်နည်းမှာ ရောက်သက်ကိုတည်၊ မွေးနံ့ဂဏန်းထည့်ပေါင်းပြီး မွေးနံ့ဂြိုဟ်သက်ပါ ထည့်ပေါင်းရပါမည်။ ပေါင်းရကိန်းကို ၈ နှင့် စားရပါမည်။ အကြွင်းရပါမည်။ ရရှိသော အကြွင်းအရ ဟောကိန်းထုတ်၍ ဟောပြောရပါသည်။ အကြွင်း ၈ မျိုး ရှိ၍ ဟောကိန်းလည်း ၈ မျိုး ရှိပါမည်။

အကြွင်းဇယား

| | | |
|---|---|---|
| ၇<br>အိမ်ပြင် | ၆<br>အိမ်ကျိုးနား | ၅<br>အိမ်ပြာသာဒ် |
| ၀<br>အိမ်တံကျင် | | ၄<br>အိမ်သဘော် |
| ၁<br>အိမ်ငယ် | ၂<br>အိမ်ဆောက်ပန်း | ၃<br>အိမ်ပေါင်းလဲ |

ဥပမာ.(၁) ရောက်သက် ၅၀ နှစ်

အင်္ဂါသားတစ်ယောက်

တွက်ကြည့်လျှင်. . .

| | |
|---|---|
| ရောက်သက် | ၅၀ |
| မွေးနံ့ | ၃ |
| မွေးနံ့ဂြိုဟ်သက် | ၈ |

၆၁ ÷ ၈

အကြွင်း ၅ ရမည်။

၅ ကြွင်းဖြစ်၍ အိမ်ပြာသာ

ဟောကိန်းကို ဖတ်ရပါမည်။

ဥပမာ(၂) ရောက်သက် ၂၉ နှစ်

စနေသမီးတစ်ယောက်

တွက်လျှင်. . .



www.burmeseclassic.com

www.burmeseclassic.com

၅၉ (ရောက်သက်) + ၇ (မွေးနံ) + ၁၀ (ဂြိုဟ်သက်)

= ၇၆ + ၈ = အကြွင်း ၄ (အိမ်သဘော်ဟောကိန်း)

ဥပမာ(၃) ရောက်သက် ၂၁ နှစ်ရှိ တနင်္လာသားတစ်ယောက်ကို တွက်လျှင်. . .

၂၁(ရောက်သက်) + ၂(မွေးနံ) + ၁၅ (ဂြိုဟ်သက်)

= ၃၈ + ၈ = အကြွင်း ၆ (အိမ်ကျိုးနားဟောကိန်း)

မွေးနံဂဏန်းယူရာတွင် တနင်္ဂနွေကို ၁၊ တနင်္လာကို ၂၊ အင်္ဂါကို ၃၊ ဗုဒ္ဓဟူးကို ၄၊ ကြာသပတေးကို ၅၊ သောကြာကို ၆၊ စနေကို ၇၊ ရာဟုသားသမီးကို ၈ ယူရပါမည်။

မွေးနံဂြိုဟ်သက် ယူရာတွင် တနင်္ဂနွေကို ၆၊ တနင်္လာကို ၁၅၊ အင်္ဂါကို ၈၊ ဗုဒ္ဓဟူးကို ၁၇၊ ကြာသပတေးကို ၁၉၊ သောကြာကို ၂၁၊ စနေကို ၁၀၊ ရာဟုဂြိုဟ်သက်ကို ၁၂ နှစ် ယူရပါမည်။

တွက်ချက်ရာတွင် လွယ်ကူရှင်းလင်း၍ မှားယွင်းမှု မရှိစေရန် နေ့ ၈ နေ့သားသမီးများအတွက် အသင့်တွက်ပြီး ဇယားများကို ဖော်ပြအပ်ပါသည်။ မိမိနှင့်ဆိုင်ရာ ဇယားကိုကြည့်၍ ဟောကိန်းကို ဖတ်နိုင်ပါသည်။

**အင်္ဂါနေ့သားသမီးနှင့် သောကြာသားသမီးအတွက် ဇယား**

| ရောက်သက်များ | | | | | | | | | | | | သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၄)အိမ်သဘော် |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၅)အိမ်ပြာသာဒ် |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၆)အိမ်ကျိုးနား |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၇)အိမ်ပြင် |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၀)အိမ်တံကျင် |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၈၀ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၁)အိမ်ငယ် |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၈၀ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၂)အိမ်ဆောက်ပန်း |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၈၀ | ၉၀ | ၁၀ | ၁၁ | ၁၂ | (၃)အိမ်ပေါင်းလဲ |

မှတ်ချက် - အင်္ဂါနေ့နှင့် သောကြာနေ့သားသမီးတို့၏ ရောက်သက်အသီးသီးအတွက် သက်ရောက်သောအိမ် ဟောကိန်းဇယားမှာ အတူတူပင် ဖြစ်ပါသည်။

**တနင်္လာနေ့သားသမီးနှင့် စနေနေ့သားသမီးအတွက်ဇယား**

| ရောက်သက်များ | | | | | | | | | | | | သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | (၂)အိမ်ဆောက်ပန်း |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | (၃)အိမ်ပေါင်းလဲ |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | (၄)အိမ်သဘော် |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | (၅)အိမ်ပြာသာဒ် |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | (၆)အိမ်ကျိုးနား |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | (၇)အိမ်ပြင် |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | (၀)အိမ်တံကျင် |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | (၁)အိမ်ငယ် |

မှတ်ချက် - တနင်္လာနေ့နှင့် စနေနေ့သားသမီးတို့၏ ရောက်သက်အသီးသီး၏ သက်ရောက်သောအိမ် တွက်ကိန်းဇယားမှာ အတူတူပင်ဖြစ်ပါသည်။

| တနင်္ဂနွေသား သက်ရောက်အိမ် | ရောက်သက်များ | | | | | | | | | | | | ကြာသပတေးသား သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အိမ်တံကျင်(၀) | ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | အိမ်ငယ်(၁) |
| အိမ်ငယ်(၁) | ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | အိမ်ဆောက်ပန်း(၂) |
| အိမ်ဆောက်ပန်း(၂) | ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | အိမ်ပေါင်းလဲ(၃) |
| အိမ်ပေါင်းလဲ(၃) | ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | အိမ်သဘော်(၄) |
| အိမ်သဘော်(၄) | ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | အိမ်ပြာသာဒ်(၅) |
| အိမ်ပြာသာဒ်(၅) | ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | အိမ်ကျိုးနား(၆) |
| အိမ်ကျိုးနား(၆) | ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | [illegible] | [illegible] | [illegible] | [illegible] | အိမ်ပြင်(၇) |
| အိမ်ပြင်(၇) | ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | အိမ်တံကျင်(၀) |





www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်

ဇယားကြည့်ရာတွင် ပထမ ရောက်သက်ကိုရှာပါ။ ရောက်သက်တွေ့လျှင် တစ်တန်းတည်း လက်ဝဲဘက်အစွန်ကွက်တွင် တနင်္ဂနွေသားသမီးအတွက် လက်ယာဘက်အစွန်ကွက်တွင် ကြာသပတေးသားသမီးအတွက် သက်ရောက်အိမ်ဖြစ်ပါသည်။

**ဗုဒ္ဓဟူးနေ့သားသမီးနှင့် ရာဟုနေ့သားသမီးအတွက် သက်ရောက်ဇယား**

| ဗုဒ္ဓဟူးသားသမီး သက်ရောက်အိမ် | ရောက်သက်များ | | | | | | | | | | | ရာဟုသားသမီး သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အိမ်ကျိုးနား(၆) | ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | အိမ်ပြာသာဒ်(၅) |
| အိမ်ပြင်(၇) | ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | အိမ်ကျိုးနား(၆) |
| အိမ်တံကျင်(၀) | ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | အိမ်ပြင်(၇) |
| အိမ်ငယ်(၁) | ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | အိမ်တံကျင်(၀) |
| အိမ်ဆောက်ပန်း(၂) | ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | အိမ်ငယ်(၁) |
| အိမ်ပေါင်းလဲ(၃) | ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | အိမ်ဆောက်ပန်း(၂) |
| အိမ်သဘော်(၄) | ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | အိမ်ပေါင်းလဲ(၃) |
| အိမ်ပြာသာဒ်(၅) | ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | အိမ်သဘော်(၄) |

မှတ်ချက်

ဇယားတွင် ရောက်သက်ကို ရှာရပါမည်။ ရောက်သက်တွေ့လျှင် တစ်တန်းတည်း လက်ဝဲဘက်အစွန်ကွက်တွင် ဗုဒ္ဓဟူးနေ့သားသမီးအတွက် သက်ရောက်အိမ် ဖြစ်ပါသည်။ လက်ယာဘက်အစွန်ကွက်တွင် ရာဟုနေ့သားသမီးအတွက် သက်ရောက်အိမ် ဖြစ်ပါသည်။

**ဗုဒရိုက်ဖြေပြောသော ဗေဒင် ဟောကိန်းများ**

**၁ ကြွင်း - အိမ်ငယ်သက်ရောက် ဟောကိန်း**

အိမ်ငယ်သက်ရောက်ကျသော ရောက်သက်တွင် ကျန်းမာရေးကောင်းမည်။ အသက်ရှည်မည်။ တပည့်လက်သား အခြွေအရံများနှင့် ပြည့်စုံစွာနေရမည်။ စီးပွားရှာသော် ဖြစ်ထွန်းအောင်မြင်မည်။ ဤနှစ်တွင် ချမ်းချမ်းသာသာ နေထိုင်ရမည်။ လာဘ်လာဘများရမည်။

**၂ ကြွင်း - အိမ်ဆောက်ပန်း သက်ရောက်ဟောကိန်း**

အိမ်ဆောက်ပန်း သက်ရောက်ဖြစ်သော ရောက်သက်တွင် ခြွေရံသင်းပင်းနှင့်ပြည့်စုံမည်။ ပေါင်းသင်းဆက်ဆံရေးကောင်းမည်။ မိသားစု ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်း နေထိုင်ရမည်။ စီးပွားဖြစ်မည်။ လာဘ်လာဘဝင်မည်။ ချမ်းသာမည်။ ကျန်းမာရေးကောင်းမည်။ အသက်ရှည်မည်။

**၃ ကြွင်း - အိမ်ပေါင်းလဲ သက်ရောက် ဟောကိန်း**

၃ကြွင်းကျသော အိမ်ပေါင်းလဲ သက်ရောက်ကာလတွင် ကံခေနေမည်။ ဤရောက်သက်တွင် စီးပွားပျက်တတ်သည်။ စီးပွားရှာဖွေရာတွင် လောဘမကြီးဘဲ သတိရှိရန်လိုသည်။ ရှိရင်းအခြေအနေကို ထိန်းသိမ်းနိုင်အောင် ကြိုးစားသင့်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ ကျန်းမာရေး ချို့တဲ့တတ်သည်။ အကယ်၍ချျချာလျှင်အသက်အန္တရာယ်ရှိနိုင်ပါသည်။ ယတြာများ၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ပါ။

**၄ ကြွင်း - အိမ်သဘော်သက်ရောက် ဟောကိန်း**

၄ ကြွင်း အိမ်သဘော် သက်ရောက်ကာလတွင် ကံကောင်းနေမည်။ အခြွေအရံ ကျေးကျွန်နှင့်ပြည့်စုံမည်။ သားသမီးအကျိုး ခံစားရမည်။ အိမ်တွင်းရေး သာယာမည်။ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမည်။ ရွှေ ငွေ၊ ရတနာ ရမည်။ ချမ်းသာကြွယ်ဝမည်။

**၅ ကြွင်း - အိမ်ပြာသာဒ်သက်ရောက် ဟောကိန်း**

အိမ်ပြာသာဒ် သက်ရောက်ကျသော ၅ ကြွင်းကာလ ရောက်သက်တွင် လူကြီးသူမ၏ စောင်မကြည့်ရှုခြင်းခံရမည်။ သားသမီးရတနာနှင့် ပြည့်စုံမည်။ ကံကောင်းနေသည်။ စီးပွားဖြစ်မည်။ လာဘ်လာဘ များစွာရမည်။



www.burmeseclassic.com

www.burmeseclassic.com

၆ ကြွင်း - အိမ်ကျိုးနား သက်ရောက်ဟောကိန်း

မိမိတွင်ရန်သူများမည်။ ကြိုးစည်လုပ်ကိုင်သောအလုပ်အကိုင်များမအောင်မမြင် ဖြစ်တတ်သည်။ လုပ်ကိုင်သမျှ ဖျက်စီးတတ်သည်။ အညွှံ့အသက်ရှိသည်။ ကံနိမ့်သောရောက်သက်ဖြစ်၏။ အိမ်ကျိုးနား သက်ရောက်ကာလတွင် စီးပွားရှာဖွေရာ၌ သတိကြီးစွာ ထားသင့်သည်။ စီးပွားပျက်တတ်၏။

၇ ကြွင်း - အိမ်ပြင်သက်ရောက်ဟောကိန်း

၇ကြွင်း အိမ်ပြင်သက်ရောက်ကာလသည် သင့်ကိုကံခေစေမည်။ ရှာဖွေသမျှ ရသမျှ မှမြဲပါ။ ဤကာလတွင် စီးပွားပျက်တတ်ပါသည်။ ပြိုင်ဘက်များ။ ရန်သူများ ပေါများနေမည်။ ကံကောင်းစေရန် ယတြာကောင်းမှုကုသိုလ်များပြုပါ။

၀ ကြွင်း - အိမ်တံကျင်သက်ရောက်ဟောကိန်း

အိမ်တံကျင် သက်ရောက်ကျသော ရောက်သက်တွင် ကျန်းမာရေးချို့တဲ့တတ်ပါသည်။ လုပ်ကိုင်ဆောင်ရွက်မှုများ အဆင်ပြေမည် မဟုတ်ပါ။ စီးပွားဥစ္စာများ ဆုံးရှုံးရတတ်ပါသည်။ စိတ်မချမ်းမသာဖြစ်ရတတ်သည်။ ကံနိမ့်နေသည်။ ကံကောင်းလာစေရန် ယတြာကောင်းမှုကုသိုလ်များ လုပ်ဆောင်ပါ။ မနက်အိပ်ရာထလျှင် နေ့စဉ် ဘုရားစာတစ်ခုခု ရွတ်ဆိုပါ။

ထွန်းထွေပါ(စိတ်မှုထဏ္ဍထိုင်ဆော)

❒

# အန္တရာယ်ကင်း ဂါထာတော်

## အောင်ဘုန်းမြင့်

မည်သည့်အရပ်ဒေသ နေရာဌာနမျိုး၌ဖြစ်စေ မြေကြမ်း၊ ချောကြမ်း၊ တောင်ကြမ်း၊ နယ်ကြမ်းလျှင်လည်းကောင်း၊ နာနာဘာဝ ဝိနာဘာဝ အစရှိသော မကောင်းဆိုးဝါး အမျိုးမျိုးတို့၏ နှောင့်ယှက်ဟန့်တား အထိန်းအတွယ် အကဲပြု ခံရလျှင်လည်းကောင်း၊ စုန်းတိုက်၊ နတ်တိုက်၊ အင်းတိုက်၊ အောက်လမ်း အစိမ်းတိုက်ခံရလျှင်လည်းကောင်း၊ ခပင်းသော မမြင်မတွေ့နိုင်သည့် ရန်အတိုက်အခိုက်များနှင့် ကြုံရလျှင်လည်းကောင်း၊ မကောင်းဆိုးဝါး မှန်သမျှကို ရွတ်ဆို၍ မောင်းထုတ် ဖယ်ရှားပေးနိုင်သည့် ဂါထာတော်ကို အများအကျိုးအလို့ငှာ ဖော်ထုတ် တင်ပြလိုက်ရပါသည်။

* ဥုံစတုဒီသာ — သီလဝန္တံ
* ဗျက္ခ ယက္ခ မဟာသက် — မနုဿဟုတ္တိ
* အဿစောရာနီ — သပ္ပေါရာဇာ
* သီဟေဒီပိ — ဒုရေဂတော

အထက်ပါ ဘေးရန်အန္တရာယ်ကင်း ဂါထာကို ရေခွက် (သို့) ရေဖလားတွင် ရေအနေတော်ထည့်၍ ဘယ်ညာ လက်ညှိုးနှစ်ချောင်းကို ရေခွက် (သို့) ရေဖလားထဲမှ ရေနှင့်ထိထားပြီး သုံးကြိမ်ရွတ်ဆို မန်းပေးခြင်းဖြင့် အန္တရာယ်ကင်း ရေမန်းကို ရရှိသည်။

ယင်းအန္တရာယ်ကင်းရေမန်းကို အိမ်၊ ခြံ၊ မြေ၊ အဆောက်အအုံများနှင့် အရပ်ကြမ်းသော နေရာဒေသများ၌ လက်ချောင်းငါးချောင်းနှင့် တောက်ဖျန်းဖျန်းပက်ပေးလျှင် မကောင်းဆိုးဝါးမှန်သမျှ အတားအဆီးမရှိ ကင်းပ ပျောက်ကင်း ချမ်းသာရစေနိုင်သည်။

အိမ်နှင့် အဆောက်အအုံ ဖြစ်မည်ဆိုပါက မီးဖိုဆောင်မှ အစပြု၍ အိမ်ရှေ့အရပ်သို့ တဖြည်းဖြည်းချင်း အန္တရာယ်ကင်းဂါထာတော်ကို ရွတ်ဆိုရင်း နေရာအနှံ့ တောက်ဖျန်းပေးပါမည်။

မြေနှင့် ခြံမြေ၊ လယ်ယာ တောင်ယာမြေဖြစ်ပါက သဲသန့် (သို့) မြေသန့်များကို ရေမန်းအစား အထက်ပါအတိုင်း ဘယ်ညာ လက်ညှိုးနှစ်ချောင်းကို သဲ(သို့)မြေနှင့် ထိထားပြီး အန္တရာယ်ကင်းဂါထာတော် သုံးကြိမ် ရွတ်ဆိုမန်းပေး၍ အရှေ့အရပ်မှ အနောက်အရပ်သို့ မျက်နှာမူကာ လက်ချောင်း ငါးချောင်းနှင့်ထိစေ၍ ပက်ဖျန်းရှင်းလင်းပေးနိုင်ပါသည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့် (ထချုပ်မြေ)

❒



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဝေအောင်ကျော်စိုး (ရွှေဖွဲ့တော်) လက်တွေ့အကျိုးပြီး ဖျက်လာဒိဖြစ်သောက်နည်း

တစ်နေ့သ၌ ကျွန်ုပ်ဗေဒင်ဟော [illegible] လှိုင်သာယာမြို့ဦးစေတီတော် [illegible]ဘက်စောင်းတန်းရှိ ဆိုင်သို့ လာနေကျလည်းဖြစ်သော ဗေဒင်ဆရာတစ်ပိုင်းလည်း ဖြစ်နေပြီဖြစ်သော စာရေးဆရာ၊ ကျူရှင်ဆရာလည်းဖြစ်သော ကိုစိုးနိုင်(မင်းသီဟရာဇာ)တစ်ယောက် အထုပ်များဆွဲလျက် ဆိုင်ထဲသို့ ဝင်ရောက်လာလေတော့သည်။

"ဆရာ၊ မိုးမိုးတို့ [illegible] ခဏသွား[illegible]ချင်လို့ ဒီအထုပ်ကလေးတွေ ခဏကိုင်ထား[illegible]ပေးပါ ခင်ဗျ"

"ဟ. . . မင်း[illegible]ကြီး [illegible]တွေတုန်း[illegible] များလှချည့်"

[illegible]မေး၍မရ မျက်နှာချင်းဆိုင်မှ [illegible]ဘက်ဆိုင်မှ လိုရာပန်း[illegible] [illegible]ပြောယူဆောင်လာ[illegible] [illegible] နှုန်း၍[illegible]ရောက်လာပြီးလျှင် . . .

"ဆရာ့ကို မီးခွက်ဈေးက ထိပ်တန်း မုန့်ဟင်းခါး ကျွေးချင်လို့ တကူးတက ဝယ်လာတယ်၊ ကဲ ထည့်မယ်၊ ဆရာကိုင်ထားရတာ အားနာပါတယ်၊ ကဲ ဟောဒီမှာ ရေနွေး၊ စားလိုက်ကြမို့ ဆရာရေ့၊ ဪ ဆရာကျော် မုန့်ဟင်းခါး ကြိုက်[illegible] မကြိုက် မမေးမိဘူး၊ ကြိုက်သသား၊ မကြိုက်ဘူးလားဗျာ"

"ကြိုက်ပါတယ် ဆရာရယ်၊ သိပ်ကြိုက်တာပေါ့ စားပြီ"

ဤသို့နှင့် ကိုစိုးနိုင်ကား တစ်ခုမဟုတ်တစ်ခု စားစရာပါလာတတ်ပြီး မည့်ခံကျွေးမွေးလျက် ပြီးလျှင်ကား ခရေဇေ့ဘွင်းကျ မေးလေတော့သည်။ မှတ်လည်းမှတ်သားလေတော့သည်။

ယနေ့တွင်လည်း မည်သို့သော အကြောင်းအရာများအား မေးလေဦးမည် မသိရသေး။ မုန့်ဟင်းခါးများ ဝယ်လာလျက် ဆရာအား လောကဝတ်ပျူငှာ ဆောင်ရွက်လျက် ၎င်းမေးမည့် ကိစ္စများကိုတော့ တစ်လုံးတစ်ပါဒမျှ မဟသေးပေ။

[illegible] [illegible] သောက်၍ ပြီးလေသော[illegible] ကျွန်ုပ်ကပင်လျှင် စတင်မေးမြန်းရလေတော့သည်။

"ကဲ ဗိုက်ကတော့ တင်းသွားပြီ၊ ဆရာစိုး လာရင်းကိစ္စကို စနိုင်ပါပြီဗျာ"

"အင်း ဒီတစ်ခါတော့ ကျွန်တော်က ဆရာကျော်ကို ဖောက်သည်ချရမှာ၊ မကြာမီ ဆောင်းပေါက်တော့မှာဆိုတော့ အိမ်အသစ် ပြန်ဆောက်ရတော့မယ်၊ အဲဒီမယ် ကျွန်တော်တို့ ဆရာ့မိတ်ဆွေကြီး ဇေအောင်မြေသာယာဝတ်တော်ကြီး ဂေါပက၊ အစဉ်တည်းက ဗေဒင်ဆရာကြီးလဲဖြစ် အခု စာရေး





www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးလဲဖြစ်တဲ့ ဆရာကြီးဆန်းဝင်း (အောင်မြေ)ရဲ့ ဆောင်ရွက်အောင်မြင်ပုံလေး ဖောက်သည်ချမယ်ဗျာ"

"ဩော် ဟုတ်လား၊ ဘယ်လို အောင်မြင်မှုမျိုး၊ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ ကိုစိုးနိုင် သေသေချာချာ သိခဲ့ရသလားဗျာ"

"အိုး. . . သိခဲ့ရတာတင်မကဘူး၊ နည်းလမ်းကိုလဲ လျှလိုက်သေးတာဗျ"

"ကဲ . . . ဒါဖြင့် ပြော၊ ဘာ အကြောင်းအရာလဲ မှတ်သားရမှာပေါ့၊ မင်းသီဟရာဇာရယ်"

"ဒီလိုဗျ၊ ဆရာကြီးက ပြောတယ်"

"မောင်စိုးနိုင်၊ ငါ အိမ်ဆောက်မလို့ ဆရာသမားများနည်းအရ မင်္ဂလာအိမ်ဆောက်နည်း စမ်းကြည့်မယ်၊ ငါ အောင်မြင်မှုရရင် အားလုံးမျှဝေလှူဒါန်းမယ်၊

ငါက အရင် ဒီနည်းအတိုင်း ဆောက် ကြည့်မယ်ဆိုပြီး ၂၀၀၆ ခုနှစ်၊ တပို့တွဲလထဲမှာ ဆရာကြီး အိမ်ဆောက်တယ်ဗျာ"

"အင်း . . . ဆောက်ပြီးရော ဘယ်လိုထူးခြားမှုတွေ ပေါ်လာသတဲ့လဲဗျ"

"ပြောမယ်လေ၊ အဲဒါနဲ့ တပို့တွဲလမှာ ဆရာကြီး အိမ်ဆောက်ပြီးရောဆိုပါတော့၊ အိမ်ဆောက်တဲ့အခါမှာ ဂန္ထိရသမားပီပီ အိမ်နဲ့ ပတ်သက်တဲ့ အကောင်းဆုံးအစီအရင်တစ်ခုကို လုပ်တယ်တဲ့ဗျ"

"အင်း. . . အဲဒီအစီအရင်ပြီးရင်တော့ ခင်ဗျား အသေအချာ ရှင်းပြရလိမ့်မယ်နော်"

"စိတ်ချ၊ အဲဒီကိစ္စပြောချင်လို့ကို လာတာ မပူနဲ့၊

တပို့တွဲ၊ တပေါင်း၊ တန်ခူးလ သင်္ကြန် အကြိုနေ့မှာတော့ ကျုံစုရွာထဲမှာ အတူနေတဲ့ တစ်ရွာသားချင်းလဲ ဖြစ်တဲ့ လှိုင်သာယာမြို့နယ်(စာတိုက်)က ဝန်ထမ်း ဘသာအောင်ဆိုတဲ့ လူတစ်ယောက်က ဆရာကြီးအိမ်ကို မနက်စော စော ရောက်လာသတဲ့ဗျ"

"ဇာတ်လမ်း စလာပြီ၊ ဆက်ပါ ဆက်ပါ"

အဲဒီလို ရောက်လာပြီး . . .

"ဆရာကြီး ဦးဆန်းဝင်း"

"အေး. . . ဘသာအောင် ကိစ္စ ပြောကွ"

"ဆရာ GSM ဖုန်းလျှောက်ထားတာ သိလား ဆရာ"

"အဲ. . . ငါ့မိတ်ဆွေတစ်ယောက်က နာမည်တွေ ဘာတွေ လာပြီး ဗေဒင်ဆိုင်ခန်းမှာယူပြီး ဖုန်းလျှောက်ပေးမယ်လို့တော့ ပြောသွားတယ်၊ အင်း. . . လျှောက်ထားတယ်၊ ပြောရမှာပေါ့"

"ဒါဆို မှန်ပါတယ်၊ ဟောဒီမယ် ဆက်သွယ်ရေးက ခေါ်စာ လာတယ်၊ ဆရာ့အမည်နဲ့ . . ."

"ဟုတ်လား၊ အင်း ဒါဆို ကံကောင်းတာပေါ့ ဘသာအောင်ရာ၊ ပေးစမ်းပါဦး စာအိတ်"

"ဆရာကြီး၊ တကယ်လို့ ရောင်းမယ်ဆိုရင် ကျွန်တော့်မှာ ဝယ်လက်တွေ ရှိတယ်၊ ရောင်းရင်ပြောပါ၊ ပြီးတော့ ကျွန်တော့်လဲ မုန့်ဖိုး လက်ဖက်ရည်ဖိုး လေးပါ ပေးပါနော်"

"ဘယ်လောက် ပေးရမလဲဟ ဘသာအောင်ရ"

"တစ်သောင်းလောက်ပါ ဆရာကြီး"

"အေးပါ ငါ အစီအစဉ်လုပ်ပါဦးမယ်၊ သင်္ကြန်တွင်းကြီး စောင့်နေရဦးမှာကွ"

"ဆရာ၊ အခု ဈေးက ၃၀ ကျော်လောက်ပေါက်နေတယ်"

"အေးပါ အေးပါ ပေးရမှာပေါ့ကွာ"

"အဲဒါနဲ့ ဆရာဦးဆန်းဝင်းက ပေါ်ခါစ သိန်း ၃၀ ကျော်တန်တဲ့ GSM ဖုန်းကိစ္စကို သူ့သူငယ်ချင်းကပဲ အဲဒီရုံးမှာ ဆောင်ရွက်ပေးလို့ အဲဒီမှာ စာရွက်စာတမ်းကို လက်လွှဲရောင်းလိုက်တာနဲ့ (၁၅ သိန်း ၇ သောင်းနဲ့အပြတ်) ရောင်းခဲ့ပြီး (၂၀-၄-၂၀၀၆) နေ့ ညနေ ကားငှားပြီး ပြန်လာခဲ့သတဲ့"

"ပြောချင်တာက အိမ်ဆောက်ပြီးတာနဲ့ အကျိုးထူး တော်ရသွားတယ်ပေါ့"

"အမှန်ပေါ့၊ သူကိုယ်တိုင် ဒီ အိမ်ဆောက်ရာမှာ ဒီအစီအရင်တို ဆောင်ရွက်ကြည့်တာ အောင်မြင်တော့ အများအတွက် အကျိုးများအောင် ဖြန့်ဝေလှူဒါန်းတာပေါ့ဗျာ"

"အင်း အခု GSM က ၁၅၀၀ ပဲရှိတော့တာ၊ အဲဒီတုန်းက ဒါဆို ဆရာကြီး ကံကောင်းတာပေါ့နော်"

"ဟဲ့လဲကောင်း၊ ဒီမင်္ဂလာအိမ်ဆောက်ပုံကိုလဲ မှတ်တမ်းရသွားတာပေါ့ ဆရာကျော်ရဲ့"

"ကဲ ဒီလောက်တိကျပြီး ဆရာကြီးကိုယ်တွေ့လဲဖြစ်တဲ့ အဲဒီ မင်္ဂလာ အိမ်ဆောက်ပုံဆောက်နည်း စပေတော့ ကိုစိုးနိုင်ရေ"

"ပထမဦးဆုံး လိုအပ်တဲ့ပစ္စည်းက အကြွေစေ့ပဲဗျ၊ အကြွေစေ့ ရရာ (မတ်စေ့ချည်းရလျှင်ကား ဆိုဖွယ်မရှိ) စုစုပေါင်း ၄၅ စေ့ ရှာထားရမယ်တဲ့ဗျား"

"ဩော် အကြွေစေ့လိုသပေါ့ ရှာရမှာပေါ့"

"အိမ်ပန္နက်ရိုက်ပြီး တိုင်ကျင်းတူးပြီး အုတ်ဖိနပ် (ဘုတ်တိုင်) ထူချိန်မှာ အကြွေစေ့တွေကို တိုင်ကျင်းတွေထဲ ထည့်ရမှာ၊ အကြွေစေ့ ၄၅ စေ့ကို ဖလားတစ်ခုထဲမှာ ရွှေငွေရရာနဲ့ အတူ ရောပြီး အမွှေးနံ့သာရည်နဲ့ စိမ်ထားရမယ်၊

ပြီးရင် သတ်မှတ်တဲ့ တိုင်စဉ်အတိုင်း သတ်မှတ်ဂဏန်းအရ အကြွေစေ့ကို ထည့်ရမယ်"


"ဒါဆို ပုံစံပြစမ်းပါဦး"

"ဒီမယ်ကြည့်၊ သုံးပင်အိမ် တိုင်ကိုးလုံး မူလယူထားပုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com




"အိမ်ခြေရင်း ခေါင်တိုင်ကစပြီး ခေါင်းရင်းဘက်ကို တစ်၊ ငါး၊ ကိုး၊ လေး လိုရာပေးနေရေး မခက်ပါလို့ဆိုတဲ့ အတိုင်း တစ်စေ့ထည့် အလယ်ခေါင်တိုင်၊ ငါးစေ့ထည့် ခေါင်းခေါင်တိုင်၊ ကိုးစေ့ထည့် လက်ခံဥရုတိုင်၊ လေးစေ့ထည့် ဒါမူရင်းပဲ၊ အဲဒီဂဏန်းကိုမူထားပြီး တိုင်သုံးလုံးတန်းပြီး ၁၅ စေ့ ဖြစ်အောင် ပုံအတိုင်း ကျန်တဲ့ တိုင်ကျင်းတွေကို အကြွေစေ့ထည့်ရမယ် ဆရာကျော်"

"ဘယ်လိုတန်းတန်း အလျား၊ အနံ သုံးလုံးတန်းရင် ၁၅ ‌ေကြိက် အောင် ထည့်ရမယ်ပေါ့"

"မှန်ပါတယ်၊ ပညာသားပါပါပဲ နော့"

"အကြွေစေ့ ထည့်တော့ ဘာလုပ်ရသေးသလဲဗျ"

"အကြွေစေ့ကို တစ်တိုင်တစ်တိုင်ထည့်တိုင်း တစ်စေ့ကိုတစ်ခေါက် ဟောဒီဂါထာကို ရွတ်ရမယ်"

"ဩြောင်းနမောဗုဒ္ဓဿ၊ ဗုဒ္ဓေါ ကုဏ္ဍသဃ အကာလီကော မေ သိဒ္ဓိ" ဆိုပြီး အကြွေစေ့ တစ်စေ့ထည့်တိုင်း ရွတ်ရပါမယ်၊ လေးလေးနက်နက် ရွတ်ရမယ်"

"ဩော် ဂါထာက မန္တန်အမျိုးအစားဗျ၊ အတော်ကောင်းပုံပဲ"

"ကဲ . . . ဆရာကျော်၊ ပွဲတွေ့ အကျော်မင်္ဂလာအိမ်ဆောက်နည်းကို ဆရာကြီးက မခြွင်းမချန် ကျွန်တော့်ကို ရှင်းပြ ဒါနပြုလိုက်တဲ့အတွက် ဆရာကျော်က လပြည့်ဝန်းမဂ္ဂဇင်းပရိသတ်ကြီးကို ဖြန့်ဝေဒါနပြုဖို့ပဲ ကျန်တော့တယ်"

"အင်း. . . လုပ်ရမှာက မခဲယဉ်းတာတော့ မှန်တယ်၊ အကြွေစေ့က ခုခေတ် တော်တော်ရှားသွားတော့ နည်းနည်းခက်သဗျ"

"အို . . . လမ်း(၃၀) ရွှေဘုံသာလမ်းမှာ အပုံလိုက်ရောင်းနေတာ တွေ့ပါတယ်၊ ဝယ်ပေါ့ဗျာ"

"ဟ . . . အခု ပေါ်ပေါ်ထင်ထင် အရင်လို မရောင်းဘူးဗျ၊ ထားပါတော့၊ အိမ်တိုင်တွင်း ၉ တွင်းကို ပထမမတည် စာဆိုအတိုင်း 'တစ်၊ ငါး၊ ကိုး၊ လေး လိုရာပေး နေရေးမခက်ပါ' စာဆိုအတိုင်း စနစ်တကျ ဆောင်ရွက်နိုင်မယ်ဆိုရင် ကာယကံရှင် ကံအလျောက် အပွင့်စာတ်တွေရရှိပြီး ကြီးပွားကြမယ်ဆိုတာ ဆရာကြီးဦးဆန်းဝင်းကို ဥပမာပြရတော့မှာပေါ့"

"မှန်တယ်၊ ကျွန်တော်လဲ အခုနွေ အိမ်ဆောက်မှာဆိုတော့ ဆရာကြီးနည်းအတိုင်း စမ်းကြည့်ကြစို့"

"အိုး . . . စမ်းစရာ မလိုဘူး၊ ဒေါင်ဒေါင်မြည် အာမခံတယ်၊ သေသေချာချာ မှန်မှန်ကန်ကန်သာ လုပ်၊ အကျိုးပေးရမယ်"

"အာမခံတယ်ပေါ့"

"သေချာတာပေါ့ဗျာ"

"ကိုင်း . . . ဒါဆို ကျွန်တော်လဲ စာဖတ်ပရိသတ်ကို ဖြန့်ဝေ ဒါနပြုဖို့ အဆင်သင့်ပဲဗျာ"

"ဟော. . . ကဲ လက်ဖက်ရည် ရောက်လာပြီ၊ ကဲ နားရင်းနဲ့ သောက်ကြဦးစို့ ဆရာကျော်ရေ . . ."

"ကောင်းပါပြီ ခင်ဗျာ၊ သောက်လိုက်ပါဦး"



ကျမ်းကိုး

ရှေးဆရာကြီးများ၏ မင်္ဂလာအိမ်ဆောက်နည်း။

ဆရာဦးဆန်းဝင်း၏ ကိုယ်တွေ့ဖြစ်ရပ် မှတ်စု။

ဆရာအောင်မြတ်ခိုင် (မြစေတီ)

□





www.burmeseclassic.com

www.burmeseclassic.com

ကြည့်မှန်းစာ

၊အောင်မြသာယာ၊



# အင်္ဂဝိဇ္ဇာ သောကြာအခါတွင်းမှ မှားကြပုံများ

အင်္ဂဝိဇ္ဇာပညာခန်းအရ သောကြာအခါသည် အရှုးတစ်ယောက်ကဲ့သို့ အမှားအယွင်းများ ပြုလုပ်နေကြရဆဲနှင့် ပြုလုပ်တော့မည်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သင်ယူခဲ့ရပါသည်။ သိသာထင်ရှားစွာ လွဲချော်မှားယွင်းနေလျှင် ဆရာဖြစ်သူက မဟုတ်ပါဘူး၊ မှားနေပါငယ်ဟု ဘယ်လောက်ပင် ပြောသည်ဖြစ်စေ လက်မခံကြပါ။ ကြာသပတေးဂြိုဟ် ကိုယ်စားပြု ဥဂဏန်းနေရာကိုကြည့်လျှင် ခိုက်နေရာရောက်နေပါသည်။ ခိုက်အားကြီးလျှင် ကြီးသလောက် ပြဿနာပိုကြီးပါမည်။ ဟောပြောနေသူကိုပင် မယုံသင်္ကာ မျက်လုံးနှင့် ပြန်ကြည့်တတ်ပါသည်။

ကျွန်ုပ်ကလည်း ရုပ်ဝတ္ထုများဖြင့် အထင်ကြီးခံရအောင် (သို့မဟုတ်) ရှိန်သွားအောင် ပြင်ဆင်ထားခြင်း ဘာမျှမရှိပါ။ ကျွန်ုပ်၏ဆိုင်းဘုတ်က သေးသေးပါ။ ထိုအထဲမှာ ဆရာဟူ၍ မရေးထားပါ။ အနီးအနားနှင့် ခင်မင်သူများက ဆရာလို့ ဘာကြောင့် မရေးတာလဲဟု မေးကြပါသည်။ ကျွန်ုပ် ကောင်းကောင်း ရှင်းပြပါသည်။ သူတို့ကတော့ သိပ်နားလည်ဟန် မရှိပါ။ ကျွန်ုပ်ရှင်းပြပုံမှာ. . .

"ကျုပ်ထက်တတ်တဲ့သူ တော်တဲ့သူတွေ အများကြီးရှိတယ်၊ သူတို့တစ်တွေရဲ့ ဆိုင်းဘုတ်မှာ ဆရာကြီးလို့ မရေးသေးဘူးဗျ၊ ဆရာလို့ပဲ ရေးသေးတယ်၊ အဲဒီဆရာတွေကို အားနာလို့ပေါ့ဗျာ"

ဒါကတော့ ကျွန်ုပ်ရဲ့ခံယူချက်ပါ။ ယခု ဖော်ပြမှာကတော့ သိသိသာသာ မှားနေပြီး အရူးတစ်ယောက်ပမာ ဖြစ်နေသူကို ပညာခန်းနှင့် ယှဉ်ပြပါမည်။ မကြာသေးမီကပါ။

သောကြာ အခါတိုင်အတွင်း အမျိုးသမီးနှစ်ယောက်ဝင်လာပါသည်။ ပထမ အမျိုးသမီးတစ်ယောက်မှ သူ၏ အမျိုးသားအတွက် မေးပါသည်။ မွေးသက္ကရာဇ်ပေးပြီး တွက်စစ်လိုက်ပါသည်။ အခါတိုင်အရ ပညာ မမှားရအောင် အသေအချာ တွက်စစ်ပါသည်။ ထို့နောက် စတင်ပြောဟောပါတော့သည်။

ကျွန်ုပ် ဟောနေစဉ်အတွင်း သူမကို အကဲခတ်မိပါသည်။ စိတ်တိုင်းမကျ ဖြစ်နေပါသည်။

ကျွန်ုပ် ဟောနေသည်ကိုပင် မကြည့်တော့ပါ။ အဖော်အမျိုးသမီးကို လှည့်ကြည့်နေပါသည်။ ဟောပြီးသောအခါ သူတို့နှစ်ယောက် ကျွန်ုပ်ရှေ့တွင် မျက်လုံးချင်းဆိုင်၍ မေးထိုးနေကြ၏။ အခါတိုင်၏ သဘောဓာတ်များ ဝင်လာပါပြီ။ ကျွန်ုပ် သတိထားရပါတော့မည်။ အဖော်ဖြစ်သူက ပြောပါသည်။

"ဆရာ မှန်တယ်လို့ ညွှန်လိုက်လို့ လာမေးတာပါ ဆရာ၊ သေသေချာချာ တွက်ကြည့်ပါဦး"

သောကြာအခါရဲ့ သဘောကို ညွှန်ပြတဲ့ဆရာ့ဆရာကြီးတွေကို အကြိမ်ကြိမ် ဂါရဝပြုပါတယ်ဗျာ။ အင်္ဂဝိဇ္ဇာပညာရဲ့ အတိမ်အနက်ကို မသိသေးပါ။ နက်နဲမှုရှိလျှင် ခက်ခဲတတ်ပါသည်။ ယခု ကျွန်ုပ်ဟောတာကို မကျေနပ်လို့ ဓာဒက တက်နေပါပြီ။





www.burmeseclassic.com

www.burmeseclassic.com

ပေဒင်ဆရာ ဆိုတာကတော့ ဘာမို့လို့လဲ၊ သူလည်း သောကြာအခါရဲ့ အပြင်ဘက် ရောက်နေသူ မဟုတ်ပါ။ အရူးကြီး အရူးလေးသာ ကွာပါမည်။ အရူးပါးတော့ မဖြစ်နိုင်ပါ။ အရူးမပါးလို့ အရူးထနေတာပါ။ ပုထုဇဉ်မဟုတ်လား။ မရူးပါဘူးဆိုရင် သူက အရိယာဖြစ်ပြီလားဟု မေးရပါမည်။

အဖြေရတာက ဖုန်းဆက်ခဲ့တယ်ဆိုတဲ့ စကားပါ။ အခုတင်ဆိုတော့ အခါတိုင်ထဲမှာ အကျွမ်းဝင်နေပါပြီ။ ဖုန်းဆိုတဲ့ ကြာသပတေးနံ ခိုက်နေဆဲမှာ အခိုက်စကားတွေသာ ထပ်ခါတလဲ ပြောနေပါသည်။ ထိုဖုန်းဆက်သောနေရာတွင် တစ်ခုခုလွဲနေပြီကို သိလိုက်ပါသည်။ ဘာတဲ့. . . ကာလီမန်နဲ့ ဒုန်းသီး ခွဲမလို့တဲ့လေ။ တော်သေးတာပေါ့ဗျာ. . . တကယ်ပါပဲ။

ပေဒင်ဆရာ ဆိုတာ အဲဒီလိုပါခင်ဗျာ။ အဲဒီလိုရနေတဲ့ ငွေကြေးတွေဟာ ပူမလား၊ အေးမလား၊ စဉ်းစားကြည့်ပါ။ မမှန်ကန်တဲ့ နည်းလမ်းတွေနဲ့ လုပ်စားကြသူများကို တွေ့ဝံ့စရာမရှိပါ။ ကိုင်းရှိစေတော့။ ယခုတစ်ခါ မထင်မရှားသော၊ မသိသာသော လွဲမှားနေမှုကို တွေ့ဆုံဟောပြောနေသူ ပေဒင်ဆရာကိုပါ အရူးစာတ်များ သိမ်မွေ့စွာ စိမ့်ဝင်တတ်ပါသည်။ သို့ပေမယ့် ပညာရင့်ကျက်သူအဖို့ ချက်ချင်း သိနိုင်ပါသည်။

သူကတော့ ဝါးခယ်မမြို့ကလာတဲ့ ဧည့်သည်ပါ။ ကျွန်ုပ်၏ အလုပ်ခန်းရှေ့ကို တက္ကစီကားတစ်စီး ထိုးဆိုက်လာပါသည်။ အခါတိုင်ကတော့ သောကြာပါပဲ။ ကားတံခါးပိတ်သံက လိုတာထက်ပိုနေပါသည်။ ဒါမျိုးက တောသားတွေ လုပ်တတ်ကြပါသည်။ အရပ်အမောင်းကောင်းကောင်း၊ ဥပဓိရုပ် ကောင်းကောင်းနှင့် အမျိုးသားကြီးတစ်ဦး ထိုကားပေါ်မှ ဆင်းလာပြီး ကျွန်ုပ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာပါပြီ။ ကိုက်ပုံအကျီ အနက်ရောင် ဝတ်ဆင်ပြီး နေကာမျက်မှန် တပ်ထားပါသည်။

ပုံစံကတော့ တိုက်ပုံနဲ့ မျက်မှန်နဲ့ပါပဲ။ စကတည်းက ရင်သကိုပါ။

"မင်္ဂလာပါ ဆရာ၊ ထိုင်မယ်နော်"

"ဟုတ်ကဲ့ ထိုင်ပါခင်ဗျာ"

"ဇာတာလေး တစ်ချက်လောက် စစ်ကြည့်ပေးပါ ဆရာ၊ ကျွန်တော်က သုံးညကြွင်းတဲ့သောကြာသားပါ၊ အထွန်းဖွားပေါ့ ဆရာ၊ အသက်က ခြောက်ဆယ်ထဲမှာပါ"

စပြောကတည်းက ဤလိုပါ။ ကြာကြာနေရင် ပေဒင်ဆရာကို ပေဒင် ပြန်ဟောဦးမယ့် ပုံပါပဲ။

"ဆရာကြီး နာမည် ပြောပါခင်ဗျာ"

"အင်း. . . နာမည်အရင်းက ဦးသုတပါ၊ အဲ. . . ဆေးကုတော့ ပြဒါးလို့ ပေးထားတယ်ခင်ဗျာ၊ ဒါက ဒီလိုရှိပါတယ် ဆရာ၊ ပြဒါးဆိုတာကလဲ သုတပါပဲ ခင်ဗျ၊ ဆေးကျမ်းနဲ့ အဂ္ဂိရတ်ကျမ်းတို့ ဝိဇ္ဇာပညာကို လိုက်စားတဲ့အခါ ပါဠိကို အနက်ပြန်ရတယ်မို့လား၊ အဲ. . . အဲဒီလိုပါ"

"ဆရာကြီး ဘာလုပ်ပါသလဲ ခင်ဗျာ"

"ကျွန်တော် ဆေးကုပါတယ်၊ အခု ရန်ကုန်ကို ဆေးပစ္စည်းလာဝယ်တာပါ၊ နေတာက ဝါးခယ်မမှာပါ"

ကျွန်ုပ်ကိုတိုင်လည်း ကျမ်းစာအုပ်တစ်ခုတွင် သုတနှင့် ပြဒါးဆိုသည်မှာ အတူဖြစ်သည်ကို တွေ့ဖူးပါသည်။ မဟာဘုတ်ပညာကိုလည်းကောင်းကောင်း သိထားနေပုံရပါသည်။ လူရည်သန့်ပြီး ဥပဓိရုပ်ကောင်းနေသဖြင့် ဆေးဆရာကြီးတစ်ဦး ဖြစ်လိမ့်မည်ဟု ယူဆပါသည်။ မြန်မာတိုင်းရင်းဆေးဆရာတိုင်း မဟာဘုတ်ပညာကို တတ်ကျွမ်းကြ၍ ဖြစ်ပါသည်။

"ဆရာ့ကို ပြောရပါဦးမယ်ဗျ၊ ပြဒါးလို့ နာမည်ပြောင်းလိုက်တာ ကျွန်တော့်အဖို့ ပိုကောင်းလာသလားလို့ အဲဒါလေးလည်း စစ်ကြည့်ပေးပါ၊ ဝိဇ္ဇာလိုင်းမှာ ပြဒါးကို ဘယ်သူမှ မကာင်းဘူးဆရာ၊ ဒီပြဒါးကိုက သိဒ္ဓိရှိပြီးသားပဲလေ၊ ကျွန်တော်က သုတလေ၊ သုတနဲ့ သိဒ္ဓိကြားမှာ ပြဒါးဆိုတာရှိတယ် ဆရာရဲ့၊ ကဲ ကဲ. . . ဟောပါ. . . ဟောပါ"

ကျွန်ုပ်စိတ်ထဲမှာ မသက်သာတော့ပါ။ အခါတိုင်အရ တစ်နည်းနည်းနဲ့ လွဲချော်နေရမှာပါ။ ထိုပုဂ္ဂိုလ်ကြီးက မျက်မှန်မချွတ်သေးပါ။ ကျွန်ုပ်ပညာကို ဘောင်မကျော်ချင်ပါ။ ထိုအချိန်တွင် ပုဂ္ဂိုလ်ကြီးက အကျီအိတ်ထဲမှ ဘောက်ချာစာရွက်တစ်ခုကို ထုတ်ကိုင်လိုက်ပါသည်။ ဆေးဝယ်လာသော ဘောက်ချာဖြစ်လိမ့်မည်ဟု ယူဆပြီး မေးကြည့်လိုက်ပါသည်။

"ဦးလေးအဲဒါဘောက်ချာလား"

"ဟုတ်ပဗျာ၊ ဆရာ့ကို ပြမလို့"

သူပေးလာသော ဘောက်ချာကို အသေအချာ ကြည့်လိုက်ရာ ကျွန်ုပ်မျက်လုံးပြူးသွားပါသည်။ သူပေးသော ဘောက်ချာသည် စိတ်ကျန်းမာရေးဆေးခန်းတစ်ခုမှ ဆေးဘောက်ချာဖြစ်နေ၏။ ဆေးဝယ်သူအမည်က ဦးပြဒါးတဲ့။ ဆေးစာရွက်အောက်မှာ လေးလတစ်ကြိမ် လာပြဖို့ ဆရာဝန်လက်ရေးကို တွေ့ရပါသည်။

အထင်နှင့်အမြင်က တက်တတ်စင် လွဲနေတော့၏။ ထိုပုဂ္ဂိုလ်ကြီးတာ စိတ်ရောဂါရှိသူ ဖြစ်နေပါသည်။ ပေဒင်ဆရာ အရှက်ကွဲတော့ဖို့ သီသီကလေး လိုတော့သည်။ ကျေနပ်အောင် ဟော ပေးလိုက်ရပါသည်။ သို့မဟုတ်ပါ ထမည့်ပုံမဟုတ်ပါ။ ကျွန်ုပ်မှ တစ်ခွန်း ဟောလေတိုင်း ဟုတ်လိုက်တာဗျာ၊ မှန် လိုက်တာဗျာလို့ ပြောရှာပါသည်၊ သူ ပြောလေ ကျွန်ုပ် ကြက်သီးထလေပါပဲ။

ကျွန်ုပ်အဖို့က သူလိုလူမျိုးအ ဘယ်လိုဖြစ်နေမည်ကို မှန်းဆနိုင်ပါပြီ။ ထိုအရာတွေကိုပဲ ပြောလိုက်ပါသည်။ လိမ်ဟောတာမျိုးတော့ မဟုတ်ပါ။ အကြောင်းလေးပါးထဲမှ တစ်ပါးပျက်စီး နေသူကို ကျွန်ုပ်တို့လို ပုထုဇဉ်များ

www.burmeseclassic.com

မတတ်နိုင်ပါ။ ရှင်းရှင်းပြောရလျှင် အရှေ့တို့ ဗေဒင် မဟောပါ။ ထို့ကြောင့် သူ့စိတ်ကျေနပ်ရာများကိုသာ ပြောလိုက်ပါသည်။ အကယ်၍ လိမ်မဟောကောင်းပါဟုဆိုခဲ့လျှင် သူပြောတဲ့မွေးသက္ကရာဇ်တွေကို အမှန်ဟု ယူဆနိုင်ဖွယ်ရာလည်း မရှိပါ။

သောကြာအခါတိုင်အတွင်းတွေ့ဖူးသော အမှားအယွင်းများကို ပြော၍ မကုန်နိုင်ပါ။ ဗေဒင်ဟောနေစဉ် မဟုတ်ခဲ့လျှင်လည်း ၎င်းအချိန်ရောက်လာပါက ပတ်ဝန်းကျင်တွင် သောကြာအခါ၏ သဘောများကို တွေ့နိုင်ပါသည်။ အင်္ဂဝိဇ္ဇာပညာသည် လွန်စွာ ဂမ္ဘီရဆန်ပါသည်။ နက်နဲသော ပညာဖြစ်၍ နက်နက်နဲနဲ တွေးခေါ်လိုက်ပြန်တော့လည်း ထိုသို့မဟုတ်ဘဲ ထင်သာမြင်သာ သိသာနေပြန်၏။ ထိုအခါ သိသာထင်ရှားနေတာကို ယူဆလိုက်ပြန်ရာ ထိုသို့မဟုတ်မူဘဲ မထင်မှတ်သောအရာမှာ ဖြစ်နေပြန်၏။ ဉာဏ်ကြီးရှင်တို့၏ အရာသာဖြစ်ပါသည်။

မထင်မှတ်သော နေရာဆိုသည်မှာ အမျိုးအစား ကွဲပြားကြပါသည်။ ကျွန်ုပ်မှာတော့ ဉာဏ်မကြီးသူ ဖြစ်၍ အတည့်ကောက်သည်က များခဲ့ပါ၏ဟု ရိုးသားစွာဝန်ခံပါသည်။ မေးသောသူ၏ စကားအသံကို အတည့်ယူခဲ့ပုံကို တင်ပြပါမည်။

အခါကတော့ သောကြာအခါပါပဲ။ ထုံးစံအတိုင်း ဘယ်လိုပုံစံမျိုးတွေနဲ့ လာလိမ့်မလဲလို့ မမျှော်လင့်ပါ။ ကျွန်ုပ်က စာအမျိုးမျိုး ရေးသူဖြစ်၍ ကိုယ့်နေရာနှင့်ကိုယ် အမြဲငြိမ်သက်နေတတ်ပါပြီ။ လာ့ပါပြီ၊ကလေးအမေတစ်ယောက် ပုံစံက ပြုံးတုံးပြာတာနဲ့ပါ။ တစ်ခုခုကို ကြောက်နေပုံလည်း ရပါတယ်။ အခါ ဗိုက်နာလာတဲ့ပုံပါ။ သူတို့ ဗိုက်အနာပျောက်သွားရင် လာမှာ မဟုတ်ပါ။ ဗေဒင်ဆရာတွေက အဲဒီလိုပါ။

"ဆရာ. . . ရွှေ. . . ရွှေပျောက်လို့. . . ဆရာ"

"ဘယ်သူ့ရွှေလဲ"

"ဒီ ကျွန်မသမီးလေးကို မနေ့တမှ သူ့အဖေက နားဆွဲလေးတွေ ဆင်ပေးတာ၊ သူ့အဖေက သွေးဆိုးတယ်ဆရာ၊ ပြန်လာလို့ မတွေ့ရင် ကျွန်မကိုသတ်မှာ ဆရာ၊ ကယ်ပါဦး ဆရာ"

တွေ့လိုက်သမျှတွေက ဒါမျိုးတွေပါပဲ။ ဗေဒင်ဆရာကို တန်ခိုးရှင်များ မှတ်နေ ထင်ပါ၏။

"ဘယ်မှာ စပျောက်တယ်ဆိုတာ ပြောပါဦး"

"အခု. . အခုလေးတင်ပါ ဆရာ၊ ကျွန်မ နို့တိုက်ပြီးတော့ သမီးလေးနားဆွဲ တစ်ဖက် မရှိတော့ဘူး ဆရာ"

သူတို့သားအမိနှစ်ယောက် မွေးနေ့ မေးကြည့်ပါသည်။ နှစ်ယောက်လုံး ဗုဒ္ဓဟူးသမီးများ ဖြစ်နေ၏။ ပျောက်တာက ရွှေဆိုတော့ ဗုဒ္ဓဟူးနံပါပဲ။ အင်္ဂဝိဇ္ဇာပညာအရ အခါတိုင်၏အထက် သုံးနေရာသည် နဝင်းနေရာများ ဖြစ်ပါသည်။ သက်ရှိသက်မဲ့များ အထက်မှာ တစ်နေရာတည်း စုနေပါသည်။ ၎င်းရွှေပြန်ရမှာ သေချာနေပါသည်။ ဘယ်လိုပုံမျိုး ပြန်ရမည်ဆိုသည်က အဓိကဖြစ်နေပါသည်။

ကျွန်ုပ်ရှေ့က အင်္ဂဝိဇ္ဇာဇယားကို အသေအချာကြည့်နေပါသည်။ ကလေးနားရွက်မှာ ရှိသေးသော နားဆွဲတစ်ဖက်ကို အကဲခတ်လိုက်ပါသည်။ ပြုတ်ထွက်နိုင်ပါသည်။ သူမပြောသော စကားကို အတည့်ယူလိုက်ပါမည်။ နို့တိုက်ပြီးမှ မရှိတာဆိုသော စကားသည် စနေနံ့အသံထွက်နေပါသည်။ ခိုက်နေရာမှာ မဖြစ်နိုင်ဟု ယူဆပါသည်။ သို့ဆိုလျှင် နားဆွဲလေးတစ်ဖက်လှောက်တော့ သူမ၏နို့သီးက ဖိကောင်းဖိနိုင်ပါသည်ဟု ယူဆလိုက်ပါသည်။ ကလေးအမေ ဖြစ်၍ဝတ်စားပုံက ဖိုသီဖတ်သီနိုင်ပါသည်။

"ကဲ. . . သမီး၊ ဟိုဘက်ကိုလှည့်ပြီး ဘော်လီအကျီကြားထဲကို ရှာကြည့်စမ်းပါ"

ကျွန်ုပ်ကို ကျောပေးပြီး သူမ၏ ဘော်လီအကျီကို လှန်လိုက်ပါသည်။

**လှန်လိုက်သည်နှင့် နားဆွဲလေးတစ်ဖက် သူမခေါင်းပေါ်တို့ ပြုတ်ကျသွားတာ မြင်လိုက်ပါသည်။**

"ဟယ်တော့်. . . တွေ့ပြီဆရာ၊ အမယ်လေး တော်ပါသေးရဲ့. . . အခုမှပဲ အလုံးကြီးကျသွားတယ်"

ကျွန်ုပ်ဘက်ကို လှည့်လာတဲ့ မျက်နှာက ရှက်နေပုံနဲ့ပါ။ အမှန်ဆို ဝမ်းသာနေတဲ့ပုံ ဖြစ်ရမှာပါ။ ကျွန်ုပ်ကို ကောင်းကောင်းမကြည့်ရဲတဲ့ပုံ ဖြစ်နေပါသည်။ သူ့ရွှေ ပြန်ရပြီဆိုတော့ ဗိုက်အနာပျောက်ပါပြီ။ ပြန်တော့မှာပါ။ ပြန်ခါနီး ပြောသွားတဲ့ စကားကိုလည်း ကြည့်လိုက်ပါဦးဗျာ. . .။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ပြန်လိုက်ပါဦးမယ်၊ ဆရာ့က အကုန်လုံး မြင်နေရတယ်နော်"

သူ့စိတ်ထဲမှာ ကျွန်ုပ်က ဘော်လီအကျီကိုတောင် ဖောက်ပြီး မြင်နေရတယ်လို့ ထင်သွားတာပါ။ ဒါကြောင့် သူရှက်နေတာပါ။ ဒါဟာလည်း သောကြာအခါတိုင်ရဲ့ သဘောပါပဲခင်ဗျာ။

(ပထမအမျိုးသမီး) (ဒုတိယပုဗ္ဗိုလ်ကြီး)

| | |
|---|---|
| ၃ | ၃ |
| ဝ | ဝ |
| ၄ | ၄ |
| ၆ | ၆ |
| ၂ | ၂ မျက်မှန်မချွတ်ပါ၊ |
| ၅ - ဖုံးနံပါတ် အမှား | ၅ - ဘောက်ချာ |
| ၁ | ၁ ကိုင်ပါသည်၊ |

(တတိယ ရွှေပျောက်သူ)

၃
ဝ - နို့သီး
၄ - မွေးနံသားအမိနှင့်ရွှေ
၆ (နဝင်းနိမိတ်)
၂
၅ - ဘော်လီအကျီ
၁

ဖြည့်ဝင်းစံ (အောင်မြေသာထာ)

❐

www.burmeseclassic.com




နက္ခတ္တဗေဒ ၊ ထချာဗေဒ ၊ ဝါစတုဗျူဟဗ္ဗတ္တရ ၊ တရွက်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

ပါမိရဂ္ဂုမြောက်လက္ခဏာဖတ်ကြားခြင်း အတတ်ပညာကျွမ်းကျင်သူ

ဟောခန်း (ရုံးခန်း) နှင့် ဖြန့်ချိရေးလိပ်စာ ☞ ၂၇၊ ဗြဲဘုန်းပွင့်ဘုရားရှေးတန်း၊ (၉) ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉–၅၁၉၈၂၄၀

နေအိမ် ☞ ၇၂ (၇–က) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင် သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀) နာရီမှ ညနေ (၄ း ၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"



ဦးခန့်ကျော် စာပေ ( [illegible] ) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com




**S**

## Sixth Sense အာရုံ(၆)ပါး

လက်သူကြွယ်အောက်တွင် စကြာရှိခြင်းက စကျ အာရုံဖြင့် မြင်နိုင်စွမ်းရှိသည့်အရာများကို နားလည်နိုင်စွမ်းရှိ၏။ ထိုလူမျိုးတို့သည် ကျရာဘဝတွင် အောင်မြင်မှုများကို ရရှိစေနိုင်၏။

## Size of the Hands

လက်များ၏အရွယ်အစား

(၁) အလွန်သေးငယ်လျှင်⇨ အတွေးအခေါ် ညံ့ဖျင်းခြင်း၊

(၂) လက်အရွယ်အစား ကြီးမားလျှင် ⇨ အသေးစိတ် လုပ်ကိုင်ရမှုကို နှစ်သက်ခြင်း၊

(၃) သေးငယ်လျှင်⇨ စိတ်နေစိတ်ထားနူးညံ့ခြင်း၊

(၄) မကြီးမသေးဖြစ်လျှင်⇨အသိအမြင် ခိုင်ခိုင်မာမာရှိခြင်း၊

(၅) လက်အရွယ်အစား အလွန်ကြီးမားလျှင်⇨ ကိုယ့်ကိစ္စမဟုတ်ဘဲ ဝင်ရောက်စွက်ဖက်တတ်ခြင်း။

## Skill in Love

ချစ်ရေးချစ်ရာတွင် ကျွမ်းကျင်ခြင်း

သောကြာဂြိုဟ်ခုံမှ စတင်ထွက်ရှိသောလမ်းကြောင်းတစ်ခုသည် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်သို့ ရောက်ရှိနေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## Skin, Climate of

**အရေပြား၏အခြေအနေ**

(၁) အရေပြားခြောက်သွေ့နေလျှင်⇒ နာမကျန်းဖြစ်တော့မည့် အမှတ်လက္ခဏာရှိနေခြင်း၊

(၂) အရေပြားစိုထိုင်းနေလျှင်⇒ အသည်းနှင့်ပတ်သက်ပြီး ပြင်းထန်သည့်ဝေဒနာ ခံစားရခြင်း။

## Slippery Fellow

**အားမကိုးထိုက်သူ**

လက်များကို ဆေးကြောသန့်စင်သကဲ့သို့ ပွတ်တိုက်နေလေ့ရှိသူသည် စိတ်ပြောင်းလဲလွယ်ပြီး အားမကိုးထိုက်သူဖြစ်သည်။ ထိုလူမျိုးသည် မမှန်ကန်ဘဲ သူတော်ကောင်းဟန်ဆောင်တတ်သူမျိုးဖြစ်၏။

## Smartness

**ဖျတ်ဖျတ်လတ်လတ်, သွက်သွက်လက်လက်ရှိခြင်း**

(၁) ဉာဏ်စွမ်းလမ်းကြောင်း ရှည်ခြင်း၊

(၂) လက်မ၏ပထမအဆစ် အားကောင်းခြင်း၊

(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် အင်္ဂါဂြိုဟ်ခုံများ အနေအထားကောင်းမွန်ခြင်း၊

(၄) လက်များ ပျော့အိခြင်း၊

(၅) လက်ချောင်းများ လေးထောင့်စပ်စပ်ရှိခြင်း၊

(၆) လက်ချောင်းများသည် လက်ဝါးပြင်ထက်ရှည်ခြင်း။

## Soldier's Hand

**စစ်သားလက်**

(၁) အင်္ဂါဂြိုဟ်ခုံ ကျယ်ပြန့်နေခြင်း၊

(၂) လက်ချောင်းများ တို၍ လေးထောင့်စပ်စပ်ရှိခြင်း၊

(၃) လက်ဝါးပြင် ကျယ်ပြန့်ခြင်း၊

(၄) လက်မ တုတ်ခိုင်ခြင်း၊

(၅) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်မို့မောက် အားကောင်းခြင်း။

## Solomon, The Ring of

**ဆော်လမွန်လက်စွပ်**

ဆော်လမွန်လက်စွပ်ဆိုသည်မှာ ဒဏ္ဍာရီ ပုံပြင်အရ တရားစီရင်ဆုံးဖြတ်ရာတွင် ကျွမ်းကျင်လိမ္မာ ပါးနပ်လှသော ဆော်လမွန်ဘုရင်ကြီးကို တင်စား၍ အမည်ပေးထားခြင်းဖြစ်သည်။ ၎င်းမှာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံပေါ်တွင် စက်ဝိုင်းခြမ်းသဏ္ဌာန်ဖြစ်ပေါ်နေသော လမ်းကြောင်းပင် ဖြစ်သည်။




တစ်နည်းအားဖြင့် စနေလက်စွပ် ခေါ် ဆော်လမွန်လက်စွပ်သည် ကြာသပတေးလက်ချောင်းနှင့် စနေလက်ချောင်းတို့ကြားမှ စသည့် အရေးအကြောင်းငယ်တစ်ခု ဖြစ်သည်။

၎င်းသည် အသက်လမ်းကြောင်း၏ အစဦးတွင်ဆုံပြီး လက်စွပ်တစ်ခုသဖွယ် ဖြစ်နေ၏။ လျှို့ဝှက်နက်နဲသည့် ပညာရပ်နှင့်စပ်ဆိုင်သော ထူးဆန်းသည့် အမှတ်အသားဖြစ်သည်။

၎င်းအမှတ်လက္ခဏာ ရှိသူများသည် သဘာဝထက်ကျော်လွန်သည့် သိပ္ပံပညာရပ်များနှင့်ပတ်သက်ပြီး တတ်လွယ်သည်။ ၎င်းသည် စိတ်ပညာနှင့်ပတ်သက်ပြီးထက်ထက် မြက်မြက်ဖော်ပြနိုင်စွမ်းရှိသူ ဖြစ်၏။

ဆော်လမွန်လက်စွပ် ပါရှိသူသည် ခက်ခဲနက်နဲ၍ သိမ်မွေ့သော စာပေကျမ်းဂန်များကို အလွယ်တကူ တတ်သိနားလည်နိုင်၏။ ၎င်းတို့သည် လူကြီးမိဘများအပေါ် ရိုသေကိုင်းရှိုင်းတတ်ကြပြီး အခွင့်အလမ်းကောင်းများကို ရတတ်ကြ၏။

ဆော်လမွန်လက်စွပ်ကို စာပေကျမ်းဂန်တို့တွင် နှံ့စပ်သိမြင်သည့် ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ နာမည်ကျော်စာရေးဆရာကြီးများ၊ တန်ခိုးကြီးသော သံဃာတော်များ၏ လက်တွင် တွေ့ရတတ်သည်။

## Somnambulism

**အိပ်နေရင်း တစ်ခုခုထ၍ လုပ်ကိုင်နိုင်စွမ်းရှိသည့်အစွမ်း**

ထိုးထွင်းသိမြင်လမ်းကြောင်းသည် ကျွန်းတစ်ခုတွင် အစပြုနေခြင်းက အိပ်နေရင်းတစ်ခုခုထ၍ လုပ်ကိုင်နိုင်စွမ်းရှိမှုနှင့် အကြားအမြင်ရသူ ဖြစ်တတ်၏။ ထိုကာယကံရှင်တို့၏ အခြား အမှတ်လက္ခဏာများမှာ . . .

(၁) ကျန်းမာရေးလမ်းကြောင်း၏အစတွင် ကျွန်းရှိခြင်း၊

(၂) စတုဂံလွင်ပြင်တွင် ကြက်ခြေရှိခြင်း။





www.burmeseclassic.com

www.burmeseclassic.com

## Space Between Life and Head

အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့ ကြားနေရာ

ဤလမ်းကြောင်း(၂)ခု၏ ကြားနေရာသည် အနည်းငယ်ကွာဟနေပါက ခွန်အားကြီးမားပြီး မိမိကိုယ်ကို ယုံကြည်မှု ပြည့်ဝစေ၏။ ဤအမှတ်လက္ခဏာသည် ဝတ်လုံများ၊ ရုပ်ရှင်သရုပ်ဆောင်သူများနှင့် တရားဟောဆရာများအတွက် အသုံးဝင်၏။

ထိုအမှတ်လက္ခဏာရှိသူများသည် မိမိတို့၏ အဆုံးအဖြတ်များအပေါ် ကောင်းစွာ ယုံကြည်စိတ်ချသူများဖြစ်သည်၊ ထိုသူတို့သည်အလွန်အလျင်စလိုရှိတတ်ကြပြီး မိမိကိုယ်ကို အထင်ကြီးနေတတ်ကြသူများဖြစ်၏။

ထိုနေရာသည် အလွန်ကွာဟနေပါက မိုက်ရူးရဲဆန်ပြီး မိမိကိုယ်ကို ယုံကြည်မှု လွန်ကဲနေတတ်လေသည်။

## Space Signs

ကွက်လပ်အမှတ်အသား

လက်ညှိုးနှင့် လက်ခလယ်တို့ကြား နေရာကျယ်ဝန်းမှုက လွန်စွာ လွတ်လွတ်လပ်လပ် တွေးခေါ်တတ်ခြင်းကိုပြဆို၏။

## Spatulate Hand

ရေပ်ကျည်ပွေ့ပုံလက်

လက်သည်းရှိသည့်လက်ဆစ်များက ပြားပြီးအဖျားတွင် ရေပ်ကျည်ပွေ့ကဲ့သို့ ကားရှဲတုတ်နေသည်၊ လက်မက ထိုလက်များတွင် ပို၍ကြီးနေဟန်ရှိသည်၊ အရောင်အသွေးကောင်းသည်။

ထိုလက်ပိုင်ရှင်များသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုက ကြီးမားလှသည်၊ သတ္တိ ပြောင်မြောက်လှသည်။ သွက်လက်၍ အလုပ်ကြိုးစားတတ်ကြသည်။

ရှေးခေတ်ကာလကမူ ၎င်းတို့သည် ခံတပ်ရဲတိုက်ကြီးများဖြင့် အခိုင်အမာနေတတ်သူများပင် ဖြစ်သည်၊ သူတို့သည် ငြိမ်းချမ်းရေးနှင့် စစ်ရေးစစ်ရာတို့တွင် ကျွမ်းကျင်လှသည့် ခေါင်းဆောင်များပင် ဖြစ်သည်။

"ဘုရားသခင်က ကမ္ဘာကြီးကိုဖန်တီးရာတွင် ခြောက်ရက်မျှကြာသည်ဟု ဆိုသဖြင့် ထိုလူစားများက တအံ့တသြဖြစ်ကြရသည်။ သူတို့တွင် ရှိနေသည့် စွမ်းအားအနည်းငယ်မျှလောက်ဖြင့် ကမ္ဘာကြီးကို တစ်ရက်တည်းနှင့် ဖျက်ဆီးပစ်လိုက်နိုင်သည်။"

**Cheiro**

## Speculator's Hand

ချင့်ချင့်ချိန်ချိန်ရှိသူ၏လက်

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် ဆင်ခြေလျှော အနေအထားမျိုး၌ ရှိနေခြင်း၊

(၂) လက်သူကြွယ်သည် လက်ခလယ်နီးပါး ရှည်နေခြင်း။

## Speculator, Successful

အချိန်အဆကောင်း၍ အောင်မြင်သူ

ဈေးအတက်အကျကို မှန်းဆ၍ အမြတ်အစွန်းရအောင် ရောင်းဝယ်နိုင်သည့် ဉာဏ်ရည်မျိုးရှိသူကို အောက်ပါအမှတ်လက္ခဏာများက ပြဆို၏။

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် ရှည်ခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် အဆုံးတွင် အောက်သို့ စိုက်ကျနေခြင်း၊

(၃) ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ကွာဟ၍ အစပြုခြင်း၊

(၄) ကြာသပတေးဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ မို့မောက်နေကြခြင်း၊

(၅) လက်မ၏ပထမအဆစ်သည် နောက်သို့ လန်နေခြင်း၊

(၆) လက်ချောင်းများ အလွန် ပျော့ပျောင်းခြင်း၊

(၇) လက်သူကြွယ်သည် သာမန်ထက် ရှည်ခြင်း။

## Spendthrift Disposition

အသုံးအစွဲ စေ့စပ်သည့် သဘောစရိုက်

(၁) ကြာသပတေးဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ မို့မောက်နေခြင်း၊

(၂) လက်ချောင်းများ လွန်စွာ ပျော့ပျောင်းခြင်း၊

(၃) ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် သီးခြားဖြစ်နေခြင်း၊

(၄) ဉာဏ်စွမ်းလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံဘက်သို့ ငိုက်ကျနေခြင်း၊

(၅) လက်ဆစ်များ မြုပ်နေခြင်း။

## Spinal Trouble

ကျောရိုးရောဂါဝေဒနာ

(၁) တနင်္လာဂြိုဟ်ခုံတွင် ကြယ်ရှိခြင်း၊

(၂) အသက်လမ်းကြောင်း အလွန်ကွေး၍ စိုက်ဆင်းနေခြင်း၊

(၃) အသက်လမ်းကြောင်းသည် စနေဂြိုဟ်ခုံအောက်တွင် ကျိုးပြတ်နေခြင်း၊

(၄) အသက်လမ်းကြောင်းပေါ်တွင် ကြယ်ပွင့်သင်္ကေတာန်ရှိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၅) စနေဂြိုဟ်ခုံပေါ်တွင် ကြယ်ပွင့်သင်္ကေတန်ပါရှိခြင်း၊
(၆) လက်သည်းများသည် တိုခြင်း၊ ဖြတ်ကျဉ်းခြင်း၊ ကွေးကောက်ခြင်း။

## Spiritual Inclination

ဝိညာဉ်လောကဘက်သို့ စိတ်ဝင်စားမှုရှိခြင်း

(၁) ကြာသပတေးဂြိုဟ်ခုံ ကောင်းမွန်ခြင်း၊
(၂) လက်ဖဝါးပြင်သည် သွယ်လျှ၍ နူးညံ့ခြင်း၊
(၃) လက်ချောင်းများသည် ချွန်၍ချောမွေ့ခြင်း။

## Sportsmanship

အားကစားသမား

(၁) အဓိကလမ်းကြောင်းသုံးခုသာ ထင်ရှားစွာရှိနေခြင်း၊
(၂) ဂြိုဟ်ခုံများ အလွန်နိမ့်ပါးနေခြင်း၊
(၃) သောကလမ်းကြောင်းများ မရှိခြင်း၊
(၄) လက်များကြီးမား၍ မာကျောခြင်း၊
(၅) လက်ချောင်းများ ထိပ်ကားနေခြင်း၊
(၆) လက်သူကြွယ်သည် သာမန်ထက်ရှည်ခြင်း၊
(၇) အသက်လမ်းကြောင်း အစပြုရာတွင် ဉာဏ်စွမ်းလမ်းကြောင်းနှင့် သီးခြားစီဖြစ်နေခြင်း။

## Square

လေးထောင့်ကွက် (စတုဂံ)

လေးထောင့်ကွက် ဟူသည် မကောင်းသည့် ဘေးအန္တရာယ်များကို ကာကွယ်သည့် အမှတ်အသားဖြစ်သည်။ စတုဂံသည် လုံးဝ စင်ကြယ်ကောင်းမွန်သည့် လက္ခဏာမဟုတ်ချေ။

စတုဂံရှိနေခြင်းကြောင့် ဘေးအန္တရာယ်များမှ လက်တစ်လုံးခြား ကင်းလွတ်တတ်မည် ဖြစ်သော်လည်း ဘေးအန္တရာယ်များနှင့်ကား ဧကန် ရင်ဆိုင်ရမည်ဖြစ်သည်။

စတုဂံ၏သဘောမှာ ငယ်သောအန္တရာယ်ကို ပျောက်ကွယ်စေနိုင်ပြီး ကြီးသောအန္တရာယ်ကို သေးငယ်စေနိုင်သည့် သဘောကို ဆောင်သည်။

## Square Hand

လေးထောင့်လက်

လက်တစ်ခုလုံး၏ အနေအထားသည် လေးထောင့်ပင် ဖြစ်သည်။ ဤလက်မျိုးတွင် လက်မကြီးပြီး လက်ချောင်းများ၏အဆစ်များ ပေါ်လွင်နေ၏။ လက်ဖဝါးပြင်သည်လည်း လေးထောင့်ပင်ဖြစ်သည်။ လေးထောင့်လက်ပိုင်ရှင်များသည် လက်တွေ့ဆန်ပြီး လက်ရှိဘဝ ပြည့်စုံရေးလောက်ကိုသာ အဓိကထားတတ်ကြသည်။

## Squares, Signs from

လေးထောင့်ကွက်အယူအဆများ

(၁) ကြယ်တစ်ခုအနီးတွင်ရှိလျှင် ⇨ ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ခြင်း၊
(၂) သောကြာဂြိုဟ်ခုံပေါ်တွင်ရှိလျှင် ⇨ ထောင်ကျသည့်ဘေးမှ လွတ်မြောက်ခြင်း၊
(၃) လေးထောင့်ကွက်ကျိုးပျက်နေလျှင် ⇨ လေးမြားလက်နက် အန္တရာယ်မှ သီသီကလေးလွတ်မည်၊
(၄) ကျိုးပျက်လမ်းကြောင်းပေါ်တွင် လေးထောင့်ကွက်ရှိလျှင် ⇨ ဆိုးကျိုးများကို ထိန်းနိုင်မည်ဖြစ်သည်။

## Square, Qualities of

စတုဂံ၏သဘောသဘာဝ

(၁) အသက်လမ်းကြောင်းပေါ်တွင် စတုဂံရှိပါက ⇨ လက္ခဏာရှင်သည် အသက်အန္တရာယ် အမျိုးမျိုးကို ကြုံတွေ့ပြီး ဘေးရန်မှ လွတ်ကင်းမည်။
(၂) ကံကြမ္မာလမ်းပေါ်တွင် စတုဂံရှိပါက ⇨ အလုပ်ပြုတ်ခြင်းဘေး ကြုံရသော်လည်း ကျော်လွှား အောင်မြင်မည်။
(၃) အောင်မြင်မှုလမ်းကြောင်းပေါ်တွင် စတုဂံရှိပါက ⇨ နာမည်မပျက်ဘဲ လုံခြုံမှုကို ရရှိသွားမည်။
(၄) မေတ္တာလမ်းကြောင်းပေါ်တွင် စတုဂံရှိပါက ⇨ ချစ်ဒုက္ခမှ ကင်းလွတ်မည်။
(၅) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် စတုဂံရှိပါက ⇨ စိတ်ညစ်ဖွယ် ဘဝပြဿနာများကို ကျော်လွှား အောင်မြင်မည်။ ဦးခေါင်းထိခိုက်မှုဘေးမှ ကင်းလွတ်မည်။
(၆) စတုဂံအတွင်း ကျွန်းရှိပါက ⇨ ရှုပ်ထွေးပြဿနာများ (?) ရှုပ်သွပ်ခြင်းဘေးမှ ကင်းလွတ်မည်။
(၇) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ မိမိအလိုဆန္ဒအားလုံး အောင်မြင်ပြည့်ဝမည် ဖြစ်သည်။ ရန်သူများ၏ ဘေးရန်မှ လွတ်မြောက်မည် ဖြစ်သည်။
(၈) စနေဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ ကံကြမ္မာဆိုး၊ ဘေးဆိုးတို့မှ လွတ်ကင်းမည်။
(၉) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ နာမည်ပျက်ခြင်း၊ စွပ်စွဲခံရခြင်းဘေးမှ လွတ်ကင်းမည်။
(၁၀) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ စိတ်ရောဂါဖြစ်ခြင်းမှ ကင်းလွတ်မည်။
(၁၁) အင်္ဂါအဖိုဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ ရန်သူလုပ်ကြံခြင်းမှ ကင်းလွတ်မည်။
(၁၂) အင်္ဂါအမဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ ရန်သူအကောက်ကြံခြင်းဘေးမှ ကင်းလွတ်မည်။
(၁၃) တနင်္လာဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ ခရီးသွားစဉ်



www.burmeseclassic.com

www.burmeseclassic.com

ကြုံတွေ့ရသော အန္တရာယ်မှ အသက်မသေတဲ့ လွတ်ကင်းမည်။

(၁၄) သောကြာဂြိုဟ်ခုံပေါ်တွင် စတုဂံရှိပါက ⇨ အချစ်အာရုံ ကာမဂုဏ်လိုက်စားမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များမှ လွတ်ကင်းမည်။

## Star

### ကြယ် (ကြယ်ပွင့်)

ကြယ်သင်္ကေတ အမှတ်အသားသည် လက္ခဏာပညာတွင် တန်ဖိုးရှိ၊ အဖိုးတန်သော အမှတ်အသားဖြစ်သည်။ အများအားဖြင့် ကောင်းပါသည်။

သို့သော် တစ်ခါတစ်ရံ အနေအထားအလိုက် အဆိုးကို ညွှန်ပြနေတတ်သည်။

ကြယ်ပွင့်သည် အင်အားကို ဖြည့်စွက်ပေးတတ်သည်။ ယင်းအမှတ်အသားသည် လူတစ်ဦးတစ်ယောက်အား အနိမ့်ဆုံးဘဝမှ အမြင့်ဆုံးဘဝသို့လည်းကောင်း၊ အမြင့်ဆုံးဘဝမှ အနိမ့်ဆုံးဘဝသို့လည်းကောင်း ပြောင်းလဲပစ်နိုင်သည့် အခြေအနေရှိသည်။

ထို့ကြောင့် ကြယ်ပွင့်၏ တည်နေရာဂြိုဟ်ခုံ၊ လက်အနေအထားတို့နှင့် နှိုင်းယှဉ်၍ ဆုံးဖြတ်သုံးသပ်ရပေမည်။

## Star of Brilliant Intellect

### ထွန်းထွန်းတောက်တောက်ရှိသည့် ဉာဏ်ရည်ကြယ်

အသိဉာဏ်ပညာ ထွန်းထွန်းတောက်တောက်ရှိခြင်းကိုပြသည့် ကြယ်သည် လက်သန်းအောက်တွင် တွေ့ရတတ်သည်။ ဤကြယ်က အကျိုးအကြောင်းဆင်ခြင်နိုင်စွမ်းနှင့် စိတ်ကူးစိတ်သန်းကောင်းခြင်းငို့ကိုပြ၏။

စဉ်းစားဉာဏ် ထက်သန်သူများ၊ အတွေးအခေါ်ပညာရှင်များနှင့် ထက်မြက်သည့် ဉာဏ်ကြီးရှင်များတွင် အများဆုံးတွေ့ရတတ်သည်။

သူတို့သည် ထာဝရမှန်ကန်သည့် သစ္စာတရားကို ရှာဖွေသူ ဖြစ်သည်။

ထင်ရှားသော အချက်မှာ သူတို့၏ ယနေ့ စိတ်ကူးအိပ်မက်များသည် မနက်ဖြန်တွင် တကယ်ဖြစ်လာတတ်၏။

## Star of Tragic Fate

### ကြေကွဲဖွယ်အဖြစ်ကိုပြသည့် ကြယ်

ဤကြယ်မျိုးကို လက်ခလယ်အောက်ခြေရင်းရှိ စနေဂြိုဟ်ခုံပေါ်တွင် တွေ့ရတတ်သည်။

ထိုကြယ်အမှတ်အသား ရှိနေပါက ကာယကံရှင်သည် မည်သို့သော အောင်မြင်မှုများ ရရှိစေကာမူ နောက်ဆုံးတွင် ထိခိုက်ရှနာမှု၊ ကံဆိုး၊ ကြမ္မာဆိုးများဖြင့် ကြုံတွေ့ရပြီး ဘဝနိဂုံးချုပ်ရသူများ ဖြစ်သည်။ အတယ်၍ အသက်လမ်းကြောင်းသည် ကြယ်သင်္ကေတတွင် အဆုံးသတ်နေပါကလည်း ကြေကွဲဖွယ်ဖြစ်ရပ်ကို ပို၍ တိုးမြင့်စေ၏။

## Star of Unusual Faculties

### ထူးခြားသည့် စွမ်းရည်ကြယ်

ဤကြယ်အမှတ်အသားမျိုးကို လက်ချောင်းထိပ်များတွင် တွေ့ရသည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဟယ်လ်လင်ကဲလား (Helen Keller)တွင် ဤကဲ့သို့သော အမှတ်လက္ခဏာများ များစွာတွေ့ရသည်။

ဤအမှတ်အသားများသည် ထက်မြက်သည့် အာရုံခံစားမှုကို ရစေ၏။ ဟယ်လ်လင်ကဲလားသည် ဆွံ့အ၊ နား မကြား၊ မျက်မမြင် အမျိုးသမီးကြီးဖြစ်သည်။

အသက်တစ်နှစ်နှင့် ခုနစ်လအရွယ်တွင် စတင်၍ ဆွံ့အ၊ နားမကြား မျက်မမြင်ကလေးများကို အသုံးပြုထိတွေ့၍ နားကြားအောင်၊ မြင်အောင်၊ ဖတ်နိုင်အောင်၊ လုပ်နိုင်စွမ်းရှိသောနည်းဖြင့် သူသည် ကြား၊ မြင်၊ ဖတ်ရှုမှုတို့ကို ကျော်လွှားနိုင်ခဲ့သည်။

သူမသည် စာရေးဆရာ၊ ကထိက၊ ပညာရေးဆိုင်ရာ ပညာရှင်နှင့် ကမ္ဘာလှည့်ခရီးသည်တစ်ဦး ဖြစ်သည်။ ၁၉၅၅ ခုနှစ်က သူမသည် ဝန်ကြီးချုပ်နေရူး၏ ဖိတ်ကြားချက်အရ အိန္ဒိယသို့ သွားရောက်လည်ပတ်ခဲ့၏။

## Stars, Signs from

### ကြယ်မှပြသောအမှတ်လက္ခဏာများ

(ကြယ်ပွင့်၏ သဘောသဘာဝ)

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြယ်ရှိလျှင် ⇨ သူခိုးကြောင့် သို့မဟုတ် သစ္စာမဲ့မှုကြောင့် ဆုံးရှုံးရခြင်း၊

(၂) တနင်္လာဂြိုဟ်ခုံပေါ်တွင်ရှိလျှင် ⇨ အခွင့်အလမ်း ရရှိပြီး ကျော်ကြားမှုရခြင်း၊

(၃) စနေဂြိုဟ်ခုံပေါ်တွင်ရှိလျှင် ⇨ ရုတ်တရက် ဘေးတွေ့ရတတ်ခြင်း သို့မဟုတ် ကံဆိုးမှုနှင့် တွေ့ကြုံရတတ်ခြင်း၊

(၄) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ရှိလျှင် ⇨ မိသားစု ဒုက္ခရောက်ခြင်း၊

(၅) အင်္ဂါဂြိုဟ်ခုံပေါ် (ဗုဒ္ဓဟူးလက်ချောင်းအောက်) တွင် ရှိလျှင် ⇨ စစ်ပွဲတွင် သေဆုံးခြင်း (သို့) လုပ်ကြံခံရခြင်း၊

(၆) အင်္ဂါဂြိုဟ်ခုံပေါ် (ကြာသပတေး လက်ချောင်းအောက်) တွင်ရှိလျှင် ⇨ တရားရင်ဆိုင်ရခြင်း၊

(၇) အင်္ဂါဂြိုဟ်လွင်ပြင်ပေါ်တွင်ရှိလျှင် ⇨ မီးရထားနှင့် ပတ်သက်ပြီး ထိခိုက်မှုရှိခြင်း၊

www.burmeseclassic.com

(၈) တနင်္လာဂြိုဟ်ခုံပေါ်တွင်ရှိလျှင်⇒ နာမကျန်းဖြစ်မည့် အမှတ်လက္ခဏာဖြစ်ခြင်း။
(၉) ခရီးလမ်းကြောင်းပေါ်တွင်ရှိလျှင်⇒ ရေနစ်မည့်ဘေး ရှိခြင်း။
(၁၀) သောကြာဂြိုဟ်ခုံပေါ်တွင်ရှိလျှင်⇒ ချစ်ကိစ္စနှင့် ဒုက္ခ တွေ့ခြင်း။
(၁၁) အသက်လမ်းကြောင်းပေါ်တွင်ရှိလျှင်⇒ ရုတ်တရက် ဘေးတွေ့၍ သေဆုံးခြင်း။
(၁၂) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင်ရှိလျှင်⇒ ဦးနှောက် ဝေဒနာ ခံစားရခြင်း။
(၁၃) မေတ္တာလမ်းကြောင်းပေါ်တွင်ရှိလျှင်⇒ ရုတ်တရက် ထိခိုက်ပြီး မျက်မမြင်ဖြစ်ရခြင်း။
(၁၄) အောင်မြင်ရေးလမ်းကြောင်းပေါ်တွင်ရှိလျှင်⇒ ဘေး ဥပဒ်ကြီး တွေ့ရခြင်း။
(၁၅) လေးထောင့်လွင်ပြင်တွင်ရှိလျှင်⇒ မိတ်ဆွေ, အပေါင်း အသင်းက လိမ်လည်ခြင်း။
(၁၆) တြိဂံလွင်ပြင်ပေါ်တွင်ရှိလျှင်⇒ ဘဝရပ်တည်မှုနှင့် ပတ်သက်ပြီး အထူး ရုန်းကန်ရခြင်း။
(၁၇) အသည်းလမ်းကြောင်း (ကျန်းမာရေးလမ်းကြောင်း) ပေါ်တွင်ရှိလျှင် ⇒ ခွဲစိတ်ကုသမှု ပြုလုပ်ခံရမည့် ဝေဒနာ ခံစားရခြင်း။

## Statesmanship

နိုင်ငံရေးသမားဘဝ

(၁) ကြာသပတေးဂြိုဟ်ခုံ၊ တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူး ဂြိုဟ်ခုံများ ကောင်းမွန်ခြင်း။
(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ ပေါ်မှ အစပြုနေခြင်း။
(၃) ဉာဏ်စွမ်းလမ်းကြောင်းသည် အဆုံးတွင် မသိမသာ ခွဖြစ်နေခြင်း။
(၄) အင်္ဂါဂြိုဟ်ခုံများနှင့် အင်္ဂါလွင်ပြင် ကောင်းမွန်ခြင်း။

## Sterility

မြုံခြင်း

(၁) မေတ္တာလမ်းကြောင်း အားနည်း၍ မှေးမှိန်ခြင်း။
(၂) မေတ္တာလမ်းကြောင်း အဆုံးသတ်ရာတွင် ခက်ရင်းခွ သို့မဟုတ် လမ်းခွဲများ မရှိခြင်း။
(၃) ကျန်းမာရေးလမ်းကြောင်းနှင့် ဉာဏ်စွမ်းလမ်းကြောင်း တို့ ဆုံဆည်းရာတွင် ကြယ်အမှတ်အသား ရှိနေခြင်း။
(၄) အသက်လမ်းကြောင်းသည် လက်မ၏ ဒုတိယအဆစ် နှင့် နီးကပ်၍ တည်ရှိနေခြင်း။
(၅) စနေဂြိုဟ်ခုံပေါ်တွင် ကြက်ခြေအမှတ်အသားရှိခြင်း။

## Stock-Broker's Hand

ကုန်သည် , ပွဲစားလက်

(၁) လက်များ လေးထောင့်စပ်စပ်ဖြစ်နေခြင်း။
(၂) ဉာဏ်စွမ်းလမ်းကြောင်း ဖြောင့်တန်းခြင်း။
(၃) လက်ခလယ်လက်ချောင်းနှင့် လက်သူကြွယ်လက် ချောင်း အရှည်တူခြင်း။

## Stoicism

ဥပေက္ခာပြုတတ်သည့်ဝါဒ

(၁) လက်ချောင်းများ သွယ်လျခြင်း။
(၂) အင်္ဂါ(အမ)ဂြိုဟ်ခုံ အနေတော်ဖြစ်ခြင်း။

## Stomach Trouble

ဝမ်းဗိုက်နှင့်ပတ်သက်၍ ဒုက္ခပေးခြင်း

ဉာဏ်စွမ်းလမ်းကြောင်း အလွန် သေးသွယ်ခြင်း။

## Striking a Balance

ချိန်ခွင်ကို ထိုးနှက်ရိုက်ချိုးခြင်း

လက္ခဏာဖတ်ပညာ၏ အောင်မြင်မှုမှာ တွဲစပ်ပေါင်း စည်းခြင်းကြောင့်ပင် ဖြစ်သည်။

ချိန်ခွင်ကို ချိုးဖဲ့မရိုက်ချိုးခင်အချိန်တွင် ကာယကံရှင် ၏ ပုံစံအနေအထားနှင့် သူ၏စွမ်းအား၊ ဦးနှောက်စွမ်းရည်၊ ရည်ရွယ်ချက်ကောင်းမွန်မှု၊ ကောင်းမှုလုပ်ရပ်၊ ကျန်းမာရေး အခြေအနေများနှင့် အခြားသော အရေးကြီးသည့် အချက် အလက်များ တွဲစပ်ပေါင်းစည်းကာ သုံးသပ် စဉ်းစားရပေမည်။

-Willim G-Benham

## Subconscious Mind

မသိစိတ်

ခြေဖဝါးကို အားပြုလျက် မတ်တတ်သွားလာလှုပ်ရှား သည့် သတ္တဝါများ(Plantigrade animals)၏ လက်တွင် လက်ဖဝါးက အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင် နေသည်။

ဥပမာ- ထိုသတ္တဝါ အမျိုးအစားတွင် ပါဝင်သည့် မျောက်ကို ကြည့်ပါ။ မျောက်များ၏ လက်ဖဝါးပြင်က လက် ချောင်းများထက် ရှည်နေသည်ကို တွေ့ရပေမည်။

ဤအချက်နှင့် ပတ်သက်၍ ကာလ်ဂုစတကာရတ် (Carl Gustav Carus)က အောက်ပါအတိုင်း မှတ်ချက် ပြုခဲ့သည်။

လူသားများတွင် သာမန်ထက်ရှည်သည့် လက်ဝါးများ ရှိနေခြင်းမှာ မျိုးရိုးစဉ်အလိုက် သဏ္ဌာန်တူ အမွေဆက်ခံထား ခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းဖြင့် လက်ဝါးပြင်သည် မသိစိတ်၏ သင်္ကေတ ဖြစ်ပြီး လက်ချောင်းများက အတွေးကို ကိုယ်စားပြုသည့် သိစိတ်သင်္ကေတပင် ဖြစ်သည်တဲ့။

ချားလော့ဝု(ဖ်) (Charlott Wolff)

**Success by Chance**

**အခွင့်အလမ်းပေါ်ပေါက်ပြီး အောင်မြင်ခြင်း**

(၁) ကံလမ်းကြောင်း ကောင်းမွန်ခြင်း၊

(၂) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ကြယ်သင်္ကေတတစ်ခုရှိခြင်း။

**Successful Ambitious Career**

**အောင်မြင်သော ရည်မှန်းချက်ပန်းတိုင်ရှိသူ**

(၁) ကံကြမ္မာလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်နေခြင်း၊

(၂) အင်္ဂါဂြိုဟ်ခုံ ပေါ်လွင်ထင်ရှား ကောင်းမွန်ခြင်း၊

(၃) တနင်္ဂနွေဂြိုဟ်ခုံ အနေအထားကောင်း၍ ပေါ်လွင်ထင်ရှားခြင်း၊

(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံ သန့်ရှင်းလှပ ကောင်းမွန်ခြင်း၊

(၅) ကျန်းမာရေးလမ်းကြောင်း ကောင်းမွန်ခြင်း၊

(၆) ကံကြမ္မာလမ်းကြောင်း ရှည်လျားခြင်း၊

(၇) အောင်မြင်ရေးလမ်းကြောင်း အနေအထားကောင်း၍ သန့်ရှင်းခြင်း၊

(၈) လက်ညှိုးပေါ်တွင် မတ်တတ်စင်းလမ်းကြောင်းတစ်ခု ပါရှိနေခြင်း၊

(၉) အသက်လမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံမှ အစပြုခြင်း၊

(၁၀) အသက်လမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းများသည် ကြာသပတေးဂြိုဟ်ခုံသို့ သွားနေခြင်း၊

(၁၁) လက်ပုံစံအနေအထားကောင်း၍ အချိုးအစား ကျနခြင်း၊

(၁၂) လက်မ ပုံပန်း အထူးကောင်းခြင်း။

**Successful Clerk**

**အောင်မြင်သည့်စာရေး**

ထင်ရှားသည့် လက်ဆစ်များရှိပြီး ကတော့ပုံ လက်ချောင်းများ ရှိနေတတ်၏။

**Success in Arts**

**အနုပညာရပ်များတွင် အောင်မြင်ခြင်း**

ဉာဏ်စွမ်းလမ်းကြောင်းမှ ဖြောင့်တန်းရှင်းလင်းသည့် အရေးအကြောင်း တစ်ခုသည် လက်သူကြွယ်အရင်းသို့ ရောက်ရှိနေခြင်း။

**Success, Line of**

**အောင်မြင်ရေးလမ်းကြောင်း**

အောင်မြင်ရေးလမ်းကြောင်း ခေါ် တနင်္ဂနွေလမ်းကြောင်းသည် ကမ္ဘာအတွက် နေတစ်စင်းကဲ့သို့ ဖြစ်၏။ လက်ဝါးတွင် ထိုလမ်းကြောင်းပါရှိနေခြင်းသည် ထက်ထက်မြက်မြက်ရှိ၍ အောင်မြင်ရန်နှင့် စည်းစိမ်ချမ်းသာ တိုးစေရန် အတွက် ကတိပေးထားသည်နှင့် တူပေသည်။

ဤလမ်းကြောင်း၏ အကောင်းဆုံး အနေအထားမှာ လက်ကောက်ဝတ်မှ လက်သူကြွယ်ရင်းရှိ တနင်္ဂနွေဂြိုဟ်ခုံသို့ ထိုးတက်သွားခြင်းဖြစ်သည်။

-Cheiro's SECRETS of THE HAND

အောင်မြင်ရေးလမ်းကြောင်း ပါရှိခြင်းသည် မိမိတို့ လုပ်ကိုင်နေသည့် လုပ်ငန်းများအလျောက် တိုးတက်အောင်မြင် ကျော်ဇောမှုရနိုင်ခြင်းကို ဖော်ပြနေခြင်းဖြစ်သည်။

အောင်မြင်ရေးလမ်းကြောင်းသည် အနုပညာဉာဏ်ရှိခြင်း၊ ကံကောင်းခြင်း၊ ကျော်စောထင်ရှားခြင်း၊ ချမ်းသာကြွယ်ဝတတ်ခြင်းကို အဓိက ဖော်ညွှန်းသည်။ သို့ရာတွင် ကံကြမ္မာလမ်းကြောင်း မပါရှိဘဲ အောင်မြင်ရေးလမ်းကြောင်း တစ်ခုတည်းသာ ပါရှိနေပါက လက္ခဏာရှင်၏ အောင်မြင်မှုသည် ခိုင်ခံ့တည်တံ့ခြင်း မရှိနိုင်ချေ။

**Success, Signs of**

**အောင်မြင်မှုရရှိနိုင်သည့် အမှတ်လက္ခဏာများ**

(၁) ကျန်းမာရေးလမ်းကြောင်း ရှင်းလင်းပြတ်သားခြင်း၊

(၂) အောင်မြင်ရေးလမ်းကြောင်း ရှည်လျားခြင်း၊

(၃) ကံကြမ္မာလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံသို့မဟုတ် တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်နေခြင်း၊

(၄) လက်မ ခိုင်ခံ့ အားကောင်းခြင်း၊

(၅) ကြာသပတေးဂြိုဟ်ခုံ၊ တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံများ ပြည့်ဖြိုးလှပ ကောင်းမွန်ခြင်း၊

(၆) ဉာဏ်စွမ်းလမ်းကြောင်း ဖြောင့်တန်းခြင်း။

**Success, Through Hard Work**

**အပတ်တကုတ် ကြိုးစား၍ အောင်မြင်ခြင်း**

(၁) လက်ဖမိုးပေါ်ရှိ ပထမ လက်ကောက်ဝတ်အရစ်သည် သံကြိုးကွင်းဆက် ဖြစ်နေခြင်း၊

(၂) အောင်မြင်ရေးလမ်းကြောင်းသည် ကြိုဝင်လွင်ပြင်မှ အစပြုနေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## Suicidal Mania

ကိုယ့်ကိုယ်ကိုယ် သတ်သေလိုသည့်စိတ် ပေါက်ခြင်း

ဉာဏ်စွမ်းလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံအောက်ခြေတွင် ဆင်ခြေလျှောဖြစ်နေလျှင် သို့မဟုတ် တနင်္လာဂြိုဟ်ခုံဘက်ကို မျက်နှာမူပြီး ကွေးကောက် စိုက်ဆင်းသွားလျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေစေနိုင်သည်။ (သို့) စိတ်ရူးပေါက်ခြင်းမျိုးဖြစ်ရန် သေချာသည်။

**Cheiro's LANGUAGE OF THE HAND**

## Suicidal Tendencies

ကိုယ့်ကိုယ်ကိုယ် သတ်သေတတ်ခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း အောက်သို့ အလွန်စိုက်ဆင်းနေခြင်း၊

(၂) လက်အနေအထားက သေးသွယ်ခြင်း၊ လက်ချောင်းများ ချွန်နေခြင်း၊

(၃) ဉာဏ်စွမ်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း ပူးကပ်နေခြင်း၊

(၄) ကြာသပတေးဂြိုဟ်ခုံ အလွန် နိမ့်နေခြင်း၊

(၅) စနေဂြိုဟ်ခုံ အလွန် ပြည့်ဖြိုးပေါ်လွင်နေခြင်း၊

(၆) အသက်လမ်းကြောင်းပေါ်တွင် အဖြတ်လမ်းကြောင်းများ များစွာရှိနေခြင်း၊

(၇) ကံကြမ္မာလမ်းကြောင်း မကောင်းခြင်း၊

(၈) ဉာဏ်စွမ်းလမ်းကြောင်းသည် ကျန်းမာရေးလမ်းကြောင်းနှင့် ပူးကပ်နေခြင်း၊

(၉) စနေဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ပေါ်တွင် ကြယ်များရှိခြင်း၊

(၁၀) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်ပေါ်လွင်ခြင်း၊

(၁၁) ဉာဏ်စွမ်းလမ်းကြောင်း စိုက်ဆင်းနေခြင်း။

## Suicide

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခြင်း
(ကိုယ့်ကိုယ်ကိုယ် သတ်သေတတ်ခြင်း)

(၁) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြယ်ပွင့်သဏ္ဌာန်ရှိခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် ကျန်းမာရေးလမ်းကြောင်းဘက်သို့ ကွေးညွတ် ထိစပ်နေခြင်း၊

(၃) ကြာသပတေးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၄) လက်ခလယ်၏ ပထမအဆစ် ဖြက်ကျယ်ခြင်း။

## Sunstroke

အပူလျှပ်ခြင်းခံရတတ်မှု

တနင်္ဂနွေဂြိုဟ်ခုံအောက် ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း။

## Superstition

အစွဲ (ဥပါဒါန်) ကြီးခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း စိုက်ဆင်းနေခြင်း၊

(၂) လက်ခလယ် ဖြက်ကျယ်ခြင်း၊

(၃) စနေဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၄) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း။

## Surgeon's Hand

ခွဲစိတ်ကု ဆရာဝန်လက်

(၁) လက်ချောင်းများ ရှည်ခြင်း၊

(၂) လက်ချောင်းအားလုံးရှိ ဒုတိယလက်ဆစ်များ ကြီးမား ပေါ်လွင်ကြခြင်း၊

(၃) လက်ဝါးပြင် ခိုင်ခံ့တောင့်တင်းခြင်း၊

(၄) ဉာဏ်စွမ်းလမ်းကြောင်း သန့်ရှင်း၍ ဖောက်နက်ခြင်း၊

(၅) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် မတ်တတ်စင်းများရှိခြင်း (သို့) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ဆေးပညာ အမှတ်လက္ခဏာပါရှိခြင်း။

## Syphilis

ကာလသားရောဂါ

(၁) အင်္ဂါ(အမ)ဂြိုဟ်ခုံသည် သာမန်ထက် ပေါ်လွင်နေခြင်း သို့မဟုတ် ၎င်းဂြိုဟ်ခုံတွင် ဖြတ်လျက် အရေးအကြောင်းများ ရှည်ပြီး ကွေးနေခြင်း၊

(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် အရေးအကြောင်းများဖြင့် ရှုပ်ထွေးနေခြင်း၊

(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေ (သို့) ကြယ်ရှိခြင်း။

(ဆက်ရန်)

ဆရာဦးခန့်ကျော်

❐



www.burmeseclassic.com

www.burmeseclassic.com

ခ နှစ် ရက် သား သ မီး များ အ တွက်

၂၀၁၅ ခုနှစ်၊ မတ်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



## တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများရှိနေသော်လည်း ငွေကြေးလည်ပတ်မှုမရှိခြင်း၊ ငွေများ ဆုံးရှုံးမှုများခြင်း၊ လူလိမ်ခံရတတ်ခြင်းတို့နှင့် ကြုံနေ၏။ အလုပ် လုပ်ငန်းတွင် တာဝန်ခံသူ နည်းပါးသကဲ့သို့ စည်းကမ်းမဲ့ခြင်းကြောင့် ဦးနှင်းပွဲထောင် ဖြစ်နေတတ်၏။ အလုပ်တွင် ဖိဖိစီးစီး ဝီရိယ ဦးဆောင်သင့်၏။ ကြာသပတေးနံ ဝင်ကိန်းနှင့် အမွေရကိန်းရှိ၏။ ခရီးဝေးမသွားသင့်။ ပြည်ပရပ်ခြားကိစ္စများ ကြန့်ကြာနေတတ်၏။ ဝေးလံခေါင်သီသော ဒေသများသို့ ဝန်ထမ်းများ ပြောင်းရွှေ့ရတတ်၏။ အင်္ဂါနံကြောင့် သောကရှိ၏။

ယတြာ - သံဃာတော်များအား သင်္ကန်းကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** - အစာ အဆိပ်သင့်မည်။

ယတြာ - စံနေနံ စွန့်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့သည် ညံ့၏။

**မှတ်ချက်။** စည်းကမ်းသည် လူ၏ဟန်ဖို။

## တနင်္လာသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာနတွင် ကောင်းအားရှိသော်လည်း ပဝတ္တိဌာန၏ ဆိုးအားကြောင့် စိတ်ဒုက္ခအလီလီနှင့် တွေ့ရတတ်၏။ ငွေကြေး စနစ်တကျ မကိုင်တွယ်မှုကြောင့် စာရင်းမရှင်းနိုင်ဖြစ်မည်။ စာချုပ်စာတမ်း ကတိကဝတ်အတွက် နာမည်ပျက်တတ်၏။ ငွေကြေးအာမခံမှုအတွက် တာဝန်ယူ ပေးဆပ်ရတတ်၏။ သွားလာရေးလုပ်ငန်း ပျက်တတ်၏။ အင်္ဂါနံပစ္စည်းဝင်ကိန်းရှိ၏။ သောကြာသားသမီး အကျိုးပြုတတ်၏။ ဗုဒ္ဓဟူးနံ သားသမီးများ လက်အောက်ငယ်သားများအတွက် သောကရှိ၏။ ဝန်ထမ်းများ အပိုတာဝန်များ ထမ်းဆောင်ရတတ်၏။

ယတြာ - သံဃာတော်များ အရုဏ်ဆွမ်းလောင်းလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ပေါက်ကွဲတတ်၏။

(ဂ) **ကျန်းမာရေး** - အူအတက် ပေါက်တတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** ချွေတာ စုဆောင်းပါ။

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေသဖြင့် ထင်ရှားကျော်ကြားမည်။ လူရှိသေမည်။ မိမိအား မှီခိုသူ ပေါများမည်။ မခိုင်မြဲသော ကိစ္စများကို ထူထောင်ရန် အမှားကြုံစည်တတ်၏။ ဆင်ခြင်ပါ။ အမှီကောင်း တွေ့မည်။ ပညာရေးကောင်း၏။ မနာလိုသူ နောက်ကွယ်တွင်ရှိ၏။ အင်္ဂါနံသင့်ပစ္စည်း အဝင်မခံသင့်။ ကြာသပတေးနံသင့်ပစ္စည်း အဝင်ကောင်းမည်။ နှစ်ဦးပိုင် စနေနံပစ္စည်းကြောင့် သောကရှိ၏။ ဝန်ထမ်းများ မကောင်းသတင်း အလွှင့်ခံရတတ်၏။ ပြည်ပရပ်ခြားကိစ္စ မကောင်းသေး။
ယတြာ - အင်္ဂါနံသင့်ပစ္စည်း လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - လိပ်ခေါင်းရောဂါ ဖြစ်တတ်၏။
ယတြာ - ဆွမ်း၊ ဆန် ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ကောင်းပြီး (၂)ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

**မှတ်ချက်။** ပရဟိတလုပ်ငန်းတွင် စည်းကမ်းတကျ လုပ်ပါ။

BURMESE CLASSIC



## ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားဖြင့် ယှဉ်သော်လည်း အညံ့အားများက ပပျောက်မှုမရှိသေးသဖြင့် သောက အနည်းငယ်ရှိ၏။ ခြေနှစ်ချောင်း ဒုက္ခပေးတတ်၏။ မိသားစုအတွင်း ကိုယ်ဝန်ဆောင်ရှိပါက လူနာများ လာရောက်တည်းခိုမှု သတိပြုပါ။ ဆွေမျိုးအတွင်း အမှုအခင်း မထင်မှတ်ဘဲ ပေါ်ပေါက်တတ်၏။ အင်္ဂါနံ ဝင်ကိန်းရှိပြီး စနေနံ ထွက်ကိန်းရှိ၏။ ဝန်ထမ်းများ ရာထူးမှ ထုတ်ပယ်ခံရတတ်မည်။
ယတြာ - ထီး၊ ဖိနပ် လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မကောင်းပါ။

(ဂ) **ကျန်းမာရေး** - သွေးထွက်သံယို ဖြစ်တတ်၏။
ယတြာ - လူသွားလမ်း တံမြက်စည်းလှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့ ညံ့၏။

**မှတ်ချက်။** အားနာလျှင် ခံးပါတတ်၏။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက အနိုင်ယူထားသဖြင့် ရွှင်လန်းသော ကာလ ဖြစ်မည်။ ကြွေးဟောင်းများ ပြန်ရမည်။ လုပ်ငန်းများ အရှိန်ကောင်းလာမည်။ နှစ်ဦးပိုင် စက်ပစ္စည်း အင်္ဂါနံ ဝင်ကိန်းရှိ၏။ ဝင်ထားသော ကြာသပတေးနံ ပြန်ထွက်မည်။ ဆန့်ကျင်ဘက်လိင်အတွက် သောကရှိ၏။ ငွေကြေးပစ္စည်း အထားအသို မှားတတ်၏။ နေအိမ်နှင့် လုပ်ငန်းတွင် သူခိုးကိန်း ရှိ၏။ မိသားစုမှ ငယ်သူများ သဘောမတူသူနှင့် လိုက်သွားတတ်၏။ ဝန်ထမ်းများ စွန့်စားလုပ်ရသော အလုပ်များကို လက်ခံရတတ်၏။ ကြိုးစားပါ။ အောင်မြင်မည်။
ယတြာ - နံတူ သားသမီးများကို အကူအညီ ပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - နှစ်ဖက်ဆွေမျိုးကြောင့် မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** - ကူးစက်ရောဂါ ဂရုစိုက်ပါ။
ယတြာ - ရေ လှူပါ။ လူကြီးသူမ၏ အဝတ်အစားကို လျှော်ဖွပ်ပေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

**မှတ်ချက်။** ဆန့်ကျင်ဘက်လိင်များနှင့် အရောမဝင်သင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) စီးပွား/လူမှု - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက ဖျက်ဆီးသဖြင့် ဆင်ခြင်မှုမရှိ၍ ရရှိပြီး စီးပွားဥစ္စာများ ပျက်ပြုန်းရတတ်၏။ အသုံးအဖြုန်း ဂရုစိုက်ပါ။ အခြေပစ္စည်းများ ထုခွဲရောင်းချရတတ်၏။ စိတ်မထင်သလို တဇောက်ကန်းလုပ်တတ်၏။ အသိပညာနှင့် ဂုဏ်သိက္ခာကိုထိန်းပါ။ မိတ်ကောင်းတွေ့မည်။ သူ၏အကြံဖြင့် အခက်အခဲကို ကျော်လွှားနိုင်မည်။ အမှတ်မထင် အမွေရတတ်၏။ အခြေစိုက်နေရာ ရရှိတတ်၏။ စက်ပစ္စည်း အင်္ဂါနံအပေါင်းများ ထွက်တတ်၏။ ဝန်ထမ်းများ တွေဝေနေတတ်၏။
ယတြာ - ရေသန့် လှူပါ။

(ခ) အိမ်ထောင်ရေး / လူငယ်အရေး - သင့်တင့်၏။

(ဂ) ကျန်းမာရေး - ဆီးနှင့်ပတ်သက်သောရောဂါ ကပ်ငြိတတ်၏။
ယတြာ - နွားနို့ဆွမ်း ကပ်လှူပါ။

(ဃ) အကျိုးပြုလုပ်ငန်း - ကြာသပတေးနံသင့်လုပ်ငန်း။

(င) အကျိုးပေးဂဏန်း - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

မှတ်ချက်။ အရာရာတွင် ဆန္ဒမစောပါနှင့်။

## စနေသားသမီးများ



(က) စီးပွား/လူမှု - မူလနှင့် ပဝတ္တိနှစ်ပါးစလုံး၏ ဆိုးအားများသည် ယခင်လထက် အနည်းငယ် အားလျော့လာသဖြင့် သက်သာရာ အနည်းငယ်ရစေမည်။ သူတစ်ပါးအစွပ်စွဲခံရခြင်း၊ ရသမျှငွေ အဖတ်မတင် အကုန်အကျများမည်။ နိုးရာပါပစ္စည်း လက်ခံမှုအတွက် ငွေထုပ်နှင့်ဖြေရှင်းနေရတတ်၏။ မကောင်းသတင်း ထွက်ပေါ်တတ်၏။ အင်္ဂါနံပစ္စည်း ဝင်ကိန်းရှိလျက် လုပ်ငန်းအချို့ရပ်ဆိုင်းထားရခြင်းများ ဖြစ်တတ်၏။ ဝန်ထမ်းများ ဌာနဆိုင်ရာ အရေးယူမှု ခံရတတ်၏။
ယတြာ - ဘုရား ရောင်တော်ဖွင့်ပါ။ ပဌာန်းဒေသနာတော်ကို ရွတ်ပွားပူဇော်ပါ။

(ခ) အိမ်ထောင်ရေး / လူငယ်အရေး - သင့်တင့်၏။

(ဂ) ကျန်းမာရေး - ခန္ဓာတွင်း (အူ၊ အစာအိမ်၊ အဆုတ်) စသည် ရောဂါကပ်ငြိတတ်၏။
ယတြာ - တံတား ခင်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း - အင်္ဂါနံသင့်လုပ်ငန်း။

(င) အကျိုးပေးဂဏန်း - (၃) ဂဏန်းနှင့် အင်္ဂါနေ့တို့ အကျိုးပြု၍ (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ ညံ့၏။

မှတ်ချက်။ ဝင့်ကြွားဟူက ရှောင်မရ။


မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ။
ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)
တိုက်-အမှတ် (၄၀)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း — ၄၁၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ
လက်ခံဆောင်ရွက်ပါသည်။]
*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊
ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်
ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ရာသီခွင်နှင့် မတ်လ ဟောကိန်းများ

## ဆရာဦးခန့်ကျော် ([illegible])



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလ်မွေး)

မကာရ ရာသီဖွားများအနေဖြင့် ဤကာလအတွင်း နေအိမ်, တိုက်တာ, အဆောက်အအုံ၊ ကားနှင့်ပတ်သက်၍ အကျိုးအမြတ်များရရှိနိုင်မည်။ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းကိစ္စများရှိနေပါက ထိုအတွက် ခေါင်းခဲရမှုများရှိနေမည်။ မိမိအား မနာလိုသူ အတိုက်အခံပြုလိုသူများ ရှိနေတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အားလုံးနှင့်အဆင်ပြေမှုရရန် ကြိုးစားပါ။ သို့မှသာ အခွင့်အလမ်းကောင်းများ ပေါ်ပေါက်ရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ သားကောင်း၊ သမီးကောင်းများ ထွန်းကားနိုင်မည်။ ငယ်ရွယ်သူများ အချစ်ရေးကို ဦးစားမပေးသင့်။ ပညာရေးတိုးတက်မှုအတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်တတ်သည်ကို အထူးသတိထားပါ။ တစ်လအတွင်းရှိ (၄၊ ၇၊ ၁၁၊ ၁၆၊ ၂၂၊ ၂၇) ရက်များသည် သင့်အတွက် ကံကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့် တိုက်ဆိုင်ပြီး ထီထိုးကံစမ်းခြင်း လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်ခြင်းပြုပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအဆိပ်ဖြစ်တတ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်း၊ ခေါင်းကိုက်ခြင်းများ ဖြစ်တတ်သည်။ မကာရရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ဝ၊ ၃၊ ၇)ဂဏန်းများပါသော ထီကိုထိုးပါ။



### AQUARIUS
### ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုမ်ရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ အသင့်အတင့်ရှိမည်။ သို့သော် လူနေရာ၊ အလုပ်နေရာ အပြောင်းအလဲ, အပြောင်းအရွှေ့နှင့် ခရီးများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါကလည်း ခရီးထွက်ရခြင်းများကြောင့် မကြာခဏ ခွဲနေရခြင်းများ ရှိတတ်မည်။ ပြည်တွင်းခရီး(သို့) ပြည်ပခရီးများ ဖြစ်နိုင်သည်။ ကောင်းသော အပြောင်းအလဲဖြစ်ဖို့ များပါသည်။ သင့်အိမ်တွင် ရပ်ဝေးနေဆွေမျိုးများ ရောက်လာတတ်ခြင်း၊ အလှူအတန်းကုသိုလ် ပြုရတတ်ခြင်းများလည်း ရှိမည်။ ဝင်ငွေကောင်းသလို ထွက်ငွေကောင်းနေခြင်းများရှိမည်။ အတတ်နိုင်ဆုံးငွေကြေး စုဆောင်းခြင်းများကို လုပ်ထားသင့်သည်။ သို့မဟုတ်ပါက ဝင်လာသောငွေကြေးများ အဖတ်မတင် ဖြစ်တတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ကံကောင်းမည်။ မိမိချစ်သူနှင့် လူကြီးအသိအမှတ်ပြု စေ့စပ်ကြောင်းလမ်းခြင်း၊ တစ်အိုးတစ်အိမ် ထူထောင်ရခြင်းများ ရှိမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အသည်းကြီးခြင်း၊ အသည်းရောင်ခြင်းဝေဒနာများ ခံစားရတတ်မည်။ ကုမ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၃၊ ၇၊ ၂)ဂဏန်းများပါသော ထီကိုထိုးပါ။



### PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အလှအပဆိုင်ရာလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ စသည်တို့ဖြင့် ဝင်ငွေကောင်းနိုင်မည်။ အလုပ်အကိုင်ရှာဖွေသူ ဖြစ်ပါကလည်း မိမိနှင့်သင့်တော်မည့် အလုပ်အကိုင် ရရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်နှင့် အဆင်မပြေမှုများ ရှိမည်။ အကြောင်းတစ်ခုခုကြောင့် ခရီးထွက်ရခြင်းများလည်း ရှိမည်။ ဝန်ထမ်းဖြစ်ပါက မိမိအထက်လူကြီးများ၏ ကူညီစောင့်ရှောက်မှုကို ခံရမည်။ ကံအခွင့်အလမ်းကောင်းများလည်း ပေါ်ထွက်လာမည်။ အချိန်အခါအရ ရရှိလာသော အခွင့်အရေးများကို လက်လွှတ်မခံပါနှင့်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ငိုတစ်ခါ, ရယ်တစ်လှည့် ဖြစ်နေမည်။ လူပျိုကြီး၊ အပျိုကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါက အိမ်ထောင်ပြုရန် အကြောင်းတိုက်ဆိုင်လာခြင်းများ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီး၊ ကျောက်ကပ်ဆိုင်ရာ၊ အစာအိမ်ဆိုင်ရာ ဒုက္ခပေးဘတ်ခြင်းများရှိမည်။ အလုပ်ဒဏ်၊ ပင်ပန်းဒဏ်ကြောင့် ကျန်းမာရေး ထိခိုက်နိုင်၍ အစားအစာကို အချိန်မှန် စားပေးသင့်သည်။ မိန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၀၊ ၆၊ ၅၊ ၂)ဂဏန်းများဖြင့် ထိုးပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများအနေဖြင့် ယခုကာလအတွင်း ရည်ရွယ်ကြံစည်ထားသော လုပ်ငန်းကိစ္စများရှိပါက အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ မိတ်ကောင်းဆွေကောင်းများနှင့်တွေ့ရမည်။ ၎င်းတို့ထံမှ အကြံဉာဏ်ကောင်းများလည်း ရရှိနိုင်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ကုန်ပစ္စည်းများ သိုလှောင်ထားခြင်း၊ ပြန်လည်ရောင်းချခြင်း လုပ်ငန်းများ၊ တူးဖော်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှ ဝင်ငွေကောင်းခြင်းများရှိမည်။ သို့သော် လုပ်ငန်းတွင် အပြိုင်အဆိုင်များနှင့် အတိုက်အခံများ ရှိနေတတ်သည်ကို သတိထားသင့်သည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သားများနှင့် ပတ်သက်ပြီး စိတ်မကောင်းစရာ အကြောင်းများ၊ နာရေးကိစ္စကူညီရခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါကလည်း သားသမီးများအတွက် စိတ်သောကရောက်ရခြင်းများ ရှိမည်။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးတွင် အပြောကောင်းသူနှင့်တွေ့ပြီး အလိမ်အညာ ခံရတတ်မည်ကို အထူးသတိထားပါ။ ကျန်းမာရေးမှာ အစားအသောက်ပျက်ခြင်း၊ လည်ချောင်းနာခြင်း၊ လည်ပင်းတွင် အကျိတ်ထွက်ခြင်းများ ဖြစ်တတ်မည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၂၀၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ပြိဿရာသီဖွားများအနေဖြင့် ဤကာလအတွင်း ဘိုးဘွား, မိဘပိုင်စီးပွားရေးလုပ်ငန်းများကို လွှဲပြောင်းတာဝန်ယူလုပ်ကိုင်ရတတ်မည်။ ထင်သလောက် ခရီးမပေါက်ဘဲ အမျိုးမျိုးသော အဆင်မပြေမှုများ ရှိနေတတ်မည်။ ပြည်ပခရီးစဉ်များ၊ ပြည်ပဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းများ ပေါ်ပေါက်နိုင်မည်။ အခွင့်အလမ်းကောင်းများလည်း ရရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာသင်တန်း တက်ရခြင်း၊ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ ဂုဏ်ပြုခံရခြင်း တစ်ခုခုရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အထင်လွဲစရာကိစ္စများ ပေါ်ပေါက်လာနိုင်သည်ဖြစ်၍ အိမ်ထောင် သာယာရန် အတတ်နိုင်ဆုံး ကြိုးစားပေးပါ။ သင့်အိမ်တွင် ခြေနှစ်ချောင်း ဝင်ကိန်းရှိသည်။ ပညာသင်ကျောင်းသား ဖြစ်ပါက ပညာရေးတစ်ပိုင်းတစ်စ ဖြစ်တတ်သည်။ အပေါင်းအသင်း မမှားပါစေနှင့်။ တစ်ပါးသူအပေါ် အလွယ်တကူ ယုံကြည်တတ်မှုကြောင့် မိမိတွင် များစွာ နစ်နာမှုဖြစ်တတ်သည်။ ငယ်ရွယ်သူများမှာ အချစ်ရေးကံ အနည်းငယ်ညံ့နေမည်။ ကျန်းမာရေးမှာ သွေးတိုးခြင်း၊ ခြေဆစ် လက်ဆစ် ရောင်ခြင်းရှိမည်။ ထီထိုးမည်ဆိုပါက(၀၊ ၃၊ ၈၊ ၇) ဂဏန်းများ ပါပါစေ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းများ အဆင်မပြေဖြစ်နေရာမှ ပြန်လည်အဆင်ပြေမှုများရှိမည်။ လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ခရီးထွက်ရခြင်းများ ရှိမည်။ မည်သည့်ကိစ္စအတွက်ဖြစ်စေ တစ်ပါးသူပေးသော အကြံဉာဏ်များကို အတတ်နိုင်ဆုံးရှောင်ပြီး မိမိသဘောဆန္ဒအတိုင်းသာ လုပ်ကိုင်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး မသာမယာရှိမည်။ ဆွေမျိုးများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သားသမီးများနှင့် ပတ်သက်၍သော်လည်းကောင်း မကြာခဏ ရန်ဖြစ်ရလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေး စန်းပွင့်နေမည်။ ဘာသာမတူသူ၏ စိတ်ဝင်စားခြင်းကိုလည်း ခံရတတ်မည်။ သို့သော် အချစ်ရေး ရှုပ်ထွေးမှုဖြစ်တတ်၍ အစစအရာရာ သတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ရောဂါ, လူပါ အနားမရဘဲ ဖြစ်နေတတ်၍ စိတ်ဖိစီးမှုများ ရှိနေတတ်မည်။ စိတ်ကြောင့် ကျန်းမာရေး ထိခိုက်နိုင်သဖြင့် အတတ်နိုင်ဆုံး ပျော်ပျော်နေပါ။ ဤကာလအတွင်း ရေကြောင်းခရီး သွားရမည်ဆိုပါက မိမိမွေးနေ့နှင့်လွဲသောနေ့တွင် သွားပါ။ မေထုန်ရာသီဖွားများ ထီထိုးမည်ဆိုပါက(၅၊ ၄၊ ၀၊ ၇)ဂဏန်းများပါသော ထီကိုထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

ကရကဋ်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း ငွေကြေးနှင့်ပတ်သက်၍ အဆင်မပြေမှုများရှိမည်။ ရင်းနှီးထားသော ငွေကြေးများ မြုပ်နေခြင်း၊ ချေးငှားထားသော ငွေကြေးများ ပြန်မရဘဲ အခက်အခဲဖြစ်နေခြင်း၊ ငွေကြေးကိစ္စကြောင့် ရန်ပြဿနာနှင့် အမှုအခင်းများ ပေါ်ပေါက်တတ်ခြင်း ရှိနေမည်။ ထို့အပြင် ခြေနှစ်ချောင်းကို သနားမိ၍ ကယ်လိုက်ရာမှ စိတ်အနှောင့်အယှက် ဖြစ်ရခြင်းများလည်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ လိမ္မာသော သားသမီးများကြောင့် စိတ်ချမ်းသာရလိမ့်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေး ထူးချွန်အောင်မြင်မှုများ ရှိမည်။ ပြည်တွင်းသာမက ပြည်ပတွင် သွားရောက်သင်ကြားနိုင်ရန် အခွင့်အလမ်းများ ရရှိနိုင်မည်။ ငယ်ရွယ်သူများ အချစ်ရေးမှာ ကံကောင်းမှုများရှိနေမည်။ ချစ်သူနှစ်ဦး၏ ရည်ရွယ်ထားချက်များကို လူကြီးမိဘများက အကောင်အထည်ဖော် ဆောင်ရွက်ပေးလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောက်ကပ်အားနည်းခြင်း၊ ဆေးထိုးမှား, ဆေးသောက်မှားခြင်း ဖြစ်တတ်မည်။ ဆေးရုံ ဆေးခန်းသို့ ရောက်ရတတ်ခြင်းများလည်း ရှိမည်။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၀၊ ၄၊ ၆၊ ၉)ဂဏန်းများပါသော ထီကိုထိုးပါ။



## LEO
## သိဟ်ရာသီ

**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

သိဟ်ရာသီဖွားများ အနေဖြင့် ဤကာလအတွင်း စီးပွားရေးလုပ်ငန်းတွင်သော်လည်းကောင်း၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင်သော်လည်းကောင်း အစွပ်စွဲခံရတတ်ခြင်း၊ အတိုက်အခံပြုခြင်း၊ နာမည်ဖျက်ရန်၊ မကောင်းသတင်းကျော်ကြားရန် ဖန်တီးလုပ်ကြံခံရတတ်ခြင်းများ ရှိမည်ဖြစ်၍ အထူးသတိထား[illegible]ါ။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ပေါ်ပင်စီးပွားရေးလုပ်ငန်း၊ ဥပဒေနှင့် မလွတ်ကင်းသောလုပ်ငန်း၊ လောင်းကစားဆန်သောလုပ်ငန်းများ လုပ်ကိုင်ခြင်းများကို အတတ်နိုင်ဆုံး ရှောင်ပါ။ အရေးကြီးကိစ္စများကို လုပ်ကိုင်လိုသည့်အခါ စနေသားလူကြီးမိဘ(သို့) နားလည်တတ်ကျွမ်းသော ပုဂ္ဂိုလ်အကြီးအကဲများနှင့် ပြောဆိုတိုင်ပင် လုပ်ကိုင်ခြင်း၊ ၎င်းတို့ထံမှ အကြံဉာဏ်တောင်းခံခြင်းများ ပြုသင့်သည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၅၊ ၈၊ ၁၂၊ ၂၁၊ ၂၆၊ ၂၉)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင် ဖြစ်ပါက သားသမီးများနှင့်ပတ်သက်၍ ဂုဏ်ယူရမှုများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သားအိမ်ဆိုင်ရာ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ၀၊ ၁၊ ၉) ဂဏန်းများ ပါပါစေ။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဘာသာမတူ လူမျိုးခြားတို့၏ အကူအညီဖြင့် လုပ်ငန်းကြီးများ ပူးပေါင်းလုပ်ကိုင်ရန် အခြေအနေ အချိန်အခါနှင့် အခွင့်အခါကောင်းများ ပေါ်ထွက်လာမည်။ စပ်တူရှယ်ယာ ထည့်ဝင်ထားသော လုပ်ငန်းများမှလည်း အကျိုးအမြတ်များ ခံစားရနိုင်မည်။ မိမိပတ်ဝန်းကျင်၏ ကြည်ညိုလေးစားခြင်း၊ အားထားခြင်းကိုလည်းခံရတတ်မည်။ သို့သော် လက်အောက်ငယ်သား၊ တပည့်တပန်းများနှင့်ပတ်သက်၍ ငွေကြေးအကုန်အကျခံ၊ အချိန်ပေးရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲများ၏ ကူညီမ,စ ခြင်းများရှိမည်။ အခွင့်အရေးသည် နှစ်ခါ မလာတတ်၍ ရရှိလာသော အခွင့်အရေးများကို တန်ဖိုးရှိရှိအသုံးချပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး သာယာမည်။ နှစ်ဖက်ဆွေမျိုးများဖြင့် အလှူအတန်းကုသိုလ်များ ကြီးကြီးမားမား ပြုရမည်။ လက်ရှိအိမ်ကို ပြန်လည်ပြုပြင်ရခြင်း၊ အိုးအိမ်အသစ် ဝယ်ယူပိုင်ဆိုင်ရခြင်းများလည်း ရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ခေတ္တခွဲနေရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အကြောကပ်ခြင်း၊ ဒူးနာ, ခါးနာခြင်းများဖြစ်တတ်မည်။ ကန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ၂၊ ၀၊ ၉) ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ မိမိဆန္ဒရှိသည့်အတိုင်း လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်မည်။ သို့သော် ဝင်လာသမျှငွေကြေးများ မမြဲဘဲ အကြောင်းအမျိုးမျိုးကြောင့် အကုန်အကျများခြင်း၊ ဝင်ငွေနှင့်ထွက်ငွေ မမျှခြင်း၊ ငွေကြေးကိစ္စကြောင့်ပင် တစ်ဦးနှင့်တစ်ဦး စကားအချေအတင် ပြောဆိုရခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများကြောင့် အရှက်တကွဲဖြစ်ရခြင်း၊ ငွေကုန်ကြေးကျ များရတတ်ခြင်းများလည်းရှိမည်။ ဘာသာရေးအလုပ်များကို အချိန်ပေး လုပ်ကိုင်ပေးပါ။ ဘာသာရေးနှင့် အကျိုးပေးတတ်မည်ဖြစ်၍ ဘာသာရေးကို လုပ်လျှင် လုပ်သလောက် အဆင်ပြေ ကံကောင်းမှုများကို ရရှိပါလိမ့်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက အကူအညီပေးမည့်သူများ ပေါ်ပေါက်ခြင်း၊ ဆရာကောင်း၊ သမားကောင်းများနှင့် တွေ့ဆုံရခြင်းများရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကံ စန်းပွင့်နေ၍ ချစ်သူ တစ်ယောက်ထက်မက၊ နှစ်ယောက်ထက်မက ရတတ်မည်။ ကျန်းမာရေးမှာ အဆုတ်အားနည်းခြင်း၊ အဆုတ်ထဲ ရေဝင်ခြင်း၊ ခွဲစိတ်ကုသမှု ခံယူရခြင်းများရှိမည်။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၀၊ ၆၊ ၃)ဂဏန်းများပါသော ထီကိုထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းအရ အိုးအိမ်၊ ခြံမြေ၊ ယာဉ်ကားနှင့်ပတ်သက်၍ အရောင်းအဝယ်ဖြစ်ခြင်း၊ အကျိုးအမြတ်ရရှိခြင်းများ ရှိမည်။ သို့သော် ၎င်းတို့နှင့်အတူ ရန်ပြဿနာများ ပါလာတတ်သည်ဖြစ်၍ စိတ်ညစ်ရခြင်းများရှိမည်။ အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်ရန် ကြံစည်ထားမှုရှိပါက ဤကာလအတွင်း စတင်အကောင်အထည်ဖော်လိုက်ပါ။ ၎င်းလုပ်ငန်းအတွက် ကူညီမည့်သူ၊ ထောက်ပံ့မည့်သူ အလိုလို ပေါ်ပေါက်လာတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ ပြည်ပသို့ရောက်နေသော မိသားစုဝင်တစ်ဦး ပြန်လည်ရောက်ရှိလာလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက လူနေရာ၊ အလုပ်နေရာ အပြောင်းအလဲ တစ်စုံတစ်ရာရှိမည်။ ငယ်ရွယ်သူများ အချစ်အတွက် စွန့်စားရမှုများရှိမည်။ ပညာသင်ကျောင်းသားဖြစ်ပါက သူငယ်ချင်း အပေါင်းအသင်းများဖြင့် အချိန်အခါမဟုတ် သွားလာခြင်းများအတွက် သတိထားပါ။ မမျှော်လင့်ဘဲ ရန်ပြဿနာများ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အအေးမိခြင်း၊ အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း၊ လေးဖက်နာဝေဒနာ ခံစားရခြင်းများရှိမည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၈၊ ၅)ဂဏန်းများပါသော ထီကိုထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဖက်ရှင်,ဒီဇိုင်းဆိုင်ရာ လုပ်ငန်းများ ဖွင့်လှစ်ခြင်း၊ ဆေးနှင့် ဆေးဝါးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စားသောက်တည်းခိုလုပ်ငန်း လုပ်ကိုင်ခြင်းများမှ စီးပွားဝင်ငွေ ကောင်းလိမ့်မည်။ မိတ်ဟောင်း၊ ဆွေဟောင်း၊ မိတ်သစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်မည်။ မိမိနှင့် စီးပွားပြိုင်ဘက်များကိုတော့ အမြဲသတိထားရန် လိုမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းတွင် အဆင်ပြေမည်။ လာဘ်လာဘဝင်ခြင်း၊ ငွေပိုငွေလျှံများ စုဆောင်းနိုင်ခြင်း၊ မိမိမျှော်လင့်နေသော သတင်းကောင်းများကြားရခြင်း ရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ စီးပွားရေးကြောင့်၊ လုပ်ငန်းတာဝန်များကြောင့် ခေတ္တအနေဝေးနေရခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုလိုက် ဘုရားဖူးခရီး ထွက်ရခြင်း၊ အလှူအတန်း ကြီးကြီးမားမားပြုရခြင်းများ ရှိမည်။ ပညာသင်ကျောင်းသားပါက ပညာရေးကံ အနည်းငယ်ညံ့နေမည်ဖြစ်၍ ဝီရိယ စိုက်ထုတ်ပြီး ကြိုးစားပေးပါ။ ကျန်းမာရေးမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဓနုရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ၁၊ ၀၊ ၅)ဂဏန်းများပါသော ထီကို ထိုးပါ။

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားရှေ့လမ်း၊(၄)ရပ်ကွက်၊
ရွှေကျော်၊ ဗုဒ္ဓန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၃၈၂၇၁၊ ၀၉-၄၂၁၁၈၅၅၁



www.burmeseclassic.com